# ပြောချင်လွန်းလို့



## မောင်ဝံသ

(ပြည်သူ့ခေတ်ဂျာနယ် 'ပြောချင်လွန်းလို့' ဆောင်းပါးပေါင်းချုပ်)

ပဆေ :ဒိပ်ငံသ
။ ဦးဌေးဝေပြီးနိုင်ဗျာ - ၀ိ

မောင်ဝံသ
ပြောချင်လွန်းလို့

ပထမအကြိမ် - ဩဂုတ်လ၊ ၂၀၁၃
တန်ဖိုး - ၇၀၀၀ ကျပ်

**ဖြန့်ချိရေး**
ဒေါင်းစာပေ
၁၁၃၊ ၃၃လမ်း(အလယ်လမ်း)၊ ကျောက်တံတား။ ရန်ကုန်မြို့။
ဖုန်း- (၀၁) ၃၇၃၂၁၀ / ၀၉၅၀၄၀၉၉၄
e-mail: daung73@gmail.com

ထုတ်ဝေသူ-ဒေါ်ခင်မျိုးမြတ် (၀၃၃၈၄)၊ နန်းဒေဝီစာပေ - အမှတ် ၂၁၅၊ ရှမ်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ အတွင်းနှင့် အဖုံး ပုံနှိပ်သူ-ဒေါ်ခင်လှ (စာပေလောက) ၁၇၃၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ စာမူ ခွင့်ပြုချက်အမှတ် ၃၁၀၀၈၄၀၉၀၉။ မျက်နှာဖုံး ခွင့်ပြုချက် အမှတ် ၃၁၀၀၀၃၀၁၁၀။ စောင်ရေ - ၅၀၀။ အဖုံးသရုပ်ဖော်- ကာတွန်း ငွေကြည်။ အဖုံးဒီဇိုင်း - ချစ်ကြည်

၉၅၉.၁၀၃၂၀
ဝံသ ၊ မောင်
ပြောချင်လွန်းလို့ / မောင်ဝံသ။ - ရန်ကုန် ၊
ဒေါင်းစာပေ ၊ ၂၀၁၀ ။
၆၄၂ - စာ ၊ ၁၃. ၁ × ၂၁.၄ စင်တီ။
(၁) ပြောချင်လွန်းလို့

# ပြောချင်လွန်းလို့

## မောင်ဝံသ

# ၂၀၁၁ ဇွန်လအထိ မောင်ဝံသ ရေးသားထုတ်ဝေပြီး စာအုပ်များ

| | | |
|---|---|---|
| ၁။ | ကစ်ဆင်းဂျား (အတ္ထုပ္ပတ္တိ) | ၁၉၇၃၊၁၉၇၃၊၁၉၇၄ |
| ၂။ | မိုရှေဒါယန် (အတ္ထုပ္ပတ္တိ) | ၁၉၇၄၊၁၉၇၆၊၂၀၀၂ |
| ၃။ | နစ်ဆင် (အတ္ထုပ္ပတ္တိ) | ၁၉၇၄ |
| ၄။ | အာယန်းဒေး (သို့) ချီလီပြည်မှကြယ်နီ (အတ္ထုပ္ပတ္တိ) | ၁၉၇၅ |
| ၅။ | အီဂျစ်သမ္မတဆာဒတ် (အတ္ထုပ္ပတ္တိ) | ၁၉၇၅၊၁၉၇၇ |
| ၆။ | သမ္မတကာတော်၏ ဘဝခရီး (အတ္ထုပ္ပတ္တိ) | ၁၉၇၆၊၂၀၀၄ |
| ၇။ | မာရှယ်တီတိုး (အတ္ထုပ္ပတ္တိ) | ၁၉၇၇၊၁၉၈၀၊၂၀၀၇ |
| ၈။ | မြန်မာချစ်သော မောင့်ဘက်တန် (အတ္ထုပ္ပတ္တိ) | ၁၉၇၈၊၂၀၀၃၊၂၀၀၇ |
| ၉။ | ခရုးရုက် (အတ္ထုပ္ပတ္တိ) | ၁၉၇၉ |
| ၁၀။ | ကစ်ဆင်းဂျား၏ အိမ်ဖြူတော်နှစ်များ | ၁၉၈၁၊၂၀၀၃ |
| ၁၁။ | မိုးမမြင်မြေမမြင် (ဘာသာပြန်) | ၁၉၈၁၊၂၀၀၂ |
| ၁၂။ | ခေတ်ပြိုင် ကမ္ဘာ့ရေးရာ အဘိဓာန် | ၁၉၈၂ |
| ၁၃။ | ကစ်ဆင်းဂျား၏ ကသောင်းကနင်းများ | ၁၉၈၃၊၂၀၀၃ |
| ၁၄။ | စတီးဝဲလ်နှင့် မြန်မာပြည်စစ်မျက်နှာ | ၁၉၈၄၊၂၀၀၃ |
| ၁၅။ | ရှေ့နေကြီး ပယ်ရီမေဆင်နှင့် ခွေးအူသံအမှု | |
| ၁၆။ | - နှင့် ခုနစ်လွှာပျိုဖြူအမှု | |
| ၁၇။ | - နှင့် တေလေမအမှု | |
| ၁၈။ | - နှင့် လျှို့ဝှက်သော စာရေးဆရာမအမှု | |
| ၁၉။ | - နှင့် သေနတ်ကိုင်သော ကလေးအမှု | |
| ၂၀။ | - နှင့် ကတ္တီပါလက်သည်းအမှု | |
| ၂၁။ | - နှင့် စားပွဲထိုးမကလေးအမှု | |
| ၂၂။ | - နှင့် ခြေရာပျောက်သက်သေအမှု | |
| ၂၃။ | - နှင့် ကချေသည်အမှု | |
| ၂၄။ | - နှင့် ဆေးလိပ်သည်မလေးအမှု | |
| ၂၅။ | - နှင့် အစားထိုးမျက်နှာအမှု | |
| ၂၆။ | - နှင့် လက်နှိပ်စက် စာရေးမအမှု | |
| ၂၇။ | - နှင့် နှစ်ခြမ်းကွဲအိမ်ကြီးအမှု | |
| ၂၈။ | - နှင့် အမွေခံသမီးအမှု | |
| ၂၉။ | - နှင့် အိုင်အိုယူ လူသတ်မှု | |
| ၃၀။ | - နှင့် လင်ကွာမလေး အမှု | (၁၉၇၉-၁၉၉၃) |
| ၃၁။ | အရှင်ဇနကာဘိဝံသ၏ သာသနာရေး မျှော်မှန်းချက်များ | ၁၉၉၃ |
| ၃၂။ | ကြယ်များဆီသို့ (အာကာသသိပ္ပံဉာဏ်စမ်းပဟေဠိ) | ၂၀၀၂ |
| ၃၃။ | ဒုတိယအတွေး (အတွေးအမြင်ဆောင်းပါးများ) | ၂၀၀၃ |
| ၃၄။ | ကမ္ဘာ့ထိပ်တန်းနိုင်ငံများ၏ နိုင်ငံရေး၊ စီးပွားရေး မြင်ကွင်းကျယ် | ၂၀၀၃ |
| ၃၅။ | ဂလိုဘယ်လိုက်ဇေးရှင်း သဲတရှပ်ရှပ် | ၂၀၀၃ |
| ၃၆။ | နိုင်ငံတကာအတွေး နိုင်ငံတကာအမြင် | ၂၀၀၃ |
| ၃၇။ | သတင်းစာပညာ သဘောတရားနှင့်လက်တွေ့ | ၂၀၀၅ |
| ၃၈။ | မှတ်ဖွယ်သုတ | ၂၀၀၅ |
| ၃၉။ | မှတ်ဖွယ်သုတ-၂ | ၂၀၀၆ |
| ၄၀။ | ဖူကူးယာမ သိုးမလေးဒေါ်လီ အီဒီအာမင်နှင့် မျက်မှောက် ကမ္ဘာ့ရေးရာ | ၂၀၀၅ |
| ၄၁။ | နိုင်ငံခြားသွား စီးပွားရေးလုပ်မည်ဆိုလျှင် | ၂၀၀၆ |
| ၄၂။ | အတ္ထုပ္ပတ္တိအဘိဓာန် | ၂၀၀၇ |
| ၄၃။ | သူတို့ဆီက စာမြည်းများ | ၂၀၀၇ |
| ၄၄။ | ဂလိုဘယ်လိုက်ဇေးရှင်း ဒုတိယလှိုင်း | ၂၀၀၇ |
| ၄၅။ | မည်သို့သော လူဖြစ်ရမည်နည်း | ၂၀၀၇ |
| ၄၆။ | ဝေါမြို့က မိဝိုင်းသို့ | ၂၀၀၇ |
| ၄၇။ | အမေရိကန်နိုင်ငံနှင့် ယနေ့ကမ္ဘာ၊ ယုံကြည်မှု ပြန်လည်တည်ဆောက်ခြင်း | ၂၀၀၈ |
| ၄၈။ | သတင်းဋီကာ | ၂၀၀၈ |
| ၄၉။ | ကမ္ဘာ့စီးပွားရေးဇာတ်ခုံပေါ်က ပုံရိပ်များ | ၂၀၀၈ |
| ၅၀။ | မိတ်ဆွေတိုးပွားရေး | ၂၀၀၉ |
| ၅၁။ | မှတ်ဖွယ်သုတ-၃ | ၂၀၀၉ |
| ၅၂။ | အရင်းရှင်စနစ်၏အနာဂတ်နှင့် ကမ္ဘာ့ရှေ့ရေး | ၂၀၀၉ |
| ၅၃။ | ပါဝါအပျော့နှင့် ကျားလေးကောင် | ၂၀၀၉ |
| ၅၄။ | နိုင်ငံကြီးသားများရဲ့ အက်တီကက် | ၂၀၀၉ |
| ၅၅။ | မာဂရက်သက်ချာ (နိုင်ငံရေး အတ္ထုပ္ပတ္တိ) | ၂၀၁၀ |
| ၅၆။ | ရှာမှ ရှားတဲ့နိုင်ငံရေးသမား | ၂၀၁၀ |
| ၅၇။ | ပစ်တိုင်းထောင် နိုင်ငံရေးသမား တိန့်ရှောင်ဖိန် | ၂၀၁၀ |
| ၅၈။ | ဝေါမြို့က လာခဲ့တယ် | ၂၀၁၀ |
| ၅၉။ | နိုင်ငံရေး စာကိုးစကားကိုး | ၂၀၁၁ |
| ၆၀။ | ခေတ်မီ နိုင်ငံရေးဝေါဟာရ အဘိဓာန် | ၂၀၁၁ |
| ၆၁။ | နိုင်ငံရေးစာရေးဆရာ တွမ်ပိန်း | ၂၀၁၁ |
| ၆၂။ | ကမ္ဘာ့သမိုင်းမှတ်တိုင်များနှင့် ကမ္ဘာ့သတင်းထူးများမှတ်တမ်း | ၂၀၁၂ |

## စာရေးဆရာ၊ သတင်းစာဆရာ ဦးစိုးသိမ်း (မောင်ဝံသ) ကိုယ်ရေး မှတ်တမ်း

အမည်ရင်း ဦးစိုးသိမ်း။ ၁၉၄၅ ခုနှစ် ဧပြီလ ၁၇ ရက်နေ့တွင် ပဲခူးတိုင်း၊ ဝေါမြို့နယ်၊ မြစ်ကျိုးရွာတွင် အဖ ဦးမောင်ခင်၊ အမိ ဒေါ်မြစိန်တို့မှ ဖွားမြင်သည်။ မြစ်ကျိုးရွာတွင် မူလတန်း၊ ပဲခူးမြို့ အမျိုးသားတန်းမြင့်ကျောင်း (ယခု အ.ထ.က ၃)တွင် ဆယ်တန်းအထိ၊ ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့(မြန်မာ၊ အင်္ဂလိပ်၊ ဘောဂဗေဒ၊ အနောက်တိုင်းသမိုင်း၊ ဒဿနိကဗေဒ ဘာသာတွဲဖြင့်) ၁၉၆၇ ၌ အောင်မြင်သည်။

၁၉၆၇ တွင် ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းစာပညာသင်တန်းကျောင်း။ ပထမပတ် သင်တန်းမှ သင်တန်းဆင်းခဲ့သည်။ အသက်မွေးဝမ်းကျောင်း သတင်းစာပညာ ဖဲလိုးရှစ် (Professional Journalism Fellowship)၊ မစ်ရှီဂန်တက္ကသိုလ်၊ အမေရိကန်နိုင်ငံ (၁၉၇၇)။ ရေဂင်-ဖာ့ဆဲလ် (Reagan-Fascell Democracy Fellowship) ဒီမိုကရေစီ ဖဲလိုးရှစ်၊ ဝါရှင်တန်ဒီစီ၊ အမေရိကန်နိုင်ငံ (၂၀၁၀- ၂၀၁၁)တို့ ရရှိခဲ့သည်။

လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ အယ်ဒီတာအဖွဲ့ဝင် (၁၉၆၅-၁၉၇၀)၊ မြန်မာ့အလင်းသတင်းစာ စီနီယာအယ်ဒီတာ (၁၉၇၀-၁၉၇၈)၊ ဟံသာဝတီသတင်းစာ၊ ခေါင်းကြီး၊ ဆောင်းပါး အယ်ဒီတာ (၁၉၇၈)၊ ဗိုလ်တထောင်သတင်းစာ သတင်းအယ်ဒီတာ (၁၉၇၈-၁၉၈၈)၊ ဒေါင်းစာပေ တည်ထောင်သူနှင့် အုပ်ချုပ်သူ (၁၉၇၃ မှ ယနေ့အထိ)၊ **'အတွေးအမြင်'** မဂ္ဂဇင်း တည်ထောင်သူနှင့် စီစဉ်သူ (၁၉၈၄ မှ ယနေ့အထိ)၊ **'သတင်းထူးဂျာနယ်'**၊ **'ဘက်စုံဂျာနယ်'** ထုတ်ဝေသူ၊ အယ်ဒီတာ (၁၉၈၈)၊ **'တော်ဝင်ဂျာနယ်'** အယ်ဒီတာ (၁၉၉၄-၉၅)၊ **'ပြည်သူ့ခေတ်ဂျာနယ်'** ထုတ်ဝေသူ၊ အယ်ဒီတာ (၂၀၁၀ မှ ယနေ့အထိ) လုပ်ကိုင်ခဲ့သည်။

နိုင်ငံရေး လူမှုရေး ဆောင်ရွက်ချက်များအနေဖြင့် ပဲခူးခရိုင်ကျောင်းသားသမဂ္ဂ၊ ရန်ကုန်တက္ကသိုလ် ဗုဒ္ဓဘာသာအသင်းကြီး အမှုဆောင် (၁၉၆၁-၆၂)။ ပြည်ကျောင်းဆောင်၊ တကောင်း ကျောင်းဆောင်၊ ပင်းယ ကျောင်းဆောင် သဟာယနှင့် စာဖတ်အသင်းများနှင့် ရန်ကုန်တက္ကသိုလ် ကျောင်းသားညီညွတ်ရေးတပ်ဦး၊ ကျောင်းသား အခွင့်အရေး ကာကွယ်မှု ကော်မတီ အစရှိသော ကျောင်းသား အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။

အထက်တန်းကျောင်းသားဘဝကတည်းက ကျောင်းမဂ္ဂဇင်းနှင့် စာနယ်ဇင်းအချို့တွင် ကလောင်သွေးခဲ့သည်။ ၁၉၆၂-၆၃ တွင် အထောက်တော်သတင်းစာ၏ တက္ကသိုလ်သတင်းထောက်အဖြစ် လုပ်ကိုင်ပြီး ရန်ကုန်တက္ကသိုလ် သတင်းထောက်အသင်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။

၁၉၇၃ တွင် **ဒေါက်တာဟင်နရီကစ်ဆင်းဂျား** နိုင်ငံရေး အတ္ထုပ္ပတ္တိစာအုပ်ကို ရေးသားထုတ်ဝေခြင်းဖြင့် လုံးချင်းစာအုပ်နယ်ပယ်သို့ စတင်ဝင်ရောက်သည်။ ထိုနှစ်ကစ၍ ဒေါင်းစာပေကို စတင် တည်ထောင်သည်။ နိုင်ငံရေးအတ္ထုပ္ပတ္တိစာအုပ်များ ဆက်တိုက် ရေးသားခဲ့သည်။

၁၉၈၈ ခုနှစ် ၈ လေးလုံး အရေးတော်ပုံကြီးတွင် သတင်းစာတိုက်ပေါင်းစုံသပိတ်ကော်မတီကို ဦးဆောင်သူတစ်ဦးအဖြစ် ပါဝင်ခဲ့သဖြင့် ဗိုလ်တထောင် သတင်းစာတိုက် အယ်ဒီတာအဖြစ်မှ အငြိမ်းစားပေးခြင်း ခံခဲ့ရသည်။ ထို့နောက် ၁၉၈၈ မှ ၂၀၀၁ အထိ နိုင်ငံရေးနယ်သို့ ရောက်ရှိသွားကာ စာပေနယ်နှင့် ကင်းကွာခဲ့သည်။ ဟံသာဝတီ ဦးဝင်းတင်ကို အကြောင်းပြု၍ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်သို့ ဝင်ရောက်ပြီး ပဲခူးတိုင်း စည်းရုံးရေးအဖွဲ့ဝင်၊ ဗဟိုဦးစီး အဖွဲ့ဝင်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် အဖြစ် အဆင့်ဆင့် တာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဝေါမြို့နယ် အမှတ် ၂ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံခဲ့ရသည်။ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခဲ့စဉ်အတွင်း ၁၉၈၉၊ ဇူလိုင် ၂၀ ရက်မှ ၁၉၉၀၊ ဧပြီ ၂၄ အထိ ပုဒ်မ ၁၀(က)ဖြင့် တစ်ကြိမ် အင်းစိန်ထောင်တွင် ထိန်းသိမ်းခံရပြီး ၁၉၉၀၊ အောက်တိုဘာ ၂၃ တွင် ပြန်လည် အဖမ်းခံရသည်။ ဤတစ်ကြိမ်တွင် စစ်ခုံရုံးမှ ထောင်ဒဏ် ၇ နှစ် ချမှတ်လိုက်သော်လည်း ဗိုလ်ချုပ်မှူးကြီး စောမောင်နှင့် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အာဏာ အပြောင်းအလဲကြောင့် ၁၉၉၂၊ ဧပြီ ၂၉ တွင် ပြန်လည် လွှတ်မြောက်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည် ၁၉၉၅၊ ဇူလိုင်လတွင် နေအိမ်အကျယ်ချုပ်မှ ပထမအကြိမ် ပြန်လည်လွှတ်မြောက်လာပြီးနောက် ဝန်းရံကူညီပေးမှုကြောင့်ဟု ဆိုကာ ၁၉၉၆၊ မေလ ၂၁ ရက်မှ ၂၀၀၁၊ ဇွန်လ ၁၃ ရက်အထိ ပုဒ်မ ၁၀(က)ဖြင့် အင်းစိန်ထောင်တွင် ထိန်းသိမ်းခြင်း ခံခဲ့ရသည်။

၂၀၀၁ ဇူလိုင်လမှစ၍ စာပေနယ်သို့ ပြန်ရောက်ကာ မဂ္ဂဇင်း၊ ဂျာနယ်များတွင် ဆောင်းပါး၊ ဝတ္ထုနှင့် နိုင်ငံတကာရေးရာ ဝေဖန်ချက်များ ရေးသားလျက် ရှိပါသည်။ မိမိအပေါ် ကျေးဇူးတရားကြီးမားခဲ့သော သတင်းစာလောကအား ကျေးဇူးဆပ်သည့် အနေဖြင့် စာနယ်ဇင်းသမား

မျိုးဆက်သစ်များအတွက် အထောက်အကူ ဖြစ်စေရန် **'သတင်းစာပညာ သဘောတရားနှင့် လက်တွေ့'** ကျမ်းကို ရေးသားပြုစုပြီး ၂၀၀၅ ခုတွင် ပုံနှိပ်ထုတ်ဝေရာ သုတစွယ်စုံ စာပေဆု ရရှိခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် ထုတ်ဝေသော **'အတ္တုပ္ပတ္တိ အဘိဓာန်'** စာအုပ်ဖြင့် ထွန်းဖောင်ဒေးရှင်း စာပေဆုကို ရရှိခဲ့သည်။ ၂၀၁၀ တွင် ထုတ်ဝေခဲ့သော **'ရှာမှ ရှားတဲ့ နိုင်ငံရေးသမားနှင့် နိုင်ငံရေးဆောင်းပါးများ'** စာအုပ်ဖြင့် ၂၀၁၁ ခု သုတစွယ်စုံစာပေဆု ရရှိခဲ့သည်။ ၂၀၁၂ ခုတွင် ထုတ်ဝေသော **'ခေတ်မီ နိုင်ငံရေးဝေါဟာရ အဘိဓာန်'** စာအုပ်ဖြင့် ထွန်းဖောင်ဒေးရှင်း စာပေဆု ရရှိသည်။ စာပေသက်တမ်းအတွင်း ၂၀၁၂ ခုနှစ်အထိ စာအုပ် ၆၂ အုပ် ရေးသား ထုတ်ဝေပြီး ဖြစ်သည်။

၂၀၁၁ နှင့် ၂၀၁၂ ခုနှစ်များအတွက် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၂၀၁၁ ခုနှစ်အတွက် အမျိုးသားသတင်းဆု ကော်မတီ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

နိုင်ငံရေး အကျဉ်းသားဟောင်းများနှင့် လက်ရှိနိုင်ငံရေး အကျဉ်းသားများအား ကူညီထောက်ပံ့ရန် ဟံသာဝတီဦးဝင်းတင် ဖောင်ဒေးရှင်းကို တည်ထောင်ရေးအတွက် ၂၀၁၂ မတ်လတွင် စတင် လှုံ့ဆော် အကောင်အထည်ဖော်ခဲ့ပြီး ကိုယ်တိုင်လည်း ဘဏ္ဍာထိန်းတစ်ဦးအဖြစ် ဆောင်ရွက်လျက်ရှိသည်။

၂၀၁၂ ခု ဩဂုတ်လတွင် နှစ် ၅၀ အတွင်း ပထမဦးဆုံးအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သတင်းစာဆရာများ ညီလာခံမှ ရွေးကောက်တင်မြှောက်၍ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (Myanmar Journalists Association-MJA)၏ ဥက္ကဋ္ဌအဖြစ် တာဝန် ထမ်းဆောင်လျက် ရှိသည်။ ၂၀၁၂ ခု စက်တင်ဘာလတွင် မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ (ယာယီ)ကို ဖွဲ့စည်းရာ ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်ခြင်း ခံရသည်။

အမှတ် ၃၀၀၊ အခန်း ၆ (အေ)၊ မဟာဗန္ဓုလပန်းခြံလမ်း (အထက်လမ်း) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်လျက် ရှိသည်။

# မာတိကာ


ဆေးနှံပေါ်က အမှာစာ
ပြည်သူ့ခေတ် နှုတ်ခွန်းဆက် ၁၃
လောလောဆယ် နိုင်ငံရေး နယ်ထဲမှာ ဘယ်လို လူတွေ များသလဲ ၁၆
ပိန်နိုင်ငံရဲ့ ပါတီစုံ အတွေ့အကြုံ ၁၉
ဘယ်လောကားက ဆင်းမလဲ ၂၂
စတုတ္ထမဏ္ဍိုင် ဂုဏ်ယူချင်တယ် ၂၅
ကျွန်တော်၏ ငြိုသည်များ ၂၉
(သရော်စာ) ဝါဒနဲ့ လုပ်ငန်းစဉ် ၃၂
ဒါတော့ပြီးမှ မဲပေးကြပါ ၃၇
မင်္ဂလာဆောင်နဲ့ ရွေးကောက်ပွဲ ၄၁
တောင်ကြီးတဲ့ အဘိုးအိုများ ၄၄
ဒီမိုကရေစီ ပုံပျက်ပန်းပျက် ၄၇
ရွေးချယ်ခွင့်ပါဝါကို ကိုင်ထားသူများ ၅၁
လူတွေကို ဘယ်လို အကဲခတ်မလဲ ၅၄
ပါတီတို့ရဲ့ သဘောသဘာဝ ၅၇
ခေါင်းဆောင်မှုကောင်းခြင်းနှင့် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေး ၆၁
မျှော်သလိုသာနေ ကိုယ့်လူရေ ၆၅
အကျင့်ပျက် ခြစားမှုနှင့် မီဒီယာ ၆၉
အောက်သက်ကျေ နိုင်ငံရေးသမား အလိုရှိသည် ၇၂
မဟုတ်တာ မလုပ်ဖို့နဲ့ မပြီးဘူး ဟုတ်တာတွေကို လုပ်တတ်ရမယ် ၇၇
အမျိုးသားညီညွတ်ရေး နမူနာများ ၈၁
အမေရိကန် လေ့လာရေး ခရီး ၈၄
နိုင်ငံရေးသမားမွေးထုတ်ရေး အယူအဆအချို့ ၈၇

ဝံသာနု အမေမရိကန် ၉၁
ပြောတတ် ဆိုတတ် ဆွေးနွေးတတ်တဲ့ အရည်အချင်း ၉၃
ဘယ်မှာ နောက်လိုက်လုပ်မလဲ ၉၇
ကိုးကန်းချင်းအတူတူ ၁၀၀
အောင်မြင်သူနဲ့ ရှုံးနိမ့်သူ ၁၀၃
ယဉ်ကျေးရည်မွန် ချိုမြိန်ပျူငှာတဲ့ လူမျိုး ၁၀၇
ပြန်လာပါပြီ ၁၁၀
တစ်ဦးချင်းအမြင်နဲ့ သမိုင်းအမြင် ၁၁၂
ပိုင်မိုနေ့ာစကီးကို သတိရတယ် ၁၁၇
လူငယ် လူကြီးနှင့် ခေါင်းဆောင်မှု ၁၂၀
မောင်ဝံသ တရားကျနေခြင်း ၁၂၄
ကောင်းမွန်တဲ့ အုပ်ချုပ်မှုစနစ် အရေးတကြီး လိုနေပါတယ် ၁၂၈
နာဂစ်အကြောင်း အကောင်းဆုံး သုံးသပ်ချက် ့လေဝသ ဦးထွန်းလွင်ရဲ့ ဆောင်းပါး ၁၃၂
သန့်ရှင်းသော အစိုးရ ပေါ်ပေါက်ရေး ၁၃၆
စင်ကာပူအတွက် မြန်မာ့သင်ခန်းစာ ၁၃၉
တမ်းတမိတဲ့ ရွေးကောက်ပွဲတစ်ခု ၁၄၃
စားသုံးသူများရဲ့ ရင်ဖွင့်သံ ၁၄၈
ပုဂ္ဂလိကနေ့စဉ်သတင်းစာ ထုတ်မည်ဆိုလျှင် ၁၅၃
သံချောင်းတို့အဝေ ၁၅၆
ပွင့်လန်းလာတဲ့ ပြောရေးဆိုခွင့် ၁၆၁
ပိုလ်ချုပ်အောင်ဆန်းကို ခေါင်းဆောင်မျိုး ၁၆၆
ကျောက်တိုင်စိုက်ခံဝံ့ မခံဝံ့ ၁၇၀
ညီမလေးရယ် စိုးရိမ်မိတယ် ၁၇၃
အုပ်ချုပ်ရေးမှူး မဲပေးရွေးမည်ဆိုလျှင် ၁၇၇
တစ်ရံရောအခါက တရားမသိခဲ့လို့ပါတဲ့ ၁၈၁
စိမ်းလဲ့ကန်သာ ပူးတွဲ ကြေညာချက်မှသည် တစ်မျိုးသားလုံး ‘မျှော်မှန်း ချမ်းမြေ့မှုသို့ ၁၈၅
တရားဥပဒေစိုးမိုးရေး ဘယ်လောက် အရေးကြီးသလဲ ၁၉၁
အကတိလိုက်စားမှု ပပျောက်ရေး ဘယ်လောက် အရေးကြီးသလဲ ၁၉၆
ပူးပေါင်း ဆောင်ရွက်မှုသည် အစိက ၂၀၀
ပြည်တော်ပြန် တတ်လမ်းအချို့ ၂၀၅
မဟုတ်တာ မလုပ်ရဲအောင် စောင့်ကြည့်ခြင်း ၂၀၉
တကယ်လိုအပ်လို့ လုပ်တာလား ၂၁၂
လျှို့ဝှက်မဲပေးတာ ကောင်းတယ် ၂၁၅
‘ဆရာတော်ဆရာဂါသည်’ ရဲ့ ကျော့ကလဲချက် ၂၁၉
တစ်မိနစ်တစ်အာဏာ တော်ပါပြီ တန်ပါပြီ ၂၂၄
မဟာပညာကျော် အမတ်ကြီးရဲ့ သူ့နိုး တော်နည်း ၂၂၈
ဒီမိုကရေစီ ပေတံငါးချောင်း ၂၃၂
ရက် ၂၀၀ မှ ရက် ၃၀၀ အတွင်း ဖြစ်နိုင်ခြေရှုခင်းများ ၂၃၅
သမိုင်းဖြစ်ရပ်အမှန် လေ့လာကြပါစေ ၂၃၉
မြစ်ဆုံအရေး ဘွေးအေးသွားပြီလား ၂၄၃
ကျွန်တော် လန့်သွားတဲ့ ဂါဂနာရဲ့ စကားတစ်ခွန်း ၁၄၇
အမျိုးသားညီညွတ်ရေး အယူအဆအချို့ ၂၅၁
အိမ်နီးချင်းနိုင်ငံများအကြောင်း လူငယ်တွေ လေ့လာကြပါ ၂၅၄
စေတ္တလှ မတ္တိုင်ကို မထိပါးပါနဲ့ ၂၅၈
နိုင်ငံရေး မျိုးဆက် လက်ဆင့်ကမ်း ၂၆၃
ကြား ရွေးကောက်ပွဲ ဘယ်လောက်အရေးကြီးလဲ ၂၆၆
အိုင်ဒီယော်လော်ဂျီ မရှိဘူး ရှိတယ် ၂၇၀
နိုင်ငံရေးဝါသနာပါတာလား တာဝန်အရ နိုင်ငံရေးလုပ်တာလား ၂၇၄
နိုင်ငံရေး ဖြစ်နိုင်ခြေများ တွက်ဆခဲ့စဉ်က ၂၇၈
တရုန်းရုန်း တဝုန်းဝုန်း လူတွေ များနေလို့တော့ ၂၈၂
၂၀၁၁ မြန်မာ့ဒီမိုကရေစီ တရင်းရှင်းတမ်း ၂၈၇
ခဲကြိုးဝါတွေ အများကြီးနဲ့ ကြိုဆိုပါတယ် ၂၉၁
ယုံကြည်မှု ပျက်ပြားသွားပြီဆိုရင် ဘာမှ လုပ်လို့မရ ၂၉၅

ဒီမိုကရေစီခရီး နီးအောင်ပင်လုပ်မ်း ၃၀၀
ဗိုလ်ဥာဏလမ်းမှ တော်ဝင်စင်တာသို့ ၃၀၄
ပြောတော့ မိုး ထိုးတော့ မြေကြီး မဖြစ်စေဖို့ ၂၀၉
အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့ကြလေသတည်း ၃၁၃
မည်သူနိုင်နိုင် တရားသဖြင့် အနိုင်ယူပါ ၃၁၇
စာပေဟောပြောပွဲ ဘာကြောင့်ပိတ်် ၃၂၁
ဒီမိုကရေစီရဲ့ အသက်ဝိဉာဉ်–တရားဥပဒေစိုးမိုးမှု ၃၂၆
နိုင်ငံအကြီးအကဲ၏ မိန့်ခွန်း ၃၃၁
အရှုံးကို လက်မခံချင်တဲ့ အကျင့် ၃၃၆
စိတ်ဝင်စားစရာ မဲဆွယ် နိုင်ငံရေးဟောပြောချက်အချို့ ၃၄၀
နိုင်ငံရေးသမားအဖြစ် စိတ်ရောကိုယ်ပါ ပြောင်းလဲ ခံယူမှုသာလျှင် ၃၄၄
လွှတ်တော်ထဲ ရောက်သွားပြီးရင် ဘာဆက်လုပ်မလဲ ၃၄၇
အိုးဝေ ဦးညိုမြ ပြောပြတဲ့ သတင်းစာဆရာနဲ့ ွီးရ တိုက်ပွဲမှတ်တမ်း ၃၅၁
အုပ်ချုပ်ရေးဝန်ထမ်းက ဒီမိုကရေစီကို လွှမ်းမိုးနေသလား ၃၅၆
နောက်ကြောင်းပြန်နိုင်သေးသလားလို့ မေးလာရင် ၃၆၀
မနားပါနဲ့ဦးလို့ တားထားရမယ့် ခေါင်းဆောင်တွေ လိုအပ်နေချိန် ၃၆၄
သမ္မတမိန့်ခွန်းထဲက ရွှေခံနှစ်ခု ၃၆၇
စယောင်းတိုင်မီးနဲ့ ကျွန်တော် ၃၇၁
လယ်သမားတွေရဲ့ လက်ငင်း ခုက္ခ ၃၇၅
တကာသ ပြန်ဆောက်ကြမယ်ဆိုရင် ၃၇၉
သီလကို အစစ်အေးခံဖို့ စိန်ခေါ် ရဲတဲ့ ခေါင်းဆောင်တွေ များများ ပေါ်ထွန်းပါစေ ၃၈၃
ဗိုလ်ချုပ်အောင်ဆန်း မင်ဒဲလားနှင့် ကျပ်တစ်သောင်းတန် ၃၈၇
ပြည်သူ့ဟစ်တိုင်တွေထားပေးရင် ဘယ်လိုနေမလဲ ၃၉၃
ပြည်သူ့အာဘော်အချို့ ၃၉၇
မီဒီယာလော့လာရေး ဝဝ မျိုးဆက်နဲ့ ပြည်သူ့လွှတ်တော် ၄၀၂
သတင်းများက ပြောတဲ့ မြန်မာ့လယ်ယာကဏ္ဍ ၄၀၆
ခရိုနီများရဲ့ ရွေ့ခရီး ၄၁၀
'ဒီမိုကရေစီ တည်ဆောက်ရေးကို ထိပါး နှောင့်ယှက် ဖျက်ဆီးလိုသူများ၏
ဘေးအန္တရာယ်မှ ကာကွယ်သည့်ဥပဒေ' ၄၁၅
သိမ်းဆည်းခံမြေယာများကိစ္စ စုံစမ်းရေးကော်မရှင်ကို ကြိုဆိုပါ၏ ၄၂၀
မြစ်ဆုံဆည် နောက်ဆက်တွဲသတင်း နားစွင့်ကြည့်ရအောင် ၄၂၅
ကမ္ဘာ မကျေဘူးလို့ ပြောလို့ရပြီလား ၄၃၁
ဆိုးမွေတွေကို ငြင်းမယ်ရဲတဲ့သတ္တိ ဟောကိန်းလွဲခဲ့တာ ဝန်ခံပြီးနောက် ၄၃၆
စွပ်စွဲပြစ်တင်မယ်ဆိုတဲ့ ကိစ္စ ပြန်စဉ်းစားကြပါဦး ၄၄၀
မအိုသေးတဲ့ ခေါင်းစကား ၄၅၀
ဒီမိုကရေစီကို ရှေးပေါ်အောင် မလုပ်ကြပါနဲ့ ၄၅၄
နောက်ပြန်ဆွဲတွေကို နောက်မှာပဲ ချန်ထားခဲ့ရမယ့် အချိန် ၄၅၉
တရုတ်နဲ့ ဆက်ဆံရေးကိစ္စ ပြောရပေဦးမယ် ၄၆၃
ပုံပြင်ထဲက သားရှေ့နေ ၄၆၈
အားနာခဲ့ကြောင်း မပြောလိုသေးပါ ၄၇၂
သူငယ်ချင်း ပို့လိုက်တဲ့ အတွေးစာ တစ်ပုဒ် ၄၇၇
ပြည်သူ့ခေတ်ကြီး ရောက်ချိန်နီးမှသာ ၄၈၂
ပြည်ထောင်စု စစ်စစ်မှုကို လက်ခံကြပြီဆိုရင် ရွှေပြည်တော် မျှော်တိုင်းမဝေးတော့ပါပြီ ၄၈၇
ပြည်သူအများအတွက် ကျန်းမာရေး အာမခံ ၄၉၃
ဘယ်သူတွေကို ကာကွယ်ဖို့ ဘယ်သူတွေကို ခြိမ်းခြောက်ဖို့ ဥပဒေလဲ ၄၉၇
အိုဘားမား မိန့် ခွန်းကို ခံစားခြင်း ၅၀၁
ကိုယ်ထက်သာ နာလိုတတ်တဲ့ စိတ်ဓာတ် ၅၀၇
ဆင်းရဲ မွဲတေမှု သက်သာရေး နည်းလမ်းရှာ ထွက်ပေါက်ပေးပါမှ ၅၁၁
အမျိုးသား ပြန်လည် သင့်မြတ်ရေး အတွေးများ ၅၁၅
ကျိုးကန်း ပေည်းနဲ့ ဟံသာဝတီ ဦးဝင်းတင် ၅၂၀
နှစ်ဟောင်းသို့ တစေ့တစောင်း ၅၂၄
အာဏာ ဘယ်သူ့လက်ထဲ ရောက်မလဲ ၅၂၀
၂၀၁၃ တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးနှစ် ဖြစ်မည်လော ၅၃၃

မြန်မာ အတိုက်အခံများ အစိုးရလုပ်ဖို့ အသင့်ဖြစ်ကြပြီလား ၅၃၀
အတိုက်အခံ နိုင်ငံရေး ရှိလို့လား ဆိုတဲ့ မေးခွန်း ၅၄၃
ဝမ်ဟိန်းသံ တချို့ကြောင့် ရင်တမမ ဘုရားတမိ ၅၅၁
ကျွန်တော်တို့ ဘယ်ရာစုနှစ်ထဲ ရောက်နေပါသလဲ ၅၅၇
အသွင် ကူးပြောင်းရေးကာလ ပြဿနာ အချို့ ၅၆၃
မမျှော်လင့်တဲ့ ဆရာကန်တော့ပွဲ တစ်ခု ၅၆၈
ရွေးကောက်ပွဲ သင်ခန်းစာ နမူနာ အချို့ ၅၇၂
အတိုက်အခံ အကွဲနှင့် ရွေးကောက်ပွဲ ရလဒ် ၅၇၇
မန်းရိုမ် ဆရာတော်ကြီး မိန့်ကြားတော်မူ သကဲ့သို့ ၅၈၁
ရွေးကောက်ပွဲ မဟာမိတ် လုပ်သင့် မလုပ်သင့် လုပ်လို့ ရ မရ ၅၈၅
အမှန်တရား ဖော်ထုတ်မလား။ ပြဿနာရှာမလား ၅၈၉
မြန်မာ့ နှစ်သစ်ကူး ဆုတောင်း ၅၉၃
သတင်း မှန်တိုင်း သတင်းထူး ဖြစ်သလား ၅၉၇
၁၅ – ၂၅ လူငယ်တွေ နိုင်ငံရေး လုပ်သင့်သလား ၆၀၀
သတင်းစာ ဆရာနှင့် နိုင်ငံရေးသမား ၆၀၄
ဘယ်သူတွေက ဘယ်လို ကုသနေမှန်း မသိတဲ့ ဆေးခန်းတွေ ၆၀၇
တိုင်းပြည် တိုးတက်ရေးမှာ ခေါင်းဆောင်မှု အပိုင်း ဘယ်လောက် အရေးပါသလဲ ၆၁၂
အခြေခံ ဥပဒေ ပြင်ဆင်ရေးနှင့် ဗဟိုချုပ်ကိုင်မှု ပြဿနာ ၆၁၆
သောင်းခြောက်ထောင် မက ပြဿနာတွေ ၆၂၀
လေ့လာမိတဲ့ ရာဇ ပရိယာယ် အချို့ ၆၂၃
ထောင်ကြေးကျွန် ပုဒ်မ မသုံးတော့ဘူး ဆိုတော့ ၆၃၀
နိုင်ငံတကာ ယုံကြည်မှု ဂုဏ်သတင်း လွှင့်ရမည့် အချိန် ၆၃၃
၂၆ နှစ်တာအတွက် ၂၆ ရက်ကြာ လက်စားချေခြင်း ၆၃၉

## ဆေးရုံပေါ်က အမှာစာ

**'ပြောချင်လွန်းလို့'** ဆောင်းပါးပေါင်းချုပ် စာအုပ်ကို ယခု တဖြတ် ထုတ်ဝေလိုက်ပါတယ်။ တဖြတ် ထုတ်ဝေတယ် ဆိုတော့ နောက်ပိုင်းမှာ ဆက်ရေးဖို့ ကြိုးစားမယ်ဆိုတဲ့ အဓိပ္ပာယ် ဆောင်ပါလိမ့်မယ်။ ယခု လောလောဆယ် ကျန်းမာရေး အခြေအနေအရတော့ ကွန်ပျူတာ ကီးဘုတ်ကိုတောင် မနှိပ်နိုင်သေးတဲ့ အခြေအနေ ဖြစ်နေပါတယ်။ စဉ်းစားဉာဏ်နဲ့ မှတ်ဉာဏ်ကိုလည်း ကွန်ပျူတာကီးဘုတ် နှိပ်နိုင်တဲ့ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနဲ့ ဟန်ချက်ညီညီ တိုးတက်အောင် ပြန်လည် ထူထောင်နေပါတယ်။

အဆုတ်ကင်ဆာရောဂါကို ၂၀၁၂ ခုနှစ် စက်တင်ဘာလ မှာ ခေတ်မှန်မှတစ်ဆင့် စစ်ဆေး တွေ့ရှိပြီးတော့ စင်ကာပူနိုင်ငံကို သွားရောက်ပြီး အောက်တိုဘာလဆန်းမှာ ဆေးစစ်မှုတွေပြုလုပ်ပြီးနောက် ဆုံးဖြတ်ခဲ့ပါတယ်။ ဆက်လက်ပြီး အသက်ရှင်သန်နိုင်သမျှ တိုက်ပွဲတစ်ပွဲလို ဆင်နွှဲခဲ့ရပါတယ်။ ကျွန်တော့်ရဲ့ပြည်သူ့ခေတ်ဂျာနယ် အောက်တိုဘာ ၂၀၁၂ မှာ ဖော်ပြခဲ့တဲ့ **'အားနာခဲ့ကြောင်း မပြောလိုသေး'** ဆောင်းပါးထဲမှာ ဖော်ပြခဲ့တဲ့အတိုင်း ကျွန်တော် ဘယ်လောက် တောင့်ခံနိုင်မလဲ ဆိုတာရယ်၊ ကျွန်တော် ချစ်ခင်လေးစားရတဲ့ စာဖတ်ပရိသတ် ပြည်သူများရဲ့ ကျွန်တော့်အပေါ် တုံ့ပြန်တဲ့ မေတ္တာစေတ်ရယ်အပေါ် တည်ပေလိမ့်မယ်လို့ ယုံကြည်တယ်ဗျာ' လို့ ရေးခဲ့တဲ့ အတိုင်း ၁၀ လနီးပါးကြာ ကြံ့ကြံ့ခံပြီး ဆေးကုသမှုများ ခံယူခဲ့ပါတယ်။ ဒီကာလများအတွင်း ကျွန်တော် တာဝန်ယူထားတဲ့ မြန်မာနိုင်ငံ သတင်းစာ ဆရာအသင်း (MJA) ကိစ္စများနဲ့ 'မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ (ယာယီ)' ကိစ္စရပ်များကို ကိုယ်စွမ်း ဉာဏ်စွမ်း ရှိသမျှ ဆောင်ရွက် ပေးခဲ့ပါတယ်။ ပြည်သူ့ခေတ် ပင်တိုင်ဆောင်းပါး **'ပြောချင်လွန်းလို့'** ကိုလည်း တတ်နိုင်သမျှ မပျက်မကွက် ရေးခဲ့ပါတယ်။

တိုင်းရေးပြည်မှုများနဲ့ပတ်သက်လို့ကျွန်တော့်ထင်မြင်ချက်၊ ကျွန်တော့် အယူအဆ၊ ကျွန်တော့် အာဘော်၊ ကျွန်တော့် အကြံပြုချက်များကို နိုင်ငံရေးသတင်းစာဆရာတစ်ယောက်အနေနဲ့ဘက်စုံတင်ပြခဲ့ပါတယ်။ ယခု ပြည်သူ့ခေတ် ဆောင်းပါးပေါင်းချုပ်မှာ အဲဒီ 'ဘက်စုံ' ဆိုတဲ့ စကားရပ်ကို ထင်ဟပ်မယ်လို့ မျှော်လင့်ပါတယ်။

၂၀၁၃ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့က စပြီးတော့ ကျွန်တော့် ကျန်းမာရေး ရုတ်တရက် အပြောင်းအလဲ ဖြစ်လာတာကြောင့် ဝိတိုရိယဆေးရုံ တက်ရောက်ရင်း ကုသမှု ခံယူနေရတာ ယနေ့အထိ ဖြစ်ပါတယ်။ ပထမတော့ အဆုတ်ကင်ဆာ ကူးစက်ပျံ့နှံ့မှုက ဦးနှောက် နှစ်နေရာကို ရောက်သွားပြီး ကိုယ်တစ်ပိုင်း သေသလို ဖြစ်သွားခဲ့ပါ တယ်။ စကားလည်း ကောင်းကောင်း မပြောနိုင်ခဲ့ပါဘူး။ ယခုတော့ တိုးတက်မှုတွေ ရှိလာလို့ ဒီအမှာစာကို သမီးကို နှုတ်တိုက် ချပေးပြီး ရေးနိုင်တဲ့အခြေအနေ ရောက်ရှိလာပါတယ်။ Physiotherapy ကုထုံးရဲ့ ကျေးဇူးကြောင့် လေ့ကျင့်ခန်းတွေ လုပ်ပြီးတော့ လေးချောင်းထောက် အကူအညီနဲ့ လမ်းလျှောက်နိုင်ပါပြီ။

လက်ရှိ အခြေအနေမှာတော့ ကျွန်တော့် အနေနဲ့ ကံတရားကို လက်ခံပြီး နောက်ဆုံးအချိန်ကို ဝေးနိုင်သလောက် ဝေးအောင် ရွှေ့ဆိုင်း နိုင်ဖို့ကြိုးစားနေပါတယ်။ အခုဖြစ်တာက 'ပထမ တိုက်ခိုက်မှု' လို့လည်း သတ်မှတ်ပါတယ်။ ဒါကြောင့် အားနာခဲ့ကြောင်း မပြောလိုသေးပါ။ **ပြည်သူ့ခေတ်ကြီး** ရောက်ပါပြီလို့ ပြောနိုင်တဲ့ အချိန်အထိတော့ ကျွန်တော် ချစ်သော မြန်မာပြည်သူများရဲ့ အမှုတော်ကို ကျေပွန်စွာ ထမ်းဆောင်သွားချင်ပါသေးတယ်။

**မောင်ဝံသ**

**၁၉ ဇူလိုင် ၂၀၁၃**

# ပြည်သူ့ခေတ် နှုတ်ခွန်းဆက်

ပုံနှိပ်စာနယ်ဇင်းလောက နိဂုံးချုပ်တော့မည်လောလို့ နိုင်ငံတကာ မီဒီယာသမားတွေက …ဘောကြောနေကြတဲ့ ခေတ်ကာလကြီးမှာ ကျွန်တော်တို့က 'ပြည်သူ့ခေတ်ဂျာနယ်' ဆိုပြီး တစ်စခန်း ထလိုက်တော့ 'သေမယ့်နှစ်ကျမှ စစ်ထဲလိုက်တာလား' လို့ ကရုဏာဒေါသောနဲ့ ပြောချင်သူတွေလည်း ရှိနိုင်တယ်ဗျ။ ဘယ်လိုပဲ သဘော …ားထားပေါ့ဗျာ၊ ကျွန်တော်တို့ကတော့ အမှန်ကို ပြောဖို့ဆိုတာ ဘယ်တော့မှ နောက်ကျတယ် မရှိဘူးဆိုတဲ့ မင်ဒဲလားရဲ့ ပညာရှိ စကားကို နှလုံးသွင်းလျက်သာပဲ ကိုယ်လုပ်စရာရှိတာ ဆက်လုပ်သွားမှာပါ။ ပြည်သူများက အားပေးကြပါလို့တော့ အလေးအနက် ပန်ကြားလိုပါတယ်။

နိုင်ငံတကာမှာ အွန်လိုင်းမီဒီယာတွေ ထွန်းကားလာမှုကြောင့် နေ့စဉ်ထုတ် သတင်းစာတွေ သာမက အပတ်စဉ်ထုတ် သတင်းမဂ္ဂဇင်း (မြန်မာမှာတော့ ဂျာနယ် …ဗျာ) တွေပါ စောင်ရေတွေကျ၊ ကြော်ငြာတွေမရနဲ့ အခက်တွေ့နေကြတဲ့အကြောင်း …နေတာတော့ ကြာပါပြီ။ သူတို့ဆီမှာ ထိပ်တန်း စာနယ်ဇင်းတွေတောင် စာဖတ် ပရိသတ်ကို ပြန်လည် ဆွဲဆောင်နိုင်အောင် အမျိုးမျိုး ကြံဆနေကြရတယ်။ အမေရိကန်က ကမ္ဘာကိုဖြန့်ပြီး ထုတ်ဝေနေတဲ့ နယူးစ်ဝိခ် သတင်းမဂ္ဂဇင်းကြီးပင်လျှင် …ပြောင်းထုတ်ဝေနေတာ တွေ့ရတယ်။ ပုံနှိပ်မီဒီယာတွေ မပြောင်းလဲလို့ မရတော့ဘူး။ …ကြီးထိုး ရိုးရိုးသွားနေလို့ မရတော့ဘူးဆိုတာ သူတို့ဆီကနေ ကျွန်တော်တို့ သင်ခန်းစာယူရမှာပဲဗျ။

ပုံစံသစ် နယူးစ်ဝိခ်မှာ အယ်ဒီတာ့အာဘော်၊ ပင်တိုင်ဆောင်းပါးများ၊ အင်တာဗျူး …နဲ့ အက်ဆေးတွေကို ပို၍ အားပြုသွားမယ်လို့ ကြေညာပြီး မနှစ်က မေ ၂၅ ထုတ်

စာစောင်မှာ သမ္မတအိုဘားမား သီးသန့် အင်တာဗျူးကို မျက်နှာဖုံးဆောင်းပါးတင်ပြီး အဲဒီအပတ်ကစလို့ ပုံစံပြောင်းထုတ်လုပ်တာ တွေ့ရတယ်။ အတွင်းစာမျက်နှာလေးအောက် ဒီဇိုင်းတွေလည်း အများကြီး ပြောင်းပစ်တယ်။ ပုံမှန်တစ်မျက်နှာသုံးကော်လံ ထားရိုးထားစဉ် ထားပေမယ့် ဆောင်းပါးခေါင်းစဉ်ပေးပုံနဲ့ ဓာတ်ပုံ အထားအသိုတွေ အများကြီး ပြောင်းလဲသွားတယ်။

နယူးစ်ဝိခ် ပုံစံပြောင်းမယ့် အစီအစဉ်ကိုကြေညာလိုက်ပြီးချိန်မှာ အွန်လိုင်းပေးစာတွေ အများကြီး တက်လာတယ်။ သူတို့ရေးတဲ့စာတွေထဲမှာ အပတ်စဉ်ထုတ် စာနယ်ဇင်းတွေဆီက ပရိသတ်က ဘာတွေ မျှော်လင့်သလဲဆိုတာ လေ့လာလို့ရတယ်။ လိုရင်းကတော့ အပတ်စဉ်ထုတ် (ဂျာနယ်ဟာ နေ့စဉ် သတင်းစာ မဟုတ်ဘူး။ ဂျာနယ်ဖတ်သူဟာ အယ်ဒီတာ့အာဘော် (ခေါင်းကြီး) နဲ့ ပင်တိုင် ဆောင်းပါးရှင်တွေရဲ့ သဘောထား အယူအဆတွေကို သိချင်တယ်။ သက်ဆိုင်ရာဘာသာရပ် နယ်ပယ် အသီးသီးက ကျွမ်းကျင်သူပညာရှင် ပဏ္ဍိတ်တွေရဲ့ဝေဖန်ချက် ထင်မြင်ချက်တွေကို ဖတ်ချင်တယ်၊ မိမိနည်းတူ အခြား စာဖတ်ပရိသတ်များဆီက ဂျာနယ်ကို လှမ်းရေးတဲ့ ပေးစာဆောင်းပါးတွေထဲက သဘောထား အမြင်တွေကို သိချင်ကြတယ်ဗျာ။

မြန်မာနိုင်ငံမှာ ကျွန်တော်တို့ရဲ့ ရှေ့မျိုးဆက် နှစ်ဆက်လောက်က သတင်းစာ ဆရာကြီးတွေဟာ ဂျာနယ် ပီသတဲ့ ဂျာနယ်တွေ ထုတ်ခဲ့ကြပြီကောဗျာ။ ဆရာ ဦးအောင်မြင် (မြို့မမောင်) ရဲ့ဆယ်သန်းဂျာနယ် (နောက်တော့ ဆယ်သန်းသတင်းစာ၊ မြို့မမောင် သတင်းစာ၊ ရန်ကုန်သတင်းစာ)။ ဆရာဂျာနယ်ကျော် ဦးချစ်မောင်ရဲ့ ဂျာနယ်ကျော်၊ ဆရာကြီးဦးဘချို့ရဲ့ ဒီးဒုတ်ဂျာနယ်တို့ဟာ ခုနစ်ရက် တစ်ကြိမ်ထုတ် ဂျာနယ်များအဖြစ် ဩဇာကြီးမားခဲ့ကြတာပဲဗျ။

နောက်ပိုင်း ပါလီမန်ခေတ်မှာ လူထုဦးလှ၊ လူထုဒေါ်အမာတို့ရဲ့ လူထုဂျာနယ် (နောက်တော့ လူထုသတင်းစာ)။ ဆရာဝန်းမော်တင်အောင်ရဲ့ လင်းယုန် ဂျာနယ် (နောက် လင်းယုန်သတင်းစာ)၊ ဗိုလ်ချုပ်အစ်ကို ဦးအောင်သန်း ထုတ်ဝေပြီး ဆရာသခင်မြသန်း ဦးစီးတဲ့ ပြည်သူ့ဂျာနယ်၊ တော်လှန်ရေး ကောင်စီခေတ်မှာ ဆရာ ဦးညီမြရဲ့ အိုးဝေဂျာနယ်၊ သခင်လွင်ရဲ့ရှုဒေါင့်ဂျာနယ်၊ ဗိုလ်မင်းခေါင်ရဲ့ ရွှေတူဂျာနယ်၊ အထောက်တော်လှအောင်ရဲ့ သတင်းဂျာနယ်၊ ဗိုလ်မြဟန်ရဲ့ ပွင့်လင်းဂျာနယ်နဲ့ စစ်ပြန်များက ထုတ်ဝေတဲ့ ပြည်သူ့ကြယ်ဂျာနယ်တို့ဟာ ပြည်သူကို အသိပညာပေးတဲ့ နေရာမှာ ကောင်းစွာ တာဝန်ကျေပွန်ခဲ့ကြပါတယ်။

အခုဆိုရင် မြန်မာစာနယ်ဇင်း လောကမှာ အပတ်စဉ်ထုတ် ဂျာနယ်တွေဟာ အနိုင်အမာ ပရိသတ် ရနေကြပြီလို့ ကျွန်တော် ယုံကြည်တယ်။ ဆိုလိုတာက ဂျာနယ်တွေကို ပုံမှန်ဖတ်ကျင့်ရနေသူတွေ အတော်များလာနေပြီ။ ဂျာနယ်ကပေးတဲ့ အသိပညာ၊ ဗဟုသုတ၊ ဖြေဖျော်ရေးနဲ့ ဆင့်ပွားတွေးစရာ အစအနလေးတွေကို အရသာခံတတ်တဲ့ ပရိသတ် အများကြီး ရှိနေပါပြီ။



စာနယ်ဇင်းတွေဘက်က လုပ်စရာကတော့ သူတို့ဆီမှာ နယူးစ်ဝိခ် မဂ္ဂဇင်းက ...ုပ်သလို စာဖတ်ပရိသတ်ရဲ့ ဆန္ဒကို အမြဲတမ်း စနည်းနာပြီး ပြင်သင့်တာပြင် ...ပြောင်းသင့်တာ ပြောင်းပေးဖို့ပါပဲ။ ပရိသတ်အကြိုက် ပြုပြင်ပြောင်းလဲမှုတွေ ...ုပ်ပေးသလို ပရိသတ်ကိုလည်း မိမိတို့ သွားစေချင်တဲ့ လမ်းကြောင်းပေါ် ရောက် ...အောင် ဆွဲခေါ်သွားဖို့ ကြိုးစားရမှာပေါ့။

ဥပမာဆိုပါစို့ဗျာ၊ အခု ကျွန်တော်တို့ ထုတ်ဝေတဲ့ 'ပြည်သူ့ခေတ်ဂျာနယ်' ဟာ ...ပြည်သူတွေ အာဏာပိုင်စိုးတဲ့ ဒီမိုကရေစီခေတ်ကို မျှော်မှန်းတယ်။ ဒီမိုကရေစီ ...နိုင်ငံတော်ကို ဖန်တီးနိုင်တဲ့ စွမ်းအင်ဟာ ပြည်သူတွေ လက်ထဲမှာ ရှိနေကြောင်း ...ရေးသား ပြောဆိုတိုက်တွန်းမှာပဲဗျ။ စာဖတ် ပရိသတ်ဆိုတာ သူတို့ကို ဆရာ လုပ်တာ ...ကြိုက်ဘူး။ သူတို့အပေါ် မောက်မာတာ မကြိုက်ဘူး။ မောက်မာ၊ ဆရာလုပ်တဲ့ ...အရေးအသားတွေကို စက်ဆုပ်ရွံရှာတယ်ဆိုတာ ကျွန်တော်တို့ နားလည်ပါတယ်။ ...က်တာက စာနယ်ဇင်းသမားရဲ့ အလုပ်ကလည်း ဆရာလုပ်နေမှန်း မသိအောင် ဆရာ ...ုပ်သွားဖို့ပဲဆိုတော့ ကျွန်တော်တို့ ပညာသားပါပါ လုပ်တတ် ကိုင်တတ်အောင် ...ည့်ဆည်းသွားရပါဦးမယ်လို့ ပြောရင်းပြည်သူ့ခေတ် စင်မြင့်ကနေ ကာယ၊ ဝစီ ...မနောချီလျက် နှုတ်ခွန်းဆက်လိုက်ရကြောင်းပါဗျ။

(**မှတ်ချက်။** ။ ရုပ်ရှင်သရုပ်ဆောင်ကြီး ဒေါ်မြလေးက 'မပြောတော့ဘူး။ ပြောကို ...မပြောတော့ဘူး' လို့ မဲ့ကာ ရွဲ့ကာ ပြောပြီး သရုပ်ဆောင်တာကို မှီငြမ်းကာ ကျွန်တော်က ...'ပြောချင်လွန်းလို့' ဟူ၍ ခေါင်းစဉ် တပ်လိုက်ပါတယ်။ ဆက်ပြောသွားပါမယ်။ လွန်တာရှိ ...နွှာမိပေါ့ ခင်ဗျာ။)

**ပြည်သူ့ခေတ်ဂျာနယ်**

*၈၊ ဇူလိုင်၊ ၂၀၁၀။*

*အတွဲ ၁၊ အမှတ် ၁။*

○

## လောလောဆယ် နိုင်ငံရေး နယ်ထဲမှာ ဘယ်လို လူတွေ များသလဲ

**သည်ခေါင်းစဉ်**ပေးဖို့ရေးချလိုက်ပြီးမှ သင့်မသင့် တော်မတော်ပြန်စဉ်းစားရသေးသဗျ။ ကျွန်တော့် ခေါင်းစဉ်က ယခုလက်ရှိ ပင်ပန်းကြီးစွာ ရုန်းကန် ကြိုးစားနေကြတဲ့ နိုင်ငံရေးသမားတွေကို ထိပါးနိုင်သလား။ ရိသဲ့သဲ့ ပြောရာ ရောက်သွားနိုင်သလားလို့ စဉ်းစားရတာပါ။ ရုတ်တရက်ကြည့်ရင် 'လောလောဆယ် နိုင်ငံရေးနယ်ထဲမှာ ဘယ်လို လူတွေများသလဲ' ဆိုတာ နည်းနည်းလေး အဆိုးမြင်သလိုများ ဖြစ်သွားလေမလားပဲ။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ သည်ခေါင်းစဉ် တင်လိုက်မှ လိုရင်းရောက်အောင် သုံးသပ်လို့ ရမှာဖြစ်လို့ သည်ခေါင်းစဉ်အောက်ကပဲ ဆက်ပြောပါရစေဗျာ။

ပထမဦးဆုံး ပြောချင်တာက ရွေးကောက်ပွဲဝင်မယ့်ပါတီတွေကိုရော၊ နိုင်ငံရေးသမားတွေကိုရော၊ တစ်သီးပုဂ္ဂလတွေကိုရော ကျွန်တော့်အနေနဲ့ လုံးဝ မဆန့်ကျင်ပါဘူး။ ရွေးကောက်ပွဲ ဝင်ရကောင်းလားဆိုပြီး အပြစ်မတင်ပါဘူး။

ရွေးကောက်ပွဲဝင်ခြင်း၊ မဝင်ခြင်း၊ မဲပေးခြင်း မပေးခြင်းဟာ လူတစ်ဦးချင်းရဲ့ ဆုံးဖြတ်ပိုင်ခွင့် ဘောင်ထဲမှာပဲ ရှိတယ်လို့ နားလည်ထားတယ်။ ပြီးခဲ့တဲ့အပတ် ပြည်သူ့ ခေတ်ဂျာနယ်မှာ ဆရာဖေမြင့် ရေးတဲ့ 'ဇီဇကီ စာနယ်ဇင်းသမား' ရုပ်တည်ချက်မျိုးနဲ့ ပြောတာ မဟုတ်ပါဘူးဗျ။ ('အယ်ဒီတာ ခေါင်းကြီး' ဆိုတဲ့ အဲဒီဆောင်းပါးလေး မဖတ်ရသေးရင် ရှာဖတ်ကြည့်ဗျာ၊ အတော်ကောင်းတယ်ဗျ။)

ကျွန်တော်က စာနယ်ဇင်းသမားဘဝမှာ မြုပ်နှံပြီး စာရေးခြင်း အလုပ်ကိုပဲ ဖိလုပ်နေပေမယ့် နိုင်ငံရေး ပိုးလေးတွေက ခန္ဓာကိုယ်တွင်းမှာ ရှုစိရှုစိနဲ့ ကျန်နေတုန်းပဲဗျာ။ ဆိုင်းသံကြားရင် ထကချင်တဲ့ ဝါသနာအိုးလို ဖြစ်နေတာကိုး။



ကျွန်တော်ကတော့ လက်ရှိ အနေအထားမှာ ကိုယ့်ကိုယ်ကိုယ် ဘာနဲ့တူသလဲ စဉ်းစားတော့ ကမ္ဘာ့ဖလားပွဲ ကာလမှာ ပြောနေတာဆိုတော့ ဘောလုံးပွဲကို ကွင်းထဲ သွားထိုင်ကြည့်နေတဲ့ ဘောလုံးသမားဟောင်း တစ်ယောက်နဲ့ ပိုပြီးတူနေတယ်လို့ ထင်မိတယ်ဗျ။ ကိုယ်တိုင် ဘောလုံးကန်နေတုန်းက အသုံးကျချင်မှ ကျမယ်၊ သူများတွေ ကန်တာ ထိုင်ကြည့်တဲ့အခါ လစ်ကွက် ဟာကွက်တွေကို တယ်မြင်တတ်တာကိုး။

ဘောလုံးပွဲနဲ့ နှိုင်းပြီး ပြောနေတာဆိုတော့ ဂျာနယ်ကြီးတစ်စောင်က လောလောဆယ် နိုင်ငံရေး သမားတွေကို 'လူသစ်တန်းတွေ'လို့ သုံးနှုန်းလိုက်တာ သတိထားမိတယ်ဗျ။ 'လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်အတွင်း မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် တိုက်ရိုက် ပါဝင်ပတ်သက်ခဲ့သူ အများစုက ရွေးကောက်ပွဲကို ပါဝင်ဆင်နွှဲခြင်းမပြုရန် ဆုံးဖြတ်ခဲ့ခြင်းကြောင့် လူသစ်တန်းများ နိုင်ငံရေး ဝင်လုပ်သည့် ရွေးကောက်ပွဲ ဖြစ်လာရသည့်အချက်' လို့ ရေးထားတယ်။ ( Voice ဂျာနယ်၊ ၅ ဇူလိုင် ၂၀၁၀)။ သည်အချက်ကို ဖတ်ပြီး ကျွန်တော် သုံးသပ်ထားမိတာလေး တင်ပြရရင် တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်တွေမှာ လူသစ်တန်းတွေများနိုင်မှာ ဖြစ်ပေမယ့် ပြည်ထောင်စုလွှတ်တော် အဆင့်မှာတော့ လူသစ်တန်း နည်းလိမ့်မယ် ထင်တယ်ဗျ။ အနည်းဆုံး နှစ်နှစ်ဆယ် နိုင်ငံရေးအတွေ့အကြုံ ရှိသူတွေက အင်အားပိုများမယ် ထင်တယ်ဗျာ။ ပါတီ တည်ထောင်သူတွေအကြောင်း ဂျာနယ်တွေက တာဝန်ကျပွန်စွာ ဖော်ပြခဲ့ကြလို့ သိရသမျှဆိုရင် ဝါရင့် သမ္မာရင့်တွေ အတော်များများ တွေ့ရတာပဲ။

လူသစ်တန်းဆိုတာ အတွေ့အကြုံ နည်းပါးသေးသူ၊ နိုင်ငံရေးနယ်ထဲ ခုမှ ဝင်သူတွေကို ဆိုလိုတာဖြစ်မယ်။ လက်တွေ့နိုင်ငံရေးနယ်မှာ လူသစ်တန်းကနည်းပြီး လူဟောင်းတန်းက ပိုများဖို့ အရေးကြီးတယ်။ ဘာကြောင့်လဲဆိုတော့ အခုအချိန်ဟာ တိုင်းပြည် တည်ဆောက်ချိန်ဖြစ်လို့ ဥပဒေပြုရေးတာဝန်ကို အဓိက ထမ်းဆောင်ကြရမယ့် ပြည်သူ့ကိုယ်စားလှယ်လောင်းတွေဟာ သာမန်လူတွေထက် အရည်အချင်း ပြည့်စုံသူတွေ ဖြစ်ဖို့လိုတယ်။ ကရော်ကမယ် ရှုက်ကြမ်းရေကျို လောက်နဲ့တော့ ပြည်သူ့ကိုယ်စားလှယ်လုပ်ဖို့ စိတ်မကူးသင့်ဘူးဗျ။ ရွေးကောက်ပွဲဝင်ဖို့ ငွေကျပ် ငါးသိန်း စိုက်ထုတ်တင်သွင်းနိုင်သူ ဖြစ်ရုံနဲ့ ကိုယ်စားလှယ်လောင်း အရည်အချင်း ပြည့်စုံသွားပြီလို့ မထင်နဲ့ဗျ။

လွှတ်လပ်ရေး တိုက်ပွဲဝင်နေတဲ့ အချိန်တုန်းကတော့ တစ်မျိုးပေါ့ဗျာ။ ၁၉၄၇ တိုင်းပြုပြည်ပြု လွှတ်တော် ရွေးကောက်ပွဲအတွက် ဖဆပလ အမတ်လောင်းတွေ ရွေးတော့ အရွေးခံရတဲ့ ၁၈၂ ယောက်ထဲမှာ လူငယ် ၆၀ ကျော် ပါတယ်ဗျ။ ဗိုလ်ချုပ် အောင်ဆန်းက 'အခုလာမယ့် တိုင်းပြုပြည်ပြု လွှတ်တော် ရွေးကောက်ပွဲအတွက် အမတ်ဖြစ်ချင်တဲ့ လူ ၂၀၀၀ ကျော်မှာ လက်ရွေးစင် ၁၈၂ ယောက် ရွေးခဲ့တယ်။ အဲဒီ ၁၈၂ ယောက်မှာ ၆၀ ကျော်ဟာ မလိမ်မညာတတ်သေးတဲ့ ပြည်သူ့ ရဲဘော် လူငယ်တွေချည်းပဲ။ ကျန်တဲ့ လူတွေဟာလည်း တကယ် တစ်နေ့ကျလို့ အင်္ဂလိပ်ကို ခုခံရမယ်ဆိုရင် သူ့ပုန်အဖြစ် အကြေညာခံနိုင်ရဲတဲ့ လူတွေချည်းပဲလို့ ကျုပ်ယူဆတယ်။

ဒါပေမဲ့ ဝုံးကြဲတဲ့နေရာမှာ မဆီမဆိုင်တဲ့ အရပ်သူ အရပ်သားတွေ ထိသွားသလို အချောင်သမား တစ်ယောက်တလေ ပါချင်ပါလိမ့်မယ်၊ ဒီလောက် တိုတောင်းတဲ့ ရက်မှာ ဒီလောက်ပဲ စိစစ်ပြီးတော့ ရွေးနိုင်မယ်၊ ကျုပ်တို့ ရွေးလိုက်တဲ့လူထဲမှာ သစ္စာဖောက်မယ့်သူ နည်းတယ်။ ဖောက်ရင်လည်း ကျုပ်တို့က တာဝန်ယူတယ်' *(၁၇ မတ် ၁၉၄၇ မော်လမြိုင်လူထုကိုပြောတဲ့ မိန့်ခွန်း)*

'ယခု လွှတ်တော် အမတ်တွေဟာ စာတတ်ဖို့ မလိုသေးပါဘူး။ တိုက်စရာရှိ တိုက်မယ်ဆိုတဲ့ လူကိုပဲ လိုတယ်၊ နောင်အခါကျမှ ကြည့်ပြီး စာတတ်တွေနဲ့ စီမံရမှာပဲ။ အခု စာတတ်တွေရွေးလိုက်ရင် စကားများနေကြမှာပဲ။ လွတ်လပ်ရေး စခန်းကို ရောက်နိုင်မှာ မဟုတ်ဘူး' *(၂၁ မတ် ၄၇၊ မုံရွာ)*

စသည်ဖြင့် မိန့်ကြားခဲ့တာတွေဟာ အချိန်ကာလနဲ့ လျော်ညီစွာ လိုအပ်တဲ့ နိုင်ငံရေးသမား အမျိုးအစားကို ထင်ဟပ်နေတာပဲဗျ။ လွတ်လပ်ရေးတိုက်ပွဲ အရေးတကြီး ဖြစ်နေချိန်မှာ ဖဆပလခေါင်းဆောင်များရဲ့ ဦးဆောင်မှု နောက်ကနေ မသွေမဖည် မတွန့်မဆုတ် လိုက်ပါမည့် နောက်လိုက်ကောင်းတွေကိုပဲ ခေါင်းခေါက်ရွေးခဲ့တာ ဖြစ်တယ်။ မလိမ်မညာတတ်ခြင်း၊ စာတတ် (ပညာ တတ်) မဟုတ်ပေမယ့် တိုက်စရာရှိ တိုက်ရဲခြင်း စသည်တို့ဟာ ထိုခေတ် ထိုကာလက နောက်လိုက် နိုင်ငံရေးသမားများရဲ့ အရည်အချင်း ဖြစ်လိမ့်မယ်လို့ ဗိုလ်ချုပ်မိန့်ခွန်းကနေ ကောက်ချက်ချမိတယ်ဗျာ။

အဲသလိုအနေအထားမှာ ခေါင်းဆောင်ကောင်း တွေရှိနေခြင်းဆိုတဲ့ အချက်အလက်ကတော့ အလွန်အရေးကြီးတယ်ဗျ။ ရှက်ကြမ်းရေကျို ခေါင်းဆောင်မှု မျိုးနဲ့ဆိုရင်တော့ နောက်လိုက်တွေက ဘယ်လောက် အသေခံလုပ်လုပ် ရည်မှန်းချက် ပေါက်မြောက်မှာ မဟုတ်ပေဘူးပေါ့ဗျာ။

အခု ကျွန်တော့်ဆောင်းပါးကို 'လောလောဆယ် နိုင်ငံရေးနယ်ထဲမှာ ဘယ်လိုလူတွေများသလဲ' လို့ ခေါင်းစဉ် တပ်ထားပေမယ့် ကျွန်တော်က အဖြေထုတ်ပေးဖို့ မရည်ရွယ်ပါဘူး။ စာဖတ်သူများ အနေဖြင့် မိမိဘာသာ သုံးသပ်ကြည့်ကြဖို့ အလုပ်ရှုပ်နိုင်းလိုက်ခြင်း ဖြစ်ကြောင်းပါဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်**
*၁၅၊ ဇူလိုင်၊ ၂၀၁၀။*
*အတွဲ ၁၊ အမှတ် ၂။*

○

## ပိန်နိုင်ငံရဲ့ ပါတီစုံ အတွေ့အကြုံ

ရွေးကောက်ပွဲဝင်မယ့် နိုင်ငံရေးပါတီများနယ်တွေ ဆင်းပြီး အဖွဲ့ဝင် စုဆောင်းရေး ပ်နေကြတဲ့ သတင်းတွေ ဖတ်ရတယ်။ တချို့လည်း အဆင်ပြေကြတယ်။ တချို့လည်း အဖုအထစ်လေးတွေ ရှိတယ်လို့ ကြားရတယ်။ ဘာပဲပြောပြော သူတို့တွေ အလုပ်တော့ ပ်နေကြပြီပေါ့ဗျာ။

နိုင်ငံရေးပါတီများရဲ့ ဆောင်ရွက်ဖွယ်တွေထဲမှာ (၁) အဖွဲ့ဝင်စုဆောင်းရေး၊ (၂) စည်းရေး၊ (၃) စည်း ရုံးရေးနဲ့ (၄) အောင်နိုင်ရေးဆိုပြီး အဆင့်လေးဆင့် ရှိတယ်ဗျ။ အဖွဲ့ဝင်များ စုဆောင်းပြီးရင်နယ်အလိုက် အလုပ်အဖွဲ့တွေ ဖွဲ့ရတယ်။ အဲဒီအဖွဲ့တွေက ထုကို စည်းရုံးကြရပါတယ်။ ဘာအတွက် စည်းရုံးမလဲဆိုရင် မိမိတို့ပါတီရဲ့ မူဝါဒနဲ့ ပ်ငန်းစဉ်ကို ပြည်သူတွေ ကျယ်ကျယ်ပြန့်ပြန့် သိစေဖို့နဲ့ မိမိတို့ ပါတီကို ထောက်ခံအားပေးဖို့ဖြစ်တယ်။ ထောက်ခံအားပေးတယ်ဆိုရာမှာ ပါးစပ်က ထောက်ခံနေရုံနဲ့လည်း ပြီးဘူး။ မဲဆန္ဒပေးရမယ့် အချိန်မှာ ကိုယ်ထိလက်ရောက် ထောက်ခံမဲပေးဖို့နဲ့ တတ်နိုင်သူတွေက ရန်ပုံငွေ ထည့်ဝင်ကြဖို့ ဖြစ်တယ်ဗျ။ အဲဒီတော့မှ အောင်နိုင်ရေးဆိုတဲ့ အဆင့် တက်လှမ်းနိုင်ကြမှာပေါ့ဗျာ။

ပြီးခဲ့တဲ့ အပတ်ထုတ် ပြည်သူ့ခေတ်ဂျာနယ်မှာ ကာတွန်းဆရာငွေကြည်ရဲ့ကာတွန်း တစ်ကွက်ပါခဲ့တာ သတိထားမိကြမလား မသိဘူး။

'နိုင်ငံရေးပါတီတွေ များလှချည်လားဗျ'

'တစ်ပါတီစနစ်အောက်မှာ အနေကြာခဲ့လို့ ဖြစ်မှာပေါ့ဗျာ'

ဆိုတဲ့ စကားပြောခန်းလေးပါ။

အဲဒါ အမှန်ပဲဗျ။ ၁၉၈၈ ခုနှစ် စက်တင်ဘာ ၁၈ ရက်မှာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့က နိုင်ငံတော် အာဏာအရပ်ရပ်ကို လွှဲပြောင်းယူပြီး ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပ ပေးဖို့ပြင်ဆင်တဲ့အနေနဲ့ နိုင်ငံရေးပါတီတွေ တည်ထောင်ခွင့် ဖွင့်ပေးလိုက်တဲ့အခါ ပါတီပေါင်း ၂၃၀ ကျော် ပေါ်ပေါက်လာခဲ့တယ်ဗျ။ အခုတစ်ကြော ဒီမိုကရက်တစ် ပါတီအဖြစ် တစ်ကျော့ပြန် ပြန်ပေါ်လာတဲ့ ဦးသုဝေကြီး တို့လည်း ဒီမိုကရေစီပါတီဆိုပြီး မှတ်ပုံတင်ခဲ့တာ မှတ်မိတယ်ဗျာ။

## ကမ္ဘာ့ဖလားရှင် စပိန်နိုင်ငံအကြောင်း

ဒီနေရာမှာ အခုနှစ် ကမ္ဘာ့ဖလားဘောလုံးပွဲမှာ ဗိုလ်စွဲသွားတဲ့ စပိန်နိုင်ငံအကြောင်းနဲ့ ဆက်စပ်ပြီး ပြောစရာရှိတယ်ဗျ။ စပိန်နိုင်ငံမှာ ၁၉၃၆ ခုနှစ်က ရီပတ်ဗလီကင် အစိုးရကို ဗိုလ်ချုပ်ကြီးဖရန်ကိုက ပုန်ကန်လို့ ပြည်တွင်း စစ်ကြီးဖြစ်ခဲ့တယ်။ စပိန်ဒီမိုကရေစီအစိုးရ ပြုတ်မကျအောင် ဥရောပနိုင်ငံတွေက ဇော်လံတီယာတပ်တွေ စေလွှတ်ပြီးတော့ အစိုးရဘက်က ပါဝင်တိုက်ခိုက်ပေးကြတယ်။ သို့ပေမဲ့ နောက်ဆုံးတော့ ဖရန်ကို နိုင်သွားပြီး ၁၉၇၅ ခုနှစ် သူသေတဲ့အထိ ၃၈ နှစ်လုံးလုံး အုပ်ချုပ် သွားတယ်။ (ဖရန်ကို အာဏာ သက်တမ်း ကြာရှည်လှချည်လား မထင်နဲ့။ ပြည်သူ့ခေတ်ဂျာနယ် အမှတ် ၁ က လွတ်လပ်စိုးရဲ့ ကမ္ဘာ့နိုင်ငံရေး ဗဟုသုတ ဉာဏ်စမ်းကို ဖတ်ကြည့်တော့မှ ကျူးဘား နိုင်ငံက ကပ်စထရိုကြီးဟာ ၁၉၅၉ ကနေ ၂၀၀၉ အထိ နှစ်ပေါင်း ၅၀ စိုးမိုးအုပ်ချုပ် ခဲ့တယ်ဆိုတော့ သူ့စံချိန်ကို ဘယ်သူမှ မချိုးနိုင်ဘူးပေါ့)

ဖရန်ကို အုပ်ချုပ်သွားတဲ့ ၃၈ နှစ်လုံးလုံး စပိန် နိုင်ငံမှာ နိုင်ငံရေးပါတီမပြောနဲ့ အလုပ်သမားသမဂ္ဂတောင် ဖွဲ့ခွင့်မရှိဘူး။ ဖရန်ကိုဟာ ၁၉၃၇ ခုမှာ ဖလန်း (Falange) လို့ခေါ်တဲ့ ဖက်ဆစ်ပါတီ တည်ထောင်ပြီး သူသေတဲ့အထိ ခေါင်းဆောင်သွားတယ်။

## ဒီမိုကရေစီကို မုန်းလိုက်တာမှ

ဖရန်ကိုက ဘယ်လောက်တောင် ဒီမိုကရေစီဝါဒကိုမုန်းသလဲဆိုရင် သူမသေခင်ကလေးမှာ အင်္ဂလန်က စပိန်ပြည်ပြေး ဘုရင်ဟောင်း ကွန်စတင်တိုင်းရဲ့သားဖြစ်သူ ဟွမ်ကားလို့စ် ဆိုသူကို ပြန်ခေါ်ပြီး သူသေရင် စပိန်မှာ ဘုရင်စနစ် ပြန်ထူထောင်ဖို့ စီစဉ်ခဲ့တယ်။ ပြည်သူလူထုဟာ ဘာမှရင့်ကျက်တာ မဟုတ်ဘူး။ သူတို့ကို အုပ်ချုပ်မည့်သူကို သူတို့ ကိုယ်တိုင်က ရွေးချယ်ဖို့ဆိုတဲ့ ပိုင်ခွင့်နဲ့ မထိုက်တန်ဘူးလို့ ဖရန်ကိုက သဘောထားရှိတယ်။ သူလိုလူမျိုး သို့မဟုတ် ရှင်ဘုရင်တစ်ယောက်ယောက်က ဇီကုတ်ပြီး နတ်ပြည်တင်ခြင်း သာလျှင် အကောင်းဆုံး အုပ်ချုပ်ရေးစနစ်လို့ ယုံကြည်တယ်။ သည်လိုနဲ့ သူ့ဘာသာသူ အင်္ဂလန်မှာ အေးအေးဆေးဆေး သာမန်လူ့ဘဝနဲ့ နေထိုင်နေတဲ့ ဟွမ်ကားလို့စ် မင်းသား ဟာ စပိန်ပြည်ကို ပြန်လာပြီး ဖရန်ကိုသေရင် ဘုရင်လုပ်မယ့် ပုဂ္ဂိုလ်အဖြစ် စောင့်နေခဲ့ရတယ်။



## ဖရန်ကိုရဲ့ သံပတ်တွေ ပြန်လျှော့

ကောက်သေးတာပေါ့။ ဟွမ်ကားလို့စ်က အင်မတန် အမြော်အမြင်ကြီးမားသူဖြစ်တယ်။ ဖရန်ကို သေပြီးပြီးချင်း ဘုရင်ဖြစ်လာပေမယ့် ဖရန်ကိုလို သံပတ်မတင်းဘူး။ ဖရန်ကို ကျုပ်ခဲ့တဲ့ သံပတ်တွေကိုတောင် ပြန်လျှော့ ပစ်တယ်။ ဖရန်ကို လက်ထက်မှာ လုံးဝ ဝိတ်မကူးခဲ့တဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ခု ရေးဆွဲပြဋ္ဌာန်းတယ်။ နိုင်ငံရေးပါတီတွေ တည်ထောင်ခွင့်ပေးတယ်။ ဒါနဲ့ပဲ ကွန်မြူနစ်ပါတီ၊ ဆိုရှယ်လစ်ပါတီ အပါအဝင် ပါတီစုံ ပေါ်လာတယ်။ ပါတီပေါင်း ၂၀၀ကျော်တာပဲဗျ။ ပထမဆုံး အကြိမ် ရွေးကောက်ပွဲလုပ်တော့ ဆိုရှယ်လစ်ပါတီက အမတ်နေရာ အများစုရပြီး အစိုးရဖွဲ့နိုင်ခဲ့တယ်။ ကွန်မြူနစ်အချို့လည်း အစိုးရအဖွဲ့ဝင် ဖြစ်ခဲ့တယ်။

## နိုင်ငံရေး အကဲခတ်တွေ မျက်စိလည်စရာ

အဲဒီနှစ်ပိုင်းတွေမှာ ကျွန်တော်က မြန်မာ့အလင်းသတင်းစာ မှာ အယ်ဒီတာ လုပ်နေပါတယ်။ နိုင်ငံခြားသတင်းတွေကနေ စပိန်နိုင်ငံရဲ့ နိုင်ငံရေး အပြောင်းအလဲ သတင်းတွေကို အံ့တသြ လေ့လာခဲ့ရတယ်။ ဘယ့်နယ်ဗျာ ဖက်ဆစ်ကြီးဖရန်ကို ကွယ်လွန်တဲ့ သတင်းကလည်း ထိပ်တန်းကမ္ဘာ့သတင်းကြီးဖြစ်ခဲ့။ ပြီးတော့ ရှင်ဘုရင်တစ်ယောက် နန်းတက်။ အဲဒီဘုရင်က အံ့သြလောက်အောင် တော်တည့်မှန်ကန်သူဖြစ်နေ။ သူ့ကို ဘုရင်ဖြစ်အောင် နန်းတင်ပေးခဲ့တဲ့ ဖရန်ကိုကြီး အမုန်းတီးဆုံး ဒီမိုကရေစီစနစ်ကို စပိန်နိုင်ငံမှာ ဖြုန်းစားကြီး သွတ်သွင်းလိုက်တယ်ဆိုတော့ နိုင်ငံရေးအကဲခတ်တွေ မျက်စိလည်စရာတောင် ဖြစ်ကုန်တယ်ဗျ။

သို့ပေမဲ့ပါလီမန်လွှတ်တော်တွေ ဘာတွေပေါ်လာပြီး နှစ်ပေါက်အောင် မကြာသေးဘူး။ ဗိုလ်မှူးကြီး အဆင့်ရှိသူ တစ်ယောက်က ခေါင်းဆောင်ပြီး အာဏာ သိမ်းဖို့ကြိုးစားတဲ့ အရေးဖြစ်ခဲ့သေးတယ်။ ဘုရင်ဟွမ်ကားလို့စ်က အသံလွှင့်မိန့်ခွန်းပြောပြီး အာဏာသိမ်းဖို့ ကြိုးစားသူတွေကို လက်နက်ချခိုင်းတယ်။ စစ်တပ်က အာဏာသိမ်းဖို့ကြိုးစားသူတွေကို ထောက်ခံတဲ့ ဘုရင့်အမိန့်ကို နာခံလိုက်တဲ့အတွက် အဲဒီအုပ်စု လက်နက်ချခဲ့တယ်။ ဘုရင်က သူတို့ကို နောက်နောင် ဒီလိုမလုပ်နဲ့လို့ပြောပြီး လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်တယ်။ အဲဒီကတည်းက စပိန်နိုင်ငံမှာ ဒီမိုကရေစီ ရှင်သန်လာခဲ့တာ ခုဆိုကြီးထွားဖွံ့ဖြိုးတဲ့ အဆင့် ရောက်နေပြီဗျ။

ကမ္ဘာ့ဖလား ဆွတ်ခူးသွားတဲ့ စပိန်အသင်းကို ကြည့်ရင်း အတွေးနယ်ချဲ့မိခြင်း ဖြစ်ကြောင်းပါဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်**
၂၂၊ ဇူလိုင်၊ ၂၀၁၀။
အတွဲ ၁၊ အမှတ် ၃။

# ဘယ်လေ့ကားက ဆင်းမလဲ

ကျွန်တော်နေတာ ရန်ကုန်မြို့လယ်ခေါင် ဆူးလေဘုရားလမ်းနဲ့ ကပ်လျက်လမ်းမှာ နေတာပါ။ ဆူးလေလမ်းကြီးက တောင်နဲ့ မြောက်တန်းနေတယ်။ ဆူးလေလမ်းမကြီးကို အရှေ့နဲ့အနောက်ဖြတ်ပြီး ပြေးနေတာက ကမ်းနားလမ်း၊ ကုန်သည်လမ်း၊ မဟာဗန္ဓုလလမ်း၊ အနော်ရထာလမ်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းဆိုတဲ့ လမ်းမကြီးငါးသွယ်ဗျာ။

ရန်ကုန်မြို့လယ်က လမ်းတွေအကြောင်း အစချီတော့ မောင်ဝံသ ဘာပြောချင်လို့လဲလို့ စိတ်မရှည်ချင်ဘူး ဖြစ်နေကြပြီလား။ ပြောချင်တာ လာပါပြီ။ အဲသလို ဆူးလေလမ်းကြီးကို ဖြတ်တဲ့လမ်းဆုံတိုင်းမှာ လူကူးမီးပွိုင့်တွေ ရှိတယ်ဗျ။ အဲဒီမီးပွိုင့်တွေထဲမှာ လူအရှုပ်ဆုံး ဖြတ်ကူးသူအများဆုံးကတော့ အနော်ရထာလမ်းနဲ့ ဆူးလေလမ်းဆုံတဲ့ ပွိုင့်ပါပဲဗျာ။ အရှေ့ဘက်ခြမ်း ကျောက်တံတားမြို့နယ်နဲ့ အနောက်ဘက်ခြမ်း ပန်းဘဲတန်းမြို့နယ် အကူးအသန်းတွေဟာ အနော်ရထာလမ်းမကြီးရဲ့ တောင်ဘက်ခြမ်းကရော၊ မြောက်ဘက်ခြမ်းကရော လူပြတ်တယ်မရှိဘူး။ ဒါတင်မကဘူး။ အနော်ရထာလမ်းမကြီးကိုပဲ တောင်ဘက်နဲ့မြောက် ဘက် ကူးချည်သန်းချည် လုပ်သူတွေကလည်း အဆက်မပြတ်။

မီးပွိုင့်မှာ လူကူးလမ်းဘက်က မီးနီပြ ကားတွေသွားလမ်းက မီးစိမ်းနေပေမယ့် လမ်းကူးတဲ့ လူအုပ်က အားကောင်းလှလေတော့ အတင်းတိုးဝှေ့ဖြတ်ကူးကြတယ်။ ကားတွေ လက်လျှော့ကြရတယ်။ လမ်းကူးတဲ့ လူအုပ်ကြီးတွေဟာ မီးနီခြင်း၊ စိမ်းခြင်းဆိုတဲ့ အချက်ပြတာကို ကြည့်ကို မကြည့်တော့တာ။ ကျွန်တော်က လူတွေရဲ့ 'ဆိုက်ကို' ကို လေ့လာတဲ့အနေနဲ့ ကိုယ်တိုင်သွားပြီး ထိုင်ကြည့်နေဖူးတယ်။ တစ်ဆင့်ကြားစကားမဟုတ်။ မျက်တွေ့ပါ။



စည်းကမ်းမရှိ လမ်းဖြတ်ကူးသူတွေကို ထိန်းသိမ်းဖို့ ယာဉ်ထိန်းရဲအဖွဲ့က အသံချဲ့စက် အော်လံကြီးတွေနဲ့ လမ်းဟိုဘက်ဒီဘက်က အော်ပြီး သတိပေးတဲ့စနစ် လုပ်ဖူးသေးတယ်။ မီးစိမ်းမှ လမ်းဖြတ်ကူးကြပါ။ မီးနီချိန်မှာ မိမိရောက်နေတဲ့ ပလက်ဖောင်း ဘက်မှာပဲ ရပ်နေကြပါလို့ တစာစာအော်ပြီး သတိပေးတယ်။ နောက်တော့ လူကိုယ်တိုင် အော်ရတာ မောသွားလို့လား မသိဘူး။ အသံသွင်းထားတာကို ဖွင့်ပေးတယ်။ လမ်းဖြတ်ကူးသူတွေက အသံကို မကြားတာလား၊ နားမထောင်တာလားမသိ၊ ခါတိုင်းလိုပဲ ကားတွေကို ဗိုလ်ကျပြီး ဖြတ်ကူးနေကြတာပဲဗျ။ ကျွန်တော်ကိုယ်တိုင် ကားမောင်းသွားရင်လည်း အဲဒီမီးပွိုင့် ရောက်ရင် သည်းထိတ် ရင်ဖိုပါဗျာ။ မီးစိမ်းနေလို့ ဖြတ်ပေမယ့် ဘယ်အချက်များ ရှေ့မှာ တစ်ယောက်ယောက် ဘွားခနဲပေါ်လာပြီး ကားခနဲဖြစ်မလဲ တထိတ်ထိတ် ဖြစ်နေရတယ်ဗျ။ ကျွန်တော် ကိုယ်တိုင် မီးပွိုင့်ကို ဖြတ်ကူးရင်တော့ ကိုယ့်အသက် ကိုယ်စောင့်တဲ့အနေနဲ့ မီးစိမ်းမှ ကူးရဲပါတယ်။ ကိုယ့်ဘေးက လူတွေကလေး လူကြီး အတော်များများကတော့ မောင်းလာနေတဲ့ ကားတွေကို လာနေတယ်လို့တောင် မအောက်မေ့ဘူးထင်ပါရဲ့ဗျာ။ ကားတပြောပြောနဲ့ ဘေးဘီတောင် မကြည့်ဘူး။ သူတို့ခြံဝင်းထဲ လမ်းလျှောက်နေသလို လျှောက်သွားကြတာဗျ။ သူတို့အစား အသည်းယားလိုက်တာ။

ဟော နောက်ဆုံး ဆရာမနိုင် နှစ်ဆောင်ပြိုင်ဖြစ်လာတော့ အဲဒီမီးပွိုင့်မှာ လုံးဝ ဖြတ်သန်းခွင့် ပိတ်သွားပါလေရော။ ဆူးလေလမ်းကြီးကို အရှေ့နဲ့အနောက် ဖြတ်ထားတဲ့ ဘော်ဝင်တံတားကြီးပေါ်ကပဲ ဖြတ်သန်းခိုင်းတော့တယ်။ ပန်းဘဲတန်းဘက်ခြမ်းနဲ့ ကျောက်တံတား ဘက်ခြမ်းမှာ အရံအတားတွေနဲ့ ပိတ်ထားပြီး ယာဉ်ထိန်းရဲတွေပါ စောင့်နေတယ်။ အနော်ရထာလမ်းကိုတောင်နဲ့မြောက်ပဲ ကူးလို့ရတယ်။ ဆူးလေလမ်းမကြီးကို အရှေ့နဲ့အနောက် ဖြတ်ဖို့ကျတော့ တံတားပေါ်တက်ပြီး ဖြတ်ရတယ်။

ထုံးစံအတိုင်း ငြီးတွားလိုက်ကြတာ ချူသံကိုပါရော၊ ဒါပေမယ့် ခုလို ဖြစ်သွားတာဟာ မိမိတို့ စည်းကမ်းမဲ့ လမ်းဖြတ်ကူးတာကို ထိန်းလို့မရတာကြောင့် ဖြစ်သွားတာလို့ တွေးမိသူ၊ ပြန်လည်သုံးသပ်မိသူ ရှိမှရှိပါ့မလားပဲ။

ဘာပဲပြောပြော တံတားပေါ်တက်ရတဲ့ လေ့ကားထစ်တွေကလည်း မနည်းဘူး။ မြင့်ကလည်းမြင့်တော့ ဒူးမကောင်းသူတွေ၊ ခြေထောက်နာနေသူတွေ အလွန်ဒုက္ခရောက်တယ်။ သူတို့ခမျာ မဟာဗန္ဓုလ လမ်းဆုံဘက်ကဖြစ်စေ၊ ဗိုလ်ချုပ်လမ်းဆုံက ဖြစ်စေ သွားပြီး ဖြတ်ကူးကြရတယ်။

မသွားမဖြစ် သွားနေကြရသူတွေကတော့ တံတားပေါ် တက်ကြ ဖြတ်ကူးကြ ရပ်နေရတဲ့အခါ အတက်အဆင်းလေ့ကားက ပြဿနာဖြစ်လာတယ်။ ပန်းဘဲတန်းဘက်က လေ့ကားက ကျယ်ကျယ်ဝန်းဝန်းဆိုတော့ တက်သာဆင်းသာပေမယ့် ကျောက်တံတားဘက်က လေ့ကားက ကျဉ်းနေတယ်။ လူသိပ်များလာပြီဆိုရင် လေ့ကားပေါ်ရောက်ဖို့ တန်းစီရသလို လေ့ကားပေါ်က ဆင်းဖို့လည်း အတော်ကြာကြာ စောင့်ရတယ်။ အဲဒီတော့ သက်ဆိုင်ရာက လေ့ကားတစ်စင်း ထပ်ဆောက်ပေးတယ်။ ကျောက်တံတား ရဲစခန်းဘက်ကို အဆင်း အတက်လုပ်ရတဲ့ လေ့ကားအသစ်။ ထုထည်ကောင်းကောင်း ကျယ်ကျယ်ဝန်းဝန်းနဲ့ လေ့ကားကြီး လပိုင်းအတွင်း ပြီးသွားတယ်။

ဒီအခါ လူတွေရဲ့ ထူးဆန်းတဲ့ သဘာဝကို ထပ်ပြီးတွေ့ရ ပြန်တယ်။ ကျွန်တော် ကိုယ်တိုင် အဲဒီလှေကားတွေ တက်/ဆင်း။ တံတားပေါ် ဖြတ်သန်းနေတာ ကြာပြီ။ ဘာတွေ့ရသလဲဆိုတော့ လူအတော်များများဟာ ကျဉ်းကျဉ်းကျပ်ကျပ် လှေကား အသေးဘက်ကပဲ ဆင်းကြတက်ကြ တိုးကြဝှေ့ကြ တွန်းကြ တိုက်ကြ လုပ်နေကြတယ်ဗျာ။ ကျွန်တော်တို့လို လူတွေပဲ ကျယ်ဝန်းတဲ့ လှေကားအသစ်ဘက်က ဆင်းတယ်၊ တက်တယ်။ ကိုယ့်ကို ဘယ်သူမှ မတွန်းမတိုက်သလို ကိုယ်ကလည်း ဘယ်သူ့ကိုမှ လူချင်းတောင် ထိစရာမလိုဘူးဗျာ။

လူတွေကိုလေ့လာချင်တဲ့ကျွန်တော်က ဘာကြောင့်များသူတို့အဲဒီလှေကားကျဉ်းလေးဘက်က ဆင်းနေတက်နေကြပါလိမ့်လို့ ခဏခဏ သတိထားကြည့်မိတယ်။ ကျွန်တော်တွေ့တာက အဲဒီ လှေကားအသေးရဲ့အားသာချက်ဆိုလို့ အနော်ရထာလမ်းဘက်ကို အတက်အဆင်း လုပ်ထားတာပဲ ဖြစ်တယ်။ အနော်ရထာလမ်း ပလက်ဖောင်းနဲ့ တိုက်ရိုက်ဆိုင်တယ်။ လှေကားအကြီးက ဆူးလေလမ်းမ ပလက်ဖောင်းပေါ်ကို ဆင်းတယ်။ ဒါပေမဲ့ အဲဒီကနေ အနော်ရထာလမ်းကို ခြေလှမ်းနှစ်ဆယ် အစိတ်ထက် မပိုဘူး။

လှေကားပေါ်တက်တဲ့လူတွေကတော့ ထားပါတော့။ နီးတဲ့နေရာက တက်ကြတာကို နားလည်ပါတယ်။ ဆင်းတဲ့လူတွေကို ကြည့်မိတော့မှ ကျွန်တော် နားမလည်တော့တာ။ အနောက်ဘက်ခြမ်းက တက်လာတဲ့လူတွေဗျာ ဲဘက်ကို ရောက်ရင် ညာဘက်မှာ လှေကားကျဉ်း။ ဘယ်ဘက်မှာ လှေကားကျယ်တွေ့မယ်။ လှေကားကျဉ်းဘက်မှာ အောက်က တက်လာသူတွေကလည်း ကျပ်ကျပ်သိပ်သိပ်၊ ဆင်းတဲ့လူတွေကလည်း ဖြည်းဖြည်းဆင်းပြီး ကိုယ်တစောင်း ထိုးလိုသွားနေကြရတာ မြင်နေရတာပဲ။ ဘယ်ဘက်ကို နည်းနည်းလေး သတိထားလိုက်ရင် ကျယ်ဝန်းတဲ့လှေကားမှာ လူကျိုးတိုးကျဲတဲပဲ ဆင်းနေတက်နေတာ တွေ့ရမယ်။ ဒါပေမယ့် ကျွန်တော် ခဏခဏ ရပ်ကြည့်နေဖူးတယ်။ လူအများစုဟာ တိုးဝှေ့ဆင်းတက်နေတဲ့ ညာဘက်လှေကားဆီကိုပဲ တန်းပြီးသွားကြတယ်ဗျ။ သူတို့လည်း ခုနက လူတွေလိုပဲ ကိုယ်တစောင်းထိုးပြီး ဆင်းသွားကြတာပဲဗျ။ သက်သာတဲ့ လမ်းကို လှည့်တောင်မကြည့်၊ လိုက်လည်းမလိုက်ဘဲ အများသွားရာလမ်းကိုပဲ ပင်ပန်းခံ ငြိုငြင်ခံပြီး ဇွတ်တိုးသွားကြတာကို ကျွန်တော်ကိုယ်တိုင် တွေ့နေမြင်နေပါတယ်ဗျာ။

အဲဒါ လူမျိုးတိုင်းရဲ့ သဘာဝလို့ပဲ ပြောမလား။ ကျွန်တော်တို့ မြန်မာတွေရဲ့ ထူးခြားဆန်းကြယ်တဲ့ သီးခြား စရိုက်လက္ခဏာလို့ပဲ ပြောမလား။ သည်သဘောသဘာဝကို မှန်မှန်ကန်ကန် အကဲဖြတ်နိုင်ပြီး ပြည်သူတွေရဲ့အထာကို သိထားမှသာ နိုင်ငံရေးလုပ်လို့ အောင်မြင်မယ်လို့ ယူဆကြောင်းပါဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်**

*၂၉၊ ဇူလိုင်၊ ၂၀၁၀။*
*အတွဲ ၁၊ အမှတ် ၄။*

○

## စေတုတ္ထမဟ္တာ့ိုင် ဂုဏ်ယူချင်တယ်

*"The media's the most powerful entity on earth. They have the power to make the innocent guilty and to make the guilty innocent, and that's power. Because they control the minds of the masses"*

*Malcolm X*

*"မီဒီယာဟာ ကမ္ဘာပေါ်မှာ စွမ်းအားအကြီးဆုံးအရာ ဖြစ်တယ်။ အပြစ်မဲ့သူကို အပြစ်ရှိသူ ဖြစ်အောင်၊ အပြစ်ရှိသူကို အပြစ်မဲ့သူဖြစ်အောင် လုပ်နိုင်တဲ့စွမ်းအား ရှိတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ဟာ လူထုရဲ့စိတ်ကို ချုပ်ကိုင်ထားနိုင်လို့ပဲ"*

*(မာလ်ကွမ် အိတ်ခ်စ်)*

### ဂျပန်နဲ့ ပါတီနိုင်ငံရေး

ဂျပန်နိုင်ငံရေးသမားတွေဟာ ပါတီနိုင်ငံရေး ခုထိ မလုပ်တတ်ကြသေးဘူးလို့ ဂျပန်ဝါရင့် နိုင်ငံရေးသမားကြီး နာကာဆိုနေ (၉၂ နှစ်) က ပြောလိုက်ကြောင်း အေအက်ဖ်ပီ သတင်းတစ်ပုဒ်မှာ ဖတ်လိုက်ရတယ်ဗျ။ ရော် ... ဘယ်လိုများပါလိမ့်။ ဂျပန်လိုပါတီစုံ ဒီမိုကရေစီ အသားကျနေတဲ့ နိုင်ငံမှာ ပါတီနိုင်ငံရေး နားမလည်ကြသေးဘူးဆိုတာ ဘယ်လိုပါလိမ့်လို့ တွေးမိတာပေါ့ဗျာ။

နာကာဆိုနေ ဆိုတာကလည်း နယ်နယ်ရရမဟုတ်ဘူး။ လွန်ခဲ့တဲ့ ၁၉၈၀ နှစ်များက ဂျပန်နိုင်ငံရဲ့ ဝန်ကြီးချုပ်ဖြစ်ခဲ့ဖူးသူ၊ ဝန်ကြီးဌာနတွေ အတော်များများ ကိုင်ခဲ့ဖူးသူ လက်ဟောင်း အယ်လ်ဒီပီ နိုင်ငံရေးသမားကြီးဗျ။ သူပြောတာကို ဖတ်ကြည့်တော့ ဂျပန်မှာ နှစ်ပါတီစနစ်ကို ကျကျနန မလုပ်တတ်ကြသေးတာကို ဆိုလိုတာကိုး။ နာကာဆိုနေ လိုလားတာက အမေရိကန်တို့ ဗြိတိန်တို့လို နှစ်ပါတီအဓိက 'သူတက်ငါဆင်း၊ သူဆင်းငါတက်' စနစ်မျိုး ထွန်းကားစေချင်တာ။(မှတ်ချက်။ လက်ရှိဗြိတိန်ကတော့ ကွန်ဆာဗေးတစ်ပါတီ၊ လေဘာပါတီအပြင် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီပါ အာဏာအဝန်း အပိုင်းထဲပါနေတာမို့ သုံးပါတီစနစ် ဖြစ်နေတယ်ဗျ။ သာမန်အားဖြင့်ကတော့ ဗြိတိန်လည်း အခြေခံက နှစ်ပါတီစနစ်ပါပဲ။)

ဂျပန်မှာ နာကာဆိုနေတို့ရဲ့ မိခင်ပါတီကြီး (အယ်လ်ဒီပီ) ဟာ နှစ် ၅၀ ကျော် ဆက်တိုက်လိုလို အာဏာရလာခဲ့ရာက မနှစ်က ရွေးကောက်ပွဲရှုံးပြီး အတိုက်အခံပါတီ ဖြစ်သွားတယ်။ အတိုက်အခံပါတီ ဒီပီဂျေခေါ် ဂျပန်ဒီမိုကရက်တစ်ပါတီက လက်ရှိ အာဏာရပါတီ ဖြစ်နေတယ်။ ဒီပီဂျေကလည်း အာဏာရပါတီဖြစ်လို့မှ တစ်နှစ်မရှိသေး။ ဝန်ကြီးချုပ်နှစ်ယောက် ပြောင်းရပြန်တယ်။

ဂျပန်မှာ ဝန်ကြီးချုပ် အပြောင်းအလဲများတာကတော့ အဆန်းမဟုတ်တော့ပါဘူး။ ဆံုလည်တံခါးနဲ့တောင် ပုံခိုင်းပြောကြတာ ကြားဖူးကြတယ် မဟုတ်လားဗျာ။ အခု လောလောဆယ်မှာကို လေးနှစ်အတွင်း ဝန်ကြီးချုပ်ငါးယောက် ပြောင်းခဲ့တယ်ဗျ။

ဝါရင့် နိုင်ငံရေးသမားကြီး နာကာဆိုနေက ဂျပန်မှာ နိုင်ငံရေးပါတီငယ်တွေ များနေတာကိုလည်း သဘောမတွေ့ဘူး။ အလကားရှုပ်နေကြတာလို့ မြင်တယ်။ အဓိက နှစ်ပါတီစနစ်ကို ပီပီပြင်ပြင် ဖြစ်ပေါ်စေဖို့ပဲသူက တိုက်တွန်းတယ်ဗျ။

## နိုင်ငံရေးသမားနဲ့သတင်းစာ

နာကာဆိုနေပြောတဲ့အထဲ အရေးကြီးတဲ့ အချက်တစ်ချက်ပါသေးတယ်။ အဲဒါကတော့ သတင်းစာတွေနဲ့ ပတ်သက်တယ်။ သတင်းစာတွေဟာ ဆင်းရဲသား လူထု ကောင်းစားရေး လုပ်ပေးရမယ်ဆိုတဲ့ ပေါ်ပြူလစ်ဇင်း အယူအဆရဲ့ လွှမ်းမိုးခြင်း ခံနေရတယ်၊ နိုင်ငံရေးသမားတွေကို သတင်းစာတွေက မှားကွက်ပဲစောင့်ဖမ်းနေတယ်၊ နိုင်ငံရေးသမား မကောင်းသတင်းတွေကို မြိန်ရည်ရှက်ရည် ရေးနေကြတယ်လို့ သူက ပြောသွားတယ်ဗျ။

အဲဒါကတော့ သတင်းစာတွေအပေါ် နိုင်ငံရေးသမား အများစုက ထားရှိတဲ့ သဘောထားကို နာကာဆိုနေက ထင်ဟပ်လိုက်တာပါပဲ။ သည်သဘောထားဟာ ခုမှပေါ်တာ မဟုတ်ဘူး။ ဂျပန်နိုင်ငံရေးသမားကပဲ သည်လိုပြောတာ မဟုတ်ဘူး။



အမေရိကန်နိုင်ငံရေးသမား၊ အင်္ဂလိပ်နိုင်ငံရေးသမား၊ မြန်မာနိုင်ငံရေးသမား၊ အတော်များများဟာ စာနယ်ဇင်းတွေကို မရှုမကောင်း ရှိမကောင်း၊ မပေါင်းလည်းခက် ပေါင်းလည်းခက်လို့ မြင်ကြစမြဲဗျ။ ခေတ်အဆက်ဆက် သည်အတိုင်းပဲ မြင်ခဲ့ကြတာဗျ။ အချို့နိုင်ငံရေးသမားတွေကဆိုရင် စာနယ်ဇင်းသမား၊ ယနေ့ခေတ်အခေါ် မီဒီယာသမားတွေကို လူရှုပ်တွေလို့တောင် ပြောကြတယ်ဗျာ။

တစ်ခါတုန်းက ဆိုရှယ်လစ် နိုင်ငံရေးသမားအုပ်စုကနေ ဝန်ထမ်းဘဝ ကူးပြောင်းသွားပြီး အဆင့်မြင့်အရာရှိကြီးအဖြစ်ကနေ အငြိမ်းစားယူခဲ့သူ တစ်ယောက် (ယခုတော့ သေရှာပါပြီ) ကတော့ မြန်မာပြည်မှာ နိုင်ငံရေးသမားတွေ၊ သတင်းစာ ဆရာတွေဟာ သုံ့ပ်သာလုပ်နေကြတာ အဆင့်မရှိဘူးလို့ ပြောတယ်။ ကျွန်တော်က မခံမရပ်နိုင်ဖြစ်မိလို့ ဂျာနယ်တစ်စောင်က ဆောင်းပါးရေးပြီး ပြန်လည်ချေပခဲ့တယ်။ မြန်မာ့လွတ်လပ်ရေး တိုက်ပွဲတစ်လျှောက် တိုင်းပြည်က လေးစားခဲ့ရတဲ့ သတင်းစာဆရာကြီးတွေ စာရင်းကို ဘန်းစီရေးပြခဲ့တယ်။ သူတို့လိုလူတွေထက် မယှဉ်နိုင်အောင် သာလွန်ကြီးမြတ်တဲ့ သတင်းစာဆရာတွေ မြန်မာပြည်မှာ ရှိခဲ့ပါတယ်ဆိုတာ သက်သေပြတာပါ။ ('ကျွန်တော်တို့ရဲ့ ဘိုးဘေးများ' ခေါင်းစဉ်နဲ့ ကျွန်တော့်ရဲ့ နိုင်ငံရေးဆောင်းပါးပေါင်းချုပ် 'ဘမှရှားတဲ့ နိုင်ငံရေးသမား' စာမျက်နှာ ၂၈၇-၂၉၀ မှာ ပြန်လည် ဖော်ပြခဲ့ပါတယ်။)

## စတုတ္ထမဏ္ဍိုင် စကားလုံး

သတင်းစာဆရာနဲ့ နိုင်ငံရေးသမား မည်သူက တိုင်းပြည်အကျိုးကို ပိုပြီးဆောင်ရွက်နိုင်သလဲဆိုတဲ့ စကားရည်လုပွဲ ခေါင်းစဉ်မျိုးကို ကျွန်တော် စိတ်မဝင်စားပါဘူး။ အဲသလိုမျိုးလဲ ဘယ်တော့မှ မဆွေးနွေးချင်ပါဘူးဗျာ။ သို့ပေမယ့် စာနယ်ဇင်း(မီဒီယာ)တွေကို စတုတ္ထမဏ္ဍိုင် (Fourth Pillar or Fourth Estate) လို့ တင်စားခေါ်ဝေါ်တာကိုတော့ အလွန်သဘောကျတယ်ဗျ။ ဥပဒေပြုရေး မဏ္ဍိုင် (လွှတ်တော်)၊ အုပ်ချုပ်ရေးမဏ္ဍိုင် (အစိုးရ)၊ တရားစီရင်ရေးမဏ္ဍိုင် (တရားရုံးများ) ကို အချုပ်အခြာ အာဏာကြီးသုံးရပ် (တစ်နည်း) မဏ္ဍိုင်ကြီးသုံးရပ်လို့ သိထားကြတယ်။ အဲဒီမဏ္ဍိုင်ကြီးသုံးရပ်ကို စောင့်ကြည့်ပြီး သူတို့တတွေရဲ့လုပ်ရပ် အကောင်း၊ အဆိုးတွေကို ပြည်သူလူထုသိအောင် သတင်းပေးဖန် ထောက်ပြတဲ့ စာနယ်ဇင်းများ (ယနေ့ခေတ်မီဒီယာများ) ကို စတုတ္ထမဏ္ဍိုင်လို့ အသိအမှတ်ပြုတယ်ဆိုတာ ဘယ်လောက် ဂုဏ်ယူစရာဖြစ်မလဲဗျာ။

သည်လောက် အလေးအနက်ပြောရတာက တစ်ချိန်တုန်းက "ခင်ဗျားတို့လိုကိုယ်ကိုယ် သတင်းစာဆရာလေး ဘာလေးနဲ့ ကြီးကြီးကျယ်ကျယ် ပြောမနေနဲ့ ခွေးစားဟာ လခစားပဲ၊ ခင်ဗျားတို့ကို လခပေးပြီးခန့်ထားတာ။ ခိုင်းတဲ့အတိုင်းလုပ်" ဆိုတဲ့ အပြောအဆိုခံခဲ့ရတဲ့ဘဝမှာ နေခဲ့ရဖူးလို့ပါဗျာ။

မီဒီယာတွေကို စတုတ္ထမဏ္ဍိုင် (Fourth Pillar) လို့ စတင်ခေါ်ဝေါ်ခဲ့သူက အင်္ဂလိပ်စာရေးဆရာ၊ နိုင်ငံရေးသမား လော့ဒ်မက်ကောလေး (၁၈၀၀-၁၈၅၉)လို့ ဆိုတယ်။ Fourth Estate လို့ အဦးဆုံးခေါ်ခဲ့သူက ဗြိတိသျှ နိုင်ငံရေးသမား အက်ဒ်မန်ဘာ့ခ် (၁၇၂၉-၁၇၉၇) ဖြစ်တယ်လို့ ထောမတ်စ် ကာလိုင်းက ၁၈၄၁ မှာ ထုတ်ဝေတဲ့ သူ့ရဲ့ နာမည်ကျော်စာအုပ် "Heros and Hero Worship in History" မှာ ကိုးကားထားတယ်။

ကျွန်တော် ပြောချင်တာက မီဒီယာဟာ စတုတ္ထမဏ္ဍိုင်ပဲလို့ ၁၈ ရာစု၊ ၁၉ ရာစု ကတည်းက လက်ခံထားကြတယ် ဆိုတာပဲဗျ။ စတုတ္ထမဏ္ဍိုင်ပီပြင်အောင် တာဝန်ယူနိုင်စွမ်း ရှိ မရှိကတော့ လူတွေအပေါ်ပဲ တည်မှာပေါ့ဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်**

*၅၊ ဩဂုတ်၊ ၂၀၁၀။*

*အတွဲ ၁၊ အမှတ် ၅။*

○

# ကျွန်တော်၏ ညွှေ့သည်များ

…ာလော ကျွန်တော့်ဇနီးရဲ့ ကရုဏာဒေါသောနဲ့ သတိပေး စကားတွေကို ခဏခဏ …ားနာနေရတယ်ဗျာ။ အဓိက အကြောင်းနှစ်ချက်ရှိတယ်။ ပထမအကြောင်းက …န်တော် ညနက်သန်းခေါင်စာဖတ်၊ စာရေးနေတာကို ကျန်းမာရေးထိခိုက်မှာစိုးလို့ …ိုး တားမြစ်တာ။ သို့ပေမယ့် သိကြတဲ့အတိုင်း ပါပဲ။ ကျွန်တော်လို သာမန်လူမဆိုထားနဲ့။ …ာမ ရာထူးဌာနန္တရ ပိုင်ရှင်ကြီးတွေကိုတောင် သူတို့ဇနီးတွေက ဘယ်တော့မှ …ာင်းကောင်းမွန်မွန် တောင်းတောင်းပန်ပန် ပြောတာ မဟုတ်ဘူး။ မိခင်တစ်ယောက်က …ားသမီးကို ဆူပူကြိမ်း မောင်းသလိုမျိုး ပြောတတ်ဆိုတတ်ကြတာကလား။ တော်တော် …ြိုးစရာကောင်းတယ်ဗျ။

ကျွန်တော့်မှာလည်း ကိုယ့်အကြောင်းနဲ့ကိုယ် စာမဖတ် လို့မဖြစ်၊ မရေးလို့ မဖြစ်လို့ …းနေရတာ။ နာရီပြန် ၂ချက်၊ ၃ နာရီလောက်အထိ အလုပ်မလုပ်ရင် ကျွန်တော့်အလုပ်တွေက …ည်း မပြီးဘူးဗျ။

ဇနီးရဲ့အဆူခံရတဲ့ နောက်အကြောင်းတစ်ချက်က ညဘက် အိပ်ရေးပျက်ခံပြီး …နေ့လယ်မှာ လာသမျှညွှေ့သည်တွေနဲ့ လေများလွန်းလို့တဲ့ဗျာ။ ‘ရှင် ဒီလောက် လေများ …နဲ့ လေဖြတ်နေဦးမယ်’ လို့လည်း အငေါ်တူးတယ်။ တကယ်က တော့ လေဖြတ်ဦးမယ် …ာ နိမိတ်ပုံနဲ့ပြောတာ။ ‘စကားစကား ပြောဖန်များ စကားထဲက ဇာတိပြ’ပြီး …တ်မကောင်းတွေ ပြောမိမှာကို စိုးရိမ်နေတာဗျ။

‘ဒီအသက်အရွယ်ကြီးကျမှ လေဖြတ်လို့ကတော့နော်၊ ကျွန်မလည်း အရင်လို …က်နိုင်တော့ဘူး။ သားသမီးတွေ ကလည်း အဝေးတွေမှာ၊ ရှင် ကိုယ့်ဇာတ်ကိုယ်နိုင်ရင် …က် ပြော’တဲ့။ အသနားခံသလိုလို၊ ခြိမ်းခြောက်သလိုလို။ မိန်းမများ ပြောပါတယ်။

တကယ်ကတော့ ခဲမှန်ဖူးတဲ့ စာသူငယ်လို သူတို့ခမျာ စိုးရိမ်ကြီးနေတာပါ။ ကျွန်တော့် ဧည့်သည်တွေဆိုတာကလည်း ပြည်တွင်းဂျာနယ် သတင်းထောက်တွေ များပါတယ်။ တချို့က ကျွန်တော့်ကို အင်တာဗျူးလုပ်တာ။ တချို့ကတော့ အင်တာဗျူး မဟုတ်ဘူး၊ သူတို့ သိချင်တာတွေ၊ မရှင်းမလင်းတာတွေကို လာမေးတာ။

လူငယ်သတင်းထောက်တွေထဲက နိုင်ငံရေးသတင်း လိုက်ဖို့စိတ်ဝင်စားသူတွေကို ကျွန်တော်က ကြိုဆိုတယ်။ သူတို့ သိချင်တာတွေကို ကျွန်တော် သိသလောက် ရှင်းပြတယ်။ ခေတ်သရုပ်ကိုပေါ်အောင် သူတို့ကြိုးပမ်းအားထုတ်မှုကို ကိုယ်ချင်းစာနာစိတ်နဲ့ ကျွန်တော် ကူညီနေတယ်လို့ပဲ သဘောထားတယ်။

သတင်းထောက်တွေနဲ့ ဆွေးနွေးကြတော့ ပြည်တွင်း နိုင်ငံရေးအကြောင်းတွေ မပါမဖြစ် ပါတော့တာပေါ့။ ရေး ဟောင်း နှောင်းဖြစ်တွေလည်း ပါတယ်။ လတ်တလော ဖြစ်ရပ်တွေအပေါ် ရှုမြင်ချက်တွေလည်း ပါတယ်။ တချို့ကဆို ဖြစ်လာလတ္တံ့သော အလားအလာတွေကိုပါ မေးတယ်။ အဲဒါမျိုးကိုလည်း ကျွန်တော်က မရှောင်ဘူး။ ကျွန်တော့် ထင်မြင်ချက်ကို ပြောပြတာပဲ။ 'ဒါတော့ ငါက ဗေဒင်ဆရာမှ မဟုတ်တာ၊ ဘယ်ဟောတတ်မလဲ'လို့ ကျွန်တော် မပြောဘူး။ ဒီအချက်၊ ဒီအချက်တွေကြောင့် သည်သို့သည်နှယ် ဖြစ် လာနိုင်စရာ အကြောင်းရှိတယ်။ ဒီလိုဒီလို အခြေအနေတွေသာ ဖြစ်ပေါ်လာရင် သည်သို့သောရလဒ်များ ထွက်လာနိုင်စရာ အကြောင်းရှိတယ် စသဖြင့် ကျွန်တော် မြင်သလို ပြောလိုက်တာပဲ။

ကျွန်တော့်ကို ခင်မင်မှုနဲ့ အထင်တကြီးနဲ့ သိချင်တာလေးတွေ လာမေးသူတွေကို ကျွန်တော်က မိမိမှာ ဘေးဖြစ်နိုင်တယ်ဆို တဲ့ အကြောင်းပြပြီး ဘယ်ငြင်းရက်ပါ့မလဲ။ ဖြေနိုင်သလောက် ဖြေရပါတယ်။ ဒါတင်မက နိုင်ငံရေး သတင်းဖြစ်ရပ်တွေကို လေ့လာတဲ့အခါ အကြောင်းခံ (factor) တွေကို ဆက်စပ် စဉ်းစားနည်းပါ ပြောပြပါတယ်။

'သီးနှံတွေကြီးထွားအောင်မြင်ဖို့မှာ မြေသြဇာနဲ့ မိုးလေဝသဟာ အဓိကအကြောင်းခံ (factor)နှစ်ခုပဲ'ဆိုတဲ့ သဘောကို ပြောပြပြီး factor ဆိုတာကို ရှင်းပြပါတယ်။

'အာရှတိုက် လုံခြုံရေးကိစ္စကို စဉ်းစားရင် မြောက်ကိုရီးယား factor ကို ဖယ်ထားလို့မရဘူး'

စသည်ဖြင့် 'အကြောင်းခံများ' အကြောင်းကို ကျွန်တော် ရှင်းပြတယ်။

ကျွန်တော့်ဇနီးကတော့ မြောက်ကိုရီးယား factor တရုတ် factor အမေရိကန် factor တွေအကြောင်း ထည့် ထည့် မပြောစမ်းပါနဲ့လို့ ဧည့်သည်တွေ ပြန်သွားတဲ့အခါ ကြိတ်ပြီး taboo လုပ်တယ်။ တဘူး (taboo) ဆိုတာ မပြော အပ်တဲ့အရာ၊ ဝေါင်ဝေါင်ရှေး ဝေးဝေးရှောင်ရမယ့် အရာကို ဆိုလိုတာပါ။

ကျွန်တော့် ဧည့်သည်များထဲမှာ ကိုယ်က ဗဟုသုတ ဝေမျှပေးရသူတွေပါသလို ကိုယ်မသိတာတွေကို စေတနာနဲ့ သင်ပြပေးသူတွေ၊ စာဟောင်းစာကောင်းတွေ လက်ဆောင်ကမ်း လာသူတွေလည်း အများကြီးပါ။



မနေ့တစ်နေ့ကပဲ တန်ဖိုးရှိလှတဲ့ ၁၉၃၆-၃၈ ခုနှစ်များ က သူရိယ၊ မြန်မာ့အလင်း ...ဟောင်းတစ်ခု ကျွန်တော်ရလိုက်တယ်။ အဲဒီခေတ်က အရေးကြီးတဲ့ မြန်မာနဲ့ ကမ္ဘာ့ ...ရေးရာတွေကို အတော်များများ ဖတ်ခွင့်ရလိုက်တယ်။ ဒါနပြုသူက ရတနာ့မွန်မဂ္ဂဇင်း ...ဒီတာချုပ် ဆရာကြီး ဓမ္မာစရိယ ဦးထွန်းလွင် ဖြစ်ပါတယ်။ 'ပြောချင်တာလေးတွေ ပြောနိုင်အောင် ဒါနပြုလိုက်ပါတယ်'လို့ စာတိုလေး ရေးထားလိုက်သေးတယ်။ ...ကြီးဦးထွန်းလွင်ပေးသွားတဲ့ထဲက ပြည်သူ့ခေတ်ပရိသတ်ကိုထပ်ဆင့်ဖောက်သည်ချစရာ အများကြီး တွေ့ရပါတယ်။

နောက်တစ်ဦးကတော့ ယခု အသက် ၈၀ ကျော်အရွယ်၊ အငြိမ်းစား ညွှန်ကြားရေးဝန် ...မောင် ဖြစ်ပါတယ်။ ဆရာကြီးဦးစိုးမောင်က သခင်လွင်ရေးတဲ့ 'ဂျပန်ခေတ် ...ည်'စာအုပ်ထဲက 'နောက်ဆက်တွဲ(ဂ)ဂျပန်ခေတ်ဗမာနိုင်ငံ အုပ်ချုပ်ရေးစည်းမျဉ်းဥပဒေ ...သက္ကရာဇ် ၁၃၀၅ ခု ဥပဒေ အမှတ် (၁)' ဆယ်မျက်နှာလောက်ကို မိတ္တူဆွဲပြီး ...တယ်။ 'ခင်ဗျား ဖတ်စေချင်လို့ပါ။ ဖတ် ပြီးရင် ရေးစရာတွေပေါ်လာလိမ့်မယ်' ...ပြောပါတယ်။

ဆရာကြီး ဦးစိုးမောင်က ၁၉၆၁ ခုနှစ်က သူ မန်ချက်စတာ ယူနီဗာစီတီမှာ ...နှံ့ခဲ့ရေးပညာ ဘွဲ့လွန်တက်ခဲ့စဉ်က ဘွဲ့ယူစာတမ်းအဖြစ်တင်ခဲ့တဲ့ စာအုပ်လေး ...ည်း ကျွန်တော့်ကို လက်ဆောင်ပေးတယ်။ welfare state ခေါ် လူမှု ဖူလုံရေးစနစ် ...သုံးမှုနဲ့ ပတ်သက်လို့ မြန်မာနိုင်ငံရဲ့ အတွေ့အကြုံ တွေကို သုံးသပ်တင်ပြထားတဲ့ ...မ်းပါ။ လွန်ခဲ့တဲ့ နှစ် ၅၀ လောက်က ရေးခဲ့တာဖြစ်ပေမယ့် ယနေ့ ခေတ် မှာလည်း ...အဆပိုင်းတွေကို အသုံးချလို့ရနေတာ တွေ့ရတယ်။ အလုပ်လက်မဲ့တွေ၊ အိုမင်းမစွမ်း ...ကလေးသူငယ်တွေရဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုဘဝ ဖူလုံရေးကို အစိုးရက ...ယူဆောင်ရွက်ပေးတဲ့ welfare state အကြောင်း ကျွန်တော် ဆောင်းပါးသုံးလေးပုဒ် ...ပြီး အလွန်လည်း သဘောကျပါတယ်။ ကျွန်တော်က ဂျပန်ခေတ် အုပ်ချုပ်ရေး ...ည်း ဥပဒေအကြောင်းထက် welfare state အကြောင်းကို ပိုစိတ်ဝင်စားတဲ့ ...ောင်း။ အဲဒီစာတမ်းရလို့ ကျေးဇူးတင်ကြောင်း ပြောလိုက်ပါတယ်။

...က်ဆင့်ကမ်းအမွေဆိုတာ ဒါမျိုးကိုခေါ်တာပါ။ အသက် ၈၀ ကျော် ဆရာကြီး ...ောင်လို ပညာတတ် ဗျူရိုကရက်အရာရှိဟောင်းကြီးနဲ့ ဓမ္မာစရိယ ဦးထွန်းလွင်တို့လို ...ဆက်မှုပုဂ္ဂိုလ်များက ကျွန်တော့်ကို လက်ဆင့်ကမ်းတယ်။ ကျွန်တော်က နောက် ...က်က လူငယ်တွေကို ထပ်ဆင့်ဝေမျှတယ်။ သည်လိုမှသာပဲ ခေတ်တွေဟာ ...င်လိမ်လှေကားသဖွယ် တိုးတက်မှာပေါ့ဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်**
*၁၂ ဩဂုတ်၊ ၂၀၁၀။*
*အတွဲ ၁၊ အမှတ် ၆။*

○

# (သရော်စာ) ဝါဒနဲ့ လုပ်ငန်းစဉ်

မြေရှင်ပဒေသရာဇ်စနစ် (Feudalism) - ခင်ဗျားမှာ နွား ၂ ကောင်ရှိရင် မြေပိုင်ရှင်သောက်ဖို့ နွားနို့ ခင်ဗျားက ဆက်သရတယ်။

ဆိုရှယ်လစ်စစ်စစ်စနစ် (Pure Socialism) - ခင်ဗျားမှာ နွား ၂ ကောင်ရှိတာကို အစိုးရက သိမ်းမယ်။ တင်းကုပ်ကြီး တစ်ခုထဲ တခြားနွားတွေနဲ့အတူ ထည့်ထားမယ်။ အဲဒီ နွားတွေအားလုံးကို ခင်ဗျားပဲ ကျွေးမွေးစောင့်ရှောက်ရမယ်။ ပြီးတော့ ခင်ဗျား လိုအပ်သလောက်နွားနို့ အစိုးရကပေးမယ်။

ဗျူရိုကရက်တစ် ဆိုရှယ်လစ်စနစ် (Bureaucratic Socialism) - ခင်ဗျားရဲ့နွားတွေကို ကြက်မွေးမြူရေးသမားတွေက စောင့်ရှောက်မယ်။ ကြက်မွေးမြူရေးသမားတွေဆီက အစိုးရကသိမ်းထားတဲ့ ကြက်တွေကို ခင်ဗျားက စောင့်ရှောက် ရမယ်။ အစိုးရက ခင်ဗျားကို စည်းမျဉ်းစည်းကမ်းအရ ခင်ဗျားအတွက် နို့ခွဲတမ်းနဲ့ ကြက်ဥခွဲတမ်း ပေးမယ်။

ဖက်ဆစ်စနစ် (Fascism) - ခင်ဗျားမှာ နွား ၂ ကောင်ရှိတယ် ဆိုပါစို့။ အစိုးရက နှစ်ကောင်စလုံးကို သိမ်းမယ်။ နွားတွေကိုစောင့်ရှောက်ဖို့ ခင်ဗျားကို ငှားမယ်။ ရလာတဲ့ နွားနို့ ခင်ဗျားကို ရောင်းမယ်။

ကွန်မြူနစ်စစ်စစ်စနစ် (Pure Communism) - နွား ၂ ကောင်ကို ခင်ဗျားနဲ့ ခင်ဗျား အိမ်နီးချင်းတို့ ပူးတွဲတာဝန်ယူ ရမယ်။ ခင်ဗျားနဲ့ အိမ်နီးချင်းနဲ့ဟာ ဘယ်သူက လုပ်နိုင်စွမ်း အရှိဆုံး၊ ဘယ်သူက အလိုအပ်ဆုံးဆိုတာကို အလုပ်မရှိ အလုပ်ရှာ ငြင်းခုံနေကြမယ်။ နှစ်ဦးစလုံး အလုပ်မလုပ်ဘဲ တွက်ကပ်နေကြမယ်။ သည်လိုနဲ့ နွားနို့လည်း ထွက်မလာဘူး။ နွားတွေလည်း အစာငတ်ပြီး သေကုန်ရော။



ားကွန်မြူနစ်စနစ် (Russian Communism) - ခင်ဗျားမှာ နွား ၂ ကောင်ရှိတယ်။ ဗျားက နွားတွေကို ကျွေးမွေးစောင့်ရှောက်ရတယ်။ အစိုးရက နွားနို့တွေ အကုန်ယူတယ်။ ဗျားက ခိုးလို့ရသမျှ နွားနို့လေးတွေ ပြန်ခိုးထားပြီး မှောင်ခိုဈေးမှာ ပြန်ရောင်းစားတယ်။

ယ်ရှယ်စထရိုအီကာခေါ် ပုံစံသစ်စီးပွားရေးစနစ် (Perestroika) -ခင်ဗျားမှာ နွား ၂ ကောင်ရှိတယ်။ ခင်ဗျားက နွားတွေကို တာဝန်ယူ ကျွေးမွေး စောင့်ရှောက်ရတယ်။ းနို့တွေ ထွက်လာတော့ မာဖီးယားက နို့အားလုံးကို ယူ တယ်။ ခင်ဗျားက နို့တွေထဲက နိုင်သလောက် ပြန်ခိုးပြီး 'လွတ်လပ်' ဈေးကွက်မှာ ပြန်ရောင်းစားတယ်။

မ္ဘောဒီးယား ကွန်မြူနစ်စနစ် (Cambodian Communism) - ခင်ဗျားမှာ နွား ၂ ကောင်ရှိတယ်။ ၂ ကောင်စလုံးကို အစိုးရက သိမ်းပြီး ခင်ဗျားကို ပစ်သတ်လိုက်မယ်။

ာဏာရှင်စနစ် (Dictatorship) - ခင်ဗျားမှာ နွား ၂ ကောင်ရှိတယ်။ အစိုးရက ၂ ကောင်စလုံးကိုယူပြီး ခင်ဗျားကို စစ်တပ်ထဲသွင်းမယ်။

မိုကရေစီစစ်စစ်စနစ် (Pure Democracy) - ခင်ဗျားမှာ နွား ၂ ကောင်ရှိတယ်။ းနို့ ဘယ်သူယူရမယ်ဆိုတာ ခင်ဗျားက မဆုံးဖြတ်နိုင်ဘူး။ ခင်ဗျား အိမ်နီးချင်း များစုက ဆုံးဖြတ်တဲ့အတိုင်း လုပ်ရတယ်။

ယ်စားပြု ဒီမိုကရေစီစနစ် (Representative Democracy) - ခင်ဗျားမှာ နွား ၂ ကောင်ရှိတယ်။ ခင်ဗျားရဲ့ အိမ်နီးချင်းတွေက ကိုယ်စားလှယ်တစ်ယောက် ရွေးမယ်။ တော့ ခင်ဗျားရဲ့ နွားနို့တွေကို ဘယ်သူ့ကိုပေးရမယ်ဆိုတာ ခင်ဗျားကို ကိုယ်စားလှယ်က ားပြောမယ်။

ရင်းရှင်စနစ် (Capitalism) - ခင်ဗျားမှာ နွားတစ်ကောင်မှ မရှိဘူး။ ဘဏ်က ဗျားကို နွားဝယ်ဖို့ ငွေမချေးဘူး။ ဘာကြောင့်လဲဆိုတော့ ခင်ဗျားမှာ အာမခံပစ္စည်းအဖြစ် ပြဖို့ နွားတွေမရှိလို့။

*Ref: Political Jokes, www.mustsharejokes.com*

**ပြည်သူ့ခေတ်ဂျာနယ်**
၁၉၊ ဩဂုတ်၊ ၂၀၁၀။
အတွဲ ၁၊ အမှတ် ၇။

## နိုင်ငံရေးသမားကောင်း နောက်လိုက်ကောင်း

နိုင်ငံရေးလုပ်ကြတဲ့အခါ ခေါင်းဆောင်ကောင်းတွေ ပေါ်ထွန်းရုံနဲ့ မပြီးသေးဘူး။ နောက်လိုက် ကောင်းတွေလည်း ထုနှင့်ထည်နှင့်ရှိဖို့ လိုတယ်လို့ ကျွန်တော့် ဆောင်းပါး တစ်ပုဒ်မှာ ရေးခဲ့ဖူးတော့ စာဖတ်သူ မိတ်ဆွေတစ်ယောက်က နိုင်ငံတစ်နိုင်ငံမှာ နောက်လိုက်ကောင်းတွေများလာဖို့ အရေးကြီးသလား။ ခေါင်းဆောင်ကောင်းများဖို့ အရေးကြီးသလား သိချင်ပါတယ်လို့ စာလှမ်းရေးတယ်။

တကယ်ကတော့ ခေါင်းဆောင်လုပ်ချင်ရင် နောက်လိုက် များများရှိဖို့ လိုတယ်။ နောက်လိုက်မရှိဘဲ ခေါင်းဆောင် မဖြစ်နိုင်ပါဘူး။ မိမိအတွက် ရန်ပုံငွေထောက်ပံ့ ထည့်ဝင်ပေးမည့်သူ၊ မိမိအတွက် အချိန်ကုန် လူပန်းခံပြီး လိုက်ပါ မဲဆွယ်ပေးမည့်သူ၊ မိမိကောင်းသတင်းများကိုပြောပြီး ဝါဒဖြန့်ပေးမည့်သူ စသည်ဖြင့် အသိုင်းအဝန်း ကောင်းကောင်းရှိဖို့လိုပါတယ်။ အလုပ်သဘောနဲ့ပြောရရင်တော့ နောက်လိုက်ကောင်းတွေ လိုအပ်တယ်လို့ ပြောရမှာပါ။

သည်လိုဆိုရင် နောက်လိုက် လုပ်သူဟာ ဘာကြောင့် သူများနောက်လိုက် လုပ်သလဲ၊ တချို့က ခေါင်းဆောင်ကို ကြည်ညိုလို့၊ ယုံကြည်အားထားလို့၊ တချို့က မိမိ ပါဝင်ထားတဲ့ ပါတီအဖွဲ့အစည်းရဲ့မူဝါဒလမ်းစဉ်ကို နှစ်နှစ်ကာကာ ယုံကြည်ပြီး အောင်မြင် သည်အထိ မိမိရဲ့ ကိုယ်စွမ်းဉာဏ်စွမ်းဖြင့် ပါဝင်ဖို့၊ တချို့ကျတော့လည်း အာဏာရဖို့ အလားအလာရှိတဲ့ ပါတီမှာ စောစောစီးစီး နေရာဝင်ယူ တန်းစီထားတာမျိုးပေါ့ဗျာ။

### နိုင်ငံရေးလုပ်ရတာ ပျော်နေသူများ

တချို့ကျတော့ ဘဝအဆက်ဆက်က နိုင်ငံရေးအထုံ ပါလာတယ်ပဲ ပြောရမလားမသိ၊ နိုင်ငံရေးကို ဝါသနာကိုပါတာ။ နိုင်ငံရေး လုပ်နေရတာကို ပျော်နေတယ်။ နိုင်ငံရေးလုပ်စရာ မရှိတော့ရင် ဟာတာတာကြီး၊ ဘဝဟာ အဓိပ္ပာယ်မရှိသလို ဖြစ်သွားတယ်။ သူတို့ ကျတော့ အခွင့်အရေးရလို့မူကြောင့် လည်း မဟုတ်ဘူး။ ခေါင်းဆောင် လုပ်ရမှုလို့လည်း



မှန်းချက် မရှိဘူး။ ပါတီစာရွက်စာတမ်းလေးတွေ လိုက်ပြီး ဝေရတာ၊ ပါတီလိုလား တွေက အခြေအနေ မေးမြန်းရင် မဖောနိုင်မပန်းနိုင် ရှင်းလင်းဆွေးနွေးရတာကို နှပ်နေတယ်၊ ပီတိဖြစ်နေတယ်။ ဘယ်သူက ဘယ်လိုထင်ထင်၊ ဘယ်လိုမြင်မြင် ဟာ အရေးကြီးသူတစ်ယောက်လို့ ယုံကြည်ပြီး ပီတိကို စားနေသူမျိုးပေါ့ဗျာ။

### အတိုက်အခံနိုင်ငံရေးသမား

တော် ကျောင်းသားဘဝ ပဲခူးမြို့မှာနေထိုင်စဉ် အတိုက်အခံ ပမညတ နိုင်ငံရေးသမား ချို့ကို တွေ့ဖူးတယ်။ ပမညတအမတ် ဗိုလ်ဘအောင်က ချမ်းသာတဲ့မိသားစု နောက်ခံ ဘယ်၊ ကျွန်တော်တို့ရဲ့ ခြေရင်းအိမ်မှာ နေထိုင် သူဖြစ်လို့ လူချင်းလည်း ခင်မင်ရင်းနှီး ယ်၊ လွှတ်တော်မှာ အစိုးရဘက်ကျက်တင်သွင်းရင် ဝေဖန်ဆွေးနွေးနိုင်တဲ့ အရည်အချင်း ဖြစ်တယ်၊ ဗိုလ်ဘအောင်ဟာ တည်ကြည်ဖြောင့်မတ်တဲ့ ပညာတတ် နိုင်ငံရေးသမား ဦးအဖြစ် လူအများရဲ့ လေးစားမှုကို ခံရတယ်။

နောက်တစ်ဦးက ဆရာကြီး ဦးသာဒင်။ ပဲခူးမှာ နေရှင်နယ်ကျောင်းခေါ် အမျိုးသား ကျောင်းကို စတင်တည်ထောင်သူ ဖြစ်တယ်။ ကျွန်တော် သိတဲ့အချိန်မှာတော့ အထူးသဒ္ဒါ ကျောင်းလို့ နာမည်ပေးထားတဲ့ ကိုယ်ပိုင်ကျောင်း ထောင်ထားတယ်၊ မြို့မျက်နှာဖုံး ကြီးတစ်ယောက်အဖြစ် ကြည်ညို လေးစားခြင်း ခံရတယ်၊ ဆရာကြီး ဦးသာဒင်သည် သည်း ပမညတ နိုင်ငံရေးသမားကြီးပါပဲ။ နောက်တော့ နိုင်ငံတော် ကောင်စီဝင် သွားတယ်။

နောက်တစ်ဦးက ဆရာဦးခင်မောင်မြင့်၊ သူလည်း ပမညတ ခေါင်းဆောင်တစ်ယောက် အလွတ်ပညာသင် ကျောင်းဆရာဖြစ်တယ်။ သင်္ချာသင်ရာမှာ အလွန်နာမည်ကြီး ယ်၊ နိုင်ငံရေး တရားဟောရာမှာ စကားပြောအလွန်ကောင်းသူလို့ ထင်ရှားတယ်။

### လေးလေးစားစား ဆက်ဆံကြတယ်

တို့ရဲ့ နေထိုင်မှုနဲ့ အသိပညာ အဆင့်အတန်းကို ကြည့်ပြီး ဘယ်သူကမှ အထင်သေး မြင်သေး မဆက်ဆံဝံ့ပါဘူး။ အာဏာရပါတီဘက်က လူတွေကလည်း သူတို့ကို လေးစားစား ဆက်ဆံတယ်၊ ပြည်သူလူထုကလည်း လေးလေးစားစား ဆက်ဆံတယ်၊ တိုက်အခံ နိုင်ငံရေးသမားတွေဆိုပြီး ကြောက်ကြောက်ရွံ့ရွံ့ ရှောင်ဖယ်နေကြတာ မတွေ့ဖူး ပါဘူး။

သူတို့ရဲ့ နောက်လိုက် ပမညတနိုင်ငံရေးသမားတွေ အတော်များများကိုလည်း နော်တော် ရင်းရင်းနှီးနှီး ဆက်ဆံဖူးတယ်။ ကျွန်တော် ဆက်ဆံဖူးသမျှ ပမညတတွေဟာ ငံရေး ဝါသနာကြီးလွန်းလို့ လုပ်ကြသူတွေချည်းပါပဲ။

ကျွန်တော်အရမ်းခင်မင်တဲ့ဦးလေးကြီးတစ်ယောက်ရှိတယ်။ ဆင်းရဲလိုက်တာကလည်း တ်အစား ကောင်းကောင်းတောင် မရှိဘူး။ ကျွန်တော်တို့ အိမ်ကို အနည်းဆုံး လေးမိုင်လောက်ဝေးတဲ့နေရာက ဆိုက်ကားခ မတတ် နိုင်လို့ ခြေကျင်လာရရှာတယ်၊

ကျွန်တော့်ဆီကိုလာတာ မဟုတ်ပါဘူး။ ကျွန်တော့်အစ်ကိုက သန့်ရှင်းဖဆပလ လူကြီး တစ်ယောက်ဆိုတော့ ၁၉၆၀ ရွေးကောက်ပွဲ အကြိုကာလ မဟာမိတ်ဖြစ်တဲ့ ပမညတ ရဲဘော်တွေ အစ်ကို့ဆီ ဝင်ထွက်သွားလာကြတာပါ။

## နိုင်ငံရေး သင်တန်းပေးသလို

အဲဒီဦးလေးကြီးဟာ နိုင်ငံရေးစကားတွေ အာပေါင်အာရင်းသန်သန် ပြောတယ်။ အဲဒီအချိန်က သန့်ရှင်းဖဆပလနဲ့ ပမညတကလူတွေ ဖမ်းဆီးခံရ၊ နှိပ်စက်ခံရ၊ ကိုကိုးကျွန်း အပို့ခံရတဲ့ ကိစ္စတွေ၊ ဝေါ၊ ဒိုက်ဦး၊ သနပ်ပင်မြို့နယ်တွေမှာ တည်မြဲဖဆပလတွေရဲ့ ခြိမ်းခြောက် အနိုင်ကျင့်နေတာတွေကို ပါးစပ်သေနတ်နဲ့ ခံချနေတာပဲ။ ကျွန်တော်က ဘေးကနေ နားထောင်ကောင်းကောင်းနဲ့ ထိုင်နားထောင် နေတယ်။ ထောင်ကထွက်လာတာ မကြာသေးတဲ့ ကျွန်တော့် အစ်ကိုကတော့ သူသိပြီးသားကိစ္စတွေ၊ သူကိုယ်တိုင်ခံခဲ့ရတဲ့ ကိစ္စတွေကို ဘာမှမေးမြန်းစရာမလိုလို့ ဘာမှမပြောဘူး။ ကျွန်တော်ကပဲ မရှင်းတာလေးတွေ ဝင်မေးရတယ်။ အဲသလို မေးမည့်သူရှိလို့ကတော့ ဦးလေးကြီးက အကြိုက်ပေါ့။ အသက် ၁၅ နှစ်အရွယ် ကျွန်တော့်ကို သူငယ်နှပ်စားရယ်လို့ သဘောမထားဘဲ နိုင်ငံရေးသင်တန်း ပေးသလို အားရပါးရ ပြောပြတော့တာပဲ။ နှစ်နာရီ၊ သုံးနာရီကြာအောင်နေပြီး သူပြန်တော့မယ် ဆိုရင် ကျွန်တော့်အစ်ကိုက ဆိုက်ကားခ ထုတ်ပေးတယ်။ 'နေပူတယ်၊ ခြေကျင်ပြန်ရင် မကောင်းပါဘူး။ ဆိုက်ကားလေးနဲ့ သွားပါ' ဆိုပြီး ပိုက်ဆံလေးငါးကျပ် အိတ်ထဲ ထည့်ပေးလိုက်တယ်။ အဲဒါကိုတောင် အတင်းငြင်းနေလို့ တောင်းတောင်းပန်ပန် ယူခိုင်း ရတယ်။

## ဦးလေးကြီးနဲ့ ယှဉ်ကြည့်မိတယ်

ဒီဘက်ခေတ်မှာ နိုင်ငံရေး လုပ်လာကြသူတွေကို တွေ့တိုင်း အဲဒီပမညတဦးလေးကြီးရဲ့ စုတ်ဖွာလန်နေတဲ့ အင်္ကျီပုဆိုး တွေကြားက အားမာန်အပြည့်နဲ့ မျက်နှာနဲ့ ယှဉ်ယှဉ်ကြည့်မိ တယ်ဗျ။

အဲဒီဦးလေးကြီးလို နိုင်ငံရေးသမားမျိုးဟာ အရည်အချင်းအားဖြင့် အမတ် လုပ်လောက်အောင် ရှိချင်မှရှိမယ်။ သို့ပေမဲ့ သူ့ရဲ့ထက်သန်မှုနဲ့ ဖြောင့်မှန်မှုကြောင့် လူတွေက သူ့ကို ချစ်ခင်တယ်။ အထင်မကြီးရင်နေမယ်၊ အထင်တော့ မသေးဘူး။ ဘာကြောင့်လဲဆိုတော့ သူဟာ ဝါသနာကြီးလွန်းလို့၊ ယုံကြည်ချက် ပြင်းထန်လွန်းလို့ နိုင်ငံရေးလုပ်နေတာ၊ ကိုယ်ကျိုးရှာဖို့ နိုင်ငံရေးလုပ်နေတာ မဟုတ်လို့ပါပဲ။

**ပြည်သူ့ခေတ်ဂျာနယ်**

*၂၆၊ ဩဂုတ်၊ ၂၀၁၀။*

*အတွဲ ၁၊ အမှတ် ၈။*

○

# ဒါဇတ်ပြီးမှ မဲပေးကြပါ

## မီဒီယာသမားတွေ လှုပ်လှုပ်ရှားရှား

၂၀၁၀ ရွေးကောက်ပွဲ ကျင်းပတော့မယ်ဆိုတော့ ပြည်တွင်း စာနယ်ဇင်း မီဒီယာသမားတွေ အရင်ကထက်ပိုပြီး လှုပ်လှုပ်ရှားရှား ဖြစ်လာတယ်။ သတင်းထောက်တွေက နိုင်ငံရေးသတင်းတွေ လိုက်ကြ၊ နိုင်ငံရေးသမားတွေနဲ့ တွေ့ဆုံမေးမြန်းချက်တွေကို သတင်းရေးကြ၊ အယ်ဒီတာ တွေကလည်း နိုင်ငံရေးဆောင်းပါးတွေ ရှာဖွေစုဆောင်းပြီး ထည့်သွင်းကြ၊ ကျွန်တော်တို့ ပင်တိုင်ဆောင်းပါးရှင် တွေကလည်း နိုင်ငံရေး အကြောင်း အရာ တွေ သောင်းပြောင်းထွေလာ သုံးသပ်ရေးသားကြပေါ့ဗျာ။

## ပထမဆုံး လက်ရည်စမ်းပွဲ

ယနေ့ခေတ် စာနယ်ဇင်း မီဒီယာသမားတွေအဖို့ မကြာမီ ကျင်းပတော့မယ့် ပါတီစုံ ဒီမိုကရေစီ ရွေးကောက်ပွဲဟာ ပထမဆုံးလေ့ကျင့်ကွင်းပဲဗျ။ နောက်ဆုံးကျင်းပခဲ့တဲ့ ၁၉၉၀ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတုန်းက ပုဂ္ဂလိကဂျာနယ်တွေ မရှိသေးဘူး။ နိုင်ငံရေးပါတီတချို့က ကင်းလွတ်ခွင့်နဲ့ ထုတ်ဝေတဲ့စာစောင်တွေပဲ ရှိခဲ့တယ်။ ပါတီမူဝါဒ၊ လုပ်ငန်းစဉ်နဲ့ ရွေးကောက်ပွဲ ကြေညာစာတမ်းတွေ ဖော်ပြတယ်။ သက်ဆိုင်ရာပါတီများရဲ့ ခေါင်းဆောင်များ စည်းရုံးရေး ခရီးစဉ်တွေကို ဓာတ်ပုံတွေနဲ့ ထည့်သွင်းတယ်။ ဒီလောက်ပါပဲ။

အခုတော့ ပုဂ္ဂလိကဂျာနယ်တွေ လက်ရည်စမ်းပြိုင်ပွဲလို ဖြစ်လာတယ်။ သို့ပေမဲ့ နိုင်ငံရေးသတင်း လိုက်ရတဲ့ဘောင်က ကျဉ်းနေတယ်။ နိုင်ငံရေးပါတီ ခေါင်းဆောင်တွေနဲ့ အင်တာဗျူးတွေ၊ ပါတီဆိုင်းဘုတ် တင်ပွဲတွေလောက်ပဲရှိသလို ဖြစ်နေတယ်။

## ကိုယ်တွေနည်းနည်း စာတွေများများ

စောစောပိုင်းမှာ ကျွန်တော့်မိတ်ဆွေ လူငယ်သတင်းထောက် တချို့က နိုင်ငံရေး သတင်း လိုက်ပုံလိုက်နည်း ကျွန်တော့်ကို မေးကြတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ကိုယ်တွေ့က နည်းနည်း စာတွေ့ကများများပါလို့ပြောပြီး မှတ်သားဖူးတာလေးတွေ ပြန်ပြောပြရတယ်။ စာတွေ့ဆိုတာကလည်း ဒီမိုကရေစီကျင့်သားရပြီးတဲ့ နိုင်ငံတွေက နိုင်ငံရေးသတင်း လိုက်နည်းတွေကို ဖတ်မိမှတ်မိသမျှ ပြောပြတာပါ။

## ပုဂ္ဂိုလ်ရေးတွေ ပိုသိချင်တယ်

နိုင်ငံရေးသတင်းလိုက်ရာမှာ စာဖတ်သူ ပြည်သူများ အကြိုက်ဆုံးက နိုင်ငံရေးပါတီတွေရဲ့ မူဝါဒတို့ လုပ်ငန်းစဉ် တို့အကြောင်း မဟုတ်ဘူးတဲ့။ လူတွေဟာ လူတွေအကြောင်းကို ပိုစိတ်ဝင်စားတယ်ဆိုတဲ့ သမားရိုးကျ ဂျာနယ်လစ်ဇင် ခံယူချက်အတိုင်းပဲ နိုင်ငံရေး ခေါင်းဆောင်တွေ၊ ကိုယ်စားလှယ်လောင်းတွေရဲ့ပုဂ္ဂိုလ်ရေးတွေကို ပိုပြီးဖတ်ချင်ကြတယ်။

သူတို့ဆီမှာတော့ အဲဒီဘောင်ထဲကနေ သတင်းလိုက်တာပဲ။ ရွေးကောက်ပွဲကာလဆိုရင် သမ္မတလောင်းတွေ အပါအဝင် နိုင်ငံရေးသမားတွေရဲ့ကိုယ်ရေးကိုယ်တာတွေကိုပါ စောင့်ကြည့်တယ်။ သူဘယ်သွားပြီး ဘာလုပ်နေလဲ။ သူ့ချမ်းသာကြွယ်ဝမှု အခြေအနေ၊ ဘာတွေလုပ်လို့ ခုလိုအခြေအနေကို ရောက်လာသလဲ။ သူဘယ်လို အိမ်မျိုးမှာနေလဲ။ သားသမီးတွေကို ဘယ်ကျောင်းတွေမှာ ထားသလဲ၊ သူ့အရင်းနှီးဆုံး အပေါင်းအသင်းတွေက ဘယ်သူတွေလဲ၊ ဘယ်လို လူအမျိုးအစားတွေလဲ၊ စီးပွားရေး သမားတွေလား၊ အားကစားနယ်ပယ်ကလား၊ အနုပညာနယ်ပယ်ကလား။

## ဘယ်လိုလူတွေနဲ့ ပေါင်းသင်းသလဲ

လူတစ်ယောက်ရဲ့အသိဉာဏ် အဆင့်အတန်းကို သိချင်ရင် ထိုသူ ကျင်လည်ကျက်စားတဲ့ အသိုင်းအဝန်းနဲ့ ပေါင်းသင်းဆက်ဆံတဲ့ လူအမျိုးအစားတွေကြည့်ပြီး အကဲဖြတ်လို့ ရနိုင်သတဲ့။ ဘယ်လူတန်းစားဘက်ကလဲ ဆိုတာကို သိနိုင်ဖို့ပေါ့ဗျာ။ ပြီးတော့ သူ့အိမ်က စာအုပ်စင်ကို ကြည့်ပြီး ထိုသူရဲ့ အသိဉာဏ်အဆင့်ကို ခန့်မှန်းနိုင်သတဲ့။ ဒါတွေက ပညာရပ်ဆိုင်ရာ လေ့လာနည်းတွေပါဗျာ။ (မှတ်ချက်။ ကျွန်တော်တွေ့ဖူးတဲ့ လူတချို့ကျတော့ စာအုပ်စင်ကို ပြပြီး ကြွားနေတာပဲဗျ။ တစ်ခါသား ကျွန်တော် သိပ်ဖတ်ချင်တဲ့



စာအုပ်တစ်အုပ်တွေ့လို့ ငှားလာတာ အိမ်ရောက်လို့ ဖွင့်ဖတ်တော့ တချို့စာမျက်နှာတွေ ကော်တွဲတောင် မကွာသေးဘူး။ မနည်းကတ်ကြေးလေးနဲ့ ခွဲပြီး ဖတ်ရတယ်ဗျာ။)

## ကွတ်ဝါးလ်ဟိုင်းမ်ရဲ့ဥပမာ

ရွေးကောက်ပွဲဝင်မယ့် ကိုယ်စားလှယ်လောင်းတွေကို မဲဆန္ဒရှင်တွေက ယှဉ်ကြည့်နိုင်ဖို့ မီဒီယာတွေက တာဝန်ကျေစွာ တင်ဆက်ပေးရတယ်။ ငယ်စဉ်ဘဝကစပြီး ဘယ်လိုပညာ သင်ကြားခဲ့သလဲ၊ ကျောင်းသားဘဝက ဘယ်လိုသင်းပင်းအဖွဲ့အစည်း လုပ်ငန်းတွေမှာ ပါခဲ့ဖူးသလဲ။ မီးမှောင်ကြီးကျနေတုန်းက သူဘယ်မှာ ရှိနေခဲ့သလဲ။ သူတစ်ပါးကို နှိပ်စက်ကလူ ပြုခဲ့သူလား။ သူကိုယ်တိုင်က နှိပ်စက်ခံသားကောင် ဖြစ်ခဲ့သူလား။ တစ်ကိုယ်ကောင်းသမားလား။ အများအကျိုး ဆောင်တတ်သူလား။ လူမှုရေး နာမည်ပျက် ခဲ့ဖူးသလား။ အကျင့်စာရိတ္တဆိုင်ရာ ပြစ်မှုပြစ်ဒဏ်ရှိခဲ့ဖူးသလား စတာတွေကို သူတို့ဆီက စာနယ်ဇင်းတွေကတော့ စုံစမ်းတွေရှိသလောက် ဖော်ပြကြတာပဲဗျ။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ကွတ်ဝါးလ်ဟိုင်းမ်ဆိုရင် နာဇီအဖွဲ့မှာပါခဲ့ဖူးတာ ကိုလည်း ဖော်ထုတ်ခံရတာနဲ့ သူ့တိုင်းပြည်မှာ နိုင်ငံရေးလုပ်လို့ကို မရတော့တဲ့ အခြေအနေ ဖြစ်ခဲ့တယ်ဗျ။

## ဂျွန်မက်ကိန်း ရှုံးခဲ့ရခြင်း အကြောင်းတစ်ချက်

အမေရိကန် လက်ရှိသမ္မတ အိုဘားမားနဲ့ယှဉ်ပြိုင် အရွေးခံတဲ့ ရီပတ်ဗလီကင်ပါတီရဲ့ သမ္မတလောင်း ဂျွန်မက်ကိန်းကြီးဆိုရင်လည်း ဒုတိယသမ္မတလောင်းအဖြစ် ဆာရာ ပေလင်းကို ရွေးချယ်ခဲ့တာဟာ သူရှုံးဖို့ ကြမ္မာငင်တာပဲလို့တောင် ပြောစမှတ်ဖြစ်ခဲ့တယ်။ ဂျွန်မက်ကိန်းက ဆာရာပေလင်းကို ဒုသမ္မတလောင်းအဖြစ် ရွေးချယ်လိုက်တဲ့ နောက်ပိုင်းမှာ မီဒီယာတွေက လိုက်လံတူးဆွတော့ ပေလင်းရဲ့ မိသားစုကိစ္စတွေရော စီးပွားရေးကိစ္စတွေရော ပေါ်ပေါ်လာပြီး ထောက်ခံမဲတွေ လျော့ကုန်တာ လို့ဆိုတယ်ဗျ။

## စွန့်လွှတ် အနစ်နာခံခဲ့သူများ

ဒါတောင် သူတို့ဆီမှာ တော်လှန်ရေးစံတို့ ကိုယ်ကျိုးစွန့် အနစ်နာခံမှုစံတို့ ယှဉ်ကြည့်ချက် ကြောင့် အကျဉ်းချခံရတဲ့စံတို့ မရှိသေးလို့။ သူတို့ဆီမှာ အဲဒါမျိုးတွေကလည်း မရှိတော့ ခုနှန်း သတ်မှတ်ချက်လည်း ရှိဖို့ မလိုဘူးပေါ့ဗျာ။

နယ်ချဲ့လက်အောက်၊ ဖက်ဆစ်လက်အောက် ကျရောက်ခဲ့ဖူးတဲ့ နိုင်ငံတွေမှာတော့ သူများတွေ စွန့်လွှတ်အနစ်နာခံပြီး နိုင်ငံရေးလုပ်ကြတဲ့အချိန်၊ ပညာတစ်ပိုင်းတစ်စနဲ့ ကျောင်းစာသင်ခန်းကို စွန့်ခွာကာ တော်လှန်ရေး စစ်မြေပြင်မှာ သက်စွန့်ကြိုးပမ်း

အမှုတော် ထမ်းခဲ့ကြချိန်မှာ စာအုပ်နဲ့မျက်နှာမခွာ၊ စာကိုချည်း ဖိကြိုးစားပြီး စာမေးပွဲတွေအောင် ပညာတော်သင်တွေသွားပြီး ဘွဲ့တွေ တစ်သီကြီးနဲ့ အရာရှိကြီးဖြစ်လာသူတွေကို ပြည်သူတွေက မကြည်ညိုပါဘူး။ စွန့်လွှတ်စွန့်စားသူတွေကိုသာ သူ့ရဲကောင်းများအဖြစ် တန်ဖိုးထားပါတယ်။ အဲသလို သမိုင်းအစဉ်အလာရှိသူတွေ နိုင်ငံရေးလုပ်ရင် ပြည်သူတွေက ထောက်ခံအားပေးတယ်ဗျ။

## ကိုယ်ရေးမှတ်တမ်းတွေ လေ့လာကြပါ

ရွေးကောက်ပွဲဝင်မယ့် ကိုယ်စားလှယ်လောင်းများဟာ မိမိယှဉ်ပြိုင်မယ့် မဲဆန္ဒနယ်အသီးသီးမှာ မိမိရဲ့ကိုယ်ရေးမှတ်တမ်းတွေကို ဖြန့်ဝေရတာ ဓမ္မတာပါပဲ။ ကျွန်တော်ဟာ ဘယ်လိုလူပါ၊ ပြည်သူတွေရဲ့ကိုယ်စားလှယ်တော်ကိုသွားဖို့ ဘယ်လောက် အရည်အချင်းရှိသူ ဖြစ်ပါတယ် စသည်ဖြင့် အစီရင်ခံရတာ ဖြစ်တယ်။

မဲဆန္ဒရှင်တွေဟာ အဲသလို စာရွက်စာတမ်းတွေကို လေ့လာဖို့လိုပါတယ်။ ကိုယ်တိုင်မဖတ်အားရင် ဖတ်ပြီးတဲ့ ဆွေမျိုး မိတ်သင်္ဂဟတွေနဲ့ မေးမြန်းနှီးနှောရပါမယ်။ ပြီးတော့မှ သူတို့ကြော်ငြာစာထဲမှာ ဖော်ပြထား ာတွေဟာ နဂိုစကားလား။ အပိုအကြွားလား။ သစ္စာဝါဒလား။ မုသာဝါဒလား။ ဂ လူထုကြားထဲကအသံတွေနဲ့တိုက်ဆိုင်စစ်ဆေးပြီးမှ မဲပေးဖို့ ဆုံးဖြတ်သင့်ကြပါတယ်၊ လူသတင်း လူချင်းဆောင်ပါတယ်။ မပူပါနဲ့။

ဆရာစိန်ခင်မောင်ရီက 'ဒါဖတ်ပြီးမှ ရုပ်ရှင်ကြည့်ပါ' ဆိုတဲ့ ခေါင်းစဉ်လေးနဲ့ ရေးခဲ့တာကို အားကျပြီး ကျွန်တော်ကလည်း 'ဒါဖတ်ပြီးမှ မဲပေးကြပါ' လို့ ပြောလိုက်ချင်ပါတယ်။

**ပြည်သူ့ခေတ်ဂျာနယ်**

*၂ စက်တင်ဘာ၊ ၂၀၁၀။*

*အတွဲ ၁၊ အမှတ် ၉။*

## မင်္ဂလာဆောင်နဲ့ ရွေးကောက်ပွဲ

*ရွေးကောက်ပွဲတွေဟာ မင်္ဂလာလက်ထပ်ပွဲတွေနဲ့ အတော်တူတယ်။ ဘယ်သူကမှ ကျနပ်မှု မရှိနိုင်တာမျိုးကို ဆိုလိုတာ ဖြစ်တယ်။ သတို့သားကို ကြည့်လိုက်တိုင်း ာင်မလေးဟာ ဘာကြောင့်သူ့ကိုရွေးလိုက်ပါလိမ့်လို့တွေးမိကြတယ်။ ရွေးကောက်ပွဲမှာ ရွေးကောက်ခံရသူတွေကို မြင်တိုင်းလည်း အလားတူ ဖြစ်မိကြတာကိုး။*

*ဝီလ်ရော်ဂျား*

(Elections are a good deal like marriages. There's no accounting for anyone's taste. Every time we see a bridegroom we wonder why she ever picked him, and it's the same with public officials. - Will Rogers)

'ရတာမလို၊ လိုတာမရ၊ သဘာဝ' ဆိုတဲ့ စကားရှိတယ်။ 'လူ့အလို နတ်မလိုက်နိုင်' ဆိုတာလည်းရှိတယ်။ ရွေးကောက်ပွဲနီးလာတော့ ကမ္ဘာ့နိုင်ငံရေး လောကက အဆိုအမိန့်တွေ ပြန်ဖတ်ရင်း ဝီလ်ရော်ဂျားရဲ့စကားကို သတိရမိတယ်ဗျ။

## နတ်ဖက်တဲ့ စုံတွဲလည်း ရှိ

မင်္ဂလာဆောင်တွေကို သွားရင် သတို့သား သတို့သမီးကို ကြည့်ပြီး အတင်း မပြောနိုင်တောင် ကိုယ့်ဘာသာ စိတ်ထဲ မှတ်ချက်တစ်ခုခုတော့ ချမိကြတာ ဓမ္မတာပါပဲ။ ဝီလ်ရော်ဂျားပြောသလို စုံတွဲတိုင်းကိုတော့ မကျေမနပ် မဖြစ်ပါဘူး။ တစ်ခါတလေ နတ်ဖက်တဲ့စုံတွဲလို့ ထင်ရလောက်အောင်လိုက်ဖက်ညီတဲ့ အတွဲတွေကို မုဒိတာ ပွားရတာတွေလည်း ရှိပါတယ်။

မင်္ဂလာပွဲလာ ပရိသတ်များ မအီမသာဖြစ်ရတဲ့ မြင်ကွင်းမျိုးက ဘယ်လို ဖြစ်နိုင်သလဲဆိုတော့ -

သတို့သားက မည်းမည်းသည်းသည်း ရုပ်ဆိုးကြီး၊ ကောင်မလေးက ဖြူဖြူချောချောလေးဖြစ်နေလို့ မတန်လိုက်တာလို့ သာမန် အတင်းပြောတာ ဖြစ်ချင်ဖြစ်မယ်။

ကောင်မလေးက အထက်တန်းကျကျ ပညာတတ်၊ သတို့သားက ပိုက်ဆံသာ ပေါတာ၊ လူကပေါချာချာမို့ မတန်လိုက်တာလို့ တီးတိုး ပြောတာ ဖြစ်ချင် ဖြစ်မယ်။

သတို့သားက မုဆိုးဖို ခုနစ်အိုကျကြီး၊ ကောင်မလေးကို ချစ်တီး အကြွေးသိမ်းသလိုမျိုး သိမ်းပိုက်ခဲ့တာမို့ အကြောင်းသိတွေက စုတ်တသတ်သတ် ဖြစ်နေတာမျိုးလည်း ရှိတယ်။

ကောင်မလေးရဲ့ အရင်ယောက်ျားကို အမှု ဆင်ဖမ်း၊ ထောင်ထဲထည့်ပြီး အတင်း အဓမ္မ သိမ်းပိုက်တာမျိုးလည်း ဖြစ်နေတတ်တယ်။ သူ့မယား လိုချင် သူ့လင်ကို လုံ့နဲ့ထိုးဆိုတာ ပဒေသရာဇ်တွေ ခေတ်ကသာရှိတယ် မထင်နဲ့။ တကယ့်ဖြစ်ရပ်တွေလည်း ရှိခဲ့ဖူးတယ်ဗျ။

တွေးလက်စနဲ့ ဆက်တွေးတဲ့အခါ သတို့သမီး ဘက်က နာရတဲ့မြင်ကွင်းမျိုးသာမက သတို့သားဘက်က နာစရာတွေလည်း ရှိခဲ့ဖူးတာပဲ။

လူပျို နနထွတ်ထွတ် ကလေးကို တစ်လင်ကွာ နှစ်လင်ကွာ မိန်းမက အမိဖမ်းပြီး အရယူတာမျိုး ကြားဖူးကြမှာပေါ့။

မင်္ဂလာဆောင်မှာ ဖြစ်ပေါ်တတ်တဲ့ စိတ်ခံစားမှု တွေဟာ ပြင်ပ ရုပ်ဆင်းသဏ္ဌာန်ကို မြင်တွေ့ရုံ အပြင်ကန့်လန့်ကာ နောက်ကွယ်က ဇာတ်ကြောင်း အမှန်တွေကိုပါ သိခွင့်ရရင် ပိုလို့တောင် စာနာစိတ်နဲ့ ခံစားမိကြမှာ ဖြစ်ပါတယ်။

## လိမ်မပြောတဲ့အချိန်

*နိုင်ငံရေးသမားတစ်ယောက် စကားပြောတာကို နားထောင်ဖို့ အကောင်းဆုံးအချိန်ဟာ လမ်းထောင့်က သစ်ငုတ်တို တစ်ခုပေါ်ကနေ သူ မဲဆွယ် စကားပြော နေတဲ့ အချိန်ပဲ။ ညကလည်း ညး မိုးတွေကလည်း ရွာနေမယ်၊ သူလည်း အရမ်း ပင်ပန်းနွမ်းနယ်နေမယ်။ အဲဒီလို အချိန်မျိုးမှာ သူလိမ်မပြောဘူး။*

*သီယိုဒို အိပ်ချ်ဝိုက်*

('The best time to listen to a politician is when he's on a stump on a street corner in the rain late at night when he's exhausted. Then he doesn't lie.' - Theodore H. White)

ရွေးကောက်ပွဲဝင်တဲ့ နိုင်ငံရေးသမားတွေကို သရော်ထားတဲ့ အဆိုအမိန့်တစ်ခုပါ။ လူတွေဟာ စိတ်ပင်ပန်း ကိုယ်ပင်ပန်းပြီး နွမ်းနယ်မောဟိုက်နေပြီဆိုရင် အမှန်ပြောကြတာ များသတဲ့။ အထက်ကို တက်နေတဲ့ လူတွေဟာ မုသား ပြောတတ်ကြတာများတယ်။ ကျလူတွေကတော့ မုသားကို ရှောင်ကြတယ်လို့ ဆိုပါတယ်။



## အစိုးရကောင်း ရဖို့

နာမည်ကျော် အမေရိကန် နိုင်ငံရေးသမား ဟူအီ လောင်းကတော့ *ကျုပ်နဲ့အတူ အခု ပါလာသူတွေဟာ မုန့်အကြီးကြီးရမယ်။ နောက်ကျမှ လိုက်လာတဲ့ လူတွေ မုန့်သေး သေးပဲရမယ်။ ကျုပ်နဲ့အတူ လုံးဝ လိုက်မလာသူတွေကတော့...အစိုးရကောင်း တစ်ခုကို ရပါမယ်* 'လို့ သရော်တော်တော်နဲ့ အမှန်ကို ပြောခဲ့သတဲ့။ ('Those of you who come in with me now will receive a big piece of the pie. Those of you who delay, and commit yourselves later, will receive a smaller piece of pie. Those of you who don't come in at all will receive – Good Government!' - Huey Long)

## မိုးမမြင်မြေမမြင် ဇာတ်လိုက်

ဒီ အဆိုအမိန့်ကို ပြောခဲ့တဲ့ လူဝီဆီယားနားပြည်နယ် အုပ်ချုပ်ရေးမှူး ဟူအီလောင်းဟာ အမေရိကန် နိုင်ငံရေးလောကမှာ ရှားရှားပါးပါး ဖက်ဆစ်လိုကျင့်ခဲ့ သူလို့ နာမည်ဆိုးနဲ့ ကျော်ကြားခဲ့သူ ဖြစ်တယ်။ ၁၉၃၅ အသက် ၄၂ နှစ် အရွယ်မှာ လုပ်ကြံ သတ်ဖြတ်ခံခဲ့ရတယ်။ သူဟာ ကျွန်တော် မြန်မာပြန်ခဲ့တဲ့ မိုးမမြင် မြေမမြင်ဝတ္ထု(All the King's Men, Robert Penn Warren) ထဲက မသမာနိုင်ငံရေးသမား ဝီလီစတာ့ခ်ရဲ့ မူလ သက်ရှိဇာတ်ရုပ်လို့ ဆိုပါတယ်။

မည်သို့ရှိစေ၊ သူပြောခဲ့တဲ့ စကားကတော့ အုပ်စုစွဲ ဂိုဏ်းဂနစွဲ ကင်းရှင်းသူတွေ ားလာမှသာ၊ ဆရာမွေး တပည့်မွေး အကျင့်တွေ မရှိမှသာ အစိုးရကောင်းကို ရနိုင်တယ်လို့ ဆိုလိုတာ ဖြစ်တဲ့အတွက် စကားကောင်း ဖြစ်ခဲ့ပါတယ်။ သူလို လူမျိုးတွေကတော့ ငါပြောသလိုလုပ်၊ ငါလုပ်သလို မလုပ်နဲ့ ဆိုတဲ့ အမျိုးအစားထဲ ထည့်ရမှာပါ။

ဟူအီလောင်းလို လူတွေကြောင့်လည်း နိုင်ငံရေးသမားတွေ နာမည်ပျက်ခဲ့ရတာ ဖြစ်တယ်။ သူလို လူမျိုးတွေဟာ ဘယ်နိုင်ငံမှာမဆို ရှိတယ်။ သတိထားနိုင်မှ သူတို့ ာတိရုပ်ကို သိမယ်။ သိအောင် ကြိုးစားဖို့က မဲဆန္ဒရှင် ပြည်သူများရဲ့ တာဝန်သာ ဖြစ်ကြောင်းပါဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်**

*၉၊ စက်တင်ဘာ၊ ၂၀၁၀*

*အတွဲ ၁၊ အမှတ် ၁၀*

○

# တောင်ဖြိုတဲ့ အဘိုးအိုများ

မကြာသေးခင်က နိုင်ငံရေး ပါတီတွေ ထောင်တာတို့၊ ရွေးကောက်ပွဲ ဝင်ဖို့အမည်စာရင်း ပေးသွင်းတာတို့ စသည်ဖြင့် လှုပ်လှုပ်ရှရှ ပြန်ဖြစ်လာကြလေတော့ သာမန် ပြည်သူတွေလည်း နည်းနည်းတော့ ခေါင်းထောင်ကြည့်ကြသလို တွေ့ရတယ်ဗျ။

တကယ်တော့ နိုင်ငံရေးသမားဆိုတဲ့ အသုံးအနှုန်း အခေါ်အဝေါ်သည်ပင် မကြားရတာ အတော်ကြာခဲ့ပြီး ဒီဘက်ခေတ်ကျမှ ပြန်ကြားလာရတာပါ။

နိုင်ငံရေးသမား ဆိုတာကို ရည်ရွယ်ချက်ရှိရှိနဲ့ တမင် နာမည်ဖျက်သူတွေက ဖျက်ခဲ့ကြလေတော့ အများပြည်သူတွေရဲ့သာမန်အသိထဲမှာ နိုင်ငံရေးသမား ဆိုတာ အခွင့်အရေးသမားတွေ၊ အာဏာရူးသူတွေလို့ အစွဲအလမ်းကြီးနဲ့ မြင်နေကြတာလည်း ကြာပြီ။

သည်နေရာမှာ နှစ်ပိုင်းတော့ ရှိရဲ့။

အာဏာရ နိုင်ငံရေးသမားတွေကို လူတွေ မြင်ပုံက ရွံ့ကြောက်စရာ သတ္တဝါတွေလို့ မြင်တယ်။ ရွံ့လည်း ရွံ့တယ်။ ကြောက်လည်း ကြောက်တယ်။

ရွံ့တယ်၊ ကြောက်တယ် ဆိုပေမယ့်လည်း ပြည်သူ တွေရဲ့အထာက ဆန်းကြယ်သားကလားဗျာ။ ၁၉၆၀ ပြည့်နှစ် ရွေးကောက်ပွဲလို တကယ် ရေထဲ မိုးထဲ မဲပေးရပြီဆိုတော့ 'လူတည်မြဲ မဲသန့်ရှင်း' လုပ်ပစ်လိုက်ကြ တာလည်း ပြည်သူလူထုရဲ့ အထာအစစ်ပဲဗျ။

မြန်မာနိုင်ငံမှာ ကျင်းပပြီးသမျှ လွတ်လပ်ရေး ခေတ်ရွေးကောက်ပွဲတွေကို လှေလာရင် -



၁၉၄၇ ခု တိုင်းပြည်ပြုလွှတ်တော် ရွေးကောက်ပွဲမှာ ဗိုလ်ချုပ်အောင်ဆန်း ယ်တိုင် ဦးဆောင်တဲ့ ဖဆပလ အဖွဲ့ချုပ်ကြီးရဲ့ အမတ်လောင်းတွေက တစ်ခဲနက် နိုင်ရခဲ့တယ်။ (ခေါင်းဆောင်အပေါ် ယုံကြည်ကိုးစားမှုနဲ့ မဲပေးခဲ့ကြတာ ဖြစ်တယ်။)

၁၉၅၂ ခု ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲမှာ ဖဆပလတွေပဲ နိုင်ခဲ့တယ်။ ဆပလ အရှိန်အဝါ ကျန်နေသေးချိန်၊ အတိုက်အခံ အင်အား အလွန် နည်းနေသေးချိန် လို့ ဖဆပလကပဲ အများစုမဲနဲ့ နိုင်ခဲ့တယ်။)

၁၉၅၆ ခု ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲမှာလည်း ဖဆပလတွေပဲ နိုင်ခဲ့ပေမယ့် အားကောင်းလာတဲ့ အတိုက်အခံ ပမညတက အမတ်နေရာ ၄၆ နေရာရသည်အထိ ခြောက်နိုင်ခဲ့တယ်။ (ပမညတ အားကောင်းလာတာကို ဖြန့်သွားရာက ဖဆပလ ခြမ်းကွဲသည်အထိ စိတ်ဝမ်းကွဲကုန်တယ်။)

၁၉၆၀ ပြည့်နှစ် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲကျတော့ အထက်မှာ ပြောခဲ့ သို့ပဲ ပြည်သူလူထုက မိမိတို့အပေါ် အနိုင်ကျင့်သူတွေကို ကောင်းကောင်းကြီး လည် ဆုံးမလိုက်ကြတာပဲဗျ။

၁၉၇၄၊ ၁၉၇၈၊ ၁၉၈၂၊ ၁၉၈၆ တစ်ပါတီစနစ် အောက်မှာပြုလုပ်တဲ့ ရွေးကောက်ပွဲ ဘာတွေကိုတော့ ထည့်ပြောမနေတော့ပါဘူး။ အားလုံး သိတော်မူကြတဲ့ အတိုင်း ဗျာ။ ရှင်ကြီးဝမ်းလည်း ဝင်ခဲ့ရ၊ ရှင်ငယ်ဝမ်းလည်း ဝင်ခဲ့ရဆိုတာ ကျွန်တော်တို့ မျိုးတွေရဲ့ ဘဝကြမ္မာ အစစ်ပါပဲဗျ။ ၁၉၈၈ ခုနှစ် နောက်ပိုင်းကျတော့ ...

တစ်ပါတီစနစ် နိဂုံးတံသွားခြင်း၊

ပါတီစုံဒီမိုကရေစီ တစ်ကျော့ပြန်လာခြင်းနဲ့

နိုင်ငံရေးပါတီများ၊ နိုင်ငံရေးသမားများ ပေါ်ထွန်းလာခြင်းတို့ ဖြစ်တယ်။

ဘယ်ကိစ္စမဆို ပထမခြေလှမ်းတစ်လှမ်း စလိုက်ဖို့ပဲ လိုတယ်။ တစ်လှမ်း ပြီးရင်တော့ ကလေးလေး တွေတောင် ယိုင်တီယိုင်တိုင်နဲ့ ရှေ့ကို ဆက်လက်ပြီး ှာက်လှမ်းသွားကြသေးတာပဲ။

၁၉၉၀ မှာ နိုင်ငံရေးပါတီတွေ ရှိခဲ့တယ်။ နိုင်ငံရေး သမားတွေ ရှိခဲ့တယ်၊ ကောက်ပွဲဆိုတာ ရှိခဲ့တယ်။ ဒါတွေဟာ ယိုင်တီယိုင်တိုင် ပထမခြေလှမ်းတွေပဲပေါ့။

နိုင်ငံရေးဟာ သေသွားတယ် မရှိပါဘူး။ နှစ် ၂၀ ကြာပြီးတဲ့အခါ အခုတစ်ဖန် ရေးပါတီ၊ နိုင်ငံရေးသမားနဲ့ ရွေးကောက်ပွဲ စတာတွေကို ကျွန်တော်တို့ မျက်မှောက် ာရပြန်တယ်။

သတင်းဂျာနယ်တွေထဲမှာ နိုင်ငံရေးသမားများရဲ့ ရှင်းလင်း ပြောကြားချက်တွေ မာနိုင်ငံရဲ့ ရှေ့ခရီးနဲ့ ပတ်သက်တဲ့ သူတို့ရဲ့ ရှုမြင် သုံးသပ်ချက်တွေကို ဖတ်ရတယ်။ ဘူးလန် တချို့ရဲ့ စကားတွေကို စိတ်ပျက်စရာ တွေ့ရသလို အမြော်အမြင်ကြီးမားသူ ရဲ့ တန်ဖိုးရှိတဲ့ စကားတွေကိုလည်း လေးစားစရာ တွေ့ရတယ်ဗျာ။

ဒါဟာ တကယ်လည်း သဘာဝကျတယ်ဗျ။ နိုင်ငံရေးသမား အားလုံးဟာ ချွန်လူမွန်တွေချည်းပဲတော့ ဘယ်ဖြစ်နိုင်ပါ့မလဲ။ ကျောင်းဆရာတိုင်း အသင်အပြ

ကောင်းရမယ်လို့ မပြောနိုင်သလို၊ ဆရာဝန်တိုင်း အကုအသ ကောင်းရမယ်လို့ မပြော နိုင်သလို၊ ရှေ့နေတိုင်း အလျှောက်အလဲ ကောင်းရမယ်လို့ မပြော နိုင်သလို နိုင်ငံရေး သမားတိုင်းလည်း အတွေးအခေါ် ကောင်းရမယ်လို့ ဘယ်ပြောနိုင်ပါ့မလဲဗျာ။

သို့ပေမယ့် အဘက်ဘက်က မပြည့်စုံတဲ့ကြားကနေ ဇွဲနပဲကြီးစွာဖြင့် ယုံကြည်ချက် အရ နိုင်ငံရေးသမား ဝင်လုပ်နေသူတွေကိုတော့ ကျွန်တော်တို့က အလေးပြုချင်တယ်ဗျ။

ယုံကြည်ချက် နိုင်ငံရေးသမားတွေဟာ တောတိုး လမ်းဖောက်သူတွေ ဖြစ်တယ်လို့ ကျွန်တော်တို့က သဘောထားတယ်။ တို့ဗမာသီချင်းထဲက 'နောင်လာ နောက်သား ကောင်းစားဖို့ရာ၊ တို့ကိုယ်ကျိုးလုံးလုံး မပါ' ဆိုတဲ့စာသားကို သတိရမိတယ်။ သူတို့ရဲ့ စေတနာဟာ အလဟဿတော့ မဖြစ်တန်ကောင်းပါဘူး။ စေတနာမှန်သော ကံတရား ဆိုတဲ့ စကားလည်း အရှိသားပဲ မဟုတ်လားဗျာ။

မော်စီတုန်းရဲ့ နာမည်ကျော် လက်ရွေးစင် ဆောင်းပါးသုံးပုဒ်ထဲက 'တောင်ဖြိုတဲ့ အဘိုးအိုမိုက်' ဆောင်းပါးကို သတိရတယ်။ အဘိုးအို ယွိကုံးဟာ သူတို့လယ်မြေကို အနှောင့်အယှက်ဖြစ်နေတဲ့ တောင်ကြီး တစ်တောင်ကို တူရွင်းတစ်လက်နဲ့ နေ့တိုင်း ပေါက်ပြီးဖြိုဖို့ ကြိုးစားနေသတဲ့။ သူ့အကြံကို လူတိုင်းက ဟားတိုက်ကြပေမယ့် အဘိုးအိုက ဇွဲနပဲကြီးစွာဖြင့် ဆက်ဖြိုနေတာပဲတဲ့။ နောက်ဆုံးတော့ နတ်သိကြားတွေက အဘိုးအိုကို ဝိုင်းကူဖြိုပေးလို့ တောင်ကြီး ပြိုသွားရောတဲ့။ မော်စီတုန်းက နိဂုံးချုပ်ပေးရာမှာ နတ်သိကြားတွေဆိုတာ ပြည်သူတွေပဲတဲ့။ ဇွဲကြီးတဲ့ အဘိုးအိုရဲ့ စစ်မှန်တဲ့ လုပ်ရပ်ကို သဘောပေါက်လာတဲ့အခါ ပြည်သူတွေက သူ့ကို အားပေးထောက်ခံခြင်းဖြင့် တောင်ကြီး ပြိုသွားတာပါပဲလို့ ဆိုတယ်ဗျ။

ကျွန်တော်ကလည်း ယခုနေ ဇွဲနပဲကြီးစွာဖြင့် ယုံကြည်ချက်နိုင်ငံရေး လုပ်နေသူ တွေကို 'တောင်ဖြိုတဲ့ အဘိုးအိုများ' လို့ တင်စားခေါ်ဝေါ် လိုက်ချင်ပါတယ်ဗျ။

**ပြည်သူ့ခေတ်ဂျာနယ်**

*၁၆၊ စက်တင်ဘာ၊ ၂၀၁၀။*

*အတွဲ ၁၊ အမှတ် ၁၁။*

○

# ဒီမိုကရေစီ ပုံပျက်ပန်းပျက်

...းနိုင်ငံဟာ အရှေ့တောင်အာရှ နိုင်ငံတွေထဲမှာ ဒီမိုကရေစီ အသားကျစပြုလာတဲ့ ...တစ်နိုင်ငံအဖြစ်ကနေ အကျီအနီဝတ်တွေ၊ အဝါဝတ်တွေ၊ အဖြူဝတ်တွေ စသည်ဖြင့် ...အုပ်စုနဲ့ အင်အားပြတဲ့ နိုင်ငံရေးဘက်ကို ရောက်သွားလို့ ဒီမိုကရေစီပုံပျက်သွားပြီလို့ ...စရာ ဖြစ်ခဲ့တယ်ဗျ။ အဲသလိုဖြစ်အောင် ဖျက်ဆီးခဲ့သူကတော့ ဝန်ကြီးချုပ်ဟောင်း ...က်ဆင်ရှင်နာဝပ်ထရပဲဆိုတဲ့ စွပ်စွဲသံတွေလည်း ထွက်ခဲ့တယ်။

သို့ပေမယ့် ယခု နှစ်ဦးပိုင်း မတ်လထဲမှာ ကျွန်တော် ဘန်ကောက်မြို့ကို အလည် ...က်ခဲ့စဉ် မိတ်ဆွေတချို့ဆီက ကြားခဲ့တာက တစ်မျိုးဖြစ်နေတယ်။ ကျွန်တော် ...က်တဲ့အချိန်က ရှပ်နီဝတ်တွေ အကြီးအကျယ် ဆန္ဒ ပြဖို့ လူစုနေချိန် ဖြစ်တယ်။ ...ကောက်မြို့က အရောင်း အဝယ်သမားတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ၊ ကမ္ဘာလှည့် ...သွားလုပ်ငန်းသမားတွေ ကျိုးလန့်စာစား ဖြစ်နေတယ်။ ဆန္ဒပြပွဲတွေ ဖြစ်မှာကို ...ကောက်မြို့သူ မြို့သားအများစုက မလိုလားဘူး။ တောကလူတွေ မြို့တက်ပြီး ...ရချောင်လို့ ဆန္ဒပြနေကြတာနဲ့ပဲ ငါတို့ အလုပ်အကိုင်တွေ ပျက်ရတော့မယ်လို့ ...မ်ပူပန်နေကြတယ်ဗျ။

ကျွန်တော်က ဘန်ကောက်မြို့သားတွေရဲ့ အမြင်ဟာ သဘာဝကျသလားလို့ ...ကြည့်တော့ ကျွန်တော့် မိတ်ဆွေများက ထိုင်းနိုင်ငံရေးဟာ ရှုပ်ထွေးသယောင် ...မယ့် မရှုပ်ထွေးတဲ့အကြောင်း၊ အခု ဖြစ်နေတာတွေဟာ တောနဲ့မြို့ အာဏာ ...ဆွဲပွဲကနေ ပေါက်ဖွားလာခြင်း သာဖြစ်ကြောင်း ပြောပြတယ်။

မြို့နေ ပညာတတ်တွေနဲ့ ကြေးရတတ်တွေ၊ စီးပွားရေးသမားတွေက စစ်ဘော ...ထောက်နောက်ခံပြုထားတဲ့ လက်ရှိအစိုးရကို သဘောကျတယ်။ ဘုရင်ကလည်း

လက်ရှိအစိုးရနဲ့ စစ်တပ်ဘက်က ရှိတယ်။ ကျေးလက်က လူတွေကတော့ သက်ဆင်လက်ထက်မှာ သူတို့အနေအစား ချောင်ပြီး အကျိုးခံစားခဲ့ရတာတွေကို ကျေနပ်နေတယ်။ သက်ဆင်ဟာ အစိုးရငွေတွေကို နားလည့်ပါးလည့် လုပ်ပြီး ကျေးလက်က လူတွေကို စည်းရုံး သိမ်းသွင်းခဲ့တယ်ဆိုတာ ရွာသားတွေ မသိဘူး။ သူတို့ဟာ စားရချောင်လို့ ဆန္ဒပြနေကြတယ် ဆိုတာထက် သက်ဆင်လက်ထက်မှာ သူတို့စားဝတ်နေရေးပြေလည်ခဲ့တာ အမှန်ဖြစ်လို့ သက်ဆင်နဲ့ သက်ဆင်ပါတီ (ထိုင်းရတ်ထိုင်း) ကို ထောက်ခံခဲ့ကြတာလို့ ဆိုတယ်ဗျ။

## ကွန်ပျူတာပစ္စည်း ရောင်းရာက

ပုလိပ်လူထွက် တစ်ယောက်ဖြစ်တဲ့ သက်ဆင်ဟာ အင်မတန်လည်တယ်။ ပုလိပ်အဖွဲ့မှာ လက်ဖ်တင်နင် ကာနယ်အဆင့်ထိ အမှုထမ်းခဲ့ရာက အစိုးရပိုင်း အဆက်အသွယ်တွေ ရခဲ့ပြီး ဩဇာအာဏာရှိသူတွေနဲ့ ဘယ်လိုစီးပွားရေးပေါင်းလုပ်တယ်ဆိုတဲ့ အကွက်တွေကို မြင်ခဲ့တယ်။ ၁၉၈၂ ကျတော့ ဇနီးသည်နဲ့အတူ ကုမ္ပဏီတစ်ခု ထောင်ပြီး အစိုးရဌာနတွေကို ကွန်ပျူတာပစ္စည်းတွေ တင်သွင်း ရောင်းချခဲ့တာ နှစ် ၂၀ အတွင်း တစ်နိုင်ငံလုံးမှာ အချမ်းသာဆုံး သူဌေးကြီးတစ်ယောက် ဖြစ်သွားတယ်။

## ပိုက်ဆံအိတ်နဲ့ အာဏာ အပြန်အလှန်

ပိုက်ဆံချမ်းသာလာတော့ သူဘာလုပ်သလဲ။ အာဏာဆိုတာ ပိုက်ဆံအိတ်ထဲကလည်း ထွက်နိုင်တာပဲလို့ နားလည်သွားလေတော့ ၂၀၀၁ ရွေးကောက်ပွဲဝင်ဖို့ ပါတီထောင်တော့တာပဲဗျ။ ရွေးကောက်ပွဲအတွက် မဲဆွယ်လှုံ့ဆော်နေတုန်း ၂၀၀၀ ဒီဇင်ဘာလမှာ သူဟာ သူ့ရဲ့ ပိုင်ဆိုင်မှုတွေကို အားလုံး စာရင်းမပြခဲ့လို့ဆိုကာ တရားစွဲ ခံရသေးတယ်။ ဒါပေမဲ့ အဖွဲ့ဝင် ၁၅ ဦး ပါဝင်တဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံးက တစ်မဲအသာနဲ့ သူ့ကို အပြစ်မရှိဘူးလို့ ဆုံးဖြတ်ခဲ့တယ်။ သက်ဆင်ဟာ ပိုက်ဆံတော့ အတော်ကလေးသုံးလိုက်ရတယ်လို့ သတင်းထွက်ခဲ့တယ်ဗျ။ ဒါပေမဲ့ ဘာဖြစ်သေးလဲ။ အာဏာရလာတော့လည်း အာဏာကနေ ပိုက်ဆံတွေ ပြန်ဖြစ်လာ ပြန်တာပါပဲတဲ့ဗျာ။

သက်ဆင်ရဲ့ ထိုင်းရတ်ထိုင်း (TRT) ပါတီဟာ ၂၀၀၁ ရွေးကောက်ပွဲမှာ အပြတ်အသတ်နိုင်ခဲ့တယ်။ အောက်လွှတ်တော် အမတ်နေရာ ၅၀၀ အနက် ထက်ဝက် ကျော် အနိုင်ရခဲ့တယ်။ အဲသည်အချိန်က အာဏာရနေတဲ့ ပြိုင်ဘက် ဒီမိုကရက်ပါတီကို TRT က မဲအပြတ်နဲ့ နိုင်ခဲ့ခြင်းရဲ့ အဓိကအကြောင်းကတော့ ငွေကို ရေလိုသုံးခဲ့တာ အပြင် သာမန်လူထုကောင်းစားရေး စီမံကိန်းတွေကို တင်ပြနိုင်ခဲ့လို့ပါပဲ။ ဘတ် ၃၀ ကျန်းမာရေး အစီအစဉ်၊ ကျေးရွာရန်ပုံငွေ အစီအစဉ်နဲ့ ပြည်သူ့ဘဏ် အစီအစဉ်တို့ဟာ ကျေးလက်လူထု ကျေနပ်တဲ့ စီမံကိန်းတွေချည်း ဖြစ်ပါတယ်။



## အစိုးရငွေတွေနဲ့ ထုတ်ချေးတယ်

...က်ဆင် ဝန်ကြီးချုပ်ဖြစ်လာချိန်မှာ အစိုးရငွေစုဘဏ်နဲ့ အစိုးရပိုင် ငွေကြေးအဖွဲ့အစည်း...တွေကနေ ကျေးရွာဖွံ့ဖြိုးရေး ရန်ပုံငွေအဖွဲ့များဆီကို ဒေါ်လာသန်း ၂၃၀၀ ထုတ်ချေး...ခဲ့တယ်။ လယ်သမားတွေနဲ့ အသေးစားလုပ်ငန်းရှင် ကလေးတွေဟာ ချေးငွေတွေ ...ချိုးဖူး ရခဲ့ကြတယ်။ အစိုးရရဲ့ အိုးအိမ်ဘဏ်ကလည်း အိုးအိမ်ဆောက်လုပ်ရေး ...ချေးငွေ ဒေါ်လာသန်း ၅၂၀၀ ထုတ်ချေး ခဲ့တယ်။ အိမ်သုံး ပီစီကွန်ပျူတာတွေဝယ်ဖို့ ...ဒေါ်လာသန်း ၃၀၀ ထုတ်ချေးတယ်။ တက္ကစီကားသစ်တွေဝယ်ဖို့က ဒေါ်လာသန်း ...၀၀၊ အစိုးရဝန်ထမ်းတွေ အားလပ်ရက်ခံစားခွင့် ချေးငွေတွေပေးဖို့က ဒေါ်လာသန်း ...၀၀ အသီးသီး ခွင့်ပြုခဲ့တယ်။

ထိုင်းကျေးရွာ ထောင်ပေါင်းများစွာမှာ မြင်ကွင်းတွေ ပြောင်းလဲခဲ့တယ်။ ကျေးလက်...တွေမှာ အိမ်သစ်တွေ၊ မော်တော်ဆိုင်ကယ် အသစ်တွေနဲ့ ပေါများလာတယ်။ ရွာသား...တွေဟာ ကျေးရွာဖွံ့ဖြိုးရေး ရန်ပုံငွေကနေ ငွေချေးခွင့် ရှိတယ်။ ယခင်အကြွေးတွေ ...ဆပ်သေးဘဲ ဆိုင်းငံ့ထားတုန်း နောက်အကြွေးယူလို့ ရသေးတယ်။

သက်ဆင်အမိန့်နဲ့ ထုတ်ချေးထားတဲ့ ကြွေးမြီတွေဟာ နည်းနည်းနောနော ...ဟုတ်ဘူး။ ၂၀၀၁ ကစပြီး အစိုးရပိုင် ဘဏ်တွေက ဆင်းရဲသားတွေအတွက် ထုတ်ချေး...တဲ့ ကြွေးပေါင်းဟာ ဒေါ်လာ ၁၃ ဘီလျံ ရှိခဲ့တယ်လို့ဆိုတယ်။

## အမတ်တွေ အရေးမပါတော့ဘူး

...ိုင်းရဲ့ နိုင်ငံရေးဆက်ဆံမှု အနေအထားလည်း ပြောင်းသွားတယ်။ အမတ်တွေဟာ ...ည်သူလူထုနဲ့ အစိုးရအကြား ပေါင်းကူးတံတားအဖြစ် ရပ်တည်ခဲ့ကြရာက သက်ဆင် ...ခေတ်မှာ အမတ်တွေရဲ့နေရာ ပျောက်သွားသတဲ့။ ပြည်သူလူထု လိုအပ်ချက်ကို ...တ်တော်ကတစ်ဆင့် အစိုးရထံ တင်ပြ အရေးဆိုရတဲ့ အလုပ်မျိုးကို အမတ်တွေ ...ပ်စရာ မရှိတော့ဘူး။ မဲဆန္ဒရှင်တွေက သက်ဆင်အပေါ် ယုံကြည်မှု အပြည့်နဲ့ ...ပေးခဲ့ကြတယ်။ အမတ်လောင်း ဘယ်သူဘယ်ဝါ ဆိုတာကို ကြည့်မနေတော့ဘူး။ ...က်ဆင်ရဲ့ ခေါင်းဆောင်မှုကို ထောက်ခံပြီး TRT ကို မဲထည့်ခဲ့ကြတဲ့ အနေအထား ...စ်သွားတယ်။ သက်ဆင်က ကျေးလက် ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို ...ည့်ဆည်းပေးတဲ့ လက်တွေ့လုပ်ငန်းတွေကို (အမတ်တွေက မတောင်းဆိုရဘဲ) ...ပ်ပေးနေတယ်လို့ တောသူတောင်သားတွေက ယုံကြည်နေကြတယ်။

သက်ဆင်ဟာ ကျေးလက်တွေကို အပိုင်စည်းရုံး ထားနိုင်ရင် နောင်ဘယ်အချိန်ပဲ ...ရွေးကောက်ပွဲ လုပ်လုပ် သူပဲနိုင်မယ်ဆိုတာ တွက်ထားပြီးသား။ (မှန်လည်း မှန် တယ်။ ...၀၀၆ ခု စက်တင်ဘာလမှာ အာဏာသိမ်းခံရပြီး နိုင်ငံခြားမှာ ထွက်ပြေးနေရချိန် ...ဘပည့်တွေက ပါတီသစ်ထောင်ပြီး ရွေးကောက်ပွဲ ဝင်ခဲ့တာတောင် နိုင်မြဲနိုင်ကာ အစိုးရ ဖွဲ့နိုင်ခဲ့သေးတာပဲ။)

သို့ပေမဲ့ သူလုပ်ပုံတွေဟာ 'ငွေများ မဲနိုင်' ဒီမိုကရေစီ ဖြစ်နေလေတော့ ကြာရှည် မခံခဲ့ပါဘူး။ အဲသလို အနေအထားကို ဘုရင်ကိုယ်တိုင်က မလိုလားတဲ့ လက္ခဏာ ပြတဲ့အခါ သက်ဆင်အတွက် မလွယ်ကြောဖြစ်ခဲ့ပါတော့တယ်။ သက်ဆင်အတွက်သာမက အရှေ့တောင် အာရှ ဒီမိုကရေစီ အစဉ်အလာမှာလည်း မလွယ်ကြော ဖြစ်ခဲ့တာပါပဲဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်**

*၂၃၊ စက်တင်ဘာ၊ ၂၀၁၀။*

*အတွဲ ၁၊ အမှတ် ၁၂။*

○

## ရွေးချယ်ခွင့်ပါဝါကို ကိုင်ထားသူများ

စာအုပ်လုပ်ငန်းသမားတွေ အများအပြား အလုပ်အပ်လေ့ရှိတဲ့ ဖလင်လုပ်ငန်း ဌာန တစ်ခုကို တမြန်နေ့က ရောက်သွားတယ်။ ဒီဇိုင်းသမား လူငယ်တွေနဲ့ ဖလင်ထုတ်တဲ့ လူငယ်တွေ ၁၄-၅ ယောက်လောက်ရှိတဲ့ နေရာပါ။ လူငယ်တွေထဲမှာ မိန်းကလေး ငါးယောက်လောက်ပါတယ်။ သူတို့ အသက်တွေက အစိတ်သုံးဆယ်လောက် ရှိကြမယ်။

သူငွေးလို့ သူတို့ ခေါ်တဲ့ အလုပ်ရှင် အဲဒီနေ့က မရှိဘူး။ အလုပ်ရှင်ရှိတဲ့ အချိန်ဆို သူတို့တွေဟာ အပြင်လူနဲ့ စကားစမြည် မပြောရဲဘူး။ အထူးသဖြင့် ကျွန်တော့်လို လူတွေနဲ့ နှုတ်ဆက်လား ဘာလား မလုပ်ဝံ့ဘူး။ ကျွန်တော်တို့ကိုကျတော့ စာရေး ဆရာတစ်ယောက် အနေနဲ့ ခင်မင်ပေမယ့် နိုင်ငံရေးသမားဟောင်း တစ်ယောက် ဖြစ်တဲ့ အတွက် ဘာကြောင့်မှန်း မသိဘဲ လန့်နေကြတယ်ဗျ။ ပြောရရင်ဖြင့် အရှည်ကြီးပါပဲဗျာ။ ကျွန်တော်ကတော့ အဲသလို လူတွေကို စိတ်မဆိုးပါဘူး။ သနားမိတာတော့ အမှန်ပဲဗျ။ သူတို့မှာ ဘာကို ကြောက်နေမှန်းမသိဘဲ ကြောက်ကျင့်ပါ နေတော့တာပဲကိုး။

### ကြော်ငြာမကမ်းကြသေးလို့

အလုပ်ရှင်မရှိတဲ့နေ့ဆိုတော့ လူငယ်လေးတွေက ကျွန်တော့်ကို ရဲရဲတင်းတင်း စကား ပြောကြတယ်။ သူတို့မြို့နယ်မှာ ပါတီနှစ်ခုက ကိုယ်စားလှယ်လောင်းတွေပဲ ကြော်ငြာ စာရွက်တွေ၊ အခွေတွေ ဖြန့်နေကြတယ်။ ဒီမိုကရေစီ အဖွဲ့အစည်းတွေက ကိုယ်စား

လုယ်လောင်း တစ်ယောက်မှ ကြော်ငြာ လာမကမ်းသေးဘူးတဲ့။ အဲဒါ ဘာဖြစ်လို့လဲ တဲ့။ ကျွန်တော်တို့ ဘာလုပ်ရမလဲတဲ့။

အလို တယ်ဟုတ်ပါလားလို့ ကျွန်တော့် စိတ်ထဲ အံ့သြတဲ့စိတ် ပထမဆုံး ပေါ်လာတယ်။ သူတို့လေးတွေဟာ နိုင်ငံရေးကို စိတ်ဝင်စားနေပါလား။ ဘယ်သူ့ကို မဲထည့်ရမလဲ ဆိုတာကိုတောင် ကြိုကြိုတင်တင် စဉ်းစားနေကြပါကလားလို့ အံ့သြမိတာဗျ။

## စင်ပေါ်ကလူဆိုတာကို သဘောကျ

ကျွန်တော်တို့ကြားဖူးနေသလောက် သတင်းတွေအရဆိုရင် လူအများစုဟာ နိုင်ငံရေးကို စိတ်မဝင်စားဘူး။ ရွေးကောက်ပွဲနဲ့ ပတ်သက်လို့လဲ ဘာသိဘာသာနေနေ ကြတုန်းပဲလို့ သိထားတာကိုး။ ဒါကြောင့် သူတို့ကို ကျွန်တော်က ပြန်မေးနေမိတယ်။ နေစမ်းပါဦး။ မင်းတို့က ဘယ်လိုကဘယ်လို ဒါတွေ စိတ်ဝင်စားလာတာလဲ၊ ဘာဖြစ်လို့ သိချင်လာကြတာလဲလို့ မေးကြည့်တော့ မိန်းကလေး တစ်ယောက်က သူ့အသက် အခု ၂၄ နှစ်ရှိပြီတဲ့၊ ‘၁၈ နှစ်ပြည့်ရင် မဲပေးနိုင်တယ်ဆိုတော့ သမီးက အခု မဲပေးနိုင်ပြီလေ။ ပြီးတော့ သမီးအဖေက ဦးလေးရေးတဲ့ ဆောင်းပါးတွေ ဖတ်တယ်။ မဲဆန္ဒရှင်ဆိုတာ စင်ပေါ်ကလူလို့ ဦးလေးရေးခဲ့တာကို အဖေက ပြောပြတယ်။ ကိုယ်စားလှယ်လောင်းတွေ အများကြီးထဲက ကိုယ့်စိတ်ကြိုက် ရွေးချယ်နိုင်တဲ့ အခွင့်အရေးကို အမိအရ အသုံးချရမယ် ဆိုတာကို သမီးအရမ်း သဘောကျတယ်။ ဒါကြောင့်တစ်သက်နဲ့တစ်ကိုယ် ပထမဆုံး ရရှိတဲ့ အခွင့်အရေးကို ထိထိရောက်ရောက် အသုံးချချင်လို့ပါ’ လို့ ပြောတယ်။

‘မဲပေးဖို့ စိတ်အားထက်သန်တာတော့ ဟုတ်ပါပြီ။ ဘယ်ပါတီကို မဲပေးမယ် ဆိုတာရော စဉ်းစားထားပြီးပြီလား’ လို့ မေးကြည့်တော့

‘အဲဒါကြောင့် ဦးလေးကို မေးနေတာပေါ့။ ကိုယ်သဘောကျတဲ့ ပါတီကို ရွေးချင်တယ်လေ’ လို့ ပြောပါတယ်။

## ပါဝါ တစ်ခုအဖြစ် ယုံကြည်

သူတို့ အလုပ်ဌာနက ပြန်လာတော့ ကျွန်တော်ပါ ဓာတ်ကူးပြီး တက်ကြွလာ သလိုပဲဗျ။ သူတို့ဆီမှာ ဖြစ်ပေါ်နေတဲ့ စိတ်ထားကို ကျွန်တော် သိနားလည်လာခဲ့တယ်လေ။ အနိမ့်ဆုံးအားဖြင့် သူတို့ဟာ မဲပေးခွင့်ရှိတာကို ပါဝါ (power) တစ်ခုအဖြစ် ယုံကြည်ထားကြတာကိုး။

ဟိုး အတော်ကြာကြာတုန်းက သဘောကျခဲ့ဖူးတဲ့ ကာတွန်းတစ်ကွက်ကို ပြန်သတိရမိတယ်။ အင်မတန် ဆင်းရဲလွန်းလို့ ထမင်းဖိုးတောင် ပြည့်စုံမှုမရှိတဲ့ လူတစ်ယောက်ဟာ လမ်းလျှောက်လာရင်း သူတောင်းစားက သူ့ဆီက တောင်းတာနဲ့ ကြုံရတယ်လေ။



‘အစ်ကိုကြီးရယ်၊ ထမင်း ဖိုးလေး တစ်ပြားတစ်ချပ်လောက် စွန့်ကြဲတော်မူမှုပါ’ ဆိုတော့ အဲဒီ လူဆင်းရဲဟာ အများကြီး အားရှိသွားသတဲ့။ ‘အောင်မာ... ငါဟာ ခေတဲ့လူ မဟုတ်ဘူး။ ငါဟာ အတောင်းခံရသူပေပဲ၊ ငါပေးနိုင်သလောက်တော့ ပေးလိုက်မှ အတောင်းခံရတဲ့ အဆင့်အတန်းရှိသူ ဖြစ်တော့မပေါ့’ လို့ စဉ်းစားကာ သူ့အိတ်ကပ်ထဲ နောက်ဆုံး လက်ကျန် ပိုက်ဆံ တစ်မတ်ကို ပေးလှူလိုက်ပါသတဲ့။

## ဒါရိုက်တာ အဖွဲ့ဝင်အဆင့် ရှိတယ်

ရွေးကောက်ပွဲမှာ မဲပေးတာကျတော့ အဲဒီဥပမာထက် မြင့်တယ်။ ကိုယ်စားလှယ်လောင်းတွေဟာ အလုပ်လျှောက်ထားပြီး အင်တာဗျူး လာဖြေသူတွေနဲ့ တူတယ်။ မဲပေးခွင့်ရှိသူတွေက ဘာနဲ့တူသလဲဆိုတော့ အင်တာဗျူးဖြေသူများရဲ့အရည်အချင်းကို စစ်ဆေးပြီး ရွေးခြင်းပယ်ခြင်း ဆုံးဖြတ်ရတဲ့ ဒါရိုက်တာ အဖွဲ့ဝင် လူကြီးတွေနဲ့တူတယ်။

အဲဒီသဘောကို မသိနားမလည်တဲ့ ကိုယ်စားလှယ်လောင်းတွေကတော့ ခုချိန်ထိ မဲဆန္ဒရှင်တွေကို သဟောက်သဟန်း လုပ်ချင်တုန်းပဲတဲ့ဗျ။ တချို့နေရာတွေက ကြားရတဲ့ သတင်းတွေက တယ်မဟန်ဘူး။ ခုခေတ်မှာ ခြောက်တိုင်း မကြောက်၊ မြှောက်တိုင်းလည်း မမြောက်သူတွေ အများကြီး ရှိနေပြီဆိုတာ လက်တွေ့ကြုံမှ သူတို့ သိသွားမှာ ဖြစ်တယ်ဗျ။

**ပြည်သူ့ခေတ်ဂျာနယ်**

*၃၀၊ စက်တင်ဘာ၊ ၂၀၁၀။*

*အတွဲ ၁၊ အမှတ် ၁၃။*

○

# လူတွေကို ဘယ်လို အကဲခတ်မလဲ

ဖတ်မိမှတ်မိတဲ့ စာတွေထဲက အမည်မသိ အဆိုအမိန့်တစ်ခုကို စိတ်ထဲ စွဲနေတယ်။ 'လူတစ်ယောက် အကြောင်းကို အခြင်းအရာသုံး ဂ ပြောနေတယ်။ သူ့မျက်လုံးတွေရယ်၊ သူ့ပေါင်းသင်းတဲ့ မိတ်ဆွေ တွေရယ်၊ ... ကြိုက်နှစ်သက်တဲ့ စာကိုးတွေရယ်' (Three things tell a man: his eyes, his friends and his favourite quotes.) လို့ ဆိုပါတယ်။

အဲဒီ အဆိုအမိန့်ကို ဖတ်ဖူးကတည်းက လူတွေကိုတွေ့ရင် မျက်လုံးကို အရင် ဂရုစိုက် ကြည့်မိတယ်။ ဟုတ်ပေသားဗျာ။ လူရိုးလူကောင်းဟာ မျက်လုံးမှာ ပေါ်နေသလို လူဆိုးလူညစ်ဟာလည်း မျက်လုံးမှာကို အရိပ်အငွေ့တွေ ပေါ်နေသဗျ။

ရုပ်ရှင်မင်းသား၊ ဒါရိုက်တာ ကိုမြတ်လေးက အမူအရာလုပ်ရင် မျက်လုံးအမူအရာ ဟာ အရေးကြီးဆုံးဖြစ်ကြောင်း ပြောဖူးတယ်။ မျက်နှာကို အနီးကပ်ဆွဲရိုက်ပြရင် မျက်လုံးနဲ့ ငိုတတ်ရမယ်၊ မျက်လုံးနဲ့ ရယ်တတ်ရမယ်၊ မျက်လုံးနဲ့ ရက်စက်ပုံ ပြတတ်ရမယ်၊ မျက်လုံးနဲ့ သနားကရုဏာ ပြတတ်ရမယ်လို့ သူက ပြောတယ်။

လူတွေရဲ့မျက်လုံးတွေကို ကျွန်တော် ဖတ်ကြည့်နေတာ ကြာပြီ။ မာန်တက်နေတဲ့ မျက်လုံး။ လူတွေကို အထင်သေး အမြင်သေးနဲ့ အပေါ်စီးက ကြည့်တဲ့မျက်လုံး။ ကြိမ်လုံး သံကြိုးရုံနဲ့ ကြောက်ပြီး ရုန်းပြေးနေရှာတဲ့ နွားတင်ကောင်ရဲ့ မျက်လုံးနဲ့တူတဲ့ မျက်လုံး။ အကြောက်ခံရတာကို ကျေနပ်နေတဲ့ မျက်လုံး။ ထန်းလျက်ခဲလေး ထပ်ရဦးမလားလို့ မျှော်တဲ့ မျက်လုံး။ လည်စင်းပေးပါပြီလို့ ပြောနေတဲ့ မျက်လုံး။ နယ်ချဲ့ ပါးကွက်သား သေနတ်ပြောင်းရှေ့က ပုဂံ ဗိုလ်ချုပ်ရဲ့ ထိမထင် မျက်လုံး။ နှိုင်နှိုင်း အာကွီနိုရဲ့ ရိုးရှင်းတဲ့ အောင်ပွဲခံမျက်လုံး။ ဂေါ်ဒွန်ဘရောင်းရဲ့ မချိပြုံးရိပ်ပေါ်နေတဲ့ မျက်လုံး။ ကင်မ်ဂျုံအီလ်ရဲ့



အေးစက်တဲ့ မျက်လုံး။ မူဂါဘီရဲ့မာကျောတဲ့မျက်လုံး။ ဟူးဂိုးချာဗက်ရဲ့ စိန်ခေါ်တဲ့ မျက်လုံး။ လီရှောင်လုံးရဲ့ သောကမဲ့မျက်လုံး။ ယူဒိုယိုနိုရဲ့ ရိုးဂုဏ်ပြု မျက်လုံး။ အောပါး — မနည်းလှတဲ့ မျက်လုံးတွေကို ကျွန်တော် တွေ့ဖူးပါသော်ဝ်ကော။

## အပေါင်းအသင်း မိတ်ဆွေ

လူတစ်ယောက်ဟာ ဘယ်လိုလူတွေနဲ့ မိတ်ဖြစ်နေသလဲ ဆိုတာကလည်း အလွန် အရေးကြီးတဲ့ အချက်ပါ။ လူပေါင်းမှားတယ် ဆိုတဲ့စကား။ သူတော် ချင်းချင်း သီတင်း လေ့လေ့ဆိုတဲ့စကား။ သည်ပုပ်ထဲကသည်ပဲ အတူတူပဲ ဖြစ်မှာပေါ့ဆိုတဲ့ စကားတွေ အရှိသား မဟုတ်လားဗျာ။

ကျွန်တော့်ကိုယ်တွေ့တချို့ကို ရေးခဲ့ဖူးပါတယ်။ ပတ်ဝန်းကျင်က အထင်သေးစရာ ဖြစ်အောင် သောက်စားမူးယစ်နေတတ်သူ တစ်ယောက်နဲ့ခပ်ငယ်ငယ် ကျောင်းသား ဘဝက ခင်မင်ရင်းနှီးခဲ့တာဖြစ်လို့ (သူ့ရဲ့ လက်ရှိ အခြေအနေကိုလည်း မသိလို့) ရင်းရင်းနှီးနှီး ဆက်ဆံမိတယ်။ အဲဒါကို မြင်သွားတဲ့ လူအချို့က ကျွန်တော့်ကိုပါ အရက် သမားလို့ ထင်မြင်သွားကြတဲ့အကြောင်း။ သူများအကြွေးယူထားပြီး ပြန်မဆပ်တဲ့ လူတစ်ယောက်နဲ့ အတူလိုက်သွားမိလို့ ပွဲရုံတရုတ်တစ်ယောက်က ကျွန်တော့်ကိုပါ ကြမ်းဖိုးသူခိုး တစ်ယောက်လို အော်ငေါက်ခဲ့ပုံ အကြောင်း။ လူကြိုက်မများတဲ့ အယူအဆတွေကို ထုတ်ဖော်လေ့ရှိသူ တစ်ယောက်နဲ့ တတွဲတွဲနေမိလို့ ကျွန်တော်တို့ နှစ်ယောက်စလုံး ဖောက်ပြန်သွားပြီလို့ သံချပ်ထိုးခံရတဲ့အကြောင်းတွေ၊ ဆရာကြီး ဦးဆန်းထွန်း(မန်းတက္ကသိုလ်) က ဖြုတ်သီးနား ရောက်နေတဲ့ ကြက်သွန်ဟာ ဖြုတ်သီးနဲ့ရော အထောင်းခံရတာပဲလို့ ပြောဖူးပုံတွေကို ကျွန်တော် ရေးခဲ့ဖူးတယ်။

## ဘယ်စာတွေကို ကိုးကားသလဲ

ကျွန်တော် သဘောကျတဲ့ အဆိုအမိန့်မှာ လူ တစ်ယောက် ကြိုက်နှစ်သက်တဲ့ စာကိုး တွေ (favourite quotes) ကို ကြည့်ပြီး အဲဒီလူကို အကဲဖြတ်နိုင်တယ်လို့ ဆိုတယ်။ သိပ်မှန်တာပဲလို့ ကျွန်တော်က ထောက်ခံချင်တယ်ဗျ။

စာကိုး စကားကိုးတွေကို အသာထားဦး။ လူတွေ အမှတ်တမဲ့ ပြောပုံဆိုပုံကို ကြည့်ရုံနဲ့တင် အကြမ်းဖျင်း သိသာပါတယ်။ အဲဒီလူရဲ့ အတိမ် အနက်ကို သူ့စကား တွေက လှစ်ဟနေတာပဲ။ စာကိုးစကားကိုးတွေ ပြောရင်တော့ သူ ဘယ်လို စာတွေ ကို ဖတ်ထားသလဲဆိုတာ ပေါ်လာတာပေါ့။ လူတစ်ယောက်ဟာ ဘယ်လိုလူတွေကို ပေါင်းသလဲ ဆိုတာအပြင် ဘယ်လိုစာတွေကို ဖတ်သလဲဆိုတာက သူ့စရိုက် သဘာဝ ကို သာမက သူ့အရည်အချင်းကိုပါ ဖော်ပြနေတယ်လို့ ဆိုနိုင်တယ်။

'ရက်စက်မှ မင်းဖြစ်' ဆိုတဲ့ စကားကို ကိုးကားတဲ့ နိုင်ငံရေးသမားဟာ သူ မင်းဖြစ်ဖို့ ဆိုရင် ရက်စက်ဖို့လည်း ဝန်မလေးဘူးဆိုတဲ့ လူမျိုးဆိုတာ ဖော်ပြနေတာပဲ ပေါ့။

'အုမတောင့်မှ သီလစောင့်နိုင်မယ်' လို့ ကိုးကား သူဟာ အုမမတောင့်ရင် သီလ မစောင့်နိုင်ဘူး။ အုမ တောင့်အောင်(မိမိ တစ်ကိုယ်ရည် ချမ်းသာအောင်) အရင် လုပ်ဦးမယ်လို့ ဆိုလိုရာ ရောက်မသွားနိုင်ဘူးလား။

တချို့လူတွေက အပြောအဆို အလွန်ရိုင်းစိုင်းတယ်။ ပါးစပ်ကြမ်းရုံမက လက်ပါ ပါသူတွေလည်း တွေ့ဖူးတယ်။ မြန်မာရှေးလူကြီးများ ဆိုရိုးစကားမှာ 'အဖယုတ်က ကိုယ်အမူအရာ ကြမ်းတမ်းသည်၊ အမိယုတ်က နှုတ်အမူအရာ ကြမ်းတမ်းသည်'လို့ အဆို ရှိတယ်ဗျ။

ဖဆပလခေတ်က အာဏာရ နိုင်ငံရေးသမား အချို့အကြောင်း စာဖတ်သူများ လည်း ဖတ်ဖူး၊ ကြားဖူးကြမှာပါ။ နယ်စားပယ်စားတွေလို ကိုယ့်အပိုင်နယ်တွေမှာ လက်သတ်မွေး တပည့်လူမိုက်တွေနဲ့ အနိုင်ကျင့် စိုးမိုးချယ်လှယ်နေကြတာ၊ မိမိကို ယှဉ်ပြိုင်လာတဲ့ နိုင်ငံရေး ပြိုင်ဖက်တွေကို အသက် အန္တရာယ်ပေးသည်အထိ ရန်ပြုတာ၊ အဲဒီခေတ်က ထုတ်ဝေတဲ့ သတင်း ,တွေမှာ စာလုံးမည်းကြီး တွေနဲ့ ပါခဲ့ တာပဲဗျ။

သူတို့ရဲ့ ပြင်းပြတဲ့ အဓိကဆန္ဒကတော့ အနိုင်ရလိုခြင်းပါပဲ။ ဘယ်လိုနည်းနဲ့ပဲ ဖြစ်စေ၊ နိုင်ကို နိုင်ရမယ်ဆိုတဲ့ စိတ်ဇောက ပြင်းထန်လွန်းလှတယ်။ အနိုင်ရဖို့ဆိုရင် ဘာပဲလုပ်ရလုပ်ရဆိုတဲ့ လူတွေဟာ ပြည်သူလူထုရဲ့ တစ်ခဲနက် တွန်းလှန်မှုကြောင့် နောက်ဆုံးတော့ အရှုံးနဲ့ ရင်ဆိုင်ခဲ့ကြရတာပဲ မဟုတ်လားဗျာ။

အဲသလို ကြုံရရင်လည်း 'နိုင်ငံရေးသမား တစ်ယောက်အဖို့ ရင့်ကျက်တဲ့ နိုင်ငံ့ပြုခေါင်းဆောင် အမြန်ဆုံး ဖြစ်လာစေတဲ့နည်းကတော့ ရွေးကောက်ပွဲ တစ်ပွဲ လောက် ရှုံးဖူးခြင်းပါပဲ' (The fastest way for a politician to become an elder statesman is to lose an election. - Earl Wilson)လို့ နှလုံး သွင်းတတ်ရင် အရှုံးထဲက အမြတ်ထွက်လာနိုင်ကြောင်းပါဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်**

*၇၊ အောက်တိုဘာ၊ ၂၀၁၀။*

*အတွဲ ၁၊ အမှတ် ၁၄။*

○

# ဖါတီတို့ရဲ့ သဘောသဘာဝ

ဂျပန်နိုင်ငံမှာ မနှစ်က ဩဂုတ်လကုန်က ကျင်းပခဲ့တဲ့ အထွေထွေ ရွေးကောက်ပွဲမှာ အာဏာရ လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ (အယ်လ်ဒီပီ) ပါတီ ရှုံးသွားပြီး အတိုက်အခံ ဒီမိုကရက်တစ်ပါတီ ဂျပန်ပြည် (ဒီပီဂျေ) က အနိုင်ရလို့ ခုဆိုရင် ဒီပီဂျေအစိုးရ တက်နေတာ တစ်နှစ်ကျော်သွားပြီဗျ။

အယ်လ်ဒီပီပါတီ မဲရှုံးခဲ့ရတဲ့အတွက် ပါတီ ခေါင်းဆောင် ဝန်ကြီးချုပ် တာရိုအာဆို ခေါင်းဆောင် နေရာကနေ နုတ်ထွက်သွားတယ်။ ခေါင်းဆောင်သစ် တာနီဂါကီက ဆက်လက် တာဝန်ယူနေတယ်။

အာဏာရပါတီ ဒီပီဂျေကလည်း ပထမဝန်ကြီးချုပ် ဟာတိုးယားမ တစ်နှစ်မပြည့်ခင် ထွက်ရပြီး နောက်ဝန်ကြီးချုပ်သစ် နာအိုတိုကန် တာဝန်ယူနေတယ်။

နှစ်ပေါင်း ငါးဆယ်ကျော် အာဏာမြဲခဲ့တဲ့ အယ်လ် ဒီပီဟာ မနှစ်က ရွေးကောက်ပွဲမှာ မဲရှုံးတော့မယ်ဆိုတာ ကြိုတင်ခန့်မှန်းထားပြီးသားပါ။ တကယ်ရှုံးတော့လည်း ကြည် ကြည်သာသာ အာဏာလွှဲပေးလိုက်တာပါပဲ။ အခု သူတို့ရှုံးရတဲ့ အကြောင်းတွေကို ပြန်လည်သုံးသပ်ပြီး ပြည်သူကြားမှာ စည်းရုံးရေး ပြန်လုပ်နေတယ်ဗျ။

## အရှုံးကို လက်မခံချင်တဲ့ အကျင့်

ထွန်တော်တို့ဆီမှာ ၁၉၅၆ ရွေးကောက်ပွဲတုန်းက ဖဆပလနဲ့ အတိုက်အခံ ပမညတ အဓိက ယှဉ်ပြိုင်ခဲ့ကြတယ်။ ဖဆပလက အပြတ်အသတ်နိုင်ပါတယ်။ သို့ပေမဲ့

အတိုက်အခံ ပမညတက အမတ်နေရာ ၄၄ နေရာ နိုင်ခဲ့တယ်။ မဲကလည်း စုစုပေါင်း တွက်လိုက်ရင် ဖဆပလက မဲတစ်သန်းကျော်ပဲ ဖြတ်နိုင် ခဲ့တယ်။ အဲဒါကို မကျေမနပ် ဖြစ်ကြတယ်။ ပမညတ အမတ်နေရာ သည်လောက်တက်လာတာ တောတွင်း သူပုန်တွေက ခြိမ်းခြောက် မဲထည့်ခိုင်းလို့ ဖြစ်ရတာဆိုပြီး လက်ညှိုးထိုးတယ်။ ကိုယ့်အားနည်းချက် ကိုယ့် ချွတ်ယွင်းချက်ကို ပြန်လည်သုံးသပ်ဖို့ မစဉ်းစားဘူး။ ပြိုင်ဘက်ကိုပဲ အပြစ်ဖို့ချင်ခဲ့ကြတယ်ဗျ။

နောက်တစ်ခါ သန့်ရှင်း တည်မြဲ ကွဲပြီးနောက် ပါလီမန်မှာ မဲခွဲ၊ တည်မြဲတွေ မဲရှုံးတော့ ဦးနုအစိုးရဟာ သုံးလနဲ့ ၁၇ ရက်ပဲ ကြာလိုက်တယ်။ ဗိုလ်ချုပ်နေဝင်း လက်ထဲ အာဏာအပ်လိုက်ရတယ်။ သို့ပေမယ့် ၁၉၆၀ ရွေးကောက်ပွဲကျတော့ ဦးနုပဲ ပြန်နိုင်တယ်။ အဲဒီတော့လည်း မဲရှုံးတဲ့ တည်မြဲတွေက ဘာပြောလဲ။ သောင်းကျန်း သူတွေက လက်နက်နဲ့ ခြိမ်းခြောက်ပြီး ဦးနုဘက်ကို မဲထည့်ခိုင်းလို့ သူတို့ နိုင်သွားတာလို့ ပြောပြန်တယ်။ တကယ်ကတော့ တည်မြဲဘက်ကို မဲထည့်ဖို့ အာဏာသုံး ခြိမ်းခြောက်မှု တွေကသာ ပိုများခဲ့တာပါ။

## အာဏာကို လက်မလွှတ်ချင်ကြလို့

ကျွန်တော်ပြောချင်တာက ရွေးကောက်ပွဲတွေမှာ နိုင်ငံရေးပါတီတွေဟာ အရှုံးကို ကျေကျေနပ်နပ် လက်ခံဖို့ အလွန် ဝန်လေးတတ်ကြတာကို ပြောချင်တာ ဖြစ်ပါတယ်။ ရှုံးမဲ့ခံကြတာ များပါတယ်။ အထူးသဖြင့် အာဏာရပါတီတွေဟာ ဆတ်ဆတ်ထိမခံနိုင် ကြဘူး။ အာဏာကို လက်မလွှတ်ချင်ကြဘူး။ နည်းမျိုးစုံနဲ့ အနိုင်ယူတတ်ကြတယ်။ ဒါကြောင့်လည်း ဇင်ဘာဘွေတို့၊ ကင်ညာတို့၊ အာဖဂန်နစ္စတန်တို့မှာ မဲလိမ် မဲခိုးမှုတွေ ဟိုးလေးတကျော် ဖြစ်ခဲ့တာပဲဗျ။

အခု ဂျပန်နိုင်ငံမှာ အာဏာလက်လွှတ်လိုက်ရတဲ့ အယ်လ်ဒီပီပါတီက မဲရှုံးပြီးချိန်မှာ ပါတီကို ပြန်လည်တည်ဆောက်ရေး လုပ်နေတာကို ဂျပန်နိုင်ငံရေး ကျွမ်းကျင်သူ တစ်ယောက်ဖြစ်တဲ့ တိုဘီယပ် ဟဲရစ္စက စောင့်ကြည့် လေ့လာရေးသားထားတာကို www.observingjapan.com မှာ ဖတ်လိုက်ရလို့ တစ်ဆင့် ဖောက်သည်ချလိုက် ပါရစေ။

## တိုးတက်အောင် ဘာလုပ်မလဲ

ဟဲရစ္စရဲ့အလိုအရ အတိုက်အခံ နိုင်ငံရေးပါတီဖြစ်ခဲ့တဲ့ ဒီပီဂျေဟာ သင်္ကေတ နိုင်ငံရေး (symbolic politics) ကို ရှောင်လွှဲခဲ့တယ်။ ခေါင်းဆောင် အိုဇာဝ တာဝန်ယူခဲ့စဉ် ကတည်းက ဒီပီဂျေဟာ ဂျပန်ပြည်သူတွေရဲ့ဘဝအခြေအနေတွေကို လေ့လာတယ်။



ပြည်သူ အများစုကြီးရဲ့ ဘဝတိုးတက်ရေးအတွက် ဘာတွေလုပ်ရင် ကောင်းမလဲ ဆိုတာကို အဓိကအာရုံစိုက်လေ့လာတယ်။ ခေါင်းဆောင် ဟာတိုးယာမ လက်ထက် ကျတော့ ဒီပီဂျေဟာ ပြည်သူ့ဘဝကို ပိုပြီး ထိတွေ့မိနေပြီ။ ပြည်သူတွေ ခံစားသလို ဒီပီဂျေက ခံစားတတ်နေပြီ။ လက်ဝဲ စကားလုံးနဲ့ပြောရင် ဒီပီဂျေဟာ ဂျပန်ပြည်သူ တွေနဲ့ တစ်သားတည်း ဖြစ်လာခဲ့တယ်။

## ကိုယ်ကောင်း သူမကောင်း

အဲဒီအချိန် တစ်လျှောက်လုံးမှာ အာဏာရ အယ်လ်ဒီပီက ဘာတွေလုပ်ခဲ့သလဲ။ ကိုယ်တွေက ကောင်းတယ်။ သူတွေက မကောင်းဘူး ဆိုတာကိုချည်း ပြောနေခဲ့တယ်။ သင်္ကေတနိုင်ငံရေး (symbolic politics) ဆိုတာ ကိုယ့်ပါတီ ဘယ်လောက် ကောင်းတယ် ဆိုတာချည်း ကြော်ငြာမောင်းခတ်နေတဲ့ အလုပ်ပဲလို့ အဲသည် စကားလုံး ကို တီထွင် သုံးနှုန်းခဲ့တဲ့ ပါမောက္ခ မာရေးအက်ဒဲလ်မန်း (Murray Edelman) က ပြောပါတယ်။ အက်ဒဲလ်မန်းဟာ အီလီနွိုင်း တက္ကသိုလ်က နိုင်ငံရေးသိပ္ပံ ပါမောက္ခ ဖြစ်ပါတယ်။ ၁၉၆၇ က ထုတ်ဝေခဲ့တဲ့ သူ့ရဲ့ The Symbolic Uses of Politics စာအုပ်မှာ စတင်အသုံးပြုခဲ့ရာက သည်စကားလုံးကို နိုင်ငံရေးနယ်ပယ်မှာ လက်ခံ သုံးစွဲခဲ့ကြတာ ဖြစ်ပါတယ်။

## ပြိုင်ဘက်ညံ့တာကို လျှောက်ပြောနေ

အယ်လ်ဒီပီဟာ ရွေးကောက်ပွဲမှာ အဓိကထားပြီး မဲဆွယ်ပုံက ဒီပီဂျေဟာ လက်ဝဲ ဝါဒကို လက်ခံသူတွေ ဖြစ်တယ်၊ ဂျပန် နိုင်ငံကို ကာကွယ်နိုင်မှာ မဟုတ်ဘူး၊ အစိုးရ သစ်ရသူတွေ မဟုတ်ဘူး ဆိုတာမျိုးတွေ ကိုပဲ ပြောတယ်။ တကယ်က မိမိ ဘယ်လောက် ကောင်းတယ် ဆိုတာကိုတောင် မပြောနိုင်ဘဲ မိမိရဲ့ပြိုင်ဘက် ဘယ်လောက်ညံ့တယ် ဆိုတာတွေကို လျှောက်ပြောနေခဲ့တာ ဖြစ်ပါတယ်။

## ပြည်သူတွေ ပူပန်တာက

ဂျပန်မဲဆန္ဒရှင်ပြည်သူတွေက အယ်လ်ဒီပီထောက်ပြတဲ့ အန္တရာယ်ဆိုတာတွေကို အန္တရာယ်လို့ မမြင်ဘူး။ သူတို့ စိုးရိမ်ကြောင့်ကြနေတာက ဂျပန်စီးပွားရေး သည့်ထက် ကျဆင်းသွားရင် သူတို့ အလုပ်ပြုတ်မယ်၊ ပင်စင်ခံစားခွင့်တွေ နစ်နာမယ်။ အဲဒါကိုပဲ အဓိက ပူပန်နေကြတာပါ။

အယ်လ်ဒီပီ နောက်ရွေးကောက်ပွဲတွေမှာ ပြန်လည်အနိုင်ရဖို့ဆိုရင် symbolic politics ကနေ လက်တွေ့နိုင်ငံရေး (practical politics) ကို ပြောင်းလဲ ကျင့်သုံး

ရလိမ့်မယ်လို့ လေ့လာသူ ဟဲရစ္စက ရေးတယ်ဗျာ။ လက်တွေ့နိုင်ငံရေးဆိုတာ ပြည်သူတွေ လတ်တလောကြုံတွေ့နေရတဲ့ အခက်အခဲ ပြဿနာ တွေကို ဒီပီဂျေတို့ လုပ်ခဲ့သလို အတွင်းကျကျလေ့လာပြီး ဖြေရှင်းတဲ့ နည်းလမ်းရှာပေးဖို့ပဲဗျ။

လောလောဆယ်မှာတော့ ဒီပီဂျေဟာ အာဏာ ကုလားထိုင်မှာ အတော်ကြာကြာထိုင်နေနိုင်ဦးမယ့် အလားအလာရှိသတဲ့။ အယ်လ်ဒီပီဟာ ရင့်ကျက်သော အတိုက်အခံဘဝမှာ ကာလတစ်ခုတော့ နေရပေဦး မယ်လို့ တိုဘိုယပ်ဟဲရစ္စက ခန့်မှန်းထားကြောင်းပါဗျာ။

*Ref: www.observingjapan.com*

**ပြည်သူ့ခေတ်ဂျာနယ်**

*၁၄၊ အောက်တိုဘာ၊ ၂၀၁၀။*

*အတွဲ ၁၊ အမှတ် ၁၅။*

○

# ခေါင်းဆောင်မှုကောင်းခြင်းနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး

ပြီးခဲ့တဲ့ နှစ်နှစ်လောက်က စင်ကာပူအစိုးရ ရုပ်သံ (CNA) မှာ လီကွမ်းယူနဲ့ လူငယ်သတင်းထောက် ဆယ်ယောက်လောက် အင်တာဗျူးလုပ်တာကို သီးသန့်အစီအစဉ်အနေနဲ့ ထုတ်လွှင့်ပေးတာ ကျွန်တော် ကြည့်လိုက်ရတယ်။ အသက် ၂၅ နှစ်အောက် လူငယ်သတင်းထောက်တွေကို ခေါင်းဆောင်ကြီးနဲ့ ဒူးတိုက်မေးမြန်းခွင့်ပေးတဲ့ အစီအစဉ်ပါ။

ထူးခြားတာက သတင်းထောက်လူငယ် အမျိုးသား၊ အမျိုးသမီးလေးတွေဟာ အင်္ဂလိပ်လို သွက်လက်ချက်ချာစွာ ပြောနိုင်ကြတယ်။ ပြီးတော့ သူတို့ဆီက နံပါတ်ဝမ်းဆိုတဲ့ ပုဂ္ဂိုလ်ကြီးနဲ့ ပြောဆိုမေးမြန်းရာမှာ ရွံ့တာ ကြောက်တာ လုံးဝမရှိဘဲ (မလေးမစားမောမခန့်ပုံစံလည်း လုံးဝမပါဘဲ) ဆက်ဆံသွားကြတာကို ကြည့်လိုက်ရတာပဲဗျ။

အသက် ၂၂ နှစ်အရွယ် သတင်းထောက်ကလေး တစ်ယောက်ကမေးတယ်။ 'မစ္စတာလီကွမ်းယူ ခင်ဗျာ။ ခင်ဗျားက စင်ကာပူမှာ လူငယ်ခေါင်းဆောင် မျိုးဆက်တွေမွေးထုတ်ရမယ် ပြောတယ်။ အခု ခင်ဗျားတို့က အနားမယူဘဲ ဆက်လုပ်နေကြတော့ လူငယ်မျိုးဆက်တွေ ကိုယ်ပိုင် ခေါင်းဆောင်မှုစွမ်းရည် ပြနိုင်ပါ့မလား။ ဘာဖြစ်လို့ ခင်ဗျားတို့က ဆက်ပြီးတာဝန်ယူနေကြသလဲ'

ဒီလိုမေးခွန်းမျိုးကို လီကွမ်းယူကြီးက ဘယ်လို တုံ့ပြန်တယ် ထင်သလဲ။ အဘိုးတစ်ယောက်က မြေးလေးကို ပြန်ရှင်းပြတဲ့ အမူအရာမျိုးနဲ့ ပြန်ပြောတယ်ဗျာ။

'ဘာလဲ၊ မင်းက ငါ့ကို အနားယူစေချင်ပြီလား'

သတင်းထောက်က -

'အနားယူစေချင်လို့မေးတာ မဟုတ်ပါဘူး။ ခင်ဗျားတို့ ဘာကြောင့် အနားမယူဘဲ ဆက်လုပ်နေကြသလဲလို့ မေးတာ'

'ဘာကြောင့်လဲဆိုတော့ အတွေ့အကြုံရှိသူတွေနဲ့ အတွေ့အကြုံ မရှိသေးသူတွေ ပူးတွဲ အလုပ်လုပ်တာ အကောင်းဆုံး လေ့လာသင်ကြားနည်း ဖြစ်လို့ပေါ့၊ အတွေ့အကြုံရှိသူတွေက အကြံဉာဏ်ပေးပြီး ကူညီနိုင်သေးတာပဲ၊ ဒါဟာ တိုင်းပြည်အတွက် လုပ်သင့်တယ်ထင်လို့ ဆက်လုပ်ပေးနေတာကွ'

## နှစ်နိုင်ငံ ယှဉ်ကြည့်စရာ

ခေါင်းဆောင်မှုအကြောင်း ဆက်ပြီး အတွေးဆန့်တဲ့အခါ ပြီးခဲ့တဲ့ ဆယ်စုနှစ်အတွင်း ထင်သာမြင်သာ အဖြစ်ဆုံး နိုင်ငံနှစ်ခုကို ယှဉ်ကြည့်မိပါတယ်။ တခြား မဟုတ်ပါဘူး။ အာဖရိကတိုက်က ဇင်ဘာဘွေနိုင်ငံနဲ့ တောင်အမေရိကတိုက်က ဘရာဇီးနိုင်ငံတို့ပါပဲ။

ဇင်ဘာဘွေက နိုင်ငံရေး မတည်ငြိမ်မှုကြောင့် စီးပွားပျက်နေတဲ့ နိုင်ငံ။ နဂိုက ငွေဖောင်းပွမှုနှုန်း ၁၆၅,၀၀၀ ရာခိုင်နှုန်းရှိနေရာကနေ ၂၀၀၈ ခုနှစ် သမ္မတ ရွေးကောက်ပွဲ နောက်ပိုင်း နိုင်ငံရေး ပဋိပက္ခတွေကြောင့် ငွေဖောင်းပွနှုန်းဟာ ၂ ဒသမ ၂ သန်း ရာခိုင်နှုန်းအထိ မြင့်တက်သွားခဲ့တယ်။ အဲဒီနောက် ဇင်ဘာဘွေ ဗဟိုဘဏ်က ဒေါ်လာ ဘီလျံ ၁၀၀ တန် ငွေစက္ကူ ထုတ်ဝေလိုက်သေးတယ်။ အရင်ကလည်းဒေါ်လာသန်း ၅၀ တန်၊ ဒေါ်လာသန်း ၁၀၀ တန်၊ ဒေါ်လာ သန်း ၂၅၀ တန်၊ ဒေါ်လာ ၁၀ သန်းတန်တွေ တစ်မျိုးပြီးတစ်မျိုးထုတ်၊ နောက်တော့ ဒေါ်လာ ၂၅ ဘီလျံ တန်၊ ဒေါ်လာ ၅၀ ဘီလျံတန်တွေ ထုတ်ခဲ့တယ်။ ရှာမှရှားတဲ့ ကမ္ဘာ့ရှားနိုင်ငံ အစစ်ပါပဲဗျာ။

ဇင်ဘာဘွေ သမ္မတ မူဂါဘီနဲ့ အတိုက်အခံ ခေါင်းဆောင် မော်ဂန်ရှန်ဂရိုင်းတို့ အာဏာခွဲဝေ အစိုးရဖွဲ့ပြီး တိုင်းပြည် ပြန်လည် ထူထောင်ရေးကို ကြိုးစားနေကြတုန်းပဲ။ ခုထိတော့ ဇင်ဘာဘွေဟာ ဆင်းရဲ စုတ်ချာ နေဆဲ ဖြစ်ပါတယ်။

## ပီလီတို့၊ ရော်နယ်လ်ဒီုတို့ရဲ့ နိုင်ငံ

တစ်ချိန်တည်းမှာ ကမ္ဘာကျော် ဘောလုံးသမားကြီး ပီလီကစလို့ ကဖူး၊ ဒီဒါ၊ ကာကာ၊ ရီဗာလ်ဒို၊ ရော်ဘာတို၊ ရော်နယ်လ်ဒို၊ ရော်နယ်ဒင်ဟိုတို့လို ဘောလုံးအကျော် အမော်တွေထွက်တဲ့ ဘရာဇီးနိုင်ငံဟာ ဆယ်စုနှစ်တစ်ခုအတွင်းမှာ တရိပ်ရိပ် တိုးတက်လာနေခဲ့တယ်။ သမ္မတ လူလာဒါဆေးလ်ဗားရဲ့ဦးဆောင်မှုနဲ့ ငွေဖောင်းပွမှုကို တားဆီးနိုင်ခဲ့ပြီး တိုင်းပြည် စီးပွားရေးတိုးတက်အောင် အားပေးနိုင်ခဲ့တယ်။ နိုင်ငံရေးတည်ငြိမ်မှုလည်း ထိန်းထား နိုင်တယ်။



၂၀၀၇ ခုနှစ် နှစ်ချုပ် နယူးစ်ဝိခ်မဂ္ဂဇင်းမှာပါရှိတဲ့ သုံးသပ်ချက်တစ်ခုမှာ တိုင်းပြည် ဖွံ့ဖြိုးရေး အကောင်းဆုံး စံနမူနာဟာ ဘရာဇီးနိုင်ငံပဲ ဖြစ်တယ်လို့ ဖော်ပြခဲ့တယ်ဗျ။

ဘရာဇီးဗဟိုဘဏ် ဥက္ကဋ္ဌ ဟိန်းရစ်မေရဲလ်ကို နယူးစ်ဝိခ်မဂ္ဂဇင်းက အင်တာဗျူးလုပ်ပြီး သုံးနှစ်အတွင်း ငွေဖောင်းပွမှု တစ်ရာခိုင်နှုန်းအောက်ပဲ ရှိနေအောင် ဘယ်လို ထိန်းထားခဲ့နိုင်သလဲလို့ တအံ့တဩ လေ့လာစုံစမ်းခဲ့တာ ဖတ်လိုက်ရတယ်။ သူဟာ ကမ္ဘာက နမူနာ ယူစရာဖြစ်အောင် ဘရာဇီး ငွေကြေးတန်ဖိုးကို ထိန်းပေး နိုင်ခဲ့သူဖြစ်လို့ Inflation Tamer လို့တောင် တင်စား ဂုဏ်ပြုခံရသူ ဖြစ်ပါတယ်။

## လူလတ်တန်းစား တိုးပွား

ဘရာဇီးနိုင်ငံသားတွေရဲ့ ဝင်ငွေနဲ့ စားဝတ်နေရေး အခြေအနေကို Cetelem ဆိုတဲ့ စားသုံးသူ သုတေသနအဖွဲ့ တစ်ဖွဲ့က စီးပွားရေး စစ်တမ်းကောက်တဲ့အခါ အဆင့် ငါးဆင့်ခွဲပြီး လေ့လာခဲ့သတဲ့။ Class C က လူလတ်တန်းစား။ D နဲ့ E ကတော့ လူလတ်တန်းစား အောက်အဆင့်နဲ့ ဆင်းရဲသားတွေ။ A နဲ့ B က ရေပေါ်ဆီ လူချမ်းသာများနဲ့ လူလတ်တန်းစား အထက်လွှာ။ တိုင်းပြည် တစ်ပြည်မှာ သိပ်ပြီးချမ်းသာသူတွေနဲ့ သိပ်ပြီးဆင်းရဲသူတွေ မများဘဲ လူလတ်တန်းစားတွေ များလာမှ ဖွံ့ဖြိုးတယ်လို့ ဆိုနိုင်တယ် မဟုတ်လား။ ဘရာဇီးက နှစ်စဉ် လူလတ်တန်းစားဦးရေ တိုးတိုးလာသတဲ့။ ပြီးခဲ့တဲ့ နှစ်နှစ် အတွင်း class C လူလတ်တန်းစား ၂၃ သန်း တိုးလာတယ်ဆိုတော့ ကျွန်ုပ်စရာပေါ့ဗျာ။

ဘရာဇီးနိုင်ငံမှာ လူလတ်တန်းစားကို ဝင်ငွေ အတိုင်းအတာနဲ့ သတ်မှတ်ချက် ရှိတယ်။ တစ်လကို ဘရာဇီးငွေ ရီးအစ် ၇၂၆ ကနေ ၁၁၉၅ အတွင်း ဝင်ငွေ ရှိတဲ့ အိမ်ထောင်စုကို class C လူလတ်တန်းစားလို့ ဆိုတယ်ဗျ။ အမေရိကန် ဒေါ်လာ ၄၇၀ ကနေ ၉၂၀ အတွင်းပေါ့ဗျာ။ လူလတ်တန်းစားလက္ခဏာပြ လူနေမှု စတိုင်က တီဗွီရှိမယ်၊ ဒီဗွီဒီပလေယာရှိမယ်၊ မိုက်ကရိုဝေ့ဖ် ရှိမယ်၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက် စတဲ့ အသုံးအဆောင်တွေရှိမယ်၊ အဲဒါတွေကို အရစ်ကျစနစ်နဲ့ ပေးချေပြီး ဝယ်သုံးနိုင်တယ်။ ပြီးတော့ ကြွေးဝယ်ကတ် (ခရက်ဒစ်ကတ်) သုံးနိုင်မယ်တဲ့ဗျာ။ ဘရာဇီးမှာ ၂၀၀၂ ကနေ ၂၀၀၆ အတွင်း ခရက်ဒစ်ကတ် သုံးစွဲသူဦးရေဟာ ၉၁ ရာခိုင်နှုန်း တိုးလာသတဲ့။ တစ်ဦးချင်း အကြွေးဝယ်တဲ့ ပမာဏဟာ ဂျီဒီပီရဲ့ ၁၂ ဒသမ ၃ ရာခိုင်နှုန်း ရှိတယ်။ အမေရိကန်မှာ တစ်ဦးချင်း အကြွေးဝယ်တဲ့ ပမာဏဟာ ဂျီဒီပီရဲ့ ၁၈ ရာခိုင်နှုန်းရှိတယ် ဆိုတော့ ဘရာဇီးဟာ အမေရိကန်တွေ နီးပါး သုံးနိုင်ဖြုန်းနိုင်နေပြီလို့ ပြောနိုင်တယ်ဗျ။

## လေးတန်းပဲ အောင်ခဲ့သူ

ဘရာဇီး အဲသလို ဖြစ်လာခြင်းရဲ့ အဓိကအချက်က ဘာလဲလို့ သတ္တုချကြည့်တော့ ခေါင်းဆောင်မှုကြောင့်ပါပဲလို့ နယူးစ်ဝိခ်မဂ္ဂဇင်းကို ဗဟိုဘဏ်ဥက္ကဋ္ဌ ဟိန်းရစ် မေရဲလ်က ပြောလိုက်သတဲ့။ သမ္မတကြီး လူလာဒါဆေးလ်ဗားဟာ အတန်းပညာအားဖြင့် လေးတန်းပဲ အောင်ပါ တယ်။ အလုပ်သမားသမဂ္ဂ ခေါင်းဆောင်ဘဝကနေ ပြည်သူလူထု တိုက်ရိုက်ဆန္ဒမဲဖြင့် သမ္မတ ရွေးကောက်ခံခဲ့ရသူ ဖြစ်တယ်။ ၂၀၀၂ ခုနှစ်နဲ့ ၂၀၀၆ ခုနှစ် ရွေးကောက်ပွဲများမှာ ဆက်တိုက် ရွေးကောက် တင်မြှောက်ခံရသူ ဖြစ်တယ်။ နိုင်ငံရေးမှာ သန့်ရှင်းသလို စီးပွားရေးမှာ အမြော်အမြင် ကြီးတယ်။ ငွေကြေးတည်ငြိမ်မှုဟာ နိုင်ငံစီးပွားရေး တည်ငြိမ်မှုရဲ့ အသက်သွေးကြောပဲ ဆိုတာ သူနားလည်တယ်။ သူ့ အတော်ဆုံးကတော့ လက်ရှိ ဗဟိုဘဏ်ဥက္ကဋ္ဌကဲ့သို့သော ငွေကြေးနဲ့ စီးပွားရေး ပါရဂူတွေကို လူမှန် နေရာမှန် တာဝန် ပေးတတ်တာပဲလို့ ဆိုကြောင်းပါဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်**

*၂၁၊ အောက်တိုဘာ၊ ၂၀၁၀။*

*အတွဲ ၁၊ အမှတ် ၁၆။*

○

## မျှော်သလိုသာနေ ကိုယ့်လူရေ

ကမ္ဘာတစ်ဝန်းလုံး စီးပွားရေး အခြေအနေ မကောင်းတဲ့ အကြောင်းတွေ ဖတ်မိကြားမိသမျှ ပြောဆိုကြရင်း မိတ်ဆွေ တစ်ယောက်က 'ကျွန်တော်တို့ရဲ့သားသမီးလေးတွေ လူလား မြောက်ပြီး အိမ်ထောင်ရက်သားတွေကျ၊ ကျွန်တော်တို့မှာ မြေးတွေရလာတဲ့ အခုအချိန်အထိ တိုင်းပြည်စီးပွားရေးကလည်း ဖွံ့ဖြိုးတဲ့အဆင့်ကို မရောက်သေးဘူး။ ဒလိုဘာယ်စီးပွားရေး အကျပ်အတည်းကြီးနဲ့မှ ရင်ဆိုင်လာရတာ စိတ်မကောင်းဘူး။ သို့ပေမဲ့ တစ်ဖက်က ကြည့်ပြန်တော့လည်း သူတို့လေးတွေကို ဘဝဆိုတာ ရေဆန်လေဆန်သွားရတဲ့ အချိန်အခါတွေလည်း ရှိပါလားလို့ သတိပေးလိုက်သလိုဖြစ်လို့ အညလို ဘဝမုန်တိုင်း တွေနဲ့ ကြုံရတဲ့အခါ ပြိုလဲကျမသွားဘဲ ကြံ့ကြံ့ခံရပ်တည်နေနိုင်ဖို့ သင်ခန်းစာပေးသလိုပဲလို့ သဘောထားရမှာပေါ့ဗျာ' လို့ ပြောပါတယ်။

အဲဒီမိတ်ဆွေဟာ ကျောင်းတုန်းက အလံနီအင်အားစုနဲ့ နီးစပ်သူဖြစ်ပြီး အစွန်းရောက် အတွေးအခေါ်တွေ ပြောတတ် ဆိုတတ်သူအဖြစ် ကျွန်တော်တို့က သိထားတယ်။ အခု အသက် ၆၀ ကျော် လာကြတော့လည်း စိတ်ထားတွေ ပြောင်းလဲကုန်ပြီပေါ့လို့ တွေးမိပါတယ်။

'ခင်ဗျားစကားတွေက တရားစကားလိုလို အားပေး စကားလိုလို ထူးခြားနေပါလားဗျ။ ခင်ဗျားကို ပြင်းထန်တဲ့ အယူအဆရှိသူလို့ထင်ခဲ့တာ ခုတော့လည်း ပြင်လွယ် ပြောင်းလွယ် flexible ဖြစ်သားပဲ' လို့ ဆွပေးလိုက်တော့

မိတ်ဆွေက

'တိုးတက်တဲ့ အယူအဆရှိတယ်ဆိုတာ flexible ဖြစ်တာကို ပြောတာဗျ။ ခင်ဗျားက တိုးတက်သူဆိုရင် radical ချည်းပဲ ထင်နေလို့လား။ မဟုတ်ဘူးဗျ။ ဒီခေတ်မှာ radical တွေကို terrorist တွေလို့တောင် သတ်မှတ်နေကြပြီလေ။ အခု ကျွန်တော်တို့ပြောနေတဲ့ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအကျပ် အတည်း ပြဿနာဆိုရင် radical တွေလည်း ဘာမှမတတ်နိုင်ဘူး။ တော်လှန်ပြောင်းလဲရေးလုပ်လို့ မရဘူး။ ဒီလိုတွေ ဖြစ်ကုန်ရတာ အရင်းရှင် စီးပွားရေးစနစ်ကြောင့် ဖြစ်ရတာ။ ဘဏ်တွေသိမ်းကြ၊ ကုမ္ပဏီကြီးတွေသိမ်းကြဆိုပြီး စွတ်လုပ် လို့ကတော့ အမေရိကန်လို တိုင်းပြည်တောင် အယ်လ်ဒီစီ ဖြစ်သွားမယ်။ သည်လိုအခြေအနေမျိုးမှာ ဘာသာရေး အဆုံး အမစကားနဲ့ ဆိုရင် ယောနိသော မနသိကာရဖြစ်ဖို့ပဲ လိုတယ်။ Flexible ဖြစ်ရမယ်ဆိုတာနဲ့ နီးစပ်တာပေါ့။ လူတွေရဲ့ စိတ်ချမ်းသာ ပျော်ရွှင်မှုဆိုတာ ကြုံတွေ့လာရတဲ့ အခြေအနေနဲ့ လိုက်လျော ညီထွေအသင့်အတင့် နှလုံးသွင်းတတ်တဲ့အပေါ်မှာ တည်တယ် ဗျ'လို့ ပြန်ပြောတယ်။ သည်လို သဘောထားရှိရင်ဖြင့် ဆက် စကားပြောလို့ ဖြစ်ပြီလို့ ယူဆပြီး ကျွန်တော်က -

'စိတ်ချမ်းသာ ပျော်ရွှင်မှုဆိုလို့ အမေရိကန်က စီးပွားရေး လုပ်ငန်းနဲ့ အစိုးရ လုပ်ငန်းပညာ ပါမောက္ခ အာသာစီဘရွတ်ရဲ့ စိတ်ချမ်းသာပျော်ရွှင်မှုဆိုင်ရာ ရေးသားချက် တွေ ဖတ်ဖူးတယ်၊ ကျွန်တော် မှတ်ထားတာလေး တချို့ပြောပြမယ်၊ နားထောင်မလား'

'နားထောင်ချင်ပါတယ်ဗျာ၊ စိတ်ချမ်းသာ ပျော်ရွှင်မှု အကြောင်းတွေ သိရတော့ ကိုယ်လည်း ပျော်ရွှင်အောင် ဘယ်လိုနေရမလဲ သိရတာပေါ့'

'ဒီလိုဗျ၊ ပါမောက္ခ ဘရွတ်က အမေရိကန် ပြည်ထောင်စု ကို စတင်တည်ထောင်ခဲ့တဲ့ ဘိုးဘွားတွေဟာ စီးပွားတောင့်တင်း၊ ချမ်းသာရေးနဲ့ အင်အားကြီးနိုင်ငံဖြစ်ရေး ဆိုတာကို ထည့်သွင်း စဉ်းစားခဲ့တာတောင် မရှိခဲ့ဘူးတဲ့။ သူတို့လိုချင်တာက ပြည်သူ အားလုံး စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာကြဖို့ပါပဲလို့ ရေးထားတာ စိတ်ဝင်စားစရာ ကောင်းတယ်'

'အဲဒါ အမှန်ပဲပေါ့ဗျာ၊ ပိုက်ဆံတွေ ပေါနေပေမယ့် စိတ်ဆင်းရဲနေရရင် ဘယ်လိုလုပ် ချမ်းသာတယ် ပြောနိုင်တော့မှာလဲ၊ ဟိုတစ်လောက ထိုင်းနိုင်ငံအကြောင်း ရေးထားတဲ့ စာတစ်ပုဒ်ထဲမှာ ထိုင်းဘုရင်ကြီးဟာ သူ့တိုင်းသူပြည်သားတွေ ငွေကြေး ဥစ္စာမနဲ ချမ်းသာခြင်းထက် စိတ်ချမ်းသာခြင်းကို လိုလားတော်မူတယ်ဆိုတဲ့ အကြောင်း ရေးထားတယ်'

'အမေရိကန်ပြည်မှာတော့ ပျော်ရွှင်တဲ့ အမေရိကန်နဲ့ မပျော်ရွှင်တဲ့ အမေရိကန် တွေရဲ့ ခြားနားချက်ကို လေ့လာတဲ့အခါ ယုံကြည်ကိုးကွယ်မှု၊ အလုပ်အကိုင်၊ အိမ်ထောင်ရေး၊ အလှူဒါနနဲ့ လွတ်လပ်ခြင်းတို့က လူတွေရဲ့ ပျော်ရွှင်မှု မပျော်ရွှင် မှုတို့ကို ပြဋ္ဌာန်းတာ တွေ့ရသတဲ့'



'ဒါဆိုရင် အမေရိကန်မှာ ပျမ်းမျှအားဖြင့် ပျော်ရွှင်မှု ရှိသူနဲ့ မပျော်ရွှင်သူ ရာခိုင်နှုန်း ဘာက ပိုများသတဲ့လဲ'

'ပျော်ရွှင်သူ ပိုများတယ်လို့ဆိုနိုင်တယ်၊ အမျိုးသား ထင်မြင်ချက် သုတေသနစင်တာရဲ့ စစ်တမ်းမှာ ၁၉၇၂ ခုနှစ်က လူဦးရေရဲ့ ၃၀ ရာခိုင်နှုန်းဟာ ပျော်ရွှင်မှု ရှိတယ်လို့ ဆိုတယ်။ ၁၉၈၂ ကျတော့ ၃၁ ရာခိုင်နှုန်းက ပျော်ရွှင်တယ်လို့ ဖြေတယ်။ ၂၀၀၆ ခု စစ်တမ်းမှာလည်း ၃၁ ရာခိုင်နှုန်းက ပျော်ရွှင်မှုရှိတယ်လို့ ပြောတယ်။ သည်တော့ ပျော်ရွှင်မှု ရှိတယ်လို့ ယုံကြည်သူဦးရေဟာ ပုံမှန်ရှိနေတယ်။ သိပ်မပျော်ရွှင်ဘူးလို့ ဖြေသူဦးရေကလည်း ၁၃ ရာခိုင်နှုန်းလောက်မှာ မှန်တန်းပဲ ရှိတယ်။ ကျန်ရာခိုင် နှုန်းကတော့ ပျော်တယ်လည်းမဟုတ်၊ မပျော်ဘူးလည်း မဟုတ် ဆိုသူတွေပေါ့'

'ခက်တာက လောကကြီးမှာ ကိုယ့်ဘာသာကိုယ်တောင် ပျော်နေသလား။ မပျော်ဘူးလား မဝေခွဲတတ်သူတွေလည်း ရှိနေတာပဲ'

'ပျော်ရွှင်တဲ့ဘဝကို တိုင်းတာရာမှာ ထိဆုကြီးပေါက်တာ၊ အဆင့်မြင့် စာမေးပွဲ အောင်တာ စတဲ့ကိစ္စတွေကို မထည့်ဘူးတဲ့၊ ခုနပြောတဲ့ အကြောင်းအချက်တွေကိုပဲ ထည့်တွက်တယ်။ ယုံကြည်မှုဆိုရင် အမေရိကန်တွေ ၈၅ ရာခိုင်နှုန်းလောက်ဟာ ဘာသာတရား ကိုးကွယ်မှု ရှိကြတယ်။ အမေရိကန် လူဦးရေရဲ့ သုံးပုံတစ်ပုံလောက်ဟာ အပတ်စဉ် ဒါမှမဟုတ် အဲဒီထက်များများ ဘုရားရှိခိုးကျောင်း သွားကြတယ်။ ဝတ်ပြု ဆုတောင်းကြတယ်။ စိတ်ချမ်းသာ ပျော်ရွှင်မှု စစ်တမ်းကောက်တော့ ဘုရား ရှိခိုး ကျောင်း မှန်မှန်သွားသူတွေဟာ ဘာသာရေး မလိုက်စားသူတွေထက် ပျော်ရွှင်ချမ်းမြေ့မှု ရှိတာ တွေ့ရတယ်' တဲ့။

အလုပ်လုပ်နေရတာလည်း ပျော်ရွှင်မှုဖြစ်စေတဲ့ အချက်ပဲ။ ထီပေါက်ပြီး ပိုက်ဆံတွေ ရပေမယ့် အလုပ်ဆက်လုပ်နေကြတာဟာ အလုပ်ကရတဲ့ ပျော်ရွှင်မှုကို ကျေနပ်နေကြလို့ ဖြစ်တယ်။ အခု အလုပ်တွေပြုတ်ကြတဲ့အခါ ပျော်ရွှင်မှု ကျဆင်းကုန်ကြသတဲ့။ အိမ်ထောင်ရှိသူတွေနဲ့ မိသားစု သိုက်သိုက်ဝန်းဝန်း ရှိသူတွေဟာ အဲသလို မရှိသူတွေထက် ပိုပြီး ပျော်ရွှင်ကြတာ တွေ့ရတယ်။

နောက်တစ်ခုက ကုသိုလ်ဖြစ် အသင်းအဖွဲ့တွေကို လှူနိုင် တန်းနိုင်သူတွေဟာ မလှူနိုင်သူတွေထက်ပိုပြီး ပျော်ရွှင်ချမ်းမြေ့ကြတယ်တဲ့ဗျာ။ ကျုပ်တို့ဆီက အလှူရှင်တွေ ပီတိဖြစ်တာမျိုးကို ဆိုလိုတာ ဖြစ်မယ်ဗျ။

နောက်ဆုံးအချက်ကတော့ လွတ်လပ်ခြင်းပဲ။ စီးပွားရေး လွတ်လပ်စွာလုပ်နိုင်တာ၊ နိုင်ငံရေးနဲ့ ဘာသာရေး လွတ်လပ်တာတွေဟာ ပျော်ရွှင်မှုရဲ့ အဓိကအချက်တွေပဲတဲ့။ ကိုယ်ပိုင်းဆိုင်ရာ လွတ်လပ်ခွင့်ကို သူတို့ အတော်အလေးထားကြတယ်။ ပြီးတော့

ကိုယ့်ဘာသာ စာပေယဉ်ကျေးမှု လုပ်ငန်းတွေကို အချုပ်အခြယ် မရှိ လုပ်နိုင်ရင် ပိုပြီး ပျော်ရွှင်ကြတယ်လို့ စစ်တမ်းထုတ် ထားတယ်ဗျ'

ကျွန်တော် လေ့လာမိသမျှ ပြောပြတာကို မိတ်ဆွေက နားထောင်ပြီး-

'အင်း စိတ်ဝင်စားစရာပါပဲဗျာ၊ အရေးကြီးတာကတော့ ဘယ်လိုအခြေအနေမှာပဲဖြစ်ဖြစ် ပျော်ရွှင်အောင်နေတတ်ဖို့ပဲ။ ကျွန်တော်တို့ မြန်မာလူမျိုးတွေကို ပါမောက္ခ ဘရွတ်တို့လို စစ်တမ်းထုတ်ကြည့်ရင် ဘယ်လိုနေမလဲလို့ စဉ်းစားမိတယ်ဗျ'လို့ ပြောပါတယ်။

'ဘယ်လို ရှိမယ်ထင်လို့လဲဗျ'

'ကျုပ်တို့လူမျိုးက ပျော်ရွှင်နေတဲ့လူတွေ ပိုများမှာပေါ့ဗျာ၊ ခေါင်ကျကျ ပြားကျကျ နေတတ်နေကြပြီပဲ'

'ဘယ်ဟာ ပျော်စရာ၊ ဘယ်ဟာ စိတ်ညစ်စရာဆိုတာ မဝေခွဲတတ်တာလဲ ဖြစ်နိုင်တယ်ဗျ။ နိုင်ငံတကာအဆင့် သုတေသနပြုနည်းတွေနဲ့ စနစ်တကျ သုတေသနပြုရင် ကိုယ့် လူမျိုးရဲ့အားသာချက်၊ အားနည်းချက်တွေကို အမှန်အတိုင်း သိနိုင်မယ်ထင်တယ်။ တတ်နိုင်သူတွေ လုပ်ကြပါလို့ နှိုးဆော် လိုက်ပါတယ်ဗျာ'

Ref: "Gross National Happiness, By Arthur C. Brooks.

**ပြည်သူ့ခေတ်ဂျာနယ်**

*၂၈၊ အောက်တိုဘာ၊ ၂၀၁၀။*

*အတွဲ ၁၊ အမှတ် ၁၇။*

○

# အကျင့်ပျက် ခြစားမှုနှင့် မီဒီယာ

တရုတ်ပြည်မှာ ဒေသပါတီ ခေါင်းဆောင်တစ်ယောက် ဒေါ်လာ ၄၄,၀၀၀ တန် အိမ်ဝယ် တယ်။ မိန်းမငါးယောက်နဲ့ ရှုပ်တယ်။ အဂတိလိုက်စားမှုတွေ ကျူးလွန်တယ်။ သူနဲ့ ရှုပ်တဲ့ မိန်းမရဲ့ခင်ပွန်းက အဲဒီပါတီကေဒါရဲ့ဒိုင်ယာရီစာအုပ်ထဲက ရေးမှတ်ထားတာတွေကို အင်တာနက်မှာတင်လိုက်တော့ ဘူးပေါ်သလိုပေါ်ကုန်ပြီး အဲဒီအရာရှိကြီး အလုပ်ပြုတ် သွားပြီ။ ထောင်ဒဏ် ၁၀ နှစ်လောက်အထိလည်း ကျဦးမယ့်ပုံ ရှိသတဲ့။

တရုတ်ပြည်ကတော့ တာဝန်ရှိတဲ့ ပါတီခေါင်းဆောင်တွေ၊ ဌာန ဆိုင်ရာ အရာရှိကြီး တွေ အဂတိလိုက်စားရင်၊ လူမှုရေးဖောက်ပြန်ရင် ထိထိရောက်ရောက် မထောက်မညှာ အရေးယူတဲ့နေရာမှာ နာမည်ကြီးပါပဲ။ ဒါကြောင့်လည်း ဘက်ပေါင်းစုံမှာ တိုးတက်မှုမြန်တာ ဖြစ်မယ်။

အဂတိလိုက်စားမှုထဲမှာ ပါဝင်တဲ့ လာဘ်ပေးလာဘ်ယူမှုတွေဟာ ဥရောပနဲ့ မြောက်အမေရိကမှာလည်း ရှိတော့ရှိတယ်။ သို့သော်လည်း နည်းတယ်လို့ ဆိုတယ်။ အာရှ၊ အာဖရိကနဲ့ တောင်အမေရိကမှာ လာဘ်ပေးလာဘ်ယူမှု၊ အကျင့်ပျက်ခြစားမှု အများဆုံးပဲလို့ ဆိုပါတယ်။

အာရှတစ်နိုင်ငံဖြစ်တဲ့ အင်ဒိုနီးရှားနိုင်ငံဟာ ကမ္ဘာမှာကို အဂတိ လိုက်စားမှု ဒိလစ်စွဲတဲ့ တိုင်းပြည်လို့ နာမည်တစ်လုံးနဲ့ နေခဲ့တာပဲ။ ၂၀၀၃ ခုနှစ်ကဆိုရင် ကမ္ဘာ့ဘဏ် ကတောင် 'အင်ဒိုနီးရှားနိုင်ငံနှင့် အဂတိလိုက်စားမှုအခြေအနေ'ဆိုပြီး အစီရင်ခံစာ တစ်စောင် ထုတ်ပြန်ခဲ့ရဖူးတယ်။ အခုတော့ အဂတိလိုက်စားမှု တိုက်ဖျက်ရေး တရားခံ

တွေ ပြည်နယ်အားလုံးမှာ ဖွင့်တော့မယ်ဆိုတဲ့သတင်း ဖတ်လိုက်ရတယ်။ သူတို့ဆီက အဂတိလိုက်စားမှုတွေဟာ အတော်ကြီးဆိုးဝါးနေပြီဖြစ်လို့ ပြည်နယ်အလိုက် ဖိဖိစီးစီး ကိုင်တွယ်သွားဖို့ ပြင်ဆင်တာတဲ့ဗျာ။

အဂတိလိုက်စားမှု၊ အင်္ဂလိပ်လို Corruption ကို မြန်မာလို အကျင့်ပျက် ခြစားမှုလို့လည်း ရေးကြတာ တွေ့ဖူးတယ်။ ယခင် စာပေဗိမာန် ဘာသာပြန်စာပေအသင်း ခေတ်က အဲဒီစကားလုံးကို သုံးခဲ့ပါတယ်။ ကျွန်တော်ကတော့ အကျင့်ပျက် ခြစားမှုလို့ သုံးနှုန်းတာကို ပိုကြိုက်တယ်။ 'ခြတောထဲ ထင်းရှူးသေတ္တာကြီး ချပေးလိုက်သလို' ဆိုတဲ့ တင်စားချက်ကိုလည်း ခုထိမှတ်မိသေးတယ်။

မြန်မာနိုင်ငံမှာ လွတ်လပ်ရေးရပြီး သိပ်မကြာဘူး။ ခြစားမှုတွေ များလာလို့ အဲဒီတုန်းက ဘီအက်စ်အိုင်(BSI)လို့ခေါ်တဲ့အဖွဲ့ ဖွဲ့စည်းပြီး လာဘ်ပေးလာဘ်ယူ အမှုတွေကို စုံစမ်းစစ်ဆေးအရေးယူခဲ့တာ သတင်းစာတွေက စုံစမ်းစစ်ဆေးဆိုတဲ့ စကားလုံးကို စသုံးလုံးလို့အတိုရေးကြရာက နာမည်တွင်သွားတယ်လို့မှတ်သားရဖူးတယ်။

အဲဒီတုန်းက စသုံးလုံးအဖွဲ့ကို ဝန်ကြီးချုပ်ရုံးက တိုက်ရိုက်ကိုင်ပြီး အလုပ်လုပ်ခဲ့တာပါ။ လာဘ်ပေးလာဘ်ယူ လုပ်တဲ့ အစိုးရအရာရှိတွေနဲ့ ဗိုလ်မလောဘသမား ကုန်သည်တွေဟာ စသုံးလုံးဆိုရင် ဖိန့်ဖိန့်တုန်အောင် ကြောက်ခဲ့ကြတယ်။

မနှစ်တစ်နှစ်က ကျွန်တော်တို့ဆီမှာ သန့်ရှင်းသော အစိုးရဖြစ်ရေး ဆွေးနွေးရေးသားချက်တွေ အတော်တွေ့ခဲ့ရတယ်။ သန့်ရှင်းသော အစိုးရဆိုတာ အဓိကကတော့ အဂတိလိုက်စားမှု ကင်းစင်ရေးကို ပြောတာပဲ မဟုတ်လား။ ဂျာနယ်တချို့က အင်တာဗျူးတွေလုပ်ပြီး Clean government ကို ဝိုင်းဝန်း တွန်းအားပေးခဲ့ကြသေးတာ မှတ်မိကြဦးမယ် ထင်တယ်။

တိုင်းပြည်တိုင်းမှာ အဂတိလိုက်စားမှုကတော့ ရှိကြတာချည်းပဲ။ များတာနဲ့ နည်းတာပဲ ကွာခြားမယ်။ အင်ဒိုနီးရှားက အဂတိလိုက်စားမှု နှိမ်နင်းရေးအစီအစဉ် သတင်းတွေ့တော့ အဂတိ လိုက်စားမှုအကြောင်း ဗဟုသုတစာစုတွေ လိုက်ရှာကြည့်တယ်။ အဲဒီမှာ အာနုရှား (Anup Shah) ရေးတဲ့ အဂတိလိုက်စားမှု ကမ္ဘာ့ပြဿနာဆိုတဲ့ စာတမ်း အင်တာနက်မှာ တွေ့ရတယ်။ စုံလည်း စုံတယ်။ ရှည်လည်း ရှည်တယ်။

စာတမ်းထဲပါတဲ့ အချက်အလက်တွေထဲမှာ ချမ်းသာနိုင်ငံတွေက စီးပွားရေးလုပ်ငန်းရှင်ကြီးတွေဟာ ဖွံ့ဖြိုးဆဲနိုင်ငံတွေက အစိုးရ တွေကို စာရိတ္တပျက်စီးအောင် လုပ်ခဲ့ကြတယ်တဲ့။ အထူးသဖြင့် လက်နက်ကုန်သည်ကြီးတွေက အဆိုးဆုံးပဲတဲ့။ ပြီးတော့ စစ်အေး ကာလအဂတိလိုက်စားမှုတွေအဖြစ် အနောက်အုပ်စုက ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ သူတို့သြဇာခံတဲ့ အာဏာရှင်တွေကို သက်ဆိုးရှည်အောင် အားပေးထောက်ခံခဲ့ကြတယ်။ သည့်လိုနဲ့ ဆူဟာတိုတို့ မားကိုစ်တို့ဟာ အဂတိလိုက်ချင်တိုင်း လိုက်နိုင်



ခဲ့ကြတယ်။ အရှေ့အုပ်စု (ဆိုဗီယက် အုပ်စု) ကလည်း ဒီမိုကရေစီနိုင်ငံတွေ မတည်မငြိမ်ဖြစ်အောင် သွေးထိုးပေးခဲ့တယ်။ အတိုက်အခံတွေကိုရော၊ အာဏာလက်ရှိတွေကိုရော ကိုယ့်လူကိုယ် နောက်ကွယ်က ငွေကြေးထောက်ပံ့ပြီး ကြိုးဆွဲကြရာက အကျင့်ပျက်မှုတွေ တိုးသထက် တိုးလာတော့တာပဲတဲ့။ နောက်ထူးခြားတဲ့အချက်က အိုင်အမ်အက်ဖ်တို့ ကမ္ဘာ့ဘဏ်တို့ရဲ့ ပေါ်လစီတွေကလည်း ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ အဂတိလိုက်စားမှု တိုးပွားအောင် တွန်းအားပေးသလို ဖြစ်ခဲ့ပါတယ်တဲ့။

ဘယ်လို တွန်းအားပေးတာလဲဆိုတော့ အိုင်အမ်အက်ဖ်တို့ ကမ္ဘာ့ဘဏ်တို့က ချေးငွေစည်းမျဉ်းစည်းကမ်းတွေ သတ်မှတ်တယ်။ သူတို့ဆီက ချေးငွေလိုချင်တဲ့ အစိုးရတွေက အဲဒီစည်းကမ်းတွေနဲ့ ညီညွတ်ပါတယ်ဆိုတာ သက်သေထူဖို့ လိမ်ကြရာက အကျင့်ပျက် စရိုက်တွေ ဖြစ်ကုန်တော့တာပဲတဲ့။ တစ်ခုထူးခြားတာက သယံဇာတ အရင်းအမြစ်ပေါ်များတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေဟာ အဂတိလိုက်စားမှု ပိုများတယ်။ သယံဇာတ မရှိတဲ့နိုင်ငံတွေက အဂတိလိုက်စားဖို့ အခွင့် အလမ်း မရှိဘူးတဲ့။ စင်ကာပူက လီကွမ်ယူ ပြောတာကို ကိုးကားထားတယ်။ စင်ကာပူဟာ သဘာဝသယံဇာတ ဘာမှ မရှိဘူး။ ဒါကြောင့် အဲဒီအပေါ်က ခြစားစရာမရှိဘူး။ ဘဏ်လုပ်ငန်းနဲ့ နည်းပညာလုပ်ငန်း အပေါ် အားထားရတာဖြစ်လို့ နာမည်ကောင်းရှိဖို့ လိုတယ်။ အကျင့် ပျက်မှု ရှိလာရင်လည်း မြင်းမြင်းထန်ထန် အရေးယူရမှာပဲလို့ပြောသတဲ့။

ချမ်းသာ နိုင်ငံတွေမှာကျတော့ အဂတိလိုက်စားမှုဟာ တစ်မျိုး ကွဲပြားတယ်။ များသောအားဖြင့် ကြားပွဲစားတွေနဲ့ လုပ်ကြတယ်။ ပွဲစားက ၁၀ ရာခိုင်နှုန်း စားတယ်။ မြင်သစ်၊ ဂျာမနီနဲ့ ယူကေမှာ လာဘ်ပေးရတာကို တရားဝင် အသုံးစရိတ်ထဲ ထည့်ပြနိုင်တယ်ဆိုပဲ။ အခွန်ဆောင်တဲ့အခါ လာဘ်ပေးရတဲ့ ကုန်ကျစရိတ်တွေကို လုပ်ငန်းအသုံးစရိတ် ပြလို့ရသတဲ့။

တစ်ခုတော့ ရှိတယ်။ သူတို့ဆီမှာ အဂတိလိုက်စားမှု ဟိုးလေး တကျော် ဖြစ်လာရင် မီဒီယာတွေမှာ ပါလာတာဆိုတော့ သိပ်တော့ မလွန်ကဲရဲဘူးတဲ့။ အမေရိကန် အစိုးရက နိုင်ငံရပ်ခြားကို အပ်ထည် အလုပ်တွေချပေးတဲ့ outsourcing ကန်ထရိုက်ကိစ္စတွေဆိုရင် အဂတိလိုက်စားမှုတွေ သေချာပေါက် ရှိတယ်လို့ အစွပ်စွဲခံရတာပဲ။ outsourcing ကန်ထရိုက်တွေရဲ့ ထက်ဝက်ကျော်ဟာ ဘုရှ် နောက်လိုက်တွေက ကိုယ့်လူ ကိုယ်ချပေးခဲ့ကြတာချည်းပဲလို့ ပေါ်လာတယ်။ ဘုရှ်မတိုင်ခင်ကဆိုရင် အဲသလို outsourcing အလုပ် စုစုပေါင်းရဲ့ ၂၁ ရာခိုင်နှုန်းပဲ ကိုယ့်လူကိုယ်ပေးခဲ့တာ ရှိခဲ့တယ်တဲ့။

နောက်တစ်ခုက အီတလီမှာ ဝန်ကြီးချုပ်ဟောင်း ဘာလူစကိုနီနဲ့ သူ့လက်ထောက်တွေ တစ်သီကြီး အဂတိလိုက်စားမှုနဲ့ ရာဇဝတ်မှုတွေအတွက် တရားစွဲခံရတယ်။ ဘာလူစကိုနီကတော့ သက်သေ အထောက်အထားမရှိလို့ အမှုကလွတ်ခဲ့တယ်။

အီတလီ ဘောလုံးအဖွဲ့ချုပ် Serie A မှာလည်း အဂတိလိုက်စားမှုတွေ အများကြီး ပေါ်ခဲ့တယ်။

ယူကေမှာဆိုရင် လက်နက်ထုတ်လုပ်သူ BAE ကုမ္ပဏီက သူတို့ဆီက တိုက်လေယာဉ်တွေဝယ်ဖို့ ဆော်ဒီအာရေဗျ အစိုးရပိုင်းကို လာဘ်ပေးခဲ့မှု စုံစမ်းစစ်ဆေးနေတယ်။ BAE က ဆော်ဒီမင်းသား တစ်ယောက်ကို ပေါင်ငွေ ၇၅ သန်း (ဒေါ်လာသန်း ၁၅၀ လောက်) ပေးခဲ့တယ်လို့ ဂါဒီယန်သတင်းစာက ထုတ်ဖော်ရေးခဲ့တယ်။

ကုလသမဂ္ဂကြီးတောင် အဂတိလိုက်စားမှုနဲ့ မကင်းဘူးဆိုတဲ့ သတင်းထွက်ခဲ့ဖူးတာ ဟိုးလေးတကျော်ပဲမဟုတ်လား။ ရိက္ခာအတွက် ရေနံ (oil for food) ဆိုတဲ့ ကိစ္စမှာ ဒေါ်လာ သန်း ၂၀၀၀ ဖိုးလောက် အဂတိလိုက်စားမှု ဖြစ်ခဲ့တယ်လို့ အပြောခံခဲ့ရတယ်။

နောက်တစ်ခုကတော့ ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ ပေါလ်ဝုလ်ဖိုဝစ်ဇ် နုတ်ထွက်ရတဲ့အထိ ဖြစ်ခဲ့တဲ့ကိစ္စဖြစ်တယ်။ သူ့ကောင်မလေးကို အစိုးရရာထူးနေရာအသစ်တစ်ခုမှာ သူ့ဩဇာသုံးပြီး ခန့်ခိုင်းခဲ့တယ်။ ရာထူးက လစာအရမ်းကောင်းတဲ့ရာထူး။

ဝုလ်ဖိုဝစ်ဇ်က အီရတ်ကို အမေရိကန် ဝင်တိုက်ခဲ့တဲ့ကိစ္စမှာ အရေးပါခဲ့သူဆိုတော့ ဩဇာကြီးတယ်။ ဒါကြောင့် ကောင်မလေးကို အလုပ်ခန့်ခဲ့ရတယ်။ နောက်ဆုံးတော့ ပေါ်သွားပြီး သူလည်း ရာထူးက နုတ်ထွက်သွား ဘာပဲ။

ဒါတွေဟာ အမေရိကန်၊ အင်္ဂလန် စတဲ့ နေရာတွေမှာလည်း အဂတိ လိုက်စားမှုတွေ ရှိနေတာပဲဆိုတဲ့ အထောက်အထားတွေပေါ့။

သို့ပေမယ့် ဖွံ့ဖြိုးဆဲတွေနဲ့မတူတာက သူတို့ဆီမှာ စာနယ်ဇင်းတွေက မျက်လုံးဒေါက်ထောက်ကြည့်နေတာဆိုတော့ အဂတိ လိုက်စားမှုတွေဟာ မပေါ်ဘဲမနေဘူး။ အနေးနဲ့ အမြန်သာကွာမယ်။ အဆုံးတစ်နေ့မှာ ဘူးပေါ်သလို ပေါ်တာပါပဲ။

ဒါကြောင့်လည်း အဂတိသမားတွေက မီဒီယာသမားတွေကို ရန်သူလို သဘောထားနေကြတာဖြစ်တယ်။ မီဒီယာသမားတွေကလည်း အသက်အသေခံပြီးတော့ကို အကျင့်ပျက်တွေကို ဖော်ထုတ်နေကြတာ အားကျချီးကျူးစရာပါပဲ။ အလေးပြုလောက်ပါတယ်။

**ပြည်သူ့ခေတ်ဂျာနယ်**

*၄၊ နိုဝင်ဘာ၊ ၂၀၁၀။*

*အတွဲ ၁၊ အမှတ် ၁၈။*

○

# အောက်သက်ကျေ နိုင်ငံရေးသမား အလိုရှိသည်

ဒီမိုကရေစီ နိုင်ငံတည်ဆောက်ပြီဆိုရင် ပါလီမန် (လွှတ်တော်) ရှိလာမယ်။ အဲသည် လွှတ်တော်သို့ ပြည်သူများက ရွေးကောက်တင်မြှောက်တဲ့ 'အမတ်' ခေါ် လွှတ်တော် ကိုယ်စားလှယ်များ ရှိလာမယ်။ (အမတ်ဆိုတာ တည်ကြည်ဖြောင့်မတ်စွာ ဆောင်ရွက်သူလို့ ဆိုလိုပါတယ်)

၎င်းအမတ်များကို ရွေးကောက်တင်မြှောက်တဲ့ ရွေးကောက်ပွဲတွေ ရှိလာမယ်။ ရွေးကောက်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်မယ့် အမတ်လောင်းများ ကိုယ်စားပြုတဲ့ နိုင်ငံရေးပါတီများ ရှိလာမယ်။ သို့အားဖြင့် နိုင်ငံရေးသမားများလည်း ရှိလာမယ်။ နိုင်ငံရေးသမားတွေက ရွေးကောက်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင် အရွေးခံကြမှာပါ။

## နိုင်ငံရေးသမား အရည်အချင်း

ပြည်သူထုထုက ဆန္ဒမဲပေးပြီး ရွေးကောက်တင်မြှောက်ရမယ့် နိုင်ငံရေးသမားတွေဟာ ဘယ်လို အရည်အချင်းတွေ ရှိသင့်သလဲ၊ ပြည်သူတွေက ဘာကိုကြည့်ပြီး မဲပေးကြမှာလဲ။ သည်အချက်တွေဟာ ဒီမိုကရေစီ တည်ဆောက်ရေးမှာ အလွန် အရေးပါ ပါတယ်။

နိုင်ငံရေးသမားဆိုတာ အထက်တန်းလွှာ၊ လူလတ်တန်းစား၊ ပညာတတ်၊ နိုင်ငံ့ဝန်ထမ်းဟောင်း၊ သူဌေးသူကြွယ်၊ ဆင်းရဲသူ ဆင်းရဲသား ဘယ်သူဖြစ်ရမယ်၊ ဘယ်သူတော့ မဖြစ်ရဘူးဆိုတာ အကန့်အသတ် မရှိပါဘူး။

ဆရာဝန်တစ်ယောက်ဖြစ်ဖို့မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ ဆေးတက္ကသိုလ်စသည်ဖြင့် အနည်းဆုံး ၁၇ နှစ်လောက် ပညာသင်ကြားရမယ်။ အနည်းဆုံး တစ်နှစ်အလုပ် သင်အဖြစ် အတွေ့အကြုံ ယူရမယ်။ ဘာကြောင့် သည်လောက် နှစ်တွေများများသင်ကြား လေ့ကျင့်ရသလဲဆိုတော့ ဆရာဝန်ဆိုတာ လူ့အသက်နဲ့စက်ပြီး အလုပ်လုပ်ကြရတာကိုး။ တတ်ယောင်ကား ဆရာဝန်လက်ထဲ ရောက်သွားလို့ကတော့ အသက်ပါဆုံးရှုံးရနိုင်တယ်။

ဒါဆိုရင် ဆရာဝန်တစ်ယောက်ရဲ့ အရည်အချင်းမပြည့်စုံမှုဟာ တစ်ကြိမ်မှာလူတစ်ယောက် အသက်လောက်ပဲ ဆုံးရှုံးနိုင်တယ်။ တိုင်းပြည်ကံကြမ္မာကို ဝကွက်အပ်ရမယ့် နိုင်ငံရေးသမားတွေ အရည်အချင်း မပြည့်စုံရင်၊ အမြော်အမြင်မရှိရင် (ဥပမာ- မဖြစ်သင့်ဘဲ စစ်ဖြစ်သွားခဲ့ရင်) လူ့အသက်ပေါင်း ရာထောင်ချီ ဆုံးရှုံးရနိုင်တယ်။ ဥပမာ- စီးပွားရေးမူဝါဒ တစ်ချက်မှားလိုက်ရင် တိုင်းပြည်မွဲသွားနိုင်တယ်လို့ မပြောနိုင်ဘူးလား။

ဒါကြောင့် နိုင်ငံရေးသမားဟာ တခြား အသက်မွေး ဝမ်းကျောင်းသမားတွေထက်အရေးကြီးတယ်။ အမြော်အမြင်ရှိဖို့လိုတယ်။ အရည်အချင်း ပြည့်ဝဖို့လိုတယ်။ သည်တော့ နိုင်ငံရေးသမားဖြစ်ဖို့ ဘာအရည်အချင်း လိုအပ်သလဲ။

## နိုင်ငံရေးလုပ်ချင်စိတ် ရှိရမယ်

အမေရိကန် စာရေးဆရာ ရော်ဘင်ရေဝင်က 'နိုင်ငံရေးသမားမှာ ပထမဆုံးလိုအပ်တဲ့အရည်အချင်းက နိုင်ငံရေးလုပ်ချင်စိတ်ပဲ၊ နိုင်ငံရေးသမားလုပ်တော့မယ်ဆိုရင် ဦးဆုံးမိမိကိုယ်မိမိ ဆန်းစစ်ဖို့က တကယ်နိုင်ငံရေးလုပ်ချင်ရဲ့လားဆိုတာပဲ' လို့ ရေးခဲ့ဖူးတယ်။

ရော်ဘင်ရေဝင်က 'နိုင်ငံရေးသမားဟာ မွေးရာပါ ပါရမီရှင်ဖြစ်ဖို့ မလိုဘူး။ တချို့ငယ်ငယ်လေးကတည်းက နိုင်ငံရေးသမား လုပ်ချင်၊ ဖြစ်ချင်တဲ့ရည်မှန်းချက်ထားရှိခဲ့ကြပေမယ့် ဖြစ်မလာသူတွေ အများကြီးပဲ။ တချို့ကျတော့ မတော်တဆနိုင်ငံရေးနယ်ထဲ ရောက်ပြီး အောင်မြင်သွားတတ်ကြတယ်။ အမေရိကန်သမ္မတဖြစ်ခဲ့တဲ့ ရော်နယ်ရေဂင်ဟာ ရုပ်ရှင်မင်းသားဘဝကနေ နိုင်ငံရေးနယ်ထဲ ရောက်ပြီးသမ္မတအထိ တက်ဖြစ်ခဲ့တယ် မဟုတ်လား' လို့ ထောက်ပြတယ်။

## နိုင်ငံရေးလုပ်ချင်တဲ့ဆန္ဒ ဘယ်က လာသလဲ

ပြီးတော့ နိုင်ငံရေးသမားဖြစ်လာဖို့ အကြောင်းတရားတွေကို ဆက်ရေးတယ်။

(၁) နိုင်ငံရေးသမားလုပ်ဖို့မဆုံးဖြတ်ခင် နိုင်ငံရေးသမားဖြစ်ချင်တဲ့ ဆန္ဒ ဘယ်ကလာသလဲ



ဆိုတာ ကိုယ့်ကိုယ်ကိုယ် ပြန်မေးပါ။ ဘာကြောင့် နိုင်ငံရေး လုပ်ချင်သလဲဆိုတာကိုယ့်အကြောင်းနဲ့ကိုယ် ရှိကြမယ်။ အကြောင်းရင်းအမှန်ကို ဘယ်သူ့ကိုမှ ပြောပြစရာမလိုဘူး။ တိုင်းရေး ပြည်ရေးကို၊ ကိုယ့်နယ်ပယ်ဒေသ အကျိုးကို တကယ်နှစ်နှစ်ကာကာလုပ်ချင်လို့ ဖြစ်ချင်ဖြစ်မယ်။ ဘဝတက်လမ်း ရှာချင်လို့ ဖြစ်ချင်ဖြစ်မယ်။ အာဏာရရင်အခွင့်ထူးတွေ ယူလိုက်မဟဲ့ဆိုတဲ့ လောဘဇောကြောင့် ဖြစ်ချင် ဖြစ်မယ်။ အာဏာရရင်ဒါနင့်မတူ ငါ့ရန်သူတွေကို မှတ်လောက် သားလောက် ဆော်လိုက် နက်လိုက်မဟဲ့ဆိုတဲ့ ဒေါသဇောကြောင့် ဖြစ်ချင်ဖြစ်မယ်။ ကိုယ့်အကြောင်း ကိုယ်ပဲ သိတယ်တော့မထင်နဲ့၊ ကြာလာတဲ့ အခါကျတော့ ပြည်သူတွေကလည်း သိလာမှာပဲ။ ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ်၊ နိုင်ငံရေး လုပ်ချင်စိတ် အလွန်အမင်း ပြင်းပြနေပြီဆိုရင် ဆုံးဖြတ်ချက်ချပါ။

(၂) နိုင်ငံရေးပါတီရွေးပါ။ နိုင်ငံရေးသမား လုပ်ပြီဆိုရင် ခြံစည်းရိုး ခွထိုင်လို့မရပါ။ မိမိခံယူချက်တွေနဲ့ ကိုက်ညီတဲ့ပါတီ ရှိနိုင်သလို ပါတီတွေရဲ့ မူဝါဒနဲ့ လုပ်ငန်းစဉ်တွေကိုလေ့လာပြီး မိမိက နှစ်သက်သဘောကျတဲ့ ပါတီကိုလည်း တွေ့နိုင်တယ်။ မိမိ နိုင်ငံရေးစိတ်ဝင်စားကြောင်းသိလို့ မိမိကို လာရောက်ချဉ်းကပ် စည်းရုံးတာတွေနဲ့လည်းကြုံရတတ်တယ်။ ပါတီက မိမိကို မရွေးပါစေနဲ့။ မိမိက ပါတီကို ရွေးပါ။ ပါတီမူဝါဒနဲ့လုပ်ငန်းစဉ်ပြီးရင် သေသေချာချာ ကြည့်ရမှာက (က) ပါတီခေါင်းဆောင်မှု၊ (ခ) ပါတီမှာ မိမိ တွဲဖက်လုပ်ဆောင်ရမယ့် လုပ်ဖော်ကိုင်ဖက်တွေ။

(၃) သင် ပါဝင်ဆောင်ရွက်မယ့်ပါတီ ရွေးပြီးရင် သင် ကြည်ညိုလေးစားတဲ့ ခေါင်းဆောင်တစ်ဦးဦးနဲ့ ဆွေးနွေးပါ။ လူချင်းမတွေ့နိုင်ရင် စာရေးဆက်သွယ်ပြီး တိုင်ပင်ပါ။ သင်သိချင်တာတွေမေးပါ။ သင်ဖြစ်ချင်တာတွေ တင်ပြပါ။ သင့်ကို လမ်းညွှန်ပေးဖို့တောင်းဆိုပါ။

(၄) အောက်သက်ကျေပါစေ။ ပါတီမှာ သင် ထမ်းဆောင်နိုင်မယ့် တာဝန်ကို စေတနာ့ဝန်ထမ်းလုပ်ပေးပါ။ အချိန်ပြည့် လုပ်နိုင်သလား။ အချိန်ပိုင်း လုပ်နိုင်သလား။ သင်ပေးနိုင်တဲ့ အချိန်ကို မိမိနယ်မြေ တာဝန်ခံထံ သတင်းပို့ပါ။

(၅) လေ့လာဆည်းပူးမှု အဆက်မပြတ်ပါစေနှင့်။ အထူးပြု လေ့လာမှုနှင့် အထွေထွေလေ့လာမှုနှစ်မျိုးစလုံးကို ဆက်လုပ်ပါ။ ဥပမာ-သင့်ကို မော်တော်ယာဉ်လုပ်သားများစည်းရုံးရေးအတွက် တာဝန်ပေးထားရင် မော်တော်ယာဉ်လုပ်သားများရဲ့ဘဝ၊ သူတို့ရဲ့လိုအင်ဆန္ဒ၊ သူတို့အတွက် လိုအပ်ချက် စတာတွေကို အထူးပြု လေ့လာနေရမယ်။ တစ်ချိန်တည်းမှာ တစ်နိုင်ငံလုံးက အလုပ်သမားရေးရာတွေကိုလည်း မျက်ခြည်မပြတ်ရဘူး။

(၆) အချိန်တန်ပြီဆိုရင် အဆင့်ဆင့်သော ရွေးကောက်ပွဲတွေမှာ ဝင်ရောက် ယှဉ်ပြိုင်ပါ။

သည့်လိုနဲ့ပဲ သင်ဟာ နိုင်ငံရေးသမားကောင်း တစ်ယောက်အဖြစ်ဘဝကို နေသွားလို့ ရပါတယ်။

**ကျောင်းနေကတည်းက လေ့ကျင့်ပေး ရမယ်**

ရော်ဘင်ရေဗင်က နိုင်ငံရေးသမား ပျိုးထောင်မှုအကြောင်းကို ဆက်ရေးတယ်။ သူက နိုင်ငံတစ်နိုင်ငံဟာ အရည်အချင်းပြည့်ဝတဲ့ နိုင်ငံရေးသမားကောင်းတွေ အရေအတွက် များမှ ရုပ်ပိုင်းရော စိတ်ပိုင်းပါ ကြီးပွားတိုးတက်မယ်လို့ ယုံကြည်ဖို့ လိုတယ်တဲ့။ ဒါကြောင့် စာသင်ကျောင်းတွေကနေ နောက်မျိုးဆက် အတွက် နိုင်ငံရေးသမားတွေ လေ့ကျင့်ပျိုးထောင်ပေးရမယ်လို့ သူက တိုက်တွန်းတယ်။ ကျောင်းတွေမှာ အသင်း အဖွဲ့တွေကို ဦးဆောင်မယ့် ကျောင်းသားအမှုဆောင် လူကြီးရွေးပွဲတွေ လုပ်ပေးရမယ်။ လွတ်လပ်တဲ့ လျှို့ဝှက်မဲပေးစနစ်ကို လေ့ကျင့်ပေးရမယ်။ စာတော်နေရုံနဲ့မပြီး ပေါင်းသင်း ဆက်ဆံရေးဝင်ဆံ့မှ လူချစ်လူခင်များမှ ထောက်ခံ ဆန္ဒမဲ များများရမှာဆိုတဲ့ အသိကို သွတ်သွင်းပေးရမယ်လို့ သူ့ရဲ့စာတမ်းမှာ ရေးသားထားပါတယ်။

*Ref: How To Be a Politician, Robin Raven.*

**ပြည်သူ့ခေတ်ဂျာနယ်**

*၁၁၊ နိုဝင်ဘာ၊ ၂၀၁၀။*

*အတွဲ ၁၊ အမှတ် ၁၉။*

○

# မဟုတ်တာ မလုပ်ရုံနဲ့ မပြီးဘူး ဟုတ်တာတွေကို လုပ်တတ်ရမယ်

တိုင်းပြည်အသီးသီးမှာ နိုင်ငံရေးသမားကောင်းတွေ လိုတယ်။ နိုင်ငံရေးသမားကောင်း တွေကို တိုင်းပြည်ကလိုအပ်တာကို ပြောချင်တာပါ။ သည်တော့ကာ နိုင်ငံရေးသမား တွေကို ဘယ်လိုမွေး ထုတ်သလဲ၊ ဘယ်လိုလေ့ကျင့်ပျိုးထောင်သလဲဆိုတဲ့ မေးခွန်းဟာ အတော် စိတ်ဝင်စားစရာ ဖြစ်လာတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဗမာပြည်ကွန်မြူနစ်ပါတီက နိုင်ငံရေးသင်တန်းတွေ အစောဆုံး ပေးခဲ့တယ်လို့ မှတ်တမ်းတွေ ဖတ်ဖူးတယ်။ အင်္ဂလိပ် လက်အောက်ခံ ဘဝမှာ နိုင်ငံရေးဘိုးအေကြီးတွေ ဖြစ်ခဲ့ကြတဲ့ ဂျီစီဘီအေတို့၊ ဖေဘီယန် တို့၊ မျိုးချစ်တို့၊ ဆင်းရဲသားပါတီတို့က ခေါင်းဆောင်တွေဟာ ပညာတတ်တွေ လူချွန် တွေပါပဲ။ သူတို့ဟာ သူတို့ ထူးချွန်ထက်မြက်ဖို့အတွက်တော့ အဲသည်ခေတ် နိုင်ငံရေး စာပေတွေကို ဖတ်ကြတယ်ဆိုတာ မှတ်တမ်းတွေ ရှိတယ်။ နိုင်ငံခြားက နိုင်ငံရေး စာအုပ်တွေ ဝယ်လာတာတွေ၊ နိုင်ငံခြားကို စာအုပ်တွေ မှတ်ဖတ်ကြတာတွေ မှတ်သား ခဲ့ရဖူးတယ်။ သို့ပေမဲ့ သူတို့နောက်လိုက် တပည့်တွေကို နိုင်ငံရေးသမားကောင်း ဖြစ်လာအောင် သင်တန်းပေးတယ်။ လေ့ကျင့်ပေးတယ်ဆိုတာ မကြားဖူးဘူး။

တို့ဗမာအစည်းအရုံးခေတ် ရောက်တော့မှ နောင်အခါ ကွန်မြူနစ်ခေါင်းဆောင်တွေ ဖြစ်လာမယ့် သခင်စိုး။ သခင်သန်းထွန်း။ သခင်ဗဟိန်း။ သခင်နု စသူတို့က ထောင်ထဲမှာ သင်တန်း တွေ စပေးခဲ့ကြတယ်။ အင်္ဂလိပ်စာ မတတ်သေးတဲ့ သခင်လူငယ် တွေကို အင်္ဂလိပ်စာသင်ပေးတယ်။ တစ်ဆက်တည်းပဲ နိုင်ငံရေး ညသင်တန်းတွေ ပို့ချခဲ့ကြတယ်။

ဂျပန်ခေတ်ကျတော့လည်း သည်လောက် တင်းကျပ်တဲ့ ကြားကနေ ကွန်မြူနစ်ခေါင်းဆောင်တွေက သင်တန်းတွေပေးတယ်။ သဘောတရားလက်နက် တပ်ဆင်ပေးတယ်။ ဂျပန် တော်လှန်ရေးလုပ်တော့ သဘောတရား ဆရာကြီး သခင်စိုးက နိုင်ငံရေး ခေါင်းဆောင်၊ ဗိုလ်ချုပ်အောင်ဆန်းက စစ်ရေးခေါင်းဆောင်အဖြစ် တာဝန်ယူကြတယ်။ ကွန်မြူနစ်တွေနဲ့ သဘောတရားရေး ယှဉ်နိုင်အောင်ဆိုပြီး ဆိုရှယ်လစ်ပါတီကလည်း နိုင်ငံရေးသင်တန်းတွေ ပေးခဲ့တယ်။ သိန်းလေးဆယ် ဦးကိုကိုကြီးဆိုတာ ဆိုရှယ်လစ်တွေရဲ့သင်တန်းဆရာကြီး ဖြစ်ခဲ့တာပေါ့။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်ကျတော့လည်း ဗဟိုနိုင်ငံရေးသိပ္ပံ၊ ဗဟိုနိုင်ငံရေး တက္ကသိုလ်ဆိုပြီး သဘောတရားနဲ့ လက်တွေ့သင်တန်းတွေ ပေးခဲ့တယ်။ ကေဒါတွေ မွေးထုတ်ပေးခဲ့တယ်။ ဗမာပြည်ကွန်မြူနစ် ပါတီကလည်း အာဏာနီ တည်ဆောက်ရေးကာလမှာ ဗဟို မာ့ခ်စ် လီနင်ဝါဒကျောင်းဆိုပြီး တောတွင်း နိုင်ငံရေးတက္ကသိုလ် ဖွင့်ခဲ့သေးတယ်။ ကျွန်တော်ပြောလိုရင်းက နိုင်ငံရေး သင်တန်းတွေအကြောင်း မဟုတ်ပါဘူး။ နိုင်ငံရေးသမား သို့မဟုတ် ကေဒါတွေကို သင်တန်းတွေနဲ့ မွေးထုတ်ခဲ့တဲ့ အစဉ်အလာ ရှိခဲ့ကြောင်းပါ။

ကျွန်တော့်သဘောထားကို ပြောရရင် သင်တန်းဆိုတာ လိုအပ်တယ်လို့ ပြောချင်တာပါပဲ။ ထူးချွန်ပြောင်မြောက်တဲ့ နိုင်ငံရေးသမား ဖြစ်လာတာ ဖြစ်မလာတာကတော့ လူတစ်ဦးချင်းရဲ့ အရည်အချင်းနဲ့ ဆိုင်လိမ့်မယ်လို့ ယူဆပါတယ်။ အရည်အချင်းဆိုရာမှာ မွေးရာပါ ပါရမီနဲ့ အပတ်တကုတ် ကြိုးစားအားထုတ် တည်ဆောက်ယူတဲ့ အရည်အချင်းဆိုပြီး နှစ်မျိုး ခွဲခြားနိုင်ပါလိမ့်မယ်။ ဗိုလ်ချုပ်အောင်ဆန်းလို ခေါင်းဆောင်မျိုးကတော့ မွေးရာပါ ပါရမီရော ကြိုးစားအားထုတ် တည်ဆောက်ယူတာရော နှစ်မျိုးလုံး ပိုင်ဆိုင်တယ်လို့ ဆိုနိုင်ပါလိမ့်မယ်။ ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ရေးသားချက်တွေထဲမှာ တက္ကသိုလ်ကျောင်းသားဘဝမှာ သမဂ္ဂအသင်းတိုက်မှာ ပြုလုပ်တဲ့ အချေအတင် စကားပြောပွဲတွေမှာ ထထပြီး ပြောဆိုဆွေးနွေးတာ၊ သူ့ကို 'ဟေ့ ထိုင်၊ ထိုင်' ဆိုပြီး ဝိုင်းဟားကြတာကို လုံးဝမမှုဘဲ ပြောစရာရှိတာ ဆုံးအောင် ပြောပြီးမှ ထိုင်တာ။ ထောင်ထဲရောက်ရင် ကျင့်သားရအောင်ဆိုပြီး ခုံတန်းလျားမှာ ဂျပိုးကိုက်ခံအိပ်တာ၊ ထောင်ထဲရောက်တော့လည်း ဒေါက်တာဘမော် အင်္ဂလိပ်လိုပြောတဲ့ လေသံမျိုးကိုတုပြီး မိန့်ခွန်း အပြောကျင့်တာတွေဟာ နယ်ချဲ့လက်အောက်က နိုင်ငံရေးသမားဘဝကို ရင်ဆိုင်ဖို့ မိမိကိုယ်ကို ကြိုးစားအားထုတ် တည်ဆောက်ခဲ့တာတွေပဲ ပေါ့ဗျာ။

လွတ်လပ်ရေးခေတ် နိုင်ငံရေးသမားတွေကို ကြည့်လိုက်တော့ အာဏာရဖဆပလအဖွဲ့ဝင်၊ မြောက်ကြွမြောက်ကြွ နိုင်ငံရေး သမားဆိုသူတွေနဲ့ အတိုက်အခံပမညတအဖွဲ့ဝင်၊ အမြဲတမ်း ဘိုင်ကျ၊ နယ်ကလာတဲ့ ရဲဘော်တွေဆီက စေတနာကြေးလေးတွေနဲ့ စားသောက်နေရတဲ့ သာမန်ပြည်သူတွေ အထင်ကြီးခြင်း မခံရတဲ့ နိုင်ငံရေး



သမားတွေကို အတော်များများ တွေ့ခဲ့ရတယ်။ ကျွန်တော်က ပမညတထဲက ကြည်ညိုစရာ ပုဂ္ဂိုလ်တွေကို ကြည်ညို လေးစားပြီး သူတို့ ဝေယျာဝစ္စ လိုက်လုပ်ပေးနေတာကို ကျွန်တော့် ကြီးတော်ကြီးတစ်ယောက်က ဘာပြောသလဲဆိုတော့-

'ငါ့တူလေးရယ်၊ သူတို့ ကိုယ်တိုင် ဒီလောက် ဆင်းရဲနေတဲ့ လူတွေ တိုင်းပြည်မှာ အစိုးရတက်ဖြစ်ရင်ကော တိုင်းပြည် ချမ်းသာအောင် သူတို့ လုပ်နိုင်ပါ့မလား။ တိုင်းပြည်ဒါ သူတို့လိုပဲ မွဲကုန်တော့မပေါ့' တဲ့ဗျာ။

အဲဒီတုန်းက အသက် ၁၆ နှစ်သားရှိသေးတဲ့ ကျွန်တော်က ကလေးတစ်ယောက်ရဲ့ ကြည်လင်တဲ့ အမြင်နဲ့ ကြီးတော်ကြီးကို ပြန်ပြောခဲ့ပါတယ်။ အဲဒီစကားကို ကျွန်တော့် အစ်မတွေက ခုထိ သတိတရ ပြန်ပြောကြတုန်းပါ။

'ကြီးတော်ကလည်းဗျာ၊ သူတို့က ဆင်းရဲပေမယ့် အင်မတန် ရိုးသားတယ်ဗျ။ သူတို့ အစိုးရဖြစ်ရင် ဘယ်တော့မှ မဟုတ်တာ မလုပ်ဘူးဆိုတာ ကျွန်တော်ပြောရဲတယ်' လို့ ကျွန်တော် ပြောခဲ့တာပါ။ အခု ကြီးလာတော့ ဆက်စဉ်းစားတဲ့အခါ နိုင်ငံရေးသမားဟာ မဟုတ်တာ ဘယ်တော့မှ မလုပ်ဘူးဆိုတဲ့ ရိုးဂုဏ်တစ်ခုတည်း ရှိနေရုံနဲ့တော့ မပြီးသေးဘူး ထင်တယ်ဗျ။ ဟုတ်တာလည်း လုပ်တတ်ရလိမ့်မယ်။ ဟုတ်တာတွေကို လုပ်တတ်မှ တိုင်းပြည် တိုးတက်မှာပေါ့။

ခုတလော နိုင်ငံရေးသမားများအကြောင်း တောင်တောင် အီအီ စဉ်းစားမိရင်း အင်တာနက် အမေးအဖြေတစ်ခုက အဖြေဝါကျတစ်ခုကို တွေ့လို့ ကူးယူထားလိုက်ပါတယ်။

There are two things a politician needs to be successful: the ablity to see problems, and the ability to convince other politicians to help him solve them.

***(answcdn.com)***

အောင်မြင်တဲ့ နိုင်ငံရေးသမား တစ်ယောက်ဖြစ်ဖို့ လိုအပ်ချက် နှစ်ချက်ရှိတယ်။ ပြဿနာတွေကို သိနိုင်မြင်နိုင်စွမ်းရှိဖို့နဲ့ အဲဒီ ပြဿနာတွေကို မိမိ ဖြေရှင်းနိုင်အောင် အခြားနိုင်ငံရေးသမားတွေက ကူညီလာတဲ့အထိ စည်းရုံးနိုင်စွမ်းရှိဖို့ပါပဲတဲ့။

အမေရိကန် နိုင်ငံရေးသမားတွေ ပညာတတ်တွေဖြစ်ဖို့ လိုသလားဆိုတဲ့ မေးခွန်းကို ဖြေတဲ့အထဲကပါ။ အမေရိကန်မှာ နိုင်ငံရေးသိပ္ပံပညာ ဘာသာရပ်နဲ့ ဘွဲ့တွေယူခဲ့သူတွေဟာ ပြည်သူလူထုက ရွေးကောက် တင်မြှောက်ထားတဲ့ နိုင်ငံရေးသမားတွေဆီမှာ အကြံပေးတို့ အတိုင်ပင်ခံတို့ သုတေသနမှူးတို့လို အလုပ်တွေ ဝင်လုပ်ကြတယ်။ သူတို့ကိုယ်တိုင်ဝင်ပြီး အရွေးခံတာ အင်မတန် နည်းပါသတဲ့။ အိုင်ဒါဟိုပြည်နယ်က (အုပ်ချုပ်ရေးမှူး)ဂါတနာ အော်တာတစ်ယောက်ကတော့ နိုင်ငံရေးသိပ္ပံဘွဲ့ရခဲ့သူပါ။

သို့ပေမယ့် နိုင်ငံရေး ဝင်မလုပ်ဘဲ နှစ်အကြာကြီး စိုက်ပျိုးရေးလုပ်ငန်းတွေ လုပ်နေခဲ့ပြီးမှ နိုင်ငံရေးထဲ ဝင်ခဲ့တာ ဖြစ်တယ်။

ရွေးကောက်ခံ နိုင်ငံရေးသမားတွေဟာ ဘဝအတွေ့အကြုံ ရင့်ကျက်သူတွေဖြစ်တာ များတယ်။ အမေရိကန်ပြည်နယ် ဂါဗာနာ တွေထဲမှာ အလာစကာက ဆာရာပေလင်းနဲ့ ဟဝိုင်အီက လင်ဒါလင်းဂဲလ်တို့က သတင်းစာဆရာဘဝကနေ နိုင်ငံရေးဘက် ကူးခဲ့ကြတာ၊ မွန်တားနားပြည်နယ် ဂါဗာနာ ဘရိုင်ယန် ရှိုက်ဇာ က လယ်သမားဘဝက လာတာ၊ ဂျော်ဂျီယာပြည်နယ် ဂါဗာနာ ဆန်နီပါဂျူးက အရင် တိရစ္ဆာန်ဆေးကုဆရာ၊ အိုင်အိုဝါးက ချက်ကာလ်ဗာက ကျောင်းဆရာဟောင်း။ မိန်းပြည်နယ်က ဂျွန်ဘာဒက်ချီက သမိုင်းပညာရှင်ကနေ နိုင်ငံရေးထဲဝင်ခဲ့တာ၊ နီဘရာစကားက ဒေ့ဗ်ဟိုင်နမန်းက ဝက်စ်ပွိုင့်စစ်တက္ကသိုလ် ကျောင်းဆင်း။ ဒီလာဝဲပြည်နယ်နဲ့ နယူးဂျာစီပြည်နယ်က ဂါဗာနာ များဖြစ်တဲ့ ဂျက်မာကဲလ်နဲ့ ဂျွန်ကော် ဇိုင်းတို့က အမ်ဘီအေဘွဲ့ရ စီမံခန့်ခွဲရေး အလုပ်တွေ လုပ်ခဲ့ကြသူတွေ ဖြစ်တယ်။ အမေရိကန် နိုင်ငံရေးသမားတွေ အများစု ကတော့ ဥပဒေဘွဲ့ရထားကြပါတယ်။ ဂါဗာနာတွေထဲမှာ သုံးယောက်ဟာ တက္ကသိုလ် ဘွဲ့ရတွေ မဟုတ်ပါဘူး။ အာနိုးလ်ကြီး၊ ဂျဒီရဲလ်နဲ့ ဂျန်ဘရူးဝါးတို့ သုံးယောက်ပါ။ အာနိုးလ်ကြီးနဲ့ ဘရူးဝါးတို့ဟာ ကောလိပ်တောင် မတက်ခဲ့ဖူးပါဘူးတဲ့။

နိုင်ငံရေးသမားများအကြောင်း ဆက်ပြောချင်ပါသေးတယ်။

**ပြည်သူ့ခေတ်ဂျာနယ်**

*၁၈၊ နိုဝင်ဘာ၊ ၂၀၁၀။*

*အတွဲ ၁၊ အမှတ် ၂၀။*

○

# အမျိုးသားညီညွတ်ရေး နမူနာများ

ကျွန်တော်တို့ အမျိုးက အိန္ဒိယသွေးလည်း မပါဘဲနဲ့ မျက်ရည်လွယ်တယ်ဗျ။ ဝမ်းနည်း ရင်လည်းငို၊ ဝမ်းသာရင်လည်း ငိုတာပဲဗျ။ မျက်ရည် လွယ်တာကို ပြောတာပါ။ အခု လည်း ကျွန်တော့်မှာမျက်ရည်တွေလည်လို့။

အမိ မြန်မာ နိုင်ငံကြီးအကြောင်း စဉ်းစားမိရင် ကျွန်တော်တို့မှာ ဝမ်းသာဝမ်းနည်း ဖြစ်စရာတွေ အများကြီးပေါ့ဗျာ။ ဂုဏ်ယူဝင့်ကြွား စရာတွေအတွက် ဝမ်းသာ ကြည်နူး ရသလို ဆုံးရှုံးခဲ့ရမှုတွေအတွက် နာကျင်လိုက်လို့ ဝမ်းနည်း ကြေကွဲရတာတွေလည်း ရှိခဲ့တာပ။

ခုတလော အောင်မြင်ရေး ဝတ္ထုတွေ ကျွန်တော် ရှာဖွေ ဖတ်နေတယ်။ သူများတွေ ဘယ်လို အောင်မြင်ခဲ့တာလဲ၊ ဘာကြောင့် အောင်မြင်ခဲ့တာလဲ စသည်ဖြင့် လေ့လာ မယ်ဆိုရင် အများကြီးပဲမဟုတ်လားဗျာ။

နိုင်ငံအလိုက် အောင်မြင်မှု ဇာတ်လမ်းတွေကို လေ့လာဖို့ အာရှနှစ်နိုင်ငံ၊ အာဖရိက နှစ်နိုင်ငံ၊ အရှေ့ဥရောပ နှစ်နိုင်ငံ၊ တောင်အမေရိက နှစ်နိုင်ငံ ကျွန်တော် ရွေးလိုက် တယ်။ မြောက်အမေရိက၊ အနောက်ဥရောပနဲ့ ဩစတြေးလျကို မကြည့်တော့ဘူး။ သူတို့က သီးခြားနောက်ခံနဲ့ သီးခြား လက္ခဏာတွေ ဖြစ်နေတယ်ဗျ။

အာရှမှာ ဖိလစ်ပိုင်နဲ့ အင်ဒိုနီးရှားကို ရွေးတယ်။ ဖိလစ်ပိုင်က နိုင်ငံရေးစနစ်ပိုင်းမှာ [illegible] စိတ်ဝင်စားဖို့ ကောင်းတယ်။ လူထု အင်အား ကြီးစိုးတယ်။ ပါလီမန်က ရွေးချယ် ရာကနေ တိုက်ရိုက် လူထုမဲနဲ့ သမ္မတ ရွေးကောက် တင်မြှောက်တဲ့စနစ် ကျင့်သုံး

နေတာ ၁၉၈၆ ခုနှစ်က စပြီး တွက်မယ် ဆိုရင် ကော်ရာဇန် အာကီနို၊ ရာမို့စ်၊ အက်စ်ထရာဒါ၊ အာရိုယို၊ နွိုင်နွိုင်အာကီနို ဆိုပြီး သမ္မတ ငါးဆက် ရှိသွားပြီ။ ဘာပဲ ပြောပြော ဒီမိုကရေစီကတော့ ပုံမှန် လည်ပတ်နေတယ်။ စီးပွားရေးမှာ နာမည် ကောင်း မထွက်ဘူး။ စီးပွားရေး တိုးတက်မှု နှေးကွေးတယ်။

အင်ဒိုနီးရှားကျတော့ နိုင်ငံရေးကော စီးပွားရေးကော တိုးတက်တယ်။ အာဏာရှင် ဆူဟာတို ၁၉၉၈ မှာ ပြုတ်ကျပြီး ဆူကာနို သမီး မေဃဝတီ သမ္မတ ဖြစ်တဲ့အထိ နိုင်ငံရေး ဖြစ်စဉ်တွေဟာ ပိုစိတ်ဝင်စားဖို့ ကောင်းတယ်။ မေဃဝတီကို အမှတ်ရစရာ ကတော့ ပါလီမန်ကနေ ရွေးတဲ့စနစ်ကနေ လူထု တိုက်ရိုက်ဆန္ဒမဲနဲ့ သမ္မတရွေးတဲ့ စနစ်ကို သူက ပြောင်းတယ်။ တကယ် ရွေးကောက်ပွဲလုပ်တော့ သူရှုံးတယ်။ ဗိုလ်ချုပ်ကြီးဟောင်း ယူဒိုယိုနို သမ္မတဖြစ်ခဲ့တယ်။ ခုဆို ဒုတိယအကြိမ်တောင် အရွေးခံရပြီ။ ဗိုလ်ချုပ်ကြီးဟောင်း ယူဒိုယိုနိုဟာ အင်ဒိုနီးရှားနိုင်ငံရဲ့ ဂုဏ်သိက္ခာကို ပြန်လည် မြှင့်တင်ပေးနိုင်ခဲ့တယ်။ အဂတိ လိုက်စားမှုတွေနဲ့ နာမည်ပျက်နေတဲ့ သူ့နိုင်ငံကို တရားဥပဒေ စိုးမိုးရေးအောက်ကို ပြန်ရောက်အောင် လုပ်နိုင်ခဲ့တယ်။ အင်ဒိုနီးရှားရဲ့ အောင်မြင်မှု ဇာတ်လမ်းတွေကို ဆက် လှေ့လာပါဦးမယ်။

အာဖရိကတိုက်က ဇင်ဘာဘွေနဲ့ တောင်အာဖရိကကို ကျွန်တော် စောင့်ကြည့် တယ်။ ဇင်ဘာဘွေပုံပြင်တွေဟာ ရသစုံပါတယ်။ အကြမ်း။ အလွမ်း။ စွန့်စားခန်း အစုံပါပဲ။ အမိက ဇာတ်ဆောင် နှစ်ယောက် ဖြစ်တဲ့ မူဂါဘီနဲ့ မော်ဂန်ရှန်ဂီရိုင်းတို့ရဲ့ အားပြိုင်မှုဟာ ရောင်းအစွံဆုံး သည်းထိတ် ရင်ဖို ဝတ္ထုတစ်ပုဒ်အောက် မလျော့ပေဘူးဗျ။ သို့သော်လည်း၊ ဘာပဲပြောပြော၊ ဇင်ဘာဘွေဟာ အလုပ်ဖြစ်နေတာပဲ။ ကာယကံရှင် ခေါင်းဆောင်တွေက တိုင်းပြည်အကျိုး ရှေးရှုပြီး အလုပ်ဖြစ်အောင်လုပ်ဖို့ လိုတယ် ဆိုတာကို သဘောပေါက်သွားတဲ့ တစ်နေ့ အလုပ်ဖြစ်သွားတာပဲပေါ့ဗျာ။

တောင်အာဖရိကကိုတော့ သင်ရိုးညွှန်းတမ်းလို သဘောထားပြီး လေ့လာရမှာပါ။ မင်ဒဲလားနဲ့ ဒေကလပ်တို့ဟာ ငြိမ်းချမ်းရေး နိုဘယ်လ်ဆု ပူးတွဲရတဲ့အထိ ပူးပေါင်း ဆောင်ရွက် နိုင်ခဲ့ကြပေတာပဲ။ အမျိုးသား ညီညွတ်ရေး အစိုးရဆိုတဲ့ ပုံသဏ္ဌာန်နဲ့ အနှစ်သာရကို တောင်အာဖရိက သင်ရိုးညွှန်းတမ်းမှာ တွေ့ရတယ်ဗျ။

အရှေ့ ဥရောပမှာတော့ ချက်နဲ့ ယူကရိန်းကို ကျွန်တော် အာရုံစိုက်တယ်။ ချက် က ကတ္တီပါ တော်လှန်ရေးဟာ သုကိုပ် မျောက်မင်း မျက်ရည်ကျစရာ ဖြစ်စေတဲ့ ဆွတ်ပျံ့ဖွယ် ဇာတ်လမ်းပဲဗျာ။ ယူကရိန်းက လိမ္မော်ရောင် တော်လှန်ရေးကိုတော့ ဖတ်ရင်း ဖတ်ရင်းပဲ ကြက်သီးတွေ ထပြီး မျက်ရည်ပါ လည်မိပါရဲ့။

တောင်အမေရိကမှာက ဘရာဇီးလ်နဲ့ ချီလီကို ကျွန်တော် လက်စွဲပြုတယ်။ ဗင်နီ ဇွဲလားကိုတော့ အရန်အဖြစ် ကြည့်ပါတယ်။ ဗင်နီဇွဲလားက ချာဗက်ဆိုတဲ့ ပုဂ္ဂိုလ်ကို



ကြည့်ပြီး ၂၁ ရာစု ဆိုရှယ်လစ် စနစ်လို့ သူပြောနေတာတွေ တစ်နေ့သောအခါ တကယ်များ ပြန်လည် ခေါင်းထောင်လာ ဦးမလားလို့ တွေးမိတာကြောင့်ပါ။ ဘရာဇီးလ် ကတော့ဗျာ။ ရိုတ်ရိုတ် ရိုတ်ရိုတ်နဲ့ တက်သွားလိုက်တာ လက်ဖျားခါလောက်အောင် မြင့်သွားပြီ။ ဘာကြောင့်လဲ၊ ခေါင်းဆောင်မှု ကောင်းလို့၊ လူတွေက သမ္မတ လူလာလို ခေါင်းဆောင်မျိုးကို အရွေးတော်လို့တဲ့ဗျာ။ အဲ.. ဝေဖန်ချက် တစ်ခုလည်း ဖတ်လိုက်ရသေး တယ်ဗျ။ ဘရာဇီးလ်က စီးပွားရေးသမားတွေ၊ ကုန်သည်ကြီးတွေဟာ ဂျပန်ကို အားကျပြီး သူတို့တစ်ဦးချင်း ကြီးပွားတိုးတက်ရေးထက် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုး တိုးတက်ရေးကို ရှေးရှုခဲ့ကြတယ်တဲ့။ အဲဒီအချက်ဟာ တော်တော်အရေးကြီးမယ် ထင်တယ်ဗျ။ ဆက်လေ့လာပါဦးမယ်။

ချီလီ အကြောင်းကတော့ ကျွန်တော်က ၁၉၇၅ ခုတုန်းက 'ပြည်သူ့သမ္မတ အာယန်းဒေး သို့မဟုတ် ချီလီပြည်က ကြယ်နီ' ဆိုတဲ့ စာအုပ် ရေးခဲ့သူဆိုတော့ လူထု ရွေးကောက် တင်မြှောက်တဲ့ သမ္မတ အာယန်းဒေးကို လုပ်ကြံ ဖြုတ်ချပြီး ဗိုလ်ချုပ်ကြီး ပီနိုချေးက အာဏာသိမ်းခဲ့တဲ့အထိ ကျွန်တော် ပြောပြီးသားပဲ။ နောက်ပိုင်း ဖြစ်ရပ် တွေကလည်း ထူးဆန်းတာပဲ။ နောက်ဆုံး ပီနိုချေးဟာ တိုင်းပြည်က ထွက်ပြေးရတယ်။ အမှုအခင်းတွေ ဖြစ်တယ်။ အသက် ၉၀ ကျော်မှာ မရှုမလှ မိုက်ပြစ် ဒဏ်ခံရပြီး သေခဲ့ရတယ်။ ချီလီပြည်ဟာ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံ ဖြစ်လာပြီးနောက် ပွင့်လင်း သူ့အဖွဲ့ အစည်းတစ်ခု ဖြစ်လာတယ်။ စီးပွားရေးပါ တစ်ဟုန်ထိုး တိုးတက် လာတယ်။ သူတွေရဲ့ စိတ်ဓာတ်တွေလည်း မြင့်မားလာတယ်။ မကြာသေးခင်က မိုင်းတွင်းအောက် ပိတ်မိနေတဲ့ အလုပ်သမား ၃၀ ကျော်ကို ကယ်တင်နိုင်ခဲ့တဲ့ ဖြစ်ရပ်ကြောင့် ကမ္ဘာ တစ်ဝန်းလုံး ကပါ ချီလီကို ပိုသတိထားမိသွားတယ်။

သတိထားမိစရာ ဖြစ်ရပ် တစ်စုံ တစ်ရာကြောင့် မိမိနိုင်ငံကို သတိထား မိလာတဲ့ အချိန်မှာ မိမိနိုင်ငံဟာ ဂုဏ်တက်စရာ ကောင်းသတင်းများနဲ့ ဝေဆာနေရင် ပျော်စရာကြီး နော်ဗျာ။

မိမိနိုင်ငံမှာ အမျိုးသား ညီညွတ်ရေး လက္ခဏာတွေ၊ နိမိတ်ပုံတွေကိုတော့ တွေ့နေရပြီလို့ ဆန္ဒစွဲ အတွေးနဲ့ တွေးနေမိရင်း ကျွန်တော် ဝမ်းသာလွန်းလို့ မျက်ရည် များတောင် လည်နေကြောင်းပါခင်ဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်**

*၂၅ နိုဝင်ဘာ ၂၀၁၀။*

*အတွဲ ၁။ အမှတ် ၂၁။*

○

# အမေရိကန် လေ့လာရေး ခရီး

၃၃ နှစ်ကြာပြီးချိန်မှာ အမေရိကန်နိုင်ငံကို ကျွန်တော် တစ်ခေါက် ထပ်ရောက်နေပါတယ်။ အရင်အခေါက် ၁၉၇၇ ခုနှစ်တုန်းကတော့ ကျွန်တော့် အတွေ့အကြုံတွေကို ဆောင်းပါးတွေ လက်သွက်သွက်နဲ့ ရေးပြီး အဲဒီတုန်းက ကျွန်တော် အလုပ်လုပ်နေတဲ့ မြန်မာ့အလင်း သတင်းစာတိုက်ကို ပြန်ပို့ ပေးခဲ့တယ်။ ဆောင်းပါးတွေရဲ့ ခေါင်းစဉ်က 'မောင်ဝံသတွေ့သော အမေရိကန်'တဲ့။ ·

လူဆိုတာ ချစ်သူရှိသလို မုန်းသူလည်း ရှိစမြဲပဲဆိုတော့ ခင်မင်သူတွေက ဘာမှ မပြောပေမယ့် မလိုလားသူတွေအဖို့တော့ အဲသည် ကာလကတည်းက ကျွန်တော့် ဆောင်းပါးခေါင်းစဉ်ကိုက အတော် 'ချဉ်'စရာ ဖြစ်နေမှာပဲလို့ တွေးမိတယ်။

အဲသည် ခေတ်က နိုင်ငံခြား သွားရတယ်ဆိုတာ ဒုလ္လဘ အခွင့်အရေးပါ။ ရှားရှားပါးပါး အခွင့်အရေးကို ကျွန်တော် ဘယ်လိုရခဲ့တယ်ဆိုတာ မကြာသေးခင်က ထုတ်ဝေခဲ့တဲ့ ကျွန်တော့်ရဲ့ 'ဝေါမြို့က လာခဲ့တယ်' စာအုပ်မှာ ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ရေးခဲ့ပါတယ်။

'အမှန်ကတော့ ကျွန်တော်သည် ပြန်ကြားရေးဝန်ကြီး ဦးလွင် (နှုတ်ခမ်းမွေးကြီးဟု ထင်ရှားခဲ့သော တပ်မတော် ထောက်လှမ်းရေး ညွှန်ကြားရေးမှူးဟောင်း၊ ကုလသမဂ္ဂနှင့် အမေရိကန်ဆိုင်ရာ မြန်မာသံအမတ်ကြီးဟောင်း) ၏ ကျေးဇူးဖြင့် ဤအခွင့်အရေးများကို ရခဲ့ခြင်း ဖြစ်ပါသည်'လို့ ရေးခဲ့ပါတယ်။ (ယင်း စာ ၁၉၉)

ကျွန်တော့်ဘဝဖြစ်စဉ်ကို ပြန်ရေးတဲ့အခါ တတ်နိုင်သမျှ ဓမ္မဓိဋ္ဌာန်ကျကျ ပြန်လည် စဉ်းစားပြီး ရေးဖို့ ကြိုးစားခဲ့ပါတယ်။ ထိမ်ချန်ထားရင်လည်း အကြောင်းသိတွေက မလိုတဲ့ တစ်နေ့မှာ ဖော်ကောင်လုပ်ရင် အရှက်တကွဲ ဖြစ်မှာပဲ မဟုတ်လားဗျာ။



အခုတစ်ခေါက် ကျွန်တော် အမေရိကန် ခရီးကို ဆောင်းပါး မရေးတာဟာ နံပါတ်တစ် အကြောင်းက ၁၉၇၇ ခုနှစ် တုန်းကလို အချဉ်မခံချင်လို့ပါ။ နံပါတ်နှစ်အကြောင်းက ဒီခေတ်မှာ နိုင်ငံခြားဆိုတာ အဆန်းမဟုတ်တော့လို့ ကျွန်တော်ရေးဖို့လည်း မလိုတော့ဘူးထင်လို့ပါ။

ကျွန်တော်တို့ စာပေအသိုင်းအဝိုင်းတွေထဲက အမေရိကန် အပါအဝင် နိုင်ငံခြားတွေကို ဥဒဟို သွားလာနေကြသူတွေ အများကြီးပါ။ ကျွန်တော် သိသူတွေထဲက ဆိုရင် ဆရာဖေမြင့်၊ ဆရာမောင်သာနိုး၊ ဆရာဦးမိုးဟိန်း၊ ဆရာကျော်ဝင်း၊ ဆရာနေဝင်းမြင့်၊ ဆရာဝင်းငြိမ်း၊ ဆရာမျိုးမြင့်ညိမ်း၊ ဆရာ ခင်မောင်ညို (ဘောဂဗေဒ)၊ ဆရာ ဒေါက်တာခင်မောင်ညို၊ ဆရာ ဒေါက်တာ ခင်မောင်ဝင်း (အသည်း)၊ ဆရာမ မသီတာ၊ ဆရာမဂျူး၊ ဆရာမ နုနုရည် (အင်းဝ)၊ ဆရာ ချစ်ဦးညို၊ ဆရာမ မြနှောင်းညို၊ ဆရာမ ခင်ဆွေဦး၊ ဆရာမ ခင်လှိုင်ကြူ၊ ဆရာ ကျော်ရင်မြင့်၊ ဆရာ သီဟစော စသူတွေဟာ သွားလည်းသွား၊ ရေးလည်း ရေးခဲ့ ကြတာပါပဲ။ သူတို့ ရေးတာတွေက စုံမှစုံဆိုတော့ ကျွန်တော်ရေးဖို့ မလိုတော့ဘူးလို့ စဉ်းစားမိပါတယ်။

ကျွန်တော်က အခု အသက် ၆၆ နှစ်ရှိမှ ပင်ပန်းခံပြီး သုတေသန အလုပ်တစ်ခု လုပ်နေတာပါ။ ၁၉၇၇ ခုတုန်းက လုပ်ခဲ့တာရဲ့ အဆက်လို့ ပြောနိုင်မှာပါ။ ဟိုတုန်းက မစ်ရှီဂန် တက္ကသိုလ်မှာ သတင်းစာပညာ ဖဲလိုးရှစ် သင်တန်းတက်ပြီး သတင်းစာပညာ သင်ကြားရေးစနစ်နဲ့ ပတ်သက်တဲ့ စာတမ်းရေးခဲ့တယ်။

(ဝေါမြို့က လာခဲ့တယ်၊ စာ ၁၉၇-၂၀၃)

အခုလည်း သတင်းစာ အရေးအသားနဲ့ ပတ်သက်တာတွေကိုပဲ လေ့လာနေတာပါ။ တခြား နည်းပညာတွေကိုတော့ အသက်လေးရလာပြီမို့ လက်လျှော့လိုက်ပြီ။ ရေဒီယိုနဲ့ ရုပ်သံသတင်းပဲလုပ်လုပ်၊ အွန်လိုင်းပဲ လုပ်လုပ်၊ ပုံနှိပ်သတင်းစာပဲ လုပ်လုပ်၊ သတင်း ဆောင်းပါး အရေးအသားဟာ မူလအခြေခံပဲ မဟုတ်ပါလား။ ကျွန်တော်က ရေးသားတင်ဆက်ပုံတွေကိုချည်း သုတေသန လုပ်ပါတယ်။

ကျွန်တော့် ရည်ရွယ်ချက်က ရန်ကုန် ပြန်ရောက်ရင် **ပြည်သူ့ခေတ်** သတင်း အဖွဲ့သားတွေနဲ့ သူတို့နဲ့ နီးစပ်ရာ စိတ်ဝင်စားသူတွေကို သတင်း အရေးအသားနဲ့ ပတ်သက်လို့ ပြန်လည် ဖောက်သည်ချဖို့ ပါပဲ။ ကျွန်တော်က သတင်းစာ ပညာစာအုပ် ဘာချို့ရေးခဲ့တာမို့ သတင်းစာသင်တန်း ဖွင့်ပါလားလို့ တိုက်တွန်း သူတွေ ရှိခဲ့ဖူးတယ်။ ခတော့ ကျွန်တော် ပြန်လာတဲ့အခါ သင်တန်းကြီး တစ်ခုလို မဖွင့်နိုင်တောင်မှ နီးစပ်ရာ ပညာလိုချင် သူတွေကိုတော့ ပညာပါရမီ ဖြည့်ဆည်းသွားမယ်လို့ ရည်ရွယ် ထားပါတယ်။

ကျွန်တော်တို့ဆီမှာ နောင်ဆို သတင်းစာတွေ ပေါ်လာ တော့မယ်။ လွတ်တော် စည်းဝေးတဲ့ သတင်း၊ ဥပဒေကြမ်းတွေ တင်သွင်း ဆွေးနွေးတဲ့ သတင်း၊ ဘတ်ဂျက်

ရှင်းတမ်းတွေကို ဝေဖန်တဲ့သတင်း၊ နိုင်ငံတကာ ကွန်ဖရင့်များ သတင်း၊ နိုင်ငံရေး ပါတီများသတင်း။ နိုင်ငံခြား ကုန်သွယ်မှု ရောင်းဝယ် ဖောက်ကားမှု စတဲ့ သတင်းတွေကို ရေးဖို့ ကိစ္စတွေ ရှိလာတော့မယ်။ ကျွန်တော်က အဲဒီလို ဘာသာရပ်ပေါင်းစုံ သတင်း အရေးအသားတွေကို အကျဉ်းရေးနည်း။ အကျယ်ရေးနည်းတွေ လေ့လာနေပါတယ်။

ဝါရှင်တန်ဒီစီက ကွန်ဂရက် စာကြည့်တိုက်ကြီး (Library of Congress)ကို တစ်ပတ် သုံးရက်လောက် ရောက်တယ်။ ရေးချင်လိုက်တာ၊ စာကြည့်တိုက်ကြီး အကြောင်း။ ကျွန်တော်တို့က ရန်ကုန် တက္ကသိုလ်မှာကတည်းက စာကြည့်တိုက်ကို အားကိုးတဲ့ အကျင့် ရှိခဲ့လေတော့ အားကိုးအားထား ပြုလောက်တဲ့ စာကြည့်တိုက်၊ ကမ္ဘာပေါ်မှာ အကြီးဆုံး စာကြည့်တိုက်ကြီးမှာ မှတ်ပုံတင် အသင်းဝင် အဖြစ်နဲ့ လေ့လာခွင့်ရနေတဲ့ အချိန်မှာ ကိုယ့် အတွေ့အကြုံတွေကို ပြန်ပြောပြချင်တယ်။

ကွန်ဂရက် စာကြည့်တိုက်ရယ်၊ အမေရိကန် ကွန်ဂရက် လွှတ်တော် အဆောက် အဦကြီးရယ်၊ တရားလွှတ်တော်ချုပ် အဆောက်အဦကြီးရယ် သုံးပွင့်ဆိုင် တည်ရှိ နေတာကိုလည်း ကျွန်တော်က အတော် သဘောကျနေတယ်။ အမေရိကန် လွှတ်တော် အမတ်တွေ လေ့လာဖတ်ရှုဖို့ ကွန်ဂရက် စာကြည့် တိုက်ကြီးကို မူလအစက တည်ပေး ထားတာတဲ့။ ဥပဒေပြုရေး မဏ္ဍိုင်ကို စာကြ...ိုက်နဲ့ ပညာပေးတယ်။ ပြီးတော့ တရားရေး မဏ္ဍိုင်က စောင့်ကြပ် နေပါသတဲ့ဗျာ။

နောက်ပိုင်းမှာ ရေးသင့်တယ် ထင်တာလေးတွေ ရေးဖို့ ပါဦးမယ်။ ပြည်သူ့ခေတ် ပိုင်းတော်သားများနဲ့တကွ စာဖတ်ပရိသတ်များ ကျန်းမာချမ်းသာကြပါစေ။

**ပြည်သူ့ခေတ်ဂျာနယ်**

*၂ ဒီဇင်ဘာ၊ ၂၀၁၀။*

*အတွဲ ၁၊ အမှတ် ၂၂။*

○

# နိုင်ငံရေးသမားမွေးထုတ်ရေး အယူအဆအ ချို့

အရည်အချင်း ပြည့်မီတဲ့ နိုင်ငံရေးသမားများ ပေါ်ထွန်းဖို့ လိုတယ်ဆိုတာကို ဘယ်သူမှ အငြင်းမပွားဘဲ လက်ခံကြတယ်ဆိုတော့ အဲသလို နိုင်ငံရေးသမား လူတော်လူကောင်းတွေ များများရရှိအောင် ဘယ်လိုလုပ်ကြမလဲဆိုတာကို ဆက်စဉ်းစားကြပါတယ်။

အိန္ဒိယနိုင်ငံ ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌဟောင်း တီအက်စ်ဆက်စဟန် (T.S.Seshan) က ပရော်ဖက်ရှင်နယ် နိုင်ငံရေးသမားများ မွေးထုတ်ဖို့ သင်တန်းကျောင်း တစ်ကျောင်း တည်ထောင်ခဲ့ဖူးတယ်။

ပရော်ဖက်ရှင်နယ် professional ဆိုတဲ့ အင်္ဂလိပ် စကားလုံးကို အသက် မွေးဝမ်းကျောင်းဆိုင်ရာ ကြေးစား၊ ဆုကြေးစား စသည်ဖြင့် မြန်မာပြန်ခဲ့ကြတယ်။ နိုင်ငံရေးသမားနဲ့ တွဲဖက်လို့ မရတဲ့ အဓိပ္ပာယ်တွေ ဖြစ်နေတော့ ဘယ်လိုမှ ယူလို့မဖြစ်ဘူး။ ဘာကယ်က ပရော်ဖက်ရှင်နယ်ဆိုတာ သက်ဆိုင်ရာ အတတ်ပညာ၊ အသိပညာဆိုင်ရာ အပိုင်းမှာ သာမန်လူတွေထက် ကျွမ်းကျွမ်းကျင်ကျင် ပိုင်ပိုင်နိုင်နိုင် လုပ်ဆောင်နိုင်စွမ်းရှိသူ၊ မိမိပညာနဲ့ ပတ်သက်လို့ အလွဲသုံးစားမလုပ်သူကို ခေါ်တာပါ။

ဆက်စဟန်က ဟားဗတ်တက္ကသိုလ်က အစိုးရပညာဆိုင်ရာ ဂျွန်အက်ဖ်ကနေဒီ ကျောင်း (John F. Kennedy School of Government)ကို အတုယူပြီး သူ့ရဲ့ အိန္ဒိယ ပရော်ဖက်ရှင်နယ် နိုင်ငံရေးသမား သင်တန်းကို မဟာရဋ္ဌရ စက်မှုတက္ကသိုလ်ရဲ့ လက်အောက်ခံ ကျောင်းတစ်ကျောင်းအဖြစ် ဖွင့်လှစ်ခဲ့တယ်။

ဆက်စဟန်ဟာ အိန္ဒိယနိုင်ငံရေးသမား တွေကို ဆရာဝန်တွေ အင်ဂျင်နီယာတွေလိုပဲ ကိုယ့်ပညာနဲ့ကိုယ် လုပ်စားနိုင်သူတွေ ဖြစ်လာစေချင်တဲ့ စေတနာနဲ့ ကျောင်းဖွင့်ခဲ့တာလို့ ဆိုတယ်။ ကျောင်းဝင်ခွင့် လျှောက်သူဟာ အသက် ၃၅ နှစ်အောက်၊ တက္ကသိုလ် ပထမတန်းတစ်ခု ရပြီးသူ ဖြစ်ရမယ်။ သင်ပေးမယ့် ဘာသာရပ်တွေက နိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေကနေ နိုင်ငံ့စီးပွားရေးအထိ အစုံပါတယ်။ စာသင်ကာလ တစ်ပိုင်းလျှင် လေးလခွဲထားပြီး တစ်နှစ်သင်တန်း ဖြစ်တယ်။ သင်တန်းကြေးကလည်း မသက်သာဘူး။ ရူပီး ၂,၇၅ သိန်း သတ်မှတ်ထားတယ်။

ပရော်ဖက်ရှင်နယ် နိုင်ငံရေးသမားတွေကို သင်တန်းပေးပြီး မွေးထုတ်ရမယ်ဆိုတဲ့ စိတ်ကူးဟာ ပလေးတိုး (၄၂၈/၇-၃၄၇ ဘီစီ)က စတင်ခဲ့တာပါ။ ပလေးတိုးဟာ ၃၈၇ ဘီစီကနေ သူသေတဲ့အထိ အကယ်ဒမီဆိုတဲ့ကျောင်းကို ထောင်ပြီး အတွေးအခေါ် ပညာကို သင်ပေးခဲ့တာပဲ။ အတွေးအခေါ်ပညာဆိုတာ ယနေ့ခေတ် အခေါ် နိုင်ငံရေးပါပဲ။

ပလေးတိုးရဲ့စေတနာက သူ့သင်တန်းသားတွေကို ကောင်းမြတ်ခြင်းဆိုတာ ဘာလဲ၊ ဆိုးယုတ်ခြင်းဆိုတာ ဘာလဲ၊ လောကကြီးမှာ အကောင်းတရားတွေ ထွန်းကားအောင် ဘယ်လို ဆောင်ရွက်ကြမလဲဆိုတဲ့ အခြေခံကျင့်ဝတ်တွေ၊ ခံယူချက်တွေကို သင်ကြားပို့ချပေးတာ ဖြစ်တယ်။ တိုင်းပြည်ကို စီမံခန့်ခွဲရတဲ့ တာဝန်တွေကို ထမ်းဆောင်ရတဲ့အခါ အမြော်အမြင်ရှိရှိ လုပ်တတ်အောင် စိတ်ဓာတ်ရေးရာ ခွန်အားတွေ ပေးလိုက်တာပါ။ ကလိန်ကကျစ် လုပ်နည်းတွေ၊ ညစ်ပတ်နည်းတွေ သူတို့ခေတ်က လုံးဝ မသင်ရပါဘူး။

အိန္ဒိယက ဆရာကြီး ဆက်စဟန်က ဟားဗတ်ကို နမူနာ ယူပေမယ့် သူ့ကျောင်းဟာ မအောင်မြင်ခဲ့ပါဘူး။ နှစ်နှစ်တောင် မခံဘဲ ရပ်သွားပါတယ်။ ဟားဗတ်ကျောင်းကတော့ ခုထိ ဆက်ရှိနေတယ်။ တကယ်ကတော့ ဟားဗတ်တက္ကသိုလ်ရဲ့ အရှိန်နဲ့ တည်တံ့နေတာပါ။ အမေရိကန် ပြည်တွင်းရော ပြည်ပကပါ ကျောင်းသားသစ်တွေကို နှစ်စဉ် လက်ခံတယ်။ အစိုးရ ပညာကို သင်ပေးတာဖြစ်လို့ နိုင်ငံရေးပညာပါပေမယ့် နိုင်ငံရေးသမားကောင်း မွေးထုတ်ပေးတဲ့ သင်တန်းလို့လည်း မဆိုနိုင်ဘူး။ ပြီးတော့ ပညာရေးဆိုင်ရာဘွဲ့လည်း ပေးတာမို့ မက်လုံးပိုရှိပါတယ်။

စစ်တမ်းတစ်ခုအဆိုအရ ဟားဗတ်ကျောင်းထွက် ဘုရင်တွေ၊ သြဇာကြီး နိုင်ငံရေး သမားတွေ ကမ္ဘာအနှံ့ ရှိနေပေမယ့် တိုင်းပြည် အုပ်ချုပ်တဲ့နေရာမှာ တော်လှချည်ရဲ့လို့ သူတို့ထဲက တစ်ယောက်မှ ပြောလောက်အောင် မတွေ့ပါဘူးတဲ့။ သိပ်တော်တာပဲလို့ မပြော နိုင်တာကိုထားဦး။ သူတို့ထဲက သိပ်ညံ့တဲ့ လူတွေတောင် ရှိနေခဲ့ပါသတဲ့။ သူတို့ သက်ဆိုင်ရာနိုင်ငံတွေမှာ စီမံခန့်ခွဲအုပ်ချုပ်မှု ညံ့ရုံမကဘူး။ ဒီမိုကရေစီဆုတ်ယုတ်မှုတွေတောင် ရှိခဲ့တယ်လို့ ဆိုတယ်။ ဥပမာအဖြစ် အိန္ဒိယ၊ ကင်ညာ၊ တန်ဇန်နီယာ၊ ဖိလစ်ပိုင်နဲ့ လက်တင် အမေရိက နိုင်ငံအချို့က နိုင်ငံရေး ခေါင်းဆောင်တွေကို ထောက်ပြနိုင်ပါသတဲ့။



သည်တော့ကာ ဆက်စဟန်ရဲ့အကြံ မအောင်တာဟာ အဆန်းမဟုတ်တော့ပါဘူး။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေက နိုင်ငံရေးသမားတွေ အဓိက ရင်ဆိုင်ရတာက နိုင်ငံရေးပြဿနာထက် စီးပွားရေး ပြဿနာတွေက ပိုကြီးမားတယ်။ တိုင်းသူပြည်သား လူများစုကြီးက ဆင်းရဲတွင်းနက်နေတယ်၊ အလုပ်လက်မဲ့တွေ ထူပြောနေတယ်၊ အစိုးရများရဲ့ အဂတိ လိုက်စားမှုတွေကြောင့် ရင်းနှီးမြှုပ်နှံမှုတွေ စီးမဝင်ဘူးဆိုတဲ့ အခြေအနေမှာ လုပ်ရကိုင်ရ အလွန်ခက်ကြတယ်။

အဲဒီလို အနေအထားမှာ အောင်မြင်တယ်ဆိုတဲ့ နိုင်ငံရေး သမားဟာ ဟားဗတ်က သင်ပေးတဲ့ အရည်အချင်းမျိုး မဟုတ်တော့ဘူး။ ပွင့်လင်းမြင်သာ၊ တာဝန်သိ တာဝန်ရှိ စိတ်ဓာတ်အခံနဲ့ လုပ်သွားခြင်းဖြင့်သာ လူထုထောက်ခံမှုကို ရနိုင်ကြပါတယ်။ လူထု အပေါ်က အရှင် သခင်လို နေလို့ကတော့ ဘယ်လိုမှ မဖြစ် ပါဘူး။ (Governments have to be transparent, accountable and responsive to serve the people and not lord over them.)

ဆက်စဟန်က နိုင်ငံရေးသမားတွေကို ဆရာဝန်ပညာ၊ အင်ဂျင်နီယာပညာ သင်သလို ရနိုင်ကောင်းတယ်လို့ ယုံကြည်ခဲ့တယ်။ ဒါပေမဲ့ အဲဒါ လွဲချော်သွားတယ်။ တကယ်ကတော့ နိုင်ငံရေးဟာ ပုံသေကားကျ သိပ္ပံပညာမဟုတ်ပါဘူး။ အုတ်ခ်ရှော့ (Oakshott) က ဘာနဲ့ ဥပမာပေးလဲဆိုတော့ 'နိုင်ငံရေးလုပ်တယ် ဆိုတာ အဆုံးအစမရှိ အပြောကျယ်တဲ့ ပင်လယ်ပြင်ထဲမှာ ကျောက်ချလောက်အောင်လည်း မမီ၊ ခိုနားစရာ ဆိပ်ကမ်းလည်း မမြင်ဘဲ အစမရှိ အဆုံးမရှိ ခရီးနှင်နေရသလိုပဲ။ ပင်လယ်ပြင်ကြီးဟာ မိတ်ဆွေလည်းဖြစ်၊ ရန်သူလည်း ဖြစ်တယ်။ လှိုင်းနဲ့လေနဲ့ကို အသုံးချပြီး ရှေ့တိုးသွားကြရတာ ဖြစ်တယ်' (အုတ်ခ်ရှော့ - ၁၉၀၁-၁၉၉၀ ဟာ အင်္ဂလိပ်လူမျိုး ဒဿန ပညာရှင်၊ နိုင်ငံရေး သဘောတရား ဆရာဖြစ်ပြီး လစ်ဘရယ်တွေးခေါ်ရှင် တစ်ယောက် အဖြစ် ထင်ရှားခဲ့ပါတယ်။)

မဟာတ္တမဂန္ဒီကြီးကို ဂိုခါလီ (Gokhale) က တိုက်တွန်းခဲ့ဖူးတာကိုလည်း လက်တွေ့ နိုင်ငံရေးဥပမာအဖြစ် ပြောလေ့ရှိကြတယ်။ ၁၉၁၅ မှာ ဂန္ဒီကြီး အိန္ဒိယကို ပြန်လာတော့ ဂိုခါလီက ဂန္ဒီကြီးကို သာမန် ပြည်သူတွေကြားထဲကိုသွားပါ။ ပြည်သူတွေနဲ့ နေပါလို့ ပြောခဲ့တယ်တဲ့။ တကယ်ပဲ ဂန္ဒီကြီးဟာ သာမန်လူ တစ်ယောက် ဘဝအတိုင်း နေထိုင်ခဲ့တာ တစ်ပြည်လုံးရဲ့ အထွတ်အမြတ် ခေါင်းဆောင်ကြီး ဖြစ်သွားပါတော့တယ်။ ဂန္ဒီကြီး နေထိုင်သွားပုံဟာ လူထုခေါင်းဆောင် နိုင်ငံရေးသမားဆိုတာ ပြည်သူတွေကြားမှာ နေတယ်၊ ပြည်သူတွေလို ခံစားတယ်၊ ပြီးတော့ ပြည်သူတွေကို ထွက်ရပ်လမ်းပြတယ်၊ ပြည်သူတွေ ရှေ့ကနေ တိုက်ပွဲဝင်တယ်ဆိုတဲ့ နမူနာကို ပြသွားတာပဲလို့ ဆိုပါတယ်။ (ဂိုခါလီ - ၁၈၆၆-၁၉၁၅ ဟာ အိန္ဒိယ ကွန်ဂရက်ပါတီကြီးရဲ့ ရှေ့ဦးပိုင်းခေါင်းဆောင်၊ လွတ်လပ်ရေး တိုက်ပွဲခေါင်းဆောင်ကြီး တစ်ယောက် ဖြစ်ခဲ့ပါတယ်။)

မည်သို့ရှိစေ၊ ပလေးတိုးကိုလေ့လာတာ၊ ဟားဗတ်သင်ခန်းစာတွေကို လေ့လာတာ၊ ဆက်စပ်ဟန်နဲ့ သင်ရိုး ညွှန်းတမ်းတွေကို လေ့လာတာ၊ ဂန္ဒီကြီးဘဝကို လေ့လာတာ၊ (ကျွန်တော်တို့ဆီမှာဆို ဗိုလ်ချုပ်အောင်ဆန်းကိုပါ လေ့လာတာပါမယ်)စတာတွေဟာ နိုင်ငံရေးသမားကောင်းဖြစ်ဖို့ ရည်ရွယ် သူတိုင်းအတွက် လိုအပ်မယ် ထင်ပါတယ်။ ဘာကြောင့်ဆိုတော့ နိုင်ငံရေးသမားတိုင်းဟာ မွေးရာပါ ပါရမီရှင် မဟုတ်ပါဘူး။ မလေ့လာဘဲနဲ့ အလိုလို မတတ်ကျွမ်းနိုင်ပါဘူး။ အနည်းဆုံးတော့ စံပြနိုင်ငံရေးသမားတွေအကြောင်းကို ရှာဖွေလေ့လာ အတုယူသင့်ကြပါတယ်။

*Ref : Sushila Ramaswamy, http://static.indianexpress.com*

**ပြည်သူ့ခေတ်ဂျာနယ်**

*၉၊ ဒီဇင်ဘာ၊ ၂၀၁၀။*

*အတွဲ ၁၊ အမှတ် ၂၃။*

ဝ

# စံသာနု အမေရိကန်

ကမ္ဘာမှာ အချမ်းသာဆုံးဆိုတဲ့ အမေရိကန်ပြည်မှာ ဘတ်ဂျက်လိုငွေတွေပြ၊ နိုင်ငံရဲ့ ကြွေးမြီတွေကလည်း ခင်းကြမ်းဖြစ်နေလို့ ကုထုံးတွေ ရှာနေရတယ်ဆိုတဲ့ သတင်းတွေ ထွက်နေရတယ်ဗျ။

လွန်ခဲ့တဲ့ နှစ် ၃၀ ကျော်က ကျွန်တော် သည်ကို ရောက်ခဲ့စဉ်က အမေရိကန်ဟာ ရွှေဒိပ်မှာ ထိပ်ပေါ့ဗျာ။ ခုတစ်ခေါက်မှာတော့ တယ်မဟန်ဘူးဗျ။ အရမ်းကို ကွာသွားပြီ။ လူအများစုဟာ စီးပွားရေးတွေ ကျပ်နေကြတယ်။ အလုပ်အကိုင် အလွန်ရှားပါးတယ်။ အလုပ်လက်မဲ့ ဦးရေ ၁၀ ရာခိုင်နှုန်းလောက် ရှိနေပြီ။ ဒါပေမဲ့ ဆင်ပိန် ကျွဲလောက်တော့ ရှိဦးမှာပေါ့ဗျာ။

သမ္မတ အိုဘားမားခမျာလည်း ဒေသမယ့်နှစ်မှ စစ်ထဲ လိုက်ဆိုတဲ့ စကားပုံလိုမျိုး အကျပ်အတည်းတွေ ကြုံတဲ့ နှစ်ကာလကျမှ သမ္မတဖြစ်လာရှာတယ်။ နှစ်နှစ်အတွင်းမှာ သူ့ကို လူကြိုက်များမှု ရာခိုင်နှုန်း အများကြီးကျသွားပြီ။ ဂျင်မီကာတာလို သက်တမ်း တစ်ကြိမ်နဲ့ပဲ ဆင်းမလား ဖြစ်တော့ မလိုလို သတင်းထွက်နေသဗျ။

အလုပ်လက်မဲ့ ပြဿနာ ဖြေရှင်းနိုင်သလောက် ရှင်းဖို့ အိုဘားမားက မြို့ပြင် ဆောက်လုပ်ရေးတွေ အများကြီး လုပ်ခိုင်းတယ်။ ဝါရှင်တန်မှာ နေရာအတော်များများမှာ ဆောက်လုပ်ရေးတွေ ရှောင်မလွှတ်ဘူး။ လမ်းတွေ ပြင်နေတယ်။ အဆောက်အဦတွေ ဆောက်နေတယ်။ အလုပ်ကြမ်းသမားတွေ အတော်များများ အလုပ်ရကြတာပေါ့။

တစ်နေ့ ညနေက ကျွန်တော် ဘတ်စ်ကားနဲ့ ပြန်လာတုန်း လူတွေ ကျပ်ရတဲ့အထဲ ကားပေါ်ကို အလုပ်ပြုတ် အလုပ်သမားတစ်ယောက် အရက်တွေမူးပြီး တက်လာတယ်။ ကံဆိုးချင်တော့ ကျွန်တော့်ဘေးက လူက မှတ်တိုင်မှာ ဆင်းသွားတော့ ဝင်ထိုင်ပါလေရော။ သူက မူးနေပေမယ့် ဘေးလူကို မရမ်းပါဘူး။ ကျွန်တော့်ကို လက်ဆွဲနှုတ်ဆက်ပြီး တောင်းပန်သေးတယ်။ ပြီးမှ ရှေ့နားက ထောင့်ဖြတ်နေရာမှာ ထိုင်နေတဲ့ သူ့အသိ မိန်းမ နှစ်ယောက်ကို တွေ့တော့ လှမ်းလှမ်းပြီး စကားပြောရင်း သူ အလုပ်ပြုတ်သွားပြီ ဆိုတဲ့အကြောင်း ပြောတယ်။ အစိုးရကိုဆဲတယ်။ စကားတစ်ခွန်းကြမ်းကြမ်း ပြောပြီးတိုင်း ကျွန်တော့်ကို လှည့်တောင်းပန်သေးတယ်။ မှတ်တိုင် ၁၀ ခုလောက် သည်းခံ နားထောင်လာရတယ်။ ကျွန်တော်ဆင်းတော့ သူတို့ ဆက်ပါသွားတယ်။ ရှေ့ဆက်သွားရင် စလုံးတွေနေတဲ့ ရပ်ကွက်ဆိုတော့ အဲဒီအသိုင်းအဝိုင်းထဲက ဖြစ်ပါလိမ့်မယ်။ ဒီမှာ စလုံးဆိုတာက စင်ကာပူမဟုတ်ဘူး။ စပိန်စကားပြောတဲ့ လက်တင် အမေရိကန်တွေကို ခေါ်တာပါ။

အမေရိကန်ရဲ့ လက်ငင်း စီးပွားရေး ပြဿနာတွေကို လေ့လာပြီး အစီရင်ခံစာတင်ဖို့ အိုဘားမားက အလန် ဆင်မဆန်နဲ့ အတ်စကိုင်းဘိုးလ်တို့ကို ပူးတွဲ ဥက္ကဋ္ဌခန့်ပြီး ၁၈ ဦးပါ ကော်မရှင်တစ်ခု တာဝန်ပေးခဲ့တယ်။ တရားဝင်နာမည်က ဘဏ္ဍာရေးနဲ့ ပြုပြင် ပြောင်းလဲရေး ကော်မရှင်၊ အတိုကောက်ခေါ်တာက လိုငွေကော်မရှင် (Dificit Commission) တဲ့။ အလန်ဆင်မဆန် ၇၈ နှစ်က ယခင် ဆီးနိတ်ရီပတ်ဗလီကင် ခေါင်းဆောင်၊ အတ်စကိုင်းဘိုးလ် ၆၄ နှစ်က သမ္မတ ကလင်တန် လက်ထက်က အိမ်ဖြူထိပ်တန်းအရာရှိကြီး တစ်ယောက်။ ပါတီကြီးနှစ်ပါတီက ဝါရင့်နှစ်ယောက်ကို ပူးတွဲ ခေါင်းဆောင် ခိုင်းတဲ့ အစဉ်အလာလေးကတော့ ကောင်းပါရဲ့။ အခု အဲဒီကော်မရှင်ရဲ့ အစီရင်ခံစာ ထွက်လာပြီ။ အိုဘားမားရဲ့ ဒီမိုကရက်တစ်ပါတီကရော၊ ရီပတ်ဗလီကင် ပါတီကပါ အစီရင်ခံစာကို မကြိုက်ကြဘူးတဲ့။

ကော်မရှင်ကတော့ ထုံးစံအတိုင်း စီးပွားရေးကျနေတဲ့ တိုင်းပြည်တိုင်းမှာ တွေ့ရိုးတွေ့စဉ်တွေကို တွေ့တာပါပဲတဲ့။ အစိုးရ အသုံးစရိတ်တွေ လျှော့ဖို့၊ အခွန်ကောက်တဲ့ စနစ်ကို ပြင်ဖို့၊ လူမှုဖူလုံရေး အထောက်အပံ့တွေ လျှော့ဖို့၊ ပင်စင်သက် တိုးဖို့တွေကို ထောက်ခံတင်ပြတယ်။ အစိုးရ အသုံးစရိတ်တွေ လျှော့ရမယ်ဆိုရင် တိုးချဲ့ဖို့ ရည်ရွယ်ထားတာတွေ ရပ်ပစ်ရတော့မယ်။ ဒါဆိုရင် အလုပ်လက်မဲ့ ပိုများလာမယ်။ အခွန်ကောက်တဲ့ စနစ် ပြင်မယ်ဆိုရင် လူချမ်းသာတွေဆီက တိုးကောက်ဖို့ လုပ်တော့မယ်။ အဲဒီ အလား အလာကိုမြင်လို့လူချမ်းသာတွေ ကျောထောက် နောက်ခံပြုထားတဲ့ရီပတ်ဗလီကင်ပါတီက အခွန်စနစ် ပြင်မှာကို မကြိုက်ဘူး။ လူမှု အထောက်အပံ့တွေ လျှော့ချ ပစ်ဖို့ကျတော့ ဒီမိုကရက်တွေက မကြိုက်ပြန်ဘူး။ အလုပ် လက်မဲ့တွေ များလာလို့ လူမှုအထောက်အပံ့



ပိုပေးရဖို့ စဉ်းစားနေချိန်မှာ ဖြတ်တောက်ဖို့ဆိုရင် နိုင်ငံရေးအရ ပြဿနာပဲလို့ ဒီတ်ပူနေကြတယ်။

တလောတုန်းက ကျွန်တော် ဈေးလေးဘာလေး ဝယ်ပြီး ပြန်လာတော့ အိမ်ရှင် အဒေါ်ကြီးက ဘယ်မှာ ဈေးဝယ်လဲမေးလို့ ပြောတော့ အဲဒီက တရုတ်ပစ္စည်း အပေါ်စား တွေ များတယ်။ မဝယ်ပါနဲ့တဲ့။ ဈေးကောင်းကောင်း ဝယ်ချင်ရင် ကျွန်မ လိုက်ပို့ပါ့မယ်တဲ့။ ကျွန်တော်တို့က ဈေးချိုချို တရုတ်လုပ်တွေ သုံးတာ ကျင့်သားရနေပြီ။ သူတို့က အခု တရုတ်လုပ်တွေ ဒင်းကြမ်းဝင်လာတဲ့ ဒဏ်ကို ခံနေရတာကိုး။ အဒေါ်ကြီးက အမေရိကန် ဝံသာနုတရား လာဟောနေတယ်။ သူတို့ကတော့ အမေရိကန်လုပ် ပစ္စည်းကောင်းကောင်းပဲ သုံးတယ်တဲ့။

မကြာသေးခင်က ကျွန်တော် နယူးယောက်ကို အလည်သွားတော့ အဲဒီမှာတွေ့တဲ့ မိတ်ဆွေတစ်ယောက် လုပ်နေတဲ့ ကုမ္ပဏီက တရုတ်ပစ္စည်းတွေ အမေရိကန်ကို တင်သွင်းတဲ့ ကုမ္ပဏီတဲ့။ ခုနှစ်ပိုင်းအတွင်း တရုတ်မီးလုံးတွေ သွင်းလိုက်ရတာ လျှော့ လတိုင်းလတိုင်း နှစ်ဆတိုးနေတာပဲတဲ့။ တရုတ်လုပ် ဓာတ်အားချွေတာတဲ့ မီးလုံးတွေကို အမေရိကန် တစ်ပြည်လုံးလိုလို သုံးနေကြပြီလေ။

ကျွန်တော့်အိမ်ရှင် အဒေါ်ကြီးလို အမေရိကန် ဝံသာနုတွေအဖို့ ဝံသာနုတာ အတော် နောက်ကျသွားပါပြီဗျ။ ခုဆို တရုတ်က အမေရိကန်ကို ကြွေးတွေနဲ့ ဖိပြီး စီးပွားရေးမှာ အပေါ်စီးက ဆက်ဆံနေပြီလို့တောင် ပြောစရာ ဖြစ်နေကြောင်းပါဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်**

*၁၆၊ ဒီဇင်ဘာ၊ ၂၀၁၀။*

*အတွဲ ၁၊ အမှတ် ၂၄။*

○

# ပြောတတ် ဆိုတတ် ဆွေးနွေးတတ်တဲ့ အရည်အချင်း

နိုင်ငံရေး စကားဝိုင်းတချို့နားထောင် ဖြစ်ပါတယ်။ နိုင်ငံရေးအကြောင်း ပြောကြတာဆိုတော့ နိုင်ငံရေး စိတ်ဝင်စားသူတွေ နိုင်ငံရေးသမားတွေ ပါဝင်ပြောကြတာ များပါတယ်။ တချို့ပါဝင်ဆွေးနွေးသူတွေ တော်သလောက် တချို့ကျတော့ ညံ့လွန်းတယ်။ စကားဝိုင်းကို အနှောင့်အယှက် ဖြစ်စေတယ်။ သေးသိမ်စေတယ်။ ဒီလို လူမျိုးကိုများ ဖိတ်ခေါ် ဆွေးနွေးခိုင်းရသလားဆိုပြီး စီစဉ်တဲ့ လူကိုတောင် အပြစ်တင်စရာ ဖြစ်စေတယ်။

## များတတ်တဲ့ အမှားများ

နိုင်ငံရေးစကားဝိုင်းတွေမှာ အများဆုံး မှားတတ်ကြတာက မလိုအပ်ဘဲ လေရှည်နေတာ ဖြစ်တယ်။ ရှေ့က လူတချို့ ပြောပြီးသားတွေကို ထပ်ပြောနေတာ။ အချိန်ကို မတွက်တတ်တာ၊ စီစဉ်သူရဲ့ အရိပ်အကဲကို နားမစွင့် ကိုယ်ပြောချင်တာတွေကို ရေပက်မဝင်အောင် စွတ်တင်နေတာ ဖြစ်တယ်။ ကိုယ်ညံ့တာကို အထုပ်ဖြေပြသလို ဖြစ်တတ်တယ်။ စီစဉ်သူက အတင်းကို စကားဖြတ်တောက် ခံရတာ ရှက်စရာလည်း ဖြစ်တယ်။

ဥပမာ-စီးပွားရေးအကြောင်း စကားဝိုင်း ဆိုပါစို့။ နိုင်ငံခြားကို ပို့ကုန်များများ တင်ပို့နိုင်အောင် ဘယ်လို နည်းလမ်းတွေ ရှိနိုင်မလဲဆိုတာကို ဆွေးနွေးကြပါလို့ စီစဉ်သူက လမ်းကြောင်းပေးတယ်။ ဆွေးနွေးသူတွေက ကုန်စျေးနှုန်းတွေ ကြီးမားနေတာ၊ အလုပ်လက်မဲ့တွေ များနေတာ၊ ကုန်ထုတ်လုပ်မှုကို အထောက်အကူပြုတဲ့ ပညာရေးကို



အားပေးသင့်တာတွေ လျှောက်ပြောနေရင် တလွဲတွေ ဖြစ်ကုန်ပြီ။ အဲဒါတွေဟာ မှားလားဆိုတော့ မမှားပါဘူး။ ဒါပေမဲ့ အခု ဆွေးနွေးရမယ့် ခေါင်းစဉ်နဲ့ တိုက်ရိုက်မဆိုင်ဘူး။ ပြီးတော့ လူတွေ အတော်များများ သိနေပြီး ဖြစ်တဲ့အကြောင်းတွေကို စကားဝိုင်းမှာ ပြောနေဖို့ မလိုဘူး။ တချို့က သမားဂုဏ်ပြချင်လို့ ပြောတာ၊ တချို့က ကိုယ်က တစ်မတ်ဖိုးလောက် သိတာကို တစ်ကျပ်ဖိုးလောက် ထင်ပြီး လူတွင်ကျယ်လုပ်တာ။ တော်တော်များများကတော့ စကားဝိုင်းမှာ အပေးအယူမျှမျှ ပါဝင် ပြောဆိုနည်းကို နားမလည်လို့ မှားကြတာ ဖြစ်တယ်။

## သတိထားရန်

(၁) စကားဝိုင်းမှာ ပါဝင်ပြောဆိုသူဟာ အရိပ်သုံးပါး နားလည်ရမယ်။ စီစဉ်သူရဲ့ စကားကို နားစွင့်ပြီး ပြောဆိုရမယ်။ ကြားဖြတ် မေးချင်မေးမှာပေါ့။ မေးတာကို ဖြေရမယ်။

(၂) တစ်ယောက်တည်း အကြာကြီး မပြောရပါဘူး။

(၃) သူများကို အလှည့်ပေးရမယ်။ သူများ ပြောတာကို သေချာ နားထောင်ရမယ်။

(၄) မိမိ ပါဝင်ဆွေးနွေးတဲ့ ဘာသာရပ်ကို နားလည်အောင် လေ့လာပြီးမှ ပြောသင့်တယ်။

(၅) အကောင်းဆုံးကတော့ ပြောချင်တဲ့ အချက်အလက်တွေကို မှတ်စုလေးဆောင်ပြီး ပြောသင့်တယ်။

## အရည်အချင်း လိုအပ်ချက်

ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံရေးစိတ်ဝင်စားသူ၊ နိုင်ငံရေး ပါဝင် ဆောင်ရွက်သူတွေ အရေအတွက်ကော အရည်အချင်းကော လိုအပ်နေပါတယ်။ နိုင်ငံရေးကို ဘာသိဘာသာ နေသူတွေ များနေရင် လုံးဝ မကောင်းပါဘူး။ နိုင်ငံရေးကို ကိုယ်ကျိုးစီးပွားအတွက် ဝင်ရောတဲ့ အချောင်သမားတွေ များလာရင်လည်း လုံးဝ မကောင်းနိုင်ပါဘူး။ ကိုယ်ကျိုးမရှာတဲ့ နိုင်ငံရေးကို စိတ်ဝင်စားပြီး မိမိ နိုင်ငံမှာ ဘာတွေ ဖြစ်နေလဲ၊ ဘယ်သူတွေက အုပ်ချုပ်နေတာလဲ၊ ဘာစနစ်နဲ့ အုပ်ချုပ်နေတာလဲ၊ တိုးတက်နေသလား။ ဆုတ်ယုတ်နေသလား။ လူအများစုကြီး စားဝတ်နေရေး ချောင်လည်သလား။ မချောင်လည်ဘူးလား စသည်ဖြင့် အကဲခတ် လေ့လာ၊ မိမိ တတ်နိုင်တဲ့ နေရာက ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် ပါဝင်ဆောင်ရွက်သူတွေကို အရေအတွက်အားဖြင့် အရင်ဆုံး လိုပါတယ်။ ပြီးတော့မှ အရည်အချင်းပိုင်း ဖြည့်ဆည်းရင် ဖြစ်ပါတယ်။

အရည်အချင်းပိုင်းမှာ ပထမ အရေးကြီးဆုံးကတော့ ရိုးသားဖြောင့်မှန်မှု (Sincerity)ပါပဲ။ ရိုးသားဖြောင့်မှန်မှုလို့ အပြည့်အစုံပြောမှ တိကျမှာပါ။ Sincerity

ကို The Quality or condition of being sincere; genuineness, honesty, and freedom from duplicity လို့ The American Heritage Dictionary က အဓိပ္ပာယ်ဖွင့်တာကို သဘောကျလို့ပါ။

ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံရေးပါတီတွေ အများကြီး ပေါ်ခဲ့ဖူးတယ်။ ဟိုးအာဏာရ ဖဆပလခေတ်ကနေ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်အထိ လေ့လာကြည့်ရင် ရိုးသားဖြောင့်မှန်မှုနဲ့ နိုင်ငံရေးဝင်လုပ်သူထက် အခွင့်အရေး မျှော်ကိုးပြီး ဝင်လုပ်သူတွေက အရေအတွက် များခဲ့တာ တွေ့ရမှာပါ။

လမ်းစဉ်ပါတီ စတင် တည်ထောင်ချိန်က ကျွန်တော်တို့ တက္ကသိုလ်အပြင်တောင် ရောက်နေပြီမို့ ကောင်းကောင်းကြီး သိမီပါတယ်။ အဲဒီအချိန်က အလုပ်အကိုင် သိပ်မရှားပါးသေးဘူး။ တက္ကသိုလ်ဘွဲ့ရတွေဟာ ကုန်သွယ်ရေး မန်နေဂျာ၊ သစ်လုပ်ငန်း လက်ထောက်မန်နေဂျာ၊ နိုင်ငံခြားရေးရုံး တတိယအတွင်းဝန် စသဖြင့် ရာထူးဝန် စာမေးပွဲတွေ ဝင်ဖြေနိုင်တယ်။ ရာထူးရတဲ့လူ များတယ်။ နောက်တစ်မျိုးကATO လို့ ခေါ်တဲ့ လက်ထောက်မြို့ပိုင်ရာထူး။ နောင် မြို့ပိုင်၊ နယ်ပိုင်၊ ခရိုင်ဝန် စသည်ဖြင့် တက်သွားတာပဲ။

## မိုးထဲ ရေထဲမှာ

အဲဒီကာလမှာပဲ သူငယ်ချင်းတချို့က လမ်းစဉ်ပါတီ ကေဒါများအဖြစ် ဝင်ခဲ့ကြတယ်။ လမ်းစဉ်ပါတီကို ပမညတဟောင်းနဲ့ ဗကပဟောင်းတွေ ဝင်တာများတယ်။ ဖဆပလနဲ့ ပထစဟောင်းတွေဝင်တာ နည်းတယ်။ ယခင် နိုင်ငံရေး မလုပ်ခဲ့ဖူးဘဲ လမ်းစဉ်ပါတီထဲ ဝင်တဲ့ လူသစ်တွေဟာ ဆိုရှယ်လစ်လမ်းစဉ်ကို တကယ်ယုံကြည်လို့ ဝင်သူတွေ ရှိသလို ရေရှည် စားသာမှာ သေချာတယ်ဆိုပြီး တွက်ကိန်းနဲ့ ဝင်သူတွေ အတော်များတယ်။ ကျွန်တော်တို့ ကျောင်းမှာတုန်းက နိုင်ငံရေးစိတ်ဝင်စားဖို့ မပြောနဲ့ သမဂ္ဂထဲတောင် မရောက်ဖူးသူတွေ အတော်များများ လမ်းစဉ်ပါတီထဲ ရောက်ကုန်တယ်။ နောင် မိုးထဲရေထဲလည်း ရောက်ရော ပါတီဝင်ကတ်ပြားတွေ မီးရှို့ပြီး ကိုယ်လွတ်ရုန်းကြတဲ့အခါ သူတို့ ရှေ့ဆုံးကပဲဗျ။

ကျွန်တော်တို့ တိုင်းပြည်ရဲ့ အနာဂတ် နိုင်ငံရေးမှာ အဲသလို လူတွေကိုတော့ ကျပ်ကျပ်ကြီးရှောင်ဖို့ လိုပါတယ်။ အခွင့်အရေးမျှော် နိုင်ငံရေးသမားနဲ့ ရိုးသားဖြောင့်မှန် နိုင်ငံရေးသမားကို ခွဲခြား အားပေးဖို့ကတော့ ပြည်သူများရဲ့ တာဝန်ပဲ ဖြစ်ကြောင်းပါ ဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်။**

*၂၃၊ ဒီဇင်ဘာ၊ ၂၀၁၀။*

*အတွဲ ၁၊ အမှတ် ၂၅။*

# အယ်မှာ နောက်လိုက်လုပ်မလဲ

အဖွဲ့အစည်းတွေမှာ ခေါင်းဆောင်က လူနည်းစု၊ နောက်လိုက်က အများစုဖြစ်တယ်။ ဒါ မမှားတာပါပဲ။ ငယ်သားတစ်ယောက် ဗိုလ် ၁၀ ယောက် ဖြစ်နေရင်လည်း ရယ်စရာ ဖြစ်နေမှာပေါ့။

နိုင်ငံရေးပါတီတွေ တည်ထောင်တဲ့အခါ အာဏာရ သို့မဟုတ် အာဏာရနိုင်တဲ့ အလားအလာရှိတဲ့ အဖွဲ့မျိုးဆိုရင် သောကောရောကော အဖွဲ့ဝင်တွေ တိုးဝှေ့ဝင်လာကြ မှာပဲဗျ။ နိုင်ငံရေး တကယ်လုပ်ချင်သူဟာ ဝါဒလမ်းစဉ်တွေ၊ ခေါင်းဆောင်မှုတွေကို ကြည့်ပြီး လေ့လာပြီးမှ အဖွဲ့ဝင်တယ်။ သည်အဖွဲ့ဟာ တိုင်းပြည်နဲ့ လူမျိုးအကျိုးကို တကယ်တမ်း ထမ်းရွက်နိုင်မှာလား။ ထမ်းရွက်နိုင်တဲ့ အင်အားတွေနဲ့ ဖွဲ့စည်းထားတာ ဟုတ်ရဲ့လား။ သေချာ လေ့လာပြီးမှ အဖွဲ့ဝင်အဖြစ် တာဝန်ယူကြတယ်ဗျ။

## နိုင်ငံရေးအဖွဲ့ သုံးမျိုး

နိုင်ငံတကာ နိုင်ငံရေးအဖွဲ့တွေကို ကြည့်ရင် အဓိကအားဖြင့် သုံးမျိုး တွေ့ရမယ်။

(က) ဝန်ကြီးချုပ်ဦးဆောင်တဲ့ အင်္ဂလန် ဝက်စ်မင်စတာ နိုင်ငံရေးပုံစံမှာ ပါဝင်လှုပ်ရှားကြတဲ့ နိုင်ငံရေးသမားတွေ (ဗြိတိန်၊ ဆွီဒင်၊ အစ္စရေး၊ အိန္ဒိယ၊ ဂျပန်၊ ထိုင်း၊ ဩစတြေးလျ၊ ကနေဒါ စသည်...)

(ခ) တိုက်ရိုက်လူထုမဲနဲ့ သမ္မတ ရွေးကောက် တင်မြှောက်တဲ့ စနစ်ထဲမှာ ပါဝင်လှုပ်ရှားကြတဲ့ နိုင်ငံရေးသမားတွေ၊ (အမေရိကန်၊ ပြင်သစ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ တောင်ကိုရီးယား၊ တောင်အာဖရိက၊ ဗင်ဇွဲလား စသည်...)

(ဂ) တစ်ပါတီတည်းက တစ်ဆက်တည်း နှစ်ရှည် အာဏာရယူထားတဲ့ စနစ်ထဲမှာ ပါဝင်လှုပ်ရှားကြတဲ့ နိုင်ငံရေးသမားတွေ၊ (ကျူးဘား၊ မြောက်ကိုရီးယား၊ ဗီယက်နမ်၊ ဘရုတ်၊ လာအို၊ စင်ကာပူ၊ မလေးရှား၊ အီဂျစ် စသည်...)

သည်နေရာမှာ ဆော်ဒီအာရေဗျ၊ လစ်ဗျားစတဲ့ ဘုရင်စနစ် သို့မဟုတ် ဘုရင့်အာဏာထက်တောင် ပိုတဲ့ အာဏာရှင်စနစ်မျိုးကို ထည့်မပြောတော့ဘူး။ အများလက္ခဏာဆောင်တဲ့ နမူနာများကိုပဲ လေ့လာပါ့မယ်။

## အစိုးရဖြစ်ခွင့်ရှိတဲ့ စနစ်

(က) အုပ်စုထဲက နိုင်ငံရေးသမားတွေရဲ့ နိုင်ငံရေးပါတီတွေဟာ ဘတစ်ပြန် ကျားတစ်ပြန် အစိုးရဖြစ်လာနိုင်တဲ့ အခွင့်အလမ်းရှိတယ်။ မိမိက အစိုးရဖြစ်နေချိန်မှာ အတိုက်အခံဖြစ်နေတဲ့ ပါတီတွေကို နှိပ်ကွပ်လို့မရဘူး။ အတိုက်အခံတွေ ညီညွတ်ရေးရသွားချိန်မှာ ပါလီမန်တွင်း အင်အားစုစည်းပြီး အစိုးရကို အယုံအကြည်မရှိ အဆိုတင်နိုင်တယ်။ ပြုတ်ကျသွားတာတွေလည်း ရှိတယ်။ (က) အုပ်စုထဲက နိုင်ငံရေးသမားတွေထဲမှာ အိန္ဒိယနဲ့ ဂျပန်က ကွန်မြူနစ်ပါတီတွေလို တစ်သက်လုံး ဘယ်တော့မှ အာဏာရဖို့ မျှော်လင့်ချက်မရှိတဲ့ ပါတီတွေကို ယုံကြည်ချက်နဲ့ လုပ်နေသူတွေ အများကြီးရှိတယ်။ သူတို့တွေဟာ အာဏာအတွက် နိုင်ငံရေးလုပ်တာ မဟုတ်ဘူး။ သူတို့တွေဟာ အလုပ်သမား၊ လယ်သမား၊ လက်မှုစက်မှုပညာသည် စတဲ့ သမဂ္ဂတွေ ဖွဲ့စည်းပြီး အစိုးရနဲ့ အရင်းရှင် အလုပ်ရှင်တွေရဲ့ မတရားမှုတွေကို တိုက်ပွဲဝင်ကြတယ်။ သူတို့ဟာ နိုင်ငံရေး အာဏာမရပေမယ့် စည်းရုံးရေး ဩဇာကြီးတယ်။ အလုပ်သမား အခွင့်အရေးတွေကို သူတို့ တိုက်ပွဲဝင်ရင် အစိုးရတို့ အရင်းရှင်တို့က စေ့စပ် လိုက်လျောရတယ်။ သူတို့လို နိုင်ငံရေးသမားတွေဟာ ရှိဖို့ လိုကို လိုအပ်တယ်။

## သမ္မတအုပ်ချုပ်တဲ့စနစ်

(ခ) အုပ်စုထဲမှာပဲ နှစ်မျိုးကွဲပြားသေးတယ်။ အမေရိကန်စနစ်ကတော့ သမ္မတအုပ်ချုပ်ရေးဖြစ်လို့ ပါတီအလိုက် အစိုးရဖွဲ့စရာ မရှိဘူး။ သမ္မတဖြစ်သွားတဲ့ လူက သူ့စိတ်ကြိုက် ကက်ဘိနက်ဖွဲ့တယ်။ လွှတ်တော်အမတ်တွေက ဥပဒေပြုရေးတာဝန်နဲ့ သမ္မတက အဆိုပြုတဲ့ ဥပဒေကြမ်းတွေကို ထောက်ခံ ကန့်ကွက်လုပ်ကြဖို့ တာဝန်ရှိတယ်။ အမတ်ဖြစ်လို့ ဝန်ကြီးဖြစ်မယ မဟုတ်ဘူး။ အမတ်က တစ်လိုင်း။ ဝန်ကြီးက တစ်လိုင်းပါ။ (ခ) အုပ်စုထဲကပဲ ပြင်သစ်စနစ်ကျတော့ သမ္မတကို လူထုတိုက်ရိုက်မဲနဲ့ ရွေးတယ်။ ပါလီမန်က ဝန်ကြီးချုပ်ကို ရွေးတင်တယ်။ ဝန်ကြီးချုပ်က အစိုးရဖွဲ့တယ်။ သမ္မတနဲ့ ဝန်ကြီးချုပ် တစ်ပါတီတည်း မဖြစ်တဲ့အချိန် ရှိခဲ့ဖူးတယ်။ ၁၉၈၀ နှစ်များတုန်းက မီးထရောင်းဆိုတဲ့ ဆိုရှယ်လစ်ပါတီ ခေါင်းဆောင်က သမ္မတ အရွေးခံရပြီး ပါလီမန်မှာကျတော့ လက်ယာဂိုဏ်းပါတီက အများစုရလို့ လက်ယာသမား ဝန်ကြီးချုပ်တက်ဖြစ်တယ်။ လက်ယာ ဝန်ကြီးချုပ်နဲ့ လက်ဝဲသမ္မတ ထိပ်တိုက်တွေ ဖြစ်ခဲ့ကြလို့



အလုပ်မဖြစ်ခဲ့ဘူး။

(ခ) အုပ်စုထဲက နိုင်ငံရေးသမားတွေဟာ မိမိ ထောက်ခံတဲ့ သမ္မတလောင်း အောင်နိုင်ရေးမှာ ပါဝင် ကြိုးပမ်းကြတဲ့ အလုပ်ရယ်၊ လွှတ်တော် ၂ ရပ်လုံးမှာ မိမိတို့ ပါတီက အမတ်လောင်းတွေ အနိုင်ရရေး စည်းရုံး လှုံ့ဆော်ကြတဲ့ အလုပ်ရယ်ကို အဓိက လုပ်ကြရတယ်။ ရွေးကောက်ပွဲတွေ ပြီးသွားရင် ကိုယ့်မူလ အသက်မွေးဝမ်းကျောင်း အလုပ်ပြန်လုပ်နေကြတာပဲ။ အချိန်ပြည့် နိုင်ငံရေးသမားဆိုတာ အလွန်နည်းပါတယ်။

## အတိုက်အခံ အာဏာမရနိုင်တဲ့စနစ်

(ဂ) အုပ်စုထဲက နိုင်ငံရေးသမားတွေကိုလည်း ၂ မျိုး ခွဲနိုင်တယ်။ တစ်ပါတီစနစ်ပဲပေါ့ဆိုပြီး ပြတ်ပြတ်သားသား ပေါ်တင် ဦးဆောင်မှုပေးနေတဲ့ ကွန်မြူနစ်နိုင်ငံရေးက တစ်မျိုး။ စင်ကာပူ၊ မလေးရှား၊ အီဂျစ်တို့လို ပါတီစုံတော့ ပါတီစုံပဲ၊ လက်ရှိ အာဏာရနေတဲ့ ပါတီကလွဲလို့ အတိုက်အခံတွေ ဘယ်တော့မှ အာဏာမရအောင် လုပ်ထားတဲ့ နိုင်ငံရေးက တစ်မျိုး။ အဲသလို နိုင်ငံတွေက အတိုက်အခံ နိုင်ငံရေးလုပ်သူတွေထဲမှာလည်း နှစ်မျိုး ရှိသေးတယ်။ တစ်မျိုးက ဝေ့ဝေ့ပြတ်ပြတ်နဲ့ ယုံကြည်ချက်ကြောင့် နိုင်ငံရေးကို ရှုတ်မိုက်လုပ်နေသူတွေ၊ နောက်တစ်မျိုးက အတိုက်အခံ အတု၊ နိုင်ငံတကာကို အမြင်ကောင်းအောင် အတိုက်အခံ ပါတီ ထောင်နိုင်းထားတာ၊ သူတို့တွေက အောက်ကြေးတွေ ရတယ်။ နိုင်ငံရေး လုပ်စားသူတွေပါ။

စင်ကာပူမှာ အတိုက်အခံ နိုင်ငံရေးကို ဇွဲနပဲနဲ့ လုပ်နေသူတွေ ရှိတယ်။ အနည်းဆုံး နိုင်ငံရေးပါတီ နှစ်ပါတီ အတိုက်အခံ လှုပ်ရှားနေတယ်။ သူတို့ကို အာဏာပိုင်တွေက နည်းမျိုးစုံနဲ့ ကျပ်တယ်။ ဒုက္ခပေးတယ်။ အတိုက်အခံ မလုပ်ရဲအောင် ခြိမ်းခြောက်တယ်။ အဲသည်ကြားထဲက သူတို့ ဆက်လုပ်နေကြတာပဲ။ သူတို့ကို ထောက်ခံနေတဲ့ လူထု စေတနာကိုလည်း ပိုလို့တောင် ချီးကျူးစရာ ဖြစ်တယ်ဗျာ။

သည်တော့ကာ နိုင်ငံရေးလုပ်တယ်ဆိုတာ အာဏာရဖို့၊ အခွင့်အရေးရဖို့ ရှေးခေတ်က စစ်ပွဲတွေလို စစ်နိုင်တဲ့ လူက အရာခပ်သိမ်းကို ရယူခံစားနိုင်တယ်လို့ သဘောထားဖို့ မဟုတ်ပေဘူးဗျ။ နိုင်ငံရေးလုပ်တာ ပြည်သူလူထုကောင်းကျိုးကို ရှေးရှုပြီး ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် ကျရာနေရာက အလုပ်အကျွေးပြုတာလို့ ခံယူသူတွေ များလာမှသာ နိုင်ငံရေး ယဉ်ကျေးမှု တိုးတက်လာမှာ ဖြစ်ပါတယ်ဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်။**
*၂၉၊ ဒီဇင်ဘာ၊ ၂၀၁၀။*
*အတွဲ ၁၊ အမှတ် ၂၇။*

○

## ကျိုးကန်းချင်းအတူတူ

နိုင်ငံရေး စိတ်ဝင်စားရင် မိမိရဲ့ အယူအဆ မိမိရဲ့ သဘောထားကို လူအများသိအောင်၊ လူအများ လက်ခံအောင် ပြောတတ် ဆိုတတ် ဆွေးနွေးတတ်တဲ့ အရည်အချင်းကို ပျိုးထောင်ရပါတယ်။ ပညာရှင်နဲ့ နိုင်ငံရေးသမား မတူတာ အဲဒါ အဓိကပါပဲ။ ပညာရှင်က မိမိ အယူအဆ မိမိ သုံးသပ်ချက်တွေကို သင်ယူလေ့လာလိုသူတွေကို ဦးတည်ပြီး ပြောတယ်။ လိုက်နိုင်တဲ့လူ လိုက်၊ မလိုက်နိုင်ရင်လည်း ကျန်ခဲ့ပေတော့ပဲ။ နိုင်ငံရေးသမားက ယေဘုယျ လူများစုကြီးကို ဦးတည်ပြီး ပြောရတယ်။ လူများစုကြီး နားလည်သဘောပေါက်တဲ့ ဘာသာစကားကို ပြောရတယ်။ ဒါကြောင့် နိုင်ငံရေးပညာ ဘုမိနက်သန်လို့ ဆိုနိုင်တဲ့ ရှေးခေတ် ဂရိပြည်မှာ ဒီမိုကရေစီ နိုင်ငံရေး ဆောင်ရွက်မည့်သူတွေကို အာစလျှာစပညာ (the study of rhetoric) သင်ပေးတဲ့ ဆရာတွေ ပေါ်ခဲ့တယ်။ နှုတ်ပြောပညာလို့လည်း ခေါ်ပါတယ်။ နှုတ်ပြောဖြစ်တဲ့အတွက် လက်တွေ့ ပါချင်မှပါမယ်။ သို့ပေမယ့် သူတို့က ပညာရပ်အနေနဲ့ သင်တာပါ။ နိုင်ငံရေးသမားကောင်း ဖြစ်မြောက်ရေး သင်တန်း မဟုတ်ဘူး။ နိုင်ငံရေးသမားရဲ့ လိုအပ်တဲ့ အရည်အချင်းများစွာထဲက တစ်ခုဖြစ်တဲ့ အာစလျှာစ ကောင်းရေးကို သင်တာပါ။ ဒါကို ကွဲပြားဖို့ လိုပါတယ်။ အကျင့်စာရိတ္တကောင်းဖို့ လူအများအကျိုးကို တကယ်တမ်း လုပ်ဆောင်လိုတဲ့ စေတနာထားရှိဖို့၊ လူအများရဲ့ အခက်အခဲတွေကို ဖြေရှင်းပေးနိုင်တဲ့ စွမ်းဆောင်ရည်ရှိဖို့ ဆိုတာတွေက သီးခြားဖြစ်တယ်။ တချို့ဟာတွေက သင်ယူလို့ရတယ်။ တချို့ဟာတွေက ဗီဇနဲ့ ဆိုင်တယ်။



### အဟောအပြောကောင်း ပါရမီရှင်တွေ

အာစလျှာစ ကောင်းဖို့ကလည်း လွယ်တာ မဟုတ်ပါဘူး။ လေ့ကျင့်ယူလို့တော့ရတယ်။ ဒါပေမဲ့ ပါရမီလည်း ပါဦးမှ။ ကျွန်တော်တွေ့ဖူးတဲ့ အပြောကောင်း အဟောကောင်း နိုင်ငံရေးသမားတွေ၊ စာရေးဆရာတွေဟာ ပါရမီရှင်တွေလို့တောင် ပြောနိုင်မယ် ထင်တယ်။

ကျွန်တော်တို့ ရန်ကုန်တက္ကသိုလ်မှာတုန်းက အဆောင်သဟာယနဲ့ စာဖတ်အသင်း ရန်ပုံငွေအတွက် နိုင်ငံရေး ဟောပြောပွဲတွေ၊ စာပေဟောပြောပွဲတွေ၊ စင်တင်ပြဇာတ်တွေ လုပ်ခဲ့ဖူးတယ်။ နိုင်ငံရေးသမားတွေထဲက ကျုံမငေး သခင်တင်မောင်ဆိုရင် ပွဲတိုင်း ကျော်ပေါ့ဗျာ။ သူပြီးရင် ဦးသိန်းဖေမြင့်၊ ဦးကျော်ငြိမ်း။ ဆရာဇဝနတို့ကို လူကြိုက်များတယ်။ ပရိသတ် ပွဲကျအောင် အပြောကောင်းကြီးတွေ မဟုတ်ပေမယ့် ပရိသတ်ငြိမ်အောင် ထိန်းထားနိုင်တဲ့ ဆရာမောင်ထင်၊ ဆရာဝန်းမော်တင်အောင်၊ ဆရာသခင်မြသန်း၊ မဟ္ဘိုင် ဦးထွန်းဝင်းတို့ကိုလည်း မကြာမကြာ ဖိတ်ကြားဖူးတယ်။ ကျောင်းသားခေါင်းဆောင်ထဲကဆိုရင် ကိုယု၊ ကိုသက်၊ မြင်းခြံ ကိုတင်အေးတို့ နာမည်ကြီးတယ်။ လက်ခုပ်သံ ဆက်တိုက်ရအောင် ပြောနိုင်တယ်။ နောက်ပိုင်းမှာတော့ ဆရာအောင်သင်း၊ ဆရာမှူးတင်၊ ဆရာချစ်ဦးညို၊ ဆရာနေဝင်းမြင့်တို့ ခေတ်ပေါ့ဗျာ။

### စကား စကား ပြောဖန်များ

ဒီတက်ခေတ် နိုင်ငံရေး တစ်ကျော့ပြန် ခေတ်စားလာတော့ ခေတ်က မွေးထုတ်ပေးလိုက်တဲ့ နိုင်ငံရေးသမားတွေကို စိတ်ဝင်စားမိတယ်။ ထင်သာမြင်သာတဲ့ ကိုယ်ရည်ကိုယ်သွေးတွေကို ရသလောက် လေ့လာကြည့်ပါတယ်။ လတ်တလော ထင်သာမြင်သာတာကတော့ ပြောဆို ဆက်ဆံရေးပါပဲ။ စကား စကား ပြောဖန်များ။ စကားထဲက ဇာတိပြဆိုတဲ့အတိုင်း စကားအပြောအဆိုကို လေ့လာရုံနဲ့လည်း ဇာတိသရုပ်ကို မှန်းလို့ရနိုင်တာတွေ ရှိပါတယ်။ ပြောတဲ့ စကားကနေ လူ့ရဲ့ အရည်အချင်းကို လှစ်ပြတတ်တယ်။ လူ့ရဲ့ စာရိတ္တကို ဖွင့်ပြတတ်တယ်။ ရိုးသားမှုနဲ့ ဆန်းပြားမှုကို ထင်သာမြင်သာ ဖြစ်စေပါတယ်။

### ဂရိ ဆရာတပည့် အကြောင်း

မည်သို့ရှိစေ၊ နှုတ်ပြော အရည်အချင်းကို လေ့လာဖို့နဲ့ လေ့ကျင့်ဖို့တော့ လိုအပ်တာပါပဲ။ ဒါနဲ့ ပတ်သက်လို့ ဂရိ(ခေါ်မ)ဆရာတပည့် နှစ်ယောက်ရဲ့ အမှုလေးတစ်ခုအကြောင်း ပြောပြချင်တယ်။

ရှေးခေတ် ဂရိပြည်မှာ အာစလျှာစ ပညာသင်ပေးတဲ့ ကောရက် (Corax of Syracuse) ဆိုတဲ့ ဆရာကြီးတစ်ယောက် ရှိတယ်။ သူ့ဆီမှာ တိစီယပ် (Tisias) ဆိုတဲ့

တပည့်က ပညာသင်ယူတယ်။ အတန်ကြာတော့ ဆရာကောရက်က အခကြေးငွေ တောင်းတယ်။ တိစီယပ်က မပေးဘူး။ ပညာကြေး လိုချင်ရင် တရားစွဲပါ။ တရားရုံးမှာ သူ ထုချေ လျှောက်လဲမယ်လို့ ဆိုတယ်။ တိစီယပ်က တရားရုံးမှာ သူ ဘာကြောင့် ပညာကြေး မပေးသင့်ကြောင်း လျှောက်လဲမယ်တဲ့။ တကယ်လို့ သူ ရှုံးရင် ဆရာကောရက်ဟာ သူ့ကို စကားပြောပညာ သေချာ တတ်ကျွမ်းအောင် မသင်ခဲ့လို့ ဖြစ်ကြောင်း ထင်ရှားပါလိမ့်မယ်တဲ့။ တိစီယပ်နိုင်ရင်တော့ ဆရာကောရက်ဟာ အမှုရှုံးပြီး ပညာကြေး ဘာမှ မရတော့ဘူးပေါ့။

ဆရာကောရက်ကတော့ သူဟာ တပည့်ဖြစ်သူ တိစီယပ်ကို ဆရာစားမချန် ပညာကုန် သင်ပေးခဲ့ကြောင်း။ သည်ပညာတွေကို တိစီယပ်က ထိထိရောက်ရောက် အသုံးမချတတ်လောက်အောင် ညံ့နေတယ်ဆိုရင် မိမိမှာ အပြစ်မရှိကြောင်း။ တကယ်လို့ တိစီယပ်က တရားရုံးကို သူ့အပေါ် ယုံကြည်လက်ခံလာအောင် ပြောနိုင်တယ်ဆိုရင် မိမိ သင်ပေးခဲ့တဲ့ ပညာကြောင့်ပဲ ဖြစ်ကြောင်း။ ထို့ကြောင့် မိမိကို ပညာကြေးပေးရမည်သာ ဖြစ်ကြောင်း လျှောက်လဲတယ်။ စိတ်ဝင်စားစရာကောင်းတဲ့ သည်အမှုဟာ နောက်ဆုံးတော့ တရားသူကြီး ခေါင်းရှုပ်လာပြီး အမှုကို ပိတ်ပစ်လိုက်ပါတယ်တဲ့။ သည်ဖြစ်ရပ်ကလေးကို မှတ်တမ်းတင်ထားတဲ့ စာပေမှာ ခေါင်းစဉ်ပေ ဘးတာက ကျီးကန်းချင်းအတူတူ (The Raven and the Crow)လို့ ဖြစ်ပါတယ်။

**ပြည်သူ့ခေတ်ဂျာနယ်။**

*၁၈၊ ဇန်နဝါရီ၊ ၂၀၁၁။*

*အတွဲ ၁၊ အမှတ် ၂၉။*

○

# အောင်မြင်သူနဲ့ ရှုံးနိမ့်သူ

လောကမှာ နိုင်သူနဲ့ ရှုံးသူဆိုတာ ရှိစမြဲပါဗျာ။ နိုင်သူနဲ့ ရှုံးသူ အကြားမှာ ဘာတွေ ကွာခြားသလဲဆိုတာကို စနစ်တကျ လေ့လာချက်တစ်ခု ဖတ်လိုက်မိတာလေး ဖောက်သည်ချပါရစေ။ (ခုတစ်လော ကိုယ်ပိုင်ဆောင်းပါး မရေးဖြစ်လို့ ဘာသာပြန် စာတစ်ပုဒ် ရေးပို့လိုက်ပါတယ်။)

၁။ အောင်မြင်သူတွေဟာ ဖြေရှင်းတဲ့နည်းတွေကို ဦးစားပေး ရှာဖွေတယ်။
ရှုံးသူတွေဟာ ပြဿနာကိုပဲ အလေးထားပြီး ကြည့်တယ်။

၂။ အောင်မြင်သူတွေက တာဝန်ခံတယ်။ တာဝန်ယူတယ်။
ရှုံးသူတွေက တခြားလူတွေကို အပြစ်ဖို့တယ်။

၃။ အောင်မြင်သူတွေက အကျပ်အတည်းတွေ့ရင် ထွက်ရပ် လမ်းကို ရှာတယ်။
ရှုံးသူတွေက အကျပ်အတည်းတွေ့ရင် ညည်းညူနေဖို့ပဲ သိတယ်။

၄။ အောင်မြင်သူတွေက ပစ္စုပ္ပန်ကို တည့်တည့် ရှုတယ်။ အတိတ်ကို သင်ခန်းစာယူတယ်။
ရှုံးသူတွေက အတိတ်ကနေ မထွက်တော့ဘူး။

၅။ အောင်မြင်သူတွေက ကတိကဝတ်တွေ ပြုပြီးရင် ဘယ် အခြေအနေမျိုးဖြစ်စေ ကတိအတိုင်း လုပ်တယ်။
ရှုံးသူတွေက ကတိကဝတ် လွယ်လွယ်ပြုတယ်။ လွယ်လွယ် ဖောက်ဖျက်တယ်။

၆။ အောင်မြင်သူတွေက ထမြောက် အောင်မြင်အောင် ဘယ်လို လုပ်မလဲ ဆိုတာကိုပဲ စဉ်းစားတယ်။
ရှုံးသူတွေက ရှုံးတာကို ဆင်ခြေပေးဖို့ပဲ စဉ်းစားတယ်။

၇။ အောင်မြင်သူတွေက တစ်ဦးချင်း တိုးတက်မှုကို ဦးစားပေးတယ်။
ရှုံးသူတွေက တစ်ဦးချင်း တိုးတက်မှုကို ဥပေက္ခာပြုတယ်။

၈။ အောင်မြင်သူတွေက သူတို့ ကြောက်ရွံ့တာကို ရင်ဆိုင်တယ်။ ကြောက်တာကို လက်ခံတယ်။ ကြောက်ရွံ့ခြင်းကနေ ခုန်ထွက်တယ်။
ရှုံးသူတွေက ကြောက်ရွံ့ခြင်းထဲမှာပဲ နေတယ်။

၉။ အောင်မြင်သူတွေက သူတို့ရဲ့ သာယာ ပျော်ရွှင်မှုနယ်မြေကို တိုးချဲ့တယ်။
ရှုံးသူတွေက သူတို့ရဲ့သာယာပျော်ရွှင်မှု နယ်မြေလေးထဲမှာပဲ ကျေနပ်နေတယ်။

၁၀။ အောင်မြင်သူတွေက အရေးယူ ဆောင်ရွက်မှုကို တစ်သမတ်တည်း ပြုတယ်။
ရှုံးသူတွေက ခုတစ်မျိုး တော်ကြာတစ်မျိုး ပြုတယ်။

၁၁။ အောင်မြင်သူတွေက အရှုံးကို သူ့အတိုင်း လက်ခံတယ်။ အရှုံးကနေ သင်ခန်းစာ ယူတယ်။
ရှုံးသူတွေက အရှုံးကို ကြောက်တယ်။ အရှုံးကို ရှောင်တိမ်းဖို့ အချည်းနှီး ကြိုးစားတတ်တယ်။

၁၂။ အောင်မြင်သူတွေက သူတို့ လိုချင်တဲ့ ရလဒ်ကို မရသေးရင် မတူကွဲပြားတဲ့ မဟာဗျူဟာတွေနဲ့ ကြိုးစားတယ်။
ရှုံးသူတွေက ကွဲပြားခြားနားတဲ့ ရလဒ်ရဖို့ မျှော်မှန်းပြီး တစ်မျိုးတည်းသော နည်းလမ်းနဲ့ ထပ်ခါတလဲလဲ ကြိုးစားတယ်။

၁၃။ အောင်မြင်သူတွေက ရည်မှန်းချက် ပန်းတိုင်တွေကို သတ်မှတ်တယ်။
ရှုံးသူတွေက ပန်းတိုင်မထားဘူး။

၁၄။ အောင်မြင်သူတွေက စီမံကိန်းနဲ့ လုပ်တယ်။
ရှုံးသူတွေက စီမံကိန်းကို ပစ်ပယ်တယ်။

၁၅။ အောင်မြင်သူတွေက သူတို့မှာ လေ့လာ ဆည်းပူးစရာတွေ အများကြီး ရှိနေသေးတယ်လို့ ခံယူတယ်။
ရှုံးသူတွေက သူတို့သိတာ နည်းနည်းလေးကို အများကြီးထင်ပြီး ကိုယ့်ကိုယ်ကိုယ် ပါရဂူတစ်ယောက်လို့ ထင်နေတတ်တယ်။

၁၆။ အောင်မြင်သူတွေဟာ ကိုယ့်ကိုယ်ကိုယ် နှိမ့်ချတယ်။
ရှုံးသူတွေက ဝင့်ဝါတယ်။

၁၇။ အောင်မြင်သူတွေက မိမိ အရည်အသွေးကို ဆက်ကာ ဆက်ကာ သွေးနေတယ်။
ရှုံးသူတွေက အရည်အသွေးတိုးမြှင့်ဖို့ သိပ်အလေးမထားဘူး။

၁၈။ အောင်မြင်သူတွေက အောင်မြင်လေ၊ အလုပ်ပိုလုပ်လေ။
ရှုံးသူတွေက နည်းနည်းလေးဟန်ကျပြီ ဆိုတာနဲ့ အလုပ်ကို သက်သာခိုတယ်။



၁၉။ အောင်မြင်သူတွေက သူတို့လုပ်တဲ့ အလုပ်မှန်သမျှကို စိတ်ရောကိုယ်ပါနှစ်ပြီး အကောင်းဆုံး လုပ်တယ်။
ရှုံးသူတွေက ဝတ်ကျေတမ်းကျေ လုပ်လေ့ ရှိတယ်။

၂၀။ အောင်မြင်သူတွေက ပန်းတိုင်ရောက်အောင် မဆုတ်မနစ် ကြိုးစားတယ်။
ရှုံးသူတွေက လမ်းတစ်ဝက်မှာ အတားအဆီး ပေါ်လာရင် လက်လျှော့လိုက်တာပဲ။

၂၁။ အောင်မြင်သူတွေက သူတို့ အချိန်ကို တန်ဖိုးရှိရှိ သုံးတယ်။ ရည်မှန်းချက် ပန်းတိုင်ရောက်ဖို့ အထောက်အကူဖြစ်စေမယ့် ကိစ္စမျိုးတွေကိုပဲ လုပ်တယ်။
ရှုံးသူတွေက အလဟဿကိစ္စမျိုးတွေမှာ အချိန်အကုန်ခံတယ်။

၂၂။ အောင်မြင်သူတွေက နေ့လယ် အိပ်မက်မက်တယ်။
ရှုံးသူတွေက အိပ်ရာထဲမှာ အိပ်မက်မက်တယ်။

၂၃။ အောင်မြင်သူတွေက ဖြစ်နိုင်ခြေ ယုတ္တိတွေကို စဉ်းစားတယ်။
ရှုံးသူတွေက အတားအဆီး အဟန့်အတားတွေကိုပဲ စဉ်းစားတယ်။

၂၄။ အောင်မြင်သူတွေက သေချာတယ်။
ရှုံးသူတွေက သံသယများတယ်။

၂၅။ အောင်မြင်သူတွေက သူတို့ပန်းတိုင်ကို သူတို့ ပြဋ္ဌာန်းတယ်။
ရှုံးသူတွေက ကံကြမ္မာကို ယိုးမယ်ဖွဲ့တယ်။

၂၆။ အောင်မြင်သူတွေက သူတို့ အယူထက် အပေးက ပိုများတယ်။
ရှုံးသူတွေက အပေးထက် အယူက ပိုများတယ်။

၂၇။ အောင်မြင်သူတွေက လူအုပ်ဟာ လမ်းမှန်အတိုင်း သွားနေတာ ဟုတ်ရဲ့လား ကြည့်တယ်။ လမ်းမှန်ကို သွားနေတာ မဟုတ်ရင် သူ့ဘာသာလမ်းမှန်ကို ရှာပြီး ခွဲထွက်တယ်။
ရှုံးသူတွေက လူအုပ်သွားရာနောက်ကပဲ လိုက်တယ်။

၂၈။ အောင်မြင်သူတွေက စဉ်းစားတယ်။ ဦးဆောင်တယ်။
ရှုံးသူတွေက မစဉ်းစားဘူး။ နောက်ကပဲ လိုက်တယ်။

၂၉။ အောင်မြင်သူတွေက နားထောင်တယ်။
ရှုံးသူတွေက ကိုယ်ကပြောဖို့ အခွင့်အရေးပဲ ချောင်းနေတယ်။

၃၀။ အောင်မြင်သူတွေက ပိုပြီးကောင်းတဲ့ နည်းလမ်းတွေကို အမြဲတမ်း ရှာဖွေတယ်။
ရှုံးသူတွေက နည်းတစ်နည်းတည်းကို ပုံသေကားကျ လုပ် ချင်တယ်။

၃၁။ အောင်မြင်သူတွေက နှီးနှောဖလှယ်ပွဲတွေ၊ သင်တန်း တွေမှာ အကုန်အကျခံပြီး မိမိကိုယ်မိမိ တိုးတက်အောင် လုပ်တယ်။

ရှုံးသူတွေက နှီးနှောဖလှယ်ပွဲတို့၊ သင်တန်းတို့ ဆိုတာ ပိုက်ဆံဖြုန်းတာလို့ ယူဆတယ်။

၃၂။ အောင်မြင်သူတွေက တခြားလူတွေကိုလည်း အောင်မြင်မှုရအောင် ကူညီတယ်။
ရှုံးသူတွေက သူတစ်ပါးကို ကူညီဖို့ထက် မိမိအတွက် အကျိုးရှိမှာကိုပဲ ကြည့်တယ်။

၃၃။ အောင်မြင်သူတွေက သူတို့လိုပဲ စိတ်တူကိုယ်တူ လူတွေကို ပေါင်းပြီး ပို၍ မြင့်မားတဲ့ အဆင့်ကို တက်လှမ်းတယ်။
ရှုံးသူတွေက သူတို့လိုပဲ စိတ်တူကိုယ်တူ လူတွေနဲ့ ပေါင်းပြီး အရှုံးထဲကို အပြန်အလှန် ဆွဲချနေကြပါလေရောတဲ့။

*Ref: www.healthmoneysuccess.com/..../.../*
*33 -differences-between-winners-and-loosers/-*

**ပြည်သူ့ခေတ်ဂျာနယ်။**
*၂၅၊ ဇန်နဝါရီ၊ ၂၀၁၁။*
*အတွဲ ၁၊ အမှတ် ၃၀။*

○

## ယဉ်ကျေးရည်မွန် ချိုပြုံးရွှင်တဲ့ လူမျိုး

အမေရိကန်ပြည်ကို မကြာသေးခင်က အလည်လာခဲ့တဲ့ တရုတ်သမ္မတ ဟူကျင်းတောင်ဟာ ကျွန်တော်နေတဲ့ နေရာနဲ့ တော်တော်နီးတဲ့ ဟိုတယ်တစ်ခုမှာ တည်းခိုသွားတယ်ဗျ။ ဧည့်သည်တော်ကြီးနဲ့အဖွဲ့ အတွက်အဝင်တွေမှာ လုံခြုံရေးတွေ ရှုပ်ယှက်ခတ်နေတာပါပဲ။ သည်ရက်အတွင်း ကျွန်တော်နဲ့ ဆုံမိတဲ့ အမေရိကန်မိတ်ဆွေတချို့ကို တရုတ်သမ္မတခရီးနဲ့ ပတ်သက်လို့ စကားစပ်ကြည့်တယ်။ တီးခေါက်ကြည့်တယ်။ သူတို့ သိပ်ပြောချင်ပုံမရဘူးဗျ။ အီလည်လည်ကြီးတွေ ဖြစ်နေတယ်။ ထင်မြင်ချက်ပေးရမှာကိုတောင် ဝန်လေးနေသလိုလို ကြီးဗျ။

ထားပါတော့ဗျာ။ အခု ကျွန်တော်ပြောမှာက တရုတ်ပြည်နဲ့ ပတ်သက်တဲ့ လူမှုရေးသတင်းတစ်ပုဒ် ဖတ်လိုက်ရတာ စိတ်ဝင်စားစရာ တွေ့ရလို့ပါ။ ပြီးတော့ မြန်မာနိုင်ငံကို လာသွားတဲ့ ဧည့်သည်တစ်ယောက်ရေးတဲ့ ဆောင်းပါးနဲ့ ဆက်စပ် စဉ်းစားမိတာလေးတွေ ရှိလို့ပါ။

### သန့်ရှင်းရေး တန်းစီတဲ့ အကျင့်လုပ်ရေး

ပြီးခဲ့တဲ့အပတ်အတွင်းက တရုတ်ပြည်မှာ လူ့ကျင့်ဝတ်ဆိုင်ရာ၊ ယဉ်ကျေးရည်မွန်မှု ဆိုင်ရာ လေ့ကျင့် ပျိုးထောင်ပေးဖို့ တိုက်တွန်းတဲ့ သတင်းတစ်ပုဒ် တွေ့လိုက်ရတယ်။ တရုတ်လူမျိုးတွေ သန့်ရှင်းစွာ နေထိုင်ရေး၊ စနစ်တကျ တန်းစီတဲ့ အကျင့် လိုက်နာကြရေး၊ ယဉ်ကျေးမှုရာနဲ့ ပြောတတ် ဆိုတတ်ရေး၊ နိုင်ငံခြားသားတွေနဲ့ သင့်တင့်လျောက်ပတ်စွာ ဆက်ဆံတတ်ရေး စတာတွေကို ပညာရေးဝန်ကြီးဌာနက နှိုးဆော်လိုက်တယ်လို့ ဆိုတယ်။

### နှစ်လိုဖွယ် မြန်မာလူမျိုး

ကမ္ဘာ့နိုင်ငံတကာ လူမျိုးစုံရှိရာမှာ ဖော်ရွေတဲ့လူမျိုး၊ ယဉ်ကျေးပျူငှာရှိတဲ့ လူမျိုး၊ ဧည့်သည်တွေကို ကူညီတတ်တဲ့ လူမျိုးလို့ လူမျိုးခြားဧည့်သည်တွေရဲ့ မှတ်ချက်ပေးခြင်း ခံရတဲ့ထဲ မြန်မာလူမျိုးပါတယ်။ ဒီရက်အတွင်း ဖတ်မိတဲ့ NBC News က ဆောင်းပါး

တစ်ပုဒ်မှာတောင် မြန်မာပြည်ကို ခဏတစ်ဖြုတ် ရောက်ခဲ့တဲ့ ဆောင်းပါးရှင်က သူတွေ့ခဲ့တဲ့ မြန်မာလူမျိုးတွေ ယောကျ်ား မိန်းမ ကလေး လူကြီး ရဟန်း သံဃာတွေနဲ့ လမ်းဘေးဈေးသည်တွေကအစ လူအများစုဟာ ချိုပြုံးရွှင်တဲ့ မျက်နှာတွေနဲ့ အင်မတန် နှစ်လိုဖွယ်ကောင်းတဲ့အကြောင်း ရေးထားတာ ဖတ်လိုက်ရတယ်။ ဆောင်းပါးရှင်က တရုတ်ပြည်မှာ သူ နေနေတာပါတဲ့။ တရုတ်တွေ မျက်နှာပေါက်ဆိုးတာနဲ့ ယှဉ်ပြီး မြန်မာတွေ နှစ်လိုဖွယ်ကောင်းတာကို ချီးကျူး ဂုဏ်ပြုထားတယ်ဗျာ။

## စင်ကာပူတရုတ် ဟောင်ကောင်တရုတ်

ကျွန်တော် အစပိုင်းမှာ ပြောခဲ့တာကို ပြန်ကောက်ရင် တရုတ်တွေဟာ ယဉ်ကျေးရည်မွန်ဖို့ကိုတောင် ပျိုးထောင်ဖို့ လိုနေပုံရတယ်ဗျ။ တရုတ်ပြည်မကြီးကို ကျွန်တော် မရောက်ဖူးလို့ အဲသည်က လူတွေ ဘယ်လိုနေသလဲ မပြောနိုင်ပေမယ့် စင်ကာပူက တရုတ်တွေနဲ့ ဟောင်ကောင်က တရုတ်တွေကတော့ မျက်နှာပေါက်လည်း ဆိုး။ ပြောပေါက် ဆိုပေါက်ကလည်း ဆိုးသဗျာ။

## မြန်မာနဲ့ နီးစပ်တဲ့ ဂျပန်နဲ့ အမေရိကန်

နိုင်ငံခြားလူမျိုး အတော်များများနဲ့ ကျွန်တော် ဆက်ဆံဖူးတယ်။ ဂျပန်နဲ့ အမေရိကန်တွေနဲ့ မြန်မာတွေနဲ့ အတော် နီးစပ်မယ် ထင်တယ်။ ဂျပန်တွေ အမေရိကန်တွေလည်း မျက်နှာချိုတယ်။ လူတစ်ဖက်သားကို အားနာတတ်တယ်။ ကိုယ့်ကြောင့် လူတစ်ဖက်သား ထိခိုက်သွားမှာ နစ်နာသွားမှာ စိတ်ကသိကအောက် ဖြစ်သွားမှာကို အလွန်စိုးရိမ်တတ်တယ်။ လူချင်းမတော်လို့ ဝင်တိုးမိရင်တောင် ကျွန်တော်/ကျွန်မ အပြစ်ပါ (My fault) လို့ ဦးသူက အရင် ပြောတတ်ကြတယ်။ ဘယ်လို ဖြစ်လာတာလဲ၊ မျက်စိမပါဘူးလားလို့ သဟောက်သဟန်း ပြောတာမျိုး မရှိသလောက်ပဲ။ နောက်တစ်ခုက ကားတွေ ဘယ်လောက်ရှုပ်ရှုပ် စိတ်ရှည်တယ်၊ ပြတင်းပေါက်က ခေါင်းထုတ်ပြီး ဆဲဟယ်ဆိုဟယ် လုပ်အောင်ဟယ် မလုပ်ကြဘူး။

## အမှိုက်ပစ်တာက အစ

တရုတ်တွေ ယဉ်ကျေးရည်မွန်ဖို့ တိုက်တွန်းတဲ့အထဲ သန့်ရှင်းရေးနဲ့ တန်းစီတဲ့ အကျင့်ပါတာ သတိထားမိတယ်။ အဲဒါကတော့ နိုင်ငံကြီးသား ပီသမှုမှာ အဓိကကျတဲ့ အချက်တွေပါပဲ။ ဂျပန်တွေ အမေရိကန်တွေဟာ တိုက်တွန်းစရာ မလိုဘဲနဲ့ကို သန့်ရှင်းရေးကို ဂရုစိုက်တယ်။ အမှိုက်ပစ်ရာမှာ ပုံးအလိုက် ခွဲထားရင် တစ်ကျော့ပြန် အမှိုက်ဆို သူ့ပုံးနဲ့သူ၊ အထွေထွေ အမှိုက်ဆိုလည်း သူ့ပုံးနဲ့သူ၊ စနစ်တကျ ပစ်တယ်။



ဘယ်သူမှ မြင်တာမှ မဟုတ်ဘဲ၊ ကြုံသလို ပစ်လိုက်တာပေါ့ ဆိုတာမျိုး သူတို့စိတ်ထဲမှာ ဒီကို မရှိတော့ဘူး ထင်ပါရဲ့ဗျာ။

တန်းစီတာလည်း ထိုနည်းလည်းကောင်းပဲ။ ဘတ်စကားတက်ရာမှာ၊ ရထားတက်ရာမှာ လေယာဉ်ကားတွေတက်ရာ ဆင်းရာမှာ ပုံမှန်ထက် လူများလာပြီဆိုရင် တန်းစီကြပါ တန်းစီကြပါလို့ လူတစ်ယောက်ယောက်က အော်ဟစ် ဆော်သြနေစရာ မလိုဘူး။ ဘယ်သူကမှ ပြောစရာမလိုဘဲနဲ့ကို ရှိနေတဲ့ လူတွေက အရင်ရောက်သူနဲ့ နောက်လူတွေ နားလည်မှုရှိစွာ၊ သိက္ခာစောင့်သိစွာ တန်းစီပြီးသား ဖြစ်နေတယ်ဗျာ။ ကျွန်တော် အရမ်း သဘောကျမိတယ်။

## ညည်းကမ်းပိုင်း အားနည်းတယ်

ကျွန်တော်တို့လူမျိုးက ချိုပြုံးရွှင်တဲ့ မျက်နှာတွေနဲ့ ချစ်စရာကောင်းတာတော့ အမှန်ပါ။ ဒါပေမဲ့ စည်းကမ်းပိုင်းမှာတော့ အားနည်းသေးတာ အမှန်ပဲဗျာ။ တစ်ခုတော့ ရှိပါတယ်၊ ရုပ်ဝတ္ထု လိုအပ်ချက်တွေကြောင့်လည်း ပါမှာပေါ့။ သူတို့ဆီမှာ ဘတ်စကား တန်းစီ စောင့်ရတယ် ဆိုတာ အလွန်ဆုံး ၁၅ မိနစ်၊ မိနစ် ၂၀ ပေါ့ဗျာ။ ကိုယ့်ဆီမှာက ဆေးလေဘုရားလမ်း မှတ်တိုင်တွေ သွားကြည့်ပါဦး၊ တစ်နာရီမက စောင့်ကြရတာ ဆိုတော့လည်း သည်းခံနိုင်စွမ်းတွေ ကုန်ခန်းကုန်တယ် ထင်ပါရဲ့ဗျာ။

## ကွမ်းတံတွေး တချစ်ချစ်

ကွမ်းတံတွေး ထွေးတာကတော့ ဘာကြောင့် တန်းမစီနိုင်သလဲ ဆိုတာမျိုး ဆင်ခြေပေးစရာ မရှိဘူးဗျ။ ကျွန်တော်ဖတ်မိတဲ့ NBC News ဆောင်းပါးထဲမှာ ချစ်စရာကောင်းတဲ့ မြန်မာလူမျိုး အမျိုးသမီးတွေနဲ့ ကလေးလေးတွေ ပါးပြင်က သနပ်ခါးပါးကွက်လှလှလေးတွေ အကြောင်းပါလို့ ကြည်နူးရသလို လူကြီး လူငယ် အတော်များများ ကွမ်းတွေစားပြီး လမ်းတွေပေါ် ကွမ်းတံတွေးတွေ တချစ်ချစ် ထွေးကြတာကိုလည်း သူ မြင်တဲ့အတိုင်း ရေးထားတာ ဖတ်လိုက်ရတော့ စိတ်မကောင်း ဖြစ်မိတယ်။ ကွမ်းစားချင် စားပါ။ ကွမ်းတံတွေး တွေ့ကရာ ထွေးတာကတော့ သန့်ရှင်းမှု မရှိတာရော၊ စည်းကမ်းမဲ့တာရော အမှုပေါင်းစုံ ကျူးလွန်တာပဲပေါ့ဗျာ။ သည်နေရာမှာ ကျွန်တော်တို့ မိတ်ဆွေကြီး ဦးသာဘန်း ပလတ်စတစ်အိတ်လေးနဲ့ ကိုယ့်ကွမ်းတံတွေး ကိုယ့်ဘာသာ သိမ်းဆည်းတဲ့ အကျင့်မျိုး လုပ်ထားတာကို သတိရမိပါသေးတယ်။

သူများ လူမျိုးတွေရဲ့အားသာချက် အားနည်းချက်တွေကို သုံးသပ်ရင်း ကိုယ့်လူမျိုးကိုပါ နှိုင်းယှဉ်မြတ်နိုးစိတ် အရင်းခံလျက် ပြန်လည် ဆန်းစစ်ဆင်ခြင်မိခြင်း ဖြစ်ကြောင်းပါဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်။**

*၁၊ ဖေဖော်ဝါရီ၊ ၂၀၁၁၊ အတွဲ ၁၊ အမှတ် ၃၁။*

○

# ပြန်လာပါပြီ

ကျွန်တော် အပါအဝင် မြန်မာတွေ နှစ်နှစ်သက်သက် ကြည့်ရှုအားပေးကြတဲ့ ကိုရီးယား တီဗွီဇာတ်လမ်းတွဲတွေမှာ အိမ်ပြန်ရောက်တဲ့ မိသားစုဝင်က အိမ်မှာ ရှိတဲ့ အမိအဖ လူကြီးသူမတွေကို ပြန်လာပါပြီလို့ အသံကျယ်ကျယ်ပြောပြီး သတင်းပို့တဲ့ ဓလေ့ကို သဘောကျလို့ အခု ကျွန်တော်လည်း အမေရိကန်မှာ ငါးလကျော်မျှ နေထိုင်ပြီးသကာလ ပြန်လာပါပြီလို့ သတင်းပို့ပါတယ် ခင်ဗျ။

စကားစပ်မိလို့ ပြောရပါဦးမယ်။ အမေရိကန်မှာ နှစ်ရှည်လများ နေထိုင်နေကြတဲ့ မြန်မာမိသားစုတွေတောင် ကိုရီးယားကားတွေကို ခုံခုံမင်မင် ကြည့်နေကြတုန်းပဲဗျ။ ဒီမှာ စီဒီတွေ ငှားလို့လည်း ရတယ်၊ ဝယ်ချင်ရင်လည်း ရတယ်။ မြန်မာစာတန်းထိုး ကိုရီးယားကား အစုံပါပဲဗျာ။ ကျွန်တော် ဒီကို မလာခင် ၂၀၁၀ စက်တင်ဘာလက ကလျာမဂ္ဂဇင်းမှာ တစ်ဝက်တစ်ပျက် ရေးခဲ့တဲ့ 'ကျော့ကွင်း' ဆိုတဲ့ ကိုရီးယားကား ဇာတ်သိမ်းပိုင်းကို ဒီမှာ ကြည့်လိုက်ရတယ်ဗျ။

ပြန်လာခါနီး ကျွန်တော့်မှာ တာဝန်ရှိတာတွေများ။ ဇနီးနဲ့ သမီးတစ်ယောက်ကလည်း အပြေးအလွှားလာလည်နေလို့ ပြည်သူ့ခေတ်အတွက် ဆောင်းပါးမရေးနိုင်ခဲ့တာ ခွင့်လွှတ်ကြပါဗျာ။

မနေ့ (ဖေဖော်ဝါရီ ၂၈) ကတော့ ကျွန်တော်တို့ သတင်းသမားတွေနဲ့ တိုက်ရိုက် သက်ဆိုင်တဲ့ပွဲတစ်ပွဲ သွားတက်ခဲ့ရလို့ ပြောစရာလေးတွေ ရှိလာတာမို့ ပြောလိုက်ပါဦးမယ်။

ဝါရှင်တန်ဒီစီက အမျိုးသား သတင်းကလပ် (The National Press Club) မှာ ကျင်းပတဲ့ 'အီဂျစ်သတင်း တင်ဆက်ခြင်း - မီဒီယာနှင့် တော်လှန်ရေး' (Covering Egypt : The Media and the Revolution ) ဆိုတဲ့ နှီးနှောဖလှယ်ပွဲကို ကျွန်တော် တက်ရောက်ခွင့်ရခဲ့ပါတယ်။ အမျိုးသား သတင်းကလပ်က အလွန် ကြီးကျယ် ခမ်းနားပါတယ်။ အဆောက်အဦကြီးကလည်း ကြီးမား ခန့်ထည်၊ လုပ်ဆောင်ချက်တွေ ကလည်း မီဒီယာတစ်လောကလုံးက လေးစား အားထားလောက်တာတွေချည်းမို့ အလွန် သြဇာကြီးပါတယ်။ နိုင်ငံတကာ ခေါင်းဆောင်တွေထဲက သြဇာတိက္ကမ ကြီးသူတွေသာလျှင် ဝါရှင်တန် အမျိုးသား သတင်းကလပ်ရဲ့ ဖိတ်ကြားခြင်းကို ခံရပြီး



သတင်းစာရှင်းလင်းပွဲတို့ ဟောပြောပွဲတို့ လုပ်နိုင်ပါတယ်။ သတင်းသမားတွေကို လေ့ကျင့် ပျိုးထောင်ရေး၊ သတင်းသမား ကျင့်ဝတ်စည်းကမ်း ထိန်းသိမ်းရေးနဲ့ အခွင့်အရေး ကာကွယ်ရေးတွေကိုလည်း ဆောင်ရွက်ပေးတယ်။

အခု ကျင်းပတဲ့ပွဲက ခါတော်မီ အချိန်ကိုက်ဖြစ်လို့ သတင်းလောကသားတွေ ခန်းမကြီးအပြည့် လူ ၄၀၀ လောက် တက်ရောက်ပါတယ်။ ဦးဆောင် ဆွေးနွေးသူ ငါးယောက်ထဲမှာ အယ်ဂျာဇီးရားက (Riz Khan) ဆိုတဲ့ ပင်တိုင် ကဏ္ဍတစ်ခု တင်ဆက်နေတဲ့ ရစ်ဇ်ခန်းပါတယ်။ သူ ပြောသွားတာတွေ နားထောင်ရင်း သြော် တော်လို့လည်း ကျော်ပေတာပဲလို့ ချီးကျူးမိပါတယ်။ ကျန်လေးယောက်ထဲမှာ သုံးယောက်က အမျိုးသမီးတွေ။ အိုင်စီအက်ဖ်ဂျေ - နိုင်ငံတကာ သတင်းစာအဖွဲ့ဥက္ကဋ္ဌနဲ့ မီဒီယာ ဖွံ့ဖြိုးရေး ကမ္ဘာ့ဖိုရမ် ဥက္ကဋ္ဌ ဂွိုက်စ်ဘာနာသန် (Joyce Barnathan) က ဆွေးနွေးပွဲကို ဦးဆောင်သူ (Moderator) အဖြစ် ဆောင်ရွက်တယ်။ ပြီးတော့ အိုင်စီအက်ဖ်ဂျေက- သင်တန်းမှူး၊ ဆောင်းပါးရှင် မိုနာအယ်လ်တာဟာဝီ (Mona Eltahawy)၊ အိုင်စီအက်ဖ်ဂျေရဲ့ အရှေ့အလယ်ပိုင်း အစီအစဉ်များ ညွှန်ကြားရေးမှူး နာတာရှာတိုင်းနက်စ် (Natasha Tynes)။ အမျိုးသားတစ်ယောက်ကတော့ အာရပ် ဆိုရှယ် မီဒီယာလောကအကြောင်း အစီရင်ခံစာ ရေးခဲ့တဲ့ ဂျက်ဖရီဂန်နမ် (Jeffrey Ghannam)။

အမျိုးသမီးတွေဟာ လူလတ်ပိုင်းဝင်ခါစ အရွယ်တွေပါ။ ၄၀ အောက်နဲ့ ၄၀ ကျော် လောက်ပေါ့။ သူတို့ ပြောဆို ဆွေးနွေးသွားတာ အချက်အလက်ရော၊ ကျိုးကြောင်း ဆင်ခြင်မှုရော အားလုံး ပြည့်စုံပါပေတယ်။ နားထောင်လို့လည်း ကောင်းတယ်။

ဟောပြောပွဲပြီးတော့ ရစ်ဇ်ခန်းကြီးဆီကို သွားပြီး လက်ဆွဲ နှုတ်ဆက်ခဲ့ပါသေးတယ်။ မြန်မာပြည်ကလို့ပြောလိုက်တော့ သူ့ မျက်နှာတစ်ချက် ပင့်တက်သွားတာ တွေ့လိုက်ရသဗျ။

သည်ရက်ထဲ နာမည်ကျော် Newseum ခေါ် သတင်းပြတိုက်ကြီးကိုလည်း ဒုတိယအခေါက် ထပ်ရောက်တယ်။ ပုံနှိပ်စက်ပေါ်ချိန်ကစလို့ သတင်းစာတွေ ထုတ်လုပ်ခဲ့တဲ့ ခေတ်အဆက်ဆက် ဖြစ်ရပ်တွေ၊ သတင်းတွေက ခေတ်သမိုင်းကို ပြောနေတာတွေကို ဖတ်လို့ မပြီးနိုင် ကြည့်လို့ မဆုံးနိုင်အောင် ပြထားတယ်။ အထပ် ခြောက်ထပ်လုံးမှာ ကမ္ဘာကြီး အကြောင်းကို သတင်းတွေ သတင်းဓာတ်ပုံတွေနဲ့ ပြောပြထားသလိုပါပဲ။

ပြောချင်တာတွေ အများကြီး ရှိပါသေးတယ်။ ခုတော့ ပြန်လာပါပြီလို့ပဲ သတင်းပို့ထားပါမယ်။ နောက်မှ စကားလက်ဆုံ တစ်ဝကြီး ပြောကြရအောင်။

၂ မတ်၊ ၂၀၁၁။

○

# တစ်ဦးချင်းအမြင်နဲ့ သမိုင်းအမြင်

ကျွန်တော် ပြည်ပလေ့လာရေးခရီးမသွားခင် လွန်ခဲ့တဲ့ ခြောက်လကျော်အထိ ပြည်တွင်း ဂျာနယ် မဂ္ဂဇင်းတွေမှာ ပင်တိုင် ဆောင်းပါးတွေ လက်သွက်သွက်နဲ့ အားရပါးရ ရေးခဲ့ပါတယ်။ ပြန်ကြည့်တော့ တစ်ပတ်တစ်ပတ် ဂျာနယ်ရှစ်စောင် ကိုးစောင်လောက်နဲ့ လစဉ်မဂ္ဂဇင်း လေးငါးစောင်လောက်မှာ ပုံမှန်ရေးဖြစ်ခဲ့တာ တွေ့ရတယ်။ ရေးခဲ့တာတွေကို ပြန်ဖတ်တဲ့အခါ အချိန်အခါအလျောက် ရေးသင့်တာတွေကို ရေးခဲ့တာပဲလို့ ပြောနိုင်ပါတယ်။

အခု ခရီးက ပြန်ရောက်လို့ နားနားနေနေရှိတုန်း အိမ်မှာ ရှိနေတဲ့ ဂျာနယ်တွေ တစ်ပုံကြီးကို ဝမ်းသာအားရ မြည်းစမ်းကြည့်ရင်း အရင်လို စာတွေ ပြန်ရေးဖို့ ကြိုးသွင်းနေရတယ်ဗျ။ ဂျာနယ်တွေကလည်း ဖတ်လို့ အလွန်ကောင်းဗျာ။ ပြည်တွင်းသတင်းတွေ၊ ပြည်သူတွေကြားက သတင်းတွေ အရင်ကထက် ပိုစုံအောင် ဖော်ပြလာနိုင်ကြတယ်လို့ သတိထားမိပါတယ်။ ဆောင်းပါးတွေကလည်း ပိုပြီး ပွင့်ပွင့်လင်းလင်းရေးလာကြတာ တွေ့ရတယ်။ ထူးခြားချက်ကတော့ ဆရာမောင်စူးစမ်း၊ ဆရာသခင်တင်မြ၊ ဆရာကိုကိုမောင်ကြီးတို့ဟာ သူတို့ရဲ့ မူလဘူတ ခံယူချက်အမြင်တွေကို စာမျက်နှာတွေပေါ် တင်လာကြတာ တွေ့ရသဗျ။

ပေါ်ပြူလာနယူးစ်ဂျာနယ် (၁၀ မတ် ၂၀၁၁) က 'တစ်ခေတ်တစ်ခါက မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ' ခေါင်းစဉ်နဲ့ ဆရာကိုကိုမောင်ကြီးနဲ့ တွေ့ဆုံ မေးမြန်းခန်း ဒုတိယပိုင်းကို ကျွန်တော် ဖတ်မိပြီး ပြောချင်တာလေးတွေ ရှိလာပြန်တယ်ဗျာ။

'ရှိလာပြန်တယ်'လို့ရေးရတာက အရင်တစ်ခါလည်း 'လျှပ်တစ်ပြက်'သတင်းဂျာနယ် (၆ မတ် ၂၀၀၉) မှာ ကိုကိုမောင်ကြီးက 'မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဘာမှားသလဲ' ခေါင်းစဉ်နဲ့ ရေးလို့ ကျွန်တော်က 'မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ မှားခဲ့သလား'



ခေါင်းစဉ်နဲ့ သစ္စာဂျာနယ် (True News)မှာ ပြန်ရေး၊ နောက်တော့ ကျွန်တော့်ရဲ့ နိုင်ငံရေးဆောင်းပါးပေါင်းချုပ် 'ရှာမှရှားတဲ့ နိုင်ငံရေးသမား' (မေ ၂၀၁၀) စာအုပ်မှာ ထပ်မံ ဖော်ပြခဲ့ပါတယ်။ နိုင်ငံရေး စိတ်ဝင်စားသူတွေ အတော်သတိထားမိပြီး စိတ်ဝင်စားခဲ့ကြတယ်ဗျ။

အဲဒီဆောင်းပါးတုန်းက ဆရာကိုကိုမောင်ကြီးက လမ်းစဉ်ပါတီက ဆိုရှယ်လစ်လမ်းစဉ်ကို သွားတဲ့အချိန်ဟာ မြန်မာနိုင်ငံဟာ အတွေ့တွေ့ ခေတ်နောက်ကျမှုကြီးဆိုတဲ့ အမိုင်းဘဝမှာ ရှိနေခဲ့တယ်လို့ ဆိုတယ်။ အတတ်ပညာ နည်းပညာ အဆင့်အတန်းတွေ နိမ့်ကျနေသေးတယ်လို့ ဆိုတယ်။ လမ်းစဉ်ပါတီကေဒါတွေ ညံ့ဖျင်းလို့လို့ ဆိုတယ်။ ကျွန်တော်က အဲဒါတွေကြောင့် မဟုတ်ကြောင်း ငြင်းဆိုတယ်ဗျာ။

လမ်းစဉ်ပါတီ ကျဆုံးရခြင်းဟာ ဆိုရှယ်လစ်စနစ်ကို တကယ်တမ်း မယုံကြည်သူတွေက လူကြားကောင်းအောင် ဆိုရှယ်လစ်ခဲ့ကြတာကြောင့် ဖြစ်တယ်။ ဆိုရှယ်လစ်စီးပွားရေးစီဆိုတာ စကားလုံးသာရှိပြီး အောက်ခြေတွေက တင်ပြတာကို နားမထောင်၊ ဒေသပေါက်တာ မလိုချင်၊ ရေပါလာအောင် ယူခဲ့ဆိုသူတွေရဲ့ ခေါင်းဆောင်မှုကြောင့် ဖြစ်တယ်လို့ ကျွန်တော်က တင်ပြခဲ့တယ်။ ကျွန်တော် ရေးခဲ့တာကို ဆရာကိုကိုမောင်ကြီး ဖတ်မိပုံမရဘူး။ အဲဒီနောက်ပိုင်း သူနဲ့ ကျွန်တော် ၃-၄ ခါထက်မနည်း လူချင်းဆုံမိတယ်။ ဘာမှပြောသံမကြားဘူး။ ဆရာ့ရဲ့ မျက်စိ အခြေအနေကလည်း စာဖတ်လို့ မရလောက်အောင် ဆိုးနေတယ်လို့ သိရတယ်ဗျာ။ ကျွန်တော်က တစ်ချိန်က ကျွန်တော်တို့ ခင်မင်လေးစားခဲ့ရသူတွေကို ချောင်ပိတ် မေးတာမျိုးလည်း မလုပ်ချင်ဘူး။ ဒါကြောင့် ကျွန်တော်က စပြီး မမေးခဲ့ပါဘူး။

အထက်မှာ ကျွန်တော် နာမည် ဖော်ပြခဲ့တဲ့ဆရာ သုံးယောက်စလုံးဟာ ကျွန်တော်နဲ့ ပုဂ္ဂိုလ်ရေး အင်မတန် ခင်မင်ရင်းနှီးတယ်။ သူတို့က ကျွန်တော့်ကို ချစ်ခင်ကြတာလည်း သိပါတယ်။ ကျွန်တော်ကလည်း သူတို့အပေါ် ခုထိ ချစ်ခင်တွယ်တာပါတယ်။

ဆရာကိုကိုမောင်ကြီး အပါအဝင် သူတို့ သုံးယောက်စလုံးဟာ ဦးနေဝင်းနှင့်လည်း ခင်မင်ရင်းနှီးသူတွေ ဖြစ်ပါတယ်။ ဦးချမ်းအေး (ဆရာ မောင်စူးစမ်း)ဆိုရင် တစ်ခါသားမှာ ဂုဏ်နဲ့ ဦးနေဝင်းကို ငတုံးငအလို့ ပြောပြီး ချဲခဲ့ဖူးတဲ့ အကြောင်း၊ ဦးနေဝင်းက ဒွေမယူဘဲ အိမ်ပြန်ပို့ခိုင်းကြောင်း ဆရာဦးသက်ထွန်း (အငြိမ်းစား သံအမတ်ကြီး) ရေးခဲ့ဖူးတယ်။

သူတို့တွေ ပုဂ္ဂိုလ်သံယောဇဉ်ကြီးကြတဲ့အကြောင်းတွေ သိရတာ မှတ်တမ်းတွေ့စရာပါ။ ဒါပေမဲ့ တိုင်းပြည်အရေးကိစ္စတွေနဲ့ ပတ်သက်ပြီး ပြောကြမယ်ဆိုရင်ဖြင့် ပုဂ္ဂိုလ်သံယောဇဉ်ကင်းကင်းနဲ့ ဓမ္မဓိဋ္ဌာန်ကျကျ ပြောဖို့ ရေးဖို့ လိုမယ် ထင်တယ်ဗျာ။

ခုတော့ အထက် ကိုးကားပါ ပေါ်ပြူလာနယူးစ်က ပြောဆိုချက်တွေမှာ ကိုကိုမောင်ကြီးက-

- ဦးနေဝင်း သဘောကလည်း ငါ ဥက္ကဋ္ဌကြီး၊ ငါ သမ္မတကြီး၊ ငါ ဗိုလ်ချုပ်ကြီးဆိုပြီး ဘယ်တော့မှ ဖင်ခေါင်းမကျယ်ဘူး။ ဘယ်တော့မှ မာန်မာနမထားဘူး။ ဘယ်သူ့ကိုမဆို ဖက်လဲတကင်း၊ ပွင့်ပွင့်လင်းလင်း၊ ဆဲစရာရှိဆဲ၊ ဆိုစရာရှိဆို၊ ပြောစရာရှိပြော၊ ရယ်စရာရှိရယ်၊ အဲဒီလိုမျိုး ပေါင်းတယ်။ သူနဲ့ ပေါင်းရတာ စိတ်ချမ်းသာတယ်။
- တစ်ခေတ်ပြောင်းရင် ကောင်းမှာပဲဆိုပြီး ခေတ်ပြောင်းအောင် သူ လုပ်လိုက်တာ၊ ဒီခေတ် ဒီမိုကရေစီခေတ်ကြီး ပြောင်းသွားတာ ဦးနေဝင်းက လမ်းဖွင့်ပေးလိုက်တာ။ သူကိုယ်တိုင်က မလုပ်ချင်တာဘူး။
- အရေးအခင်းမှာ လူထုခေါင်းဆောင်တွေ ညှံ့ဖျင်းလို့၊ ဒေါက်တာမောင်မောင် ကမ်းလှမ်းတာကို လက်ခံလိုက်ရင် ပြီးပြီ၊ လူထုလက် အာဏာရောက်သွားပြီ။ × × × အဲဒီအခွင့်အရေးဟာ အကြီးမားဆုံး အခွင့်အရေး၊ သူတို့ ပထမဆုံး ဆုံးရှုံးတာ။

- ဒုတိယဆုံးရှုံးတာက ဘာလဲဆိုတော့ ရွေးကောက်ပွဲ နိုင်ရဲ့သားနဲ့ ၁/ ၉၀ နဲ့ စစ်တပ်က ခေါ်တာကို မယူလိုက်တာ၊ ယူလိုက်ရင် ခုလောက်ဆို သူတို့လက်ထဲ အာဏာရောက်နေပြီ...

စတဲ့ အရေးကြီးသော မှတ်ချက်များကို ထုတ်ဖော် ပြောသွားတယ်ဗျ။

သည်အချက်တွေဟာ ဆရာကိုကိုမောင်ကြီးရဲ့ ကိုယ်ပိုင် အာဘော်များ ဖြစ်တယ်။ သူ့ကိုယ်ပိုင် အယူအဆကို သူ ပြောခွင့်ရှိပါတယ်။ ကျွန်တော်တို့ကတော့ အဲဒီ အချက်တွေဟာ ဘယ်လောက် အတိုင်းအတာအထိ မှန်သလဲ၊ ဘယ်လောက်အထိ လွဲချော်နိုင်သလဲဆိုတာ ထပ်ဆင့် စာကြောသင့်သေးတယ် ထင်ပါတယ်။

သည်လို ပြောကြကြေးဆိုရင် ဆရာတက်တိုး မကွယ်လွန်ခင်က ကျွန်တော့်ကို ပြောဖူးတာမျိုးတွေလည်း ပေါ်ထွက်လာနိုင်တယ်ဗျ။

ဆရာတက်တိုးက-

'ဦးနေဝင်းဟာ ငါ့အပေါ် အလွန်ကောင်းခဲ့တယ်၊ ငါ့ရဲ့ ကျေးဇူးရှင်တစ်ယောက်လို့တောင် ပြောနိုင်တယ်၊ ငါ့ကို ညွှန်ကြားရေးဝန်၊ ဦးဆောင် ညွှန်ကြားရေးမှူး စတဲ့ ရာထူးကြီးတွေပေးပြီး ချီးမြှောက်ခဲ့တာပဲ။ ဒါပေမဲ့ တိုင်းသူပြည်သားတွေဘက်က စာနာစိတ်နဲ့ ကြည့်ရင် သူ့ကြောင့် တိုင်းပြည်မှာ အင်မတန်မှ နစ်နာခဲ့တယ်' လို့ ပြောခဲ့ပါတယ်ဗျာ။

ဒါကြောင့် အကောင်းဆုံးကတော့ အလားတူ တစ်ဦးချင်း အာဘော်များကို ပေါင်းစုပြီး တိုက်ဆိုင် စစ်ဆေးကာ သမိုင်းပြုစုနည်းနဲ့ ပြုစု မှတ်တမ်းတင်ခြင်းပါပဲ။

အမျိုးသားပညာဝန် ဦးဖိုးကျားရေးတဲ့ ခေတ်မီ မြန်မာရာဇဝင် အကျဉ်းကို ကျောင်းမှာလည်း သင်ခဲ့ရတယ်။ အခုထိလည်း လက်တစ်ကမ်းအမီထားပြီး သတိရတိုင်း ပြန်ဖတ်နေပါတယ်။



'ဤရာဇဝင်ကျမ်းငယ်တွင် ပါဝင်သော များစွာသော အကြောင်းအချက်တို့မှာ ထိုငယ်ရွယ်သူတို့သည် အမှားနှင့် အမှန်၊ အဆိုးနှင့် အကောင်းတို့ကို ခွဲခြားသိမြင်ရေး၌ များစွာ အကျိုးအညီ ရစေနိုင်ရန် ရည်သန် ရေးထားပေသည်။ သို့ကြောင့်လည်း ထိုလူငယ်တို့၏ စိတ်နေသဘောထား၊ အကျင့်စာရိတ္တကို ပြုပြင်နိုင်သော 'နလုံးရည်ပညာ' သို့မဟုတ် ကိုယ်ကျင့်ပညာအတွက်လည်း ပါသွားလေသည်။' လို့ ဆရာကြီး ဦးဖိုးကျားရဲ့ စကားချီးမှာ ဖော်ပြထားပါတယ်။

ဆရာကြီးဟာ ရာဇဝင်ကျမ်းပြု ဆရာတစ်ယောက် ထားရှိရမယ့် ရည်ရွယ်ချက်ကို အရှင်းလင်းဆုံး ပြောပြခဲ့တာ အလွန် ကျေးဇူးများပါတယ်။ ထိုငယ်ရွယ်သူတို့သည် အမှားနှင့် အမှန်၊ အဆိုးနှင့် အကောင်းတို့ကို ခွဲခြား သိမြင်ရေး၌ များစွာ အကျိုးအညီ ရစေနိုင်ရန်' ဆိုတဲ့ ရည်ရွယ်ချက်ကို နောင်းခေတ်မှာ စာပေများ ရေးသားနေကြသူတွေ ရှေးဟောင်းနှောင်းဖြစ် ပြန်ပြောသူတွေအနေနဲ့ ဆက်လက် ကိုင်စွဲထားကြရမှာပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ဟာ အနာဂတ်ကို သွားနေကြရာမှာ အတိတ်ကို ပြန်မကြည့်လို့ မဖြစ်ပါဘူး။ ကျွန်တော်တို့ရဲ့ ဘိုးဘေး ဘီဘင်တွေခေတ်က အဖြစ်အပျက်တွေကို ပြန်ကြည့်ပြီး သင်ခန်းစာတွေ ယူကို ယူရမှာပါ။

ယနေ့ခေတ် ရှင်သန်နေကြတဲ့ ကျွန်တော်တို့ဟာ သမိုင်းကို ဖြတ်သန်းနေကြတာပါ။ တစ်ခါတစ်ရံ ကျွန်တော်တို့ဟာ ကိုယ်တိုင် သမိုင်းဇာတ်ကောင်တွေဖြစ်ပြီး တစ်ခါတစ်ရံ ကျွန်တော်တို့ဟာ သမိုင်းဖြစ်ရပ်တွေရဲ့ သက်သေတွေ ဖြစ်ပါတယ်။

နောင် အနှစ်ငါးဆယ် အနှစ်တစ်ရာ ကြာမြင့်သွားချိန်မှာ ကျွန်တော်တို့ ကြီးပြင်း ရှင်သန်တဲ့ ခေတ်ဟာ သမိုင်းထဲ ရောက်သွားပါပြီ။ နောင်းလူတွေက ကျွန်တော်တို့ရဲ့ သမိုင်းကိုပြန်လှော့လာကြလိမ့်မယ်။ အဲဒီအချိန်မှာ သူတို့ခေတ်ရဲ့စံပေတံနဲ့ ကျွန်တော်တို့ကို တိုင်းတာမှာပဲ။ ဥပမာ ဒီနေ့ခေတ် ကျွန်တော်တို့က ဒီမိုကရေစီစနစ်ကို ဦးထိပ်ထက် ရွက်ပန်ဆင်ထားကာ ဒီမိုကရေစီသာလျှင် အလိုလားအပ်ဆုံး နိုင်ငံရေးစနစ်လို့ ယုံကြည်နေကြပေမယ့် နောင် အနှစ် ၁၀၀ မှာ ရှိနေမယ့် လူသားတွေက သူ့ရဲ့ကောင်း ဘုရင်တစ်ပါးကို စကြာဝတေးမင်းအဖြစ် တင်မြှောက် ကိုးကွယ်ကောင်း ကိုးကွယ်နေကြလိမ့်မယ်။ အဲသလို မဖြစ်ရဘူးလို့ ယနေ့ခေတ် လူသားတွေဖြစ်တဲ့ ကျွန်တော်တို့က အမိန့်ပေးလို့ မရပါဘူး။ သေတမ်းစာရေးခဲ့လို့ မဖြစ်ပါဘူး။ သူတို့ခေတ် သူတို့ အသိဉာဏ်က စေစားရာကို သူတို့ လုပ်ကြမှာပါပဲ။

သို့ပေမယ့် သမိုင်းသင်ခန်းစာဆိုတာကိုတော့ ကျွန်တော်တို့က နောင်းလူတွေ အတွက် ချန်ထားခဲ့မှာ ဖြစ်တယ်။ ယူတာ မယူတာ သူတို့ အလုပ်ပါ။

အလားတူပဲ ယနေ့ခေတ် အသက် ရှင်သန်နေတဲ့ ကျွန်တော်တို့ကလည်း

နောက်ကြောင်းကို ပြန်ကြည့်ကြပြီး ကျွန်တော်တို့ခေတ်ရဲ့ စံပေတံနဲ့ တိုင်းတာကြဖို့ လိုတယ်။ ကျွန်တော်တို့ဘိုးဘေးတွေဆီက ကောင်းတာတွေကို ယူ၊ မကောင်းတာတွေကို ကျွန်တော်တို့ခေတ်မှာ ထပ်မဖြစ်အောင် ရှောင်ကြဖို့ပဲပေါ့။

**ပြည်သူ့ခေတ်ဂျာနယ်။**

၁၁၊ မတ်၊ ၂၀၁၁။

အတွဲ ၁၊ အမှတ် ၃၆။

# ငိုင်ရိုနော့စကီးကို သတိရတယ်

ခုတလော ကျွန်တော်နဲ့ တွေ့တဲ့ မိတ်ဆွေတွေက ဘာလုပ်နေလဲ၊ ဘာတွေဖတ်နေလဲလို့ မေးရိုးမေးစဉ် မေးကြတယ်။ စာသမားချင်းတွေ့ရင် ခုရက်ပိုင်း ဘာတွေ ဖတ်နေလဲလို့ မေးတာ ကျွန်တော်တို့ အချင်းချင်းမှာ အကျင့်ဖြစ်နေတယ်။ ရှားပါးစာအုပ်တစ်အုပ်ကို ရှာရှာဖွေဖွေ ရထားပြီး အတော်လည်း ဖတ်ပြီးပြီဆိုရင် မဖတ်ရသေးတဲ့ မိတ်ဆွေကို ပြန်ပြောရတာ အရသာပဲဗျ။

ကျွန်တော်က ခုတလော လွှတ်တော် အမေးအဖြေတွေကို အချိန်ယူဖတ်နေတဲ့ အကြောင်း မေးသူ မိတ်ဆွေတွေကို ဖြေလိုက်တဲ့အခါ တုံ့ပြန်မှုနှစ်မျိုး တွေ့ရတယ်ဗျ။

တချို့က ဩော် ...ဟုတ်လား။ ခင်ဗျားက ဖတ်ဖြစ်သားပဲလို့ သာမန် ပြောသူရှိသလို ခင်ဗျားက ရေးစရာ ရှာနေတာလားလို့ မေးသူလည်း ရှိတယ်ဗျ။ တချို့ကတော့ ရွတ်ချွတဲ့ အပြောမျိုးနဲ့ တုံ့ပြန်တယ်ဗျာ။ ဘယ်လိုပဲ တုံ့ပြန်သည်ဖြစ်စေ၊ ကျွန်တော်ကတော့ ခုယ်လို့ပဲ နေလိုက်ပါတယ်။

သည်ရက်ပိုင်းအတွင်း ဖတ်ရတဲ့ သတင်းတွေထဲမှာ လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်တွေ မေးခွန်းနဲ့ အဆိုကို မှားယွင်း ရောထွေးနေတယ်လို့ ထောက်ပြတဲ့အကြောင်း ဖတ်လိုက်ရတယ်။

'မေးခွန်းဆိုသည်မှာ မသိသည်ကို သိအောင်၊ သိလိုသည်ကို သိခွင့်ရအောင် မေးမြန်းခြင်း ဖြစ်ကြောင်း။ 'အဆို' ဆိုသည်မှာ မိမိ သိထားသည့်အပေါ် အခြေခံပြီး မိမိ ဖြစ်စေချင်သည့် ဆန္ဒအတိုင်း ဖြစ်ပေါ်လာစေရေးအတွက် လည်းကောင်း၊ သက်ဆိုင်ရာ တာဝန်ရှိသည့် ဌာနဆိုင်ရာများအနေဖြင့် လိုအပ်သလို အရေးယူ

ဆောင်ရွက်စေနိုင်ရေးအတွက် လည်းကောင်း အဆိုတင်သွင်းရခြင်း ဖြစ်ကြောင်း 'လွှတ်တော် ဥက္ကဋ္ဌက ရှင်းလင်း ပြောကြားခဲ့တယ်လို့ ဆိုပါတယ်။

လွှတ်တော်ဥက္ကဋ္ဌက တာဝန်အရ ပြောဆို ရှင်းလင်းတာကို နားလည်နိုင်ပါတယ်။ ကိုယ်စားလှယ်များအနေနဲ့ နောင်ကို သတိထား ဆင်ခြင်စရာ ဖြစ်ပါလိမ့်မယ်။

လွှတ်တော်မှာ အိပ်ငိုက်ကောင်း ငိုက်နေမယ့် ကိုယ်စားလှယ် ရှိနိုင်သလို စွာကျယ်ကျယ် နေရာတကာပါချင်သူ တချို့လည်း ရှိလာနိုင်တယ်ဗျ။ သည်လိုအချိန်မှာ ဆိုဗီယက်ကြီးပြိုကွဲအပြီး ၁၉၉၀ ပြည့်နှစ်များ စောစောပိုင်းအတွင်း ရုရှားဖက်ဒရေးရှင်း နိုင်ငံမှာ ပေါ်ခဲ့ဖူးတဲ့ ဇိုင်ရီနော့စကီးဆိုတဲ့ ရွှေကြာပင် နိုင်ငံရေးသမားတစ်ယောက်ကို သတိရမိသဗျာ။

ဇိုင်ရီနော့စကီးက အစွန်းရောက် အမျိုးသားရေး ဝါဒီ၊ ရုရှားမှာ ပါတီစုံ ဖွင့်ပေးလိုက်တာနဲ့ သူက လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ အမည်နဲ့ ပါတီထောင်တယ်။ ၁၂ ဒီဇင်ဘာ ၁၉၉၃ မှာ အထွေထွေ ရွေးကောက်ပွဲကြီး ကျင်းပတော့ သူ့ပါတီက ကိုယ်စားလှယ်လောင်းတွေ လွှတ်တော်ထဲ ၂၃ ရာခိုင်နှုန်း၊ အမတ် ၇၈ နေရာ အနိုင်ရပြီး ရောက်သွားတယ်။ (ထိုစဉ်က သမ္မတ ယဲ့လ်ဆင်ရဲ့ ပြုပြင်ပြောင်းလဲရေးပါတီက ၁၅ ရာခိုင်နှုန်း၊ အမတ် ၉၄ နေရာပဲ ရတယ်၊ ယခင် အာဏာရ ကွန်မြူနစ်ပါတီက ၆၄ နေရာ၊ ကျန်တာက ပါတီငယ်တွေ။)

ဇိုင်ရီနော့စကီးရဲ့ ရွေးကောက်ပွဲ မဲဆွယ် ကြွေးကြော်သံတွေကလည်း 'နိုင်ငံခြားသားတွေကို မောင်းထုတ်ပစ်' 'ရုရှား' အင်ပိုင်ယာကြီး ပြန်တည်ဆောက်' 'ဗော်ဒကာ အရက်ကို ထက်ဝက်ဈေးနဲ့ ရောင်း' စတဲ့ လမ်းပေါ်က လူတွေ မသိစိတ်ခံစားမှုနဲ့ ပြောနေကြတာတွေကို ပုံတူကူးချတာတွေဆိုတော့ လူပြိန်းကြိုက် နိုင်ငံရေးသမား ဖြစ်လာတာပေါ့ဗျာ။ လွန်ခဲ့တဲ့ နှစ် ၆၀ ကျော်က ဂျာမနီမှာ ဟစ်တလာ တက်ကြော်မိသလို မိခဲ့တာပဲဗျ။

ဇိုင်ရီနော့စကီးက ဟစ်တလာလိုပဲ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိစာအုပ် ရေးခဲ့သေးတယ်။ နိုင်ငံရေး လုပ်တာမှ သုံးနှစ် မရှိသေးဘူး။ သူ့ကိုယ်သူ ဧရာမခေါင်းဆောင်ကြီးလို့ ထင်နေခဲ့တာဗျာ။

သူဟာ ကွန်မြူနစ်ပါတီ တန်ခိုးထွားတဲ့ ခေတ်မှာ ပါတီ ဝင်လျှောက်ခဲ့သေးတယ်။ အဆင့်မမီလို့ ပါတီဝင်မဖြစ်တော့ ကွန်မြူနစ်တွေကို စိတ်နာပြီး လယ်ယာစွန်း နိုင်ငံရေးဘက် ရောက်သွားတယ်။ လွှတ်တော်ထဲမှာ ဒုတိယ အင်အားအကြီးဆုံး ပါတီခေါင်းဆောင်အဖြစ် ရောက်ခဲ့ပေမယ့် သူ့ရဲ့ ပေါချာချာ အမူအကျင့်တွေကြောင့် နောက်နှစ်တွေမှာ လုံးဝ တိမ်မြုပ်သွားတယ်။

သူ့အာဘော်တွေကို ကြည့်ပါဦး။



'နိုင်ငံရေးဆိုတာ ၇၀ ရာခိုင်နှုန်းက လိမ်လည်လှည့်ဖျားတာနဲ့ ခြောက်လှန့်တာပဲ လိမ်တာနဲ့ ခြောက်လှန့်တာမပါဘဲ နိုင်ငံရေးလုပ်လို့ မရဘူး။ ကျုပ်ကတော့ အဲသလို မဟုတ်ဘူး။ ကျုပ်ကတော့ အမှန်တရားကိုပဲ ပြောတယ်'

'ကျုပ် သမ္မတဖြစ်ရင် အာဏာရှင်စနစ်နဲ့ သွားမယ်၊ ဒီတိုင်းပြည်မှာ ခုလောလောဆယ် ဒီမိုကရေစီ ကျင့်သုံးလို့ မရဘူး။ ကျုပ် အာဏာရှင်ဖြစ်ပြီးရင် အခြေအနေတွေကို နှစ်လအတွင်း တည်ငြိမ်အောင် လုပ်ပြမယ်'

'ဖမ်းရမယ့် လူတွေကို ညညမှာ တိတ်တိတ်လေး ဖမ်းရမယ်၊ လူတစ်သိန်းလောက်ကို ကျုပ် ပစ်သတ်ကောင်း ပစ်သတ်ရလိမ့်မယ်၊ ဒါပေမဲ့ ကျန်တဲ့ လူ သန်း ၃၀၀ ကတော့ ငြိမ်းငြိမ်းချမ်းချမ်း နေနိုင်လိမ့်မယ်'

'ရုရှားပြည်ကြီး ဒုက္ခရောက်နေရတဲ့ ဘဝကနေ မတ်တတ်ထရပ်နိုင်အောင် ကျုပ် လုပ်ပြမယ်'

ဇိုင်ရီနော့စကီးဟာ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလမှာ ပေါ်လာတတ်တဲ့ နမူနာ ဇာတ်ကောင်တွေထဲက တစ်ယောက်ပါပဲ။ အပြောင်းအလဲကို လိုချင်နေတဲ့ ပြည်သူလူထုကလည်း အချိန်ကာလတစ်ခုမှာ သူလို လူမျိုးကို ဟုတ်နိုးနိုးနဲ့ မဲပေးတတ်ကြတယ်ဗျ။

နောက်တော့ သူက အစွန်းရောက် စကားတွေပြော၊ လွှတ်တော်ထဲမှာ လူတကာနဲ့ ရန်ဖြစ်၊ တစ်ခါသားမှာ လွှတ်တော် စင်္ကြံလမ်းမှာ သူ့ကို တခြား အမတ်တွေက ဝိုင်းဝန်း ထိုးကြိတ်တာ ခံရသေးတယ်။ သည်လိုနဲ့ပဲ ဇိုင်ရီနော့စကီးနဲ့ သူ့ပါတီဟာ ရွေးကောက်ပွဲ တစ်ကြိမ်ပြီးတစ်ကြိမ် မဲတွေ လျော့သွားလိုက်တာ ခုဆို ပါတီငယ်လေး ဘဝကို ရောက်သွားပြီဗျာ။ ခုဆို သူ့သတင်းကို ဂူးဂဲလ်မှာ ရှာရင် နိုင်ငံရေး လူကြောင် တစ်ယောက် (political eccentric)အဖြစ် သူ့အကြောင်းတွေ ရေးထားတာကိုပဲ တွေ့ရတော့တယ်ဗျ။

**ပြည်သူ့ခေတ်ဂျာနယ်။**

*၁၉၊ မတ်၊ ၂၀၁၁။*

*အတွဲ ၁၊ အမှတ် ၃၇။*

○

# လူငယ် လူကြီးနှင့် ခေါင်းဆောင်မှု

မကြာသေးခင်က ဖြစ်ပွားခဲ့တဲ့ အီဂျစ်လူထု တော်လှန်ရေးမှာ မူဘာရက်အောက်က လွတ်မြောက်ပြီး အီဂျစ်သမိုင်းရဲ့စာမျက်နှာသစ် ဖို့ပြင်ဆင်ကြတဲ့အခါ လူငယ်တွေက သူတို့ယုံကြည်တဲ့ လူကြီးတွေလက်ထဲ လုံးဝ အပ်ပေးကြတာ တွေ့ရတယ်ဗျ။ ငါတို့က စွန့်လွှတ်စွန့်စား တော်လှန်ခဲ့ကြတာ၊ တိုင်းပြည်ကြီးကို ငါတို့ပဲ အုပ်ချုပ်သွားရမှာပေါ့ဆိုတဲ့ စိတ်ဆန္ဒမျိုး မထားရှိကြဘူးတဲ့ဗျ။

သည်အကြောင်းတွေ ဖတ်မိတော့ ဗိုလ်ချုပ်အောင်ဆန်းတို့ခေတ်ကို သတိရလိုက်တယ်ဗျာ။ ရဲဘော်သုံးကျိပ်အဖြစ်နဲ့ သခင်အောင်ဆန်းတို့ မြန်မာပြည်ထဲ ပြန်ဝင်လာပြီး ဂျပန်ပေးတဲ့ လွတ်လပ်ရေးကာလ (၁၉၄၂-၄၅)မှာရော၊ အင်္ဂလိပ်တွေ ပြန်ဝင်လာပြီး ဖဆပလအဖွဲ့ကြီးကို အာဏာအပ်တဲ့ကာလ (၁၉၄၆-၄၇)မှာရော ထိုစဉ်က အသက် ၃၀ တစ်ဝိုက်ပဲ ရှိသေးတဲ့ ဗိုလ်ချုပ်အောင်ဆန်းနဲ့ သူ့လုပ်ဖော်ကိုင်ဖက်များဟာ အသက် ၄၀ ကျော် လူကြီးတွေဖြစ်တဲ့ ဘကြီးဘဘော၊ သခင်မြ၊ ဒေါက်တာဘမော်၊ ဒေါက်တာ သိန်းမောင်၊ ဦးဘဝင်း၊ သခင်နု၊ ဒီးဒုတ် ဦးဘချို စတဲ့ ပုဂ္ဂိုလ်တွေကို ရှေ့တန်းတင်ခဲ့ကြတယ်။ ဖက်ဆစ်ဂျပန်တွေကိုရော၊ ပရိယာယ်များတဲ့ နယ်ချဲ့တွေကိုပါ ရင်ဆိုင်ရတဲ့အချိန်မှာ လူကြီးများရဲ့ ထိန်းထိန်းသိမ်းသိမ်း ကြပ်မတ်မှုနဲ့ ရည်မှန်းချက် မပျောက်ခဲ့ကြပါဘူး။

သို့ပေမယ့် ၁၉၄၇ ဇူလိုင်လမှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်များ လုပ်ကြံခံရပြီးနောက် ၁၉၄၈ ဇန်နဝါရီလ လွတ်လပ်ရေးရပြီးနောက်ပိုင်း မြန်မာ့နိုင်ငံရေးရဲ့ အာဏာရအဖွဲ့မှာရော အာဏာမဲ့အဖွဲ့တွေမှာပါ အဓိက ဦးဆောင်ခဲ့သူတွေဟာ အသက် အရွယ်အရရော အတွေ့အကြုံမှာပါ နုနယ်သူတွေ ဖြစ်နေခဲ့တာ သတိထားမိတယ်။



တချို့က မြန်မာပြည်လွတ်လပ်ရေးရပြီး လပိုင်းအတွင်း ပြည်တွင်းစစ် ဖြစ်ခဲ့တာဟာ ဝါဒအစွဲတွေကြောင့်လို့ သုံးသပ်ကြတယ်။ ကျွန်တော်ကတော့ ဝါဒအစွဲကြောင့် သဘောကွဲကြတယ်ပဲထား။ အသက်အရွယ်နဲ့ အတွေ့အကြုံအလျောက် ရင့်ကျက်မှု ရှိခဲ့ကြရင် လက်နက်ကိုင် တိုက်ခိုက်ကြတဲ့အထိ ခါးခါးသီးသီးမဖြစ်အောင် ထိန်းသိမ်း နိုင်ကြမှာပေါ့လို့ စဉ်းစားမိတယ်။ သူတို့ အသက်တွေ ပြန်တွက်ကြည့်တယ်။ သူတို့တွေထဲ အကြီးဆုံးလို့ ပြောနိုင်တဲ့ ဝန်ကြီးချုပ် ဦးနုတောင် ၁၉၄၈ မှာ အသက် ၄၁ နှစ်ပဲ ရှိသေးတယ်။ ဦးကျော်ငြိမ်းက ၃၄ နှစ်၊ ဦးသိန်းဖေမြင့်က ၃၄ နှစ်၊ ဦးဗဆွေက သူတို့ထက် တစ်နှစ်၊ နှစ်နှစ်ပဲ ကြီးတယ်။ ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၇ မှာ လုပ်ကြံခံရတော့ အသက် ၃၃ နှစ်ထဲ ဝင်ခါစ ရှိသေးတယ်။ သခင်သန်းထွန်း အပါအဝင် ကျန်တဲ့ ခေတ်ပြိုင်ခေါင်းဆောင်တွေ အားလုံးလိုလို အသက် ၄၀ အောက်တွေ များတယ်။ ဗိုလ်ချုပ်နေဝင်းက ၁၉၁၁ ဖွားဆိုတော့ လွတ်လပ်ရေးရချိန်မှာ ၃၇ နှစ်ပဲ ရှိသေးတယ်။ တပ်မတော်ကြီးကို ဦးဆောင်နေရပြီ။

သည်နေရာမှာ အသက်အရွယ်ထက် နိုင်ငံရေးရင့်ကျက်မှုနဲ့ သဘောထားကြီးမှုဟာ အဓိကကျတယ် ဆိုတာကို ကျွန်တော် လက်ခံပါတယ်။ အသက်ငယ်တာကြီးတာထက် ရင့်ကျက်မှု အတိုင်းအတာက ပိုအရေးကြီးတယ် ဆိုတာကတော့ အမှန်ပါ။ ဗိုလ်ချုပ် အောင်ဆန်းသာ လုပ်ကြံမခံရရင် လွတ်လပ်ရေးရပြီး နှစ်လခွဲလောက်မှာ ကွန်မြူနစ် ပါတီ တောခိုသွားတဲ့အဖြစ်မျိုး မဖြစ်နိုင်ဘူးလို့ တွက်ဆလို့ရတယ်။ ဗိုလ်ချုပ်ဟာ ငယ်ရွယ်ပေမယ့် ရင့်ကျက်သူဖြစ်လို့ သဘောကွဲလွဲသွားတဲ့ နိုင်ငံရေးပါတီတွေနဲ့ ပြန်လည် ညီညွတ်အောင် ကြိုးစားနိုင်ခဲ့မှာပဲလို့ ကျွန်တော်တော့ ယုံကြည်တယ်ဗျာ။

ကျွန်တော်ရေးတဲ့ ဆောင်းပါး အတော်များများမှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ နိုင်ငံရေး ဦးဆောင်မှု အကြောင်းကို စံနမူနာအဖြစ် ရေးခဲ့ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းဟာ နိုင်ငံရေးမှာ ပါရမီရှင်လို့ ဆိုလောက်အောင် ထူးချွန်ခဲ့တယ်။ တိုင်းရင်းသား ပြည်သူ တစ်ရပ်လုံးက ဗိုလ်ချုပ်အောင်ဆန်းကို ယုံကြည်ကိုးစား ထောက်ခံခဲ့ကြတယ်။ သူ့လိုလူမျိုးက တစ်ခေတ်မှာ တစ်ယောက် ပေါ်ခဲဘိခြင်း။ ဗိုလ်ချုပ်အောင်ဆန်းကို လူငယ်တွေ အားကျစေချင်တယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီလောက် တော်အောင် သူ ဘယ်လို ကြိုးစားခဲ့သလဲ၊ လေ့လာစေချင်တယ်။ သူ ကြိုးစားခဲ့တာကို အားကျပြီး လိုက်ကြိုးစားကြရင် မြန်မာနိုင်ငံအတွက် အားထားလောက်တဲ့ ခေါင်းဆောင်ကောင်း မျိုးဆက် ပေါ်ထွက်လာမှာပေါ့။

ကျွန်တော်တို့ တိုင်းပြည်မှာ နိုင်ငံရေးခေါင်းဆောင်ကောင်း မျိုးဆက် ပေါ်ထွက် လာအောင် ရေခံမြေခံတွေ ဖန်တီးပေးဖို့ အရေးတကြီး လိုနေပါပြီ။ အိမ်နီးချင်း ဘရတ်ပြည်ကြီးမှာတောင် မျိုးဆက်သစ် ခေါင်းဆောင်တွေကို အထူးနေရာပေးနေတာ သတိထားမိတယ်။

စင်ကာပူ ဝါရင့် ခေါင်းဆောင်ကြီး လီကွမ်းယူက လူငယ် နိုင်ငံရေးသမားတွေ ပျိုးထောင်ပေးရာမှာ ဂျပန်နိုင်ငံနမူနာကို မယူဘဲ တရုတ်နိုင်ငံကို နမူနာယူရမယ်လို့ ပြောခဲ့တာ မှတ်သားမိတယ်။ တရုတ်နိုင်ငံမှာ ပိုမိုနုပျိုတဲ့ မျိုးဆက်သစ် နိုင်ငံရေးသမားတွေနဲ့ ယန္တရားလည်ပတ်တဲ့ စနစ် ကျင့်သုံးနေတာ အောင်မြင်မှုများ ရရှိနေတယ်။ ပြည်နယ် မြို့နယ်အဆင့် နိုင်ငံရေး တာဝန်ယူနေသူတွေဟာ အသက် ၄၀ ဝန်းကျင်သာ ရှိသေးပြီး အများစုဟာ ပါရဂူဘွဲ့ရတွေ ဖြစ်တယ်။ တရုတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်နေခြင်းမှာ ဒီအချက်ဟာ အဓိက ကျနေတယ်လို့ လီကွမ်းယူက ပြောတယ်လို့ ဆိုတယ်ဗျ။ သူက အသက် ၈၆ နှစ်ရှိပြီ။ သူတို့လို သက်ကြီးနိုင်ငံရေး ဝါရင့်သူတွေဟာ ကိုယ်တိုင် နိုင်ငံရေး မလုပ်ဘဲ နိုင်ငံရေးလမ်းကြောင်း တည်ငြိမ် မှန်ကန်ရေးကို အထောက်အကူပြုသူများသာ ဖြစ်သင့်တယ်လို့ ပြောသွားတယ်ဗျာ။

လက်ရှိတရုတ်ခေါင်းဆောင် ဟူကျင်းတောင်၊ ဝမ်ကျားပေါင်တို့ဟာ စတုတ္ထမျိုးဆက် ခေါင်းဆောင်စုတဲ့။ ပထမမျိုးဆက်က မော်စီတုန်း၊ ချူအင်လိုင်း၊ ဒုတိယမျိုးဆက်က တိန့်ရှောင်ဖိန်၊ တတိယမျိုးဆက်က ကျန်ဇီမင်းတဲ့။ တရုတ်ကွန်မြူနစ်ပါတီကို နှစ် ၆၀ လောက် အဘိုးကြီးတွေကပဲ ဦးဆောင်နေခဲ့ရာက နောက်ပိုင်းမှာ မျိုးဆက်သစ်တွေ လက်ထဲ လက်လွှဲသွားပုံကို လီကွမ်းယူက စောင့်ကြည့်နေခဲ့ပုံရတယ်။ သူ့ရဲ့ စင်ကာပူ နိုင်ငံမှာလည်း လီကွမ်းယူက အသက် ၄၀ ဝန်းကျင် ပညာတတ် နိုင်ငံရေး မျိုးဆက်သစ်များ ပျိုးထောင်ရေး စီမံချက်ရေးဆွဲဖို့ စင်ကာပူ ဝါရင့်နိုင်ငံရေးသမားများနဲ့ လက်ရှိအစိုးရကို ဖိအားပေး တိုက်တွန်းခဲ့တဲ့အကြောင်း ကျွန်တော် ရေးခဲ့ဖူးပါတယ်။ ထူးခြားတာက အာဏာရပါတီမှာသာမက အတိုက်အခံ ပါတီများမှာပါ အရည်အချင်း ပြည့်မီတဲ့ နိုင်ငံရေးသမားတွေ တိုးပွားလာစေရမယ်လို့ လီကွမ်းယူက ပြောခဲ့တာ ဖြစ်တယ်။ အင်မတန် အမြော်အမြင်ကြီးတယ်လို့ ပြောချင်တယ်ဗျာ။

အချုပ်အားဖြင့်ကတော့ လူငယ်ပဲဖြစ်ဖြစ် လူကြီးပဲဖြစ်ဖြစ် နိုင်ငံရေးကို စိတ်ဝင်စားလာကြဖို့ လိုတယ်။ ကိုယ်တိုင် နိုင်ငံရေး ဝင်မလုပ်ရင်တောင် နိုင်ငံရေးလုပ်သူတွေကို လူမှန် နေရာမှန် ဖြစ်အောင် မိမိရဲ့ ဆန္ဒသဘောထားကို ထုတ်ဖော်ဖို့ လိုတယ်။ ပြည်သူတွေ နိုင်ငံရေးရာကို စိတ်ဝင်စားကြဖို့ ဆိုတာကလည်း စိတ်ဝင်စားကြပါ စိတ်ဝင်စားကြပါလို့ တစာစာ ထိုင်ပြောနေရုံနဲ့ မပြီးဘူးဗျ။ သူတို့ စိတ်ဝင်စားလာအောင် အဆင့်ဆင့် လေ့ကျင့်ကွင်းတွေရှိဖို့ လိုတယ်။ ကျောင်းသားဘဝမှာကို အဖွဲ့အစည်းနဲ့ လုပ်တတ်ကိုင်တတ်တဲ့ အကျင့်၊ အများရဲ့ ယုံကြည်ကိုးစားမှုကို ခံယူနိုင်မှ ခေါင်းဆောင် ဖြစ်နိုင်တယ်ဆိုတဲ့ အသိတွေကို သွတ်သွင်းပေးရမယ်။ ဆရာ ဆရာမတွေ သဘောကျအောင် နေတတ်ရင် အတန်းခေါင်းဆောင် ဖြစ်တာပဲဆိုတဲ့ အသိစိတ်မျိုး



ဝင်မသွားအောင် လေ့ကျင့်ပေးရမယ်။ အများရဲ့ ထောက်ခံမှုရမှ ခေါင်းဆောင် ဖြစ်မယ် ဆိုတာကို သဘောပေါက်အောင် လေ့ကျင့်ပေးခြင်းဟာ ဒီမိုကရေစီ နိုင်ငံရေးရဲ့ ကကြီး ခခွေးပဲဗျ။

**ပြည်သူ့ခေတ်ဂျာနယ်။**

*၂၃၊ မတ်၊ ၂၀၁၁။*

*အတွဲ ၁၊ အမှတ် ၃။*

○

## မောင်ဝံသ တရားကျနေခြင်း

ဂျပန် လျှောက်ကြီး သတင်းနဲ့ ရုပ်သံတွေမှာ တွေ့မြင်ရတဲ့ သေပျောက်ဆုံးရှုံးမှု မြင်ကွင်းတွေကြောင့် ရင်တုန်ပန်းတုန် ဖြစ်နေတုန်း ကိုယ့်နိုင်ငံထဲက ရှမ်းပြည်နယ် တာလေမြို့တစ်ဝိုက်မှာ လျှောင်ဒဏ်ခံခဲ့ရပုံတွေကို မြင်ရတော့ ပိုပြီး ဝမ်းနည်းကြေကွဲခဲ့ ရတယ်ဗျာ။ သည်ကြားထဲ ဂျပန်က ဖူကူရှီးမား နျူကလီးယားဓာတ်ပေါင်းဖိုက ဓာတ်ရောင်ခြည်တွေ ယိုထွက်ခဲ့လို့ လူသားတွေအတွက် စိုးရိမ်စရာ ဖြစ်နေတယ်လို့ ကြားရပြန်တယ်ဗျာ။ ခုရက်ပိုင်းမှာ ဘုရားချည်း တနေရလို့ ကုသိုလ်တွေတော့ ရနေမယ် ထင်တယ်ဗျ။

ဘုရား တနေတယ်ဆိုတာ အရပ်သုံးစကားနဲ့ ပြောလိုက်တာပါ။ ဘာသာရေး သဘောနဲ့ပြောရင် ကျွန်တော်တော့ သံဝေဂတွေ အများကြီးရနေပါတယ်လို့ ပြောရမှာပါ။ သည်အခိုက်မှာ အီဂျစ်၊ တူနီးရှား၊ လစ်ဗျား၊ ယီမင် စတဲ့ နိုင်ငံတွေက သတင်းတွေကို တစ်နေ့တစ်မျိုး မရိုးအောင်လို့ ပြောလောက်အောင် တွေ့နေ မြင်နေရပြန်တယ်ဗျာ။ အဲဒါတွေကြောင့်လည်း လူ့ဘဝကြီးမှာ ဘယ်အရာမှ မမြဲပါလား၊ ဘာကိုမှ အစိုးမရပါလား ဆိုတာကို ပိုပြီး နလုံးသွင်းမိလာတယ်ဗျ။

အဲသလို နလုံးသွင်းမိချိန်မှာ ဝင်လာတဲ့ အသိတရားက မာန်မာနတွေကို မောင်းထုတ်တော့တာပဲဗျ။ အတ္တတွေကို ခွာချနိုင်းတော့တာပဲဗျ။ ဘယ်လောက်ထိ စိတ်ထဲ ဖြစ်သွားသလဲဆိုရင် မောင်ဝံသဆိုတဲ့ ကလောင်တစ်ချောင်းပိုင်တဲ့ စာရေးဆရာ ဆိုပြီး မိမိကိုယ်မိမိ ကျေနပ်ပီတိ ဖြစ်နေတတ်တဲ့ စိတ်ကလေးတွေတောင် ပျောက်သွားသလောက်ပါပဲဗျာ။



အမှန်ပြောရရင် ကျွန်တော်တို့ဟာ စာရေးဆရာ၊ သတင်းစာဆရာဘဝကို အင်မတန် တန်ဖိုးထားတယ်၊ သည်နိုင်ငံမှာ လူဖြစ်လာတဲ့ သည်ဘဝမှာ ပရိသတ် အထိုက်အလျောက် အသိအမှတ်ပြုတဲ့ ကလောင်တစ်ချောင်းပိုင်သူ ဖြစ်လာရတာကို ဂုဏ်ယူတယ်။ ကျွန်တော် ဆည်းပူးထားတဲ့ အသိပညာ၊ အတတ်ပညာနဲ့ တိုင်းပြည် အတွက် အလုပ်အကျွေးပြုပေးရတာကို ဝမ်းသာတယ်။

စကားကြုံလို့ ပြောရဦးမယ်။ ကျွန်တော် အချိန်အခါနဲ့ နေရာဌာနလွဲပြီး ကိုယ့်ဂုဏ်ကိုယ်ဖော် မသူတော်လုပ်မိတဲ့ အကြောင်းကလေးပါ။ ၁၉၈၀ ဖေဖော်ဝါရီလမှာ ရန်ကုန်ဆေးရုံကြီး ခွဲစိတ်ဆောင်တစ်ခုမှာ ကျွန်တော် ဖစ်စ်တူလာလို့ခေါ်တဲ့ ဘရင်ဂျီနာ ဘက်ခွဲခဲ့ရတယ်ဗျ။ ခွဲစိတ်ပေးတဲ့ ဆရာဝန်က အခု ပါမောက္ခ ဒေါက်တာမင်းလွင်ဆိုတာ မှတ်မိနေတယ်။ အဲဒီတုန်းက မြန်မာ့ဆိုရှယ်လစ်ခေတ်ဆိုတော့ ပိုက်ဆံခန်းတွေ ဘာတွေ မရှိဘူး။ ပြည်သူ့ဆေးရုံကြီးက အိမ်က ထမင်းမပို့နိုင်တဲ့ လူနာတွေကို ဆေးရုံ ထမင်းဟင်း ကျွေးတယ်။ ဆေးဝါးပတ်တီး၊ ပလပ်စတာ လူနာက ဝယ်စရာမလိုဘူး။ ပြည်သူ့ဆေးရုံက တာဝန်ယူတယ်။ ကျွန်တော်က စအိုဝနားမှာ ဖြစ်ပေါ်တဲ့ ဘရင်ဂျီနာကို ခွဲစိတ်ရတာပါ။ အနာကျက်အောင်အထိ စောင့်ရတော့ ဆေးရုံမှာ ၁၀ ရက်လောက် နေရတယ်။

ဘရင်ဂျီနာဖြစ်ဖူးတဲ့ လူအများစုလိုပဲ ကျွန်တော်လည်း ခွဲရစိတ်ရမှာကို ကြောက်ပြီး တစ်နှစ်နီးနီးလောက် ဆေးမြီးတိုတွေနဲ့ ကုနေခဲ့တယ်။ နောက်ဆုံး ကင်းဘဲလ်လမ်းက သိမ်ဖြူဆရာတော်ဆီတောင် ရောက်တယ်။ နှစ်ပတ်လောက်ကို အတွင်းလူနာအဖြစ် နေပြီး ကုသခံခဲ့တယ်။ ဆရာတော်က အနာပေါက်ထဲကို ဆေးတောင့်လေးထည့်ပြီး ကုသေးတယ်။ မပျောက်ပါဘူး။ နောက်ဆုံးတော့ ဆေးရုံတက်ပြီး ခွဲလိုက်တာ ပိုကောင်း တယ်လို့ ဆရာတော်က မိန့်ပါတယ်။ သည်လိုနဲ့ ဆေးရုံကြီးကို ရောက်လာတာပါ။ ကျွန်တော့်မှာ ခြောက်လလောက် အစားပျက် အသောက်ပျက်၊ စိုးရိမ်သောကတွေ ဖြစ်ခဲ့တော့ လူကလည်း ပိန်ချုံး မျက်တွင်းဟောက်ပက်နဲ့ ကုလားဒိန်လေးလို ဖြစ်နေမယ် ထင်တယ်။

ကျွန်တော့်ဘေးကပ်လျက် ကုတင်မှာ လူရည်သန့် ပညာတတ် လက္ခဏာအပြည့် ရှိတဲ့ လူတစ်ယောက် အစာအိမ်ရောဂါနဲ့ တက်နေတယ်။ သူ့ဘေးက လူနာပစ္စည်းတင်တဲ့ စားပွဲလေးပေါ်မှာ စာအုပ်တချို့ အထပ်လိုက်တင်ထားတယ်။ တစ်ရက်မှာ လှမ်းကြည့် လိုက်တော့ ကျွန်တော်ရေးတဲ့ နိုင်ငံရေး အတ္ထုပ္ပတ္တိစာအုပ် သုံးအုပ်လောက်ကို စားပွဲပေါ်မှာ တွေ့ရပြီး သူ ဖတ်လက်စ လက်ထဲကိုင်ထားတာက ၁၉၇၉ ခုနှစ်က ထုတ်တဲ့ ကျွန်တော့်လက်ရာ ခရုရှက် နိုင်ငံရေးအတ္ထုပ္ပတ္တိ စာအုပ် ဖြစ်နေတယ်။ ကျွန်တော်က ဝမ်းသာအားရနဲ့ ခင်ဗျားက စာဖတ်ဝါသနာပါတာပဲ၊ နိုင်ငံရေးစာအုပ်တွေ

အတော် ဖတ်လားလို့ မေးတယ်။ သူက အဲဒီခေတ် အရာရှိများရဲ့ ဂိုက်ဆိုက်အတိုင်း ခေါင်းညိတ်ရုံ ညိတ်ပြတယ်။ ကုလားဒိန်လေးလိုပုံမျိုး ဖြစ်နေတဲ့ ကျွန်တော့်ကို သိပ်အရေးမဝင်ချင်တဲ့ အမူအရာဆိုတာ ကျွန်တော်က သတိမပြုမိဘူး။ အလိုက်ကမ်းဆိုး မသိတဲ့ ကျွန်တော်က ခင်ဗျား ဖတ်နေတဲ့ စာအုပ်က ကျွန်တော် ရေးတာလေလို့ ဆက်ပြောတော့ သူက မျက်မှောင်ကြုတ်ပြီး ဘာပြောတယ်လို့ ပြန်မေးတယ်။ ကျွန်တော်က ကျွန်တော်ဟာ စာရေးဆရာ မောင်ဝံသပါပဲလို့ ပြောလိုက်တော့ သူက လှကို သေချာကြည့်ပြီး ဪ ...ဟုတ်လားလို့ပြောပြီး ခုနရက်ကို ဆက်ဖတ်နေတယ်ဗျာ။ ကျွန်တော်လည်း ချက်ချင်း သတိရလိုက်တယ်။ ငါတော့ အချိန်မှားပြီး ဂါထာရွတ်မိပြီလို့ နားလည်လိုက်လို့ ဘာမှ ဆက်မပြောဘဲ သတင်းစာဖတ်နေလိုက်တယ်။ သူလည်း ကျွန်တော့်အနား ဖန်ရည်သွားဆေးနေချိန် အဲဒီညနေပဲ ဆေးရုံက ဆင်းသွားတယ်။ တော်သေးတာပေါ့။ နို့မို့ဆို အတော် မျက်နှာပူစရာကောင်းမှာ။ သူကတော့ ဆေးရုံမှာ စာရေးဆရာ မောင်ဝံသအတု ကုလားဒိန်တစ်ယောက်နဲ့ ကြုံခဲ့ရတယ်လို့ အသိ မိတ်ဆွေတွေကို ပြောနေမလားပဲ။

သည်အဖြစ်လေးကို ပြန်စဉ်းစားရင် ဘာပဲပြောပြော အဲသည် ပုဂ္ဂိုလ်ဟာ မောင်ဝံသကို အထင်တကြီး ရှိနေတာ ထင်ရှားတယ်။ သူ့ဘေးကုတင်က မဲကြုတ်ကြုတ် ပိန်စောက်စောက် ဘာရင်ဂျီနာခွဲထားတဲ့ လူနာတစ်ယောက်က သူ့ကိုယ်သူ မောင်ဝံသလို့ လာပြောတာကို သူ လက်မခံနိုင်ဘူးလေ။ သည်အဖြစ်လေးကို ကျွန်တော့်မိသားစုတွင်းမှာ ပြန်ပြောဖြစ်တဲ့အခါတိုင်း ကျွန်တော့်ဇနီးက ‘ရှင်ကတော့လေ...’လို့ ပြောပြီး ခုထိ ရှက်နေတုန်း။

မနေ့တစ်နေ့ကတော့ နာမည်ကြီး စားသောက်ဆိုင်တစ်ဆိုင်မှာ ကျွန်တော်တို့ လင်မယား သွားစားကြတယ်။ ငွေရှင်းတဲ့ ကောင်တာဘေးက နံရံမှာ ပြည်သူ့ခေတ် (၃ ဖေဖော်ဝါရီ ၂၀၁၁)ထဲက ကျွန်တော့် ဆောင်းပါး ‘အောင်မြင်သူနဲ့ ရှုံးနိမ့်သူ’ကို မှန်ပေါင်သွင်းပြီး ချိတ်ထားတာ တွေ့ရတယ်။ ပြောချင်လွန်းလို့ လိုဂိုဒီဇိုင်းကြီးတွေလို့ သတိထားမိတာပါ။ သူတို့က ဆောင်းပါးတစ်ပုဒ်လုံးကို အကြီးချဲ့ထားတော့ ဂျာနယ်ပါ အရွယ်ထက် ပိုကြီးတယ်။

ကျွန်တော်က ချိတ်ထားတဲ့ နေရာနား ကပ်ပြီး ကြည့်နေတာကို မိန်းမက စိုးရိမ်တကြီးနဲ့ လိုက်လာတယ်။ ကျွန်တော် ငွေရှင်းနေတော့လည်း မိန်းမက မခွာတော့ဘူး။ ကျွန်တော် သိတယ်။ ၁၉၈၀ ဆေးရုံကြီးမှာတုန်းကလို ကျွန်တော် လျှာရှောင်မလားဆိုပြီး စိတ်မချတာဗျ။ ဘာမှမပြောဘဲ ဆိုင်ထဲက ပြန်ထွက်လာတုန်း ကျွန်တော်က မိန်းမကို စချင်စိတ် ပေါ်လာတာနဲ့ ဆိုင်မန်နေဂျာနဲ့ တွေ့ရင် ကောင်းမှာလို့ ပြောလိုက်တော့ သူ့ခမျာ ပျာပျာသလဲ ‘တွေ့ရင် ဘာပြောဦးမလို့လဲ၊ မလုပ်ပါနဲ့နော်၊ ကျွန်မ ရှက်လွန်းလို့ သေလိမ့်မယ်’တဲ့။



‘ကိုယ့်ကိစ္စ မပြောပါဘူးကွာ၊ ပြည်သူ့ခေတ်ဂျာနယ်မှာ ကြော်ငြာလေး ဘာလေး ထည့်ပါလို့ မေတ္တာရပ်ခံမလို့ပါ’

‘ကြော်ငြာတောင်းတော့ကော ရှင် မောင်ဝံသဆိုတာ ပြောရမှာပဲ မဟုတ်လား။ တော်ပါပြီနော်၊ မလုပ်ပါနဲ့ ရှိုကြီးခိုးပါရဲ့’ တကယ်က ကျွန်တော် ဘာမှပြောဖို့ မရည်ရွယ်ပါ။ ကျွန်တော့်စာတွေကို ဖတ်ပြီး သဘောကျတာ၊ ခုလို မှန်ပေါင်သွင်းပြီး အများဖတ်နိုင်အောင် ချုပ်ပေးတာတွေကို အင်မတန် ပီတိဖြစ်ပါတယ်။ သို့ပေမယ့် အဲဒါတွေကို အခု သောယာချင်တော့ပါ။ မမြဲခြင်းတရားကို ကျွန်တော် လောလောဆယ် နှလုံးသွင်းမိနေတယ်ဗျာ။ သည်ဆောင်းပါး ရေးနေတုန်း တေဘုမ္မာ သီချင်းကို ကျွန်တော် ဖွင့်ထားပါကြောင်း။

**ပြည်သူ့ခေတ်ဂျာနယ်။**

*၃၀၊ မတ်၊ ၂၀၁၁။*

*အတွဲ ၁၊ အမှတ် ၃၉။*

○

# ကောင်းမွန်တဲ့ အုပ်ချုပ်မှုစနစ် အရေးတကြီး လိုနေပါတယ်

'အစိုးရအဖွဲ့သစ်ရဲ့ အရေးကြီးဆုံး တာဝန်ကတော့ ကောင်းမွန်တဲ့ အုပ်ချုပ်မှုစနစ် (Good Governance)နဲ့ သန့်ရှင်းသောအစိုးရ (Clean Government) ပေါ်ပေါက်လာအောင် ဝိုင်းဝန်း ကြိုးပမ်း လုပ်ဆောင်ဖို့ပဲ ဖြစ်ပါတယ်'လို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က သမ္မတရာထူးလက်ခံပြီး ဒုတိယနေ့ (မတ် ၃၁)မှာ ထပ်မံ ပြောကြားလိုက်တယ်ဗျ။

ပထမ အရေးကြီးဆုံးကို ပြောပြီး ဒုတိယ လုပ်ငန်းစဉ်ကို ပြောရာမှာ 'အစိုးရအဖွဲ့ရဲ့ ဒုတိယလုပ်ငန်းစဉ်ကတော့ ဒီမိုကရေစီကျင့်စဉ် (Democratic Practices) များ ထွန်းကားလာရေးပဲ ဖြစ်ပါတယ်'လို့ ပြောကြားသွားတယ်ဗျာ။

ဆက်လက်ပြီးတော့ 'နောက်ထပ် အလေးထား လုပ်ဆောင်ရမယ့် လုပ်ငန်းတစ်ခုကတော့ တရားဥပဒေစိုးမိုးရေး ဖြစ်ပါတယ်' လို့ ပြောသွားတယ်ဗျ။

အဓိက အရေးကြီးအချက် သုံးချက်အဖြစ်-

၁။ ကောင်းမွန်တဲ့ အုပ်ချုပ်မှုစနစ် (Good Governance) နဲ့ သန့်ရှင်းသော အစိုးရ (Clean Government) ပေါ်ပေါက်လာဖို့၊

၂။ ဒီမိုကရေစီကျင့်စဉ် (Democratic Practices) များ ထွန်းကားလာဖို့၊

၃။ တရားဥပဒေစိုးမိုးရေးကို အလေးထား လုပ်ဆောင်ဖို့-

အစိုးရအဖွဲ့သစ်က ဦးစားပေး ဆောင်ရွက်သွားမယ်လို့ နားလည်ရတယ်ဗျာ။

သည်အချက်တွေဟာ မဖြစ်မနေ အကောင်အထည် ဖော်သွားရမယ့် တိုင်းပြည်ကောင်းရာကောင်းကြောင်း ဦးတည်ချက်များဖြစ်လို့ဘယ်သူမှ အငြင်းပွားမယ်မထင်ပါဘူး။



## ဘယ်လိုတွေ လုပ်မလဲ ဘယ်လောက် ခက်ခဲမလဲ

နိုင်ငံရေးသမားများနဲ့ ကျွန်တော်တို့လို သတင်းမီဒီယာသမားများကလည်း သည်အချက်တွေနဲ့ ပတ်သက်လို့ ထင်မြင်ချက် မေးလာ မြန်းလာကြရင် 'ခုလို ပြောသွား ဆိုသွားတာတွေကတော့ ကြိုဆိုရမှာတွေချည်းပါပဲ။ လက်တွေ့ ဘယ်လို အကောင်အထည်ဖော်မလဲ ဆိုတာကို စောင့်ကြည့်ကြရပါဦးမယ်'လို့ပဲ မယုတ်မလွန် ဖြေလေ့ ရှိပါတယ်။

မှန်ပါတယ်။ ဘာတွေ လုပ်မလဲ ဆိုတာကိုတော့ ကြားရပြီ။ ဘယ်လိုတွေ လုပ်မလဲ ဆိုတာကပို စိတ်ဝင်စားစရာ ကောင်းနေတယ် မဟုတ်လားဗျာ။

ကျွန်တော်တို့ တိုင်းပြည်ဟာ ဖော်ပြပါ အချက်သုံးချက်နဲ့ ပတ်သက်လို့ ဘယ်လို တိအနေအထားတွေမှာ ရှိနေသလဲ ဆိုတာကို အရင် သုံးသပ်ပြီးရင် ပြုပြင်ပြောင်းလဲရေး လုပ်ဆောင် အကောင်အထည်ဖော်မည့်သူများ ဘယ်လောက်ခက်ခဲမလဲ ဆိုတာကို မှန်းဆနိုင်မယ်ဗျ။

ကောင်းမွန်တဲ့ အုပ်ချုပ်မှုစနစ်အကြောင်းကို ကျွန်တော်တို့ သတင်းမီဒီယာတွေမှာ စိတ်ဝင်စားစား ပြောဆို ရေးသားလာကြတာတောင် နှစ်နှစ်၊ သုံးနှစ်လောက်ပဲ ရှိဦးမယ်ဗျ။ ကျွန်တော် မှတ်မိသေးတယ်။ Good Governance နဲ့ Clean Government အကြောင်း လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ဂျာနယ်အချို့က ကျွန်တော့်ကို အင်တာဗျူး ပ်လာတဲ့အခါ ချက်ချင်း မပြောနိုင်သေးဘဲ ကျွန်တော်ကိုယ်တိုင် ရေရေရာရာ သိအောင် လေ့လာ ဖတ်ရှုဖို့ အချိန်ယူခဲ့ရတယ်ဗျ။

## စောမည်းအကြောင်း နမူနာ

နိုင်ငံခြား အဆိုအမိန့်တွေနဲ့ ရှင်းလင်းချက်တွေအပြင် ပြည်တွင်းသာဓကအချို့ကိုပါ ရှာဖွေတဲ့အခါမှာ စောမည်းအကြောင်း နမူနာတစ်ခုတွေ့လို့ သီးခြား ဆောင်းပါးတစ်စောင် ရေးလိုက်သေးတယ်ဗျာ။ အဲသည်အချိန်က အတော်ကလေး လူပြောသူပြောများတဲ့ ဆောင်းပါးတစ်ပုဒ် ဖြစ်ခဲ့တယ်ဗျ။ အွန်လိုင်း ဘလော့ဂ် တချို့ကပါ ကူးယူ ဖော်ပြခဲ့ကြတယ်ဗျာ။ (ပေါ်ပြူလာ နယူးစ်၊ ၆ မေ ၂၀၀၉ မှာ စတင် ဖော်ပြခဲ့ပြီး ကျွန်တော့်ရဲ့ နိုင်ငံရေးဆောင်းပါး ပေါင်းချုပ်၊ ရှာမှရှားတဲ့ နိုင်ငံရေးသမား၊ စာ ၆၁-၆၃ မှာ ပြန်လည် ဖော်ပြခဲ့ပါတယ်။)

အင်းဝခေတ် မင်းကြီး စွာစော်ကဲ (၁၃၆၇-၁၄၀၀) လက်ထက်က အဖြစ်အပျက် တစ်ခုကို ကျွန်တော် ရေးခဲ့တာပါ။ ရခိုင်ဘုရင် မင်းဘီလူး ကွယ်လွန်တော့ မင်းကြီးစွာက ညီတော် စောမွန်ကြီးကို မင်းလျာအဖြစ် လွှတ်လိုက်တယ်။ စောမွန်ကြီး အအုပ်အချုပ် ကောင်းလို့ ရခိုင်ဟာ ဝပြောချမ်းသာခဲ့တယ်။ စောမွန်ကြီး ကွယ်လွန်တော့ မင်းကြီးစွာက ကျွန်တော်ရင်း စောမည်းကို ထည့်လိုက်တယ်။ 'ထန်းစေ့ ထန်းပင်ကဲ့သို့ မကျင့်နှင့်၊

ညောင်စေ့ ညောင်ပင်ကဲ့သို့ကျင့်’လို့ မင်းကြီးစွာက မှာတယ်။ ပညာရှိ အမတ်ကြီး ဝန်ခင်းဖိုးရာဇာက ‘ကြောင်နှင့် ညောင်ကို ထုံးပြု၍ကျင့်’လို့ မှာတယ်။

## ညောင်ပင်တွေခုတ် ကြောင်တွေသတ်

အစေ့ကြီးသော်လည်း အပင်ငယ်၍ လူမမှီခိုရသော ထန်း၊ အစေ့ငယ်သော်လည်း အပင်ကြီး၍ လူမှီခိုရသော ညောင်။ ဝှက်ထားသော လက်သည်းကို အရေးရှိမှ ထုတ်တတ်သော ကြောင် စတဲ့ ဖွင့်ဆိုချက်တွေကိုတော့ မပြောလိုက်ဘူး ထင်ပါရဲ့။ စောမည်းက ပညာမရှိ မလိမ္မာ အရည်အချင်းလည်း မရှိ၊ ဘုရင်က ခန့်လိုက်လို့သာ မိုးကျရွှေကိုယ် အုပ်ချုပ်သူ ဖြစ်လာတာဆိုတော့ ဆုံးမလိုက်တဲ့ စကားတွေကို နားမလည်ဘဲ ညောင်ပင်တွေကို ခုတ်ဖြတ်ပြီး ဆင်တွေကို ကျွေးခိုင်းတယ်။ ကြောင်တွေကို ဖမ်းပြီး သတ်ခိုင်းတယ်။ သည်အကြောင်းကို ဆရာကြီး ဦးဖိုးကျား ခေတ်မီ ရာဇဝင် အကျဉ်း၊ စာ ၁၂၇မှာ ‘အအုပ်အချုပ်ညံ့ဖျင်း ပြည်ရွာ ဆူပူသောင်းကျန်းကြလေသည်နှင့် စောမည်း ပြန်၍ ပြေးခဲ့ရ၏’လို့ ရေးခဲ့တယ်ဗျာ။

## ကောင်းခြင်းနဲ့ ညံ့ခြင်း နမူနာ

သည်နေရာမှာ ကောင်းမွန်တဲ့ အုပ်ချုပ်မှု ဆိုတာကို စောမွန်ကြီးက သာဓကပြခဲ့ပြီး ညံ့ဖျင်းတဲ့ အုပ်ချုပ်မှုဆိုတာကို စောမည်းက နမူနာပြခဲ့တာပဲဗျ။ အုပ်ချုပ်မှုကောင်းရင် တိုင်းပြည်သာယာ ဝပြောမယ်။ အုပ်ချုပ်မှုမကောင်းရင် တိုင်းပြည်ဆင်းရဲပြီး မငြိမ်သက်ဖြစ်မှာပေါ့ဗျာ။ စောမည်းလို လူတွေနဲ့ ဆက်လုပ်နေရင်တော့ ရွှေပြည်တော် မျှော်တိုင်းဝေးဖြစ်မှာ အသေအချာပဲဗျ။

နိုင်ငံတော် သမ္မတ ဦးသိန်းစိန်က ကောင်းမွန်တဲ့ အုပ်ချုပ်မှုစနစ် (Good Governance)နဲ့ သန့်ရှင်းသော အစိုးရ (Clean Government) ပေါ်ပေါက်လာဖို့ ပြည်ထောင်စုအစိုးရနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ အသီးသီးရဲ့ လုပ်ငန်းစဉ်များဟာ

- ပွင့်လင်းမှု ရှိရမယ်၊
- တာဝန်ခံမှု ရှိရမယ်၊
- ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ တည်ဆဲ ဥပဒေများနဲ့ ကိုက်ညီမှု ရှိရမယ်၊
- ပြည်သူလူထု ဆန္ဒသဘောထားကို အလေးထားရမယ်၊
- အားလုံး ပါဝင်နိုင်မှု ရှိရမယ်၊
- အစိုးရအဖွဲ့ရဲ့ လုပ်ငန်းများဟာ သွက်လက်ပြီး ထိရောက်မှု ရှိဖို့ လိုအပ်တယ်

လို့ မှာကြားသွားတယ်ဗျ။



သည်အချက်များနဲ့ ပတ်သက်လို့ ကျွန်တော်တို့ကတော့ ‘စောင့်ကြည့်ရုပါဦးမယ်’ လို့ မပြောလိုပါဘူး။ ပွင့်လင်းမှု၊ တာဝန်ခံမှု၊ ပြည်သူ့ဆန္ဒ သဘောထားကို အလေးထားမှု၊ အားလုံး ပါဝင်နိုင်မှု စသည်များ မြန်နိုင်သမျှ မြန်စွာ ရုပ်လုံးပေါ်လာနိုင်စေကြောင်း အလေးအနက် တွန်းအားပေးလိုက်ချင်ပါတယ်ဗျ။ တိုင်းပြည် အခြေအနေဟာ သည်အချက်များကို အရေးတကြီးကို လိုအပ်နေပါပြီဗျာ။

(သန့်ရှင်းတဲ့ အစိုးရအကြောင်း ဆက်ပြောချင်ပါသေးတယ်။)

**ပြည်သူ့ခေတ်ဂျာနယ်။**
*၁၅၊ ဧပြီ ၂၀၁၁။*
*အတွဲ ၁၊ အမှတ် ၄၀။*

○

## နာဂစ်အကြောင်း အကောင်းဆုံး သုံးသပ်ချက် မိုးလေဝသ ဦးထွန်းလွင်ရဲ့ဆောင်းပါး

လွန်ခဲ့တဲ့ သုံးနှစ် ၂၀၀၈ ခုနှစ်၊ မေလ ၂ ရက်မှာ မြစ်ဝကျွန်းပေါ်ဒေသနဲ့ ရန်ကုန်မြို့ကြီးပါ နာဂစ်မုန်တိုင်း စက်ကွင်းမိခဲ့တယ်။ လူပေါင်း တစ်သိန်းလေးသောင်းနီးပါး ၁၃၈,၀၀၀ မရှုမလှ အသက်ဆုံးခဲ့ရတယ်။ 'တွေးမိတိုင်း အရိုးနာသည်' လို့ ပြောချင်လောက်အောင် ကျွန်တော့်စိတ်ထဲတွင်မက အရိုးထဲကပါ နာကျင်ခဲ့ရပါတယ်ဗျာ။ ခုထိလည်း စဉ်းစားလေ ဖြေမဆည်လေပဲဗျ။

နာဂစ် သုံးနှစ်ပြည့် နှစ်ပတ်လည်မှာ ပြန်လည် သုံးသပ်ခြင်းတွေ ပြုလုပ်ဖို့ နောင်ကြဉ်စရာ၊ သင်ခန်းစာ ယူစရာတွေကို ပြောသင့်တာပြောဖို့ ပြည်သူ့ခေတ်ဂျာနယ် ဝိုင်းတော်သားများ လုံးပန်းနေကြချိန်မှာ ဆရာဦးထွန်းလွင် (မိုးလေဝသ)က ပေါ်ပြူလာ နယူးစ်ဂျာနယ် (၂၈၊ ဧပြီ၊ ၂၀၁၁)မှာ 'ပန်းနဲ့ ပေါက်တာလည်း နာတတ်ပါတယ်' ခေါင်းစဉ်နဲ့ ဆောင်းပါးရှည်ကြီး ရေးကာ နာဂစ်ကို ပြန်လည် သုံးသပ်လိုက်တာ ကောင်းလိုက်တာဗျာ။ ကျွန်တော့်မှာ ဆောင်းပါးကို ဖတ်ရင်းဖတ်ရင်း မျက်ရည်များတောင် လည်မိပါတယ်ဗျာ။ ဆရာဦးထွန်းလွင် ဆောင်းပါးကို ကျွန်တော်တို့ မရလိုက်တာ နာလိုက်တာလို့တောင် တွေးမိပါတယ်။



## စာနယ်ဇင်း အများမှာ ပါသင့်ပါတယ်

စကားချပ်အနေနဲ့ ပြောရရင် သည်လို ဆောင်းပါးမျိုးကို exclusive လို့ ခေါ်တဲ့ စာနယ်ဇင်းတစ်စောင်တည်းက သီးခြားရအောင် တောင်းနိုင်တာ မှန်တာဖြစ်ပါတယ်။ သို့သော် အများပြည်သူ အကျိုးဘက်က ကြည့်ရင်တော့ ခုလို ပြည်သူအားလုံး ဖတ်မိသင့်တဲ့ ဆောင်းပါးမျိုးဟာ syndicated ဖြစ်သင့်တယ်ဗျ။ စာနယ်ဇင်း အများကြီးက တစ်ပြိုင်တည်းလိုလို ထည့်သွင်း ဖော်ပြတာကို ဆိုလိုတာပါ။ ဆောင်းပါးရှင်ဟာ ယခုလို သုံးသပ်ချက်မျိုးကို syndicated ဆောင်းပါးအဖြစ် စာနယ်ဇင်းအများကို ပေးသင့်တယ်လို့ တိုက်တွန်းချင်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ပေါ်လစီ ဆောင်းပါးတွေကို စာနယ်ဇင်းတွေက syndicated အဖြစ် ထည့်ပေးနေရတဲ့ အတွေ့အကြုံမျိုးလောက်ပဲ ရှိနေသူတွေကတော့ ဒါမျိုးကို နှစ်သက်ချင်မှ နှစ်သက်မယ်။ ဆောင်းပါးရှင်တစ်ယောက်ရဲ့ ဆောင်းပါးတစ်ပုဒ်တည်းကို စာနယ်ဇင်းနှစ်စောင်မှာ တစ်ပြိုင်တည်း ဖြစ်စေ၊ ရက်ခြားဖြစ်စေ တွေ့လိုက်ရင်ပဲ ဒါဟာ မတော်မတရားလုပ်တာ၊ စာဖတ်သူတွေကို စော်ကားတာလို့တောင် ပြောချင်ကြတယ်ဗျ။ တစ်ခါများ ကျွန်တော့် ဆောင်းပါးတစ်ပုဒ် ပေါ်ပြူလာနယူးစ်မှာပါပြီးတာကို True News သစ္စာဂျာနယ်က သဘောကျလို့ ပြန်ထည့်ချင်ပါတယ် ပြောတော့ ကျွန်တော်က ခွင့်ပြုလိုက်တယ်။ အယ်ဒီတာက ပေါ်ပြူလာနယူးစ် ဘယ်နေ့ ဘယ်ရက်ပါ ဆောင်းပါးကို ပြန်လည် ဖော်ပြပါသည်ဆိုတဲ့ ဝန်ခံချက်စာတိုလေး ထည့်ဖို့ ပျက်ကွက်သွားတယ်။ အဲဒါကို ဂျာနယ်တစ်စောင်က သတင်းလုပ်ရေးပြီး ကျွန်တော့်ကို ဝေဖန်သလိုလို ဂျာနယ်နှစ်စောင်ကို ဝေဖန်သလိုလို ရှိသဲ့သဲ့ လုပ်ခဲ့ပါရောလား။ ကျွန်တော်က ဘာမှ မတုံ့ပြန်ဘဲ အသာ ငြိမ်နေလိုက်ပါတယ်။

တကယ်ကတော့ အခု ကျွန်တော် သာဓကအဖြစ် ပြောနေတဲ့ ဆရာဦးထွန်းလွင်ရဲ့ ဆောင်းပါးမျိုးဟာ ကမ္ဘာ့ပြန့်နိုင်သမျှ ကျယ်ပြန့်စွာ ပျံ့နှံ့သင့်တယ်။ သဘာဝဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေး အလေးထားသူတိုင်း ဖတ်မိသင့်တယ်၊ ဆင့်ပွား ဖြန့်ဖြူး ပေးသင့်တယ်ဗျာ။

## ထမ်းလွဲ အားနည်းနေမယ်ဆိုရင်

ဆရာဦးထွန်းလွင်က 'နာဂစ်ဆိုတာ ဘင်္ဂါလီ ဘာသာစကား။ 'ပန်း'လို့ အဓိပ္ပာယ်ရတယ်။ သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းတွေမှာ ထမ်းလွဲနေမယ်၊ အားနည်းနေမယ်ဆိုရင်ဖြင့် ပန်းနဲ့ ပေါက်တာလည်း နာတတ်တယ် ဆိုတာကို နာဂစ်က အမြဲ သတိပေးနေမှာ ဖြစ်ပါတယ်' လို့ ရေးလိုက်တယ်ဗျ။

အခု နာဂစ် သုံးနှစ် နှစ်လည်ချိန်မှာ ကျွန်တော်တို့ လမ်းလွဲနေတုန်းပဲလား။ အားနည်းနေတုန်းပဲလား ဆန်းစစ်ရမယ်ဗျ။

## ပွဲခင်းထဲ အမြောက်ပစ်သလို

ဆရာဦးထွန်းလွင်ရဲ့ဆောင်းပါးမှာ လွန်ခဲ့တဲ့ သုံးနှစ်က နာဂစ်ဖြစ်ခါနီး ရက်ပိုင်းအတွင်း အခြေအနေ အရပ်ရပ်ကို ရေးထားပုံဟာ ရင်မောစရာကောင်းလှပါတယ်။

ဂွမုန်တိုင်း ၁၉၈၂ နဲ့ ပုသိမ်မုန်တိုင်း ၁၉၇၅ အကြောင်းတွေကို ပြန်ပြောပြပြီး 'အဲဒီကတည်းက ရခဲ့တဲ့ သင်ခန်းစာ၊ မြစ်ဝကျွန်းပေါ်ဆိုတာ အသေအပျောက် အထိအခိုက်မှာတော့ ပွဲခင်းထဲ ခဲပစ်သလိုပါပဲလား'လို့ ဆိုလိုက်ပါတယ်။ ပြီးတော့ နာဂစ်မုန်တိုင်းဟာ ၂-၅-၂၀၀၈ ညနေမှာ ဟိုင်းကြီးကျွန်းကို ဝင်တော့မယ် ဆိုတဲ့ ခန့်မှန်းချက်ကို လက်ခံရလိုက်တဲ့အခါ ဆရာဦးထွန်းလွင် မျက်လုံးပြူးသွားတယ်။ 'ရော ... ပွဲခင်းထဲ အမြောက်ပစ်တော့မှာပါလား'လို့ ရေးလိုက်ပါတယ်။ ဟာသလေး နှောလိုက်ခြင်း ဖြစ်ပေမယ့် ရင်နာနာနဲ့ ပြောလိုက်တဲ့ ဟာသပါဗျာ။

## လူပေါင်း ၁၃၈၀၀၀ ရဲ့ အသက်

အဲဒီနောက်တော့ မုန်တိုင်းသတင်း သတိပေးချက်တွေ ပေးပို့တယ်။ 'ရှိသမျှ သက်ဆိုင်သမျှ တာဝန်ရှိသူတွေကို ဆက်သွယ် သတင်းပေးပို့ခဲ့တယ်။ ရခိုင်နဲ့ ဧရာဝတီက နယ်မြေတာဝန်ခံတွေကို ဆက်သွယ် သတင်းပေးပို့ခဲ့တယ်။ နောက်ပြီး... နောက်ပြီး....။

အဲ နောက်ပြီးတော့ စိတ်မချနိုင်တဲ့အတွက် မြန်မာ့အလင်းသတင်းစာက မိတ်ဆွေသတင်းထောက်ကို လှမ်းခေါ်ပြီး နာဂစ်အတွက် ကြိုတင် ကာကွယ်ရေးတွေ လုပ်ကြဖို့ သတင်းစာ အင်တာဗျူးလုပ်ခဲ့တယ်။ ကျွန်တော့်တစ်သက်တာမှာ ဒါဟာ ပထမဆုံး သတင်းထောက်ကိုခေါ်ပြီး ကိုယ့်အင်တာဗျူးကို ကိုယ်လုပ်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီနေ့က ၁-၅-၂၀၀၈ နံနက် ၁၁ နာရီအချိန်။ နာဂစ်မုန်တိုင်း ကမ်းနဲ့ မိုင် ၄၅၀ အကွာတွင် ရှိနေစဉ်။ နာဂစ်မုန်တိုင်း ကမ်းကိုမဖြတ်မီ ၃၆ နာရီအလို။

ဒါပေမဲ့ပေါ့လေ။ လူပေါင်း ၁၃၈,၀၀၀ ရဲ့ အသက်ကို ကျွန်တော်တို့ မကာကွယ်နိုင်ခဲ့ပါဘူး....'လို့ ဆရာဦးထွန်းလွင်က ဝမ်းနည်းပက်လက် ရေးလိုက်တာကို ဖတ်ပြီး ကျွန်တော် ငိုင်ကျသွားပါတယ်။ ပြေးစရာ မြေမရှိဘဲ မုန်တိုင်း ဒီရေတွေ ကြားထဲမှာ နိုကိုးရာမဲ့ မရှုမလှ သေကျေပျက်စီးခဲ့ကြရှာသူတွေကို မြင်ယောင်လိုက်ပါတယ်။



## ဒီရေတောများ ပြုန်းတီးမှု

ဆရာဦးထွန်းလွင်က ဤအဖြစ်ဆိုးကြီးနဲ့ ပတ်သက်လို့ အချက် ၁၀ ချက် ဖော်ပြပြီး ဆက်လက် သုံးသပ်ပါတယ်။ အလွန် မှတ်သားဖွယ်ကောင်းပါတယ်။ အရေးကြီးဆုံး အချက်အဖြစ် ကမ်းခြေတစ်လျှောက် ပင်လယ်ဒီရေတောများ ပြုန်းတီးကုန်တာကို ထောက်ပြပါတယ်။

'ဂျပန်နိုင်ငံမှာ ဒီရေတောများရဲ့ ရေလှိုင်းဘေးဒဏ် ကာကွယ်နိုင်မှုကို စမ်းသပ်မှု ပြုလုပ်ကြည့်တဲ့အခါ အလျားမီတာ ၁၀၀၀ နဲ့ အနံမီတာ ၃၀၀ ရှိတဲ့ ဒီရေတောတစ်ခုဟာ ပင်လယ်မှ တက်လာတဲ့ ဒီရေလှိုင်းတစ်ခုကို လှိုင်းအမြင့် ထက်ဝက်လျော့သွားအောင် လျှော့ချပေးနိုင်တဲ့အပြင် ဝင်လာတဲ့ လှိုင်းရဲ့ စွမ်းအင်ကို ၈၀ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်တာကို တွေ့ကြရပါတယ်'လို့ မှတ်သားဖွယ်ရာ သတိပေးထားပါတယ်။

ဆရာဦးထွန်းလွင်ရဲ့ 'ပန်းနဲ့ ပေါက်တာလည်း နာတတ်ပါတယ်' ဆောင်းပါးကို ခံစားချက်နဲ့ ဖတ်မိပြီး ပြည်သူ့ခေတ် ပရိသတ်များထံ ဝေမျှ ဖောက်သည်ချလိုက်ပါ တယ်။

**ပြည်သူ့ခေတ်ဂျာနယ်။**

*၂၇၊ ဧပြီ၊ ၂၀၁၁။*

*အတွဲ ၁၊ အမှတ် ၄၁။*

# သန့်ရှင်းသော အစိုးရ ပေါ်ပေါက်ရေး

လတ်တလောအချိန်မှာ ကျွန်တော်တို့ တိုင်းပြည်အတွက် အရေးကြီးဆုံးဟာ ဘာလဲလို့ မေးရင် (နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ရဲ့ မိန့်ခွန်းများကို လေ့လာပြီး ပြောရရင်ဖြင့်) ကောင်းမွန် သန့်ရှင်းသော အစိုးရ ပေါ်ပေါက်ရေးပဲ ဖြစ်တယ်လို့ ကျွန်တော် ပြောဝံ့ပါတယ်ခင်ဗျ။

ကောင်းတဲ့ အုပ်ချုပ်ရေး (good governance) ဆိုတာက အစိုးရလုပ်ငန်းများ ဆောင်ရွက်နေသူတွေရဲ့ အရည်အချင်း အရည်အသွေးပိုင်းနဲ့ သက်ဆိုင်ပါတယ်။ သန့်ရှင်းတဲ့ အစိုးရ (clean government) ဆိုတာက အကျင့်စာရိတ္တ လိုက်စားမှု ကင်းစင်ခြင်း။ တစ်နည်းအားဖြင့် ကိုယ်ကျင့်တရားနဲ့ သက်ဆိုင်ပါတယ်။

အကျင့်ပျက်ခြစားမှု လုံးဝ ကင်းစင်သူများ ဖြစ်ပေမယ့် လုပ်ငန်းဆိုင်ရာ အရည်အချင်း ပြည့်ဝသူများ မဟုတ်ပြန်ရင်လည်း တိုင်းပြည် မတိုးတက်နိုင်ဘူးဗျ။ ကျွန်တော် ယခင်တစ်ပတ်က ရေးခဲ့တဲ့ စောမည်းလို လူတွေနဲ့ ဆက်လုပ်နေလို့ကတော့ ရွှေပြည်တော် မျှော်တိုင်းဝေးပဲ ဖြစ်မှာပေါ့ဗျာ။

လုပ်ငန်းဆိုင်ရာ အရည်အချင်း အလွန်ပြည့်ဝ ကျွမ်းကျင်သူများ ဖြစ်သော်လည်း အကျင့်မကောင်းသူများ ဖြစ်နေပြန်ရင်လည်း တိုင်းပြည်ကြီး ပိုပြီး နစ်နာရမှာ အသေအချာပဲဗျ။

သန့်ရှင်းတဲ့ အစိုးရ အင်္ဂါရပ်ထဲမှာ အဆင့်ဆင့်သော တာဝန်ရှိသူအားလုံး အကျင့်ပျက်ခြစားမှု ကင်းစင်ရေးဟာ ပဓာနအကျဆုံး ဖြစ်ပါတယ်။

'ခေါင်ကစပြီး မိုးမလုံရင် တစ်အိမ်လုံး စိုရွှဲနေမည်' ဆိုတဲ့ မြန်မာဆိုရိုးစကား ရှိပါတယ်။ အဓိပ္ပာယ်က ရှင်းနေတာပါ။ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးကို တိုင်းပြည် လွတ်လပ်ရေးရပြီးခါစ ခေတ်ကစလို့ အစိုးရခေါင်းဆောင်တွေ ကြိုးစားခဲ့ကြတာပါပဲ။ သခင်နု (ဦးနု) ဝန်ကြီးချုပ်ဖြစ်ခဲ့စဉ်က စသုံးလုံးအဖွဲ့ (အထူး စုံစမ်း စစ်ဆေးရေးအဖွဲ့) ဆိုတာကို ဥပဒေပြဋ္ဌာန်းပြီး ဖွဲ့စည်းခဲ့ဖူးတယ်။ အဲဒီတုန်းက ဦးနု မိန့်ခွန်းတစ်ခုမှာ



အစိုးရဝန်ထမ်းတွေ လာဘ်စားနေကြပုံကို 'ခြတောထဲ ထင်းရှူး သေတ္တာကြီး ချပေးလိုက်သလို' လို့ ပုံခိုင်းပြောသွားတာ အမှတ်ရမိပါသေးတယ်။ ဆိုလိုတာက သူတို့ ခေတ်က လမ်းဖောက်လုပ်ရေးလို ဆောက်လုပ်ရေး စီမံကိန်းတစ်ခု ချပေးလိုက်တာနဲ့ ခြတောထဲ ထင်းရှူးသေတ္တာကြီး ချပေးလိုက်သလို ခဏလေးနဲ့ ကြွက်ပျောက် ငှက်ပျောက် ပျောက်သွားအောင် ဝိုင်းသမပစ်လိုက်ကြတာပဲလို့ ပြောချင်တာပါ။

အကျင့်ပျက်ခြစားမှုကို စသုံးလုံးလို အဖွဲ့များက ဖော်ထုတ် တိုက်ဖျက်သလို စတုတ္ထမဏ္ဍိုင်ရယ်လို့ တင်စားခြင်းခံရတဲ့ မီဒီယာများကလည်း ဖော်ထုတ်နိုင်ပါတယ်။ မီဒီယာများရဲ့ ဖော်ထုတ်မှုကြောင့် နိုင်ငံခြားမှာ အစိုးရအဖွဲ့ ပြုတ်ကျသွားတဲ့ သာဓကတွေတောင် ရှိခဲ့ပါတယ်။

လွန်ခဲ့တဲ့ နှစ်တစ်ရာကျော်က မင်းတုန်းမင်းကြီးလက်ထက် ယောမင်းကြီး ဦးဘိုးလှိုင်ရဲ့ ဖြစ်ရပ်နှစ်ခုနဲ့ သာဓကပြလိုက်ပါတယ်။

ယောမင်းကြီးလို့ ထင်ရှားတဲ့ ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင်ဟာ သာယာဝတီ မင်းလက်ထက်က နန်းရင်ပြင်မှာ ရှင်ဘုရင် ကိုယ်တိုင်က လှံနဲ့ ထိုးသတ်ခံခဲ့ရတဲ့ ယင်းတောဝန်ကြီးရဲ့သား ဖြစ်ပါတယ်။ မင်းမျက်သင့်ခံရပြီး လှံနဲ့ ထိုးသတ်ခံရသူ ရဲ့သား ဖြစ်လို့များ နောင်ကြည်လိမ့်မယ် မထင်ပါနှင့်။ မင်းတုန်းမင်းကြီးလက်ထက်မှာ ယောမင်းကြီးကို ဘုရင်က အတွင်းရေး ကိစ္စတစ်ခု တိုင်ပင်တဲ့အခါ ဦးဘိုးလှိုင်က ဘယ်လို လျှောက်တင်သလဲဆိုတော့ 'အစ်မ နှမ၊ သမီးကလျှင်၊ စ၍ ဆက်နှင်း။ လက်ဆောင်သွင်း၍၊ စိုးမင်းချစ်မြတ်၊ ထိုအမတ်သည်၊ အတတ်မရှိ၊ သတ္တိကင်းကွာ။ ဘုန်းကြီးလှာမူ၊ ပြည်ရွာပျက်ကြောင်း တစ်ပါးတည်း...'

သည်အခါ မင်းတုန်းမင်းကြီး ဒေါသအမျက် ချောင်းချောင်း ထွက်တော့တာပါပဲ။ အစ်မ နှမ သမီး စသဖြင့် ဆက်နှင်းပေးကမ်းပြီး အခွင့်ထူးခံ ဖြစ်လာသူတွေ ဘုန်းတန်ခိုး ကြီးလာရင် တိုင်းပြည်ပျက်မှာပဲလို့ တည့်တည့်ကြီး ပြောချလိုက်တာကိုးဗျာ။

မော်ဘီ ဆရာသိန်းကြီးရဲ့ 'ပညာရှိကြီးများအကြောင်း' စာအုပ် (ပညာအလင်းပြ) မှာ ဆက်လက် ဖော်ပြထားပုံက

'ထိုအခါ မင်းကြီးက ငလှိုင် ... သည်လှံကိုကြည့်စမ်း။ ဘယ်သူကိုင်တဲ့ လှံတုံး ဟု မေး၏။ ဦးဘိုးလှိုင်က အရှင့် ခမည်းတော် ကိုင်သောလှံ ဖြစ်ကြောင်း လျှောက်၏။ ဒီလှံနဲ့ ဘယ်သူ့ကို စီရင်ခဲ့သလဲဟု အမေးရှိပြန်ရာ ကျွန်တော်မျိုး၏ ကျေးဇူးရှင်အဖကို စီရင်ပါကြောင်း လျှောက်တင်၏။ မင်းကြီး က သည်လှံနဲ့ မောင်မင်း စီရင်ခြင်းခံလိုသလားဟု ထပ်မေးပြန်ရာ ဦးဘိုးလှိုင်က ရင်ကို မားမားကော့၍ ထိုးတော်မူပါ ဘုရားဟု မတွန့်မလှုပ် လျှောက်၏။ ထို့ကြောင့် နောက်တစ်နေ့တွင် အကျယ်ချုပ်ဖြင့် ရာထူးနုတ်ပယ် ခံရပြန်လေသည်။

'လုံနှင့် ထိုးသတ်၍ သေရခြင်းက မြတ်၏။ နေရာတိုင်း မင်းလိုလိုက်၍ စီမံသော် နိုင်ငံတော် ပျက်စီးယိုယွင်းခြင်း ဖြစ်ရလေသည်ဟု ဤနာမည်မျိုး ကျန်ရစ်လျှင် သေကိုးမနပ် ဖြစ်မည်၊ ထိုမကောင်းသော အပုပ်နံ့သည် တထောင်းထောင်းနှင့် လူအပေါင်းတို့ နှာခေါင်းရှုံ့ကြမည်ကို ကြောက်စရာ ကောင်းလှသည်။ မှူးမတ် ဆိုသည့်အတိုင်း တည့်တည့်မတ်မတ်ဖြစ်အောင် စီမံခန့်ခွဲလျက် လျှောက်တင်ခွင့်ရှိက အသက်ကို စွန့်၍ ရဲရဲဝံ့ဝံ့ လျှောက်တင်ကြရမည်၊ သို့မှ မှူးမတ်နှင့် တူသည်... ဟူ၍ ဦးဘိုးလှိုင်က ကျန်ဝန်ကြီးများကို ပြောပြလေသည်။'

အဲသည်နောက် နှစ်နှစ်လောက်ကြာတော့ ပြင်သစ်နဲ့ ကင်းဝန်မင်းကြီး ချုပ်ဆိုခဲ့တဲ့ ကျောက်တွင်းအရောင်းအဝယ် စာချုပ်ကို ဖျက်သိမ်းလိုတဲ့အခါ မင်းတုန်းမင်းဟာ အကျယ်ချုပ် ခံနေရတဲ့ ယောမင်းကြီးဟောင်းကို ပြန်ခေါ် အကူအညီ တောင်းရတာပါပဲ။

ရာထူးပြန်ရတဲ့အခါ ဦးဘိုးလှိုင်ဟာ သူ့မှာ အနှစ်နှစ် အလလက ဖြစ်တည်နေခဲ့တဲ့ မြင်းမြတဲ့ အာသီသကို အကောင်အထည်ဖော်ဖို့ ကြိုးစားပါတယ်၊ အဲဒါကတော့ သက်ဦးဆံပိုင် ဘုရင် အုပ်ချုပ်ရေးစနစ်ကနေ ဥပဒေနဲ့အညီ အုပ်ချုပ်တဲ့ ဘုရင်စနစ်သို့ ပြောင်းလဲဖို့ပါပဲ။

ဦးဘိုးလှိုင်ပြုစုတဲ့ ရာဇဓမ္မသင်္ဂဟကျမ်းဟာ မင်းတုန်းမင်းကြီးလက်ထက်မှာ ဆက်သနိုင်ခဲ့ရင် သမိုင်း တစ်မျိုးတစ်ဖုံ ပြောင်းလဲခဲ့စရာ ရှိပါတယ်။ သို့ပေမယ့် သီပေါမင်းလက်ထက် ရောက်မှ ဘုရင်ကို ဆက်သနိုင်ခဲ့လို့ ဦးဘိုးလှိုင်ခမျာရော တိုင်းပြည်ခမျာပါ ကံဆိုးခဲ့ရပါတယ်ဗျာ။ ယောမင်းကြီးက သူ့ကျမ်းမှာ ဘုရင်နဲ့ မိဖုရားရဲ့ ဘဏ္ဍာရေး သုံးစွဲခွင့်ကို ဥပဒေနဲ့အညီ ပြဋ္ဌာန်းဖို့၊ ငွေတိုက်စနစ် ဘဏ်စနစ်ကျင့်သုံးဖို့ တင်ပြခဲ့တာကို လွန်စွာ အမျက်တော်ရှခံရတာကိုး။ ဦးဘိုးလှိုင်ဟာ အပြီးတိုင် ရာထူးမှ ထုတ်ပယ်ခံလိုက်ရပါတော့တယ်။

ကျွန်တော်တို့ရဲ့ ခေတ်မှာ ရာဇဓမ္မ သင်္ဂဟကျမ်းကို ဆရာမောင်ထင်က တည်းဖြတ် နိဒါန်းရေးပြီး ထုတ်ဝေပါတယ်။ ထိုကျမ်းကို သေချာဖတ်လေ ယောမင်းကြီးရဲ့ ကျေးဇူး တရား ကြီးမားမှု ပို၍ ထင်ရှားပေါ်လွင်လေ ဖြစ်ပါတယ်။ ဆရာမောင်ထင်ရဲ့ နိဒါန်းထဲက စာပိုဒ်လေးတစ်ပိုဒ်ကို ကျွန်တော် အလွတ်ရနေပါတယ်။

'အာဏာရှိသူတို့အား ပညာရှိသူတို့က ဆုံးမရခြင်းသည် ဒုက္ခတစ်ခု ဖြစ်သည်။ ဦးဘိုးလှိုင်၏ ဘဝဖြစ်စဉ်သည် ထိုဒုက္ခတို့ကို ခံလိုက်ရသော ဘဝဖြစ်စဉ် ဖြစ်ပေသည်' လို့ ဆရာမောင်ထင်က ရေးခဲ့ကြောင်းပါဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်။**

*၅၊ မေ၊ ၂၀၁၁။*

*အတွဲ ၁၊ အမှတ် ၄၂။*

○

# စင်ကာပူအတွက် မြန်မာ့သင်ခန်းစာ

ပြီးခဲ့တဲ့ စနေနေ့က စင်ကာပူနိုင်ငံ ရွေးကောက်ပွဲ ရလဒ်သတင်းတွေ ဖတ်မိတဲ့အခါ အဖြစ်သည်းလိုက်တာဆိုပြီး ပထမတော့ ကျွန်တော် နည်းနည်းတောင် အမြင်ကတ် သွားမိတယ်ဗျ။

ဘယ့်နှယ်ဗျာ၊ အမတ်နေရာ ၈၇ နေရာ ရွေးတယ်။ လက်ရှိအာဏာရ ပြည်သူ့ လှုပ်ရှားမှုပါတီ (People's Action Party - PAP)က ၈၁ နေရာနိုင်တယ်။ အတိုက်အခံ အလုပ်သမားပါတီက ၆ နေရာ နိုင်တယ်။ အဲဒါကို ပီအေပီက မခံမရပ်နိုင် ဖြစ်နေသတဲ့ဗျာ။ ပြီးခဲ့တဲ့ ရွေးကောက်ပွဲတုန်းက အတိုက်အခံက အမတ်နေရာ ၂ နေရာပဲ ရခဲ့ရာက အခု သုံးဆတိုးပြီး ၆ နေရာကြီးရသွားလို့ သူတို့မှာ စပ်ပူစပ်လောင် ဖြစ်နေတာတဲ့ဗျ။ ဖြစ်ရလေဗျာ။

စင်ကာပူ ရွေးကောက်ပွဲရဲ့ အစိုးရပါတီနဲ့ အတိုက်အခံ ပါတီတို့ရဲ့ မဲရာခိုင်နှုန်းကို ကြည့်လိုက်တော့မှ ပီအေပီ ခေါင်းဆောင်တွေ ဘာကြောင့် မျက်ကလဲဆန်ပြာ ဖြစ်ကုန်သလဲဆိုတာ နားလည်တော့တယ်ဗျ။ အစိုးရပါတီက ဆန္ဒမဲ ၆၀ ရာခိုင်နှုန်းရပြီး အတိုက်အခံတွေ စုစုပေါင်းရမဲက ၄၀ ရာခိုင်နှုန်းဆိုတော့ အမတ်အရေအတွက်မှာ အပြတ်အသတ် နိုင်သော်လည်း လူထုထောက်ခံမှု ရာခိုင်နှုန်းကိုကြည့်ရင် အတိုက် အခံတွေကို ထောက်ခံတဲ့ ရာခိုင်နှုန်း အများကြီး တက်လာတာ အထင်အရှား ဖြစ်နေတာကိုး။ (စင်ကာပူမှာ အတိုက်အခံပါတီပေါင်း ၆ ပါတီ ရှိတယ်။ အလုပ်သမား ပါတီက အားအကောင်းဆုံး ဖြစ်ပါတယ်။)

၁၉၆၅ ခုနှစ်ကစပြီး အာဏာရလာတဲ့ ပီအေပီဟာ ခုတစ်ကြိမ်မှာ ပထမဆုံး ထောက်ခံမဲ ရာခိုင်နှုန်း အနည်းဆုံးရခြင်း ဖြစ်တယ်လို့ ဆိုတယ်ဗျ။ ဝန်ကြီးချုပ် လီရှောင်လွန်းကတော့ သူတို့ ပါတီအနေနဲ့ အခြေအနေကို ပြန်လည် သုံးသပ်ရမယ်လို့ ပြောသတဲ့။ သူ့ဖခင် ဝါရင့်ဝန်ကြီး လီကွမ်းယူ ၈၇ နှစ်လည်း ရွေးကောက်ပွဲဝင်သေးတယ်။

သူ့ကိုတော့ ယှဉ်ပြိုင်သူမရှိပါဘူးတဲ့။ သူ့မဲဆန္ဒနယ် တစ်ခုတည်း ပြိုင်ဘက်မရှိခဲ့တာ ဖြစ်ပါတယ်။

ပီအေပီဟာ ၁၉၆၅ ကနေ ၁၉၈၁ အထိ တစ်ကောင်တည်း ပြေးတဲ့ မြင်းလို အသာစီးရနေခဲ့တယ်။ ၁၉၈၁ အထိ အတိုက်အခံ အမတ်တစ်ယောက်မှ လွှတ်တော်ထဲ မရောက်ခဲ့ဘူး။ အတိုက်အခံ အများဆုံး လွှတ်တော်ထဲရောက်ဖူးတာ ၄ ယောက် အထိပဲ ရှိခဲ့ဖူးတယ်။

၂၀၀၆ မှာ ပီအေပီဟာ ဆန္ဒမဲ ၆၇ ရာခိုင်နှုန်း။ ၂၀၀၁ မှာ ဆန္ဒမဲ ၇၅ ရာခိုင်နှုန်း ရခဲ့တယ်။ အခုလို ၆၀ ရာခိုင်နှုန်းလောက်ပဲ ရခဲ့တာ တစ်ကြိမ်မှ မရှိခဲ့ဘူးတဲ့ဗျာ။

သြစတြေးလျနိုင်ငံ ပါ့သ်မြို့ မားဒေါ့ တက္ကသိုလ်က စင်ကာပူရေးရာ ကျွမ်းကျင်သူ ဂယ်ရီရိုဒန်ကတော့ စင်ကာပူမဲဆန္ဒရှင်တွေဟာ စစ်ဆေး ထိန်းညှိခြင်းများနဲ့ နိုင်ငံရေး ယှဉ်ပြိုင်မှု(checks and balances and political competition) ပိုမို ပွင့်လင်းရေးကို လိုလားကြောင်း ပြသလိုက်တာပါပဲလို့ မှတ်ချက်ပေးလိုက်တယ်ဗျ။

## မြန်မာနိုင်ငံက အတိုက်အခံ တပ်ပေါင်းစု

စင်ကာပူ ရွေးကောက်ပွဲ သတင်းကိုဖတ်ပြီး မြန်မာနိုင်ငံမှာလည်း ပါလီမန် ဒီမိုကရေစီ ခေတ်က အတိုက်အခံ ပမညတအဖွဲ့ကြီး လူထုထောက်ခံမဲ ရာခိုင်နှုန်း တိုးပြီးရခဲ့ချိန်မှာ နိုင်ငံရေး အလှည့်အပြောင်းတွေ ဖြစ်ခဲ့ပုံကို သတိရမိတယ်ဗျာ။

လွတ်လပ်ရေးရပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ကျင်းပချိန်မှာ အားကောင်းတဲ့ အတိုက်အခံ ပါတီရယ်လို့ မရှိခဲ့ဘူး။ ရွေးကောက်ပွဲဝင်တဲ့ ပါတီတွေကလည်း အာဏာရ ဖဆပလအဖွဲ့ကြီးရဲ့ အရှိန်အဝါကို အနားတောင် မကပ်နိုင်ခဲ့ကြဘူး။

သို့ပေမယ့် ၂၇ ဧပြီ ၁၉၅၆ မှာ ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲမှာတော့ ပမညတဆိုတာ ပေါ်လာတယ်။ လေးနှစ်ကျော်မျှ အတိုက်အခံ နိုင်ငံရေး အတွေ့အကြုံရရှိပြီးဖြစ်တဲ့ အင်အားစုတွေဟာ သည်တစ်ပွဲမှာတော့ ပမညတကို အောင်မြင်စွာ တည်ထောင်နိုင်ခဲ့ကြတယ်။ အမည် အပြည့်အစုံက ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေး တပ်ပေါင်းစု ဖြစ်ပါတယ်။ ပါဝင်တဲ့အဖွဲ့တွေက ပြည်သူ့ဒီမိုကရေစီပါတီ(တို့ဗမာအစည်းအရုံး)၊ ဦးသိန်းဖေမြင့်ရဲ့ပြည်သူ့ညီညွတ်ရေး ပါတီ၊ ပြည်သူ့ငြိမ်းချမ်းရေးအဖွဲ့ပေါင်းစု၊ ဗမာပြည် အလုပ်သမား လယ်သမားပါတီ (ဆိုရှယ်နီ)၊ ဗမာပြည် အလုပ်သမား အစည်းအရုံးများ အဖွဲ့ချုပ် (ဘီတီယူစီ)၊ တောင်သူ လယ်သမား ညီညွတ်ရေး အစည်းအရုံး(တလညစ)၊ ပြည်သူ့လူငယ်အဖွဲ့ချုပ်၊ ဒေါက်တာဧမောင်ရဲ့ တရားမျှတမှုပါတီ၊ မွန်တိုင်းရင်းသား အစည်းအရုံး၊ ကရင် အမျိုးသားခေါင်းဆောင် မန်းထွန်းရင် အစရှိတဲ့ တစ်သီး ပုဂ္ဂလများ၊ နိုင်ငံရေးပါတီများ



...ထုလူတန်းစား အဖွဲ့အစည်းများ၊ လူမျိုးစု အဖွဲ့အစည်းများနဲ့ ဖွဲ့စည်းခဲ့တာ ဖြစ်ပါတယ်။ နောက်ပိုင်းမှာ မြေပြန့် ချင်းအမျိုးသား အစည်းအရုံးနဲ့ (အလံနီ ကိုယ်စားပြု) လူငယ် ...ပ်ဦးအဖွဲ့၊ အစဉ်အလာရှိတဲ့ အမှုထမ်းသမဂ္ဂ ဥက္ကဋ္ဌဟောင်း ဦးထွန်းအောင်ကျော်တို့ ...ပေါင်း ပါဝင်လာကြတယ်။

## အာဏာတည်မြဲရေး ရှေ့တန်းတင်လျှင်

အဲသည် ကာလမှာ ဖဆပလအချို့ရဲ့ မသမာမှုတွေဟာ ပြည်သူကြားမှာ အလွန် ...နည်းပျက်ခဲ့တယ်။ ပမညတက ပြည်တွင်း စစ်ရပ်စဲရေး ကြွေးကြော်သံနဲ့ ရွေးကောက်ပွဲ ...ဝင်ခဲ့လို့ ငြိမ်းချမ်းရေးသမားများအဖြစ် ပြည်သူ့အမြင်မှာ ဘဝင်ကျစရာဖြစ်ခဲ့တယ်။ ...ဆပလက အနှစ်လေးဆယ် အာဏာတည်မြဲရမည်လို့ ကြွေးကြော် စည်းရုံးခဲ့တယ်။ အာဏာတည်မြဲရေးကို ရှေ့တန်းတင်ထားတဲ့ ဖဆပလကို ပြည်သူများက သံသယတွေ ...လာပုံရပါတယ်။ ရွေးကောက်ပွဲရလဒ် ကြေညာတဲ့အခါ ဖဆပလက အမတ်နေရာ ...၄၄ နေရာနဲ့ နိုင်တယ်။ ပမညတက ၄၆ နေရာ ရရှိခဲ့တယ်။ အမတ်နေရာအနိုင်ရရှိမှု ...ပြတ်အသတ် ကွာပေမယ့် ရရှိတဲ့ မဲအရေအတွက်မှာ ဖဆပလက တစ်သန်း ၇ ...သိန်းကျော် (၁၇၄၃၈၈၆)ရပြီး ပမညတက တစ်သန်း တစ်သိန်းကျော် (၁၁၃၉၂၈၆)ရခဲ့လို့ ...ဆပလ ရှေ့ရေးအတွက် စိုးရိမ်စရာ ဖြစ်ခဲ့ရတယ်။ တခြား အတိုက်အခံများရတဲ့ ...တွေကိုပါ ပေါင်းရင် ပမညတနဲ့ အတိုက်အခံတွေ စုပေါင်းရရှိ မဲအရေအတွက်ဟာ ...စ်သန်း ၅သိန်းကျော် (၁၅၃၀၆၃၀) ဖြစ်ပါတယ်။

## သုံးသပ် လက်ခံပုံချင်း မတူ

အတိုက်အခံ ပမညတ အင်အားကြီးမားလာခြင်းအပေါ် သုံးသပ် လက်ခံပုံချင်း ...တွေကွဲပြားခြင်းဟာ ဖဆပလ ခေါင်းဆောင်တွေ သဘောကွဲလွဲရခြင်းရဲ့ အကြောင်း ...ရာတွေထဲမှာ အရေးကြီးတဲ့ အချက်တစ်ခု ဖြစ်ခဲ့ပါတယ်။

ဦးကျော်ငြိမ်း၊ ဦးဗဆွေတို့က ပမညတ အင်အားကြီးလာတာဟာ ကွန်မြူနစ် ...သူ့နဲ့တွေက လက်နက်နဲ့ ခြိမ်းခြောက် မဲပေးခိုင်းလို့ပဲ ဖြစ်တယ်လို့ ကောက်ချက်ချတယ်။ ဦးနုကတော့ ဖဆပလအဖွဲ့တွင်း အာဏာအလွဲသုံးစားလုပ်ခြင်း၊ ခြစားခြင်း၊ လူထုအပေါ် ...ခင်းပုံဖြတ်ခြင်းတို့ကြောင့် ဖြစ်တယ်လို့မြင်တယ်။ ဒါကြောင့် သန့်ရှင်းရေး လုပ်ရမယ်လို့ ဆိုပါတယ်။

အဲသည်နောက်တော့ ဖဆပလကြီးဟာ ၁၉၅၈ ခုမှာ နှစ်ခြမ်းကွဲသည်အထိ ...ခဲ့ရပါတော့တယ်။ ဖဆပလ နှစ်ခြမ်း ကွဲချိန်မှာ အတိုက်အခံ ပမညတက ဦးနုဘက်က ထောက်ခံ လိုက်ပါတယ်။ ပမညတ ထောက်ခံမဲများကြောင့် ဦးနု အနိုင်ရသော်လည်း

၃ လ ၁၇ ရက်သာခံတဲ့ အစိုးရဘဝကို ရောက်ခဲ့ရပြီး စစ်ဗိုလ်ချုပ်ကြီးလက်ထဲ အာဏာသက်ဆင်းသွားကာ မြန်မာပြည် နိုင်ငံရေးဟာလည်း ကြီးမားပြင်းထန်လှတဲ့ ဝဲဩဃကြီးထဲ ကျရောက်ခဲ့ရပါတယ်ဗျာ။

## စင်ကာပူကို သင်ခန်းစာပေးရမယ်

စင်ကာပူက စပ်ပူစပ်လောင် ဖြစ်နေတဲ့ အာဏာရ ပီအေပီဟာ ဖဆပလအဖွဲ့ကြီးရဲ့ ကြမ္မာငင်ပုံကို သင်ခန်းစာယူနိုင်မယ် ထင်တယ်။ စင်ကာပူက အတိုက်အခံ ၆ ပါတီဟာလည်း အားကောင်းတဲ့ ပမညတကြီးရဲ့ အတွေ့အကြုံတွေကို နမူနာယူနိုင်မယ် ထင်တယ်ဗျ။ စင်ကာပူနိုင်ငံရေးက ၁၉၆၅ ကျမှ စခဲ့တာပါ။ ကျွန်တော်တို့က အဲဒီအချိန်မှာ အံတောင်တိုနေပြီ မဟုတ်လားဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်။**<br>
*၁၀၊ မေ၊ ၂၀၁၁။*<br>
*အတွဲ ၁၊ အမှတ် ၄၃။*

○

# စမ်းတမိတဲ့ ရွေးကောက်ပွဲတစ်ခု

ရပ်ကွက်နဲ့ ကျေးရွာ အုပ်ချုပ်ရေးမှူးတွေ ခန့်အပ်တာနဲ့ ပတ်သက်လို့ ကျေလည်တဲ့ နေရာတွေ ရှိသလို မကျေလည်တဲ့ နေရာတွေလည်း အများကြီး ရှိနေတယ်လို့ သိရတယ်ဗျ။ အောက်ခြေ ပြည်သူလူထု အများစု အလွန်စိတ်ဝင်စားတဲ့ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးရာထူး ခန့်ထားမှုအကြောင်း ကျွန်တော်လည်း စိတ်ဝင်စားတယ်ဗျာ။

မြို့တွေမှာတော့ ရပ်ကွက်လို့ခေါ်ပြီး နယ်တွေမှာတော့ ကျေးရွာအုပ်စုတွေအဖြစ် ဖွဲ့စည်းထားတာ ကြာပါပြီ။ ဗြိတိသျှကိုလိုနီဘဝမှာ သူကြီးဆိုပြီး ရပ်ကွက်/ကျေးရွာများရဲ့ အုပ်ချုပ်ရေးကို တာဝန်ပေးတယ်။ ဗြိတိသျှ အင်ပါယာကြီးဟာ ဘယ်လောက် နှစ်ကျသလဲဆိုရင် ကိုလိုနီတိုင်းပြည်တွေက 'ကျေးတော်မျိုး ကျွန်တော်မျိုး'တို့ဆီက အခွန်အတုတ်ကို ရွာသူကြီးတွေက ကောက်ခံပြီး အဆင့်ဆင့် လက်ဆင့်ကမ်း 'ဆက်သ' သွားလိုက်တာ နောက်ဆုံး လန်ဒန်မြို့တော်က ဂျော့ဘုရင်အထိတိုင်အောင် အကြားအလပ်မရှိ အကွက်ကို စေ့နေတာပါပဲတဲ့။

ပြောချင်တာကတော့ သူကြီးရာထူးဟာ အောက်ခြေ ပြည်သူလူထုနဲ့ တိုက်ရိုက် ထိတွေ့နေပြီး အင်မတန်မှ အရေးကြီးတယ် ဆိုတာပါပဲ။ ရှေးခေတ် တောရွာတွေမှာဆိုရင် သူကြီးကို ဘုရားထူးရတယ်။ သူကြီးဆိုတာ ကျေးလက် ပြည်သူတွေရဲ့ အသိဉာဏ်ထဲမှာ အစိုးရမင်းပဲဗျ။ ဘယ်လောက် 'မင်း'ဆန်သလဲ ဆိုရင် သူကြီးရာထူးကို သားစဉ်မြေးဆက် ဆက်ခံခွင့်ပေးခဲ့တယ်ဗျာ။

ဗြိတိသျှ လက်အောက်ခံဘဝမှာပဲ အုပ်ချုပ်ရေးစနစ်တွေ တိုးမြှင့်ပေးလာတာနဲ့အမျှ သူကြီးကို ရွာလူထုဆန္ဒမဲနဲ့ ရွေးကောက် တင်မြှောက်ပွဲတွေ ပေါ်ပေါက်ခဲ့သေးတယ်။

လွတ်လပ်ရေးခေတ်ကျတော့ ဒီမိုကရေစီ ဒေသန္တရ အုပ်ချုပ်ရေးစနစ် အကောင်အထည် ဖော်ပြီး သူကြီးရွေးကောက်ပွဲတွေ ပြုလုပ်ခဲ့တာ ကျွန်တော့် ကိုယ်တွေ့ပါပဲ။

အခု ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူး ရာထူးခန့်ထားမှုတွေနဲ့ ဆက်စပ်လို့ လွန်ခဲ့တဲ့ နှစ် ၅၀ ကျော်က ကျွန်တော်တို့ ရွာက သူကြီးရွေးပွဲ အကြောင်းကို ပြန်ပြောင်း သတိရမိတယ်။

ပြောရမယ်ဆိုရင် ကျွန်တော်ငယ်ငယ်က ကြီးလာရင် မန်နေဂျာကြီး လုပ်မယ်၊ ဆရာဝန်ကြီးလုပ်မယ်၊ စစ်ဗိုလ်ကြီးလုပ်မယ် စသည်ဖြင့် မပြောတတ်ခင်၊ စာရေးဆရာ၊ သတင်းစာဆရာ လုပ်ချင်လိုက်တာ၊ ဖြစ်ချင်လိုက်တာလို့တောင် မစဉ်းစားတတ်ခင် အရင်ဆုံး ဖြစ်ချင်ခဲ့ဖူးတာက ရွာသူကြီးဗျ။

အဲဒီတုန်းက ကျွန်တော်တို့ ရွာရဲ့ သူကြီးက ကျွန်တော့်အမေရဲ့ မောင်၊ ဦးလေးတစ်ယောက်ပါ။ ဖက်ဆစ်ဂျပန် တော်လှန်ရေးမှာ ရှုပ်ရှုပ်ချုံချုံ ပါဝင်ခဲ့တယ်။ ပေါင်မှာ သေနတ်ဒဏ်ရာတွေရခဲ့တယ်။ တော်လှန်ရေးအကြောင်း ပြောရင်း စိတ်ပါလာရင် ပေါင်လှန်ပြီး ဒဏ်ရာတွေ ပြတတ်တယ်။ ဂျပန်စစ်သား ဘယ်နှယောက် သူ သတ်ခဲ့တယ် ဆိုလား။ ပြောလေ့ ရှိတယ်။ အဲဒါတွေ အားလုံးဟာ ချဲ့ကားပြောတာ မဟုတ်ဘူး။ ကြွားတာ မဟုတ်ဘူး ဆိုတာ သူနဲ့ သက်တူရွယ်တူတွေက ဝန်ခံတယ်။ ကျွန်တော်က ဦးလေးကို သိပ်အထင်ကြီးတယ်။ သူဟာ ကျွန်တော့် ဟီးရိုးပဲ၊ သူပြောတာတွေကို နားထောင်ပြီး ဖက်ဆစ်ဂျပန်တို့ လက်နက်ကိုင် တော်လှန်ရေးတို့ ဆိုတာတွေကို နားရည်ဝနေခဲ့တယ်။ သူလို ဟီးရိုးတစ်ယောက် သိပ်ဖြစ်ချင်တယ်။

ဒါပေမဲ့ ကျွန်တော်တို့ လူဖြစ်တဲ့ခေတ်မှာ ဂျပန်တွေလည်း ထွက်ပြေးကုန်ပြီ။ ကျွန်တော် အသက်သုံးနှစ်သားမှာ မြန်မာပြည်ကြီးလည်း လွတ်လပ်ရေး ကြေညာနိုင်ခဲ့ပြီ။ ကျွန်တော် တော်လှန်ရမယ့် ရန်သူဆိုလို့ မူးလို့မှ ရှာစရာမရှိတဲ့ အချိန်ဖြစ်နေပြီ။ ရန်သူတွေ ကံကောင်းသွားတာပေါ့ဗျာ။

ကျွန်တော့်ဦးလေးက ရွေးကောက်ပွဲနဲ့ တက်လာတဲ့ သူကြီး။ တခြားရွာတွေတော့ မသိဘူး။ ကျွန်တော်တို့ ရွာမှာတော့ သူကြီး ရွေးကောက်ပွဲဆိုရင် လက်ရှိ သူကြီးရယ်၊ သူနဲ့ ယှဉ်ပြိုင်အရွေးခံမယ့် အတိုက်အခံရယ်၊ နှစ်ယောက်ပဲ ယှဉ်ပြိုင်ကြတာပဲ။

ကျွန်တော့်ဦးလေးက တော်လှန်ရေးသမားဟောင်း မဟုတ်လား။ သည်တော့ ဂျပန်တွေ ထွက်ပြေးပြီး အင်္ဂလိပ်တွေ ပြန်ဝင်လာချိန်မှာ ပထမဆုံး ပြုလုပ်တဲ့ သူကြီး ရွေးကောက်ပွဲကတည်းက ဦးလေးဟာ သူကြီးရာထူးကို ရခဲ့တယ်။ ရွေးကောက်ခံရတယ်လို့ မပြောဘဲ သူကြီးရာထူးရတယ်လို့ ပြောရတာက ကျွန်တော့်ဦးလေးဟာ ယှဉ်ပြိုင်သူမရှိ အရွေးခံခဲ့ရတာကို ပြောတာပါ။

ဘယ့်နယ်ဗျာ၊ ဖက်ဆစ်တော်လှန်ရေးမှာ မသေလို့ကျန်တဲ့ ဦးလေးလို လူကို



ဘယ်သူက ယှဉ်ပြိုင်နေတော့မှာလဲ။ ဦးလေးကို အတိုက်အခံ လုပ်သူဟာ တစ်ရွာလုံးရဲ့ အော့ကြောလန် ဖြစ်သွားတော့မပေါ့။ သည်လိုနဲ့ နောက်သက်တမ်း နှစ်ဆက်လောက် ပြိုင်ဘက်မရှိ အရွေးခံနေရတော့ ဦးလေးက ရှက်လာသတဲ့။

ကျွန်တော့်အသက် ကိုးနှစ် ဆယ်နှစ်သားလောက်မှာ ရွေးကောက်ပွဲဆိုတာ စပြီး တွေ့ဖူးတယ်။ အဲသည် ရွေးကောက်ပွဲဟာ ခုထိ ကျွန်တော်တို့ရွာမှာ ရွေးမီ နောက်မီ သိမီသူတွေကြား ပြောစမှတ် ဖြစ်နေတုန်းပဲ။

ဦးလေးသူကြီးက သူနဲ့ ယှဉ်ပြိုင်အရွေးခံသူမရှိရင် သူလည်း သူကြီးမလုပ်တော့ဘူးလို့ ထင်းခံတော့တာကို။ အဲဒီတော့ ရပ်မိရပ်ဖတွေက သူကြီးလောင်း လုပ်မယ့်လူ လိုက်ရှာကြရတယ်။ နောက်ဆုံးတော့ ကျွန်တော်တို့ ဆွေထဲမျိုးထဲကပါပဲ။ လယ်ထက လေးငါးဆယ် လုပ်နေတဲ့ ကိုထွန်းကို ဝင်အရွေးခံခိုင်းတယ်။ ပထမတော့ ကိုထွန်းက အတင်းငြင်းတယ်။ သူ့အလုပ်နဲ့သူတောင် မနိုင်မနင်းဖြစ်နေတာ။ ရပ်ရေးရွာရေးတွေ လုပ်ရရင် သူ့အလုပ်တွေ လစ်ဟင်းကုန်တော့မယ်ဆိုပြီး စုံကန်ငြင်းတာပေါ့။ နောက်ဆုံးတော့ ရွာက အတင်း တောင်းပန်လို့ ဝင်အရွေးခံပါတယ်။

မဲပေးတဲ့နေ့ ညနေခင်း မဲရေတွက်တော့ လက်ရှိ သူကြီး ကျွန်တော့်ဦးလေးက မဲတစ်ထောင်ကျော်ရတယ်။ ကိုထွန်းက ၅၆ မဲလား ရတယ်။ ကိုထွန်းမျက်နှာ ကြည့်ရတာ ရှိတဲ့ မျက်နှာလိုပဲ။ သူ မဲရှုံးတာကို ပျော်လို့ ရှင်လို့။ အဲဒီညမှာ ဟိုဘက်ဒီဘက် မဲရွေးပွဲမှာ လုပ်အားပေးခဲ့ကြသူတွေကို မဲရှုံးတဲ့ ကိုထွန်းက ကြက်သား ကာလသားချက် ထင်းနဲ့တောင် ထမင်းကျွေးသေးဗျာ။

ဦးလေးကတော့ မျက်နှာကြီးတည်တည်နဲ့။ သိပ်ကြည်ပုံမရဘူး။ ကျွန်တော်က ဦးလေးအနားမှာ အမြဲလိုလို ရှိနေခဲ့တာဆိုတော့ သူကြီး ပြန်လုပ်ရတာကို ဦးလေး သဘောမကျဘူးဆိုတာ သိနေတယ်။ ဦးလေးသွားတဲ့ ဘုန်းကြီးကျောင်းကို ကျွန်တော်ပါ ပါသွားတော့ ဘုန်းကြီးကို ဦးလေး လျှောက်တင်နေတာ ကြားရတယ်။

'တပည့်တော် ရပ်ကျိုးရွာကျိုးလုပ်ရတာ ဝန်မလေးပါဘူးဘုရား။ ဒါပေမဲ့ တပည့်တော် အသက်ကြီးပါပြီ၊ အချိန်မရှိတော့ပါဘူး။ သံသရာအတွက် တပည့်တော် သပ်ရဦးမယ်ဘုရား။ နောက်လူတွေက တပည့်တော် အလုပ်ကို ဝင်လုပ်ကြမှ သပ်တတ်မှာပါဘုရား။ နောက်လူတွေက ကိုယ့်လယ် ကိုယ့်ယာ ကိစ္စလောက်မှ မပ်ရေးရွာရေးကို ဂရုမစိုက်ကြရင် တပည့်တော်တို့ ရွာရဲ့ ရှေ့ရေးအတွက် ရင်လေးပါတယ် ဘုရား'

အဲသည်နောက် ဘာကြာလဲ။ ရှစ်လကိုးလလောက်ပဲ ကြာတယ်။ ဦးလေးဟာ ဒုလ္လဘရဟန်းဝတ်ရာက ပြန်မထွက်တော့ဘူး။ မြို့ပိုင် နယ်ပိုင်တို့ဆီကို သူ လုံးမထွက်တော့ဘူးလို့ အကြောင်းကြားသတဲ့။

သည်တော့မှ မြို့က အရာရှိတွေ ကျွန်တော်တို့ရွာကို ဆင်းလာပြီး ကြား ရွေးကောက်ပွဲအတွက် သူကြီးလောင်း စာရင်းပေးဖို့ ကြေညာတာကိုး။ ဒါပေမဲ့ ဘယ်သူမှ စာရင်းမတင်ဘူး။ နောက်ဆုံးတော့ ရွာလူကြီးတွေက ကိုထွန်းနဲ့ ဦးရွှေမောင်ကို အတင်းစာရင်းပေးခိုင်းပြီး ပြိုင်အရွေးခံ ခိုင်းရတယ်။

ရွေးကောက်ပွဲနတ်က အတော်အကြီးသားဗျ။ ပြိုင်အရွေးခံဖို့ လုပ်ကြပြီ ဆိုတော့လည်း သူ့ဘက်ကိုယ့်ဘက် မဲဆွယ်ကြတော့တာပေါ့။ ပျော်စရာတော့ အကောင်းသား။ ကိုထွန်းဘက်သားတွေက ကိုထွန်း ဘာသာရေး ကိုင်းရှိုင်းတဲ့ အကြောင်း။ ရွှေကျောင်းကျောင်းမှာ သိမ်ကြီး လှူထားတဲ့အကြောင်း။ ရွာစာသင်ကျောင်း အတွက်လည်း စာပွဲကုလားထိုင်တွေလှူထားတဲ့အကြောင်း။ ကိုထွန်း သူကြီးဖြစ်ရင် နှစ်စဉ် တပေါင်းဘုရားပွဲမှာ မြို့က ကက်နက်စိန်ဇာတ်ပွဲ သွင်းပေးမယ်ဆိုတဲ့ အကြောင်း စသည်ဖြင့် အများကြီးပဲ ပြောဆိုပြီး မဲဆွယ်တယ်။ တီးတိုးစကားအနေနဲ့ကတော့ ဦးရွှေမောင်ကြီးဟာ ခွက်ပုန်း အရက်သမားကြီး ဖြစ်တဲ့အကြောင်း။ မယားဆုံးသွားပြီး နောက်အိမ်ထောင်မပြုဘူး ဆိုပေမယ့် ဆေးလိပ်ခုံက ကောင်မလေးတွေနဲ့ ရှုပ်နေတဲ့ အကြောင်း ပြောကြသေးဗျာ။

ဦးရွှေမောင်ဘက်က လူတွေကလည်း သူတို့ရဲ့သူကြီးလောင်းကောင်းကြောင်းတွေ ရှာကြံပြောကြသပေါ့။ ဦးရွှေမောင်ဟာ ခုနစ်တန်းအောင်တဲ့ အကြောင်း။ အရေးပိုင်နဲ့ တောင် အင်္ဂလိပ်လို ပြောနိုင်ကြောင်း။ မြို့ကျောင်း သွားတက်တုန်းက မြို့နယ် ဘောလုံး လက်ရွေးစင်ဖြစ်ဖူးကြောင်း။ ရွာဘောလုံး အသင်းကို တည်ထောင်ပြီး မြေတောင် မြှောက်ပေးနေကြောင်း စတာတွေကို ပြောပြီး ဦးရွှေမောင်ရဲ့ ဂုဏ်ပုဒ်တွေကို ဖော်ထုတ်ကြတယ်။ ပြီးတော့မှ တီးတိုးစကားအနေနဲ့ ကိုထွန်းမယား မယ်တင်ဟာ အတိုးကြီး စားနေတယ်။ လယ်ပေါင်ပြီး အတိုးအရင်း မဆပ်နိုင်သူတွေဆီက လယ်တွေကို သိမ်းထားလို့ ခုလောက် လယ်တွေပိုင်နေတာ စသည်ဖြင့် ကိုထွန်းကို အပုပ်ချကြတယ်။

ကျွန်တော်က ဦးလေး ဦးဇင်းကြီးဆီ မကြာမကြာ ရောက်တယ်။ ရွာထဲက ကြားရတဲ့ သတင်းတွေကို ပြောပြတော့ ဦးဇင်းကြီးက တပြုံးပြုံးနဲ့။ အဲသလို ဖြစ်ရမှာကွ အဲသလို ဖြစ်ရမှာကွလို့ အားရတဲ့ အသံကြီးနဲ့ ပြောတယ်။

သည်လိုနဲ့ မဲဆွယ်ချိန် နှစ်လလောက် ကြာပြီးတဲ့အခါ သူကြီး ရွေးကောက်ပွဲ လုပ်တယ်။ ဘယ်သူနိုင်သွားတယ် ထင်သလဲ။

ဦးရွှေမောင်ကြီး နိုင်သွားတယ်ဗျ။ ဘာကြောင့် ဦးရွှေမောင်နိုင်ပြီး ကိုထွန်း ရှုံးရတယ် ဆိုတာကို အဲဒီတုန်းက ဘယ်သူမှ အရေးအရာလုပ်ပြီး သုံးသပ် တွက်ချက်ခဲ့တာတော့ မရှိပါဘူး။ ကျွန်တော်လည်း ကလေးဆိုတော့ ဘာသိမလဲ။ အခု စာရေးဆရာ ဖြစ်လာတော့မှ ပြန်စဉ်းစားကြည့်မိတယ်။ ကိုထွန်း ရှုံးသွားတာ သူ့မိန်းမ



မယ်တင် အတိုးကြီးစား။ အပေါင်ဆုံး လယ်တွေ သိမ်းတယ်ဆိုတဲ့ အဖြစ်မှန်အပေါ်မှာ ဆန္ဒရှင်တွေက အဆုံးအဖြတ်ပေးခဲ့တာပဲလို့ ကျွန်တော် တွက်မိတယ်။ အဲဒီအချိန်က ၁၉၅၄-၅၅ တစ်ဝိုက်လောက်ဆိုတော့ ကျေးလက်တွေမှာ ကွန်မြူနစ်သဘောတရားတွေ ပြန့်နေတယ်လေ။ အမြတ်ကြီးစား။ ခေါင်းပုံဖြတ် သွေးစုတ်ခြယ်လှယ်နေသူလို့ ထင်စရာ မြင်စရာ ဖြစ်သွားရင် ခင်ဗျား နာလန်မထူတော့ဘူးသာ မှတ်ပေတော့။

ဦးရွှေမောင်နဲ့ ကိုထွန်း သူကြီး ရွေးကောက်ပွဲကိုကြည့်ပြီး ကျွန်တော်လည်း အဲဒီအချိန်ကစလို့ သူကြီးဖြစ်ချင်တဲ့စိတ် ဖြစ်ပေါ်ခဲ့တယ်။

မိမိ အရည်အချင်းကို လူတွေကို ပြောပြပြီး ကျွန်တော့်ကို သဘောကျရင် ထောက်ခံပါ၊ မဲပေးပါလို့ မှတ်ကျောက်တင်ခံတဲ့ အလုပ်ကို ကျွန်တော် စိတ်ဝင်စားတယ်။ ဒါပေမဲ့ လူ့ဘဝဆိုတာ ဇာတ်ညွှန်း ကြိုရေးထားတဲ့အတိုင်း ဖြစ်ချင်မှ ဖြစ်လာတာပဲ။ အခြေအနေအရ ဇာတ်ညွှန်းကို ပြောင်းရေးရတာတွေ အများကြီးရှိသပေါ့။ ကျွန်တော်ဆို ဇာတ်ညွှန်းပြောင်းပြီး စာရေးဆရာ ဖြစ်လာတယ်လေ။

လက်ရှိ ဇာတ်ညွှန်းအရ သည်ဘဝမှာ ကျွန်တော် သူကြီး မဖြစ်တော့ပါဘူး။ ဒါပေမယ့် ကျွန်တော့် ဦးလေးများခေတ်က သူကြီး ရွေးကောက်ပွဲကို အကြောင်း ကိုက်ဆိုင်တဲ့အခါ ပြန်ပြောင်း သတိရမိတယ်ဗျ။

ဒီနေ့ခေတ် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများလည်း အဲသလို မှတ်ကျောက် တင်ခံခဲ့သူများ ဖြစ်ရင် ဘယ်လောက် ကောင်းမလဲလို့ ဆန္ဒဖြစ်မိကြောင်းပါဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်။**

*၁၃၊ မေ ၂၀၁၁။*

*အတွဲ ၁၊ အမှတ် ၄၄။*

○

# စားသုံးသူများရဲ့ရင်ဖွင့်သံ

စားသုံးသူ အခွင့်အရေး (consumer rights)ဆိုတာကို ကမ္ဘာမှာ ကျယ်ကျယ်လောင်လောင် ပြောဆိုနေကြတာ ကြာပါပြီ။ ကျွန်တော်တို့ဆီမှာတော့ ပြောသံဆိုသံကြားရတာ မကြာလှသေးဘူးဗျ။ မကြာသေးခင်ကတော့ စာရေးဆရာတချို့က စားသုံးသူ အခွင့်အရေးဆိုတဲ့ ခေါင်းစဉ်နဲ့ကို ဆောင်းပါးတွေရေးတာ ဖတ်လိုက်ရတယ်။ ကောင်းပါတယ်။ များများ ရေးကြစေချင်တယ်။ ဒါမှ ကျွန်တော်တို့ လူမျိုးတွေရဲ့ အတွေးအခေါ် ခံယူချက် (mindset) ပြောင်းလဲရေးကို အထောက်အကူ ဖြစ်မယ်ဗျ။

## ကွယ်ရာမှာ အတင်းပြောတဲ့ အကျင့်

ကျွန်တော်တို့လူမျိုးက သဘောကောင်း မနောကောင်းတွေ များတယ်။ အားနာတတ်တယ်။ သူတစ်ပါးရဲ့အပြစ်ကို မျက်နှာချင်းဆိုင် ထုတ်ဖော်ပြောဖို့အင်မတန် ဝန်လေးတယ်။ ကျွန်တော်တို့လူမျိုး စရိုက်ကိုက အဲသလို ပွင့်ပွင့်လင်းလင်း မိမိ သဘောထားကို ထုတ်ဖော်ပြောလေ့ မရှိသလောက်ပဲ။ အားနာတတ်တာလည်း တစ်ကြောင်း၊ တာဝန်ခံယူလိုစိတ် ကင်းမဲ့တာလည်း တစ်ကြောင်း၊ ကြောက်တတ်တာလည်း တစ်ကြောင်းကြောင့် ဖြစ်ပါလိမ့်မယ်။ အဲ...ကွယ်ရာကျမှ အတင်းပြောသလို မဲ့ကာရွဲ့ကာ ပြောချင်ကြတာကတော့ တော်တော်ဆိုးတဲ့ အကျင့်လို့ ဆိုရပါမယ်။ ကျွန်တော်တို့ရဲ့ နောက်မျိုးဆက်တွေမှာ အဲဒီ အကျင့်ကြီးကိုပြင်ဖို့ ကျွန်တော်တို့က ယခုကတည်းက နမူနာပြသင့်ပြီ ဖြစ်ပါတယ်။ ဆင် မကြောက်ရင် ဖိနပ် ဖြစ်သွားမယ်'ဆိုတဲ့ အလျှော့ပေး အညံ့ခံရေး ဒဿနတွေက အထူးသဖြင့် ကျေးလက် လူ့အဖွဲ့အစည်းတွေမှာ လွှမ်းမိုးနေတုန်းပဲဗျ။



## မကြောက်နဲ့လို့ ပြောရင် ကျိုးကန်းတောင်းမှောက်

'အမှားမလုပ်နဲ့၊ ဥပဒေကို မချိုးဖောက်နဲ့၊ ကိုယ်က အပြစ်လုပ်မထားရင် ဘယ်သူ့ကိုမှ ကြောက်စရာမဟုတ်ဘူး'လို့ ဘယ်လောက်ပြောပြော နားမဝင်ကြဘူး။ အဲသလို ပြောတာကို နားထောင်ရတာတောင် စိတ်မဖြောင့်၊ ကျိုးကန်းတောင်းမှောက်။

စာရေးဆရာ၊ သတင်းစာဆရာတွေက မြန်မာလူထုဟာ မညံ့ပါဘူးဆိုတဲ့ဘက်က စိတ်စေတနာအပြည့်နဲ့ ပြောလေ့ရေးလေ့ရှိတယ်။ မညံ့တဲ့ နေရာတွေ အများကြီးရှိတာ မှန်ပါတယ်။ သို့ပေမယ့် မိမိရှေ့မှာ မတရားတာတွေ မမှန်တာတွေ ဖြစ်နေတာကို တွေ့ရင် မတရားခံရတဲ့သူဘက်က မားမားမတ်မတ် ဝင်ရပ်ပေးဖို့ဆိုတာ ဝေးစွ၊ မိမိရဲ့ ပိုင်ခွင့်နဲ့ ပတ်သက်ပြီး မတရား အလုပ်ခံရတာကိုတောင် ဘာမှ မပြောရဲ မဆိုရဲတာ၊ ဘယ်သူသေသေ ငတေမာရင် ပြီးရော ဆိုတဲ့ စိတ်တွေ များလာကြတာကတော့ ကျွန်တော်တို့ ကိုယ်တွေ့ဖြစ်ပါတယ်။

## ကျောင်းသူလေးရဲ့ကြေကွဲဖွယ်အဖြစ်

သို့ပေမယ့် ၂၀၀၉ခု ဒီဇင်ဘာလထဲမှာတော့ အထူးကုဆေးခန်းကြီးတစ်ခုမှာ သေဆုံးသွားရှာတဲ့ ကျောင်းသူလေးတစ်ယောက်ရဲ့ ကြေကွဲစရာအဖြစ်ကို အကြောင်းပြုပြီး consumer rights ရဲ့အခြေခံ သဘောတရားတွေကို လူတွေ သတိပြုမိလာခဲ့ကြတယ်။

စားသုံးသူ အခွင့်အရေးဆိုတာ မြန်မာစကားလုံးအရ စားသုံးတာကိုပဲ မျက်စိထဲမြင်စရာဖြစ်နေပေမယ့် အင်္ဂလိပ်လို consumer ဆိုတဲ့စကားလုံးဟာ စားတာတစ်ခုတည်းကို ပြောတာမဟုတ်ဘဲ ဝယ်ယူသုံးစွဲမှု အားလုံးကို ဆိုလိုပါတယ်။ ဆေးကုသမှုခံတာလည်း consumer ပါပဲ။ မော်တော်ကား ဝယ်စီးတာဟာလည်း consumer ပါပဲ။ ဘတ်စကား စီးနင်းလိုက်ပါလာသူဟာလည်း consumer ပါပဲ။ တန်ရာတန်ကြေးပေးပြီး ဝယ်ယူသုံးစွဲသူဟာ သူ ရရှိတဲ့ ပစ္စည်းရဲ့ အရည်အသွေး ညံ့ဖျင်းနေရင် မကျေနပ်တဲ့အလျောက် တောင်းဆိုပိုင်ခွင့်ရှိရမယ်။ ဝန်ဆောင်မှု ညံ့ဖျင်းရင်လည်း မိမိ ပေးထားတဲ့ တန်ကြေးနဲ့ လျော်ညီတဲ့ ဝန်ဆောင်မှုကိုရအောင် တောင်းဆိုပိုင်ခွင့်ရှိတယ်။

## ပေလီမှာ သောင်တင်ခဲ့သူ

ကျွန်တော်တို့ သတင်းစာလုပ်ခဲ့စဉ် ၁၉၇၀ နှစ်များ စောစောပိုင်းက သတင်းတစ်ပုဒ် ဖော်ပြခဲ့ရဖူးတာ သတိရတယ်။ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည် အမျိုးသမီး တစ်ယောက် ပေလီကို သွားတယ်။ အသွားအပြန် လေယာဉ်လက်မှတ် ဝယ်သွားတယ်။ ပေလီမှာ သုံးရက်နေပြီး ပြန်လာဖို့ မဇင်လေဆိပ်ကို ရောက်တယ်။ လေယာဉ်မရှိလို့

တစ်နေကုန်စောင့်ပြီး ငပလီကို ပြန်သွားရတယ်။ နောက်နှစ်ရက်ကြာမှ လေယာဉ်ရလို့ ရန်ကုန်ပြန်လာရတယ်။ အဲဒီအမျိုးသမီးက လေယာဉ်ကုမ္ပဏီဆီက နစ်နာကြေးတွေ တောင်းတော့ ပေးလိုက်ရပါကောလား။ ဒါတောင် လေယာဉ်မရှိလို့ ပြန်သွားရတဲ့စရိတ်၊ ဟိုမှာ ရက်ပိုနေခဲ့ရလို့ ကုန်ကျတဲ့ တည်းခိုစရိတ်၊ စားသောက်စရိတ်တွေကိုပဲ တောင်းတာတဲ့။ သူ မလိုအပ်ဘဲ ဟိုမှာ နေထိုင်ခဲ့ရလို့ သူ့နိုင်ငံကို မပြန်နိုင်ဘဲ အလုပ်တွေ ပျက်ရတဲ့အတွက် နစ်နာကြေးတောင်းရင် ဒီ့ထက် ပိုများဦးမယ်လို့ အမျိုးသမီးက ကျွန်တော်တို့ သတင်းစာဆရာတွေကို ပြောသွားသေးတယ်။

## ခေါင်းငုံ့မခံတဲ့ စိတ်ဓာတ်

ဘာပဲပြောပြော၊ အဲဒီတုန်းကတည်းက ကျွန်တော်ကတော့ နိုင်ငံကြီးသားတွေရဲ့ ခေါင်းငုံ့မခံတဲ့ စိတ်ဓာတ်ကို နားလည်သွားတယ်။ သူတို့က မတရား တောင်းဆိုတာမျိုး မဟုတ်ဘူး။ တစ်ကျပ်ပေးပြီး တစ်ဆယ်ဖိုး တောင်းဆိုတာမျိုး မဟုတ်ဘူး။ တစ်ကျပ်ပေးရင် တစ်ကျပ်နဲ့တန်တဲ့ ဝန်ဆောင်မှုကိုပဲ ထိုက်ထိုက်တန်တန် လိုချင်တယ်။ မပေးရင် တရားစွဲပြီး တောင်းဆိုဖို့လည်း ဝန်မလေးဘူး။ တန်ရာတန်ကြေးမရရင် မတန်ဘူးလို့ ပြောဖို့ လုံးဝ အားမနာဘူး။

ကျွန်တော်တို့ မြန်မာလူမျိုးတွေ ဟိုတယ်တွေမှာ တည်းခိုပြီး ပြန်ခါနီးကျရင် ဟိုတယ်က ဖြည့်ခိုင်းတဲ့ ပုံစံစာရွက်ကို ဖြည့်ပေးခဲ့တဲ့လူ အလွန်ရှားတယ်။ ဟိုတယ်က သူတို့ဆီမှာ တည်းခိုသွားသူ (consumer) ရဲ့ ကျေနပ်မှု မကျေနပ်မှုကို သိချင်လို့ ပုံစံလေးတွေ ဖြည့်ခိုင်းတာပါ။ ဟိုတယ်အခန်းမှာ နေခဲ့ရတာ ဘယ်လိုသဘောထားပါသလဲ။ ညံ့၊ သင့်၊ ကောင်း။ မိမိ ထင်မြင်ချက်ကို သူ့နေရာနဲ့သူ ရေးခြစ်ပေးလိုက်ရုံပါပဲ။ ဝန်ဆောင်မှု ဘယ်လိုလဲ။ ရေမိုးသုံးစွဲရတာ ဘယ်လိုလဲ၊ သန့်ရှင်းမှု ဘယ်လိုလဲ စသည်ဖြင့် မေးထားပါတယ်။ အနောက် နိုင်ငံသားတွေကတော့ ညံ့ရင် ညံ့တယ်၊ သင့်ရင် သင့်တယ် စသဖြင့် ရေးဖြည့်ပေးသွားကြတာပဲ။ အဲဒီအဖြေတွေကို ကြည့်ပြီး ဟိုတယ်က ပြင်စရာ ရှိတာတွေ ပြင်ဆင်ကြပါတယ်။

ကျွန်တော်တို့လူမျိုး အများစုကတော့ အဲဒါကို အလုပ် ပိုလို့ သဘောထားတယ်။ ကျွန်တော် စပ်စုကြည့်သလောက်ကတော့ ပုံစံမဖြည့်ပေးသူက ပိုများတယ်။

## တရုတ်ပြည် ဘာကြောင့် တိုးတက်

ကျွန်တော်တို့ရဲ့ အိမ်နီးချင်း တရုတ်ပြည်ကြီးဟာ ပြီးခဲ့တဲ့ ဆယ်စုနှစ်အတွင်း အရမ်းကို တိုးတက်သွားပြီလို့ အမေရိကန်နဲ့ အနောက်နိုင်ငံတွေက ဝန်ခံနေကြရပြီ။ အဲဒါ ဘာကြောင့်လဲဆိုတော့ အရည်အသွေးမြင့်တဲ့ ကုန်ပစ္စည်းတွေ များများ



ထုတ်လုပ်လာလို့ပါပဲတဲ့။ အရည်အသွေး မမြင့်လို့လည်း မဖြစ်ဘူး။ စားသုံးသူတွေက အရည်အသွေးညံ့ရင် လက်မခံဘဲ ပွင့်ပွင့်လင်းလင်း ငြင်းဆန်ကြလို့ ညံ့ဖျင်းတဲ့ ကုန်ပစ္စည်း ထုတ်လုပ်သူတွေဟာ ကြာကြာ ရပ်တည်လို့ မရကြပါဘူး။

## ကျယ်ကျယ်ပြန့်ပြန့် သိနေကြပြီ

တရုတ်ပြည်မှာ စားသုံးသူ အခွင့်အရေးကို လူတိုင်းတောင်းဆိုပိုင်ခွင့် ရှိတယ်ဆိုတာကိုတော့ ကျယ်ကျယ်ပြန့်ပြန့် သိနေကြပြီလို့ ဆိုပါတယ်။ လွန်ခဲ့တဲ့ နှစ်နှစ်က ရှန်ဟိုင်းမြို့က တောက်စ်ဝက်ဂွန်း ကားကုမ္ပဏီနဲ့ ကားဝယ်စီးသူတစ်ယောက် ဖြစ်ပွားတဲ့ အမှုဟာ ဟိုးလေးတကျော် ဖြစ်ခဲ့တယ်။ လျူကျိုကျန်း ဆိုတဲ့ တရုတ်လူမျိုးတစ်ယောက်ဟာ ဖောက်စ်ဝက်ဂွန်းဆန်တာနာ ကားသစ်တစ်စီး ဝယ်စီးတယ်။ လအတန်ကြာတော့ ကားက ထူးထူးဆန်းဆန်း အသံတွေမြည်ပြီး မောင်းရတာ မကောင်းဘူး ဖြစ်လာတယ်။ အဲဒီ့ လျူက ကားကုမ္ပဏီကို သွားပြတော့ ကားတာယာကအစ စက်ပိုင်းအဆုံး အားလုံး ပြင်ပေးတယ်။ လဲစရာရှိတာတွေ လဲပေးတယ်။ ဒါပေမဲ့ ကားက ကျေနပ်လောက်အောင် ကောင်းဘဲ နဂိုအတိုင်းဖြစ်နေတယ်။ လျူက မကျေနပ်လို့ထပ်ပြောတော့ ကားကုမ္ပဏီက သူတို့ဘက်က ဒီ့ထက်ပိုပြီး ပြင်ပေးစရာ မရှိတော့ဘူးလို့ ပြောတယ်။ သည်တော့ လျူက သူ့ကားမှာ စာလုံးအကြီးကြီးတွေနဲ့ စာရေးပြီး ကပ်ထားသတဲ့။ 'ကျုပ်တော့ နစ်ချခံလိုက်ရပြီ။ ဒီကားဟာ သောက်ကျိုးနဲ့ ဒုက္ခပေးတဲ့ ကားပါဗျို့'လို့ ရေးထားသတဲ့။

အဲသလို လုပ်ထားတာ ကိုးလလောက်ကြာတော့ ရှန်ဟိုင်း ဖောက်စ်ဝက်ဂွန်း ကုမ္ပဏီက လျူကို တရားစွဲတယ်။ သူတို့ ကုမ္ပဏီကို ဂုဏ်သိက္ခာ ညှိုးနွမ်းအောင် ပြုလုပ်ပါတယ်လို့ စွပ်စွဲတယ်။ သို့ပေမယ့် သိပ်မကြာခင်မှာပဲ ကုမ္ပဏီက အမှုကို ပြန်ရုပ်သိမ်းလိုက်တယ်။ အဲသည်တော့မှ လျူက ကုမ္ပဏီကို ပြန်လည် တရားစွဲပြန်တယ်။ သူ့ကို အသုံးမကျတဲ့ကား ရောင်းချခဲ့လို့ နစ်နာတဲ့အတွက် နစ်နာကြေး တရုတ်ငွေ ငါးသောင်း ရလိုကြောင်း တရားရုံးတော်ကို လျှောက်ထားတာပါ။ အမှုကို စစ်ဆေးနေဆဲ ဖြစ်ပါတယ်။ အမှုမပြီးသေးပေမယ့် လျူရဲ့ လုပ်ဆောင်ချက်ကြောင့် တရုတ်လူမျိုးတွေဟာ စားသုံးသူ အခွင့်အရေး တောင်းဆိုခွင့် ရှိတယ်ဆိုတာ ပိုပြီး သိသွားကြပြီ။ တစ်ခုခု ရောင်းမှား ဝယ်မှား ဖြစ်လို့ကတော့ တရားစွဲလိုက်မယ် တကဲကဲ ဖြစ်နေကြပြီလို့ ဆိုပါတယ်။ အကျိုးရလဒ်ကတော့ လိမ်လည်လှည့်ဖျား ရောင်းဝယ်မည့်သူတွေ အတော် လျော့နည်းသွားပါတယ်တဲ့။

## စေတနာ့ဝန်ထမ်း ဥပဒေသမားများ

တရုတ်လူမျိုးတွေကို စားသုံးသူအခွင့်အရေး ချိုးဖောက်ခံရမှုနဲ့ ကြုံတွေ့လာရင်

တက္ကသိုလ်များမှ ဥပဒေကျောင်းသားများက စေတနာ့ဝန်ထမ်း အမှုလိုက်ပါ ဆောင်ရွက်ပေးဖို့ ကမ်းလှမ်းထားတယ်။ ထိပ်တန်း တက္ကသိုလ်တစ်ခု ဖြစ်တဲ့ ဆင်ဟွာတက္ကသိုလ်က ဥပဒေကျောင်းသူတစ်ယောက်ဖြစ်တဲ့ လျူယင်းနဲ့ သူမရဲ့ သူငယ်ချင်းတွေက စားသုံးသူ အခွင့်အရေး ချိုးဖောက်ခံရသူ မည်သူမဆို သူတို့ဆီ လာပြောပါ။ ဥပဒေကြောင်းအရ ရသင့်ရထိုက်တာတွေ တောင်းဆိုပေးဖို့၊ လိုအပ်ရင် တရားစွဲဆိုပေးဖို့ တာဝန်ယူ ဆောင်ရွက်ပေးမယ်လို့ ကြေညာထားပါတယ်။ သူတို့ အုပ်စုဟာ ယခုအထိ လူပေါင်း ၂၉၀၀ ကို စားသုံးသူ အခွင့်အရေးဆိုင်ရာ ကျွမ်းကျင်မှု အကူအညီပေးခဲ့ကြပြီး ဖြစ်တယ်။ စားသုံးသူ အခွင့်အရေး ဖောက်ဖျက်ခံရမှု ၁၃၅ မှုကို လိုက်ပါ ဆောင်ရွက်ပေးခဲ့ပြီး စားသုံးသူများဘက်က လျော်ကြေးငွေပေါင်း ယွမ် ၃၉၀,၀၀၀ ရရှိအောင် အကျိုးဆောင်ပေးနိုင်ခဲ့တယ်လို့ ဆိုပါတယ်။

## ပြည်သူ့ခေတ်မှာ ရင်ဖွင့်ပါ

အထက်ပါ အကြောင်းတွေကို ဖတ်ရှုလေ့လာရာက ကျွန်တော်တို့ဆီမှာလည်း စားသုံးသူ အခွင့်အရေးများ ချိုးဖောက်ခံရရင် ခေါင်းငုံ့မခံဘဲ ထုတ်ဖော်လိုသူတွေကို အားပေးသင့်တယ်လို့ စဉ်းစားမိတယ်ဗျာ။

ပြည်သူ့ခေတ်ဂျာနယ်ရဲ့ ပြည်သူ့ခေတ် ပြည်သူ့အသံကဏ္ဍကို စားသုံးသူများရဲ့ ရင်ဖွင့်သံများ ပေးပို့နိုင်ကြပါတယ်။ ကျွန်တော်တို့ ဦးစားပေး ထည့်သွင်း ဖော်ပြပေးဖို့ အသင့်ရှိကြောင်းပါဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်။**

*၂၅ မေ ၂၀၁၁။*

*အတွဲ ၁၊ အမှတ် ၄၅။*

○



# ပုဂ္ဂလိကနေ့စဉ်သတင်းစာ ထုတ်မည်ဆိုလျှင်

ပုဂ္ဂလိက နေ့စဉ်ထုတ် သတင်းစာတွေ ထုတ်ဝေခွင့်ပြုရင် ချက်ချင်း ထပြီး ထုတ်ဝေနိုင်အောင် မီဒီယာအုပ်စုကြီးတချို့ အသင့်ပြင်နေကြတယ်လို့ သတင်းကောင်းများကြားသိရပါသဗျာ။ တစလွတ်အချက်ပေးသံကို စောင့်နေတဲ့ မြင်းတွေလို ခွာတရုပ်ရုပ်နဲ့တာမှုတ်မှုတ် ဖြစ်နေမလားပဲဗျ။ ခုနေ ပုဂ္ဂလိက နေ့စဉ် သတင်းစာတွေ ပေါ်ထွက်လာမယ်ဆိုရင် ကျွန်တော်တို့အနေနဲ့ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါတယ်ဗျာ။ လက်ရှိအခြေအနေမှာကို နေ့စဉ်သတင်းစာ ထုတ်ဝေနိုင်စွမ်းရှိနေပြီလို့ ပြောနိုင်တဲ့ ဂျာနယ်တိုက်ငါးတိုက်ထက်မနည်း ရှိနေတယ်လို့ ကျွန်တော် မြင်တယ်။

လူစွမ်းအား အရင်းအမြစ်ပိုင်းကိုကြည့်ရင် နေ့စဉ် သတင်းစာတစ်စောင်အတွက် အယ်ဒီတာ သတင်းထောက်တွေအပြင် စီမံခန့်ခွဲရေး၊ ပုံနှိပ်၊ ငွေစာရင်း၊ ကြော်ငြာ၊ ဖြန့်ချိရေးဝန်ထမ်းတွေ လိုမယ်။ နည်းနည်းနဲ့ ကျဲကျဲဝိုင်းပြီး စလို့လည်း ဖြစ်တယ်။ သတင်းစာတိုက် ဖွဲ့စည်းပုံကို အသေအချာဆွဲပြီး လုပ်ဖို့ သင့်တယ်။

ဆိုင်ရာဆိုင်ရာ လုပ်ငန်းတွေမှာ အတွေ့အကြုံရှိပြီးသား ကျွမ်းကျင်ဝန်ထမ်းတွေ ရဖို့လိုတယ်။ အရင် နေ့စဉ် သတင်းစာတွေမှာ လုပ်ကိုင်ခဲ့တဲ့ အငြိမ်းစား ဝန်ထမ်းကြီးတွေ ရှိပါတယ်။ သူတို့ကို နှစ်အလိုက် ကန်ထရိုက်စနစ်နဲ့ ခေါ်ပြီး တာဝန်ပေးနိုင်တယ်။ သူတို့ဆီက လုပ်ငန်းပညာတွေကို နောက်လူတွေက ဆည်းပူးမယ်၊ အသစ်ပေါ်ထွန်းနေတဲ့ လုပ်ငန်းပညာတွေကိုလည်း ထပ်ပြီး လေ့လာမယ်ဆိုရင် အောင်မြင်သွားမှာပါ။

ကျွန်တော်တို့ သိမီလိုက်သလောက်တော့ ပါလီမန် ဒီမိုကရေစီခေတ်မှာ နေ့စဉ် သတင်းစာတွေ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ် စတဲ့ နေရာတွေမှာ အားလုံးပေါင်း ဦးရေ ၄၀ ဝန်းကျင်လောက် ရှိတယ်။ များသောအားဖြင့်တော့ လက်တွေ့ အလုပ်နဲ့

သင်ယူပြီး လူသားအရင်းအမြစ် ဖွံ့ဖြိုးအောင် လုပ်ခဲ့ကြတာပါပဲ။ အဲဒီထဲမှာ သတင်းထောက်၊ အယ်ဒီတာ၊ ဆောင်းပါးရှင် စတဲ့ အယ်ဒီတာအဖွဲ့ဆိုင်ရာ လုပ်ငန်းတွေကတော့ အရေး အကြီးဆုံး ဖြစ်တယ်။

အရင်ခေတ်က သတင်းစာတွေထဲမှာ ခြံကြီး ဝင်းကြီး တိုက်ကြီး တာကြီးနဲ့ သတင်းစာတိုက်ကြီးတွေ ရှိခဲ့သလို ဆရာဝန်းမော်တင်အောင်ရဲ့ လင်းယုန်သတင်းစာလို တန်းလျားသာသာ အဆောက်အဦလေးမှာ ချိုးချိုးတဲ့တဲ့ ထုတ်ဝေခဲ့ရတဲ့ သတင်းစာတွေလည်း ရှိခဲ့တာပါပဲ။

နေ့စဉ်သတင်းစာတိုက် တည်ထောင်တယ်ဆိုတာ စောင်ရေလည်း အသင့်အတင့် ရှိမယ်၊ ကြော်ငြာလည်း ရမယ်ဆိုရင် တစ်နှစ်၊ နှစ်နှစ်အတွင်း သူဌေးဖြစ်နိုင်တဲ့ အလုပ်မျိုးဆိုတာ အရင်တစ်ခေတ်က ဗမာ့ခေတ်တို့၊ ကြေးမုံတို့ နမူနာတွေ ရှိခဲ့တာပဲ။

ကြေးမုံသတင်းစာဆိုရင် ၁၉၅၇ မှာ စထောင်တာ တစ်နှစ်အတွင်း စောင်ရေ ထိပ်ဆုံး ရောက်သွားတယ်။ လေးငါးနှစ်လည်း ကြာရော အော့ဖ်ဆက် ပုံနှိပ်စက်ကြီး ဝယ်နိုင်တဲ့ အခြေအနေရောက်သွားတယ်။ ပါလီမန်ခေတ်မှာ ဗမာ့ခေတ်၊ ဟံသာဝတီ၊ ရန်ကုန်၊ မြန်မာ့အလင်း။ ဂါဒီယန်၊ မန္တလေးက လူထု၊ ပဟိုရ်စည်၊ မြန်မာ့လမ်းစဉ် စတဲ့ သတင်းစာတိုက်ကြီးတွေဟာ တိုက်ကြီးတာကြီးတွေနဲ့ ကြီးပွားခဲ့ကြတာပဲ။

ဗြိတိသျှသတင်းစာဆရာ ရှိုင်းဂရင်းစလိတ်က သတင်းစာထုတ်ဝေသူတွေဟာ အမြတ်ရချင်လို့ (Profit)၊ ဝါဒဖြန့်ချင်လို့ (Propaganda)၊ နိုင်ငံရေး ဩဇာ ထူထောင်ချင်လို့ (Political influence)၊ ဂုဏ်သိက္ခာ ထူထောင်ချင်လို့ (Prestige)၊ အများပြည်သူကို အလုပ်အကျွေးပြုချင်လို့ (Public service) ဆိုတဲ့ အချက်တွေကြောင့် ထုတ်ဝေကြတာ ဖြစ်တယ်လို့ ရေးခဲ့တာကို ကိုးကားပြီး True News ဂျာနယ်မှာ ၂၀၀၉ ခုနှစ်လောက်က ကျွန်တော် ဆောင်းပါး ရေးခဲ့ဖူးတယ်။ သတင်းစာထုတ်ဝေတဲ့ အဓိက ရည်ရွယ်ချက်တွေထဲမှာ အများပြည်သူကို အလုပ်အကျွေးပြုဖို့ဆိုတာ ပထမဦးစားပေးဖြစ်သင့်တယ်လို့ ပူလစ်ဇာတို့ ခေတ်ကစပြီး ပြောခဲ့တာပါ။ ကျွန်တော် ဘာသာပြန်တဲ့ သတင်းဋ္ဌိကာ စာအုပ်နဲ့ စံပယ်ဖြူ မဂ္ဂဇင်းမှာ ကျွန်တော် ရေးခဲ့တဲ့ ပူလစ်ဇာ အတ္ထုပ္ပတ္တိမှာ အဲသည်အကြောင်းတွေ ဖော်ပြခဲ့ဖူးတယ်။

ပီငါးလုံးထဲက ကျန်တဲ့ ရည်ရွယ်ချက်တွေကိုတော့ မိမိ သန်ရာသန်ရာ တန်းစီနိုင်ပါတယ်။ Public Service ကိုတော့ အဓိကထားသင့်တယ်လို့ ပြောချင်တာပါ။

ပါလီမန်ခေတ်က သတင်းစာတွေကို လေ့လာရင် စီးပွားရေးလုပ်ငန်းအ နန့် ငွေရှင်ကြေးရှင်တွေက ထုတ်ဝေခဲ့တာမျိုးတွေ တွေ့ရသလို နိုင်ငံရေး ရည်ရွယ်ချ ်နဲ့ ရန်ကုန်သတင်းစာကို ထုတ်ဝေခဲ့တဲ့ ဆရာဦးအောင်မြင်(မြို့မမောင်)လို ပုဂ္ဂိုလ်မျိုးကို လည်း တွေ့ရမှာပါ။ ဆရာ ဗန်းမော်တင်အောင်ဆိုရင်လည်း နိုင်ငံရေး အယူအဆတွေကို



ထုတ်ဖော်ဖို့ လင်းယုန်သတင်းစာကို ထုတ်ဝေခဲ့တယ်။ လက်ဝဲ နိုင်ငံရေး အင်အားစုတွေ ဘက်က ဆရာဦးစောလွင်နဲ့ ဦးမောင်မောင်ခင် (ဦးပြားကြီး)တို့ လမ်းစဉ် သတင်းစာ ထုတ်ခဲ့သလို တည်မြဲဖဆပလဘက်က အတိအလင်း ရပ်တည်ခဲ့တဲ့ ဆရာရန်ကုန်ဘဇော်ရဲ့ မီးဒုတ်သတင်းစာလည်း ထွက်ခဲ့တာပဲဗျ။

လက်ဝဲ လက်ယာ နိုင်ငံရေးအားပြိုင်တဲ့ ခေတ်ကြီးမှာ လက်ယာအုပ်စုတွေဘက်က ဗမာ့ခေတ်၊ မဏ္ဍိုင် စတဲ့ သတင်းစာ ကြီးတွေနဲ့ လက်ဝဲအင်အားစုတွေဘက်က မန္တလေး လူထု၊ လင်းယုန်၊ လမ်းစဉ် စတဲ့ သတင်းစာတွေ အသီးသီး ကလောင်စွမ်းပြခဲ့ကြတာကို ကျွန်တော်တို့ 'နတ်ကရာ ကြည့်မော' ဖြစ်ခဲ့ရတယ်ဗျာ။

ဒီဘက်ခေတ်မှာ ပုဂ္ဂလိက နေ့စဉ် သတင်းစာတွေ မရှိတော့တာ နှစ်ပေါင်း ၄၀ ကျော်မျှ ကြာခဲ့ပြီး အခု ပြန်လည် ထုတ်ဝေခွင့်ပြုတော့မယ်ဆိုရင် ကျွန်တော် စောစောက ပြောခဲ့တဲ့ ပီ ၅ လုံးထဲက ဘယ်လို အမျိုးအစားတွေ ပေါ်ထွက်လာမယ်ဆိုတာ စိတ်ဝင်စားစရာပဲဗျ။ ယနေ့ ဂျာနယ်တွေကို ဖတ်ရှုနေကြတဲ့ စာဖတ်ပရိသတ်ဟာ ပေါ်ထွက်လာမယ့် နေ့စဉ် သတင်းစာတွေရဲ့ ပရိသတ်ဖြစ်လာမှာ သေချာတယ်။ စာဖတ်ပရိသတ်ရဲ့ တရားခွင်မှာ သတင်းစာအသစ်တွေ စိစစ်ခံကြရမှာပါ။

ဒီနေ့ခေတ်မှာတော့ လက်ဝဲ လက်ယာ အားပြိုင်မှု သိပ်ရှိတော့မယ် မထင်ဘူးဗျ။ စာဖတ်သူ ပြည်သူတွေက ပါးနပ်ကြပါတယ်။ တစ်ထွာပြရင် တစ်တောင် မြင်ပါလိမ့်မယ်။ ပါးစပ်ဟတာနဲ့ အူ ဘယ်နှခွေဆိုတာ သိသူတွေ များပါတယ်။

ကျွန်တော်တို့ကတော့ လွတ်လပ်တဲ့ သတင်းစာတွေကို ပိုပြီး မြင်ချင်ပါတယ်။ အာဘော် သတင်းစာတွေကိုလည်း ဖတ်တာတော့ ဖတ်ရမှာပဲ၊ သို့သော် လွတ်လပ်တဲ့ သတင်းစာတွေနဲ့လည်း ပြန်လည် ထိန်းညှိဖို့ လိုမယ်လို့ ယူဆကြောင်းပါဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်။**

*၁၊ ဇွန်၊ ၂၀၁၁။*

*အတွဲ ၁၊ အမှတ် ၄၆။*

○

# သံချောင်းတို့အဖေ

အသက်အန္တရာယ်ဖြစ်နိုင်တဲ့ အခြေအနေတစ်ခုက ကံကောင်းလို့ လွတ်မြောက်လာခဲ့ရင် ကျွန်တော်တို့ မြန်မာလူမျိုးတွေဟာ ရယ်ရယ်မောမော ဟာသကလေးနှောပြီး 'သံချောင်းတို့အဖေ၊ ကံကောင်းလို့ မသေ' လို့ ပြောလေ့ရှိကြတယ်ဗျ။ မကြာသေးခင်က ကြုံခဲ့ရတဲ့ အခန့်မသင့်ရင် သေချင်သေသွားနိုင်တဲ့ ဖြစ်ရပ်ကို ပြီးပြီးပျောက်ပျောက် ဖြစ်သွားပြီး ရယ်ရယ်မောမော ပြန်ပြောနိုင်ကြတာ ကျွန်တော်တို့လူမျိုးပဲ ရှိမယ် ထင်တယ်။

ကျွန်တော်ကတော့ မရယ်နိုင်ပါဘူးဗျာ။ အခု ဆောင်းပါးရေးနေတဲ့အချိန် မတိုင်ခင် ကုန်ခဲ့တဲ့ နှစ်နာရီလောက်၊ ၁၂ ဇွန် ၂၀၁၁ နေ့လယ် ၂ နာရီလောက်က ကျွန်တော်ဟာ ဘတ်စ်ကားပေါ်က တွန်းချခံခဲ့ရတယ်ဗျာ။ ရင်ထဲ အေးခနဲ ဖြစ်သွားပြီး ခြေထောက်တစ်ဖက်တည်းနဲ့ လမ်းပေါ် ကျသွားတယ်။ မနည်း ကိုယ်ကို ဟန်လိုက်တော့မှ တစ်ပတ်လည်ပြီး လဲမသွားအောင် ထိန်းလိုက်နိုင်တယ်။ ကံကောင်းလို့ ဆိုတာထက် ကျွန်တော် သတိကောင်းလွန်းပေလို့ဗျ။ ဒီလို လုပ်တော့မယ် ဆိုတာကို တွက်မိလို့ ကျွန်တော် သတိထား ဆင်းလိုက်ပေလို့သာပေါ့။ နို့မို့ဆိုရင် ကျွန်တော် လဲကျသွားနိုင်တယ်။ သာမန် ပွန်းရုံပဲ့ရုံမက ဒဏ်ရာရနိုင်တယ်။ သည့်ထက်မက ဒဏ်ရာကြီးနိုင်တယ်။ အခန့်မသင့်ရင် နောက်စိနဲ့ကျပြီး ဆရာမြသန်းတင့်တို့လို သေသွားနိုင်တယ်။ ဆရာမြကတော့ အိမ်ပေါ်ကနေ လှေကားက ကျလို့ သေရတာ။ ကျွန်တော်က ဘတ်စကားစပယ်ယာ ပွန်းချလို့ သေရတဲ့မသာ ဖြစ်သွားမယ်။

ကျွန်တော် သေသွားပေမယ့် ကျွန်တော့်ကို တကယ် တွန်းချခဲ့တဲ့ နံပါတ် ၃၉ လိုင်းက စပယ်ယာနှစ်ယောက်အနက် တစ်ယောက်ဟာ ဘာမှ ဖြစ်မှာ မဟုတ်ဘူး။



ဒဏ်ခံရမှာက ဒရိုင်ဘာဖြစ်လိမ့်မယ်။ သူ့အပြစ်က ခရီးသည် သေချာဆင်းလို့ မပြီးသေးခင် မောင်းထွက်သွားတဲ့အမှု ဖြစ်လိမ့်မယ်။ အဲဒါကလည်း အမှန်ပါပဲ။ စပယ်ယာက ကားရဲ့ အတက်အဆင်း လှေကားက မြင့်လွန်းနေလို့ တုန့်နှေးနေတဲ့ ကျွန်တော့်ကို စိတ်မရှည်တဲ့ ကျောကုန်းကို တွန်းချတယ်။ ကျွန်တော် လမ်းပေါ်မရောက်ခင် ကားက လီဘာတင်ပြီး မောင်းထွက်သွားတယ်။ ကျွန်တော်က ဟန်ချက်ပျက်ပြီး ဒီးကျသွားတာပါပဲ။

တကယ်လို့ ကျွန်တော်သာ သေသွားရင် ကြမ္မာငင်တာလို့ ပြောစရာ ဖြစ်မယ်။ ပြည်သူ့ခေတ်ဂျာနယ်အတွက် နောက်ဆက်တွဲတင်ဖို့ ဆောင်းပါးရေးစရာရှိလို့ ဒီနေ့ ဘယ်မှမသွားဘူးလို့ ဆုံးဖြတ်ထားတာ မနက်စောစောမှာ ကျွန်တော့် ခြံစောင့်က ဖုန်းဆက်တယ်။ သူ့သမီးလေး ဆေးရုံတင်ထားရတယ်။ ငွေလိုနေလို့ ဒီနေ့ ခြံကိုလာရင် ငွေကြိုထုတ်ပါရစေတဲ့။ ကျွန်တော့် ဆောင်းပါးတချို့မှာ ရေးခဲ့ဖူးတဲ့အတိုင်း ရန်ကုန်မြို့လယ်ကနေ ၂၃ မိုင်ကွာတဲ့ အမှတ် ၂ လမ်းမကြီး ကားလမ်းဘေး ရွာတစ်ရွာအနီးမှာ ကျွန်တော့် ခြံကလေးရှိတယ်။ ဟင်နရီဒေးဗစ်သောရိုးရဲ့ Walden pond ကို အားကျပြီး ချောင်းကလေး တစ်ခုရဲ့ ဘေးကပ်လျက်နေရာမှာ စိုက်ပျိုးခြံတစ်ခု ထူထောင်နေတာ ခုနစ်နှစ်ရှိပြီ။ စနေ တနင်္ဂနွေ ရက်တွေမှာ ကျွန်တော် သွားလေ့ရှိတယ်။ ဆောင်းပါးရေးစရာ ရှိလို့ ဒီနေ့တော့ မသွားတော့ဘူးလို့ နေနေရာက ခြံစောင့်ရဲ့ အကြားချက်ကြောင့် မနေသာဘဲ သွားလိုက်ရတယ်။ အပြန်မှာ ဒိုင်နာလိုင်းကားတစ်ဆင့် စီးလာပြီး သယ်နန်းကျွန်း စံပြဈေးကနေ ၃၉ လိုင်းကားကို ပြောင်းစီးလာခဲ့တယ်။ နေ့လယ်အချိန်ဆိုတော့ လူမကျပ်ဘူး။ ထိုင်စရာနေရာတောင်ရပါတယ်။ ကျွန်တော်က နောက်နားက လွတ်တဲ့ ထိုင်ခုံတစ်ခုမှာ ထိုင်နေတော့ အတက်အဆင်း တံခါးပေါက်က မြင်ကွင်းကို အတိုင်းသား မြင်နေရတယ်။ စပယ်ယာ နှစ်ယောက်ဟာ တစ်ယောက်က ငွေခေါ် တစ်ယောက်က တက်လာသူ ခရီးသည်တွေကို ဆွဲတင်ပေးနေတယ်။ ဆွဲတင်ပေးနေရတယ် ဆိုကတည်းက ကားဟာ အတော်မြင့်နေတယ်ဆိုတာ တွက်မိမှာပေါ့။ အဲ ဆွဲတင်တာတော့ ထားတော့၊ ဆင်းတဲ့ လူတွေကို ကျောကနေ တွန်းချနေတာလည်း တွေ့နေရတယ်။ သူတို့ ကြည့်ရတာ လောဆော်နေသလိုပဲ။ တစ်နေရာရာကို သတ်မှတ်အချိန်အမီရောက်အောင် သွားဖို့အရေးကြီးနေသလိုပဲ။ ဆင်းနေသူတွေဟာ လူငယ်လည်း ပါတယ်၊ လူကြီးတွေလည်း ပါတယ်။ သူတို့ဟာ ဘယ်သူ့ကိုမှ စိတ်မရှည်နိုင်သလို ဖြစ်နေတယ်။ အပြေးအလွှား မသွားမလာနိုင်သူတွေကို အတင်း လောဆော်နေတယ်။

ကျွန်တော်က အနော်ရထာလမ်းပေါ် ဘားလမ်းမှတ်တိုင်လို့ခေါ်တဲ့ မဟာဗန္ဓုလ လမ်းမှတ်တိုင်မှာ ဆင်းရမယ်။ စပယ်ယာက ဗိုလ်အောင်ကျော်လမ်း အလွန်လောက် ကတည်းက အော်နေတယ်။ ဘားလမ်းပါလားဆိုတော့ ကျွန်တော်က ဘားလမ်းပါတယ်

ပြောလိုက်ရုံရှိသေး။ ကျွန်တော်ကို လာ လာ လာ လို့ အပေါက်ဝကို ထလာဖို့ ခေါ်နေတယ်။ ဒါပေမဲ့ ပန်းဆိုးတန်းမီးပွိုင့်မှာ မီးနီမိနေတာဆိုတော့ ကျွန်တော်က မှန်မှန်ပဲ ထပြီး သွားတယ်။ ကျွန်တော့် ညာဘက်ဒူးကလည်း လှေကားမြင့်မြင့်တောင် မတက်နိုင် လောက်အောင် နာနေလို့ပါ။ စပယ်ယာက ကျွန်တော့်ကို လက်နဲ့ ဆွဲခေါ်တော့မလောက် လောနေတာ တွေ့ရတယ်။ 'ဘားလမ်း တစ်ယောက်တည်း ဆင်းမယ်၊ ယောက်ျားလေး' လို့ အော်သံကြားလိုက်ကတည်းက 'ဆင်းမယ့်လူဟာ ယောက်ျားလေး ဖြစ်တယ်၊ မိန်းမတွေလို ဆင်းပြီးတာ သေချာအောင် စောင့်နေစရာ မလိုဘူး' လို့ စပယ်ယာက အရိုင်ဘာကို အချက်ပေးလိုက်တာလို့ ကျွန်တော် နားလည်လိုက်တယ်။ ဒါကြောင့်လည်း ကျွန်တော်က သတိကြီးစွာ ထားလိုက်မိတာပါ။ ဒါပေမဲ့ လှေကားထစ်တွေကလည်း မြင့်နေ၊ နောက်ဆုံး လှေကားထစ်ကနေ လမ်းပေါ်ဆင်းရမယ့် အကွာအဝေးကလည်း မြင့်နေလေတော့ ကျွန်တော် ခပ်ဆိုင်းဆိုင်းဆင်းနေချိန်မှာ ကိုယ်တော်ချောက နောက်ကနေ ကျောကို တွန်းချလိုက်တာပါပဲဗျာ။ ကျွန်တော် အခု အသက် ၆၆ နှစ် ကျော်ပါပြီ။ လူငယ် ယောက်ျားလေးလည်း မဟုတ်တော့ပါဘူး။ တကယ်ကတော့ လူကြီးဖြစ်စေ၊ လူငယ်ဖြစ်စေ၊ ခရီးသည်ကို ကားပေါ်က မြန်မြန် ဆင်းအောင် တွန်းချတာကတော့ ဘယ်သူ့ကိုမှ မလုပ်သင့်တဲ့ အပြုအမူမျိုးပါ။ ကားဆရာတွေက လှည့်တောင် မကြည့်ဘူး။ ခရီးသည်ကို ခုလို တွန်းချနေတာ အပြစ်ကြီးတစ်ခုကို ကျူးလွန်နေတာပဲ ဆိုတာကိုတောင် သူတို့ သဘောထားရဲ့လား မသိပါဘူးဗျာ။ တွန်းချခံရတဲ့လူ အကျမတော်ဘဲ လဲကွဲကျန်ရစ်ရင်တောင် သိကြမယ်မထင်ဘူး။ ကျွန်တော် ကားနံပါတ်တော့ မှတ်ထားလိုက်ပါတယ်။ ဒါပေမဲ့ ကျွန်တော် ဒီကားတစ်စီးတည်းကို အမှုမလုပ်ချင်ပါဘူး။ ဒါမျိုးတွေဟာ လိုင်းကားတိုင်းလိုလိုမှာ ဖြစ်နေတာပါ။ ကျွန်တော်တို့လည်း ဆောင်းပါးတွေ ရေးခဲ့ပေါင်းများပါပြီ။ တခြား ဆောင်းပါးရှင်တွေ၊ သတင်းထောက်တွေလည်း ရေးဖူးပေါင်းများပြီ။ ခရီးသည်တွေရဲ့ ရင်ဖွင့်သံတွေလည်း မနည်းမနော များလှပြီ။ မော်တော်ယာဉ် လိုင်းပေါင်းစုံ ထိန်းသိမ်းရေး ကော်မတီက တိတိကျကျ အရေးယူနေတာတွေလည်း ကျွန်တော်တို့ သိတယ်။ ကားမောင်းခွင့် ယာဉ်လိုက်ခွင့် တစ်လ ပိတ်တာ၊ နှစ်လ ပိတ်တာ၊ ဘယ်ယာဉ်လိုင်းမှာမှ ယာဉ်မောင်း၊ ယာဉ်နောက်လိုက် လုပ်စားခွင့် မရှိစေရလို့ ပိတ်ပစ်တာတွေလည်း တွေ့နေရတာပါပဲ။

သို့ပေမယ့် ဘယ်လောက်ပဲ အရေးယူယူ၊ လူဆိုတာမျိုးက ခက်သားကလားဗျာ။ စရိုက်ကြမ်းသူတွေ၊ လူလူချင်း စာနာစိတ် မရှိသူတွေဟာ ပြုပြင်ဖို့ အတော် မလွယ်ပါဘူး။ ဟိုး လွန်ခဲ့တဲ့ နှစ် ၄၀ လောက်က သက်ကြီးရွယ်အို ပညာရှင် စာရေးဆရာကြီး အဂ္ဂနိဦးစန်းငွေကို ထိုးကြိတ်ရန်ပြုခဲ့တဲ့ စပယ်ယာခေတ်ကနေ အခု စာရေးဆရာ မောင်ဝံသကို တွန်းချသူ ခေတ်အထိ ဘာမှမပြောင်းလဲပါဘူး။ သူတို့ကို ပြစ်ဒဏ်ပေးရုံနဲ့



ဆောင်ကြည့်ပြီး အသိတရား ရလာကြလိမ့်မယ်လို့ ကျွန်တော် မထင်ဘူး။ သူတို့ရဲ့ ဘဝတွေကိုပါ ပြောင်းလဲဖို့ လိုတယ်။ ဘဝတွေမြင့်လာမှ သူတို့ရဲ့ အသိဉာဏ်တွေလည်း မြင့်မားလာမယ်လို့ ကျွန်တော် ယုံကြည်တယ်။ လောလောဆယ် လက်တွေ့ကျတာကတော့ ခရီးသည်တင် ဘတ်စကားလိုင်းတွေမှာ ယာဉ်စီးရေ အလုံအလောက် ဖြည့်တင်ပြီး စပယ်ယာလိုက်ပါစရာမလိုတဲ့ ပိုက်ဆံသိမ်းစနစ် ကျင့်သုံးဖို့ကို စိုင်းပြင်းသင့်ပါတယ်။

ကျွန်တော်ဆိုရင် နိုင်ငံခြားတွေ အတော် ရောက်ဖူးခဲ့ပါတယ်။ ခရီးသွားလာရေးမှာ အများပြည်သူသုံး ယာဉ်ရထားစနစ်တွေကို အစိုးရများက အထူး အလေးပေးတယ်။ စနစ်တွေ ကောင်းတဲ့အတွက် ဘယ်လောက် အဆင်ပြေ စိတ်ချမ်းသာရတယ်ဆိုတာ ကိုယ်တွေ့ကြုံခဲ့တာပါ။ သို့ပေမယ့် အနောက်နိုင်ငံတွေနဲ့ ယှဉ်မပြောချင်ပါဘူး။ ကိုယ့်အိမ်နီးချင်း ထိုင်း၊ စင်ကာပူ၊ မလေးရှားတို့နဲ့ပဲ ယှဉ်ပြီး ကြည့်စေချင်တယ်။ စင်ကာပူမှာ ဘတ်စကားလိုင်းတွေဟာ စံပါပဲဗျာလို့ ပြောလောက်အောင် ကောင်းတယ်။ အချိန်မှန်တယ်။ တိကျတယ်။ ယာဉ်မောင်းပဲ ရှိတယ်။ ယာဉ်နောက်လိုက် မပါဘူး။ ပါရာလည်း မလိုဘူးလေ။ ပိုက်ဆံလိုက်သိမ်းစရာမှ မလိုတာ။ ခရီးသည်တွေဟာ ဘူတာရုံလို နေရာတိုင်းမှာ ရှိတဲ့ ငွေသွင်းစက်တွေထဲ ငွေသွင်းပြီး ယာဉ်စီး ကတ်ပြားကို အသက်ဝင်အောင် လုပ်ထားတယ်။ ကားပေါ်တက်ရင် အဲဒီကတ်ပြားကို ကားရဲ့ ရှေ့ပေါက် အတက်တံခါးက လက်မှတ်စစ်စက်ခလုတ်မှာ ကတ်ပေးလိုက်ရုံပဲ။ ဆင်းရင် နောက်ပေါက် တံခါးနားက လက်မှတ်စစ် စက်ခလုတ်မှာ ကတ်လိုက်ရင် ကိုယ်စီးလာတဲ့ ခရီးအတိုင်း ငွေနုတ်ယူလိုက်တာပဲ။

ခရီးသည်ဟာ ယာဉ်မောင်းနဲ့ ဘာစကားမှ ပြောစရာမလိုဘူး။ ကိုယ် ဆင်းချင်တဲ့ မှတ်တိုင်ပါရင် ကားဘေးနံရံမှာ ရှိတဲ့ ခလုတ်လေးကို ကိုယ် ဆင်းချင်တဲ့ မှတ်တိုင် ရောက်ခါနီး နှိပ်ပေးလိုက်ရုံပဲ။ အင်မတန်မှ ရှင်းတယ်။ ယာဉ်မောင်းတွေကလည်း စားတွေချည်းပဲ။ ရတဲ့လခက မိသားစုတစ်စုရဲ့ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးစရိတ် ကောင်းကောင်း ဖူလုံတယ်။ အဲသလို ယာဉ်မောင်းမျိုးဟာ ဘယ်လိုနည်းနဲ့မှ ရိုင်းပြစရာ မရှိတော့ဘူး။ ယာဉ်ပိုင်ရှင်အတွက်နဲ့ သူ့အတွက် ဘာတက်ပြီး သူ့ထက်ငါ လူပိုရအောင် လုမောင်းစရာလည်း မလိုဘူး။

ယဉ်ကျေးမှုဆိုတာ တကယ်ကတော့ အလေ့အကျင့်ပါပဲ။ လောဘ၊ ဒေါသ ပါးအောင် ဖန်တီးပေးထားတဲ့ အခြေအနေတွေကြောင့် သူတို့ဆီက ဘတ်စကား ယာဉ်မောင်းတွေဟာ ကိုယ့်တာဝန် ကိုယ်ကျေပွန်ဖို့ပဲ ဂရုစိုက်ကြတာ တွေ့ရတယ်။ ည်ရည်နဲ့ တာဝန်ကျေပွန်ပုံကို ကျွန်တော်ကိုယ်တိုင် စင်ကာပူမှာ၊ အမေရိကန်မှာ၊ ဥရောပမှာ၊ ဂျပန်မှာ မျက်ဝါးထင်ထင် တွေ့ခဲ့တာတွေ ရှိတယ်။ ဥပမာ-ဘီးတပ်ကုလားထိုင်နဲ့ မသန် ခရီးသည်တွေကို ဘတ်စကား ပေါ်တင်တာ၊ ပြန်အဆင်းမှာ ဂရုတစိုက်

ဆင်းပေးတာတွေဟာ ချီးကျူး အံ့သြလောက်တယ်။ ကျွန်တော် အပါအဝင် ခရီးသည်တွေဟာ ဘတ်စ်ကား ဒရိုင်ဘာ အဲဒီကိစ္စတွေ ဆောင်ရွက်ပြီးသည်အထိ အတက် ၃ မိနစ်၊ အဆင်း ၃မိနစ်စီလောက် စောင့်နေကြရတယ်။ ဘယ်သူမှ စိတ်မရှည်တဲ့ အသံနဲ့ ဘာလုပ်နေတာလဲကွ မပြီးသေးဘူးလားကွလို့ မအော်ဘူး။ ဘဝကံ မကောင်းလို့ ခြေထောက်မသန်ဘဲ ဘီးတပ်ကုလားထိုင်နဲ့ သွားလာနေရသူကို ယာဉ်မောင်းက တာဝန်ကျေပွန်စွာ ကူညီနေတာကို စိတ်ရှည်ရှည်နဲ့ စောင့်နေကြတယ်။ အဲသလို ဆောင်ရွက်ပေးနေတဲ့ ယာဉ်မောင်းတွေရဲ့ မျက်နှာကိုလည်း ကျွန်တော် သတိထား စောင့်ကြည့်ဖူးတယ်။ သည်မစွမ်းမသန် ငနဲကလည်း အလုပ်ရှုပ်ရန်ကောဆိုပြီး စိတ်မရှည်တဲ့ မအီမသာမျက်နှာကြီး ဖြစ်နေသလား။ အလုပ်ပိုတစ်ခုကို မလွှဲသာလို့ လုပ်ပေးနေရတဲ့ အင်တင်တင် အမူအရာ ဖြစ်နေသလား။ ကားပေါ်မှာ သူ့ကို စောင့်ကြည့်နေတဲ့ အာဏာပိုင် သတင်းပေးတစ်ယောက်ယောက်ပါလာလို့ ထိတ်လန့်ပြီး လုပ်ပေးနေတဲ့ အမူအရာပေါ်နေသလား။ ဘာအမူအရာမှ မပေါ်ပါဘူးဗျာ။ ကားမောင်း နေတုန်းက မူလမျက်နှာအတိုင်းပဲ။ သူ လုပ်ဆောင်ရမယ့် ပုံမှန် အလုပ်တစ်ခုကို တာဝန်ကျေကျေ ဂရုတစိုက် လုပ်နေသလို လုပ်သွားတာပဲ ဆိုတာ အထင်အရှား တွေ့ရတယ်။ အဲသလို စိတ်ထားတွေ ထားတတ်ကြလို့လည်း သူတို့ နိုင်ငံတွေ ဖွံ့ဖြိုး တိုးတက်နေတာပေါ့ဗျာ။

နိဂုံးချုပ်ကတော့ မောင်ဝံသတစ်ယောက် ဒီနေ့ 'သံချောင်းတို့ အဖေ' ဖြစ်ခဲ့ပါပြီ။ မောင်ဝံသနည်းတူ ကြုံရဆဲ ကြုံရလတ္တံ့ ပြည်သူပေါင်း များစွာလည်း အမြန်ဆုံး အဖွဲ့ရာယ် ကင်းနိုင်ကြပါစေ။

**ပြည်သူ့ခေတ်ဂျာနယ်။**
*၁၂၊ ဇွန်၊ ၂၀၁၁။*
*အတွဲ ၁၊ အမှတ် ၄၇။*

○

# စွင့်လန်းလာတဲ့ ပြောရေးဆိုခွင့်

ဆရာမကြီးဒေါက်တာမြင့်မြင့်ခင်ရဲ့ဆောင်းပါးတွေကို ပြည်သူ့ခေတ်ဂျာနယ် ပရိသတ်များ သတိထား စောင့်ဖတ်နေကြတယ်ဆိုတာ သိရလို့ ကျေနပ်အားရ ဂုဏ်ယူမိပါတယ်ဗျာ။ ဆရာမကြီးက နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ရဲ့ မိန့်ကြားချက်များကို ကြည်လင်ဖြောင့်မတ်တဲ့ စိတ်ထားနဲ့ ကြိုဆိုပြီး ပြောသင့်ပြောထိုက်တဲ့ အချက်တွေကို စေ့စေ့စပ်စပ် ရေးသား တင်ပြသွားတာ အင်မတန်မှ မှတ်သားထိုက်ပါပေတယ်ဗျာ။ ပြည်သူ့ခေတ် ဂျာနယ်ဟာ ဆရာမကြီး ဒေါက်တာဒေါ်မြင့်မြင့်ခင်ရဲ့ ဆောင်းပါးများကြောင့် ပို၍ ဂုဏ်တက်ခဲ့ရပါတယ် ခင်ဗျ။

၁၆ ဇွန် ၂၀၁၁ နေ့ထုတ် ပြည်သူ့ခေတ် ဆောင်းပါးမှာ ဆရာမကြီးက 'မွန်မြတ်တဲ့ အနုပ်တရားတွေ အပြည့်ပါတဲ့ သမ္မတကြီးရဲ့ သိမ်မွေ့နူးညံ့တဲ့ မိန့်ခွန်းဟာ အဆိုအမိန့် သက်သက်မဟုတ်ဘဲ နောက်မှာ 'လက်'လည်း ပါလာမယ်လို့ ယုံကြည်ကိုးစားပြီး စောင့်မြဲပြတာပါ'လို့ ရေးလိုက်တာဟာ အပြောချည်းမဟုတ်ဘဲ လက်တွေ့ အလုပ်တွေ ဆက်လုပ်လာကြလိမ့်မယ်လို့ ဆရာမကြီးရဲ့ ယုံကြည်ချက်ကို ပွင့်ပွင့်လင်းလင်း ဖော်ပြလိုက်တာပဲဗျ။

လက်တွေ့လုပ်ငန်းတွေ အကောင်အထည်ဖော်တဲ့နေရာမှာ efficiency ရှိဖို့ အရေးကြီးပုံကိုလည်း ဆရာမကြီးက တည့်တည့်ပဲ ထောက်ပြပါတယ်။ ပထမအကြိမ် လွှတ်တော်မှာ အဆို ၃ ခုပဲ အတည်ပြုနိုင်ခဲ့တဲ့ အချက်ကို ရည်ညွှန်းပြီး 'လွှတ်တော် တစ်ကြိမ်မှ ဒီနှုန်းနဲ့ သွားနေရင် လွှတ်တော် ဆယ်ကြိမ်မှသာ အဆို ၃၀ ပြီးတော့မယ်၊ ဒါကတော့ ဘယ်လိုပဲပြောပြော efficiency မရှိဘူးလို့ပဲ ပြောရမှာပဲ'လို့ ဆရာမကြီးက ဆိုထားတယ်။ (အရင်ကဆိုရင် သည်လို အပြောအဆို အရေးအသားမျိုးကို ကျွန်တော်တို့

ဖော်ပြခွင့်မရခဲ့ကြပါဘူး ခင်ဗျာ။ အခု ဒါမျိုးတွေကို ဖော်ပြခွင့်ရလာတာကို တိုးတက်မှုလို့ပဲ သဘောထားပြီး ကြိုဆိုလိုက်ပါတယ်။)

ဆရာမကြီးက efficiency ကို တိုက်ရိုက်ဘာသာမပြန်ဘဲ အဓိပ္ပာယ် ဖွင့်ဆိုချက်တွေနဲ့ ပြောသွားတယ်။ efficiency မရှိခြင်း ဆိုတာ အတွေ့အကြုံ မရှိ၊ မကျွမ်းကျင်၊ မလုပ်တတ်တာလို့ ဖွင့်ဆိုပါတယ်။ ကျွန်တော်တို့ တိုင်းပြည်မှာ တကယ်တမ်း efficiency ရှိသူတွေ၊ လူတော်တွေ အရေးတကြီး လိုအပ်နေတာကို သတိပေးလိုက်တာပဲဗျ။

အာဏာသိမ်းပြီး တိုင်းပြည်ခေါင်းဆောင်လုပ်ခဲ့သူ တစ်ယောက်က 'လူတော် လူကောင်း' ဆိုတဲ့ ဆိုရိုးဆိုစဉ်စကားကို 'လူကောင်းလူတော်' လို့ ပြောင်းလဲ သုံးနှုန်းဖို့ အဆိုပြုခဲ့ဖူးတာ မှတ်မိကြမှာပေါ့ ခင်ဗျာ။ 'တော်ပြီး မကောင်းရင် အလကားပဲ၊ ကောင်းဖို့က အဓိက၊ ကောင်းတဲ့လူကို တော်အောင်လုပ်လို့ရတယ်' လို့ ထိုပုဂ္ဂိုလ်က ညွှန်ကြားချက်ခဲ့သေးတယ်ဗျ။ ဘာပြောကောင်းမလဲ၊ ကျွန်တော်တို့ စာပေတွေ ရေးတဲ့အခါမှာတောင် လူတော်လူကောင်းလို့ မရေးရတော့ဘူးဗျာ။ လူတော်ကို ရှေ့မှာထားတာ လုံးဝ ခွင့်မပြုခဲ့တဲ့ နှစ်ကာလများကို ကျွန်တော်တို့ ဖြတ်သန်းခဲ့ရပါသော်ကော။ ထိုပုဂ္ဂိုလ်ဟာ ပညာတတ်တွေအပေါ် အာဃာတလည်း ကြီးမားခဲ့ပုံရတယ်။ ကျွန်တော်တို့ရဲ့ ဆရာ၊ ပညာရှင်ကြီးတစ်ဦးကို ရည်ညွှန်းပြီး 'မကျက်တကျက်ပေါင်မုန့်' လို့ တိုင်းသိပြည်သိ နှုတ်ထွက်စကား ပြောခဲ့ဖူးတယ်ဗျာ။ အဲဒီခေတ်ကဆို ပညာတွေ တတ်ထားမိခြင်းသည်ပင် အပြစ်ရှိသလို ဖြစ်နေခဲ့တယ်ဗျ။

ကျွန်တော်က ၁၉၈၄ မှာ 'အတွေးအမြင်' စာစောင် စထုတ်တယ်။ ပရိသတ်လက်ခံလို့ အောင်မြင်လေတော့ ၁၉၈၅ မှာ 'လူချွန်လူကောင်း' ဆိုတဲ့ နာမည်နဲ့ မဂ္ဂဇင်းတစ်စောင် ထုတ်ဖို့ ကြိုးစားတယ်။ စာဆိုကြီး ဆရာမြို့မငြိမ်းရဲ့ သီချင်းစာသားတွေကို မဂ္ဂဇင်းရဲ့ မူဝါဒလုပ်ပြီး တင်ပြခဲ့တာပါ။ မြန်မာနဲ့ ကမ္ဘာအနှံ့က စံနမူနာယူ အားကျလောက်တဲ့ ထူးချွန်သူ ပုဂ္ဂိုလ်ကျော်များရဲ့ အတ္ထုပ္ပတ္တိတွေကိုချည်း စုဆောင်းရေးသား ဖော်ပြတဲ့ မဂ္ဂဇင်းပါ။ သို့သော် မရပါဘူး။ ဝမ်းနည်းပါတယ်တဲ့။ လူချွန် ဆိုတာလည်း လူတော်ကို ပြောတာပဲတဲ့။ သည်တော့ စာအုပ်နာမည်ကို 'လူကောင်းလူချွန်' လို့ ရှေ့နောက် ပြောင်းပေးရမယ်တဲ့ဗျာ။ နောက်ဆုံးတော့ တောင်းတောင်းပန်ပန်နဲ့ 'လူချွန်လူမွန်' လို့ပဲ မှည့်ခေါ်ပါရစေလို့ လျှောက်လဲတော့မှ ရပါတော့တယ်။ ဒါပေမဲ့ ကျွန်တော့်ရဲ့ 'လူချွန်လူမွန်' မဂ္ဂဇင်းလေးဟာ ပရိသတ်များက အားပေးသော်လည်း လေးငါး အုပ်လောက်ပဲ ထွက်ပြီး ကျွန်တော့်ဘာသာ ရပ်ပစ်လိုက်ရပါတယ်။ ဘာကြောင့်လဲ ဆိုတော့ မြန်မာပြည်တွင်းက လူချွန်လူမွန်တွေအကြောင်း ရေးရင် ပိတ်ဟယ် ဆို့ဟယ်တွေ များလွန်းလို့ နိုင်ငံခြားက လူချွန်လူမွန်တွေ အကြောင်းချည်း ရေးနေရတာကို ကျွန်တော့်စိတ်ထဲ မလုံမလဲ ဖြစ်လာလို့ပါပဲဗျာ။ ခုတော့ ကျွန်တော်တို့ 'လူတော်



လူကောင်း' လို့ ဆိုရိုးဆိုစဉ်အတိုင်း ရေးလို့ရနေပါပြီ။ ဆရာမကြီးဒေါ်မြင့်မြင့်ခင် ပြောတဲ့ efficiency ရှိဖို့ အရေးကြီးတဲ့ အကြောင်းကိုလည်း ဂျာနယ်မှာ မဖြတ်မတောက် ထည့်သွင်းလို့ရနေပါ ပြီ။ သည့်ထက် သည် efficiency ပို၍ ပို၍ ရှိလာရင်မြင်း တိုင်းပြည်ဟာ လမ်းကြောင်းမှန်ပေါ် ရောက်တော့မည်မှာ မလွဲပါလို့ ပြောနိုင်ပါတော့မယ်။

နောက်ထပ် ပွင့်လန်းလာမှု သာဓကအဖြစ် မြန်မာ- အမေရိကန်ဆက်ဆံရေး အခြေအနေအပေါ် နိုင်ငံရေးသမားများရဲ့ ထင်မြင်ချက်တွေကို ပြည်သူ့ခေတ်ဂျာနယ်က ဖော်ပြနိုင်ခဲ့တာကို ရည်ညွှန်းချင်တယ်ဗျာ။ အချိန်ကလေးယူပြီး ဖတ်ကြည့်ကြဖို့ တိုက်တွန်းချင်ပါတယ်။

ကျွန်တော်ကတော့ ဒီအပတ်မှာ ရန်ကုန်တိုင်းမ် ဂျာနယ်က မေးမြန်းတာကို ဖြေခဲ့တယ်။ ရန်ကုန်တိုင်းမ်မှာ ဖော်ပြပါရှိခဲ့တဲ့ ကျွန်တော့် ထင်မြင်ချက်အချို့ကို ပြည်သူ့ခေတ်ဂျာနယ် ပရိသတ်များအတွက် ပြန်လည် ဖော်ပြလိုက်ပါတယ်။

### အမေရိကန်-မြန်မာ ဆက်ဆံရေး

*အမေရိကန် ပြည်ထောင်စုဟာ သူတို့ အစဉ်အဆက် ကိုင်စွဲခဲ့တဲ့ မူဝါဒအရ မြန်မာပြည်သူတွေရဲ့ ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေး လှုပ်ရှားမှုများကို စိုက်လိုက်မတ်တတ် ထောက်ခံအားပေးခဲ့တယ်။ မြန်မာစစ်အစိုးရနဲ့ ၁၉၈၈ ခုကစပြီး ပုံမှန်ဆက်ဆံရေးတွေ လျှော့ချခဲ့တယ်။ သံအမတ်ကြီးအဆင့် မထားတော့ဘဲ သံရုံး ယာယီ တာဝန်ခံ သံမှူးအဆင့်ပဲ ထားလာတယ်။ မြန်မာနိုင်ငံ နာမည်ကို Myanmar လို့ ပြောင်းလဲတာကို အသိအမှတ်မပြုဘဲ Burma လို့ပဲ ဆက်ခေါ်နေခဲ့တယ်။ နောက် ၁၉၉၃ လောက်ကစပြီး မြန်မာနိုင်ငံအပေါ် ပိတ်ဆို့ အရေးယူမှုတွေ ချမှတ်တယ်။ နိုင်ငံရေးအရ ဖိအားတွေ ပေးခဲ့တယ်။*

*အဲဒီ အချိန်ကာလတွေမှာ တရုတ်ပြည်က မြန်မာအစိုးရကို နိုင်ငံတကာ စင်မြင့်တွေမှာ လုံးဝဥဿုံ ထောက်ခံ အားပေးခဲ့တယ်။ တရုတ်ပြည်ဟာ နိုင်ငံရေးအရ ထောက်ခံရုံမကဘူး။ စီးပွားကုန်သွယ်ရေးမှာလည်း မြန်မာအစိုးရနဲ့ အပေးအယူတွေ အများကြီးရှိခဲ့တယ်။ ခုဆိုရင် မြန်မာနိုင်ငံနဲ့ ကုန်သွယ်မှုမှာ တရုတ်က ပမာဏ အကြီးမားဆုံး ဖြစ်လာနေပြီ။*

*အမေရိကန် နိုင်ငံခြားရေးဌာနက ဟီလာရီကလင်တန်ဝန်ကြီး ဖြစ်လာချိန်ကစပြီး မြန်မာနိုင်ငံပေါ်လစီကို ပြန်သုံးသပ်နေခဲ့တယ်။ အချုပ်ပြောရရင် အမေရိကန် နိုင်ငံခြားရေးဌာနက မြန်မာနဲ့ ပြန်လည် ဆက်ဆံချင်တယ်။ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး ပြဿနာတွေကိုလည်း ဆက်ဖိအားပေးမယ်၊ လက်တွေ့ကျတဲ့ ဆက်ဆံရေးလည်း ပြန်ကြိုးစားမယ်လို့ နှစ်လမ်းသွား ရည်ရွယ်ခဲ့ပုံရတယ်။*

အမေရိကန် ကွန်ဂရက်လွှတ်တော်အပိုင်းကတော့ မြန်မာနိုင်ငံမှာ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး အခြေအနေတွေ ကျေနပ်လောက်အောင် တိုးတက်မှု မရှိသေးရင် ပိတ်ဆို့အရေးယူမှုကိုပဲ လက်နက်အဖြစ်သုံးပြီး ဖိအားဆက်ပေးသွားဖို့ လိုလားတယ်။ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး အခြေအနေတွေကို သူတို့က ဘာနဲ့ တိုင်းတာသလဲဆိုရင် ဒီမိုကရေစီ အင်အားစုတွေနဲ့ တိုင်းရင်းသား လူမျိုးစုတွေနဲ့ တွေ့ဆုံ ဆွေးနွေးဖို့ နိုင်ငံရေးပါတီများ လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်ရှိဖို့ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုဖို့ဆိုတဲ့ အချက်တွေနဲ့ တိုင်းတာတယ်။

အခု မြန်မာနိုင်ငံမှာ အရပ်သား အစိုးရသစ် ဖွဲ့စည်းလိုက်တဲ့ နောက်ပိုင်း အမေရိကန်က အဆင့်မြင့်သံတမန်တွေ၊ ဂျွန်မက်ကိန်းလို ပုဂ္ဂိုလ်တွေ လာရောက် လည်ပတ်တာ၊ အစိုးရပိုင်းနဲ့ရော နိုင်ငံရေး ခေါင်းဆောင်တွေနဲ့ရော ဆွေးနွေးသွားကြတာ တွေဟာ အင်မတန် ကောင်းတဲ့ လက္ခဏာပဲ။ ရှေ့ဆက်ပြီး အမေရိကန်နဲ့ မြန်မာ ဆက်ဆံရေးဟာ အပြုသဘောဆောင်တဲ့ဘက်ကို ဦးတည်မိနေပြီလို့ ကျွန်တော် ထင်ပါတယ်။ မြန်မာအစိုးရအနေနဲ့ ဖမ်းဆီးထားတဲ့ နိုင်ငံရေးတက်ကြွလှုပ်ရှားသူတွေကို ပြန်လွှတ်ပေးတာမျိုး၊ အတိုက်အခံ ဒီမိုကရေစီ အင်အားစုတွေနဲ့ တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်တွေနဲ့ တွေ့ဆုံဆွေးနွေးတာမျိုး လုပ်ပြီဆိုတာနဲ့ အမေရိကန် အပါအဝင် ကမ္ဘာ့နိုင်ငံတွေက ချက်ချင်း အပြုသဘော တုံ့ပြန်လာကြမယ်လို့ ကျွန်တော် ယုံကြည်တယ်။

## အကျိုးအမြတ်

မြန်မာနိုင်ငံဘက်က အကျိုးအမြတ်ကတော့ ကမ္ဘာ့အလယ်မှာ နိုင်ငံရေးအရ ပြန်လည် ဝင်ဆန့်လာမယ်။ မြန်မာနိုင်ငံဟာ ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းနေပြီ တကယ်ပဲ အသွင်ကူးပြောင်းရေး ကာလကို ဖြတ်သန်းနေတယ်လို့ ကမ္ဘာ့နိုင်ငံ အများစုက လက်ခံလာကြတယ်ဆိုရင်ပဲ ဂုဏ်သိက္ခာအရ အရင်ကနဲ့ အများကြီး ကွာခြားသွားပြီလို့ ပြောနိုင်တာပေါ့။ မကြာသေးခင်ကပဲ အာဆီယံ အလှည့်ကျ ဥက္ကဋ္ဌနေရာကို လာအိုနေရာမှာ မြန်မာက တာဝန်ယူဖို့ အဆိုပြုတုန်းက မြန်မာနိုင်ငံမှာ သိသာထင်ရှားတဲ့ ပြုပြင်ပြောင်းလဲရေးတွေ မရှိသေးရင် အာဆီယံ ဥက္ကဋ္ဌနေရာနဲ့ မတန်သေးဘူးလို့ ပြောကြတာတွေ ရှိခဲ့တယ်။ အမေရိကန်လို ဒီမိုကရေစီ ရှေ့ဆောင် နိုင်ငံကြီးက မြန်မာနိုင်ငံရဲ့ ခြေလှမ်းတွေကို ကြိုဆို အားပေးလာပြီဆိုရင် ခုနလို ဝေဖန် ခံရတာမျိုးတွေ လျော့နည်းသွားမှာပဲပေါ့။

မြန်မာနဲ့ ပြေလည်သွားပြီး ပိတ်ဆို့အရေးယူထားတာတွေ အမေရိကန်က ရုပ်သိမ်းလိုက်မယ်ဆိုရင် မြန်မာထုတ်ကုန်တွေ အမေရိကန်ဈေးကွက်ထဲ ဝင်တိုးနိုင်မယ်။



အမေရိကန်ဈေးကွက်က အကြီးကြီးဆိုတော့ မြန်မာရတဲ့ ခွဲတမ်းကလည်း မနည်းဘူး ဖြစ်မယ်။ အများကြီးအကျိုးရှိနိုင်တယ်။ ပြီးတော့ နည်းပညာ အကူအညီတွေ၊ ပညာရေး ကျန်းမာရေး အထောက်အပံ့တွေ၊ ယဉ်ကျေးမှု ဖလှယ်တာတွေ အမေရိကန်ဆီက အများကြီးရလာမှာ ဖြစ်တယ်။

အမေရိကန်နဲ့ ပုံမှန်ဆက်ဆံရေး ပြန်လည် ထူထောင်နိုင်ရင် မြန်မာနိုင်ငံအဖို့ အကျိုးရှိဖို့ဘက်က ပိုများတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း ပထဝီ နိုင်ငံရေးအရ အိမ်နီးချင်းတွေနဲ့ နှစ်အိမ်တစ်အိမ် ဆက်ဆံရေး ထူထောင်ထားသလို ကမ္ဘာ့ ရှေ့ဆောင်နိုင်ငံကြီးတွေ၊ ဥရောပသမဂ္ဂလို နိုင်ငံစုတွေနဲ့ ရွှေလမ်းငွေလမ်း ဖောက်ထားဖို့ အလွန်အရေးကြီးပါတယ်။

အမေရိကန်ရဲ့ ကျူးကျော်စစ်ပြုခြင်းခံခဲ့ရတဲ့ ဗီယက်နမ် နိုင်ငံတောင် အမေရိကန်နဲ့ ပြန်လည် အလှမ်းသင့်သွားချိန်မှာ နိုင်ငံ ပြန်လည် ထူထောင်ရေးအတွက် အမေရိကန် အကူအညီတွေ အများကြီးရခဲ့တယ်။ အဲဒါကြောင့်လည်း ကျွန်တော်တို့ထက် ရှေ့က တလှမ်းနှစ်လှမ်းမက ပြေးသွားနေတာ ဖြစ်တယ်။ တကယ်ကတော့ ပြောရမယ်ဆိုရင် အရှေ့တောင်အာရှမှာ သဘာဝသယံဇာတ ကျွန်တော်တို့က အချမ်းသာဆုံးပါ။ ကမ္ဘာနဲ့ ဆက်ဆံရေး အနေအထားတွေ တိုးတက် ပြောင်းလဲလာပြီ ဆိုတာနဲ့ ကမ္ဘာမှာ ကျွန်တော်တို့ ခေါင်းမော်နိုင်ပြီလို့ ပြောရဲပါတယ်။

အထက်ဖော်ပြပါ ကျွန်တော့်ထင်မြင်ချက်တွေဟာ ၁၆၊ ၆၊ ၁၁ ထုတ် ရန်ကုန်တိုင်းမ် ဂျာနယ်မှာ ဖော်ပြခဲ့ပြီးတဲ့အတိုင်း ပြန်လည် ကူးယူထားခြင်း ဖြစ်ကြောင်းပါဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်။**
၁၆၊ ၄န်၊ ၂၀၁၁။
အတွဲ ၁၊ အမှတ် ၄၈။

○

အမှတ်သည်းခြေ မရှိတဲ့ စိတ်ဓာတ်၊
ရေသာခို အချောင်လိုက်ချင်တဲ့ စိတ်ဓာတ်၊
ရသာလျှင် ဘနဖူး သိုက်တူးမယ် ဆိုတဲ့ စိတ်ဓာတ်၊
မိုးရွာတုန်း ရေခံထားမှ ဆိုတဲ့ စိတ်ဓာတ်၊
ဘယ်သူသေသေ ငတေမာရင် ပြီးရော ဆိုတဲ့ စိတ်ဓာတ်၊
အထက်ဖား အောက်ဖိ ကိန္နရာက ကချင်တဲ့ စိတ်ဓာတ်၊
မျက်နှာကြီးရာ ဟင်းဖတ်ပါချင်တဲ့ စိတ်ဓာတ်၊
နေရာတကာ ရေလိုက် ငါးလိုက်လုပ်မှ ဆိုတဲ့ စိတ်ဓာတ်၊
ယူတော့ ပြုံးပြုံး တောင်းတော့မုန်း စိတ်ဓာတ်၊
မတရားမှုကို ငုံ့ခံတဲ့ စိတ်ဓာတ်၊
နောက်ကွယ်ကျမှ အတင်းပြောတဲ့ စိတ်ဓာတ်၊
ဆင်မကြောက်ရင် ဖိနပ်ဖြစ်သွားမယ် ဆိုတဲ့ စိတ်ဓာတ်၊
ကြောက်တတ်ရင် ဝန်ကင်းတယ် ဆိုတဲ့ စိတ်ဓာတ်၊
လာမယ့်ဘေး ဝေးဝေးရှောင် ဆိုတဲ့ စိတ်ဓာတ်၊
နှမ်းတစ်လုံးနဲ့ ဆီမဖြစ်ပါဘူး ဆိုတဲ့ စိတ်ဓာတ်၊
မိုးခါးရေ လိုက်သောက်မယ် ဆိုတဲ့ စိတ်ဓာတ်၊
နိုင်မယ်ထင်တဲ့ ဘက်က လေ့ကြုံစီး ချင်တဲ့ စိတ်ဓာတ်၊
သူ့ဆန်စား ရဲမှ ဆိုတဲ့ စိတ်ဓာတ်၊
ကမ္ဘာမီးလောင် သားသမီးတောင် ချနင်းမယ် ဆိုတဲ့ စိတ်ဓာတ်၊
ငွေများ တရားနိုင်တယ်၊ ငွေရှိမှ လူရာဝင်တယ် ဆိုတဲ့ စိတ်ဓာတ်၊
ရေနစ်သူ ဝါးကူ ထိုးနှစ်ချင်တဲ့ စိတ်ဓာတ်၊
အာဏာရှိသူ ဥစ္စာပေါသူကို မျက်နှာလို မျက်နှာရ လုပ်ချင်တဲ့ စိတ်ဓာတ်၊
နိုင်ငံရေးဆိုတာ ရွံကြောက်စရာ
ဝေးစွာ ရှောင်ရှား ဘေးကင်းငြား ဆိုတဲ့ စိတ်ဓာတ်တွေကို တွေ့ရပါတယ်ဗျာ။

ပြည်သူတွေကြားမှာ မရှိသင့် မရှိထိုက်တဲ့ နိမ့်ကျစိတ်ဓာတ်တွေ ကူးစက်ပြန့်ပွားနေတာကို အဲဒီလို စိတ်ဓာတ်တွေဟာ မကောင်းပါဘူး ပယ်ကြပါ၊ စွန့်ကြပါလို့ ပြောနေ ဟောနေရုံနဲ့ကတော့ ဟောရင်းသာ ပျံလွန်တော်မူသွားမယ် ဆိုတာမျိုး ကြုံရမှာပဲဗျ။ ဒါမျိုးက အမိန့်အာဏာနဲ့ လုပ်လို့ရတာမျိုးလည်း မဟုတ်ဘူး။ မကောင်းတဲ့ စိတ်ဓာတ်တွေကို ပြုပြင်ဖို့ဆိုတာ ကောင်းတဲ့ စိတ်ဓာတ်တွေနဲ့ အစားထိုးမှ ဖြစ်နိုင်တာပါ။ စိတ်ဓာတ်တွေ ကောင်းလာဖို့ဆိုတာကလည်း စိတ်ဓာတ်ကောင်းတွေ ပေါ်ထွန်းလာနိုင်တဲ့ ဘဝအခြေအနေမျိုးကို ပိုင်ဆိုင်မှ ဖြစ်မယ်လို့ ကျွန်တော် ယုံကြည်တယ်။

# ဗိုလ်ချုပ်အောင်ဆန်းလို ခေါင်းဆောင်မျိုး

တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးတိုးတက်ဖို့ ဘာအလိုအပ်ဆုံးလဲလို့ မေးရင် ကွဲပြားခြားနားတဲ့ အဖြေတွေ အများကြီး ထွက်ပေါ်လာနိုင်တယ်။ ကိုယ့်အမြင်နဲ့ ကိုယ်ဖြေကြမှာပါပဲ။ သည်လို မေးခွန်းမျိုးအတွက် အဖြေမှန် တစ်ခုတည်းမက အများကြီး ရှိနိုင်တယ်ဗျ။ သို့သော် အလိုအပ်ဆုံးဆိုတဲ့ အသုံးစွန် အရေးအကြီးဆုံးကို ပြောမယ်ဆိုရင်တော့ ဝိဝါဒတွေ ကွဲနိုင်တယ်။

ကျွန်တော်ကတော့ မိမိရဲ့ လေ့လာမှုများကို အခြေပြုပြီး အယူအဆတစ်ခုကို တင်ပြချင်တယ်။ သည်နေရာမှာ ဖွံ့ဖြိုးတိုးတက်ဖို့ လိုအပ်တဲ့ တိုင်းပြည် ဆိုတာကို အရင်ဆုံး အဓိပ္ပာယ်ဖွင့်ရလိမ့်မယ်။ အဖက်ဖက်က ခေတ်နောက်ကျ ကျန်ရစ်တဲ့ နိုင်ငံမျိုး ဆိုပါစို့။ (ဘာကြောင့် အဲသလို ဓားမ နောက်ပိတ်ခွေး ဖြစ်နေရသလဲ ဆိုတာကို ထည့်မပြောတော့ဘူး။ အဲသဟာ ထည့်ပြောနေရင် လိုရင်းရောက်မှာ မဟုတ်လို့ပါ။)

ဖွံ့ဖြိုးတိုးတက်မှု အလွန်အမင်း နောက်ကျနေတဲ့ တိုင်းပြည် ဆိုတာ နိုင်ငံရေး၊ စီးပွားရေးကဏ္ဍတွေသာမက ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု အစစအရာရာ နိမ့်ကျနေတာကို ဆိုလိုပါတယ်။ ယဉ်ကျေးမှုကဏ္ဍရဲ့ အောက်မှာ စိတ်ဓာတ်ရေးရာပါ ပါတယ်ဗျ။

ကျွန်တော် ကြည်ညိုလေးစားတဲ့ စစ်ကိုင်းခေတ် နိုင်ငံရေးသမားကြီး သခင်ဝတင်ကို အားကျပြီး နိမ့်ကျတဲ့ စိတ်ဓာတ်တွေကို (လောကနဲ့ လူသားစာအုပ်ထဲ ရေးခဲ့တဲ့) သခင်ဝတင်စတိုင်နဲ့ သရုပ်ခွဲကြည့်တဲ့အခါ

နောက်တစ်ချက်ကတော့ မျှော်လင့်ချက် ရှိနေတယ်ဆိုတဲ့ ယုံကြည်ကိုးစားနိုင်မှု ဖြစ်ပါတယ်။ အဲဒီယုံကြည်ကိုးစားမှုဟာ ခေါင်းဆောင်မှုအပေါ်မှာ အဓိက တည်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်မှုကို တိုင်းပြည်က ရရှိခဲ့တဲ့ အချိန်မှာ ပြည်သူတွေဟာ မျှော်လင့်ချက် အပြည့်ထားရှိနိုင်ကြတယ်။ ဖက်ဆစ်ဂျပန်တွေကို ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်မှုနဲ့ တော်လှန်ချိန်မှာ တစ်နိုင်ငံလုံး ပြည်သူအားလုံးက ထောက်ခံခဲ့ကြတယ်။ စစ်ကြီးပြီးလို့ နလုံးရည်တိုက်ပွဲနဲ့ လွတ်လပ်ရေး တောင်းဆိုချိန်မှာလည်း ဗိုလ်ချုပ်အောင်ဆန်းနောက်က ပြည်သူတစ်ရပ်လုံး ရပ်တည်ခဲ့ကြတယ်။ တောင်တန်းဒေသ တိုင်းရင်းသား ညီအစ်ကိုတွေနဲ့ အတူ လွတ်လပ်ရေးကို စည်းစည်းလုံးလုံး ရယူပြီး ပြည်ထောင်စုကြီး ဖွဲ့စည်းဖို့ ပင်လုံစာချုပ် ချုပ်ဆိုတော့လည်း ဗိုလ်ချုပ်အောင်ဆန်းနဲ့ တညီတညွတ်တည်း သဘောတူခဲ့ကြတယ်။

ဒါကြောင့် ဖွံ့ဖြိုးဆဲ နိုင်ငံတစ်နိုင်ငံရဲ့ တိုးတက် အောင်မြင်မှုအတွက် အလိုအပ်ဆုံးဟာ ခေါင်းဆောင်မှုလို့ ကျွန်တော် ကောက်ချက်ဆွဲမိပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းလို ခေါင်းဆောင်မျိုးကို တိုင်းပြည်က ရရှိခဲ့ချိန်ဟာ ကံအကောင်းဆုံးအချိန်ပါပဲ။ ခေါင်းဆောင်ကောင်း တစ်ယောက်ဟာ ပြည်သူတွေရဲ့ စံနမူနာ ဖြစ်လာရင် သူ့ရဲ့ စိတ်ဓာတ်တွေပါ ပြည်သူတွေဆီ ကူးစက်သွားပါတယ်။ သို့အား ဖြင့် တစ်သွေးတစ်သားတည်းလို ဖြစ်သွားပါတယ်။

ခေါင်းဆောင်မှုနဲ့ စပ်လျဉ်းလို့ စာဖတ်သူများ စဉ်းစားနိုင်ဖို့ ကျွန်တော် နှစ်သက် သဘောကျတဲ့ အဆိုအမိန့် အချို့ကို ဝေမျှလိုက်ပါတယ်။

All of the great leaders have had one characteristic in common: it was the willingness to confront unequivocally the major anxiety of their people in their time. This, and not much else, is the essence of leadership.
- John Kenneth Galbraith, U.S. economist (1908-2006), 'The Age of Uncertainty'

ကြီးမြတ်တဲ့ ခေါင်းဆောင်အားလုံးမှာ တူညီတဲ့ စရိုက်လက္ခဏာ တစ်ခုရှိတယ်။ အဲဒါကတော့ သူတို့လက်ထက်မှာ ပြည်သူတွေရဲ့ အဓိက စိုးရိမ်သောကတွေကို ပြတ်ပြတ်သားသား ထိပ်တိုက် ရင်ဆိုင် ဖြေရှင်းပေးဖို့ အလေးထားတာဖြစ်တယ်။ - ဂျွန်ကက်နက် ဂါးဘရိတ်။

The real leader has no need to lead - he is content to point the way. - Henry Miller (1891-1980), ခေါင်းဆောင်အစစ်ဟာ ရှေ့က ဦးဆောင်သွားဖို့ မလိုဘူး။ သွားရမယ့် လမ်းကို ညွှန်ပြတတ်ဖို့ပဲ လိုတယ်။ - ဟင်နရီမေလာ။

People ask the difference between a leader and a boss. . . The leader works in the open, and the boss in covert. The l eader leads,



and the boss drives. - Theodore Roosevelt

ခေါင်းဆောင်နဲ့ လုပ်ငန်းရှင် သူဌေး ဘာကွာသလဲလို့ မေးတတ်ကြတယ်။ အဖြေကတော့ ခေါင်းဆောင်ဟာ ပေါ်ပေါ်ထင်ထင်လုပ်တယ်။ သူဌေးက ကြိတ်လုပ်တယ်။ ခေါင်းဆောင်က ရှေ့က ဦးဆောင်တယ်။ သူဌေးက နောက်ကနေ မောင်းတယ်။ - သီယိုဒို ရုစဗဲ့။

The final test of a leader is that he leaves behind him in other men the conviction and the will to carry on. . . . The genius of a good leader is to leave behind him a situation which common sense, without the grace of genius, can deal with successfully. - Walter Lippmann

ခေါင်းဆောင်တစ်ယောက်ကို နောက်ဆုံး စမ်းသပ်ချက်ကတော့ သူ မရှိတော့တဲ့ နောက် ကျန်ခဲ့သူတွေဆီမှာ ယုံကြည်ချက်နဲ့ သူ့အလုပ်တွေကို ဆက်လုပ်သွားဖို့ ဆန္ဒ ချန်ထားခဲ့နိုင်သလား ဆိုတာပဲ။

ခေါင်းဆောင်ကောင်းတစ်ယောက်ရဲ့ ပါရမီဆိုတာ ဉာဏ်အထူးသုံးစရာ မလိုဘဲ သာမန်အသိမျှနဲ့ အောင်အောင်မြင်မြင် ဆက်လုပ်သွားနိုင်တဲ့ အခြေအနေတစ်ရပ်ကို ချန်ထားခဲ့နိုင်ခြင်း ဖြစ်တယ်။ -ဝေါ်လ်တာလစ်ပ်မင်း။

'A leader takes people where they want to go. A great leader takes people where they don't necessarily want to go, but ought to be.' —Rosalynn Carter

ခေါင်းဆောင်တစ်ယောက်ဟာ လူတွေကို သူတို့သွားချင်တဲ့နေရာကို ခေါ်သွားတယ်။ ကြီးမြတ်တဲ့ ခေါင်းဆောင်ကျတော့ လူတွေ လုံးဝ မသွားချင်တဲ့ နေရာ၊ သို့ပေမယ့် သွားဖို့ လိုအပ်တဲ့နေရာကို ခေါ်သွားတယ်။ - ရိုဇလင်းကာတာ။

**ပြည်သူ့ခေတ်ဂျာနယ်။**

၂၂၊ နို၊ ၂၀၁၁။

အတွဲ ၁၊ အမှတ် ၄၉။

○

# ကျောက်တိုင်စိုက်ခံဖို့ မခံဖို့

'ကျွန်တော် သေသွားတဲ့အခါ လူတွေက ကျွန်တော့် အထိမ်းအမှတ် ကျောက်တိုင် ဘာကြောင့် ရှိနေတာလဲလို့ အမေးခံရတာထက် ကျွန်တော့် အထိမ်းအမှတ် ကျောက်တိုင် ဘာကြောင့် မရှိရတာလဲလို့ မေးတာကို ခံချင်တယ်'

'After I'm dead I'd rather have people ask why I have no monument than why I have one.' Cato the Elder

ကေတို (အကြီး) လို့ ထင်ရှားတဲ့ ရောမခေတ် နိုင်ငံရေးသမားကြီးတစ်ယောက်ရဲ့ နာမည်ကျော် အဆိုအမိန့် ဖြစ်ပါတယ်။ သူ့နာမည် အပြည့်အစုံက Marcus Porcius Cato (ဘီစီ ၂၃၄ - ဘီစီ ၁၄၉) ဖြစ်ပါတယ်။ သူနဲ့ ခေတ်ပြိုင် ကေတိုတစ်ယောက်လည်း ရှိခဲ့လို့ သူ့ကို ကေတိုအကြီးလို့ ခေါ်တာပါ။

ကေတိုကြီးရဲ့ အဆိုအမိန့်ကို သေသေချာချာ ဖတ်ပြီး စေ့စေ့တွေးလေ၊ ရေးရေး မြင်လေပါပဲဗျာ။ လွန်ခဲ့တဲ့နှစ် ၂၀၀၀ ကျော်က နိုင်ငံရေးသမားကြီးရဲ့ အမြော်အမြင်ဟာ ယနေ့ထိ ခေတ်မီနေတုန်းပါပဲလား။

ဝါရှင်တန်ဒီစီမှာ သတင်းပြတိုက် (Newseum) ဆိုတာ ရှိတယ်။ ကမ္ဘာမှာ ဖြစ်ပေါ်ခဲ့သမျှ သတင်းဖြစ်ရပ်ကြီး အားလုံးကို မှတ်တမ်းတင်ဓာတ်ပုံတွေ၊ ရုပ်ရှင် မှတ်တမ်းတွေနဲ့ ပြထားတဲ့ နေရာပါ။ အဓိကရ နေရာဌာနကြီးတစ်ခု ဖြစ်ပါတယ်။ တစ်နေကုန်ကြည့်တာတောင် မပြီးနိုင်လောက်အောင် များပြားလှ ပါတယ်။ ကျွန်တော်ဆို နှစ်ခေါက် ရောက်ခဲ့တယ်။ ဒါပေမဲ့ မနဲ့သေးပါဘူး။



အဲဒီမှာ ကျွန်တော့်စိတ်ကို အဆွဲဆောင်ဆုံး နေရာတစ်ခုက ဆိုဗီယက် ပြည်ထောင်စုကြီး ပြိုကွဲသွားပုံ၊ ဘာလင်တံတိုင်းကြီးကို ဖြိုချလိုက်ကြပုံ ပြခန်းတွေပါပဲ။

ဗလာဒီမာ အီလီယစ်ချ်လီနင် (တချို့က လယ်နင်လို့ အသံထွက်ပါတယ်) ဆိုတာ ကျွန်တော်တို့ ငယ်ငယ်ကတည်းက မိသားစု နာမည်လောက်ကို နားယဉ်နေခဲ့တာပါ။ စတာလင်ကဲ့သို့ နာမည်ဆိုးနဲ့ ထင်ရှားခဲ့သူ မဟုတ်တဲ့ လီနင်ဟာ ဆိုရှယ်လစ်ဝါဒကို နလုံးသားနဲ့ ယုံကြည်သူတွေကြားထဲမှာ ဟီးရိုးကြီးတစ်ယောက် ဖြစ်ခဲ့ပါတယ်။ ရွှန်းနိုင် နေးတဲ့ ကမ္ဘာကြီးကို ကိုင်လှုပ်ခဲ့သော ထို ၁၀ ရက် (Ten Days that Shook the World) စာအုပ်ကိုဖတ်ပြီး လီနင်ကို ကြည်ညိုလေးစားခဲ့တဲ့ထဲ ကျွန်တော်တို့လည်း ပါခဲ့ပါသဗျ။ အဲသလို ပုဂ္ဂိုလ်ကြီးရဲ့ ရုပ်တုကြီးဖြစ်အင်ကို Newseum သတင်းပြတိုက်ကြီးမှာ ကျွန်တော် တွေ့လိုက်ရတာကျတော့ မရှုမလှပါပဲဗျာ။ ရုပ်တုကြီးကို သံကြိုးကြီးတွေ လည်ပင်းကနေ အထပ်ထပ်ဆိုင်းပြီး ဖြိုချထားတာကလား။ ခေါင်းတခြား ကိုယ်တခြား ဘုံးလုံးပက်လက်ကြီး ဖြစ်နေတဲ့ မဟာလီနင်ရုပ်တုကြီးကို ကြည့်ပြီး ရှေးခေတ် ရောမ နိုင်ငံရေးသမား ကေတိုကြီးရဲ့ စကားကို ပြေးသတိရလိုက်တယ်ဗျ။ ဒါတင်မက လီနင် ရုပ်ကလာပ်ကို မော်စကိုမြို့တော်က ရင်ပြင်နီမှာ အလေးပြုခံဖို့ ထားရာက ဖယ်ရှားပြီး နေရာရွှေ့ပစ်တာ၊ လီနင်ဂရက်မြို့ကို နာမည်ပြောင်းပစ်တာတွေ ဆက်လေ့လာရင်း ကျွန်တော်တော့ သံဝေဂတွေရပြီးရင်း ရခဲ့ပါတယ်ဗျာ။

ဆိုဗီယက်ပြည်ထောင်စုမှာ မဟာစတာလင် စိုးမိုးခဲ့ချိန်က ကျိုးလန့်စာစား ခေတ်ကြီးလို ဖြစ်ခဲ့ပြီး နိုင်ငံရေးရန်သူလို့ သတ်မှတ်ခံရသူတွေ နေ့မြင်ညပျောက် ဖြစ်ခဲ့တာတွေ ကျွန်တော်တို့ ကြားဖူးနားဝရှိခဲ့တယ်။ အဲဒီလို သိထားလို့လည်း ခရုရှက် အာဏာရလာပြီးတဲ့နောက် စတာလင်ကြီးကို ပြန်အပုပ်ချ၊ စတာလင် ရုပ်ကလာပ်ကို ရင်ပြင်နီက ဖယ်ရှားပစ်တာတွေ လုပ်ခဲ့တုန်းက ကျွန်တော်တို့စိတ်ထဲ ဘာမှမထူးခြားဘူး။ အာဏာရှင်ဆိုတာ အာဏာမရှိတော့တဲ့အချိန်မှာ သည်လမ်းအတိုင်း သွားရစမြဲလို့ပဲ မှတ်ထားလိုက်တယ်ဗျာ။

မှန်တာပြောရရင် လီနင်ကြီးရဲ့ ရုပ်တု ဖြိုချ ဖျက်ဆီးခံထားရပုံကို (မှတ်တမ်း ဓာတ်ပုံတွေသာမက မူရင်း ရုပ်တုကြီးပါ) မြင်လိုက်ရချိန်မှာတော့ ကျွန်တော် အတော် စိတ်မကောင်း ဖြစ်သွားပါတယ်။ ဝမ်းနည်းကြေကွဲမိတယ်လို့တောင် ပြောနိုင်ပါလိမ့်မယ်။ လီနင်လို ပုဂ္ဂိုလ်မျိုးကိုတော့ သည်လောက် မဖြစ်စေသင့်ဘူးလို့ တွေးမိပါတယ်။ ဒါပေမဲ့ ဘာတတ်နိုင်မလဲဗျာ။ စနစ်ကြီးတစ်ခုကို ဖြိုချတဲ့အခါ အဲဒီစနစ်က မွေးထုတ်လိုက်တဲ့ နေစ်ကို ကိုယ်စားပြုသူ အားလုံးဟာ တူသော အကျိုးပေးခြင်းနဲ့ ကြုံတွေ့ကြရမှာပဲပေါ့လို့ မြေတွေးရင်း ပိုးလိုးပက်လက် လီနင်ကြီးကို မျက်နှာလွှဲခဲ့ရပါတယ်။

အဲဒီနောက်တော့ ကျွန်တော်တို့ရဲ့ ဇာတ်လိုက်ကျော် ဆက်ဒမ်ဟူစိန်ရဲ့ ရုပ်တုကြီး ဖြိုချခန်းကို ရောက်ပါတယ်။ သူ့ကိုလည်း လီနင်လိုပဲ လည်ပင်းမှာ သံကြိုးကွင်းကြီးတွေနဲ့ စွပ်ပြီး ဆွဲလှဲ ဖြိုချခဲ့တာပါပဲ။ သူ့ရုပ်တုကို ဝိုင်းဖြိုဖျက်နေတဲ့ ပြည်သူတွေကလည်း တက်တက်ကြွကြွ။ သူတို့ကို ကြည့်ရတာ ပျော်စရာတောင် ကောင်းနေသေးဗျာ။ ခုန လီနင်ပြခန်းမှာ လေးပင်သလို ဖြစ်လာတဲ့ ကျွန်တော့် စိတ်တွေတောင် ရွှင်လန်းသွားတယ်ဗျ။

တကယ်ကတော့ ရောမနိုင်ငံရေးသမားကြီး ကေတိုရဲ့ အဆိုအမိန့်ဟာ နှစ် ၂၀၀၀ ကျော်မျှ ကြာခဲ့ပါပြီ။ သူလို အသိတရားရှိသူတွေလည်း အများကြီးရှိခဲ့မှာပါ။ အလားတူ ကိုယ့်ကိုယ်ကိုယ် ကျောက်တိုင်စိုက်ထူချင်သူတွေ၊ အပူဇော်ခံချင်သူတွေ၊ သမိုင်းတွင်ကျန်ချင်သူတွေလည်း ပေါ်ခဲ့တာပါပဲ။ သို့ပေမယ့် ကျောက်တိုင်စိုက်တယ်ဆိုတာ နောင်လာနောက်သား ပြည်သူတွေရဲ့ အလုပ်ပါ။ ဦးဥတ္တမ၊ ဦးဝိစာရ၊ ဆရာစံ၊ သခင်ဖိုးလှကြီး၊ ဗိုလ်ချုပ်အောင်ဆန်းတို့ဟာ နောင်းခေတ်ပြည်သူတွေရဲ့ ကျောက်တိုင်စိုက် ဂုဏ်ပြုခြင်းကို ခံခဲ့ကြရတာပါ။

ဘယ်တိုင်း ဘယ်နိုင်ငံမှာမဆို ကိုယ့်ကျောက်တိုင် ကိုယ်စိုက်ခဲ့ရင် နောင်းလူတွေက သည်ကျောက်တိုင် ဘာကြောင့် ရှိနေရတာလဲလို့ အမေးခံရတဲ့အချိန်မှာ ကိုယ့်ဘက်က ခုခံကာကွယ်ပေးနိုင်သူရှိဖို့ လိုပါလိမ့်မယ်။ အဲသလို ဖြစ်ရတာထက် ကိုယ့်အထိမ်းအမှတ် ကျောက်တိုင် ဘာကြောင့် မရှိခဲ့တာလဲလို့ နောင်လာနောက်သားတွေက မေးခွန်းထုတ်ကာ သူတို့ဆန္ဒနဲ့ သူတို့စိုက်ထူ ဂုဏ်ပြုတာကို ခံရခြင်းသာ အလိုလားအပ်ဆုံးလို့ ယူဆကြောင်းပါဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်။**

၂၉၊ ၄န်၊ ၂၀၁၁။

အတွဲ ၁၊ အမှတ် ၅၀။

○

# ညီမလေးရယ် စိုးရိမ်မိတယ်

ထိုင်းနိုင်ငံ ပါလီမန်ရွေးကောက်ပွဲမှာ ဝန်ကြီးချုပ်ဟောင်း သက်ဆင်ကို ထောက်ခံတဲ့ ထိုင်းပါတီက သက်ဆင်ရဲ့ နှမထွေးလေး ယင်းလတ်ရှင်နာဝပ်ထရကို ခေါင်းပေါ်တင်ပြီး ယှဉ်ပြိုင်အနိုင်ရခဲ့ကြလို့ ယင်းလတ်ဟာ မကြာခင်မှာပဲ ထိုင်းနိုင်ငံရဲ့ ဝန်ကြီးချုပ် ဖြစ်လာတော့မယ်ဗျ။ ယင်းလတ်ဟာ အသက် ၄၄ နှစ်ရှိပြီဖြစ်လို့ နိုင်ငံရေးသမား ဆိုရင်တော့ လုပ်လို့ ကိုင်လို့ အကောင်းဆုံး အသက်အရွယ်လို့ ဆိုနိုင်ပါတယ်။

## အဘိုးသက်က ဝါရှိတယ်

အခု ဆင်းပေးရတော့မယ့် လက်ရှိ ဝန်ကြီးချုပ် အဘီဆစ်က ၄၆ နှစ်။ အဘီဆစ်က နိုင်ငံရေး 'ဝါ' ရှိတယ်။ အရည်အချင်းလည်း ရှိတယ်။ သူနဲ့ ယှဉ်ရင် ယင်းလတ်ဟာ မိုးပေါ်က ကျလာတဲ့ ရွှေကြာပင် နိုင်ငံရေးသမား။ လူသစ်တန်း အဆင့်လို့ပဲ ပြောစရာ ရှိတယ်။ သူ့အစ်ကို သက်ဆင်ရဲ့ ထိုင်းရတ်ထိုင်းပါတီ အာဏာရစဉ်က အစိုးရငွေတွေကို ရေလိုသုံးပြီး တောသူတောင်သားတွေကို နားလှည့် ပါးလှည့်လုပ်ကာ စည်းရုံး သိမ်းသွင်းခဲ့တဲ့ အရှိန်အဝါကြောင့် သာသာလေးနဲ့ နိုင်ခဲ့တာ ဖြစ်တယ်။

## အတွေ့အကြုံနဲ့ ယှဉ်လို့မရ

ယင်းလတ်ဟာ ရွေးကောက်ပွဲမတိုင်မီ သီတင်း ၆ ပတ်လောက်ကမှ ကောက်ခါငင်ကာ နိုင်ငံရေးနယ်ထဲ ဝင်လာခဲ့တာပါ။ မိန့်ခွန်းတောင် ပီပီပြင်ပြင် မပြောတတ်ဘဲ စာရွက်

ကြည့်ဖတ်နေရတဲ့ အဆင့်ပဲရှိတဲ့ အမျိုးသမီးတစ်ယောက်က နိုင်ငံရေး နတ်ရေကန်ထဲ ပစ်ချလိုက်သလို ချက်ချင်းကြီး ဝန်ကြီးချုပ်ဖြစ်တော့မယ်ဆိုတော့ တစ်မျိုးကြီးပဲပေါ့ဗျာ။ ဖိလစ်ပိုင်မှာ ခင်ပွန်းသည် အကွိုနို လုပ်ကြံခံရပြီးတဲ့နောက် သမ္မတ ရွေးကောက်ပွဲဝင်လို့ အနိုင်ရခဲ့တဲ့ ကိုရာဇန်အကွီနို၊ အင်ဒိုနီးရှားက ဆုကာနိုသမီး မေဃဝတီ၊ ပါကစ္စတန်က အလီဘူတိုသမီး ဘီနာဇီယာဘူတို၊ ဘင်္ဂလားဒေ့ရှ်က ရှိပ်မူဂျစ်သမီး ဟာဆီနာတို့လည်း ခေါင်းဆောင်တွေ ဖြစ်ခဲ့တာပဲ မဟုတ်လားလို့ ပြောချင်သူတွေရှိနိုင်ပါတယ်။ သို့ပေမယ့် သူတို့တွေက နိုင်ငံရေး အတွေ့အကြုံတွေ ရှိခဲ့ကြတယ်။ နိုင်ငံရေးပါရမီ ဖြည့်ခဲ့ကြတယ်။ ယင်းလတ်ရှင်နာဝပ်ထရလောက် အစိမ်းသက်သက် မဟုတ်ကြဘူး။ မနူးမနပ် ညီမလေး ယင်းလတ်ရဲ့ ရေ့ခရီးအတွက် အစ်ကိုကြီး သက်ဆင်ကတော့ စိုးရိမ်နေမှာပဲဗျ။

## နိုင်ငံရေးယဉ်ကျေးမှု

ထိုင်းနိုင်ငံကို အနေးနဲ့အမြန် ဦးဆောင်မှု ပေးသွားတော့မယ့် ယင်းလတ်ရဲ့ ရေ့ခရီးဟာ အလွန်စိတ်ဝင်စားစရာ ဖြစ်မှာကလည်း သေချာတယ်ဗျာ။ သူ့အတွက် စိတ်ချမ်းသာ စရာကတော့ လက်ရှိ ဝန်ကြီးချုပ် အဘီဆစ်က နိုင်ငံရေးယဉ်ကျေးမှု အပြည့်ဖြင့် ယင်းလတ်ရဲ့ အောင်နိုင်မှုကို အသိအမှတ်ပြုတယ်။ သူတို့အနေနဲ့ အတိုက်အခံ ကောင်းများအဖြစ် ဆက်လက် တာဝန်ထမ်းဆောင် သွားမယ်လို့ ကတိပြုလိုက်တာဟာ လေးစားဖွယ် အတိပါပဲဗျာ။ ဒါတင်မက ထိုင်း တပ်မတော် အကြီးအကဲကလည်း ပြည်သူလူထု ရွေးကောက်တင်မြှောက်လိုက်တဲ့ အစိုးရကို နာခံသွားမယ်လို့ ကြေညာတယ်ဗျာ။

## နီကာရာဂွါနမူနာတစ်ခု

သည်နေရာမှာ တောင်အမေရိကတိုက် နီကာရာဂွါနိုင်ငံက အဖြစ်အပျက်တစ်ခုကို ပြောသတိရလိုက်မိတယ်။ ၁၉၇၉ ခုနှစ်မှာ ဆန်ဒီနစ္စတာသူပုန်တွေ လက်နက်ကိုင် တော်လှန်ရေးနဲ့ အာဏာရခဲ့ကြ၊ ဆန်ဒီနစ္စတာ ခေါင်းဆောင် ဒယ်နီယယ်အော်တေဂါက ဆယ်နှစ်ဆယ်မိုး အုပ်ချုပ်ခဲ့၊ သူ့၏ညီ ဟမ်ဘာတို အော်တေဂါက ကာကွယ်ရေး ဦးစီးချုပ်ဖြစ်ခဲ့၊ ၁၉၈၉ ကျတော့ ကမ္ဘာ့ဒီမိုကရေစီ လှိုင်းဂယက်ကြီးထဲ နီကာရာဂွါလည်း မရှောင်မလွှဲသာ ပါလာပြီး လွတ်လပ်တရားမျှတတဲ့ ရွေးကောက်ပွဲတွေ လုပ်ပေးရတော့ ဆန်ဒီနစ္စတာ အစိုးရပြုတ်ကျကာ ဒီမိုကရေစီ အစိုးရတက်လာတယ်။ မစ္စက်ကမ်မရိုဆိုတဲ့ သတင်းစာလုပ်ငန်းရှင် အမျိုးသမီးကြီး သမ္မတ ဖြစ်လာတယ်။ အတိုက်အခံဖြစ်သွားတဲ့ ဆန်ဒီနစ္စတာတွေက ဒီမိုကရေစီအစိုးရကို အကြမ်းဖက် ဆန္ဒပြပွဲတွေနဲ့ အားစမ်းတယ်။ အဲဒီအခါ သမ္မတ မစ္စက်ကမ်မရိုက အကြမ်းဖက် ဆန္ဒပြသူတွေကို အင်အားသုံး



ဝင်နိုင်ဖို့ အမိန့်ပေးတယ်။ အကောင်အထည်ဖော်ရသူက ဘယ်သူလဲဆိုတော့ မကြာခင်ကမှ ပြုတ်ကျသွားတဲ့ ဒယ်နီယယ်အော်တေဂါရဲ့ ညီအရင်း စစ်ဦးစီးချုပ် ဟမ်ဘာတိုအော်တေဂါပဲပေါ့။ အမေရိကန် နယူးစ်ဝိခ်မဂ္ဂဇင်းက အင်တာဗျူးလုပ်တော့ ဟမ်ဘာတိုက ပြန်ဖြေတဲ့အဖြေကို ကျွန်တော် မှတ်မိနေတယ်။ 'နီကာရာဂွါ ပြည်သူ လူထုက ရွေးကောက်တင်မြှောက်ထားတဲ့ သမ္မတရဲ့ အမိန့်ကို ကျွန်တော် နာခံရမှာပဲ ပေါ့' တဲ့ဗျာ။

(စာကြွင်းအနေနဲ့ ဆက်ပြောစရာ ရှိတာက သမ္မတဟောင်း ဒယ်နီယယ် အော်တေဂါဟာ အတိုက်အခံ ဘဝမှာ ၁၀ နှစ် ကြာခဲ့တယ်။ သူဟာ အကြမ်းဖက် ဆန့်ကျင်မှုတွေကို စွန့်လွှတ်လိုက်ပြီး ဆန်ဒီနစ္စတာအဖွဲ့ကို လူထုနဲ့ တစ်သားတည်း ဖြစ်အောင် စည်းရုံးနိုင်ခဲ့လို့ ၁၉၉၉ ခုနှစ် သမ္မတ ရွေးကောက်ပွဲမှာ ပြန်လည် အနိုင် ရခဲ့ပါတယ်။)

## ဒီမိုကရေစီ ဆက်ရှင်သန်ဖို့

မှတ်လောက်သားလောက် နိုင်ငံရေး ယဉ်ကျေးမှု နမူနာလေးတွေကို ကျွန်တော် ထိုက်လဲ စုဆောင်း မှတ်သားခဲ့တဲ့အထဲက ယခု ဖော်ပြလိုက်တဲ့ နီကာရာဂွါ အတွေ့ အကြုံမျိုးဟာ လူတွေ ကျယ်ကျယ်ပြန့်ပြန့် သိသင့်တဲ့ နမူနာကောင်းတစ်ခုပါ။ ထိုင်း နိုင်ငံမှာလည်း အလားတူ ကျင့်သုံးသွားရင် ဒီမိုကရေစီ ဆက်လက် ရှင်သန်နေဖို့ သူတို့ မျှော်လင့်နိုင်ပါလိမ့်မယ်။

ဘာကြောင့်လဲဆိုတော့ သက်ဆင် အင်အားစုကို ရွေးကောက်ပွဲဝင်ဖို့ လမ်းဖွင့် ပေးလိုက်ရင် ဘယ်သူမှမယှဉ်နိုင်ဘူးဆိုတာ အခု ပို၍ ရှင်းလင်းသဲကွဲသွားပြီ မဟုတ်လား။ ၂၀၀၁ နဲ့ ၂၀၀၅ ရွေးကောက်ပွဲတွေမှာ သက်ဆင်အုပ်စု ဆက်တိုက် အနိုင်ရခဲ့တယ်။ ၂၀၀၆ မှာ စစ်တပ်က အာဏာသိမ်းတဲ့နည်းနဲ့ သူတို့ကို ဖယ်ရှားခဲ့တယ်။ ပြီးတော့ သက်ဆင် တိုင်းပြည်ထဲ ပြန်မလာနိုင်အောင် ဝရမ်းထုတ်ထားချိန်မှာ ရွေးကောက်ပွဲ ကျင်းပပေးတယ်။ သက်ဆင် နောက်လိုက် တပည့်တွေက ပါတီနာမည်အသစ်နဲ့ ရွေးကောက်ပွဲဝင်တယ်။ သူတို့ပဲ အနိုင်ရပြီး အစိုးရဖြစ်ခဲ့တယ်။ သက်ဆင် ပြန်လာတော့ ဆန့်ကျင်မှုတွေဖြစ်ရာက လူထုဆန္ဒပြပွဲတွေ ပေါ်ပေါက်လာပြီး အစိုးရပြုတ်ကျတယ်။ သက်ဆင်ရဲ့ လူယုံတော် ဝန်ကြီးချုပ် ဆမတ်တောင် ထောင်ကျသွားသေးတယ်။ အဲဒီနောက်တော့ လက်ရှိ ဝန်ကြီးချုပ် အဘီဆစ် ဦးဆောင်တဲ့ အစိုးရဟာ ရွေးကောက်ပွဲ ကြောင့် အစိုးရဖြစ်တာ မဟုတ်ဘဲ စစ်တပ်ရဲ့ ကျောထောက် နောက်ခံနဲ့ အာဏာရခဲ့တာ ပါတယ်။ ယခုတစ်ဖန် ရွေးကောက်ပွဲ လုပ်ပြန်တော့လည်း သက်ဆင် အင်အားစုတွေပဲ အောင်နိုင်ကြပြန်တယ်။ သည်တစ်ခါလည်း သူတို့ကို ဘယ်လို ဖယ်ရှားဦးမလဲ၊ ဖယ်ရှားဦးမှာလား။ ဘယ်တော့လဲ။ ညီမလေးအတွက် စိုးရိမ်စရာတွေပေါ့ဗျာ။

## သက်ဆင်ပြန်လာရင်တော့

ယင်းလတ် အစိုးရ အာဏာလွှဲပြောင်း ယူပြီးချိန် ဝန်ကြီးချုပ်ဟောင်း သက်ဆင် တိုင်းပြည်ထဲ ပြန်ဝင်လာမလားဆိုတာကို စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ သက်ဆင် ပြန်လာရင် ပြဿနာရှိနိုင်တယ်လို့ လက်ရှိ ဝန်ကြီးချုပ် အဘီဆစ်က သတိပေးထား တာလည်း ထည့်တွက်ရမှာပါ။ ယင်းလတ်ရဲ့ ပထမဆုံး လုပ်ဆောင်ရမယ့် တာဝန်ဟာ ဘုရင်၊ စစ်တပ်နဲ့ နိုင်ငံရေးအင်အားစုတွေအကြား အမျိုးသား ပြန်လည် ရင်ကြား စေ့ရေးကို အကောင်အထည်ဖော်ဖို့ပဲ ဖြစ်ပါလိမ့်မယ်။ ပြီးတော့ ယိုင်နဲ့လာနေတဲ့ ထိုင်း အမျိုးသားစီးပွားရေးကို ပြန်လည် ထူမတ်ဖို့။

မနူးမနပ် နိုင်ငံရေးသမားပေါက်စ တစ်ယောက်အနေနဲ့ ယင်းလတ်ကို ဆီးကြိုနေတဲ့ စိန်ခေါ်မှုတွေက ကြီးလေးလွန်းလှတယ်ဗျာ။ မည်သို့ရှိစေ၊ ထိုင်း နိုင်ငံရေးဟာ ကျောင်းသင် နိုင်ငံရေး သိပ္ပံပညာ သင်ရိုးညွှန်းတမ်းတွေထက် နက်နဲ သိမ်မွေ့တဲ့ အတွေ့အကြုံတွေကို ပေးနေတာဖြစ်လို့ ယူတတ်ရင် ကိုယ့်အတွက် မြတ်နိုင်မည် ဖြစ်ကြောင်းပါ။

(‘ညီမလေးရယ် စိုးရိမ်မိတယ်’ စာရေးဆရာကြီး တက္ကသိုလ်ဘုန်းနိုင်၏ နာမည်ကျော် ဝတ္ထုရှည်တစ်ပုဒ် ခေါင်းစဉ်ကို ယူသုံးပါတယ်။ မောင်ဝံသ)

**ပြည်သူ့ခေတ်ဂျာနယ်**

*၆၊ ဇူလိုင်၊ ၂၀၁၁။*

*တွဲ ၁၊ အမှတ် ၅၁။*

○

## အုပ်ချုပ်ရေးမှူး မဲပေးရွေးမည်ဆိုလျှင်

‘တစ်အိမ်ထောင်လျှင် ဆန္ဒမဲတစ်မဲနှုန်းပေး၍ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ရွေးချယ် ခန့်အပ်ရမည့် မူကြမ်း ပြည်သူ့လွှတ်တော်က ရေးဆွဲပြီ’ ခေါင်းစဉ်နဲ့ ရန်ကုန်တိုင်းမ် ဂျာနယ် (၇ ဇူလိုင် ၂၀၁၁) မျက်နှာဖုံး သတင်းတစ်ရပ်ကို ဖတ်လိုက်ရတယ်ဗျာ။

သည်သတင်းကြားသိရလို့ ဝမ်းမြောက်ဝမ်းသာ ဩဘာပေးသူများထဲမှာ ကျွန်တော် ဦးဆုံးက ပါပါတယ်ဗျာ။ ဘာကြောင့်လဲဆိုတော့ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးတွေ ခန့်အပ်ရာမှာ ပြည်သူအများဆန္ဒနဲ့ မကိုက်ညီသူတွေကို ပါတီစွဲ ပုဂ္ဂိုလ်စွဲတွေနဲ့ ခန့်အပ် ခံတာတွေ ရှိလို့ဆိုပြီး တိုးတိုးတစ်မျိုး ကျယ်ကျယ်တစ်ဖုံ စောဒကတွေ ကြားနေရလို့ ဖြစ်ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း အုပ်ချုပ်ရေးမှူး ရွေးရာမှာ လူမှန်နေရာမှန် ဖြစ်ဖို့ တွန်းအားပေးတဲ့ ဆောင်းပါးတွေ တတ်အားသမျှ ရေးခဲ့တယ်။ ဒါတင်မကဘူး အသက် ၈၀ ကျော်အရွယ်၊ ရှေးမီနောက်မီ ခရိုင်ဝန်ဟောင်းကြီး တစ်ယောက်က ခုလေ့လာထားတဲ့ သူကြီး ရွေးကောက်ပွဲတွေအကြောင်း ပြည်သူ့ခေတ်ဂျာနယ်ကို ရေးပေးလို့ ထည့်သွင်း ဖော်ပြခဲ့ပါသေးတယ်။

ပြည်သူ့ခေတ်ဂျာနယ်ဟာ ‘ပြည်သူတို့ အကျိုးစီးပွားအတွက် ပြည်သူများကိုယ်တိုင် ပါဝင် ဆောင်ရွက်သည့် ပြည်သူ့အစိုးရခေတ်ကို ရည်မျှော်လျက်’ ထုတ်ဝေခြင်း ဖြစ်ပါတယ်လို့ လွန်ခဲ့တဲ့ တစ်နှစ်က အတိအလင်း ကြေညာပြီး ထုတ်ဝေခဲ့တာ အားလုံး အသိပါ။ ရပ်/ကျေး အုပ်ချုပ်ရေးမှူးဆိုတဲ့ ရာထူးဟာ ကျွန်တော်တို့ ရည်မျှော်တဲ့ ပြည်သူ့အစိုးရခေတ်ရဲ့ အခြေခံ အုတ်မြစ်တစ်လွှာ ဖြစ်တယ်ဗျ။ သည်ရာထူးကို တာဝန်ယူရမည့်သူများဟာ ဒီမိုကရေစီနည်းကျ ပြည်သူ့ဆန္ဒနဲ့အညီ ပေါ်ပေါက်လာရမှာ

ဖြစ်တယ်။ မိုးကျရွှေကိုယ်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်တယ်ဆိုရင် ဒီမိုကရေစီနည်းကျ မဟုတ်တော့ဘူးဗျ။ ကျွန်တော်တို့ လိုလားတောင့်တနေတဲ့ ပြည်သူ့အစိုးရပုံစံနဲ့တော့ ဝေလာဝေးပေ့ါဗျာ။

ယခု ရန်ကုန်တိုင်းမ်ဂျာနယ်ရဲ့ မျက်နှာဖုံးသတင်းမှာ 'အုပ်ချုပ်ရေးပိုင်းတွင် အခြေခံအကျဆုံးဖြစ်သော ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးဆိုင်ရာ မူကြမ်းတစ်ရပ်ကို လာမည့် လွှတ်တော် အစည်းအဝေးအမီ ရေးဆွဲလျက် ရှိကြောင်း။ အစည်းအဝေးတွင် ဆုံးဖြတ် အတည်ပြုသွားမည် ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်း ကော်မတီဝင်၊ ဒေါက်တာမြတ်ဉာဏစိုးက အတည်ပြု ပြောကြားသည်'လို့ ပါရှိတယ်။

'...အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီကတော့ တည်ဆဲ သူကြီးလက်စွဲလို့ ခေါ်တဲ့ ကျေးရွာအုပ်ချုပ်ပုံ ဥပဒေအပေါ် ခေတ်နဲ့လျော်ညီအောင် ပြင်ဆင်ဖို့ သက်ဆိုင်ရာ ပြည်ထဲရေးဝန်ကြီး ဌာနကို မှတ်ချက်ပေးဖို့ ရှိပါတယ်'လို့ အဆိုပါ ပုဂ္ဂိုလ်က ပြောတဲ့အကြောင်း ဆက်လက် ဖော်ပြတယ်။

'အဆိုပါ မူကြမ်းတွင် သက်ဆိုင်ရာ ရပ်ကျေးအဆင့် စိုက်ပျိုးရေး မန်နေဂျာ၊ ကျန်းမာရေးမှူး၊ ကျောင်းဆရာ၊ ရဲအရာရှိ စသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများ ပါဝင်သည့် စိစစ်ရေးအဖွဲ့ ဖွဲ့စည်းရန် ထည့်သွင်း ရေးဆွဲထားကြောင်း။ အိမ်ထောင်တစ်စုလျှင် အဆိုပြုမဲ တစ်မဲနှုန်းဖြင့် မဲပေးရမည်ဖြစ်ပြီး မဲအများဆုံး လေးဦးကို တစ်အိမ်ထောင် မဲတစ်မဲနှုန်း သို့မဟုတ် ၁၈ နှစ်ပြည့်ပြီးသူတိုင်း မဲတစ်မဲနှုန်း ပေးနိုင်ရန် ညှိနှိုင်းလျက်ရှိကြောင်း သိရသည်၊ တစ်ရပ်ကွက်ကို ၁၈ နှစ်ပြည့်သူတိုင်းသာ မဲပေးရရင် ကျယ်ပြန့်သွားမယ်၊ တစ်အိမ်ထောင် တစ်ယောက်ဆိုရင် လုံလောက်မယ် ထင်ပါတယ်ဟု ဒေါက်တာမြတ်ဉာဏစိုးက ပြောသည်'လို့ သတင်းမှာ ဆက်လက် ပါရှိတယ်။

သည်မူကြမ်းကိစ္စဟာ လွှတ်တော် ဆုံးဖြတ်ချက် မချရသေးတာဖြစ်လို့ ကျွန်တော်တို့ စတုတ္ထမဏ္ဍိုင်အနေနဲ့ ပါဝင်ဆွေးနွေးဖို့ လိုပါဦးမယ်။ ရပ်ကျေး အုပ်ချုပ်ရေးမှူးတွေကို ပြည်သူလူထုရဲ့ ဆန္ဒမဲဖြင့် ရွေးကောက်တင်မြှောက်ရမယ်ဆိုတဲ့ အချက်ကိုတော့ ကျွန်တော်တို့က အပြည့်အဝ ထောက်ခံပါတယ်။ အာဏာပိုင် တစ်ဦးတစ်ယောက် သို့မဟုတ် တစ်စုတစ်ဖွဲ့က ခေါင်းခေါက်ရွေးပြီး ချပေးလိုက်တာမျိုး မဖြစ်ဖို့ဘဲ အရေးကြီးတယ် မဟုတ်လားဗျာ။ အဲသလိုသာ လုပ်ရင်တော့ ပဒေသရာဇ်ခေတ်က မြို့စား ရွာစား အပိုင်စားပေးတာနဲ့ ဘာထူးတော့မလဲဗျာ။

အခု ပြောချင်တာက ၁၈ နှစ်ပြည့်သူတိုင်း မဲပေးခွင့်ပေးရင် ကျယ်ပြန့်သွားမယ်၊ တစ်အိမ်ထောင် တစ်ယောက်ဆိုရင် လုံလောက်မယ် ထင်တယ်ဆိုတဲ့ နုပ်ကြောင်းစကားမျိုးကို ကျွန်တော်တို့ ထောက်ကွက် လုပ်ချင်ပါတယ်ဗျ။



တာဝန်ရှိသူတွေထဲမှာ အဲသလို အလွယ်တွေး အလွယ်ပြောတာတွေ မဖြစ်စေချင်ဘူးဗျာ။

အခြေအနေအရ အုပ်ချုပ်ရေး လွယ်ကူအောင်၊ စရိတ်စက အကုန်အကျသက်သာအောင်ဆိုပြီး ၁၉၄၇ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေကို မြေကြောရှုံ့ရေးဆွဲခဲ့တာကြောင့် အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ တိုင်းရင်းသားခေါင်းဆောင်တွေ လိုလားခဲ့သလို ဖြစ်မလာခဲ့တာ၊ အဲသလို မြေကြောရှုံ့ခဲ့ခြင်းရဲ့အကျိုးဆက်တွေကြောင့် နားလည်မှုတွေလွဲ၊ စိတ်ဝမ်းတွေ ကွဲခဲ့ရတာကို သမိုင်းသင်ခန်းစာ ယူကြစေချင်တယ်ဗျာ။

အခုလည်း ရပ်ကျေး အုပ်ချုပ်ရေးမှူး ရွေးချယ်မည့်ပုံစံကို စဉ်းစားကတည်းက ကျယ်ကျယ်ပြန့်ပြန့် မဖြစ်စေချင်တဲ့ သဘောထားမျိုးကို မဖော်ထုတ်စေချင်ဘူး။

ကျွန်တော်တို့ကတော့ ဒီမိုကရေစီ ရွေးကောက်ပွဲဆိုတာ ပြည်သူတိုင်း စိတ်ဝင်စားစွာ ပါဝင်စေရမယ်။ ကျယ်ပြန့်ရမယ်။ လွတ်လပ်ပြီး တရားမျှတစေရပါမယ်လို့ ခိုင်လုံတဲ့ အာမခံချက်ရှိရမယ် စတဲ့ အချက်တွေနဲ့ တိုင်းတာစေချင်တယ်ဗျာ။

၂၀၀၈ ခု နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပုဒ်မ ၂၈၉ မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၏ အုပ်ချုပ်ရေးကို ရပ်ရွာက ကြည်ညိုလေးစားပြီး သိက္ခာသမာဓိရှိသည့် ပုဂ္ဂိုလ်တစ်ဦးဦးအား ဥပဒေနှင့်အညီ ခန့်အပ်တာဝန်ပေး ဆောင်ရွက်စေရမည်လို့ ဖော်ပြထားတယ်ဗျ။

သည်နေရာမှာ (က) ရပ်ရွာက ကြည်ညိုလေးစားသူ၊ (ခ) သိက္ခာသမာဓိရှိသူဆိုတာကို မည်သူတွေက မည်သည့် ပေတံနဲ့ အကဲဖြတ်မည်လဲဆိုတာ အရေးကြီးတဲ့ အိုအပ်ချက် ဖြစ်လာပါတယ်။

သို့ပေမယ့် ဒါဟာ စင်စစ်အားဖြင့် မခက်ပါဘူး။ ဒီမိုကရေစီနိုင်ငံဆိုရင် ပြည်သူလူထုရဲ့ အဆုံးအဖြတ်ကို ခံယူရမှာပဲဖြစ်တယ်။ ကျွန်တော်တို့ငယ်ငယ်က ကျေးရွာသူကြီး ရွေးကောက်ပွဲတွေ ရှိတယ်။ သူကြီးတာဝန်ကို ထမ်းဆောင်ချင်သူတွေအနေနဲ့ အမည်စာရင်းတင်သွင်းပြီး သူကြီးလောင်း အရည်အချင်းနဲ့ ပြည့်စုံသူဆိုရင် အရေးပိုင် (ခရိုင်ဝန်)ရုံးက လက်ခံလိုက်တယ်။ အဲဒီနောက် သူကြီး ရွေးကောက်ပွဲ ကျင်းပမယ့်ရက်ကို အနည်းဆုံး နှစ်လလောက် ကြိုတင် ကြေညာပြီး မြို့ပိုင် နယ်ပိုင် တစ်ဦးဦးက မဲပုံးသာထောင်ကာ ကျင်းပပေးတာပါပဲ။

ယခု ရန်ကုန်တိုင်းမ်ဂျာနယ်ပါ သတင်းအရဆိုရင် အဆင့်နှစ်ဆင့်ရှိမယ်။ ပထမအဆင့်မှာ ကျွန်တော်တို့ ငယ်ငယ်က ပုံစံနဲ့ ကွဲလွဲမယ်။ ကာယကံရှင်က ကျွန်တော်/ ကျွန်မသည် ရပ်ကျေး အုပ်ချုပ်ရေးမှူးနေရာအတွက် အရွေးခံလိုပါတယ်လို့ (လွှတ်တော် ကိုယ်စားလှယ်လောင်းများကဲ့သို့) အမည်စာရင်း လာရောက် တင်သွင်းခွင့်မရှိဘူး။ ရပ်ကျေး အုပ်ချုပ်ရေးမှူးလောင်းများကို တစ်အိမ်ထောင် တစ်မဲနဲ့ အဆိုပြု

ပေးလိုက်ရမယ်။ (အဲဒီအဆိုပြုချက်တွေဟာ ‘လျှို့ဝှက်’ ဟုတ်မဟုတ် မရှင်းသေးဘူး။ အမှန်ကတော့ ‘လျှို့ဝှက်’ ဖြစ်ရမယ်။)

တစ်အိမ်ထောင် တစ်မဲနဲ့ အဆိုပြုခံရသူတွေထဲက မဲအများဆုံး ရရှိသူ လေးဦးကို ရွေးထုတ်မယ်။ ပြီးတော့ အဲဒီလေးဦးထဲက တစ်ဦးကို ထပ်မံ မဲပေး ရွေးချယ်ရမှာ ဖြစ်ပါတယ်။ လုပ်ထုံးလုပ်နည်းတွေ ဆွေးနွေးကြပြီဆိုရင် ကျွန်တော်တို့ ထပ်မံ တင်ပြပါဦးမယ်။ ဒီမိုကရေစီနည်းကျ ဖြစ်လာရင် ကျွန်တော်တို့က ထောက်ခံဖို့ အသင့်ရှိပါတယ်။ ဒီမိုကရေစီနည်းမကျဘူးလို့ ယူဆစရာတွေ တွေ့လာရရင်တော့ ကျွန်တော်တို့က စတုတ္ထမဏ္ဍိုင် တာဝန်ကျေအောင် ကြိုးစားရမည်သာ ဖြစ်ကြောင်းပါဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်။**

၁၃၊ ဇူလိုင်၊ ၂၀၁၁။

တွဲ ၂၊ အမှတ် ၅၂။

○

# တစ်ရံရောအခါက တရားမသိခဲ့လို့ပါတဲ့

‘ကိုယ့်လူတွေနဲ့ ကြုံတုန်း ပြောလိုက်ရဦးမယ်၊ ကိုယ့်အနေနဲ့ ဒီသံသရာ တရားတွေ…. သခါရတရားတွေ၊ အနိစ္စ….အနတ္တ တရား တွေကို ဒီနေ့ သိမြင်သလိုများ ဟိုတုန်းက သိခဲ့မယ်ဆိုရင် ၁၉၆၂ ခုနှစ် မတ်လက ကိစ္စကို ကိုယ်မလုပ်ခဲ့ပါဘူး’

သည်စာပိုဒ်ကို ဖတ်ရင်း ကျွန်တော့် ရင်ထဲ တင်းကျပ်သွားပါတယ်။ ငိုချင်သလို ရယ်ချင်သလို ယူကျုံးမရ ဖြစ်သလိုကြီး ခံစားလိုက်ရတယ်ဗျာ။

ဆရာကိုကိုမောင်ကြီး ကလောင် အမည်ခံယူထားတဲ့ အညမည ဦးချစ်လှိုင် ရေးသော ‘ကျွန်တော်သိသော တစ်ရံရော အခါများ’ စာမျက်နှာ ၇၆၂ ပါ ဦးနေဝင်းရဲ့ ပြောစကားကို ဖော်ပြချက် ဖြစ်ပါတယ်။

၁၉၉၅ ခု ဇူလိုင် ၂၆ ရက်နေ့မှာ ဆရာ ဦးချစ်လှိုင်နဲ့ ပြည်သူ့တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌဟောင်း ဦးတင်အောင်ဟိန်းတို့က ဦးနေဝင်းထံ သွားရောက်တွေ့ဆုံ ဂါရဝပြုစဉ် ကြားခဲ့ရတဲ့ စကားလို့ ဆိုပါတယ်။

ဦးချစ်လှိုင်နဲ့ ဦးတင်အောင်ဟိန်းကို ဦးနေဝင်းက သို့ကလို ပြောလိုက်တယ်ဆိုတဲ့ အကြောင်း အဲဒီအချိန်ကာလလောက် ကတည်းက နိုင်ငံရေး အသိုင်းအဝိုင်းများ ကြားမှာ သတင်းစကား ပျံ့နှံ့ခဲ့ဖူးပါတယ်။ ခုဆိုရင် ၁၆ နှစ်လောက် ရှိသွားပြီပေါ့။ စာနဲ့ ပေနဲ့ ခုလို ထုတ်ရေးတာတော့ ဒါ ပထမဆုံး ဖြစ်မယ် ထင်ပါတယ်။ ဆရာဦးချစ်လှိုင် ကိုယ်တိုင် သက်သေထွက်ဆိုချက် တစ်ခု သဖွယ် ရေးထားတဲ့ စာကို ဖတ်လိုက် ရတော့လည်း ကျွန်တော်တို့မှာ စောစောက ပြောသလို ရင်ထဲ တင်းကျပ် ဆို့နစ်သွား

သေးတယ်ဗျာ။ တိုင်းသူပြည်သားတွေ ဘက်က ဘာပြန်ပြောရမှန်းတောင် မသိတော့ပါဘူးဗျာ။

## နိုင်ငံရေး စီးပွားရေး မပြောနဲ့

ထိုနေ့က သူတို့စကားဝိုင်းဟာ ငါးနာရီကျော် လောက် ကြာခဲ့တယ်။ မနက် ၉ နာရီကျော်ကနေ နေ့လယ် ၂ နာရီခွဲကျော်အထိ ကြာခဲ့ပါသတဲ့။ စလျှင်စချင်း ဦးနေဝင်းက 'ဒီနေ့ အေးအေးဆေးဆေး စကားတွေ ပြောကြမယ်၊ ဒါပေမယ့် နိုင်ငံရေး စီးပွားရေး အကြောင်းတွေတော့ မပြောကြပါနဲ့၊ ဘာသာရေးနဲ့ ယဉ်ကျေးမှုအကြောင်းတွေပဲ ပြောကြမယ်' လို့ ပြောလိုက်သတဲ့။

'ကျွန်တော်တို့က အထူးသဖြင့် ဦးတင်အောင်ဟိန်းက နိုင်ငံရေးအကြောင်း တွေ မေးမြန်းဆွေးနွေးမည်ဟု ဆန္ဒရှိခဲ့ သော်လည်း ဦးနေဝင်းက ကြိုတင် ပိတ်ပင်လိုက်သဖြင့် နိုင်ငံရေး အကြောင်းများကို ပြောဆိုခြင်းမပြုတော့ဘဲ ဦးနေဝင်း ပြောသမျှကို နားထောင်နေလိုက်ကြ ပါသည်' လို့ ဆရာဦးချစ်လှိုင်က ရေးပါတယ်။ စာဖတ်နေတဲ့ ကျွန်တော့်မှာ ထပ်ပြီး ရင်ကျပ်သွားရပြန်ပါတယ်။

အဲဒီနောက် ယဉ်ကျေးမှု အကြောင်းတွေ ...ပြာတယ်။ ပြီးတော့ ဦးတင်အောင်ဟိန်းနဲ့ ကမ္မဋ္ဌာန်းတရားထိုင်ခြင်း အကြောင်းတွေ ဆွေးနွေးတယ်။ ဦးနေဝင်းက သူဟာ လယ်တီဆရာတော်ဘုရားကြီးရဲ့ ကမ္မဋ္ဌာန်း ကျမ်းကို လက်ကိုင်ထားပြီး တရားရှုမှတ် လေ့ကျင့်နေတယ်လို့ ပြောတယ်။ 'ဥက္ကဋ္ဌကြီး ဦးနေဝင်းကို ကြည့်ရသည်မှာ ဝိပဿနာ ဘာဝနာအမှုကို ပြုနေရခြင်း၌ မွေ့လျော် နေပုံရပါသည်' လို့ ဦးချစ်လှိုင်က မှတ်ချက် ပေးတယ်။

တရားစကားတွေ ပြောပြီး စကားဝိုင်း နားခါနီးမှာ စောစောကပြောတဲ့ အံ့အားကြီးသင့်စရာ စကားရပ်ကို ဦးနေဝင်းက ပြောလိုက်တာလို့ ဆိုပါတယ်။ ပြောတာမှ နှစ်ခါ ထပ်ပြောတယ်။ 'ဟုတ်တယ်၊ အဲဒီတုန်းကသာ ဒီတရားတွေကို သိနေခဲ့ရင် ၁၉၆၂ က လုပ်ခဲ့တဲ့ အလုပ်မျိုးကို ကိုယ် မလုပ်ခဲ့ဘူးဟု ပြောသည်။ ယခု အထက်ပါ အတိုင်း ကျွန်တော် ပြန်ရေးပြသော စကားရပ်များမှာ ဥက္ကဋ္ဌကြီး ဦးနေဝင်း ပြောခဲ့သည့်အတိုင်း ဖြစ်ပါသည်' လို့ ဦးချစ်လှိုင်က အတည်ပြု ဖော်ပြသေးတယ်ဗျ။ ဟုတ်ပေ့ဗျာ။

'တော်လှန်ရေး ကောင်စီဥက္ကဋ္ဌကြီး ဗိုလ်ချုပ်ကြီးနေဝင်း၏ ထိုစကားရပ်ကို ကြားလိုက်ရသောအခါ ကျွန်တော်၏ စိတ်အစဉ်တခဲလျှောက်တွင် 'ဟယ်' ခနဲ ဖြစ်သွားပါတော့သည်' လို့ ဦးချစ်လှိုင်က ရေးလိုက်တာကိုတော့ ကျွန်တော် စိတ်ဝင်စားမိတယ်။ ဟယ်ခနဲ ဘာကြောင့် ဖြစ်သွားတာလဲလို့နောက်ပိုင်း ရေးတာတွေထဲမှာ ထပ်ရှာကြည့်တော့ တွေ့ပါတယ်။



## သမိုင်းဆိုတာ ဘာလဲ

ယင်းစာအုပ် စာမျက်နှာ ၇၇၉ မှာ ဦးချစ်လှိုင်က 'ကျွန်တော် ယုံကြည် ရိုသေလေးစားသော ဗိုလ်ချုပ်ကြီးနေဝင်းက သူသည် ဗုဒ္ဓဟောကြားတော်မူသော သခါရတရား၊ အနိစ္စတရား၊ ဒုက္ခတရား၊ အနတ္တတရား၊ ကံတရား စသည်များကို ကောင်းစွာ မသိခဲ့၍သာ ၁၉၆၂ ခုနှစ်က အာဏာကို သိမ်းယူသည့် အလုပ်ကို လုပ်မိခဲ့သည်၊ ထိုတရား ဓမ္မများကို ကောင်းစွာ သိခဲ့မည်၊ နားလည်ခဲ့မည် ဆိုလျှင် ၁၉၆၂ ခုနှစ်က လုပ်ခဲ့သည့် အလုပ်များကို လုပ်ခဲ့မည် မဟုတ်ပါဟု ပြောပြလိုက်သောအခါ ကျွန်တော်၏ စိတ်ထဲတွင် သမိုင်းဆိုတာ ဘာလဲဟု ထပ်တလဲလဲ မေး၍ မေး၍ နေရပါတော့ သည်' လို့ ဘဝင်မကျလေဟန် ရေးထား တယ်။

ဆရာဦးချစ်လှိုင်က တော်လှန်ရေး ကောင်စီနဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်သည် ဗိုလ်ချုပ်ကြီးနေဝင်းကို အကြောင်းပြု၍သာ ပေါ်ပေါက်ခဲ့သည်ဟုဆိုလျှင် မှားပါသလော၊ မှန်ပါသလော ဖြေဆိုရန် သိမ်မွေ့လှသည်၊ မှားပါသည်ဟုလည်း မပြောနိုင်သလို လုံးဝ မှန်ပါသည်ဟူ၍လည်း မဆိုနိုင်ပါလို့ အစ ချီပြီး ကြောင်းကျိုး ယုတ္တိမျိုးစုံကို (ရယ်စရာ ကောင်းတာတွေလည်း ပါရဲ့) တင်ပြထား တယ်ဗျာ။

သည်နေရာမှာ ဆရာဦးချစ်လှိုင်ဟာ သမိုင်းပညာရှင် အမြင်လည်း မဟုတ်၊ သုတေသနသမား တစ်ယောက်ရဲ့ ကျိုးကြောင်းပြ အထောက်အထားမျိုးတွေ လည်း မတင်ပြနိုင်ဘဲ သူ့ရဲ့ အနုမာနတွေကို စီကာပတ်ကုံး ပြောသွားတာ တွေ့ရတယ်။

## စီစစ်မှုတွေ ပြုပြီး ဖတ်သင့်ပါတယ်

ကိုကိုမောင်ကြီး ကလောင်အမည်နဲ့ ထုတ်တဲ့ 'ကျွန်တော်သိသော တစ်ရံရော အခါများ' စာအုပ်ဟာ တိုင်းရေးပြည်ရေး စိတ်ဝင်စားသူတိုင်း၊ အထူးသဖြင့် ဦးနေဝင်းရဲ့ လုပ်ရပ်တွေကို လေ့လာလိုသူတိုင်း ဖတ်သင့် ဖတ်ထိုက်တဲ့ စာအုပ်တစ်အုပ် ဖြစ်တာတော့ အမှန်ပါ။ သို့ပေမယ့် 'ဖတ်သင့် ဖတ်ထိုက်' လို့ ကျွန်တော် သုံးတဲ့ စကားလုံးကို သတိပြုစေချင်ပါတယ်။ စာအုပ်ထဲပါတာ မှန်သမျှကို မျက်စိမှိတ်ပြီး ယုံဘဲ စီစစ်မှုတွေ ပြုသင့်တဲ့အကြောင်း ပြောချင်လို့ပါ။

ကျွန်တော့်အနေနဲ့ အချက်အလက်တွေ သဘောထားတွေကို ပြန်လည် ချေပဖို့ ယခုအချိန်မှာ စိတ်ကူး မရှိပေမယ့် လတ်တလောအားဖြင့် စာဖတ်သူများ ကိုယ်တိုင် တိုက်ဆိုင် လေ့လာသင့်တဲ့ စာအုပ်အချို့ကိုတော့ ညွှန်းချင်ပါတယ်။

မြန်မာသမိုင်း ဖြစ်ရပ်အမှန်များ ရေးသားရေးအဖွဲ့က ပြုစုခဲ့တဲ့ 'မြန်မာ့ နိုင်ငံရေး' (၁၉၅၈-၁၉၆၂) ပ၊ ဒု၊ တ၊ စ၊ အတွဲ လေးတွဲနဲ့ ယှဉ်ဖတ်စေချင်ပါတယ်။ ၁၉၆၂ ခုနှစ် အာဏာသိမ်းတာဟာ သမိုင်း လိုအပ်ချက်ကြောင့် သိမ်းခြင်း ဟုတ်မဟုတ် စိစစ်

တွေ့ရှိနိုင်ကြပါလိမ့်မယ်။ ဒါတင်မက ၁၉၆၀ ရွေးကောက်ပွဲမှာ တပ်မတော်ဟာ တည်မြဲဖဆပလ မဲအနိုင်ရရေးအတွက် မဲလိမ် မဲခိုး မဲပုံးဖောက်ပေးခဲ့တယ်ဆိုတာ မဟုတ်မမှန်ကြောင်း။ တပ်မတော်ထဲက တည်မြဲဖဆပလကို အာဏာရစေချင်တဲ့ လက်ယာဆိုရှယ်လစ် တပ်မှူးတချို့ရဲ့ လုပ်ရပ်သာဖြစ်ကြောင်း။ ၁၉၆၂ ခုနှစ်မှာ တပ်မတော်က အာဏာသိမ်းတယ်ဆိုပြီး ရေးသား မှတ်တမ်းတင်နေကြတာလည်း မဟုတ်မမှန်ကြောင်း။ ဗိုလ်ချုပ်ကြီးနေဝင်းနဲ့ သူ့အတွင်းလူယုံတစ်စုကသာလျှင် ၁၉၆၀ ရွေးကောက်ပွဲ ရလဒ်အတိုင်း ဦးနုကို မလွှဲမရှောင်သာ အာဏာ လွှဲပေးလိုက် ရတာကို မကျေနိုင် မချမ်းနိုင်ဖြစ်ပြီး မကျေပွဲ ပြန်လည် ဆင်နွှဲခြင်းသာ ဖြစ်ကြောင်း စသည်တို့ကို ခုနှစ်တန်း ကျောင်းသား တစ်ယောက်တောင် နားလည်နိုင်လာပါ လိမ့်မယ်။ ရေးသား ပြုစုထားပုံကလည်း အကိုးအကား အထောက် အထား ခိုင်လုံစွာဖြင့် သုတေသနနည်းကျ ပြုစု ထားတာဖြစ်လို့ ရာခိုင်နှုန်း အတော်များများ စိတ်ချစရာ ဖြစ်ပါတယ်။

ကိုကိုမောင်ကြီးရဲ့ စာအုပ်ကို ‘မြန်မာ့ နိုင်ငံရေး’ လေ့လာသူများအတွက် အထူး အကျိုး ရှိနိုင်ပါ လိမ့်မယ်လို့ နှုတ်လမ်းညွှန်လိုက် ရကြောင်းပါဗျာ။ လေးတွဲနဲ့ တိုက်ဆိုင် ဖတ်ရှုရင်

**ပြည်သူ့ခေတ်ဂျာနယ်။**
*၂၀၊ ဇူလိုင်၊ ၂၀၁၁။*
*တွဲ ၂၊ အမှတ် ၅၃။*

○

# စိမ်းလဲ့ကန်သာ ပူးတွဲ ကြေညာချက်မှသည် တစ်မျိုးသားလုံး ‘ မျှော်ရှင် ချမ်းမြေ့မှုသို့

မကြာသေးခင် ရက်ပိုင်းအတွင်း ကျွန်တော့် စိတ်အာရုံကို ထူးထူးခြားခြား နိုးကြွသွား စေခဲ့တဲ့ သတင်းနှစ်ရပ် ထွက်ပေါ်ခဲ့တယ် ဗျာ။ သတင်းတစ်ခုကတော့ ဒေါ်အောင်ဆန်း စုကြည်နှင့် ပြည်ထောင်စုဝန်ကြီး ဦးအောင် ကြည် တွေ့ဆုံ ဆွေးနွေးတဲ့ သတင်း ဖြစ်ပါတယ်။

ယခုလို တွေ့ဆုံဆွေးနွေးဖြစ်ဖို့ တိုင်းသူ ပြည်သား လူအများက မျှော်လင့် တောင့်တ နေခဲ့တာ ကြာပြီကောဗျာ။ သမ္မတကြီး ဦးသိန်းစိန် အစိုးရတက်လာချိန်မှာ ပင် မျှော်လင့်ခဲ့ကြပါတယ်။ ယခင် စစ်ကောင်စီ အုပ်ချုပ်နေစဉ်က ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးအောင်ကြည် ကိုးကြိမ် တွေ့ဆုံခဲ့ပြီးပါပြီ။ ကျွန်တော်က ယင်းသို့ ဆွေးနွေးလက်စ ရှိခဲ့တာကို မပြီးသေးသော ပန်းချီကား တစ်ချပ်လို့ မြင်မိတဲ့အကြောင်း ရေးခဲ့ ပြောခဲ့ဖူးပါတယ်။ ယခု အဲသည် လက်စ မသတ်ရသေးတဲ့ ပန်းချီကားကို ဆက်၍ ရေးဆွဲဖြစ်ကြပြီပေါ့ဗျာ။

ဇူလိုင် ၂၅ **‘စိမ်းလဲ့ကန်သာ ပူးတွဲ ကြေညာချက်’** ထဲက စကားလုံး ရွေးချယ် သုံးနှုန်းမှုတွေကိုလည်း ကျွန်တော်က အလွန် နှစ်သက် ကျေနပ်မိတယ်ဗျ။ (ကျွန်တော်က စာရေးဆရာလည်း ဖြစ်၊ တစ်ချိန်က နိုင်ငံရေးကြေညာချက်အချို့ကို စကားလုံးများ စီစစ်ပြီး ရေးသားတဲ့ တာဝန် ယူခဲ့ဖူးသူလည်း ဖြစ်လို့မို့ ထုတ်ပြန် ကြေညာချက်

အသီးသီးက အသုံးအနှုန်းတွေကို အမြဲတမ်း ဂရုတစိုက် လေ့လာပါတယ်။ 'စကားနောက် တရားပါတယ်' ဆိုသမှတ်လားဗျာ။ စကားလုံး အသုံးအနှုန်း တွေမှာ သဘောထားတွေ ပါတတ်တယ်ဗျ။)

'ဤတွေ့ဆုံမှုအတွက် နှစ်ဖက်စလုံးက အပြုသဘော ရှုမြင်ပြီး ကျေနပ်အားရမှု ရှိကြပါသည်။ ပြည်သူလူထု ကိုယ်စိတ်နှစ်ပါး ချမ်းသာစေရေးအတွက် နှစ်ဖက် ပူးပေါင်း ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ဆွေးနွေးခဲ့ကြသည်။ ထိုသို့ ဆွေးနွေးရာတွင် တရားဥပဒေစိုးမိုးရေးကိစ္စ၊ စိတ်ဝမ်းကွဲပြား မှု ပပျောက်ရေး ကိစ္စနှင့် အများပြည်သူ အကျိုးဖြစ်ထွန်းစေမှုတို့လည်း အပါအဝင် ဖြစ်သည်။ သင့်လျော်သောရက်တွင် ထပ်မံ တွေ့ဆုံ ဆွေးနွေးရန်ကိုလည်း သဘော တူညီခဲ့ကြသည်'

## သမားလက်လျှော့ အခြေအနေမဟုတ်

ပူးတွဲသတင်းထုတ်ပြန်ချက်ဟာ တိုတိုနှင့် လိုရင်းရောက်ပါတယ်။ စကားလုံးတွေကို ထပ်မံ ရှင်းလင်းချက် ပေးစရာမလိုဘဲ ထိရောက်မှု ရှိပါတယ်။ ကျွန်တော်တို့ ကတော့ (ဆန္ဒစောတယ်လို့ ပြောချင်လည်း ပြောကြပါတော့) အတိုင်းထက်အလွန် ဝမ်းမြောက် ဝမ်းသာ ဖြစ်မိတာအမှန်ပဲဗျ။

ကျွန်တော်တို့ တိုင်းပြည်ဟာ ယခုအချိန်မှာ အမျိုးသား ပြန်လည် ရင်ကြား စေ့ရေးကို မဖြစ်ဖြစ်အောင် ဆောင်ရွက်လို့ ရနိုင်ပါသေးတယ်ဗျာ။ ပြောရမယ်ဆိုရင် လူနာဟာ မျှော့မျှော့လေးသာ ကျန်တော့တဲ့ အခြေအနေ ဆိုပေမယ့် သမားတော် လက်လျှော့လိုက်ရမယ့် အခြေအနေ မရောက်သေးပါဘူးဗျ။ အနာကို သိရင် ဆေးရှိ ပါတယ်။ ဆေးရှိပါလျက်နဲ့ မကုစားဘဲ အသေခံမယ်ဆိုရင်တော့ ပါဝင်ပတ်သက်သူ အားလုံးကို တိုင်းပြည်က ခွင့်လွှတ်နိုင်မှာ မဟုတ်ဘူးဗျ။ တိုင်းပြည်နဲ့လူမျိုး အကျိုး အလို့ငှာ ပါဝင်ပတ်သက်နေသူ အားလုံးက မာနတွေ ခဝါချပြီး ပြဿနာတွေကို ပြေလည်သည်အထိ ဖြေရှင်းကြဖို့ ပြည်သူ အများက လိုလားနေကြပါတယ်ဗျာ။

## လုံးဝ အပျက်မခံနိုင်ဘူး

သည်နေရာမှာ စိမ်းလဲ့ကန်သာ ပူးတွဲကြေညာချက်ထဲပါတဲ့ 'ပြည်သူလူထု ကိုယ်စိတ် နှစ်ပါး ချမ်းသာစေရေးအတွက် နှစ်ဖက်ပူးပေါင်း ဆောင်ရွက်နိုင်မည့် အခွင့်အလမ်း များကို ဆွေးနွေးခဲ့ကြသည်' ဆိုတဲ့ စကားရပ်အတိုင်း ဆက်လက် အကောင်အထည် ဖော်နိုင်ကြပါစေလို့ ဆုတောင်းမိတယ်ဗျ။ ရှင်းရှင်းပြောရရင် သည်ဆွေးနွေးပွဲကို အပြီးတိုင် ထမြောက်အောင်မြင်သည်အထိ ဆက်လက် ဆောင်ရွက်ကြစေချင် တယ်ဗျာ။ လုံးဝအပျက်မခံနိုင်ဘူးလို့ တိုင်းသူပြည်သား တစ်ယောက်အနေနဲ့ တောင်းဆို



လိုက်ချင်ပါတယ်ဗျ။ စိမ်းလဲ့ကန်သာ သဘောတူညီချက်ကို ဖျက်လို ဖျက်ဆီး လုပ်မည့် သူများကိုလည်း ပြည်သူတွေက ခွင့်လွှတ်မှာမဟုတ်ဘူးလို့ ပြောလိုက်ချင်ပါသေးဗျ။

## ဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်း

ကျွန်တော့် ဆောင်းပါး အစမှာ ဖော်ပြခဲ့တဲ့ သတင်းနှစ်ပုဒ်အနက် နောက်သတင်း တစ်ပုဒ်ကတော့ ကုလသမဂ္ဂ အထွေထွေ ညီလာခံက လာတဲ့ သတင်းထူး တစ်ခု ဖြစ်ပါတယ်။

အဲဒီသတင်းကတော့ နိုင်ငံတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုကိုဖော်ပြတဲ့ အညွှန်းကိန်း တွေထဲမှာ ပျော်ရွှင်ချမ်းမြေ့မှုကို ထည့်သွင်းဖို့ ဆိုတဲ့ ဆုံးဖြတ်ချက်ကို ကုလသမဂ္ဂ အထွေထွေ ညီလာခံက ချမှတ်လိုက်ခြင်းပဲ ဖြစ်တယ်ဗျ။

ဒေါ် အောင် ဆန်း စု ကြည် နဲ့ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်တို့ရဲ့ စိမ်းလဲ့ကန်သာ ပူးတွဲ ကြေညာချက်ထဲက 'ပြည်သူလူထု ကိုယ်စိတ်နှစ်ပါး ချမ်းသာ စေရေးအတွက် နှစ်ဖက် ပူးပေါင်း ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ဆွေးနွေးခဲ့ကြသည်' ဆိုတဲ့ စကားရပ်ကို တွေ့တော့ ကုလသမဂ္ဂ ဆုံးဖြတ်ချက်ကို ချက်ချင်း သတိရမိလိုက်တယ်ဗျ။ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာတဲ့ အညွှန်း ကိန်းတွေထဲမှာ တိုင်းသူပြည်သားများရဲ့ ပျော်ရွှင်ချမ်းမြေ့မှု ဘယ့်ကလောက် နှံသလဲဆိုတာကို ထည့်ပြောရတော့မယ်ဗျ။

## ဘူတန်က စခဲ့တာ

တကယ်တော့ အဲဒီဆုံးဖြတ်ချက် ချမှတ်နိုင်ဖို့ ဟိမဝန္တာ တောင်တန်းပေါ်က နိုင်ငံငယ် ကလေး တစ်ခုဖြစ်တဲ့ ဘူတန်က စတင် ကြိုးပမ်းခဲ့တာ လွန်ခဲ့တဲ့ ၁၀ လလောက်က ဖြစ်ပါတယ်။ အဲဒီတုန်းက အဲဒီအယူအဆ စိတ်ကူးစိတ်သန်းဟာ လက်တွေ့ရော က်ရဲ့လား။ အောင်မြင်မှု ရှိနိုင်ပါ့မလားဆိုပြီး တချို့က သံသယ ပွားခဲ့ကြပါတယ်။ ကျွန်တော့်အနေနဲ့ဆိုရင် အဲဒီတစ်မျိုးသားလုံး ပျော်ရွှင်ချမ်းမြေ့မှု အညွှန်းကိန်း အကြောင်းကို စိတ်ဝင်စားလွန်းလို့ စာနယ်ဇင်းအချို့မှာ ဆောင်းပါးသုံးပုဒ်ထက် မနည်း ရေးခဲ့ဖူးတယ်ဗျ။ အခု နောက်ဆုံးမှာတော့ ဘူတန်ရဲ့ အဲဒီအဆိုဟာ ပူးတွဲ ကမကထပြု ပြုသူ ၆၆ ဦးနဲ့အတူ ကုလသမဂ္ဂ အထွေထွေ ညီလာခံကြီးရဲ့ အတည်ပြု ဆုံးဖြတ်ချက် ချမှတ်မှုကို ရရှိသွားပြီဖြစ်လို့ အလွန်ဝမ်းသာတဲ့အထဲ ကျွန်တော် ပါဝင်တယ်လို့ ဝင့်ပြောပါရစေဗျာ။ အဲဒီနိုင်ငံတွေထဲမှာ ကမ္ဘာ့စက်မှု ဖွံ့ဖြိုးပြီး နိုင်ငံကြီးတစ်နိုင်ငံဖြစ်တဲ့ ဗြိတိန်လည်း ပါဝင်တယ်ဗျ။

လူ့အဖွဲ့အစည်းရဲ့ ဖွံ့ဖြိုးတိုးတက်မှု (development)ကို တိုင်းတာတဲ့ အညွှန်း ကိန်းတွေထဲမှာ လူသားတွေရဲ့ ပျော်ရွှင်ချမ်းမြေ့မှု (happiness)ကိုပါ အရေးကြီးတဲ့

အချက်တစ်ချက်အဖြစ် ထည့်သွင်းဖို့ဆိုတဲ့ စိတ်ကူးစိတ်သန်းဟာ ရုပ်ပိုင်းတိုးတက်မှုနဲ့ စိတ်ပိုင်းတိုးတက်မှုအကြား ဟန်ချက်ညီမျှမှု ရှိစေဖို့ ကြိုးပမ်းခြင်းဖြင့် ဘဝရဲ့အရှည် အသွေးကို တိုင်းတာတဲ့ ဘူတန်နိုင်ငံက ပထမဆုံး စတင် တီထွင် အသုံးပြုခဲ့တဲ့ 'တစ်မျိုးသားလုံး ပျော်ရွှင်ချမ်းမြေ့မှု စုစုပေါင်းတန်ဖိုး' ( Gross National Happiness - GNH ) ပုံစံပေါ်မှာ အခြေခံထားတာ ဖြစ်တယ်ဗျ။

## ဗုဒ္ဓတရားကို အခြေခံ၍

တိတိကျကျပြောရရင် အဲဒီ GNH ဆိုတဲ့ စကားလုံးကို ပထမဆုံး တီထွင်အသုံးပြုခဲ့တာက သူ့ဖခမည်းတော် ဂျစ်ဂမီဒေါ်ဂျီ ဝမ်ချုပ် နတ်ရွာစံ သွားပြီးတဲ့နောက် မကြာမီမှာ ဘူတန်နိုင်ငံကို ခေတ်သစ်ကမ္ဘာနဲ့ မိတ်ဆက်ပေးခဲ့တဲ့ ဘုရင်ဂျစ်ဂမီစင်းဂျီး ဝမ်ချုပ် ဖြစ်တယ်ဗျာ။ သူက ဗုဒ္ဓမြတ်စွာရဲ့ စိတ်ပိုင်းဆိုင်ရာ တန်ဖိုးတွေအပေါ်မှာ အခြေပြုထားတဲ့ ဘူတန်နိုင်ငံရဲ့ အများနဲ့မတူ တစ်မူထူးခြားတဲ့ ယဉ်ကျေးမှုကို အလုပ်အကျွေးပြုနိုင်မယ့် စီးပွားရေးစနစ်တစ်ခု တည်ဆောက်ဖို့ဆိုတဲ့ သူ့ရဲ့သန္နိဋ္ဌာန်ကို ဖော်ပြဖို့အတွက် အဲဒီစကားလုံး အသစ်အဆန်းကို ၁၉၇၂ ခုနှစ်ထဲမှာ ပထမဆုံး စတင် အသုံးပြုပြောဆိုခဲ့တာ ဖြစ်တယ်ဗျ။

## ကမ္ဘာပိုင်ဖြစ်လာရေး

ဘူတန်ဘုရင်က အမှတ်မထင် သုံးနှုန်းလိုက်တဲ့ အဲဒီဝေါဟာရဟာ နောက်ပိုင်းမှာ တစ်စ တစ်စ ပိုမိုတွင်ကျယ်လာခဲ့ပြီး ကာမအူရာဆိုတဲ့ ပညာရှင်ရဲ့ဦးဆောင်မှုအောက်မှာ 'ဘူတန်ရေးရာလေ့လာမှုစင်တာ'(Centre for Bhutan Studies - CBS)က အဲဒီဝေါဟာရကို ပြည်သူတွေရဲ့ဘဝ လုံခြုံ ငြိမ်းချမ်း သက်သာချောင်ချိမှုကို တိုင်းတာတဲ့ နေရာမှာ အသုံးပြုတဲ့ အဆင့်မြင့် စံချိန် စံညွှန်းတစ်ခုအဖြစ်သို့ ဖွံ့ဖြိုးတိုးတက်လာအောင် မြှင့်တင်ခဲ့တယ်ဗျ။ နောက်ပိုင်း အဲဒီ စံချိန်စံညွှန်းကို 'ဘူတန်ပိုင်' အဖြစ် ကနေ 'ကမ္ဘာပိုင်'အဖြစ်သို့ တရွေ့ရွေ့ ပြောင်းလဲတိုးတက်လာအောင် သုံးသပ် ဆန်းစစ်ခွဲခြမ်းစိတ်ဖြာမှုတွေ တိုးတိုးပြီး ပြုလုပ်လာကြတဲ့ကိစ္စမှာတော့ ကနေဒါ ကျန်းမာရေးပညာရှင် မိုက်ကယ်ပင်းနေ့က အရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်ခဲ့တယ်ဗျာ။

## ဂျီဒီပီအပေါ်အခြေခံခဲ့

အများသိကြတဲ့အတိုင်း တစ်ချိန်က နိုင်ငံတစ်နိုင်ငံရဲ့ ချမ်းသာကြွယ်ဝမှုကို တိုင်းတာရာမှာ အဓိက အသုံးပြုခဲ့ကြတဲ့ ပေတံက 'ပြည်တွင်း အသားတင်ထုတ်ကုန်စုစုပေါင်း' (Gross Domestic Product - GDP) ဖြစ်တယ်ဗျ။ GDP ပမာဏများရင် အဲဒီ



နိုင်ငံကို ချမ်းသာကြွယ်ဝတဲ့ နိုင်ငံလို့ သတ်မှတ်ကြပြီး နည်းရင် ဆင်းရဲတဲ့နိုင်ငံဖြစ်တယ်လို့ သတ်မှတ်ခဲ့ကြတယ်ဗျ။ အဲဒီ သတ်မှတ်ချက်အရ မြောက်ကမ္ဘာခြမ်းကနိုင်ငံအများစုဟာ ချမ်းသာတဲ့နိုင်ငံတွေ ဖြစ်ကြပြီး အဲဒီထဲမှာ အမေရိကန် ပြည်ထောင်စုက အချမ်းသာဆုံးနိုင်ငံ ဖြစ်တယ်ဗျာ။ တောင်ကမ္ဘာခြမ်းက နိုင်ငံအများစုကတော့ ဆင်းရဲသားနိုင်ငံတွေပေါ့ဗျာ။

## ချမ်းသာတိုင်း ချမ်းမြေ့သလား

သို့ပေမယ့် နိုင်ငံတစ်နိုင်ငံရဲ့ GDP ဟာ အဲဒီနိုင်ငံက ပြည်သူတွေရဲ့ဘဝတွေ ငြိမ်းချမ်းသွက်လပ် သာယာပျော်ရွှင်မှုနဲ့ တိုက်ရိုက် အချိုးမကျတာကို တွေ့ကြရမှာ ဖြစ်တယ်ဗျ။ တစ်ချိန်တည်းမှာ ဖွံ့ဖြိုး တိုး တက်မှု (သို့မဟုတ်) ချမ်းသာကြွယ်ဝမှုနဲ့ ချမ်းမြေ့ပျော်ရွှင်မှုဟာ တိုက်ရိုက်အချိုးကျ ရဲ့လားဆိုတာကို ပညာရှင်တွေ တွေးတော ဆင်ခြင်မိလာကြတယ်ဗျ။ အကျိုးဆက် အဖြစ် GDP ပေတံနဲ့ တိုင်းပြည်တစ်ပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာတာဟာ မှန်ကန်ရဲ့လား။ မှားတော့မမှားဘူးလို့ ပြောမယ်ဆိုရင်တောင် ထုံလောက်မှုရော ရှိရဲ့လားလို့ တွေးလာခဲ့ကြတယ်ဗျ။

## ထောက်တိုင်ကြီး ရှစ်ခု

အဲဒီမှာတင် ဘူတန်နိုင်ငံက စတင်ထွက်ပေါ်လာခဲ့တဲ့ GNH ဆိုတဲ့ ဝေါဟာရဘက်ကို ပညာရှင်တွေ တစ်စတစ်စ ပိုမိုအာရုံစိုက် လာခဲ့ကြတော့တာပါပဲဗျာ။

ဗုဒ္ဓမြတ်စွာရဲ့ သင်ကြားမှုတွေအပေါ် မှာ အခြေပြုထားတဲ့ ဘူတန်ရဲ့GNH အယူအဆက လူ့အဖွဲ့အစည်းအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေတဲ့ ဖွံ့ဖြိုး တိုးတက်မှုဆိုတာ စိတ်ပိုင်းဖွံ့ဖြိုးတိုးတက်မှုနဲ့ ရုပ်ပိုင်းဖွံ့ဖြိုး တိုးတက်မှုတို့ ဟန်ချက်ညီညီ လျှောက်လှမ်းသွားနိုင်မှသာ ရရှိနိုင်တဲ့ အရာလို့ ဖွင့်ဆိုထားတယ်ဗျာ။ ဒါကို အသေးစိတ်ဖွင့်ဆိုရရင် GNH မှာ အဓိက ထောက်တိုင်ကြီး ၄ ခု ရှိတယ်။ အဲဒါတွေ ကတော့ (၁) ကြံ့ခိုင်သန်စွမ်းတဲ့ ဖွံ့ဖြိုး တိုးတက်မှု မြှင့်တင်ရေး (၂) ယဉ်ကျေးမှု တန်ဖိုးများအား စောင့်ရှောက် ကာကွယ် ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေး (၃) သဘာဝ ပတ်ဝန်းကျင်ကို ထိန်းသိမ်း ကာကွယ် စောင့်ရှောက် ရေးနဲ့ (၄) ကောင်းမွန်သော အုပ်ချုပ်ရေး စနစ် ထူထောင်ရေးတို့ ဖြစ်တယ်လို့ဆိုတယ်ဗျ။

နောက်ပိုင်းမှာ ဘူတန်ရေးရာလေ့လာ မှု စင်တာ (CBS)က အဲဒီပျော်ရွှင်ချမ်းမြေ့မှုရဲ့ထောက်တိုင်ကြီး ၄ ခု အယူအဆ ကို အသေးစိတ် ထပ်မံခွဲထွင် ဖွင့်ဆိုရှင်းလင်းပြီး ထောက်တိုင်ကြီး ၈ခု အယူအဆအဖြစ် သို့ ဆက်လက်ဖွံ့ဖြိုး တိုးတက်စေခဲ့တယ်ဗျ။ အဲဒီထောက်တိုင်ကြီး ရှစ်ခုကတော့ (၁) ရုပ်ပိုင်း။ စိတ်ပိုင်းနှင့်ကျင့်ဝတ်သိက္ခာပိုင်းက

ျန်းမာရေး (၂) အချိန်ဟန်ချက် ညီမျှမှု (၃) လူမှုရေးနှင့် အသိုင်းအဝိုင်းဆိုင်ရာ တက်ကြွထက်သန်မှု (၄) ယဉ်ကျေးမှုဆိုင်ရာ တက်ကြွထက်သန်မှု၊ (၅)ပညာရေး (၆) လူနေမှု အဆင့်အတန်း (၇) ကောင်းမွန် သော အုပ်ချုပ်မှုနဲ့ (၈) ဂေဟဗေဒဆိုင်ရာ တက်ကြွထက်သန်မှုတို့ ဖြစ်တယ်ဗျာ။

## မလိုက်နာမနေရတော့မဟုတ်ပါ

အခု ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက ချမှတ်လိုက်တဲ့ ဆုံးဖြတ်ချက်က မလိုက်နာ မနေရမဟုတ်တဲ့ ဆုံးဖြတ်ချက် (Non binding Resolution) သာ ဖြစ်ပါတယ်။ အဖွဲ့ဝင် နိုင်ငံတွေအနေနဲ့ မိမိတို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို လေ့လာဆန်းစစ် တိုင်းတာကြတဲ့ အခါ (Gross National Happiness - GNH) ကို စံချိန်စံညွှန်းတစ်ခုအဖြစ် မဖြစ်မနေ ထည့်သွင်းအသုံးပြုကြရမယ်လို့ အဲဒီဆုံးဖြတ်ချက်က တောင်းဆို မထားပါဘူး။ ဒါကြောင့် နိုင်ငံတွေ အနေနဲ့ ဆန္ဒရှိရင်လည်း လုပ်၊ မရှိရင်လည်း မလုပ်နဲ့ မိမိတို့ သဘောဆန္ဒ အတိုင်းသာဖြစ်တယ်ဗျ။

## ကမ္ဘာမှာ မြန်မာနမူနာပြနိုင်ဖို့

ဒါပေမယ့် မိမိတို့နိုင်ငံမှာ မိမိတို့ပြည်သူတွေအတွက် စစ်မှန်တဲ့ ဖွံ့ဖြိုးတိုးတက်မှု စစ်မှန်တဲ့ချမ်းသာကြွယ်ဝမှုတို့နဲ့ တစ်တွဲတည်း စစ်မှန်တဲ့ ပျော်ရွှင်ချမ်းမြေ့မှုကို ရရှိ ခံစားစေလိုကြတဲ့ နိုင်ငံခေါင်းဆောင်များအနေနဲ့ ပျော်ရွှင်ချမ်းမြေ့မှု ပေါ်ပေါက် ထွန်းကား ပြန့်ပွားရေးအတွက် မိမိတို့ရဲ့ သီးခြားကိုယ်ပိုင်အစီအမံ လုပ်နည်းလုပ်ဟန် များကို ဖော်ထုတ်ပြီး အဲဒါတွေကို ကုလ သမဂ္ဂအဖွဲ့ကြီးထံ မျှဝေကြပါလို့ အဲဒီ ဆုံးဖြတ်ချက်မှာ ပန်ကြားထားကြောင်းပါဗျာ။

***တကြောင်း။။*** *ကျွန်တော်တို့ ဆီမှာလည်း စိမ်းလဲ့ကန်သာ ပူးတွဲကြေညာချက်ကို ဆက်လက် အကောင်အထည်ဖော်ပြီး ပြည်သူတစ်ရပ်လုံး စစ်မှန်တဲ့ ပျော်ရွှင် ချမ်းမြေ့မှုကို ရရှိအောင် ဆောင်ကြဉ်းပေးနိုင်လျှင်ဖြင့် ကမ္ဘာမှာ GNH မြန်မာ့ နမူနာလို့ တောင် သင်ခန်းစာပေးနိုင်မည် ဖြစ်ကြောင်းပါဗျာ။*

**ပြည်သူ့ခေတ်ဂျာနယ်**

*၂၇၊ ဇူလိုင်၊ ၂၀၁၁*

*တွဲ ၂ ၊ အမှတ် ၅၄*

○

## [illegible]ရားဥပဒေစိုးမိုးရေး ဘယ်လောက် အရေးကြီးသလဲ

[illegible]မာ့ ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ ပြည်ထောင်စုဝန်ကြီး [illegible]အောင်ကြည်တို့ရဲ့ ၂၅ ဇူလိုင် စိမ်းလဲ့ကန်သာ တွေ့ဆုံပွဲကနေ ထွက်ပေါ် လာတဲ့ [illegible]တွဲ ကြေညာချက်မှာ '....ထိုသို့ ဆွေးနွေးရာတွင် တရားဥပဒေစိုးမိုးရေးကိစ္စ၊ [illegible]ငြိမ်းကွဲပြားမှု ပပျောက်ရေးကိစ္စနှင့် အများပြည်သူ အကျိုးဖြစ်ထွန်းစေရေး [illegible]စ္စတို့လည်း အပါအဝင်ဖြစ်ပါသည်' လို့ ဖော်ပြချက်တစ်ရပ် ပါရှိခဲ့တာ သတိထား [illegible]ကြပါလိမ့်မယ်။

သည်နေရာမှာ ကိစ္စသုံးရပ်ကို ဆွေး နွေးမှု ခေါင်းစဉ်များအဖြစ် တွေ့ရပါတယ်။ [illegible]ခေါင်းစဉ် သုံးရပ်စလုံးဟာ တိုင်းပြည်အတွက် အလွန်အရေးကြီးတဲ့ အကြောင်းအရာ [illegible]လည်း ဖြစ်နေပါတယ်ဗျာ။

တရားဥပဒေစိုးမိုးရေးကို ထိပ်ဆုံးမှာ ထားခြင်းကတော့ ကျွန်တော်တို့ နိုင်ငံအတွက် [illegible]အကြီးဆုံး ကိစ္စရပ်ကြီးအဖြစ်ဆွေးနွေးဖို့ လိုအပ်နေခြင်းကြောင့် ဖြစ်ပါလိမ့်မယ်ဗျ။

တရားဥပဒေစိုးမိုးရေး ခေါင်းစဉ်နဲ့ စပ်လျဉ်းလို့ တရားရေး မဏ္ဍိုင်ကြီးထံမှ ဖွင့်ဆို [illegible]သင်းမှုများ ပြုလုပ်သင့်ပြီ ဖြစ် ကြောင်းကို ပြည်သူ့ခေတ်ဂျာနယ်၊ အတွဲ ၂ အမှတ် [illegible] ဩဂုတ် ၂၀၁၁၊ အယ်ဒီတာ့ အာဘော်က အဆိုပြုလိုက်ပါတယ်။

အစိုးရသစ် ပေါ်ပေါက်လာပြီးတဲ့ နောက် အုပ်ချုပ်ရေးမဏ္ဍိုင်ရဲ့ အကြီးအကဲ [illegible] နိုင်ငံတော် သမ္မတက နိုင်ငံအနှံ့ ကြားသိစေမည့် မိန့်ခွန်းများအားဖြင့် မိမိတို့ရဲ့ [illegible]ထား အမြင်များနဲ့ လုပ်ငန်း အစီအစဉ်များကို ဖွင့်ဟပြောဆိုခဲ့ပါပြီ။

ဥပဒေပြု မဏ္ဍိုင်ရဲ့ အကြီးအကဲ တစ်ဦးဖြစ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ကလည်း မိမိတို့ မဏ္ဍိုင်ရဲ့ စွမ်းဆောင်နိုင်မှု အတိုင်းအတာ ပမာဏနဲ့ ဆောင်ရွက်ဖို့ ရည်ရွယ်ထားတဲ့ လုပ်ငန်းအစီအစဉ်များကို အများပြည်သူ ကြားသိအောင် ရှင်းလင်း ပြောဆိုခဲ့ပါပြီ။

တရားရေး မဏ္ဍိုင်အနေနဲ့ကတော့ မဏ္ဍိုင်ရဲ့ ဖွဲ့စည်းပုံသစ်မှာ လုပ်ငန်း ယန္တရားတို့ မည်သို့မည်ပုံ လည်ပတ်မည်၊ ပြောင်းလဲလာတဲ့ ခေတ်စနစ်နဲ့ လျော်ညီစွာ မည်သို့မည်ပုံ ပြောင်းလဲ ကျင့်ကြံကြရမည် စသည်တို့ကို တာဝန်ရှိသူ အဆင့်ဆင့်သို့ ညွှန်ကြားတာတွေ ရှင်းလင်း ပြောဆို တာတွေ၊ စိစစ်ထိန်းကျောင်းတာတွေ ရှိနေမှာ ဖြစ်ပေမယ့် အဲသလို ပြောင်းလဲ လာတဲ့ သဘောထားတွေ၊ လုပ်ငန်း သဘာဝနဲ့ လက်တွေ့ တရားစီရင်ရေး အနေအထားတွေကို အများပြည်သူကို တိုက်ရိုက်ဖြစ်စေ၊ တစ်ဆင့်ခံအားဖြင့် ဖြစ်စေ အသိပေးပြောဆိုဖို့ လိုအပ်နေသေး တယ်လို့ ပြည်သူ့ခေတ်ဂျာနယ်က ရှုမြင် ပါကြောင်း ရေးသား အဆိုပြုခဲ့ခြင်း ဖြစ်တယ်ဗျ။

## ဥပဒေအထက်မှာ မည်သူမျှ မရှိစေရ

'တရားဥပဒေရဲ့ အထက်မှာ မည်သူမျှ မရှိစေရ' ဆိုတဲ့ အင်မတန်မှ နားထောင်လို့ ကောင်းတဲ့ ဆောင်ပုဒ်ကို ပြည်သူအများက နှစ်သက်လိုလားစွာ ကြုံဆိုခဲ့ကြတာ ကြာလှပါပြီ။ လွှတ်လပ်မှုရဲ့ တန်ဖိုးကို လွှတ်လပ်မှု ဆိတ်သုဉ်းချိန်ကျမှ ပို၍ သိသလို တရားဥပဒေစိုးမိုးမှုကိုလည်း တရားဥပဒေစိုးမိုးမှု ကင်းမဲ့တဲ့ နေရာဒေသနဲ့ အချိန်ကာလကို ကြုံခဲ့ဖူးမှ ပို၍ ခံစားနားလည်တတ်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဆိုရင် ကျေးလက် တောရွာမှာ မွေးဖွားကြီးပြင်းခဲ့ရပြီး နေ့တစ်မျိုး ညတစ်မျိုး စိုးမိုးသူတွေအောက်မှာ နေခဲ့ရဖူးလို့ တရားဥပဒေကင်းမဲ့ချိန်မှာ လူတွေဘယ်လို ခံစားရတယ်ဆိုတာ ဘဝနဲ့ ယှဉ်ပြီး သိနားလည်ခဲ့သူ ဖြစ်ပါတယ်ဗျာ။ တရားဥပဒေလက်တံနဲ့ အလှမ်းဝေးတဲ့ နယ်စွန် နယ်ဖျားဒေသတွေမှာ နေထိုင်နေသူတွေ အဖို့ကတော့ ပိုပြီးသာ ဆိုးနိုး ရှိတယ်ဗျ။ ဒါကြောင့်လည်း တရားဥပဒေရဲ့ အကာအကွယ်ကို ကျွန်တော်တို့လို ကိုယ်တွေ့ ခံစားရဖူးသူတွေက အတောင့်တဆုံး ဖြစ်ပါတယ်ဗျာ။

ခုဆိုရင် ပြည်သူတွေက အရပ်သား အစိုးရသစ်ရဲ့ လက်ထက်မှာ တကယ်တမ်း မည်သို့မည်ပုံ အပြောင်းအလဲတွေ ရှိလာမလဲ၊ တရားဥပဒေစိုးမိုးမှု ဘယ်လောက် သက်ရောက်မလဲဆိုတာကို စောင့်ကြည့်နေကြတယ်ဗျ။

## ၁၉၈၈ အပြောင်းအလဲရဲ့ ကျေးဇူးခံများ

တကယ်ကတော့ မြန်မာနိုင်ငံ တရားရေး လောကဟာ ၁၉၈၈ ခုနှစ် ဒီမိုကရေစီ အရေးတော်ပုံကြီးကြောင့် အပြောင်းအလဲ တွေ ဖြစ်ခဲ့တယ်ဆိုတာ အထူးဖောက်ကြောင်း



ပြန်လှန်နေစရာ မလိုပါ။ တစ်ပါတီစနစ် အောက်မှာတုန်းက တရားရေးဝန်ထမ်းဆိုတဲ့ ရာထူးအမည်နဲ့ ဝန်ထမ်းဘဝမှာ နေခဲ့ကြ ရသူတွေဟာ ၁၉၈၈ အပြောင်းအလဲများရဲ့ ကျေးဇူးကြောင့် တရားသူကြီး ကုလား ထိုင်မှာ ခန့်ခန့်ကြီး ထိုင်ခွင့်ရလာကြတာပါ။ ဒါပေမယ့် သူတို့တွေထဲက အချို့ အချို့ဟာ ဆန္ဒ၊ ဒေါသ၊ ဘယာ၊ မောဟ တရားတွေကြောင့် နာမည်ပျက်ခဲ့ကြတယ်။ ပြည်သူ တွေရဲ့ ယုံကြည်ကိုးစားမှုကို မရရုံမက မေးငေါ့ ပြစ်တင်ခြင်းကိုပါ ခံခဲ့ကြရတယ်။ ဘယ်သူ ဘယ်ဝါကို ထောင်ဘယ်နနှစ် ချလိုက်ဆိုပြီး တရားသူကြီးကို မည်သည့် အဖွဲ့အစည်း၊ မည်သည့် လူပုဂ္ဂိုလ်ကမှ ခိုင်းစေလို့မရတဲ့ နေ့စ်ကို ပြည်သူတွေက မြင်းမြစွာ တောင့်တနေခဲ့ကြပါတယ်။

## ကြားရ နားဝမှာ မချမ်းသာ

မကြာသေးမီ ကာလအထိ မြန်မာနိုင်ငံ တရားရေးလောကထဲက အချို့ အချို့သော အစိတ်အပိုင်းများအပေါ် အများပြည်သူ ထင်မြင်ချက်နဲ့ ဥပဒေလောကသား ရှေ့နေ ရှေ့ရပ်များရဲ့ လက်တွေ့ဘဝကို အရင်းခံပြီး သုံးသပ်တင်ပြချက်များကို ကျွန်တော်တို့ စာတွေမဏ္ဍိုင်သားတွေ 'ကြားရ ကြားရ နားဝမှာ မချမ်းသာ' ဖြစ်နေခဲ့တာ ကြာပါပြီ။ ဒီသော် ကျွန်တော်တို့မှာ တရားရေး မဏ္ဍိုင်ထဲက မည်သည့် ဖြစ်ရပ်ကိုမဆို ဝေဖန် ရေးသားဖို့ဆိုတာ အလွန် ဝန်လေးပါတယ်။ ပြည်သူများ အကျိုးငှာ ရေးချင်လွန်းလို့ တက်ယားနေခဲ့ပေမယ့် နဂါးတို့မျက်စောင်း အကြောင်းသုံးပါး မရှောင်တာကိုတော့ အထူးသတိထားခဲ့ရပါတယ်ဗျာ။

ယခုတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်တို့ရဲ့ တွေ့ဆုံပွဲမှာ တရားဥပဒေစိုးမိုးရေး ကိစ္စကို အဓိက ခေါင်းစဉ်တစ်ခုအနေနဲ့ ဆွေးနွေး ခဲ့တယ်ဆိုတာ ကြားသိရလို့ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလိုက်ခြင်း ဖြစ်ပါတယ်။

## ဥပဒေနဲ့ နိုင်ငံရေး သတ်သတ်စီ

တရားဥပဒေစိုးမိုးရေး ကိစ္စကို အလေး အနက်ထားကာ စိတ်ဝင်စားသူများ လေ့လာနိုင်ဖို့ ပြည်သူ့ခေတ်ဂျာနယ်၊ အတွဲ ၂ အမှတ် ၅၄၊ ၄ ဩဂုတ် ၂၀၁၁ စာမျက်နှာ ၂၄၊ စာရေးသူတစ်ဦးရဲ့ နိုင်ငံရေး ကကြီး ခကွေး ဆောင်းပါးစဉ်မှာ ဖော်ပြထားတဲ့ တရားစီရင်ရေးအကြောင်းကို ရည်ညွှန်း လိုပါသေးတယ်။

လစ်ဘရယ် ဒီမိုကရက်တစ်စနစ်မှာ တရားစီရင်ရေးဟာ လွှတ်လပ်ပြီး နိုင်ငံရေးနဲ့ ကင်းရှင်းရတယ်၊ ဥပဒေနဲ့ နိုင်ငံရေးကို သတ်သတ်စီ ခွဲထားရတယ် ဆိုတာတွေကို ဖော်ပြထားတယ်။ အိန္ဒိယနိုင်ငံမှာ ဝန်ကြီးချုပ်ရင့်မကြီးဖြစ်တဲ့ အင်ဒီရာဂန္ဒီကို ရွေးကောက်ပွဲ မသမာမှုနဲ့ နိုင်ငံရေးလောကမှ ငါးနှစ်ပယ်ကြောင်း ၁၉၇၅ ခုနှစ်က

ဆုံးဖြတ်ခဲ့တဲ့ အိန္ဒိယ တရားရေးစနစ် အကြောင်းကိုလည်း အဲဒီဆောင်းပါးမှာ ဖော်ပြထားတယ်ဗျ။

## ငို၍ ရယ်၍ မရသော မျက်နှာ

တရားဥပဒေကို 'ငို၍ ရယ်၍ မရသော မျက်နှာ'လို့ တင်စားပြီး ကျွန်တော်တို့ ချစ်ခင်လေးစားတဲ့ ဒါရိုက်တာမင်းသား ဦးမြတ်လေးက ရုပ်ရှင်အနုပညာနဲ့ ဖော်ကျူးခဲ့ဖူးပါတယ်။ နိုင်ငံတကာမှာ တရားရေးမဏ္ဍိုင်သည် တည့်မတ်ရမယ် ဆိုတာကို မျက်လုံးမှာ အဝတ်စီးထားတဲ့ အမျိုးသမီးပုံနဲ့ သရုပ်ဖော်တာဟာ ဘယ်သူ ဘယ်ဝါဆိုတာကို မကြည့်ဘဲ ဥပဒေအတိုင်း စီရင်ရမယ်လို့ ဆိုလိုတာပါပဲ။

ဒီမိုကရေစီနိုင်ငံ ထူထောင်ဖို့ အရေးကြီးဆုံး ရေခံမြေခံဟာ တရားဥပဒေစိုးမိုးရေးပဲ ဖြစ်တယ်ဆိုတာကို လက်ခံထားကြရင်ဖြင့် သည်လိုအပ်ချက်ကြီးကို ဖြည့်ဆည်းနိုင်ဖို့ ဝိုင်းဝန်း တွန်းအားပေးကြရမှာ ဖြစ်ပါတယ်။

တရားဥပဒေစိုးမိုးရေး ဗဟုသုတ အလို့ငှာ ကျွန်တော့်ရဲ့ ခေတ်မီ နိုင်ငံရေး ဝေါဟာရ အဘိဓာန် ၂၀၁၁ မှာ ဖော်ပြ ထားတဲ့ 'ဥပဒေဖြင့် အုပ်စိုးခြင်း' နဲ့ 'တရားဥပဒေစိုးမိုးမှု' ဝေါဟာရနှစ်ရပ် ဖွင့်ဆိုချက် များကို တင်ပြ၍ ဤဆောင်းပါးကို နိဂုံးချုပ်ပါရစေ။

## Rule by Law (ဥပဒေဖြင့် အုပ်စိုးခြင်း)

ဥပဒေဖြင့်အုပ်စိုးခြင်းသည် တရားဥပဒေ စိုးမိုးမှု (rule of law) နှင့် မတူချေ။ တရားဥပဒေကို စိုးမိုးရေး လက်နက်အဖြစ် အသုံးချ၍ အုပ်ချုပ်ခြင်းကို ဆိုလိုသည်။ rule of law တွင် တရားဥပဒေ၏ အထက်၌ မည်သူမှမရှိချေ။ rule by law မှာမူ ငြိမ်ဝပ်ပိပြားရေးနှင့် လုံခြုံရေးအကြောင်းများအားဖြင့် ဥပဒေများ တစ်ခုပြီးတစ်ခု ထုတ်ပြန်ကာ အုပ်ချုပ်ခြင်း ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံတွင် မင်းမဲ့စရိုက်များ ဖြစ်ပေါ်လာချိန်မျိုး၌ rule by law ကို အသုံးပြုသည်။

## Rule of Law (တရားဥပဒေစိုးမိုးမှု)

နိုင်ငံတစ်နိုင်ငံတွင် တရားဥပဒေသည် အမြင့်ဆုံး။ တရားဥပဒေအထက်၌ မည်သူမျှ မရှိစေရ (supremacy of law) ဟူသော စကားအတိုင်း အမှန်တကယ် ကျင့်သုံးနေသည်ဟုဆိုလျှင် rule of law ဟု ခေါ်သည်။ တရားဥပဒေစိုးမိုးမှု၏ အနှစ် သာရကို ဖရိုက်ဒရစ်ဟေယက် (Friedrich Hayek)က သူ၏ 'The Constitution of Liberty' ၁၉၆၁ တွင် ရှင်းလင်း ဖွင့်ဆိုထားရာ အဓိကအားဖြင့် တရားဥပဒေသည် ကျော်သားရင်သား မခွဲခြားရ၊ လူတိုင်းသည် ဥပဒေပါ အခွင့်အရေးများကို တန်းတူ



ခံစားခွင့်ရှိသည်။ ထို့အတူ ဥပဒေ ချိုးဖောက်လျှင်လည်း မည်သည့်ပုဂ္ဂိုလ်၊ မည်သည့် အဖွဲ့အစည်းဖြစ်၍ ခြွင်းချက်ဖြင့် ကင်းလွတ်ခွင့်ရှိသည်ဟု မဖြစ်စေရဟူ၍ ဖော်ပြပါရှိသည်။ လူ့အဖွဲ့အစည်းတိုင်းတွင် rule of law ထွန်းကားစေရန် လိုလားအပ်သည်။ ယင်းသို့ တရားဥပဒေစိုးမိုးမှု ထွန်းကားစေရန် အရေးကြီးသော လိုအပ် ချက် နှစ်ရပ် ရှိသည်။ ပထမအချက်မှာ ဥပဒေများသည် သာမန်လူများ နားလည် အောင် ရှင်းလင်းလွယ်ကူ (transparent) ရမည်။ မည်သည်တို့ကို ဥပဒေအရ တားမြစ်ထားသည်၊ မည်သည့် ဥပဒေကို ချိုးဖောက်လျှင် မည်သို့သော ပြစ်ဒဏ်ကို ခံရမည်စသည်ကို အရွယ်ရောက်ပြီးသော နိုင်ငံသားတိုင်း သိစေရမည်။ ဒုတိယအချက်မှာ ဥပဒေများသည် နည်းနိုင်သမျှ နည်းပါးစေရမည်။ နိုင်ငံသားများနှင့် ဥပဒေကြပ်မတ်ရသူများ နှစ်ဘက်စလုံးသည် ပြဋ္ဌာန်းထားသော ဥပဒေများကို လွယ်လင့်တကူ သတိရနေရမည်။ ပြည်သူများသည် ထိန်းချုပ်မှုများနှင့် တားမြစ်မှုများ အလွန် နည်းပါးစွာဖြင့် လွတ်လပ်နိုင်သမျှ လွတ်လပ်စွာ ကြီးပြင်းလာနိုင်ရမည်ဟူ၍ ဖြစ်သည်။ အမေရိကန် ပြည်ထောင်စု ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေတွင် 'တရားဥပဒေ၏ အုပ်စိုးမှု ဖြစ်ရမည်၊ လူများ၏ အုပ်စိုးမှုမဖြစ်စေရ' ('the rule of law and not of men') ဟူသော စာပိုဒ်ကို အထူးပြု ဖော်ပြထားသည်။

**ပြည်သူ့ခေတ်ဂျာနယ်**

*၃၊ ဩဂုတ်၊ ၂၀၁၁။*

*တွဲ ၂၊ အမှတ် ၅၅။*

○

# အဂတိလိုက်စားမှု ပပျောက်ရေး ဘယ်လောက် အရေးကြီးသလဲ

ပြီးခဲ့တဲ့ အပတ်က တရားဥပဒေစိုးမိုးရေး ဘယ်လောက် အရေးကြီးသလဲ ခေါင်းစဉ်နဲ့ ကျွန်တော် ဆွေးနွေးခဲ့ပါတယ်။ သည်တစ်ပတ်တော့ အဂတိလိုက်စားမှု အကြောင်းပေါ့ဗျာ။ ခုအချိန်ဟာ ကျွန်တော်တို့တိုင်းပြည်မှာ အရေးတကြီး ပြုပြင် ပြောင်းလဲစရာတွေကလည်း များသားဗျ။ အားလုံး အရေးကြီးတယ်လို့တောင် ပြောစရာဖြစ်နေပြီ။ အချိန်သိပ်ဆိုင်းလို့ မဖြစ်တော့ဘဲ လုပ်စရာရှိတာတွေကို မြန်မြန်ဆန်ဆန် လုပ်ကြဖို့ လိုနေပါပြီ။

နိုင်ငံတော် သမ္မတကြီးက ကောင်းမွန်တဲ့ အုပ်ချုပ်မှုနဲ့ သန့်ရှင်းတဲ့ အစိုးရ ပေါ်ပေါက်ရေးကို လမ်းညွှန် မိန့်ခွန်းတွေ ပြောခဲ့တယ်။ ပြုပြင်ရေးတွေ လုပ်ဖို့ ကဏ္ဍအလိုက် အလုပ်ရုံ ဆွေးနွေးပွဲတွေနဲ့ နည်းလမ်း ရှာခဲ့ကြ တယ်။ သည်အချိန် သည်ကာလဟာ ပြုပြင် ပြောင်းလဲရေးတွေအတွက် ပြင်ဆင်ချိန်၊ အားယူချိန်၊ အစပျိုး ချိန်လို့ ကျွန်တော်တို့ မှတ်ယူပါတယ်။

သည်အချိန်မျိုးဟာ အလွန်အရေးကြီးပါတယ်။ အဟောင်းနဲ့ အသစ် လွန်ဆွဲနေချိန်လည်းဖြစ်တယ်။ ပိုနေမြဲကျားနေမြဲ အရင်အတိုင်းပဲ ကောင်းပါတယ်ကွာလို့ဆိုကာ ပြုပြင်ပြောင်းလဲရေး ရေစီးထဲမှာ မလိုက်ပါလိုသူတွေ ရှိနိုင် ပါတယ်။

အဟောင်းကို ဖက်တွယ်လို သူတွေဟာ ကိုယ်ကျိုးစီးပွား သံယောဇဉ် များကြောင့် အပြောင်းအလဲ လုပ်ငန်းစဉ်တွေကို လက်မခံနိုင်ကြတာပါ။ သူတို့ကို ခေတ်ပျက် သူဌေးလို့ ခေါ်ပါတယ်။ သူတို့ဟာ ဘာမှ မဟုတ်တဲ့ သာမန် သူလိုကိုယ်လိုအဆင့်ကနေ အဆက်ကောင်း၊ အကွက်ကောင်းမိပြီး ပွပေါက်တိုးခဲ့ကြတယ်။ ရုရှားမှာလည်း



ချယ်လ်ဆီးဘောလုံးသင်းကို ဝယ်နိုင်တဲ့ အဘရာမိုဗစ်ချ်လို ခေတ်ပျက်သူဌေး ပေါ်ခဲ့တာပဲ။ တရုတ်ပြည်၊ အိန္ဒိယပြည်တို့ မှာလည်း အလားတူ ပွပေါက်တိုးပြီး သူဌေးဖြစ်လာသူတွေ ရာနဲ့ထောင်နဲ့ချီပြီး ရှိတယ်ဗျ။ သူတို့တွေဟာ ပြုပြင်ပြောင်းလဲရေးလို့ ပြောလိုက်တာနဲ့ တီကို ဆားနဲ့တို့လိုက်သလို တွန့်ခနဲ ဖြစ်ကုန်ကြရောဗျ။

သူတို့တင်မကဘူး။ ခေတ်ပျက် သူဌေးတွေနဲ့ အမြီးစားဘက် ခေါင်းစား ဘက် လုပ်နေသူ ဝန်ထမ်းတချို့ကလည်း တွန့်ကုန်ကြတာပဲ။ သူတို့တွေဟာ တရားဝင်ရတဲ့ လစာဝင်ငွေနဲ့ ဘယ်လိုမှ ယုတ္တိမရှိတဲ့ စည်းစိမ်ဥစ္စာတွေကို ပိုင်ဆိုင်နေပြီး ဖြစ်တယ်။ သို့ပေမယ့် လောဘမသတ်နိုင်ဘူး။ ပြုပြင်ပြောင်းလဲရေးတွေကြောင့် သူတို့ စားပေါက် စားလမ်းတွေ ပိတ်ကုန်တော့မယ်လို့ စိုးရိမ်ပူပန်ပြီး ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ် တွေကို ဆန့်ကျင်တယ်။ ကပျက်ယပျက် လုပ်ချင်တယ်။ သူတို့ ကတော့ ပိုနေမြဲ ကျားနေမြဲ အနေ အထားကိုပဲ တမ်းတနေကြမှာ ဓမ္မတာပေါ့ဗျာ။

သည်နေရာမှာ တောင်ကိုရီးယား ဥပမာတချို့ ပြောချင်ပါတယ်။ တောင် ကိုရီးယားမှာ အစိုးရရဲ့ ငွေလုံးငွေရင်း ချေးငွေအား အပါအဝင် ကျောထောက် နောက်ခံပြုမှုမျိုးစုံကို ရယူပြီး လုပ်ငန်းအကြီးကြီးတွေလုပ်တဲ့ ရှေးဘိုးလ်ခေါ် ကော်ပို ရေးရှင်းကြီးတွေရှိတယ်။ အဲဒီ ရှေးဘိုးလ်တွေကြောင့် ၁၉၈၀ ပြည့်နှစ် များကစပြီး တောင်ကိုရီးယား စီးပွားရေး ဟာ နိုင်ငံတကာအဆင့်ထိ တွင်ကျယ်ပြီး တစ်ဟုန်ထိုး တက်ခဲ့တာလို့ ဆိုတယ်ဗျ။

တောင်ကိုရီးယားဟာ ပတ်ချုံဟီး ကစလို့ ချွန်ဒူးဝှမ်၊ နိုတေဝူးအထိ (၁၉၆၀ ပြည့်နှစ်များကနေ ၁၉၈၀ ပြည့်နှစ်များ အထိ) စစ်ဗိုလ်ချုပ်ကြီးတွေရဲ့ အုပ်ချုပ်မှု အောက်မှာ နေခဲ့ရတယ်။ ကွမ်ဂျူးမြို့ အရေးအခင်းလို ပြည်သူ ထောင်ချီပြီး အသက် ပေးခဲ့ရတဲ့ အုံကြွမှုကြီးမျိုးနဲ့ ရင်းပြီးမှ စစ်မှန်တဲ့ ဒီမိုကရေစီကို ရခဲ့ကြတာပါ။ သူတို့ဆီမှာ ပေါ်ပေါက် လာတဲ့ ရှေးဘိုးလ်သူဌေးကြီးတွေဟာ များသောအားဖြင့် မျိုးချစ်စိတ်ထက်သန် သူတွေ ဖြစ်တယ်။ သူတို့ စီးပွားရေး လုပ်နေတာဟာ တိုင်းပြည်စီးပွားရေးကို သူတို့ရဲ့ ကိုယ်စွမ်းဉာဏ်စွမ်းနဲ့ ပေါင်းစပ် လုပ်နေတာလို့ စွဲစွဲမြဲမြဲ ခံယူကြတယ်။ ရသမျှကို ကိုယ့်အိတ်ထဲ ထည့်တာချည်း မလုပ်ဘူး။ တိုင်းပြည်ကို ပေးဆောင် ရမယ့် အခွန်အတုတ် တွေကို တာဝန်ကျေကျေ ပေးသွင်းကြတယ်။ (ပျက်ကွက် သူတွေကိုလည်း အစိုးရက နည်းနည်းမှ မညှာပါဘူး။ အခွန်ထိမ်ချန်လို့ ထောင်ကျသူတွေ ကျကုန်ပါတယ်။)

သူတို့ဆီမှာ အဂတိလိုက်စားမှု တိုက်ဖျက်တယ်ဆိုတာ အဓိကအားဖြင့် တိုင်းပြည်တဏှာ ထိခိုက်အောင် အခွန်ရှောင်သူတွေကို စုံစမ်း ဖော်ထုတ် အရေးယူတာ ဖြစ်တယ်ဗျ။ ငွေရှင် ကြေးရှင်တွေက သူတို့ ဖြစ်ချင်တာ ဖြစ်နိုင်ဖို့အတွက် အစိုးရ ဝန်ထမ်းတွေကို လာဘ်ပေးတယ်။ သို့ကြောင့် ဝန်ထမ်းတွေ လာဘ်ယူမိပြီး အကျင့်ပျက်

ရတယ်လို့ဆိုကာ လာဘ်ပေးသူကို ပိုပြီး ထိထိရောက်ရောက် အရေးယူတယ်ဗျာ။ ဝန်ထမ်းတွေ အကျင့်ပျက်ခြစားမှု သတင်းတွေကို မီဒီယာတွေက အထူးကဏ္ဍများ ဖွင့်ပြီး ထည့်ခဲ့ကြတယ်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးမှာ မီဒီယာတွေရဲ့အားကို တောင်ကိုရီးယား အစိုးရက ကောင်းကောင်း အသုံးချခဲ့ကြတယ်ဗျ။ (တရုတ်ပြည်မှာလည်း အလားတူ မီဒီယာတွေရဲ့ အထောက်အကူကို ရယူခဲ့ပါတယ်။)

ခြုံပြီးပြောရရင် တောင်ကိုရီးယား၊ တရုတ်၊ ဂျပန်၊ အင်ဒိုနီးရှားတို့မှာ အဂတိလိုက်စားမှု တိုက်ဖျက်ရေး နိုင်ငံလုံးဆိုင်ရာ လှုံ့ဆော်မှုတွေနဲ့ ဆောင်ရွက်ခဲ့ကြဖူးတယ်။ အဲဒီမှာ သူတို့ ပစ်မှတ်ထားတာက မိမိရည်မှန်းချက် ပေါက်မြောက် အောင်မြင်ရေးအတွက် အစိုးရဝန်ထမ်းတွေကို ငွေနဲ့ ပေါက်ပြီး သွေးဆောင် ဖျက်ဆီးတဲ့ လုပ်ငန်းရှင်ကြီးတွေနဲ့ ဘယ်လိုမှ ယှဉ်တွဲမရှိလောက်အောင် စည်းစိမ်ဥစ္စာ ပေါများနေတဲ့ အဆင့်မြင့် ဝန်ထမ်းတွေပဲ ဖြစ်တယ်ဗျ။

အဂတိလိုက်စားမှု တိုက်ဖျက်ရေး နိုင်ငံတကာ အတွေ့အကြုံတွေကို ဖတ်ရှုလေ့လာမိတော့ ကျွန်တော်တို့ဆီမှာ ဆေးရုံအပေါက်စောင့်တဲ့ လုံခြုံရေး ဝန်ထမ်းကို ပိုက်ဆံပေးပြီး ဝင်ရတာ၊ ဘတ်စ်ကား စပယ်ယာ ပိုက်ဆံ ပြန်မအမ်းဘဲ မသိချင်ယောင်ဆောင် နေတာ၊ ဓာတ်ဆီဆိုင်မှာ ဓာတ်ဆီ ဝေ ့ပြီးရတာ၊ ရုပ်ရှင်ရုံမှာ လက်မှတ်မှောင်ခိုဝယ်ရတာ၊ ရထားလက်မှတ် အပိုကြေး ပေးဝယ်ရတာ စတာတွေ လောက်ကို ကျွန်တော်တို့က ရေးကြီး ခွင်ကျယ်လုပ်ကာ အကျင့်ပျက်မှုများအဖြစ် ရေးသား ပြောဆိုမိတာကို ကလောင် ရှက်မိပါသဗျာ။

နိုင်ငံတော်သမ္မတရဲ့ စီးပွားရေးအကြံပေး ဒေါက်တာဦးမြင့် လွန်ခဲ့တဲ့ ၁၀ နှစ်ကတည်းက ပြုစုထားတဲ့ အဂတိလိုက်စားမှုနဲ့ ပတ်သက်တဲ့ စာတမ်းတစ်စောင်ကို ပုံနှိပ်ထုတ်ဝေဖို့ အစီအစဉ်ရှိတဲ့အကြောင်း ပြည်သူ့ခေတ် ဂျာနယ်မှာ ဖတ်လိုက်ရတယ်။ လူ့အဖွဲ့ အစည်း တစ်ခုမှာ လိုအပ်မှုကြောင့် အကျင့်ပျက်တာရှိသလို လောဘကြောင့် အကျင့်ပျက်တာတွေလည်း ရှိပုံကို ဒေါက်တာဦးမြင့်က သူ့ရဲ့ စာတမ်းကို အခြေခံပြီး နိုင်ငံရေးပါတီတစ်ခုမှာ ဦးဆောင် ဆွေးနွေးသွားပါသတဲ့။

လိုအပ်မှုကြောင့် ဆိုတာ ရတဲ့ လစာဝင်ငွေနဲ့ မလောက်ငလို့ပေါ့။ ငါ့ဝမ်းပူဆာ မနေသာလို့ပေါ့။ အူမ မတောင့်ရင် သီလ မစောင့်နိုင်ဘူးလို့ ဆိုစကားတောင် ရှိခဲ့ဖူးတယ် မဟုတ် လားဗျာ။ သည်တော့ အူမတောင့်အောင် လုပ်ပေးနိုင်ရင် အကျင့်ပျက်မှုတွေ လျော့နည်းသွားမယ်လို့ တွက်ဆနိုင်တယ်ဗျ။

လောဘကြောင့် အကျင့်ပျက်ခြင်းကတော့ ရှင်းပါတယ်။ ရလေလိုလေ အိုတစ္ဆေတွေပေါ့ဗျာ။ တစ္ဆေကကြီးထွားလာတော့ နတ်ဆိုးဖြစ်လာရော။ နတ်ဆိုးဆိုတာ ကြောက်အောင်လန့်အောင် ဒုက္ခရောက်အောင် သို့မဟုတ် အခက်အခဲတွေ့အောင် အရင်လုပ်လိုက်တယ်။ ပြီးတော့မှ လာရောက် ပူဇော်ပသတာကို ခံယူတာကိုး။



တကယ်ကတော့ ဆေးရုံအပေါက်စောင့် လုပ်ပုံနဲ့ အဆင့်မြင့် အာဏာပိုင်အရာရှိကြီး လုပ်ပုံဟာ သဘောသဘာဝချင်း အတူတူပါပဲ။ ညှော်ချိန် မဟုတ်တဲ့အချိန်မှာ လူနာများရှိရာကို သွားချင်တဲ့ ဧည့်သည်ကို အစောင့်ကတားဆီးတယ်။ သူမှာ တားပိုင်ခွင့်လည်း ရှိတယ်။ အရေးတကြီး ဝင်တွေ့ချင်တဲ့ ဧည့်သည်က သင့်တင့်တဲ့ ရာဂဏန်းလောက် ငွေစက္ကူအချို့ကို အသာလေးကပ်ပေးလိုက်ရင် ဆေးရုံစောင့်က လူတစ်ကိုယ်စာ တံခါးဖွင့်ပေးတယ်။ ဒီလိုနဲ့ အလုပ်ဖြစ်သွားရော။ ကွာခြားတာကအရာရှိကြီးကျတော့ ဂဏန်းခုနစ်လုံးမက ပူဇော်ပသရတာပါပဲ။

သည်လို အခြေအနေမှာ ကျွန်တော်တို့က အဂတိလိုက်စားမှု တိုက်ဖျက်ရေးစံပြအနေနဲ့ ဆေးရုံစောင့်တွေကို ထိရောက် ပြင်းထန်စွာ အရေးယူဖို့ ရဲဝံ့ပြတ်သားစွာ ရေးသား ဆော်ဩမိရင် ပြည်သူတွေက ဘယ်လိုများ တုံ့ပြန်ပါလိမ့်မလဲ။

**ပြည်သူ့ခေတ်ဂျာနယ်**

*၁၀၊ ဩဂုတ်၊ ၂၀၁၁။*

*တွဲ ၂၊ အမှတ် ၅၆။*

○

## ပူးပေါင်း ဆောင်ရွက်မှုသည် အဓိက

သည်တစ်ပတ် ပြောချင်တာလေးတွေ များနေလို [illegible]ငံဝိုင်း မနေတော့ဘဲ လိုရင်းတိုရှင်း တင်ပြသွားပါမယ်။

ပထမ ခေါင်းစဉ်ကတော့ ဒုတိယ အကြိမ် စိမ်းလဲ့ကန်သာ ဆွေးနွေးပွဲ အကြောင်း ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်း စုကြည်နဲ့ ပြည်ထောင်စု အစိုးရအဖွဲ့ရဲ့ ကိုယ်စားလှယ် ဝန်ကြီး ဦးအောင်ကြည်တို့ ၁၂ ဩဂုတ် ၂၀၁၁ သောကြာနေ့က စိမ်းလဲ့ကန်သာ အစိုးရ ဧည့်ဂေဟာမှာ ဒုတိယအကြိမ် တွေ့ဆုံကြပြီး သတင်းထုတ်ပြန်ချက်ကို ဦးအောင်ကြည်က ဖတ်ကြားပါတယ်။

ယခု ဒုတိယအကြိမ်ဟာ ၂၅ ဇူလိုင်က ပထမအကြိမ် တွေ့ဆုံအပြီး ၁၈ ရက် အကြာမှာ တွေ့ဆုံခြင်းဖြစ်လို့ ရက်အားဖြင့် နီးလာတယ်လို့ ဆိုနိုင်ပါတယ်။ သည်လိုကနေ တစ်ပတ် တစ်ခါလောက် ဖြစ်လာပြီး နှစ်ဖက် ပူးပေါင်းဆောင်ရွက်မည့် ခေါင်းစဉ်တွေ ညှိနိုင်းပြီးရင် အချိန်ဇယားရေးဆွဲထားတဲ့ နိုင်ငံ့အရေး တွေ့ဆုံ ဆွေးနွေးပွဲကြီး ဖြစ်လာမယ်လို့ မျှော်လင့်ပါတယ်။

ဒုတိယအကြိမ် စိမ်းလဲ့ကန်သာ ဆွေးနွေးပွဲရဲ့ သတင်းထုတ်ပြန် ချက်မှာ သည်တွေ့ဆုံပွဲရဲ့ အဓိကနဲ့ သာမည ကိစ္စတွေကို အတော်ကြီး မြင်သာလာပြီ လို့ ဆိုနိုင်ပါတယ်။ သတင်းသမား တစ်ယောက်ရဲ့ မေးခွန်းကို ဝန်ကြီး ဦးအောင်ကြည်က ပြောကြားရာမှာ 'ဒါတွေ အားလုံးဟာ ပူးပေါင်း ဆောင်ရွက်မှု ခေါင်းစဉ် အောက်မှာ ပါပါတယ်၊ ကျွန်တော်တို့ ပူးပေါင်း ဆောင်ရွက်မှုဆိုတာ ကျွန်တော်တို့ နိုင်ငံအတွက်



တကယ့် လိုအပ်တဲ့ main problem ကြီး (အဓိက ပြဿနာကြီး) တစ်ခုပါ။ ဒါကို ကျွန်တော်တို့ ဖြေရှင်းနေကြတာ ဖြစ်ပါတယ်၊ ဒီကိစ္စ ပြေလည်ပြီဆိုတဲ့ အချိန်ကျရင် ကျန်တဲ့ကိစ္စတွေ အားလုံး ဟာ ဒီ main problem ကြီးရဲ့ အကျိုးဆက် တရားများ တစ်နည်း အားဖြင့် corollaries ပေါ့လေ၊ အဲဒါတွေ ဖြစ်လာမှာ ဖြစ်တဲ့ အတွက် အလွယ်တကူ ဖြေရှင်းသွားနိုင်မယ့် အနေအထားပဲ ဖြစ်ပါတယ်'လို့ ရှင်းရှင်းလင်းလင်း ပြောကြားသွားပါတယ်။

အချက်လေးချက် ပါဝင်တဲ့ ဒုတိယ စိမ်းလဲ့ကန်သာ ပူးတွဲ ကြေညာချက်ကို လေ့လာတဲ့အခါ ရည်ရွယ်ချက်ရော လုပ်ငန်းစဉ်တွေရော ရေရေရာရာ ပါရှိ နေတာ တွေ့ရတယ်။

**၁။ ရည်ရွယ်ချက်**

တိုင်းပြည် တည်ငြိမ်အေးချမ်းရေး နှင့် ဖွံ့ဖြိုးတိုးတက်ရေး။

**၁။ လုပ်ငန်းစဉ်**

နိုင်ငံတော်အစိုးရနှင့် နှစ်ဖက် လက်တွဲ ဆောင်ရွက်သွားရန်။

**၂။ ရည်ရွယ်ချက်**

(က) မြန်မာနိုင်ငံတွင် ဒီမိုကရေစီ စနစ် ဆက်လက် တိုးတက် ထွန်းကား စေရေး

(ခ) စီးပွားရေးနှင့် လူမှုရေး လုပ်ငန်းများ ပိုမို ဖွံ့ဖြိုးတိုးတက် လာစေရေး

**၂။ လုပ်ငန်းစဉ်**

(က) အပြုသဘော ပူးပေါင်း ဆောင်ရွက်သွားရန်၊

(ခ) ပဋိပက္ခ အသွင်ဆောင်သော အမြင်သဘောထားများကို ရှောင်ရှား ကြပြီး အပြန်အလှန် ကူညီသော ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ် (reciprocal basis) အတွက် ဦးတည် ချက်ထား၍ ဆောင်ရွက်သွားရန်၊

(ဂ) တွေ့ဆုံ ဆွေးနွေးမှုများ ဆက်လက် ပြုလုပ်သွားရန်၊

အထက်ပါ အချက်တွေဟာ တိုင်းပြည်အတွက် အားတက်စရာ မျှော်လင့်ချက် ထားရှိစရာ ဖောက်ဖြစ်လိမ့် မယ်လို့ ကျွန်တော် ယူဆပါတယ်။

အခုဆိုရင် ဆက်လက် ပြုလုပ်မည့် ဆွေးနွေးပွဲများအတွက် ပုံကြမ်း ရေးဆွဲ သားပြီးဖြစ်လို့ နှစ်ဦးနှစ်ဖက် ပြေလည်မှု ရရှိပြီဆိုရင် ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး ညီညွတ်ရေးနဲ့ ဖွံ့ဖြိုးရေး ရုပ်လုံးဖော်မှု တွေကို တွေ့မြင်နိုင်တော့မှာပါ။ ဝန်ကြီး ဦးအောင်ကြည် ပြောသလို main problem ကြီး ပြေလည်သွားပြီဆိုရင် သူ့ရဲ့ အကျိုးဆက်တရားများ corollaries တွေကို ရရှိကြမှာ ဖြစ်ပါတယ်။

သို့ပေမယ့် ရလဒ်ကောင်း ထွက်ပေါ် နိုင်ပါ့မလားလို့ စိတ်စောနေသူတွေလည်း ရှိနိုင်ပါတယ်။ စိတ်စောနေသူတွေ၊ တကယ် စိတ်ကောင်း စေတနာနဲ့ ဆွေးနွေးနေ

တယ်လို့ မယုံနိုင်သေးသူတွေ၊ သံသယနဲ့ စောင့်ကြည့်နေသူတွေကို အပြစ်မတင်သင့်ပါဘူး။ ဆယ်စုနှစ် ငါးခုနီးပါး နောက်ခံ ဖြစ်ရပ်တွေက မယုံနိုင်စရာတွေ ဖြစ်ခဲ့တာကိုး။

ရှိသင့်လို့ရှိနေတဲ့ သံသယတွေဟာ လက်တွေ့လုပ်ငန်းစဉ်တွေနဲ့ ပြနိုင်ပြီ ဆိုရင် ဖြေရှင်းပြီးသား ဖြစ်သွားမှာပါ။

## နေပြည်တော် သတင်းစာရှင်းလင်းပွဲ

ပြည်ထောင်စု အစိုးရအဖွဲ့ရဲ့ ပြောရေး ဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့က ၁၂ ဩဂုတ်မှာပဲ နေပြည်တော်မှာ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ပါတယ်။ ပြန်ကြားရေးဝန်ကြီး ဦးကျော်ဆန်း ခေါင်းဆောင်တဲ့ အဖွဲ့က သတင်းစာ ဆရာတွေ ကျေနပ်လောက်အောင် ရှင်းလင်း ဖြေကြားသွားလို့ ဝမ်းမြောက် ဝမ်းသာ ဖြစ်ကြတယ်လို့ သိရပါတယ်။

ရုပ်သံက လွှင့်ထုတ်ပေးတာကို အစအဆုံး ကျွန်တော် ထိုင်ကြည့် ဖြစ်ပါတယ်။ သတင်းစာဆရာများက ပွင့်ပွင့်လင်းလင်း မေးကြသလို တာဝန်ရှိ ပုဂ္ဂိုလ်တွေကလည်း စေ့စေ့စပ်စပ် ဖြေသွားကြတာ တွေ့ရတယ်။

တိုင်းပြည်အတွက် အရေးကြီးတဲ့ အချိန်မှာ ယခုလို ပွင့်လင်းတဲ့ သတင်းစာရှင်းလင်းပွဲတွေဟာ လိုအပ်ပါတယ်။ ရှည်လျား ပေများပြီး အချိန်စားပေမယ့် လူအများ စိတ်ဝင်စားစရာ အကြောင်း အရာတွေပါလို့ နားထောင်ဖြစ်ကြတယ်။ ကုလသမဂ္ဂ လူ့အခွင့်အရေး ကိုယ်စား လှယ် မစ္စတာကင်တားနား မြန်မာ နိုင်ငံကို လာရောက်မယ်ဆိုတဲ့ သတင်း ကိုလည်း အဲဒီမှာပဲ ထုတ်ပြန်လိုက်တာ ကြားရတယ်။ ဒါ သတင်းကောင်းတွေပဲပေါ့။

## မြစ်ဆုံဆည်ကိစ္စ

အထူးသဖြင့် မြစ်ဆုံဆည် တည်ဆောက် ရေးနဲ့ ပတ်သက်လို့ တိုင်းပြည်ရဲ့အနာဂတ်အတွက် အလွန်အရေးကြီးတဲ့ ပြဿနာအဖြစ် ပြည်သူတွေ စိတ်ဝင်စား နေကြချိန် အဲဒီကိစ္စကို သတင်းစာ ဆရာတွေက မေးမြန်းတဲ့အခါ ပြောရေး ဆိုခွင့် အဖွဲ့ခေါင်းဆောင်က ‘မြစ်ဆုံ စီမံကိန်းကို ဆက်လုပ် မလုပ် ကိစ္စ ကလည်း ကျွန်တော်တို့ အမျိုးသား အကျိုးစီးပွားရေးအတွက် အစစ အရာရာကို ချိန်ဆပြီး ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ စဉ်းစားကြ၊ လုပ်ကြရာမှာ တစ်ဖက်စကားကိုချည်းပဲ တစ်ဖက်သတ် မယုံဖို့ လိုပါတယ်၊ နိုင်ငံတော် အစိုးရ ကလည်း ကိုယ့်ပြည်သူတွေ ဒုက္ခ ရောက်အောင်၊ ကိုယ့် ဧရာဝတီမြစ်ကြီး ပျက်စီးသွားအောင် ဘယ်တော့မှ လုပ်မှာ မဟုတ်ပါဘူး’လို့ ပြောသွားပါတယ်။



‘အစစ အရာရာ ချိန်ဆ’ပြီး လုပ်ဆောင်မယ် ဆိုတာကို ကျွန်တော်တို့ကြိုဆိုပါတယ်။ တစ်ဖက်စကားကိုချည်းပဲ တစ်ဖက်သတ်မယုံဖို့ ဆိုတာလည်း အမှန်ပါ၊ အဲသလိုပဲ ဖြစ်သင့်ပါတယ်၊ ပြည်တွင်း ပြည်ပက ပညာရှင်တွေရဲ့ သုံးသပ်ချက် အမြင်တွေကို ဆန်းစစ်ပြီး ကင်းကင်းနဲ့ လေ့လာပြီးမှ ဆက်လုပ် သင့်မသင့် ဆုံးဖြတ်မယ်ဆိုရင် နောင်လာ နောက်သားတွေရဲ့ ပြစ်တင်ခြင်းခံရမှာ မဟုတ်ပါဘူး။ အရေးအကြီးဆုံးကတော့ ဧရာဝတီကို မိမိတို့ရဲ့ နှလုံးသည်းပွတ်လို ချစ်မြတ်နိုးကြတဲ့ ပြည်သူတွေ စိတ်နှလုံး ညှိုးနွမ်းမယ့် ကိစ္စမျိုးဆိုရင်တော့ လုံးဝ ရှောင်ရှားသင့်ပါတယ်ဗျာ။

## လွှတ်တော်အစည်းအဝေးသတင်းယူခွင့်

ကျင်းပတော့မယ့် လွှတ်တော် ဒုတိယ အကြိမ် အစည်းအဝေးကို မီဒီယာ သမားတွေ တက်ရောက် သတင်းယူခွင့် ပေးမယ်ဆိုတဲ့ သတင်းကောင်း ကြားရ ပါတယ်။ စာရင်းပေးထားသူ တစ်ယောက် တည်းပဲ အစအဆုံး တက်ရောက်ရမယ် ဆိုလို့ သတင်းသမားတွေ ကသိကအောက် ဖြစ်နေတာလည်း ကြားရပါတယ်။ စာနယ်ဇင်း တိုက်တစ်တိုက်တည်းက အယ်ဒီတာ သတင်းထောက်များကို အဆင်ပြေသလို အလှည့်ကျ လွှတ်နိုင်မယ်ဆိုရင် ပိုမကောင်းပေဘူးလားလို့ စဉ်းစားမိပါတယ်။

## ဒေါ်အောင်ဆန်းစုကြည်ရဲ့ပဲခူးခရီး

ဩဂုတ် ၁၄ ရက် တနင်္ဂနွေနေ့က ဒေါ်အောင်ဆန်းစုကြည်နဲ့ အဖွဲ့ ပဲခူးမြို့နဲ့ သနပ်ပင်မြို့ကို သွားရောက်ပါတယ်။ သည်ခရီးစဉ်မှာ လုံခြုံ ချောမွေ့ရေး အတွက် မြို့လူထုများနဲ့တကွ ဒေသ ဆိုင်ရာ အာဏာပိုင်များကပါ ကူညီ စောင့်ရှောက်ခဲ့တဲ့အတွက် ကျေးဇူးတင်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က တနင်္လာနေ့မှာ ထုတ်ပြန်ကြေညာတယ် လို့ သိရပါတယ်။ ဒါတွေဟာ ခုရက်ပိုင်း အတွင်း မင်္ဂလာ သတင်းတွေပဲလို့ ဆိုနိုင်မှာ ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်း စုကြည်နဲ့ ပြည်ထောင်စု ဝန်ကြီး ဦးအောင်ကြည်ရဲ့ ဒုတိယ စိမ်းလဲ့ကန်သာ ပူးတွဲ ကြေညာချက်ပါ အနှစ်သာရဖြစ်တဲ့ ‘ပဋိပက္ခ အသွင်ဆောင်သော အမြင် သဘောထားများကို ရှောင်ရှားကြပြီး အပြန်အလှန် ကူညီသော ပူးပေါင်း ဆောင်ရွက်ရေး လုပ်ငန်းစဉ်’ရဲ့ ထင်သာ မြင်သာသော သာဓကတစ်ခုလို့ ရှုမြင် နိုင်ပါတယ်။

## ဆုံ/ကျေး အုပ်ချုပ်ရေးမှူးများ ရွေးချယ်ရေး

ပြည်သူ့ဆန္ဒနှင့်အညီ ရပ်ကွက် အုပ်ချုပ်ရေးမှူး ပြောင်းလဲပေးရန် တောင်းဆိုတဲ့ အတော် ၂ ရပ်ကွက်သား အချို့ကို မြောက်ဥက္ကလာပမြို့နယ် အုပ်ချုပ်ရေး မှူးရုံးက

ခေါ်ယူ မေးမြန်းတယ်ဆိုတဲ့ သစ္စာဂျာနယ်က သတင်းတစ်ပုဒ်ကို တွေ့ရပါတယ်။ ဇယ်ိုဦးစီး စနစ်နဲ့ ခန့်ထားတဲ့ လက်ရှိ အုပ်ချုပ်ရေးမှူး နေရာမှာ ပြည်သူ့ဆန္ဒနဲ့ ရွေးချယ်တင်မြှောက်ခွင့်ပေးဖို့ ရပ်ကွက်နေ ပြည်သူ ၅၀၄ ဦးက လက်မှတ်ထိုးပြီး နိုင်ငံတော်သမ္မတထံ ဇူလိုင် ၇ ရက်က စာရေး တိုင်ကြားခဲ့တာကို ယခု ခေါ်ယူ မေးမြန်းတာလို့ ဆိုပါတယ်။

ကျွန်တော်တို့ ပြည်သူ့ခေတ်ဂျာနယ်ကလည်း ဒီမိုကရေစီ အုပ်ချုပ်ရေးရဲ့ အခြေခံဖြစ်တဲ့ ရပ်ကျေးအုပ်ချုပ်ရေးမှူး ရွေးချယ်ရေး ကိစ္စကို ဦးစားပေး ရေးသား ဖော်ပြခဲ့တာဖြစ်လို့ မြောက်ဥက္ကလာပက သတင်းကို စိတ်ဝင်စားလျက် နောက်ဆက်တွဲ သတင်းတွေကို စောင့်နားထောင်နေပါတယ်။

**ပြည်သူ့ခေတ်ဂျာနယ်**

*၁၆၊ ဩဂုတ်၊ ၂၀၁၁။*

*အတွဲ ၂၊ အမှတ် ၅၇။*

○

# ပြည်တော်ပြန် ဇာတ်လမ်းအချို့

အကြောင်းအမျိုးမျိုးနဲ့ ပြည်ပရောက်နေသူတွေ ပြန်လာနိုင်တယ်လို့ သမ္မတကြီးက မိန့်ပြောလိုက်တော့ နိုင်ငံခြားတွေမှာ အခြေချနေထိုင်နေတဲ့ထဲက အိမ်လွမ်းသူတချို့ လှုပ်လှုပ်ရှားရှား ဖြစ်လာတယ်။ ပညာရေးလုပ်နေတဲ့ မိတ်ဆွေတစ်ယောက်က ကျွန်တော် ပြန်လာရင် ကောင်းမလား အစ်ကို့သဘောထားပြောပါလို့ အီးမေးလ်နဲ့ လှမ်းမေးတယ်။ ခင်ဗျား အဲဒီမှာ လုပ်နေတာက ပညာနဲ့ လုပ်စားတဲ့အလုပ်ပဲ၊ ဒီပြန်ရောက်ရင်လည်း ပညာရေးအလုပ်ပဲ လုပ်မယ်ဆိုရင် ဒီက ကလေးတွေတော့ အကျိုးရှိမယ်။ ခင်ဗျား အတွက်တော့ အခုရနေတဲ့ ဝင်ငွေမျိုး ဒီမှာရဖို့ မလွယ်ဘူး။ ဝင်ငွေနဲ့ လူနေမှု အဆင့်အတန်းကို ထည့်မတွက်ဘဲ ကိုယ့်တိုင်းပြည်ကို လွမ်းလို့ပြန်လာ နေချင်သပဆိုရင်တော့ ဘာမှမစဉ်းစားဘဲ ပြန်လာပေတော့လို့ ပြန်ကြားလိုက်ပါတယ်။

ပြည်တော်ပြန်ရေး ပြဿနာဟာ အဝိုလွယ် အရှိက်ခက်တဲ့ ပြဿနာမျိုးပါ။ အလွယ်ကောင်းတုန်း။ ဟိုမှာ အလုပ်အကိုင် ကောင်းကောင်း ရှိနေသူတချို့ပြန်လာပြီး စိတ်ပျက်စရာတွေနဲ့ ကြုံရရင် ထိုင်နေအကောင်းသားထသွားမှ ကျိုးမှန်းသိ ဖြစ်ပေလိမ့်မယ်။

ကျွန်တော့် ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေတွေထဲမှာ နိုင်ငံခြားပြန် ဇာတ်လမ်းတချို့ ရှိတယ်။ အလွမ်းအဆွေး ဇာတ်လမ်းကလေးတွေပါ။ အခု ကွယ်လွန်သွားပြီ ဖြစ်တဲ့ ကလောင်အမည် မောင်တင်မြ ခေါ် ဦးတင်မြဟာ ဆိုဗီယက် ပြည်ထောင်စုကို ပညာတော်သင်သွားရင်း ရုရှားမလေးနဲ့ အိမ်ထောင်ကျတယ်။ ပညာရေး ပြီးဆုံးတော့

မြန်မာပြည် ပြန်လာတယ်။ ဒီမှာ အလုပ်အကိုင် အခြေတကျမဖြစ်ခင် ရုရှားစကားပြန် လုပ်တယ်။ ကျွန်တော်တို့ ရန်ကုန်တက္ကသိုလ်မှာရှိစဉ် ရုရှား အာကာသယာဉ်မှူး (တီးတော့ဗ် ထင်ပါရဲ့) ချစ်ကြည်ရေးခရီးအဖြစ် မြန်မာပြည်လာလည်တော့ ကိုတင်မြ စကားပြန် လုပ်ပေးတာ တွေ့ဖူးတယ်။ ကိုတင်မြနဲ့ ရုရှားမလေးဟာ တာမွေဘက်က မိဘအိမ်မှာ နေရတယ်။ အိမ်သာက အစ၊ ရေချိုးတာကအစ မြန်မာပီပီ နေထိုင်ကြတဲ့ လူနေမှုနဲ့ ရုရှားမနဲ့ ကသိကအောက်တွေဖြစ်ကုန်တယ်။ သမီးလေး နှစ်ယောက်ရပြီး ရုရှားမလေးဟာ ဘယ်လိုမှ မနေနိုင်တော့လို့ သမီးလေးတွေကို ကိုတင်မြနဲ့ ထားရစ်ခဲ့ပြီး ရုရှားကို ပြန်သွားတယ်။

ကိုတင်မြနဲ့ ကျွန်တော် ၁၉၆၄ မှာ ကျွန်တော် လုပ်သား ပြည်သူ့နေ့စဉ်ကို အလုပ်ဝင်တော့ ဆုံမိကြတယ်။ သူက လုပ်သား (အင်္ဂလိပ်) သတင်းစာမှာ အယ်ဒီတာ ဖြစ်နေတယ်။ သမီးလေးနှစ်ယောက်ကို ပြုစုပြီး တစ်သက်လုံး လူပျိုကြီးလို နေသွားတယ်။ လုပ်သားကနေ ကိုလံဘို စီမံကိန်း ပြန်ကြားရေး အရာရှိ၊ နောက်တော့ ဗွီအိုအေ သတင်း ဌာနကို ရောက်သွားတယ်။ အဲဒီကနေ အငြိမ်းစားယူတော့ မြန်မာပြည် ပြန်လာပြီး ကွယ်လွန်သွားတယ်။

ကျွန်တော်တို့ လုပ်သား သတင်းစာမှာ ငါးနှစ်လောက် တရင်းတနှီး နေထိုင်ခဲ့ကြ တယ်။ မတတ်သာလို့ ခွဲခွာခဲ့ရတဲ့ သူ့ချစ်ဇနီးကို သူမမေ့ဘူး။ စကားစပ်မိတိုင်း တမ်းတမ်းတတ ပြောပြတယ်။ သူမနေနိုင်လို့ ပြန်တော့မယ်ပြောတော့ ခင်ဗျား သူ့ အတူ ပြန်လိုက်သွားဖို့ စဉ်းစားသေးသလားလို့ မေးကြည့်တော့ သူကခေါင်းရမ်းပြတယ်။ အဲသလိုကို မစဉ်းစားမိခဲ့ပါဘူးဗျာလို့ ပြောပါတယ်။

နောက်တစ်ယောက်က ကိုရှိန်ဝင်း (နာမည်ရင်းက ကိုဝင်းရှိန်)။ စီးပွားရေး ပညာပေးစာအုပ်ရေးတော့ ကလောင်နာမည် ရှိန်ဝင်းလို့ ပေးတာပါ။ သူက ပိုလန် နိုင်ငံကို ပညာသင်သွားရင်း ပိုလန်မလေးနဲ့ အိမ်ထောင်ကျလာတယ်။ စီးပွားရေး မဟာဘွဲ့ယူပြီး ပြန်လာတော့ ပိုလန်မလေးပါလာတယ်။ နေစရာအိမ် အခက်အခဲရှိလို့ မဟာဝန္ဒုလ ပန်းခြံလမ်းက ကျွန်တော်တို့ မိတ်ဆွေကြီး ဦးစိန်အေး (လုပ်သား သတင်းစာ ဒု- အယ်ဒီတာချုပ်) အိမ်မှာ ကပ်နေရတယ်။ အလုပ်ရတော့ ၂၀ဝ စကေး အငယ်တန်း အရာရှိလေးဖြစ်လာတယ်။ ၃၅ဝ စကေး အရာရှိဖြစ်ဖို့ အကြာကြီး စောင့်ရတယ်။ ဒီကြားထဲ သမီးလေးတစ်ယောက် မွေးတယ်။ သူတို့ကြည့်ရတာ အတော် ခက်ခက်ခဲခဲ ရပ်တည်နေကြရပုံပေါ်တယ်။ ကိုရှိန်ဝင်းက စာလေးဘာလေးရေးပြီး အပိုဝင်ငွေရအောင် လုပ်ချင်လို့ ကျွန်တော့်ကို အကူအညီ တောင်းဖူးတယ်။ သို့ပေမယ့် အဲဒီခေတ်က မဂ္ဂဇင်း ဂျာနယ် ဆိုတာကလည်း အတော်နည်းတယ်။ စာမူတစ်ပုဒ် ပါဖို့ဆိုတာလည်း မလွယ်ပါဘူး။



နောက်ဆုံးတော့ ပိုလန်မလေးလည်း 'လန်' ပြေးတာပါပဲ။ သူကတော့ ကလေးပါ ခေါ်သွားတယ်။ ကိုရှိန်ဝင်းက ပေပြီး ကျန်နေသေးတယ်။ သုံးလေးနှစ် ကြာအောင် သူ့မိန်းကန်ပေမယ့် ဘယ်လိုမှ မဖြစ်တော့တဲ့အဆုံး ချစ်သူရှိရာကို လိုက်ပါသွားပါတယ်။ ကျွန်တော်နဲ့ စာချင်း အဆက်အသွယ်ရှိလို့ သူတို့ ဝါဆောမှာ ပျော်ရွှင်စွာ ပေါင်းဆုံမိပုံ၊ သူ ပညာသင်ဆုရလို့ ဝါဆောတက္ကသိုလ်မှာ စီးပွားရေး ပီအိပ်ချ်ဒီဘွဲ့ ယူဖို့ သုတေသန လုပ်နေပုံတွေ သိနေတယ်။ ကျွန်တော် စိတ်မကောင်း အဖြစ်ရဆုံးကတော့ သူ ပါရဂူဘွဲ့ရပြီး အလုပ်ဝင်တဲ့ နှစ်မှာပဲ သေသွားတယ်ဗျာ။ သူ့ဇနီး ပိုလန်မလေးက နောက်က ကျွန်တော် ခရီးသွားနေတုန်း ရန်ကုန်ကိုလာပြီး ကိုရှိန်ဝင်းအတွက် ဆွမ်းကျွေး အမှုဝေသွားသေးတယ်တဲ့။ သမီးလေးတောင် အသက် ၃၀ လောက် ရှိနေပြီတဲ့။

ကျွန်တော့်မိတ်လို သဘောထားတဲ့ ဆရာကြီး ဒေါက်တာလှဘေကတော့ အင်္ဂလန်မှာ ၄၂ နှစ်လောက် နေထိုင်ပြီး လန်ဒန်တက္ကသိုလ် ပါမောက္ခအဖြစ်ကနေ အငြိမ်းစားယူပြီးတဲ့အခါ မြန်မာပြည်ကို ပြန်လာတယ်။ ကွယ်လွန်သည် အထိ မော်လမြိုင်မှာ အခြေစိုက်နေထိုင်တယ်။ ဆရာကြီးက ဗြိတိသျှနိုင်ငံသား ခံယူထားတာ ဖြစ်လို့ ဒီမှာ ပြန်လည် အခြေချနေထိုင်ဖို့ ဦးနေဝင်းက ကူညီပေးတယ်လို့ ဆိုပါတယ်။

ဆရာကြီး ဒေါက်တာလှဘေကို ကျွန်တော်ကမေးဖူးတယ်။ လန်ဒန်နားက မြို့လေး တစ်မြို့မှာ အိမ်ပိုင်အိုးပိုင်နဲ့ ငွေကြေးလည်း ပူပန်စရာမလိုအောင် ပြည့်စုံတဲ့ အခြေအနေ ရှိလျက် ဘာကြောင့် မြန်မာပြည် ပြန်လာနေသလဲလို့ မေးတာပါ။ ဆရာကြီးက အသက်အရွယ် ကြီးလာတဲ့အခါ ကိုယ့်ဇာတိရပ်ရွာကို ပိုလွမ်းတယ်၊ ကိုယ့်ဇာတိ မြေမှာပြန်ပြီး ခေါင်းချချင်တယ်၊ ဆရာကတော့ စေတီပုထိုးတွေက ဆည်းလည်း သံလေးတွေကိုပါ လွမ်းတယ်၊ ဟိုမှာ ကြားရတဲ့ ဆည်းလည်းသံနဲ့ ကိုယ့်ဇာတိမြေမှာ ကြားရတာနဲ့ မတူဘူးကွဲ့' လို့ ပြောဖူးပါတယ်။

ဆရာကြီး ဒေါက်တာလှဘေရေးတဲ့ 'ဗီရိယကိုထူ ဉာဏ်နှင့်ချူ ကံကဖေးမသူ' စာအုပ်မှာ မမေ့ရာ အရပ်သုံးမျိုးကို ညွှန်းဆိုထားပါတယ်။ ၁။ မွေးရပ်မြေ ၂။ ပညာသင်ကြားရာ အရပ်၊ ၃။ ကြီးပွားရာ အရပ်များကို မမေ့အပ်လို့ ဆရာကြီးက ဆိုတယ်။ ဆရာကြီးက မွန်ပြည်နယ်သား။ ခရဲရွာသားပါ။ ဒါကြောင့် ခရဲရွာ တည်ရှိရာ မွန်ပြည်ကို ပြန်လာပြီး ပညာပါရမီ ဖြည့်ပါတယ်။ ဇီဝိတဒါနများ ပြုပါတယ်။ ဆရာကြီး ပညာဆည်းပူးခဲ့တဲ့ မော်လမြိုင် ဟိုက်စကူးမှာ ပညာရေးနဲ့ ကျန်းမာရေး ဆုလာဘ်ပင်များ စိုက်ထူပါတယ်။

ဆရာ ကြီးပွားရာ အရပ်ကတော့ အင်္ဂလန်ပြည်ပေါ့၊ ဒါပေမဲ့ ချမ်းသာတဲ့ အင်္ဂလန်ပြည်ဆိုတော့ ဆရာက ပညာပါရမီ မဖြည့်လည်း မနစ်နာသွားပါဘူး။ အင်္ဂလန် အတွက် ဇီဝိတဒါနတစ်ခုတော့ ပြုခဲ့ပါရဲ့ မုန့်တီး ကြောက်စရာကောင်းတဲ့ ကင်ဆာရောဂါ သုတေသနရေး ရန်ပုံငွေ အတွက် ထည့်တယ်'လို့ ပြောပါတယ်။

ဆရာကြီးဟာ ကျွန်တော် ထုတ်ဝေတဲ့ အတွေးအမြင် စာစောင်မှာ ၁၉၈၅ ကစပြီး ကွယ်လွန်ချိန်အထိ နှစ် ၂၀ ခန့် ကြာအောင် ပင်တိုင် ဆောင်းပါးရှင်အဖြစ် ပါဝင် ရေးသားခဲ့ပါတယ်။ ဆရာကြီးရဲ့ စာတွေကို ဖတ်ပြီး ပညာထူးချွန်သူ ဖြစ်အောင် ကြိုးစားဖို့ အားမာန်တွေ ရသွားသူ လူငယ်တွေ အများကြီးပါ။ အတွေးအမြင်မှာ စာတွေမပြတ်ရေးဖြစ်ပြီး ပညာပါရမီ ဖြည့်ခွင့်ရတာကို အကျေနပ်ဆုံးပါလို့ ဆရာကြီးက ပြောသွား ပါတယ်။

ကျွန်တော့်ရဲ့ မှတ်မှတ်ရရ ပြည်တော်ပြန် ဇာတ်လမ်းသုံးခုကို မြန်မာပြည် ပြန်လာဖို့ စိတ်ဝင်စားတဲ့ ပြည်ပရောက် မိတ်ဆွေများ ဖတ်ဖို့ ရေးလိုက်တာပါ။

**ပြည်သူ့ခေတ်ဂျာနယ်**

*၂၄၊ ဩဂုတ်၊ ၂၀၁၁*

*တွဲ ၂၊ အမှတ် ၅၀*

၀

# ရုတ်တာ မလုပ်ရဲအောင် စောင့်ကြည့်ခြင်း

စောင့်ကြည့်နေတဲ့ မျက်လုံးတွေအောက်မှာ ကျွန်တော် အပါအဝင် လူအတော်များများ ကာလအတန်ကြာ နေခဲ့ရဖူးတယ်ဗျာ။ ကိုယ်သွားလေရာ နောက်က တကောက်ကောက် လိုက်ခံရ၊ ကိုယ့်အိမ်ရှေ့တည့်တည့်က တိုက်ခန်းမှာ အထိုင်ချနေရာယူပြီး အိမ်ကို ာတဲ့ ဧည့်သည်မှန်သမျှကို ဓာတ်ပုံရိုက် မှတ်တမ်းတင်ခံရ၊ အဲသလို နေခဲ့ရချိန်တွေ ခု လွန်ခဲ့ပြီဗျာ။

တစ်နေ့ဆီက ဆရာတစ်ယောက် နေထိုင်နေတဲ့ အိမ်ကို ရောက်သွားတယ်။ ရင်ကဆို သူ့အိမ်ရှေ့မှာ အထိုင်ချပြီးကို စောင့်ကြည့်တာခံနေရပါ။ ဆရာသွားလေရာကို ည်း ဆိုင်ကယ် ၃-၄ စီးလောက် တကောက်ကောက် လိုက်ခဲ့ပါတယ်။ အခုအဲဒါမျိုးတွေ တော့ဘူး။ ရှိရင်တောင်မှ လူမသိအောင် သိုသိုသိပ်သိပ်လုပ်ကြမယ် ထင်ပါတယ်။

ပွင့်လင်း လူ့အဖွဲ့အစည်း (Open Society) နဲ့ ပိတ်ဆို့ လူ့အဖွဲ့အစည်း (Closed Society) ဆိုတဲ့ ဝေါဟာရ အသုံးအနှုန်းတွေ ရှိတယ်။ ကျွန်တော်တို့ ဆီမှာ (ကျွန်တော်တို့ ပ်သူတွေကို ပြောတာပါနော်) စိတ်အနှောင့်အယှက် ဖြစ်လောက်အောင် စောင့်ကြည့် နေရတာ မရှိတော့ခြင်းဟာ ပွင့်လင်းလူ့အဖွဲ့ အစည်းဆီကို တူရူပြုနေတဲ့ ကောင်းသော ကွဏာလို့ ရှုမြင်ပါတယ်။ (နယ်တချို့မှာတော့ အရင်အချိုးအတိုင်း သွားနေတုန်းပဲ ဆိုတဲ့ သတင်းတွေကိုလည်း သိပါတယ်)

ပိတ်ဆို့လူ့အဖွဲ့အစည်းရဲ့ လက္ခဏာကတော့ လူတွေဟာ ဘယ်ဟာ မပြောရ၊ ယ်ဟာမရေးရ၊ ဘယ်ဟာမဖတ်ရ၊ ဘယ်ဟာမဆိုရ စသည်ဖြင့် ထောင့်ပေါင်းစုံကနေ တ်ပင်ခံနေရတာပါပဲဗျာ။ အဲသဟာတွေ မရှိတော့ရင် ပွင့်လင်းပြီပေါ့။

## စောင့်ကြည့်ခြင်း သုတေသန

တစ်လောတုန်းက ဆားပုလင်း လူ့အဖွဲ့ အစည်း (Surveillance Society) ဆိုတဲ့ ခေါင်းစဉ်နဲ့ နယူးယောက်တိုင်းမ် ဆောင်းပါးရှင် အော်လီဗီယာဂျပ်ဆင် ရေးတဲ့ ဆောင်းပါးတစ်ပုဒ် ဖတ်လိုက်ရတယ်။ ကွယ်လွန်သူ စာရေးဆရာကြီး မင်းသိန်းရေးတဲ့ ဆားပုလင်းနှင်းမောင် ဇာတ်ကောင်ကို သတိရမိသေးတယ်။

နယူးယောက်တိုင်းမ် ဆောင်းပါးရှင်က တီဗီကင်မရာ ကြော်ငြာတစ်ခုအကြောင်း စပြောတယ်။ လန်ဒန်မှာ မျက်လုံးကြီးနှစ်လုံးက အောက်ကို ကြည့်နေပုံ ကြော်ငြာတွေ ရေးထားတယ်တဲ့။ ဘတ်စ်ကား အတွင်းနံရံတွေမှာလည်း အဲဒီကြော်ငြာရှိတယ်။ စာတန်းလည်းပါတယ်။ 'စောင့်ကြည့်နေတဲ့မျက်လုံးများအောက်မှာလုံခြုံစွာနေပါ' တဲ့။

အဲဒီ ကြော်ငြာအကြောင်း ပြောပြီးတဲ့အခါ လူတွေဟာ စောင့်ကြည့်ခံနေရတယ်လို့ ခံစားမိတဲ့အခါ မဟုတ်တာ မလုပ်ရဲကြဘူးဆိုတဲ့ ဥပမာတွေ ဆက်ပြောပြတယ်။

အင်္ဂလန်မြောက်ပိုင်းက တက္ကသိုလ်တစ်ခုမှာ သိပ္ပံပညာရှင်တွေက စမ်းသပ်လေ့လာမှုတစ်ခု ပြုလုပ်ခဲ့ကြတယ်။ သူတို့ ဌာနရုံးခန်းတွေမှာ နပ်ထားတဲ့ ကော်ဖီအိုးထဲက ကော်ဖီယူသောက်ရင် ပိုက်ဆံ ဘယ်လောက် ထည့်ပါလို့ စာတန်းလေး ရေးပြီး ပိုက်ဆံထည့်တဲ့ ဘူးကလေးထားပေးတယ်။ ပိုက်ဆံထည့်ပါ ဆိုတဲ့ စာတန်းလေး အပေါ်မှာ မျက်လုံးတစ်စုံ ဓာတ်ပုံကပ်ပြီး သီတင်းပတ် အနည်းငယ်ထားတယ်။ နောက် သီတင်းပတ် အနည်းငယ်မှာ မျက်လုံးပုံဖယ်ပြီး ပန်းပွင့်တွေ ဓာတ်ပုံကပ်ထားတယ်။ စစ်ဆေးကြည့်တဲ့ အခါ မျက်လုံးပုံကပ်ထားတဲ့ အပတ်တွေမှာ ပိုက်ဆံပိုရသတဲ့။ ပန်းပွင့်ပုံပဲရှိတဲ့ အပတ်တွေမှာ ပိုက်ဆံလျော့နေသတဲ့ဗျ။ မျက်လုံးအစစ် မဟုတ်ဘဲ ဓာတ်ပုံချိတ်ထားရင်တောင် နည်းနည်း ရှိန်တယ်ဆိုတဲ့သဘောပေါ့။

သိပ္ပံပညာရှင်တွေဟာ လူတွေရဲ့ အမှတ်မထင် တုံ့ပြန်မှုတွေကို လေ့လာ တွေ့ရှိခဲ့တယ်။ ဦးနှောက်က မသိလိုက်ဘဲနဲ့ အကဲဖြတ်ချက်ပေးတတ်ပုံကိုလည်း တွေ့ရှိခဲ့တယ်။

လူတစ်ယောက်ကို သူမသိတဲ့ သူစိမ်းတစ်ယောက်ရဲ့ ဓာတ်ပုံတစ်ပုံပြတယ်။ ပုံကို မပြခင်လေးမှာ အနံ့တစ်ခုကိုရှူခိုင်းတယ်။ အနံ့က စူးစူးကြီးမဟုတ်ဘူး။ အနံ့ကောင်းလား အနံ့ဆိုးလား ချက်ချင်းမကွဲပြားဘူး။ ရှူတဲ့လူအနေနဲ့ ဘာအနံ့မှ မရဘူးလို့တောင် ထင်မယ်။ ဒါပေမဲ့ အဲဒါကပဲ တုံ့ပြန်မှုဖြစ်စေတယ်။ အနံ့ဆိုးရှူမိပြီး ဓာတ်ပုံကိုကြည့်သူဟာ စိတ်မကြည်မလင်ဖြစ်ပြီး ဓာတ်ပုံထဲက လူကို မကြိုက်မနှစ်သက်ဘူးလို့ ဆုံးဖြတ်တော့ တာပဲတဲ့။

သူတို့လုပ်တဲ့ သုတေသနတွေက အတော် စိတ်ဝင်စားဖို့ ကောင်းတယ်။ ဆောင်းပါးရှင် ပေးချင်တဲ့ မက်ဆေ့ချ်က စောင့်ကြည့်ခံရခြင်းဟာ လူ့စိတ်ကို ပြုပြင်စေတယ်လို့ ပြောချင်ပုံရတယ်။ လူတွေမပြောနဲ့ တိရစ္ဆာန်တွေတောင် မလုံမလဲ



ပြောတယ်တဲ့။ ကျီးနက်ကြီးတွေရဲ့ ဥပမာကို ပြတယ်။ ကျီးနက်တွေဟာ အစာကို သိမ်းထား ဝှက်ထားတတ်တဲ့ သတ္တဝါတွေဖြစ်တယ်။ ကျီးနက် လောကမှာလည်း တစ်ကောင်ရဲ့ အစာကို တစ်ကောင်က လစ်ရင် လစ်သလို ခိုးစား တာတွေ ရှိတယ်။ ဒီတော့ ကျီးနက်တွေဟာ သူတို့အစာသိမ်းချိန်မှာ တစ်ကောင်ကောင်က စောင့်ကြည့်နေတယ်လို့ ခံစားရရင် အဲဒီအစာကို နေရာပြောင်း ဝှက်တော့တာပဲတဲ့။

## မဟုတ်တာလုပ်တာ လူမိမှာစိုးတယ်

လူတွေကျတော့ မဟုတ်တာလုပ်တာ လူမိမှာ စိုးတယ်။ ဒါတင်မကဘူး။ မိမိ တစ်ကိုယ်ကောင်း ဆန်တာ၊ လောဘကြီးတာကို စောင့်ကြည့်နေသူ မျက်စိက မြင်သွားမှာ ကြောက်တယ်။

သတင်းစာဆရာတွေရဲ့ အလုပ်က လောကကြီးကို စောင့်ကြည့်ရတာပဲဆိုတဲ့ အဆိုအမိန့်တစ်ခု ကျွန်တော် မြန်မာပြန်တဲ့ 'သတင်းဋီကာ' စာအုပ်မှာ ပါတယ်။ ဘယ်လို ရေးထားလဲဆိုတော့ 'လူ့အဖွဲ့ အစည်းတိုင်းမှာ အရေးကြီးဆုံး အချက် ဖြစ်တဲ့ တာဝန်ခံမှုဆိုင်ရာ ယဉ်ကျေးမှု (Culture of Accountability) ကို သတင်းစာ ဆရာတွေက ပျိုးထောင်ပေးကြတာ ဖြစ်ပါတယ်။ လူ့အဖွဲ့အစည်းထဲက မည်သူမဆို မဟုတ်တာ မလုပ်နိုင်အောင်၊ မလုပ်ရဲအောင် မီဒီယာတွေက စောင့်ကြည့်နေရပါတယ်။ မဟုတ်တာ လုပ်တော့မယ့် လူတစ်ယောက်ဟာ နောက်ကြည့်မှန်ထဲ ကြည့်လိုက်ရင် သတင်းထောက် တစ်ယောက် စောင့်ကြည့်နေတာကို မြင်နေရသလို ဖြစ်စေရမယ်လို့ ဆိုပါတယ်။ 'a reporter in the rearview mirror' လို့ တင်စား သုံးနှုန်းပါတယ်တဲ့။

ဒါပေမဲ့ စောင့်ကြည့်ခြင်းဆိုရာမှာ အမျိုးမျိုးရှိတယ်။ သတင်းဋီကာထဲပါတဲ့ သတင်းထောက် စောင့်ကြည့်နည်းက တစ်မျိုး။ ဂျော့ အော်ဝဲလ် ရေးတဲ့ တစ်ထောင့်ကိုးရာ ရှစ်ဆယ့်လေးဝတ္ထုထဲက ဘစ်ဘရားသားကြီး (Big Brother) စောင့်ကြည့်နည်းက တစ်မျိုး။ အဲဒါကို Orwellian လို့ ခေါ်တယ်။ အဲသည် နှစ်မျိုးတော့ ကွဲပြားဖို့လိုမယ်ဗျ။ ဘစ်ဘရားသားကြီး စောင့်ကြည့်နေတာ ခံရတဲ့ဘဝကတော့ လူဖြစ်ရှုံးတဲ့ ဘဝပေါ့ဗျာ။ သတင်းထောက် စောင့်ကြည့်တာ ခံရတာက သီလစောင့်သထက် စောင့်အောင် သံပတ်တင်းပေးတာဖြစ်လို့ လိုလားအပ်ပါတယ်ဗျာ။

သီလစောင့်အောင် စောင့်ကြည့်ခြင်းဟာ လောကပါလတရားကို စောင့်ရှောက်ခြင်း ဖြစ်လို့ များများ စောင့်ကြည့်လေ ကောင်းလေပဲပေါ့ဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်**

၃၁၊ ဩဂုတ်၊ ၂၀၁၁။

တွဲ ၂၊ အမှတ် ၅၉။

○

# တကယ်လိုအပ်လို့ လုပ်တာလား

နေပြည်တော်မှာ မိုင် ၃၀ လောက်ရှိမယ့် မြေအောက်ရထားလမ်း ဖောက်လုပ်မယ် ဆိုတဲ့ သတင်းဟာ မဟုတ်မမှန်ကြောင်း ဂျာနယ်တစ်စောင်မှာ ဖတ်လိုက်ရတယ်။ အဲဒီမတိုင်ခင် အင်တာနက်မှာ ပျံ့နှံ့နေတဲ့ သတင်းက ရုရှား ကုမ္ပဏီတစ်ခုက မြန်မာနိုင်ငံ နေပြည်တော်မှာ မြေအောက်ရထား လမ်းဖောက်ဖို့ သူတို့ ကန်ထရိုက်ရထားတယ် ဘာညာ ပြောတယ်ဆိုပဲဗျ။ ခုတော့ မဟုတ်ဘူး။ သို့မဟုတ် မဟုတ်သေးဘူး ဆိုတာ သိရတော့ ကျွန်တော်ဖြင့် စိတ်ချမ်းသာ သွားမိပါတယ်ဗျာ။

ပထမ အဲဒီသတင်းကို အင်တာနက်မှာ ဖတ်လိုက်ရတုန်းကတော့ စိတ်မချမ်းမသာ ဖြစ်ရတာပေါ့ဗျာ။ ဘယ့်နှယ်ဗျာ၊ ကုန်ကျစရိတ်က မနည်းမနောဗျ။ ပြီးတော့ လိုအပ်လို့ လုပ်တာလားဆိုတာ စဉ်းစားမိတယ်။ ကျွန်တော်တို့ တိုင်းပြည်ဟာ ဓာတ်ငွေ့တွေ ရောင်းစား။ ကျွန်းသစ်၊ ကျောက်သံပတ္တမြားတွေ ရောင်းစားပြီး ပိုက်ဆံတွေ ဝင်နေတယ် ဆိုပေမယ့် ခုထက်ထိ ဆင်းရဲနိုင်ငံ စာရင်းဝင်ပဲ ဖြစ်တယ်ဗျ။ အယ်လ်ဒီစီ စာရင်းဝင်အဖြစ်က မထွက်နိုင်သေးပါဘူးဗျာ။ တိုင်းသူပြည်သား အများစုဟာလည်း ဆင်းရဲနွမ်းပါးနေကြဆဲ ဖြစ်ပါတယ်ဗျာ။

ဆင်းရဲသူ ဆင်းရဲသားတွေကို ခြိုးခြံပါ၊ ချွေတာပါလို့ အထူးပြောစရာ မလိုပါဘူးဗျာ။ သူတို့မှာ ဘဝပေး အခြေအနေကိုက မသေထမင်း မသေဟင်း စားနေကြရတာပါ။ ဒါကြောင့် ကျွန်တော်တို့ တစ်မျိုးသားလုံး ဆင်းရဲချမ်းသာမရွေး တတ်နိုင်သမျှ ခြိုးခြံ ချွေတာကြဖို့ လိုနေသေးတယ်လို့ ပြောချင်ပါတယ်။ မကုန်သင့်တာ မကုန်ခန်းရအောင် အဲဒါထက် ပိုအရေးကြီးတာက မလိုအပ်တာတွေကို မလုပ်ကြပါနဲ့လို့ သတိပေးချင်ပါတယ်။



မြေအောက်ရထားလမ်း ဖောက်တယ်ဆိုတာ ဆင်ခေါင်း ခွေးမချီနိုင်ဖြစ်တတ်တဲ့ ထုပ်ငန်းမျိုးဆိုတာ ပြည်သူ့ခေတ်ဆောင်းပါးရှင် တစ်ယောက်ဖြစ်တဲ့ ဒေါက်တာကျော်လတ် တို့လို ပညာရှင်ကြီးတွေအသိဆုံးပါ။ ထိုင်းမှာ သက်ဆင်ဝန်ကြီးချုပ် လုပ်ခဲ့တုန်းက မြေအောက်ရထားလမ်းအစား မိုးပျံရထားလမ်း လုပ်ခဲ့တာတောင် ပိုက်ဆံတွေ ကုန်လိုက်တာ သောက်သောက်လဲ။ ဒါတောင် သူတို့က မလုပ်လို့မဖြစ်၊ လိုအပ်လို့ကို လုပ်ရတာပါ။

မြို့ပြရေးရာတွေနဲ့ ပတ်သက်လို့ ပြည်သူ့ခေတ်မှာ ဒေါက်တာကျော်လတ် ရေးနေတဲ့ ရန်ကုန်မြို့တော်အကြောင်း ဆောင်းပါးတွေကို မဖတ်ရသေးရင် ဖတ်ကြပါလို့ ညွှန်းချင်ပါတယ်။ တိုင်းရေး ပြည်ရေး စိတ်ဝင်စားသူတွေ မလွှတ်တမ်းဖတ်သင့်တယ်ဗျာ။ ရန်ကုန်မြို့ကြီးရဲ့ နောင်ရေးအကြောင်း ဆရာက ပြောတယ်။ မြို့ကြီးရဲ့ လူဦးရေ သိပ်ထူထပ်လာရင် မည်သို့မည်ပုံ ဖြေရှင်းသင့်တယ် ဆိုတာ တွေကို တာဝန်ရှိသူတွေ စဉ်းစားနိုင်ဖို့ တင်ပြထားတာ စိတ်ဝင်စားဖို့ ကောင်း တယ်ဗျာ။

ကျွန်တော်တို့ တိုင်းပြည်ဟာ အခု အချိန်မှာ ပြုပြင် ပြောင်းလဲရေးတွေ လုပ်ဖို့ အာရုံနေချိန် ဖြစ်ပါတယ်။ စတုတ္ထမဏ္ဍိုင် အဖွဲ့ဝင်တွေဖြစ်တဲ့ ကျွန်တော်တို့ စာနယ်ဇင်း တွေဟာ သည်လို အရေးကြီးတဲ့အချိန်မှာ ပိုပြီးတာဝန်ကြီးပါတယ်။ ကျွန်တော်တို့က နေရာတကာ လူတတ်ကြီးလုပ်ပြီး ဝေဖန်နေကြတာ မဟုတ်ပါဘူး။ ကိုယ်တိုင် သေသေချာချာ လေ့လာပြီး ရေးနိုင်ရင်ရေးတယ်။ ကိုယ်မပိုင်မနိုင်တဲ့ ဘာသာရပ်ဆိုရင် ဆိုင်ရာဆိုင်ရာ နယ်ပယ်တွေမှာ တတ်သိနားလည်သူ ပညာရှင်တွေ (အထက်မှာ ဖော်ပြခဲ့တဲ့ ဒေါက်တာ ကျော်လတ်တို့လို) ရဲ့ထင်မြင် ချက် ဝေဖန်ချက် အကြံပြုချက် တွေကို ရှာဖွေတောင်းခံပြီး တင်ပြကြတာပါ။

(ဤနေရာမှာ စကားစပ်မိလို့ ပြီးခဲ့တဲ့ အပတ်ထုတ် ပြည်သူ့ခေတ် ဂျာနယ်မှာ ဖော်ပြထားတဲ့ သတင်းစာ ဆရာကြီး ဟံသာဝတီ ဦးဝင်းတင်ရဲ့ လွန်ခဲ့တဲ့ ၂၅ နှစ်က ဆောင်းပါး တစ်ပုဒ် ခေါင်းစဉ်က 'ပဉ္စမမဏ္ဍိုင်' တဲ့ဗျ။ ဆရာက စတုတ္ထမဏ္ဍိုင်ဆိုတာ မူလက နေ့စဉ်သတင်းစာ တွေကို ရည်ညွှန်းကြောင်း။ နောက်တော့ အပတ်စဉ်ထုတ် ဂျာနယ်တွေ၊ လစဉ်ထုတ် မဂ္ဂဇင်းတွေကို ဂျပန်နိုင်ငံမှာ ပဉ္စမမဏ္ဍိုင်လို့ တင်စားခေါ်ဝေါ် လာကြောင်း တင်ပြထားတာ ဖြစ်ပါတယ်။ မျက်မှောက်ခေတ် နောက်ဆုံး သဘောထား ကတော့ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ရုပ်သံ၊ အီလက်ထရောနစ် မီဒီယာ အားလုံးကို စတုတ္ထမဏ္ဍိုင်ထဲ ထည့်ထားပါတယ်။ မကြာသေးခင်က အဆိုတစ်ခုကတော့ ပြည်သူ တွေကို ပဉ္စမမဏ္ဍိုင်အဖြစ် တင်စားပြောဆိုတာလည်း သိလိုက်ရပါတယ်)

ကျွန်တော်တို့ကတော့ အစဉ်အလာ ခံယူချက်အတိုင်း စတုတ္ထမဏ္ဍိုင် အဖွဲ့ဝင်များသည် ပြည်သူလူထု၏ နား။ မျက်စိနဲ့ ပါးစပ်ပေါက်အဖြစ် အမှုတော်ထမ်းရ

မည်လို့ နှလုံးသွင်းထားပါတယ်။ တိုင်းပြည်မှာ ငွေကုန်ကြေးကျများတဲ့ လုပ်ဆောင်ချက်ကြီးတွေ ပြုလုပ်တော့မယ်ဆိုရင် အဲဒါတွေဟာ တကယ်လိုအပ်လို့ လုပ်တာလားဆိုတာကို အရင်ဆုံး ဆန်းစစ်ကြရမှာပါ။ ဘာကြောင့်လဲဆိုတော့ တိုင်းပြည်ဟာ ခုချိန်ထိ ဆင်းရဲနွမ်းပါး နေဆဲဆိုတာကို မမေ့လို့ပါပဲ။

အရင်အစိုးရရဲ့ လက်စမို့ ဘာပဲဖြစ်ဖြစ် ဆက်လုပ်ရမယ်ဆိုတဲ့ အယူအဆမျိုးကိုတော့ ပြည်သူတွေက လက်ခံမယ် မဟုတ်ဘူးဗျ။ စစ်ကောင်စီအဖြစ် အုပ်ချုပ်ခဲ့စဉ်က ဆုံးဖြတ် ဆောင်ရွက်ခဲ့ပေမယ့် အခုအစိုးရဟာ လွှတ်တော်က တင်မြှောက်လိုက်တဲ့ အစိုးရဖြစ်လို့ ပြည်သူလူထုရဲ့ဆန္ဒကို အဓိက အလေးထားရမှာ ဖြစ်ပါတယ်။ လက်ရှိအစိုးရ ခေါင်းဆောင်များဟာ ယခင်စစ်ကောင်စီ မှာ ပါဝင်ပတ်သက်ခဲ့တဲ့ လူများပဲဖြစ်လို့ လူမပြောင်းဘူးလို့ ဆိုသည့်တိုင်အောင် မူပြောင်းသွားပြီ ဖြစ်လို့ မူအတိုင်းပဲ လိုက်နာကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်ဗျာ။

နိုင်ငံတကာမှာလည်း အရင်အစိုးရရဲ့ လက်စများဖြစ်သည့်တိုင် ပကတိအခြေအနေမှာ ပြည်သူ့အကျိုးစီးပွားနဲ့ မကိုက်ညီဘူးဆိုရင် ပယ်ဖျက်ပစ်တဲ့ သာဓကတွေများစွာ ရှိခဲ့ပါတယ်။

အင်တာနက် သတင်းတွေထဲ တွေ့ရ လို့ စိ ့ခဲ့ပူပန်ခဲ့ရတဲ့ ရှရှားက လာဆောက်မယ်ဆိုတဲ့ မြေအောက်ရထားလမ်း ကိစ္စကတော့ ရှင်းသွားပါပြီ။ နောက်ထပ် ရင်ထဲမရှင်းတဲ့ မြစ်ဆုံဆည်ကိစ္စကိုလည်း နားစွင့်နေဆဲပါ။

ပြီးခဲ့တဲ့ အပတ်ထုတ် ပြည်သူ့ခေတ်ဂျာနယ် အယ်ဒီတာ့ထံပေးစာမှာ စံထက်ဆိုသူက စစ်ကိုင်းတိုင်းက လက်ပံဆည်နဲ့ ယှဉ်ပြပြီး မြစ်ဆုံဆည် တည်ဆောက် ရေးကို မလောသင့်ကြောင်း ရေးထားပါတယ်။ လက်ပံမှာ ၃ နှစ်လောက် စူးစမ်း လေ့လာပြီးမှ ရေကာတာ တည်ဆောက်ခဲ့တာတောင် ခန့်မှန်းတာနဲ့ လက်တွေ့တာလွဲချော် ဖြစ်ခဲ့ပုံကို တင်ပြပြီး ၂ နှစ်ခွဲလောက် လေ့လာခဲ့ရုံနဲ့ မြစ်ဆုံဆည်လို မဟာဧရာမဆည်ကြီး တည်ဆောက်ဖို့ ဆုံးဖြတ်ချက်ချတာဟာ မစောလွန်းဘူးလားလို့ မေးခွန်းထုတ်ထားတာပါ။

အခုလို ပြည်သူကြားက ထွက်ပေါ်လာတဲ့ ပြည်သူ့အသံ အစစ်အမှန်ကို ဂျာနယ်မှာ ဖော်ပြနိုင်တော့လည်း ကျွန်တော်တို့ ကျေနပ်အားတက်ရပါတယ်။ ပြည်သူတို့ရဲ့ အသံများ ညံစည်လာရင်ဖြင့် သက်ဆိုင်ရာများကလည်း ပဋ္ဌာကမ္ပလာ မြကျောက်ဖျာ တင်း မတင်းကို စမ်းကြည့်ပြီး သတိပြုမိကြလိမ့်မယ်လို့ ထင်မိကြောင်းပါဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်**

*၇၊ စက်တင်ဘာ၊ ၂၀၁၁။*

*တွဲ ၂၊ အမှတ် ၆၀။*

○

# လျှို့ဝှက်မဲပေးတာ ကောင်းတယ်

လွှတ်တော်အစည်းအဝေးများနဲ့ စပ်လျဉ်းလို့ ပြောဆိုဝေဖန်မှုအချို့ကြားသိနေရပါတယ်။ လွှတ်တော်မှာ ပါဝင်ဆွေးနွေးကြတဲ့ ကိုယ်စားလှယ်များရဲ့ မိခင်ပါတီအမည်ကို အစိုးရသတင်းစာတွေမှာ ဖော်ပြခြင်း မရှိတာကို ထောက်ခံတဲ့ ပါတီရှိသလို ဆွေးနွေးတဲ့ ကိုယ်စားလှယ်ရဲ့ ပါတီအမည်ကို ဖော်ပြသင့်တယ်လို့ ဆန္ဒပြုသူတွေလည်း ရှိနေပါတယ်။

နောက်တစ်ခုကတော့ လွှတ်တော်တွင်းမှာ အများဆန္ဒခံယူဖို့ လိုအပ်တဲ့အခါမှာ စက်ခလုတ်နဲ့ လျှို့ဝှက်မဲပေးတဲ့စနစ်ကို မကျင့်သုံးတော့ဘဲ ဗြောင်မဲပေးတဲ့စနစ်ကို ကျင့်သုံးတော့မယ်ဆိုတာကို ပါတီခေါင်းဆောင်အချို့နဲ့ လွှတ်တော်ကိုယ်စားလှယ်အချို့က သဘောကျတယ်။ အချို့ကတော့ လျှို့ဝှက်မဲပေးတဲ့စနစ်ကိုပဲ ကျင့်သုံးသင့်တယ်လို့ ဆန္ဒပြုတယ်လို့ သိရပါတယ်။

## ရောကျော် မလုပ်သင့်ပါ

နိုင်ငံရေး လေ့လာသူ တစ်ယောက်အနေနဲ့ ကျွန်တော့်အမြင်ကို တင်ပြရရင်ဖြင့် လွှတ်တော်တွင်းမှာ ဆွေးနွေးတဲ့ ကိုယ်စားလှယ်ရဲ့ မိခင်ပါတီအမည်ကို တိတိကျကျ ဖော်ပြသင့်တယ်လို့ ပြောချင်ပါတယ်။ ရောကျော် မလုပ်သင့်ပါဘူး။ မဲဆန္ဒရှင် ပြည်သူတွေဟာ ဘယ်လို အကြောင်းအရာမျိုးကို ဘယ်နိုင်ငံရေးပါတီက ကိုယ်စားလှယ် ဘယ်သူက အဆိုတင်တယ်၊ သို့မဟုတ် ပါဝင်ဆွေးနွေးတယ်ဆိုတာ သိဖို့ လိုပါတယ်။ ဒါဟာ ရေရှည်အတွက် အရေးကြီးပါတယ်။ အများပြည်သူ အကျိုးရှိစေမည့် အကြောင်း

အရာကို လွှတ်တော်တွင်းမှာ ဘယ်သူတွေက ဘယ်လောက် စိတ်ဝင်တစား ဆွေးနွေးသလဲ၊ ဘယ်သူတွေက ကပျက်ယပျက် လုပ်သလဲဆိုတာ ပြည်သူတွေ သိခွင့်ရှိပါတယ်။ သိခွင့်ပေးရမှာပါ။

## မဲပေးရင်တော့ လျှို့ဝှက်ဖို့လိုတယ်

မဲပေးခြင်း ကိစ္စကျတော့ ခုန ဆွေးနွေးခြင်းကိစ္စနဲ့ ပြောင်းပြန် ဖြစ်ပါတယ်။ မဲခွဲ ဆုံးဖြတ်ရမယ့် အချိန်မျိုးမှာ လျှို့ဝှက်မဲပေးစနစ် ကျင့်သုံးခြင်းသာလျှင် ဒီမိုကရေစီနည်းကျ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကိုယ်စားလှယ်တစ်ဦးဟာ သူ့ရဲ့ကိုယ်ပိုင်ဆန္ဒကို ဖော်ထုတ်ခွင့် ရသင့်ခြင်းကြောင့် ဖြစ်ပါတယ်။

ကိုယ်စားလှယ်တစ်ဦးဟာ ပါတီရဲ့သဘောထားနဲ့ မိမိရဲ့သဘောထားခြားနားမှု ရှိချိန်နဲ့ ရင်ဆိုင်ရနိုင်ပါတယ်။ နားထောင်လို့ ကောင်းတဲ့ ပြောရိုးပြောစဉ် စကားလည်း ရှိတယ် မဟုတ်လား။ မိမိအကျိုးနဲ့ ပါတီအကျိုး ယှဉ်လာရင် ပါတီအကျိုးကို ဦးစားပေးပါ။ ပါတီအကျိုးနဲ့ တိုင်းပြည်အကျိုး ယှဉ်လာရင် တိုင်းပြည်အကျိုးကို ဦးစားပေးပါတဲ့။ နားထောင်လို့တော့ အကောင်းသားဗျ။

## ပြောင်မဲဆိုရင် အကျပ်ရိုက်နိုင်

သို့ပေမယ့် လွှတ်တော်တွင်း မဲခွဲတဲ့အခါ တိုင်းပြည်အကျိုးယုတ်မယ့် ကိစ္စကြီးတစ်ခုနဲ့ ပတ်သက်လို့ အဆုံးအဖြတ်ပေးဖို့ အရေးတကြီး မဲခွဲပြီဆိုပါစို့။ ပါတီတွေရဲ့ထုံးစံ၊ ပါတီရဲ့ သဘောထား၊ ပါတီခေါင်းဆောင်ရဲ့ လမ်းညွှန်ချက်ဆိုတာက ရှိနေမှာပဲ။ ခင်ဗျားရဲ့ မိခင်ပါတီက တိုင်းပြည်အကျိုးယုတ်မယ့် ကိစ္စကြီးကို ထောက်ခံရမယ်လို့ ဆုံးဖြတ်ထားမယ်ဗျာ။ ခင်ဗျားက လွှတ်တော် ကိုယ်စားလှယ်ဆိုရင် ဘယ်လို မဲပေးမလဲ။ ပြောင်မဲပေးရမယ်ဆိုရင် ခင်ဗျား အကျပ်ရိုက်တော့မယ်။ ခင်ဗျားရဲ့ဆန္ဒအတိုင်း မလုပ်နိုင်တော့ဘူး။ လျှို့ဝှက်မဲပေးရမယ်ဆိုရင်တော့ ခင်ဗျားရဲ့ဆန္ဒ အမှန်အတိုင်း ရဲရဲဝံ့ဝံ့ ခလုတ်နှိပ်နိုင်မှာ ဖြစ်တယ်ဗျာ။

## အမေရိကန်လိုနဲ့တော့ မနိူင်းနဲ့

ဒီနေရာမှာ အမေရိကန်လို တိုင်းပြည်နဲ့တော့ မနှိုင်းနဲ့ဗျ။ ဟိုမှာကတော့ သမ္မတ အိုဘားမားရဲ့ ကျန်းမာရေး စောင့်ရှောက်မှု ဥပဒေကြမ်းကို ရီပတ်ဗလီကင်ပါတီ အမတ်တွေက ကန့်ကွက်တာတော့ ထားပါတော့။ အိုဘားမားရဲ့ မိခင်ပါတီ ဒီမိုကရက်တစ်ပါတီက အမတ် ၃၀ ကျော်ကပါ ကန့်ကွက်ခဲ့ကြဖူးတယ်။ သို့ပေမယ့် ဟိုမှာက အဲသလို ကန့်ကွက်လို့လည်း ဘာမှမဖြစ်ဘူး။ အဲဒီအမတ်တွေမှာ ကိုယ်ပိုင်



လွတ်လပ်စွာ ဆုံးဖြတ်ခွင့် အပြည့်ရှိတယ်။ ဒီမှာကတော့ မိခင်ပါတီရဲ့သဘောထားနဲ့ ဆန့်ကျင်ပြီး မဲပေးလို့လည်း ဘာမှ မဖြစ်စေရပါဘူးလို့ ဘယ်လိုပဲ အာမခံချက် ပေးထားပါစေ၊ ဘယ်သူမှ မလုပ်ရဲကြပါဘူး။ အထူးသဖြင့် တပ်မတော်သား ကိုယ်စားလှယ်တွေထဲက ဖောက်ထွက်ပြီး ကိုယ်ပိုင်ဆန္ဒအတိုင်း ပြောင်မဲပေးတာမျိုး ရှိနိုင်ပါ့မလားလို့ တွေးမိပါတယ်။

## တစ်ပါတီစနစ်တုန်းက ကန့်ကွက်မဲ

ဆည်အကြောင်းပြောရင်း လမ်းစဉ်ပါတီခေတ်တုန်းက ပြည်သူ့လွှတ်တော် အစည်းအဝေး တစ်ခုမှာ စက်ခလုတ်နှိပ်ပြီး လျှို့ဝှက်ဆန္ဒမဲပေးရာမှာ ရှေ့ကဖုံး နောက်ကပေါ်တဲ့ ဖြစ်ရပ်လေး တစ်ခုကို သတိရမိတယ်ဗျ။

ကျွန်တော် သတင်းစာတိုက်မှာ တိုက်ထိုင် အယ်ဒီတာအဖြစ် တာဝန်ကျတဲ့ တစ်ရက် လွှတ်တော် အစည်းအဝေးတက်ပြီး ပြန်လာတဲ့ သတင်းထောက်တွေ ကန့်ကွက်မဲအကြောင်း ပြောနေသံကြားတယ်။ တစ်ပါတီစနစ် ပြည်သူ့လွှတ်တော်မှာ ဖြစ်တောင့်ဖြစ်ခဲ ကန့်ကွက်မဲပေါ်တဲ့အကြောင်း ပြောသံကြားလို့ ကျွန်တော်လည်း အံ့တသြနဲ့ မေးမိပါတယ်။

'တကယ်ပဲလား။ ကန့်ကွက်မဲ ဘယ်နှမဲ ထွက်လာလို့လဲ'

'တကယ်ပါ။ ကန့်ကွက်မဲ တစ်မဲဗျ၊ ဒါပေမဲ့ နောက်တော့ မဟုတ်တော့ဘူး'

'ဟ ဘယ်လို ဖြစ်တာလဲ၊ နားမလည်တော့ဘူး'

'ဒီလိုဗျ၊ ကန့်ကွက်မဲ ဘယ်လို ဖြစ်တယ်ဆိုတာ တွေ့သွားတယ်လေ'

'ဘယ်လို ဘယ်လို'

'စက်ခလုတ်နှိပ်ပြီး လျှို့ဝှက်မဲပေးကြတာ ကန့်ကွက်မဲ တစ်မဲ ပေါ်နေလို့ နောက်တစ်ခါ မဲထပ်ပေးခိုင်းတယ်၊ အဲဒီတော့လည်း ကန့်ကွက်မဲတစ်မဲက ပေါ်နေတာပဲ၊ အဲဒါနဲ့ သူတို့ ကြည့်လိုက်တော့ ကန့်ကွက်တဲ့ နေရာက ကိုယ်စားလှယ်က သူ့အက်ဆွဲအိတ်ကို တင်ထားတာ ကန့်ကွက်ခလုတ်ကို ဖိမိနေလို့တဲ့၊ မဲပေးခလုတ်တွေ နှိပ်ခိုင်းလိုက်တိုင်းသူကတော့ ထောက်ခံခလုတ်နှိပ်တာပဲ၊ ဟိုမှာ ပေါ်လာတာက ကန့်ကွက်မဲ ဖြစ်နေတော့တာပေါ့၊ အဲဒါတွေ့တော့ အိတ်ကိုဖယ်ပြီး မဲထပ်ခွဲတဲ့အခါ ကန့်ကွက်မဲ မရှိတော့ဘူးပေါ့၊ အဲသလို ဖြစ်တာပါ ဆရာ'

'နေစမ်းပါဦး။ အဲဒီကိုယ်စားလှယ် နေရာကို ဘယ်သူက ဘယ်လို သိသွားတာလဲ၊ ကိုယ်မရှင်းသေးဘူး'

'ဟာ ဆရာ့ကို ပြောရတာ လက်ဝင်လိုက်တာ၊ ဘယ်လို သိသွားလဲ ဆိုတာတော့ ကျွန်တော်တို့လည်း မပြောတတ်ဘူး။ ဆရာဘာသာ သွားမေးပေတော့'တဲ့ဗျာ။

အဲဒါ ကိုယ်တွေ့ကြားလိုက်ရ၏၊ မှတ်လိုက်ရ၏ပါပဲဗျာ။

မည်သို့ဆိုစေ၊ ဒါတွေက ခေတ်ဟောင်းတုန်းက ကိစ္စတွေပါ။ ယခု ဒီမိုကရေစီ ခေတ်မှာတော့ ကိုယ်ပိုင် ဆုံးဖြတ်ချက်ပေးနိုင်ဖို့ လျှို့ဝှက်မဲပေး စနစ်ကိုပဲ ကျင့်သုံးကြစို့ ဟူ၍ ကျွန်တော့် အမြင်ကို တင်ပြလိုပါတယ်။

စာဖတ်သူများအနေနဲ့လည်း ပြည်သူ့ခေတ် အယ်ဒီတာထံပေးစာ ကဏ္ဍမှတစ်ဆင့် မိမိအမြင်ကို တင်ပြနိုင်ကြပါတယ်။ မတူကွဲပြားတဲ့ အမြင်များကို တင်ပြခွင့်ရှိခြင်းဟာ ဒီမိုကရေစီ အခွင့်အရေးပါပဲခင်ဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်**

*၁၄၊ စက်တင်ဘာ၊ ၂၀၁၁။*

*တွဲ ၂၊ အမှတ် ၆၁။*

ဝ

# ‘ဓာတ်ဝတီရောဂါသည်’ ရဲ့ လျှောက်လဲချက်

ဆည်ရက်ပိုင်းတွေအတွင်း ကျွန်တော်အတော်ကလေး စိတ်မချမ်းမသာ ဖြစ်နေပါတယ်။ ခံစားချက်ကမျိုးစုံပါ။ ပြောရက်လေခြင်းဆိုတဲ့ ခံပြင်းစိတ်၊ လုပ်ရက်လေခြင်းဆိုတဲ့ နာကြည်းစိတ်၊ သူတို့လုပ်သမျှ ဒီလိုပဲခံရတော့မှာလားဆိုတဲ့ မချိတင်ကဲ ကြေကွဲစိတ်။ ကျေးဇူးရှင် မိခင်ကြီး အသက်အန္တရာယ် ကြုံနေရတာကို သိနေလျက် မြင်နေလျက် မကယ်နိုင်တော့သလို ဖြစ်နေလို့ ဝမ်းနည်းပူဆွေးစိတ်။

## ဘွားခနဲ ပေါ်လာတဲ့ စီမံကိန်း

ကျွန်တော် အပါအဝင် ပြည်သူအများစုကြီးမှာ အလားတူ ခံစားချက်တွေ ကိုယ်စီကိုယ်ငှ ဖြစ်ပေါ်နေပါတယ်။ ကျွန်တော်တို့ကတော့ ကလောင်သမားဆိုတော့ မိမိ ခံစားချက်ကို ကလောင်နဲ့ ဖော်ထုတ် ပြောဆိုတာပေါ့ဗျာ။ ‘ကလောင် သွားသည် ဓားသွားထက် ထက်၏’ ဆိုတဲ့ အဆိုအမိန့်တော့ ရှိပါရဲ့။ တကယ် ထက် မထက်တော့ မသိဘူးဗျ။ လောလောဆယ်တော့ ကျွန်တော်တို့မှာ နေရင်းထိုင်ရင်း ရောဂါသည်တွေလို့ အပြောခံရ၊ စော်ကားခံရ။ ဓာတ်ဝတီ ရောဂါသည်တွေတဲ့ဗျာ။

မြစ်ဆုံဆည် စီမံကိန်းဆိုတာ ခုတော့မှ ဘွားခနဲ ပေါ်လာတာပါ။ ဆိုလိုတာက ခုတော့မှပဲ ကျွန်တော်တို့တုန်လှုပ်ချောက်ချားစွာ သိကြရတာပါ။ သေချာလေ့လာတော့မှ သူတို့လုပ်နေတာ ကြာပြီပဲ။ လူသိရှင်ကြား တစ်ခါမှ မကြေညာဘဲ ကြိတ်လုပ်နေကြတာ။

တော်ပါသေးရဲ့။ ပြီးတဲ့အထိ စိတ်တိုင်းကျ ကြိတ်လုပ်နေပြီး အားလုံး ကိစ္စတွေ ပြီးစီးမှ လွှတ်တော်တို့ အစုပ်သား အစိုးရတို့ ပေါ်လာရင်လည်း ဘာမှတတ်နိုင်တော့မှာ မဟုတ်ပါ။

တော်ပါသေးရဲ့ တိုင်းပြည်က သိတဲ့ အချိန်ဟာ နိုင်ငံတော် သမ္မတကြီး ဦးသိန်းစိန်က စေတနာ့ဝန်ထမ်းမဟုတ်ကြောင်လို့ ဂုဏ်တင်ပေးခဲ့တဲ့ စာနယ်ဇင်းမီဒီယာတွေအနေနဲ့ အတိုင်းအတာ တစ်ခုအထိ ရေးခွင့်သားခွင့် ပြောခွင့်ဆိုခွင့် ရှိလာချိန်ဖြစ်လေတော့ ပြည်သူလူထုရဲ့ သဘောထားတွေကို ထင်ဟပ်ဖော်ပြနိုင်ကြပေလို့။

## ကျွန်တော် ကန့်ကွက်ပါတယ်

ကျွန်တော့် တစ်ဦးတည်းအနေနဲ့ကတော့ မြစ်ဆုံ ဆည်စီမံကိန်းဟာ ဧရာဝတီ မြစ်ကြီးကို ထိပ်စကပိတ်ပြီး ဧရာမ ဆည်ကြီး တည်ဆောက်မယ်ဆိုတာ သိလိုက်ကတည်းက ကန့်ကွက်ပါတယ်ဆိုပြီး လက်မှတ်ထိုးလိုက်တာပါပဲ။ နောက်ထပ် အချက်အလက် အသစ်တွေ (ဧရာဝတီမြစ်ကြီး ပျောက်ကွယ်သွားသည်အထိ ဖြစ်လာနိုင်တဲ့ အန္တရာယ်တွေ အခန့်မသင့်ရင် မြစ်ကြီးနားမြို့ကြီး ရေအောက်ရောက်သွားနိုင်တဲ့ အန္တရာယ်တွေ) ထပ်သိရတော့ ပို၍ ပို၍ ကန့်ကွက်ပါတယ်။ တရုတ်နဲ့ ဓာတ်အား/ အကျိုးအမြတ် ခွဲဝေယူမယ့်အချိုးကို သိတော့ အဆများစွာတိုးပြီး ကန့်ကွက်ပါတယ်။ ဘယ်သူတွေကို ပေးတယ်ဆိုတာ မသိဘဲ ပွဲခ ၁၀ ရာခိုင်နှုန်း ပေးနေရမယ်ဆိုတာ သိရပြန်တော့ ရင်ဘတ်စည်တီးဖြစ်ရပြီး ထပ်မံ ကန့်ကွက်ပါတယ်။

## မဟုတ်ဘူးဆိုရင် တောင်းပန်ပါမယ်

အခု ကျွန်တော် ရေးပြတာတွေဟာ ဟုတ်မဟုတ် မှန်မမှန် သက်ဆိုင်သူများက တိုင်းပြည်ကို ရှင်းပြဖို့ တောင်းဆိုပါတယ်။ မဟုတ်မမှန်ဘူးဆိုတာ ဘဝင်ကျကျ ယုံကြည် စိတ်ချလောက်အောင် သိရပါလျှင် ဟောဒီ ကျွန်တော့်ကော်လံကနေပြီး အဲဒီသက်ဆိုင်သူ များကို ကျွန်တော်မှားပါကြောင်း ဝန်ခံရေးသားပြီး အနူးအညွတ် ဝန်ချတောင်းပန်ပါမယ်။ ဟုတ်မှန်တယ်ဆိုရင်တော့ အဲဒါတွေဟာ ဖြစ်သင့်ဖြစ်ထိုက်တာတွေ ဟုတ်မဟုတ် ပြည်သူ့ဆန္ဒ ခံယူပွဲနဲ့ အဆုံးအဖြတ်ရယူဖို့ တောင်းဆိုပါတယ်။

ခုတလော ကျွန်တော့်လို အခြား 'ဧရာဝတီ ရောဂါသည်' များရဲ့ ခံစားချက် ဝေဒနာတွေကို သတိထားပြီး ဖတ်ရှု နားထောင်မိပါတယ်။ သမ္မတကြီးနဲ့တကွ တိုင်းပြည် အပေါ် စေတနာကောင်းထားရှိတဲ့ နိုင်ငံခေါင်းဆောင်များလည်း ပြည်သူတွေရဲ့ အသံကို နားထောင်နေလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

## ကချင် လူငယ်တစ်ဦးရဲ့ မျက်ရည်ကြားက သူ့စကား

ဤရက်ပိုင်းအတွင်း ကျွန်တော့်ရင်ထဲကို ထိခိုက်စေတဲ့ စာနစ်ပုဒ်ကို ဖတ်မိပါတယ်။ ပြည်သူ့ခေတ်ဂျာနယ်၊ အမှတ် ၆၁၊ ၂၂ စက်တင်ဘာ ၂၀၁၁ စာမျက်နှာ ၂၇ ပါ မိုးတိမ်



တဲ့ 'ဧရာဝတီအတွက် ရတက် မအေးကြသူများ' ဆောင်းပါးက အောက်ပါစာပိုဒ်ကို ကြည့်ပါခင်ဗျာ။

'သဘာဝ ပတ်ဝန်းကျင်အရေးများတွင် ပါဝင်ဆောင်ရွက်နေသူ ကချင်လူမျိုး ဆော်ထွန်းကလည်း ကျွန်တော်တို့ ကချင်လူမျိုးတွေမှာ ဗမာတွေလို ဘုရင် ဆက်တွေ၊ မင်းနေပြည်တော်တွေနဲ့ နေခဲ့ရတဲ့ သမိုင်းတွေ မရှိပါဘူး။ ဒါပေမဲ့ တော်တို့ ကချင်တွေရော၊ ဗမာ လူမျိုးတွေရောဟာ တစ်နိုင်ငံတည်း အတူတကွ တဲ့ နေထိုင်ကြတဲ့ ညီအစ်ကိုတွေပါ။ ကျွန်တော်တို့ကချင် လူမျိုးတွေကို ချစ်တယ်ဆိုရင် တော် တို့ အမြတ်တနိုး တန်ဖိုးထားတဲ့ မြစ်ဆုံရဲ့ သဘာဝအလှအပတွေကိုလည်း လို့ ပြောချင်ပါတယ်၊ ဒီနေရာမှာ ရေကာတာ ကြီး ဆောက်၊ လျှပ်စစ်ကို တရုတ်ကို င်းစားမှာတော့ မလုပ်ကြပါနဲ့၊ မြစ်ဆုံ ဒေသဟာ ကျွန်တော်တို့ ကချင်လူမျိုး လုံးရဲ့ နှလုံးသားပါ၊ ဒါလေးတစ်ခုပဲ ကျွန်တော်တို့မှာ ရှိတာပါ၊ ဒီတန်ဖိုးရှိတဲ့ ကို ကျွန်တော်တို့ ဘယ်သူ့ကိုမှ မပေးနိုင်ပါဘူးဟု သူ့ ခံစားချက်ကို မျက်ရည်ကျလျက် ရာ လိုက်ပါ လာသူ အားလုံးမှာလည်း မျက်ရည် ကျသူကျ၊ ဝမ်းနည်းသူက နည်းဖြင့် ဧရာဝတီအရေး ရတက်မအေး ဖြစ်ကြ ရတော့သည်'

## မြစ်ဆုံမှာ ရေကာတာ မဆောက် သင့်ကြောင်း

တ် စာတစ်ပုဒ်ကတော့ မြစ်ဆုံစီမံကိန်းအတွက် သုတေသန လုပ်ပေးခဲ့ရတဲ့ တာအဖွဲ့မှ တာဝန်ရှိတစ်ဦးဖြစ်သူ ဦးညိုမောင်ရဲ့ ထုတ်ဖော်ပြောဆိုချက်ပါ။ တ်ပါအတိုင်း ဖြစ်ပါတယ်။

*Report* မှာ မြန်မာပညာရှင်တွေ ရေးတဲ့ *Report* က သီးခြားပါ။ တရုတ် ရှင်တွေရေးတဲ့ *Report* က သီးခြား ပါ။ မတူပါဘူး။ တရုတ်ပညာရှင်တွေ ရေးတဲ့ *Report* ကို ကျွန်တော်တော့ မတွေ့ဖူးပါဘူး။ ကျွန်တော်တို့ မြန်မာ ပညာရှင်များ တဲ့ *Report* မှာ ကျွန်တော်တို့ အတိအကျ ပြောထား ပါတယ်။ ဒီမြစ်ဆုံမှာ တာကို မဆောက်သင့်တဲ့အကြောင်း ကျွန်တော်တို့ *Report* ထဲမှာ ပထမတစ်ချက် က *cultural heritage* လို့ ခေါ်တဲ့ ယဉ်ကျေးမှု အမွေအနှစ် နေရာဖြစ်တယ်။ င် လူမျိုးတွေကလည်း သူတို့ရဲ့မြစ်ဆုံ ဒေသကို သူတို့ရဲ့ *heartland* ဖြစ်တယ်လို့ ဖိုးထားတဲ့အတွက် တစ်အချက် မလုပ်သင့်ပါဘူးလို့ ရေးထားပါတယ်။ နောက် ခုက ဘာလဲဆိုရင် *environmental* အရ ဒီနေရာကဆိုရင် ရှုခင်း *landscape* *value* ရှိတဲ့အတွက် ဒီဟာကို မလုပ်သင့်ပါဘူးလို့ ဒုတိယ အချက်အနေနဲ့ ပြောထား ယ်။ နောက်တစ်ခုကတော့ မြစ်ဆုံကို လုပ်မယ့် အစား မြစ်ဆုံရဲ့ အပေါ်ဘက် နဲ့ မလိခမှာ တစ်ခုစီ *alternative* နဲ့ လုပ်ပါလို့ အကြံပေးထားပါတယ်။ *Sustainable*

*development အတွက် ဆိုလို့ရှိရင် ဒီလိုကြီးမားတဲ့ dam ဟာ ဧရာဝတီ မြစ်ဆုံမှာ မဆောက်သင့်ပါဘူးလို့ အတိအကျ ရေးထားတာ ဖြစ်ပါတယ်။*

**ဦးညိုမောင်။**
ဘန်ကာ (BANCA = Biodiversity and Nature Conservation Association)

## စိတ်ထဲ ထင့်နေတာ တစ်ခု

အထက်ပါ ကျွန်တော် ကောက်နုတ်ပြတဲ့ စာနှစ်ပိုဒ်နဲ့ပဲ မြစ်ဆုံ စီမံကိန်း ကိစ္စကို ပြည်သူတွေ ဘယ်လို သဘောထားသင့် သလဲဆိုတာ ရှင်းလင်းနေပြီလို့ ထင်ပါတယ်။ သည်နေရာမှာ ကျွန်တော် ကြိုတင် စိုးရိမ်ပူပန်နေတာ တစ်ခုရှိနေပါသေးတယ်။ အဲဒီကတော့ နောက်ဆုံး မတတ်သာရင် ဘန်ကာက အကြံပေးထားသလို မြစ်ဆုံကို လုပ်မယ့်အစား မြစ်ဆုံရဲ့ အပေါ်ဘက် မေခနဲ့ မလိခမှာ တစ်ခုစီ alternative နဲ့ လုပ်မယ့် အခြေအနေ ဖြစ်ပေါ်လာနိုင်တယ်လို့ ကျွန်တော့်စိတ်ထဲ 'ထင့်'နေမိပါတယ်။

## ပြည်သူ့သဘောတူညီချက် ရယူဖို့

မေခနဲ့ မလိခအပေါ်ဘက်မှာ ဆောက်မယ်ဆိုရင်လည်း ဓာတ်အား ခွဲဝေသုံးစွဲမှု အကျိုးအမြတ် အချိုးအစားနဲ့ ပွဲခကို ဘယ်သူတွေ ယူသလဲဆိုတာ အားလုံး တိုင်းပြည်က ပွင့်လင်းမြင်သာရှိစေရပါမယ်။ ပြည်သူတွေရဲ့သဘောတူညီချက်ကို ရယူဖို့ လိုပါတယ်။

တကယ်ကတော့ တစ်ချိန်မဟုတ် တစ်ချိန် တစ်နည်းနည်းနဲ့ အန္တရာယ် အလားအလာရှိတဲ့ ဧရာမရေကာတာကြီး တစ်ခုကို တရုတ်ပြည် မီးလင်းဖို့အလို့ငှာ ကျွန်တော်တို့က အနာခံပြီး ကိုယ့်ပြည်ထဲမှာ ဘယ်သောအခါမှ မတည်ဆောက်သင့်တာ အမှန်ပါ။ မြွေပွေး ခါးပိုက်ပိုက် ထားရတာထက် ဆိုးပါမယ်။ အချိန်မရွေးထပြီး ပေါက်ကွဲနိုင်တဲ့ မိုင်းဗုံးကြီးကို ပိုက်ဘောဖမ်းထားရသလို သားစဉ်မြေးဆက် တထိတ်ထိတ် တလန့်လန့် နေနေကြရမှာပါ။

ဒါတင်မက သောင်းချီပြီး လာရောက် အခြေချ နေထိုင် အလုပ်လုပ်ကြမယ့် တရုတ်တွေက ဒေသခံ ကျွန်တော်တို့ သွေးချင်းတွေကို ဘယ်လို ဆက်ဆံမလဲ၊ ဘယ်လို အမြတ်ထုတ်မလဲ၊ ငွေကြေးဓန အင်အားတွေနဲ့ ဘယ်လို အနိုင်ကျင့်မလဲ၊ နှစ်ပေါင်း ၆၀ ရေရှည်အတွက် စဉ်းစားကြည့်တိုင်း ကျွန်တော့်ရင်ထဲ မကောင်းဘူး။ မတင်မကျကြီး ဖြစ်ပြီး တစ်ဆို့နေပါတယ်။ ခုတောင် မန္တလေးမြို့ကြီး ဘယ်လို ဖြစ်နေပြီလဲဗျာ။



## တရုတ်ပြည်က ဆည်ကြီးဥပမာ

ပြီးခဲ့တဲ့ အပတ်ထုတ် ပြည်သူ့ခေတ်ဂျာနယ်မှာ ဆရာမကြီး ဒေါက်တာဒေါ်မြင့်မြင့်ခင်က တရုတ်ပြည်က မြစ်ကျဉ်းသုံးသွယ်ဆည်ကြီး (Three Gorges Dam) အကြောင်း ရေးပြထားတာ ရင်သိမ့်တုန်စရာ ဖြစ်ပါတယ်။ ကြီးမားတဲ့ ဆိုးကျိုး အလားအလာတွေကို ဆောက်ပြီး ကမ္ဘာက ဝိုင်းပြောခဲ့ပေမယ့် ၁၉၉၄ ကနေ ၂၀၀၆ အထိ ၁၂ နှစ်ကြာ ဆက်ဆောက်ခဲ့တယ်။ လူပေါင်း ၁ သန်း ၃ သိန်း ရွှေ့ပြောင်းပေးခဲ့ရတယ်။ ၂၀၁၀ ကျတော့ မြို့ကြီး ၁၃ မြို့၊ မြို့ငယ် ၁၄၀ နဲ့ ကျေးရွာ ၁၃၅၀ ရေမြုပ်ခဲ့ရတယ်။ တရုတ်အစိုးရ ခေါင်းမာပြီး လုပ်ချင်တာ ဇွတ်လုပ်လို့ ပြည်သူသန်းချီပြီး ဒုက္ခ ဆင်းရဲ ဆောက်ခဲ့ရတဲ့အကြောင်း ဖတ်ရတာ ကြက်သီးတောင် ထမိပါရဲ့ဗျာ။

တရုတ်ပြည်ကြီးဟာ အကျယ်ကြီးပါ။ မြစ်တွေ ချောင်းတွေလည်း အများကြီးပါ။ ချိုင့်ဆီမှာ လုပ်စရာ နေရာတွေ အများကြီးရှိပါလျက်နဲ့ မြစ်ကျဉ်းသုံးသွယ် ဆည်ကြီးရဲ့ ဆိုးကျိုးဒဏ်တွေကို ခံလိုက်ရတဲ့ ၂၀၀၆ ခုနှစ် နောက်ပိုင်းမှာမှ ကျွန်တော်တို့ဆီ ဆောက်ကြေးရအောင်နိုက်ပြီး မြစ်ဆုံမှာ ဘာကြောင့် လာလုပ်ကြပါလိမ့်။

မျိုးချစ် ပြည်ချစ် ခေါင်းဆောင်ကြီးများ၊ နိုင်ငံရေးသမားများ၊ စဉ်းစားကြပါ။ ဆင်ခြင်ကြပါ ခင်ဗျာ။

*၂၁၊ စက်တင်ဘာ၊ ၂၀၁၁။*

○

# တစ်မိနစ်တစ်အကြာ တော်ပါပြီ   တန်ပါပြီ

သည်ရက်ပိုင်းတွေအတွင်း စိတ်ဝင်စားစရာ သတင်းတွေထဲမှာ နှစ် ၄၀၊ နှစ် ၃၀ သက်တမ်းရှိ ကားအိုကားဟောင်းတွေကို လာရောက် အပ်နှံရင် နိုင်ငံခြားက ဒေါ်လာ ၃၅၀၀ တန် ကား တင်သွင်းခွင့်ပေးမယ် ဆိုတဲ့ သတင်းဟာ အတော် ဂယက် ရိုက်ခဲ့တာ တွေ့ရတယ်ဗျ။

ကားဟောင်းတွေကို ကညန စစ်ဆေးခံပြီး ဆက်လက် အသုံးပြုချင် ရင်လည်း အသုံးပြုခွင့်ပေးမယ်ဆိုတဲ့ ရွေးချယ်ခွင့် ပေးထား တာကလည်း အတော် သဘောကျစရာ ကောင်းတယ်ဗျာ။

## ယနဲ့ င တွေ ဖျက်သိမ်းခဲ့စဉ်က

သည်အကြောင်းကို ကျွန်တော် ဘာကြောင့် ခုလို နိဒါန်းပျိုးနေသလဲ ဆိုတော့ လွန်ခဲ့တဲ့ နှစ်ပေါင်းအစိတ်ကျော် ၁၉၈၆ ခုနှစ်လောက်က ယ အက္ခရာနဲ့ င အက္ခရာ ကားဟောင်း တွေကို ဘာ ရွေးချယ်ခွင့်၊ ဘာစောဒကမှ ပြုခွင့်မရှိဘဲ ဖျက်သိမ်းစေလို့ အမိန့်ထုတ်ပြန် ခဲ့တဲ့အကြောင်းနဲ့ ယှဉ်ပြီး ပြန်ပြောပြချင်လို့ပါ။

၁၉၆၂ ခုနှစ်ကနေ ၁၉၈၈ ခုနှစ်အထိ စိုးမိုးအုပ်ချုပ်သွားတဲ့ ဗိုလ်ချုပ်ကြီး နေဝင်းဟာ ငွေစက္ကူတွေကို တရားမဝင် ကြေညာခြင်း သုံးကြိမ် လုပ်ခဲ့တယ်။ ကမ္ဘာမှာ မကြားဖူးတဲ့ ၁၅ ကျပ်တန်၊ ၃၅ ကျပ်တန်၊ ၄၅ ကျပ်တန်၊ ၉၀ ကျပ်တန် ငွေစက္ကူတွေ ထုတ်ခဲ့တယ်။ ယ နဲ့ င ကားဟောင်းတွေကို ဖျက်သိမ်းခဲ့တယ်။ ရှာမှ ရှားတဲ့



ဆောင်ရွက်ချက်တွေပါ။ ဘယ်ပညာရှင်ကမှလည်း မသင့်ပါ မတော်ပါလို့ မပြောခဲ့ဘူး ထင်ပါရဲ့ဗျာ။

ငွေစက္ကူတွေ တရားမဝင် ကြေညာတာဟာ ဝိသမလောဘသား စီးပွားရေး သမားတွေရဲ့ ထိုးနှက်ချက်ကို အမြော်အမြင်ကြီးစွာ တန်ပြန်လိုက်တာလို့ ကြုံကြုံဖန်ဖန် အမွှန်းတော်ဘွဲ့ ရေးသူတွေလည်း ရှိခဲ့တယ်ဗျ။ တကယ့် လက်တွေ့မှာတော့ မရှိ ဆင်းရဲသားတွေခမျာ အထိအနာကြီး နာခဲ့ကြရှာတယ်။ စက္ကူစုတ် ဖြစ်သွားတဲ့ တရားမဝင် ငွေစက္ကူလေးတွေကိုင်ပြီး မျက်ရည်စက်လက် ဖြစ်ခဲ့ကြသူတွေရဲ့မြင်ကွင်းကို အခုထက်ထိ ကျွန်တော့် မျက်စိထဲက မထွက်ဘူးဗျာ။

## ဖွတ်မရ ဓားမဆုံးရတဲ့ အဖြစ်

၁၉၈၆ ခုနှစ်မှာ ယနဲ့ င ကားဟောင်းတွေ ဖျက်သိမ်းတုန်းကဆိုရင်လည်း အဲသလို မျက်ရည်နဲ့ မျက်ခွက် ဖြစ်ခဲ့ကြရတဲ့ မိသားစုတွေ အများကြီးပါပဲ။ ဘယ့်နှယ်ဗျာ။ ဈေးကြီး အဖိုးတန်ကားသစ် မဝယ်နိုင်လို့ အဲဒီခေတ်က ၄-၅ သောင်းတန်တဲ့ ယ/ င ကားဟောင်းလေးတွေ ပြုပြင်ပြီး ကလေးကျောင်းကြို ကျောင်းပို့နဲ့ ရုံးသွား ရုံးပြန် စီးနေကြရတာ၊ ကံကြမ္မာက ဖန်လာလေတော့ ဖွတ်မရ ဓားမဆုံး ဖြစ်ကြရတယ်။ တချို့က မိမိ ကားကို ပြုပြင်ပြီး သွားပြရင် ဘာ အပြစ်အနာ အဆာမှ မရှိတဲ့အတွက် ဆက်လက် သုံးစွဲ ခွင့်ပေးမယ်လို့ ယုံကြည်ပြီး ငွေကုန် ကြေးကျခံကာ ပြင်ဆင်ပြီးမှ ကညနကို သွားကြတာကိုး။ ဟိုကျတော့ ခဲလေသမျှ သဲရေကျ၊ ပယ်ဖျက်စာရင်းပဲ သွင်းခံရလို့ တချို့ဆို ကားမှန် ရိုက်ခွဲ ကားကို ကန်ကျောက်ကာ ဒေါသကို ထွက်ပေါက် ပေးကြသတဲ့ဗျာ။ ဒါတောင် စိတ်မထင်ရင် အရေးယူခံရနိုင်လို့ ဒေါသကို မျိုချပြီး အိမ်ပြန်ယူလာကာ ကားဘော်ဒီကို သံဈေး ပိဿာချိန်နဲ့ ရောင်း၊ ကား အင်ဂျင်ကို လှေထောင်ရေယာဉ်စက် လုပ်ချင်သူတွေကို ရောင်းကြရတယ်။ ၄-၅ သောင်းတန်တဲ့ ကားဟာ ၄-၅ ထောင်လောက်ပဲ ပြန်ရကြ တယ်။ ဘာမှမတတ်နိုင်ဘူး။ ခံပေတော့ပဲ။ ဆီးဒီး ကားကောင်း ကားသန့်ကြီးတွေ ယ နံပါတ်ဖြစ်နေတာနဲ့ပဲ ပိဿာချိန်နဲ့ ရောင်းလိုက်ရတာတွေ ရှိခဲ့တယ်။

## ကျွန်တော် ကံကောင်းခဲ့ပုံ

ကျွန်တော်ကတော့ ကြုံဖန် ကံကောင်းတဲ့ အထဲ ပါခဲ့တယ်ဗျ။ ထိုစဉ်က ကျွန်တော် စီးနေတဲ့ ကားလေးက င အက္ခရာ ဖိယက် ကားလေးပါ။ သို့ပေမယ့် ဆလွန်းကား မဟုတ်ဘဲ စတေရှင်ဝက်ဂွန်း (ဝင်) အမျိုးအစားဖြစ်နေတော့ ဖျက်သိမ်းတဲ့အထဲ မပါဘူးတဲ့။ ကညန သွားပြတော့လည်း ဟုတ်တယ်၊ ဖျက်သိမ်းခံ အမျိုးအစားမဟုတ်လို့

လွတ်စေတဲ့ဗျာ။ ကျွန်တော်ဆက်စီးနေတာ ၁၉၉၂ အထိပါပဲ။ အဲဒီကြားထဲ ယာဉ်ထိန်းရဲက မကြာခဏ ရပ်ခိုင်းပြီး စစ်ဆေးတာ ခံရတယ်ဗျ။ ဘာကြောင့်လဲဆိုတော့ ရှေ့က ကြည့်လိုက်ရင် င နံပါတ်နဲ့ ဖိယက် ဆလွန်းကားလေးပဲလေ။ ကားနောက်ပိုင်းကို သေချာကြည့်မှ ဝင်ကားလေး ဖြစ်နေတာကို။ ယာဉ်ထိန်းရဲ တချို့က င နံပါတ်ဖြစ်လျက်နဲ့ ကျွန်တော်က နိုင်ငံတော်အာဏာကို ဆန့်ကျင်ပြီး ဆက်မောင်းနေတယ်ထင်လို့ ဖမ်းစစ်ကြတာပါ။ လိုင်စင်စာအုပ်ကို သေချာကြည့်ပြီးမှ ဆက်သွားခွင့်ပေးတယ်။

## နိုင်ငံတော် အာဏာ ဆိုတာ

နိုင်ငံတော် အာဏာဆိုတဲ့ စကားလုံးကို သတိထားမိကြမယ် ထင်ပါတယ်။ နိုင်ငံတော် အာဏာကို ကိုင်တွယ် ကျင့်သုံး ခွင့်အပေါ် တည်ပြီး ငွေစက္ကူတွေကို စက္ကူစုတ် ဖြစ်သွားအောင် လုပ်လို့လည်းရတယ်။ ၁၉၆၄ တုန်းကလို တန်ဖိုး ဘယ်လောက်အထိ တရားဝင် ငွေစက္ကူ များနဲ့ ပြန်လဲခွင့်ပေးလို့လည်း ရတယ်။ ၁၉၈၇ ခုနှစ် တရားမဝင် ငွေစက္ကူ ကြေညာတုန်းကလို ဘယ်လိုပုံစံနဲ့မှ ပြန်လဲမပေးတော့တာလည်း လုပ်လို့ ရတယ်။ အာဏာကို ကျင့်သုံးပုံ ကျင့်သုံးနည်းနဲ့ ဆိုင်ပါတယ်။

၁၉၈၆ ခုနှစ်က ကားအိုကား ဟောင်းတွေကို ဘာတာဝန်မှ မယူတဲ့ ဖျက်သိမ်းရေး အမိန့်ပေးခဲ့တာလည်း နိုင်ငံတော် အာဏာပဲဗျ။ အခု ၂၀၁၁ ခုမှာ ကားဟောင်းတွေကို လာအပ်ရင် ဒေါ်လာ ၃၅၀၀တန် ကားဝယ်ယူတင်သွင်း ခွင့်ပေးမယ်လို့ ကြေညာတာလည်း နိုင်ငံတော် အာဏာပဲဗျ။ ဘာကွာသလဲ ဆိုတော့ နိုင်ငံတော်အာဏာကို ဘယ်သူက ကိုင်တွယ် ကျင့်သုံးသလဲ ဆိုတာရယ်၊ ဘယ်စနစ်နဲ့ နိုင်ငံတော် အာဏာ တည်ဆောက်သလဲ ဆိုတာရယ်၊ ဒါပါပဲ။

## ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ

၂၀၁၁ မှာ နိုင်ငံတော်ဟာ ဒီမိုကရေစီ လမ်းကြောင်းပေါ်မှာ လျှောက်လှမ်း နေတယ်။ လူတစ်ဦးတစ်ယောက်တည်းရဲ့ စိတ်အလိုနဲ့ သွားနေတာ မဟုတ်တော့ဘူး။ ခုတစ်မိုး တော်ကြာတစ်မျိုး ပြောင်းလဲလို့ မရဘူး။ လက်လွတ်စပယ် လုပ်လို့မရဘူး။ အခြေခံဥပဒေ အတိုင်း လိုက်နာရတယ်။ ပြည်သူတွေရဲ့ အခြေခံ ပိုင်ခွင့်တွေကို မထိပါးရဘူး။ ပြည်သူတွေ ပိုင်တဲ့ ကားဖြစ်စေ၊ အိမ်ဖြစ်စေ၊ မြေဖြစ်စေ၊ ဥစ္စာပစ္စည်းဖြစ်စေ အမိန့်တစ်ခု ထုတ်ပြီး ဖျက်စေ သိမ်းစေ လုပ်လို့ မရဘူး။ ကျေနပ်လောက်တဲ့ အစားထိုး လျော်ကြေး ပေးပြီးမှသာ ဆက်လက် ဆောင်ရွက်နိုင် ပါတယ်။



## တော်ပါပြီ တန်ပါပြီ

လော ကားဟောင်းတွေ ဖျက်သိမ်းရေးနဲ့ ပတ်သက်ပြီး နိုင်ငံတော်က တာဝန်ခံ ဆောင်ရွက်ပေးမှုကို လေ့လာရင်း ရှေးဟောင်းနှောင်းဖြစ်တွေနဲ့ ယှဉ်ထိုး ကြည့်မိတာပါ။ သလို ယှဉ်ကြည့်လေ၊ တစ်မိန့် တစ်အာဏာစနစ် ဆိုတာကို တော်ပါပြီ တန်ပါပြီလို့ သိမိလေ ဖြစ်ပါတယ်ဗျာ။ တစ်ချိန်တည်းမှာပဲ ပြည်သူကို တာဝန်ခံတဲ့ ဒီမိုကရေစီစနစ် ကိုလည်း ပို၍ တန်ဖိုးထား လိုလားငံ့လင့် နေမိကြောင်းပါဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်**

*၂၃၊ စက်တင်ဘာ၊ ၂၀၁၁။*

*တွဲ ၂၊ အမှတ် ၆၂။*

○

## မဟာပညာကျော် အမတ်ကြီးရဲ့ သူခိုး ဖော်နည်း

မိတ်ဆွေ တစ်ယောက် အရေးတကြီး လာရောက်ပြီး အကူအညီ တောင်းပါတယ်။ ပြည်နယ်က လွှတ်တော်ကိုယ်စားလှယ် တစ်ယောက်က အဆိုတင်ဖို့လား၊ မေးခွန်း မေးဖို့လားမသိ၊ အချက်အလက်အချို့ကို ကျွန်တော့်ထံက လိုချင်လို့ပါတဲ့။ သူ လိုချင်တာက မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်က ပြည်သူ့ ကိုယ်စားလှယ်များ ရာထူး တာဝန် စတင်မထမ်းဆောင်မီ ဥစ္စာပစ္စည်းပိုင်ဆိုင်မှု ကြေညာရတဲ့ပုံစံနဲ့ သတင်း အချက်အလက်အချို့ ဖြစ်ပါတယ်။

### အဂတိလိုက်စားမှု သံပတ်တင်းခဲ့

အရင်က ကျွန်တော့်မှာ အဲဒါမျိုးတွေ အစုံလိုက် ရှိပါတယ်။ အရေးကြီးတဲ့ ကြေညာချက်တွေပဲ မဟုတ်လားဗျာ။ မဆလလို့ တချို့ ခေါ်နေတဲ့ လမ်းစဉ် ပါတီခေတ်က အဂတိ လိုက်စားမှုနဲ့ ပတ်သက်လို့ အတော်ကလေး သံပတ် တင်းခဲ့တာတော့ အမှန်ပဲဗျ။ အချို့ ကိစ္စတွေမှာဖြင့် နိုင်ငံရေးအရ ဒဏ်ခတ်ဖို့ သိက္ခာချတဲ့အနေနဲ့ နိုဆီတစ်သေတ္တာ အလွဲသုံးတာတို့၊ ခေါက်ဆွဲသေတ္တာတွေ ပါမစ်ပေးတာတို့ကို အမှုလုပ်ပြီး ပါတီ ဗဟို ကော်မတီတွေ၊ ပါတီယူနစ်ဥက္ကဋ္ဌတွေကို ထောင်ထဲပို့ခဲ့တာတွေတော့လည်း ရှိခဲ့ပါတယ်။

အထူးသဖြင့်ကတော့ လမ်းစဉ်ပါတီခေတ်က နိုင်ငံရေး ရာထူးကြီး တာဝန်ယူ သူတွေဟာ မိမိတို့ရဲ့ မှုလပိုင်ဆိုင်မှုစာရင်းကို မှန်မှန်ကန်ကန် တင်ပြကြေညာကြရတယ်ဗျ။ ဆိုလိုတာက ဆေးမစားမီပုံနဲ့ ဆေးစားပြီးပုံ ခွဲခြားချင်တဲ့ သဘောဖြစ်မယ်ထင်ပါရဲ့။



ပိုင်ပိုင်ခွင့် အာဏာရှိတဲ့ ရာထူးတာဝန် မထမ်းဆောင်ခင်က ဤရွေ့ဤမျှပဲ ဥစ္စာပစ္စည်း ရှိခဲ့သူဟာ နောက်လေးငါးနှစ်အတွင်း ဘယ်လို အခြေအနေဖြစ်သွားသလဲဆိုတာကို သိချင်တဲ့အခါ တိုက်ဆိုင်ကြည့်ဖို့ပါပဲ။ ကျွန်တော် အင်မတန် သဘောကျတဲ့ အစီအစဉ် တစ်ခုဖြစ်လို့ အဲဒီအမိန့် ကြေညာစာ သတင်းစာ ဖြတ်ပိုင်းတွေ သိမ်းဆည်းထားခဲ့တာ တော့ ပျောက်ပျက်ကုန်ပြီဗျာ။

### သုတေသန လုပ်ကြဖို့ လိုတယ်

မိတ်ဆွေဖြစ်သူကို ထိုစာရွက်စာတမ်း မှတ်တမ်းမှတ်ရာများ ကျွန်တော့်မှာ မရှိတော့တဲ့ အကြောင်း ပြောပြီး စာကြည့်တိုက်တွေမှာ သွားရှာဖို့ လမ်းညွှန်လိုက်ပါတယ်။ ပြီးတော့ လွှတ်တော် ကိုယ်စားလှယ်တွေဟာ လွှတ်တော်စာကြည့်တိုက်မှာ စာဖတ်ကြဖို့ ကောင်းတယ်လို့ အကြံပေးတော့ သူ့မိတ်ဆွေ ကိုယ်စားလှယ်ကြီးကို သူ တိုက်တွန်း လိုက်ပါမယ်လို့ ပြောပါတယ်။ လွှတ်တော် ကိုယ်စားလှယ်တွေဆီမှာ သုတေသန လက်ထောက်တွေ ထားနိုင်ရင် ကောင်းမယ်လို့ ဆက်ပြောပြီး အမေရိကန် ကွန်ဂရက် လွှတ်တော် စာကြည့်တိုက်ကြီးအကြောင်း သူ့ကို ကျွန်တော် ပြောပြပါတယ်။

ဝါရှင်တန်က ကွန်ဂရက် စာကြည့်တိုက်ကြီးဟာ လွှတ်တော် ကိုယ်စားလှယ်တွေ အဟုသုတရှာမှီးဖို့၊ သုတေသနပြုဖို့၊ အဆိုတင်သွင်း ဆွေးနွေးမှုတွေအတွက် အချက် အလက်တွေ ရယူဖို့ ထောမတ်ဂျက်ဖာဆင်တို့ ခေတ်ကတည်းက လွှတ်တော်ကြီးနဲ့ တွဲလျက်နေရာမှာ စာကြည့်တိုက်ကို ဦးစားပေး ဖွင့်လှစ်ခဲ့တယ်ဆိုတာ ကျွန်တော် လေ့လာဖူးသမျှ ဖောက်သည် ချလိုက်ပါတယ်။

### နိုင်ငံရေး သိပ္ပံဘွဲ့ရ အလုပ်

လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ လူထုနဲ့ ဆက်သွယ်ဖို့ ရုံးအဖွဲ့ရယ်၊ သိသင့် သိထိုက်တာတွေကို ရှာဖွေစုဆောင်းပြီး တင်ပြပေးမယ့် သုတေသနလက်ထောက် တွေရယ် ရှိသင့်တာတော့ အမှန်ပါ။ လစ်ဘရယ် ဒီမိုကရေစီ ထွန်းကားတဲ့ နိုင်ငံတွေမှာ တက္ကသိုလ်များက နိုင်ငံရေး သိပ္ပံပညာနဲ့ ဘွဲ့ရခဲ့သူတွေဟာ နိုင်ငံရေး သမား (လွှတ်တော် ကိုယ်စားလှယ်) များဆီမှာ သုတေသနမှူးများအဖြစ် အလုပ်ဝင်လုပ်ကြပြီး လက်တွေ့ နိုင်ငံရေးကို လေ့လာဆည်းပူးကြပါတယ်။ အဲဒီကမှ နိုင်ငံရေး စည်းရုံးရေး တာဝန်တွေကို ထမ်းဆောင်ရင်း သူတို့ကိုယ်တိုင် ရွေးကောက်ပွဲဝင်တဲ့အထိ အဆင့်ဆင့် တိုးတက်သွားကြ ပါတယ်။ သူတို့ဆီမှာတော့ လွှတ်တော် ကိုယ်စားလှယ်များဟာ ကြေးရတတ်တွေပဲ များတာ ဖြစ်လို့ ရုံးအဖွဲ့တို့ သုတေသနမှူးတို့ကို ကိုယ်ပိုင်စရိတ်ကပဲ ကုန်ကျခံတယ်။

ကျွန်တော်တို့ဆီမှာတော့ စာကြည့်တိုက်ကိုပဲ အားကိုးလို့ရအောင် လုပ်ပေးမယ် ထင်တယ်ဗျ။ စာကြည့်တိုက်မှာ ကွန်ပျူတာ Data bank တွေ ထားရှိပြီး ခုန မိတ်ဆွေ လိုချင်တဲ့ အချက်အလက်မျိုးဆိုရင် ခလုတ်နှိပ်ရုံနဲ့ ကြည့်လို့ရအောင် အသင့်ရှိနေ စေရမှာ ဖြစ်ပါတယ်။

## မဟာပညာကျော် လျှောက်ထုံး

နိုင်ငံရေး ရာထူးရှင်များရဲ့ ဥစ္စာပစ္စည်း ပိုင်ဆိုင်မှုစာရင်းတင်သွင်းရတဲ့ လမ်းစဉ် ပါတီခေတ် လုပ်ထုံးလုပ်နည်းအကြောင်း ပြောရင်း ဆရာဦးအောင်သင်း ရေးဖူးတဲ့ မဟာပညာကျော် လျှောက်ထုံးထဲက အကြောင်းအရာတစ်ခုကို သတိရမိတယ်ဗျာ။

ဇာတ်လမ်းကတော့ သူဌေးတစ်ယောက် ရှေးခေတ်ထုံးစံ အသပြာ တစ်သောင်း မြေမှာ မြှုပ်နှံထားတာကို လူတစ်ယောက်က သိပြီး တူးဖော်ယူသွားတယ်။ သူဌေး ပစ္စည်းပျောက်တာ သိတော့ မဆီမဆိုင်ချောင်းထဲ ငါးရှာသူ နှစ်ယောက်ကို ဖမ်းဆီး ရိုက်နှက်စစ်ဆေးတဲ့အခါ နှိပ်စက်ဒဏ် မခံနိုင်လွန်းလို့ ခိုးမိပါသည် ဝန်ခံ၊ ငွေတွေကိုတော့ မြစ်လယ်မှာ ပစ်လိုက်ပါပြီလို့ ထွက်ဆို တယ်။ ရှင်ဘုရင်က မသင်္ကာလို့ မဟာ ပညာကျော် အမတ်ကြီးထံ အမှုအပ်ပြီး စစ်ဆေး[illegible]တယ်။ အမတ်ကြီးက ငွေပျောက် သူဌေးရဲ့ဒေသဝန်းကျင်မှာ ရုတ်တရက် မသုံးစဖူးအ[illegible]သုံးထူးပြီး ငွေကြေးချောင်လည်လာသူ ရှိ မရှိ ထောက်လှမ်းခိုင်းရာက တရားခံအစစ်ကို ဖမ်းမိခဲ့တဲ့ ဇာတ်လမ်းပါ။

## ရုတ်တရက် ချမ်းသာလာလျှင်

'မိမိတို့နယ်ပယ်အတွင်းရှိ လူတစ်ယောက် အကြောင်း ခိုင်ခိုင်လုံလုံမရှိဘဲ ရုတ်တရက် ဖော်ဖောသီသီ သုံးတာစားတာ လှူတာတန်းတာ ဖြစ်လာသည်ကို မစူးမစမ်းနေကြလျှင် ရပ်ရွာ လူကြီးများကပါ အလိုတူ အလိုပါရာ ရောက်သည် (ဝါ) မဟုတ်မတရား ချမ်းသာမှုကို လက်ခံ အသိအမှတ်ပြုရာ ရောက်သည်ဟူ၍ မဟာပညာကျော် အမတ်ကြီးက ဆုံးဖြတ်ထားသည်မှာ ကျွန်တော်တို့ခေတ် အပါအဝင် ခေတ် ဟူသမျှကို လွှမ်း၍ စွပ်စွဲလိုက်သော စကားများ ဖြစ်နေသည်ဟု ကျွန်တော် အောက်မေ့လိုက်ပါသတည်း' လို့ ဆရာဦးအောင်သင်းက ကောက်ချက် ဆွဲခဲ့ပါတယ်။ (အောင်သင်း။ သမိုင်း၏ စွပ်စွဲချက်၊ အတွေးအမြင် စာစဉ် ၁၀၀၊ ဧပြီ-မေ ၁၉၉၄)

## အိမ်ဦးခန်းနေရာ မရနိုင်ပါ

အဲသလို လူတွေကို ခေတ်ပျက်သူဌေးလို့ ခေါ်ပါတယ်။ စာဖတ်သူတို့ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာလည်း အဲသလို လူတွေ တွေ့ရတတ်ပါတယ်။ တစ်နည်းနည်းနဲ့ ပွပေါက်



[illegible]ပြီး မဆန့်ရင်ကန် ကြွယ်ဝလာသူကို ရပ်ရွာက သတိမထားမိဘဲ မနေပါဘူး။ [illegible]ဟလူမျိုးများကတော့ သူ့ကုသိုလ်နဲ့သူ ဖြစ်လာတာလို့ပဲ သဘော ထားပြီး သူဌေးကြီး သူဌေးလေးအဖြစ် အသိအမှတ် ပြုလိုက်ကြတာပါပဲ။ သို့ပေမယ့် အလျှုမင်္ဂလာတို့ [illegible]တို့မှာ အဲသလို လူမျိုးတွေကို အိမ်ဦးခန်းမှာ နေရာပေးဖို့ အရိုအသေပေးဖို့တော့ [illegible] လက်မခံလို ကြပါဘူး။ ထိုသူမျိုးဟာ ငွေပေါတာကိုပဲ ဂုဏ်ယူနိုင်မယ်။ လူ့သိက္ခာ [illegible]ကိုတော့ မရယူနိုင်ဘူးဗျ။

## ယုံကြည်မှုအတွက် အာမခံချက်

[illegible]မ်းစဉ်ပါတီခေတ်က ပြည်သူ့ကိုယ်စားလှယ်များ ဥစ္စာပစ္စည်း ပိုင်ဆိုင်မှုစာရင်း [illegible]င်ပြရတာရယ်၊ ဝင်ငွေ အရင်းအမြစ် ဖော်ပြရတာရယ်ကို လုပ်ထုံးလုပ်နည်း [illegible]တ်မှတ်ခဲ့ခြင်းဟာ အများပြည်သူရဲ့ ယုံကြည်မှုကို ရရှိဖို့ အာမခံချက်ပေးတာ [illegible]ပါတယ်။ ကျွန်တော့် မိတ်ဆွေများ ထိုမှတ်တမ်းမှတ်ရာများကို ရှာတွေ့ပါစေလို့ [illegible]ပြုလိုက်ပါတယ်။

**ပြည်သူ့ခေတ်ဂျာနယ်**

*၂၈၊ စက်တင်ဘာ၊ ၂၀၁၁။*

*အတွဲ ၂၊ အမှတ် ၆၃။*

○

# ဒီမိုကရေစီ ပေတံငါးချောင်း

စတုတ္ထမဏ္ဍိုင်လို့ အမွန်းတင် ပြောဆိုခြင်းခံရတဲ့ မီဒီယာသမားတွေကို မျက်စိကြီး နားကြီးလို့ လူအများက ထင်မြင်ကြတယ်ဗျ။ သည်တော့ ကျွန်တော်တို့ကလည်း အထင်ကြီးခံရတာနဲ့ ထိုက်တန်အောင် လေ့လာမှုတွေ မပြတ်လုပ်ကြရပါတယ်ဗျာ။ သိပ်ပြီး ဖရီးရိုက်နေလို့ မဖြစ်တော့ဘူးဗျ။

ခုတလော မြစ်ဆုံဆည် တည်ဆောက်ရေး ◌ပ်ငန်းကို နိုင်ငံတော် သမ္မတကြီးရဲ့ ဆုံးဖြတ်ချက်နဲ့ ရပ်ဆိုင်းလိုက်တဲ့ သတင်းထွ◌်◌ာပြီးချိန်မှာ သမ္မတကြီးကို ပြည်သူ အလွှာ အသီးသီးက ဝိုင်းဝန်း ထောက်ခံအားပေးကြတာ ကြားသိနေရတယ်။ အဲဒီလို ထောက်ခံကြသူ အတော်များများက သမ္မတကြီးဟာ ပြည်သူ့ဆန္ဒကို လေးစားပြီး တိုင်းပြည်အတွက် အကောင်းဆုံး ဆောင်ရွက်လိုက်တာပဲလို့ ပြောကြပါတယ်။ ဒါဟာ ဒီမိုကရေစီ ကျင့်စဉ်ပဲလို့ မှတ်ချက်ပေးသူတွေလည်း ရှိပါတယ်။

အဲဒီတော့ ကျွန်တော့်တူ တူမအရွယ် မိတ်ဆွေအချို့က ခုအတိုင်းဆို ဒီမိုကရေစီ နိုင်ငံဖြစ်ပြီလားလို့ မေးခွန်းထုတ်လာကြတယ်ဗျာ။ ၈၈ လူထု လှုပ်ရှားမှုကြီးအတွင်း လှည်းနေ လှည်းအောင်း မြင်းဇောင်း မကျန် ပါဝင်လာကြတဲ့ ပြည်သူတွေ တစ်ခဲနက် တောင်းဆိုခဲ့ကြတဲ့ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွေကို ဆယ်စုနှစ် နှစ်ခုကျော်ကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် အခုအချိန်မှာ စတင် အကောင်အထည် ဖော်နေပြီလို့တော့ ပြောနိုင်ကြောင်း ပြောလိုက်ပါတယ်။

ဒါဆိုရင် ဒီမိုကရေစီ နိုင်ငံဆိုတာ ဘယ်လိုဟာကို ခေါ်တာလဲ၊ အတိုဆုံး မှတ်သားလို့ ရအောင် ဘယ်လိုလေ့လာရမလဲလို့ မေးပါတယ်။

သည်တော့ ဒီမိုကရေစီစနစ်နဲ့ ပတ်သက်ဆက်နွှယ်နေတဲ့ စာအုပ်စာတမ်း စာစောင်တွေကို တတ်နိုင်သမျှဖတ်ရှု လေ့လာပြီး မထုတ်လိုက်ရတဲ့ နိုင်ငံရေး သိပ္ပံ စာအုပ် တစ်အုပ် ရေးခဲ့ဖူးတဲ့ ကျွန်တော်က ဒီမိုကရေစီ နိုင်ငံတစ်ခု ဖြစ်လာဖို့အတွက် မရှိမဖြစ် အခြေခံအင်္ဂါရပ်ကြီး ငါးခုအကြောင်း မှတ်စုတိုလေးကို ဖွင့်ဆို ရှင်းပြလိုက်ပါတယ်။



## ၁။ လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်

ပထမဆုံးအချက်က လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဆိုတဲ့ အင်္ဂါရပ် ဖြစ်ပါတယ်။ လွတ်လပ်အားကောင်းတဲ့ မီဒီယာကသာလျှင် ပြည်သူလူထုကို သတင်းမှန်တွေ ပေးနိုင်မှာ ဖြစ်တယ်။ ပွင့်လင်းမြင်သာမှုကို အာမခံနိုင်မှာဖြစ်တယ်။ အာဏာရှင်စနစ် အကျဆီသို့ နောက်ပြန် လျှောကျသွားမှုကို ကြိုတင်ဟန့်တား ကာကွယ်နိုင်မှာဖြစ်တယ်။

## ၂။ လွတ်လပ်စွာ စုဝေးခွင့်

ဒုတိယ အင်္ဂါရပ်က လွတ်လပ်စွာ စုဝေးခွင့်။ အဲဒီအခွင့်အရေးရှိမှသာ နိုင်ငံသားများဟာ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းတွေကို တွန်းအားပေးနိုင်ဖို့အတွက် လွတ်လပ်တဲ့ အသင်းအပင်း၊ အစည်းအရုံးများအတွင်း စုဝေးစည်းရုံးနိုင်ကြမှာ ဖြစ်တယ်။ အဲဒီ ဝန်းကျင်မျိုးရှိမှသာ ငြိမ်းချမ်းပြီး သစ္စာရှိတဲ့ အတိုက်အခံ အင်အားစုတစ်စုက နိုင်ငံသားတွေကို စစ်မှန်တဲ့ ရွေးချယ်စရာတွေ ပံ့ပိုးပေးနိုင်မှာ ဖြစ်တယ်ဗျ။

## ၃။ လွတ်လပ်တဲ့ ဈေးကွက်စီးပွားရေး

တတိယအင်္ဂါရပ်က တကယ့်ကို အနှစ်သာရ လွတ်လပ်မှုရှိတဲ့ ဈေးကွက် စီးပွားရေးစနစ် တစ်ခု ဖြစ်တယ်ဗျ။ အဲဒီ စနစ်ထွန်းကားမှသာ နိုင်ငံသားတွေရဲ့ တီထွင်ဖန်တီးနိုင်မှု စွမ်းအားတွေ ထွက်ပေါ်လာပြီး အဲဒီကတစ်ဆင့် စည်ပင်ဝပြောမှု၊ အခွင့်အလမ်းနဲ့ စီးပွားရေးအရ နိုင်ငံတော် အစိုးရအပေါ် မှီခိုအားထား နေရမှုတွေ ထွက်ပေါ်လာမှာ ဖြစ်တယ်ဗျာ။

## ၄။ လွတ်လပ်တဲ့ တရားစီရင်ရေး

စတုတ္ထအင်္ဂါရပ်က လွတ်လပ် အမှီအခိုကင်းတဲ့ တရားဥပဒေပြုရေးနဲ့ တရား စီရင်ရေးစနစ် ဖြစ်တယ်ဗျ။ လွတ်လပ်တဲ့ တရားရေးစနစ် အောက်မှာသာ တရားဥပဒေစိုးမိုးမှု ရှင်သန် ထွန်းကားနိုင်မှာ ဖြစ်တယ်ဗျ။

## ၅။ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်

နောက်ဆုံး ပဉ္စမ အင်္ဂါရပ်ကတော့ လွတ်လပ်စွာ ယုံကြည် ကိုးကွယ်ခွင့် ဖြစ်တယ်ဗျ။ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ရှိမှသာ ဘာသာအယူဝါဒချင်း မတူသူတွေအကြား တစ်ဦးအပေါ်တစ်ဦး လေးစားရိုသေမှု ပေါ်ပေါက်လာနိုင်ပြီး အဲဒီလေးစားရိုသေမှုသည်သာ စာနာ ထောက်ထားမှုနဲ့ အရင်းခံ စိတ်ရှည်မှုတို့ ထွန်းကားရာ လူ့အဖွဲ့အစည်းတစ်ခုကို တည်ဆောက်နိုင်တဲ့ တစ်ခုတည်းသော နည်းလမ်းဖြစ်တယ်လို့ ဆိုကြတယ်ဗျ။

## ဒီမိုကရေစီသာလျှင်

အခုအချိန်မှာ ကျွန်တော်တို့ ပြည်သူ လူထုကြီးကလည်း ဒီမိုကရေစီစနစ် သာလျှင် မိမိတို့ လိုလားတဲ့ နိုင်ငံရေးစနစ် ဖြစ်ကြောင်း အခိုင်အမာ ပြောဆိုထားပြီ ဖြစ်သလို နိုင်ငံတော် အစိုးရကလည်း သူတို့ဟာ ပြည်သူတွေ လိုလားတဲ့ ဒီမိုကရေစီစနစ်ကို ဦးဆောင်အကောင်အထည်ဖော်ပေးမယ့် အစိုးရဖြစ်တယ်လို့ ကြေညာထားတာ အားလုံးအသိ ဖြစ်တယ်ဗျ။ အဲဒီတော့ မြန်မာနိုင်ငံမှ ပြည်သူနဲ့ အစိုးရဟာ ရည်မှန်းချက် တစ်ခုတည်းဆီသို့ ဦးတည်လျှောက်လှမ်းနေကြတဲ့ မိတ်ဖက် အင်အားစုကြီး နှစ်ခု ဖြစ်နေကြပြီလို (အနည်းဆုံးတော့ စာရွက်ပေါ်မှာပဲဖြစ်ဖြစ်) ပြောနိုင်နေပြီ ဖြစ်တယ်ဗျာ။

## လက်တွေ့မှတ်ကျောက်

စာရွက်ပေါ်ကနေ တူညီမှု လက်တွေ့နယ်ပယ်ထဲ တကယ် ရောက်လာမလာ ဆိုတာကိုတော့ အထက်မှာ ဖော်ပြခဲ့တဲ့ အခြေခံ အင်္ဂါရပ်ကြီး ၅ ခုနဲ့ပဲ တိုင်းတာလို့ ရမှာ ဖြစ်တယ်ဗျာ။ မီဒီယာလွတ်လပ်ခွင့် ဘယ်လောက် ရှိသလဲ။ ပြည်သူတွေ လွတ်လပ်စွာ စုရုံးခွင့် ရှိသလား။ အဲဒီ ပိုင်ခွင့်ကို ပြည်သူတွေ အသုံးပြုတဲ့အခါ အစိုးရရဲ့ တုံ့ပြန်မှုက ဘယ်လိုရှိသလဲ။ လွတ်လပ်သော ဈေးကွက် စီးပွားရေးစနစ်ကို တကယ်ကျင့်သုံးသလား။ ဒါမှမဟုတ် အဲဒါကို ဟန်ပြကျင့်သုံးပြီး နောက်ကွယ်မှာ ဆွေမျိုး မိတ်သင်္ဂဟ ကောင်းစားရေး ဝါဒက လွှမ်းမိုးကြီးစိုးနေတုန်းပဲလား။ တရားရေး စနစ်အပေါ် ငွေသို့မဟုတ် အာဏာက လွှမ်းမိုး ဖိစီးထားတာမျိုး ရှိသလား။ လူနည်းစု ဘာသာဝင်တွေဟာ လူများစု ဘာသာဝင်တွေနဲ့ အခွင့်အရေး တန်းတူညီမျှမှုရှိရဲ့လား။ အဲဒီ အခွင့်အရေးတွေ လောလောဆယ်များ အပြည့်အဝ မရသေးဘူးဆိုရင်လည်း ရှေ့အလားအလာ ဘယ်လို ရှိသလဲဆိုတာတွေကို မျှော်မှန်းတွက်ချက်ကြည့်နေရမှာ ဖြစ်တယ်ဗျ။

ရာစုနှစ် တစ်ဝက်ကျော် ကာလအတွင်း အကျပ်အတည်းပေါင်းစုံ ကြုံတွေ့ခဲ့နေပေမယ့် ဒီကနေ့အထိ ကြံ့ခိုင်တောင့်တင်းတဲ့ ဒီမိုကရေစီ နိုင်ငံများအဖြစ် ငြိမ်းချမ်းစည်ပင်သာယာဝပြောစွာ ဆက်လက် ရပ်တည်နေကြဆဲဖြစ်တဲ့ နိုင်ငံတွေရဲ့အတွေ့အကြုံတွေကို စစ်ထုတ် အနှစ်ချုပ်မှုကနေ တွေ့ရှိထားတဲ့ အဲဒီဒီမိုကရေစီ ပေတံငါးချောင်းဟာ ကျွန်တော်တို့ နိုင်ငံလိုဒီမိုကရေစီစနစ်ကို ကြိုးပမ်းဖော်ဆောင်နေတဲ့ နိုင်ငံတစ်ခုအတွက် အသုံးတည့်မှာကတော့ အသေအချာပါပဲဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်**

၅၊ အောက်တိုဘာ၊ ၂၀၁၁။

တွဲ ၂၊ အမှတ် ၆၄။

○

# ရက် ၂၀၀ မှ ရက် ၃၀၀ အတွင်း ဖြစ်နိုင်ခြေရှုခင်းများ

အခု အောက်တိုဘာ ၁၆ ရက်ဆိုရင် သမ္မတကြီး ဦးသိန်းစိန် ဦးဆောင်တဲ့ အစိုးရအဖွဲ့ တာဝန်ထမ်းဆောင်ခဲ့တာ ရက်ပေါင်း ၂၀၀ ပြည့်ပြီဗျာ။ ကုန်လွန်ခဲ့တဲ့ ၆ လကျော် ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့တဲ့ ကိစ္စကြီး ကိစ္စငယ်တွေ မနည်းလှဘူးဆိုတာလည်း သတိပြုမိတယ်ဗျ။

## သိသာထင်ရှား ဖြစ်ရပ်များ

သိသာထင်ရှားတဲ့ ဖြစ်ရပ်တွေကတော့ မြန်မာနိုင်ငံရဲ့ အကြီးမားဆုံး ဒီမိုကရက်တစ် နိုင်ငံရေးအဖွဲ့အစည်းကြီးရဲ့ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ အစိုးရခေါင်းဆောင်များ ရင်းရင်းနှီးနှီး တွေ့ဆုံကြတာ၊ ပထမဆုံး ဇူလိုင် ၂၅ စိမ်းလဲ့ကန်သာ ဆွေးနွေးပွဲရဲ့ ပူးတွဲ ကြေညာချက်မှာ 'ပြည်သူလူထု ကိုယ်စိတ်နှစ်ပါး ချမ်းသာစေရေးအတွက် နှစ်ဖက် ပူးပေါင်း ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ဆွေးနွေးခဲ့ကြသည်' လို့ ဖော်ပြခဲ့တာ၊ ယခုထိ သုံးကြိမ်တိုင် ဆက်လက် ဆွေးနွေးကြတာ၊ ဤကာလ အတွင်း သမ္မတကြီး ဦးသိန်းစိန်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ နေပြည်တော် က သမ္မတ အိမ်တော်မှာ အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းပုံ နောက်ခံထားလျက် ရိုက်ကူးထားတဲ့ သမိုင်းဝင်ဓာတ်ပုံ ထွက်ပေါ်လာတာ၊ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခရီးစဉ်တွေ၊ တွေ့ဆုံမေးမြန်းမှုတွေ၊ နိုင်ငံခြား ဧည့်သည်တွေနဲ့ တွေ့ဆုံမှုတွေကို ပြည်တွင်း ပုဂ္ဂလိက သတင်းမီဒီယာတွေမှာ အသားပေးထည့်သွင်း ဖော်ပြခွင့်ရှိခဲ့တာ စတာတွေဖြစ်ပါတယ်။

## မြစ်ဆုံနှင့် အပေါင်းလက္ခဏာ

နောက်အရေးကြီးတဲ့ ဖြစ်ပေါ်မှုတစ်ခုကတော့ မြစ်ဆုံဆည် စီမံကိန်းကို ပြည်သူ အလွှာ အသီးသီးက စိုးရိမ်တကြီး ပြင်းပြင်းထန်ထန် ကန့်ကွက်မှုတွေ ပေါ်ပေါက်လာတဲ့ နောက်ပိုင်း သမ္မတကြီးက ပြတ်သားတဲ့ ဆုံးဖြတ်ချက်ချပြီး ရပ်ဆိုင်း လိုက်ခြင်းပဲ ဖြစ်တယ်ဗျာ။ အဲဒီအတွက် သမ္မတကြီးကို ပြည်သူ့အလွှာအသီးသီးကပဲ သောင်းသောင်း ဖြဖြ ဂုဏ်ပြုခဲ့ကြပါတယ်။ သမ္မတကြီးနောက်က ပြည်သူတွေရှိတယ်ဆိုတဲ့ ထောက်ခံ မှုမျိုးကို ထုတ်ဖော်ခဲ့ကြတဲ့ အထိပဲဗျ။

အစိုးရသစ်ရဲ့ရက်ပေါင်း ၂၀၀ ကာလအတွင်း အထက်ဖော်ပြပါ ဖြစ်ပေါ်မှုတွေဟာ တိုင်းပြည်အတွက် အပေါင်းလက္ခဏာတွေပဲ ဖြစ်တယ်ဗျ။

## ဒေါ်အောင်ဆန်းစုကြည် အခန်းကဏ္ဍ

ဒေါ်အောင်ဆန်းစုကြည်ဟာ ၁၉၉၀ ရွေးကောက်ပွဲမှာ အများစုအနိုင်ရခဲ့တဲ့ ဒီမိုကရက်တစ် နိုင်ငံရေး အင်အားကြီးတစ်ခုရဲ့ ခေါင်းဆောင်ဖြစ်တယ်။ ပြည်သူလူထုအများရဲ့ လေးစား အားပေးမှုကို ခံယူရရှိထားသူ ဖြစ်တယ်။ နိုင်ငံတကာ အဆင့်အတန်းအားဖြင့်လည်း ငြိမ်းချမ်းရေး နိုဘယ်လ်ဆုရှင်တစ်ဦးဖြစ်ပြီး ကမ္ဘာ့နိုင်ငံခေါင်းဆောင်များရဲ့ အသိ အမှတ်ပြု ထောက်ခံမှုကို ရရှိခဲ့သူဖြစ်တယ်။ သူ့လို နိုင်ငံရေးခေါင်းဆောင် တစ်ယောက်နဲ့ လက်ရှိ အစိုးရအဖွဲ့ ခေါင်းဆောင်၊ နိုင်ငံရဲ့ အကြီးအကဲဖြစ်သူတို့ ခင်မင်ရင်းနှီးစွာ တွေ့ဆုံဆွေးနွေးမှု ဖြစ်ပေါ်ခဲ့ခြင်း၊ တိုင်းပြည်အကျိုးရှိမယ့်ကိစ္စရပ်တွေမှာ အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်သွားမယ်လို့ဒေါ်အောင်ဆန်း စုကြည်က ထုတ်ပြန်ကြေညာခြင်းတို့ဟာ အမျိုးသား စည်းလုံးညီညွတ်ရေး ကြိုးပမ်းမှုရဲ့ လမ်းစပဲလို့ မျှော်လင့်နိုင်ပါတယ်။

ပြည်နယ်အချို့မှာ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များနဲ့ ဖြစ်ပွားနေတဲ့ စိတ် မချမ်းမြေ့ဖွယ် အငြင်းပွားမှုတွေကို ပြည်ထောင်စု မိသားစုဝင် ညီအစ်ကိုမောင်နှမချင်း ဖြေရှင်းနည်းနဲ့ ဖြေရှင်းသွားကြရပါဦးမယ်။ တိုင်းရင်းသား ညီအစ်ကိုများနဲ့ ငြိမ်းချမ်းရေး ကြိုးပမ်းဆောင်ရွက်ရာမှာ ဒေါ်အောင်ဆန်းစုကြည်က ပါဝင်ကူညီလိုပါတယ်လို့ သမ္မတကြီးကို တင်ပြထားတာလည်း ရှိပါတယ်။

## တိုင်းရင်းသားများရဲ့ယုံကြည်မှု

အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအပေါ် သူတို့ခေတ် တိုင်းရင်းသား ခေါင်းဆောင်တွေက ယုံကြည်ကိုးစားမှုရှိခဲ့သလို ယနေ့ခေတ် တိုင်းရင်းသား ခေါင်းဆောင် တွေကလည်း ဒေါ်အောင်ဆန်းစုကြည်အပေါ် ယုံကြည်ကိုးစားကြောင်းကို ထုတ်ပြန် ကြေညာထားကြပါတယ်။ အချို့သော သပ်လျှိုလိုသူများကတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ သမ္မတကြီး ဦးသိန်းစိန် အစိုးရတို့ ဆွေးနွေး နေကြတာဟာ ဗမာချင်းချင်း ပြဿနာကို



...ပြီး ဖြေရှင်းနေကြတာပဲ ဖြစ်တယ်၊ တိုင်းရင်းသားတွေကိုတော့ စစ်တိုက်နေတယ် ...ဖြင့် အထင်အမြင် လွဲမှားစရာများကို ပြောဆို ရေးသား လာကြတာ တွေ့ရတယ်ဗျာ ...ပြဿနာကို အကောင်းဆုံး ဖြေရှင်းနည်းကတော့ တိုင်းရင်းသားများနဲ့ပါ နိုင်ငံရေး ... သဘောတူညီချက်များ ရသည်အထိ တွေ့ဆုံဆွေးနွေးကြဖို့ပဲ ဖြစ်ပေလိမ့်မယ်ဗျာ။

## ...ငြိမ်းခွင့် ကြေညာမည့်သတင်း

...ကပိုင်းအတွင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းက ယုံကြည်ချက်ကြောင့် ...ကျနေသူများကို လွှတ်ပေးတော့မယ်လို့ ထုတ်ဖော် ပြောဆိုခဲ့တဲ့ သတင်း ...လည်း အစိုးရသစ် သက်တမ်း ၆ လတာအတွင်း လူသာစုခေါ် နတ်သာစု ခေါ်စရာ ... ဤဆောင်းပါး ပုံနှိပ်ဖော်ပြတဲ့ အချိန်မှာတောင် လွတ်ငြိမ်းခွင့်တွေ ရကောင်းရပြီး ...နိုင်ပါတယ်။

## ...နိုင်ငံရေး ဖြစ်နိုင်ခြေများ

... အရှိန်အဟုန်အတိုင်း ဆက်သွားနေရင်ဖြင့် မြန်မာနိုင်ငံရဲ့ နိုင်ငံရေး ဖြစ်နိုင်ခြေများ (Political scenarios) ဟာ အလွန် အလားအလာကောင်းနေပြီ လို့ ပြောနိုင်တော့မှာ ...တယ်ဗျ။ နောက်ထပ် ရက်ပေါင်း ၁၀၀ အတွင်းမှာ အောက်ပါ ဖြစ်နိုင်ခြေ ရှုခင်းများကို ...မှန်းနိုင်ပါလိမ့်မယ်။

၁။ အစိုးရနဲ့ ဒေါ်အောင်ဆန်းစုကြည် ဆွေးနွေးမှုများမှ တိုင်းပြည်အတွက် အကျိုး ...ထွန်းစေမည့် လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန် သဘော တူညီချက်များကို ...ကြေညာနိုင်ဖွယ် ရှိပါတယ်။

၂။ ယခု မှတ်ပုံမတင်ရသေးတဲ့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ဟာ နှစ်ဖက် ...ပ်လက်ခံတဲ့ သဘော တူညီချက်များဖြင့် တရားဝင် နိုင်ငံရေးပါတီအဖြစ်သို့ ...ကလာပါမယ်။ ကြားဖြတ် ရွေးကောက်ပွဲများမှာ အဖွဲ့ချုပ် ကိုယ်စားလှယ်လောင်းများ ...င် အရွေးခံကြဖွယ် ရှိပါတယ်။

၃။ ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ချုပ် ခေါင်းဆောင်အချို့ဟာ အာဏာနှင့် ...က်ဆိုင်သော တိုင်းပြည်အကျိုးပြု လုပ်ပိုင်ခွင့်ရှိသည့် အပ်နှင်းတာဝန်များကို ...ခံပြီး အစိုးရနှင့် ပူးပေါင်း ဆောင်ရွက်လာကြဖွယ် ရှိပါတယ်။

၄။ တိုင်းရင်းသား လက်နက်ကိုင်များနှင့် ပဋိပက္ခများ ရပ်ဆိုင်းလျက် နိုင်ငံရေးအရ ...ရှင်းနိုင်သည့် သဘောတူညီချက်များ ရရှိနိုင်ပါတယ်။

၅။ လွတ်ငြိမ်းခွင့်ရ ယုံကြည်ချက်အကျဉ်းသားဟောင်းများမှ ၈၈ မျိုးဆက်များ၏ ...ငံရေးတွင် ပါဝင်ဆောင်ရွက်မှု စာမျက်နှာသစ်များကို တွေ့မြင်လာရနိုင်ပါတယ်။

၆။ အမေရိကန် ပြည်ထောင်စုနှင့် ဥရောပနိုင်ငံများမှ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့ အရေးယူထားမှုအချို့ ပြန်လည်ရုပ်သိမ်းမည့် ခြေလှမ်းများ သိသာထင်ရှားစွာ ပေါ်ပေါက်လာနိုင်ပါတယ်။

၇။ ပြည်ပဖိအား တစ်စုံတစ်ရာကို အကြောင်းပြု၍ ပြည်ထောင်စု တိုင်းရင်းသားများ ပိုမို၍ ကျစ်လျစ်ခိုင်မာသော စည်းလုံးညီညွတ်မှုကို တည်ဆောက် နိုင်ကြဖွယ် ရှိပါတယ်။ သမိုင်းမှာ မကြုံဖူးသော အမျိုးသား ညီညွတ်မှု စံချိန်တစ်ခု တင်နိုင်ပါလိမ့်မယ်။

## အချက်အလက်ကို အခြေခံပါတယ်

အထက်ပါ ဖြစ်နိုင်ခြေ ရှုခင်းများဟာ ကျွန်တော်ရဲ့ အတွေ့နောမတိ လိုရာဆွဲ တွေးခေါ်မှု ထင်ယောင်ထင်မှား ဖြစ်မှုဖြင့် တင်ပြခြင်းမဟုတ်ပါ။ ထင်သာမြင်သာ အချက်အလက်များကို အခြေခံပြီး ဆင်ခြင် တွက်ဆထားခြင်းသာ ဖြစ်ပါတယ်။ နိုင်ငံရပ်ခြားများမှာတော့ နိုင်ငံရေး ဆောင်းပါးရှင်ကြီးများဟာ ယခုလို နိုင်ငံရေး အကဲဖြတ် တွက်ဆချက်တွေကို အခါအားလျော်စွာ ထုတ်ပြန်လေ့ရှိပါတယ်။ မှန်တာလည်းရှိ လွဲတာလည်း ရှိပေ့ါဗျာ။ ကျွန်တော်လည်း သမ္မတကြီး ဦးသိန်းစိန် အစိုးရ ရက်ပေါင်း ၁၀၀ ပြည့်ချိန်က တစ်ကြိမ် နိုင်ငံရေး သုံးသပ်ချက်အချို့ကို ရေးသားခဲ့ပြီး ယခုရက်ပေါင်း ၂၀၀ ပြည့်ချိန်မှာ ထပ်မံ လေ့လာဆန်းစစ်မိသမျှကို စမ်းသပ်တင်ပြလိုက်ခြင်း ဖြစ်ကြောင်းပါ။

**ပြည်သူ့ခေတ်ဂျာနယ်**
*၁၁၊ အောက်တိုဘာ၊ ၂၀၁၁*
*အတွဲ ၂၊ အမှတ် ၆၅*

○

## အမိုင်းဖြစ်ရပ်အမှန် လေ့လာကြပါစေ

အခုတလော မြန်မာ့နိုင်ငံရေးသမိုင်းနဲ့ သက်ဆိုင်တဲ့ စာအုပ်စာတမ်း အတော်များများ ပြန်လည် ပေါ်ထွက်လာနေတာကို မြင်တွေ့ရတယ်ဗျ။ အမျိုးသားခေါင်းဆောင်ကြီး ဦးချုပ်အောင်ဆန်း အကြောင်း ရှုထောင့်မျိုးစုံက ရေးသားခဲ့ကြတဲ့ စာပေများကိုလည်း ပြန်လည်ဖော်ထုတ် ဖြန့်ချိလာကြတာ အင်မတန်အားရဖွယ် ကောင်းတယ်ဗျာ။

အားရဖွယ်လို့ သုံးနှုန်းလိုက်ရတာက ပြီးခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော် ကာလအတွင်း အရွယ်ရောက် ကြီးပြင်းလာခဲ့ကြတဲ့ လူငယ်တွေအဖို့ ခါးဆက်ပြတ် ကွင်းဆက်ပြတ်သွားခဲ့ကြရတဲ့ သမိုင်းဆိုင်ရာ အသိပညာ ဗဟုသုတများကို အဲဒီ သမိုင်းစာအုပ်များမှ တစ်ဆင့် လွယ်လွယ်ကူကူ ဖတ်ရှု လေ့လာမှတ်သားခွင့် ရနိုင်ကြတော့မယ့်အရေးကိုတွေးပြီး စိတ်ချမ်းမြေ့နေမိတာကြောင့် ဖြစ်တယ်ဗျ။

## အမိုင်း ဖြစ်ရပ်အမှန် ပြုစုရေး

အခုလို သမိုင်းစာအုပ်တွေ အတော်များများ ပြန်လည် ထွက်ပေါ်လာချိန်မှာ ကျွန်တော့်ကိုယ်ထဲ အမြန်ဆုံး ပြန်လည်ထုတ်ဝေပြီး လူငယ်တွေ ကျယ်ကျယ်ပြန့်ပြန့် ဖတ်ရှုလေ့လာစေချင်တဲ့ စာအုပ် အတွဲတစ်တွဲအကြောင်း ပြောချင်တယ်ဗျာ။ အဲဒီစာအုပ်တွေကတော့ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရက ဖွဲ့စည်းပေးခဲ့တဲ့ သမိုင်းဖြစ်ရပ်အမှန်များ ရေးသားပြုစုရေးအဖွဲ့က တည်းဖြတ်တဲ့ စာအုပ်များ ဖြစ်ပါတယ်။ အဲဒီအဖွဲ့ဟာ အများလေးစားလောက်တဲ့ ပညာရှင်များနဲ့ ဖွဲ့စည်းခဲ့တဲ့ ကော်မရှင်တစ်ခု ဖြစ်တယ် ဆိုတာ လေ့လာမှတ်သားထားသူတိုင်း အသိဖြစ်တယ်ဗျ။ အဖွဲ့မှာပါဝင်တဲ့ ပညာရှင်ကြီးများကတော့ ဦးတင်အုန်း၊ ဦးထင်ဖတ်၊ ဦးထင်ကြီး၊ ဦးသန်းထွတ် (တိုက်စိုး)၊ ဦးမောင်မောင်တင်

(ဦးမောင်မောင်တင်၊ မဟာဝိဇ္ဇာ)၊ ဒေါက်တာအုန်းခိုင်၊ ဦးလှရှိန်၊ ဒေါ်ခင်စု၊ ဒေါ်တင့်စိန်၊ ဦးထွန်းအောင်ချိန်၊ ဒေါက်တာ ခင်မောင်ညွန့်တို့ ဖြစ်ပါတယ်။ စာမူများကို သမိုင်းဌာန သုတေသနက တာဝန်ယူ ရေးသားပြုစုပြီး ဖော်ပြပါအဖွဲ့ဝင် ပညာရှင်ကြီးများက စိစစ် တည်းဖြတ် ပေးခဲ့တာပါ။

## ထွက်လာမှ အကဲဖြတ်ပါ

၁၉၉၀ ပြည့်နှစ် ဧပြီလထဲမှာ အဲဒီအဖွဲ့ဝင် ပညာရှင်ကြီးတွေထဲက ကျွန်တော်နဲ့ အင်မတန်မှ ခင်မင်ရင်းနှီးတဲ့ ဆရာအချို့နဲ့ အလှူတစ်ခုမှာ ဆုံမိပါတယ်။ ကျွန်တော်က အာဏာသိမ်းပြီး တက်လာတဲ့ စစ်အစိုးရ တစ်ရပ်က ဖွဲ့စည်းပေးထားတဲ့အဖွဲ့ ဖြစ်တာကြောင့် ပြည်သူတွေက အပြည့်အဝ ယုံကြည်စိတ်ချမှုမရှိနိုင် ဖြစ်နေကြပုံကို ပြောပြပြီး ဆရာတို့တော့ သမိုင်းတရားခံတွေ ဖြစ်ကုန်ဦးမယ်နော်လို့ ရယ်သလို မောသလို ပြောမိတော့ ဆရာများက သူတို့ ကော်မရှင်ဟာ စစ်အစိုးရက ဖွဲ့စည်းပေး ထားတာ ဖြစ်ပေမယ့်ပါဝင်တဲ့ အဖွဲ့ဝင်တွေဟာ မိမိတို့ရဲ့ ပညာရှင်ဆိုတဲ့ ဂုဏ်သိက္ခာကို ထိပါးမခံဘဲ တည်ကြည်ဖြောင့်မတ်စွာ ဆောင်ရွက်ကြမှာ ဖြစ်ကြောင်း။ ပြုစုတဲ့စာအုပ်တွေ ထွက်လာမှ သူတို့ ပြောသလို ဟုတ်မဟုတ် အကဲဖြတ်ပါလို့ စိတ်ရှည်ရှည်နဲ့ လူကြီး ပီပီသသ ရှင်းပြခဲ့တယ်ဗျ။

အဲဒီမြန်မာသမိုင်းဖြစ်ရပ် အမှန်များ ရေးသားပြုစုရေးအဖွဲ့က ပြုစုတဲ့ စာအုပ်တွေ ထွက်လာတော့ ဆရာတို့ပြောတဲ့စကား ရာနှုန်းပြည့်နီးပါး မှန်တယ်ဆိုတာကို တွေ့ရှိကြ ရတယ်ဗျာ။ ဒီမှာတင် ပညာတတ် ပညာရှင် ဆိုတာရယ်၊ ပညာတတ်တို့ရဲ့ ရိုးသား ဖြောင့်မတ်မှု (Intellectual Honesty) ဆိုတဲ့ ဆိုရိုးစကားရဲ့ အဓိပ္ပာယ်ကို ကျွန်တော် ပြည့်ပြည့်ဝဝ သဘောပေါက်သွားခဲ့တယ်ဗျ။ တကယ့် ပညာတတ် ပညာရှင်တွေဆိုတာ ဗောင်းတော်ညိတ် စိတ်တော်သိ၊ မင်းလိုလိုက် မင်းကြိုက်တင်ရမှာကို အလွန် စက်ဆုပ် ကြပါတယ်။ ပညာရှင်ဂုဏ်သိက္ခာ ပျက်ယွင်းစေမယ့် အပြုအမူ အပြောအဆို အရေး အသားတို့ကို ဘယ်သောအခါမှ မပြုကြ ပါဘူး။

## မြန်မာ့နိုင်ငံရေး လေးစောင်တွဲ

ကျွန်တော် ယခု ရည်ညွှန်းပြောဆိုနေတဲ့ စာအုပ်တွေကတော့ 'မြန်မာ့ နိုင်ငံရေး (၁၉၅၈-၆၂)' လေးစောင်တွဲကို ဆိုလိုတာပါ။ သည်စာအုပ်တွေ အကြောင်းကို ကျွန်တော့် ဆောင်းပါးအချို့မှာ မကြာခဏ အညွှန်းပြုခဲ့ ဖူးလေတော့ စာဖတ်ပရိသတ် တချို့က ဖတ်ချင်လွန်းလို့ လိုက်ရှာကြတယ်။ ဒါပေမဲ့ ရန်ကုန် ပန်းဆိုးတန်း ရှားပါးစာအုပ် ဈေးကွက်မှာတောင် ရှာလို့ မရတော့ဘူးလို့ ကျွန်တော့်ဆီ စာရေးသူတွေ ဖုန်းဆက်သူတွေ



...ယ်ဗျာ။ ကျွန်တော်လည်း ဘာမှမတတ်နိုင်တော့ဘူး။ ကျွန်တော့်ဆီရှိတဲ့ လေးစောင်တွဲ ...ကို ငှားလည်း မငှားနိုင်တော့ မြင်ဖူးတယ်ရှိရုံ လာကြည့်ချင် ကြည့်ပါလို့ ဖိတ်ခေါ် ...ရတယ်ဗျ။ လူငယ်သတင်းထောက် အချို့ကတော့ အိမ်ကိုလာပြီး ဓာတ်ပုံရိုက်ယူ ...ကြပါတယ်။ (***မှတ်ချက်။*** *၁၉၉၁ ခုနှစ် အတွင်း အင်းစိန်ထောင် ၃ တိုက်က ...တော့် ဘေးအခန်းမှာ ရှိနေတဲ့ ဆရာမောင်စူးစမ်းကို သက်ဆိုင်ရာက အဲဒီ စာအုပ် ...အုပ် ပေးဖတ်တယ်။ ဆရာ မောင်စူးစမ်းကို သမိုင်းပြုစုရေးအဖွဲ့က ၁၉၆၂ ...နောက်ပိုင်း ဆိုရှယ်လစ် စီးပွားရေး တည်ဆောက်မှု ကာလ အတွေ့အကြုံများနဲ့ ...သက်လို့ မကြာခဏ လာတွေ့မေးမြန်းနေချိန် ဖြစ်ပါတယ်။ အဲဒီတုန်းက ...မောင်စူးစမ်းဟာ စီးပွားရေးပညာရှင်တစ်ယောက် အနေနဲ့ ထဲထဲဝင်ဝင် တာဝန် ...ဆောင်ခဲ့ဖူးလေတော့ အဲဒီကာလများရဲ့ ဖြစ်ရပ်အမှန်များနဲ့ ပတ်သက်လို့ ...မြင်ကို လာမေးကြတာပါ။ သုတေသန မေးခွန်းတွေကို ဖြေဆိုရာမှာ နမူနာအဖြစ် ...လာဖို့ စာပြုအဖွဲ့က ၁၉၆၂ ရှေ့ပိုင်း အဖြစ်အပျက်တွေပါရှိတဲ့ စာအုပ်တွေကို ...လာဖို့ ပေးသွားပါတယ်။ ညပိုင်းတွေမှာ ဆရာမောင်စူးစမ်းက စာတော်ဖတ် ...ဝန်ယူပြီး အဲဒီစာအုပ်တွေထဲက ကောင်းနိုးရာရာတွေကို အသံထွက် ဖတ်ပြပါတယ်။ ...တော်ခွင့်မပြောနဲ့* စာရွက်တစ်ရွက်တောင် ကိုင်ခွင့်မရှိတဲ့ ကျွန်တော်တို့မှာ ...တော်ဖတ်ကြီး ဖတ်ပြတာကို ကြားနာပြီး လွတ်လပ်ရေး ရပြီးချိန် ကနေ ၁၉၆၂ ...ဝိုလ်ချုပ်ကြီးနေဝင်း အာဏာသိမ်းချိန်အထိ သမိုင်းဖြစ်ရပ်တွေထဲမှာ နစ်မျော ...ရပါတယ်။ အဲဒီတုန်းက ဆရာ မောင်စူးစမ်း အခန်းရဲ့ ဘယ်ဘက်နှစ်ခန်းကျော် ...ပိတ်ခန်းမှာ နေရတဲ့ ဟံသာဝတီဦးဝင်းတင်ဟာ ညပိုင်း စာဖတ်ချိန် ဖတ်ပြတာကို ...ဆီက မကြားရတာကြောင့် နေ့လယ်ပိုင်း ရေချိုးချတဲ့ အချိန်လေးအတွင်း ဆရာ ...င်စူးစမ်း အခန်းရှေ့ အပြေးအလွှားလာပြီး ကမန်းကတန်း ရသလောက် ဖတ်ရှု ...တာကို မြင်ရပါတယ်။ အဲသလို ကျွန်တော်တို့ တိုးတိုးကြိတ်ကြိတ် ဖတ်ခဲ့ရတဲ့ ...အုပ်လေးစောင်တွဲကို ကျွန်တော် အိမ်ပြန်ရောက်ချိန်မှာ ဆရာခင်မောင်ညို ...ဂဇေဒက မှတ်မှတ်ရရ လက်ဆောင်ပေးခဲ့တာပါ။ ကျေးဇူးမမေ့ပါ ဆရာဘောညို)*

အဲဒီ စာအုပ်လေးအုပ်ကို အစိုးရက ပြန်လည် ထုတ်ဝေဖို့ တိုက်တွန်း လိုပါတယ်။ ...နိုင်ငံရေးမှာ အလွန်အရေးကြီးတဲ့ ကာလအပိုင်းအခြား တစ်ခုအတွင်း သမိုင်း ...ရပ်မှန်တွေကို ဖော်ပြထားတဲ့ အဲဒီစာအုပ် လေးစောင်တွဲကို နိုင်ငံရေးသမားတွေ၊ ...တော်အမတ်တွေရော၊ နိုင်ငံရေးစိတ်ဝင်စားတဲ့ ပြည်သူများရော၊ တပ်မတော်သား ...ရော ဖတ်မှတ် လေ့လာသင့်တယ်။ ဖတ်ဖြစ်စေချင်တယ်ဗျာ။ ဈေးနှုန်း ချိုချို ...သာနဲ့ ဖတ်နိုင်ကြရလေအောင် အစိုးရက ပြန်လည် ထုတ်ဝေပေးရင် အကောင်းဆုံး ...မယ်ဗျ။

## စာမြည်းလေး တချို့ပေးရရင်

စာမြည်းလေး တချို့ပေးရရင် ဒုတိယ ကမ္ဘာစစ်ကာလမှ ၁၉၄၇ ခုနှစ်အထိ မြန်မာ့နိုင်ငံရေး အခြေအနေကို စာမျက်နှာ ၇၃ မျက်နှာအတွင်း တီးမိ ခေါက်မိအောင် ရေးသား တင်ပြထားတယ်။ ပြီးတော့မှ ပြည်တွင်း ဆူပူ သောင်းကျန်းမှုများ အကြောင်း။ ပြီးတော့ ဖဆပလအစိုးရ ပြဿနာ၊ ဖဆပလနှစ်ခြမ်းကွဲပုံ၊ ၁၉၅၈ အိမ်စောင့်အစိုးရ ပေါ်လာပုံ၊ ၁၉၆၀ ရွေးကောက်ပွဲ ကျင်းပပေးပုံ၊ ကတိအတိုင်း အာဏာလွှဲပေးပုံ၊ ဖက်ဒရယ်မူ ကိစ္စ ညီလာခံကျင်းပပုံ (ရှမ်းလူထုခေါင်းဆောင် တောင်ကြီး ဦးထွန်းမြင့်ရဲ့ အသံလွှင့်မိန့်ခွန်း အတော်များများကို လေ့လာနိုင်မယ်။ ဒီနေ့ခေတ် အမြင်နဲ့ ပြန်လည် သုံးသပ်နိုင်တာတွေ တွေ့ရပါမယ်) နောက်ဆုံးတော့ ဗိုလ်ချုပ်ကြီးနေဝင်း အာဏာသိမ်းခန်း။

နိုင်ငံရေး ခေါင်းဆောင်တွေက ထိုစဉ်က ဖြစ်ရပ်တွေကို ပြန်လည် သုံးသပ်ကြတာတွေကို စေ့စေ့စပ်စပ် ဖတ်မယ်ဆိုရင် စေ့စေ့တွေး ရေးရေး ပေါ်စရာတွေ အများကြီး တွေ့ရလိမ့်မယ်ဗျ။

တိုင်းပြည် အခြေအနေ ယိုယွင်းနေလို့ ပြည်ထောင်စုကြီး ပြိုကွဲတော့မှာမို့ သမိုင်းပေး တာဝန်အရ တပ်မတော်က အာဏာ သိမ်းခဲ့ရတာပါ လို့ သက်သေထူပြတာကို တွေ့ရပါလိမ့်မယ်။ ဒါကြောင့် ကျွန်တော်ကတော့ ၁၉၆၂ ခုနှစ် နိုင်ငံတော် အာဏာသိမ်းခြင်း အကြောင်းရေးရင် ဗိုလ်ချုပ်ကြီး နေဝင်းက အာဏာသိမ်းတယ်လို့ပဲ ရေးလေ့ ရှိပါတယ်။ အခု ကျွန်တော် ပြောနေတဲ့ လေးစောင်တွဲကို ဖတ်ရင်ပိုပြီး သဲကွဲလာပါလိမ့်မယ်။

ဘယ်ကိစ္စမဆို အကြောင်းတွေကြောင့် အကျိုးတွေ ဖြစ်ရတာပါ။ သမိုင်းဖြစ်ရပ်အရန် မှတ်တမ်းများမှတစ်ဆင့် ဒီနေ့ ကျွန်တော်တို့ ကြုံတွေ့နေရတဲ့ အကျိုးဆက်တွေရဲ့ အကြောင်းရင်းခံတွေကို လေ့လာ တွေ့ရှိ နိုင်ကြပါစေ။

**ပြည်သူ့ခေတ်ဂျာနယ်**

*အတွဲ ၂၊ အမှတ် ၆၆*

*၁၁၊ အောက်တိုဘာ၊ ၂၀၁၁*

ဝ

## မြစ်ဆုံအရေး သွေးအေးသွားပြီလား

မြစ်ဆုံ အခြေအနေ နောက်ဆုံး သတင်းတွေ သိချင်တယ်။

မြစ်ဆုံဆည် တည်ဆောက်ရေး လုပ်ငန်းတွေကို သမ္မတကြီးရဲ့ ဆုံးဖြတ် ချက်အတိုင်း ရပ်ဆိုင်းလိုက်ပြီလား။

မရပ်ဆိုင်းရသေးဘူးဆိုရင် ဘာကြောင့် မရပ်ဆိုင်းသေးတာလဲ။

သမ္မတကြီး ဆုံးဖြတ်ချက် အာဏာ တည်တယ်ဆိုရင် ဘယ်တော့ ရပ်ဆိုင်းမှာလဲ။

ဟိုးထားပါဦး။ မေးခွန်းတွေက များလိုက်တာ။ ပါလီမန်ခေတ်က လွှတ်တော်မေးခွန်းတွေ ကျနေတာပဲဗျာ။ မေးခွန်းတွေကို ဆင့်ကဲဆင့်ကဲ မေးထားလိုက်တာ။ ဆိုက်တာအေးမောင်တို့ ဦးဗိုဇမ်တို့ရဲ့ ဘော်ဒါတွေလို့တောင် အောက်မေ့မိတယ်။ ဘယ်ကလဲလို့ မေးတော့မှ မွန်ပြည်နယ်ကတဲ့။

## ပရိသတ်ရဲ့ တိုင်ပင်ဖော် တိုင်ပင်ဖက်

နောက်ပိုင်း ကျွန်တော့်ဆီကို ပြည်သူ့ခေတ် ပုံမှန်ပရိသတ်တချို့က တယ်လီဖုန်း ဆက်ဆက်ပြီး မေးကြမြန်းကြတယ်။ ကျွန်တော်ကလည်း စတုတ္ထမဏ္ဍိုင် လောကသား ရှက်စီကြီး နားကြီးဆိုပြီး သတင်းမီဒီယာ သမားတွေရဲ့ အရေးပါမှုကို အတော်ကလေး အမွှမ်းတင်ထားခဲ့တာကိုး။ သည်တော့ မီဒီယာသမားတွေရဲ့ အမြင်ကျယ်မှုနဲ့ စွမ်းဆောင်ရည်ကို အားထားလိုတဲ့ ပရိသတ်က သူတို့သိချင်တာမေးမယ်။ သူတို့ ဘဝင်မကျတာ ပြောဖွင့်မယ်။ သူတို့ ဖြစ်စေချင်တာကို သူတို့ကိုယ်စား ပြောပေးပါလို့ တောင်းဆိုမယ်။

ဒါ သဘာဝကျပါတယ်။ ကျွန်တော်တို့ကလည်း အဲသလို ပရိသတ်ရဲ့ တိုင်ပင်ဖော် တိုင်ပင်ဖက်လို သဘောထားခြင်းခံရတာကို လွန်စွာမှ ပီတိဖြစ်မိပါသဗျ။

## လက်ဖက်ရည်ဆိုင် ထိုင်ပြောသလို

စပ်မိလို့ပြောချင်ပါသေးတယ်။ ကျွန်တော့်မိတ်ဆွေ ရင်းချာကုန်သည်ကြီးတစ်ယောက်ဟာ စာအလွန်ဖတ်ပါတယ်။ ထွက်သမျှ ဂျာနယ်အားလုံးနီးပါးကို ဖတ်တယ်လို့ သူကိုယ်တိုင်က ပြောပါ တယ်။ သူကဘယ်လို ပြောသလဲဆိုရင်-

'ဂျာနယ် အတော်များများကို ကျွန်တော် ဖတ်တယ်၊ ကြိုက်လည်း ကြိုက်ပါတယ်၊ ဂျာနယ်ဆရာတွေ အများ ကြီး ကြိုးစားထားကြတာ တွေ့ရလို့အားလည်း အားပေးပါတယ်၊ အဲဒီထဲမှာ ခင်ဗျားတို့ ပြည်သူ့ခေတ် ဂျာနယ်ကိုတော့ ကျုပ်က ရဲဘော်ရဲဘက်လို့ စိတ်ထဲခံစား ရတယ်ဗျ။ ဒီလို ဘာကြောင့် ပြောရသလဲဆိုတော့ တချို့ဂျာနယ်က ဖတ်ရတာ ပညာတော့ ရပါရဲ့၊ ဗဟုသုတတော့ ရပါရဲ့၊ ဒါပေမဲ့ ဉာဏ်ထိုင်းတဲ့ တပည့် တစ်ယောက်ကို လက်ချာရိုက်နေသလို ကျုပ်ကိုပြောနေသလား ခံစားရလို့ပါ တစ်ခါတလေ အောင့်သီးအောင့်သက်တောင် ဖြစ်မိတယ်၊ ပြည်သူ့ခေတ် ကျတော့ ကိုယ့် အပေါင်းအသင်း ရဲဘော် တစ်ယောက်က ကျုပ်နဲ့ လက်ဖက်ရည်ဆိုင် အတူထိုင်ပြီး သူကြားလာတာကို ပြန်ပြောပြ နေသလို၊ သူ့ထင်မြင်ချက်ကို လေအေးလေးနဲ့ ရှင်းပြနေသလို ကျုပ် စိတ်ထဲ ထင်မိတယ်၊ ဒါကြောင့် ခင်ဗျား တို့ကို ချစ်တာ' တဲ့ဗျာ။ ကျွန်တော့်မှာ သူပြောတဲ့စကားတွေကို ပြန်ကြားယောင် မိတိုင်းပီတိတွေ ဖြစ်လို့။

## ကျန်ရှိနေသူတွေ လွတ်မြောက်ရေး

မိတ်ဆွေ ကုန်သည်ကြီးလိုပဲ အလားတူ သဘောထား ရှိကြလို့နဲ့ တူပါတယ်။ ပြည်သူ့ခေတ် ပုံမှန်ဖတ်တဲ့ ပရိသတ်တွေဆီက ပေးစာတွေ၊ တယ်လီဖုန်း၊ အီးမေးလ် စတာတွေနဲ့ ဆက်သွယ်မှုတွေ ခုတလော အရှိန်များလာပါတယ်။ အောက်တိုဘာ ၁၂ ရက် နောက်ပိုင်းမှာတော့ သမ္မတရဲ့ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်အမှတ် ၄၉/ ၂၀၁၁ ကိစ္စက ရှေ့တန်းရောက်လာတယ်။ ကျန်ရှိနေသေးတဲ့ ယုံကြည်ချက် အကျဉ်းသားတွေ အားလုံး လွတ်မြောက်ရေးကို ဆန္ဒပြုကြတာပေါ့ခင်ဗျာ။

ကိုဇာဂနာတို့ စုစုနွေးတို့ လွတ်လာပြီး တစ်ပတ်လောက်ကြာတော့ အခု ဆောင်းပါး အစမှာ ဖော်ပြခဲ့တဲ့ မြစ်ဆုံကိစ္စမေးခွန်းတွေ ပြန်တက်လာတာပါပဲ။

## ပွဲကကော ပြီးသေးလို့လား

မေးခွန်း တစ်ခုကဆိုရင် 'ခင်ဗျားတို့ မီဒီယာသမားတွေ ငါးပွက်ရာ ငါးစာချ မလုပ်ကြနဲ့နော် မြစ်ဆုံကိစ္စတုန်းက ဇရာဝတီ ရောဂါသည်တွေလို့တောင် ခင်ဗျားတို့ အပြောခံခဲ့ရတယ်



မဟုတ်လား။ သမ္မတ ဆုံးဖြတ်ချက် ထွက်လာပြီးတော့ ခင်ဗျားတို့ 'ရေကျ' သွားပြီလား။ ခင်ဗျား တို့ဟာရေတက် ငါးစင်ရိုင်းတွေလား။ နောက်ဆက်တွဲ သတင်းတွေ ခင်ဗျားတို့ စာဖတ် ပရိသတ်ကို ဆက်ပြောဖို့ တာဝန်မရှိဘူးလား။ ပွဲပြီးမီးသေ ဖြစ်သွားပြီလား။ ပွဲကကော ပြီးသေးလို့လား' တဲ့ဗျာ။

ဒါနဲ့ပဲ နီးစပ်ရာတွေကို ချဉ်းကပ်ပြီး မြစ်ဆုံကိစ္စ ဘယ်လိုလဲ၊ လုပ်ငန်းတွေ ရပ်ဆိုင်းထားပြီလား ဘာညာပေါ့ဗျာ၊ စုံစမ်းကြည့်တော့ ရေရေရာရာ ဖြေနိုင်သူ မရှိဘူးဗျ။ သည်လိုဆို ကျွန်တော် မြစ်ဆုံကိုသွားမယ်၊ လေ့လာမယ်ကြံပြီး မြစ်ကြီးနားက မိတ်ဆွေတချို့ထံ လှမ်းချိတ်ပါတယ်။ ကျွန်တော့် စိတ်ကူးက ဇာဂနာ ရန်ကုန်လား၊ မောင်ဝံသ မြစ်ကြီးနား သွားမယ်ပေါ့။ မနိုပ်ဘူးလားဗျာ။

မြစ်ကြီးနားက ဘော်ဒါတွေက ပျာပျာသလဲ အကြောင်းပြန်တယ်။ မလာပါနဲ့ မြစ်ဆုံကို သွားလို့ မရတော့ဘူးတဲ့ဗျာ။ ကျွန်တော့်ကိုတောင် ချာလိုက်တာလို့ အပြစ် တင်သေးတယ်။ 'ဟော့နယူးစ်ဂျာနယ်မှာ ကချင်က ကိုယ်စားလှယ်တော်ကြီးနဲ့ အင်တာဗျူး ပါပြီးပြီလေ၊ ဟိုးယခင်ကလို မြစ်ဆုံကို သွားလို့ လာလို့မရတော့ဘူးလို့ ပြောတာပါတယ် လေ' လို့ ပြောလို့ 'ဟော့နယူးစ်' ကို ရှာဖတ်ကြည့်တော့ ဟုတ်ပေသားပဲ၊ မြစ်ဆုံဟာ ဟိုတုန်းကနဲ့ မတူတော့ဘူး။ ပျော်ပွဲစားထွက်၊ နားနားနေနေ အပန်း ဖြေလို့ မရတော့ဘူးဆိုတာ သိလိုက် ရတယ်။

## သူတို့ ဘယ်တော့ သွားကြမှာလဲ

ဒါဆို မြစ်ဆုံဆည် စီမံကိန်း ရပ်ဆိုင်းရမယ်ဆိုတဲ့ အမိန့်ကို အကောင်အထည် မဖော် သေးဘူးလားလို့ မေးစရာရှိလာပြီပေါ့။ အဲဒီက တရုတ် ဆောက်လုပ်ရေးအဖွဲ့တွေ စခန်းချနေထိုင်နေသူတွေ အခုဘာလုပ်နေကြသလဲ၊ သူတို့တွေ ဘယ်တော့ ထွက်ခွာမလဲ ဆိုတာ ကျွန်တော်တို့ မေးရလိမ့်မယ်။ နိုင်ငံတော် သမ္မတကြီး ကိုယ်တိုင်က ရပ်ဆိုင်း ခိုင်းတဲ့ ကိစ္စတစ်ခုကို အကောင်အထည် မဖော်သေးဘူးဆိုရင် ဘာကြောင့်လဲဆိုတာ မေးရပါလိမ့်မယ်။

ကျွန်တော်တို့ ကြားနေရတဲ့ သတင်းတချို့အရဆိုရင် ကားကြီးကားငယ်တွေနဲ့ နေ့စဉ် မြစ်ဆုံဒေသကနေ ကဲ့ထုတ်နေတာတွေ ရှိတုန်းပဲတဲ့။ ဘာတွေကိုကဲ့ထုတ် နေတယ် ဆိုတာလည်း တိုင်းပြည်က သိသင့်တယ် ထင်ပါတယ်။

## ဖူးပေါင်း ဖြေရှင်းရာမှာ ပွင့်လင်းမြင်သာဖို့

သည်ရက်ပိုင်းအတွင်း အစိုးရ သတင်းစာ တွေမှာ ဖော်ပြခဲ့တဲ့ မောင်ဒဲ့ဒိုးရဲ့ ဆောင်းပါး အရဆိုရင်ဖြင့် 'အခုကိုပဲ မြန်မာဘက်က နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်က

နိုင်ငံတော် သမ္မတကြီးရဲ့ အထူးကိုယ်စားလှယ်အဖြစ်နဲ့ တရုတ် ဒုတိယသမ္မတနဲ့ တရုတ်နိုင်ငံခြားရေး ဝန်ကြီးတို့နဲ့ တွေ့ဆုံဆွေးနွေးခဲ့လို့ ဒီကိစ္စကို ပြေပြေလည်လည် မှန်မှန်ကန်ကန် မိတ်ဆွေရင်းချာ ပီသစွာ ပူးပေါင်းဖြေရှင်းကြဖို့ သဘောတူညီခဲ့ကြပြီ' လို့ သိရတယ်ဗျာ။

## (ကြေးမုံ၊ ၁၇၊ ၁၀၊ ၁၁)

ဒီနေရာမှာ အထူးသတိထားသင့်တာကတော့ ဘယ်လိုပဲဖြေရှင်းဖြေရှင်း၊ သည်တစ်ခါတော့ ပြည်သူတွေကို အသိပေးဖို့၊ ပွင့်လင်းမြင်သာဖို့ပါပဲ။ သမ္မတကြီးက ပြည်သူ့ဆန္ဒကို အလေးထားသလို ကျန်ရှိသော အဆင့်ဆင့် တာဝန်ရှိ ပုဂ္ဂိုလ်များကလည်း တစ်သဘောတည်း ရှိဖို့ လိုပါတယ်။ သမ္မတကြီးရဲ့ ရှေ့မှာတစ်မျိုး၊ နောက်ကွယ်မှာ တစ်မျိုး ကျင့်ကြံနေကြရင် ပြည်သူရဲ့ယုံကြည်မှုကို ဘယ်လိုမှ ရနိုင်မှာမဟုတ်ပါ။ မြစ်ဆုံကိစ္စမှာ သမ္မတကြီးရဲ့ ဆုံးဖြတ်ချက်ဟာ ပြည်သူနဲ့ တစ်သားတည်းဖြစ်ခဲ့ပါပြီ။ နောက်ဆက်တွဲ ဖြေရှင်းကြတော့မှ ပြည်သူ့ဆန္ဒနဲ့ တကွဲတပြား တလွဲတချော် အဖြစ် မခံနိုင်ပါ။

ကျွန်တော်တို့ကတော့ ဧရာဝတီ မြစ်ဆုံမ ချာ၊ မြစ်ဆုံအထက် ဘယ်နေရာ မဆိုမှာရော၊ ကြီးငယ်မရွေး မည်သည့် ရေကာတာမှ မဆောက်ပါနဲ့ တော့လို့ ထပ်လောင်း တောင်းပန်လို့ ကြောင်းပါဗျာ။

**၁၈၊ အောက်တိုဘာ၊ ၂၀၁၁။**

○

# ကျွန်တော် လန့်သွားတဲ့ ဇာဂနာရဲ့ စကားတစ်ခွန်း

'တောင့်တတုန်းခါ ပေါ်ထွက်လာ သတ္တဝါမလေ့ စိတ်ချမ်းမြေ့' ဆိုတဲ့ စကားဥပမာ အတိုင်းပဲဗျ။

ခုလို နှုတ်ခွန်းဆက်လိုက်တော့ မောင်ဝံသ လူရှင်တော်စကား ပြောတော့မလားလို့ ထင်မိကြရင်လည်း မမှားပါဘူးလို့ ပြောချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ မကြာသေးခင် အောက်တိုဘာ ၁၂ ရက်က လွတ်ငြိမ်းချမ်းသာခွင့် အမိန့်အရ ပြန်လည် လွတ်မြောက် လာတဲ့ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူတွေထဲက ပြည်သူ့အချစ်တော် တစ်ဦးဖြစ်သူ ရုပ်ရှင်သရုပ်ဆောင် ဇာဂနာနဲ့ ဆက်စပ်တဲ့ အကြောင်းအရာတစ်ခုကို ပြောတော့မှာမို့ ဇာတ်သံနဲ့ ဇာတ်ဟန်လေး နှောလိုက်တာပါခင်ဗျ။

ဇာဂနာကတော့ လွတ်လာချင်းဆိုသလိုပဲ သူ့ရဲ့ တစိမ့်စိမ့်တွေးလေတခွိခွိရယ်ရလေ ဆိုတဲ့ ပြက်လုံးတွေ၊ ပြောင်မြောက် အားပါလှတဲ့ ဥပမာ ဥပစာ ဥဒါဟာရဏ်တွေနဲ့ ပြည်သူတွေ ဘဝင်ခွေ့အောင် အသော့အထေ့ စုံလင်စွာ နှုတ်ခွန်းဆက်နေပြီ ဖြစ်တယ်ဗျာ။ အိုင်ကျူနဲ့ အိုင်စတိုင်း ပြက်လုံး၊ အခုလို အချိန်မျိုးမှာ ထောင်တွေထဲမှာ ကျန်နေသေးတဲ့ ယုံကြည်ချက် အကျဉ်းသားတွေ အားလုံးကို လွှတ်ပေးလိုက်ရင်လည်း ဆူပူအုံကြွမှုတွေ ဖြစ်မလာဘူးဆိုတာကို ကျွန်တော့် အသက်နဲ့ လောင်းကြေး ထပ်ဝံ့ပါတယ်လို့ သမ္မတကြီးကို ပြောပါရစေဆိုတဲ့ စကားလုံးပြောင်ပြောင်မျိုးတွေပေ့ါဗျာ။

### ယားတဲ့နေရာ ထုံးတို့ထား

ဒီကနေ့ ထွက်နေသမျှ ဂျာနယ်အများစုထဲမှာ ဇာဂနာရဲ့ အင်တာဗျူးတွေ ပါနေတာကို ကြည့်ခြင်းဖြင့် သူ့အခြေအနေဟာ ယားတဲ့နေရာ ထုံးတို့ထားပြီး အိပ်ရာထဲရောက်မှ

ပေါင်းကုတ်ရမယ့် အနေအထားမျိုး ရောက်နေတဲ့ ပုံပဲဗျ။ ပြည်သူ့ဘဝကို အမှန်တကယ် ထင်ဟပ်တဲ့ ပြည်သူ့ အနုပညာရှင်တစ်ယောက် ဆိုတော့လည်း အခုလို အရေးကြီးတဲ့ အချိန်မျိုးမှာ သူ့အသံကို ပြည်သူတွေက မပြတ်တမ်း နားထောင် ချင်နေကြတာ သဘာဝကျတယ်ဗျာ။

ကျွန်တော်ကတော့ အောက်တိုဘာလ ၂၀ ရက်နေ့ထုတ် 'ဆဲဝင်းဒေး နယူးစ်' ဂျာနယ်ထဲက အင်တာဗျူးမှာပါတဲ့ ဇာဂနာ ပြောစကားတွေထဲက စကားတစ်ခွန်းကြောင့် 'လန့်' သွားပြီး နောက်စကားတစ်ခွန်းကြောင့် သိမ့်ခနဲ ပီတိဖြစ်သွားခဲ့ရပုံအကြောင်း ပြောပြချင်တယ်ဗျ။

## စာမဖတ်တဲ့ လူတွေ

ကျွန်တော် လန့်သွားတဲ့ ဇာဂနာရဲ့စကားက 'ထူးဆန်းတာတစ်ခုက ယုံကြည်ချက်ကြောင့် ကျခံနေရတဲ့ အကျဉ်းသားဆိုသူ တော်တော်များများဟာ စာမဖတ်ဘူးဗျ' ဆိုတဲ့ စကားဖြစ်တယ်ဗျာ။

ဝန်ခံရရင် ကျွန်တော့်ဘဝမှာ မကြာခဏဆိုသလို ဇာဂနာပြောသလို ခံစားခဲ့ရဖူးတာတွေ ရှိခဲ့တယ်ဗျာ။ အတန်အသင့် ကာလသ တမ်းရှိခဲ့တဲ့ ကျွန်တော်ရဲ့ နိုင်ငံရေး ပတ်သက်မှု ဘဝမှာနိုင်ငံကို တိုးတက်ကောင်းမွန်စေချင်တဲ့ ဆန္ဒ အမှန်တရားအတွက်၊ အများအကျိုး၊ ပြည်သူ့အကျိုး၊ နိုင်ငံအကျိုးအတွက် ငါ့ကိုယ်ကျိုးကို တတ်နိုင်သလောက် ပေးဆပ်စွန့်လွှတ် လုပ်ကိုင်မယ်ဆိုတဲ့ ယုံကြည် ချက်နဲ့ တစိုက်မတ်မတ် လုပ်ကိုင်နေသူတွေ အများအပြားနဲ့ ထိတွေ့ သိကျွမ်းခဲ့ဖူး လက်တွဲ လုပ်ကိုင်ခဲ့ဖူးတယ်ဗျ။ နိုင်ငံအတွက် အသက်ကိုတောင် ပေးဆပ် စွန့်လွှတ်သွားခဲ့သူတွေနဲ့လည်း ကျွန်တော် ရင်းရင်းနှီးနှီး ခင်ခင်မင်မင် ရှိခဲ့ဖူးတယ်ဗျ။ လူကြီး လူလတ် လူငယ် အစုံပဲဗျာ။

ကျွန်တော်ထိတွေ့ ခင်မင်လက်တွဲ လုပ်ကိုင်ခွင့်မရခဲ့တဲ့ သူတွေတော့ မပြောတတ်ဘူးပေါ့ဗျာ။ သို့သော် ကျွန်တော် ထိတွေ့ခင်မင် လက်တွဲလုပ်ကိုင်ခွင့်ရခဲ့တဲ့ သူတွေထဲမှာကိုပဲ 'စာဖတ်တဲ့သူ' လို့ မခေါ်နိုင်တဲ့သူ အတော်များများရှိတာကို ကျွန်တော် သတိထားမိခဲ့တယ်ဗျ။ သူတို့ကို ကျွန်တော် ဘာကြောင့် အဲသလို အကဲဖြတ် နိုင်သလဲဆိုတာနဲ့ ပတ်သက်လို့ကတော့ 'လူတစ်ယောက် ပြောတဲ့စကားက အဲဒီလူ စာဖတ်,မဖတ်ဆိုတာနဲ့ ဖတ်တယ်ဆိုရင်လည်း ဘယ်လိုစာအုပ်မျိုးတွေ ဖတ်သလဲဆိုတဲ့အချက်ကို ဖော်ပြနေတယ်' ဆိုတဲ့ သိုးဆောင်းပညာရှိစကား တစ်ခုကိုပဲ ကိုးကားပါရစေတော့ဗျာ။

အခုအချိန်မှာ ကျွန်တော်တို့ နိုင်ငံဟာ ပိုမို ကောင်းမွန်တဲ့ ခေတ်သစ်တစ်ရပ်ဆီသို့ ရည်မျှော်ပြီး ဦးတည် ရွေ့လျားနေပြီ ဖြစ်တယ်ဗျာ။ ပြောရရင် ကျွန်တော်တို့ နိုင်ငံဟာ အာဏာကို ဆွေမျိုးသားချင်းတော်စပ်မှုနဲ့ သစ္စာခံမှုအပေါ်မှာ တည်ဆောက်တဲ့



နိုင်ငံရေးစနစ်ကနေ အရည်အချင်း (ဝါ) ပညာအပေါ်မှာ တည်ဆောက်တဲ့ နိုင်ငံရေးစနစ်ဆီသို့ (ခေတ်စကားအရ ပါရာဒိုင်း) ရွှေ့ပြောင်းနေပြီ ဖြစ်တယ်ဗျ။ အာဏာဟာ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပင်မဝင်ရိုးဖြစ်တာမို့ တစ်ဆက်တည်း ပြောရရင် နိုင်ငံ ဖွံ့ဖြိုး တိုးတက်ရေးရဲ့ အခြေခံဟာ ပညာလို့ဆိုရမှာ ဖြစ်တယ်ဗျာ။

ဒီတော့ အဲဒီအချက်ကနေ ထွက်လာတဲ့ ကောက်ချက်က ကျွန်တော်တို့နိုင်ငံ အမြန်ဆုံး တိုးတက်လာစေဖို့ဆိုရင် ကျွန်တော်တို့ ပြည်သူတွေ များနိုင်သမျှ များများ ပညာတတ်ကြရမယ်ဆိုတာပဲ ဖြစ်တယ်ဗျာ။ ပညာတတ်ဖို့အတွက် အလွယ်ဆုံးနဲ့ အကုန်အကျ သက်သာဆုံး နည်းလမ်းကတော့ စာဖတ်ဖို့ပဲ ဖြစ်တယ်ဗျ။

ဒီအခြေအနေမှာ ပြည်သူတွေ ပညာများများ တတ်ကြစေဖို့ စာများများ ဖတ်လာစေဖို့ ရှေ့က ဦးဆောင်စံပြ လုပ်ပြကြရမယ့် သူတွေဟာ နိုင်ငံအကျိုးအတွက် ခိုင်းပြတဲ့ ယုံကြည်ချက် ရှိထားကြ ပြီးသားဖြစ်တဲ့ နိုင်ငံရေး တက်ကြွ လှုပ်ရှားသူတွေ ဖြစ်တယ်ဗျာ။ အထူးသဖြင့် အဲဒီ ယုံကြည်ချက်ကြောင့်ပဲ ထောင်ကျတန်းကျ ဘဝ ရောက်ခံကြရသူတွေ ဖြစ်တယ်ဗျ။ သူတို့ဟာ အဲဒီပေးဆပ် စွန့်လွှတ်မှုတွေကြောင့်လည်း ပြည်သူတွေရဲ့ မေတ္တာကရုဏာနဲ့ ကြည်ညိုလေးစားမှုကို ရရှိထားဖြစ်ကြသူများ ဖြစ်တယ်ဗျ။ အဲဒါရဲ့အကျိုးဆက်အဖြစ် သူတို့ဟာ တစ်နေ့တစ်ချိန်ကျရင် နိုင်ငံတော်သစ် တည်ဆောက်ရေးမှာ အဆင့်ဆင့်သော နေရာအသီးသီးကနေ ဦးဆောင် ပါဝင် လှုပ်ရှားခွင့် ရရှိကြသူများ ဖြစ်လာကောင်း ဖြစ်လာနိုင်တယ်ဗျ။

ဒါကြောင့် ဒီလိုလူမျိုးတွေ မိမိတို့ ဦးနှောက်ကို မပြတ်ချဲ့ထွင် မနေကြဘူးဆိုရင် (တစ်နည်း) စာဖတ်ဝါသနာထုံသူများ ဖြစ်လာအောင် မိမိတို့ကိုယ် မိမိတို့ မပျိုးထောင်ဘူးဆိုရင် ကျွန်တော်တို့နိုင်ငံ လွတ်လပ်ငြိမ်းချမ်း ဖွံ့ဖြိုးတိုးတက်ဖို့အရေးဟာ နေးကွေးနေဦးမှာပဲ ဖြစ်တယ်ဗျ။ ဒါကြောင့် ဇာဂနာရဲ့စကားကိုကိုးကားပြီး နိုင်ငံရေး ယုံကြည်ချက် ရှိသူတွေ အခြားသူတွေထက် စာများများ ဖတ်ကြ ပါလို့ကြုံတုန်း တိုက်တွန်းချင်တယ်ဗျ။

## ပီတိ ဖြစ်ရတဲ့စကား

ပီတိဖျန်းခနဲ ဖြစ်သွားရတဲ့ ဇာဂနာရဲ့စကားကတော့ သူနေခဲ့ရတဲ့ မြစ်ကြီးနားထောင်ထဲမှာ အဖတ်အများဆုံး ဂျာနယ်က 'ပြည်သူ့ခေတ်' ဂျာနယ်ပါပဲဆိုတဲ့ စကားဖြစ်တယ်ဗျ။ ကိုယ်ပါဝင်လုပ်ကိုင်နေတဲ့ ဂျာနယ်တစ်ခု အခုလို လူဖတ်များတယ် လူကြိုက်များတယ် ဆိုတာ သိရတော့ ကြည်နူး အားရ ကျေနပ်မိတယ်ဗျ။ ပြည်သူ့ခေတ် ဝိုင်းတော်သားအားလုံးကို အားတက်ရွှင်လန်းဖြစ်စေတဲ့ ပကတိ အရှိတရားတစ်ခုကို 'ရဲရဲရင့်ရင့်' ပြောပြခဲ့တဲ့ ဇာဂနာကို ကျေးဇူးတင်ကြောင်း ပြောချင်သလို မှားတာ အားနည်းတာ တွေ့ရင်လည်း အခုလိုပဲ 'ဘယ်သူ့မျက်နှာမှ မထောက်မညှာဘဲ' ပြည်သူများနဲ့အတူ

ရဲရဲထောက်ပြဖို့ တိုက်တွန်းလိုက်ရကြောင်းပါဗျာ။ (စကားချပ်။ ထောင်ကြီးထောင်က လွတ်လာတဲ့ ထောင်ကြီး ဦးကျော်ခင်ကလည်း ကျွန်တော့်ထံ တကူးတက လာရောက်ပြီး ထောင်ထဲမှာ ပြည်သူ့ ခေတ်ကို စွဲစွဲမြဲမြဲ ဖတ်ရှုခဲ့တဲ့အကြောင်း၊ ကြိုက်နှစ်သက်ကြောင်း၊ ဆက်ကြိုးစားကြပါလို့ အားပေးစကား ပြောသွားတာကို မှတ်တမ်း တင်အပ်ပါတယ်။) ယုံကြည်ချက် အကျဉ်းသားအားလုံး အမြန်ဆုံး လွတ်မြောက်ကြပါစေ၊ ဒီမိုကရေစီ ရေစီးကြောင်းမှာ အတူတကွ လိုက်ပါနိုင်ကြပါစေ။

**ပြည်သူ့ခေတ်ဂျာနယ်**

*၂၅၊ အောက်တိုဘာ၊ ၂၀၁၁။*

*အတွဲ ၂၊ အမှတ် ၆၇။*

○

# အမျိုးသားညီညွတ်ရေး အယူအဆအချို့

ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ဖို့အတွက် အမျိုးသား ညီညွတ်ရေးဟာ သော့ချက် ဖြစ်တယ်လို့ ပြောကြတဲ့အခါ ဘယ်သူမှ ငြင်းကြမှာ မဟုတ်ဘူးဆိုတာ သေချာပေမယ့် အဲဒီစကားကို နားလည် သဘောပေါက်ပုံဟာ အမြဲတမ်း နှစ်မျိုး ဖြစ်နေတယ်လို့ ကျွန်တော် ခံစားမိတယ်ဗျ။

တစ်မျိုးက ညီညွတ်ရေးရဲ့ အကျိုးငှာ ညီညွတ်ရေးရအောင် မဖြစ်ဖြစ်တဲ့နည်းနဲ့ လုပ်ရမယ်ဆိုတဲ့ စဉ်းစားပုံဖြစ်ပါတယ်။ Unity for unity's sake လို့ ပြောလေ့ရှိတယ်ဗျ။ နိုင်ငံ့အကျိုး ပြည်သူ့ အကျိုးအတွက် အမျိုးသား ညီညွတ်ရေး လိုအပ်တယ်ဆိုပြီး စဉ်းစားရာကနေ အဲဒီဖြစ်စဉ် သို့မဟုတ် လုပ်ငန်းစဉ်အတွင်း ကျော်လွှား လွှန်မြောက်ဖို့ အင်မတန်မှ ခက်ခဲတဲ့ အတားအဆီး အပိတ်အဆို့တွေ တစ်စတစ်စ ပိုမို များပြားစွာ တွေ့လာရတဲ့အခါ တရွေ့ရွေ့ လမ်းချော်လာတယ်။ အကျိုးဆက်အဖြစ် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်လာရေးဆိုတဲ့ ပန်းတိုင်က မှေးမှိန်လာပြီး သူ့နေရာမှာ အမျိုးသား ညီညွတ်ရေးရဖို့အတွက် အမျိုးသားညီညွတ်ရေး ရကိုရမှ ဖြစ်မယ်ဆိုတဲ့ ပန်းတိုင်က အစားထိုး ဝင်ရောက်လာတယ်။ တကယ်က အမျိုးသားညီညွတ်ရေးဆိုတာ ပန်းတိုင် မဟုတ်ဘူး။ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ်သို့ ဆိုတာက ပန်းတိုင်အစစ် ဖြစ်ရမှာပါ။ အမျိုးသားညီညွတ်ရေးသာ ပထမ ပဓာန အဓိကဆိုတဲ့ အတွေးနဲ့ အမျိုးသားညီညွတ်ရေးရဖို့ ဘယ်နည်းနဲ့မဆို လုပ်ရမယ်ဆိုတဲ့ နားလည်သဘောပေါက်ပုံမျိုးဟာ လွဲချော်တဲ့ အတွေးအခေါ်သာ ဖြစ်ပါတယ်။ သမိုင်းမှာ ကျွန်တော်တို့ ကြားခဲ့ ဖတ်ခဲ့ရဖူးတဲ့ 'ပြည်သူ လူထုရဲ့ ထောက်ခံမှု' ၉၉.၉၉ ရာခိုင်နှုန်းဆိုတဲ့ ဖော်ပြချက်မျိုးတွေဟာ အဲဒီစဉ်းစားပုံ စဉ်းစားနည်းကနေ ပေါ်ထွက်လာတာ ဖြစ်တယ်ဗျ။

## ညီညွတ်ရေးအတွက် ပိုင်ခွင့်တွေ ရုပ်သိမ်းခံရတာမျိုး

နောက်တစ်မျိုးကတော့ 'ပြည်သူ့အကျိုးအတွက် ညီညွတ်ရေး' Unity for people's sake ဆိုတဲ့ စဉ်းစားပုံဖြစ်တယ်ဗျ။ အမျိုးသား ညီညွတ်ရေးဟာ အမျိုးသားဖွံ့ဖြိုးတိုးတက်မှု သို့မဟုတ် ပြည်သူ့ အကျိုးအတွက် မရှိမဖြစ် လိုအပ်တယ်ဆိုတာကို လက်ခံပေမယ့် အမျိုးသားညီညွတ်ရေးဟာ ပြည်သူ့အကျိုးကို ကျော်နင်း လွှမ်းမိုးသွားတာမျိုးကို

ဒီစဉ်းစားပုံက ခွင့်မပြုဘူး။ ဆိုလိုတာက အမျိုးသား ညီညွတ်ရေး ရဖို့ဆိုရင် မွေးရာပါ အခြေခံ ရပိုင်ခွင့်များ အပါအဝင် ပြည်သူတွေရဲ့ အခွင့်အရေးများကိုပါ ပယ်ဖျက်ရုပ်သိမ်းပြီး လုပ်ဆောင်ရမယ်ဆိုတဲ့ အတွေးအခေါ်ကို ဒီစဉ်းစားပုံက လက်မခံတဲ့ အဓိပ္ပာယ် ဖြစ်ပါတယ်ဗျာ။

## လက်တွေ့လုပ်ပြသွားတဲ့ ဗိုလ်ချုပ်

စစ်မှန်တဲ့ အမျိုးသားညီညွတ်ရေးဆိုတာ မတူကွဲပြား ခြားနားတဲ့ အရောင်တွေကို အလင်းအမှောင် အဖိအဖော့ အချိုးအဆ မှန်ကန်စွာ ပေါင်းစပ်ထားတဲ့ ပန်းချီကားတစ်ချပ်လိုပဲ မတူကွဲပြားခြားနားတဲ့ သဘောထားအမြင် ရပ်တည်ချက်တွေကို လေးစားတန်ဖိုးထားပြီး စိတ်ရှည်ရှည် သဘောထားကြီးကြီးနဲ့ တည်ဆောက်မှသာရနိုင်တဲ့ ရတနာတစ်ပါး ဖြစ်တယ်ဆိုတာကို အပြည့်အဝဆုံး နားလည်ပြီး နားလည်တဲ့အတိုင်း အကောင်းဆုံး လုပ်ပြသွားနိုင်ခဲ့သူကတော့ ကျွန်တော်တို့ရဲ့ အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဖြစ်တယ်ဗျ။

အခုအချိန်မှာ ဗိုလ်ချုပ်အကြောင်း ရေးထားတဲ့ စာအုပ်တွေ ရာချီရှိနေပြီမို့ ဗိုလ်ချုပ်အကြောင်း လေ့လာလိုလျှင် ရှထောင့်စုံက လေ့လာနိုင်ပါပြီဗျာ။ အဲဒီထဲမှာ အမျိုးသားညီညွတ်ရေးကို ဗိုလ်ချုပ် ဘယ်လို နားလည်သဘောပေါက် ခံယူပြီး ဘယ်လို ကြိုးပမ်း လုပ်ဆောင်ခဲ့တယ်ဆိုတဲ့ အချက်တွေလည်း အများအပြား ပါဝင်နေတယ်ဗျ။

## ခွဲထွက်ခွင့် သဘောတူခဲ့ခြင်း

အဲဒီလုပ်ရပ်တွေထဲမှာ အထင်ရှားဆုံးကတော့ ၁၉၄၇ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေထဲမှာ ခွဲထွက်ခွင့် ပုဒ်မ ထည့်ပေးဖို့ တိုင်းရင်းသား ညီအစ်ကိုများရဲ့ တောင်းဆိုချက်ကို သဘောတူခဲ့တာဟာ အထင်ရှားဆုံး ဖြစ်ပါတယ်ဗျာ။ ခွဲထွက်ခွင့်ဆိုတာ အမျိုးသားညီညွတ်ရေးနဲ့ ပြဒါးတစ်လမ်း သံတစ်လမ်းပဲလို့ ရှုမြင်နိုင်စရာရှိပေမယ့် သတ်မှတ်ထားတဲ့ ကာလအတွင်း တိုင်းရင်းသားတွေရဲ့ သံသယတွေ ကျေပျက်သွားအောင် လုပ်နိုင်လိမ့်မယ်လို့ သူကိုယ်သူ ယုံကြည်တာကတစ်ကြောင်း၊ အမျိုးသား ညီညွတ်ရေးက တိုင်းရင်းသား ပြည်သူတွေရဲ့ အခွင့်အရေးများအပေါ် လွှမ်းမိုး ကျော်နင်းသွားတာမျိုး မဖြစ်စေချင်တာကလည်း တစ်ကြောင်းတို့ကြောင့် ခွင့်ပြုခဲ့တာ ဖြစ်တယ်ဗျ။

## ဖဆပလနှင့် ညီညွတ်ရေး ကြိုးပမ်းမှု

နောက်တစ်ခုကတော့ ဖက်ဆစ်ဂျပန်တွေကို တော်လှန်ဖို့ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ကြီး ဖွဲ့စည်းခဲ့ပုံ သာဓက ဖြစ်တယ်ဗျာ။ (ပထမအမည်က ဖတပလ၊ တော်လှန်ရေး ပြီးသွားတော့ ဖဆပလ ဖြစ်လာပါတယ်။)



မြန်မာနိုင်ငံမှာ ပဒေသရာဇ်ခေတ် အဆုံးသတ်ခံရပြီး သူ့ကျွန် ဖြစ်ရတဲ့နောက်ပိုင်း အများဆုံး ပေါ်ထွက်လာခဲ့တဲ့ အမျိုးသား တပ်မတော်ကြီးရဲ့ အကြီးအကဲဖြစ်နေပေမယ့် ဆောင်ရွက်ဆောင်ရမယ့် တော်လှန်ရေးတာဝန်ရဲ့ကြီးမားလေးနက်ပုံကို ကောင်းကောင်းကြီး နားလည်သဘောပေါက်ခဲ့တဲ့ ဗိုလ်ချုပ်ဟာ ငါမြင်းငါစိုင်းမလုပ်ဘဲ ကွန်မြူနစ်ပါတီ၊ ပြည်သူ့အရေးတော်ပုံ ပါတီတို့နဲ့ ပူးပေါင်းပြီး ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ကြီး ဖွဲ့စည်းခဲ့တာကို ကြည့်ရင် ဗိုလ်ချုပ်ရဲ့ အမျိုးသားညီညွတ်ရေးနဲ့ ပတ်သက်တဲ့ ကြီးမားတဲ့ အမြော်အမြင်ကို နားလည်နိုင်တယ်ဗျာ။

ဒါ့အပြင် ဂျပန်တော်လှန်ရေးအပြီး ဖ.ဆ.ပ.လ အဖွဲ့ကြီး တိုးချဲ့ရာမှာ ဘကြီးဘဘောလို ဆက်ယာနိုင်ငံရေးသမားဟောင်းကြီး တွေကိုပါ ထည့်သွင်းခဲ့ကာ မိမိအပေါ် အထင်အမြင် သေးနေတဲ့ ဂဠုန်ဦးစောကို မိမိကိုယ်မိမိ နှိမ့်ချမှုအပြည့်နဲ့ လိုက်လိုက်လျောလျော ဆက်ဆံခဲ့တာ၊ အိုင်စီအက်စ် ဦးတင်ထွဋ် အစရှိတဲ့ အုပ်ချုပ်ရေး အတွေ့အကြုံရှိသူ ပညာတတ်တွေကို နေရာပေးခဲ့တာတွေက ဗိုလ်ချုပ်ရဲ့ အမျိုးသားညီညွတ်ရေးအတွက် အမြော်အမြင်ကြီးမှုကို ဖော်ပြနေတယ် မဟုတ်ပါလားဗျာ။

## တရားနည်းလမ်းတကျသာ

အမျိုးသားညီညွတ်ရေးဟာ ပြည်သူ့အကျိုး (အဲဒီတုန်းကတော့ လွတ်လပ်ရေး ပန်းတိုင်ပေါ့ဗျာ) အတွက် အင်မတန် အရေးကြီးတယ်ဆိုတာကို နှလုံးသွင်းထားပေမယ့် အမျိုးသားညီညွတ်ရေးရဖို့အတွက် ဗိုလ်ချုပ်ဟာ တရားနဲ့လျော်ညီတဲ့ နည်းလမ်းများကိုသာ အစဉ်ပြုခဲ့သူ ဖြစ်တယ်ဆိုတာ အဲဒီဖြစ်ရပ်တွေကို ကြည့်ရင် သိနိုင်တယ်ဗျ။

တကယ်တော့လည်း အမျိုးသား ညီညွတ်ရေးဆိုတာ အမျိုးသားရေး အကျပ်အတည်းကြီး တစ်ခုခု ပေါ်ပေါက်နေချိန်မှာ ဗိုလ်ချုပ်လို ရိုးသားဖြူစင် ဖြောင့်မတ်တက်ကြွမှုကပြီး တိုင်းပြည်အပေါ် စေတနာကောင်းအပြည့်ရှိတဲ့ ခေါင်းဆောင်မျိုးကသာ စိတ်ရှည်ရှည် သဘောထားကြီးကြီး အမြော်အမြင်ရှိရှိနဲ့ တည်ဆောက်နိုင်တဲ့ အရာမျိုးဖြစ်တယ်ဗျ။ ဘာပဲဖြစ်ဖြစ် တူတူ မတူတူ ညီညွတ်ကြဆိုပြီး အတင်းအကျပ် တည်ဆောက်လို့ ရတာမျိုး မဟုတ်ဘူးဗျ။

ကျွန်တော် တွေးမိတာလေးတွေကို စာဖတ်သူများရဲ့ မူလအတွေးနဲ့ တိုက်ဆိုင်ကြည့်နိုင်ဖို့ ဝေမျှလိုက်ခြင်း ဖြစ်ကြောင်းပါဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်**

*၁၊ နိုဝင်ဘာ၊ ၂၀၁၁။*

*တွဲ ၂၊ အမှတ် ၆။*

○

## အိမ်နီးချင်းနိုင်ငံများအကြောင်း လူငယ်တွေ လေ့လာကြပါ

ဖက်ဆစ်ဂျပန်တွေ ကျွန်တော်တို့နိုင်ငံကို အုပ်ချုပ်သွားတဲ့ ၃ နှစ်တာ ကာလအတွင်း ပြည်သူတွေကို ဘယ်လောက် ဗိုလ်ကျ အနိုင်ကျင့် သွားခဲ့ကြတယ်။ ဘယ်လိုနှိပ်စက် ညှဉ်းပန်းသွားခဲ့ကြတယ်ဆိုတာတွေကို သားစဉ်မြေးဆက် ပြောခဲ့ကြလို့ ကျွန်တော်တို့ သားသမီးတွေလောက်အထိ ကြားဖူးနားဝရှိကြပေမယ့် မြေးတွေလောက်ကျတော့ မသိကြတော့ဘူးဗျ။ အဲဒါကြောင့် ဆရာမကြီး ဒေါ်ခင်မျိုးချစ် ရေးခဲ့တဲ့ 'ဂျပန်ခေတ်မှာ သုံးနှစ်တာ' (Three Years under the Japs) ကို မြေးဖြစ်သူ ဂျူနီယာဝင်းက မြန်မာပြန်တော့ ကျွန်တော်က ပထမ 'အတွေးအမြင်' စာစောင်မှာ ထည့်တယ်။ နောက်လုံးချင်း စာအုပ်ကလေး ထုတ်ပေးခဲ့ပါတယ်။

အဲဒီစာအုပ်ကလေးကို ဖတ်မိတဲ့ အသက် ၂၀ တစ်ဝိုက် လူငယ်တချို့က 'အဲဒါ တွေဟာ တကယ်ဖြစ်ခဲ့တာတွေလား' လို့ ကျွန်တော့်ကို မေးတယ်ဗျာ။ ကျွန်တော်က 'အဲဒီထဲမှာ ပါတာတွေထက် ပိုဆိုးတဲ့အဖြစ်တွေ အများကြီး' ဆိုပြီး ဆရာ လင်းယုန် သစ်လွင်ရဲ့ သေမင်းတမန် မီးရထားလမ်းစာအုပ်ကို ပေးဖတ်တယ်။ ဆရာမောင်ထင်ရဲ့ ငဘကို ပေးဖတ်ပါတယ်။ ဖတ်ပြီးသွားတဲ့ ကလေးတွေဟာ ကျွန်တော့်ကို စာအုပ် လာပြန်အပ်တော့ မျက်စိမျက်နှာတွေ ပျက်နေကြတယ်။ 'သားတို့ သမီးတို့ ဘဝမှာတော့ အဲသလို ခေတ်မျိုး တစ်ကျော့ပြန် မလာနိုင်တော့ပါဘူးနော်လို့' အားကိုးတကြီး မေးပါတယ်။ ကျွန်တော်က 'အဲဒါတော့သားတို့ သမီးတို့အပေါ် တည်တာပဲ' လို့ ပြန်ဖြေ လိုက်ပါတယ်။



### ...င်းစာနဲ့ ရေဒီယို

...ောင်းပါးမှာ ကျွန်တော် ဆွေးနွေးချင်တာက မြန်မာပြည်သူတွေကို ခြိမ်းခြောက် ...အုပ်ချုပ်ရာမှာ ဂျပန်တွေအသုံးပြုခဲ့တဲ့ နည်းလမ်း တစ်ခုအကြောင်း ဖြစ်တယ်ဗျ။ ...တော့ ပြည်သူတွေကို ကမ္ဘာကြီးနဲ့ အဆက်ဖြတ်ထားတဲ့ နည်းလမ်းဖြစ်တယ်ဗျာ။ ...တုန်းက အတွင်ကျယ်ဆုံး လူထု ဆက်သွယ်ရေး မီဒီယာ ဖြစ်တဲ့ သတင်းစာနဲ့ ...ယိုကို ဖက်ဆစ်ဂျပန် အာဏာပိုင်တွေက တင်းတင်းကျပ်ကျပ် ချုပ်ကိုင်ထားခဲ့တယ်။ ...ြား သတင်းဆိုရင်လည်း ကမ္ဘာတစ်လွှားက စစ်မြေပြင်တွေမှာ ဝင်ရိုးတန်း ...များအဖွဲ့ (ဂျာမနီ၊ ဂျပန်၊ အီတလီ)က အနိုင်ရနေတယ်ဆိုတဲ့ သတင်းတွေကိုသာ ...ည့်သွင်း ဖော်ပြစေခဲ့တယ်ဗျ။

### ...စေချင်တာပဲ သိရမယ်

...လိုလုပ်တာ ရည်ရွယ်ချက်ကတော့ သူတို့ ဂျပန်ပြည်သူတွေ အပါအဝင် သူတို့ ...ိုက်အုပ်ချုပ်ထားတဲ့ နိုင်ငံတွေက ပြည်သူတွေဟာ ကမ္ဘာကြီးမှာ အမှန်တကယ် ...တွေဖြစ်နေတယ် ဆိုတာတွေကို မသိဘဲ သူတို့ သိစေချင်တာတွေကိုသာ သိနေဖို့ ...ြင့် သူတို့အပေါ် အထင်ကြီးလေးစားနေအောင်၊ အဲသလိုမှ မဟုတ်ရင်တောင် ...ကြောက်ရွံ့ညှာနေအောင် အဲဒီကမှတစ်ဆင့် အဲဒီနိုင်ငံတွေကို ငြိမ်ဝပ်ပိပြားနေအောင် ...င်နင်းနင်း အုပ်ချုပ်နိုင်ဖို့ ဖြစ်တယ်ဗျ။

### ...နယ်ကျော် ဦးချစ်မောင်

...ကြောင့်လည်း အဲဒီအချိန်တုန်းက ကမ္ဘာမှာ အမှန်တကယ် ဘာတွေ ဖြစ်ပျက်နေတယ် ...တဲ့ သတင်းတွေ ရရာရကြောင်း တစ်ခုတည်းသော အရင်းအမြစ်ဖြစ်တဲ့ လှိုင်းတို ...ဒီယိုတွေကို ဂျပန်ဖက်ဆစ်တွေက အကြီးအကျယ် ပြဿနာ ရှာခဲ့ကြတာ ဖြစ်တယ်ဗျာ။ ...ဒီယိုမပြောနဲ့ ရေဒီယိုထဲမှာ ထည့်သွင်း အသုံးပြုရတဲ့ ဓာတ်ခဲတစ်လုံး တွေ့ရင်တောင် ...ရက်စက်ဆုံးနည်းလမ်းတွေနဲ့ နှိပ်စက်ညှဉ်းပန်း စစ်ဆေးပြီး သူတို့လိုချင်တဲ့ အဖြေ ...ရင် သတ်ပစ်တဲ့အထိ လုပ်ခဲ့ကြတာတွေကို ဂျပန်ခေတ် မှတ်တမ်းတွေထဲမှာ ...န်တော်တို့ ဖတ်ရှုခဲ့ရတယ်ဗျာ။

အဲဒီလောက် အန္တရာယ်ကြီးမားတဲ့ အချိန်မျိုးမှာ သတင်းစာဆရာကြီး ဂျာနယ် ...ကျော်ဦးချစ်မောင်ဟာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ဖက်ဆစ်တော်လှန်ရေး ခေါင်းဆောင်တွေ ...ငံတကာ စစ်ရေး နိုင်ငံရေး အခြေအနေတွေ နေ့စဉ်မပြတ် သိနေအောင် ရေဒီယိုလေး ...စ်လုံးနဲ့ သက်စွန့်ဆံဖျား အလုပ်လုပ်ပြီး သတင်းတွေစုဆောင်း မှတ်သားကာ ...တော်လှန်ရေး ခေါင်းဆောင်တွေဆီ ပို့ပေးခဲ့ပါတယ်။

ဒီအကြောင်းနဲ့ ဆက်စပ်နေတဲ့ ကိစ္စလေးတစ်ခုအကြောင်း ကြုံတုန်း တင်ပြချင်တယ်ဗျ။ မြန်မာ့နိုင်ငံရေးသမိုင်းကို စိတ်ဝင်တစား လေ့လာခဲ့ကြသူ အများစုကတော့ သိပြီးသားဖြစ်မှာပါ။

ဖက်ဆစ် တော်လှန်ရေးပြီးတော့ ဖဆပလ ဗဟိုဦးစီးအဖွဲ့ကို တိုးချဲ့ဖွဲ့စည်းတဲ့အခါ ဗိုလ်ချုပ်အောင်ဆန်းက ဂျာနယ်ကျော် ဦးချစ်မောင်ကို အမည်စာရင်း တင်သွင်းတယ်။ ကွန်မြူနစ်ခေါင်းဆောင် တစ်ယောက်က ဦးချစ်မောင်ဟာ ဂျပန်တော်လှန်ရေးအတွင်း ဘာမှဝင်မလုပ်ဘဲ ဘာကြောင့် ထည့်ရမှာလဲလို့ မေးတယ်။ အဲဒီတော့ အတွင်းသိ တစ်ယောက်က 'ခင်ဗျား တော်လှန်ရေး ကာလ တစ်လျှောက်လုံး ဖတ်ခဲ့ရတဲ့ နိုင်ငံတကာ သတင်းတွေ ဘယ်ကရတယ် ထင်သလဲ'လို့ ပြန်မေးလိုက်ပါသတဲ့။ အဲဒီမှာတင် အဲဒီပုဂ္ဂိုလ် သဘောပေါက်သွားပြီး ဦးချစ်မောင်ကိစ္စကို ကျေကျေနပ်နပ် သဘောတူ လက်ခံလိုက်တယ်လို့ဆိုတယ်ဗျ။ ( ၂၀၁၂ ဇန်နဝါရီ ၁ ရက်ဟာ ဂျာနယ်ကျော်ဦးချစ်မောင် ရာပြည့်အထိမ်းအမှတ် ဖြစ်ပါတယ်။)

## ပဒေသရာဇ်ခေတ် အားနည်းချက်

အားလုံး သိကြတဲ့အတိုင်း ကျွန်တော်တို့နိုင်ငံရဲ့ ပဒေသရာဇ်ခေတ် နောက်ဆုံး အာဏာပိုင်များဟာ နိုင်ငံတကာ ဗဟုသုတ အင်မတန် နည်းပါးခဲ့ကြသူတွေ ဖြစ်တယ်ဗျ။ မြန်မာနိုင်ငံ တိုင်းတစ်ပါးလက်အောက် ကျရောက်သွားခဲ့ရတဲ့ကိစ္စမှာ အဲဒီ အားနည်းချက် ဟာ အဓိကလို့ မဆိုနိုင်ဘူးဆိုရင်တောင် အဲဒီအားနည်းချက်က အင်မတန် အရေးပါတဲ့ ကဏ္ဍက ပါဝင်လှုပ်ရှားခဲ့တယ်လို့ ဆိုရမှာဖြစ်တယ်ဗျာ။

အဲဒီအချက်ကို ဆန်းစစ်သုံးသပ် တွေ့ရှိခဲ့ကြတဲ့ ဗိုလ်ချုပ်အောင်ဆန်းတို့ မျိုးဆက်က ခေါင်းဆောင်တွေဟာ ကမ္ဘာ့အရေးအရာတွေကို မျက်ခြည်မပြတ် လေ့လာပြီး အချိန်ကိုက် လှုပ်ရှားနိုင်ခဲ့ကြလို့လည်း သူတို့ခေတ်မှာ တော်လှန်ရေး အဆက်ဆက် အောင်မြင်ရုံမက အမျိုးသား လွတ်မြောက်ရေး အောင်ပွဲကြီးကို ရရှိခဲ့တာ ဖြစ်တယ်ဗျ။

## လူငယ်တွေအတွက် လိုအပ်ချက်

လွန်ခဲ့တဲ့ နှစ်ခြောက်ဆယ်ကျော် ဗိုလ်ချုပ်အောင်ဆန်းတို့ ခေတ်ကတောင် မိမိတို့ နိုင်ငံကို ပြောင်းလဲ တိုးတက်စေလိုတဲ့ ဆန္ဒ ပြင်းပြတဲ့ မျိုးချစ်ပြည်ချစ် ပုဂ္ဂိုလ်တွေဟာ ကမ္ဘာ့ရေးရာတွေကို မျက်ခြည်မပြတ် လေ့လာသိရှိနေဖို့ လိုအပ်တယ်ဆိုရင် ဒီကနေ့ နိုင်ငံတကာမှာ ဖြစ်ပျက်နေတာတွေက နိုင်ငံတစ်နိုင်ငံချင်းအပေါ် အရင်ဘယ်တုန်းကမှ မတူအောင် ကြီးစွာ သက်ရောက်လွှမ်းမိုးနေတဲ့ ကာလမှာ ကျွန်တော်တို့နိုင်ငံကို ငြိမ်းချမ်းလွတ်လပ် ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတစ်ခုဖြစ်စေချင်တဲ့ဆန္ဒ ပြင်းပြထက်သန်သူတွေ



အထူးသဖြင့် အဲသလို ဆန္ဒရှိတဲ့ လူငယ်တွေအဖို့ နိုင်ငံတကာ ရေးရာများကို ထဲထဲဝင်ဝင် စေ့စေ့နက်နက်ရှိုင်းရှိုင်း သိရှိသဘောပေါက် နားလည်ထားကြဖို့ ဆိုတာ မရှိမဖြစ်တဲ့ လိုအပ်ချက်တစ်ခု ဖြစ်တယ်ဗျ။ အထူးသဖြင့် အိန္ဒိယနဲ့ တရုတ်တည်းဟူသော လူဦးရေ သန်း ၁၀၀၀ ကျော်စီရှိနေတဲ့ နိုင်ငံကြီးနှစ်ခုကြားမှာ တည်ရှိနေတဲ့ မြန်မာနိုင်ငံက လူငယ်တွေဟာ အိမ်နီးချင်းနိုင်ငံတွေ အကြောင်းကိုအလေးအနက် ထားလေ့လာထားကြဖို့ လိုတယ်ဗျာ။ အမှုမဲ့ အမှတ်မဲ့ မနေသင့်တော့တာ အမှန်ပဲဗျ။

## အင်တာနက်မှာ ရှာဖွေပါ

ဒီကနေ့ အင်တာနက်ခေတ်မှာ နိုင်ငံတကာရေးရာများကို လေ့လာမှတ်သားလိုတဲ့ လူငယ်တွေအတွက် အခွင့်အလမ်းက ဗိုလ်ချုပ်တို့ခေတ်ကနဲ့ ဘာမျှမဆိုင်လောက်အောင် ကွာခြားတက်များပြားနေပြီဗျာ။ အထူးသဖြင့် အင်္ဂလိပ်စာကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ထားတဲ့ လူငယ်တွေအတွက် အဲဒီလို အခွင့်အလမ်းတွေက အဆုံးမရှိ ပွင့်နေတယ်ဗျာ။ ဂျပန်ခေတ်တုန်းက ဂျပန်တွေ ပိတ်ဆို့ထားသမျှ ခံခဲ့ရတဲ့ ခေတ်မျိုး မဟုတ်တော့ပါဘူး။ ဒီတော့ အနာဂတ်မှာ တိုင်းပြည်ခေါင်းဆောင်တွေ မလွဲမသွေ ဖြစ်လာကြမှာဖြစ်တဲ့ မျိုးချစ်ပြည်ချစ်လူငယ်တွေ 'အကြားအမြင် ဗဟုသုတ များပြား ခြင်းသည် မင်္ဂလာမည်၏' ဆိုတဲ့ စကားကို မပြတ် နှလုံးသွင်းရင်း နိုင်ငံတကာရေးရာများ အထူးအားဖြင့် အိမ်နီးချင်းနိုင်ငံများ အကြောင်းနဲ့ သူတို့ရဲ့ အမြင်အမှုများ အကြောင်းကို အရာတည်းက စူးစူးနစ်နစ် နက်နက်ရှိုင်းရှိုင်း ဖတ်ရှုနားထောင် လေ့လာမှတ်သားကြဖို့ တိုက်တွန်းလိုက်ရကြောင်းပါဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်**

*၈၊ နိုဝင်ဘာ၊ ၂၀၁၁။*

*အတွဲ ၂၊ အမှတ် ၆၉။*

○

# စေတ္တမလှတိုင်ကို မထိပါးပါနဲ့

လူ့ဘဝကြီးမှာ ပျော်ရာမနေရ၊ တော်ရာနေရသူတွေ ရှိနေတတ်ပါတယ်။ သူတို့ဟာ ကျရာတာဝန်ကို ငြင်းလို့မရဘဲ ထမ်းဆောင်ရတဲ့အတွက် စိတ်ပါသည်ဖြစ်စေ၊ စိတ်မပါသည်ဖြစ်စေ၊ တာဝန်ကျေအောင်တော့ လုပ်နေကြရတာပါပဲ။ အဲဒီလူတွေနဲ့စာရင် မိမိရဲ့ အသက်မွေးဝမ်းကျောင်း အလုပ်ဟာ မိမိဝါသနာပါတာလည်းဖြစ်၊ တန်ဖိုးထားတာလည်းဖြစ်၊ စားဝတ်နေရေးအတွက်လည်း အာမခံချက်ရှိတဲ့ အလုပ်မျိုးဖြစ်နေရင် ပျော်ပျော်ကြီး လုပ်နေတော့မှာ သေချာတာပေါ့ဗျာ။

ကိုယ့်ကိုယ်ကိုယ် ဝေဖန်ရေးလုပ်ရရင် ကျွန်တော်ခုတလော စကားကြော နည်းနည်း ရှည်လာသလား မသိဘူးဗျ။ တစ်ခုခုပြောတော့မယ်ဆိုရင် နိဒါန်းချီနေတာက တစ်ကော်လံလောက် ဖြစ်နေတတ်တာ သတိပြုမိတယ်။ အခုလည်း ကျွန်တော်က ကိုယ့်အကြောင်းပြောဖို့ ပျိုးနေတာပါ။

ကိုယ့်အကြောင်းဆိုတာ မီဒီယာသမားတွေ အကြောင်းပါဗျာ။ ကျွန်တော်ဟာ ၁၉၆၂-၆၃ ဆယ်ကျော်သက် အရွယ်ကတည်းက ပိုးဝင်ခဲ့တဲ့ သတင်းသမားဘဝမှာ ကျင်လည်ခဲ့တာ နှစ်ပေါင်း ၅၀ နီးနီး ရှိပြီဗျ။ *(မှတ်ချက်။ ကိုယ်ရေးတဲ့ စာကို ပုံနှိပ်စာလုံးနဲ့ စပြီး ဖော်ပြခံရတာက ၁၉၅၉ ခု ဆိုတော့ စာမျိုးစုံ ရေးခဲ့တဲ့ သက်တမ်းကို ပြောရင်ဖြင့် ၂၀၀၉ ကတည်းက ရွှေရတုတိုင်ခဲ့ပြီပေါ့ဗျာ)*

ဝါသနာလည်းပါ၊ တန်ဖိုးလည်း အလွန်ထားခဲ့တဲ့ သတင်းစာ ဆရာဘဝမှာ ရာစု တစ်ဝက်လောက် ကျင်လည်ခဲ့ပြီး ကိုယ့်ကိုယ်ကိုယ် ပြန်လည်စစ်ဆေးကြည့်တဲ့အခါ



ဆရာသော်တာဆွေ ဝတ္ထုတွေထဲ ပါလေ့ရှိတဲ့ သီချင်းလေးတစ်ပုဒ်ကို သတိရစရာ ရှိတယ်ဗျ။ ဆရာက 'ကျွန်တော် အလွန်ပျော်တာ၊ ချစ်သူလေးရဲ့ ပြန်စာ၊ ရလို့သာ အခါခါ' လို့ သူ့ရဲ့ ဇာတ်လိုက် အချမြူးပျော်ရွှင်ပုံကို ရေးခဲ့တယ် ဗျာ။ ကျွန်တော်ကလည်း သတင်းစာဆရာဘဝမှာ နေခဲ့ရတာကို 'ကျွန်တော် အလွန်ပျော်တာ...'လို့ ဥဒါန်းကျူးရင့်နေသူ ဖြစ်တယ်ဗျ။

သတင်းစာဆရာဘဝ (ယနေ့ခေတ် အခေါ်အဝေါ်နဲ့ဆိုရင်) မီဒီယာသမားဘဝကို ကျွန်တော် အလွန်မှ ဂုဏ်ယူ၊ အလွန်မှ တန်ဖိုးထားခြင်းနဲ့ တစ်ချိန်တည်းမှာ ကျွန်တော်တို့ မြတ်နိုးဂုဏ်ယူတဲ့ ဘဝ၊ ကျွန်တော်တို့ တန်ဖိုးထားတဲ့ မီဒီယာလောကကို စော်ကား မော်ကား၊ ထိကပါး ရိကပါး လုပ်လာရင်လည်း ကျွန်တော်ကတော့ မခံဘူးဗျ။ ဘယ်လောက် အကောင်ကြီးကြီး အမြီးရှည်ရှည် မှတ်လောက် သားလောက်အောင် ဆုံးမရမှာပဲဗျ။

လွန်ခဲ့တဲ့ လေးငါးနှစ်လောက်ကလည်း ကြုံခဲ့ဖူးတယ်။ သူကိုယ်သူ သိပ်တော်တယ်လို့ အစ်ယူသန်နေတဲ့ လူတစ်ယောက်က မြန်မာသတင်းစာ ဆရာတွေကို ပုတ်ခတ် ပြောသွားတာ ကြားလိုက် ရတယ်။ လွတ်လပ်ရေးခေတ်က မြန်မာသတင်းစာ ဆရာတွေ ဟာ တက္ကသိုလ်ပညာမတတ်ဘူး။ အရည်အချင်း မရှိတဲ့ လူညံ့တွေ ဖြစ်တယ်လို့ အသံလွှင့်ဌာနတစ်ခုနဲ့ အင်တာဗျူးမှာ ပြောသွားတာဖြစ်တယ်။ အဲဒီပုဂ္ဂိုလ်ဟာ မူဘာသာကနေ အခြားဘာသာတစ်ခုကို ပြောင်းလဲသွားသူဖြစ်တယ်။ မြန်မာ့ နိုင်ငံရေးသမိုင်းမှာ ပါလီမန် ဒီမိုကရေစီကို ရိုက်ချိုးခဲ့သူတွေထဲက အမှုတွဲ တစ်ယောက် ဖြစ်တယ်။ သူနဲ့သိကျွမ်းသူတွေက ဒီလူဟာ သူ့ကိုယ်သူ အထင်ကြီးလွန်နေပြီး အလွန် ဆောက်မာ ရိုင်းပျကြောင်း တညီတညွတ်တည်း ပြောကြတယ် ဗျ။ အခုတော့ သူသေပါပြီ။ အဲဒီတုန်းက အသံလွှင့်အင်တာဗျူးမှာ သူ ပြောဆိုသွားတာကို နားထောင်လိုက်ရပြီး ကျွန်တော် နေမထိ ထိုင်မသာ ဖြစ်သွားတယ်။ အလွန် ခံပြင်းမိတယ်။

အဲဒါကြောင့်လည်း မြန်မာသတင်းစာ ဆရာတွေဟာ သူပြောသလို အရည်အချင်း မရှိတဲ့ လူညံ့တွေ ဟုတ်မဟုတ် ဆန်းစစ်နိုင်ဖို့ ဆောင်းပါးတစ်စောင် အမြန်ရေးပြီး အလင်းတန်းဂျာနယ်မှာ ဖော်ပြလိုက်ပါတယ်။ နောက်ကျွန်တော့်ရဲ့ 'ရှာမှရှားတဲ့ နိုင်ငံရေးသမားနှင့် နိုင်ငံရေး ဆောင်းပါးများ' စာအုပ်မှာ ထပ်မံ ထည့်သွင်းခဲ့ပါတယ်။ အဲဒီဆောင်းပါးထဲက အချက်အလက်အချို့ကို အောက်ပါအတိုင်း ကောက်နုတ် ဖော်ပြလိုက်ပါတယ်။

မြန်မာသတင်းစာ ဆရာကြီးတွေဟာ မြန်မာပြည် နိုင်ငံရေး ခေတ်ဦးကတည်းက တိုင်းပြည်အတွက် အမျိုးသားရေး၊ နိုင်ငံရေး တာဝန်ကိုပါ ကျေပွန်ခဲ့ကြပါတယ်။ ဥဒ္ဓဌာန အုပ်ချုပ်ရေးရဲ့ ဓားစာခံဖြစ်တဲ့ ညွန့်ပေါင်းအစိုးရကို လက်မခံကြဖို့ ရာထူးမယူကြဖို့

နိုင်ငံရေး သမားများသို့ ပန်ကြားချက်ကို ရန်ကုန်မြို့လုံးဆိုင်ရာ သတင်းစာ၊ ဂျာနယ်မဂ္ဂဇင်း အယ်ဒီတာများအဖွဲ့က သတင်းစာ အယ်ဒီတာ ၁၂ ဦးက ၁၂၉၈ ခု တန်ခူးလဆုတ် ၃ ရက်နေ့မှာ လက်မှတ်ရေးထိုးပြီး ထုတ်ပြန်ကြေညာခဲ့တာ အထင်အရှားပါပဲ။

အဲဒီ အယ်ဒီတာများ အဖွဲ့ရဲ့ အလုပ်အမှုဆောင်လူကြီး ငါးဦးကို ကြည့်ပါ။ လူညံ့တွေ ဟုတ် မဟုတ် ကြည့်ပါ။ ဦးဘချို (ဒီးဒုတ်ဂျာနယ်)၊ ဦးချစ်မောင် (မြန်မာ့အလင်း။ နောင် ဂျာနယ်ကျော်)၊ ဦးထွန်းသန်း (ဘားမားဂျာနယ်)၊ ဆရာကြီး မဟာဆွေ (ရဲသတင်းစာ) သခင် တင်မောင် (တို့ဗမာ သတင်းစဉ်)။

ပန်ကြားချက်ကို လက်မှတ်ရေးထိုးသူတွေက ဦးစိန်း (မြန်မာ့ အလင်း)၊ ဦးဘချို (ဒီးဒုတ်)၊ ဦးထွန်းသန်း (ဘားမားဂျာနယ်) (နောင် တိုးတက်ရေး)၊ ဦးစံသိန်း (ဈေးနှုန်း သတင်းစာ)၊ ဦးစိန်ညွှန့်၊ ဦးမောင်မြိုင် (ညနေသတင်းစာ)၊ ဦးအောင်မြင် (ဆယ်သန်းနောင် မြို့မမောင်၊ ရန်ကုန်သတင်းစာ)၊ ဆရာကြီးမဟာဆွေ (ရဲသတင်းစာ)၊ သခင်တင်မောင် (တို့ဗမာသတင်းစဉ်)၊ ဦးစိန် (တိုးတက်ရေး)၊ ဦးချစ်မောင် (မြန်မာ့အလင်း)၊ ဦးလှဘော (ဒဂုန်မဂ္ဂဇင်း)၊ ဦးခင်မောင် (ပြုပြင်ရေးမဂ္ဂဇင်း) တို့ ဖြစ်ပါတယ်။

. မလိုတမာ ပြောတဲ့လူက ဦးတည်ပြီး ပြောခဲ့တဲ့ စစ်ပြီးစကာလရဲ့မြန်မာ စာနယ်ဇင်း လောကကို ဦးဆောင်ခဲ့သူတွေကိုလည်း ကြည့်ပါဦး။

၁၉၄၆ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်မှာ စတင် တည်ထောင်ခဲ့တဲ့ မြန်မာနိုင်ငံ သတင်းစာ ဆရာအသင်း (BJA) မှာ အသင်းသား ၆၁ ယောက် ရှိခဲ့တယ်။ အမျိုးသမီး နှစ်ယောက် ပါဝင်ပါတယ်။ (ဘားမားဒိုင်ဂျက်စ်က ဒေါ်ခင်စီ၊ ရန်ကုန်ဂိုဇူးမှ မစ္စအယ်ကာ မူကာဂျီတို့ ဖြစ်ပါတယ်။

ပထမဆုံး မြန်မာနိုင်ငံ သတင်းစာဆရာအသင်းမှာ ဥက္ကဋ္ဌအဖြစ် သူရိယ ဦးဘကလေး။ အတွင်းရေးမှူးဦးဘသန်း။ ဒုတိယဥက္ကဋ္ဌ ဦးထွန်းဖေ (နောင်ထွန်း နေ့စဉ်)၊ ငွေထိန်း ဦးအုန်းခင် (ဗမာ့ခေတ်)၊ အမှုဆောင် လူကြီးများ သံအမတ်ကြီးဟောင်း ဦးတင့်ဆွေ၊ သံတော်ဆင့် ဦးသိမ်းမောင်၊ ဦးတင်မောင်(တို့ဗမာ)၊ မစ္စတာ အက်စ် ချက်တာဂျီ၊ မစ္စတာစီစုဘင်တို့ ဖြစ်ပါတယ်။

ဖော်ပြပါ အမည်စာရင်းတွေအပြင် ဆရာကြီး သခင်ကိုယ်တော် မှိုင်း။ လယ်တီ ပဏ္ဍိတဦးမောင်ကြီး။ ဘကြီးဘဘော၊ သူရိယဦးလှဖေ၊ ဆရာကြီးဦးပုံးချို၊ ဆရာကြီးပီမိုးနင်း၊ မော်တီဆရာသိန်းကြီး။ ဆရာကြီးရွှေဥဒေါင်း။ ဦးတုတ်ကြီး (သရာဇပါတီ)၊ လွယ်အိတ်ကြီး ဦးဘလှိုင်၊ သူကြီးဂေဇက်ဦးခင်မောင်၊ ဦးဘသိန်း။ ဦးအမ်ဘိုးချိန် (သမာဓိ)၊ ဦးပုကလေး (အစိုးရပြန်ကြားရေးဌာန)၊ ဦးစိန် (နှစ်ဖက်ချွန်)၊ ဂျွန်ဦးစော၊ ဦးဘဖေ (ဟံသာဝတီ) ဒဂုန်ခင်ခင်လေး။ အင်ဒီပင်းဒင့် ဒေါ်စန်း။ ဒေါ်မမခင် (M.Sc Chicago)၊ ဒေါ်ခင်မျိုးချစ် အိုးဝေ ဦးညိုမြ၊ မြန်မာ့အလင်းဦးစိန်း။ ရွှေစကြာ ဦးစိုးမြင့်၊ ဦးလှဖေဝင်း။ တောကသာခွန်း



ဦးသွင်)၊ ဆရာသင်၊ ဝန္တလဦးစိန်၊ ယောဂီဦးတင်၊ ဝန်ကြီးဟောင်း ဦးတင်၊ ဦးသန်းတင့် (ဆရာခုဝံ)၊ ဦးသိန်း (ဇဝန)၊ ဦးသောင်းညွှန့် (ရွှေပိန်သောင်း)၊ ဦးစောဦး (ဂုဏ်ရောင်)၊ ဦးထွန်းရှိန်၊ ဦးယုမောင် (ရန်ကုန်နေ့စဉ်)၊ ဦးဘနှင်း။ အိုင်စီအက်စ်ဦးကျော်မင်း။ ဦးလှထွန်းဖြူ (နောင် နိုင်ငံတော် ကောင်စီဝင်)၊ ဆရာကြီးဉာဏ၊ တိုးတက်ရေးဦးစိန် (ဦးပကျိုင်)၊ ဦးသိန်းဖေမြင့်၊ လူထုဦးလှ၊ လူထု ဒေါ်အမာ၊ သာဂရစိုး (မြန်မာ့အလင်း)၊ မြန်မာ့လမ်းစဉ်ဦးစိန်ဝင်း။ သိပ္ပံစိုးလှ၊ ဆရာမန်းတင်၊ ကေဦးခင်ဇော်၊ သခင်အုန်းမြင့် (တိုးတက် ရေး)၊ ဘားမင်း သတင်းစာထုတ်ခဲ့တဲ့ ဝတ်လုံ ဦးမေအောင် (နောင် ဒိုင်အာခီ ခေတ် ပြည်ထဲရေး ဝန်ကြီးဖြစ်ခဲ့သူ)၊ ဝတ်လုံဦးဘဒွန်း (Uncle Dunn)၊ ဧယျဂျာနယ် ထုတ်ခဲ့တဲ့ ဦးယော (ဆရာဧယျ)၊ ဘားမားအေဂ့်ဇားဗား သတင်းစာအယ်ဒီတာ လုပ်ခဲ့တဲ့ မြို့မကျောင်းအုပ်ကြီး ဦးဘလွင်၊ ဦးဒွေး။ သူကြီးဂေဇက် ဦးခင်မောင်၊ မောရိယ သတင်းစာထုတ်ခဲ့တဲ့ ဒေါက်တာဘမော်၊ အယ်ဒီတာ ဒဂုန်နတ်ရှင်၊ အယ်ဒီတာ ဦးလေးမောင်၊ နယူးဘားမား သတင်းစာကို ထုတ်ဝေခဲ့တဲ့ ဆရာဝန်ကြီး ဦးသိန်းမောင် (ဂျပန်ခေတ် ဂျပန်ပြည်ဆိုင်ရာ မြန်မာသံအမတ်ကြီး)၊ နယူးတိုင်း သတင်းစာကို ထုတ်ဝေခဲ့တဲ့ဝန်ကြီး ဦးတင်ထွဋ် (ဖုံးခွဲလုပ်ကြံခံရသူ)တို့ဟာ အဲဒီ လွတ်လပ်ရေး တိုက်ပွဲဝင်ခေတ်ရဲ့ စာနယ်ဇင်းသမားတွေပဲ ဖြစ်ပါတယ်။ အဲဒီထဲမှာ ပြည်သူ့အာဇာ ဂျာနယ်က လက်သံပြောင်ခဲ့တဲ့ သတင်းစာဆရာ နိုင်ငံရေးသမားတွေလည်း ပါတယ်။ ဒဂုန်မဂ္ဂဇင်းမှာ အခန်းဆက် ဆောင်းပါးတွေရေးခဲ့တဲ့ သခင်အောင်ဆန်းတို့၊ မြန်မာ့ အလင်းမှာ အယ်ဒီတာလုပ်ခဲ့တဲ့ သခင်ဗဟိန်းတို့လည်းပါတယ်။

ကျွန်တော်တို့ရဲ့ ရှေးရှေးက စာနယ်ဇင်းဆရာကြီးတွေဟာ ဘယ်လို ပုဂ္ဂိုလ်မျိုး တွေလဲဆိုတာ အခုကျွန်တော် အကြမ်းဖျင်းတင်ပြခဲ့တဲ့ အမည်စာရင်းတွေကို ကြည့်ရင်ပဲ ပေါ်လွင်နေပါပြီ။

ဒီပုဂ္ဂိုလ်တွေ အကြောင်းကိုသိလည်း မသိ၊ သိအောင်လည်း မကြိုးစား၊ စူးစမ်း လေ့လာခြင်းလည်း မရှိဘဲ၊ မြန်မာသတင်းစာဆရာတွေဟာ အရည်အချင်းမရှိတဲ့ လူညံ့တွေ၊ နိုင်ငံရေးသမားတွေကလည်း အလကားလူတွေဆိုပြီး သိမ်းကျုံးရမ်းကား သွားတာကို ကျွန်တော်ခံပြင်းတယ်။

ကိုယ့် ဘာသာတရားကိုတောင် ခြေစုံကန်သွားခဲ့တဲ့ ဇလောင်းဇလဲ လူတစ်ယောက် ပြောတဲ့စကားကို အလေးထားစရာ မလိုဘူးလို့ သဘောထားမယ်ဆိုရင်လည်း ဖြစ်ပါတယ်။ သို့ပေမယ့် ဒီနေ့ခေတ် ကျွန်တော်တို့ရဲ့ စာနယ်ဇင်းသမား ညီငယ် မငယ်လေးတွေ ဇဝေဇဝါ ဖြစ်ကုန်မှာစိုးလို့ ကျွန်တော် ခုလို ရေးသား ရှင်းလင်းရတာပါ။

အချုပ် ပြောချင်တာက ကျွန်တော်တို့ ဘိုးဘေး သတင်းစာ ဆရာကြီးတွေဟာ ဇလောင် လက်နက်ကို ကိုင်ဆွဲပြီး လွတ်လပ်ရေးတိုက်ပွဲမှာ ပါဝင်ခဲ့ကြတယ်။

ပြည်သူလူထုကို နားမျက်စိတွေ ပွင့်အောင် လုပ်ပေးခဲ့တယ်။ သူတို့တာဝန်ကျေခဲ့ကြတယ်။ သူတို့ဟာ လူညံ့တွေ မဟုတ်ကြပါဘူးဆိုတာပါပဲ။ *(မောင်ဝံသ၊ ရှာမှရှား။ စာ ၂၈၇-၂၉၀)*

အခုလည်း 'နောက်တစ်ခါ လာပြန်ပြီ'လို့ ပြောစရာ ဖြစ်အောင် မီဒီယာသမားတွေအပေါ် အထင်သေး အမြင်သေး ပြောသံဆိုသံ တချို့ကို ကြားလာရပြန်ပါတယ်။

ကျွန်တော်ကတော့ အဲသလို တရားလက်လွတ် ပြောတာမျိုးကို ဘယ်နည်းနဲ့မှ လက်ပိုက်ကြည့်မနေနိုင်ပါဘူး။ ရပ်တန်းကရပ်ဖို့ တောင်းဆိုရမှာပဲဗျ။

ကျွန်တော်တို့ တန်ဖိုးထားတဲ့ သတင်းမီဒီယာလောကကို နိုင်ငံတော် သမ္မတကြီးကိုယ်တိုင်က 'စတုတ္ထမဏ္ဍိုင်'အဖြစ် လေးလေးစားစား အသိအမှတ်ပြုထားတဲ့ ခေတ်အခါ ဖြစ်ပါတယ်။ စတုတ္ထမဏ္ဍိုင်ကို မထိပါးပါနဲ့။ စတုတ္ထမဏ္ဍိုင်ကို ထိပါးခြင်း စော်ကားခြင်းဟာ ပြည်သူ့အခွင့်အရေးကို အကာအကွယ်ပေးနေတဲ့ မဏ္ဍိုင်တစ်ခုကို ထိပါးစော်ကားခြင်းပဲဖြစ်တယ်လို့ ပြောချင်တယ်ဗျ။ စတုတ္ထမဏ္ဍိုင် အဖွဲ့သားတွေကလည်း မဏ္ဍိုင်ကြီး တစ်ခုအဖြစ် တည့်မတ်စွာ ရပ်တည်နိုင်အောင် မိမိတို့ကိုယ် မိမိတို့ ပျိုးထောင်နေကြတာပါပဲ။ ကျွန်တော်တို့ဟာ အာဏာရှိ အာဏာမဲ့ မည်သူ့ဘက်ကမှ မလိုက်ဘဲ အမှန်တရားတည်းဟူသော ဘက်တစ်ဘက်တည်း အပေါ်မှာသာ ရပ်သွားကြမှာ ဖြစ်တယ်ဗျာ။

ဒီဆောင်းပါးရေးတဲ့နေ့ဟာ နိုဝင်ဘာ ၁၆ ရက် ဖြစ်ပါတယ်။ ကုလသမဂ္ဂရဲ့ အထိမ်းအမှတ်နေ့များ စာရင်းကို ကြည့်လိုက်တော့ ဒီနေ့ဟာ 'အပြည်ပြည်ဆိုင်ရာ သည်းခံခြင်းနေ့'တဲ့ဗျာ။ ဒါကြောင့် ကျွန်တော့်စိတ်ထဲ ရှိသလောက် မရေးတော့ဘဲ သည်းခံစိတ်နဲ့ပဲ ဤမျှသာ ရေးလိုက်ပါတယ်။

ခုလောလောဆယ် ကျွန်တော် အတောင့်တဆုံးကတော့ ကျွန်တော်တို့ သတင်းမီဒီယာလောကရဲ့ ပိုင်ခွင့် (rights)နဲ့ တာဝန် (responsibilities)တွေကို တိတိပပ ဖော်ထုတ်ပေးပြီး သတင်း မီဒီယာလောကသားများရဲ့ ပိုင်ခွင့်များကို ဥပဒေအရ တိတိပပ အကာအကွယ်ပေးမယ့် 'မီဒီယာဥပဒေ' အမြန်ဆုံး ပေါ်ထွက်လာပြီး လွှတ်တော်က ပြဋ္ဌာန်းပေးဖို့ပဲ ဖြစ်ကြောင်းပါဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်**

*၁၆၊ နိုဝင်ဘာ၊ ၂၀၁၁။*

*အတွဲ ၂၊ အမှတ် ၇၀။*

○

# နိုင်ငံရေး မျိုးဆက် လက်ဆင့်ကမ်း

စင်ကာပူက ထုတ်လွှင့်တဲ့ CNA ရုပ်သံလိုင်းမှာ ဝန်ကြီးချုပ်ဟောင်းများကို ဂုဏ်ပြုတဲ့ အခမ်းအနား ကျင်းပတဲ့ သတင်းအစီအစဉ် ကြည့်လိုက်ရပါတယ်။ ၉၀ ကျော် အိုကြီးအိုမ လီကွမ်းယူကြီးဟာ ယဲ့ယဲ့ပဲရှိတော့ပါကလား။ ၇၀ ကျော် ဂိုချောက်တောင်ကတော့ မာတုန်း ချာတုန်းဗျ။ ကင်ဆာရောဂါ ကုသခဲ့ရတယ်ဆိုတဲ့ လက်ရှိဝန်ကြီးချုပ် လီရှောင်လွန်း ကြည့်ရတာလည်း ရှင်ရှင်လန်းလန်းပါပဲ။

## အိုနာသေခြင်း ရှောင်ကွင်းလို့မရ

သူတို့ကိုကြည့်ပြီး နိုင်ငံရေး ခေါင်းဆောင်မှုမှာ လူကြီးလူငယ် လက်ဆင့်ကမ်းခြင်း အရေးပါပုံကို တွေးမိတယ်ဗျာ။ လူဆိုတာ အိုခြင်း၊ နာခြင်း၊ သေခြင်းကို ဘယ်သူမှ ရှောင်ကွင်းလို့မရပါဘူး။ နိုင်ငံရေး ခေါင်းဆောင်တွေကကော ဘာသားနဲ့ထုထားတာမို့လဲ။ သူတို့တွေလည်း သူ့အချိန်နဲ့သူ အိုနာသေကြရမှာ မလွဲဘူး မဟုတ်လားဗျာ။

မိသားစု တစ်စုမှာတောင် မိသားစု စီမံကိန်းဆိုတာ ရှိတတ်ပါတယ်။ မိဘတွေက သားသမီးတွေရဲ့နောင်ရေးအတွက် အစီအစဉ်တွေ ချခဲ့ကြရတယ်။ မိသားစု စီးပွားရေးမှာ ဘယ်သူက ဘယ်အလုပ်ကို တာဝန်ယူစေသဖြင့် လေ့ကျင့် ပျိုးထောင်ပေးကြတယ်။

## နိုင်ငံရေးသမားတွေကို စောင့်ကြည့်

နိုင်ငံတစ်နိုင်ငံ အနေနဲ့ကျတော့ အတိုင်း အဆမရှိ တာဝန်ကြီးသွားပါပြီ။ အနောက်နိုင်ငံတွေက နိုင်ငံရေးသုတေသန ပညာရှင်တွေဟာ နိုင်ငံတစ်နိုင်ငံအကြောင်း လေ့လာပြီဆိုရင် အဲဒီနိုင်ငံထဲက အလားအလာရှိတဲ့ နိုင်ငံရေး ခေါင်းဆောင်တွေ နိုင်ငံရေး သမားတွေကို အာရုံစိုက် လေ့လာကြတယ်။ အလားတူပဲ သံရုံးတွေကလည်း မျက်စိဒေါက်ထောက် ကြည့်နေကြတယ်ဗျ။ နိုင်ငံရေးပါတီတွေ၊ နိုင်ငံရေးသမားတွေရဲ့ အရည်အချင်း၊ လူထုထောက်ခံမှု ဘယ်လောက်ရှိ၊ သူတို့တွေရဲ့ ပုဂ္ဂိုလ်ရေးသြဇာ၊ သူတို့တွေ ကိုင်စွဲတဲ့ အယူဝါဒ (ရှိခဲ့လျှင်ပေါ့)၊ နိုင်ငံရေး ရေခံမြေခံမှာ သူတို့ရဲ့အလားအလာ စတာတွေကို စောင့်ကြည့်အကဲခတ် နေကြတာထုံးစံပါ။

## လက်ဆင့်ကမ်းခြင်း စနစ်တကျ

အိန္ဒိယတို့ ဂျပန်တို့လို ဒီမိုကရေစီစနစ် အပြတ်အတောက်မရှိ တည်တံ့နေတဲ့ နိုင်ငံတွေမှာ ကွန်ဂရက်ပါတီ၊ လစ်ဘရယ် ဒီမိုကရက်တစ် (အယ်လ်ဒီပီ) ပါတီတို့လို သံမဏိ ရှည်ကြာတဲ့ ပါတီကြီးတွေဟာ နိုင်ငံရေးမျိုးဆက် လက်ဆင့်ကမ်းခြင်းကို စနစ်တကျ လုပ်ခဲ့ကြတာ လေ့လာဖူးပါတယ်။ ကွန်ဂရက်ပါတီကြီးဆိုရင် နေရူးရဲ့သမီး အင်ဒီရာဂန္ဒီ လက်ထက်မှာ နှစ်ခြမ်းကွဲဖူးတယ်။ သို့ပေမဲ့ အမြော်အမြင်ကြီးတဲ့ အိန္ဒိယနိုင်ငံရေး ခေါင်းဆောင်တွေက ပြန်လည်သင့်မြတ်ရေး လုပ်နိုင်ခဲ့ကြတယ်။ ဂျပန် အယ်လ်ဒီပီ ကျတော့ ပါတီတွင်းမှာ faction အုပ်စုတွေ အတိအလင်း ထူထောင်ခွင့် ပေးထား တယ်။ အဲဒီနည်းနဲ့ ပါတီ မကွဲဘဲ ခိုင်မြဲနေအောင် ကြိုးစားတယ်။

အယ်လ်ဒီပီနည်းဟာ အတုယူဖို့ ကောင်းတယ်။ ရွေးကောက်ပွဲတွေမှာ အယ်လ်ဒီပီ အမတ်လောင်းခွဲတမ်းကို ပါတီတွင်းအုပ်စုတွေက မျှမျှတတ ဝေခြမ်းယူကြတာဆိုတော့ မကျေနပ်လို့ တစ်သီးပုဂ္ဂလအဖြစ် ထွက်ပြိုင်တာမျိုး မရှိတော့ဘူး။

## ၉၀ ရွေးကောက်ပွဲတုန်းက

အဲသလို အဖြစ်မျိုးတွေ ၁၉၉၀ မြန်မာနိုင်ငံ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာ ဖြစ်ခဲ့ဖူးတယ်။ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် အမတ်လောင်းတွေ ရွေးချယ်တဲ့အခါ ဗဟိုကချပေးသူနဲ့ အခြေခံနယ်မြေက လျာထားသူ ကွဲလွဲတဲ့နေရာအချို့ ပေါ်ခဲ့တယ်။ အဲဒီအခါ နယ်မြေခံ ကေဒါက တစ်သီးပုဂ္ဂလအဖြစ် ခွဲထွက်ယှဉ်ပြိုင်ရင် ပြဿနာ ဖြစ်တော့တာပဲ။ ခမောက် အမှတ်အသားနဲ့ လာသူဆိုရင် လူကိုမကြည့်တော့ဘဲ မဲပေးမယ်ဆိုတဲ့ လူတွေရှိသလို ကိုယ့်နယ်မြေခံ ကေဒါကို သံယောဇဉ်နဲ့ မဲပေးမယ့် လူတွေလည်း အများကြီးရှိတာဆိုတော့ မဲတွေကွဲသွားပြီး ဖျံနှစ်ကောင် အငြင်းပွား ငါးကြင်းသား မြေခွေးချိုတဲ့ကိန်းဆိုက်တဲ့ နေရာဆိုက်၊ နယ်မြေခံ ကေဒါက နိုင်တဲ့ နေရာနိုင် ဖြစ်သွားတဲ့အခါ ဘယ်သူနစ်နာ သလဲဆိုတော့ ပင်မပါတီကြီးက နစ်နာရ တော့တာပေါ့။

## ခေါင်းဆောင်ပိုင်း အသက်အရွယ်

နှစ်သက်တမ်းရင့် နိုင်ငံရေး ပါတီတွေ ကြုံရလေ့ ရှိတာတွေထဲမှာ လူကြီးလူငယ် ပြဿနာ ပါပါတယ်။ အဲဒီပြဿနာကို ကွန်ဂရက် ပါတီနဲ့ အယ်လ်ဒီပီတို့ ကိုင်တွယ်ပုံက ပါတီခေါင်းဆောင်ပိုင်းမှာ လူကြီး (သက်ကြီး) တွေပါဝင်မှု အချိုးကို လျှော့ချပြီး လူလတ်ပိုင်းတွေကို များများထည့်တယ်။ အသက် ၃၅ နှစ်အောက် လူငယ်ဦးရေ ပါဝင်မှုကတော့ အနည်း ဆုံးပါ။ စင်ကာပူ ပြည်သူ့အက်ရှင် ပါတီကျတော့ လီကွမ်းယုတို့ ဂိုချောက်တောင်တို့လို သက်ကြီးခေါင်းဆောင်တွေက Mentors ဂုရုများအဖြစ်



ဦးဆောင်မှု ဆက်ပေးနေတယ်။ လီကွမ်းယုက အသက် ၄၀ ဝန်းကျင်အရွယ် နိုင်ငံရေး သမားတွေ များများ ဖော်ထုတ်ရမယ်လို့ မှာချပေး တယ်။ စနစ်တကျ သင်တန်းတွေပေးပြီး နိုင်ငံရေးသမားတွေ မွေးထုတ်ဖို့ လုပ်ခဲ့ ကြတယ်။

## အတိုက်အခံ အရည်အချင်း

လီကွမ်းယုက အတိုက်အခံ နိုင်ငံရေးသမားတွေထဲမှာလည်း အရည်အချင်း မြင့်မားတဲ့ နိုင်ငံရေးသမားတွေ တိုးပွား လာစေချင်တယ်လို့ မိန့်ခွန်း တစ်ခုမှာ ပြောဖူးတယ်။ လူကြား ကောင်းအောင် ပြောတယ်ပဲ ထားဦး။ အဲဒါ အလွန်မှ မှန်ကန်သင့်မြတ်တဲ့ သဘောထား ဖြစ်ပါတယ်။ သူက ပွင့်ပွင့်လင်းလင်း ပြောတယ်။ သူတို့ရဲ့ပြည်သူ့အက်ရှင် ပါတီက ကာလရှည်ကြာ အာဏာရပါတီ ဖြစ်နေတော့ နိုင်ငံရေးလုပ်မယ့် ရှေ့နေ အင်ဂျင်နီယာ၊ ဆရာဝန် စတဲ့ ပညာတတ်တွေ၊ စီးပွားရေးအမြင် ရှိသူတွေ၊ အုပ်ချုပ်ရေး အတွေ့အကြုံရှိသူတွေဟာ အာဏာရပါတီကိုပဲ ဝင်လုပ်နေ ကြတယ်တဲ့။ တကယ်ကတော့ အတိုက်အခံ ပါတီတွေမှာလည်း ထူးချွန်သူတွေ ရှိနေသင့်တယ်လို့ ပြောသွားတာပါ။

## ၆၀ ကျော်မှ ၈၈ ကျော်သို့

ကျွန်တော်တို့ဆီမှာလည်း အထက်ဖော်ပြပါ ကိစ္စရပ်တွေကို နိုင်ငံရေးသမားများ ချင့်စားမိကြမယ် ထင်ပါတယ်။ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ဆိုရင် အသက် ၆၀ ဝန်းကျင်လောက်က ပါတီကို ဦးဆောင်မှု ပေးခဲ့ကြသူတွေဟာ အခုဆို ၈၀ ကျော်ကုန်ကြပြီ။ ပါတီ ပြန်လည်ဖွဲ့စည်းရေးလုပ်ရင် သူတို့ဟာ ဂုဏ်သိက္ခာရှိတဲ့ အနေအထားနဲ့ ဦးဆောင်မှု အပိုင်းမှာ ဆက်လက်ပါဝင်နေကြမယ်လို့ ကျွန်တော်မျှော်လင့်တယ်။ executive လုပ်ငန်းတွေကို မလုပ်နိုင်တော့ရင်တောင် နာယကများ Council of Elders အနေနဲ့ မျိုးဆက် လက်ဆင့်ကမ်းနိုင်ပါလိမ့်မယ်။

မျိုးဆက်သစ် နိုင်ငံရေးသမားတွေဟာ စနစ်တကျ သင်တန်းများ တက်ခြင်းဖြင့် နိုင်ငံရေးပညာ ဆည်းပူးနိုင်ကြပါတယ်။ သို့ပေမဲ့ မြန်မာပြည်နိုင်ငံရေးက 'စာတွေ့' ထက် 'ငါတွေ့'ကို ပိုပြီး လေ့လာဖို့ လိုနေပါတယ်။ သက်ကြီးစကား သက်ငယ်ကြား ဆိုတာ နိုင်ငံရေးမှာ အမှန်တကယ်လိုအပ်ပါတယ်။ အတွေ့အကြုံ ရင့်ကျက်သူတွေဆီက သူတို့ရဲ့ဖြတ်သန်းမှုတွေကို နားထောင် မှတ်သား တိုက်ဆိုင်စစ်ဆေးပြီး မှတ်ကျောက်မှာ တင်ပြီးမှ သင်ခန်းစာ ထုတ်ယူရမည် ဖြစ်ကြောင်းပါဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်**

*၂၂ နိုဝင်ဘာ၊ ၂၀၁၁။*

*တွဲ ၂ အမှတ် ၇၁။*

၀

## ကြား ရွေးကောက်ပွဲ ဘယ်လောက်အရေးကြီးလဲ

နယ်စပ်ဒေသတွေမှာ သေနတ်သံတွေ မစဲသေးတဲ့ပြဿနာ၊ နေရာအချို့မှာ တိုင်းရင်းသား လူမျိုးစုဝင်တွေရဲ့ လူ့အခွင့်အရေးတွေ ဆက်လက် ချိုးဖောက်ခံနေကြရဆဲ ဖြစ်တယ်ဆိုတဲ့ ပြောဆိုမှုတွေနဲ့ ယုံကြည်ချက်ကြောင့် အကျဉ်းချခံထားကြရသူတွေ ထောင်တွေထဲမှာ ဆက်ရှိနေသေးတဲ့ပြဿနာတွေ ပြေလည်မသွားသေးပေမယ့် ၂၀၁၄ မှာ မြန်မာနိုင်ငံကို အဖွဲ့ရဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ယူခွင့်ပြုဖို့ အာဆီယံအဖွဲ့ဝင် နိုင်ငံအကြီးအကဲတွေက တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြမှု၊ ပါတီမှတ်ပုံတင်ဖို့နဲ့ ရွေးကောက်ပွဲဝင်ဖို့ NLD ဒီချုပ် ဗဟိုဦးစီးအဖွဲ့ဝင်တွေက ကန့်ကွက်သူမရှိ ဆုံးဖြတ်ခဲ့ကြမှုတို့နဲ့ အတူ မြန်မာနိုင်ငံဟာ ဒီမိုကရေစီ ထွန်းကားရေးခရီးစဉ်မှာ ထူးခြားအရေးကြီးတဲ့ အဆင့်သစ်တစ်ခုသို့ တက်လှမ်းနိုင်ခဲ့ပြီ ဖြစ်တယ်လို့ မြန်မာပြည်သူများက ယုံကြည်နေကြတယ်ဗျ။

### ဘယ်လောက် လွတ်လပ် မျှတမလဲ

ဒီအချိန်မှာ နိုင်ငံရေးစိတ်ဝင်စားသူတွေ လတ်တလော ဆွေးနွေး ငြင်းခုံနေကြတာကတော့ ဘယ်အချိန်ကျင်းပမယ်လို့ မကြေညာသေးပေမယ့် မလွဲမသွေ ကျင်းပရမှာဖြစ်တဲ့ ကြားဖြတ် ရွေးကောက်ပွဲဟာ ဘယ်လောက်လွတ်လပ်ပြီး တရားမျှတမှုရှိမလဲဆိုတဲ့ ကိစ္စဖြစ်တယ်ဗျ။

ပြီးခဲ့တဲ့နှစ် နိုဝင်ဘာလအတွင်း ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲကတော့ လွတ်လပ် တရားမျှတမှုနဲ့ စပ်လျဉ်းလို့ ယုံကြည်အားထား လောက်ဖွယ်ရှိမှု (credibility) နဲ့



...သက်ပြီး ဝေဖန်ပြစ်တင် ပြောဆိုမှုတွေ အတော်များများရှိခဲ့တာ မငြင်းနိုင်ဘူးဗျာ။ ...ဆက်ပိုင်းမှာ တိုင်ကြားကန့်ကွက်မှုအတွက် တင်ရမယ့် စပေါ်ငွေပမာဏနဲ့ 'ကန့်ကွက် ...ည်း ရှုံးမှာပါပဲ' ဆိုတဲ့ မျှော်လင့်ချက်ကင်းခဲ့တဲ့ ခံစားချက်တွေကြောင့် ကန့်ကွက် ...ိုင်ကြားမှု မဆိုစလောက်သာ ရှိခဲ့ပေမယ့် မဲမသမာမှုတွေ တစ်ပြည်လုံးက မဲဆန္ဒနယ် ...များစုမှာ ရှိခဲ့တယ်ဆိုတဲ့ သတင်းတွေကတော့ နားလျှံအောင် ကြားခဲ့ကြ ရတယ်ဗျာ။ ...အပြင် အစိုးရသစ် ပေါ်ပေါက်လာပြီးတဲ့နောက်မှာ အစိုးရသစ်ရဲ့ ခေါင်းဆောင် ...ိုယ်တိုင်က နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းမှာ အရေးပါ သူတစ်ဦးအဖြစ် ...ယူတွေဆုံခဲ့ရတဲ့ ဒေါ်အောင်ဆန်းစုကြည်က အိမ်အကျယ်ချုပ်ကျခံနေရပြီး သူ ...ဆောင်တဲ့ ဒီချုပ်ကလည်း နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခြင်းမပြု၊ ရွေးကောက် ...မှာလည်း ပါဝင်ယှဉ်ပြိုင်ခြင်းမပြုခဲ့တဲ့ အခြေအနေဟာ နိုင်ငံတကာ အသိုင်း အဝိုင်းရဲ့ ...မြင်မှာ အဲဒီရွေးကောက်ပွဲရဲ့ တရားဝင်မှု မဝင်မှုအပေါ် ကြီးကြီးမားမား သက်ရောက်ခဲ့တာ ...ည်း ဖြစ်တယ်ဗျ။

### ...လို နှတ်လို ရွေးကောက်ပွဲ မျှော်လင့်

...တော့ အဲဒီအနေအထားတွေကို အသိအမှတ်ပြုလိုက်ပြီဖြစ်ပုံရတဲ့ နိုင်ငံတော်အစိုးရက ...ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ပါတီ တရားဝင် ရပ်တည်နိုင်ခွင့်ရှိစေမယ့် ဥပဒေ ...ိုင်ရာ ပြင်ဆင်ပြောင်းလဲမှုတွေ ပြုလုပ်ပေးလိုက်ပြီဖြစ်သလို ဒေါ်အောင်ဆန်းစုကြည်ရဲ့ ...ပါတီ ကလည်း အစိုးရရဲ့လုပ်ဆောင်ချက်တွေအပေါ် အပြုသဘောတုံ့ပြန်တဲ့ အနေနဲ့ ...ပါတီကိုမှတ်ပုံတင်ခဲ့ပြီး ရွေးကောက်ပွဲမှာလည်း ပါဝင်ယှဉ်ပြိုင်ဖို့ ပြင်ဆင်နေပြီမို့ ...ကြာမီကျင်းပမယ့် ကြားဖြတ် ရွေးကောက်ပွဲဟာ ၂၀၁၀ ရွေးကောက်ပွဲထက် ...အများကြီးပိုပြီး လူရှိသေရှင်ရိုသေ ဖြစ်လာဖို့ ပုံရိပ်အများကြီး ပိုကောင်းလာဖို့ ရှိနေတဲ့ 'သူလိုနှတ်လို' ရွေးကောက်ပွဲ ဖြစ်လာလိမ့်မယ်လို့ မျှော်လင့်နိုင်တယ်ဗျ။

### အရေးကြီးတဲ့ စမ်းသပ် စစ်ဆေးမှု

အဲဒီကြားဖြတ် ရွေးကောက်ပွဲဟာ တစ်ပြည်လုံး အတိုင်းအတာနဲ့ နှိုင်းယှဉ်ရင် မဆ ...လောက်သာရှိတဲ့ မဲဆန္ဒနယ်မြေများအတွက်သာ ယှဉ်ပြိုင်ကြမယ့် ရွေးကောက်ပွဲ ဖြစ်တာကြောင့် ဒီရွေးကောက်ပွဲ လွတ်လပ်တရားမျှတမှု ရှိခဲ့မယ်ဆိုရင်လည်း အဲဒီ အချက်ကို ကြည့်ပြီး ၂၀၁၅ မှာ ကျင်းပဖွယ်ရှိတဲ့ အထွေထွေ ရွေးကောက်ပွဲ လွတ်လပ် တရားမျှတလိမ့်မယ်လို့ သေချာပေါက် မပြောနိုင်ပေမယ့် အဲဒီကြားဖြတ် ရွေးကောက်ပွဲ လွတ်လပ်တရားမျှတမှု ရှိ၊မရှိဆိုတဲ့ အချက်က ၂၀၁၀ ရွေးကောက်ပွဲပြီးတဲ့နောက် အများ အံ့သြလောက်စရာ အကောင်းဘက်ကို ဦးတည်တဲ့ အပြောင်းအလဲတချို့

လုပ်ဆောင်ခဲ့တဲ့ သမ္မတကြီး ဦးသိန်းစိန်အစိုးရရဲ့ ဒီမိုကရေစီ ကတိကဝတ်တွေ အတွက် အရေးကြီးတဲ့ စမ်းသပ်စစ်ဆေးမှုတစ်ခု ဖြစ်လာမှာကတော့ အသေအချာပဲဗျ။

## ဟိုပါတီ ဒီပါတီ အနိုင်ရရေးမဟုတ်

ဒီနေရာမှာ ပါတီသစ်အဖြစ် ပြန်လည် မှတ်ပုံတင်ခဲ့တဲ့ ပါတီကြီး သူပါဝင်ယှဉ်ပြိုင်တဲ့ မဲဆန္ဒနယ်တိုင်းမှာ အနိုင်ရမှ အဲဒီရွေးကောက်ပွဲဟာ လွတ်လပ်တရားမျှတမှုရှိတဲ့ ရွေးကောက်ပွဲဖြစ်မှာ ဖြစ်တယ်လို့ ပြောကြမှာ မဟုတ်တာကတော့ ရှင်းတယ်ဗျ။ ကျွန်တော်တို့ လိုချင် တာက ဟိုပါတီ ဒီပါတီ အနိုင်ရရေး မဟုတ်ဘူးဗျာ။ လွတ်လပ် တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ရေးပဲဖြစ်တယ်ဗျ။ ၁၉၉၀ ရွေး ကောက်ပွဲတုန်းကလည်း နေရာအများစု ရှုံးနိမ့်သွားခဲ့တဲ့ အစိုးရတစ်ဖြစ်လဲ ပါတီကြီးအပါအဝင် ပြည်တွင်းပြည်ပ ဘယ်သူကမှ အဲဒီရွေး ကောက်ပွဲကို လွတ်လပ်တရားမျှတမှုမရှိတဲ့ ရွေးကောက်ပွဲလို့ မသတ်မှတ်ခဲ့ကြဘူး။ ကျွန်တော်တို့ ပြည်သူတွေလိုချင်တာ အဲသလို ရွေးကောက်ပွဲမျိုး ဖြစ်တယ်ဗျ။

## ကြိုတင်မဲ ပြဿနာ တက်လာဦးမယ်ဆိုရင်

ကျွန်တော်က ပြည်သူတွေကြားထဲမှာ နေထိုင်သွားလာလှုပ်ရှားပြီး ပြည်သူတွေ အသံကို မပြတ်ကြားနေရသူဖြစ်တာကြောင့် ပွင့်ပွင့်လင်းလင်း ပြောရရင် ၂၀၁၀ ရွေးကောက်ပွဲအပေါ် ပြည်သူတွေရဲ့ စိတ်ဝင်စားမှုက သိပ်ရှိခဲ့ကြတာ မဟုတ်ဘူးဆိုတာ သိနေတယ်ဗျ။ ဒါပေမဲ့ အခုကျင်းပမယ့် ကြားဖြတ်ရွေးကောက်ပွဲမှာတော့ အဲသလိုမဟုတ်မှာ သေချာ နေတယ်ဗျာ။ ဒါကြောင့် ကြိုတင်မဲတို့ ဘာတို့ဆိုတဲ့ ပြဿနာတွေ တက်လာဦးမယ် ဆိုရင် အမိုက်ကာစ ပြာသာဒ် မီးလောင်သွားနိုင်တဲ့ အန္တရာယ်ရှိနေတယ်ဗျ။ ၂၀၁၀ တုန်းက နိုင်ငံရေးပါတီ အတော်များများဟာ ရွေးကောက်ပွဲကို ဖုတ်ပူမီးတိုက် ဝင်ခဲ့ကြ ရတာဖြစ်ပြီး မဲရုံတိုင်းမှာ မဲရုံကိုယ်စားလှယ်တောင် မထားနိုင်တဲ့ အမတ်လောင်းတွေက အများစုဖြစ်ခဲ့တယ်ဗျ။

## ဂုဏ်သိက္ခာ စွန်းထင်းမှာ စိုးရိမ်

သမ္မတကြီး ဦးသိန်းစိန်ဦးဆောင်တဲ့ လက်ရှိ နိုင်ငံတော်အစိုးရဟာ ဒီမိုကရေစီသို့ အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်ကို တာဝန်ယူ ဆောင်ရွက်နေတဲ့ အစိုးရဖြစ်တယ်လို့ ယုံကြည်လောက်စရာ အကြောင်းတွေ ရှိနေတာကြောင့် ဒီလိုမျိုး အစိုးရတစ်ရပ်ရဲ့ အမည် ဂုဏ်သတင်းကို ထိခိုက်စေမယ့် အဖြစ်အပျက်တွေ ဖြစ်ပျက်လာမှာ ကိုတော့ ကျွန်တော်တို့ စိုးရိမ်ပူပန်မိတာ အမှန်ပဲဗျ။ အကြောင်းကတော့ ဒီမိုကရေစီကို



ဆောင်နေပုံရတဲ့ အစိုးရတစ်ရပ်ရဲ့ ဂုဏ်သိက္ခာပေါ်က အစွန်းအထင်းဆိုတာ ကျွန်တော်တို့ နိုင်ငံရဲ့ ဒီမိုကရေစီ ကောင်းကင်ယံက တိမ်ညိုတိမ်မည်းတွေလို့ အဓိပ္ပာယ် တာကြောင့်လည်း ဖြစ်တယ်ဗျ။

## မျက်တောင်မခတ် စောင့်ကြည့်မယ်

ဒါကြောင့် သမ္မတကြီး ဦးသိန်းစိန်အစိုးရရဲ့ ဒီမိုကရေစီ ကတိကဝတ်တွေအတွက် အရေးပါတဲ့ စမ်းသပ်စစ်ဆေးမှုတစ်ခုဖြစ်လာမယ့် ကြားဖြတ် ရွေးကောက်ပွဲ ဘယ်လို ပုံမျိုးနဲ့ ပြီးစီးသွားမလဲဆိုတာကို ကျွန်တော်တို့ ပြည်သူအားလုံးဟာ စိတ်ဝင်တစား မျက်တောင်မခတ် စောင့်ကြည့်နေကြမှာ ဖြစ်ကြောင်းပါဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်**
၂၉၊ နိုဝင်ဘာ၊ ၂၀၁၁။
တွဲ ၂ အမှတ် ၇၂။

○

# အိုင်ဒီယော်လော်ဂျီ မရှိဘူး ရှိတယ်

မြန်မာပြည်က နိုင်ငံရေးပါတီတွေ တစ်ခုနဲ့တစ်ခု အိုင်ဒီယော်လော်ဂျီ ဘယ်လို ကွဲပြားသလဲ၊ ဘယ်အိုင်ဒီယော်လော်ဂျီကို လက်ခံတာများသလဲစတဲ့ မေးခွန်းတွေကို နိုင်ငံခြားသား မိတ်ဆွေတချို့က မေးလာတဲ့အခါ ကျွန်တော် အတော်ဖြေရကျပ်တယ်။

ဘာကြောင့်ဆိုတော့ လက်ရှိမြန်မာနိုင်ငံရေးပါတီတွေထဲမှာ ဘယ်သဘောတရားကို ခံယူကျင့်သုံးပါတယ်လို့ ဂယနဏ ကြေညာတဲ့ပါတီ အတော်နည်းပါတယ်။ ဟိုးအရင်ကတော့ ကွန်မြူနစ်၊ ဆိုရှယ်လစ်၊ ဆိုရှယ်ဒီမိုကရက်၊ ဖေဘီယန်၊ လစ်ဘရယ်၊ လစ်ဘရယ်ဒီမိုကရက်၊ ဖက်ဆစ်နဲ့ အမျိုးသားရေး ဝါဒစသဖြင့် အယူဝါဒ သဘောတရားတွေကို သန်ရာသန်ရာ လက်ခံခဲ့ကြတယ်။

၁၉၆၂ ခုနှစ်မှာ ဗိုလ်ချုပ်နေဝင်း အာဏာသိမ်းပြီးတဲ့နောက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ တည်ထောင်တဲ့အခါ အခြားဆိုရှယ်လစ်များနဲ့ တစ်မူကွဲပြားစေဖို့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်လို့ ကြေညာတယ်။ သဘောတရားခံယူချက်အဖြစ် လူနှင့်ပတ်ဝန်းကျင်တို့၏ အညမည သဘောတရားဆိုတာကို စီမံဖော်စပ်ပြီး ပါတီရဲ့လမ်းညွှန်သဘောတရားအဖြစ် ထုတ်ပြန် ကြေညာတယ်။

မြန်မာနိုင်ငံမှာ ပထမဆုံးအာဏာရ နိုင်ငံရေးအဖွဲ့အစည်းကြီး ဖြစ်တဲ့ ဖဆပလအဖွဲ့ချုပ်ရဲ့ နိုင်ငံရေး အယူဝါဒဟာ ဆိုရှယ်လစ်ဝါဒ ဖြစ်ပါတယ်။ ဆိုရှယ်လစ်ဝါဒဂိုဏ်းဂဏများစွာအနက် ဒီမိုကရက်တစ် ဆိုရှယ်လစ် (ဝါ) ဆိုရှယ် ဒီမိုကရက်ဝါဒကို ဦးဗဆွေ၊ ဦးကျော်ငြိမ်းတို့က နှစ်သက်လက်ခံတယ်။ ကမ္ဘာမှာ ဘယ်သူတွေနဲ့ နီးစပ်သလဲ



…ကမနီက ဗီလီဘရန့်တို့နဲ့ နီးစပ်တယ်။ သဘောကတော့ ကုန်ထုတ် လုပ်ငန်းတွေကို …မသိမ်းဘဲ ပုဂ္ဂလိကများကို အစိုးရထိန်းချုပ်မှုနဲ့ လုပ်ကိုင်ခွင့်ပေးတာ ဖြစ်ပါတယ်။

…မာပြည် ကွန်မြူနစ်ပါတီကတော့ မာ့ခ်စ်လီနင်ဝါဒကိုပဲ လက်ခံတယ်။ ယခင် …ကဲအုပ်စုဝင် နိုင်ငံများ၊ ကျူးဘား၊ ဗီယက်နမ်နဲ့ မြောက်ကိုရီးယားတို့လို ပါတီ…ကိုင်မှုနဲ့ ဦးဆောင်သွားရတဲ့ စနစ်ပါ။

ကွန်မြူနစ်ပါတီကို ဖဆပလက ထုတ်ပယ်လိုက်ပြီးနောက် ဖဆပလရဲ့ အဓိက …ကိုင်ပါတီဟာ ဆိုရှယ်လစ်ပါတီ ဖြစ်သွားတယ်။ သူတို့ကို လက်ယာ ဆိုရှယ်လစ်တွေလို့ …ပါတယ်။ ဆိုရှယ်လစ် ပါတီမှာ ဦးကျော်ငြိမ်း၊ ဦးဗဆွေတို့လို လက်ယာဆိုရှယ်လစ်တွေက …နေချိန်မှာ ဒုတိယတန်း ခေါင်းဆောင်စုထဲက လက်ဝဲ ဆိုရှယ်လစ်တွေဖြစ်တဲ့ …မောင်၊ သခင်လွင်၊ သခင်လှကျော်တို့က ခွဲထွက်ပြီး အလုပ်သမား လယ်သမားပါတီ …ထောင်တယ်။ နောင်အခါ သူတို့ကို ဆိုရှယ်နီတွေလို့ ခေါ်ပါတယ်။ ဆိုရှယ်လစ် …တွေဆိုတဲ့ အဓိပ္ပာယ်ကို ပေါ်အောင် သတင်းစာတွေက ပေးခဲ့တဲ့ နာမည်ပါ။

ဖဆပလထဲမှာ ကျန်ခဲ့တဲ့ အင်အားစုတွေအနက် လက်ယာ ဆိုရှယ်လစ်တွေနဲ့ …ခေါင်းဆောင်တဲ့ အပျော့စားဆိုရှယ်လစ်တွေနဲ့ ကွဲကြပြန်တယ်။ (ဦးနုဟာ စစ်ကြို …က ဖေဘီယန် ဆိုရှယ်လစ် ဖြစ်ခဲ့ဖူးတယ်။ ထိုစဉ်က နု-တင်အဖြစ် ဦးနုနဲ့ …တွဲတည်းရှိခဲ့တဲ့ သခင်တင်က ဗိုလ်ချုပ်နေဝင်း အာဏာသိမ်းထားတဲ့ခေတ်မှာ '…တက်သော ဆိုရှယ်လစ်ဝါဒ' ဆိုတဲ့ သူကိုယ်ပိုင် ဆိုရှယ်လစ် သဘောတရား …ကျမ်းတစ်စောင် ရေးခဲ့သေးတယ်။)

ဖဆပလ အဖွဲ့တွင်းအကွဲကို ပါလီမန်မှာ မဲခွဲပြီး အဆုံးအဖြတ် ပေးခဲ့ပါတယ်။ …ငြိမ်းက နုတင်ကို အယုံအကြည်မရှိ အဆိုတင်ပြီး မဲခွဲတဲ့အခါ ပမညတခေါ် ဆိုရှယ်နီ …က အပျော့စား ဆိုရှယ်လစ်၊ ဦးနုကို ထောက်ခံမဲပေးခဲ့ကြတယ်။ သူတို့ဟာ သဘော…ရေး ခံယူချက်နဲ့ ဦးနုကို ထောက်ခံမဲပေးတာထက် သူတို့အပေါ် ဗိုလ်ကျခဲ့တဲ့ …ငြိမ်းကို လက်စားချေချင်တာနဲ့ ဦးနုဘက်က ရပ်ခဲ့ကြတာလို့ ရှုမြင်သူတွေရှိပါတယ်။

အဲဒီဖြစ်ရပ်မှာ ဦးနုဟာ ကွန်မြူနစ်တွေရဲ့ ထောက်ခံမဲနဲ့ အနိုင်ယူသွားတယ်ဆိုပြီး …ငြိမ်းက စွပ်စွဲတယ်။ (သူတို့က ဆိုရှယ်နီတွေကို ကွန်မြူနစ်တွေလို့ စွပ်စွဲတတ်တယ်။) …နောက် ဆွေငြိမ်းတွေ ရှုံးနိမ့်တာကို မခံမရပ်နိုင်ဖြစ်တဲ့ စစ်တပ်ကဝင်လာတော့တယ်။ …ကို အကျပ်ကိုင်ပြီး အာဏာလွှဲခိုင်းတယ်။ သည်လိုနဲ့ အိမ်စောင့် အစိုးရအသွင်နဲ့ …အာဏာသိမ်း စစ်ခေါင်းဆောင်များက တိုင်းပြည်ကို အုပ်ချုပ်ခဲ့တော့တာပါပဲ။ သူတို့မှာ …တန်းက သဘောတရားမရှိဘူး။ ငါးပွက်ရာ ငါးစာချပြီး ပြုပြင်ရေးတွေချည်း …ကြပါတယ်။ ၁၉၆၂ ဒုတိယအကြိမ် အာဏာယူတော့မှ အညမည သဘောတရားနဲ့ …ဆိုရှယ်လစ်လမ်းစဉ် ပေါ်လာတာ ဖြစ်ပါတယ်။

ဒီဘက်ခေတ်မှာ သဘောတရားဆိုတာ အရေးမပါတော့တာတော့ အမှန်ပဲ ဖရန့်စစ်ဖူကူးယားမတို့လို ပုဂ္ဂိုလ်တွေကတောင် အိုင်ဒီယော်လော်ဂျီခေတ် ကုန်ပြီလို့ ပြောခဲ့တယ် မဟုတ်လား။ ဒီနေ့ခေတ်ကြီးမှာ အိုင်ဒီယော်လော်ဂျီတွေနဲ့ အလုပ်လုပ်လို့ မရတော့ဘူး။ အသစ်အသစ် ဖြစ်ပေါ်တိုးတက်မှုတွေကို မျက်ခြည်မပြတ် လေ့လာ အမီလိုက်ပြီး နေသွားကြရမတဲ့။ ဟိုကွေ့ရောက် ဟိုတက်နဲ့လော့၊ ဒီကွေ့ရောက် ဒီတက်နဲ့လော့ဆိုတဲ့ လက်တွေ့အကျိုးမျှော် ဝါဒ (pragmatism) ကို အားပေးလာကြတယ်။ လက်တွေ့နိုင်ငံရေး (real politics) သဘောတရားကို သဘောတရားမှန်း လက်မခံဘဲ ရှုပ်ထွေးနေသူတွေလည်း ရှိပါတယ်။

အိုစမာဘင်လာဒင်ရဲ့နောက်လိုက် တပည့်တွေဟာ အဲသလိုပဲ သူတို့ကို သဘော တရားတွေ သွတ်သွင်းပေးနေမှန်း မသိဘဲ လက်ခံခဲ့ကြရတာဖြစ်တယ်။ အဲသလို လူတွေဟာ အကြမ်းဖက် မျိုးဆက်သစ်တွေအဖြစ် ရှင်သန်နေကြတာပဲ။

အကြမ်းဖက်မှုတွေကို တားဆီးဖို့ အမေရိကန် အပါအဝင် အင်အားကြီးနိုင်ငံတွေ လုံခြုံရေး အစီအစဉ်တွေ တင်းကျပ်သထက် တင်းကျပ်ပြီး ကာကွယ်နေကြတယ်။ ဒါပေမဲ့ အိုစမာဘင်လာဒင်ကိုတောင် ၁၀ နှစ်ကြာမှ အသေမိခဲ့တယ်။ အမေရိကန်တွေ အကြမ်းဖက်သမားတွေကို ချေမှုန်းပစ်ရမယ်လို့သာ ပြောနေတာ၊ တကယ်တမ်းကျတော့ မချေမှုန်းနိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ အကြမ်းဖက်သမားတွေက သဘောတရား တပ်ဆင်ထားတာ ဖြစ်တယ်။ သဘောတရားကို သဘောတရားနဲ့ပဲ ချေဖျက်ရမှာ တစ်ပွဲတိုး ချေမှုန်းရေးလုပ်ရုံနဲ့ အမြစ်မပြတ်နိုင်ပါဘူး။

ကမ္ဘာကျော် ပညာရှင်တွေက အိုင်ဒီယော်လော်ဂျီခေတ် ကုန်ပြီလို့ ပြောတယ်ဆိုတိုင်း ကျွန်တော်တို့ ခေါင်းညိတ်ရမှာလား။ ကျွန်တော်ကတော့ နေရာတကာမှာ အိုင်ဒီယော် လော်ဂျီ မပါဘဲ လုပ်လို့မရဘူးလို့ ယုံကြည်တယ်။ အခုပဲကြည့်ပါ။ အိုစမာဘင်လာဒင် စတင် လှုပ်ရှားစဉ်က  သူတို့နောက်လိုက်တွေကို တာလီဘန်တွေ လက်ထက် အာဖဂန်နစ္စတန်မှာ သင်တန်းတွေပေးခဲ့တယ်။ ဘာသောတရားလက်နက် တပ်ဆင်ပေးခဲ့တာ ဖြစ်ပါတယ်။ ဘာသဘော တရားလဲဆိုတော့ မြင့်မြတ်သော သေခြင်းဖြင့် အသေ ခွန့်ထုံ့တယ်ဆိုတဲ့ ခံယူချက်ကို ရင်ထဲအသည်းထဲက ယုံကြည်လာအောင် သွတ်သွင်းပေးတာ ဖြစ်ပါတယ်။ သူတို့ သွတ်သွင်းထားတဲ့ ယုံကြည် ချက်အတွက် အသေခံလှုပ်ရှားနိုင်းတာ တစ်ယူသန်ဘာသာရေး မှိုင်းတိုက်တာဟာ သဘောတရား တပ်ဆင်ပေးတာပဲပေါ့။

အဲဒီတော့ ဒီသဘောတရားကို ဘယ်သဘောတရားမျိုးနဲ့ ချေဖျက်မလဲ ဆိုတာ မကြိုးစားခင် သူတို့ သွတ်သွင်းခံရတဲ့ သဘောတရားဟာ မှားယွင်းနေတယ် ဆိုတာ အသေခံဖို့ အသင့်ဖြစ်နေတဲ့ စစ်သွေးကြွလေးတွေ အမြင်မှန်ရအောင် လုပ်ပေးရပါတယ်။

ဗုံးခွဲပြီး လူတွေ သေအောင် လုပ်တာဟာ ပြဿနာဖြေရှင်းတဲ့ နည်းလမ်းမဟုတ်ဘူး ဆိုတာကို သူတို့ ကိုးကွယ်တဲ့ အယူဝါဒဆိုင်ရာ ခေါင်းဆောင်တွေ ကိုယ်တိုင်



...ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် ပြောပြကြတယ်။ အပြစ်မဲ့တဲ့ လူတွေကို ...ရုံနဲ့လည်း သူတို့ မုန်းတီးတဲ့ နယ်ချဲ့နိုင်ငံကြီးတွေ ဘာမှလှုပ်လာမှာ မဟုတ်ဘူး ...တာ အသိတရား ဝင်လာအောင် လုပ်ရပါတယ်။

အဲဒီနောက် အရေးကြီးတဲ့အချက်ကတော့ မှိုင်းတိုက်ခံထားရတဲ့ အယူဝါဒမှာ ကြွင်း ...တာကတော့ ဟုတ်ပါပြီ။ မှန်တဲ့ အိုင်ဒီယော်လော်ဂျီ ဘာလဲဆိုတာကို ပြဖို့လည်း ...မယ်။

မှန်တဲ့ အိုင်ဒီယော်လော်ဂျီကတော့ သူတို့ကိုယ်တိုင်ကိုယ့် ကြမ္မာကိုယ် ဖန်တီးခွင့်ရှိတဲ့ ...ညီးမှုစနစ်တွေ၊ အုပ်ချုပ်ရေး စနစ်တွေ ရှိနေတဲ့အကြောင်း။ အရည်အချင်းပြည့်ဝတဲ့ ...လာရင် အရည်အချင်းအလျောက် တိုးတက်နိုင်တဲ့ လူမှုရေးစနစ်တွေရှိတဲ့ ...ကြောင်း သူတို့သိအောင် လုပ်ပေးရမယ်။ ဗဟုဝါဒဟာ အကြမ်းဖက် ဝါဒ အပါအဝင် ...အဖွဲ့အစည်းကို နှိပ်ကွပ်ဖို့ ကြံရွယ်နေတဲ့ အခြားဝါဒတွေကို သဘောတရားအရ ...ကောင်းကောင်း ချေချွတ်နိုင်ပါလိမ့်မယ်။

**ပြည်သူ့ခေတ်ဂျာနယ်**

*၇၊ ဒီဇင်ဘာ၊ ၂၀၁၁။*

*တွဲ ၂ အမှတ် ၇၃။*

○

# နိုင်ငံရေးဝါသနာပါတာလား တာဝန်အရ နိုင်ငံရေးလုပ်တာလား

တစ်လောက ကျွန်တော့်ဆီ အင်တာဗျူးလုပ်ဖို့ ရောက်လာတဲ့ ဂျာနယ်တစ်ခုက အသက်နှစ်ဆယ်ကျော်အရွယ် သတင်းထောက်မလေး တစ်ယောက်က အင်တာဗျူး ကိစ္စပြီးသွားတော့ အလွတ်သဘောပါဆိုပြီး 'ဆရာနိုင်ငံရေးကို ဘယ်အရွယ်ကစပြီး ဝါသနာ ပါလာတာလဲ'လို့ မေးခဲ့တယ်ဗျ။ အဲဒီမေးခွန်းကို ကျွန်တော် အင်းစိန်ထောင်မှာ ရှိခဲ့စဉ်တုန်းကလည်း အခန်းနီးချင်း ကျောင်းသားလူငယ်တစ်ယောက်က မေးတာကို ခံခဲ့ရဖူးတယ်ဗျ။ အဲဒီတုန်းက ကျောင်းသားလူငယ်လေးနဲ့ အခု သတင်းထောက်မလေး တို့ရဲ့ အမေးကို ကျွန်တော် ပြန်ဖြေခဲ့ပုံကို အနှစ်ချုပ်ပြီး တင်ပြချင်တယ်ဗျာ။

## ဝါသနာအလုပ်ဆိုတာ

အမှန်တော့ အဲဒီမေးခွန်းဟာ အခြေခံကစပြီး မှားနေတဲ့ မေးခွန်းဖြစ်တယ်ဗျ။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံရေးလုပ်ငန်းကို ဝါသနာတစ်ခုအဖြစ် သဘောထားပြီး မေးထားလို့ပဲ ဖြစ်တယ်ဗျာ။ တကယ်တော့ နိုင်ငံရေးဆိုတာ (သီးသီးသန့်သန့် ရွေးထုတ်ပြီး ပြောရရင် ကျွန်တော်တို့လို နိုင်ငံမျိုးတွေမှာ) ဝါသနာတစ်ခု မဟုတ်ဘူးဗျ။ ဝါသနာဆိုတဲ့ ဝေါဟာရကို 'သင်အလုပ်လုပ်မနေချိန်မှာ စိတ်ချမ်းမြေ့ ပျော်ရွှင်မှုရရှိရန် အလို့ငှာ ပြုလုပ်တဲ့ လုပ်ရပ်တစ်ခု' (an activity that you do for pleasure when you are not working) လို့ အောက်စဖို့ဒ် အဘိဓာန်မှာ ဖွင့်ဆိုထားပြီး ရေကူးတာတို့ ဥယျာဉ်စိုက်ပျိုးတာတို့ စတဲ့ အလုပ်တွေကို ဥပမာပေးထားတယ်ဗျာ။



## ဒီမိုကရေစီနိုင်ငံတွေမှာတော့

'ကျွန်တော်တို့လို နိုင်ငံမျိုးတွေမှာ' လို့ ကျွန်တော် သုံးနှုန်းထားတာကို သတိပြုမိကြမယ် ထင်တယ်ဗျ။ မှန်တယ်ဗျာ။ ကုလသမဂ္ဂ အဖွဲ့ဝင် နိုင်ငံအားလုံး ပါဝင် လက်မှတ်ရေးထိုး ထားတဲ့ ကမ္ဘာလုံး ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းပါ အခြေခံ လူ့အခွင့်အရေးများ လုံလုံလောက်လောက်ရရှိထားကြပြီး အဲဒီအခြေအနေရဲ့အကျိုးဆက်အဖြစ် ငြိမ်းချမ်းမှု ဖွံ့ဖြိုးတိုးတက်မှု၊ တင့်တယ်ထည်ဝါမှု စတဲ့ ကောင်းမြတ်ခြင်း တရားတွေ တည်ပင်ပွင့်လန်းနေတဲ့ နိုင်ငံတွေ (တစ်နည်း) ဖွံ့ဖြိုးပြီး ဒီမိုကရေစီနိုင်ငံကြီးတွေမှာတော့ နိုင်ငံရေးဆိုတာ ဝါသနာတစ်ခု ဖြစ်ကောင်းဖြစ်နိုင်သလို အဲဒီက နောက်တစ်ဆင့်တက်ပြီး အသက်မွေးဝမ်းကျောင်းလုပ်ငန်း (profession) တစ်ခုလည်း ဖြစ်ချင်ဖြစ်နိုင်တယ်ဗျ။ အဲဒါကို ရှုထောင့်တစ်မျိုးက ကြည့်ပြီး ပြောရရင် နိုင်ငံသူ နိုင်ငံသားအားလုံး (တစ်ယောက်မကျန်) မဖြစ်မနေ အရေးတကြီး ပါဝင်ဖြေရှင်းကြမှ ပြေလည်မယ့် အမျိုးသားရေး အကျပ်အတည်းကြီး တစ်ခုကို အောင်မြင်စွာ ဖြေရှင်းကျော်လွှား မြောက်နိုင်ခဲ့ကြပြီဖြစ်တဲ့ နိုင်ငံမျိုးတွေမှာတော့ နိုင်ငံရေးဟာ ဝါသနာတစ်ခု၊ အသက်မွေးဝမ်းကျောင်းတစ်ခု ဖြစ်နိုင်တယ်ဗျ။

## ဝါသနာအလုပ် လုံးဝ မဟုတ်ပါ

ဒါပေမဲ့ ကျွန်တော်တို့လို အမျိုးသားရေး အကျပ်အတည်းကြီးတွေ တစ်ခုပြီးတစ်ခုနဲ့ ကြုံတွေ့ခဲ့ရပြီး အခုအထိလည်း အမျိုးသားရေး အကျပ်အတည်းကြီးတစ်ခုနဲ့ ကြုံတွေ့ရင်ဆိုင်ဖြေရှင်းနေရဆဲဖြစ်တဲ့ နိုင်ငံတစ်ခုမှာတော့ နိုင်ငံရေးဆိုတာ ဝါသနာတစ်ခု လုံးဝ (လုံးဝ)မဟုတ်ပါဘူးဗျာ။

လောကီနယ်ပယ်အတွင်း ကျင်လည် လှုပ်ရှားနေကြရတဲ့ လူသားတွေရဲ့ အန္တိမ ပန်းတိုင်က ဖွံ့ဖြိုးတိုးတက် စည်ပင်သာယာ ဝပြောတဲ့ လူ့ဘောင် အဖွဲ့အစည်းတစ်ခု တည်ဆောက်ရေးပဲ ဖြစ်တယ်ဗျာ။ ဒီကနေ့ အဲသလိုမျိုး လူ့ဘောင် အဖွဲ့အစည်းကို အတော်ကလေး မြင့်မားတဲ့ အတိုင်းအတာတစ်ခုအထိ အောင်အောင်မြင်မြင် တည်ဆောက်နိုင်ခဲ့ကြပြီးဖြစ်တဲ့ နိုင်ငံတွေ လျှောက်လမ်းခဲ့တဲ့ ခရီးက မရောက်သေးတဲ့ နိုင်ငံတွေကို ပေးနေတဲ့ သင်ခန်းစာက ဖွံ့ဖြိုးရေးဆိုတာ ငြိမ်းချမ်းရေးရှိမှ ရရှိခံစားနိုင်တဲ့ အရာဖြစ်တယ်။ ငြိမ်းချမ်းရေး ဆိုတာကလည်း ညီညွတ်ရေးရှိမှ ဖြစ်ထွန်းပေါ်ပေါက် လာနိုင်တဲ့ အရာဖြစ်တယ်။ ညီညွတ်ရေး ဆိုတာကလည်း လွတ်လပ်မှုနဲ့ အခွင့်အရေး တန်းတူညီမျှမှုရှိမှ တည်ဆောက်နိုင်တဲ့ အရာဖြစ်တယ်ဆိုတာပဲ ဖြစ်တယ်ဗျ။

## နယ်ချဲ့နဲ့ ဖက်ဆစ်တော်လှန်ရေး

အားလုံး သိကြတဲ့အတိုင်း ကျွန်တော်တို့နိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်မှု အတွက် ပထမဆုံး အခြေခံအုတ်မြစ်ဖြစ်တဲ့ အမျိုးသား လွတ်မြောက်ရေး ရရှိဖို့ တိုက်ပွဲအလီလီ ဆင်နွှဲခဲ့ရတဲ့ နိုင်ငံဖြစ်တယ်ဗျ။ ဗြိတိသျှ ကိုလိုနီနယ်ချဲ့အစိုးရကို နှစ်ကြိမ်၊ ဖက်ဆစ်ဂျပန်အစိုးရကို တစ်ကြိမ် စုစုပေါင်း သုံးကြိမ် ဆင်နွှဲခဲ့ရတဲ့ အမျိုးသား လွတ်မြောက်ရေး တိုက်ပွဲများဟာ ကျွန်တော်တို့နိုင်ငံရဲ့ ခေတ်သစ်သမိုင်းမှာ ပထမဆုံး ကြုံတွေ့ခဲ့ရတဲ့ အမျိုးသားရေး အကျပ်အတည်းကို တစ်မျိုးသားလုံး (တစ်နည်း) ပြည်သူတစ်ရပ်လုံး အားသွန်ခွန်စိုက် စွမ်းစွမ်းတမံ ပါဝင်ဖြေရှင်းခဲ့ကြရတဲ့ ရုန်းကန်မှုကြီးတွေပဲ ဖြစ်တယ်ဗျ။

## ကိုဘဦးမှသည် သခင်အောင်ဆန်းသို့

အဲဒီကာလတွေမှာ ကောလိပ်ကျောင်းသား ကိုဘဦးခေါင်းဆောင်တဲ့ ကျောင်းသားတွေ စာသင်ခန်းကို စွန့်ခွာပြီး သပိတ်စခန်းတွေမှာ နေထိုင်ခဲ့ကြတာ (၁၉၂၀)။ ဆရာစံ ဦးဆောင်တဲ့ တောင်သူလယ်သမားကြီးတွေ တံစဉ်တွေ လွတ်ချပြီး ဓားတွေ၊ သေနတ်တွေ ကိုင်စွဲခဲ့ကြတာ (၁၉၃၁)၊ သခင်ဘိုးလှကြီး ခေါင်းဆောင်တဲ့ ရေနံမြေ အလုပ်သမားကြီးတွေ လုပ်ငန်းခွင်သုံး လက်နက်ကိရိယာ တန်ဆာပလာတွေကို စွန့်လွှတ်ပြီး ခရီးရှည် ချီတက် ဆန္ဒပြခဲ့တာ (၁၉၃၈)၊ သခင်အောင်ဆန်း ခေါင်းဆောင်တဲ့ လူငယ် နိုင်ငံရေး သမားတွေနဲ့ ကျောင်းသားသမဂ္ဂ ခေါင်းဆောင်တွေ ရပ်ဝေးမြေခြားမှာ စစ်ပညာ သွားသင်ခဲ့ကြတာ (၁၉၄၁)၊ အလွှာစုံက ပြည်သူတွေ မိမိတို့ အသက်မွေးဝမ်းကျောင်း လုပ်ငန်းတွေကို စွန့်လွှတ် ကျောခိုင်းပြီး ဘီအိုင်အေထဲ ဝင်ရောက်ခဲ့ကြတာ (၁၉၄၂)၊ တစ်နည်းပြောရရင် တစ်ချိန်က သလဲသီးလို သူ့အကန့်နဲ့သူ ရှိခဲ့ကြတဲ့ ပြည်သူတွေ အမျိုးသား လွတ်မြောက်ရေးဆိုတဲ့ နိုင်ငံရေးပင်မရေစီးကြောင်းကြီးထဲ ခုန်ချ ပါဝင်လာကြတာတွေဟာ ဝါသနာပါလို့ လုပ်ခဲ့ကြတာမဟုတ်ဘူးဗျ။ ငါတို့နိုင်ငံ လွတ်မြောက်ရေး အတွက် ငါတို့အားလုံးမှာ တာဝန်ရှိတယ်ဆိုတဲ့ တာဝန်သိစိတ်နဲ့ ပါဝင် ထမ်းဆောင်ခဲ့ကြ တာပဲ ဖြစ်တယ်ဗျ။ ဝါသနာတစ်ခုအနေနဲ့ အပန်းဖြေဖို့ နိုင်ငံရေးလုပ်ခဲ့ကြတာ မဟုတ်ပါဘူးဗျာ။

## ဘဝတွေ အသက်တွေပေး၍

လွတ်လပ်ရေး ရပြီးတော့လည်း အားလုံးသိကြတဲ့အတိုင်း ကျွန်တော်တို့ နိုင်ငံဟာ ငြိမ်းချမ်းရေး၊ ညီညွတ်ရေး၊ ဒီမိုကရေစီရေးတို့ တစ်ပေါင်းတည်း ပါဝင်တဲ့ အမျိုးသားရေး အကျပ်အတည်းကြီးနဲ့ ဆက်လက် ရင်ဆိုင်ခဲ့ရတာ ဖြစ်တယ်ဗျ။ ၁၉၄၈-၄၉ မှာ ကျောင်း သားတွေ စာသင်ခန်းတွေထဲက ထွက်လာပြီး သေနတ်ကိုင်ခဲ့ကြ ရပြန်တယ်။ ၁၉၆၂



မှာ စာသင်ခန်းကို ကျောခိုင်းပြီး အဓိပတိလမ်းမပေါ် လျှောက်ခဲ့ကြရတယ်။ ၁၉၇၄-၇၅-၇၆ မှာ ကျောင်းသားနဲ့ အလုပ်သမားတွေ စာပေသင်ယူမှုနဲ့ ကုန်ထုတ်လုပ်မှုတွေကို ရပ်ဆိုင်းပြီး သပိတ်သမားတွေ ဖြစ်ခဲ့ကြရတယ်။ ၁၉၈၈ မှာ လူညနေလေ့အောင်း မြင်းစောင်းမကျန် ပြည်သူတွေ မိမိတို့ကို ထမင်းကျွေးနေတဲ့ အလုပ်တွေကို စွန့်လွှတ်ပြီး လမ်းမတွေပေါ် ချီတက်ခဲ့ကြတယ်။ ၂၀၀၇ မှာ သံဃာတော်တွေ ကျောင်းသင်္ခမ်း တွေကို ကျောခိုင်းပြီး လမ်းမတွေပေါ် ကြွချီခဲ့ကြတယ်။ အဲဒီ လုပ်ရပ်တွေ အားလုံးဟာ မိမိတို့ လုပ်နေကျ အလုပ်ကနေ ငြီးငွေ့ဖြစ်လာလို့ ခေတ္တခဏလောက် အပန်းဖြေရအောင် ဆိုပြီး နိုင်ငံရေး လုပ်ခဲ့ကြတာ မဟုတ်ဘူးဗျ။ နေ့တွေလတွေ နှစ်တွေနဲ့ တည်ဆောက် ထားတဲ့ ဘဝတွေ၊ တချို့ဆိုရင် အသက်တွေကိုတောင် စတေး ပေးဆပ်ပြီး လုပ်ခဲ့ကြတဲ့ နိုင်ငံရေးဖြစ်တယ်ဗျ။ မလုပ်မဖြစ်လွန်းလို့ မတတ်သာလွန်းလို့ လုပ်ခဲ့ကြရတဲ့ နိုင်ငံရေး ဖြစ်တယ်ဗျ။ ဝါသနာပါလို့လုပ်တဲ့ နိုင်ငံရေး မဟုတ်ပါဘူးဗျ။

## လူတိုင်း တက်ကြွ ပါဝင်

ကျွန်တော်တို့နိုင်ငံမှာ တစ်ချိန်ချိန်မှာတော့ နိုင်ငံရေးဟာ ဝါသနာ အလုပ်တစ်ခု ဖြစ်လာကောင်း ဖြစ်လာနိုင်ပါတယ်။ အခုအချိန်မှာတော့ နိုင်ငံရေးဟာ ဝါသနာအရ မဟုတ်ဘဲ ဒီမိုကရေစီနိုင်ငံ ထူထောင်ရေးတည်းဟူသော အမျိုးသားရေးတာဝန်အရ မလုပ်မဖြစ် လုပ်ကြရမှာ ဖြစ်တာကြောင့် လူတိုင်း တက်တက်ကြွကြွ ပါဝင်ကြရဦးမှာသာ ဖြစ်ကြောင်း ထပ်လောင်း နှိုးဆော်လိုက်ရပါတယ်ဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်**

*၁၃၊ ဒီဇင်ဘာ၊ ၂၀၁၁*

*အတွဲ ၂ အမှတ် ၇၄*

○

## နိုင်ငံရေး ဖြစ်နိုင်ခြေများ တွက်ဆခဲ့စဉ်က

၂၀၁၁ ခုနှစ် ကုန်ဆုံးပါတော့မယ်။ လူတစ်ဦးချင်းအနေနဲ့ ပြောရရင် သည်နှစ်ဟာ ကျွန်တော့်အဖို့ ပျော်စရာ ရွှင်စရာ ကျေနပ်စရာတွေ များများနဲ့ ကြုံတွေ့ခဲ့ရတယ်လို့ ဆိုနိုင်တယ်ဗျာ။ စိတ်ညစ်စရာ စိတ်မချမ်းသာစရာလေးတွေလည်း ရှိခဲ့ပါရဲ့။ သို့သော် ရာခိုင်နှုန်းနဲ့ ပြောရရင် ကျေနပ်စရာက သုံးမတ်သား။ စိတ်ညစ်စရာက တစ်မတ်သားပဲ ရှိမယ်ဗျ။

သည်နှစ်ထဲမှာ ကျွန်တော့် ကျန်းမာရေးကလည်း ဆေးရုံ ဆေးခန်း သွားစရာ မလိုအောင် ကောင်းခဲ့တယ်ဗျာ။ ဝမ်းနာခေါင်းကိုက်လောက်ကလွဲပြီး အိပ်ရာထဲ လဲနေလောက်တဲ့ အနေအထားမျိုး မရှိခဲ့ဘူးဗျ။

ကျွန်တော့် အသက်မွေးဝမ်းကျောင်း အလုပ်နဲ့ ယုံကြည်ချက် အလုပ်ဖြစ်တဲ့ စာနယ်ဇင်း အလုပ်မှာလည်း သည်နှစ်အတွင်း ကျွန်တော် အများကြီး နှစ်မြှုပ်ပြီး လုပ်နိုင်ခဲ့တယ်လို့ မိမိဘာသာ ကျေနပ်နေမိတယ်ဗျ။

တချို့လူတွေဆိုရင် မိမိလုပ်နေတဲ့ အလုပ်ဟာ ကိုယ့်အတွက်လည်း ကျေနပ် လောက်စရာမရှိ၊ တိုင်းပြည်အတွက်လည်း ဆိုဖွယ်ရာ မရှိလို့ တွေးမိပြီး မချင့်မရဲ ဖြစ်နေတတ်ကြတယ် မဟုတ်လားဗျာ။

ကျွန်တော်ကတော့ ခုအနေအထားမှာ စာရေးဆရာ၊ သတင်းစာ ဆရာအဖြစ် နှစ်မြှုပ် လုပ်ကိုင်ခွင့်ရှိနေခြင်းကို အလွန်မှ ပီတိဖြစ်နေ ပါတယ်။ လောလောဆယ်မှာ တခြား ဘယ်တာဝန်နဲ့မှ မလဲနိုင်လောက်အောင်ကို လက်ရှိအဖြစ်ကို တန်ဖိုးထားပါတယ်လို့ ပြောချင်တယ်ဗျ။



### ရက်ပေါင်း ၁၀၀ အတွင်း ဖြစ်နိုင်ခြေ ရှုခင်းများ

ပြီးခဲ့တဲ့ နှစ်လခွဲလောက်က မြန်မာနိုင်ငံရဲ့ဖြစ်နိုင်ခြေ နိုင်ငံရေး အလားအလာ အချို့ကို ကျွန်တော်ရေးခဲ့တာ မှတ်မိကြဦးမယ် ထင်ပါတယ်။ ကျွန်တော်က အောက်ပါအတိုင်း ရေးခဲ့ပါတယ်။

ယခု အရှိန်အဟုန်အတိုင်း ဆက်သွားနေရင်ဖြင့် မြန်မာနိုင်ငံရဲ့ နိုင်ငံရေး ဖြစ်နိုင်ခြေများ (Political scenarios) ဟာ အလွန်အလားအလာ ကောင်းနေပြီလို့ ပြောနိုင်တော့မှာ ဖြစ်တယ်ဗျ။ နောက်ထပ် ရက်ပေါင်း ၁၀၀ အတွင်းမှာ အောက်ပါ ဖြစ်နိုင်ခြေ ရှုခင်းများကို မျှော်မှန်းနိုင်ပါလိမ့်မယ်။

၁။ အစိုးရနဲ့ ဒေါ်အောင်ဆန်းစုကြည် ဆွေးနွေးမှုများမှ တိုင်းပြည်အတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းများတွင် ပူးပေါင်း ဆောင်ရွက်ရန် သဘောတူညီချက်များကို ပူးတွဲ ကြေညာနိုင်ဖွယ် ရှိပါတယ်။

၂။ ယခု မှတ်ပုံမတင်ရသေးတဲ့ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ဟာ နှစ်ဖက် ကျေနပ်လက်ခံတဲ့ သဘောတူညီချက်များဖြင့် တရားဝင် နိုင်ငံရေးပါတီအဖြစ်သို့ ရောက်လာပါမယ်။ ကြားဖြတ် ရွေးကောက်ပွဲများမှာ အဖွဲ့ချုပ် ကိုယ်စားလှယ်လောင်းများ ပါဝင် အရွေးခံကြဖွယ် ရှိပါတယ်။

၃။ ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ချုပ်ခေါင်းဆောင် အချို့ဟာ အာဏာနှင့် မသက်ဆိုင်သော တိုင်းပြည်အကျိုးပြု လုပ်ပိုင်ခွင့်ရှိသည့် အပ်နှင်းတာဝန်များကို လက်ခံပြီး အစိုးရနှင့် ပူးပေါင်းဆောင်ရွက် လာကြဖွယ် ရှိပါတယ်။

၄။ တိုင်းရင်းသား လက်နက်ကိုင်များနှင့် ပဋိပက္ခများ ရပ်ဆိုင်းလျက် နိုင်ငံရေးအရ ဖြေရှင်းနိုင်သည့် သဘောတူညီချက်များ ရရှိနိုင်ပါတယ်။

၅။ လွတ်ငြိမ်းခွင့်ရ ယုံကြည်ချက် အကျဉ်းသားဟောင်းများမှ ၈၈ မျိုးဆက်များ၏ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်မှု စာမျက်နှာသစ်များကို တွေ့မြင်လာရနိုင်ပါတယ်။

၆။ အမေရိကန် ပြည်ထောင်စုနှင့် ဥရောပနိုင်ငံများမှ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူထားမှုအချို့ ပြန်လည် ရုပ်သိမ်းမည့် ခြေလှမ်းများ သိသာထင်ရှားစွာ ပေါ်ပေါက်လာနိုင်ပါတယ်။

၇။ ပြည်ပဖိအား တစ်စုံတစ်ရာကို အကြောင်းပြု၍ ပြည်ထောင်စု တိုင်းရင်းသားများ ၏ ကျစ်လျစ်ခိုင်မာသော စည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ကြဖွယ် ရှိပါတယ်။ သမိုင်းမှာ မကြုံဖူးသော အမျိုးသား ညီညွတ်မှု စံချိန်တစ်ခု တင်နိုင်ပါလိမ့်မယ်။

အထက်ပါ ဖြစ်နိုင်ခြေရှုခင်းများဟာ ကျွန်တော်ရဲ့ အတ္တနောမတိ လိုရာဆွဲတွေးခေါ်မှု၊ ထင်ယောင်ထင်မှားဖြစ်မှုဖြင့် တင်ပြခြင်း မဟုတ်ပါ။ ထင်သာမြင်သာ အချက်အလက်များကို အခြေခံပြီး ဆင်ခြင်တွက်ဆထားခြင်းသာ ဖြစ်ပါတယ်။

နိုင်ငံရပ်ခြားများမှာတော့ နိုင်ငံရေး ခေါင်းပါးရှင်ကြီးများဟာ ယခုလို နိုင်ငံရေး အကဲဖြတ် တွက်ဆချက်တွေကို အခါအားလျော်စွာ ထုတ်ပြန်လေ့ရှိပါတယ်။ မှန်တာလည်းရှိ လွဲတာလည်း ရှိပေါ့ဗျာ။ ကျွန်တော်လည်း သမ္မတကြီး ဦးသိန်းစိန် အစိုးရ ရက်ပေါင်း ၁၀၀ ပြည့်ချိန်က တစ်ကြိမ် နိုင်ငံရေး သုံးသပ်ချက်အချို့ကို ရေးသားခဲ့ပြီး ယခု ရက်ပေါင်း ၂၀၀ ပြည့်ချိန်မှာ ထပ်မံလေ့လာဆန်းစစ် မိသမျှကို စမ်းသပ် တင်ပြလိုက်ခြင်း ဖြစ်ကြောင်းပါလို့ ကျွန်တော် ရေးခဲ့ပါတယ်။ **(၁၁၊ ၁၀၊ ၂၀၁၁)**

ကျွန်တော်က မာဂျင်ရက် ၁၀၀ ပဲထားပြီး ရေးခဲ့တာကို သတိ ပြုမိကြမယ် ထင်တယ်ဗျာ။ အဲဒီတွက်ဆချက်တွေထဲက ဘယ်လောက် မှန်ခဲ့ပြီလဲဆိုတာ စာဖတ်သူများ တိုက်ဆိုင်ကြည့်နိုင် ပါတယ်။ ဒီချုပ်က ပါတီမှတ်ပုံတင်ဖို့နဲ့ ကြားဖြတ် ရွေးကောက်ပွဲဝင်ဖို့ နိုဝင်ဘာ ၁၈ ရက်မှာ ဆုံးဖြတ်ခဲ့တာပါ။ တိုင်းရင်းသား လက်နက်ကိုင်များနဲ့ အပစ်အခတ် ရပ်စဲရေး သဘောတူတာ ဒီဇင်ဘာလထဲကျမှ ဖြစ်ခဲ့ပါတယ်။

## ထင်မြင်တာတွေ နှုတ်ပိတ်ထားပါတဲ့

ကျွန်တော့်ရဲ့ ရက် ၁၀၀ အတွင်း နိုင်ငံရေးဖြစ်နိုင်ခြေများ ဆောင်းပါး ဖော်ပြခဲ့ပြီး ရက်ပိုင်းအတွင်း အီးမေးလ်ကနေ ဝေဖန် စာတစ်စောင် လက်ခံရရှိပါတယ်။ ထိုသူက ခုလို ရေးလိုက်ပါတယ်။

*ဦးဝံသ ခင်ဗျား- ...*

... ... ...

*ခင်ဗျား ထင်မြင်တာတွေကို နှုတ်ပိတ်ထားပေးပါ ခင်ဗျာ။*

*ရုပ်ရှင်ထဲမှာ အတိတ်ကာလကို သွားလည်တဲ့လူကို မြင်ကွင်း ကြည့်တာကလွဲလို့ ဘာတစ်ခုမှ မထိမကိုင်ပါနဲ့လို့ မှာလိုက်တာကို မေ့ပြီး ခဲတစ်လုံးကို နေရာရွှေ့လိုက်မိတာနဲ့ အနာဂတ်(လက်ရှိ) ကာလကို ပြန်ရောက်လာတော့ အရင်အခြေအနေ မဟုတ်ဘဲ အဆိုးဘက်ကို ပြောင်းလဲနေတာ တွေ့ရတယ်။ သူ ဆတ်ဆော့ပြီး ခဲကို ရွှေ့လိုက်မိလို့ ဒီလိုဖြစ်ရတာပါလားလို့ နောက်မှ သိလိုက်ရတယ်။*

*တစ်ကမ္ဘာလုံးက မြန်မာပြည်ဟာ တစ်နှစ်အရွယ် ကလေးငယ် လမ်းစလျှောက်တတ် ခါစလို မတတ်တတတ်နဲ့ လိုက်လျှောက်နေတာကို ဘေးကလူကြီး (နိုင်ငံ) တွေက လျှောက်တတ်ဘီ၊ လျှောက်တတ်ဘီလို့ လက်ခုပ်တီး အားပေးရင်း ရင်တထိတ်ထိတ်နဲ့ ကြည့်နေကြချိန်ပါ။ ကလေးက မလျှောက်တော့ဘဲ ရုက်ပြီး ဖြဲခနဲ အော်ငိုလိုက်ရင် အားလုံး ဒုက္ခရောက်ကုန်ကြမှာပါဗျာ။*

*အခုလို ခဲတစ်လုံး ရွှေ့ မိလိုက်ရင် အနာဂတ်အတွက် အဆိုးတွေ ဖြစ်ကုန်မှာစိုးလို့ ပါဗျာ။*



*NLD ကတောင် ပါတီမှတ်ပုံတင်ဖို့နဲ့ ရွေးကောက်ပွဲဝင်ဖို့ မစဉ်းစား မဆုံးဖြတ်ရသေးပါဘူးလို့ ပြောနေတာ NLD ကို နည်းနည်း အားနာပေးဖို့ ကောင်းပါတယ်။ ကျွန်တော် အမှားရှိရင် သည်းခံပါခင်ဗျာ။*

လေးစားစွာဖြင့်

## အရင်အတိုင်းပဲ ဆိုရင်ဖြင့်

၎င်းဝေဖန်စာရေးသူဟာ အနိမ့်တန်း မဟုတ်ဘူးဆိုတာတော့ ကျွန်တော် မှန်းလို့ရပါတယ်။ မည်သူဖြစ်စေ၊ သူ့ထံ ကျွန်တော်က အောက်ပါ ပြန်စာကို ပေးပို့လိုက်ပါတယ်။

*ဦး ×× ခင်ဗျား*

*စာကို အစအဆုံး သေသေချာချာ ဖတ်ပြီးပါပြီ။ ကျွန်တော်ဟာ နိုင်ငံရေးသမား တစ်ယောက် အမြင်ထက် သတင်းစာဆရာ တစ်ယောက် အမြင်ဖြင့် သည်ဆောင်းပါးကို ရေးလိုက်တာပါ။ တိုင်းပြည်အတွက် ကောင်းမြတ်သော စေတနာနဲ့ ရေးတယ်ဆိုတာ ပြောဝံ့ပါတယ်။*

*အခြား ဝေဖန်ချက်များကို ပြန်လည် ရှင်းပြလိုခြင်း မရှိပါ။*

*သို့သော် "သူတို့က သူတို့လုပ်မယ့်အလုပ် အဲဒီလို ကြိုရေး လိုက်ရင် တခြားတလွဲ လျှောက်လုပ်ပစ်လေ့ ရှိတာကို လုံးဝ မသိလို့ပါလား ခင်ဗျာ" ဆိုတဲ့ အချက်ကိုတော့ ကျွန်တော် ထည့်မတွက်မိပါ။ အရင်ကတော့ အဲဒီအတိုင်း ဟုတ်ပါတယ်။* **အခုတော့ အဲသလိုမဟုတ်တန်ဘူးလို့ယူဆချက်နဲ့လက်ရှိသမ္မတနဲ့အစိုးရအဖွဲ့ဟာ လူမပြောင်း ပေမယ့် မူပြောင်းဖို့ကြိုးစားနေတယ်လို့ တွက်ဆ ရှုမြင်ပြီး ခုလို ရေးလိုက်တာပါ။**

*အဲဒီတွက်ဆချက်မှားလို့တော့ ကျွန်တော့် မှန်းဆချက် အားလုံး မှားပြီလို့သာ မှတ်လိုက်ပါတော့ ခင်ဗျာ။*

*ဝေဖန်စာအတွက် ကျေးဇူးတင်လျက် - မောင်ဝံသ*

ခုတော့ ကျွန်တော့် မှန်းဆချက် မမှားဘူးလို့ ပြောနိုင်ပြီပေါ့ခင်ဗျာ။ သူတို့လုပ်မယ့် အလုပ်ကို ကြိုရေးလိုက်ရင် တခြားတလွဲတွေ လျှောက် လုပ်ပစ်လေ့ ရှိတယ်ဆိုတာ အလွန် ကလေးဆန်တာပဲ ဖြစ်ပါတယ်။ လက်ရှိအစိုးရထဲမှာ အဲသလိုလူမျိုးတွေ နေရာ မရှိတော့ဘူးလို့ ကျွန်တော်မှန်းဆပြီး ဟောကိန်းတွေ ရေးလိုက်တာပါ။ တော်ပါသေးရဲ့ ကျွန်တော် မမှားပေလို့သာ။

**ပြည်သူ့ခေတ်ဂျာနယ်**

*၂၀၊ ဒီဇင်ဘာ၊ ၂၀၁၁။*

*အတွဲ ၂ အမှတ် ၇၅။*

○

# တရုန်းရုန်း တဝုန်းဝုန်း လူတွေ များနေလို့တော့

အခုရက်ပိုင်းအတွင်း နိုင်ငံတကာ သတင်းမီဒီယာတွေ အားလုံးလိုလိုကို လွှမ်းမိုးထားတဲ့ သတင်းကတော့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအီ ကွယ်လွန် အနိစ္စရောက်သွားတဲ့ သတင်းဖြစ်တယ်ဗျ။

## ဒီမိုကရေစီသူရဲကောင်းဟာဗဲလ်

ဒီနေရာမှာ ထူးခြားတဲ့ တိုက်ဆိုင်မှုလို့ ဆိုနိုင်တဲ့ အဖြစ်အပျက်နှစ်ခုကို ကျွန်တော် သတိပြုမိခဲ့တယ်ဗျ။ အဲဒါကတော့ ကမ္ဘာပေါ်မှာ အလျှို့ဝှက်ဆုံး အာဏာရှင်လို့ အများက သိထားကြတဲ့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအီနဲ့ သူ့နိုင်ငံမှာ ဒီမိုကရေစီစနစ် ထွန်းကားလာအောင် ဒုက္ခအမျိုးမျိုးခံပြီး ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့ အပြင် ကမ္ဘာတစ်လွှားမှာ ဒီမိုကရေစီ ထွန်းကားရေးအတွက်လည်း ရှေ့တန်းကနေပြီး စွမ်းစွမ်းတမံ ကူညီဆောင်ရွက်ခဲ့တဲ့ ချက်သမ္မတနိုင်ငံရဲ့ သမ္မတဟောင်း ဒီမိုကရေစီ သူရဲကောင်းဗက်က လပ်ဟာဗဲလ်တို့ဟာ တစ်ဦးနဲ့တစ်ဦး ရက်သိပ်မခြားဘဲ ရှေ့ဆင့်နောက်ဆင့်ဆိုသလို ကွယ်လွန်သွားခဲ့ကြတဲ့ အချက်ဖြစ်တယ်ဗျ။

အဲသလို တစ်ဦးနဲ့တစ်ဦး အခြေခံသဘာဝချင်း ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေကြပုံရတဲ့ ခေါင်းဆောင်နှစ်ဦး တစ်ချိန်တည်း တစ်ပြိုင်တည်းနီးပါး ကွယ်လွန်အနိစ္စရောက်သွားခဲ့ကြတာ ဖြစ်တဲ့အတွက် ကမ္ဘာတစ်လွှားက ပြည်သူတွေဟာ နိုင်ငံတကာ ရုပ်သံဌာနတွေက ထုတ်လွှင့်ပြသနေတဲ့ ခေါင်းဆောင်နှစ်ဦး ကွယ်လွန်အနိစ္စ ရောက်



သွားတဲ့ သတင်းကို ရှေ့ဆင့်နောက်ဆင့် ကြည့်ရှု နားထောင်ခဲ့ကြရတယ်။ ဟာဗဲလ် ကွယ်လွန်သွားခြင်းအတွက် ချက်နိုင်ငံကပြည်သူတွေသာမက ဒီမိုကရေစီတက်တော်သား ကမ္ဘာ့ ပြည်သူအားလုံးက ဝမ်းနည်းပူဆွေးနေကြတာ မဆန်းဘူးဗျ။

## အဏုမြူစီမံကိန်းနဲ့ ငွေညှစ်ဖို့ကြိုးစားသူ

ဒါပေမဲ့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအီနဲ့ ပတ်သက်ပြီး ကမ္ဘာ့ပြည်သူတွေ သိထားကြတာကတော့ တစ်မျိုးဗျ။ ရှေးဟောင်း ပဒေသရာဇ်ခေတ်ကပုံစံမျိုး ဖခင်ဖြစ်သူဆီက အာဏာ ဆက်ခံရယူခဲ့သူဖြစ်တဲ့ 'ချစ်မြတ်နိုးရပါသော ခေါင်းဆောင်ကြီး' Dear Leader ကင်ဂျုံအီဟာ ဂျော့အော်ဝဲလ်ရေးတဲ့ ၁၉၈၄ ဝတ္ထုထဲက Big Brother အစ်ကိုကြီးလို သူ့ပြည်သူတွေအပေါ် ကျင့်သုံးခဲ့သူလို့ အဆိုရှိတယ်။ နိုင်ငံရဲ့ ထိပ်တန်း အထူးကြီးတွေမှာ သူ့ရဲ့ ဆွေမျိုးသားချင်းတွေနဲ့ သူ့လူယုံတော်တွေကိုသာ တွေ့ရမှာ ဖြစ်တယ်။ ပြည်သူသန်းပေါင်းများစွာ အငတ်ဘေးဆိုက်စေခဲ့တဲ့ စီးပွားရေးမူဝါဒတွေကို [illegible]ကျင့်သုံးခဲ့သူဖြစ်တယ်။ အဲဒီအမှားကို 'ထေ' မိစေဖို့အတွက် အဏုမြူစီမံကိန်းကို 'သီတာ' အဖြစ် အသုံးပြုပြီး ဖအေတူ မအေကွဲ ညီအစ်ကို တောင်ကိုရီးယားနိုင်ငံနဲ့ အမေရိကန်နိုင်ငံတို့ဆီက 'ငွေညှစ်' ဖို့ အမြဲကြိုးစားနေတဲ့သူဖြစ်တယ် စတဲ့ သတင်းဆိုး [illegible]နဲ့သာ ပြည့်နှက်နေခဲ့သူ ဖြစ်တယ်ဗျ။

## ရှိုက်ကြီးတငင် ငိုနေကြသူတွေ

ဒါပေမဲ့ ကျွန်တော်တို့ မျက်စိလည်စရာဖြစ်ရတာက ကင်ဂျုံအီ သေဆုံးသွားတာကို မြောက်ကိုရီးယား ပြည်သူတွေက ယူကျုံးမရ အပူလုံးကြွနေကြတဲ့ အဖြစ်ပဲဗျ။ သိကြတဲ့ အတိုင်း မြောက်ကိုရီးယား နိုင်ငံဆိုတာ နိုင်ငံတကာ စံနှုန်းအရ ပြောရင် သတင်း လွတ်လပ်ခွင့် လုံးဝမရှိတဲ့ နိုင်ငံဆိုတော့လည်း အစိုးရ ရုပ်/သံက ထုတ်လွှင့်သမျှပဲ ကြည့်ရမြင်ရတာပဲလားတော့ မသိဘူးပေါ့ဗျာ။ ကင်ဂျုံအီ ကွယ်လွန်သွားမှုနဲ့ ပတ်သက်ပြီး မြောက်ကိုရီးယား နိုင်ငံထဲကလာတဲ့ သတင်းမှန်သမျှမှာတော့ ရှိုက်ကြီးတငင် ဝမ်းပန်း တနည်း ငိုကြွေးနေတဲ့ မြောက်ကိုရီးယား နိုင်ငံသားတွေရဲ့ ပုံတွေချည်းပဲဗျ။ အဲဒီတော့ [illegible]ကမ္ဘာက ကျွန်တော်တို့အနေနဲ့ ကင်ဂျုံအီနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ အရင်တုန်းက သိထားတဲ့ သတင်းတွေဟာ အမှားတွေ ချည်းပဲလား။ ဒါမှမဟုတ် မြောက်ကိုရီးယား အစိုးရ ရုပ်/သံက ငိုနေတဲ့ သူ့နိုင်ငံသားတွေရဲ့ ပုံတွေကိုချည်းရွေးပြီး ထုတ်လွှင့်ပေး နေတာလား။ ဒါမှမဟုတ် မြောက်ကိုရီးယား နိုင်ငံသား အများစုကြီးက သူတို့ ကြုံတွေ့ ရင်ဆိုင်နေကြရတဲ့ လူမှုဒုက္ခအဝဝဟာ သူတို့ ခေါင်းဆောင်ကြောင့် မဟုတ်ဘူး၊ အမေရိကန်နဲ့ တောင်ကိုရီးယား ဦးဆောင်တဲ့ သူတို့နိုင်ငံကို ရန်လိုတဲ့ နိုင်ငံတွေ

ကြောင့်သာ ဖြစ်တယ်လို့ တကယ်ပဲ ရိုးရိုးသားသား ယုံကြည်နေကြတာလား စသဖြင့် သို့လော သို့လော တွေးတော စဉ်းစားစရာတွေ ဖြစ်လာခဲ့တယ်ဗျ။

## ပူဆွေးငိုကြွေးကြတာ အမှန်ပါတဲ့

ကျွန်တော့်စိတ်ထဲ အဲဒီကိစ္စကို သိချင်လွန်းလို့ ဘေဂျင်းမှာ အခြေစိုက်တဲ့ မိတ်ဆွေ ပြင်သစ်အမျိုးသမီး သတင်းထောက်တစ်ယောက်ကို အီးမေးလ်နဲ့ လှမ်းမေးကြည့်တော့ သူက ပြန်ဖြေပါတယ်။ မြောက်ကိုရီးယားကို သူ အကြိမ်ကြိမ်ရောက်ဖူးတယ်။ သေချာ လေ့လာဖူးတယ်။ မြောက်ကိုရီးယား ပြည်သူအများစုကြီးဟာ အစိုးရပိုင် ဝါဒဖြန့် ရေဒီယို၊ ရုပ်သံနဲ့ စာနယ်ဇင်းတွေကလွဲလို့ ပြည်ပသတင်းတွေကို ဘာမှ နားမထောင်ရ မကြည့်ရ မဖတ်ရပါဘူးတဲ့။ အဲဒါကြောင့် သူတို့ တိုင်းပြည် ဆင်းရဲငတ်မွတ်နေတာဟာ အမေရိကန်နဲ့ တောင်ကိုရီးယား မျိုးမစစ်တွေ အပါအဝင် ခေတ်သစ်နယ်ချဲ့နိုင်ငံတွေ ကြောင့် ဖြစ်တယ်လို့ပဲ သေချာစွဲမြဲ ယုံကြည်နေကြတာအမှန်ပါလို့ ဖြေပါတယ်။ (ကျွန်တော် အဲဒီစကားလုံးမျိုးတွေနဲ့ ဆင်တူယိုးမှား မြန်မာလို ပြောသံဆိုသံတွေကို လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်အတွင်း အကြိမ်ကြိမ် ကြားဖူးသလိုလိုပဲဗျ။) ဒါဆိုရင် ပညာတတ် တွေ၊ နိုင်ငံခြားမှာ ပညာသင်ဖူးသူတွေ မရှိတော့ဘူးလား။ သူတို့ကကော အမှန်အတိုင်း မသိမမြင်ဘူးလားလို့ ကျွန်တော်က ထပ်မေးတော့ 'မြောက်ကိုရီးယားမှာ ပညာတတ်တွေ ရှိပါတယ်၊ အခြေအနေကို အမှန်အတိုင်း သိသူမြင်သူတွေ ရှိပါတယ်၊ သို့ပေမဲ့ နည်းနည်းလေးမှ ပါးစပ်မဟရဲကြပါဘူး'တဲ့။ တရုတ်ပြည်မှာတောင် အစိုးရနဲ့ ပါတီကို ဆန့်ကျင်ကြောင်း ဝေဖန်ပြောဆိုသူတွေ အတော်များများရှိတယ်။ မြောက်ကိုရီးယား မှာတော့ ဆောရီးပါပဲတဲ့။

## သဘာဝတရားကတောင် ဝမ်းနည်း

ဤအတောအတွင်း အင်တာနက်က သတင်းတစ်ပုဒ် ဖတ်လိုက်ရတယ်ဗျ။ မြောက်ကိုရီးယား အစိုးရပိုင် KCNA သတင်းအေဂျင်စီက ထုတ်ပြန်တဲ့သတင်းမှာ ကင်ဂျုံအီ ကွယ်လွန်သွားချိန်မှာ နှင်းမုန်တိုင်းတစ်ခု ရုတ်တရက် ကျရောက်လာပြီး သူမွေးရပ်မြေအနီး 'ပိတ်တူး'လို့ခေါ်တဲ့ တောင်က မီးတောင်ဟောင်း ရေကန်တစ်ခုထဲက ရေခဲတွေကို မိုးကြိုးထိမှန်ခဲ့ကြောင်း။ ရေခဲကွဲတဲ့အသံဟာ ကျယ်လောင်လွန်းလို့ ကမ္ဘာကြီးရော ကောင်းကင်ဘုံပါ တုန်ခါသွားတယ်လို့ ထင်ရကြောင်း။ နှင်းမုန်တိုင်း ရုတ်တရက် စဲသွားပြီးတဲ့နောက် အဲဒီတောင်ပေါ်က ကျောက်တုံးတစ်တုံးပေါ်မှာ ရေးထွင်းထားတဲ့ 'မြင့်မြတ်သော တော်လှန်ရေးတောင် ... ပိတ်တူး ...ကင်ဂျုံအီ'ဆိုတဲ့ စာသားတွေဟာ တစ်နေ့လုံး လင်းလက်တောက်ပနေခဲ့ကြောင်း။ ဒီအခြေအနေဟာ



...ကြည့်ရင် 'ချစ်မြတ်နိုးရပါသော ခေါင်းဆောင်ကြီး' ကွယ်လွန်သွားတဲ့အပေါ် သဘာဝ ...ကတောင် ကြေကွဲဝမ်းနည်းနေပုံရကြောင်း အဲဒီသတင်းမှာ ဖော်ပြထားတယ်ဗျ။

## ...သဲရဲဖြစ်ရပ်တွေ

...ဂျုံအီနိုင်ငံကို အုပ်စိုးနေစဉ်အတွင်း မြောက်ကိုရီးယားနိုင်ငံမှာ သူ့ရဲ့ပုံရိပ်ကို ...ပြိုပျက်စေခဲ့တဲ့ အံ့ဖွယ်သရဲဖြစ်ရပ်တွေ သို့မဟုတ် အံ့အားသင့်စရာ လုပ်ရပ် ... ပေါ်ပေါက်ခဲ့ဖူးတယ်လို့ အဲဒီသတင်းကို ပေးပို့တဲ့ ဘီဘီစီသတင်းထောက်က ...ထားတယ်ဗျ။ ဒါတွေဟာ အမှန်တကယ်လည်း ဖြစ်နိုင်သလို ခေါင်းဆောင်ကြီးအပေါ် ...သူတွေအကြား ပုဂ္ဂိုလ်ရေး ကိုးကွယ်မှု ပေါ်ထွန်းလာအောင် သူ့ဘေးနားက ...တွေရဲ့ ကြိုးပမ်းမှုလည်း ဖြစ်ကောင်းဖြစ်နိုင်တယ်လို့ သူက သုံးသပ်ထားတယ်ဗျ။

အဲဒီတော့ တစ်ဖက်က လှည့်တွေးကြည့်တဲ့အခါ မြောက်ကိုရီးယား အာဏာရ ...ဝိုင်းအဝိုင်းဟာ သူတို့ရဲ့ ဝင်ရိုးဗဟိုချက်ဖြစ်တဲ့ ခေါင်းဆောင်ကြီးအပေါ် 'ဂမ္ဘီရ' ...လမ်းတွေသုံးပြီး ကြိုးစားခဲ့ကြလေသလားလို့ တွေးစရာတစ်ခု ရှိလာတယ်ဗျ။ ...တော် အတွေးလွန်တာလည်း ဖြစ်ချင်ဖြစ်လိမ့်မယ်ပေါ့ဗျာ။

## ...မိုး မခံသင့်ပါ

...ဖြစ်ဖြစ် အဲဒီ 'ထူးဆန်းအံ့ဖွယ်' ဆိုတဲ့ ကိစ္စတွေနဲ့ ပတ်သက်ပြီး ကျွန်တော့် အမြင် ...တော့ ရှင်းပါတယ်။ ကျွန်တော်တို့ သာမန်ပုထုဇဉ် လူသားတွေ မမြင်နိုင်၊ မကြားနိုင်၊ ...နိုင်ပေမယ့် အဲဒီထူးဆန်းအံ့ဖွယ် ကိစ္စတွေဟာ ရှိချင်လည်း ရှိနေနိုင်တယ်၊ ဒါပေမဲ့ ...တွေဟာရှိတယ် ဆိုရင်တောင် လူတစ်သိန်းတစ်ယောက် တစ်သန်းတစ်ယောက်တောင် ...လေ့ရှိတဲ့အဖြစ်မျိုး မဟုတ်ဘူး။ ဒါကြောင့် အဲသလိုကိစ္စမျိုးတွေက ကျွန်တော်တို့ရဲ့ '...ဉ်လူမှုဘဝဖြတ်သန်းမှုတွေ' ကျွန်တော်တို့ရဲ့ တွေးခေါ် ကြံစည် လုပ်ကိုင်မှုတွေ ...ပေါ် မလွှမ်းမိုးသင့်ဘူး။ အဲဒါတွေရဲ့ လွှမ်းမိုးမှုကို ခံနေတဲ့ လူတစ်ယောက် မိသားစု ...စုဟာ ဘယ်တော့မှ အထက်တန်းကျတဲ့ ဘဝကို ရောက်မှာမဟုတ်တာ သေချာတဲ့ ... အဲသလိုလူမျိုးတွေ များပြားနေတဲ့ တိုင်းပြည်တစ်ခုဟာလည်း အမြဲ အောက်တန်း ...ကျတန်းကျနေမှာပဲ ဖြစ်တယ်ဗျာ။

## ...ရပ် အမှန်တွေကို သိရှိနိုင်ဖို့

...လုံးသိကြတဲ့အတိုင်း ကျွန်တော်တို့ လူမျိုးကလည်း အဲသလို ထူးထူးဆန်းဆန်း ...င်းတစ်ခု ထွက်လာပြီဆိုရင် ဟုတ်နိုင်၏ မဟုတ်နိုင်၏ စဉ်းစားတာကနောက်၊ ...ပြီး ကိုးကွယ်ဆည်းကပ် ပူဇော်ပသလိုက်ကြတာက အရင်ဖြစ်တယ်ဗျ။ တောက်တဲ့

တစ်ကောင် သိန်းပေါင်း တစ်သောင်းငါးထောင်ဆိုလည်း ယုံလိုက်ချင်ကြတာပဲ။ ဆင်ဖြူတော်ဆိုရင်လည်း ပြေးပြီး ကန်တော့လိုက်ကြပြန်ရော။ ကွယ်လွန်သူ သမိုင်းဆရာကြီး ဒေါက်တာသန်းထွန်းဆိုရင် အဲဒီကိစ္စကို ယူကျုံးမရ မကြာခဏ ပြောတော့ ရှိတယ်။ လူတွေကကွာ၊ တိရစ္ဆာန်ကို ဘာကြောင့် ကန်တော့ကြရတာလဲကွာတဲ့ အထူးအဆန်းမို့ သွားကြည့်တာတော့ကြည့်ပါ။ ဘာကြောင့် ထိုင်ကန်တော့နေကြတာ လဲကွာ။ လုပ်ကြပါဦး။ ပြောကြပါဦးတဲ့။ မကြာသေးခင်ကတောင် ဗုဒ္ဓမြတ်စွယ်တော်ရဲ့ ဟိုမှာပေါ်တယ် ဒီမှာပေါ်တယ်ဆိုပြီး အတော်ကလေး တရုန်းရုန်း ဖြစ်သွားခဲ့ကြသေးတယ် မဟုတ်လားဗျ။

ထူးဆန်းအံ့ဖွယ် ကိစ္စတစ်ခု တစ်ခုပေါ်လာတိုင်း ဏ္ဍဗြွေ မရလောက်အောင် တရုန်းရုန်းတဝုန်းဝုန်း ပြေးလွှားနေကြတဲ့လူတွေ များနေလို့ကတော့ ကျွန်တော်တို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတစ်ခုဖြစ်လာဖို့ ဝေးနေဦးမှာပဲဗျ။ အဲဒီလို နိုင်ငံမျိုးကို ဆင်ခြင်ဉာဏ် ရင့်သန်ပြီး အရာရာကို ယထာဘူတကျကျ တွေးနိုင်စွမ်းရှိတဲ့ ပြည်သူများ ကသာ တည်ဆောက်နိုင်မှာ ဖြစ်တယ်ဗျ။ အဲသလို ဖြစ်ဖို့အတွက် ဖြစ်ရပ်မှန် လုပ်ရပ်မှန် တွေကိုပြည်သူအများ သိရှိလေ့လာနိုင်အောင် ကျွန်တော်တို့သတင်းမီဒီယာသမားတွေက အခက်အခဲ အမျိုးမျိုးကြားက ရှာဖွေစုဆောင်း တင်ဆက်နေခြင်း ဖြစ်ကြောင်းပါ။ အမြင်မတော်တာ၊ အကြားမတော်တာတွေ ရှိလာရင်လည်း လူမိုက်လုပ် ဖော်ထုတ်နေခြင်း ဖြစ်ကြောင်းပါဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်**
*၂၇၊ ဒီဇင်ဘာ၊ ၂၀၁၁*
*အတွဲ ၂၊ အမှတ် ၈*

၀

# ၂၀၁၁ မြန်မာ့ဒီမိုကရေစီ စာရင်းရှင်းတမ်း

ဒီစာရေးနေချိန်ဟာ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့ဆိုတော့ ခရစ်နှစ် ပြက္ခဒိန်အရ တစ်နှစ်ဟောင်းလို့ တစ်နှစ်ပြောင်းသွားခဲ့ပြီဖြစ်တဲ့ နှစ်သစ်ရဲ့ အစပထမ သီတင်းပတ် တွင်းဖြစ်တယ်ဗျ။

နိုင်ငံတိုင်း အဖွဲ့အစည်းတိုင်းမှာ ဝင်ငွေ ထွက်ငွေစာရင်းတစ်ခု ရှိကြမြဲဖြစ်တယ်။ သတ်မှတ်ထားတဲ့ကာလတစ်ခုအတွင်း ဝင်ငွေဘက်က ဘာတွေရှိခဲ့တယ်။ ထွက်ငွေ ဘက်က ဘာတွေရှိခဲ့တယ်။ ဝင်ငွေနဲ့ထွက်ငွေ သို့မဟုတ် ရငွေနဲ့ သုံးငွေကို ခြားနား ကြည့်လိုက်တဲ့အခါ ဝင်ငွေက များသလား သို့မဟုတ် ထွက်ငွေက များသလား ဝင်ငွေက ထွက်ငွေထက် ပိုနေတယ်ဆို ရင် ပိုငွေပြတယ်။ ထွက်ငွေက ဝင်ငွေထက် ပိုနေတယ်ဆိုရင် လိုငွေပြတယ်။ အဲသလို သတ်မှတ်ကြတယ်ဗျ။ ပိုငွေပြနေတယ်ဆိုရင် လာမယ့် စာရင်းအသစ်မှာ ပြည်သူ့အကျိုးပြုလုပ်ငန်း တွေမှာ ဘယ်လိုဘယ်လောက် တိုးပြီး သုံးစွဲမလဲ။ လိုငွေပြနေ တယ်ဆိုရင် ဘယ်ကဏ္ဍတွေက ဘာကြောင့်ပြနေတာလဲ။ လိုငွေပြတဲ့ ပမာဏဟာ ကျိုးကြောင်းဆီလျော်မှုရှိရဲ့လား။ လိုငွေ ပမာဏက ခံသင့်ဖြစ်ထိုက် တာထက် သိပ်ကြီးနေသလား။ အဲသလိုဖြစ်နေရင် လာမယ့် အသုံး စာရင်းအသစ်မှာ လိုငွေလျှော့ချနိုင်အောင် ဘယ်လိုလုပ်မလဲ စသဖြင့် စဉ်းစား သုံးသပ်ပြီး မိမိနိုင်ငံ မိမိအဖွဲ့အစည်း တည်တည်ငြိမ်ငြိမ်နဲ့ ရှေ့ခရီးဆက်နိုင်ဖို့အရေး မိမိတို့ရဲ့ ငွေကြေး မူဝါဒတွေကို ပြောင်းလဲသင့်တာပြောင်းလဲ၊ ဖြည့်စွက်သင့်တာ ဖြည့်စွက်၊ ပယ်ဖျက်သင့်တာ ပယ်ဖျက်လုပ်ကြရတာ ဖြစ်တယ်ဗျ။

ကျွန်တော်ကလည်း နှစ်သစ်ရဲ့ အစပထမနေ့မှာ ကုန်လွန်သွားခဲ့ပြီဖြစ်တဲ့ ၂၀၁၁ ခုနှစ်ရဲ့ ဒီမိုကရေစီ စာရင်းရှင်းတမ်းကို ဆွဲကြည့်နေမိတယ်ဗျ။ မြန်မာပြည်သူတွေ နှစ်ပေါင်းများစွာလိုလားတောင့်တနေခဲ့ကြတဲ့ လွတ်လပ်ခွင့်၊ လူ့အခွင့်အရေး တရားဥပဒေ စိုးမိုးရေးနဲ့ ဒီမိုကရေစီရေး မျှော်မှန်းချက်တွေ ပြီးခဲ့တဲ့နှစ်အတွင်း ဘယ်လောက်ရရှိလာခဲ့ကြသလဲ သို့မဟုတ် ရရှိဖို့အလားအလာတွေ ဘယ်လောက် လင်းလက် တောက်ပ လာခဲ့ကြသလဲဆိုတာတွေကို ဆန်းစစ်လေ့လာသုံးသပ်ပြီး ရလာခဲ့သမျှ အရာတွေကို အပေါင်းလက္ခဏာအဖြစ် ဇယားရဲ့ ဝင်ငွေဘက်အခြမ်းမှာ စာရင်းသွင်း။ ဆုံးရှုံးသွားခဲ့တဲ့ လွတ်လပ်ခွင့်နဲ့ ဒီမိုကရေစီ အခွင့်အရေးတွေနဲ့ ပြည်သူတွေ မျှော်မှန်းထားသလောက် ရမလာ ကြသေးတဲ့ လွတ်လပ်ခွင့်နဲ့ ဒီမိုကရေစီ အခွင့်အရေး တွေကို အနုတ်လက္ခဏာအဖြစ် ဇယားရဲ့ထွက်ငွေဘက်အခြမ်းမှာ စာရင်းသွင်းပြီး ၂၀၁၁ ခုနှစ် မြန်မာ့ဒီမိုကရေစီ စာရင်းရှင်းတမ်းကို ဆွဲကြည့်မိတာ ဖြစ်တယ်ဗျ။

ဝင်ငွေဘက်အခြမ်းမှာ စာရင်းသွင်းဖို့ ၂၀၁၀ ခုနှစ်အတွင်း ပေါ်ထွက်ခဲ့တဲ့ အပြုသဘော အပေါင်းလက္ခဏာဆောင်တဲ့ ကိစ္စတွေကို စာရင်းပြုစုကြည့်လိုက်တော့ ပထမဆုံးနဲ့ အထင်ရှားဆုံးတွေ့ခဲ့ရတာကတော့ သမ္မတကြီးဦးသိန်းစိန်ရဲ့ ရာထူး လက်ခံ မိန့်ခွန်းနဲ့ လွှတ်တော်ကို ပြောကြားတဲ့ မိန့်ခွန်းတို့ပဲ ဖြစ်တယ်ဗျ။ အဲဒါတွေ ကတော့ တိုင်းပြည်အောက်ကျနောက်ကျဖြစ်နေတဲ့ အခြေအနေကို ဝန်ခံအသိအမှတ် ပြုထား ၂၀၀၈ အခြေခံဥပဒေကို လက်မခံနိုင်သေးတဲ့သူတွေကိုလည်း နိုင်ငံမှာ အရေးပါတဲ့ အင်အားစုတစ်ခုအဖြစ် အသိအမှတ်ပြုပြီး တူတာတွေ တွဲလုပ်ကြဖို့ဖိတ်ခေါ်ကမ်းလှမ်းကာ သန့်ရှင်းတဲ့ ကောင်းမွန်တဲ့ အစိုးရဖြစ်အောင် ကြိုးပမ်းမယ်လို့ ကတိပြုတာ၊ စတဲ့ ° ၌င်ကို လေးစားအသိအမှတ်ပြုကြောင်း ပြောဆိုတာတွေ ဖြစ်တယ်ဗျ။ သမ္မတကြီးရဲ့ အဲဒီမိန့်ခွန်းတွေဟာ ၂၀၁၁ ဒီမိုကရေစီ ရှင်းတမ်းရဲ့ ဝင်ငွေဘက်အခြမ်းမှာ ထိပ်ဆုံးက စာရင်းသွင်းရမယ့်အရာတွေ ဖြစ်တယ်ဗျ။

၂၀၀၈ အခြေခံဥပဒေကိုရော ၂၀၁၀ ရွေးကောက်ပွဲကိုပါ ပြင်းပြင်းထန်ထန် ဆန့်ကျင်ခဲ့ကြသူတွေ အပါအဝင် မြန်မာပြည်သူ လူထု အများစုကြီးဟာ သမ္မတ မိန့်ခွန်းကြောင့် ခေါင်းထောင် ကြည့်နေကြတုန်း ဝင်ငွေစာရင်းထဲ နောက်ထပ်ဝင်လာ တဲ့ ငွေအလုံးအရင်းကြီးတစ်ခုကတော့ ဧရာဝတီမြစ်ဆုံရေကာတာစီမံကိန်း ရပ်ဆိုင်း လိုက်တဲ့ကိစ္စ ဖြစ်တယ်ဗျ။ အဲဒီနောက် တစ်ဆက်တည်းလိုလို သမ္မတအိမ်တော်မှာ လွတ်လပ် ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဓာတ်ပုံရှေ့မှာ သမ္မတကြီးနဲ့ လူထု ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့ ယှဉ်တွဲရပ်နေကြတဲ့ ဓာတ်ပုံ သတင်းစာ မှာပါလာတော့ ဒီမိုကရေစီဝင်ငွေစာရင်းဟာ အတော်လေး စို့စို့ပို့ပို့ဖြစ်သွားခဲ့တယ် လို့ ဆိုရမယ်ဗျ။



ဒါတွေတင်မကသေးဘူးဗျ။ အငြိမ်းစား လစာတွေကို သိသိသာသာ တိုးမြှင့် ပေးလိုက်တာ၊ ဆင်းရဲမွဲတေမှု လျှော့ချရေး အစီအမံတွေ ချမှတ် အကောင်အထည် ဖော်လာတာ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒတွေ ပြင်ဆင်ပြောင်းလဲပေးတာ စတဲ့ စီးပွားရေးကဏ္ဍက ပြုပြင် ပြောင်းလဲမှုတွေ၊ ယုံကြည်ချက်ကြောင့် အကျဉ်းချထားခြင်း ခံနေရသူတချို့က ပြန်လည်လွတ်မြောက်လာတာ၊ ၉၀ ရွေးကောက်ပွဲမှာ ထောက်ခံမဲ အများ တောင်ပြိုကမ်းပြိုရပြီး အနိုင်ရရှိခဲ့တဲ့ NLD ပါတီ တရားဝင်နိုင်ငံရေး ရေစီး ကြောင်းထဲ ပြန်လည်ဝင်ရောက်လာနိုင်တာ၊ ပါတီကြီးတစ်ခုက အများစု အသာစီး အနေအထား ရထားတာမှန်ပေမယ့် ၂၀၁၀ ရွေးကောက်ပွဲက ပေါ်ထွက်လာတဲ့ လွှတ်တော်တွေမှာ ဒီမိုကရေစီအသွင် သရုပ်တွေ တရွေ့ရွေ့ တိုးပြီး တွေ့လာရတာ၊ ငြိမ်းချမ်းစွာစုဝေးဆန္ဒပြခွင့်၊ အသင်းအပင်းဖွဲ့စည်းခွင့် ဥပဒေတွေ ပေါ်ထွက် လာတာ စတဲ့ နိုင်ငံရေးကဏ္ဍက ပြုပြင်ပြောင်းလဲမှုတွေ၊ ပုဂ္ဂလိက ကျောင်းတည်ထောင်ခွင့် ပေးအကို ပညာရေးကဏ္ဍက ပြုပြင်ပြောင်းလဲ မှုတွေဟာ ဝင်ငွေစာရင်းထဲ မလွဲမသွေ ထည့်သွင်းရမယ့်ကိစ္စတွေ ဖြစ်တယ်ဗျ။

ဒါ့အပြင် အကျဉ်းကျခံနေရဆဲ ကျောင်းသားခေါင်းဆောင်တစ်ဦးရဲ့ မွေးနေ့ အပါအဝင် ငြိမ်းချမ်းတဲ့လှုပ်ရှားမှုတွေကို အင်အားစုအချို့က ဖော်ဆောင်တဲ့အခါ အနှောင့်အယှက်အဟန့်အတား ကင်းကင်းလုပ်ဆောင်နိုင်ခဲ့တာတွေဟာလည်း ဒီမိုကရေစီ ရှင်းတမ်းရဲ့ ဝင်ငွေတွေပဲ ဖြစ်တယ်ဗျ။

ဝင်ငွေစာရင်းမှာ နောက်ထပ်မဖြစ်မနေ ထည့်သွင်းရမယ့်ကိစ္စတစ်ခုကတော့ စာနယ်ဇင်းလွတ်လပ်ခွင့် အတော်အတန် ရှိလာခြင်း ဖြစ်တယ်ဗျ။ အဲဒါ မရှိဘဲ ဒီမိုကရေစီ ဆိုတာ မတည်ရှိနိုင်တာကြောင့် စာပေစိစစ်ရေးဌာနက တင်းကျပ်တဲ့ မူဝါဒတချို့ကို ဖြေလျှော့လာခဲ့တာဟာ ဘတ်ဂျက်အတွက် အရေးကြီးတဲ့ဝင်ငွေတစ်ရပ်လို့ ဆိုရမယ် ဗျာ။

ရာစုတစ်ဝက်ကျော်ကာလအတွင်း မြန်မာနိုင်ငံရဲ့ နိုင်ငံတကာ ဆက်ဆံရေးမှာ စာမျက်နှာသစ် ဖွင့်လှစ်ခဲ့တဲ့ အမေရိကန်နိုင်ငံခြားရေး ဝန်ကြီး ဟီလာရီကလင်တန်ရဲ့ မြန်မာပြည်အလည်အပတ်ခရီးဟာလည်း မြန်မာ့ဒီမိုကရေစီရေးအတွက် ပမာဏ ကြီးမားတဲ့ ဝင်ငွေ တစ်ရပ် ဖြစ်တယ်ဗျ။

၂၀၁၁ မြန်မာ့ဒီမိုကရေစီရှင်းတမ်းရဲ့ ဝင်ငွေစာရင်းထဲ နောက်ဆုံးဝင်လာတာ ကတော့ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် နဲ့ လွှတ်တော်ဥက္ကဋ္ဌ နှစ်ဦးတို့ ရင်းနှီးခင်မင်စွာ တွေ့ဆုံစကားပြောခဲ့ကြတာနဲ့ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က ဦးဆောင်ပြုလုပ်တဲ့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများအတွက် ပညာရေးရန်ပုံငွေ ရှာဖွေဖျော်ဖြေပွဲကြီး အောင်မြင်စွာ ကျင်းပပြီးစီးသွားခဲ့တာပဲ ဖြစ်တယ်ဗျ။

၂၀၁၁ မြန်မာ့ဒီမိုကရေစီရှင်းတမ်းရဲ့ ထွက်ငွေအကြောင်း ပြောကြစို့ဆိုရင် ဝင်ငွေဘက်အခြမ်းလို ခေါင်းစဉ်ငယ်လေးတွေ များများစားစား မရှိဘဲ ခေါင်းစဉ် သုံးလေးခု လောက်သာ ရှိပေမယ့် အဲဒီခေါင်းစဉ်တွေရဲ့ ငွေလုံးငွေရင်းပမာဏကတော့ ကြီးမားတယ်လို့ ဆိုရမှာ ဖြစ်တယ်ဗျ။

ပထမဆုံးကိစ္စက ငြိမ်းချမ်းရေးကိစ္စဖြစ်တယ်ဗျာ။ နိုင်ငံလွတ်လပ်ရေးရချိန်ကစလို့ ကြားလာခဲ့ကြတဲ့ ပြည်တွင်းစစ်သေနတ်သံတွေဟာ အခုအထိ မစဲနိုင်သေးတဲ့အပြင် တချို့ဒေသတွေမှာ ပိုလို့တောင်ဆူညံလာခဲ့တယ်ဗျ။ နိုင်ငံတော် သမ္မတက ကာကွယ်ရေး ဦးစီးချုပ်ထံ ထိုးစစ်ဆင်တိုက်ခိုက်မှုတွေ ရပ်ဆိုင်းထားဖို့ ညွှန်ကြားချက်ပေးပို့လိုက်ပြီ ပီဆိုပေမယ့် သက်ဆိုင်ရာဒေသမှာ ကျယ်လောင်တဲ့ သေနတ်သံတွေ ဆက်ကြားနေရဆဲဖြစ်တယ်ဆိုတဲ့ အခြေအနေက ထွက်ငွေရပ်သွားအောင် မလုပ်နိုင် သေးဘူး ဆိုတာကို ပြသနေတယ်ဗျာ။

ယုံကြည်ချက်အကျဉ်းသားကိစ္စမှာလည်း ထင်ရှားတဲ့ အကျဉ်းသားအများအပြား ထောင်တွေထဲမှာ ဆက်ရှိနေခဲ့တာ၊ ယုံကြည်ချက်ကြောင့် အကျဉ်းချထားခြင်း ခံနေရသူတွေ ရှိနေတယ်ဆိုတာကိုတောင် နိုင်ငံတော်အစိုးရက အပြောမခံတာတွေ ဟာလည်း ရှင်းတမ်းမှာ ထွက်ငွေအဖြစ် မဖြစ်မနေထည့်သွင်းဖော်ပြရမယ့်ကိစ္စတွေ ဖြစ်တယ်ဗျ။

ဒါ့အပြင် ငြိမ်းချမ်းစွာ စုဝေးဆန္ဒပြခွင့်နဲ့ အသင်းအပင်းဖွဲ့စည်းခွင့်တွေ စာရွက် ပေါ်မှာပဲ ရှိနေသေးတာနဲ့ ဒီမိုကရေစီ အခမ်းအနားများကို လက်ခံကျင်းပခွင့်ပြုခဲ့တဲ့ ဆရာတော်တစ်ပါး မြင်းမြီးဆွဲမောင်ဆန်လို ဆိုဆုံးမရခက်ခဲသူအဖြစ် သတ်မှတ်ပြီး ကျောင်းထဲက ဖယ်ရှားပေးဖို့ တောင်းဆိုခြင်းခံခဲ့ရတာ၊ ဓမ္မကထိကပေါင်းများစွာတို့ ဟောကြားခဲ့ဖူးတဲ့ ဘုရားဟောတရားတော်တစ်ပုဒ်ကို ဟောပြောမိခဲ့လို့ တရား နာ ပရိသတ်အင်အား နိုင်မာတောင့်တင်းလှတဲ့ ဓမ္မကထိကဆရာတော်တစ်ပါး တရား ဟောခွင့် ပိတ်ပင်ခံခဲ့ရတာတွေကလည်း ၂၀၁၁ မြန်မာ့ဒီမိုကရေစီ ရှင်းတမ်းရဲ့ ထွက်ငွေစာရင်းထဲ ထည့်သွင်းရမယ့် ခေါင်းစဉ်များဖြစ်ကြောင်းပါဗျာ။

ယခုနှစ်အဖို့တော့ ထွက်ငွေတွေများမလာဖို့နဲ့ လိုငွေပြရှင်းတမ်းမဖြစ်ဖို့ ဆုတောင်းနေရတယ်ဗျ။

**ပြည်သူ့ခေတ်ဂျာနယ်**

*၃၊ ဇန်နဝါရီ၊ ၂၀၁၂*

*အတွဲ ၂ အမှတ် ၇၇*

○

## ဖဲကြိုးဝါတွေ အများကြီးနဲ့ ကြိုဆိုပါတယ်

ကျွန်တော့် ကော်လံအတွက် ပြည်သူ့ခေတ်ကို စာမူပေးနေကျ ဗုဒ္ဓဟူးနေ့က ပေးခဲ့တဲ့ ဆောင်းပါးကို ခဏ ဆိုင်းငံ့ထားလိုက်တော့ အတော်ပဲ ဖြစ်သွားပါတယ်။ ယုံကြည်ချက် အကျဉ်းသား ၆၅၁ ယောက်ကို လုံးခနဲ လွှတ်ပေးလိုက်တဲ့အချိန်နဲ့ တိုက်ဆိုင်နေလေတော့ ကျွန်တော် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုချင်တာကို အစားထိုး ဆောင်းပါး အချိန်မီ ရေးခွင့်ရလိုက်တာပေါ့ဗျာ။ ပထမတော့ ကျွန်တော့် facebook မှာ ဖဲကြိုးဝါနဲ့ ကြိုဆို ပါသည်လို့ အဦးဆုံး ရေးခဲ့ပြီးပါပြီ။ အခု ပုံနှိပ်စာစောင်မှာ ရေးဖြစ်သွားတာပေါ့။

### ဟယ်ခနဲ ဖြစ်သွားပါတယ်

ဇန်နဝါရီ ၁၂ ရက်နေ့ ညနေ ၅ နာရီလောက်မှာ အကြားအမြင်များတဲ့ ရပ်ကွက်တစ်ခုက မိန့် ညနေ ၆ နာရီ သတင်းကြေညာချက် တစ်ခုရှိတယ်၊ နားထောင်ပါလို့ ကျွန်တော့်ကို ဖုန်းဆက်ပြောတယ်။ ကျွန်တော်တို့ သတင်းမီဒီယာလောကမှာ well informed sources ဆိုတာ ရှိပါတယ်။ သူတို့က ကျွန်တော်တို့ကို စေတနာရှေ့ထားပြီး သတင်းအစ အနလေးတွေ ပေးလေ့ရှိတယ်။ ကျွန်တော်တို့ကလည်း စည်းစောင့်ရတယ်။ ဘာသတင်း မို့လို့လဲလို့ ပြန်မမေးပါဘူး။ ပြောတဲ့အတိုင်း နားထောင် လိုက်တော့ ကျွန်တော်သည် ဝင်လျှင် ဟယ်ခနဲ ဖြစ်သွားတယ်။

## မပြောချင်တော့တဲ့ အဆင့်က

စာဖတ်သူများ သိကြတဲ့အတိုင်း ကျွန်တော်ဆိုရင် ယုံကြည်ချက်ကြောင့် အကျဉ်း နေသူတွေ လွတ်မြောက်ရေးကိစ္စကို ကလောင်သွား မီးထွက် မတတ်၊ လျှာထွက်မတတ် ရေးနေ၊ ပြောနေ၊ တွန်းအားပေးနေသူ တစ်ယောက်ပါ။ ပြီးခဲ့တဲ့ တတိယအကြိမ် လွတ်ငြိမ်းခွင့်ပေးချိန်မှာ မျှော်လင့်တဲ့အတိုင်း ဖြစ်မလာတော့ စိတ်ပျက်သွားလိုက်တာများ ဒေါ်မြလေးကြီး စကားလို 'မပြောချင်တော့ဘူး။ ပြောကို မပြောချင်တော့ဘူး' လို့တောင် ဖြစ်သွားပါတယ်။ နောက်မှ စိတ်ကိုဖြေပြီး ကိုယ်ရေးနေတဲ့ ပင်တိုင်ကဏ္ဍ ခေါင်းစဉ် 'ပြောချင်လွန်းလို့' ဆိုတော့ ပြောစရာတွေ ရှိနေသမျှ ပြောနေရမှာပဲ၊ ဒါဟာ ကိုယ့်အလုပ် ကိုယ့်ဘာသာ ယူချင်လွန်းလို့ ယူထားတဲ့တာဝန် self mission ပဲလို့ အားတင်းပြီး ဆက်ရေးနေခဲ့တာဗျ။

## အိမ်ပြန်လာသူကို ကြိုတဲ့ ဖဲကြိုးဝါ

ကျွန်တော့် facebook မှာ လွတ်လာသူတွေကို ကျွန်တော်က yellow ribbon ဖဲကြိုးဝါလေးတွေ ရင်ဘတ်မှာ ဆီးကြိုတပ်ဆင်ပေးပြီး ကြိုဆိုနေပါတယ်လို့ အာရုံ ကြပါလေလို့ ရေးလိုက်ပါတယ်။ ချက်ချင်းဆိုသလိုပဲ သတင်းဌာနအချို့က ကျွန်တော် ခုလို ကြိုဆိုတာကို ထပ်ဆင့်ဖော်ပြပေးလို့ အတော်ကလေး ပျံ့နှံ့သွားပါတယ်။ မိတ်ဆွေ တွေက ကျွန်တော့်ဝမ်းမြောက်မှုအပေါ် သူတို့ရဲ့ ထင်မြင်ချက် comments တွေ ဝိုင်းရေးပြီး ထောက်ခံကြပါတယ်။ တချို့ကတော့ မယုံရဲသလို မဝံ့မရဲ ရေးကြပါတယ်။ ကိုညီသွေးဆိုတဲ့ မိတ်ဆွေက Tie A Yellow Ribbon Round The Old Oak Tree လိုလား ဆရာလို့ လှမ်းရေးတယ်။ အင်္ဂလိပ်သီချင်းလေးပါ။ မြန်မာလို ယုဇနပင်နဲ့ ဖဲကြိုးဝါလို့ ပြန်ရေးထားတာကို ထောင်ထဲမှာ ကျွန်တော်တို့ ရှိတုန်းက လူငယ်တွေ အတော်အဆိုများတယ်။ အိမ်ပြန်လာသူကို ဖဲကြိုးဝါနဲ့ ကြိုကြတဲ့ တင်စား ချက်လေးပါ။ ၁၉၇၇ လောက်က အီရန်ကနေ ဓားစာခံ အဖမ်းခံရတဲ့ အမေရိကန်တွေကို ပြန်လွှတ် ပေးလိုက်တော့ နယူးယောက်မြို့ကြီးက တိုက်ကြီးတွေမှာ ဖဲကြိုးဝါတွေ ရစ်ပတ်ဆင်ယင်ပြီး ကြိုခဲ့ကြဖူးတယ်ဗျ။ ကျွန်တော်တို့လည်း ဖဲကြိုးဝါတွေ အများကြီး အများကြီး တွေ့ရမယ့် အချိန်ကို မျှော်ခဲ့ကြဖူးတယ် မဟုတ်လားဗျာ။

## မျက်ရည်တောင်လည်ကြတယ်

ဝမ်းသာနေတဲ့ လူငယ်တစ်ယောက်က ကျွန်တော့် facebook ကို ရေးပို့လိုက်တဲ့ စာလေးတစ်စောင်ကလည်း ပီတိ ဖြစ်စရာပါ။ သူ့စာလေးက



*ဆရာခင်ဗျာ - ၁၃ ရက် ၁၃ ဂဏန်းက ကံမကောင်းခြင်း သင်္ကေတကို ဆောင်တယ်လို့ လူအများက သတ်မှတ်ထားကြပေမယ့်... ဒီနေ့ ဇန်နဝါရီလ ၁၃ ရက်နေ့ကတော့ မြန်မာပြည်သူတွေအတွက် ကံကောင်းခြင်းတွေ ယူဆောင်လာတဲ့ နေ့တစ်နေ့ ဖြစ်ခဲ့ပြီ...ဆရာ... လွတ်မြောက်လာတဲ့သူတွေ အတွက် ထပ်တူထပ်မျှ ဝမ်းသာရပါတယ်...မနေ့ကလည်း ကေအင်န်ယူနဲ့ အပစ်အခတ်ရပ်စဲတဲ့ငြိမ်းချမ်းရေး စာချုပ်ကို လက်မှတ်ထိုးနိုင်ခဲ့တယ်... ဆရာ...ဒီလိုဆို ဆရာ မြန်မာ့ဒီမိုကရေစီ အတ်ဂျက်စာရင်းမှာ ဝင်ငွေတွေ အလုံးအရင်းနဲ့ ထပ်တိုးမြန့်ပြီပေါ့...ဆရာ...ဝမ်းသာ လိုက်တာဗျာ...ဒီနေ့မနက် သတင်းတွေ ဖတ်ရင်းကြည်နူးမိလွန်းလို့ မျက်ရည်တောင် လည်မိပါတယ်... ဒီနေ့လို ကံကောင်းခြင်းတွေ ယူဆောင်လာတဲ့ မင်္ဂလာနေ့ရက် သစ်တွေ ဆက်လက် ပေါ်ထွန်းနိုင်ပါစေလို့ ဆက်လက် ဆုတောင်းပါတယ် ခင်ဗျာ။*

*လေးစားစွာဖြင့် ... ဝိုင်အောင်မျိုးမော်*

## ၁၃ ဂဏန်းနဲ့ ကျွန်တော်

သူ့စာလေးဖတ်ပြီး ကျွန်တော်ရေးခဲ့တဲ့ မြန်မာ့ဒီမိုကရေစီရေး ဘတ်ဂျက် ဆောင်းပါး ကိုလည်း သတိရမိတဲ့ ပရိသတ်ဆိုတာ သိလိုက်ပါတယ်။ ပြီးတော့ သူပြောတာနဲ့ ဆက်စပ်ပြီး ကျွန်တော်က ၁၃ ဂဏန်းနဲ့ ပတ်သက်တဲ့ ကိုယ့်အတွေ့အကြုံလေးတွေကို ပြန်သတိ ရမိတယ်။ တကယ်ကတော့ ၁၃ ဂဏန်းကို အများက ကံမကောင်းခြင်းလို့ယူဆကြပေမယ့် ကျွန်တော့်အတွက်ကတော့ ၁၃ ဂဏန်းနဲ့ အကျိုးပေးတာတွေ ရှိခဲ့တယ်။ အဲဒီ အကြောင်း 'နံပါတ်မှာ ၁၃' ဆိုတဲ့ ဝတ္ထုတိုတစ်ပုဒ် ကျွန်တော် ရေးခဲ့ဖူးပါတယ်။

ကျွန်တော် ၁၀ တန်းအောင်တုန်းက ခုံနံပါတ်က ၈၃၂၂ ပေါင်းလိုက်ရင် ၁၃။ အခု ကျွန်တော့်အိမ်နံပါတ်က ၁၁၃ ဆိုတော့ ၁၃ တော့ ပါတာပဲ။ ရှားရှားပါးပါး တယ်လီဖုန်းရတဲ့ ခေတ်က ရခဲ့တဲ့ ကြိုးဖုန်းနံပါတ်က ၇၃၂၁၀၊ ပေါင်းလိုက်ရင် ၁၃။ နောက် ဒစ်ဂျစ်တယ် ပြောင်းတော့မှ ရှေ့က ၃ တိုးပြီး အခု ၃၇၃၂၁၀ ဖြစ်သွားတာပါ။ ၁၉၆၇ မှာ ပထမပတ် သတင်းစာသင်တန်း တက်ရတော့ အက္ခရာစဉ်အလိုက် ခုံနံပါတ်ပေးတာ ရလိုက်တဲ့ နံပါတ်က ၁၃ ပါ။ ၁၉၇၀ လုပ်သားပြည်သူ့နေ့စဉ်မှာ သတင်းထောက်ကနေ အယ်ဒီတာ ရာထူးတိုး စာမေးပွဲ ဖြေတော့ ကျွန်တော့် ခုံနံပါတ်က ၁၃ ပါ။ ကျွန်တော် အရွေးခံရပြီး ရာထူးတိုးခဲ့ပါတယ်။ ၁၉၇၇ မှာ မစ်ရှီဂန် တက္ကသိုလ် သတင်းစာပညာ ဖဲလိုးရှစ် တက်တော့ ဖဲလိုး နံပါတ် ၁၃ ပါ။ ပထမဆုံး နိုင်ငံခြားဆိုတာ စသွားဖူးတဲ့ ဂျပန်ခရီးကို စထွက်တဲ့နေ့က ၁၉၇၆ မေလ ၁၃ ရက်ပါ။ ၁၉၇၆ ကလည်း ၁၉ ဖြုတ်ပြောရင် ၇၆ ကို ပေါင်းတော့ ၁၃ ပါ။ ၈ လေးလုံး အရေးတော်ပုံကြီးမှာ လမ်းဘေးက ရပ်ကြည့် ဖြတ်လျှောက်အဆင့်ကနေ ကာယကံမြောက် စတင် ပါဝင်ခဲ့တာ ၁၉၈၈ ဩဂုတ်လ

၁၃ နေ့မှာပါ။ NLD စည်းရုံးရေးမှူး တစ်ယောက်အနေနဲ့ ပထမဆုံး ပဲခူးတိုင်း အရှေ့ခြမ်းကို စည်းရုံးရေးခရီး စထွက်တဲ့နေ့က ၁၉၈၈ အောက်တိုဘာလ ၁၃ ရက်နေ့ပါ။ ၁၉၉၀ ဧပြီ ၂၄ ပထမအကြိမ် ထောင်က လွတ်ပြီး ကျွန်တော့် မဲဆန္ဒနယ် ဝေါမြို့နယ်ကို သွားတယ်။ ကျွန်တော့် မွေးရပ် ဇာတိမြစ်ကြီးနားက လူထုကိုမဲဆွယ်တရားစပြောတဲ့နေ့က မေလ ၁၃ ရက် ဖြစ်ပါတယ်။ ဟော... နောက်ဆုံးအကြိမ် ထောင်က လွတ်တဲ့နေ့ (ရန်ကုန်ဆေးရုံကြီး အချုပ်က လွတ်တဲ့နေ့) ကလည်း ၂၀၀၁ ခု ဇွန်လ ၁၃ ရက်နေ့ ဖြစ်ပါတယ်ခင်ဗျာ။

ကျွန်တော်တို့ သတင်းထောက်ဘဝက အပျင်းပြေ ၂၁ ပေါက် ဖဲလေး ဘာလေး ကစားကြတုန်းကလည်း ကျွန်တော်က ၁၃ တက်ဆိုရင် ပျော်နေပြီ။ ၁၃ တက်လို့ကတော့ ကျွန်တော် ဖဲဆွဲလိုက်တိုင်း ၂၁ ပေါက် ပေါက်တာချည်းပဲ။ ဘယ်တော့မှ မသေဘူးဗျ။

သို့မို့ကြောင့် ယနေ့ ဇန်နဝါရီ ၁၃ မှာ လွတ်လာသူတွေလိုပဲ ကျွန်တော်လည်း ၁၃ ဂဏန်း အကျိုးပေးခဲ့တာလေးတွေကို ပြန်လည် သတိရနေရင်း (ဖဲစကားပြောတယ်လို့တော့ အပြစ်မတင်ပါနဲ့နော်) နောက်ထပ် တက်ဆွဲရဲသွားပါပြီ။

ကျွန်တော့် facebook မိတ်ဆွေအချို့ရဲ့ အာဘော်အချို့ကို တင်ပြ လိုက်ပါတယ်။

ဆရာရေ... ကံကောင်းခြင်းတွေ ဆက်လာပါစေ.. ဒီမိုကရေစီ ဘတ်ဂျက် တိုးတက်လာပါစေ။

ဒီနေ့ဟာ သမီးရဲ့ မွေးနေ့ ၁၃ ရက် သောကြာနေ့ပါ။ သမီးဟာ ၁၃ ရက်နေ့မှာ မွေးခဲ့လို့ဆိုပြီး တစ်ခါမှ စိတ်အနှောင့်အယှက် မဖြစ်ခဲ့ပါဘူး။ ခုတော့ ၁၃ ရက် သောကြာနေ့ဟာ သမီးအတွက် ကံကောင်းတဲ့ အပျော်ရွှင်ရဆုံး နေ့တစ်နေ့ ဖြစ်ခဲ့ပါပြီ။

၁၃ ဂဏန်းကို ရာဇလုံတံဖြင့် သရုပ်ဖော်ထားပြီး အကျိုးပေးလျှင် လည်း ထူးထူးခြားခြား အကျိုးပေးထက်သန်ပြီး ကျဆုံးလျှင်လည်း ဆိုးဆိုးဝါးဝါး ထိခိုက်နိုင်ကြောင်း ဖတ်ခဲ့ရဖူးပါသည်။

ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများ ရှင်လောင်း လှည့်တဲ့နေ့။

ယုံကြည်ချက်ကြောင့် ကျခံနေရတဲ့ အကျဉ်းသားတွေ မရှိမှ ဒီမိုကရေစီလို့ ခေါ်လို့ရမယ်။ ကနေ့ဟာ နိုင်ငံရေး အကျဉ်းသားတွေ လွတ်လာပြီဆိုတော့ နိုင်ငံရေး ရှင်လောင်း လှည့်ပြီပေါ့။ ပြည်တွင်း ငြိမ်းချမ်းရေးပါ ရပြီ ဆိုရင်တော့ တစ်တိုင်းပြည်လုံး နိုင်ငံရေး အောင်ပွဲကြီး ကျင်းပကြရအောင်။

၁၀၊ ဇန်နဝါရီ၊ ၂၀၁၂

○

# ယုံကြည်မှု ပျက်ပြားသွားပြီဆိုရင် ဘာမှ လုပ်လို့မရ

မကြာသေးမီ တစ်ရက်က မိတ်ဆွေတစ်ဦးက ဂျာနယ်တစ်စောင် ယူလာပြီး ကျွန်တော့်ကို 'ဖတ်ကြည့်စမ်းပါ' လို့ ပြောတယ်ဗျ။ ဘာဖတ်ရမှာလဲဗျလို့ ကျွန်တော်က မေးတော့ သူက ဂျာနယ်ကိုလှန်ပြီး ရှစ်ဆယ့်ရှစ် လူထုအုံကြွမှုကြီး အရှိန်မြင့်နေတဲ့ ကာလအတွင်း ဆရာဝန်တစ်ဦးအမည်နဲ့ ရေးသားဖြန့်ဝေခဲ့တဲ့ 'မီးဟုန်းဟုန်း တောက်တော့မယ့် မြန်မာပြည်' ဆောင်းပါးနဲ့ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ် ပါတီခေတ်ရဲ့ နောက်ဆုံး သမ္မတဖြစ်တဲ့ ဒေါက်တာမောင်မောင်ရဲ့ ပထမဆုံး မိန့်ခွန်းကို ထောက်ပြတယ်ဗျ။ ဘာကြောင့် ဖတ်ခိုင်းတာလဲလို့ မေးတော့ သူက နိုင်ငံတစ်နိုင်ငံအတွက် ကြီးမားလှတဲ့ သမိုင်းဆိုင်ရာ အချိုးအကွေ့ အဖြစ်အပျက်ကြီးတစ်ခု ဖြစ်ပျက်ခဲ့ပြီးတဲ့နောက် ဆယ်စုနှစ်နှစ်ခုကျော်လောက် ကြာသွားတဲ့ အကွာအဝေးကနေ အဲဒီအဖြစ်အပျက်ကို ပြန်ကြည့်ပြီး ခင်ဗျား ဘယ်လိုသုံးသပ်မလဲ ဆိုတာကို သိချင်လို့ပါလို့ ဖြေတယ်ဗျ။ တကယ်ကတော့ မိတ်ဆွေယူလာပြတဲ့ ဂျာနယ်မတိုင်ခင် ဂျာနယ်ကြီး တစ်စောင်မှာလည်း သည်ဆောင်းပါးကို ပြန်လည် ဖော်ပြခဲ့ပြီးပါပြီ။

## လာဂျူးပြီး မဖော်ပြခဲ့

အဲဒီဂျာနယ်ကြီးက ဖော်ပြပြီးချိန်မှာ ဝေဖန်သံတွေ ထွက်ပေါ်လာတော့ ဂျာနယ် အယ်ဒီတာက ခိုင်းလို့ဆိုပြီး သတင်းထောက် တူမလေးတစ်ယောက်က အဲဒီဆောင်းပါးကို ယခုလို နှစ် ၂၀ ကျော်ကြာပြီးချိန်မှာ ပြန်လည်ဖော်ပြခြင်းနဲ့ စပ်လျဉ်းလို့ ကျွန်တော့်အမြင်ကို

သိချင်ပါတယ်ဆိုပြီး လာဖျူးပါတယ်။ ကျွန်တော်က မိမိအမြင်ကို ရှင်းရှင်းလင်းလင်း ပြောပြလိုက်ပါတယ်။ သို့ပေမဲ့ ကျွန်တော့်ကို ဖျူးခဲ့တဲ့ သတင်းဆောင်းပါး ခုထိ မတွေ့ရတော့ပါဘူး။ ဒါကြောင့် ကျွန်တော် ဖြေကြားလိုက်တဲ့ ကျွန်တော့်အမြင်ကို ဤဆောင်းပါးဖြင့် ထပ်မံ တင်ပြလိုက်ပါတယ်။

## အရင်ကတည်းက အစာမကျေ

တကယ်တော့ အဲဒီဆရာဝန်တစ်ဦးရဲ့ ဆောင်းပါးကို ရှစ်လေးလုံး အရေးတော်ပုံ ကာလအတွင်း ဖတ်မိကတည်းက အစာမကျေ ဖြစ်နေခဲ့တာပါ။ ဒေါက်တာမောင်မောင်ရဲ့ မိန့်ခွန်းကတော့ တိုက်ရိုက် ရုပ်သံလွှင့်တာဖြစ်တဲ့အပြင် ရုပ်သံက တစ်ကြိမ်မက ထုတ်လွှင့်ခဲ့တဲ့ မိန့်ခွန်းဖြစ်တာကြောင့် ပြည်သူအားလုံး ကြားခွင့်ရခဲ့ကြတဲ့ မိန့်ခွန်း ဖြစ်တယ်ဗျ။ ဒါ့အပြင် မိန့်ခွန်းထုတ်လွှင့်ပြီး နောက်တစ်နေ့မှာ နိုင်ငံပိုင် သတင်းစာတွေမှာ ထပ်မံ ပုံနှိပ်ဖော်ပြခဲ့တာကြောင့်လည်း ပြည်သူတွေအားလုံး အသေအချာ ဖတ်ခွင့်ရခဲ့ကြတဲ့ မိန့်ခွန်း ဖြစ်တယ်ဗျ။

ရှစ်လေးလုံး အရေးတော်ပုံကာလအတွင်း အဲဒီဆောင်းပါးနဲ့ မိန့်ခွန်းကို ဖတ်ခဲ့ရ နားထောင်ခဲ့ရပြီးတဲ့နောက် ကျွန်တော် ဘယ်လို ခံစားတုံ့ပြန်မိခဲ့သလဲ ဆိုတာနဲ့ ဆန္ဒပြ နေကြတဲ့ ပြည်သူတွေ ဘယ်လို ခံစားတုံ့ပြန်ခဲ့ကြသလဲ ဆိုတာကို အခု ဒီနေ့ခေတ် နောက်တစ်ကြိမ် ပြန်လည် ဖတ်ရှုရချိန်မှာ ကျွန်တော် ပြန်စဉ်းစားကြည့်မိတယ်ဗျ။ အံ့သြစရာလို့ပဲ ဆိုရမလား။ အံ့သြစရာမဟုတ်ဘူးလို့ပဲ ဆိုရမလားတော့ မသိဘူးဗျာ။ အချိန်ကာလအားဖြင့် နှစ်ပေါင်း နှစ်ဆယ်ကျော် ခြားနားခဲ့ပြီဖြစ်ပေမယ့် ကျွန်တော့် တစ်ဦးတည်းအနေနဲ့ ပြောရရင် ကျွန်တော့်ရဲ့ ခံစားတုံ့ပြန်မှုဟာ မပြောင်းမလဲ အရင်က အတိုင်း ရှိနေသေးတာကို တွေ့မြင်ခဲ့ရတယ်ဗျ။

အဲဒီတော့ ရှစ်ဆယ့်ရှစ် လှုပ်ရှားမှုကြီး အရှိန် အင်မတန် မြင့်မားပြင်းထန်နေတဲ့ ကာလမှာ ထွက်ပေါ်လာခဲ့တဲ့ အဲဒီဆောင်းပါးကို ဖတ်ရပြီးတဲ့နောက် ကျွန်တော့်ခံစားချက် ဘယ်လိုရှိခဲ့တယ်ဆိုတာကို ပြောပြဖို့ လိုအပ်လာတယ်ဗျ။ ပထမဆုံး ဖြစ်ပေါ်လာတဲ့ ခံစားချက်ကတော့ အဲဒီဆောင်းပါးမှာပါတဲ့ ရေးသားချက် အတော်များများဟာ ကိုးကြောင်းဆီလျော်သလိုလိုနဲ့ မုသာဝါဒတွေ ဖြစ်တယ်လို့ နားလည်လိုက်တာပဲ ဖြစ်တယ်ဗျ။

## သကာဖုံးထားတဲ့ ဆေးခါးကြီး

ကျွန်တော်ဟာ အသက်မွေးဝမ်းကျောင်း သတင်းစာဆရာ တစ်ယောက်ဖြစ်လို့ အဲသလို အရေးအသား အပြောအဆိုများရဲ့ အနှစ်သာရကို သာမန်လူတွေထက် ပိုသိ ပိုမြင်တယ်လို့



ဆိုရင် နားလည်ပေးနိုင်ကြမယ် ထင်ပါတယ်ဗျာ။ အဲသလိုဟာတွေက ဘာနဲ့တူသလဲ ဆိုရင် ပျော့ပျော့လေးနဲ့နဲ့တဲ့ ကြောင်ချေးလိုဟာတွေဗျ။ အတွင်းနိုက် မစဉ်းစားဘဲ သာမန်ဖတ်လိုက်ရင် တကယ်ပဲ လက်ခံချင်လောက်အောင် ကိုးကြောင်းဆီလျော်သလို တွေ့ရမှာ ဖြစ်တယ်။ သို့သော် အတွင်းသား အနှစ်သာရက အာရုံလွှဲခြင်းသာ ဖြစ်တယ်ဗျာ။ ဒိတ်ရင်းနဲ့ ရေးတဲ့ စာမျိုး မဟုတ်ဘဲ ရည်ရွယ်ချက် တစ်ခုအတွက် သကာဖုံးထားတဲ့ ဆေးခါးကြီးသာ ဖြစ်တယ်လို့ ကျွန်တော်တို့က ကောက်ချက်ချခဲ့ပါတယ်။

## လုံခြုံရေး ပျက်ပြားနေချိန်

အားလုံးသိကြတဲ့အတိုင်း မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရဆီက အာဏာကို စစ်တပ်က လွှဲပြောင်းယူတော့မယ့်ဆဲဆဲ ၁၉၈၈ ဩဂုတ်လ တတိယပတ်လောက် ကနေ စက်တင်ဘာလလယ်လောက်အတွင်းမှာ ရန်ကုန်နဲ့ မြို့ကြီးတချို့က လုံခြုံရေး အခြေအနေဟာ အတော်လေး ယိုယွင်းပျက်ပြားနေခဲ့တာ ဖြစ်တယ်ဗျ။ တစ်နိုင်ငံလုံးမှာ အုပ်ချုပ်ရေး ပျက်ပြားသွားပြီဖြစ်လို့ ပြည်သူတွေဟာ မိမိတို့ ကျေးရွာရပ်ကွက်မြို့နယ်တွေရဲ့ လုံခြုံရေးကို မိမိတို့ကိုယ်တိုင် ထိန်းသိမ်းစောင့်ရှောက်နေကြရတဲ့ အခြေအနေ ဖြစ်တာကြောင့် တစ်နိုင်ငံလုံးဟာ ခြံစည်းရိုး အထပ်ထပ်နဲ့ ဟိုကလာလုမယ်၊ ဒီက လာလုမယ်ဆိုတဲ့ ကောလာဟလတွေလည်း တရစပ်ထွက်နေလို့ ပြည်သူတွေ ကြီးလန့်စာစား ဖြစ်နေကြတဲ့ အချိန်လည်း ဖြစ်တယ်ဗျ။

ဒါပေမဲ့ အရေးကြီးတဲ့ အချက်တစ်ခုက နိုင်ငံမှာ အဲသလိုတွေ ဖြစ်နေတာကို အဲဒီတုန်းက လူထုဆန္ဒပြပွဲတွေကို ဦးဆောင်နေကြတဲ့ ဘယ်ခေါင်းဆောင်ကမှ လိုလား နှစ်သက်ခြင်း မရှိခဲ့ကြဘူးဆိုတဲ့ အခြေအနေဖြစ်တယ်ဗျ။ ခေါင်းဆောင်တိုင်းလိုလိုက ဒီမိုကရေစီ တောင်းဆိုဆန္ဒပြမှုနဲ့ လားလားမှမသက်ဆိုင်တဲ့ လုပ်ရပ်တွေ အထူးသဖြင့် ခေါင်းဖြတ်တာတွေ၊ လုယက်တာတွေကို ကြေညာချက်တွေထုတ်ပြီး ဟန့်တားခဲ့ကြတာကို ကျွန်တော် မှတ်မိနေတယ်ဗျ။ ဟံသာဝတီ ဦးဝင်းတင်ကလည်း သူ့ရဲ့တစ်ကိုယ်တော် ထုတ်ဝေတဲ့ ဆန္ဒဖော်သံ စာစောင်ကနေ 'လူထုတိုင်းပြည် လူထု ထိန်းနိုင်သည် ထိန်းနိုင်ရမည်' လို့ ဆိုကာ ရပ်ရွာလုံခြုံရေးအတွက် ကိုယ်ထူကိုယ်ထ ကြိုးစားနေတဲ့ ပြည်သူတွေကို အားပေး နှိုးဆော်ခဲ့တယ်ဗျ။

## ဆောင်းပါးရဲ့အဓိက ပြောချင်တာက

အဲဒီလို အခြေအနေမျိုးမှာ အဲဒီ ဆရာဝန်တစ်ဦးရဲ့ ဆောင်းပါး ထွက်ပေါ်လာခဲ့တာ ဖြစ်တယ်ဗျာ။ သူ့ဆောင်းပါးရဲ့ အဓိက မီးမောင်းထိုးပြချက်ကတော့ ဒီမိုကရေစီ လူထု လှုပ်ရှားမှုကြီးရဲ့ခေါင်းဆောင်တွေကို သေးသိမ်မှုမှိန်အောင် မသိမသာ သိက္ခာချတာရယ်

ဒီမိုကရေစီ တောင်းဆိုနေတဲ့ လူထုကြီးကို ရောယောင်နောက်လိုက် ဝေလေလေတွေလို့ သွယ်ဝိုက် ပြောချင်တာရယ်ပဲ ဖြစ်တယ်ဗျာ။

## ရွေးကောက်ပွဲ ကမ်းလှမ်းချက်

အဲဒီတုန်းက နောက်ဆုံးသမ္မတ ဒေါက်တာမောင်မောင်ရဲ့ မိန့်ခွန်းတွေထဲက ထူးခြားတာ တစ်ခုကတော့ သုံးလအတွင်း ရွေးကောက်ပွဲ လုပ်ပေးဖို့ ကမ်းလှမ်းချက်ဖြစ်တယ်ဗျာ။ သာမန်အားဖြင့် ကြည့်ရင် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုဖို့ပဲပေါ့ဗျာ။ သို့ပေမဲ့ လူထု ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ မင်းကိုနိုင်အပါအဝင် သပိတ်ခေါင်းဆောင်တွေက လက်မခံဘဲ ပယ်ချခဲ့ကြတယ်။ ဘာကြောင့်လဲ။

ကျွန်တော်တို့ မြန်မာပြည်သူ အများစုကြီး ကိုးကွယ်တဲ့ ဗုဒ္ဓဝါဒအရ အကြောင်း မရှိဘဲ ဖြစ်ပေါ်လာတဲ့ အကျိုးဆိုတာ မရှိဘူးဗျ။ အကျိုးတရားတိုင်းရဲ့ နောက်ကွယ်မှာ အကြောင်း တရားရှိတာ ဖြစ်တယ်ဗျ။ အဲဒီတော့ အဲဒီလို ပယ်ချခံခဲ့ရခြင်းဆိုတဲ့ အကျိုး တရားမှာလည်း အကြောင်းတရား အသေအချာ ရှိနေတယ်ဗျ။ အဲဒါကတော့ မြန်မာ ပြည်သူလူထုအများစုကြီးက မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ အစိုးရအပေါ် ယုံကြည်မှု လုံးဝမရှိတော့တဲ့ အခြေအနေပဲ ဖြစ်တယ်ဗျာ။ ကြောင်းကျိုးဆက်တရားအရ လမ်းစဉ် ပါတီ အစိုးရအပေါ် ပြည်သူလူထု အများကြီး ယုံကြည်မှု မရှိကြတော့ဘူးဆိုတဲ့ အကျိုးတရားမှာလည်း အကြောင်းတရားရှိတာပဲဗျ။ အဲဒါကတော့ တရားသဘောအရ ပြောရင် ဘယ်သူမပြု မိမိမှုပဲ ဖြစ်တယ်ဗျ။

ဒေါက်တာမောင်မောင်က အခြေခံဥပဒေဘောင်ထဲက နိုင်ငံရေး အပြောင်းအလဲ ပြုလုပ်ကြဖို့ တိုက်တွန်းနေချိန်မှာ ပြည်သူတွေက ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်တဲ့ လွတ်လပ်ရေး ဝီသုကာကြီးတွေ ရေးဆွဲခဲ့တဲ့ အခြေခံဥပဒေကို ၁၉၆၂ မှာ ကာကွယ်ရေး ဦးစီးချုပ်က သူ့သဘောနဲ့သူ ဖျက်သိမ်းပစ်ခဲ့တာကို သတိရနေကြတယ်ဗျ။ လူထုဆန္ဒ ခံယူပွဲလုပ်ကြစို့လို့ ဒေါက်တာမောင်မောင်က ပြောတဲ့အခါ ပြည်သူတွေက ပြည်သူ့ဆန္ဒနဲ့ အတည်ပြုခဲ့ပါတယ်ဆိုတဲ့ ၁၉၇၄ အခြေခံ ဥပဒေထဲမှာ ခွင့်ပြုထားတဲ့ ငြိမ်းချမ်းစွာ ဆန္ဒပြခွင့်ကို ကျင့်သုံးခဲ့ကြတဲ့ အလုပ်သမား၊ ကျောင်းသားနဲ့ ပြည်သူတွေ ၁၉၇၄-၇၅-၇၆ ကာလများမှာ ဘယ်လိုတွေ ဖြစ်သွားခဲ့ကြတယ် ဆိုတာကို သတိရနေကြတယ်ဗျ။ လမ်းစဉ်ပါတီခေတ်တစ်လျှောက် အခွင့်အရေး ယူခဲ့ကြသူတွေ ဆန္ဒပြပွဲမှာ ဘာကြောင့် ပါနေတာလဲလို့ ဆရာဝန်တစ်ဦးက သူ့ဆောင်းပါးထဲမှာ မေးခွန်းထုတ်လိုက်တဲ့အခါ ပြည်သူတွေနဲ့ ဝန်ထမ်းတွေက သူတို့ကို အကျင့်ပျက်ခြစားသူတွေဘဝ ရောက်သွားအောင် တွန်းပို့ခဲ့တဲ့ တစ်ပါတီ နိုင်ငံရေးစနစ်အောက်မှာ သူတို့ ဘယ်လို စိတ်မသက်မသာနဲ့ ရှင်သန်နေထိုင်ခဲ့ကြရပုံတွေကို သတိရနေကြတယ်ဗျ။



## ဘယ်သူမပြုမိမိမှုပါပဲ

နောက်ပြီး အားလုံးလည်း သိကြတဲ့အတိုင်း သာမန်ခေါင်းကိုက်နေတဲ့ အခြေအနေ လောက်မှာ ပါရာစီတမောလောက်က အလုပ်ဖြစ်ပေမယ့် အဖျားကြီးပြီး ဂယောင်ဂတမ်း ဖြစ်နေတဲ့ အခြေအနေမှာ ပါရာစီတမောဟာ ဆေးမဖြစ်တဲ့အပြင် အဆိပ်တောင် ဖြစ်သွားနိုင်တယ်ဗျ။ ဒါကြောင့် ရှစ်လေးလုံး လှုပ်ရှားမှုကြီး အရှိန် အင်မတန် မြင့်တက် ပြင်းထန်နေတဲ့ ကာလမှာ ထွက်ပေါ်လာတဲ့ ဆရာဝန်တစ်ဦးနဲ့ ဒေါက်တာမောင်မောင်တို့ရဲ့ ကျိုးကြောင်း ဆီလျော်သယောင်ယောင် စကားတွေကို ပြည်သူတွေ ပယ်ချခဲ့ကြတဲ့ ကိစ္စနဲ့ ပတ်သက်တဲ့ ကျွန်တော့်ရဲ့ ဒုတိယ သုံးသပ်ချက်ကတော့ ‘ဪ ဘယ်သူမပြု မိမိမှုပါပဲလား’လို့ တွေးမိခြင်းပဲ ဖြစ်တယ်ဗျာ။

## ယုံကြည်မှု ပျက်ပြားသွားရင်

သည်ဆောင်းပါးမှာ ကျွန်တော် ထုတ်ယူပြချင်တဲ့ ဥပဒေသကတော့ အစိုးရနဲ့ ပြည်သူ အကြား ယုံကြည်မှု ယိုယွင်းပျက်ပြားသွားရင် ဖြစ်တတ်ပျက်တတ်တဲ့ သာဓကကို အတိတ်ကာလ အတွေ့အကြုံကနေ သင်ခန်းစာယူကြဖို့ပါပဲဗျာ။ နောက်တစ်ခု သတိ ပေးချင်တာကတော့ ရှစ်လေးလုံးကာလတုန်းက ဆရာဝန်တစ်ဦးဆိုသူလို ပျော့ပျော့လေးနဲ့ နဲ့တဲ့ ကြောင်ချေးတွေရဲ့ အရေးအသားများကို ဒီနေ့ခေတ်မှာလည်း ဒီမိုကရေစီ အသိတရားနဲ့ ကြီးစွာ သတိထားကြဖို့ပါပဲဗျ။

**ပြည်သူ့ခေတ်ဂျာနယ်**
၁၀၊ ဇန်နဝါရီ၊ ၂၀၁၂။
အတွဲ ၂၊ အမှတ် ၇၈။

○

# ဒီမိုကရေစီခရီး နိုးအောင်ပင်လှမ်း

နှစ်သစ်မှာ ပထမဆုံးထွက်ပေါ်လာခဲ့တဲ့ သမ္မတရဲ့ လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်ကြောင့် အတော်ကလေး စိတ်ပျက်လက်ပျက် ဖြစ်သွားခဲ့တဲ့ ကျွန်တော်တို့တစ်တွေ ပထမ အမိန့်ထွက်ပြီး ရက်သတ္တနှစ်ပတ်တောင် မကြာသေးတဲ့အချိန်မှာ ထပ်မံ ထွက်ပေါ်လာတဲ့ လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်နဲ့ နောက်တစ်နေ့မှာ ကြားမြင်ရတဲ့ အဖြစ်အပျက်တွေကြောင့် တကယ့်ကို လိုက်လိုက်လှဲလှဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ရတယ်ဗျာ။ ယခု ဇန်နဝါရီ ၁၃ ရက်မှာ လွှတ်လိုက်ပုံက အစုလိုက် အပြုံလိုက် လွှတ်လိုက်တာဆိုတော့ ပျော်စရာတောင် ကောင်းသေးလို့ ပြောရမလို ဖြစ်နေတယ်။ သို့ပေမဲ့ ဒီတစ်သုတ်မှာ မလွှတ်ဘဲ ကျန်နေသူတချို့အတွက် စဉ်းစားမိလိုက်ပြန်တော့ ကိုယ်ချင်း စာနာစိတ်နဲ့ ရင်ထဲ ဆို့သွားမိတယ်ဗျာ။ ကျန်သူတွေလည်း အမြန်လွှတ်လာကြပါစေလို့ ဆုတောင်း နေပါတယ်ခင်ဗျာ။

## ကြုံဖူးတယ်

ကျွန်တော့်ရဲ့ သတင်းစာသမားဘဝနဲ့ နိုင်ငံရေးဘဝ ရာစုနှစ် တစ်ဝက်ခန့်ကာလအတွင်း ယုံကြည်ချက်ကြောင့် အကျဉ်းချခြင်း ခံထားရသူတွေ အစုလိုက်အပြုံလိုက် ပြန်လည် လွှတ်မြောက်လာတဲ့ အဖြစ်အပျက်မျိုးကို လေးငါး ခြောက်ကြိမ် ခုနစ်ကြိမ်ထက်မနည်း ကျွန်တော် ကြုံခဲ့ဖူးတယ်ဗျ။ အထူးသဖြင့် ကိုယ်တိုင် နိုင်ငံရေးလောကထဲ ဝင်ရောက်ခဲ့ ပြီးတဲ့ နောက်ပိုင်း လွှတ်ငြိမ်းချမ်းသာခွင့် ကြေညာပြီးဖြစ်စေ၊ မကြေညာဘဲဖြစ်စေ ယုံကြည်ချက် အကျဉ်းသားတွေ အတော်များများ သို့မဟုတ် တစ်ယောက်မကျန် လွှတ်မြောက်လာတဲ့ အဖြစ်မျိုးတွေကို ကြုံတွေ့ခဲ့ဖူးတယ်။ သို့ပေမဲ့ ခုတစ်ကြိမ်လောက်



…ထူးခြားခြား ဝမ်းမြောက် ပျော်ရွှင်တယ်ဆိုတဲ့ ခံစားမှုမျိုးရင်ထဲမှာ မပေါ်ခဲ့တာ …ပဲဗျာ။ 'ဩော်…လွှတ်လာကြပြီကိုး' ဆိုတဲ့ အသိလောက်ပဲ ရှိခဲ့တယ်ဗျ။

## …ကျေးဇူးမတင်ပါဘူး

…ရှင်းလင်းလင်း ပြောရရင် အဲသလို လွှတ်ပေးတဲ့အတွက် ကိုယ်နဲ့ ယုံကြည်ချက်ချင်း …တွေဘက်က ကြည့်ပြီး ဝမ်းသာပေမယ့် လွှတ်ပေးတဲ့ အစိုးရကို တစ်ခါမှ ကျေးဇူး …င်ခဲ့ဖူးဘူးဗျ။ အစကတည်းက မဖမ်းသင့်ဘဲ ဖမ်းထားခဲ့သူတွေကို လွှတ်ပေးတာ …ကျေးဇူးတင်စရာရှိလို့လဲဆိုတဲ့ သဘောပဲရှိခဲ့တာ ဖြစ်တယ်ဗျာ။

## …ျှော်လင့်ချက်နဲ့ မဆက်စပ်

…က ယုံကြည်ချက် အကျဉ်းသားတွေ အစုလိုက် အပြုံလိုက် ပြန်လွှတ်ခဲ့ကြတဲ့အပေါ် …တော့်စိတ်ထဲ ထူးထူးခြားခြား ဝမ်းသာပျော်ရွှင်မှု ဘာကြောင့် မရှိခဲ့ရတာလဲဆိုတာရဲ့ …ကြောင်း ရင်းကို စဉ်းစားကြည့်လိုက်တော့ အဲဒီလွှတ်မြောက်မှုတွေနဲ့ ကျွန်တော် …အဝင် မြန်မာပြည်သူတွေရဲ့ ဒီမိုကရေစီရေး မျှော်လင့်ချက်အကြား ဆက်စပ်မှု …လောက်နီးပါး ဖြစ်ခဲ့လို့ဆိုတာကို သွားတွေ့တယ်။ တစ်နည်းပြောရရင် အဲဒီ …က်တွေတုန်းက ယုံကြည်ချက် အကျဉ်းသားတွေရဲ့ လွှတ်မြောက်လာမှုက …တော်တို့ရဲ့ ဒီမိုကရေစီရေး မျှော်လင့်ချက်အပေါ် သက်ရောက်မှု မရှိသလောက် …လို့ပဲဖြစ်တယ်ဗျ။ 'သူတို့ လွှတ်မြောက်လာတာ ဝမ်းသာပေမယ့် ငါတို့ဘဝတွေက …အတိုင်း ဆက်ရှိမှာပါပဲ' ဆိုတဲ့ အတွေးက လွှမ်းမိုးကြီးစိုးနေခဲ့တာကြောင့် …တယ်ဗျ။ တော်လှန်ရေးကောင်စီ အစိုးရလက်ထက်၊ လမ်းစဉ်ပါတီ အစိုးရ …က်ထက်၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေး အစိုးရလက်ထက်၊ နိုင်ငံတော် အေးချမ်း …ယာရေးအစိုးရ လက်ထက်တွေမှာ ပေါ်ပေါက်ခဲ့ဖူးတဲ့ ယုံကြည်ချက် အကျဉ်းသား …လိုက် အပြုံလိုက် လွှတ်မြောက်မှုတွေက မိမိတို့ရဲ့ ဒီမိုကရေစီရေး မျှော်လင့်ချက်ကို …ား သိသာစွာ ပိုမို လင်းလက် တောက်ပစေခြင်း မရှိခဲ့တာ မြန်မာပြည်သူတွေ …ဖြစ်တယ်ဗျ။

## …တ်လွှတ်ကျွတ်ကျွတ် အောင်သွားပြီ

…မဲ့ အခုတစ်ကြိမ်ကတော့ အဓိပ္ပာယ်က သိပ်ကို ထူးခြားလေးနက်နေတယ်ဗျာ။ …ကြောင့်လဲဆိုတော့ အပြောင်းအလဲမှုတွေ ကျယ်ကျယ်ပြန့်ပြန့် ပေါ်ပေါက်ခဲ့တဲ့ အခြေခံ …ဒေနဲ့ ရွေးကောက်ပွဲတို့ကတစ်ဆင့် တက်လာခဲ့တာ ဖြစ်ပေမယ့် ပြည်သူ့ဆန္ဒကို …လေးထားတဲ့ လုပ်ရပ်တွေ တစ်ခုပြီးတစ်ခု လုပ်ဆောင်ခဲ့တာကြောင့် ပြည်သူလူထုနဲ့ …ကြည်မှုကို တိုးတက်ရရှိလာနေခဲ့တဲ့ တစ်ချိန်တည်းမှာ ရှေ့တစ်လှမ်းတိုး နောက်တစ်

လုမ်းဆုတ်သလို ဖြစ်နေတဲ့ လုပ်ဟန်ကြောင့် ပြည်သူ့ယုံကြည်မှုရရှိရေး စာမေးပွဲ မော်ဒရေးရှင်း ထိုင်ရမလိုဖြစ်နေတဲ့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ဟာ အခုနောက်ဆုံး လုပ်ရပ်နဲ့ လွတ်လွတ်ကျွတ်ကျွတ် အောင်မြင်သွားခဲ့လို့ပဲ ဖြစ်တယ်ဗျာ။

## ဆက်ညှိနိုင်းသွားရင် ရလောက်တယ်

အခုအထိ ယုံကြည်ချက် အကျဉ်းသားဆိုတဲ့ အသုံးအနှုန်းကို လက်မခံသေးထား ကျွန်တော်တို့က ယုံကြည်ချက် အကျဉ်းသား အနည်းငယ် ကျန်နေသေးတယ်လို့ပြော ရတာစတဲ့ ကိစ္စတွေကိုတော့ အမျိုးသား ပြန်လည်သင့်မြတ်ရေးနဲ့ တိုင်းပြည်ရဲ့ အနာဂတ် ကို မျှော်တွေးပြီး ဆက်လက်ညှိနှိုင်းသွားရင် ရနိုင်ကောင်းတယ်လို့ ကျွန်တော်ယူဆတယ်ဗျာ။

အခုဆို ကျွန်တော်တို့နိုင်ငံ ရှေ့တိုးသွားနိုင်ဖို့ကိစ္စမှာ အရေးအကြီးဆုံး အချက် ပြဿနာကြီးနှစ်ခုထဲက တစ်ခုဖြစ်တဲ့ ယုံကြည်ချက် အကျဉ်းသားများ လွတ်မြောက်ရေး ကိစ္စ ပြေလည်သွားခဲ့ပြီဖြစ်သလို နောက်တစ်ခုဖြစ်တဲ့ ငြိမ်းချမ်းရေးကိစ္စမှာလည်း အလားအလာ ကောင်းတွေ မြင်တွေ့နေရပြီ ဖြစ်တယ်ဗျာ။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့တချို့ရဲ့ ခေါင်းဆောင်တွေရင်ထဲ သံသယတွေ ကျန်နေသေးပြီး အဖွဲ့တစ်ချို့ တိုက်ပွဲတွေ ဆက်ဖြစ်နေဆဲဖြစ်ပေမယ့် သမိုင်းတစ်ပတ် ပြန်လည် သွားလောက် အောင်တော့ အခြေအနေ မဆိုးနိုင်ဘူးလို့ ကျွန်တော် ယုံကြည်နေတယ်ဗျာ။

## သံချေးကိုက်နေတဲ့ တံခါးကြီး

ကျွန်တော်တို့နိုင်ငံရဲ့ နှစ်ပေါင်းရှည်ကြာ ပိတ်ထားခဲ့မှုကြောင့် ပတ္တာတွေ သံချေးကိုက်နေတဲ့ ဒီမိုကရေစီ တံခါးကြီးဟာ စေ့ရာမှ ဟ၊ ဟရာမှ တဖြည်းဖြည်းချင်း ကျယ်သထက်ကျယ်အောင် ပွင့်ဟလာနေပြီလို့ ကျွန်တော့်မျက်စိထဲ မြင်နေတယ်ဗျ။ ပြောရရင် ဒီမိုကရေစီ လိုလားတဲ့ ရဟန်းရှင်လူကျောင်းသား ပြည်သူတွေနဲ့ နိုင်ငံတကာ မိတ်ဆွေအသိုင်းအဝိုင်း တွေရဲ့ ကြိုးပမ်းမှုကို သမ္မတကြီး ဦးသိန်းစိန်အစိုးရက ထပ်မံလိုက်လျောခဲ့တာလို့ ပြောနိုင်မယ်ဗျ။

## ဖြူတ်စဖျင်းတောင်း အရှုပ်တွေ

တံခါးပိုပိုပြီး ပွင့်လာချိန်မှာ ကျွန်တော်တို့ဟာ ရာစုတစ်ဝက်လောက် ပိတ်ထားခဲ့တဲ့ အခန်းထဲက ပရမ်းပတာ၊ ကသောင်းကနင်း။ ဖရိုဖရဲ၊ အလဲလဲ အပြိုပြိုဖြစ်နေတဲ့ ပစ္စည်းတွေကိုလည်း မြင်တွေ့နေရပြီ ဖြစ်တယ်ဗျ။ ကျွန်တော်တို့ဟာ တံခါးကို ပွင့်သထက် ပွင့်လာပြီး နောက်ဆုံးမှာ ဟင်းလင်းဖြစ်သွားအောင် ကြိုးပမ်းနေကြရမယ့် တစ်ချိန်တည်းမှာ အခန်းထဲက ဖြူတ်စဖျင်းတောင်း အရှုပ်အထွေးတွေကိုလည်း အားကြိုးမာန်တက် ရှင်းကြလင်းကြရမှာ ဖြစ်တယ်ဗျ။



## ဒီမိုကရေစီနဲ့ မတန်တဲ့ စိတ်တွေ

အဆိုးဆုံး လုံကျင်းရှင်းထုတ်ကြရမှာကတော့ ဒီမိုကရေစီကို အလေးမထားခဲ့တဲ့ နှစ်ဆိုး ကြီးစိုးခဲ့တဲ့တစ်လျှောက်လုံး တဖြည်းဖြည်းချင်း ရင့်သန်အမြစ်စွဲလာခဲ့တဲ့ ကျွန်တော်တို့ ခေါင်းထဲက ဒီမိုကရေစီနဲ့ မထိုက်တန်တဲ့ အတွေးအခေါ် အညစ်အနွမ်း အဟောင်းအမြင်း အမှိုက်သရိုက်တွေ ဖြစ်တယ်ဗျ။ ပျင်းတာ၊ စိတ်ဓာတ်သိမ်ဖျင်းတာ၊ တစ်ယောက်အပေါ် တစ်ယောက် မကောင်းသတင်းလွှင့်တာ၊ ကိုယ့်ထက်သာ မနာ လိုတာ၊ မုဒိတာတရား ခေါင်းပါးတာ၊ ငါသာ အသိဆုံး အတတ်ဆုံး အတော်ဆုံးလို့တွေးတာ၊ ကိုယ်နဲ့မတူတဲ့ သဘောထားကို စိတ်ရှည် သည်းခံနိုင်စွမ်း မရှိတာ၊ ပြိုင်ဘက်ကို ကိုယ့် အရည်အသွေး တက်လာအောင် ကူညီပံ့ပိုးနေသူအဖြစ် မမြင်နိုင်ဘဲ အပြတ်ရှင်းပစ်ရမယ့် ရန်သူလို့ သဘောထားတာ၊ ချက်အောက်ထိုးပြီး အနိုင်ယူချင်တာ၊ ဘယ်သူသေသေ ငတောမာရင် ပြီးရောစိတ်မွေးတာ၊ အမှန်တကယ် ရှက်ရမယ့် ကြောက်ရမယ့် အလုပ်ကို မရှက်မကြောက်လုပ်ပြီး အမှန်တကယ် မရှက်မကြောက်ရမယ့် ကိစ္စတွေကို ရှက်တာ ကြောက်တာ။ ပြောရရင်တော့ ပြောမဆုံးပေါင် တောသုံး ထောင်ပဲဗျ။ တစ်ခါလည်း ကျွန်တော် စိတ်ရှိလက်ရှိ ရေးပြီးပြီဗျာ။

## အာထွက်မှတ်မျှသာ

နှစ်ပေါင်းငါးဆယ်လောက် ဒီမိုကရေစီနဲ့ ကွာရှင်းပြတ်စဲထားခဲ့ရတာ ဆိုတော့လည်း ဒီမိုကရေစီဟာ ကျွန်တော်တို့ ပြည်သူတွေအတွက် သူစိမ်းတစ်ရံဆံလိုဖြစ်ပြီး အခု မြင်တွေ့ချိန်မှာ အမ်းတမ်းတမ်း ဖြစ်နေတာက သဘာဝကျပါတယ်။ ဒါကြောင့် ဒီမိုကရေစီနဲ့ ပြန်ပြီး ယဉ်ပါးလာအောင် စုံမက်မြတ်နိုးစွာ ရွေးချယ်ခဲ့တဲ့ လမ်းဖြစ်တဲ့ အတွက် ဘယ်လောက်ဝေးဝေး လျှောက်လှမ်းကြရမှာပဲ ဖြစ်တယ်ဗျ။ နိုင်ငံတကာ စံချိန်စံညွှန်းတွေနဲ့ ကိုက်ညီတဲ့ ဒီမိုကရေစီအစိုးရစစ်စစ် တစ်ရပ်ကို ရွေးချယ်ဖွဲ့စည်း နိုင်ခဲ့တယ် ဆိုရင်တောင် အဲဒါဟာ ဒီမိုကရေစီခရီးကြမ်းရဲ့ ပန်းတိုင် မဟုတ်သေးဘဲ အာထွက်မှတ်သာ ဖြစ်တယ်ဆိုတာကို မြန်မာ့သမိုင်း၊ ကမ္ဘာ့သမိုင်းတွေက အကြိမ်ကြိမ် သက်သေပြခဲ့ပြီးဖြစ်တာမို့ ကျွန်တော်ကတော့ ကျွန်တော်တို့ နိုင်ငံ အဖို့ အခုအချိန်မှာ ဒီမိုကရေစီ ပန်းတိုင်ဆီသို့ ဤခရီးနှီးအောင် အတော်လှမ်းရဦးမယ်လို့ပဲ ဆိုလိုက် ချင်တယ်ဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်**

*၁၇၊ ဇန်နဝါရီ၊ ၂၀၁၂။*

*အတွဲ ၂၊ အမှတ် ၇၉။*

○

# ဗိုလ်ဉာဏလမ်းမှ တော်ဝင်စင်တာသို့

ဇန်နဝါရီလ ၁၈ ရက်နေ့ မနက်ပိုင်းမှာ ဗဟန်း ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်ဉာဏလမ်းက စာရေးဆရာမ ခင်လှိုင်ကြူအိမ်မှာ ပြုလုပ်တဲ့ သူ့ခင်ပွန်း ခရမ်းဦးတင်မောင်ဝင်း နှစ်ပတ်လည် ဆွမ်းကျွေးပွဲကို ကျွန်တော် သွားရောက်ခဲ့ပါတယ်။ ၁၉၉၁ ခု ဇန်နဝါရီလမှာ နိုင်ငံရေး အကျဉ်းသားဘဝနဲ့ အင်းစိန်ထောင်တွင်း သူကွယ်လွန်ခဲ့ပါတယ်။ ထောင်ကို မရောက်ခင် ရေကြည်အိုင်မှာ ကိုတင်မောင်ဝင်းရယ်၊ ကျွန်တော်ရယ်၊ မြန်မာ့အသံ ဦးကျော်ဦးရယ် အတူတူနေခဲ့ရတယ်။ အင်းစိန် သီးသန့်ထောင်ကျတော့ ကိုတင်မောင်ဝင်း ဗိုသကာ ဦးကျော်မင်းနဲ့ ကျွန်တော် တစ်ခန်းတည်း သုံးယောက်နေရတယ်။ နောက် လူချင်းခွဲပစ်ပြီး မကြာခင် ကိုတင်မောင်ဝင်း ဆုံးသွားတာပါ။ ရန်ကုန်တက္ကသိုလ်မှာ ကတည်းက သမဂ္ဂနဲ့ ကျောင်းသား ညီညွတ်ရေး တပ်ဦးမှာအတူ လက်တွဲလုပ်ခဲ့ကြလို့ ညီအစ်ကိုလို သံယောဇဉ် ကြီးခဲ့တဲ့ ကိုတင်မောင်ဝင်း ဆုံးပြီဆိုတာကြားတော့ ကျွန်တော် အရမ်းစိတ်ထိခိုက်ခဲ့ရတယ်။ ရှေ့ဆင့်နောက်ဆင့် ဆိုသလို ကျွန်တော့် ဘေးအခန်းက သုံးခွ ကိုစိန်ဝင်း (ရန်ကြီးအောင်) ဆုံးပြန်တယ်။ ရန်ကြီးအောင် ကိုစိန်ဝင်းကလည်း ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂမှာ ကျွန်တော်တို့ရဲ့နောင်တော်ကြီး တစ်ယောက်ပါ။

## ဒီမိုကရေစီကို မြင်သွားချင်ပါသေးတယ်

အခုဆိုရင် ဗိုသကာ ဦးကျော်မင်းလည်း ထောင်တွင်းက ရောဂါလက်စနဲ့ ကွယ်လွန်သွားပါပြီ။ မြန်မာ့အသံ ဦးကျော်ဦးကတော့ အခုလေဖြတ်ပြီး စကားမပြောနိုင်တော့ပါ။



ကျွန်တော် တစ်ယောက်ကတော့ ကံကောင်းထောက်မလို့ ကြွင်းကျန်ရှင်သန်ပြီး ကျွန်တော့်စာတွေနဲ့ စာဖတ်သူပြည်သူများကို ဆက်သွယ်ခွင့် ရနေပါသေးတယ်။ စစ်မှန်တဲ့ ဒီမိုကရေစီ နိုင်ငံတော်ကို မျက်ဝါးထင်ထင် တွေ့မြင်ပြီးချိန် အထိတော့ ကျွန်တော် အသက်ရှည်ချင်သေးတယ်ဗျာ။

## ဒဂုန်တာရာမွေးနေ့

ထူလတ်ပိုင်းအရွယ်မှာ ကျဆုံးခဲ့သူတွေအကြောင်း ပြောပြီးတော့ အသက် ၉၀ ကျော် အထိ ကျက်သရေရှိရှိ နေပြနေသူ ဆရာဒဂုန်တာရာအကြောင်း ပြောရပါဦးမယ်။ ဇန်နဝါရီ ၁၈ ရက်မှာပဲ ကျင်းပတဲ့ တာမွေ မဟာသန္တိသုခကျောင်းတိုက်က ဆရာ ဒဂုန်တာရာရဲ့ အသက် ၉၄ နှစ် မွေးနေ့အကြို ဂုဏ်ပြုပွဲ အခမ်းအနားကို ကျွန်တော် သွားရောက်ခဲ့တယ်ဗျ။ အားလုံးသိကြတဲ့အတိုင်း ဆရာဟာ အရွယ်ရောက် လူလား မြောက်ချိန်ကစလို့ အခုအထိ ပြည်သူဘက်က တစ်သမတ်တည်း ရပ်တည်ခဲ့ပြီး ခေတ် အဆက်ဆက်ရဲ့ စာပေစာမျက်နှာမှာ ပြည်သူတွေကို ဦးဆောင်မှုပေးခဲ့သူ ဖြစ်တာကြောင့် ဆရာ့ရဲ့မွေးနေ့ကြိုဧည့်ခံပွဲ အခမ်းအနားဟာ တက်ရောက် ဂါရဝပြုသူ ဧည့်ပရိသတ်တွေ များပြန်းခတ်မျှ ကြက်ပျံမကျလို့ဆိုရလောက်အောင် အထူးကို စည်ကား သိုက်မြိုက် လှတယ်ဗျ။

ဆရာဒဂုန်တာရာထက် လလောက်ကြီးတဲ့ ဝါးခယ်မ သခင်သိန်းမောင်နဲ့ ဆရာ တာရာအောက် ၁၁ နှစ်ငယ်တဲ့ ဆရာဟံသာဝတီ ဦးဝင်းတင်ကိုလည်း ဇရာကို အန်တုပြီး ရှင်သန်နေတဲ့ လက္ခဏာနဲ့ တွေ့ရတယ်ဗျာ။ အငြိမ်းစားသံအမတ်ကြီး ဦးသက်ထွန်း လမ်းလျှောက် တုတ်အားပြုပြီး တရွေ့ရွေ့ လှမ်းကာ အရောက်လာတာ တွေ့ရတယ်။ တော်ဘုရားကလေးရဲ့ ကျန်ရစ်သူ ဇနီး ဒေါ်ခင်မေကိုလည်း ပြုံးနေကျ အပြုံးလေးနဲ့ တွေ့ရ နှုတ်ဆက်လိုက်ရတယ်။ အခမ်းအနား အစီအစဉ်မှူးလုပ်တဲ့ မုံရွာ ဦးအုံးမောင်သည်ပင် အသက် ၈၀ ရှိပါပြီ။ ဆရာအုံးဟာ ဆရာဒဂုန်တာရာရဲ့အတွင်းရေးမှူး တာဝန်ကိုယူပြီး ငြိမ်းချမ်းရေး ပန်ကြားချက်တွေကို မပြတ်မလပ် ထုတ်ပြန်နေပါတယ်။

## ၈၈ သတင်းစာရှင်းလင်းပွဲ

ကျက်သရေရှိလှတဲ့ ဆရာအိုကြီးတွေကို ဂါရဝပြုပြီးတဲ့နောက် ဇန်ဝါရီ ၂၁ ရက်ကျတော့ ပြည်လမ်းက တော်ဝင်စင်တာမှာ ကျွန်တော်တို့ရဲ့ နောက် မျိုးဆက်နှစ်ဆက်က လူငယ် တွေကို အလေးပြုရပြန်ပါတယ်။ ဆရာဒဂုန်တာရာက သခင်အောင်ဆန်း၊ သခင်နုနဲ့ သူတို့ခေတ် (၁၃၀၀ ပြည့် အရေးတော်ပုံခေတ်) က အမျိုးသား လွတ်လပ်ရေး ကြိုးပမ်းမှုမှာ ပါဝင်ခဲ့တဲ့ လူငယ်တွေကို ပထမမျိုးဆက်လို့ သတ်မှတ်တယ်။ ၁၉၆၂

ခုနစ်က လူငယ်တွေကို ဒုတိယမျိုးဆက်လို့ သတ်မှတ်ပါတယ်။ ကျွန်တော့်ရဲဘော်ကြီး ဇကသကိုလှရွှေကတော့ ၁၉၈၈ မင်းကိုနိုင်၊ ကိုကိုကြီးတို့ မျိုးဆက်ကို တတိယမျိုးဆက် သူတို့နောက် ကျော်ကိုကို၊ စည်သူမောင်၊ ဖြိုးဖြိုးအောင်တို့ မျိုးဆက်ကို စတုတ္ထမျိုးဆက်လို့ တင်စားပါတယ်။

## ဝမ်းနည်းဝမ်းသာ ခံစားမိ

တော်ဝင်စင်တာ ခန်းမကြီးထဲက ၈၈ မျိုးဆက် ကျောင်းသားများရဲ့သတင်းစာရှင်းလင်းပွဲ မြင်ကွင်းကို ကျွန်တော် ထိုင်ကြည့်ရင်း စိတ်ထဲ ဝမ်းနည်းဝမ်းသာကြီး ဖြစ်နေမိပါတယ်။ လွန်ခဲ့တဲ့ တစ်နှစ်လောက်အထိ ဘယ်လိုမှ စိတ်ကူးထဲတောင် ထည့်လို့မရတဲ့ မြင်ကွင်းလို့ပဲ ပြောရမယ်ဗျာ။ မင်းကိုနိုင်၊ မင်းဇေယျာ၊ ကိုမြအေး၊ ကိုကိုကြီး၊ ဌေးကြွယ် ဂျင်မီ၊ ပြုံးချို၊ လှမျိုးနောင်၊ အောင်သူ၊ အုံ့ဘွယ်ကျော်၊ နီလာသိန်း၊ မီးမီး။ ဇန်နဝါရီ ၁၃ ရက်နေ့ကမှ ထောင်အသီးသီးက လွတ်လာကြသူတွေ ရာဂဏန်းလောက် ရှိမယ်ထင်ပါ့။ သူတို့တွေ ထောင်ထဲရောက်နေတုန်း အပြင်မှာ လုပ်နိုင်သလောက် ဆက်လုပ်ခဲ့ကြတဲ့ စိုးထွန်းနဲ့ ထွန်းမြင့်အောင် ကိုလည်း ပရိသတ်နဲ့ မိတ်ဆက်ပေးပါတယ်။

## နိုင်ငံရေး ခေါင်းဆောင်လောင်းတွေ

၈၈ တွေကို ကျွန်တော်က တိုင်းပြည်ရဲ့ နိုင်ငံရေးခေါင်းဆောင်လောင်း များအဖြစ် ထိုင်ကြည့်ပြီး အကဲခတ်ရင်း ပီတိဖြစ်နေတာပါ။ သူတို့ထဲက အများစုဟာ ကျွန်တော်တို့နိုင်ငံမှာ အလွန်လိုအပ်နေတဲ့ အရည်အချင်းပြည့် စံမီတန်းမီ နိုင်ငံရေးသမားများအဖြစ် နေရာ ယူကြတော့မှာ ဖြစ်ပါတယ်။ သူတို့ ရှောင်လွှဲချင်ရင်တောင်မှ ရှောင်လွှဲလို့ မရနိုင်တော့ပါဘူး။ တိုင်းပြည်က သူတို့ကို တောင်းဆို နေပါပြီ။

## တိုင်းပြည်က မျှော်လင့်နေပါတယ်

ကျွန်တော်တို့နိုင်ငံမှာ စံမီတန်းမီ နိုင်ငံရေးသမားတွေ အရေးတကြီး လိုအပ်နေပါတယ်။ ဆရာဒဂုန်တာရာရဲ့ စံနှုန်းအရ ပြောရရင် သူတို့ခေတ် ပထမမျိုးဆက်က ကုန်လုပ်ပြီ။ သက်ရှိထင်ရှား ကျန်သူတွေကလည်း အသက် ၉၀ တစ်ဝိုက်တွေ ဖြစ်နေကြပြီ။ ဒုတိယမျိုးဆက်ကျတော့ အသက် ၇၀ တစ်ဝိုက် ရောက်ကုန်ကြပြီ။ ဒါကြောင့် တတိယမျိုးဆက်နဲ့ စတုတ္ထမျိုးဆက်ကို တိုင်းပြည်က မျှော်လင့်နေတာပါ။



## [illegible]တွေထက် တော်ရမယ်

[illegible]ရှိ နိုင်ငံရေးပါတီတွေက နိုင်ငံရေးသမားတွေနဲ့ လွှတ်တော်ထဲ ရောက် ရွေးကောက်ခံ [illegible]စားလှယ်တွေရဲ့ နေရာကို မျိုးဆက်သစ်တွေက မလွှဲမသွေ ဝင်ယူကြရမယ့် [illegible]တစ်ချိန် ရောက်လာမှာ ဖြစ်တယ်။ မျိုးဆက်သစ် နိုင်ငံရေးသမားတွေဟာ ရှေ့က [illegible]တွေထက် တော်မှ ဖြစ်မယ်။ ကိုယ်ကျိုးစွန့် အနစ်နာခံရာမှာ တော်ရုံမျှမက တိုင်းပြည်ရဲ့ [illegible]အရာတွေမှာ အမြော်အမြင် ကြီးသူတွေ၊ စိတ်ကူးစိတ်သန်းကောင်း ထုတ်လုပ် [illegible]သူတွေ၊ တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်အောင် ဦးဆောင်နိုင်သူတွေ ဖြစ်ဖို့ ပြင်ဆင် [illegible]ကြရပါမယ်။

## [illegible]ကရက်အမြင်

[illegible]ဝင်စင်တာ ခုနစ်ထပ်က ဆင်းအလာမှာ ကျွန်တော်နဲ့သိကျွမ်းတဲ့ ဗျူရိုကရက် [illegible]စားတစ်ယောက်နဲ့ အောက်ထပ်တစ်နေရာမှာ တွေ့ပါတယ်။ သူ့ဇနီးနဲ့ ဈေးလာ [illegible]တယ်လို့ ဆိုပါတယ်။ သူက ကျွန်တော့်ကို ဘယ်က လာတာလဲမေးလို့ မင်းကိုနိုင်တို့ [illegible]မျိုးဆက်တွေရဲ့သတင်းစာရှင်းလင်းပွဲက ပြန်လာတာ ပြောတော့ 'တယ်ဟုတ်ပါလား။ [illegible]တို့က ဘာတွေပြောလဲ၊ ပါတီတွေ ဘာတွေ ထောင်ဦးမတဲ့လား။ ရွေးကောက်ပွဲဝင်ပြီး [illegible]ပြည် ခေါင်းဆောင် လုပ်ကြဦးမတဲ့လား' စတဲ့ ခပ်ရင့်ရင့် မေးခွန်းတွေ မေးတယ်။ [illegible]တော်က အဲသလို လူမျိုးတွေအကြောင်း ကောင်းကောင်း နားလည်တယ်။ [illegible]တို့ဟာ တစ်သက်လုံး ဗျူရိုကရက်စိတ်နဲ့ နေခဲ့ကြတာ။ လုပ်သက်လေးရလာတဲ့အခါ [illegible]ဝန်ကျတဲ့ နိုင်ငံခြား တိုင်းပြည်တွေမှာ လှည့်နေကြတယ်။ ၈၈ မျိုးဆက်တွေ [illegible]ထောင်ကျ ခံနေကြတဲ့အချိန်မှာ သူတို့က သားသမီးတွေကို နိုင်ငံခြား ကျောင်းတွေမှာ [illegible]ပြီး ပညာထူးချွန်အောင် တွန်းအားပေးတယ်။ နိုင်ငံရေးနဲ့ ကင်းကင်းနေဖို့ အထူး [illegible]သင်ဆုံးမတယ်။ သားသမီးတွေ အလုပ်အကိုင် ကောင်းကောင်းရအောင်၊ သူတို့ [illegible]တွက် စားသာမယ့် တိုင်းပြည်မျိုးကိုရောက်အောင် မစမယ့် လူတွေကို ဆည်းကပ်တယ်။ [illegible]ရမယ့် လူတွေကိုဖားတယ်။ အမျိုးသား လွတ်မြောက်ရေး လုပ်ရှားမှုသမိုင်းကို [illegible]လာဖို့ မဆိုထားနဲ့ ကြားဖူးပုံတောင်မရပါဘူး။ သူတို့တွေဟာ နိုင်ငံရေးသမားတွေကို [illegible]ထင်မကြီးရုံမက အထင်သေးတယ်။ အာဏာလက်ရှိ လူတွေ ကိုပဲ အထင်ကြီးတယ်။ [illegible]ကပ်တယ်။ စစ်ဗိုလ်တွေကိုလည်း ကွယ်ရာမှာ အတင်းချတယ်။ ရှေ့တင်ကျတော့ [illegible]ကို ၄၅ ဒီဂရီစောင်းအောင် ညွတ်ပြီး အရိုအသေပေးတယ်။

၈ လေးလုံး အရေးတော်ပုံအကြောင်းပြောရင် သူတို့က ၈ လေးလုံး ဆူပူမှုလို့ [illegible]ပ်က ထွက်တယ်။ နိုင်ငံရေးသမားတွေကို ကလေကချေတွေလို့ မြင်တယ်။ နိုင်ငံရေး [illegible]မားတွေ ထောင်ချခံရတာကို ရာဇဝတ်ပြစ်မှု ကျူးလွန်လို့ ပြစ်ဒဏ်ကျခံရတာလို့

ယုံယုံကြည်ကြည် ပြောတယ်။ အစိုးရမင်းများကို ရာရာစစ အနိုင်ကျင့်ချင်တဲ့ကောင်
ခံရတာတောင် နည်းသေးလို့ ပြောဝံ့တယ်။

## သူတို့ ခေါင်းဆောင် ဖြစ်လာရင်

အဲသလို လူတွေကို ကျွန်တော်က တကယ်ရှုံ့တယ်။ သူတို့ အင်္ဂလိပ်လို ပြင်သစ်
မွှတ်နေအောင် ပြောပြီး ခေတ်ဆန်ဆန်နေတာကို တချို့က အထင်ကြီးပေမယ့်
ကျွန်တော်က လုံးဝ အထင်သေးတယ်။ သူတို့ စိတ်ဓာတ်ကို အထင်သေးတာပါ။ သူ
ကျွမ်းကျင်တဲ့ ဗျူရိုကရေစီ စီမံခန့်ခွဲရေးမှာတော့ တော်ကြပေမှာပေါ့။

ကျွန်တော်က ခပ်ချဉ်ချဉ်နဲ့ သူ့ကို ရယ်ရွှန်းဖတ်ရွှန်း ပြောခဲ့ပါတယ်။

'ဟုတ်တယ်ဗျို့ သူတို့ဟာ တစ်နေ့မှာ တိုင်းပြည်ခေါင်းဆောင်တွေ ဖြစ်လာ
များတယ်၊ အဲဒီအခါကျရင် ခင်ဗျားတို့ ဘယ်လိုလုပ်မလဲ၊ ဒီနိုင်ငံမှာ နေဦးမလား'

သူက အမ်းတန်းတန်း ဖြစ်သွားပြီးမှ 'ဟာ ခင်ဗျားကလည်း ကျုပ်က ဘယ်သွားရမှာ
အသက်ကြီးပြီလေ၊ သူတို့တွေ တက်လာတော့လည်း အလိုက်အထိုက်ပေါ့ဗျာ'

ကျွန်တော်က မြန်မြန် နှုတ်ဆက်ပြီး သူ့ကို ကျောခိုင်း ထွက်လာခဲ့ပါတယ်။

**ပြည်သူ့ခေတ်ဂျာနယ်**

*၂၄၊ ဇန်နဝါရီ၊ ၂၀၁*

*အတွဲ ၂၊ အမှတ်*

○

# ပြောတော့ မိုး ထိုးတော့ မြေကြီး မဖြစ်စေဖို့

ဒီကနေ့ ကျွန်တော်တို့နိုင်ငံမှာ အစိုးရကဦးဆောင်ပြီး ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းတွေ လုပ်ဆောင်နေတယ်လို့ အများက နားလည်ထားကြပါတယ်။ ဒါပေမဲ့ အစိုးရရဲ့အဲဒီဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးလုပ်ငန်း လုပ်ဆောင်နေတဲ့ အရှိန်အဟုန်ဟာ နှေးနေတယ်ဆိုတဲ့ ဝေဖန်ပြောဆိုမှုတွေလည်း ရှိနေတယ်ဗျ။ ဒါ့အပြင် အစိုးရရဲ့ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်အတွင်း တစ်ခါ တစ်ခါ အားတက်သရောတွေ တွေ့လိုက်ရ၊ တစ်ခါတစ်ခါ အားပျက်စရာ အားမရစရာ တွေ့လိုက်ရ ဆိုတာမျိုးတွေ မကြာခဏဆိုသလို ကြုံတွေ့နေကြရတဲ့အပေါ် ဝေဖန်မှုတွေနဲ့ သင်္ကာမကင်း ဖြစ်မှုတွေလည်း ရှိနေသေးတယ်ဗျာ။

## ဒီချုပ်ခေါင်းဆောင်ရဲ့ သဘောထားအမြင်

အထူးသဖြင့် အစိုးရရဲ့ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်နဲ့ ပတ်သက်ပြီး အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (ဒီချုပ်) ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ သဘောထား မှတ်ချက်တွေကလည်း ပြည်သူတွေအပေါ် ကြီးကြီးမားမား သက်ရောက်မှု ရှိနေတယ်ဗျ။

ပြီးခဲ့တဲ့ လွှတ်လပ်ရေးအောင်ပွဲနေ့က ဝါရင့် နိုင်ငံရေးသမားကြီးတွေက ဦးစီး ပြုလုပ်တဲ့ အခမ်းအနားမှာ ဒေါ်အောင်ဆန်းစုကြည်က သမ္မတလက်မှတ်နဲ့ ထွက်ပေါ်လာတဲ့ ဘတိယအကြိမ်မြောက် လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်နဲ့ပတ်သက်ပြီး 'ကျွန်မကတော့

သမ္မတကြီးဦးသိန်းစိန်ဟာ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းကို အမှန်တကယ်ပဲ လုပ်ချင်တဲ့ဆန္ဒရှိသူလို့ ယုံကြည်တယ်၊ ဒါပေမဲ့ အစိုးရအဖွဲ့ဆိုတာက သမ္မတကြီး တစ်ယောက်တည်း ရှိတာမှ မဟုတ်တဲ့’ လို့ ပြောခဲ့တယ်ဗျ။ ဒါ့အပြင် NLD ဒီချုပ်ပါတီက ထုတ်ဝေတဲ့ ‘ဒီလိုင်း စာစောင်အတွဲ (၁)၊ အမှတ် (၂) မှာလည်း’ မြန်မာနိုင်ငံမှာ ဖြစ်ပေါ် နေတဲ့ ပြုပြင်ပြောင်းလဲမှုတွေဟာ ပြန်လှည့်လို့ မရတော့တဲ့ အဆင့်တော့ မဟုတ်သေးဘူး။ တကယ်ကို ပြုပြင်ပြောင်းလဲမှုတွေဟာ ပြန်လှည့်လို့ မရတော့တဲ့အထိ စိတ်ချရဖို့ ဆိုရင်တော့ တပ်မတော်က ပါဝင်ပူးပေါင်းဖို့ လိုလိမ့်မယ်။ တပ်မတော် မပါတဲ့နဲ့တော့ ကျွန်မတို့ဟာ အောင်မြင်ပြီလို့ ပြောလို့မရသေးပါဘူး’ လို့ ဒေါ်အောင်ဆန်း စုကြည်က ပြောခဲ့တယ်ဗျ။

## မယုံသေးသူတွေကို အပြစ်မတင်

ကျွန်တော်တို့ စာရေးဆရာ၊ သတင်းစာဆရာ မီဒီယာသမားတွေ အပါအဝင် ပြည်သူတွေ ကိုယ်တိုင် မြင်တွေ့ကြားသိနေကြရဆဲဖြစ်တဲ့ အားတက်စရာတွေ ကြားထဲက အားပျက် စရာဖြစ်ရပ်တွေ သတင်းတွေနဲ့ ဒီချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ အဲဒီလိုမျိုး သုံးသပ်ချက်တွေအပြင် အချို့ အချို့သောသူတွေက ဒေါ်အောင်ဆန်းစုကြည်ကို ရိုင်းပြတဲ့ အသုံးအနှုန်းနဲ့ ခေါ်ဝေါ်နေဆဲ၊ မလိုလားကြောင်း လူအများရှေ့ အတိအလင်း ပြောနေကြဆဲ အခြေအနေတွေကို ပေါင်းစပ်လိုက်တဲ့အခါ တောင်တက်လမ်းမှာ မောင်းနှင်နေတဲ့ ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရေစီ မော်တော်ကားကြီး နောက်ကို ပြန်လိမ့်သွားမယ့် အန္တရာယ် လုံးလုံးလျားလျား မရှိတော့ပါဘူးလို့ စိတ်ချလက်ချ မယုံနိုင်သေးတာကို အပြစ်မတင်တော့ဘူးဗျာ။

## ပြည်သူ့ခေတ် မှခ်ဦးမှာ

ဒါပေမဲ့ ဘာပဲပြောပြော သမ္မတကြီးနဲ့ လူထုခေါင်းဆောင်တို့ ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း တွေ့ဆုံဆွေးနွေးခဲ့ကြတာအစ၊ ဧရာဝတီမြစ်ဆုံရေကာတာ စီမံကိန်း ရပ်ဆိုင်းလိုက်တာ အလယ်၊ ထင်ရှားတဲ့ ရှစ်ဆယ့်ရှစ် မျိုးဆက်ကျောင်းသားခေါင်းဆောင်တွေ၊ တိုင်းရင်းသား ခေါင်းဆောင်တွေနဲ့ သံဃာတော်တွေ အပါအဝင် ယုံကြည်ချက် အကျဉ်းသားတွေကို အစုလိုက် အပြုံလိုက် ပြန်လွှတ်ပေးလိုက်တာ အဆုံး ပြည်သူ့ဆန္ဒကို လေးစား အသိအမှတ်ပြုတဲ့ အစိုးရရဲ့ လုပ်ရပ်တွေ၊ တပ်မတော် အကြီးအကဲ အပါအဝင် နိုင်ငံ့ ခေါင်းဆောင်တွေ အကြိမ်ကြိမ် အထပ်ထပ်ပေးခဲ့တဲ့ ‘နောက်ကို ဘယ်တော့မှ ပြန် မလှည့်တော့ပါဘူး’ ဆိုတဲ့ ကတိစကားတွေ အပါအဝင် ပေးထားချက်တွေအရ ကြည့်မယ်ဆိုရင်တော့ ကျွန်တော်တို့ နိုင်ငံဟာ (လူကြောင့်ဖြစ်တဲ့ ကြမ္မာဆိုးနဲ့ နောက်



တစ်ကြိမ် ထပ်မကြုံရတော့ဘူးဆိုရင်) ဒီမိုကရေစီ ပြည်သူ့ခေတ်သစ်ရဲ့ မှခ်ဦးမှာ ရောက်ရှိနေပြီလို့ ဆိုနိုင်တယ်ဗျာ။

## ပြည်သူတွေရဲ့ ဒီမိုကရေစီအသိ ရေချိန်

ဒါကြောင့် လောလောဆယ်မှာ ဒီမိုကရေစီဝန်းကျင် အနေအထား ပီပီပြင်ပြင် ဖြစ်မလာ သေးပေမယ့် အနေနဲ့အမြန်ဆိုသလို ကျွန်တော်တို့နိုင်ငံမှာ ဒီမိုကရေစီ မြင်ကွင်းများကို မြင်တွေ့လာတော့မှာ သေချာနေတယ်ဗျ။ ဒီနေရာမှာ ကျွန်တော်တို့နိုင်ငံ ဒီမိုကရေစီ ပန်းတိုင်ဆီသို့ ချီတက်ရာမှာ ခြေလှမ်းမြန်ခြင်း၊ နှေးခြင်းဟာ ပြည်သူတွေရဲ့ ဒီမိုကရေစီ အသိပညာရေချိန် မြင့်ခြင်းနိမ့်ခြင်းနဲ့ တိုက်ရိုက် အချိုးကျမှာ ဖြစ်တယ်ဗျ။ ပြောရရင် နိုင်ငံရေး တက်ကြွလှုပ်ရှားသူ သို့မဟုတ် နိုင်ငံရေးသမားတွေဆိုတာ ပြည်သူတွေရဲ့ ရှေ့ဦးမှာ ရှိနေကြသူတွေ ဖြစ်တာကြောင့် သူတို့ရဲ့ ကိုယ်ကျင့်သီလနဲ့ နိုင်ငံရေး အသိပညာ ရေချိန်အနိမ့်အမြင့်က ကျွန်တော်တို့ နိုင်ငံရဲ့ ဒီမိုကရေစီခရီး နီးမလား ဝေးမလားဆိုတာကို အဆုံးအဖြတ်ပေးသွားမှာပဲ ဖြစ်တယ်ဗျ။

## အမှန်တရားသည်သာ အင်အား

ဒီမိုကရေစီကို အလေးမထားတဲ့ ခေတ်စနစ်နဲ့ နိုင်ငံမှာ ‘အင်အား သည်သာ အရာရာ’ (Might is Right) သဘောတရားကြီးစိုးပေမယ့် ဒီမိုကရေစီပြည်သူ့ခေတ်မှာတော့ ‘အမှန်တရားသည်သာ အင်အား’ (Right is Might) သဘောတရား တွင်ကျယ်လာမှာ အမှန်မလွဲပါပဲဗျ။ ဒီတော့အနာဂတ် မြန်မာနိုင်ငံမှာ အမှန်တရား လက်ကိုင်ထားသူများ သာလျှင် ပြည်သူတွေကိုယ်စား နိုင်ငံရဲ့အရေးအရာတွေကို စီမံခန့်ခွဲပိုင်ခွင့်ရကြမှာ ဖြစ်တယ်။ ပြည်သူတွေက အမှန်တရား လက်ကိုင်ထားပြီး သူတို့အကျိုးအတွက် မှန်မှန်လွတ်အနစ်နာခံ ဆောင်ရွက်သူ၊ တရားကို သိရုံသာ သိသူမဟုတ်ဘဲ အမှန်တကယ် သက်တွေ့လိုက်နာကျင့်ကြံသူ၊ အပြောနဲ့အလုပ် တစ်ထပ်တည်းကျသူ ရှိသားဖြောင့်မတ် သည်ကြည်ပြီး သူတို့ကို ပွင့်ပွင့်လင်းလင်း ဆက်ဆံသူတွေရဲ့ လက်ထဲကိုသာ သူတို့ရဲ့ ကံကြမ္မာကို အပ်နှံမှာ ဖြစ်တယ်ဗျ။

## မဟာတ္တမဂန္ဒီကြီးရဲ့ဆုံးမစကား

ဒီနေရာမှာ အပြောနဲ့အလုပ် တစ်ထပ်တည်းကျတဲ့သူဆိုတဲ့ စကားနဲ့ ပတ်သက်ပြီး ကျွန်တော် မကြာခင်က ဖတ်ခဲ့ရတဲ့ စာစုလေးတစ်ခု အကြောင်း ပြောပြချင်တယ်ဗျ။ အဲဒီစာစုကို ဒီနှစ် ဇန်နဝါရီလထုတ် မြတ်မင်္ဂလာစာစောင်ရဲ့ ‘အယ်ဒီတာ့အာဘော်’ မှာ ဖတ်ခဲ့ရတာ ဖြစ်ပါတယ်။ အိန္ဒိယလွတ်လပ်ရေး ခေါင်းဆောင်ကြီး မဟာတ္တမဂန္ဒီရဲ့ ဘဝတစ်ကွက်အကြောင်း ဖြစ်ပါတယ်။

တစ်နေ့မှာ အမျိုးသမီးတစ်ဦး သူ့သားငယ်ကို လက်ဆွဲပြီး ဂန္ဒီကြီးဆီ ရောက်လာတယ်။ ကိစ္စက သားငယ်ဟာ သကြားလုံး အစားများပြီး ချောင်းတွေဆိုးနေတဲ့အတွက် ကူညီဆုံးမပေးဖို့ ဂန္ဒီကြီးကို လာရောက်မေတ္တာရပ်ခံတာပါ။ ဂန္ဒီကြီးက နောက်တစ်လကြာမှ လာပါဆိုပြီး ပြောလိုက်လို့ အဲဒီသားအမိ ပြန်သွားကြတယ်။ နောက်တစ်လကြာတော့ ရောက်လာတယ်။ ဒီအခါကျတော့ ဂန္ဒီကြီးက ကလေးကို သကြားလုံးတွေ သိပ်မစားဖို့ ချစ်ခင်ကြင်နာ ချိုသာစွာနဲ့ ဆုံးမလိုက်တယ်။ ကလေးကလည်း ဂန္ဒီကြီးရဲ့စကားကို လိုက်နာပါမယ်လို့ ရိုရိုသေသေ ပြန်ပြောတယ်။ ကလေးအမေက ဒီဆုံးမစကားကို ပထမအခေါက်လာတုန်းကတည်းက ဘာကြောင့် မပြောတာလဲလို့ မေးတယ်။ ဂန္ဒီကြီးဟာ အဲဒီတုန်းက သူကိုယ်တိုင် အချိုတွေ လွန်လွန်ကဲကဲ စားနေမိခဲ့တဲ့အချိန်မို့ မပြောခဲ့တာ ဖြစ်တယ်။ သူတို့သားအမိ ပြန်သွားချိန်ကစပြီး သူအချိုလျှော့စားခဲ့တယ်။ ဒါကြောင့် အခုအချိန်မှာ သူကိုယ်တိုင် အချိုလျှော့စားနေသူ တစ်ယောက်အဖြစ် လိပ်ပြာသန့်သန့်နဲ့ ကလေးကို အချိုလျှော့စားဖို့ ဆုံးမရဲခဲ့တာဖြစ်တယ်လို့ ပြန်ဖြေခဲ့တယ်။

## လျှာအရိုးမရှိ လျှောက်ပြောစရာ မဟုတ်

ဒီဖြစ်ရပ်ကလေးကနေ ဥပဒေသ ထုတ်ယူမယ်ဆိုရင် လာတော့မယ့် ဒီမိုကရေစီခေတ်မှာ ပြည်သူ့အကျိုးအတွက် ထိထိရောက်ရောက် ထမ်းဆောင်သွားကြဖို့ အားခဲထားကြတဲ့ (တစ်နည်း)လာတော့မယ့် ဒီမိုကရေစီ ရွေးကောက်ပွဲ တသီတတန်းကြီးမှာ ပြည်သူတွေဆီကနေ သူတို့ကို တရားဝင်ကိုယ်စားပြုခွင့် သို့မဟုတ် ထောက်ခံမဲတောင်းကြဖို့ ရည်ရွယ်ချက်ရှိကြတဲ့ ဒီမိုကရေစီဘက်တော်သား နိုင်ငံရေးသမားတွေအတွက် အရေးကြီးတဲ့ သင်ခန်းစာတစ်ရပ် ရနိုင်မယ်လို့ ကျွန်တော် ယူဆတယ်ဗျာ။

ဒီမိုကရေစီခေတ်မှာ 'လုပ်နိုင်သလောက်ပဲပြော၊ ပြောပြီးရင် ဖြစ်အောင်လုပ်' တဲ့ နိုင်ငံရေးသမားတွေကို အထူးလိုအပ်တယ်။ 'ပြောတော့မိုး ထိုးတော့ မြေကြီး' လူစားတွေကို မထောက်ခံမိဖို့ သတိကြီးစွာထားရမှာ ဖြစ်တယ်။ ကိုယ်တိုင်က အချိုတွေစားနေပြီး လက်အောက်ငယ်သားတွေကိုတော့ အချိုစားတာ မကောင်းဘူးလို့ ပြောတတ်သူတွေကို ရှောင်ရမှာဖြစ်တယ်။ အဂတိလိုက်စားမှု ပပျောက်ရေး၊ အဂတိကင်းတဲ့ တရားစီရင်ရေး၊ ကြိုးနီစနစ် ပယ်ဖျက်ရေး၊ အတိတ်က အမှားတွေကို သင်ခန်းစာယူရေး၊ ဥပဒေ အထက်မှာ မည်သူမှ မရှိစေရ၊ လက်ညှိုးမကောင်း လက်ညှိုး လက်မမကောင်း လက်မ၊ လက်သင့်ရာ စားတော်ခေါ် ဝေစားမျှစား စီးပွားရေး မဖြစ်စေရ စတဲ့ စကားလုံးတွေဟာ လျှာအရိုးမရှိတိုင်း လျှောက်ပြောနေရမှာ မဟုတ်ကြောင်းပါဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်**

*၂ ဖေဖော်ဝါရီ ၂၀၁၂*

*တွဲ ၂ အမှတ် [illegible]*

# အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့ကြလေသတည်း

ပြီးခဲ့တဲ့ အပတ်ထုတ် ကျွန်တော်တို့ရဲ့ ပြည်သူ့ခေတ်ဂျာနယ်အတွဲ ၂၊ အမှတ် ၈၀ မှာ အယ်ဒီတာချုပ်က 'မြန်မာ့နိုင်ငံရေး ဇာတ်လမ်းတွဲ တတိယပိုင်း စတင်ပြီ' လို့ အယ်ဒီတာ့အာဘော်ကနေ ရေးလိုက်တာ ဖတ်မိကြမယ်ထင်ပါတယ်။

အဲဒီခေါင်းကြီးပိုင်းမှာ လွတ်လပ်ရေးခေတ်ဦးကနေ ၁၉၆၂ ခုနှစ်အထိကို ပထမပိုင်း၊ ၁၉၆၂ ခုနှစ်ကနေ ၂၀၁၁ ခုနှစ် မတ်လအထိကို ဒုတိယပိုင်းလို့ သတ်မှတ်ပြီး သမ္မတ ဦးသိန်းစိန် အစိုးရပေါ်ထွက်လာချိန်က စကာ တတိယပိုင်း စတင်နေပြီ ဖြစ်တယ်လို့ ဆိုလိုက်တာ ဖြစ်တယ်ဗျ။ ခေါင်းကြီးဆရာရဲ့သတ်မှတ်ချက်က ခေတ်သစ် မြန်မာ့သမိုင်းရဲ့ အင်မတန်မှ ထူးခြားတဲ့ သမိုင်းဆိုင်ရာ အချိုးအကွေ့ကြီးတွေကို နယ်သတ်မျဉ်း သဘောထားပြီး သတ်မှတ် ထားတာမို့ ကျွန်တော်တို့အနေနဲ့ ဘာမှ သဘောမတူစရာ မရှိဘူးဗျ။

## အဝေထိုးသွားတာကို ပြန်သိမ်းတာ

အားလုံး သိကြတဲ့အတိုင်း မြန်မာ့နိုင်ငံရေး ဇာတ်လမ်းတွဲ တတိယ ပိုင်းဟာ ပထမပိုင်းရဲ့ အဆက်လို့ ပြောရင်လည်း မမှားဘူးထင်တယ်ဗျ။ ဆိုလိုတာက ကျွန်တော်တို့ နိုင်ငံ လွတ်လပ်ရေးရတဲ့ ၁၉၄၈ ခုနှစ်မှသည် ၁၉၆၂ ခုနှစ်အထိ ကိုင်စွဲကျင့်သုံးခဲ့တဲ့ ပါတီစုံ ဒီမိုကရေစီစနစ်ကို ပြန်လည် ကျင့်သုံးဖို့ အားယူပြင်ဆင်လိုက်တာကြောင့် ဖြစ်ပါတယ်။ ပါတီစုံ ဒီမိုကရေစီ နိုင်ငံရေးစနစ်ကို စွန့်ခွာကျောခိုင်းပြီး တစ်ပါတီစနစ်ကို ကျင့်သုံးခဲ့တဲ့

လမ်းကနေ ဂငယ်ကွေ့ ပြန်ကွေ့ပြီး 'တွင်းဟောင်းရေကြည် အေးမြသည်' ဆိုသလို ပါတီစုံ စနစ်ဟောင်းကို လက်တွေ့ကျကျ ပြန်လည်ကျင့်သုံးဖို့ စိုင်းပြင်းနေတာ ဖြစ်တယ်ဗျ။ စက်ပိုင်းဆွဲနေရင်း သဝေထိုးဖြစ်သွားတဲ့ အစကို ပြန်သိမ်းပြီး စက်ပိုင်းရဲ့ မူလအစနဲ့ ပြန်ဆုံအောင်လုပ်ပေးဖို့ စတင်ကြိုးပမ်း အားထုတ်နေခဲ့ကြတာလို့ ပုံနှိုင်းချင်တယ်ဗျ။

## ခွန်အားတွေ ယုတ်လာပြီ

မြန်မာ့နိုင်ငံရေးနယ်ပယ်မှာ ဇာတ်လမ်းတွဲ ပထမပိုင်းကို ကောင်းကောင်းကြီး သိမီလိုက်သူတွေဟာ အခုဆိုရင် အသက်အရွယ်အရ အကြမ်းဖျင်း ပြောရရင် ၇၀ အထက်တွေ ရောက်နေကြပြီဗျ။ အဲဒီကာလကို ဆယ်ကျော်သက်အရွယ်နဲ့ ဖြတ်သန်း ကြုံတွေ့ခဲ့ရတဲ့ ကျွန်တော်တို့မျိုးဆက်တောင် 'ဆံဖြူသွားကျိုး ခါးရိုးကကုန်း' လို့ မဆိုနိုင်ရင်တောင် ကိုယ်ကာယခွန်အား ရှုထောင့်ကပြောမယ်ဆိုရင် အတော်ယုတ်လျော့ လာနေကြပြီဗျာ။

## ပျော်စရာ ဇာတ်ပေါင်းခန်းလား

သိကြတဲ့အတိုင်း ဇာတ်လမ်းတွဲ ဒုတိယပိုင်းက 'ပျော်ရွှင်စွာ ဇာတ်ပေါင်းကြလေသတည်း' ဆိုတဲ့ ဝါကျနဲ့ အဆုံးသတ်မယ့် ဇာတ်သိမ်းပိုင်းလည်း ဖြစ်နိုင်ခြေရှိနေတာကြောင့် ဇာတ်လမ်း တစ်လျှောက်လုံး (အထူးသဖြင့် ပထမပိုင်းမှာ) ကပြ အသုံးတော် ခံခဲ့ကြတဲ့ ဇာတ်ဆောင်တွေပါ ပြန်လည်ပေါ်ထွက်လာကြပြီး မိမိတို့ သက်ဆိုင်ရာ အခန်းကနေ တာဝန်ကျေအောင် ပြန်လည်ဖျော်ဖြေ တင်ဆက်နေတာမို့ ဇာတ်ရုပ်တွေ တစ်ရုပ်နဲ့ တစ်ရုပ်ရောထွေး မသွားရလေအောင် ကျွန်တော်တို့လို ပထမပိုင်းကို ကြည့်ခဲ့ဖူးသူတွေတောင် မနည်းကြိုးစား မှတ်သားနေကြရတယ်ဗျ။

## အကျိုးမဖြစ် ဥပဒေတွေ ဖျက်သိမ်း

မြန်မာ့နိုင်ငံရေး ဇာတ်လမ်းတွဲ ဒုတိယပိုင်းမှာ ကြည့်လေရာ အားလုံးဟာ တိတ်ဆိတ်ငြိမ်သက်နေတာမျိုး မရှိဘဲ လှုပ်ခတ်ရွေ့လျားနေကြတယ်ဗျာ။ 'ရှေ့တိုးနောက်ဆုတ်တွေ ရှိနေသေးပေမယ့်' အစိုးရအဖွဲ့က အုပ်ချုပ်ရေး ယန္တရားဟာ ပြည်သူတွေကို အထိရောက်ဆုံး အလုပ်အကျွေးပြုနိုင်တဲ့ ယန္တရားဖြစ်လာအောင် ကြိုးပမ်းလုပ်ဆောင်နေတာတွေ ရသလို လွှတ်တော်အရပ်ရပ်ကလည်း ပြည်သူတွေအတွက် အကျိုးမဖြစ်နိုင်တဲ့ ဥပဒေတွေ ဖျက်သိမ်းဖယ်ရှားပြီး ပြည်သူတွေ လွတ်လွတ်လပ်လပ် လုံလုံခြုံခြုံ ရှာဖွေစားသောက် နေထိုင်နိုင်ရေးကို အထောက်အကူဖြစ်စေမယ့် ဥပဒေတွေ ရေးဆွဲပြဋ္ဌာန်းနိုင်ဖို့ အားထုတ်နေကြတာကို တွေ့ရတယ်ဗျ။



## ဒီမိုကရေစီ ပီပြင်လာအောင်

တစ်ချိန်တည်းမှာ ဒီမိုကရေစီရဲ့ သော့ချက်ကျ ပါဝင်ပစ္စည်းတွေ ဖြစ်ကြတဲ့ နိုင်ငံရေးပါတီတွေကလည်း မဲဆန္ဒရှင် ပြည်သူတွေရဲ့ အသည်းနှလုံးကို ယူကျုံးဖမ်းစားနိုင်ဖို့ အပြိုင်အဆိုင် ကြိုးစား လုပ်ဆောင်နေကြသလို နိုင်ငံရေးလောကသားတွေပဲ ဖြစ်ကြပေမယ့် မိမိတို့ကိုယ် မိမိတို့ နိုင်ငံရေးအာဏာနဲ့ ချိတ်ဆက်ထားခြင်း မရှိကြတဲ့ (တစ်နည်း) လွှတ်တော်ပြင်ပ နိုင်ငံရေးကိုပဲလုပ်ဖို့ အားသန်နေကြသဲ ဖြစ်တဲ့ ရှစ်ဆယ့်ရှစ်မျိုးဆက်ကျောင်းသားအုပ်စုတို့လို နိုင်ငံရေး အင်အားစုတွေကလည်း ဒီမိုကရေစီစနစ် ပီပြင်သထက် ပီပြင်လာအောင်၊ ကမ္ဘာတည်သရွေ့ အရှည်တည်တံ့ ခိုင်မြဲရလေအောင် မိမိတို့နည်း မိမိတို့ဟန်နဲ့အားသွန် ကြိုးပမ်းနေကြတာပဲဗျ။

## ကိုယ့်ကိုယ်ကိုယ် သွေးနေကြသူတွေ

ဒီအချိန်မှာ အနာဂတ် တိုင်းပြည်ခေါင်းဆောင်တွေဖြစ်လာကြမယ့် နီးကြားတက်ကြွတဲ့ လူငယ်တွေကလည်း နောက်ချန်မနေတာကို တွေ့ရတယ်ဗျ။ ကျောင်းသားလူငယ်တွေက ဒီမိုကရေစီစနစ်ရဲ့ ကျက်သရေတစ်ပါးဖြစ်တဲ့ ကျောင်းသားသမဂ္ဂ အဖွဲ့အစည်းတွေ ပေါ်ပေါက်လာအောင် ကြိုးပမ်းနေကြသလို အခြားသော လူငယ်တွေကလည်း တွေ့ဆုံဆွေးနွေးပွဲတွေ၊ နီးနှောဖလှယ်ပွဲတွေ၊ ဟောပြောပွဲတွေ၊ စာတမ်းဖတ်ပွဲတွေက တစ်ဆင့် လူငယ်ချင်း ရင်းနှီးချစ်ကြည်မှုရအောင်၊ နိုင်ငံရေး အတွေးအခေါ် တိုးတက်မြင့်မားလာအောင် ကိုယ့်ကိုယ်ကိုယ် 'သွေး' နေကြတာ တွေ့ရတယ်ဗျ။

## အခွင့်အရေးတွေ မဆုံးရှုံးစေဖို့

နိုင်ငံတစ်နိုင်ငံရဲ့ အရေးအကြီးဆုံး အင်အားစုကြီးနှစ်ခု ဖြစ်ကြတဲ့ အလုပ်သမားတွေနဲ့ လယ်သမားတွေကလည်း ဒီမိုကရေစီ အလေ့အကျင့်တွေကို စတင်စမ်းသပ် ကျင့်သုံးလာနေကြတယ်ဗျ။ နိုင်ငံတော်သမ္မတကြီးနဲ့ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်တို့ကို ဦးထိပ်ထား အားကိုးအားထားပြုပြီး မိမိတို့ရဲ့ တရားသဖြင့် ရသင့်ရထိုက်တဲ့ အခွင့်အရေးများ မဆုံးရှုံးစေရေးအတွက် ကြိုးပမ်းနေကြသလို မိမိတို့ လူတန်းစားကို ကိုယ်စားပြုတဲ့ သမဂ္ဂများ ဖွဲ့စည်းနိုင်ရေးအတွက် ကနဦးခြေလှမ်းများ စလှမ်းနေကြပြီဆိုတဲ့ သတင်းတွေကိုလည်း ကြားနေရတယ်ဗျ။

## သတင်းတွေ 'လှိုင်ပေါလယ်'

အဲသလို မြန်မာ့နိုင်ငံရေးလောကမှာ အရာအားလုံး လှုပ်လှုပ်ရှားရှား ဖြစ်နေကြ ပါဝင်သင့် ပါဝင်ထိုက်သူအားလုံး ပါဝင်တဲ့ နိုင်ငံရေး (Inclusive politics) တစ်စ

တစ်စ ပီပြင်ပုံပေါ်လာနေချိန်မှာ ကျွန်တော်တို့ မီဒီယာ (အထူးသဖြင့် ပုံနှိပ်မီဒီယာ) လောကသား အားလုံးဟာလည်း တရစပ် မရပ်မနား ပြေးလွှားလှုပ်ရှားနေကြရတယ်ဗျာ။ မကြာသေးခင် အချိန်ကအထိ တစ်ပတ်ကို သတင်းသုံးလေးပုဒ် ရေးတင်နိုင်ဖို့ ခက်ခက်ခဲခဲ ရှာကြံဖန်တီးနေခဲ့ကြရတဲ့ သတင်းဂျာနယ် သတင်းထောက်လေးတွေဟာ အခုဆိုရင် သတင်းတွေ 'လျှံပေါလယ်' ဖြစ်နေကြပြီဗျ။ ဒီချုပ်ကို သတင်းလုပ်မလား။ ရှစ်ဆယ့်ရှစ်ကို သတင်းလုပ်မလား။ ပြည်ခိုင်ဖြိုးကို သတင်းလုပ်မလား။ တစညကို သတင်းလုပ်မလား။ နောက်ဆုံး ကုန်ကုန်ပြောရရင် အငြိမ်းစား ဗိုလ်ချုပ်ကြီးခင်ညွန့်ရဲ့ လှုပ်ရှားမှုကတောင် သတင်းဖြစ်နေပြီဗျာ။ တစ်ချိန်က သူ့ရဲ့ လှုပ်ရှားမှုတွေ နေ့စဉ်လိုလို သတင်းစာမှာပါခဲ့တုန်းက သတင်းမဖြစ်ခဲ့ပေမယ့် အခုတော့ သူ့ဇာတိမြေ ဘုရားဖူး တာတောင် **သတင်း**ဖြစ်နေပြီဗျာ။ သတင်းဆိုတာရဲ့ အခြေခံကိုက ပြည်သူတွေ စိတ်ဝင်စားရင် သတင်းဖြစ်တာကိုးဗျ။

သတင်းထောက်တွေမှာ သတင်းတွေပေါတော့ အယ်ဒီတာတွေလည်း အရင်လို ဒူးကလေး နှံ့ပြီး 'ငြိမ့်'နေလို့ 'နပ်'နေလို့ မရတော့ဘူးပေါ့ဗျာ။ ဒီမိုကရေစီဆိုတာကိုက အပြိုင်အဆိုင်ကိုးဗျ။

## ဖားတစ်ပိုင်း ငါးတစ်ပိုင်းဘဝ

အကုန်လှုပ်နေတဲ့ မြန်မာ့နိုင်ငံရေးဇာတ်လမ်းတွဲ တတိယပိုင်းမှာ ကျွန်တော်တို့လို 'ဖားတစ်ပိုင်း ငါးတစ်ပိုင်း' နိုင်ငံရေးသမားတစ်ပိုင်း။ သတင်းစာဆရာတစ်ပိုင်း လူမျိုး တွေဟာ ပိုတောင်အနားမရဘူးလား မပြောတတ်ပါဘူးဗျာ။ စာတွေ မပြတ်ရေးနေရတဲ့ ကြားထဲ စာပေ ဟောပြောပွဲ လိုက်ရ နိုင်ငံရေးပညာပေးဟောပြောရ အင်တာဗျူးတွေ ဖြေရ စာတမ်းပြုစုရ အစည်းအဝေးတွေ အခမ်းအနားတွေ တက်ရ ငြင်းရ ခုံရ ဖြေရှင်းရ ခေါင်းခံရ စတဲ့ များလှတဲ့ တာဝန်တွေကြောင့် တစ်ခါတစ်ခါ ကိုယ့်ကိုယ်ကိုယ် 'ငါဘာလဲဟ'ဆိုပြီး မေးခွန်းတောင် ထုတ်မိလောက်အောင် ဦးနှောက်စားရသားဗျ။ သို့ပေမဲ့ ပြည်သူ့ခေတ် ခေါင်းကြီးဆရာက ရည်ညွှန်းလိုက်တဲ့ မြန်မာ့နိုင်ငံရေး ဇာတ်လမ်းတွဲ တတိယပိုင်းကို 'ထိုသို့ တပြိုင်နက် နောက်ဆုံးတွင်မူ မြန်မာပြည်သူတို့သည် ဒီမိုကရေစီ ပြည်ထောင်စုကြီးကို ညီညီညွတ်ညွတ်ဖြင့် အောင်မြင်စွာ တည်ဆောက် နိုင်ခဲ့ကြလေသတည်း' ဆိုတဲ့ ဝါကျနဲ့သာ အဆုံးသတ်နိုင်မယ်ဆိုရင် ပင်ပန်းရကျိုး ခေါင်းစားရကျိုး နပ်ပါပြီဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်**

*၈၊ ဖေဖော်ဝါရီ၊ ၂၀၁၂*

*အတွဲ ၂၊ အမှတ် ၈၂*

## ...ည်သူနိုင်နိုင် တရားသဖြင့် အနိုင်ယူပါ

...ကောက်ပွဲတွေဟာ ဒီမိုကရေစီစနစ်ရဲ့ ကြွန်အင်လက္ခဏာတစ်ရပ် ဖြစ်ပေမယ့် ...ကောက်ပွဲတွေ လုပ်ပေးတယ်ဆိုတဲ့အချက် တစ်ချက်တည်းကို ကြည့်ပြီး အဲဒီနိုင်ငံကို ...ကရေစီနိုင်ငံအဖြစ် သတ်မှတ်လို့ မရနိုင်ဘူးဆိုတာလောက်ကိုတော့ အခုအချိန်မှာ ...ပြည်သူ အများစုကြီးက သိနေကြပြီဖြစ်တယ်ဗျ။ ဘာကြောင့်လဲဆိုတော့ ဒီကနေ့ ...တ်သစ်ကမ္ဘာမှာ ရွေးကောက်ပွဲတွေဟာ ပြည်သူလူထု အများစုကြီးရဲ့ ဆန္ဒကို ...ကိုစွအားလုံးရဲ့ ထိပ်ဆုံးမှာထားတဲ့ ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်ရဲ့ အင်္ဂါရပ် ...ခုဖြစ်တယ်ဆိုတဲ့ အချက်က သိပ်ကိုကြီးစိုးလွှမ်းမိုး တွင်ကျယ်နေပြီ ဖြစ်တာမို့ ...င်အားအသုံးပြုပြီး အာဏာရလာသူတွေကတောင် အများ အမြင်ကောင်းစေဖို့ ...ဖြစ် ရွေးကောက်ပွဲတွေကို မဖြစ်မနေ ကျင်းပပေးခဲ့ကြရတာကို ကမ္ဘာ့သမိုင်းမှာ ...တွေ့ခဲ့ကြရတာကြောင့် ဖြစ်တယ်ဗျ။

## ...အခွင့်အရေး ကြေညာစာတမ်း

...ကြောင့်လည်း လွတ်လပ်မှု၊ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီ အင်မတန်မှ အလေးထားတဲ့ ...သမဂ္ဂအဖွဲ့ကြီးက စစ်မှန်တဲ့ ဒီမိုကရေစီစနစ် ထွန်းကားပြန့်ပွား ရှင်သန်ရေးအတွက် ...ယ်လို ရွေးကောက်ပွဲမျိုးကသာ အထောက်အကူဖြစ်စေနိုင်တယ်ဆိုတဲ့အချက်ကို ...င်ရှားစေဖို့ သူ့ရဲ့ 'လောကလုံးဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း'မှာ ' ...ည်သူတို့၏ ဆန္ဒကို အချိန်မှန်ကျင်းပသော လွတ်လပ်ပြီး တရားမျှတသည်

ရွေးကောက်ပွဲများဖြင့် ထင်ရှားစေရမည်’လို့ တိကျရှင်းလင်း ပြတ်သားစွာ ရေးသ
ဖော်ပြထားတာ ဖြစ်တယ်ဗျ။ ‘ရွေးကောက်ပွဲ’ဆိုတဲ့ စကားလုံးရဲ့ရှေ့မှာ ‘လွတ်လပ်
တရားမျှတသည့်’ ဆိုတဲ့ နာမဝိသေသန ထည့်ထားခြင်းက ဒီမိုကရေစီကို မယုံကြ
သူတွေက ရွေးကောက်ပွဲတွေကို အသုံးချပြီး မိမိပြည်သူတွေနဲ့ နိုင်ငံတကာ အသိုင်းအဝိုင်း
ကို မလှည့်ဖြားနိုင်အောင် ကြိုတင်ဟန့်တား ကာကွယ်ထားတာပဲ ဖြစ်တယ်ဗျ။

## မဲဆွယ်ခွင့် စတင်တဲ့နေ့

ကျွန်တော် အခု ဒီဆောင်းပါးကို ရေးနေတာ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ဖြစ်တယ်
လစ်လပ်နေတဲ့ လွှတ်တော်ကိုယ်စားလှယ် နေရာ ၄၈ နေရာအတွက် ပြုလုပ်ပေး
ကြားဖြတ် ရွေးကောက်ပွဲများကို လာမယ့်ဧပြီ ၁ ရက်နေ့မှာ ကျင်းပပေးမယ်လို့ ကြေ
ထားတာကြောင့် ရှေ့က လုပ်ထုံးလုပ်နည်းတွေအရ အဲဒီရွေးကောက်ပွဲမှာ ပါ
ယှဉ်ပြိုင်ကြမယ့် ပါတီတွေ မဲဆွယ်စည်းရုံးမှု စတင်လုပ်ဆောင်ခွင့်ရှိတဲ့နေ့မှာ ကျွန်
ဒီဆောင်းပါးကို ရေးနေတာ ဖြစ်တယ်လို့ဆိုလိုတာ ဖြစ်တယ်ဗျ။

## စောင့်ကြည့်နေကြတယ်

အားလုံး သိကြတဲ့အတိုင်း အခုလာမယ့် ရွေးကောက်ပွဲဟာ ကိုယ်စားလှယ်နေ
မဖြစ်စလောက်လေးအတွက်သာ ပြုလုပ်မယ့် ရွေးကောက်ပွဲဖြစ်ပေမယ့် ၂
တုန်းက ရွေးကောက်ပွဲနဲ့ လားလားမှမတူဘူးလို့ ဆိုရလောက်အောင် မြန်မာပြည်
တစ်ရပ်လုံးက ရင်ခုန် လှုပ်ရှားတက်ကြွနေကြသလို နိုင်ငံတကာ အသိုင်းအဝိုင်း
ကလည်း စိတ်ဝင်တစားနဲ့ မျက်တောင်မခတ် စောင့်ကြည့်နေကြတာ ဖြစ်တယ်
 နိုင်ငံတော် သမ္မတဦးသိန်းစိန် ဦးဆောင်တဲ့ လက်ရှိအစိုးရ လက်ထက်
သမ္မတကြီးနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံဆွေးနွေးပြီး လွှတ်လပ်ရေးဖခင်
ဗိုလ်ချုပ်အောင်ဆန်း ရုပ်ပုံရှေ့မှာ အတူတွဲ ဓာတ်ပုံအရိုက်ခံခဲ့ကြတာ ဇရာဝတီ
ရေကာတာ စီမံကိန်း ရပ်ဆိုင်းလိုက်တာနဲ့ ထင်ရှားတဲ့ ရှစ်ဆယ့်ရှစ်မျိုးဆက် ကျောင်း
ခေါင်းဆောင်၊ တိုင်းရင်းသား ခေါင်းဆောင်တွေ အကုန်လုံးလိုလို ပြန်လည် လွှတ်
လာကြတာတွေ အပါအဝင် ပြည်တွင်းရော ပြည်ပပါ အံ့အားသင့်သွားခဲ့ကြ
အဖြစ်အပျက် အများအပြားကို မြင်တွေ့ခဲ့ကြရတာကြောင့် အခုကျင်းပမယ့် ရွေးကော
ဟာ မြန်မာပြည်သူတစ်ရပ်လုံးနဲ့ နိုင်ငံတကာ အသိုင်းအဝိုင်းရဲ့ အာရုံကို အခုလော
အင်အားကြီးကြီးနဲ့ ညို့ယူဖမ်းစားနေတာ ဖြစ်တယ်ဗျ။
 ဒီကနေ့ဆိုရင် ပါတီတွေ တရားဝင်မဲဆွယ်စည်းရုံးခွင့် စတင်ပြီမို့ မကြာမီရက်
တွေအတွင်း ပါတီတွေ ရွေးကောက်ပွဲ အောင်နိုင်ရေးအတွက် ဘယ်လို အပြိုင်အဆ



စည်းရုံးလှုပ်ရှားကြတယ် ဆိုတာကို ကျွန်တော်တို့ မြင်တွေ့ကြရတော့မှာ ဖြစ်တယ်ဗျ။
အထူးသဖြင့် ကိုယ်စားလှယ်နေရာ လစ်လပ်တဲ့ မြို့နယ်တွေက ပြည်သူတွေဟာ
ပါတီတွေရဲ့ပြိုင်ဆိုင်မဲဆွယ်စည်းရုံးမှုတွေကို အနီးဆုံးနဲ့ အများဆုံး မျက်ဝါးထင်ထင်
တွေ့မြင်ကြရတော့မှာ ဖြစ်တယ်ဗျာ။

## တာဝန်အရှိဆုံး ၃ ဌာန

သတ်တလော ကျွန်တော်တို့နိုင်ငံမှ မြင်တွေ့ရစပြုနေတဲ့ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှု
တွေဟာ အရှည်တည်တံ့ခိုင်မာစွာ တည်ရှိသွားမယ့် အရာတွေ ဟုတ်,မဟုတ်ကို
ထောမဆုံး စမ်းသပ်စစ်ဆေးမယ့်ပွဲဖြစ်တဲ့ အဲဒီရွေးကောက်ပွဲ လွတ်လပ်တရားမျှတရေးဟာ
တစ်ဦး တစ်ယောက်တစ်ဖွဲ့ရဲ့ တာဝန်မဟုတ်။ ပြည်သူအားလုံးရဲ့ တာဝန် ဖြစ်ပါတယ်။
အထူးသဖြင့် သီးခြား ထုတ်နုတ် ရွေးချယ်ပြောဆိုရရင် ရွေးကောက်ပွဲကို ကြီးကြပ်
ကျင်းပပြုလုပ်ပေးမယ့် ကော်မရှင် အဆင့်ဆင့်၊ ပါဝင်ယှဉ်ပြိုင်ပေးမယ့် နိုင်ငံရေးပါတီတွေနဲ့
ဆန္ဒမဲ ပေးကြမယ့် ပြည်သူတွေအားလုံးက လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲ
ပေါ်ပြင်ပြင်ဖြစ်အောင် ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းကြရမှာ ဖြစ်တယ်ဗျ။
 လက်ရှိမှာ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက ပြီးခဲ့တဲ့ ရွေးကောက်ပွဲက
ချွတ်ယွင်းချက်၊ အားနည်းချက်တွေကို ပြုပြင်ပြီး အခု ရွေးကောက်ပွဲကို အလွတ်လပ်ဆုံးနဲ့
တရားမျှတဆုံး ဖြစ်အောင် ကျင်းပပေးသွားမယ်လို့ ကတိပြုထားတယ်။ ပြည်သူတွေ
ကလည်း မိမိတို့ အသည်းကြားက မဲတစ်ပြားကို သွားထည့်ဖြစ်အောင် ထည့်မယ်လို့
အားခဲထားကြတယ်။ ဒီအခြေအနေမှာ စောင့်ကြည့်ကြရမှာကတော့ ပါတီတွေဘယ်လို
မဲဆွယ် စည်းရုံးကြမလဲဆိုတာပဲဗျ။

## လာဘ်ထိုး မဲဆွယ်တဲ့ အမှု

မကြာသေးခင် လပိုင်းကပဲ ကျွန်တော် ဆောင်းပါးတစ်ပုဒ် ရေးခဲ့ပါသေးတယ်။ အိန္ဒိယ
ပြည်နယ် ရွေးကောက်ပွဲတစ်ခုမှာ ပါတီတစ်ခုက သူအနိုင်ရရင် ပြည်နယ်အတွင်းက
မူလတန်း ကျောင်းသားတိုင်းကို လက်တော့ပ်ကွန်ပျူတာတစ်လုံးစီရစေမယ်ဆိုတဲ့
ကတိနဲ့ ဝင်ပြိုင်တာ အနိုင်ရသွားလို့ အခြားပါတီတွေနဲ့ အပျော်တမ်း ရွေးကောက်ပွဲ
စောင့်ကြည့် အကဲခတ်အဖွဲ့တွေက ဒါဟာ မဲဆန္ဒရှင်တွေကို လာဘ်ထိုးစည်းရုံးတာဆိုပြီး
တရားရုံးမှာ အမှုဖွင့်ထားတဲ့အကြောင်း ဆောင်းပါးဖြစ်တယ်ဗျ။
 ကျွန်တော်တို့ အိမ်နီးချင်းနိုင်ငံ တစ်ခုမှာလည်း ပါတီတစ်ခုက ကျေးလက်တောရွာနေ
ဆင်းရဲသား လယ်သမားတွေကို ငွေနဲ့မဲဆွယ်စည်းရုံးပြီး ရွေးကောက်ပွဲ အနိုင်ရခဲ့ပေမယ့်
နောက်ပိုင်းမှာ ပြဿနာတွေ တစ်ထွေးကြီးတက်ပြီး အဲဒီပါတီက ဝန်ကြီးချုပ် ဖြစ်လာသူ
အခုအထိ ပြည်တော်မပြန်နိုင် ဖြစ်နေသေးတာလည်း ရှိတယ်ဗျ။

## လမ်းတွေ ပြင်နေချိန်

ကျွန်တော်တို့ဆီမှာလည်း ကြားဖြတ် ရွေးကောက်ပွဲလုပ်မယ့် မြို့နယ်တချို့မှာ သုံးလေး နှစ်လောက် တစ်ပိုင်းတန်းလန်းနဲ့ ပစ်ထားခဲ့တဲ့ လမ်းတွေ အခုတလောမှ အားချင်း အပြိုင်းသတ်နေတယ်ဆိုတဲ့ သတင်းတွေ ကြားနေရတယ်ဗျ။ အဲသလို အလောသုံးဆယ် လမ်းတွေပြင်နေတာနဲ့ ရွေးကောက်ပွဲ ဆက်စပ်နေခြင်း ရှိ၊ မရှိ အခု လောလောဆယ်မှာ မသိရသေးပေမယ့် မကြာခင် သိလာရမှာပါလို့ အဲဒီမြို့နယ်တွေရဲ့ ဒေသခံတွေ ပြောနေကြတယ်လို့သိရတယ်ဗျ။ ဘာပဲဖြစ်ဖြစ် သူတို့နေလာခဲ့တဲ့ ကာလတစ်လျှောက်လုံး ဖြစ်ချင်တိုင်း ဖြစ်နေခဲ့တဲ့လမ်းတွေ အခုတလော 'ဟောတစ်ခု...ဟောတစ်ခု' ကောင်းလာ နေတာကိုကြည့်ပြီး ဒေသခံပြည်သူတွေ ပြုံးပျော်နေကြ တယ်လို့ သိရတယ်ဗျား။ ကျွန်တော်တို့နဲ့ အဝေးကြီးပေမယ့် အဲဒီ မြို့နယ်တွေက ပြည်သူတွေ ပျော်တယ်ဆိုတော့ ကျွန်တော်တို့လည်း ပျော်ပါတယ်ဗျာ။ 'ဒါတောင် ဒီမိုကရေစီရဲ့ အစပဲ ရှိသေးတယ်ကွ' လို့ ကြုံးဝါးပြီး တစ်ဆက်တည်းမှာ ဒီမိုကရေစီအခုလို ဖူးပွင့်ဝေဆာ လာအောင် ပေးဆပ်မှု အမျိုးမျိုးနဲ့ ရုန်းကန် ကြိုးပမ်းခဲ့ကြသူတွေကို ဦးညွှတ် အလေးပြုမိတယ်ဗျာ။

## နားဝင်ပီယံ အဖြစ်ဆုံးအသံ

အားလုံးသိကြတဲ့အတိုင်း ကျွန်တော်ဟာ နိုင်ငံရေးနောက်ခံ တစ်စုံတစ်ခု ရှိခဲ့သူဖြစ်ပါတယ် ဗျာ။ သို့ပေမဲ့ အခုလက်ရှိမှာ ကျွန်တော်ဟာ အရောက်စွအားလုံး တရားမျှမျှတတ ဖြစ်ရေးကိုသာ နံပါတ်တစ် ဦးစားပေး အလေးထားပြီး မတရားတာ အမြင်မတော်တာ တွေ့ရင် ကလောင်လက်နက်နဲ့ ဖော်ထုတ်ပေးဖို့ တာဝန်ရှိတဲ့ စာတွတ္တမဏ္ဍိုင် လောကသား တစ်ယောက်အဖြစ် နှစ်မြှုပ် ရပ်တည်နေတာမို့လာမယ့် ရွေးကောက်ပွဲမှာ မည်သည့် ပါတီပဲနိုင်နိုင်၊ တရားနည်းလမ်းကျကျ မှန်မှန်ကန်ကန် ယှဉ်ပြိုင်ပြီး အနိုင်ရရှိလာတယ်ဆိုတဲ့ အသံသာလျှင် ပြည်သူများအဖို့ နားဝင်ပီယံအဖြစ်ဆုံးအသံ ဖြစ်လိမ့်မယ်၊ အဲသလို အသံမျိုးပဲ ကြားလိုပါတယ်လို့ ပြောချင်တယ်ဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်**
၁၆၊ ဖေဖော်ဝါရီ၊ ၂၀၁၂
တွဲ ၂၊ အမှတ် ၈၁

○

## စာပေဟောပြောပွဲ ဘာကြောင့်ပိတ်

ပြီးခဲ့တဲ့တစ်လ နှစ်လခန့်အတွင်း ကျွန်တော် ခရီးယာယီလေးတွေ များခဲ့ပါတယ်။ စာပေဟောပြောပွဲ လိုက်နေတာပါ။ အရင်က ဟောပြောပွဲ စင်တွေပေါ် မတက်နိုင်ခဲ့တာ နှစ်နဲ့ချီ ကြာခဲ့ရာက ခုတော့ အတန်အသင့် ပွင့်လင်းလာပြီမို့ ကျွန်တော်လည်း ...သပ်ပြီး လိုက်ဟောနေခဲ့ပါတယ်။ ရန်ကုန်မြို့ပေါ်မှာ ကျောက်မြောင်း ဩဘာလမ်း ...လုံ ကြည့်မြင်တိုင်၊ မြောက်ဥက္ကလာ၊ မြောက်ဒဂုံက နာရေးကူညီမှုအသင်း၊ ဝါဏိဇ္ဇဘွဲ့ရ ...သင်း၊ လူငယ်များ အစည်းအရုံး စသည်ဖြင့် အတော်ကို နေရာစုံပါတယ်။

## ပထမဆုံးပွဲတွေ

...ခြားတာတစ်ခုက နာရေးကူညီမှုအသင်းနဲ့ ဝါဏိဇ္ဇအသင်းကလွဲလို့ ကျန်တဲ့နေရာ ...တွေ အားလုံးဟာ ကျွန်တော်တို့ ပါဝင်တဲ့ စာပေဟောပြောပွဲတွေနဲ့ ပြန်လည် 'ကွင်းဖွင့်' ...တာ ဖြစ်တယ်လို့ သိရတာပဲဗျ။ နှစ်ပေါင်းများစွာ စာပေဟောပြောပွဲတွေ မကျင်းပနိုင်ဘဲ ...ခဲ့ရာက ဒီနှစ်မှ ပထမဆုံး ပြန်လည်ကျင်းပကြတာ ဖြစ်တယ်။ အဲဒီမှာ ပထမဆုံး ...င်ပေါ် ပြန်တက်တဲ့ မောင်ဝံသနဲ့ ဂွပ်ခနဲ အံကိုက်ပဲပေါ့ဗျာ။

ဟသ်ာတ၊ ဇလွန်၊ ပဲခူး၊ ဥက္ကံ၊ ဒိုက်ဦး၊ မှော်လင်၊ ကလေး၊ တမူး စတဲ့ နေရာတွေကိုလည်း ...ာက်ခဲ့တယ်။ များသောအားဖြင့် စာကြည့်တိုက်အသင်းတွေက ဦးဆောင် ကျင်းပတာကို ...ရတယ်ဗျ။ အခု နောက်ဆုံး ရောက်ခဲ့တဲ့ ကလေးမြို့မှာဆိုရင် နေသာဆရာတော် ...တဲ့ နေသာစာကြည့်တိုက် သုံးနှစ်မြောက် စာပေဟောပြောပွဲ ဖြစ်ပါတယ်။

ဆရာဦးအောင်သင်း၊ ဦးဘုန်း (ဓာတု)၊ ကဗျာဆရာ ညီမင်းညိုတို့နဲ့ နေရာတွေဖြန့်ပြီး ဟောပြောခဲ့ကြတယ်။ ကျွန်တော်က ကလေးမြို့ပေါ်မှာ နှစ်ညအပြင် နတ်ချောင်းရွာနဲ့ ထိုမာရွာမှာလည်း သွားပြီး ဟောခဲ့တယ်။ သာစည်ရွာစာကြည့်တိုက်ကိုလည်း လေ့လာခွင့်ရခဲ့တယ်။ ကလေးမြို့နဲ့ တမူးမြို့က ဒီချုပ်စာပေမိတ်ဆွေတွေနဲ့လည်း ဆွေးနွေးခဲ့ပါတယ်။

## ပရဟိတ များများ လုပ်ကြဖို့

စာပေဟောပြောပွဲတိုင်းမှာ ကျွန်တော်အဓိက ပြောတာကတော့ စတုတ္ထမဏ္ဍိုင်လို့ တင်စားခြင်းခံရတဲ့ သတင်းမီဒီယာတွေရဲ့အခန်း ကဏ္ဍနဲ့ ဒီမိုကရက်တစ် လူ့အဖွဲ့အစည်း ပေါ်ထွန်းရေး အကြောင်းပဲ ဖြစ်ပါတယ်။ လူထုအခြေပြု အရပ်ဘက် ပရဟိတ အဖွဲ့အစည်းတွေမှာ များများ ပါဝင်ကြဖို့နဲ့ ပြည်သူကြားက သတင်းသမားတွေ (Citizen Journalists) များများ ပေါ်ထွက်ရေးကို တွန်းအားပေး ပြောပါတယ်။

အတူဟောဖော် ဟောဖက်တွေက အလွန်အဟောအပြော ကောင်းသူတွေပါ။ ဆရာဦးအောင်သင်းဆိုရင် နာလန်ထခါစအချိန်မှာ တပည့်တွေ အဖေးအမနဲ့ လိုက်လာခဲ့တာ ဖြစ်ပါတယ်။ စင်ပေါ်မှာ ထိုင်ခုံချပေးပြီး ထိုင်ဟော ဟောရပေမယ့် ပရိသတ် မငြီးရအောင် နှစ်နာရီနီးနီး ပြောနိုင်ဆိုနိုင်တာ အံ့သြလောက်ပါတယ်။ ဦးဘုန်းနဲ့ ညီမင်းညိုတို့ကလည်း နာမည်ကြီး နည်းပြဆရာတွေဆိုတော့ ပရိသတ်ထဲက ကျောင်းသားကျောင်းသူတွေနဲ့ မေးလိုက်ဖြေလိုက် အတိုင်အဖောက်ညီညီ ဟောပြောသွားကြပါတယ်။ အင်မတန်မှ အောင်မြင်တဲ့ စာပေခရီးတစ်ခုပါပဲဗျာ။

## မိုးလေဝသ ဦးထွန်းလွင် အတွေ့အကြုံ

ကလေးမြို့တစ်ခွင်မှာ စာပေပရိသတ်များနဲ့ စာရေးဆရာများ လိုက်လံပျော်ရွှင်စွာ စာပေပွဲသဘင် ဆင်နွှဲနေကြတာကိုကြည့်ပြီး မကြာခင်က မိုးလေဝသ ဒေါက်တာထွန်းလွင် ပြောပြတဲ့ ရင်နင့်စရာ ဖြစ်ရပ်ကလေးကို သတိရနေမိပါတယ်။ ဆရာထွန်းလွင်၊ ဆရာကောင်းသန့်နဲ့ ကျွန်တော် ဥက္ကံမြို့ စာပေဟောပြောပွဲ အတူသွားကြရင်း ဆရာက ပြောပြခဲ့တာပါ။ ဒေါက်တာထွန်းလွင်က သူကြုံတွေ့ခဲ့ရတဲ့ မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်၊ မဲဇလီရွာကလေးမှာ စာပေဟောပြောပွဲ အချိန်ကပ်ပြီးမှ အပိတ်ခံရပုံကို ဆောင်းပါး ရေးပေးလို့ ပြီးခဲ့တဲ့အပတ် ပြည်သူ့ခေတ်ဂျာနယ် (၂၃၊ ၂၊ ၁၂)မှာ ဖော်ပြပြီးပါပြီ။ 'ထိုအချိန်ဝယ်...တိမ်ညိုမည်းတစ်ခုက...လခြမ်း လေးကို...ဖုံးအုပ်လိုက်ပြန်ပါပေါ့ကွယ်'ဆိုတဲ့ ဆောင်းပါးပါ။ မဖတ်မိလိုက်သေးသူများ ပြန်ရှာဖတ်ကြည့်ကြဖို့ပါ။ ဒေါက်တာ ထွန်းလွင်ဟာ စကားပြောကောင်းရုံမက စာအရေးအသားလည်း ဘယ်လောက် ကောင်းတယ်ဆိုတာ လက်တွေ့ပြလိုက်သလိုပါပဲ။



## အလွန်အကျိုးမဲ့တဲ့ လုပ်ရပ်

ဆရာထွန်းလွင်က မဲဇလီရွာမှာ စာပေဟောပြောပွဲ စီစဉ်သူတွေ ဘယ်လို စိတ်အား ထက်သန်စွာ၊ တက်ကြွပျော်ရွှင်စွာ ပြင်ဆင်မှုတွေ ပြုလုပ်နေကြပုံ၊ ဇာတ်လိပ်ပြင်ဆင်နေကြပုံကို သေချာ စာပန်းချီခြယ်ပြီး ည ၇ နာရီ စင်ပေါ် တက်ခါနီးကျမှ ပွဲမိန့်ပိတ်တယ်ဆိုလို့ ကြားသိကြ မချိတင်ကဲ ဖြစ်ကြရပုံကို ဆက်ရေးပြပါတယ်။ သူပြောတာကို နားထောင် ပြီးဖြစ်ပေမယ့် ဆောင်းပါးအဖြစ် ပြန်ရေးထားတာကို ဖတ်ရတဲ့အချိန်မှာလည်း ကျွန်တော်ပါ ရင်ထဲဆို့နင့်နေမိတယ်ဗျာ။

'ဟာ...ဗျာဆိုပြီး ပါးစပ်ဟောင်းလောင်း ဖြစ်ကုန်ကြတော့တာ ပါပဲ၊ အားလုံး ငြိမ်ကျသွားပါတယ်၊ ကျွန်တော်တို့ စာရေးဆရာတွေပါ ငြိမ်ကျသွားပါတယ်၊ ဆရာ တစ်ဦးကတော့ မျက်ရည်တွေဝဲလာပြီး အသံမထွက်တော့ပါဘူး။ နောက်ဆရာ တစ်ဦး ကလည်း အသံတွေ တုန်တုန်ယင်ယင်နဲ့ စာရေးဆရာမလည်း ခေါင်းငိုက်စိုက်နဲ့ ငိုနေတဲ့ တပည့်လေးတွေကို ချော့နေပါတယ်၊ ကျွန်တော်လည်း စိတ်မကောင်း ဖြစ်မိတာဗျာ၊ ဘာလို့ ဟောပြောပွဲအမိန့်က မရရတာလဲ၊ ဒီဒေသဟာ ဟောပြောပွဲ ကျင်းပဖို့ ခွင့်မပြုတဲ့ ဒေသမို့လား ××× ဘာမှန်း ဆိုတာကိုတော့ သက်ဆိုင်ရာတွေက ပွင့်ပွင့်လင်းလင်း မြင်မြင်သာသာ ရှိစေအောင် Good Governance ဆိုတာနဲ့အညီ ရှင်းလင်းပေးဖို့ လိုအပ်ပါတယ်။ ဒီမဲဇလီရွာ ဟောပြောပွဲ ပြောခွင့်မရတာဟာ မဲဇလီရွာ အတွက်သာမက သက်ဆိုင်ရာ တိုင်းဒေသကြီးအတွက်ရော၊ နိုင်ငံတော်အတွက်ပါ ထိခိုက်နစ်နာလှပါတယ်။ အလွန်အကျိုးမဲ့တဲ့ ဖြစ်ရပ်၊ လူထုရဲ့ တိုးတက်မှု အရှိန်ကို ဟန့်တားစေတဲ့ ဖြစ်ရပ်ပဲလို့ ရိုးရိုးလေး မြင်မိပါတယ် ×××'

## အသည်ကြီးတဲ့ မကွေးတိုင်းဒေသကြီး

ဆရာထွန်းလွင် ခုလို ထုတ်ဖော် ရေးလိုက်တာကို ဖတ်ရတဲ့ ပြည်သူ့ခေတ်ဂျာနယ် ပရိသတ်များလည်း ကိုယ်ချင်းစာနာမိကြမှာပါ။ မကွေးတိုင်းဒေသကြီးမှာ စာပေ ဟောပြောပွဲများ အချိန်ကပ်ကပ်ပြီး အပိတ်ခံရလို့ စိတ်မချမ်းမသာဖြစ်ပြီး ပြန်လာရတဲ့ စာရေးဆရာတွေ အတော်များနေပါပြီ။ ပြည်သူ့ခေတ် အယ်ဒီတာချုပ် ဆရာဖေမြင့် ကိုယ်တိုင် အရင်လထဲမှာ မကွေးတိုင်းဒေသကြီးထဲက မြို့တစ်မြို့က ဖိတ်လို့သွားခဲ့စဉ် အလားတူ ကြုံခဲ့ရတယ်လို့ ပြန်ပြောဖူးပါတယ်။ ကျွန်တော်ကတော့ စာပေဟောပြောပွဲ များကို ပိတ်ခြင်းဟာ ဆရာထွန်းလွင် ရေးသလိုပဲ အလွန်အကျိုးမဲ့တဲ့ ဖြစ်ရပ်၊ လူထုရဲ့ တိုးတက်မှု အရှိန်ကို ဟန့်တားစေတဲ့ ဖြစ်ရပ်လို့ ထပ်ပြောလိုက် ချင်ပါတယ်။

## ကိုယ်တွေ့ခံစားချက်

အဓိပ္ပာယ်မရှိ ပိတ်ပင်ခံရတဲ့ အဖြစ်မျိုးကို ကိုယ်တိုင် ကြုံတွေ့ခံစားရဖူးတဲ့ ကျွန်တော်ကတော့ ဆရာထွန်းလွင်တို့ ဆရာဖေမြင့်တို့ရဲ့ ရင်ထဲက ခံစားချက်ကို ပိုပြီး ထဲထဲဝင်ဝင် နားလည်တယ်ဗျာ။ ကျွန်တော့်မိသားစုရဲ့ ဒေါင်းစာပေကို ၁၉၇၃ ခုနှစ်က တည်ထောင်ခဲ့ပါတယ်။ မူလနာမည်က ခွပ်ဒေါင်းစာပေပါ။ ကျောင်းသား သမဂ္ဂ သံယောဇဉ်နဲ့ မှည့်ခေါ်ထားတဲ့ နာမည်ပါ။ ၁၉၈၆ အထိ ကျွန်တော့် တိုက်က ထုတ်ဝေခဲ့တဲ့ စာအုပ်တွေမှာ ခွပ်ဒေါင်းစာပေက ထုတ်ဝေသည်လို့ပဲ ဖော်ပြခဲ့တာ ပြန်ကြည့်လို့ရပါတယ်။ ၁၉၈၆ ကျတော့ အဲဒီနာမည် သုံးခွင့်မပေးနိုင်ဘူးဆိုလို့ ခွပ်ကို ဖြုတ်လိုက်ရတယ်ဗျ။ ဒေါင်းစာပေအဖြစ်ပဲ နေခဲ့ရတာ ခုထိပါပဲ။ ၂၀၀၃ မှာ ဒေါင်းစာပေ နှစ် ၃၀ ပြည့် ပွဲတစ်ပွဲ လုပ်ပါတယ်။ ၂၀၀၃ မေ ၃၁ တိပိဋကကျောင်းမှာ ကျင်းပတဲ့ အဲဒီပွဲကို မော်တော်ဆိုင်ကယ်တွေနဲ့ အဝိုင်းခံရတယ်ဗျာ။ ကျွန်တော့် ဧည့်ခံပွဲလာတဲ့ ဧည့်သည်တချို့ တထိတ်တလန့် ဖြစ်ရတာပေါ့။ ၂၀၀၈ ခုနှစ်ကျတော့ ဒေါင်းစာပေ ၃၅ နှစ် ပြည့်ပွဲကို စီးတီးစတားဟိုတယ်မှာ လုပ်ပါတယ်။ မနက် ၉ နာရီ ကျင်းပဖို့ အားလုံး ပြင်ဆင်ထားပြီးသားပွဲကို အကြိုည ၉ နာရီလောက်မှာ ဖျက်သိမ်းခိုင်းတယ်။ မနက်ကျတော့ ဧည့်ခံပွဲ ဖျက်ရတာကို မသိတဲ့ ဧည့်သည်တွေ လာကြတော့ ဟိုတယ်အောက်ကနေ ပြန်ခိုင်းတယ်။ မဟာဗန္ဓုလလမ်းနဲ့ လမ်းထဲမှာလည်း ကားသုံးစီးနဲ့ အင်အားပြထားသေးတယ်။ စဉ်းစားကြည့်ကြပါ ကျွန်တော် ဘယ်လို ခံစားရမလဲဆိုတာ။ ဒါကြောင့် မကွေးတိုင်း ဒေသကြီးက ဖြစ်ရပ်ထိုကျွန်တော် အများကြီး စာနာပါတယ်လို့ ပြောတာ ဖြစ်တယ်ဗျ။ ဒေါင်းစာပေပွဲကိုဖျက်ပြီးနောက်တစ်နှစ်မှာ စီးတီးစတား ဟိုတယ်မှာပဲ တော်ဘုရားကလေး စာပေဆုပေးပွဲကို အချိန်ကပ်ပြီး ပိတ်ပင်ခံရသေးတယ်ဗျာ။ ကွယ်လွန်သူ တော်ဘုရားကလေးရဲ့ ဇနီး ဒေါ်ခင်မေနဲ့ သမီး ဒေဝီသန့်စင်တို့လည်း အတော် စိတ်ဆင်းရဲခဲ့ရမှာ သေချာတယ်ဗျာ။

## အရင်ကလို မဟုတ်တော့ပါ

ယနေ့ခေတ်မှာတော့ စီးတီးစတားဟိုတယ်မှာ ပွဲမျိုးစုံ လွတ်လွတ်လပ်လပ် ကျင်းပနေကြပါပြီ။ ကျွန်တော့်ရဲ့ ဒေါင်းစာပေပွဲနဲ့ တော်ဘုရား ကလေးပွဲ အပိတ်ခံရတဲ့ ဖြစ်ရပ်မျိုးကို ဝန်ထမ်းအသစ်လေးတွေ သိတောင် မသိကြတော့ပါဘူး။ တော်ဘုရားကလေး စာပေဆုပေးပွဲကိုလည်း ယခုဆိုရင် လွတ်လွတ်လပ်လပ် ကျင်းပနေပါပြီ။ ဆရာထွန်းလွင်တို့ လတ်တလော ကြုံခဲ့ရတဲ့ ဖြစ်ရပ်မျိုးတွေဟာ ယနေ့ခေတ်အဖို့တော့ အင်မတန် ရှားပါးတဲ့ ထူးထူးဆန်းဆန်း သတင်းထဲမှာ ပါနေမယ် ထင်ပါရဲ့ဗျာ။

အချုပ်အားဖြင့် အုပ်ချုပ်ရေး ယန္တရားထဲက ပုဂ္ဂိုလ်အချို့အနေနဲ့ ယနေ့ နိုင်ငံတော်ဟာ ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်း နေတယ်လို့ တကယ်ခံယူရင်၊ တကယ်



ယုံကြည်ရင် ဒီမိုကရေစီ နည်းမကျတဲ့ လုပ်ရပ်တွေကို တစ်ကျောင်း တစ်ဂါထာ တစ်ရွာ တစ်ပုဒ်ဆန်း မလုပ်သင့်ဘူး။ ဖွဲ့စည်းပုံ အခြေခံဥပဒေကို တိတိကျကျ လိုက်နာပြီး ဒီမိုကရေစီကျင့်စဉ်နဲ့အညီ ဆောင်ရွက်သင့်ကြပါပြီလို့ အပြုသဘောနဲ့ ကျွန်တော် ပြောချင်ပါတယ်ဗျ။

**ပြည်သူ့ခေတ်ဂျာနယ်**

*၂၂၊ ဖေဖော်ဝါရီ ၂၀၁၂*

*အတွဲ ၂၊ အမှတ် ၅၁*

○

# ဒီမိုကရေစီရဲ့အသက်ဝိညာဉ်–တရားဥပဒေစိုးမိုးမှု

ဒီမိုကရေစီရဲ့ အသက်ဝိညာဉ်ဟာ တရားဥပဒေစိုးမိုးမှုပဲဆိုတာ ဒီမိုကရေစီ နိုင်ငံရေးကို လိုလားသူတိုင်းက အငြင်းမပွားဘဲ လက်ခံထားကြတဲ့ ဆောင်ပုဒ်ဖြစ်တယ်ဗျ။ သန့်ရှင်းတဲ့ အစိုးရ၊ ကောင်းမွန်တဲ့ အုပ်ချုပ်မှု၊ တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု၊ မဲဆန္ဒရှင်ကြီး ၃ ရပ် အကြား တစ်ခုနဲ့တစ်ခု လွတ်လပ် အမိုးအခိုကင်းပြီး အပြန်အလှန် စစ်ဆေး ထိန်းညှိမှု စတဲ့ ဒီမိုကရေစီစနစ်ရဲ့ ဂုဏ်အင်္ဂါ အားလုံးကို တစ်ခွန်းတည်းနဲ့ ချုပ်ပြီး ပြောနိုင်တာက တရားဥပဒေစိုးမိုးမှုပဲ ဖြစ်တယ်ဗျ။

## တရားဥပဒေကို ကျူးလို့ ဆန့်လို့ မရဘူး

မည်သည့်နိုင်ငံမှာမဆို အုပ်ချုပ်ရေးပိုင်းက ခေါင်းဆောင်တွေက ဒီမိုကရေစီကျင့်စဉ်ကို ရိုသေလေးစားလိုက်နာမယ့်အကြောင်း ဘယ်လောက်ပဲ အပ်ကြောင်းထပ်အောင် ပြောဆိုနေကြပါစေ၊ အခြေခံဥပဒေထဲမှာ ဒီမိုကရေစီကို အမွှမ်းတင်တဲ့ အသုံးအနှုန်းတွေ မစားရ ဝခမန်း ဘယ်လောက်ပဲ ရေးသား ဖော်ပြထားပါစေ၊ တကယ့် လက်တွေ့မှာ တရားဥပဒေရဲ့အာဏာစက်ဟာ နိုင်ငံသားတိုင်း (နိုင်ငံသားတိုင်း)အပေါ် သက်ရောက်မှု ရှိရဲ့လား။ တရားဥပဒေရဲ့ အထက်မှာ ဘယ်သူမှ မရှိဘူးဆိုတဲ့အချက် တကယ် သေချာရဲ့လား။ ဟိုတစ်ခေတ်တုန်းကလို 'တရားဥပဒေက မည်သို့ပင် ဆိုစေကာမူ' ဆိုတဲ့ အင်မတန်စော်ကားတဲ့ စကားလုံးတွေနဲ့ ခြွင်းချက်တွေထားပြီး လုပ်ချင်တာ လုပ်ခဲ့တာမျိုး ရှိနေသေးသလား ဆန်းစစ်ကြရမှာ ဖြစ်တယ်ဗျ။ တရားဥပဒေဆိုတာ



အခြေအနေ အကြောင်းကြောင်း အပေါ်မူတည်ပြီး လိုသလို ကျူးလို့ ဆန့်လို့မရတဲ့ အရာမျိုးအဖြစ်သို့ အမှန်တကယ် ရောက်ရှိနေပြီလားဆိုတဲ့ အချက်တစ်ခုတည်းကိုသာ ကြည့်ပြီး နိုင်ငံတစ်နိုင်ငံမှာ ဒီမိုကရေစီစနစ် ရှင်သန်ဖွံ့ဖြိုးနေခြင်း ရှိ၊ မရှိ ဆုံးဖြတ်ကြရမှာ ဖြစ်တယ်ဗျာ။

## ဥရောပနဲ့ အာဖရိက

အခုအချိန်မှာ ဒီမိုကရေစီစနစ်ရဲ့ ပင်မရေစီးဖြစ်တဲ့ တရားဥပဒေ စိုးမိုးရေးဟာ လွတ်လပ်မှု၊ ငြိမ်းချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့ရဲ့ အခြေခံ အုတ်မြစ်ဖြစ်တယ်ဆိုတဲ့ အချက်အပေါ် အငြင်းပွားသူ မရှိသလောက် ဖြစ်နေပြီဗျ။ ဒီမိုကရေစီ သို့မဟုတ် တရားဥပဒေစိုးမိုးမှုရှိတဲ့ နိုင်ငံတွေဟာ ငြိမ်းငြိမ်းချမ်းချမ်း တည်တည်ငြိမ်ငြိမ် လုံလုံခြုံခြုံနဲ့ ဖွံ့ဖြိုးတိုးတက် စည်ပင်ဝပြောနေကြပြီး မရှိတဲ့ နိုင်ငံတွေကတော့ အခုအထိ မားတောင်တွေကို ကျော်နေကြရတုန်း။ မီးပင်လယ်တွေထဲမှာ ကူးခတ်နေကြရတုန်းဖြစ်တဲ့ မြင်ကွင်းတွေက အဲဒီအချက်ကို မီးမောင်း ထိုးပြနေတယ်ဗျ။ ဒုတိယကမ္ဘာစစ် ပြာပုံထဲက ထူးလဲ ရုန်းထလာခဲ့ကြပြီး လက်ရှိမှာ တည်ငြိမ် ဖွံ့ဖြိုးတိုးတက်နေကြပြီဖြစ်တဲ့ ဥရောပဒေသနဲ့ လွတ်လပ်ရေးရပြီးနောက် ရာစုတစ်ဝက်ကျော် ကြာလာတဲ့အထိ ယမ်းနံ့တွေ မွှန်နေဆဲဖြစ်တဲ့ အာဖရိကဒေသကို နှိုင်းယှဉ်ကြည့်လိုက်ရင် တရားဥပဒေ စိုးမိုးမှုဆိုတဲ့ စကားလုံးရဲ့ အနက်အဓိပ္ပာယ်ကို လေးလေးနက်နက် သဘောပေါက်နိုင်ကြမှာ ဖြစ်တယ်ဗျ။

## နတ်ဆိုးတွေလို သဘောထားတယ်

ဒီနေရာမှာ မှတ်သားထားသင့်တဲ့ အချက်တစ်ချက်ကတော့ တရားဥပဒေစိုးမိုးမှုရှိတဲ့ နိုင်ငံတွေမှာ ရှေ့နေတရားသူကြီးစတဲ့ တရားဥပဒေနဲ့ ဆက်နွှယ်နေတဲ့ အသက်မွေး ဝမ်းကျောင်း အလုပ်ကိုလုပ်ကိုင်သူတွေဟာ လူ့အဖွဲ့အစည်းအတွင်း အလွန်တရာ လေးစား အားကျ နေရာပေးခြင်းခံကြရလေ့ ရှိပါတယ်။ ဥပဒေသမားတွေကို သာမန် အရပ်သူအရပ်သားတွေက အားကိုးအားထားပြုကြပါတယ်။ တရားဥပဒေစိုးမိုးမှုမရှိတဲ့ နိုင်ငံတွေမှာတော့ အဲဒီပုဂ္ဂိုလ်တွေဟာ ပြည်သူတွေရဲ့ ရွံကြောက်ခြင်းကိုသာ ခံကြရတဲ့ (တစ်နည်း) ပြည်သူတွေက ချစ်ခင် ကြည်ညိုလေးစားလို့ မဟုတ်ဘဲ ဖမ်းစားမှာ ကြောက်တဲ့အတွက် ကိုးကွယ်ပသနေကြရတဲ့ 'နတ်ဆိုး' များ အဖြစ်သာ သဘောထားခြင်း ခံကြရတာ ဖြစ်တယ်ဗျ။ တရားဥပဒေစိုးမိုးမှု မရှိတဲ့ နိုင်ငံဆိုတာ အုပ်ချုပ်သူ လူတန်းစားက သူတို့ ကိုယ်တိုင် ရေးဆွဲပြဋ္ဌာန်းထားတဲ့ ဥပဒေတွေကိုတောင် သူတို့ကိုယ်တိုင် လေးစားလိုက်နာခြင်း မရှိတဲ့ နိုင်ငံမျိုးကို ခေါ်ဆိုတာ ဖြစ်တယ်ဗျ။ ဒါမှမဟုတ် အုပ်ချုပ်သူ

လူတန်းစား အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ဖို့ သက်သက်အတွက်သာ ရည်ရွယ်ပြီး ဥပဒေတွေထုတ်ပြန် ပြဋ္ဌာန်းထားတဲ့ နိုင်ငံမျိုးကိုဆိုလိုတာ ဖြစ်တယ်ဗျ။ အဲဒီလို နိုင်ငံတွေမှာ တရားသူကြီးတွေ ကြည့်တဲ့မျက်နှာဟာ 'ငိုချ ရယ်ချ မရတဲ့' တရားဥပဒေမျက်နှာ မဟုတ်ဘူးဗျ။ 'ငိုချ ရယ်ချ ရတဲ့' အာဏာမျက်နှာနဲ့ ငွေမျက်နှာတို့ ဖြစ်တယ်ဗျာ။ ဒါကြောင့် အဲဒီလို နိုင်ငံမျိုးတွေမှာ ပြည်သူတွေက 'တရားသူကြီး' လို့ မခေါ်ဘဲ 'မတရားသူကြီးတွေ' လို့ တိုးတိုးတိတ်တိတ် ကြိတ်ပြီး ခေါ်လေ့ ရှိကြတယ်ဗျ။ အဲဒီနိုင်ငံတွေမှာ ရှေ့နေတွေကိုလည်း ပြည်သူတွေက 'အမှုပွဲစား' တွေ 'ငိုစားရယ်စား' တွေ အဖြစ်သာ သဘောထားကြတယ်ဗျ။ ဒါကြောင့် အဲဒီလို နိုင်ငံမျိုးတွေမှာ တရားသူကြီးနဲ့ ရှေ့နေအများစုဟာ (ကိုယ်ကိုင်တွယ်ရတဲ့ အမှုတွေအပေါ် မူတည်ပြီး) ဝင်ငွေကောင်းချင်ကောင်းကြမှာ ဖြစ်ပေမယ့် ကွယ်ရာမှာ လူတွေရဲ့ နှာခေါင်းရှုံ့ခြင်း ခံရသူတွေ ဖြစ်တယ်ဗျ။

## သူတို့ကိုယ်တိုင် အသိဆုံးပါ

လွန်ခဲ့တဲ့ နှစ်ပေါင်းငါးဆယ်အတွင်း အထူးသဖြင့် ဒီဘက် နှစ်အစိတ်လောက်အတွင်း ကျွန်တော်တို့နိုင်ငံမှာရော တရားဥပဒေနဲ့ အသက် မွေးဝမ်းကျောင်းခြင်းပြုကြတဲ့ သူတွေ အထူးသဖြင့် တရားသူကြီးတွေဟာ သူတို့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းရဲ့ အမည်နာမအတိုင်း ရပ်တည်ခဲ့ကြရဲ့လား။ ဒါမှမဟုတ် သာမန် ရာဇဝတ်မှု တရားမမှု တွေမှာ ငွေသြဇာကို နာခံခဲ့ကြပြီး နိုင်ငံလုံခြုံတည်ငြိမ်ရေးလို့ တစ်လျှောက်လုံး ခေါ်ခေါ် သုံးစွဲခဲ့ကြတဲ့ နိုင်ငံရေးနဲ့ ဆက်နွှယ်နေတဲ့ အမှုတွေမှာ ဘယ်လို စီရင်ချက်တွေ ဖတ်ကြားခဲ့ကြတယ် ဆိုတာကတော့ သူတို့ကိုယ်တိုင်နဲ့ 'မိုးနတ်မင်း' ကသာ အသိဆုံး ဖြစ်လိမ့်မယ်ဗျ။ ဘယ်သူသိသိ မသိသိ ကာယကံရှင် ပြည်သူတွေကတော့ ကောင်းကောင်းကြီး သိခဲ့ကြပါတယ်ဗျ။

## အိန္ဒိယက သတင်းတစ်ပုဒ်

တရားဥပဒေစိုးမိုးမှုဆိုတဲ့ စကားရပ်နဲ့ ပတ်သက်ပြီး ကျွန်တော် မကြာသေးခင် တစ်ရက်က ဖတ်ခဲ့ရတဲ့ အင်တာနက် သတင်းတစ်ပုဒ်အကြောင်း ဖောက်သည်ချချင် တယ်ဗျာ။

အဲဒီသတင်းဟာ အိန္ဒိယကလာတဲ့ သတင်းဖြစ်ပါတယ်။ သတင်းအပြည့်အစုံက ဒီလိုဗျ။ မနှစ်က ဇွန်လထဲမှာ ဘာဘာ ရမ်ဒက်လို့ ခေါ်တဲ့ ယောဂီကြီးတစ်ဦး ဦးဆောင်ပြီး မြို့တော်ဒေလီက ရမ်လီလာနယ်မြေမှာ အကျင့်ပျက်ခြစားမှု ဆန့်ကျင်ရေး ဆန္ဒပြပွဲကြီး တစ်ခု ပြုလုပ်ခဲ့တယ်။ အစိုးရ အရာရှိကြီးငယ်တွေရဲ့ အကျင့်ပျက် ခြစားမှုတွေ



ဆိုးဆိုးရွားရွားဖြစ်ပေါ်နေတဲ့ အိန္ဒိယနိုင်ငံမှာ လူထောင်ပေါင်းများစွာတို့က ယောဂီကြီးရဲ့ ဆန္ဒပြပွဲမှာ ပူးပေါင်းပါဝင်ခဲ့ကြတယ်။ တစ်ညမှာတော့ ညသန်းခေါင်အချိန်မှာ ရဲတွေ အလုံးအရင်းနဲ့ ဝင်ရောက်လာပြီး အဲဒီဆန္ဒပြပွဲကို ဖြိုခွဲခဲ့တယ်ဗျ။ ရဲတွေဟာ အိပ်ပျော် နေတဲ့ ဆန္ဒပြသူတွေကို နံပါတ်တုတ်တွေနဲ့ ရိုက်၊ ထွက်ပြေးတဲ့သူတွေကို မျက်ရည်ယို ဗုံးတွေနဲ့ လိုက်ပစ်ခဲ့ကြတယ်ဗျာ။ အဲဒီဖြစ်ရပ်မှာ လူ ၃၀ လောက် ဒဏ်ရာရသွားပြီး အဲဒီထဲက အမျိုးသမီးကြီး တစ်ယောက်ကတော့ရတဲ့ ဒဏ်ရာတွေကြောင့် စက်တင်ဘာလ ထဲမှာ ကွယ်လွန်သွားခဲ့တယ်ဗျ။

အဲဒီကိစ္စနဲ့ ပတ်သက်ပြီး အိန္ဒိယတရားရုံးချုပ်က ဖေဖော်ဝါရီလထဲမှာ ဆုံးဖြတ်ချက် တစ်ခု ချလိုက်ပါတယ်။ အဲဒါကတော့ အဲဒီဖြိုခွင်းမှုမှာ ပါဝင်ခဲ့ကြတဲ့ ရဲတွေကို တရားရုံးတင် စစ်ဆေးဖို့ ဖြစ်တယ်ဗျ။ နောက်ပြီး သေဆုံးသွားတဲ့ အမျိုးသမီးကြီး အတွက်လည်း အသက်ဖိုး လျော်ကြေးငွေ ရူပီးငါးသိန်း အစိုးရက ပေးရမယ်လို့ စီရင်ချက် ချမှတ်ခဲ့တယ်ဗျာ။

အားလုံး သိကြတဲ့အတိုင်း အိန္ဒိယဟာ လူဦးရေသန်းပေါင်း တစ်ထောင်ကျော်ရှိပြီး တူကွဲပြားတဲ့ လူမျိုးများစွာတို့ မတူကွဲပြားတဲ့ ပထဝီဒေသ အသီးသီးမှာ ပေါင်းစည်း နေထိုင်နေကြတဲ့ ဖယ်ဒရယ် နိုင်ငံကြီးတစ်ခုဖြစ်တယ်ဗျ။ ၁၉၄၇ ခု လွတ်လပ်ရေး ရအံ့ ဆဲဆဲမှာ အမျိုးသားခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီ လုပ်ကြံသတ်ဖြတ်ခံရပြီး ပါကစ္စတန် နိုင်ငံ ခွဲထွက်သွားမှုနဲ့လည်း ကြုံတွေ့ခဲ့ရတယ်ဗျ။ ဒါ့အပြင် ပါကစ္စတန်နဲ့ရော တရုတ်နဲ့ပါ စစ်ပွဲတွေ အကြိမ်ကြိမ် ဆင်နွှဲခဲ့ရပြီး ပြည်တွင်းမှာလည်း ဟိန္ဒူ-မွတ်ဆလင် ပဋိပက္ခ၊ ဇာတ်ရှုမီးယားပြဿနာ၊ မော်ဝါဒီ သူပုန်တွေနဲ့ လုံးထွေးနေခဲ့ရတဲ့ နိုင်ငံဖြစ်တယ်ဗျ။ ဒါပေမဲ့ အိန္ဒိယ တပ်မတော်ဟာ နိုင်ငံရေးထဲ ဘယ်တုန်းကမှ ပါဝင်ပတ်သက် ခဲ့ခြင်းမရှိဘဲ နိုင်ငံ့လွတ်လပ်ရေးဖခင် အမျိုးသား ခေါင်းဆောင်ကြီးတွေ ရေးဆွဲပြုစုပြဋ္ဌာန်းခဲ့ကြတဲ့ အခြေခံဥပဒေကို တစ်သမတ်တည်း ကာကွယ်စောင့်ရှောက်ခဲ့တယ်ဗျ။ တပ်မတော်က စစ်ဘောင် ပါလီမန်ဘောင် သတ်သတ်မှတ်မှတ် ခွဲခွဲခြားခြား နေထိုင်ခဲ့တဲ့အတွက် နိုင်ငံရေးသမားတွေကလည်း စစ်တပ်က အာဏာသိမ်းမယ့် အန္တရာယ်ကို စိုးရိမ် ပူပန်ခြင်းမရှိကြဘဲ ကိုယ့်အလုပ်ကိုယ် စိတ်အေးအေးထား လုပ်နိုင်ခဲ့ကြတယ်။ ဒါကြောင့်မို့လည်း အိန္ဒိယနိုင်ငံမှာ တရားဥပဒေစိုးမိုးမှုဟာ အခြေခံအားဖြင့် ခိုင်ခိုင်မာမာ တည်ရှိနေခဲ့တယ်ဗျ။ လွတ်လပ်စွာ ပြောခွင့်ဆိုခွင့် ပေးထားတဲ့ ဒီမိုကရေစီထုံးစံတိုင်း ညံ့ ပူညံ့တွေ မပြတ်ရှိခဲ့ပေမယ့် တရားဥပဒေစိုးမိုးမှုရှိတဲ့ အချက်ကြောင့် အိမ့် အိမ့် လျှောက်လှမ်း ရင်းနဲ့ပဲ အခုအချိန်မှာတော့ အိန္ဒိယဟာ ထွန်းသစ်စ စီးပွားအင်အားရှင် နိုင်ငံကြီးတစ်ခုအဖြစ်သို့ တရွေ့ရွေ့ ရောက်ရှိလာခဲ့ပြီ ဖြစ်တယ်ဗျာ။

## အိန္ဒိယဖွဲ့စည်းပုံရဲ့အားသာချက်

ကျွန်တော်ကတော့ အိမ်နီးချင်းနိုင်ငံတွေထဲမှာ အိန္ဒိယရဲ့ နိုင်ငံရေး ဖွဲ့စည်းမှု ပုံစံကို အတော်ကလေး နှစ်သက်မိတယ်ဗျ။

၁။ အင်္ဂလန်ကို ပါလီမန် မိခင်နိုင်ငံလို့ ခေါ်တွင်သလို အိန္ဒိယကို ဒီမိုကရေစီ မိခင်နိုင်ငံလို့တောင် တင်စား ခေါ်ဝေါ်ခဲ့ကြတာ ဘာကြောင့်လဲ။

၂။ အိန္ဒိယက ပြည်နယ်အစိုးရတွေနဲ့ ဗဟိုအစိုးရအကြား အာဏာခွဲဝေမှုစနစ် ဘယ်လို အားသာချက်တွေရှိလို့ ပြည်နယ်တွေ အားလုံးလိုလိုက ကျေနပ်နေကြတာလဲ။

၃။ ဆိုရှယ်လစ်စနစ်ကို (မြန်မာများနည်းတူ) မူလ ပန်းတိုင် ထားခဲ့တဲ့ နေရူး၊ အင်ဒီရာဂန္ဒီ၊ ရာဂျစ်ဂန္ဒီ မျိုးဆက် နောက်ပိုင်း ဘယ်လို စီးပွားရေးမူဝါဒတွေ ပြောင်းလဲ ချမှတ် အကောင်အထည် ဖော်ခဲ့လို့ အိန္ဒိယဟာ တရုတ်နဲ့ နင်လား ငါလား ရှေ့တန်း ရောက်လာတာလဲ။

အိန္ဒိယနိုင်ငံဆီက စိတ်ဝင်စားဖွယ် လေ့လာစရာတွေ အများကြီး ရှိပါတယ်။

လောလောဆယ် ကျွန်တော်တို့ ဆွေးနွေးနေတဲ့ တရားဥပဒေ စိုးမိုးရေး တည်ဆောက်မှုကိစ္စနဲ့ ဆက်စပ်တာကို ပြောရရင်ဖြင့် အိန္ဒိယနိုင်ငံကြီးမှာ နိုင်ငံရေး တည်ငြိမ်မှု (နှိုင်းယှဉ်သောအားဖြင့်) ရှိနေတာ၊ စီးပွားရေး တိုးတက်နှုန်း မြန်ဆန် လာတာတွေဟာ တရားရေးမဏ္ဍိုင် အံ့သြလောက်အောင် လွတ်လပ်ကြံ့ခိုင်ခဲ့လို့ပဲ ဖြစ်ကြောင်းပါဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်**
*၂၃၊ ဖေဖော်ဝါရီ ၂၀၁၂*
*အတွဲ ၂၊ အမှတ် [illegible]*

○

# နိုင်ငံအကြီးအကဲ၏ မိန့်ခွန်း

ကျွန်တော်တို့နိုင်ငံမှာ ကြီးမားတဲ့ နိုင်ငံရေး အချိုးအကွေ့ အလှည့် အပြောင်းကြီး တစ်ခုဖြစ်ခဲ့တဲ့ ၁၉၆၂ ခုနှစ်ကစလို့ ဒီကနေ့အထိ ပြည်သူတွေဟာ နိုင်ငံအကြီးအကဲ ခုနစ်ဦးနဲ့ ကြုံတွေ့ခဲ့ကြရပြီး ဖြစ်တယ်ဗျ။ နိုင်ငံ အကြီးအကဲများဟာ သူတို့ရဲ့ ရပ်တည်ချက် သဘောထားအမြင် မျှော်မှန်းချက်တွေနဲ့ ပတ်သက်ပြီး ပြည်သူတွေကို အခါအားလျော်စွာ ထုတ်ဖော် ရှင်းလင်း ပြောကြားခဲ့တာတွေ ရှိခဲ့တယ်ဆိုတာ အားလုံး အသိဖြစ်တယ်ဗျ။ အဲဒီလို ပြောကြားခဲ့တဲ့ မိန့်ခွန်းပေါင်းများစွာ၊ စကားပေါင်းများစွာအနက် ပြည်သူတွေ ရင်ထဲ အသည်းထဲ စွဲမြဲနေအောင် မှတ်မှတ်သားသားဖြစ်ခဲ့ကြတဲ့ စကားတွေ ပါဝင် ခဲ့တာလည်း အမှန်ဖြစ်တယ်ဗျ။

## မိုးပေါ်ထောင်မပစ်ဘူး

ပြည်သူတွေ ရွေးကောက်တင်မြှောက်ထားတဲ့ ဒီမိုကရေစီအစိုးရကို ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့မှာ ဖြုတ်ချဖယ်ရှား အာဏာသိမ်းပြီး တက်လာခဲ့တဲ့ ပထမဆုံး နိုင်ငံ့အကြီးအကဲဟာ သူ အုပ်ချုပ်သွားခဲ့တဲ့ ကာလအတွင်း တိုင်းပြည်ကို ပြောကြား သွားတဲ့ မိန့်ခွန်းပေါင်းများစွာအနက် ပြည်သူတွေ မေ့မရနိုင်အောင် စွဲနေကြတဲ့ စကားတွေကတော့ စတက်တက်ချင်းနှစ် ၁၉၆၂ ဇူလိုင်လ ၇ ရက်နေ့ညမှာ ပြောခဲ့တဲ့ 'ဓားဓားချင်း လှံလှံချင်း' ဆိုတဲ့ စကားနဲ့ ၁၉၈၈ ဇူလိုင်လ ၂၃ ရက်နေ့မှာ ပြောခဲ့တဲ့ 'စစ်တပ်ဆိုတာ မိုးပေါ်ထောင် မပစ်ဘူး။ ပစ်ရင် တည့်တည့်ပစ်တယ်' ဆိုတဲ့ စကားပဲ

ဖြစ်တယ်ဗျ။ ဒီစကားကြောင့် ပြည်သူတွေ ဘယ်လို ခံစားခဲ့ကြရတယ်၊ အကျိုးဆက် အဖြစ် အဲဒီ ပုဂ္ဂိုလ်ကြီးအပေါ် ပြည်သူတွေက ဘယ်လို သဘောထားခဲ့ကြတယ် ဆိုတာတွေကိုတော့ ရှင်းပြစရာလိုမယ် မထင်ဘူးဗျာ။

သူ့ရဲ့နောက်တက်ခဲ့တဲ့ အကြီးအကဲ သုံးယောက်ရှိပေမယ့် နောက်ဆုံး တစ်ယောက် ဖြစ်တဲ့ ဥပဒေ ပညာရှင်ကြီးကတော့ 'အာဏာဟာ လူကို ဖျက်ဆီးတယ်၊ အကြွင်းမဲ့ အာဏာဟာ အကြွင်းမဲ့ ဖျက်ဆီးတတ်တယ်' ဆိုတဲ့ အတွေးအခေါ် စကားမျိုး၊ 'သုံးလအတွင်း ပါတီစုံ ဒီမိုကရေစီ ရွေးကောက်ပွဲ ကျင်းပပေးမယ်' ဆိုတဲ့ ကတိစကားမျိုး၊ 'တက္ကသိုလ်ကျောင်းသားသမဂ္ဂ အဆောက်အဦကြီးကို ပျော့ပျော့ပါးပါး အုတ်မြစ်ချကြရအောင်' ဆိုတဲ့ လျော်ကြေး စကားမျိုးကို ပြောသွားတဲ့အတွက် မှတ်မိနေကြတယ်ဗျာ။

## စစ်တန်းလျားကို ပြန်မယ်

၁၉၈၈ ခုနှစ်မှာ နိုင်ငံတော် အာဏာကို မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီအစိုးရထံကနေ တပ်မတော်က လွှဲပြောင်းရယူခဲ့ပြီးနောက် နိုင်ငံတော် အကြီးအကဲ ဖြစ်လာခဲ့တဲ့ တပ်မတော် အကြီးအကဲ နိုင်ငံကို တာဝန်ယူ အုပ်ချုပ်နေစဉ်ကာလအတွင်း ပြောသွားခဲ့တဲ့ စကားတွေထဲမှာ ပြည်သူတွေ အမှတ်ရပြီး ကျန်ရစ်ခဲ့တာတွေကတော့ 'I Saved Burma' 'I Keep my Promise' 'ရွေးကောက်ပွဲပြီးရင် စစ်တန်းလျားပြန်မယ်' ဆိုတဲ့ စကားများဖြစ်တယ်ဗျ။ တပ်မတော်ရဲ့ ပင်မ မူလတာဝန်ဟာ နိုင်ငံတော် ကာကွယ်ရေးသာ ဖြစ်တာမို့ အဲဒီအချက်ကို ထင်ရှားစွာ ညွှန်းဆိုခဲ့တာဖြစ်တဲ့ အဲဒီစကားကြောင့် ပြည်သူတွေ ကျေနပ်အားရဖြစ်ခဲ့ကြပေမယ့် နောက်ပိုင်းမှာ အဲဒီစကား လက်တွေ့အကောင်အထည် ဖော်မလာတဲ့အတွက် ရင်ထဲမှာ စိတ်မသက်မသာ ဖြစ်ခဲ့ရမှုနဲ့အတူ ပြည်သူတွေရဲ့ ယုံကြည်မှုကလည်း ပျက်ယွင်းခဲ့ရတယ်ဗျာ။

## တိုက်ရိုက် မိန့်ခွန်း မပြောသူ

၁၉၉၂ ကနေ ၂၀၁၁ နှစ်ဦးပိုင်းအထိ တာဝန်ယူသွားခဲ့တဲ့ နိုင်ငံတော် အကြီးအကဲကတော့ နည်းနည်း ထူးခြားတယ်ဗျ။ နိုင်ငံတော် အကြီးအကဲဆိုပေမယ့် သူ အုပ်ချုပ်သွားခဲ့တဲ့ အနှစ်နှစ်ဆယ်နီးပါး ကာလအတွင်း (ကျွန်တော်ကပဲ အမှတ်အသား အားနည်းလို့လား မသိဘူး) တိုင်းပြည်ကို တိုက်ရိုက် မိန့်ခွန်းပြောတာမျိုး တစ်ခါမှ မရှိခဲ့ဘူး ထင်တယ်ဗျ။ အဲဒီတော့ အဲဒီ နိုင်ငံတော် အကြီးအကဲရဲ့ ဘယ်စကားမှ ကျွန်တော်တို့ ပြည်သူတွေ ရင်ထဲ အမှတ်ထင်ထင် ကျန်ခဲ့တာမျိုး မရှိဘူးဗျာ။ (အစိုးရအဖွဲ့ အစည်းအဝေးတွေ ကြံ့ခိုင် ဖွံ့ဖြိုးရေးအသင်း ညီလာခံတွေမှာ ပြောတဲ့ မိန့်ခွန်းတွေတော့ ရှိတာပေါ့ဗျာ) တိုင်းပြည်ကို တိုက်ရိုက်စကားမပြောပေမယ့် လုပ်ရပ်တွေကတော့ ရှိခဲ့တာမို့ လုပ်ရပ်တွေ အပေါ်မှာပဲ ပြည်သူတွေက အဆိုပါ နိုင်ငံအကြီးအကဲအပေါ် အကဲဖြတ်ခဲ့ကြရတယ်ဗျ။



## ပြည်သူတွေ စိတ်ဝင်စားသူ

သက်ရှိသမ္မတကြီး ဦးသိန်းစိန်ကတော့ တာဝန်ယူခဲ့တဲ့ တစ်နှစ်တာ ကာလအတွင်း သူ့ရဲ့ရပ်တည်ချက်သဘောထားတွေကို လွှတ်တော်မှ တစ်ဆင့် တိုင်းပြည်သို့ တိုက်ရိုက် ပြောကြားတဲ့ မိန့်ခွန်းများမှလည်းကောင်း၊ လွှတ်တော်သို့ ပေးပို့တဲ့ သဝဏ်လွှာများမှ တစ်ဆင့်လည်းကောင်း၊ သတင်းဌာနများနဲ့ ပြုလုပ်တဲ့ တွေ့ဆုံ မေးမြန်းခန်းများမှ တစ်ဆင့်လည်းကောင်း ပြည်သူတွေ သိရှိခဲ့ရတယ်ဗျာ။ သတင်းစာ ဆရာတစ်ယောက် အနေနဲ့ ပြည်သူတွေကြားက ထွက်ပေါ်လာတဲ့ အသံအချို့ကို ပြန်ပြောရရင် လက်ရှိ နိုင်ငံတော်အကြီးအကဲ ပြောတဲ့ မိန့်ခွန်းတွေအပေါ် ပြည်သူတွေဟာ စိတ်ဝင်စားမှုရှိတယ်။ ရုပ်တစိုက် နားထောင် ဖတ်ရှုကြတယ်။ ပြီးတော့ ဘယ်တုန်းကနဲ့မှ မတူအောင် နားထောင်းအားရဖြစ်ခဲ့ကြတယ်လို့ သိရတယ်ဗျာ။ ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင် တစ်ယောက်ဖြစ်တဲ့ ကိုကိုကြီးက 'အရင် နှစ် ၂၀ ကျော်အတွင်းမှာ မကြားခဲ့ရဖူးတဲ့ အသုံးအနှုန်းတွေ၊ ဖွင့်ဟဝန်ခံချက်တွေကို တွေ့ရတဲ့အတွက်ကြောင့် ဒါဟာ ပြုပြင် ပြောင်းလဲမှု လက္ခဏာအဖြစ်နဲ့ ကြိုဆိုပါတယ်' လို့ ပြောကြားတဲ့အကြောင်း လျှပ်တစ်ပြက် ဂျာနယ်၊ ၃ မတ် ၂၀၁၂ ထုတ်မှာ ဖတ်လိုက်ရတယ်ဗျ။

## ပြည်သူတွေရဲ့ဆန္ဒကို ဖြည့်ဆည်းလိုက်သလို

အဲသလို ဘာကြောင့် ဖြစ်ရသလဲဆိုတာကို ဆန်းစစ်အဖြေရှာကြည့်လိုက်တော့ စနစ်နဲ့ အတ်ပြောင်းလဲဖို့ တာစူနေတာကြောင့်ဆိုတဲ့ အချက်က အဓိကဖြစ်ပေမယ့် ဗိုလ်ချုပ်ကြီး သိန်းစိန်ဘဝကနေ ဦးသိန်းစိန်ဘဝကို တစ်မဟုတ်ချင်း ပြောင်းလဲလာခဲ့တဲ့ နိုင်ငံတော် သမ္မတဟာ ကာလ၊ ဒေသ၊ အခြေအနေများနဲ့အညီ မိမိရဲ့ စိတ်ဓာတ်နဲ့ အတွေးအခေါ် များကိုပါ အချိန်နဲ့ တစ်ပြေးညီ ပြောင်းလဲပစ်ခဲ့တယ်လို့ ယူဆနိုင်ဖွယ်ရှိခဲ့တာကြောင့် ဆိုတဲ့ အချက်ကလည်း အရေးပါလိမ့်မယ်လို့ ကျွန်တော် ယူဆတယ်ဗျ။

အားလုံးသိကြတဲ့အတိုင်း ရာထူးလက်ခံမိန့်ခွန်း၊ လွှတ်တော်သို့ ပြောကြားတဲ့ မိန့်ခွန်းများနဲ့ မကြာသေးခင်က ပြောကြားခဲ့တဲ့ အစိုးရသစ် တစ်နှစ်ပတ်လည် မိန့်ခွန်းတို့ဟာ အချိန်အခါနဲ့ သင့်တင့် လျောက်ပတ်တဲ့ sensible မိန့်ခွန်းတွေ ဖြစ်တယ် ဆိုတာကို တွေ့ကြရမှာ ဖြစ်တယ်ဗျ။ ပြောရရင် နှစ်ပေါင်းငါးဆယ် ကာလအတွင်း ကျွန်တော်တို့ ပြည်သူတွေဟာ စစ်တပ်ကျောထောက်နောက်ခံပြုမှု ထင်ထင်ရှားရှား ရှိခဲ့ဖြစ်တဲ့ အစိုးရအဖွဲ့တစ်ခုရဲ့ အကြီးအကဲတစ်ဦး နှုတ်ကနေ ဒီလို မိတ်ပြည်သူများ ... ပြည်သူများဆိုပြီး နူးညံ့သိမ်မွေ့စွာ ပြောဆိုတဲ့ စကားမျိုးတွေ ကြားရလိမ့်မယ်လို့ ... ဘယ်တုန်းကမှ မမျှော်လင့်ရဲခဲ့ကြဘူးဗျာ။ ပြောရရင် နိုင်ငံအကြီးအကဲ တစ်ဦးထံကနေ ... အားနိမ့်ချမှုလည်း ရှိ ပြည်သူတွေအပေါ် ရိုသေလေးစားမှုလည်း ရှိ ပကတိ

အရှိတရားများကိုလည်း ထင်ဟပ်မှုရှိတဲ့ စကားမျိုးတွေကြားရဖို့ နှစ်ပေါင်းများစွာ မျှော်လင့်နေခဲ့ကြတဲ့ ပြည်သူတွေရဲ့ဆန္ဒကို သမ္မတဦးသိန်းစိန်က ဖြည့်ဆည်းပေးလိုက်သလို ဖြစ်ခဲ့တယ်လို့ ဆိုရမယ်ဗျာ။

## မိန့်ခွန်းထဲက အရေးကြီးတဲ့အချက်တွေ

ဒါပေမဲ့ ကျွန်တော်တို့ ပြည်သူတွေဟာ သမ္မတကြီးရဲ့ မိန့်ခွန်းအပေါ် နှစ်ထောင်းအားရဖြစ်နေကြတဲ့ တစ်ချိန်တည်းမှာ မိန့်ခွန်းထဲမှာပါတဲ့ အရေးကြီးတဲ့ အချက်တွေကိုလည်း ဆန်းစစ်သုံးသပ် နေမိကြတယ်ဗျာ။ အဲဒါတွေထဲက တစ်ခုကတော့ 'ကျွန်တော်တို့အစိုးရအနေနဲ့ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့တာတွေ ရှိသလို စိန်ခေါ်မှုတွေလည်း အများအပြား တွေ့ကြုံ ရင်ဆိုင်ခဲ့ရပါတယ်' ဆိုတဲ့ စကားဖြစ်တယ်ဗျ။ သမ္မတကြီးက 'စိန်ခေါ်မှု'လို့ ထိန်းထိန်းသိမ်းသိမ်း သုံးနှုန်းခဲ့ပေမယ့် ကျွန်တော်ကတော့ အဲဒါတွေကို "ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးလုပ်ငန်းစဉ်အား ခုခံ ဆန့်ကျင် တွန်းလှန်ရာရောက်တဲ့ အပြောအဆို အပြုအမူများ' လို့ နားလည်မိတယ်ဗျ။

## အပြောအဆို အပြုအမူတွေ

ကျွန်တော်တို့နိုင်ငံမှာ သမ္မတဦးသိန်းစိန် အစိုးရတက်လာခဲ့ပြီး နောက်ပိုင်း တစ်နှစ်အတွင်းမှာ အကောင်းဘက်ကို ဦးတည်တဲ့ အပြောင်းအလဲတွေ အများကြီး ဖြစ်ထွန်းလာခဲ့တာ ဘယ်သူမှ ငြင်းလို့မရတဲ့ အချက်ဖြစ်တယ်ဗျ။ ဒါပေမဲ့ ဒီမိုကရေစီ တောင်တက်ခရီးကို နှင်နေတဲ့ကားကြီး နောက်ပြန် လန်ကျသွားလောက်အောင် မဖြစ်ခဲ့ပေမယ့် အရှိန်နှေးသွားစေခဲ့တဲ့ အခုအခံ အတားအဆီး တချို့ကို တွေ့ခဲ့ရ တွေ့နေရဆဲဖြစ်တာလည်း အမှန်ပဲဗျ။ အထူးသဖြင့် တာဝန်ရှိသူတချို့ရဲ့ အပြောအဆို အပြုအမူတွေကြောင့် ပြည်သူတွေရဲ့ ယုံကြည်ကိုးစားအားထားမှုကို အနည်းနဲ့အများ ထိခိုက်စေခဲ့တာတွေ ရှိခဲ့တာ အမှန်ပဲဗျာ။ ပြည်သူအများ သိခဲ့ကြပြီးသား အပြောအဆို အပြုအမူတွေကို ပြန်ကောက်မနေတော့ပါဘူး။ မြစ်ဆုံရေကာတာ ကိစ္စ၊ အတွင်းဝန်ရုံးပေါင်းကြီးကိစ္စတာတွေမှာ ကျွန်တော်တို့ မြင်တွေ့ခဲ့ရပြီး ဖြစ်တယ်ဗျ။ လတ်တလော ကိစ္စတွေထဲက သီးခြား ထုတ်နုတ်ပြောဆိုရရင် အခုတလော နိုင်ငံရေးပါတီ ဥက္ကဋ္ဌတစ်ဦးရဲ့ စည်းရုံးရေး ခရီးစဉ်တချို့မှာ အနှောင့်အယှက် အဟန့်အတားတွေနဲ့ ကြုံခဲ့ရတယ်ဆိုတဲ့ သတင်းတွေအရ ဒီမိုကရေစီ ရေစီးကို လက်ဖဝါးနဲ့ တားဆီးဖို့ကြိုးစားနေသူတွေများ ရှိနေသလားဆိုတဲ့ ပြည်သူတွေရဲ့ သံသယကို ပိုမိုကြီးထွားလာစေတယ်ဗျ။



## အပြုအမူဆိုတာ အတွေးအခေါ်က ထွက်လာတာ

'ကျွန်တော်တို့ အစိုးရဟာ အများပြောနေကြသလို ခေါင်းမာကိုက်နဲ့ အပျော့ကိုက်ဆိုပြီး ကွဲပြားနေတာ မရှိပါဘူး' လို့ အဲဒီမိန့်ခွန်းထဲမှာ အာမခံပြောကြားခဲ့ပြီး 'လူတစ်ယောက်ရဲ့ ဗီဇ၊ စရိုက်၊ အမူအကျင့်တွေ ပေါ်မှာ မူတည်ပြီး စီမံခန့်ခွဲမှု ကွဲပြားခြားနားတာကတွေ့လို့ ကျွန်တော်တို့ အစိုးရအဖွဲ့ရဲ့ မူဝါဒကို ကျွန်တော်တို့အားလုံး မဖိုတ်မသုန် ယုံကြည်စွာ ဆောင်ရွက်နေကြတာ ဖြစ်ပါတယ်' လို့ပြောသွားပါတယ်။ စင်စစ် အားဖြင့် လူတစ်ယောက်ရဲ့ အပြောအဆိုနဲ့ အပြုအမူ (ဝစီကံ၊ ကာယကံ)ဆိုတာ သူ့ရင်ထဲရှိ အတွေးအခေါ် (မနောကံ) ကနေ ထွက်ပေါ်လာတဲ့ အရာတွေသာဖြစ်တာမို့ ကျွန်တော်တို့ ပြည်သူတွေကတော့ သမ္မတကြီး ဦးဆောင်တဲ့ အစိုးရအဖွဲ့တစ်ခုလုံးကိုရော အဖွဲ့ဝင်တစ်ယောက်ချင်းကိုပါ သူတို့ရဲ့ အပြောအဆို အပြုအမူတွေကို ကြည့်ပြီး အကဲဖြတ်အမှတ်ပေးနေကြမှာပဲ ဖြစ်တယ်ဗျာ။ အထူးသဖြင့် သမ္မတကြီးရဲ့ အစိုးရအဖွဲ့ဝင်များဟာ သမ္မတကြီးလိုပဲ စစ်ကောင်စီဝင်တုန်းက ဘဝနဲ့ အတွေးအခေါ်ကို အပြီးတိုင် စွန့်ပစ်ပြီး ပြည်သူ့ ဆန္ဒကို အလေးထားတဲ့ နိုင်ငံရေးသမားဘဝကို ခံယူနိုင်ခဲ့ကြခြင်း ရှိမရှိ မျက်ခြည်မပြတ် စောင့်ကြည့် စစ်ဆေးနေကြမှာပဲ ဖြစ်ကြောင်းပါဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်**
၆၊ မတ်၊ ၂၀၁၂
အတွဲ ၂ အမှတ် ၈၆။

## အရှုံးကို လက်မခံချင်တဲ့ အကျင့်

ကျွန်တော်တို့ဆီမှာ ၁၉၅၆ ရွေးကောက်ပွဲတုန်းက ဖဆပလနဲ့ အတိုက်အခံ ပမညတ အမိက ယှဉ်ပြိုင်ခဲ့ကြတယ်။ ဖဆပလက အပြတ်အသတ် နိုင်ပါတယ်။ သို့ပေမဲ့ အတိုက်အခံ ပမညတက အမတ်နေရာ ၄၄ နေရာနိုင်ခဲ့တယ်။ မဲကလည်း စုစုပေါင်း တွက်လိုက်ရင် ဖဆပလက မဲတစ်သန်းကျော်ပဲ ဖြတ်နိုင်ခဲ့တယ်။ အဲဒါကို မကျေမနပ် ဖြစ်ကြတယ်။ ပမညတ အမတ်နေရာ သည်လောက်တက်လာတာ တောတွင်းသူပုန်တွေက ခြိမ်းခြောက် မဲထည့်ခိုင်းလို့ ဖြစ်ရတာဆိုပြီး လက်ညှိုးထိုးတယ်။ ကိုယ့်အားနည်း ချက် ကိုယ့်ချွတ်ယွင်းချက်ကို ပြန်လည် သုံးသပ်ဖို့ မစဉ်းစားဘူး။ ပြိုင်ဘက်ကိုပဲ အပြစ်ဖို့ချင်ခဲ့ကြ တယ်ဗျ။

## ကိုယ်ကျိုးရှာသူတွေ ဖော်ထုတ်

ဖဆပလ ဥက္ကဋ္ဌ ဦးနုကတော့ ဖဆပလ မဲအရှုံးနည်းသွားတာ ပြည်သူ လူထုက ဖဆပလ ခေါင်းဆောင်တွေ အာဏာယစ်မူး အောက်ခြေ လွှတ်နေကြတာနဲ့ ဖဆပလ နောက်လိုက် တွေ အနယ်နယ်မှာ အခွင့်ထူးခံ ကိုယ်ကျိုးရှာနေကြတာကို စိတ်ပျက်လာကြလို့ ဆုံးမ လိုက်ကြတာ ဖြစ်တယ်လို့ သုံးသပ်တယ်။ ဒါကြောင့် ဖဆပလကြီးကို သန့်ရှင်းအောင် လုပ်ရမယ်၊ အာဏာအလွဲသုံး ကိုယ်ကျိုးရှာနေကြတဲ့ ဖဆပလ ပါတီဝင်တွေကို ဖော်ထုတ် အရေးယူမယ်လို့ ကြုံးဝါးတယ်။



## တည်မြဲရေးက အဓိကတဲ့

ဖဆပလ ထိပ်သီး ခေါင်းဆောင်တွေဖြစ်တဲ့ ဦးဗဆွေနဲ့ ဦးကျော်ငြိမ်းတို့က ဦးနုမြင်သလို မမြင်ဘူး။ ပမညတ မဲအရများခဲ့တာ သူပုန်တွေက ပမညတကို မဲထည့်အောင် ခြိမ်းခြောက်ခဲ့ကြလို့ဖြစ်တယ်။ ဖဆပလ တွေကို လူထုက အကြည်ညိုပျက်လာပြီဆိုတာ မဟုတ်ဘူးလို့ သုံးသပ်တယ်။ ဒါကြောင့် အချင်းချင်း သွေးကွဲအောင် သန့်ရှင်းရေး လုပ်ဖို့မသင့်ဘူး။ ဖဆပလကြီး နှစ် ၄၀ အနည်းဆုံး တည်မြဲအောင် ကြိုးစားရမယ်လို့ ဆောဒက တက်တယ်။

အဲသလိုနဲ့ ဦးနုနဲ့ ဦးဗဆွေ၊ ဦးကျော်ငြိမ်းတို့ သဘောကွဲလွဲကြပြီး ဖဆပလ အဖွဲ့ချုပ် ကြီးလည်း သန့်ရှင်းဖဆပလနဲ့ တည်မြဲဖဆပလရယ်လို့ နှစ်ခြမ်းကွဲခဲ့တော့တယ်ဗျား။

သန့်ရှင်း တည်မြဲ ကွဲပြီးနောက် ပါလီမန်မှာ မဲခွဲ၊ တည်မြဲတွေ မဲရှုံးတော့ ဦးနုရဲ့ သန့်ရှင်းဖဆပလအုပ်စုက အစိုးရအဖွဲ့ဖွဲ့စည်းတယ်။ သို့ပေမဲ့ အဲဒီအစိုးရသက်တမ်းဟာ သုံးလနဲ့ ၁၇ ရက်ပဲ ကြာလိုက်တယ်။ ဗိုလ်ချုပ်နေဝင်းလက်ထဲ အာဏာအပ်လိုက်ရတယ်။ သို့ပေမဲ့ ၁၉၆၀ ရွေးကောက်ပွဲကျတော့ ဦးနုပဲ ပြန်နိုင်တယ်။ အဲဒီတော့လည်း မဲရှုံးတဲ့ တည်မြဲတွေက ဘာပြောလဲ။ သောင်းကျန်းသူတွေက လက်နက်နဲ့ ခြိမ်းခြောက်ပြီး ဦးနုဘက်ကို မဲထည့်ခိုင်းလို့ သူတို့ နိုင်သွားတာလို့ ပြောပြန်တယ်။ တကယ်ကတော့ တည်မြဲဘက်ကို မဲထည့်ဖို့ ဒေသဆိုင်ရာ အာဏာပိုင်တွေက အာဏာသုံး ခြိမ်းခြောက်မှု တွေကသာ ပိုများခဲ့တာပါ။

## အာဏာကို လက်မလွှတ်ချင်ကြလို့

ကျွန်တော်ပြောချင်တာက ရွေးကောက်ပွဲတွေမှာ နိုင်ငံရေးပါတီတွေဟာ အနိုင်ရအောင် ဘရားသဖြင့် ကြိုးစားဖို့ လိုတာမှန်ပါတယ်။ မတရား အနိုင်ယူခြင်းကတော့ ဘယ်ရှုထောင့်ကကြည့်ကြည့် ဘယ်လိုမှမကောင်းနိုင်ပါဘူး။ မသမာမှုပြုပြီး အနိုင်ယူခဲ့ ဘယ်ဆိုတာ လူမသိရင်တောင် နတ်တွေက သိတယ်ဆိုတဲ့ စကားရှိတယ်။ ကိုယ်စောင့် နတ်ကို ဆိုလိုတာပါ။ မိမိဟာ မသမာနည်းနဲ့ နိုင်ခဲ့တယ်ဆိုတာ မိမိဘာသာ သိသိကြီးနဲ့ ဘစ်သက်လုံး ဘယ်လိုနေသွားမလဲ။ လမ်းထွက်လိုက်တာနဲ့ လူတွေက လူမသမာကြီးဆိုတဲ့ အကြည့်နဲ့ ဝိုင်းကြည့်တာကို ဘယ်လိုမျက်နှာနဲ့ နေသွားမလဲ။ ခေတ်ကလည်း ပြောင်းလဲ သွားနေပြီ။ လူတွေဟာ အရင်တုန်းကလို မပြောရဲ မဆိုရဲ နှုတ်စက်သမျှ ခေါင်းငုံ့ခံနေကြမှာ မဟုတ်တော့ဘူး။ တစ်နေ့နေ့မှာ ကိုယ့်ရှုံးကိုယ်ပတ်မှာ သေချာနေတယ်ဗျ။

လူတွေဟာ နိုင်ချင်ဇောနဲ့ အတင်းနိုင်အောင် လုပ်ချင်ကြတာ ဘာကြောင့်လဲ။ တကယ်ကတော့ အရှုံးကို ကျေကျေနပ်နပ် လက်ခံဖို့ အလွန်ဝန်လေးကြလို့ ဖြစ်ပါတယ်။ အရှုံးမခံနိုင်ကြလို့ နိုင်အောင် လုပ်ချင်ကြတာဖြစ်တယ်။ အထူးသဖြင့် အာဏာရပါတီ

တွေဟာ ဆတ်ဆတ်ထိ မခံနိုင်ကြဘူး။ အာဏာကို လက်မလွှတ်ချင်ကြဘူး။ နည်းမျိုးစုံနဲ့ ညစ်တတ်ကြတယ်။ ဒါကြောင့်လည်း ဇင်ဘာဘွေတို့ ကင်ညာတို့ အာဖဂန်နစ္စတန်တို့မှာ မဲလိမ်မဲခိုးမှုတွေ ဟိုးလေးတကျော် ဖြစ်ခဲ့တာပဲဗျ။

လွန်ခဲ့တဲ့ သုံးနှစ်က ဂျပန်နိုင်ငံမှာ အာဏာလက်လွှတ်လိုက်ရတဲ့ လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ (အယ်လ်ဒီပီ) ပါတီက မဲရှုံးပြီးချိန်မှာ ပါတီကို ပြန်လည်တည်ဆောက်ရေး လုပ်နေတာကို ဂျပန်နိုင်ငံရေး ကျွမ်းကျင်သူတစ်ယောက်ဖြစ်တဲ့ တိုဘိုယယ် ဟဲရစ္စက စောင့်ကြည့်လေ့လာ ရေးသားထားတာကို www.observingjapan.com မှာ ဖတ်လိုက်ရလို့ တစ်ဆင့် ဖောက်သည်ချလိုက်ပါရစေ။

## တိုးတက်အောင် ဘာလုပ်မလဲ

ဟဲရစ္စရဲ့ အလိုအရ အတိုက်အခံ နိုင်ငံရေးပါတီ ဖြစ်ခဲ့တဲ့ ဂျပန် ဒီမိုကရက်တစ်ပါတီ (ဒီပီဂျေ) ဟာ သင်္ကေတနိုင်ငံရေး (symbolic politics)ကို ရှောင်လွှဲခဲ့တယ်။ ခေါင်းဆောင် အိုဇာဝ တာဝန်ယူခဲ့စဉ်ကတည်းက ဒီပီဂျေဟာ ဂျပန်ပြည်သူတွေရဲ့ ဘဝအခြေအနေတွေကို လေ့လာတယ်။ ပြည်သူအများစုကြီးရဲ့ဘဝတိုးတက်ရေးအတွက် ဘာတွေလုပ်ရင် ကောင်းမလဲဆိုတာကို အဓိက အာရုံစိုက်လေ့လာတယ်။ ဒီလိုနဲ့ နှစ်ကာလကြာလာတော့ ဒီပီဂျေဟာ ပြည်သူ့ဘဝကို ပိုပြီး ထိတွေ့မိနေပြီ။ ပြည်သူတွေ ခံစားသလို ဒီပီဂျေက ခံစားတတ်နေပြီ။ လက်ဝဲစကားလုံးနဲ့ ပြောရင်ဒီပီဂျေဟာ ဂျပန်ပြည်သူတွေနဲ့ တစ်သားတည်း ဖြစ်လာခဲ့တယ်။

## ကိုယ်ကောင်း သူမကောင်း

အဲဒီအချိန်တစ်လျှောက်လုံးမှာ အာဏာရ အယ်လ်ဒီပီက ဘာတွေလုပ်ခဲ့သလဲ။ ကိုယ်တွေက ကောင်းတယ်။ သူတွေက မကောင်းဘူး ဆိုတာကိုချည်း ပြောနေခဲ့တယ်။ သင်္ကေတ နိုင်ငံရေး (symbolic politics) ဆိုတာ ကိုယ့်ပါတီ ဘယ်လောက်ကောင်းတယ်ဆိုတာချည်း ကြော်ငြာမောင်းခတ်နေတဲ့ အလုပ်ပဲလို့ အဲသည် စကားလုံးကို တီထွင်သုံးနှုန်းခဲ့တဲ့ ပါမောက္ခ မာရေးအက်ဒဲလ်မန်း (Murray Edelman) က ပြောပါတယ်။ အက်ဒဲလ်မန်းဟာ အီလီနွိုင်း တက္ကသိုလ်က နိုင်ငံရေးသိပ္ပံပါမောက္ခဖြစ်ပါတယ်။ ၁၉၆၇ က ထုတ်ဝေခဲ့တဲ့ သူ့ရဲ့ The Symbolic Uses of Politics စာအုပ်မှာ စတင် အသုံးပြုခဲ့ရာက သည်စကားလုံးကို နိုင်ငံရေးနယ်ပယ်မှာ လက်ခံသုံးစွဲခဲ့ကြတာ ဖြစ်ပါတယ်။



## ပြိုင်ဘက်ကို အပုပ်ချတဲ့အလုပ်

အယ်လ်ဒီပီဟာ သူတို့ရှုံးခဲ့တဲ့ ရွေးကောက်ပွဲမှာ အဓိကထားပြီး မဲဆွယ်ပုံက Nikkyoso ဆိုတဲ့ တော်လှန်စိတ် ပြင်းထန်တဲ့ ကျောင်းဆရာ သမဂ္ဂကို ဦးတည် တိုက်ခိုက်တယ်။ ပြီးတော့ ဒီပီဂျေဟာ လက်ဝဲဝါဒကို လက်ခံသူတွေဖြစ်တယ်၊ ဂျပန်နိုင်ငံကို ကာကွယ်နိုင်မှာ မဟုတ်ဘူး၊ အစိုးရ လုပ်ဖူးသူတွေ မဟုတ်ဘူး ဆိုတာမျိုးတွေကိုပဲ ပြောတယ်။ ဘာကယ်က မိမိဘယ်လောက် ကောင်းတယ် ဆိုတာကိုတောင် မပြောနိုင်ဘဲ မိမိရဲ့ ပြိုင်ဘက် ဘယ်လောက် ညံ့တယ်ဆိုတာတွေကို လျှောက်ပြောနေခဲ့တာ ဖြစ်ပါတယ်။

## ပြည်သူတွေ မှုပန်တာက

ဂျပန်မဲဆန္ဒရှင်ပြည်သူတွေက အယ်လ်ဒီပီ ထောက်ပြတဲ့ အန္တရာယ် ဆိုတာတွေကို အန္တရာယ်လို့ မမြင်ဘူး။ သူတို့ စိုးရိမ်ကြောင့်ကြ နေတာက ဂျပန် စီးပွားရေး သည့်ထက် ကျဆင်းသွားရင် သူတို့ အလုပ်ပြုတ်မယ်၊ ပင်စင်ခံစားခွင့်တွေနစ်နာမယ်။ အဲဒါကိုပဲ အဓိက မှုပန်နေကြတာပါ။

အယ်လ်ဒီပီ နောက်ရွေးကောက်ပွဲတွေမှာ ပြန်လည် အနိုင်ရဖို့ ဆိုရင် symbolic politics ကနေ လက်တွေ့နိုင်ငံရေး (practical politics)ကို ပြောင်းလဲ ကျင့်သုံးရ သိမ့်မယ်လို့ လေ့လာသူ ဟဲရစ္စက ရေးတယ်ဗျာ။ လက်တွေ့နိုင်ငံရေးဆိုတာ ပြည်သူတွေ သတ်တလော ကြုံတွေ့နေရတဲ့ အခက်အခဲ ပြဿနာတွေကို ဒီပီဂျေတို့ လုပ်ခဲ့သလို အတွင်းကျကျ လေ့လာပြီး ဖြေရှင်းနိုင်တဲ့နည်းလမ်း ရှာပေးဖို့ပဲဗျ။

လောလောဆယ်မှာတော့ ဒီပီဂျေဟာ အာဏာကုလားထိုင်မှာ အတော်ကြာကြာ ထိုင်နေနိုင်ဦးမယ့် အလားအလာရှိသတဲ့။ အယ်လ်ဒီပီဟာ ရင့်ကျက်သော အတိုက်အခံ ဘဝမှာ ကာလတစ်ခုတော့ နေရပေဦးမယ်လို့ တိုဘိုယယ် ဟဲရစ္စက ခန့်မှန်းထားကြောင်း ပါဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်။**
*၁၃၊ မတ်၊ ၂၀၁၂။*
*အတွဲ ၂ အမှတ် ၈၇။*

○

## စိတ်ဝင်စားစရာ မဲဆွယ် နိုင်ငံရေးဟောပြောချက်အချို့

ကျွန်တော် လက်ရှိနေထိုင်တဲ့ မြို့နယ်က လွှတ်တော်ကိုယ်စားလှယ် လစ်လပ်မှု မရှိတာကြောင့် လာမယ့်ဧပြီ ၁ ရက် ကြားဖြတ် ရွေးကောက်ပွဲမှာ ကျွန်တော် မဲထည့်ဖို့ မရှိဘူးဗျ။ ၂၀၁၀ ရွေးကောက်ပွဲကာလတုန်းကလည်း ပြည်ပ ခရီးထွက်နေတာကြောင့် မဲမထည့်ဖြစ်ခဲ့ဘူးဗျ။ ကြိုတင်မဲပေးဖို့လည်း စိတ်ကူးတောင် မရှိခဲ့ပါဘူးဗျာ။ ဒါပေမဲ့ ကျွန်တော်ဟာ နိုင်ငံရေးကို ထဲထဲဝင်ဝင် (အထဲကို ဝင်တာလည်း အပါအဝင်) လုပ်ခဲ့ဖူးသူ တစ်ယောက် ဖြစ်တဲ့အပြင် လောလောဆယ်မှာ နိုင်ငံရေး သတင်းဂျာနယ် တစ်စောင် (ပြည်သူ့ခေတ်)ရဲ့ အတိုင်ပင်ခံ အယ်ဒီတာအဖြစ် တာဝန်ထမ်းဆောင်နေပြီး အခြားမိတ်ဆွေ ဂျာနယ်အချို့မှာလည်း အပတ်စဉ် ဆောင်းပါးတွေ ရေးနေသူ ဖြစ်တာကြောင့် (ပြောရရင် အခြေခံသဘာဝအရရော တာဝန်အရပါ) နိုင်ငံရေးနဲ့ ပတ်သက်ဆက်နွှယ်နေတဲ့ ဖြစ်ရပ်တွေ၊ လှုပ်ရှားမှုတွေနဲ့ နက်နက်ရှိုင်းရှိုင်း ဆက်စပ်ပတ်သက်နေဖြစ်တယ်ဗျ။

အခုတလောတော့ ညစဉ် ရုပ်/သံက ထုတ်လွှင့်ပေးနေတဲ့ နိုင်ငံရေးပါတီတွေရဲ့ မဲဆွယ်စည်းရုံး ဟောပြောမှုတွေကို မပြတ်နိုးပါ။ နားထောင် ဖြစ်နေတယ်ဗျာ။ တစ်ညတလေ နားမထောင်ဖြစ်ရင်တောင် နောက်တစ်နေ့ သတင်းစာမှာ ဖတ်ဖြစ်အောင် ဖတ်တယ်ဗျ။ နိုင်ငံရေးမိတ်ဆွေတွေနဲ့ ဆုံဖြစ်ကြတဲ့အခါ အဲဒီဟောပြောချက်တွေထဲက ထူးခြားတယ်လို့ ယူဆတဲ့ အကြောင်းအရာတွေနဲ့ ပတ်သက်ပြီး အမြင်ချင်း ဖလှယ်ကြတယ်။ အဲဒီလို ဆွေးနွေးဖြစ်ခဲ့တဲ့ ကိစ္စတွေအပြင် ကျွန်တော့်ခေါင်းထဲ



စွဲစွဲမြဲမြဲ ကျန်ရစ်ခဲ့တဲ့ ဟောပြောချက်တချို့နဲ့ ပတ်သက်တဲ့ စဉ်းစားချက်တွေအကြောင်း စာဖတ်သူများကို ပြောပြချင်လို့ ဒီဆောင်းပါးကို ရေးလိုက်တာဖြစ်တယ်ဗျ။

### ဒီမိုကရေစီစံနှုန်းနဲ့မညီမှု ထောက်ပြ

ပထမဆုံး ပြောပြချင်တာကတော့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရုပ်/သံ ဟောပြောချက်ထဲက အကြောင်းအရာတချို့ ဖြစ်တယ်ဗျ။ အားလုံး သိကြတဲ့အတိုင်း ၁၉၉၀ ရွေးကောက်ပွဲမှာ ပြည်သူလူထုရဲ့ တစ်ခဲနက် ထောက်ခံမှုနဲ့ အနိုင်ရရှိခဲ့တဲ့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ဟာ ပါတီ ဖျက်သိမ်းခံရမယ့် အန္တရာယ်ကို မျက်မှောက်ပြုပြီး ၂၀၁၀ ရွေးကောက်ပွဲကို ဆန့်ကျင် သပိတ်မှောက်ခဲ့တဲ့ ပါတီဖြစ်တယ်။ အဲဒီလို သပိတ်မှောက်ခဲ့ရခြင်းရဲ့ အဓိက အကြောင်းရင်းက ၂၀၀၈ အခြေခံဥပဒေကို လက်မခံနိုင်တာကြောင့် ဖြစ်တယ်။ အဲဒီ အခြေခံ ဥပဒေဟာ ဒီမိုကရေစီ နည်းလမ်းမကျဘူးလို့ ယူဆထားတာကြောင့် ဖြစ်တယ်ဗျ။ အစိုးရက ပြင်ဆင်ပြောင်းလဲမှုတချို့ လုပ်ပေးလိုက်ပြီးတဲ့နောက်မှာ NLD ဟာ မှတ်ပုံပြန်တင်ဖို့၊ ရွေးကောက်ပွဲဝင်ဖို့ ဆုံးဖြတ်ခဲ့ပေမယ့် ၂၀၀၈ အခြေခံဥပဒေနဲ့ ပတ်သက်တဲ့ သဘောထား ခံယူချက်ကိုတော့ လူသိရှင်ကြား ဆက်လက် ကိုင်စွဲထားခဲ့တာပဲဗျ။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဟောပြောချက်ထဲမှာ ရွေးကောက်ခံ မဟုတ်တဲ့ တပ်မတော်သား ၂၅ ရာခိုင်နှုန်းစီ လွှတ်တော်တိုင်းမှာ ပါဝင်နေတဲ့အချက်ကို ထောက်ပြပြီး ၂၀၀၈ အခြေခံဥပဒေဟာ ဒီမိုကရေစီစံနှုန်းတွေနဲ့ မညီညွတ်တဲ့ ဥပဒေဖြစ်ကြောင်း ပြတ်ပြတ်သားသား ထုတ်ဖော် ပြောဆိုခဲ့တာဟာ ထူးခြားတယ်ဗျ။ ဒီစာသားတွေ ဆင်ဆာမဖြတ်ဘဲ ပြောဆိုခွင့်ပြုခဲ့တဲ့ အချက်ကိုလည်း အသိအမှတ်ပြုရမယ်ဗျ။

နောက်ထပ် မှတ်သားထားသင့်တဲ့ ဟောပြောချက်တစ်ခုကတော့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးရဲ့ '၂၀၁၀ ရွေးကောက်ပွဲမှာ မိမိတို့ ပါတီရဲ့ ကိုယ်စားလှယ်များအပေါ် ထောက်ခံအားပေးမှု ပူးပေါင်း ဆောင်ရွက်မှုများအတွက် မိဘပြည်သူအားလုံးကို ကျေးဇူးတင်ကြောင်း' ဆိုတဲ့ ပြောကြားချက် ဖြစ်တယ်ဗျ။

နောက်ပြီး ဦးဌေးဦးရဲ့ 'မိမိတို့ ပါတီဟာ တစ်ဦးကောင်း တစ်ယောက်ကောင်းနဲ့ ဖွဲ့စည်းထားတာ မဟုတ်ဘဲ' ဆိုတဲ့ စကားဟာ မြိုင်ဘက် ပါတီတစ်ခုကို ရည်ညွှန်းသလား။ ယေဘုယျသဘောလား ဆိုတာကတော့ ခန့်မှန်းရခက်တဲ့ အကြောင်း ပြောဖြစ်ခဲ့ကြတယ်ဗျ။

### နယ်ချဲ့လောင်းရိပ်ဆိုတာ

နောက် ကျွန်တော်တို့ မှတ်မှတ်သားသား ပြောဖြစ်ခဲ့ကြတဲ့ ဟောပြောချက်တစ်ခုကတော့ အမျိုးသား နိုင်ငံရေးမဟာမိတ်များ အဖွဲ့ချုပ် အတွင်းရေးမှူးရဲ့ စကားတစ်ခွန်းဖြစ်တယ်ဗျ။

သူက 'အခု ကျင်းပတော့မယ့် ကြားဖြတ်ရွေးကောက်ပွဲဟာ ကျွန်တော်တို့နိုင်ငံ နယ်ချဲ့အင်အားကြီးနိုင်ငံတွေရဲ့ လောင်းရိပ်အောက်က လွတ်မြောက်ပြီး လွတ်လပ်ပြီး အချုပ်အခြာအာဏာ အစစ်အမှန် ပိုင်ဆိုင်တဲ့ နိုင်ငံတစ်ခုအဖြစ် ရပ်တည်နိုင်ဖို့ အရေးကြီးတဲ့အဆုံးအဖြတ်တစ်ခု' လို့ ဆိုတယ်ဗျ။ သူ့ရဲ့ နယ်ချဲ့အင်အားကြီးနိုင်ငံတွေဆိုတဲ့ အသုံးအနှုန်းဟာ ဘယ်နိုင်ငံတွေကို ရည်ညွှန်းကြောင်း တိတိကျကျ မသိရဘူးဗျာ။ ပြည်သူကို ဦးဆောင်မယ့် နိုင်ငံရေးသမားတွေ အတွေးအခေါ် အယူအဆမှန်မှ နိုင်ငံ့အနာဂတ်ကောင်းမှာမို့ လွှတ်တော်ထဲ သွားလိုသူတွေ နိုင်ငံတကာရေးရာတွေမှာ မှန်မှန်ကန်ကန် သုံးသပ် ဆုံးဖြတ်နိုင်မှ ပြည်တွင်း နိုင်ငံရေးကိုလည်း မှန်မှန်ကန်ကန် သုံးသပ် ဆုံးဖြတ်နိုင်မယ့်အကြောင်း ဆွေးနွေးဖြစ်ခဲ့ကြတယ်ဗျ။

## အဆဲအဆိုခံပြီး ပါတီထောင်ခဲ့

နောက်ထပ် မှတ်မှတ်သားသား ဆွေးနွေးဖြစ်ခဲ့ကြတာကတော့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် လူဟောင်းအချို့နဲ့ ဖွဲ့စည်းထားကြတာဖြစ်တဲ့ အမျိုးသား ဒီမိုကရေစီပါတီသစ်နဲ့ အမျိုးသားဒီမိုကရေစီ အင်အားစုပါတီတို့ရဲ့ ဟောပြောချက်တွေအကြောင်း ဖြစ်တယ်ဗျ။ ပါတီနှစ်ခုစလုံးရဲ့ ဟောပြောသူတွေက 'တို့မပါရင် မဲမပေးဖို့ ပြင်းပြင်းထန်ထန် တိုက်ခတ်ခဲ့တဲ့ လေထုကြားထဲက အဆဲခံ အဆိုခံပြီး ပါတီထောင် ရွေးကောက်ပွဲဝင်ခဲ့ကြရင်း ဝေခွဲမရဖြစ်နေတဲ့ ပြည်သူ့ရှေ့ကို သစ္စာရှိရှိ ထွက်ရပ်ပေးခဲ့ကြောင်း။ အခုတော့ ကျွန်တော်တို့ ရွေးကောက်ပွဲဝင်ခဲ့တာ မှန်သလား မှားသလားဆိုတာ အချိန်က အဖြေပေးနေပြီဖြစ်ကြောင်း မိမိတို့ နိုင်ငံရေး တာဝန်သိသိ၊ နိုင်ငံရေးအမြော်အမြင်ရှိရှိ ပါတီထောင်ရွေးကောက်ပွဲ ဝင်ခဲ့ကြတဲ့အတွက် နှစ်ပေါင်းများစွာ ဒီမိုကရေစီ လမ်းပျောက်ခဲ့ကြတဲ့ ပြည်သူတွေ ဒီကနေ့ ဒီမိုကရေစီလမ်းစကို ရှာဖွေတွေ့ရှိသွားခဲ့ကြပြီ ဖြစ်ကြောင်း' လို့ ပြောခဲ့ကြတာဖြစ်တယ်ဗျ။

ဒီနေရာမှာ ဒီကနေ့ ပေါ်ထွန်းနေတဲ့ နိုင်ငံရေးလမ်းကြောင်းရဲ့ အဓိက မောင်းနှင်အားဟာ ပါတီထောင် ရွေးကောက်ပွဲဝင်ခဲ့မှု ဟုတ်သလား မဟုတ်ဘူးလား။ အဲဒီပါတီတွေ ရွေးကောက်ပွဲဝင်ခြင်းနဲ့ လက်ရှိမြန်မာ့နိုင်ငံရေး အခင်းအကျင်းဟာ တစ်ဆက်တည်းပဲလား။ ဒါမှမဟုတ် ကြားထဲမှာ အရေးပါတဲ့ အလှည့်အပြောင်း တစ်ခု ရှိသလား။ ရှေ့ကဖြစ်ရပ်က နောက်ကဖြစ်ရပ်အပေါ် ဘယ်လောက်ကြီးမားတဲ့ ဩဇာသက်ရောက်မှု ရှိခဲ့သလဲ ဆိုတာတွေကို စဉ်းစားကြရမှာ ဖြစ်တယ်လို့ ပြောဖြစ်ခဲ့ကြတယ်ဗျာ။

## မြန်မာ့လူ့ဘောင်သစ်

နောက်ဆုံးမှ ပြောပေမယ့် အရေးကြီးတဲ့နေရာမှာ နောက်ဆုံးမဟုတ်တဲ့ ဟောပြောချက်တစ်ခုကတော့ တစ်ချိန်က ပြည်တွင်းမှာ ရှိခဲ့ဖူးတဲ့ ကျောင်းသားပါတီလို့ အသိများကြတဲ့



လူ့ဘောင်သစ် ဒီမိုကရက်တစ် ပါတီရဲ့ အခြေခံမူဝါဒတွေကို ဆက်ခံတဲ့ ပါတီလား ဒါမှမဟုတ် အဲဒီအခြေခံမူဝါဒတချို့ကို ဆက်လက် ဆုပ်ကိုင်၊ တချို့ကို စွန့်ခွာကျော်ဖြတ်လိုက်ပြီဖြစ်တဲ့ ပါတီသစ်တစ်ခုလား ရှင်းရှင်းလင်းလင်း မရှိလှတဲ့ 'မြန်မာ့လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဦးဇင်အောင်ရဲ့ ဟောပြောချက်တွေထဲက တစ်ခုဖြစ်တယ်ဗျ။

ဦးဇင်အောင်က သူတို့(သူ့အဆို ကျောင်းသားတွေ)ဟာ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး ကြိုးပမ်းမှု ခေါင်းစဉ်အောက်ကနေ ဒုတိယအကြိမ်မြောက် လွတ်လပ်ရေးကြိုးပမ်းမှု ခေါင်းစဉ်အောက်သို့ 'အသိမဲ့'ပါဝင်ခဲ့ရတယ်လို့ ပြောဆိုပြီး အဲဒါဟာ မူဝါဒအမှားဖြစ်တယ်လို့ ဆိုတယ်ဗျ။ ဒါဟာ ၁၉၈၈ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့ ရွှေတိဂုံအနောက်ဘက်မုခ် ဟောပြောပွဲမှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အရေးအကြီးဆုံး အယူအဆတစ်ခုကို ရဲရဲရင့်ရင့် စိန်ခေါ်လိုက်တဲ့ စကားဖြစ်တာကြောင့် စိတ်ဝင်စားစရာကောင်းသလို ဘယ်သူမှန်တယ် ဘယ်သူမှားတယ် ဆိုတာကို သမိုင်းက ဆုံးဖြတ်မယ့် (အဆုံးအဖြတ်ပေးခဲ့ပြီးတာလည်း ဖြစ်ကောင်းဖြစ်နိုင်တဲ့) အယူအဆ တစ်ခုဖြစ်တယ်ဗျ။

## ရန်တိုက်ပေးတဲ့ မူဝါဒတဲ့လား

ဦးဇင်အောင်က ၉၀ ရွေးကောက်ပွဲ ရလဒ်ဟာလည်း တပ်မတော်နဲ့ ပြည်သူကို ရန်တိုက်ပေးတဲ့ မူဝါဒကနေ ရရှိခဲ့တဲ့ အောင်ပွဲဖြစ်တယ်။ အဲဒီရွေးကောက်ပွဲရလဒ်က တိုင်းပြည်နဲ့ ပြည်သူလူထုအတွက် ဆိုးကျိုးများသာလျှင် ဖြစ်ပေါ်စေခဲ့တယ်လို့ ဆိုပြန်တယ်ဗျ။

အများလက်ခံထားကြပြီးသား အယူအဆနဲ့ မတူကွဲပြားတဲ့ အဲဒီအယူအဆနှစ်ခုကို ကျွန်တော် ပထမဆုံးတရားဝင် ကြားဖူးလိုက်တာ ဖြစ်တယ်ဗျ။ လက်တွေ့နိုင်ငံရေးမှာ မပါဝင်တော့ပေမယ့် ၁၉၉၀ ရွေးကောက်ပွဲမှာ ဝေါမြို့နယ်ကနေ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံခဲ့ရဖူးတဲ့ ကျွန်တော်သည်ပင်လျှင် သည်စကားမျိုးကြားလိုက်ရတော့ အဟောင်းတွေ အသစ်ဖြစ်ပြီး ရင်ထဲမကောင်းဘူးဗျာ။ ဘာပဲပြောပြောသဘောတူတာ မတူတာအပထား ထူးခြားဆန်းသစ်တဲ့ အတွေးအမြင်တွေ ပေါ်ထွက်လာတဲ့ ကိစ္စကတော့ ဒီမိုကရေစီရဲ့ သဘာဝဖြစ်တာမို့ ကြိုဆိုကြရမှာ ဖြစ်တယ်ဗျာ။ ထူးခြားဆန်းသစ်တိုင်း အမှန်တရား ဟုတ်,မဟုတ်နဲ့ ပြည်သူကို အကျိုးပြု,မပြု ဆိုတာကိုတော့ သမိုင်းကပဲ ဆုံးဖြတ်မှာ ဖြစ်တယ်ဗျာ။

ပြည်သူ့ခေတ်ဂျာနယ်။
၂၁၊ မတ်၊ ၂၀၁၂။
အတွဲ ၂ အမှတ် ၈၈။

# နိုင်ငံရေးသမားအဖြစ် စိတ်ရောကိုယ်ပါ ပြောင်းလဲ ခံယူမှုသာလျှင်

'လွှတ်တော် ကိုယ်စားလှယ်ဆိုပြီး ရောက်လာတဲ့သူက စာမှမတတ်၊ ဆယ်တန်းမှ မအောင်ဘဲ လွှတ်တော်ထဲ လာထိုင်တော့ သူများထဆို မတ်တတ်ထနေတယ်၊ သူများ ထိုင်ဆို ထိုင်နေတယ်၊ သူများခလုတ်နှိပ်ဆို နှိပ်တယ်၊ ဘာတွေပြောနေလဲ သူ နားလည်တာ မဟုတ်ဘူး။ ရမ်းလုပ်နေတာ' စသော ပြောကြားချက်များ အပါအဝင် ပြည်ထောင်စုဝန်ကြီးတစ်ဦးက ပြည်တွင်းထုတ် ဂျာနယ်တစ်စောင်နှင့် အင်တာဗျူးမှာ ပြောကြားခဲ့တဲ့ စကားအချို့အတွက် လွှတ်တော် ကိုယ်စားလှယ်များအား အဆိုပါ ပုဂ္ဂိုလ်အနေဖြင့် နိုင်ငံပိုင် သတင်းစာ၊ ရုပ်သံမီဒီယာတို့မှ ဝန်ချတောင်းပန်ရန် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များက ထုတ်ပြန် ကြေညာထားကြောင်း မြန်မာပို့စ်ဂျာနယ်၊ ၂၈ မတ် ၂၀၁၂ ထုတ် မျက်နှာဖုံးမှာ ဖော်ပြထားတာ ဖတ်လိုက်ရတယ်ဗျ။

ကျွန်တော် ပါးစပ်အဟောင်းသား ဖြစ်လောက်အောင် အံ့ဩ သွားပါတယ်ဗျာ။ ဘယ့်နှယ်... နှစ်ပေါင်း ၅၀ ကျော်အတွင်း ဒီလိုမျိုး သတင်းဆိုလို့ ကြမ်းကြားလေ ကြားဗျာ။ တစ်ခါမှ မကြားဖူး၊ မကြုံဖူးပါဘူးဗျ။

တကယ်ကတော့ဗျာ၊ မဏ္ဍိုင်ကြီးသုံးရပ်ဟာ တစ်ဦးနဲ့တစ်ဦး လွှမ်းမိုးမှု မရှိဘဲ သီးခြားလွတ်လပ်စွာ ရပ်တည်ကြရတဲ့ ဒီမိုကရေစီ လုပ်ထုံးလုပ်နည်းအရဆိုရင် အုပ်ချုပ်ရေးမဏ္ဍိုင်ဟာ ဥပဒေပြု မဏ္ဍိုင်ကို လေးလေးစားစား ဆက်ဆံဖို့သာ ရှိတယ်ဗျ။ လွှတ်တော် အမတ်တွေဟာ စင်စစ်အားဖြင့် ပြည်သူ့ကိုယ်စားလှယ်တွေဖြစ်တယ် ဆိုတဲ့ အချက်တစ်ချက်တည်းနဲ့ပဲ ရိုသေလေးစားစွာ ဆက်ဆံခံရဖို့ ထိုက်တန်တယ်ဗျာ။ ခုလိုဖြစ်ရတာ ဒီမိုကရေစီလွှတ်တော်စစ်စစ် မရှိဘဲ နှစ်ပေါင်း ၅၀ နေခဲ့ရတဲ့ အခြေအနေရဲ့ အကျိုးဆက်ပဲလို့ ကျွန်တော် စဉ်းစားမိတယ်ဗျ။

ဒီမိုကရေစီနိုင်ငံ တည်ဆောက်ပြီဆိုရင် ပါလီမန် (လွှတ်တော်) ရှိလာမယ်။ အဲသည် လွှတ်တော်သို့ ပြည်သူများက ရွေးကောက် တင်မြှောက်တဲ့ 'အမတ်'ခေါ် လွှတ်တော် ကိုယ်စားလှယ်များ ရှိလာမယ်။ (အမတ်ဆိုတာ တည်ကြည် ဖြောင့်မတ်စွာ



ဆောင်ရွက် သူလို့ ဆိုလိုပါတယ်)

၎င်းအမတ်များကို ရွေးကောက်တင်မြှောက်တဲ့ ရွေးကောက်ပွဲ တွေ ရှိလာမယ်။ ရွေးကောက်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်မယ့် အမတ်လောင်းများ ကိုယ်စားပြုတဲ့ နိုင်ငံရေး ပါတီများ ရှိလာမယ်။ သို့အားဖြင့် နိုင်ငံရေးသမားများလည်း ရှိလာမယ်။ နိုင်ငံရေးသမား တွေက ရွေးကောက်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင် အရွေးခံပြီးမှ လွှတ်တော်အမတ် ဖြစ်လာ ကြတာပါ။

## နိုင်ငံရေးသမား အရည်အချင်း

ပြည်သူလူထုက ဆန္ဒမဲပေးပြီး ရွေးကောက်တင်မြှောက်ရမယ့် နိုင်ငံရေးသမားတွေဟာ ဘယ်လို အရည်အချင်းတွေ ရှိသင့်သလဲ။ ပြည်သူတွေက ဘာကိုကြည့်ပြီး မဲပေးကြမှာလဲ။ သည်အချက်တွေဟာ ဒီမိုကရေစီ တည်ဆောက်ရေးမှာ အလွန်အရေးပါပါတယ်။

နိုင်ငံရေးသမားဆိုတာ အထက်တန်းလွှာ၊ လူလတ်တန်းစား၊ ပညာတတ်၊ အတတ် ပညာရှင် အသိပညာရှင်၊ နိုင်ငံ့ဝန်ထမ်းဟောင်း၊ သူဌေးသူကြွယ်၊ ဆင်းရဲသူ ဆင်းရဲသား ဘယ်သူတွေပဲ ဖြစ်ရမယ်၊ ဘယ်သူတော့ မဖြစ်ရဘူးဆိုတာ အကန့်အသတ် မရှိပါဘူး။ ဆရာဝန်တစ်ယောက်ဖြစ်ဖို့ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ ဆေးတက္ကသိုလ် စသည်ဖြင့် အနည်းဆုံး ၁၇ နှစ်လောက် ပညာ သင်ကြားရမယ်။ အနည်းဆုံး တစ်နှစ် ကြာမျှ အလုပ်သင်အဖြစ် အတွေ့အကြုံယူရမယ်။ ဘာကြောင့် သည်လောက် နှစ်တွေ များများ သင်ကြားလေ့ကျင့်ရသလဲဆိုတော့ ဆရာဝန်ဆိုတာ လူ့အသက်နဲ့ စက်ပြီး အလုပ်လုပ်ကြရတာကိုး။ တတ်ယောင်ကား ဆရာဝန်လက်ထဲ ရောက်သွားလို့ကတော့ လူ့အသက်ပါ ဆုံးရှုံးရနိုင်တယ်။

ဒါဆိုရင် ဆရာဝန်တစ်ယောက်ရဲ့ အရည်အချင်း မပြည့်စုံမှုဟာ တစ်ကြိမ်မှာ လူတစ်ယောက် အသက်လောက်ပဲ ဆုံးရှုံးနိုင်တယ်။ တိုင်းပြည် ကံကြမ္မာကို ဝကွက် အပ်ရမယ့် နိုင်ငံရေးသမားတွေ အရည်အချင်း မပြည့်စုံရင်၊ အမြော်အမြင်မရှိရင် (ဥပမာ-မဖြစ်သင့်ဘဲ စစ်ဖြစ်သွားခဲ့ရင်)လူ့အသက်ပေါင်း ရာထောင်ချီ ဆုံးရှုံးရနိုင်တယ်။ ဥပမာ-စီးပွားရေးမူဝါဒ တစ်ချက် မှားလိုက်ရင် တိုင်းပြည်ပါ မွဲသွားနိုင်တယ်လို့ မပြောနိုင် ဘူးလား။

ဒါကြောင့် နိုင်ငံရေးသမားဟာ တခြား အသက်မွေးဝမ်းကျောင်း သမားတွေထက် အရေးကြီးတယ်။ အမြော်အမြင်ရှိဖို့လိုတယ်။ အရည်အချင်း ပြည့်ဝဖို့ လိုတယ်ဆိုတာ ကတော့ အမှန်ပါပဲ။ ယခု ကိစ္စမှာ ပြည်ထောင်စုဝန်ကြီးက အဲသလို သဘောမျိုးနဲ့ ပြောခဲ့ပုံ ရပါတယ်။ သို့သော် စကားလုံးတွေက အဖြူပေါ် အမည်းတင် ပုံနှိပ် ဖော်ပြခံ လိုက်ရလေတော့ မကျေနပ်စရာတွေ ဖြစ်ကုန်တာပေါ့ဗျာ။

## ပြောတော့ ဆိုရှယ်လစ် လုပ်တော့ ဖက်ဆစ်

သည်နေရာမှာ နိုင်ငံရေး ဘာကြောင့် လုပ်ချင်ကြသလဲဆိုတာနဲ့ ပတ်သက်လို့ ဆွေးနွေးချင်တယ်ဗျ။ ကိုယ့်အကြောင်းနဲ့ကိုယ် ရှိကြမယ်။ အကြောင်းရင်း အမှန်ကို ဘယ်သူ့ကိုမှ ပြောပြစရာမလိုဘူး။ တိုင်းရေးပြည်ရေးကို၊ ကိုယ့်နယ်ပယ်ဒေသအကျိုးကို တကယ် နှစ်နှစ်ကာကာ လုပ်ချင်လို့ ဖြစ်ချင်ဖြစ်မယ်။ ဘဝတက်လမ်း ရှာချင်လို့ ဖြစ်ချင်ဖြစ်မယ်။ ကိုယ့်ပါတီအာဏာရရင် အခွင့်ထူးတွေ ယူလိုက်မဟဲ့ဆိုတဲ့ လောဘဇောကြောင့် ဖြစ်ချင်ဖြစ်မယ်။ ငါတို့ အာဏာရရင် ငါနဲ့မတူ ငါ့ရန်သူတွေကို မှတ်လောက်သားလောက် ဆော်လိုက်နက်လိုက် မဟဲ့ဆိုတဲ့ ဒေါသဇောကြောင့် ဖြစ်ချင်ဖြစ်မယ်။ ဘယ်အကြောင်းကြောင့်ပဲ နိုင်ငံရေးလုပ်လုပ် ကြာလာတဲ့အခါကျတော့ ပြည်သူတွေက သိလာတာပါပဲ။

ဘယ်အကြောင်းကြောင့်ပဲ နိုင်ငံရေးလုပ်လုပ်၊ လှေလှာဆည်းပူးမှု မပြုဘဲနဲ့ အထက်လူကြီးတွေ မြှောက်စားလို့ မောက်ကြွားရတာမျိုးဆိုရင်တော့ အိမ်ဖြည့်နိုင်ငံရေးသမားပဲ ဖြစ်လာလိမ့်မယ်။ မြှောက်စားခံရလို့ မောက်ကြွားသူတွေဟာ မဲဆန္ဒရှင်ပြည်သူတွေထက် သူ့ကို မြှောက်စားတဲ့ ဆရာသခင်ကို ပိုပြီးသစ္စာရှိတယ်။ ဆရာသခင်ကို ပြန်လှန်ဝေဖန်ဖို့ဆိုတာ ဝေလာဝေးပါ။ အဲသလိုလူတွေ အများစု ဖြစ်နေတဲ့ လွှတ်တော် တစ်ရပ်ဟာ လက်ညှိုးထောင် ခေါင်းညိတ်လွှတ်တော်လို့ အဝေဖန်ခံရနိုင်တာပေါ့။ ယခင် ကွန်မြူနစ် ဆိုရှယ်လစ်နိုင်ငံတွေက လွှတ်တော်တွေကို ရော်ဘာတံဆိပ်ထု လွှတ်တော်လို့ ခေါ်တာ အဲဒီသဘောပဲပေါ့ဗျာ။

တချို့လူတွေဟာ အပြောင်းအလဲကို မယုံကြည်ဘူး။ စိတ်လည်း မပြောင်းဘူး။ အရင်က နိုင်ငံရေးသမားမဟုတ်၊ အမိန့်နာခံတဲ့အကျင့်ပဲ ရှိခဲ့ပေမယ့် အမတ်ဖြစ်လာရင်၊ ဝန်ကြီးဖြစ်လာရင် နိုင်ငံရေးသမား အဖြစ် စိတ်ရောကိုယ်ပါ ပြောင်းလဲခံယူရမှာပဲဗျ။ မဲဆန္ဒရှင် ပြည်သူလူထုကို အပေါ်ယံ ဟန်ဆောင်ပန်ဆောင် မဟုတ်ဘဲ ရင်ထဲ အသည်းထဲကကို ရှိသေလေးစား တန်ဖိုးထားရမှာ ဖြစ်တယ်ဗျ။ ပြည်သူကို မလေးစားသူဟာ ဘယ်တော့မှ ဒီမိုကရေစီ နိုင်ငံရေးသမား မဖြစ်နိုင်ဘူးဗျ။ လူက နိုင်ငံရေးသမား စိတ်က ဗျူရိုကရက် ဖြစ်နေလို့ကတော့ ဘယ်လိုမှ အလုပ်မဖြစ်နိုင်ပါဘူးဗျာ။ ဆိုရှယ်လစ် ခေတ်တုန်းက ဟာသတစ်ခုရှိတယ်။ ထစ်ခနဲဆို ထိုးလိုက်ကြိတ်လိုက် လုပ်တတ်တဲ့ ပါတီကေဒါကြီး တစ်ယောက်ကို 'အင်း ...ပြောတော့ ဆိုရှယ်လစ်၊ လုပ်တော့ ဖက်ဆစ် ဖြစ်နေပါလား'လို့ ပြောဖူးတယ်ဗျ။ ခုလည်း 'လူကတော့ ဒီမိုကရေစီစိတ်ကတော့ ရေပေါ်ဆီ' ဆိုတာမျိုး ဖြစ်နေကြရင် ရှေ့လျှောက် ခက်နေဦးတော့မှာပဲဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်။**

*၂၈၊ မတ်၊ ၂၀၁၂။*

*အတွဲ ၂ အမှတ် ၇၉။*

○

## လွှတ်တော်ထဲ ရောက်သွားပြီးရင် ဘာဆက်လုပ်မလဲ

ပွင့်ပွင့်လင်းလင်း ပြောရရင် ကျွန်တော်တို့နိုင်ငံက ပြည်သူလူထု [illegible] ၂၀၁၀ ရွေးကောက်ပွဲကတစ်ဆင့် ပေါ်ပေါက်လာခဲ့တာဖြစ်တဲ့ လွှတ်တော်နဲ့ [illegible] စောစောပိုင်းက သိပ်စိတ်မဝင်စားခဲ့ကြဘူးဗျ။ သို့ပေမဲ့ သမ္မတကြီး ဦးသိန်းစိန်ရဲ့ [illegible] ပွင့်လင်းတဲ့ စကားတွေ (ကျွန်တော်တို့နိုင်ငံဟာ အိမ်နီးချင်းနိုင်ငံတွေ [illegible] ပြတ်ကျန်ရစ်ခဲ့ပြီဆိုတဲ့ စကား၊ လွှတ်တော်ပြင်ပမှာ ရှိသူတွေဟာလည်း [illegible] ပြည်ချစ်စိတ်ရှိသူတွေပဲ ဖြစ်တာမို့ ပူးပေါင်း ဆောင်ရွက်ကြရအောင်လို့ [illegible] စကား) စတဲ့ စတဲ့ စစ်အစိုးရခေါင်းဆောင် အဆက်ဆက် ဘယ်တုန်းကမှ [illegible] စကားတွေနဲ့ အဲဒီစကားတွေ နောက်တစ်ဆက်တည်း လိုက်ပါလာတဲ့ [illegible] လုပ်ရပ်တွေ (ဒေါ်အောင်ဆန်းစုကြည်နဲ့ အဓိပ္ပာယ်ရှိတဲ့ တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ခဲ့တာ ဧရာဝတီမြစ်ဆုံ ရေကာတာစီမံကိန်း ရပ်ဆိုင်းပစ်လိုက်တာ၊ ယုံကြည်ချက် [illegible] အများစုကို ပြန်လွှတ်ပေးလိုက်တာ၊ နှစ်ပေါင်းများစွာ ပစ်ထားခြင်း ခံခဲ့ရတဲ့ [illegible] တွေကို ထည့်သွင်းစဉ်းစားပေးခဲ့တာ စတဲ့ စတဲ့ စစ်အစိုးရခေါင်းဆောင် အဆက်ဆက် ဘယ်တုန်းကမှ မလုပ်ခဲ့ဖူးတဲ့လုပ်ရပ်တွေ)ကြောင့် နှစ်ပေါင်း ငါးဆယ်ကာလ အတွင်း ပထမဆုံးအကြိမ်အဖြစ် ပြည်သူတွေဟာ အစိုးရအပေါ် စိတ်ဝင်စားလာခဲ့ကြတာ အမှန်ပဲဗျ။

### လွှတ်တော်အသံ ပြည်သူ့အသံ

လွှတ်တော်တွေဆိုတာကလည်း ယခင် စစ်အစိုးရက တည်ထောင်ခဲ့တဲ့ လူမှုရေးအသင်း အဖြစ်ကနေ နိုင်ငံရေးပါတီအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့တဲ့ အဖွဲ့ကြီးနဲ့ ၂၅ ရာခိုင်နှုန်းသော

တပ်မတော်သား ကိုယ်စားလှယ်များက ရောမအများစုအနေအထားနဲ့ ဖွဲ့စည်းထားတာ အထင်အရှားဖြစ်တယ်ဗျာ။ လမ်းစဉ်ပါတီခေတ်က လွှတ်တော်လိုပဲ နေမှာပါလို့ ထင်မြင်ယူဆခြင်း ခံနေရတဲ့ အဲဒီလွှတ်တော်ဟာလည်း ပြည်သူ့အသံကို ထင်ဟပ်တဲ့ ပြောဆိုဆွေးနွေး ငြင်းခုံမှုတွေကြောင့် ပြည်သူတွေရဲ့စိတ်ဝင်စားမှုကို တိုးတက်ရရှိလာနေခဲ့တယ်ဗျ။ အထူးသဖြင့် အာဏာရပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များဟာ မိမိတို့ ကိုယ်စားပြုရာ မဲဆန္ဒနယ်များက ပြည်သူများရဲ့ အကျိုးစီးပွားကို ထင်ဟပ်တဲ့ အကြောင်းအရာများကို မပြတ်ရှာဖွေ လေ့လာတင်ပြ ဆွေးနွေးနေကြတဲ့အမြင် ယုံကြည်ချက်အကျဉ်းသားများ လွှတ်ပေးရေးတို့လို တစ်မျိုးသားလုံးနဲ့ဆိုင်တဲ့ အရေးကိစ္စများမှာတောင် အပြုသဘောဆောင်တဲ့ ဆွေးနွေးမှုတွေ၊ အဆိုပြုမှုတွေ၊ ထောက်ခံမှုတွေ ပြုလုပ်လာခဲ့တာကို တွေ့မြင်ခဲ့ကြရတယ်ဗျာ။ ယုတ်စွအဆုံး ပြည်သူတွေ ရွေးကောက်တင်မြှောက်ထားတာ မဟုတ်တဲ့ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များကတောင် ယုံကြည်ချက် အကျဉ်းသား လွှတ်မြောက်ရေးကိစ္စမှာ တက်တက်ကြွကြွ ပူးပေါင်း ပါဝင်လာခဲ့ကြတာကြောင့် ကနဦးပိုင်းမှာ ပုံရိပ် သိပ်မကောင်းခဲ့တဲ့ လွှတ်တော်ရဲ့ ဂုဏ်သိက္ခာဟာ တစ်စတစ်စ မြင့်မားလာခဲ့တာ အမှန်ပဲဗျ။ ပြောရရင် အစောပိုင်းမှာတုန်းက ရုပ်/သံဖန်သားပြင်ပေါ်မှာ ‘လွှတ်တော်အသံ ပြည်သူ့အသံ’ဆိုတဲ့ စာသားတွေ ပေါ်လာရင် ရယ်သွမ်းသွေးခဲ့ကြတဲ့သူ အတော်များများတောင် နောက်ပိုင်းမှာ ရုပ်သံက လွှင့်ပေးတဲ့လွှတ်တော်တွင်းက ဆွေးနွေးမှုတွေကို အလေးထားပြီး နားထောင်လာကြတယ်။ အကြောင်းကြောင်းကြောင့် နားမထောင်ဖြစ်လိုက်ရင် နောက်တစ်နေ့ထုတ် သတင်းစာမှာ မဖြစ်မနေ ဖတ်ကြရတဲ့အထိ ဖြစ်လာခဲ့တယ်လို့ သိရတယ်ဗျ။

## လွှတ်တော်အမတ်တွေ မခံချင်စရာ အပြောခံရလို့

သည်လို အချိန်မျိုးမှာ အုပ်ချုပ်ရေးမဏ္ဍိုင်က ကြီးကြီးမားမား တာဝန်ရှိသူတစ်ယောက်က ဂျာနယ်တစ်စောင်နဲ့ တွေ့ဆုံမေးမြန်းခန်းမှာ လွှတ်တော်ကိုယ်စားလှယ်များ မခံမရပ်ဖြစ်စေလောက်တဲ့ မှတ်ချက်တချို့ကို ပြောဆိုခဲ့တဲ့အတွက် ကန့်ကွက်မှုတွေ ဖြစ်ပေါ်နေတာ ကြားရတယ်ဗျာ။ မဏ္ဍိုင်ကြီးသုံးရပ်ဟာ တစ်ဦးနဲ့တစ်ဦး လွှမ်းမိုးမှုမရှိဘဲ သီးခြားလွတ်လပ်စွာ ရပ်တည်ကြရတဲ့ ဒီမိုကရေစီ လုပ်ထုံးလုပ်နည်းအရဆိုရင် အုပ်ချုပ်ရေးမဏ္ဍိုင်ဟာ ဥပဒေပြုမဏ္ဍိုင်ကို လေးလေးစားစား ဆက်ဆံဖို့သာရှိတယ်ဗျ။ လွှတ်တော်အမတ်တွေဟာ စင်စစ်အားဖြင့် ပြည်သူ့ကိုယ်စားလှယ်တွေဖြစ်တယ်ဆိုတဲ့ အချက်တစ်ချက်တည်းနဲ့ပဲ ရိုသေလေးစားစွာ ဆက်ဆံခံရဖို့ ထိုက်တန်တယ်ဗျာ။ ခုလိုဖြစ်ရတာ ဒီမိုကရေစီ လွှတ်တော်စစ်စစ် မရှိဘဲ နှစ်ပေါင်း ၅၀ နေခဲ့ရတဲ့ အခြေအနေရဲ့အကျိုးဆက်ပဲလို့ ကျွန်တော် စဉ်းစားမိတယ်ဗျ။



## ဂျိုးဇက် စတစ်ဂလစ်ရဲ့အမြင်

ဒီနေရာမှာ စကားစပ်မိလို့ မကြာသေးခင် လအနည်းငယ်အတွင်း မြန်မာနိုင်ငံမှာ ဖြစ်ပေါ်ခဲ့တဲ့ အခြင်းအရာတွေနဲ့ ပတ်သက်လို့ မြန်မာနိုင်ငံကို သုံးလေးကြိမ် လာရောက်ခဲ့ပြီး သူ့ရဲ့ အတွေးအခေါ် အယူအဆတွေကို တင်ပြ အကြံပြုသွားခဲ့ဖူးတဲ့ နိုဘယ်ဆုရှင် စီးပွားရေးပညာရှင် ဂျိုးဇက်စတစ်ဂလစ်ရဲ့ အမြင်တစ်စွန်းတစ်စကို မျှဝေချင်တယ်ဗျ။ ပညာရှင်ကြီး စတစ်ဂလစ်ကို ပြီးခဲ့တဲ့ တစ်ခေါက်က ဒေါက်တာဦးမြင့်ရဲ့ အစီအစဉ်အရ ကျွန်တော်ကိုယ်တိုင် တွေ့ဆုံ ဆွေးနွေးခွင့်ရလိုက်ပါသေးတယ်။ သူက ‘ ၂၀၁၀ နိုဝင်ဘာ ရွေးကောက်ပွဲအပြီးမှာ စတင် ပေါ်ထွန်းလာခဲ့တဲ့ အသွင်ကူးပြောင်းရေး လှုပ်ရှားမှုတွေဟာ အသက်ရှူမှားလောက်စရာပါ။ ၁၉၆၂ ခုနှစ် ကတည်းက အာဏာကို အကြွင်းမဲ့ ချုပ်ကိုင်လာခဲ့တဲ့ စစ်တပ်က လွှတ်တော် ကိုယ်စားလှယ် နေရာအားလုံးရဲ့ ၂၅ ရာခိုင်နှုန်းကို ဆုပ်ကိုင်ထားတာကြောင့် အဲဒီ ရွေးကောက်ပွဲဟာ ‘အပေါ်ယံ ရွှေမှုန်ကြဲမှု တစ်ခုသာဖြစ်တယ်ဆိုတဲ့ အယူအဆ အားကောင်းခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီ ရွေးကောက်ပွဲက ပေါ်ထွက်လာခဲ့တဲ့ အစိုးရဟာ အများကြီးတင် ထင်မြင်စိတ်ကူးထားကြတာထက် မြန်မာပြည်သူတွေရဲ့ အခြေခံ စိုးရိမ်ပူပန်မှုတွေကို အများ ကြီး ပိုပြီး နားလည်သဘောပေါက်တဲ့ အစိုးရတစ်ခုဖြစ်ကြောင်း ပေါ်ထွက်လာခဲ့ပါတယ်။ နိုင်ငံရေးနဲ့ စီးပွားရေး ပွင့်လင်းလွတ်လပ်မှု လိုအပ်တယ်ဆိုတဲ့ ခေါ်သံတွေကို သမ္မတသစ် ဆက်ထက်မှာ အာဏာပိုင်တွေက ထူးခဲ့ကြပါပြီ” လို့ မှတ်ချက်ပေးသွားပါတယ်။

သူပြောသလို အစိုးရဟာ ပြည်သူတွေရဲ့ခံစားချက်ကို နားလည် သဘောပေါက်တယ်ဆိုရင် ပြည်သူ့ကိုယ်စားလှယ်တွေရဲ့ အလုပ်ကိုလည်း လေးစားကြဖို့ အထူးလိုအပ်မယ် ဆင်တယ်ဗျာ။

## လွှတ်တော်အားကောင်း မကောင်း

ကိုယ်စားပြု ဒီမိုကရေစီစနစ်မှာ လွှတ်တော်ဟာ အသက်ဝိညာဉ် ဖြစ်တယ်ဗျ။ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်နဲ့ ဥပဒေပြုရေး မဏ္ဍိုင်ဆိုပြီး အဓိကကျတဲ့ မဏ္ဍိုင်ကြီး ၃ ရပ် ရှိတဲ့အနက် ကျန်မဏ္ဍိုင် နှစ်ခုစလုံးဟာ ဥပဒေပြုရေးမဏ္ဍိုင်ဆိုတဲ့ လွှတ်တော်က တစ်ဆင့် သွားကြရတာဖြစ်တဲ့အတွက် ဒီကနေ့ကမ္ဘာမှာ အလွှမ်းမိုးအတွင်ကျယ်ဆုံး နိုင်ငံရေးစနစ်ဖြစ်တဲ့ ကိုယ်စားပြု ဒီမိုကရေစီစနစ် ရှင်သန်တည်တံ့ခိုင်မာဖို့ အခွင့်အလမ်း ဘယ်လောက် ရှိ့မရှိ ဆိုတဲ့ အချက်ဟာ လွှတ်တော် ဘယ်လောက် အားကောင်း,မကောင်းဆိုတဲ့ အပေါ်မှာ လုံးလုံးလျားလျား တည်မှီ နေတာဖြစ်တယ်ဗျ။ ဆိုလိုတာက လွှတ်တော်ဟာ အာဏာရှင် တစ်ယောက်ရဲ့ အလိုဆန္ဒတွေကိုပဲ အလိုလိုက် အကြိုက်ဆောင်ပေးနေရတဲ့ ‘ရာဘာတံဆိပ်တုံးထု’ လွှတ်တော်လား။ အတုအယောင်

လူထုဆန္ဒခံယူပွဲ၊ အကြံအဖန် အခြေခံဥပဒေ၊ မမှန်မကန် ရွေးကောက်ပွဲတွေက တစ်ဆင့် ပေါ်ထွက်လာတဲ့ အဆန်မပါ လွှတ်တော်လား။ ဒါမှမဟုတ် အမှန်အကန် လူထုဆန္ဒခံယူပွဲ အမှန်အကန် အခြေခံဥပဒေ၊ အမှန်အကန် ရွေးကောက်ပွဲတွေကတစ်ဆင့် ပေါ်ထွက်လာတဲ့ အမှန်အကန် လွှတ်တော်လားဆိုတဲ့ အချက်က နိုင်ငံတစ်ခုရဲ့ အနာဂတ်ကို ပြဋ္ဌာန်းစီရင်မှာ ဖြစ်တယ်ဗျ။

## လွှတ်တော်ထဲ ရောက်ကြတော့မယ်

ဘာပဲပြောပြော လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်ကျော်က ကျင်းပခဲ့တဲ့ ပါတီစုံ ဒီမိုကရေစီ ရွေးကောက်ပွဲမှာ ပြတ်ပြတ်သားသား အနိုင်ရရှိခဲ့ပေမယ့် လွှတ်တော် ဖွဲ့စည်းခွင့်မရခဲ့တဲ့အပြင် ရွေးကောက် တင်မြှောက်ခံရတဲ့ လွှတ်တော်ကိုယ်စားလှယ် အများစု ထောင်ထဲ ရောက်သူရောက်၊ ပြည်ပကို ထွက်ခွာရသူ ထွက်ခွာဖြစ်ခဲ့ရတဲ့ ပါတီကြီးရဲ့ ကိုယ်စားလှယ်တွေဟာ ဧပြီ ၁ ကြားဖြတ် ရွေးကောက်ပွဲအပြီးမှာ လွှတ်တော်ထဲသို့ နိုင်မာတဲ့ အင်အားစုတစ်ရပ်အဖြစ် ရောက်ရှိလာပါတော့မယ်ဗျာ။

အဲဒီ ပါတီကြီးဟာ သူတို့ရဲ့ရွေးကောက်ပွဲ ရည်မှန်းချက်အဖြစ် တရားဥပဒေစိုးမိုးရေး ငြိမ်းချမ်းရေးနဲ့ အခြေခံဥပဒေပြင်ဆင်ရေး ဆိုပြီး ပြတ်ပြတ်သားသား ကြေညာထားတာပဲဗျ။ လွှတ်တော်ထဲ ရောက်လာတာနဲ့ အဲဒီပါတီကြီးဟာ အဲဒီ ရည်မှန်းချက်သုံးရပ် အကောင်အထည် ပေါ်လာရေးကို ဘယ်သို့ဘယ်ပုံ ကြိုးပမ်းဆောင်ရွက်မည်လဲ၊ အဲဒီ အချိန်ကျရင် လက်ရှိ လွှတ်တော်က ဘယ်လိုတုံ့ပြန်မလဲဆိုတာကို ကျွန်တော်တို့ ပြည်သူ အားလုံး အလွှန်မှုပဲ စိတ်ဝင်စားနေကြပါတယ်။ မျက်ခြည်မပြတ်လည်း စောင့်ကြည့်နေကြမှာ ဖြစ်တယ်ဗျာ။ ဒီမိုကရေစီစနစ်ရဲ့ အသက်ဝိညာဉ်ဖြစ်တဲ့ လွှတ်တော်သို့ ရောက်ရှိသွားသူအားလုံး နိုင်ငံ့အကျိုးကို ဦးထိပ်မှာထားပြီး ဉာဏ်ပညာ အမြော်အမြင်ကြီးမားစွာ တွေးတော လုပ်ဆောင်နိုင်ကြဖို့ ပြည်သူတွေ မျှော်လင့်နေကြမယ်ဆိုတာ ကိုတော့ ယုံမှား သံသယရှိစရာ မလိုပါဘူးဗျ။

**ပြည်သူ့ခေတ်ဂျာနယ်။**  
၃၊ ဧပြီ ၂၀၁၂  
အတွဲ ၂၊ အမှတ် ၉၁

○

# အိုးဝေ ဦးညိုမြ ပြောပြတဲ့ သတင်းစာဆရာနဲ့ အစိုးရ တိုက်ပွဲမှတ်တမ်း

ပြီးခဲ့တဲ့ သကြံန်ရက်များအတွင်း ကျွန်တော်တော့ အတော် အလုပ်ဖြစ်ခဲ့တယ်ဗျ။ နှစ်နဲ့ချီပြီး မရှင်းမလင်းခဲ့တဲ့ ကျွန်တော့်စာအုပ် ဗီရိုတွေနဲ့ ကြုံသလို အထပ်လိုက်ထားခဲ့တဲ့ စာအုပ်ပုံတွေကို အောင်မြင်စွာ ရှင်းလင်းပြီးမြောက်သွားပါတယ်။ ထုံးစံအတိုင်း စာရေးဆရာတွေ စာအုပ်ပုံရှင်းရင် အလုပ်မတွင်ပါဘူး။ ဟိုဟာလေး ပြန်တွေ့လိုက် ဖတ်ကြည့်လိုက်၊ ဒီဟာလေးတွေ့လိုက် မြည်းကြည့်လိုက်နဲ့ တော်တော်နဲ့ ရှေ့မတိုးနိုင်ဘူးဗျ။

ကျွန်တော့်မှာ အဲသလို စိမ်ပြေနပြေ စာအုပ်တွေ ရှင်းရင်း ငုံမိခံစာဖတ်နိုင်တဲ့ အခွင့်အရေး မကြုံခဲ့တာကြာပြီ။ ခုတော့ အဲဒီ အခွင့်အရေးကို အမိအရယူရင်း စာအုပ်တွေ ရှင်းလိုက်တာ နှစ်ပေါင်းများစွာ ရှာလို့မတွေ့ခဲ့တဲ့ (ပျောက်ဆုံးနေပြီ ထင်ရတဲ့) စာရွက်စာတမ်းတချို့ ပြန်တွေ့တယ်ဗျာ။

## ဘီရမာ ဝါးတားဂိတ် စာမူ

ကျွန်တော် ဝမ်းအသာဆုံး ပြန်လည် တွေ့ရှိခြင်းကတော့ ဆရာကြီး အိုးဝေဦးညိုမြရဲ့ "ဘီရမာဝါးတားဂိတ်" စာမူပါပဲဗျာ။ စာအုပ်မဟုတ်ပါ။ လက်နှိပ်စက်စာမူပါ။ ညိုမြ ၂၇၅ ဆိုပြီး လက်မှတ်ထိုးထားတဲ့ သည်စာမူ သက်တမ်း ၃၇ နှစ် ရှိပါပြီ။ ကျွန်တော့်

လက်ထဲမှာ တစ်စောင်တည်းသော ကော်ပီကျန်တာပါ။ အဲဒီတစ်စောင်တည်းသော ကော်ပီကိုပဲ ပျောက်နေတာက နှစ် ၂၀ လောက်ရှိပါတယ်။ ကျွန်တော့်ဘဝ မှန်တိုင်းထန်နေချိန်များမှာ စာရွက်စာတမ်းတွေ ဟိုရောက် ဒီရောက်နဲ့ ပြန်ရှာလို့ မရတော့တဲ့ အဖိုးတန် စာမူတွေထဲက တစ်ခုဖြစ်ခဲ့ပါတယ်။

သည်စာမူအကြောင်းကို ကျွန်တော် ဆောင်းပါးတချို့ ရေးဖူးတယ်။ ကျွန်တော့် ပင်ကိုရေး ဆောင်းပါးတွေကို စုစည်းထုတ်ဝေတဲ့ **'မည်သို့သောလူ ဖြစ်ရမည်နည်း'** ၂၀၀၇ ထုတ် စာအုပ်မှာ 'အိုးဝေ ဦးညိုမြရဲ့ ကဗျာတစ်ပုဒ်' ခေါင်းစဉ်နဲ့ သည်စာမူအကြောင်း ဖော်ပြခဲ့တယ်။

အဲဒီဆောင်းပါးကို ဖတ်မိတဲ့ စာရေးဆရာ တက္ကသိုလ်စိန်တင်က သူပြုစုနေတဲ့ 'အိုးဝေဦးညိုမြ အတ္ထုပ္ပတ္တိ' စာအုပ်မှာ ထည့်သွင်းဖော်ပြဖို့ 'ဘီရမာဝါးတားဂိတ်' စာမူကို မတွေ့တွေ့အောင် ပြန်ရှာပေးပါလို့ တောင်းဆိုတယ်။ ကျွန်တော်လည်း တတ်နိုင်သမျှ အချိန်ရရင် ရသလို ပြန်ရှာပါတယ်။ အထူးသဖြင့် စာနယ်ဇင်း လွတ်လပ်ခွင့်ကိစ္စတွေ ပြောဖို့ဆိုဖို့ အကြောင်းရှိလာချိန်တွေမှာ ကျွန်တော် ဖုတ်ပူမီးတိုက် ရှာဖွေမိပါတယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာနိုင်ငံ စာနယ်ဇင်းသမိုင်းမှာ အစိုးရနဲ့ သတင်းစာတွေ တိုက်ပွဲဖြစ်ပြီး နောက်ဆုံးမှာ အစိုးရက သတင်းစာတွေကို တောင်းပန်ရှ ကျေအေးလိုက်ရတဲ့ ပွဲကြီးပွဲကောင်းအကြောင်းကို အဲဒီတုန်းက ကိုယ်တိုင်ပါဝင်ပတ်သက်ခဲ့တဲ့ အရေးပါသူ ကာယကံရှင် ဦးညိုမြ ကိုယ်တိုင် ခိုင်ခိုင်လုံလုံ ပြန်လည်မှတ်တမ်းတင်ထားတာဖြစ်လို့ပါပဲ။ သို့ပေမယ့် ဘယ်လိုမှ ပြန်မတွေ့လို့ ဆရာ ဦးစိန်တင်ကို တောင်းပန်ခဲ့ရပါတယ်။ နောက်ဆုံးတော့ ကျွန်တော့်ရဲ့ 'အိုးဝေ ဦးညိုမြရဲ့ ကဗျာတစ်ပုဒ်' ဆောင်းပါးကိုပဲ သူ့စာအုပ်မှာ ထည့်သွင်း ဖော်ပြလိုက်ပါတယ်။

## မှတ်တမ်းတင်ဖြစ်ခဲ့ပုံ

ရှားရှားပါးပါး ခုလို သမိုင်းဝင် အဖြစ်အပျက်ကြီးတစ်ခုကို ကာယကံရှင် တစ်ဦးဖြစ်တဲ့ ဆရာဦးညိုမြကိုယ်တိုင် ပြန်လည် ရေးသားဖြစ်အောင် ဖန်တီးခဲ့သူ နံပါတ်တစ်က ကျွန်တော်ပါပဲ။

၁၉၇၄ မှာ ကျွန်တော်ဟာ မြန်မာ့အလင်း သတင်းစာတိုက်မှာ အယ်ဒီတာတစ်ယောက် ဖြစ်နေပါပြီ။ သတင်းစာလုပ်သက် ၁၀ နှစ် ရှိပါပြီ။ အဲဒီအချိန်မှာ ကျွန်တော့် ဝါသနာတစ်ခုက ကျွန်တော် မမီလိုက်တဲ့ လွတ်လပ်သော မြန်မာသတင်းစာ ခေတ်ကြီးအကြောင်း စူးစမ်းလေ့လာ မှတ်တမ်းတင်လိုခြင်း ဖြစ်ပါတယ်။

လုပ်သားပြည်သူ့နေ့စဉ်က အယ်ဒီတာ ပီကျိုးမင်းခေါ် သတင်းထောက် ဈာန်ရနဲ့ ကျွန်တော်က ညီအစ်ကိုလို ခင်မင်တယ်။ သူကလည်း သုတေသန ဝါသနာကြီးပါတယ်။



ကျွန်တော်က လွတ်လပ်ရေးရခါစ အချိန်ကလေးမှာပဲ အာဏာရပါတီက လူတွေက သတင်းစာတိုက်တွေကို ရိုက်ချိုး ဖျက်ဆီးခဲ့တဲ့ ဖြစ်ရပ်ကို ပီကျိုးမင်းနဲ့ ဆွေးနွေးတယ်။ သူ့ထင်မြင်ချက်တွေ မေးတယ်။ သူက လက်ဝဲယိမ်းသူ ဖြစ်လေတော့ သူ့ထင်မြင်ချက် တချို့က လက်ဝဲသမားအမြင် ဖြစ်နေတာ တွေ့ရတယ်။ ဒါကြောင့် ကျွန်တော်က အဲဒီတုန်းက ရိုက်ချိုးခံရတဲ့ အိုးဝေသတင်းစာတိုက်ပိုင်ရှင် ဆရာဦးညိုမြဆီ ကိုယ်တိုင် သွားမေးကြမယ်ဆိုပြီး သွားကြပါတယ်။

ဆရာဦးညိုမြက ၁၉၆၈ ခုနှစ်မှာ ဗိုလ်ချုပ်နေဝင်းက မီးစိမ်းပြလိုက်လို့ အိုးဝေဂျာနယ် ပြန်လည် ထုတ်ဝေခွင့်ရခဲ့တယ်။ အရင်ကလို နေ့စဉ်ထုတ် သတင်းစာမဟုတ်ဘဲ နှစ်ပတ်တစ်ကြိမ်ထုတ် ဂျာနယ်ပဲ ဖြစ်ပေမယ့် စာဖတ်သူ ပြည်သူတွေက တစ်ခဲနက် အားပေးကြလို့ လျှမ်းလျှမ်းတောက် အောင်မြင်ခဲ့ပါတယ်။ သူ့လိုပဲ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မင်းခေါင်က ရွှေတူဂျာနယ်၊ ပမညတ ခေါင်းဆောင်ဟောင်း သခင်လွင်က ရှုခေါင့်ဂျာနယ် ရတယ်။ နှစ်ပတ် တစ်ကြိမ်ပါပဲ။ အထောက်တော် လှအောင်က တစ်ပတ်တစ်ကြိမ်ထုတ် သတင်းဂျာနယ် ထုတ်ဝေခွင့်ရခဲ့တယ်။ နောက်ဆုံးတော့ သတင်းဂျာနယ်က ထိပ်ဆုံးက အအောင်မြင်ဆုံး ဖြစ်သွားတယ်။ ၁၉၇၂ ဇူလိုင်လ ကျတော့ ဗိုလ်ချုပ်နေဝင်း စိတ်အလိုမကျမှုအခါ ၎င်းဂျာနယ် အားလုံး ပိတ်စေ ဖြစ်သွားပါတယ်။

၁၉၆၈-၇၂ ကာလအတွင်း အိုးဝေဂျာနယ်မှာ ကျွန်တော် ဆောင်းပါးလေးတွေ ပါဝင် ရေးသားရင်း ဆရာဦးညိုမြနဲ့ ခင်မင်ရင်းနှီးသွားတယ်။ အိုးဝေ အပိတ်ခံရပြီး နောက်လည်း ကျွန်တော် မကြာမကြာ အလည်ရောက်ပါတယ်။ ၁၉၇၄ ခုနှစ် ကုန်ခါနီးကျတော့ သတင်းစာတိုက်တွေ ရိုက်ချိုးခံရတဲ့ သမိုင်းဝင်ဖြစ်ရပ်အကြောင်း ဆရာ့မှတ်ချက်ကို သိရဖို့ သတင်းထောက်ဈာန်ရနဲ့ ကျွန်တော် ရောက်သွားပါတယ်။ ဆရာက ကျွန်တော်မေးတဲ့ ခေါင်းစဉ်ကို ကြားလိုက်တာနဲ့ ခေါင်းထောင်သွားတယ်။ 'ကိုယ့်လူ ဘာလုပ်မလို့လဲ' လို့ မေးပါတယ်။ ကျွန်တော်က 'ဘာမှမလုပ်ပါဘူး။ အဲဒီအကြောင်း ဆရာ့ ရှုထောင့်က အမြင်ကိုသိချင်လို့ပါ' ပြောတော့ ဆရာ ခဏလောက်စဉ်းစားနေပြီး 'အေး ဒီအကြောင်း ကိုယ်လည်း ရေးမယ်ရေးမယ်နဲ့ မရေးဖြစ်ဘူး။ ရေးမယ်ဆိုရင်လည်း တက္ကသိုလ် စာကြည့်တိုက်လိုနေရာကို သေချာသွား။ သတင်းစာဟောင်းတွေ မြန်ဆော့ပြီး အချက်အလက်တွေ တိုက်ဆိုင်ပြီး ရေးမှကောင်းမယ်' လို့ ဆိုပါတယ်။

အဲဒီကစလို့ ကျွန်တော် အရင်ရေးခဲ့ဖူးသလိုပါပဲ၊ ဆရာ့ကို ကိုဈာန်ရနဲ့ ကျွန်တော်က တက္ကသိုလ်စာကြည့်တိုက်မှာ အချိန်ယူလေ့လာပြီး စာတမ်းတစ်စောင်ရေးဖို့ ကားကြိုကားပို့ကအစ စီစဉ်ပေးပါတယ်။ အရေးထဲ ဒီဇင်ဘာလထဲမှာ ဦးသန့် အရေးအခင်းဖြစ်လို့ ကျွန်တော်တို့ အစီအစဉ် နားထားရသေးတယ်။ ၁၉၇၅ ဇန်နဝါရီလထဲ ကျမှ ဆရာဦးညိုမြ အလုပ်ပြန်စရတယ်။ ဖေဖော်ဝါရီလထဲမှာ ပြီးသွားပါတယ်။

ကျွန်တော့်ဆီက လက်နှိပ်စက် အဒေါ်ကြီးကို ကာဗွန်ခံပြီး ရိုက်ခိုင်းတာ ၃ စောင်လား ၄ စောင်လား ရပါတယ်။ ကျွန်တော့်ဆီ တစ်စောင်ချန်ပြီး ဆရာဦးညိုမြနဲ့ ကိုစျာန်ရကို ကျန်တဲ့ ကော်ပီတွေ ပေးလိုက်တယ်။ အခု သူတို့ မရှိတော့ပါဘူး။ ကိုစျာန်ရက ၁၉၈၃ မှာ အနောက်ဂျာမနီမှာ ပြည်ပြေးအဖြစ် ကွယ်လွန်သွားတယ်။

ကျွန်တော် ပြန်တွေ့တဲ့ ဘိရမာဝါးတားဂိတ်လို့ ဆရာ ခေါင်းစဉ်တပ်ထားတဲ့ စာတမ်းကို သကြံန်ရက်အတွင်း ကျွန်တော် ပြန်ဖတ်မိပါတယ်။ စာနယ်ဇင်း လွတ်လပ်ခွင့်ခေါင်းစဉ်နဲ့ပတ်သက်ပြီး ကျွန်တော်တို့ အရေးတကြီး လေ့လာဆွေးနွေး နေကြချိန်မှာ သည်စာတမ်းကို အရေးတကြီးကို ဖတ်ရှုလေ့လာသင့်တယ်လို့ ယူဆတဲ့ အလျောက် ပြည်သူ့ခေတ် အယ်ဒီတာအဖွဲ့ လက်သို့ အပ်လိုက်ပါတယ်။

ပြည်သူ့ခေတ်မှာ မဖော်ပြခင် စာမြည်းတချို့ကို ကောက်နုတ် ပေးလိုက်ချင်ပါတယ်။

'ဘိရမာဝါးတားဂိတ် ဆိုသည်မှာ အခြားမဟုတ်၊ ၁၉၄၈ ခု မြန်မာပြည် လွတ်လပ်ရေး ရပြီးခါစအချိန်တွင် အာဏာရအစိုးရပါတီဖြစ်သော ဖဆပလအဖွဲ့ဝင် များကိုယ်တိုင် သတင်းစာတိုက်များကို ဝင်ရောက် ရိုက်ချိုးကြသော သမိုင်းဝင် ဟိုးလေးတကျော် အမှုကြီးပင် ဖြစ်ပါသည်'

'(ထွန်းနေ့စဉ်) ဦးထွန်းဖေ - ဤတိုင်းပြည်သည် အရိုင်းအစိုင်း မဟုတ်ဘဲ သမိုင်းအမွေအနှစ်တို့နှင့် ပြည့်စုံ၏။ ဗုဒ္ဓယဉ်ကျေးမှု ထွန်းကားရာဖြစ်၏။ × × × သတင်းစာဆရာများထက် နိုင်ငံရေး ခေါင်းဆောင်များက ပို၍တာဝန်ရှိသည် မဟုတ်ပါလော။ သူတို့လို အပေါ်စီးရနေသူများ မသိမလိမ္မာသောအခါ အဘယ်မှာ ကောင်းနိုင်ပါတော့မည်နည်း'

'ဝန်ကြီး ဦးကျော်ငြိမ်း (စားပွဲကို လက်နှင့်ပုတ်ကာ) ခင်ဗျားတို့ သတင်းစာတွေက ဝန်ကြီးတစ်ယောက်ကို ချရစေတော့ဆိုပြီး သက်သက် စော်ကားတာဟု ဒေါ်နှင့် ပြော၏။ ဤတွင် မင်းရှင်စောကို ထပ်မံသတိရမိသူကား ကျွန်တော်(ညိုမြ)ဖြစ်ပါသည်'

'သတင်းစာဆရာအသင်း ဥက္ကဋ္ဌကြီး ဦးထွန်းဖေမှာ ထိုအချိန်က ဟံသာဝတီ သတင်းစာ၏ အယ်ဒီတာချုပ်ဖြစ်၏။ ဖဆပလအဖွဲ့ဝင်အဖြစ် ဟာသ်ာတအမတ်လည်း ဖြစ်ရာ သတင်းစာတိုက်များ ရိုက်ချိုးခံရချိန်တွင် ထိုအမတ်ရာထူးမှ နုတ်ထွက်လွှာကို ပါတီသို့ တင်ပို့လိုက်၏'

'သူကဲ့သို့ နုတ်ထွက်လွှာ တင်သွင်းသူ အခြား သတင်းစာဆရာမှာ ရန်ကုန် သတင်းစာမှ ဦးအောင်မြင့် ဖြစ်၏။ ဖဆပလ ဗဟိုဦးစီး အဖွဲ့ဝင်အဖြစ်မှ လည်းကောင်း၊ မီးရထားဘုတ်အဖွဲ့လူကြီးအဖြစ်မှ လည်းကောင်း နုတ်ထွက်လိုက်၏။ သူ၏ အကြောင်းပြချက်တွင် ဝန်ကြီးချုပ်ဦးနုသည် ဖဆပလအဖွဲ့တွင်း၌ မကောင်းသူတစ်စုဘက်မှ ပင်းနေခြင်းကြောင့် ဖက်ဆစ်ဝါဒ အသက်သွင်းရာတွင် အလိုတူ မဖြစ်လိုဟု ဆို၏'



'ဆရာမှိုင်းကြီး (သခင်ကိုယ်တော်မှိုင်း) က - မတ်လ ၁၂ ရက်နေ့က ဖြစ်ပျက်ခဲ့ခြင်းတောမှာရှိနေ၍ မသိရကြောင်း။ နောက်ရောက်လာတော့ သတင်းစာနဲ့ အစိုးရဖြစ်ပျက်ပုံကို သိရ၍ ပျက်စီးနေသော သတင်းစာတိုက်များကို သွားရောက်ကြည့်၍ ရင်ကွဲပက်လက် ဖြစ်ရကြောင်း။ ခွေးမသားတွေ ဖက်ဆစ် မုန်းတယ် မုန်းတယ်နဲ့ လက်စသတ်တော့ မဟာဖက်ဆစ်ဖြစ်နေပြီ။ အစိုးရထဲမှာ သခင်နုကို ကြည်ညိုပါတယ်။ သူကတော့ စိတ်ပုတီး အမြဲစိပ်နေလို့ တော်ရဲ့လို့ ထင်ရ၊ ယခုတော့ စိတ်ပုတီး စိပ်လွန်းပြီး ရူးများနေသလား မသိဘူး'

မိတ်ဆွေများ ခင်ဗျာ၊ စိတ်ဝင်စားစရာကောင်းလှတဲ့ သမိုင်းဝင် ဖြစ်ရပ်ကြီးတစ်ခု ဘာတ်ရှိန်တက်လာပုံနဲ့ ပြဿနာ ဖြေရှင်းဖို့ သတင်းစာဆရာများနဲ့ အစိုးရဘက်က ကြိုးစားကြပုံ၊ နောက်ဆုံးတော့ ပြန်ပေါင်းထုပ် ထမင်းစားပွဲကြီးနဲ့ ပြေပြေလည်လည် ဖြစ်သွားကြပုံတို့ကို ပြည်သူ့ခေတ် စာမျက်နှာများမှာ ဆက်လက် ဖတ်ရှုကြပါရန်။

**ပြည်သူ့ခေတ်ဂျာနယ်။**

*၁၉၊ ဧပြီ၊ ၂၀၁၂။*

*အတွဲ ၂၊ အမှတ် ၉၁။*

○

## အုပ်ချုပ်ရေးဝန်ထမ်းက ဒီမိုကရေစီကို လွှမ်းမိုးနေသလား

ကျွန်တော်တို့ တိုင်းပြည်မှာ ပြည်ထောင်စုအစိုးရရှိတယ်။ ပြည်နယ်နဲ့ တိုင်းဒေသကြီး အစိုးရတွေ ရှိတယ်။ သူတို့တွေ အာဏာခွဲဝေမှု ဘယ်လို အခြေအနေရှိသလဲ။ သမ္မတကြီး ဦးသိန်းစိန်အစိုးရ သက်တမ်းတစ်နှစ်ပြည့်ပြီးချိန်မှာ ကျွန်တော် တတ်နိုင်သလောက် လေ့လာကြည့်ပါတယ်။ပြည်နယ်နဲ့ တိုင်းဒေသကြီး အစိုးရတွေဟာ (စာရွက်ပေါ်က အခြေအနေမဟုတ်ဘဲ လက်တွေ့မှာ) ဘယ်လောက် အတိုင်းအတာအထိ ကိုယ်ပိုင် ဆုံးဖြတ်ပြဋ္ဌာန်းခွင့် ရှိသလဲ။ ဘယ်လောက် သီးခြားအာဏာရှိသလဲ။ အတော် စိတ်ဝင်စားဖို့ ကောင်းတယ်ဗျ။

### မြန်မာများက လွှမ်းမိုးအုပ်ချုပ်လို၍ မဟုတ်

အထူးသဖြင့် ပြည်နယ်တွေရဲ့ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေး အနေအထား များကို စောင့်ကြည့်မိတယ်ဗျာ။ ပင်လုံစာချုပ်မှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ တောင်တန်းဒေသ ခေါင်းဆောင်တွေ သဘောတူခဲ့ကြသလို၊ ဗိုလ်ချုပ်က 'တောင်တန်းနယ်များ မလွတ်လပ် သရွေ့ ဗမာပြည် လွတ်လပ်ပြီဟု မဆိုနိုင်ကြောင်း။ ဗမာများသည် တောင်တန်းလူမျိုးများကို ဓားတို့ဘာသာ အုပ်ချုပ်စေလိုကြောင်း။ ဗမာများသည် ရှမ်း၊ ကချင်၊ ချင်းတို့၏ ပြည်တွင်းရေးကို စွက်ဖက်မည် မဟုတ်ကြောင်း' ပြောကြားခဲ့သလို၊ 'ဤကဲ့သို့ လွတ်လပ်ရေးကို တစ်ပေါင်းတည်း ရယူလိုခြင်းမှာလည်း တောင်တန်းဒေသများကို မြန်မာများက လွှမ်းမိုးအုပ်ချုပ်လို၍ မဟုတ်မူဘဲ မြန်မာများနည်းတူ တောင်တန်းသား



များကိုပါ တစ်ပြိုင်တည်း တစ်ပါတည်း လွတ်လပ်စေချင်၍သာ ဖြစ်ပေသည်' ဆို အာမခံခဲ့သလို တကယ် အကောင်အထည်ပေါ်ခဲ့ရဲ့လားဆိုတာ ဆန်းစစ်ဖို့လိုမယ်ဗျာ။

### ဆက်ဆံပုံ လေးလေးစားစား မရှိ

ပြည်နယ်နဲ့ တိုင်းဒေသကြီးတချို့ကို သတင်းတာဝန်နဲ့ သွားရောက်ခဲ့တဲ့ သတင်းစာ ဆရာမိတ်ဆွေတချို့က သူတို့စိတ်ထဲ ဘဝင်မကျတဲ့ အချက်တစ်ချက်ကို ပြောတယ်။ အုပ်ချုပ်ရေးပိုင်း (ဝန်ထမ်း) တချို့ဟာ အချို့အချို့သော ပြည်နယ်နဲ့ တိုင်းဒေသကြီးများက အစိုးရအဖွဲ့ဝင်တွေကို ပညာပြနေသလိုလို၊ သူတို့ကပဲ အပေါ်စီးက ပြန်နိုင်းနေသလိုလို မြင်တွေ့ခံစားမိတယ်လို့ ဆိုတယ်ဗျ။ ပြည်ထောင်စု လွှတ်တော်မှာတောင် အာဏာရ ပါတီဘက်က မဟုတ်တဲ့ လွှတ်တော် အမတ်တွေကို အချို့အချို့သော ဝန်ထမ်းကြီး များက ဆက်ဆံပုံဟာ လေးလေးစားစား မရှိလှသလို မြင်တွေ့ခံစားမိသတဲ့ဗျာ။

### သတိဆွဲ အလေးပြုသူ

အဲဒီစကားကြားရတော့ ကျွန်တော် ပြုံးမိရင်း ၁၉၉၀ ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲရလဒ်တွေ ထွက်ပြီး နောက်တစ်နေ့ မြင်ကွင်းတစ်ခုကို သတိရလိုက်တယ်။ ကျွန်တော် နိုင်တယ်ဆိုတာ သိရပြီးတဲ့ နောက်နေ့မနက်မှာ မနက်စောစာ စားဖို့ ကျွန်တော့် အဖွဲ့တွေနဲ့ လက်ဖက်ရည်ဆိုင်သွားတယ်။ လမ်းမှာ မြို့နယ်က အဆင့်မြင့် အရာရှိကြီးတစ်ယောက်ကို သူ့နောက်လိုက် နောက်ပါတွေနဲ့ အတူ တည့်တည့်တိုးတယ်။ ကျွန်တော်က စည်းရုံးရေးအပြုံးနဲ့ သူ့ကို လှမ်းကြည့်တယ်။ သူက ရုတ်တရက် သတိဆွဲလိုက်ပြီး အလေးပြုပါလေရောလား။ ကျွန်တော်ကလည်း ပြုံးပြုံးရွှင်ရွှင်နဲ့ ပြန်နှုတ်ဆက်လိုက်ပါတယ်။ ကျွန်တော့်အဖွဲ့တွေကတော့ သဘောအကျကြီး ကျနေကြ တာပေါ့။ ကျွန်တော်ကလမ်းမှာ ပြောပြရတယ်။ 'စောင့်ကြည့်ကြပါဦး။ ကျွန်တော်တို့ အခြေအနေတစ်မျိုး ပြောင်းသွားရင် ဒီဆရာ အချိုးတစ်မျိုး ပြောင်းဦးမှာပဲ' လို့ ပြောလိုက် တာပါ။ ကျွန်တော့်ပါးစပ်ပုပ်နဲ့ ပြောမိတာ ဒက်ထိမှန်ခဲ့တာပဲ။

### အမတ်တစ်ယောက် လေ့လာသင့်တာတွေ

သည်ကြားထဲ ကျွန်တော်က ပြည်သူ့လွှတ်တော်အမတ်အဖြစ် ရွေးကောက် တင်မြှောက်ခံ ထားရသူအနေနဲ့ လုပ်သင့်တာတွေ လုပ်ထားရမယ်ဆိုပြီး ကျွန်တော့်မဲဆန္ဒနယ်အတွင်း အောက်ပါတို့ကို လေ့လာဖို့ ကြိုးစားပါတယ်။

၁။ တစ်ရွာနဲ့တစ်ရွာ ဆက်သွယ်ရေးလမ်းတွေ ပျက်စီးနေတာ ဘယ်လောက်များသလဲ။ လမ်းတွေ ပျက်နေခြင်းကြောင့် ပြည်သူတွေ ဘယ်လောက် အတိဒုက္ခရောက်နေသလဲ။

၂။ စာသင်ကျောင်း မရှိတဲ့ရွာ ဘယ်လောက်များသလဲ။ ကျောင်းမရှိတဲ့ ရွာက ကလေးတွေ ပညာရေး ဘယ်လို စခန်း သွားနေရသလဲ။

၃။ ကျေးရွာ ကျန်းမာရေးဆေးပေးခန်း မရှိတဲ့ရွာ ဘယ်လောက် များသလဲ။ ဆေးပေးခန်းရှိရင် ဆရာဝန်ကော ရှိရဲ့လား။ ရှိတဲ့ ဆရာဝန်က ရွာမှာနေရဲ့လား။ လစ်လစ် နေသလား။ သားဖွားဆရာမတွေ ရှိရဲ့လား။

၄။ မဲဆန္ဒနယ်ထဲက ရွာတွေမှာ စာကြည့်တိုက် မရှိတဲ့ ရွာ ဘယ်လောက်များသလဲ။ စာကြည့်တိုက် ဖွင့်ရင် စာဖတ်ချင်တဲ့ လူကြီးလူငယ် အင်အား ဘယ်လောက်ရှိသလဲ။

၅။ ရွာထဲမှာ အလုပ်မရှိ တစ်ရေးကိုး တစ်ရေးတစ်ဆယ်လုပ်နေတဲ့ ဘွဲ့ရအလုပ်လက်မဲ့ လူငယ် ဘယ်လောက်များသလဲ။ သူတို့အတွက် မဲဆန္ဒနယ်ထဲမှာ အလုပ်အကိုင် အခွင့်အလမ်း ဘာတွေ ရှိသလဲ။

၆။ မြေလွတ်မြေရိုင်း ဘယ်လောက်ရှိသလဲ။ လယ်မဲ့ယာမဲ့ ဘယ်လောက်များသလဲ။ လယ်ယာမြေတွေ မတရားအသိမ်းခံရတာ ရှိသလား။

၇။ မြို့နယ်နဲ့ ကျေးရွာ အုပ်ချုပ်ရေး တာဝန်ရှိသူတွေအပေါ် လူထုက ကျေနပ်မှုရှိရဲ့လား။ မကျေနပ်ဘူးဆိုရင် ဘယ်လို ကဏ္ဍတွေမှာ မကျေနပ်တာလဲ။

၈။ မြို့နယ်ထဲမှာ လောင်းကစားမှုတွေ ဘယ်လောက်များသလဲ။ ဘယ်လို ထိန်းကွပ် သလဲ။

စတဲ့ စတဲ့ မေးခွန်းတွေကို ကျွန်တော်ကရေးပြီး မိတ္တူတွေ ပွားကာ ရွာတွေက စုံစမ်း ဖော်ထုတ်ပေးမယ့် ရဲဘော်တွေဆီ ပို့ပေးတယ်။ အမတ်တစ်ယောက်အနေနဲ့ ကိုယ့်မဲဆန္ဒနယ်ထဲက သိသင့်သိအပ်တဲ့ အခြေအနေတွေကို မှတ်တမ်းတင်ဖို့ စီစဉ်တာပါ။ အခြေအနေမှန်တွေ သိရင် ကိုယ်တိုင် ဆောင်ရွက်ပေးနိုင်တာ ဆောင်ရွက်ပေးမယ်။ မဆောင်ရွက်ပေးနိုင်တာကို အကူအညီရှာမယ်။ အဲဒီစေတနာနဲ့ လုပ်ခဲ့တာပါ။

## ရန်သူလို သဘောထားလိုက်ပြီ

သို့ပေမဲ့ ဘာတစ်ခုမှ ရှေ့ဆက်လှေ့လာလို့ မရတော့ပါဘူး။ အခု သူတို့က ကျွန်တော့်ကို ရန်သူလို သဘောထားလိုက်ပြီလေ။ အလေးပြုတဲ့နေ့ကနေ ရေတွက်ရင် ၂ လခွဲပဲ ကြာပါတယ်ဗျာ။ ခုတော့ အဲဒီလို စုံစမ်းမေးမြန်းမှုတွေ လုံးဝ မလုပ်ရဘူးလို့ အာဏာ ပြတာ ခံရပါလေရောလား။ အဲဒီကနေ နောက်သုံးလလောက်ပဲ ကြာတယ်။ အမတ်မင်းခမျာ ရေကြည်အိုင်ကတစ်ဆင့် အင်းစိန်ကို ရောက်သွားတာပါပဲ။

## ဝန်ထမ်းကို ပြန်ကြောက်ရမယ့်ကိန်း

အဲသလို အမြော်အမြင်ကြီးတဲ့ အုပ်ချုပ်ရေးဝန်ထမ်း မျိုးဆက်ဟာ နှစ်ပေါင်း ၂၀ ကျော်ကြာပြီးတဲ့တိုင် အားကောင်းနေတုန်းပဲဗျ။ တိုင်းဒေသကြီးအချို့နဲ့ ပြည်နယ်အချို့က



အစိုးရအဖွဲ့ဝင်အချို့ဟာ အုပ်ချုပ်ရေးဝန်ထမ်းလက်ထောက်ပြတဲ့ နေရာမှာ လက်မှတ်ထိုး ပေးနေရတယ်။ အမတ်မင်းအချို့နဲ့ ဝန်ကြီးအချို့ဟာ အုပ်ချုပ်ရေး ဝန်ထမ်းကို ပြန်ကြောက်ရမယ့်ကိန်း ဆိုက်နေသလိုလို၊ သူတို့နဲ့ ဖက်ပြီး နင်ပဲငဆ ရန်ဖြစ်ရမလိုလို ကြုံနေရသတဲ့ဗျာ။ (ပွင့်ပွင့်လင်းလင်း ပြောရရင် ဝါးလုံးရှည်နဲ့ သိမ်းရမ်းတယ် အပြော ခံရမှာစိုးလို့ အချို့အချို့လို့ ထည့်ရေးနေတာပါ။ တကယ်ကတော့ နေရာ အတော်များများ မှာ အဲသလို ဖြစ်နေတာလို့ သိရတယ်ဗျ။)

ဒီမိုကရေစီဆိုတာ ဗျူရိုကရေစီကို ကျုံ့ပစ်ရမှာဗျ။ ဗျူရိုကရေစီကို ကြီးထွားအောင် ဘယ်နည်းနဲ့မှ အားမပေးသင့်ဘူး။ ဗျူရိုကရေစီကို လိုအပ်သလောက်ပဲ အသုံးချရမှာဖြစ်ပြီး ဒီမိုကရေစီ နယ်ပယ်ကိုသာ ပို၍ ကျယ်ပြန့်အောင် ချဲ့ထွင်ရမှာ ဖြစ်ကြောင်းပါဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်။**

*၂၇၊ ဧပြီ၊ ၂၀၁၂။*

*တွဲ ၂၊ အမှတ် ၉၂။*

# နောက်ကြောင်းပြန်နိုင်သေးသလားလို့ မေးလာရင်

ဒီနေ့ခေတ် နိုင်ငံရေးပါတီတွေဟာ အိုင်ဒီယော်လော်ဂျီလို့ ခေါ်တဲ့ သဘောတရားရေးတွေကို သိပ်မပြောကြတော့ဘူး။ ဒီမိုကရေစီနဲ့ ဈေးကွက်စီးပွားရေးဆိုတာကိုပဲ တွင်တွင် ပြောတတ်ကြတယ်။ မြန်မာနိုင်ငံမှာ လောလောဆယ် ရပ်တည်နေတဲ့ နိုင်ငံရေးပါတီထဲမှာ ဆိုရှယ်လစ်စနစ် တည်ဆောက်ရေးကို ရှေးရှုပါတယ်လို့ ကြွေးကြော်တဲ့ပါတီ တစ်ခုတလေမှ မတွေ့ရပါဘူး။ အလားတူပဲ တစ်သွေးတစ်သံ တစ်မိန့်အာဏာရှင်စနစ်နဲ့ သွားမှသာ နိုင်ငံ ထိပ်တန်းရောက်မယ်လို့ အာဘောင်အာရင်းသန်သန် ပြောဝံ့သူလည်း တစ်ယောက်မှ မတွေ့ပါဘူး။

မကြာသေးခင် ကာလတစ်ခုအထိ မြန်မာနိုင်ငံ အကြောင်း ရေးသားတဲ့ နိုင်ငံခြား သတင်းဆောင်းပါးတွေထဲမှာ နောက်ကြောင်းပြန်ဖို့ ရှိသေးသလား။ နောက်ပြန်လှည့်နိုင်မလားလို့ စောကြော ဝေဖန်တာတွေ ဖတ်ရပါတယ်။ ကျွန်တော်က ပြောချင်လွန်းလို့ ဆောင်းပါးတစ်ပုဒ်ကို 'တစ်မိန့် တစ်အာဏာစနစ် တော်ပါပြီ တန်ပါပြီ' လို့ ခေါင်းစဉ်တပ်ပြီး ရေးလိုက်တာ ယောင်ကောင်က နိုင်ငံရေးလေ့လာသူ ပညာရှင်တစ်ယောက်က သဘောကျလွန်းလို့ ဆိုပြီး အင်္ဂလိပ်လို ဘာသာပြန်တယ်။ ပြီးတော့ သူ့မိတ်ဆွေ အတော်များများဆီ အီးမေးလ်နဲ့ ဖြန့်ဝေတယ်။ ဖတ်မိသူတွေထဲက တချို့က ကျွန်တော့်ဆီ လှမ်းမေးကြတယ်။ ကျွန်တော့်ကို နောက်ကြောင်းမပြန်ဘူး ဆိုတာ လောင်းရဲလားလို့ စိန်ခေါ်သူ အမျိုးသမီးတစ်ယောက်လည်း ပါတယ်။ ကျွန်တော်က အလောင်းအစား ဝါသနာ မပါပေမယ့် အဲဒီအမျိုးသမီးကို မခံချင်စိတ်နဲ့ အရင်တစ်ခါ လောင်းဖူးတယ်။



၂၀၁၁ ဇန်နဝါရီလလောက်ကပါ။ သမ္မတ ဘယ်သူဖြစ်မလဲဆိုတာကို လောင်းခဲ့ကြတာ။ သူရော ကျွန်တော်ရော လွဲတယ်။ ခုတစ်ခါတော့ ကျွန်တော်က မလောင်းတော့ပါဘူး။ သူ့ကို လစ်ဘရယ်ဒီမိုကရေစီဆီ မလွဲမသွေ ဦးတိုက်လာခဲ့ကြတဲ့ နိုင်ငံတချို့ အတွေ့အကြုံကို ရေးပို့လိုက်ပါတယ်။

## အလဲအထပ် လုပ်ကြရတယ်

တောင်ကိုရီးယားနိုင်ငံဟာ အာဏာရှင် ဗိုလ်ချုပ်ကြီးဟောင်း ပတ်ချုံဟီးလက်ထက်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု စတင် အရှိန် ရလာခဲ့တာဖြစ်ပေမယ့် အခုအချိန်မှာ လစ်ဘရယ် ဒီမိုကရေစီ တင်းပြည့်နီးပါးရှိနေတဲ့ နိုင်ငံတစ်ခု ဖြစ်နေပြီ။ စင်ကာပူနဲ့ မလေးရှားတို့ကလည်း လီကွမ်ယုနဲ့ မဟာသီယာ မိုဟာမက်တို့ နောက်ပိုင်းမှာ လစ်ဘရယ်ဒီမိုကရေစီစနစ်ဘက်ဆီသို့ တစ်စ တစ်စ ပိုမို လျင်မြန်စွာ ချိုးကွေ့လာနေပြီ ဖြစ်တယ်။ ဗီယက်နမ်က သူ့ရဲ့ စီးပွားရေး အောင်မြင်မှုကို ဆက်ထိန်းထားနိုင်ဖို့ အာဏာရှင်စနစ်နဲ့ ဒီမိုကရေစီ စနစ်ကို မဖြစ်မနေ အလဲအထပ် လုပ်ရတော့မယ့် အခြေအနေနဲ့ ရင်ဆိုင်နေရပြီး နိုင်ငံရေးသဘောတရား ဆန်းစစ် ဝေဖန်သူတွေကို မျက်စိလည်သွားစေခဲ့ဖူးတဲ့ တရုတ်နိုင်ငံကြီးဟာလည်း ပုလင်း လည်ပင်းနဲ့တူတဲ့ 'ဒီမိုကရေစီ မှန်းကျပ်မှတ်' နားဆီသို့ တရွေ့ရွေ့တိုးတက်ရောက်ရှိလာနေပြီဖြစ်တာကြောင့် မကြာခင် ထွက်ပေါ်လာမယ့် မျိုးဆက်သစ်ခေါင်းဆောင်စု မဟုတ်ရင်တောင် သူတို့နောက်မှာ ပေါ်လာမယ့် ခေါင်းဆောင်စု တစ်စုစုဟာ စစ်မှန်တဲ့ လစ်ဘရယ် ဒီမိုကရေစီ စနစ်နဲ့ နိုင်ငံမတည်ငြိမ်မှု၊ အဲဒီနှစ်ခုထဲက တစ်ခုခုကို မဖြစ်မနေ ရွေးရတော့မယ့် အခြေအနေကို အနေးနဲ့အမြန် ရောက်ရှိလာတော့မယ်လို့ ပညာရှင်အချို့က သုံးသပ်ပြောဆို ရေးသားနေကြတယ်ဗျ။

## ပွင့်လင်း လူ့အဖွဲ့အစည်း

အဲဒီတော့ ဒီမိုကရေစီ ထူထောင်ရေးလမ်းကြောင်းကို ရွေးထားပြီး ဖြစ်တဲ့ ကျွန်တော်တို့ နိုင်ငံအနေနဲ့ ကျွန်တော်တို့ရဲ့ ကိုယ်ပိုင်သမိုင်း အတွေ့အကြုံအရရော နိုင်ငံတကာ (အထူးသဖြင့် အာရှတန်ဖိုးလို့ တစ်ချိန်က ဝင့်ကြွားခဲ့ကြတဲ့ ဒေသတွင်း နိုင်ငံတွေရဲ့) အတွေ့အကြုံတွေ အရပါ မဖိုတ်မသုံ ဆက်လုပ်ဖို့ကတော့ ဒီမိုကရေစီစနစ် ဖွံ့ဖြိုးသထက် ဖွံ့ဖြိုး၊ စည်ပင်သထက် စည်ပင်လာအောင် ကြိုးပမ်းတည်ဆောက်ကြဖို့ပဲ ဖြစ်တယ်ဗျ။ အဲသလို တည်ဆောက်တဲ့ နေရာမှာ နိုင်ငံရဲ့ အပေါ်ပိုင်း အလွှာဖြစ်တဲ့ အုပ်ချုပ်ရေး ဥပဒေပြုရေးနဲ့ တရားစီရင်ရေးဆိုတဲ့ အဓိကမဏ္ဍိုင်ကြီးသုံးရပ် တစ်ခုနဲ့တစ်ခု အပြန်အလှန် စစ်ဆေးထိန်းကျောင်းတဲ့နည်းလမ်းနဲ့ လွတ်လပ် အမှီအခိုကင်းစွာ

ရပ်တည် သွားနိုင်ရေးကို တာဝန်ရှိသူတွေက လုပ်ဆောင်နေကြတဲ့ တစ်ချိန် တည်းမှာ နိုင်ငံရဲ့အောက်ပိုင်းအလွှာဖြစ်တဲ့ အခြေခံ ပြည်သူလူထုကြီး ကလည်း ဒီမိုကရေစီစနစ်ရဲ့ အခြေခံအုတ်မြစ်တစ်ခုဖြစ်တဲ့ 'ပွင့်လင်း လူ့အဖွဲ့အစည်း' (open Society)ကို အားသွန်ခွန်စိုက် တည်ဆောက်နေကြရမှာ ဖြစ်တယ်ဗျာ။

အားတက်စရာ ကောင်းတာကတော့ အစပိုင်းမှာ စိုးရိမ် ပူပန်မှုတွေ ရှိခဲ့ကြရပေမယ့် အခုအချိန်မှာ အဲဒီဖြစ်စဉ်နှစ်ခုစလုံးဟာ ဟန်ချက်ညီညီ ရှေ့ကို တိုးသွားနေတာကို မြင်နေရခြင်းပဲဖြစ်တယ်ဗျ။ မဏ္ဍိုင်ကြီး ၃ ရပ် အထူးသဖြင့် အုပ်ချုပ်ရေးမဏ္ဍိုင်နဲ့ ဥပဒေပြုရေး မဏ္ဍိုင်အကြား အပြန်အလှန် စစ်ဆေး ထိန်းညှိမှုစနစ် တစ်နေ့တခြား ပိုမို ပီပြင်လာနေတာကို တွေ့မြင်နေရတဲ့ တစ်ချိန်တည်းမှာ ပြည်သူ လူထုအတွင်း ပွင့်လင်း လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာရေး လှုပ်ရှားမှုတွေကလည်း အရှိန်ရစ ပြုလာနေတာကို တွေ့နေရတယ်ဗျ။

## ရှစ်ဆယ့်ရှစ်တွေရဲ့အရပ်ဘက်အဖွဲ့အစည်း

ကျွန်တော်တို့ နိုင်ငံမှာ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုတွေကို တကယ်တမ်း လုပ်လာတဲ့ အချိန်ဟာ အင်မတန်မှ တိုတောင်းလှသေးပေမယ့် ဒီမိုကရေစီရဲ့ အခြေခံအင်္ဂါရပ် တစ်ခုဖြစ်တဲ့ လူထုအခြေပြု အရပ်ဘက်အဖွဲ့အစည်းတွေ တစ်ခုပြီးတစ်ခု အပြိုင်းအရိုင်း ပေါ်ပေါက်လာနေသလို နှစ်ရှည် အကျဉ်းစံများအဖြစ်မှ ပြန်လည် လွတ်မြောက်လာခဲ့ကြတဲ့ ရှစ်ဆယ့်ရှစ် မျိုးဆက်ကျောင်းသား ခေါင်းဆောင်တွေကလည်း သူတို့ ကတိအတိုင်း ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးရဲ့ သော့ချက်ကီစွတစ်ခုဖြစ်တဲ့ ပွင့်လင်း လူ့အဖွဲ့ အစည်းတစ်ရပ် ပေါ်ပေါက်လာရေးကို မရပ်မနား ကြိုးပမ်းနေကြတာ တွေ့ရလို့ ပြည်သူတွေနဲ့အတူ ကျွန်တော်တို့တွေလည်း ရွှင်လန်းဝမ်းမြောက် အားတက်မိတယ်ဗျာ။ လတ်တလော ပေါ်ပေါက်နေတဲ့ မြန်မာ့နိုင်ငံရေး အခင်းအကျင်းနဲ့ ဆက်စပ်မှုလည်း ရှိ၊ သီးခြား ကင်းလွတ်မှုလည်းရှိတဲ့ သူတို့ရဲ့ တီထွင်ဖန်တီး ဦးဆောင်အစပျိုး လုပ်ကိုင် နိုင်စွမ်းအတွက်လည်း လေးစား ချီးကျူးပါတယ်ဗျာ။

## ဘေးရောက်သွားတဲ့မေးခွန်း

ဒါပေမဲ့ လုပ်စရာတွေကတော့ အများကြီး အများကြီးရှိနေပါသေးတယ်။ အထူးသဖြင့် ဒီမိုကရေစီဆိုတာ ပြည်သူလူထုရဲ့ ဆန္ဒနဲ့ကိုက်ညီတဲ့ အုပ်ချုပ်မှုစနစ် ဖြစ်တဲ့အတွက် နိုင်ငံရေးရပ်ဝန်းထဲသို့ ပြည်သူအများစုကြီး ရောက်ရှိလာတာနဲ့အမျှ နောက်ကြောင်း ပြန်လှည့် ဦးလေမလားဆိုတဲ့ မေးခွန်းဟာ ဘေးရောက်သွားပြီလို့ ပြောရတော့မှာ ဖြစ်ကြောင်းပါ။



ကျွန်တော်ကတော့ နောက်ကြောင်းပြန်လှည့်မှာကို လုံးဝ မစိုးရိမ်ပေမယ့် ဖိလစ်ပိုင်တို့ ကမ္ဘောဒီးယားတို့လို ဖြစ်သွားမယ့် အလားအလာကိုတော့ ပူပန်နေမိတယ်ဗျ။ ဖိလစ်ပိုင်ဆိုရင် မစ္စက် အာကီနို လက်ထက်ကစလို့ ဒီမိုကရေစီပီပြင်နေခဲ့တာပဲ မဟုတ်လား။ သို့ပေမဲ့ သူ့နောက်ပိုင်းသမ္မတ ဘယ်နှဆက်များ ရှိသေးလို့လဲ။ ရုပ်ရှင် မင်းသား အက်စထရာဒါသမ္မတ တက်ဖြစ်ပြီး လာဘ်စားမှုတွေနဲ့ ထောင်ကျတယ်။ နောက်သမ္မတ တစ်ယောက် (အာရိုယို) အာဏာ အလွဲသုံးစားမှုတွေနဲ့ အရေးယူခံရတယ်။

## ဒီမိုကရေစီသူငယ်နာ မစင်ရင်

ဒီမိုကရေစီသူငယ်နာမစင်ဘူးဆိုတဲ့ စကားလုံး ထွင်သုံးကြည့်ချင်တယ်ဗျာ။ ဒီမိုကရေစီ သူငယ်နာ မစင်သည်လိုနဲ့ တိုင်းပြည်မှာ ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲတွေတော့ ရှိနေပါရဲ့ သို့ပေမဲ့ အရည်အချင်းပြည့်ဝတဲ့ နိုင်ငံရေး ခေါင်းဆောင်တွေ ဆုတ်ယုတ်သွားပြီး မသူတော်တွေ ခေတ်ကောင်းချိန် ဖြစ်လာတတ်တယ်ဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်။**

*၄၊ မေ၊ ၂၀၁၂။*

*အတွဲ ၂၊ အမှတ် ၉၃။*

○

## မနားပါနဲ့ဦးလို့ တားထားရမယ့် ခေါင်းဆောင်တွေ လိုအပ်နေချိန်

ဒီရက်ပိုင်းအတွင်း ကြားသိရတဲ့ သတင်းတွေက တိုင်းပြည်အတွက် အရေးကြီး တယ်လို့ ပြောနိုင်တဲ့ သတင်းတွေ ဖြစ်နေတယ်ဗျ။ ကြားသိရတယ် ဆိုတာက ပြည်ပမီဒီယာတွေနဲ့ အင်တာနက် အွန်လိုင်းတွေမှာ ပလူပျံနေတဲ့ သတင်းတွေကို ဖတ်ရှုနားထောင်ရတာပါဗျာ။ ပြည်တွင်းသတင်းမီဒီယာတွေမှာ ကြားလည်း မကြားရ ဖတ်လည်း မဖတ်ရပါဘူးဗျ။

### တစ်ဆင့်ခံပြောလို့မရ

သတင်းတွေက မြန်မာနိုင်ငံအတွက် သေရေးရှင်ရေး အရေးကြီးတယ်လို့ မဆိုချင်ရင် တောင်မှ တော်တော်ကလေး အရေးကြီးတယ်လို့ အဆင့်သတ်မှတ်လောက်တဲ့ သတင်းတွေ ဖြစ်နေတယ်ဗျာ။ အဲဒီသတင်းတွေကို ပြည်ပမီဒီယာတွေမှာ ဒီလို ဒီလို ရေးနေပြောနေကြပါတယ်လို့ တစ်ဆင့်ခံသတင်းအဖြစ် ဖော်ပြခဲ့တဲ့ ပြည်တွင်းသတင်းဂျာနယ်အချို့ဟာလည်း သတိပေးခံရတယ်လို့ ကြားရပြန်တယ်ဗျ။

### ဦးသန့် နားတော့မယ်ဆိုတော့

ကျွန်တော်က အဲဒီအခြေအနေတွေကို မသိရခင် ဖြစ်ပေါ်နေတဲ့ သတင်းအချို့နဲ့ ပတ်သက်လို့ ကျွန်တော့်အမြင် ကျွန်တော့်အာဘော်ကို ရေးထားပါတယ်။ ၁၉၇၁ ခုနှစ်တုန်းက ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၊ မြန်မာ့ဂုဏ်ဆောင် ဦးသန့် အနားယူတော့မယ်ဆိုတဲ့ သတင်းထွက်လာတော့ ရွှေတူဂျာနယ်က ကျွန်တော့် ကော်လံကနေ 'ဦးသန့် နေပါဦး။ မနားပါနဲ့ဦး' လို့ ရေးခဲ့ဖူးတာနဲ့ အစပျိုးထားတယ်။ ဦးသန့်က သူ့အရင် အတွင်းရေးမှူးချုပ် ကွန်ဂို ငြိမ်းချမ်းရေး ဆောင်ရွက်ရင်း လေယာဉ်ပျက်ကျ သေဆုံး



...လို့ ဆက်ခံတာဝန်ယူရသူ ဖြစ်ပါတယ်။ အဲဒီ ရာထူးသက်တမ်း ကုန်ဆုံးသွားတော့ ...သန့်ကိုပဲ အတွင်းရေးမှူးချုပ်အဖြစ် ဆက်ပြီး တင်မြှောက်ကြတယ်။ အဲဒီတော့ ...မသက်တမ်းပြီးဆုံးချိန်မှာ ဒုတိယ သက်တမ်းအတွက် ဆက်အရွေးခံရင် သူ့ကိုပဲ ...ကြမယ်ဆိုတာ သေချာပေမယ့် ဦးသန့်က အနားယူတော့မယ်၊ အရွေးမခံတော့ဘူးလို့ ...ပ်အမြွက် ထုတ်ဖော် ပြောဆိုပါတယ်။ အဲဒီအချိန် ဦးသန့်အနေနဲ့ ကုလသမဂ္ဂ ...တွင်းရေးမှူးချုပ် ရာထူးမှာ ဆက်နေပါဦး။ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဆက်လက် ...လုပ်အကျွေး ပြုပါဦးလို့ မြန်မာသတင်းစာ ဆရာတစ်ယောက် အနေနဲ့ ကျွန်တော့် ...ဘောထားကို ထုတ်ဖော်တင်ပြခဲ့တာပါ။ နောက်ဆုံးတော့ ဦးသန့်က သူ့ဆုံးဖြတ်ချက် ...တိုင်းပဲ အနားယူလိုက်ပါတယ်။ မည်သို့ရှိစေ၊ ဦးသန့် မနားပါနဲ့ဦးလို့ ကျွန်တော့် ...ကို ထုတ်ဖော်ခွင့်တော့ ရခဲ့ပါတယ်။

### ...လွန်းဘတ်သတင်းနဲ့ ပတ်သက်လို့

...လည်း အမေရိကန်က ဘလွန်းဘတ်စီးပွားရေးသတင်းစာမှာ ဖော်ပြခဲ့တဲ့ သတင်းနဲ့ ...သက်လို့ ကျွန်တော်က မိမိအမြင်ကို တင်ပြချင်တယ်။ ကျွန်တော်တို့ နိုင်ငံဟာ ...င် ပြောင်းလဲရေးများစွာကို အကောင်အထည်ဖော်နေရဆဲ အနေအထားမှာ ...တယ်။ အရင်တစ်ခေတ်က အသုံးအနှုန်းနဲ့ ပြောရရင် အသွင်ကူးပြောင်းရေးကာလမှာ ...ဆဲပါ။

ဟိုတုန်းကတော့ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ရဲ့ ပန်းတိုင်ဆီကို သွားနေတဲ့ ...သွင်ကူးပြောင်းရေးပေါ့ဗျာ။ ခုတော့ ဒီမိုကရေစီ နိုင်ငံတော် ပန်းတိုင်ဆီကို သွားနေတဲ့ ...သွင်ကူးပြောင်းရေးပေါ့။

### ...လိန်မှူးရှိနေဖို့ လိုတယ်

...လမ်းကြောင်းပေါ် စတင် တက်လှမ်းချိန်ကစပြီး ပဲ့ကိုင်လာခဲ့တဲ့ မာလိန်မှူးဟာ ...တိုင်ကို ရောက်ဖို့စိတ်ချရတဲ့ အချိန်တစ်ခုအထိ ပဲ့စင်ပေါ်မှာ ရှိနေဖို့ လိုတယ်။ ...င်တာဝန်ကို မထမ်းဆောင်နိုင်လောက်အောင် ယိမ်းယိုင်ယိုယွင်းခြင်း မရှိသမျှ ...လပတ်လုံး ပဲ့ကိုင်ခွင့်ရှိတဲ့ အချိန်ကာလ သက်တမ်းအပြည့် ဆက်လက် တာဝန်ယူဖို့ ...မနေ လိုအပ်တယ်။ သို့မှသာ တာဝန်ကျေပွန်တယ်လို့ ဆိုနိုင်မှာ ဖြစ်ပါတယ်။

### ...ည်သူတွေ နိုးကြားနေချိန်

...တော်တို့တိုင်းပြည်ဟာ ယနေ့အချိန်အခါမှာ တိုင်းသူပြည်သားတွေ နိုင်ငံရေး ...ားနေချိန် ဖြစ်ပါတယ်။ နိုင်ငံရေး အမြင်ကျယ်လာချိန် ဖြစ်ပါတယ်။ လမ်းပေါ်ထွက်တဲ့

နိုင်ငံရေး လှုပ်ရှားမှု အကြောင်းကို သိပ်မပြောကြတော့တာ သတိထားမိတယ်။ မြန်မာပြည် ဒီမိုကရေစီအရေးကို အားပေးအားမြှောက် ပြုခဲ့ကြတဲ့ ဒီမိုကရေစီ ရှေ့နေ နိုင်ငံကြီးတွေကတောင် လက်ရှိ အစိုးရဖြုတ်ချရေး (regime change) ဆိုတဲ့ အသံ လုံးဝ မထွက်တော့တဲ့အချိန် ဖြစ်ပါတယ်။ အစိုးရနဲ့ အတိုက်အခံတွေ တိုင်းပြည်နဲ့လူမျိုး အကျိုးစီးပွားအတွက် တူရာ တူရာတွေမှာ ပူးပေါင်း ဆောင်ရွက်ကြတာကို ကမ္ဘာက ဝိုင်းဝန်း အားပေးနေကြချိန် ဖြစ်ပါတယ်။ နောက်ကြောင်းပြန်လှည့်ဖို့ဆိုတာကို နားဝယ်လေသံမျှတောင်' မကြားလို မနာလို'တဲ့ အချိန်ကာလဖြစ်ပါတယ်။

## အစိုးရလွှတ်တော် အတိုက်အခံ

သည်လိုအချိန်အခါမျိုးမှာ အစိုးရ၊ လွှတ်တော်၊ အတိုက်အခံ သုံးဌာနလုံးမှာ တိုင်းပြည် လူထုအများစုက ယုံကြည်လေးစားအားထားတဲ့ အရည်အချင်းပြည့် ခေါင်းဆောင်တွေ အထူးလိုအပ်နေပါတယ်။ ယင်းသုံးဌာနရဲ့ ရှိရင်းစွဲ ခေါင်းဆောင် တွေဟာ လက်တွေ့ ရင်ဆိုင်ကြုံတွေ့ရတဲ့ ပြဿနာတွေကို ဖြေရှင်းရင်း မဆိုးစိုင်သင် အနေအထားကနေ ကျွမ်းကျင်ရင့်ကျက်သူတွေ ဖြစ်လာနေပါတယ်။ သူတို့ဟာ လုံလောက်တဲ့ လေ့လာ ဆည်းပူးမှု ကာလတစ်ခုကို ဖြတ်သန်းပြီးရင် စံမီတန်းမီ ခေါင်းဆောင်တွေ ဖြစ်လာကြမှာပါ။ တိုင်းပြည်ဘက်ကကြည့်ရင် အရည်အချင်းလည်းရှိ ပြည်သူအများ ယုံကြည်ကိုးစားမှု ကိုလည်း ခံယူရရှိထားသူတွေဟာ ပြည်သူတွေ လိုလားသမျှ ကာလ သတ်မှတ်ချက်အတိုင်း တာဝန်ထမ်းဆောင်သင့်ပါတယ်။ ပြည်သူက မလိုလားဘူး ဆိုရင်တော့ ကုလားတွေ ပြောတဲ့စကားလို 'ဂျာလ တီးရှောင်း' အမြန်ဆုံး သွားပါတော့ပဲပေါ့။

ကောလာဟာလထွက်တဲ့ သတင်းတချို့ထဲမှာ ဂျာလတီးရှောင်း ဖြစ်စေချင် သူတွေနဲ့ ပတ်သက်လို့လည်း ပိုပိုသာသာ ပြောတာတွေ ပါတာ တွေ့ရတယ်ဗျ။

လူသတင်း လူချင်းဆောင်တယ်ဆိုတာ မယုံမရှိနဲ့ဗျ။ ကောင်းသတင်းထက် မကောင်းသတင်းက ပိုမြန်တတ်တယ်။ မကောင်းသတင်းနဲ့ ကျော်စောသူကို ကျတော့ မြန်မြန်သွားလေ ကောင်းလေလို့ ပြောကြပြန်ရောဗျာ။

မေတ္တာထားသူအပေါ်ကျတော့ 'ဦးသန့်နေပါဦး မနားပါနဲ့ဦး'လို့ ကျွန်တော် ရေးခဲ့ဖူးတဲ့ လေသံမျိုးနဲ့ ပြောနေကြပြန်တယ်ဗျ။

ကျွန်တော်တို့တိုင်းပြည်မှာ 'ဆက်နေပါဦး၊ မနားပါနဲ့ဦး'လို့ ပြည်သူအများက လိုလိုလားလား၊ တောင်းဆိုခြင်းခံရတဲ့ ခေါင်းဆောင်တွေ များများ ပေါ်ထွန်း လာစေချင် ကြောင်းပါဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်**

*၁၁၊ မေ ၂၀၁၂*

*အတွဲ ၂၊ အမှတ် ၉၁*

## သမ္မတမိန့်ခွန်းထဲက ရွှေခံနှစ်ခု

ဒီအပတ် ပထမဆုံး ပြောချင်တာကတော့ အမှားပြင်ဆင်ချက်ပါ။ ယခင်အပတ်က ကျွန်တော့်ဆောင်းပါးမှာ '...ဦးသန့်က သူ့အရင် အတွင်းရေးမှူးချုပ် ဒက်ဂ် ဟမ်းမားရှိုးလ်ရဲ့ ဆောင်ရွက်ရင်း လေယာဉ်ပျက်ကျ သေဆုံးသွားလို့ ဆက်ခံ တာဝန်ယူရသူဖြစ်ပါတယ်။ အဲဒီရာထူးသက်တမ်း ကုန်ဆုံးသွားတော့ ဦးသန့်ကိုပဲ အတွင်းရေးမှူးချုပ်အဖြစ် ဆက်ပြီး တင်မြှောက်ကြတယ်။ အဲဒီတော့ ပထမ သက်တမ်းပြီးဆုံးချိန်မှာ ဒုတိယ သက်တမ်းအတွက် ဆက်အရွေးခံရင် သူ့ကိုပဲ ရွေးကြမယ်ဆိုတာ သေချာပေမယ့် ဦးသန့်က အနားယူတော့မယ်၊ အရွေး မခံတော့ဘူးလို့ အရိပ်အမြွက် ထုတ်ဖော် ပြောဆိုပါတယ်'လို့ ကျွန်တော် ရေးလိုက်တာကို ပြည်သူ့ခေတ် စာဖတ်ပရိသတ်အချို့က ဒန်းဆက်ပြီး ဝေဖန် ထောက်ပြကြပါတယ်။ ပထမတော့ ကျွန်တော်မမှားဘူးထင်လို့ ငြင်းဆိုပြီး ရှင်းပြဖို့ ကြိုးစားသေးတယ်။ နောက်တော့မှ အင်တာနက်မှာ ပြန်ကြည့်တော့ ကျွန်တော် အမှတ်မှားတာကို တွေ့လိုက်ရတယ်ဗျာ။

အမှန်က ဒက်ဟမ္မားရှိုး လေယာဉ်ပျက်ကျသေသွားတော့ ကုလသမဂ္ဂ အထွေထွေ ညီလာခံက ၃ နိုဝင်ဘာ ၁၉၆၁ မှာ ဦးသန့်ကို အတွင်းရေးမှူးချုပ်အဖြစ် ဒက်ဟမ္မားရှိုးရဲ့ ကျန်ရှိသော သက်တမ်းမှာ တာဝန်ယူဖို့ တညီတညွတ်တည်း ရွေးချယ်ခန့်အပ်လိုက် ပါတယ်။ အဲဒီသက်တမ်းကုန်ဆုံးတဲ့ ၃၀ နိုဝင်ဘာ ၁၉၆၂ ကျတော့ အထွေထွေ ညီလာခံကပဲ ဦးသန့်ကို အတွင်းရေးမှူးချုပ်အဖြစ် ဆက်ခန့် တယ်။ ၃ နိုဝင်ဘာ ၁၉၆၆ မှာ အဲဒီသက်တမ်း ကုန်ဆုံးတယ်။ ဒုတိယအကြိမ် အတွင်းရေးမှူးချုပ် သက်တမ်းအဖြစ်

၂ ဒီဇင်ဘာ ၁၉၆၆ မှာ ခန့်အပ်ခံရတယ်။ ၃၁ ဒီဇင်ဘာ ၁၉၇၁ မှာ ဒုတိယသက်တမ်း ကုန်ဆုံးလို့ အနားယူပါတယ်။

ကျွန်တော် ဘယ်လို မှားတယ်ဆိုတာ ရှင်းပြပါရစေ။

ဟမ္မားရှိုးသေလို့ ဦးသန့်ကို စခန့်တာ ၃ နိုဝင်ဘာ ၁၉၆၁။ ဟမ္မားရှိုးရဲ့ ကျန်ရှိ သက်တမ်းကို ဆက်ခံရတာ ၃၀ နိုဝင်ဘာ ၁၉၆၂ အထိ ဆိုတော့ တစ်နှစ်နဲ့ ၂၇ ရက်။ အဲဒီနောက် ဦးသန့်ကို ဆက်ခန့်လို့ ၃ နိုဝင်ဘာ ၁၉၆၆ အထိ ဆက်လုပ်ရတယ်။ သည်တော့ ပထမသက်တမ်းဟာ တစ်နှစ်နဲ့ ၂၇ ရက် မပါဘဲ ဆိုရင် တကယ်တမ်းက လေးနှစ်ပဲ ဖြစ်နေတယ်။ ဒုတိယသက်တမ်းကျတော့ ၃၁ ဒီဇင်ဘာ ၁၉၇၁ အထိ ဆိုတော့ ငါးနှစ်။ အဲဒါက အတွင်းရေးမှူးချုပ် တစ်ယောက်ရဲ့ ရာထူးသက်တမ်းအမှန် ဖြစ်ပါတယ်။ အဲဒါတွေကြောင့် မှားသွားတာပါလို့ ဆင်ခြေပေးပြီး ဖြေရှင်းပါရစေ။ အမှားထောက်ပြသူများကို ကျေးဇူးတင်ပါတယ်။

## အမှန်ကိုမြင်တဲ့ သမ္မတကြီး

ဒီအပတ် အထူးပြု တင်ပြလိုတာကတော့ အရှုံးကို အမှန်အတိုင်း ရှုမြင်တဲ့ သမ္မတကြီး ဦးသိန်းစိန်ရဲ့ စကားရပ်တွေပဲ ဖြစ်တယ်ဗျ။

ရွေးကောက်ပွဲတွေမှာ အာဏာရပါတီဘက်က နည်းနည်းလေး အခြေမလှရင် ဟိုစွပ်စွဲ ဒီစွပ်စွဲလုပ်တတ်ကြတာ၊ အပြန်အလှန် လက်ညှိုးထိုးပြီး တရားခံ ရှာတတ်ကြတာ ကမ္ဘာမှာရော မြန်မာမှာပါ ထုံးစံဖြစ်နေတဲ့ ကြားကနေ သမ္မတကြီးက 'ပြီးခဲ့တဲ့ ကြားဖြတ် ရွေးကောက်ပွဲ အတွေ့အကြုံအရ ဒီနေ့ ပြည်သူတွေရဲ့ ဆန္ဒက အပြောင်းအလဲကို လိုချင်ပြီး ကျွန်တော်တို့ အစိုးရရဲ့ အောက်ခြေ ရပ်ကွက် ကျေးရွာအဆင့်မှ မြို့နယ်၊ တိုင်းဒေသကြီး၊ ပြည်နယ်မှ ပြည်ထောင်စုအဆင့်အထိ ရေးယခင် လုပ်နည်းလုပ်ဟန်တွေ အတိုင်း လုပ်ကိုင် ဆောင်ရွက်နေကြတာကို မကြိုက်တော့ဘူးဆိုတဲ့ အနေအထားကို ပြသခဲ့ခြင်း ဖြစ်ပါတယ်။ ဒါကြောင့် Reform ကို ထိထိရောက်ရောက် ပြောင်းလဲ လုပ်ရမယ်ဆိုတဲ့ သဘောဖြစ်ပါတယ်'လို့ ပြောလိုက်တဲ့အခါ ကျွန်တော်ကတော့ 'ရှော့ခ်' shock တစ်ခု ထပ်ရလိုက်တယ်ဗျာ။

ကျွန်တော်အမှတ်အသားမှားရင်တော့ ထောက်ပြကြဦးပေါ့ဗျာ။ ခုလို သမ္မတ တစ်ဦးက ပွင့်ပွင့်လင်းလင်း ကိုယ့်ကိုယ်ကိုယ် ဝေဖန်ရေး လုပ်တာမျိုးကို ကျွန်တော်တော့ မြန်မာနိုင်ငံမှာ တစ်ခါဖူးမှ မကြားဖူးပါဘူးဗျာ။ ပါလီမန် ဒီမိုကရေစီခေတ်က ဝန်ကြီးချုပ် ဦးနုတစ်ယောက်တော့ ရှိဖူးတယ်။ ၁၉၅၆ ခု အထွေထွေ ရွေးကောက်ပွဲမှာ အတိုက်အခံ ပမညတ အမတ်နေရာ ၄၆ နေရာပဲ အနိုင်ရပေမယ့် ပမညတအပါအဝင် အတိုက်အခံများ စုစုပေါင်းရမဲ ၁၅၃၀၆၃၀။ အာဏာရအဖွဲ့ကြီးဖြစ်တဲ့ ဖဆပလက အမတ်နေရာ ၁၄၄



နေရာ၊ စုစုပေါင်း ရမဲ ၁၇၄၃၈၀၆ ဆိုတော့ မဲကွာခြားမှု နှစ်သိန်းကျော်ပဲ ရှိခဲ့တယ်။ အဲဒီမှာတင် ဖဆပလအတွင်းမှာ ဘာကြောင့် ခုလို ဖြစ်ရတာလဲ သုံးသပ်ကြတော့ ပမညတနဲ့ အတိုက်အခံတွေကို မဲပေးဖို့ သူပုန်တွေက ခြိမ်းခြောက် ခိုင်းစေခဲ့တာကြောင့်လို့ ခေါင်းဆောင်အုပ်စုတစ်စုက သုံးသပ်တယ်။ ငါတို့ဟာ စင်းလုံးချော ကောင်းမွန် ပါလျက် သူပုန်ကြောင့် မဲရှုံးရတာလို့ သူတစ်ပါးကို လက်ညှိုးထိုးရှောင်လွှဲကြတယ်။ ဦးနုကတော့ ဖဆပလအဖွဲ့ဝင်တွေ အာဏာပြလွန်းလို့ လူတွေက မုန်းလာကြ တာကြောင့် ဖြစ်တယ်လို့ သုံးသပ်တယ်။ နောက်ပိုင်းမှာ ဦးနုက ခုလို အတိအလင်း ထုတ်ဖော်ဝန်ခံခဲ့တယ်ဗျ။

'...အာဏာယစ်မူးလာတဲ့ ဖဆပလ ခေါင်းဆောင်ကြီးငယ်တွေဟာ ပြည်သူ လူထုနဲ့ ဆက်ဆံတဲ့နေရာမှာ လူကြီးမှန်းမသိ၊ လူငယ်မှန်းမသိ၊ ရိုင်းပျလာကြတယ်၊ စော်ကားလာကြတယ်၊ မောက်မာလာကြတယ်၊ ဒီလို ရိုင်းပြစော်ကား မောက်မာ လာတဲ့အတွက် ပြည်သူလူထုကို မပြောထားနဲ့ ကိုယ်နဲ့ ငယ်မွေးချင်းပေါက်တွေတောင် ခံမရပ်နိုင်အောင် ဖြစ်လာကြတယ်၊ အာဏာရဲ့ အရှိန်အဝါကြောင့်သာ မရှောင် မဖြစ်တဲ့နေရာတွေမှာ ပြည်သူလူထုဟာ ဒီဖဆပလ ခေါင်းဆောင်တွေကို သည်းခံပြီး တွေ့ကြတယ်၊ ရှောင်နိုင်တဲ့နေရာတွေဆိုရင် ဒီလို အာဏာယစ်မူးနေတဲ့ ဖဆပလ ခေါင်းဆောင်ကြီးငယ်တွေကို အဝေးကြီးက ရှောင်ရှားသွားကြတယ်...'လို့ ဦးနု ရေးသားခဲ့တဲ့ နိုင်ငံရေးခေါင်းဆောင်ပုံရိပ်တွေဟာ ယနေ့ထိ ခေတ်မီ နေတုန်းပဲဗျ။ ယနေ့မှာကိုပဲ ထိုနည်းလည်းလို့ ပြောရမယ့် ရိုင်းပြ မောက်မာတဲ့ နိုင်ငံရေးသမားဆိုသူတွေကို တွေ့နေရပါသေးဗျာ။ သူတို့လည်း တစ်နေ့နေ့တော့ ဖဆပလတွေလို ဇာတ်သိမ်းရမှာ အသေအချာပဲဗျ။

## နောက်ထပ် ရှော့ခ်တစ်ခု

၁၁ မေ ၂၀၁၂ နေ့က ကျင်းပခဲ့တဲ့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုး တိုးတက်ရေးများကို ပိုမို ထိရောက်စွာ ပြုပြင်ပြောင်းလဲ ကြိုးပမ်းဆောင်ရွက်ရေး ဆိုင်ရာ အစည်းအဝေးမှာ ပြောကြားခဲ့တဲ့ သမ္မတကြီး ဦးသိန်းစိန်ရဲ့ အမှာစကားကို နိုင်ငံတော်သမ္မတရုံး ဝက်ဘ်ဆိုက်မှာ ဖော်ပြထားတဲ့ထဲက ကောက်နုတ် တင်ပြနေတာ ဖြစ်ပါတယ်။ သမ္မတရုံးက ဝက်ဘ်ဆိုက်တင်ထားတာကိုတော့ သဘောကျတယ်ဗျာ။ သမ္မတကြီးရဲ့ မိန့်ခွန်းတွေကို အရင်းအတိုင်း ဖတ်ရတာပေါ့။

မေ ၁၁ မိန့်ခွန်းထဲက 'ယခု ကောင်းမွန်တဲ့မူတွေ ချပေးပြီး ဖြစ်ပါတယ်၊ မူတွေကောင်းသော်လည်း လူတွေမကောင်းရင် မအောင်မြင်နိုင်ပါဘူး။ တိုးတက် လိုတဲ့ အမြင်မရှိတဲ့ ရေးရိုးစွဲတွေ၊ ခေတ်နောက်ပြန်ဆွဲလိုသူတွေကိုတော့ နောက်မှာ ချန်ထား ခဲ့ရပါမယ်'ဆိုတဲ့ စာပိုဒ်ကို ဖတ်လိုက်ရတော့ ဒုတိယအကြိမ် ရှော့ခ် ဖြစ်ရပြန်ပါရော။

စကားပြောရာမှာ အေးဆေးညင်သာသလောက် သိမ်မွေ့နူးညံ့ရတဲ့ နိုင်ငံတော်သမ္မတဟာ သည်လို စကားလုံးမျိုးကို အတော် သုံးခဲ့ပါတယ်။ ယခုသည်လို ပြောလိုက်ပြီဆိုတော့ တကယ်ပဲ နောက်ချန်ထားခဲ့ဖို့ ဆုံးဖြတ်ပြီးပုံရပါတယ်။

ရှေ့စကား နောက်စကား ဆက်စပ်ပြောရရင်ဖြင့် ခေတ်နောက်ပြန်ဆွဲသူတွေထဲမှာ 'အစိုးရရဲ့ အောက်ခြေ ရပ်ကွက် ကျေးရွာအဆင့်မှ မြို့နယ်၊ တိုင်းဒေသကြီး၊ ပြည်နယ်မှ ပြည်ထောင်စုအဆင့်အထိ' ပါနိုင်တယ်လို့ တွက်ဆပြီး ရှော့ခ်ဖြစ်မိခြင်းပါ။

ခေတ်နောက်ပြန်ဆွဲ ကန့်လန့်တိုက်သူတွေက သမ္မတကြီး ဦးဆောင်တဲ့ အစိုးရအခု လုပ်ကိုင် ဆောင်ရွက်နေတာတွေဟာ နိုင်ငံတကာ အသိအမှတ်ပြုခံရဖို့နဲ့ ဆန့်ရှင်တွေ ပွင့်သွားဖို့ ဟန်ဆောင်ပန်ဆောင်လုပ်နေတာလို့ ပြောနေဆိုနေကြတာ၊ နိုင်ငံရေးပါတီတွေကိုလည်း ကြိုးရှည်ရှည်နဲ့ လွှန်ထားတာ၊ တစ်နေ့ကျရင် အားလုံးအကြောင်းသိမယ်လို့ကြုံးဝါးသူတွေ တကယ့်ကိုရှိနေတာ သမ္မတကြီးနားကို ပေါက်ရဲ့လားမသိ။

ကျွန်တော်ကတော့ သာမန်လူတွေအကြား ကိုးကျင်းကိုးကျင်း လျှောက်သွားနေလို့လားမသိ၊ အဲသလို တကယ် ယုံယုံကြည်ကြည် ပြောပြီး 'မင်းလောင်း' မျှော်နေသူတွေကို တွေ့တတ်ပါ့ဗျာ။ တစ်ခါတလေကျတော့ သူတို့ ပြောနေတာတွေ ဟုတ်များ ဟုတ်နေလေမလားလို့တောင် တွေးမိပြီး ကိုယ့်ခေါင်း ကိုယ်ပြန်စမ်းမိကြောင်းပါဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်**

*၁၈၊ မေ၊ ၂၀၁၂*

*အတွဲ ၂၊ အမှတ် ၉၅*

○

# ဖယောင်းတိုင်မီးနဲ့ ကျွန်တော်

ဒီတစ်ပတ် ပြောစရာတွေ ပြောချင်တာတွေ အတော်များသဗျ။ ကျွန်တော်က ပြည်သူ့ခေတ်ဂျာနယ်မှာတွင်မက တခြား အပတ်စဉ်ထုတ်ဂျာနယ်တချို့မှာပါ ဆောင်းပါးတွေ ရေးနေတော့ တစ်ခါတလေ ရေးစရာ ကုန်ကြမ်းရှားတဲ့ အချိန်တွေနဲ့ ကြုံရတတ်တယ်။ အဲသလို အချိန်မျိုးဆိုရင် လတ်တလော သတင်းဖြစ်ရပ်တွေအပေါ် ဝေဖန် သုံးသပ်ရေးသားတဲ့ ကျွန်တော်ရေးနေကျ ပုံစံကနေ ဘယ်တော့ပဲပြောပြော မရိုးနိုင်တဲ့ အကြောင်းအရာမျိုးတွေ ဘက်ကို လှည့်ရေးရတယ်ဗျ။

## မရိုးနိုင်တဲ့ အကြောင်းအရာတွေ

အဲဒီအကြောင်းအရာတွေကတော့ ဘယ်အခါမှ မရိုးတဲ့ တရားဥပဒေစိုးမိုးရေး၊ ပြည်သူလူထု အပေါ် မောက်မာတဲ့ အာဏာပိုင် အဆင့်ဆင့်အကြောင်း။ ကိုယ်ကျိုးရှာ နိုင်ငံရေးသမားများကို ဖော်ထုတ် ဖယ်ရှားရေး၊ အရည်အချင်းပြည့် နိုင်ငံရေးသမားများ မွေးထုတ်ရေး စတာတွေပဲ ဖြစ်တယ်ဗျာ။

ခုရက်ပိုင်းအတွင်း သတင်းဖြစ်ရပ်အသစ်တွေ အတော်ကလေးများခဲ့တယ်။ စက်ရုံ အလုပ်သမလေးတွေ ဆန္ဒပြကြတာ၊ လျှပ်စစ်မီး ပြတ်တောက်လွန်းလို့ ဖယောင်းတိုင်မီးတွေ ကိုင်မြှောက် ဆန္ဒပြကြတာ၊ ဒုတိယသမ္မတတစ်ယောက် နုတ်ထွက်စာတင်တယ်လို့ သတင်းထွက်တာ၊ နိုင်ငံတော်သမ္မတကြီး ကျန်းမာရေး စိုးရိမ်ရသလိုလို ပြောကြဆိုကြတာ၊ ဒေါ်အောင်ဆန်းစုကြည် နိုင်ငံခြားခရီးထွက်ဖို့ စီစဉ်တာ စသည်ဖြင့် သတင်းသမားတွေအကြိုက် သတင်းထူးတွေ ဖြစ်ပေါ်ခဲ့တယ်ဗျ။

## ဆန္ဒပြတာ အနှောင့်အယှက်လား

ဆန္ဒပြတာတွေနဲ့ ပတ်သက်လို့ ပြည်တွင်း ပြည်ပ မိတ်ဆွေတချို့က ကျွန်တော့်ကို လှမ်းမေးတယ်။ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးတွေ အရှိန်အဟုန်ရအောင် ကြိုးစား နေချိန်မှာ ဆန္ဒပြတာတွေကြောင့် အနှောင့်အယှက် မဖြစ်နိုင်ဘူးလား။ ဆန္ဒပြတာတွေကို နှိပ်ကွပ်ရတာမျိုးတွေ ဖြစ်လာရင် ပြုပြင်ပြောင်းလဲရေးတွေ နောက်ပြန်ဆုတ်ရသလို ဖြစ်မသွား နိုင်ဘူးလားလို့ မေးတာပါ။

ကျွန်တော်က ဆန္ဒပြခြင်းရဲ့ပကတိရည်မှန်းချက်အပေါ်မှာ တည်တယ်လို့ပြန်ပြော လိုက်ပါတယ်။ စက်ရုံအလုပ်ရုံတွေမှာ လုပ်ခလစာနဲ့ အလုပ်သမား ခံစားခွင့်တွေ တိုးတက်ရရှိဖို့ တောင်းဆိုဆန္ဒပြတာဟာ တိုင်းပြည်ရဲ့တရားဥပဒေ စိုးမိုးရေးနဲ့ အေးချမ်း သာယာရေးကို ဘာတစ်ခုမှ ထိခိုက်စေတာ မဟုတ်လို့ အကြမ်းဖက်မှုတွေ မဖြစ်ပေါ်သရွေ့ နှိပ်ကွပ် နှိမ်နင်းစရာ အကြောင်းကိုမရှိဘူး။ ဒါကြောင့် စိုးရိမ်စရာ မလိုဘူးလို့ ကျွန်တော့်အမြင်ကို ပြောလိုက်ပါတယ်။ တစ်ခုတော့ ရှိတယ်၊ အလုပ်ရှင်၊ အလုပ်သမား၊ အစိုးရ (အလုပ်သမားဌာန အရာရှိများ) သုံးပွင့်ဆိုင်ရှိရာမှာ အစိုးရက အာဏာသုံး ကျင့်သုံးနိုင်တာဖြစ်လို့ သူ့အခန်း ကဏ္ဍက ပိုအရေးကြီးတယ်။ အလုပ်ရှင်နဲ့ အလုပ်သမား တစ်ဘက်ဘက်ကို လိုက်မိရင်လည်း ပြဿနာ ဖြေရှင်းရာမရောက်ဘဲ ပိုပြီး ကြီးထွား သွားနိုင်တယ်။ ဆန္ဒပြပွဲတွေကို ကိုယ်တိုင်သွားရောက်ပြီး သတင်းယူနေတဲ့ သတင်းထောက် အချို့က သူတို့အတွေ့အကြုံကို ပြန်ပြောကြတာ နားထောင်ရသလောက်ကတော့ အလုပ်သမားအရာရှိ တချို့ဟာ အလုပ်ရှင်တွေဘက်က ပိုစာနာနေကြသလိုမျိုး တွေ့ရတယ်လို့ ဆိုတယ်ဗျ။ ခေတ်ပြောင်းနေပါပြီ ဆရာတို့၊ သတိလေးထားရင် ကောင်းပါတယ်။

## အနိမ့်ဆုံးခံစားခွင့် ပြဋ္ဌာန်းသင့်ပြီ

သည်ပြဿနာတွေဟာ အနိမ့်ဆုံး အခြေခံအလုပ်သမားလစာနဲ့ ခံစားခွင့်ကို ပကတိ စားဝတ်နေရေး အခြေအနေနဲ့ ကိုက်ညီအောင် မဖြစ်မနေ ပြဋ္ဌာန်းဖို့ လိုနေပြီဆိုတာကို ပြောနေတာပဲ ဖြစ်တယ်ဗျ။ အထူးသဖြင့် နိုင်ငံခြားက လာဖွင့်တဲ့ စက်ရုံအလုပ်ရုံတွေမှာ အလုပ်လုပ်သူတွေဟာ ဥပဒေအရ ခံစားခွင့်ရှိတဲ့ အခွင့်အရေးတွေကို တိတိကျကျ ရရှိကြဖို့အတွက် အလုပ်သမားများရဲ့ အခွင့်အရေးကို ကာကွယ်တဲ့ ဥပဒေများ ပြဋ္ဌာန်းနိုင်ရေးကို အမြန်ဆုံး ကြိုးပမ်းဆောင်ရွက်သင့်ပါပြီ။ နောင်ဆိုရင် နိုင်ငံခြား ကုမ္ပဏီတွေ အများကြီးဝင်လာကြတော့မယ်။ ကိုယ့်လူမျိုး အလုပ်သမားတွေ ရသင့် ရထိုက်တဲ့ အခွင့်အရေးတွေရအောင် ဖန်တီး တည်ဆောက်ပေးရပါမယ်။



## ဒေါ်လာစားတွေကို မရှုဆိတ်တဲ့ခေတ်

အရင်တုန်းက နိုင်ငံခြား ကုမ္ပဏီနည်းနည်းပဲ ရှိခဲ့စဉ်က သူတို့ဆီမှာ အလုပ်လုပ်တဲ့ မြန်မာဝန်ထမ်းတွေကို နိုင်ငံခြားငွေနဲ့ လခပေးတော့ ဒေါ်လာ ၄၀၀၊ ၅၀၀၊ ၁၀၀၀ စသည်ဖြင့် ရကြသူတွေ ရှိခဲ့တယ်။ အဲဒီတုန်းက အစိုးရ တာဝန်ရှိသူတချို့ကကိုပဲ 'ဒေါ်လာစား'တွေ အပေါ် မရှုဆိတ်နိုင်အောင်ဖြစ်ခဲ့ကြတယ်။ အစိုးရရဲ့ ညွှန်ကြားရေးမှူးချုပ် အဆင့်ထက်တောင် လစာနှစ်ဆ သုံးဆများနေလို့ဆိုပြီး နိုင်ငံခြားကုမ္ပဏီရှိ မြန်မာ ဝန်ထမ်းတွေကို လစာလျှော့ပေးခိုင်းတာ ရှိခဲ့ဖူးတယ်။ သည်အကြောင်းကို ယခု ပြည်သူ့ခေတ်မှာ ဆောင်းပါးတွေ ရေးနေတဲ့ ကောင်းဆက်နိုင်သာ သိခဲ့ရင် 'အံ့ဩလွန်းလို့ သေတော့မယ်' ဆိုတဲ့ သူ့ခေါင်းစဉ်ကို အဲဒီကတည်းက ယူခဲ့မယ်ထင်တယ်ဗျ။ မယုံမရှိပါနဲ့ မြန်မာဝန်ထမ်းတွေကို လစာလျှော့ပေးဖို့နဲ့ မြန်မာငွေနဲ့ပဲ လစာပေးဖို့ တောင်းဆိုခဲ့ဖူးတာ အမှန်ဖြစ်ခဲ့ပါတယ်ဗျာ။

## အုပ်ချုပ်ရေးမှူးများအကြောင်း

စကားစပ်လို့ ယခု ထွက်သွားတဲ့ ပြည်သူ့ခေတ် (၂၄ မေ ၂၀၁၂) မှာ ကောင်းဆက်နိုင် ရေးတဲ့ ရပ်/ကျေး အုပ်ချုပ်ရေးမှူးတွေရဲ့ လုပ်ပိုင်ခွင့်များအကြောင်း ဆောင်းပါးကို ဖတ်မိကြပါရဲ့လား။ မဖတ်ရသေးရင် ဆက်ဆက် ဖတ်ဖြစ်အောင် ဖတ်လိုက်ကြပါ။ ရပ်/ကျေး အုပ်ချုပ်ရေးမှူးကို ရွေးကောက်ပွဲနဲ့ ရွေးချယ်သင့်တယ်ဆိုတဲ့ တိုက်တွန်းချက် အပါအဝင် အကြောင်းအရာတွေကို နှစ်ကြိမ် သုံးကြိမ်ထက်မနည်း ရေးခဲ့ပြီးတဲ့ ကျွန်တော်သည်ပင် ကောင်းဆက်နိုင် ထောက်ပြသလောက် ကွက်ကွက်ကွင်းကွင်း မရေးခဲ့ဖူးဘူးဗျ။ အခု သူ ရေးတော့မှ သည်ရာထူးရှင်ရဲ့ လုပ်ပိုင်ခွင့်တွေက လူတွေကို အာဏာပြချင်ရင်ပြဖို့၊ ခြိမ်းခြောက် အနိုင်ကျင့်ချင်ရင် ကျင့်ဖို့ ဖန်တီးခွင့်ပြုထားသလို ဖြစ်နေတာကိုးဗျ။ 'မသင်္ကာဖွယ် သူစိမ်းတွေပါက သက်ဆိုင်ရာသို့ သတင်းပို့ခြင်းနဲ့ ထူးခြားဖြစ်စဉ်များကို အချိန်နှင့် တစ်ပြေးညီ အစီရင်ခံခြင်း'တဲ့၊ နောက်ပြီးတော့လည်း 'နိုင်ငံခြားသား ဝင်ထွက် သွားလာမှုကို သက်ဆိုင်ရာသို့ သတင်းပို့ခြင်း'တဲ့။ ဘယ့်နှယ် အုပ်ချုပ်ရေးမှူးဆိုတာ လက်စသတ်တော့ ထောက်လှမ်းရေး သတင်းပေး အလုပ်မျိုး တာဝန်ပေးခံရသလို ဖြစ်မနေပေဘူးလားဗျာ။ ဒီမိုကရေစီခေတ်မှာ ဒါမျိုးတွေ မရှိသင့်တော့ပါ၊ အမြန်ဆုံး ပြင်ဆင် ပယ်ရှားသင့်တယ်လို့ ပြောချင်ပါတယ်ဗျ။

ကောင်းဆက်နိုင်ရဲ့ သုံးသပ်ချက်တစ်ခုကိုလည်း ထပ်လောင်း ဖော်ပြလိုက်ပါရစေ။ **'လစာမပေးခဲ့ရင်တောင် အလုအယက် လုပ်ချင်နေကြတဲ့ ဒီရာထူးကနေ ပြည်သူ့ကို ကူညီ စောင့်ရှောက်ဖို့ အလုပ်အကျွေးပြုဖို့ သက်သက်ဆိုတာကတော့ သံသယ ရှိစရာပါပဲ'** တဲ့ဗျာ။ တစ်ခုတော့ ကျွန်တော်က ဖြည့်စွက်ပေးလိုက်ချင်တယ်။ အဲဒါကတော့

ချုံကုန် မန္တလေး အစရှိတဲ့ မြို့ကြီးပြကြီးတွေက ရပ်ကွက် အုပ်ချုပ်ရေးမှူးအများစုကတော့ ပညာတတ် လူယဉ်ကျေးတွေများလေတော့ အဲသလို မဟုတ်ဘူးလို့ ပြောနိုင်မယ် ထင်ပါတယ်။ ဆိုးနေတာက ကျေးလက်တွေမှာ ဖြစ်တယ်ဗျ။ ကျေးရွာ အတော်များများမှာ အုပ်ချုပ်ရေးမှူး ရာထူးရဖို့ ငွေကို သိန်းချီပေးပြီး လိုက်ကြတယ်။ ရာထူးရတော့ အရွမ်းကုန် ရှာဖွေတော့တာပါပဲတဲ့။ အစိုးရကို အထိရောက်ဆုံး နာမည်ဖျက်နိုင်သူတွေ ကတော့ သူတို့ပါပဲဗျာ။

## ဖယောင်းတိုင်မီးနဲ့ ပေါင်းရတော့မယ်

ဟောဗျ၊ ကျွန်တော် သည်ဆောင်းပါးလေး ရေးနေတုန်း မီးပြတ်သွားတယ်ဗျာ။ ကျွန်တော်စာရေးရင် ကွန်ပျူတာနဲ့ ရေးတာကြာပြီ။ ခုရက်ပိုင်းတွေမှာ မီးက ပြတ်သလား မမေးနဲ့ ဘက်ထရီ အားပြန်ပြည့်လောက်အောင် မီးက မလာတော့ ယူပီအက်စ်နဲ့လည်း ဖွင့်မရတော့ဘူး။ သည်တော့ ဖယောင်းတိုင် ၃-၄တိုင် ပူးထွန်းပြီး စာရွက်ပေါ်မှာ ဘောပင်နဲ့ ဆက်ရေးရတယ်ဗျ။ ကျွန်တော့်အိမ်က ဆူးလေဘုရားနဲ့ တစ်ခေါ်လောက်ပဲ ဝေးတယ်။ ညဦးပိုင်းသာဆိုရင် ဖယောင်းတိုင်ကိုင်ပြီး ဆန္ဒပြသူတွေနဲ့ သွားရောက် ပူးပေါင်းဖို့ပဲ ရှိတော့တာပေါ့ဗျာ။ ခုလည်း သည်ဆောင်းပါးနဲ့ ထောက်ခံလိုက်ပါတယ်။ နိုင်ငံတစ်ဝန်းလုံးက ပြည်သူတွေ လျှပ်စစ်မီး လုံလောက်စွာ ရရှိအောင် စီစဉ်ပေးဖို့ ဖယောင်းတိုင်မီးလေးတွေ ကိုင်ဆောင်ပြီး ငြိမ်းချမ်းစွာ ပန်ကြားတောင်းဆို ဆန္ဒပြ နေကြခြင်းကို ကျွန်တော် အလေးအနက် ထောက်ခံကြောင်းပါဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်။**
*၂၃၊ မေ၊ ၂၀၁၂။*
*အတွဲ ၂၊ အမှတ် ၉၆။*

# လယ်သမားတွေရဲ့ လက်ငင်း ဒုက္ခ

## လယ်သိမ်း မြေသိမ်းတာတွေ

စီးပွားရေးလုပ်ငန်းရှင် အချို့ကနေရာ အတော်များများမှာ လယ်ယာမြေတွေကို နည်းမျိုးစုံနဲ့ မောင်ပိုင်စီးဖို့ ကြိုးစားခဲ့ကြတဲ့ သတင်းတွေ ကြားသိနေရတယ်ဗျာ။ တချို့ ဆိုရင် နိုင်ငံတော်က သိမ်းသလိုလိုနဲ့ နှစ်ပေါက်တစ်ပေါက် ရိုက်ခဲ့တယ်လို့ ဆိုကာ လယ်သမားက တရားပြန်စွဲမယ့် အခြေအနေမျိုးတောင် ဖြစ်ပေါ်ခဲ့ တယ်ဗျ။

ကျွန်တော်တို့ ချစ်ခင်လေးစားရတဲ့ အနုပညာသည်ကြီး ကွယ်လွန်သူ ကိုမြတ်လေးရဲ့ ထောင့်သုံးရာပြည့် အရေးတော်ပုံ သီချင်းထဲက လယ်သမား သရုပ်ဖော် စာသားတချို့ကို သတိရမိတယ်ဗျာ။

‘ လယ်သမားဆိုတာ××× မွဲတေနုံချာ ××× ဂုဏ်အသပြာ မစုံလှသမို့ ××× သုညမှာ တောင်မှ အနုတ်လက္ခဏာပြတဲ့ ဘဝသာသာ ××× စားရတော့လည်း ဝမ်းမဝပါ ××× ဝတ်ရတော့လည်း ခါးမလုံပါ ××× အဖြည့်ခံသက်သက်တွေပါ ခင်ဗျာ××× ’

## ဝေါမြို့နယ်က ညည်းသံ ညူသံတွေ

သုညမှာတောင် အနုတ်လက္ခဏာပြတဲ့ လယ်သမားတွေရဲ့ ဘဝဟာ ဒီနေ့အထိ မပြောင်းလဲသေးပါဘူး။ အချိန်ကာလတစ်ခုမှာ လယ်သမားတွေ ငွေစကြေးစ ရှင်ခဲ့ဖူး ပါရဲ့။ ဒေါ်လာဈေး ၁၂၀၀ ကျော်ခဲ့ချိန်က လယ်ယာထွက် သီးနှံတွေ ဈေးကောင်းကောင်း ရလို့ ရွာတွေမှာ သွပ်မိုးတဖွေးဖွေးနဲ့ ဖြစ်ခဲ့ကြတာ အမှန်ပါပဲ။ သို့ပေမယ့် ခုတော့ သီးနှံတွေ ပျက်တာ၊ ဆုံးရှုံးတာ၊ အောက်ဈေးနဲ့ ရောင်းရတာ၊ အရင်းတောင် ပြန်မပေါ်တာ

သုံးလေးနှစ် ဆက်တိုက်လိုဖြစ်ခဲ့၊ ကျွန်တော့် ဇာတိ ဝေါမြို့နယ်က ဆွေမျိုးသားချင်းတွေရဲ့ ညည်းသံ ညူသံတွေကို ကျွန်တော့်မှာ သက်ပြင်းပူကြီးတွေ မှုတ်ထုတ်လို့သာ နားထောင်ခဲ့ရတယ်ဗျာ။

## စိုက်ပျိုးရေးလုပ်ဖို့ မဟုတ်

သည်ကြားထဲ ငွေရှင်ကြေးရှင်တွေက လယ်မြေတွေကို မျက်စောင်းတထိုးထိုးနဲ့ မောင်ပိုင်စီးဖို့ အကြံအဖန်တွေ လုပ်ခဲ့ကြတယ်ဗျ။ ဖွံ့ဖြိုးပြီး နိုင်ငံတွေမှာ လယ်မြေဧက ထောင်သောင်းချီ ပိုင်ဆိုင်ပြီး စက်မှုစွမ်းအားနဲ့ ခေတ်မီ နည်းပညာတွေနဲ့ စိုက်ပျိုးထုတ်ကုန်တွေ အကြီးအကျယ် ထုတ်လုပ်သူတွေအကြောင်း ဖတ်ဖူး လေ့လာဖူးပါတယ်။ သို့ပေမယ့် အခု ကျွန်တော်တို့ဆီမှာ လယ်မြေတွေ အကြံအဖန်နဲ့ မောင်ပိုင်စီးဖို့ ကြိုးစားနေသူတွေက အဲသလိုမျိုး မဟုတ်ပေဘူးဗျ။ သူတို့ အကြံက မကြာခင် နိုင်ငံခြား က ဝင်လာတော့မယ့် ရင်းနှီးမြှုပ်နှံသူတွေလက်ထဲ မတန်တဆ အကျိုးအမြတ်ယူပြီး လက်လွှဲရောင်းစားကြမှာ ဖြစ်တယ်ဗျာ။ လယ်သမားဆီက တစ်ဧက ၃ သိန်း လောက်နဲ့ ခြိမ်းခြောက်ပြီး ရယူထားတဲ့ မြေတွေကို နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူတွေ လက်ကို တစ်ဧက သိန်း ၃၀၀၀ လောက်နဲ့ ပြန်ရောင်းကြမှာ ဖြစ်တယ်ဗျ။

## ဗိုလ်ချုပ်က ဘယ်လို ပြောခဲ့သလဲ

ဒီမိုကရေစီ နိုင်ငံတော်ဆိုတာ ငွေရှင် ကြေးရှင်တွေ ချယ်လှယ်ချင်သလို ချယ်လှယ်နိုင်မယ့် အနေအထားမျိုးကို ခွင့်ပြုလိမ့်မယ်လို့ ကျွန်တော်တော့ လုံးဝ မယုံကြည်ဘူးဗျ။ ဒီလို အကြောင်းအရာ မျိုးကို မြန်မာ့လွတ်လပ်ရေး ဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းက ဘယ်လိုများ ရှုမြင်ခဲ့လေမလဲလို့ သိချင်တာနဲ့ ဗိုလ်ချုပ် မိန့်ခွန်းများ စာအုပ်မှာ ရှာဖွေကြည့်တော့ တွေ့ရပါကောလားဗျာ။ ၁၉၄၆ ခု ဇန်နဝါရီလ ဖဆပလ ပထမ ညီလာခံကြီးမှာ ဗိုလ်ချုပ်အောင်ဆန်းက-

'အမှန်ကတော့ ဘယ်နိုင်ငံရေး၊ စီးပွားရေးစနစ်မှ အမြဲတည်တံ့တာ မရှိဘူး၊ သူ့အချိန် သူ့အခြေအနေအလိုက် ဖြစ်လာကြတာပဲ၊ ဒီတော့ ကျွန်တော်တို့ ဗမာပြည်အဖို့မှာတော့ အလယ်အလတ် အဆင့်မှာရှိတဲ့ ဒီအရင်းရှင်ကို စနစ် ကျော်မသွားသေးပေမယ့် **အဲဒီ စနစ် ထင်တာ မလုပ်နိုင်ဘဲ ဒီစနစ်ကို အမြန်ဆုံး ကျော်သွားနိုင်မယ့် စီးပွားရေး သဘောတရားတွေကို အခြေခံပြီး တိုင်းပြည်တည်မှသာလျှင် တကယ့်ဒီမိုကရေစီ နိုင်ငံကိုရောက်အောင် သွားနိုင်လိမ့်မယ်။ တကယ့်ဒီမိုကရေစီဆိုတာ နိုင်ငံရေးသဘောတရားအရပြည်သူတွေရဲ့အကျိုးအတွက်ပြည်သူတွေက တင်မြှောက်တဲ့ ပြည်သူတွေရဲ့ အစိုးရဖြစ်ရုံနှင့် မပြီးသေးဘူး။ အဲဒီ အစိုးရဟာ**



**ပြည်သူတွေရဲ့လက်ငင်းစီးပွားရေးအဆင့်အတန်းကိုအခွင့်အရေးတန်းတူရနိုင်တဲ့ အခြေအထိ မြှင့်တင်နိုင်အောင် ဆောင်ရွက်ပေးမှ တကယ့် ဒီမိုကရေစီအထိ ထုမ်းတက်နိုင်မယ်'** လို့ ဆွေးနွေး လမ်းညွှန်ခဲ့တယ်ဗျ။

## ငါးမူး သုံးမူးတစ်ပဲ ဒီမိုကရေစီ

'အခု ဒီမိုကရေစီခေါ်နေတဲ့ တိုင်းပြည်တွေ အများဟာ တကယ့်ဒီမိုကရေစီတွေ မဟုတ်ဘူး။ ငါးမူး သုံးမူးတစ်ပဲလောက်ပဲ၊ ဒီမိုကရေစီတွေ ဖြစ်ကြသေးတယ်၊ **အဲဒီ ဒီမိုကရေစီတွေဟာ အရင်းစစ်လိုက် တော့ အရင်းရှင်ခေါ်တဲ့ ပစ္စည်း၊ အရင်းရှင်တွေစီးပွားရေး ချယ်လှယ်တဲ့စနစ်အခြေခံတဲ့ဒီမိုကရေစီတွေ ဖြစ်တယ်၊** တစ်နည်းအားဖြင့် အရင်းရှင်တွေရဲ့ အာဏာရှင် စနစ်အုပ်ချုပ်ရေးကို ဒီမိုကရေစီလို့ ဖန်းပြပြီး ထားတဲ့ အုပ်ချုပ်ရေးပဲ'

လို့ ဗိုလ်ချုပ်အောင်ဆန်းက မိန့်ကြားခဲ့တာဟာ ခေတ်အဆက်ဆက် မငြင်းနိုင်တဲ့ အမှန်တရားတွေ ဖြစ်နေပါတယ်။

## ကျေးရွာ အုပ်ချုပ်ရေးမှူးအချို့လုပ်ပုံ

လယ်သမားတွေရဲ့ ဘဝနဲ့ ခံစားချက်အကြောင်း ပြောနေတုန်း ပြီးခဲ့တဲ့ အပတ် ပြည်သူ့ခေတ်မှာ ကျွန်တော်ရေးခဲ့တဲ့ 'ဖယောင်းတိုင်မီးနဲ့ ကျွန်တော်' ဆောင်းပါးထဲက ကျေးရွာအုပ်ချုပ်ရေးမှူးတွေကိစ္စ ဖော်ပြခဲ့တာကို ဖြည့်စွက်ပေးတဲ့ စာတချို့ ရရှိခဲ့တယ်ဗျာ။

ချင်းတွင်းကိုကို ကလောင်အမည်ခံသူ မိတ်ဆွေ သတင်းထောက်က ခုလို ရေးလိုက်ပါတယ်။

မည်သည့် ထောက်ခံချက်မဆို .... ကျပ် ၅၀၀ နှင့် ကျပ် ၂၀၀၀ အတွင်း (အေဖိုးစာရွက် ထက်ဝက်ပြတ်ကို ကွန်ပျူတာနဲ့ စာစီ လက်မှတ်ထိုးထားတာ၊ ဒါတောင် မကိုက်ဘူးဆိုပဲ ဆရာ) နောက် ဧည့်စာရင်းတိုင်ရင် တစ်ယောက်ကို ဘယ်လောက်...။ ဟိုတလောက ဧည့်စာရင်းစစ်တာ မိတဲ့ လူငယ်လေး တစ်ဦးက ပြောတယ်။ မှတ်ပုံတင် သိမ်းသွားတယ်တဲ့၊ လာရွေး ကျပ် ၅၀၀၀ တဲ့။ နောက် အိမ်ခြံမြေ ရောင်းမယ် ဝယ်မယ်ဆိုရင် အရောင်းအဝယ် စာချုပ် ချုပ်မယ်ဆိုရင် တန်ကြေးပေါ် မူတည်ပြီး ပိုက်ဆံရတတ်ကောင်းတတ်ပါတယ်။ (ရန်ကုန်တော့ မသိပါ)။ နောက် ရပ်ကွက် အတွင်း ပြသနာပေါ်လို့ လိုက်ရှင်းပေးရရင် ဘယ်အမှုက ဘယ်လောက်၊ ဘယ်အမှုက ဘယ်ရွေ့ မြစ်ချောင်းဘေးက ကျေးလက်တွေဆိုရင် သောင်လေးတွေ မြေနုကျွန်းလေးတွေ ပေါ်လာပြီဆိုရင် ရပ်ကွက် ဥက္ကဋ္ဌဆိုသူက အကောင်းဆုံး နေရာ တွေကို သူရောင်းစား ကျန်သူတွေကို ဝေခြမ်းပေး (ပိုက်ဆံများများ ပေးနိုင်သူကို နေရာကောင်းပေါ့) အဲလို အဲလိုလေးတွေ ရှုသရှု။

ဒါလေးတွေက ဥပမာပါဗျာ။ ကျွန်တော့်အသိ ဘုန်းကြီးလူထွက် တစ်ယောက် ဥက္ကဋ္ဌ လုပ်ချင်လို့ ပိုက်ဆံအကုန်ခံပြီး လုပ်နေတယ်။ လက်ရှိလည်း ရပ်ကွက်တစ်ခုရဲ့ ဥက္ကဋ္ဌပါ။ အဲလိုဆိုတော့ ဆရာရယ် ကျွန်တော်တောင် ရပ်ကွက် ဥက္ကဋ္ဌ ဈေးကွက်ဆိုပြီး ရေးရင်ကောင်းမလား စဉ်းစားနေတာ...။

## အရည်အချင်း ပြည့်ဝဖို့

လယ်သမားတွေခမျာ နေရာအတော်များများမှာ အဲသလို အုပ်ချုပ်ရေးမှူး ဆိုသူတွေရဲ့ အာဏာပြမှု အနိုင်ကျင့်မှုတွေကိုပါ ခါးစည်း ခံနေကြရတုန်းပဲဆိုတာ အထင်အရှားပါ။ လယ်တွေ ပျက်စီး ဆုံးရှုံးရတဲ့ကြားမှာ ရေနစ်သူ ဝါးကူထိုးနှစ် ခံရသလို ဖြစ်နေကြရတယ်ဗျ။

အုပ်ချုပ်ရေးမှူးဆိုတဲ့ ရာထူး နာမည်က အတော်ကြီး ကျယ်ပါတယ်ဗျာ။ နာမည်ကြီးကျယ်သလောက် လူတွေကလည်း အရည်အချင်း ပြည့်ဝဖို့ လိုမယ် ထင်တယ်ဗျ။ သူတို့အတွက် အရည်အချင်းကတော့ ဘွဲ့တွေ ဒီဂရီတွေ ပြနိုင်ဖို့မလိုပါ။ ရပ်ကွက်ကျေးရွာနေ ပြည်သူများကိုယ်တိုင် လွတ်လပ်စွာ လျှို့ဝှက်ဆန္ဒမဲနဲ့ ကြည်ကြည် ဖြူဖြူ ရွေးကောက် တင်မြှောက်ခံရသူတွေ ဖြစ်ဖို့ပါပဲဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်။**
၁၊ ဇွန်၊ ၂၀၁၂
အတွဲ ၂၊ အမှတ် ၉၇

○

# တကာသ ပြန်ဆောက်ကြမယ်ဆိုရင်

## ဒေါက်တာဦးမြင့်ရဲ့အိတ်ဖွင့်ပေးစာ

မေ ၁၉ ရက်နေ့က ရန်ကုန်မြို့ မီကာဆာဟိုတယ်မှာ ပြုလုပ်တဲ့ အမျိုးသား စိုက်ပျိုးရေး တိုးတက်မှုဆိုင်ရာ မူဝါဒများ စာတမ်းဖတ်ကြားပွဲမှာ စာတမ်းရှင်တစ်ဦးဖြစ်တဲ့ နိုင်ငံတော် သမ္မတ စီးပွားရေးအကြံပေးအဖွဲ့ ခေါင်းဆောင် ဒေါက်တာဦးမြင့်က ရန်ကုန်တက္ကသိုလ်ရဲ့ အစဉ်အလာ ဂုဏ်သိက္ခာကို ပြန်လည် တည်ဆောက်ရေး ပြည်သူထံ အိတ်ဖွင့်ပေးစာကို ဖြန့်ဝေလိုက်ပါတယ်။ ဒေါက်တာဦးမြင့်ရဲ့ ပြည်သူထံအိတ်ဖွင့်ပေးစာ စာတမ်းကို ဖတ်ပြီး ကျေနပ်ပီတိဖြစ်လွန်းလို့ ကျွန်တော့်မှာ မျက်ရည်တောင်လည်မိပါတယ်။

## လက်မလွန်သေးပါဘူး

ဆရာမြင့် ပြောထားတဲ့ ရန်ကုန်တက္ကသိုလ်ကြီးရဲ့ အစဉ်အလာ ဂုဏ်သိက္ခာကို ပြန်လည် တည်ဆောက်ရေး သုံးသပ် တင်ပြချက် အားလုံးကို အပြည့်အဝ ထောက်ခံပါတယ်။

ရန်ကုန်တက္ကသိုလ်ကြီးကို တန်ဖိုးထားရကောင်းမှန်းမသိသူတွေက ဖျက်ဆီးဖို့ ကြိုးစားခဲ့ပေမယ့် အမိတက္ကသိုလ်ကြီးဟာ လုံးလုံးလျားလျားတော့ မပျက်စီးသွားသေးပါဘူး။ ပြန်လည် တည်ဆောက်ရင် ရနိုင်သေးတယ်လို့ ယူဆပါတယ်။

## မျက်စောင်းထိုးလာကြရင်

လောလောဆယ်ကြောက်ဖို့ကောင်းတာက နိုင်ငံခြားစီးပွားရေး လက်ဝါးကြီးအုပ်သမားတွေက ပြည်တွင်းပုဆိန်ရိုးတွေနဲ့ပေါင်းပြီး သူတို့ရဲ့လုပ်ကွင်းလုပ်ကွက်အတွက် ရန်ကုန်တက္ကသိုလ်လို နေရာမျိုးကိုပါ မျက်စောင်းထိုး မျက်စိကျလာရင် ဘယ်လိုလုပ်ကြမလဲ

ဆရာမြင့်က ရန်ကုန်တက္ကသိုလ်ကြီးကို ဇရာဝတီမြစ်ကြီးနဲ့ နိူင်းပြီး ရေးထားတာ အင်မတန် သရုပ်ပေါ်ပါတယ်။ ဇရာဝတီကို ကျွန်တော်တို့ ကာကွယ်သလို ရန်ကုန်တက္ကသိုလ်ကြီးကို အန္တရာယ်ကင်းအောင် ကာကွယ်ရပါမယ်။ ဒါတင်မက နဂိုမူလအတိုင်း အစဉ်အလာကြီးမား၊ ဂုဏ်သိက္ခာ မြင့်မားတဲ့ တက္ကသိုလ်ကြီးအဖြစ် ပြန်လည်တည်ဆောက် ရပါလိမ့်မယ်။

## ကျောင်းသားဟောင်းတစ်ဦးအနေဖြင့်

ဆရာမြင့်စာတမ်းထဲပါတဲ့ နောက်အရေးကြီးတဲ့ အချက်တစ်ချက်ကတော့ ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂ အဆောက်အဦကြီးကို ပြန်လည် တည်ဆောက်ဖို့ နှိုးဆော်ချက် ဖြစ်ပါတယ်။ ၁၉၆၁ မှာ ကျောင်းသား နံပါတ် Number of Student-NS 39162 နဲ့ ရန်ကုန်တက္ကသိုလ် ကျောင်းသားဖြစ်ခဲ့ပြီး ၁၉၆၇ ကျမှ အင်္ဂလိပ်စာ၊ မြန်မာစာ၊ ဘောဂဗေဒ၊ ဒဿနိကဗေဒ၊ အနောက်တိုင်းသမိုင်း ဘာသာတွဲနဲ့ ဘီအေတွဲ ရခဲ့တဲ့ ကျွန်တော့်အနေနဲ့ ဆရာမြင့်ရဲ့ အဆိုအားလုံးကို ခြွင်းချက်မရှိ ထောက်ခံပါတယ်။ ဘာကြောင့်ဆိုတော့ ကျွန်တော်ကိုယ်တိုင်လည်း သည်ကိစ္စနဲ့ ပတ်သက်လို့ မကြာသေးခင်ကပဲ အလေးအနက် ပြောဆိုခဲ့ပြီး ဖြစ်လို့ပါ။

## အာအက်ဖ်အေနဲ့ ပြောခဲ့ပါတယ်

မနှစ်က ဇူလိုင် ၇ နဲ့ ဇူလိုင် ၈ နှစ်ရက်မှာ RFA အသံလွှင့်ဌာနက ကျွန်တော်နဲ့ အင်တာဗျူးကို နှစ်ရက် ဆက်လွှင့်ခဲ့ပါတယ်။ ပထမတစ်ခုက ဇူလိုင် ၇ ရက် အရေးအခင်း အကြောင်း ကျွန်တော်သိသမျှ ပြန်ပြောပြတာပါ။ ဒုတိယအင်တာဗျူးက တကသ အဆောက်အဦကြီး မိုင်းခွဲ ဖျက်ဆီးခံရတာရယ်၊ ထိုစဉ်က အစိုးရကိုယ်စားလှယ်အချို့က တကသကြီးကို ပြန်ဆောက်ပေးပါ့မယ်လို့ ကတိပြုတာရယ် အကြောင်းတွေကို ပြောခဲ့တာပါ။ ကျွန်တော်က လာမည့်နှစ် ၂၀၁၂ ဟာ တကသကြီး ဖြိုဖျက်ခံရတာ နှစ် ၅၀ ပြည့်တဲ့နှစ် ဖြစ်ပါတယ်၊ အဲဒီအချိန်မှာ တကသကြီးကို ပြန်လည် တည်ဆောက်နိုင်အောင် ကြိုးစားကြပါစို့လို့ RFA အင်တာဗျူးမှာ ပြောခဲ့ပါတယ်။

နောက်ခံအကြောင်းကတော့ ဒီလိုပါ။

ဇူလိုင် ၇ ရက် အရေးအခင်းပြီးတော့ ကျောင်းတွေ ပိတ်ချလိုက်ပြီး စက်တင်ဘာမှာ ကျောင်းပြန်ဖွင့်တယ်။ အဲဒီနောက် ကျွန်တော်တို့ရဲ့ လှုပ်ရှားမှုတွေ ပေါ်လာတော့ ဒီတစ်ကြိမ်မှာ တော်လှန်ရေးအစိုးရက အင်အားသုံး မနှိမ်နင်းဘဲ ဆွေးနွေးရအောင်ဆိုပြီး ကျောင်းသား ကိုယ်စားလှယ် လေးဦးကော်မတီကို ၁၉၆၂ နိုဝင်ဘာလထဲမှာ ဖိတ်ခေါ် ဆွေးနွေးတယ်။ တကသခေါင်းဆောင်တွေ ထောင်ထဲ ရောက်သူရောက်၊ တိမ်းရှောင်သူ တိမ်းရှောင်နေကြရချိန်မှာ ကျွန်တော်တို့က သဟာယနှင့် စာဖတ်အသင်းများ အဖွဲ့ချုပ်



ခြေမြောက်ရေး ကြိုးပမ်းရင်း ပြန်လည် စုစည်းခဲ့ကြတာပဲဗျ။ လေးဦးကော်မတီထဲက ကိုတင်ထွန်းတစ်ယောက်ပဲ ကွယ်လွန်ပါသေးတယ်။ ကိုချစ်ဆောင်(ကသာ) ကိုတင်အေး (မြင်းခြံ)နဲ့ အဲဒီတုန်းက ပဲခူးစိုးသိမ်းလို့ သိကြတဲ့ ကျွန်တော် ပါဝင်ပါတယ်။ အစိုးရ ကိုယ်စားလှယ်များအဖြစ် ဗိုလ်မှူးကြီး သန်းစိန်၊ ဗိုလ်မှူးကြီးတင်စိုး၊ ဗိုလ်မှူးကြီး ဒေါက်တာမောင်လွင်တို့ ပါဝင်ပါတယ်။

## ပြန်ဆောက်ပေးပါ့မယ် ပြောခဲ့

ဆွေးနွေးတဲ့ အကြောင်းအရာ များစွာထဲက လောလောဆယ် သက်ဆိုင်တာကို ပြောရရင် မိုင်းခွဲခံခဲ့ရတဲ့ တကသ အဆောက်အဦကြီးကို ပြန်ဆောက်ပေးပါ့မယ်၊ ကျောင်းသားတွေ စိတ်ကြိုက် ဗိသုကာလက်ရာ ပေးရင် ပေးတဲ့အတိုင်း ဆောက်ပေးမယ်၊ ခင်မူလပုံစံအတိုင်း ပြန်လိုချင်ရင်လည်း အရင်အတိုင်း ဆောက်ပေးပါမယ်လို့ သူတို့က ပြောလာပါတယ်။

## နှစ်ကြိမ်အဖျက်ခံရတဲ့ တကသ

ကျွန်တော်တို့က တကသအဆောက်အဦကို သင့်တော်တဲ့အချိန်မှာ ကျွန်တော်တို့ဘာသာ ပြန်ဆောက်မယ်၊ မိဘပြည်သူတွေက ကျွန်တော်တို့ကို ကူမှာပါလို့ ပြန်ပြောခဲ့ပါတယ်။ နောက်နှစ်လလောက်ကြာတော့ ကျွန်တော်တို့ဘာသာ တဲတန်းလျားကြီးတစ်လုံး ဆောက်ပြီး တကသ အဆောက်အဦလို့ သမုတ်ခဲ့ပါတယ်။ အဲဒီအဆောက်အဦလည်း ၁၉၆၃ ဒီဇင်ဘာလမှာ ဖြိုဖျက်ခံလိုက်ရတာပါပဲဗျာ။ ဒါနဲ့ပါဆိုရင် တကသ အဆောက်အဦကို နှစ်ကြိမ် အဖျက်ခံရတယ်လို့ မှတ်သားရမှာပဲဗျ။

တကသ တဲတန်းလျားကြီးသာမက ကျွန်တော်တို့ လက်နဲ့ တည်ဆောက်ခဲ့တဲ့ ဆဲဝင်းဂျူလိုင် အထိမ်းအမှတ် ကျောက်တိုင်ကြီးလည်း တဲကြီးနဲ့ တစ်ချိန်တည်း ဘူလ်ဒိုဇာနဲ့ ကော်ထိုး ဖျောက်ဖျက် ခံလိုက်ရပါကောလား။ တကသ ဖြိုဖျက်ခံရအပြီး ကျန်ရှိတဲ့ အုတ်ခဲတွေကို တက္ကသိုလ်မွှာရုံဝင်းကြီးထဲ ပုံထားတဲ့နေရာက ၁၉၆၃ ခန်နဝါရီလဆန်းမှာ ကျောင်းသားကျောင်းသူတွေ လက်ဆင့်ကမ်း သယ်ယူပြီး စက်မှုတက္ကသိုလ်ကျောင်းသားတွေ လုပ်အားနဲ့ ဗိုလ်အောင်ကျော် ကျောက်တိုင်ဘေးမှာ တည်ဆောက်ခဲ့တဲ့ ကျောက်တိုင်ပါ။

## ပျော့ပျော့ပါးပါး အုတ်မြစ်ချရအောင်

၁၉၈၈ အရေးတော်ပုံအတွင်း သမ္မတ ဒေါက်တာမောင်မောင်က ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲများ ၃ လအတွင်း ကျင်းပပေးပါမယ်လို့ ကတိပေးတဲ့ မိန့်ခွန်းအထဲမှာ တက္ကသိုလ်သမဂ္ဂ အဆောက်အဦကြီးကိုလည်း ပျော့ပျော့ပါးပါး အုတ်မြစ်ချကြရအောင်လို့

ကတိပေးသွားပါသေးတယ်။ ဘာပဲပြောပြော ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂ အဆောက်အဦကြီးကို မိုင်းခွဲ ဖျက်ဆီးခဲ့တဲ့ လုပ်ရပ်အတွက် ဆင်ခြင်တုံတရားရှိသူတိုင်း အပြစ်ရှိတယ်လို့ ခံစားမိကြမှာပါပဲ။ တစ်နည်းနည်းဖြင့် ကျောင်းသားတွေ ကျေနပ်အောင် ပြန်လုပ်ပေးသင့်တယ်လို့ ယူဆသူတွေ အများကြီးရှိခဲ့တာ သေချာပါတယ်။

ဆရာဒေါက်တာဦးမြင့်က ပြည်သူ့သို့ အိတ်ဖွင့်ပေးစာနဲ့ ဒီကိစ္စတွေကို နှိုး လိုက်တာ အင်မတန်မှ ကျေးဇူးတင်ဖို့ ကောင်းပါတယ်။

## အခြားတက္ကသိုလ်များ ပစ်ပယ်ရာမရောက်ပါ

ရန်ကုန်တက္ကသိုလ်ကို အထူးအလေးထားပြီး ယခင်ကလို ဂုဏ်သိက္ခာ မြင့်မားတဲ့ ဦးဆောင် တက္ကသိုလ်ကြီးအဖြစ် ပြန်လည် မြှင့်တင်ခြင်းဟာ နိုင်ငံအဝန်းမှာ ရှိနေတဲ့ အခြား တက္ကသိုလ်/ကောလိပ်များကို ပစ်ပယ်ရာ ရောက်မယ်လို့ ကျွန်တော်ကတော့ မမြင်ပါဘူး ခင်ဗျာ။ ကျွန်တော်တို့ ပြည်သူ့ခေတ်ဂျာနယ်မှာ ဆရာ ဒေါက်တာတင်လှိုင် (ဘိုးလှိုင်) ရေးသားတင်ပြခဲ့တဲ့ နိုင်ငံ့ဂုဏ်ဆောင် အမျိုးသားတက္ကသိုလ်ကြီးအဆောင် မျိုးကို ဆိုလိုတာလို့ နားလည်လိုက်ရင် ပိုပြီးရှင်းလင်းသွားမယ် ထင်ပါတယ်ဗျာ။

## အမျိုးသား ပြန်လည် ရင်ကြားစေ့ရေး

တကာသ အဆောက်အဦကြီး ပြန်လည် တည်ဆောက်ရေးကတော့ ယခုအခါ ကျောင်းသား သမဂ္ဂများ ပြန်လည် ဖွဲ့စည်းနေကြချိန်နဲ့ အချိန်ကိုက်ပဲဖြစ်လို့ ယခုနှစ်အတွင်း (ဖြစ်နိုင်ရင် လာမည့် ဇူလိုင်လအတွင်း) အုတ်မြစ်ချနိုင်အောင် ဝိုင်းဝန်းကြမယ်ဆိုရင် အတိုင်းထက်အလွန် တံခွန်နဲ့ ကုက္ကား ပြည်သူအများ ကျေနပ်အားရဖြစ်ကြမှာ သေချာ တယ်ဗျ။ လက်ရှိအစိုးရကပါ လိုလိုလားလား အားပေးကူညီမယ်ဆိုရင်တော့ အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးအတွက်ပါ ကောင်းချီးမင်္ဂလာဖြစ်ပေလိမ့်မယ်လို့ ကျွန်တော် ယုံကြည်တယ်ဗျာ။

ရန်ကုန်တက္ကသိုလ်ကြီးကို ကယ်တင်ဆယ်မရေးနဲ့ တကာသ အဆောက်အဦကြီး ပြန်လည် တည်ဆောက်ရေးကို ပြည်သူအားလုံးက စိတ်ဓာတ်ရေးရာ တာဝန်သိမှုဖြင့် ဝိုင်းဝန်းကြလိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ကြောင်းပါဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်**

၁၊ ဇွန်၊ ၂၀၀၂

အတွဲ ၂၊ အမှတ် ၉၇

# အိလကို အစစ်ဆေးခံဖို့ စိန်ခေါ် ရဲတဲ့ ခေါင်းဆောင်တွေ များများ ပေါ်ထွန်းပါစေ

## ခေါင်းဆောင်တွေရဲ့ အားသာချက် အားနည်းချက်

ခုတလော ကျွန်တော် အချိန်ပေးပြီး လုပ်နေတဲ့ အလုပ်တွေထဲမှာ ဟောပြောပို့ချမှု တွေလည်း ပါဝင်တယ်ဗျ။ အထူးသဖြင့် မြန်မာနိုင်ငံရေးအကြောင်း (အဓိကအားဖြင့် ဒုတိယ ကမ္ဘာစစ်ပြီးချိန်ကစလို့ မျက်မှောက်ကာလအထိ) ဆွေးနွေးဖလှယ်တာပါပဲဗျာ။

ကျွန်တော်က နိုင်ငံရေး အဖြစ်အပျက်များကို အချက်အလက်တွေ အပေါ် သုံးသပ် တင်ပြတဲ့ ချဉ်းကပ်မှုအပြင် နိုင်ငံရေးဇာတ်ခုံမှာ ပါဝင်ကပြခဲ့ကြတဲ့ အဓိက ပုဂ္ဂိုလ်တွေရဲ့ ထူးခြားချက်၊ အားသာချက်၊ အားနည်းချက်၊ ခေါင်းဆောင်မှုဆိုင်ရာ သင်ခန်းစာများကိုလည်း ထုတ်နုတ်တင်ပြဖို့ကြိုးစားတယ်ဗျ။ ဘယ်သူကစမလဲဆိုတော့ ဗိုလ်ချုပ်အောင်ဆန်း အကြောင်းကပဲ စရတာပေါ့။ အဲဒီမှာ သတိထားမိတာက ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ကျွန်တော် ဆွေးနွေးတင်ပြတာတွေ အတော်များများကို သင်တန်းသားတွေက သိနေတာ ဖြစ်တယ်ဗျ။ ကျွန်တော့် သင်တန်းပို့ချနည်းက ဆရာတစ်ယောက်တည်းက တစ်ဖက်သတ် ပြောသွားတာမျိုး မဟုတ်ဘဲ သင်တန်းသားတွေကို များများ ပါဝင် ဆွေးနွေးခိုင်းတာဆိုတော့ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ပတ်သက်ပြီး သူတို့ ဘယ်လောက် ဖတ်ရှု လေ့လာထားတယ်ဆိုတာ သိရတာပေါ့။

## ဗိုလ်ချုပ်ကလွဲပြီး မသိတာကများ

သို့ပေမယ့် ဗိုလ်ချုပ်အောင်ဆန်းကလွဲပြီး ကျန်တဲ့ သမိုင်းဝင်ပုဂ္ဂိုလ်ကြီးတွေ အကြောင်း သူတို့မှာ မသိတာကများနေတယ်။ ဥပမာ- ဆရာကြီး သခင်ကိုယ်တော်မှိုင်းအကြောင်း ဆိုရင် စာပေပညာရှင်ကြီးတစ်ယောက် ဆိုတာလောက်ပဲ သိတယ်။ ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် ခေတ်အဆက်ဆက် အာဏာရ အာဏာမဲ့ နိုင်ငံရေးသမား အားလုံးလိုလိုရဲ့ ဂုရုကြီးတစ်ဆူဆိုတာကို မသိသူက ပိုများနေတယ်ဗျာ။ ရန်ကုန်မှာ အနေကြာကြပေမယ့် ရွှေတိဂုံစေတီတော်ကြီးရဲ့ တောင်ဘက်မုခ်အနီး ရွှေတိဂုံဘုရားလမ်းမှာ ဆရာကြီး သခင်ကိုယ်တော်မှိုင်း ဂူဗိမာန်ကြီး ရှိတယ်ဆိုတာကိုတောင် အတော်များများက မသိကြဘူးဗျ။ ကျွန်တော်က ဆရာကြီးမှိုင်းရဲ့ ဂူဗိမာန်ဘေးမှာ စုဖုရားလတ် ဂူဗိမာန် ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည် ဂူဗိမာန်၊ ဦးသန့် ဂူဗိမာန် တို့ပါ ရှိနေကြောင်း တစ်ဆက်တည်း ရှင်းပြရတယ်ဗျာ။

သူတို့တွေ ဗိုလ်ချုပ်အောင်ဆန်းအကြောင်း စာအုပ်စာပေ အများအပြား ဖတ်ရှုလေ့လာရင်း မလွဲမသွေ သိရှိမှတ်မိကြလိမ့်မယ်လို့ ထင်ရတဲ့ ဝန်ကြီးချုပ် ဦးနု၊ ဦးဗဆွေ ဦးကျော်ငြိမ်း၊ ကွန်မြူနစ်ခေါင်းဆောင် သခင်စိုး၊ သခင်သန်းထွန်း၊ ဦးသိန်း ဖေမြင့် စသူတွေ အကြောင်းကို ပြောပြတော့လည်း အသစ်အဆန်းတွေ ဖြစ်နေကြ တယ်ဗျာ။ ဒေါက်တာဘမော် ဆိုရင် ဂျပန်ခေတ် ဗိုလ်ချုပ်အောင်ဆန်းရဲ့အခန်းကဏ္ဍကို လေ့လာရင်း တွဲပြီး သိရမယ့် ပုဂ္ဂိုလ်ဖြစ်ပေမယ့် ဝိုးတိုးဝါးတားနဲ့ မမှတ်မိသူက များနေတယ်။ ဂျွန်ဦးစော ကျတော့ ဗိုလ်ချုပ်ကို လုပ်ကြံသူအဖြစ် သိတယ်။ သို့ပေမယ့် ကိုလိုနီခေတ် နိုင်ငံရေးသမား လက်ဟောင်းတွေထဲမှာ သူဟာ ဘယ်နည်း ဘယ်ပုံ ရှေ့တန်းရောက်ခဲ့သလဲ သူ့ရဲ့ တော်ကွက်၊ ညံ့ကွက်တွေက ဘာတွေလဲဆိုတာ ပြောပြတဲ့အခါ အတော်ကို အံ့သြကုန်ကြတယ်ဗျ။

## ဦးနုအကြောင်း ပြောစရာတွေ

မြန်မာနိုင်ငံ လွတ်လပ်ရေးရချိန်မှာ ပထမဆုံး ဝန်ကြီးချုပ်ဖြစ်ခဲ့ပြီး ၁၉၆၂ ခုနှစ်မှာ အာဏာအသိမ်းခံလိုက်ရတဲ့ ဦးနုအကြောင်းကို ကျွန်တော် မကြာခဏ အလေးထားပြီး ပြောတယ်။ ၁၉၅၈ ခုနှစ်မှာ ဗိုလ်ချုပ်နေဝင်းကို ဦးနုက အာဏာလွှဲပေးလိုက်ပြီး ပါလီမန် ဒီမိုကရေစီ ဆက်လက် တည်တံ့အောင် တတ်နိုင်သမျှ ကြိုးစားခဲ့ပုံကို ကျွန်တော် ရှင်းပြတယ်။ ၁၉၆၁မှာ ရှမ်းပြည်နယ် နိုင်ငံရေးခေါင်းဆောင်တွေက ပြည်ထောင်စု စစ်စစ် ဖက်ဒရယ်မူကို တောင်းဆိုကြတဲ့အခါ ဦးနုက ရန်ကုန်ကို ဖိတ်ပြီး အကျေအလည် ဆွေးနွေးတယ်။ အသံလွှင့်ရုံကြီးမှာကို ညီလာခံ ကျင်းပပေးပြီး အချေအတင် ဆွေးနွေးခွင့်ပေးတယ်။ အဲဒီ အချိန်မှာပဲ ဗိုလ်ချုပ်နေဝင်းက လက်ညှိုးထိုး



ပြတော့ အားလုံး သိကြတဲ့အတိုင်း ဖက်ဒရယ်မူကြောင့် ပြည်ထောင်စုကြီး ပြိုကွဲတော့ မှာကို ကယ်တင်လိုက်ရတယ်လို့ ဆိုတယ်။

ထိန်းသိမ်းခံဘဝကနေ ၁၉၆၆ ခုနှစ် စက်တင်ဘာလမှာ လွတ်ငြိမ်းခွင့်ရလာတဲ့ ဦးနုကို လုပ်သားပြည်သူ့နေ့စဉ် သတင်းထောက်အနေနဲ့ ကျွန်တော် သွားရောက်တွေ့ဆုံ မေးမြန်းခဲ့ဖူးပါတယ်။ အဲဒီတုန်းက ဦးနုက 'ပြည်ထောင်စုကြီး ပြိုကွဲတော့မယ့် အခြေ အနေနဲ့ ကြုံနေရပြီလို့ ကျုပ်ကို ၂ မိနစ်ပဲ ကြိုပြောပါ၊ အာဏာသိမ်းစရာ မလိုပါဘူး။ ချက်ချင်း အာဏာလွှဲပေးလိုက်မှာပေါ့၊ အဲသလိုဆိုရင် ခုလို ဒီမိုကရေစီ ပျက်စီးရတဲ့ အခြေအနေ မရောက်တော့ဘူးပေါ့' လို့ ပြောခဲ့တာ ကောင်းကောင်း မှတ်မိနေတယ်ဗျာ။

## ကျုပ်ကို အာဏာ ပြန်အပ်ပါ

နောက် ၁၉၆၈-၆၉ လောက်မှာ ဗိုလ်ချုပ်နေဝင်းက ပြည်တွင်းညီညွတ်ရေး အကြံပေးအဖွဲ့ ဆိုပြီး ဦးနုအပါအဝင် နိုင်ငံရေးသမားကြီး ၃၃ ဦးနဲ့ ဖွဲ့စည်းပေးပြီး တိုင်းပြည် ရေ့ ဆီးအတွက် အကြံပေးခိုင်းတယ်။ ဦးဗဆွေ၊ ဦးကျော်ငြိမ်း အစရှိတဲ့ ပုဂ္ဂိုလ်များက ဒီမိုကရေစီ ဆိုရှယ်လစ် နိုင်ငံရေးလမ်းစဉ်ကို တင်ပြတယ်။ အစိုးရ သမဝါယမ ပုဂ္ဂလိက၊ ဖက်စပ်တို့ပါဝင်တဲ့ ခြေလေးချောင်းထောက် စီးပွားရေးစနစ်ဆိုတာကို တင်ပြတယ်။ ဝိဓူရ သခင်ချစ်မောင် အစရှိတဲ့ ပမညတ အများစု ပါဝင်တဲ့ အုပ်စုက ဆိုရှယ်လစ် ဒီမိုကရေစီလမ်းစဉ်ကို တင်ပြတယ်။ ဆိုရှယ်လစ် စီးပွားရေးစနစ်နဲ့ သွားဖို့ တိုက်တွန်းတယ်။ ဦးနုတစ်ယောက်တည်းက ဘာတင်ပြသလဲဆိုတော့ သူ့ကို အာဏာ ပြန်အပ်ပါ။ သူ့ကို အာဏာပြန်အပ်တယ်ဆိုတာ ပြည်သူလူထုက ရွေးကောက် တင်မြှောက်ထားခြင်းကို လေးစားတဲ့ အနေနဲ့ ပြည်သူကို အာဏာ ပြန်အပ်တာနဲ့ အတူတူပဲ။ သူ့ကို အာဏာပြန်အပ်လိုက်ပြီးတာနဲ့ သူက ချက်ချင်းပဲ ဗိုလ်ချုပ်နေဝင်းကို အာဏာပြန်လွှဲပေးလိုက်မယ်။ အဲဒီတော့မှ တိုင်းပြည် ကောင်းကျိုးအတွက် လုပ်စရာ ရှိတာတွေ ဆက်လုပ်ပါတဲ့ဗျာ။ ထိုစဉ်က ကျွန်တော် လုံးဝ ဉာဏ်မမီခဲ့ပါဘူး။ ခုခါကျမှ ဦးနုရဲ့ ရပ်တည်ချက်နဲ့ သဘောထားကို ကျွန်တော် နားလည် သဘောပေါက်လာပြီး လက်ဖျားခါမိတယ်ဗျ။

## နိုင်ငံရေး အကွက်ရှေ့က ပြေးနေတာချည်း

နောက်နှစ် ၂၀ အကြာ ၁၉၈၈ ကျပြန်တော့ ၉ စက်တင်ဘာ ၈၈ မှာ ဦးနုက '၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် မိမိထံမှ ဗိုလ်ချုပ်နေဝင်းက သိမ်းယူသွားသော အာဏာ အချုပ်ရပ်ကို ပြန်လည် ရယူလိုက်ပြီ' လို့ ကြေညာပြီး စင်ပြိုင်အစိုးရ ထူထောင်ခဲ့တယ်ဗျာ။ ဦးနုက သူ့ရဲ့ စင်ပြိုင်အစိုးရက ကြီးမှူးပြီး လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ

များကို အမြန်ဆုံး ကျင်းပပေးမည်လို့ အတိအလင်း ကြေညာပါတယ်။ ဦးနုရဲ့ နိုင်ငံရေး အကွက်တွေက သူများတွေထက် ရှေ့က ပြေးနေတာချည်းပါပဲ။ ကျွန်တော့်ရဲ့ မြန်မာ နိုင်ငံရေး လေ့လာဆွေးနွေးချက်တွေထဲမှာ ဦးနုရဲ့ နိုင်ငံရေး လုပ်နည်း လုပ်ဟန်တွေ အကြောင်းကို ပို့ချချိန် စုစုပေါင်း ၆ နာရီလောက် ရှိတတ်ပါတယ်။ တကယ် အသေးစိတ် ပြောမယ်ဆိုရင် အဲဒီ နှစ်ဆလောက် အချိန်ပေးရမယ် ထင်တယ်ဗျ။

## တကယ်သန့်ရှင်းတဲ့ ဦးနု

ဦးနုအကြောင်းပြောရင် သန့်ရှင်း ဖဆပလဆိုတဲ့ နာမည်လည်း တွဲလျက်ပါတယ်။ ပညတ်သွားရာ ဓာတ်သက်ပါဆိုသလို ဦးနုရဲ့ ကိုယ်ကျင့်သိက္ခာ သန့်ရှင်းမှုနဲ့ ကိုယ်ကျိုး စီးပွားရှာမှုမှ သန့်ရှင်းမှုကိုလည်း အထူးပြု ပြောစရာရှိတယ်။

ဦးနုဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်နေချိန်မှာ ပြောခဲ့တဲ့ စကားတစ်ခွန်းကို ဖဆပလ ကနေ သန့်ရှင်းနဲ့ တည်မြဲ ကွဲပြီးချိန် သတင်းစာတွေက အလေးထား ဖော်ပြ ခဲ့ကြဖူးတယ်။ 'ကျွန်တော် ဝန်ကြီးချုပ်ရာထူးက ထွက်ခွာသွားချိန်မှာ ကျွန်တော့်ရဲ့ ကိုယ်ပိုင် ဥစ္စာပစ္စည်းတွေကို စစ်ဆေးပါ။ ဝန်ကြီးချုပ် မဖြစ်ခင်ကထက် တစ်ကျပ်ပိုရှိနေတာ တွေ့တယ်ဆိုရင် ကျွန်တော့်ကို သူခိုးလို့ ကြေညာပါ။ ကျွန်တော် ခံပါ့မယ်' ဆိုပြီး ရဲရဲတင်းတင်း ပြောဆိုခဲ့တာ ဖြစ်တယ်ဗျာ။ သူပြောခဲ့တဲ့ အတိုင်းပါပဲ။ ဦးနုနဲ့ ပတ်သက်ပြီး သူ့ရဲ့ အတိုက်အခံတွေဘက်က တခြားမကျေနပ်တာတွေ ရှိရင်ရှိမယ်။ ဒါပေမဲ့ အကျင့် ပျက်ခြစားတဲ့ ဦးနုဆိုတဲ့ စွပ်စွဲမှုမျိုးတော့ ကျွန်တော် ကြားလည်း မကြားဖူး။ ဖတ်လည်း မဖတ်ဖူးဘူးဗျ။

ကျွန်တော်တို့ တိုင်းပြည်မှာ အဲသလို သီလကို အစစ်ဆေးခံဖို့ စိန်ခေါ်ရဲတဲ့ ခေါင်းဆောင်တွေများများ ပေါ်ထွန်းလာစေချင်ကြောင်းပါ ခင်ဗျ။

**ပြည်သူ့ခေတ်ဂျာနယ်။**

၈၊ ၄ွန်၊ ၂၀၁၂

အတွဲ ၂၊ အမှတ် ၉၈

○

# ရိုးလ်ချုပ်အောင်ဆန်း မင်ဒဲလားနှင့် ကျပ်တစ်သောင်းတန်

## တစ်သောင်းတန်နဲ့ ဝိုလ်ချုပ်ပုံ

ကျပ်တစ်သောင်းတန် ငွေစက္ကူထုတ်တဲ့ သတင်းကြေညာပြီလို့ ကြား ကြားချင်း မေးမိတာက ငွေစက္ကူဒီဇိုင်းမှာ ဘယ်လို ရုပ်ပုံပါ သလဲဆိုတာ ပဲဗျ။ ကျွန်တော်က မြင်ခဲ့တဲ့ ဖေဖော်ဝါရီလမှာပဲ ငွေစက္ကူအပေါ်က ရုပ်ပုံတွေအကြောင်း ဆောင်းပါး ရေးခဲ့သေးတာကိုး။ သည်တော့ အခုတန်ဖိုး အကြီးဆုံး (လို့ ယူဆရတဲ့) တစ်သောင်းတန် ငွေစက္ကူထုတ်မယ်ဆိုတော့ ပြောချင်တာလေးတွေ ရှိလာပြန်တယ်ဗျ။

## လက်အုပ်ချီ နှုတ်ဆက်တဲ့အကျင့်

ကျွန်တော်ကလည်း အသက်လေး နည်းနည်းရလာတော့ သတိထားတဲ့ကြားက စကားတွေ ဟိုရောက် ဒီရောက်ဖြစ်တတ်တယ်ဗျာ။ ခုလည်း ကြည့်လေ၊ ဆင်ဖြူကို ရှိုးတဲ့အကြောင်း ပြောရင်း ဟိုတစ်ချိန်တစ်ခါက လူလူချင်း လက်အုပ်တချီချီနဲ့ ကြိုဆိုကြရတဲ့ မြင်ကွင်းကို သတိရပြီး ပြောချင်လာပြန်ပါရောလား။

ကျွန်တော်က ပဲခူးမြို့မှာ ကြီးပြင်းလာသူဖြစ်ပြီး ကျွန်တော့်မိခင်ကြီးနဲ့ တစ်မျိုးလုံး တစ်ဆွေလုံးဟာ ကြခတ်ဝိုင်းကျောင်းတိုက်ကြီးရဲ့ ဒါယကာ ရင်းတွေ ဖြစ်ခဲ့တယ်။ ကျွန်တော့် ယောက္ခမကြီး ဦးကျော်လှိုင်က ကြခတ်ဝိုင်း ဂေါပက ဥက္ကဋ္ဌကြီးအဖြစ် နှစ်ပေါင်းများစွာ တာဝန်ယူခဲ့တယ်။ သည်တော့ ကြခတ်ဝိုင်း သာသနာပြုအသင်းကြီးရဲ့ ဓါရဝပြု ကြိုဆို နှုတ်ဆက်တဲ့ ထုံးစလေ့အရ တစ်ယောက်နဲ့ တစ်ယောက် ဆုံမိတာနဲ့ အပြန်အလှန် လက်အုပ်ချီ နှုတ်ဆက်တာ အကျင့်ဖြစ်နေတယ်ဗျာ။ သို့ပေမယ့် ပဒေသရာဇ် စိတ်ပေါက်နေသူ တချို့က သူတို့ကို ပြည်သူတွေနဲ့

ကျောင်းသား ကျောင်းသူ လေးတွေက တန်းစီ လက်အုပ်ချီကြိုဆိုတာကို မောက်မာယစ်မူးစွာ ခံယူနေကြချိန် ကျတော့ ကျွန်တော့်ရဲ့ ရိုကျိုးနှိမ့်ချစွာ တစ်ဖက်လူကို လက်အုပ်ချီ ကြိုဆို နှုတ်ဆက်တဲ့ အကျင့်ကို တမင်ဖျောက်ဖျက်ပစ်လိုက် ရတယ်ဗျ။

## မင်ဒဲလားပုံနဲ့ငွေစက္ကူတွေ

ကိုင်း အခု ငွေစက္ကူပေါ်က ရုပ်ပုံအကြောင်း ပြန်ကောက်ကြဦးစို့ဗျာ။

တောင်အာဖရိကနိုင်ငံမှာ နိုင်ငံရဲ့ ပထမဆုံး လူမည်း သမ္မတ နယ်လ်ဆင်မင်ဒဲလားရဲ့ ရုပ်ပုံ ရိုက်နှိပ်ထားတဲ့ ယူနစ်အသေးဆုံးကနေ အကြီးဆုံးအထိ ငွေစက္ကူများကို ထုတ်ဝေ ဖြန့်ချိ သုံးစွဲသွားဖို့ စီစဉ်နေတယ်ဆိုတဲ့ ဘီဘီစီ သတင်းတစ်ပုဒ်ကို ဖတ်လိုက်ရတဲ့ ဖေဖော်ဝါရီလတုန်းက ကျွန်တော်တို့နိုင်ငံမှာလည်း ဗိုလ်ချုပ်အောင်ဆန်းပုံနဲ့ ငွေစက္ကူတွေ ပြန်လည် ထုတ်ဝေရင် ဘယ်လောက် ဝမ်းမြောက်ကြည်နူးဖွယ်ကောင်း လိမ့်မလဲလို့ ရေးခဲ့တယ်ဗျ။

## လွတ်မြောက်ခြင်း ၂၂ နှစ် ပြည့်ချိန်

တောင်အာဖရိကနိုင်ငံမှာ ရာစုနှစ်နဲ့ချီပြီး ကြီးစိုးလွှမ်းမိုးတွင်ကျယ်ခဲ့တဲ့ 'အပါသိုက်'ခေါ် အသားအရောင်ခွဲခြားမှုစနစ်ဆိုးကို ဒူးမထောက် လက်မမြှောက် အလျှော့မပေးဘဲ မစေ့စပ်စတမ်း ရှုပ်ရှုပ်ချွံချွံ ဆန့်ကျင်တိုက်ပွဲဝင်ခဲ့မှုကြောင့် ထောင်ထဲမှာ ၂၇ နှစ် နေခဲ့ရတဲ့ မင်ဒဲလားဟာ ၁၉၉၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့မှာ ပြန်လည် လွတ်မြောက်လာခဲ့တယ်။ သူ ပြန်လည် လွတ်မြောက်လာခဲ့ခြင်း ၂၂ နှစ် တင်းတင်း ပြည့်မြောက်တဲ့နေ့မှာ အဲဒီငွေစက္ကူတွေ ထုတ်ဝေဖြန့်ချိမယ့် အစီအစဉ်ကို လက်ရှိ သမ္မတ ဂျက်ကော့ဇူးမားက ထုတ်ဖော် ကြေညာခဲ့တာ ဖြစ်တယ်။



## ငြိမ်းချမ်းရေးနိုဘယ်ဆု ရရှိ

တောင်အာဖရိကနိုင်ငံက ဒေသခံတိုင်းရင်းသား လူမည်းများအတွက် သာမက ကမ္ဘာတစ်လွှားက လူမည်းများအတွက်ရော ခွဲခြား ဖိနှိပ်ဆက်ဆံခြင်း ခံနေကြရတဲ့ လူနည်းစု လူမျိုးစုဝင်များအားလုံး လူ့အခွင့်အရေး ချိုးဖောက်ခြင်း ခံနေကြရသူ လူသားအားလုံး အတွက်ပါ မီးရှူးတန်ဆောင်တစ်ခုဖြစ်တဲ့ မင်ဒဲလားဟာ ကမ္ဘာ့အကြီးဆုံး အံ့ချော်လွဲမှားမှု တွေထဲက တစ်ခုဖြစ်တဲ့ အသားအရောင်ခွဲခြားမှုစနစ်ဆိုးကို တစ်ဘဝလုံး ပေးဆပ်စတေးပြီး ဆန့်ကျင် တိုက်ခိုက်ခဲ့တဲ့ သူ့ရဲ့ လှုပ်ရှားမှုများအတွက် ၁၉၉၃ မှာ ငြိမ်းချမ်းရေး နိုဘယ်ဆုကို ဆွတ်ခူးနိုင်ခဲ့တယ်ဗျာ။

## အမျိုးသားညီညွတ်ရေး အစိုးရဖွဲ့ခဲ့ပုံ

နောက်တစ်နှစ် ၁၉၉၄ မှာ ကျင်းပတဲ့ နိုင်ငံရဲ့ ပထမဆုံး ဒီမိုကရေစီ ရွေးကောက်ပွဲမှာ မင်ဒဲလားဦးဆောင်တဲ့ အာဖရိက အမျိုးသားကွန်ဂရက် (ANC) က အဓိကပြိုင်ဘက် လူဖြူတွေရဲ့ ပါတီအပေါ် မဲအပြတ်အသတ်နဲ့ အနိုင်ရရှိခဲ့တယ်ဗျ။ အခြေခံဥပဒေသစ် အရ သူ့ပါတီက တစ်ပါတီတည်း အစိုးရဖွဲ့နိုင်တဲ့ အနေအထားမှာ ရှိခဲ့ပေမယ့် အင်မတန်မှ အမြော်အမြင်ကြီးမားတဲ့ မင်ဒဲလားက လူဖြူတွေပါ ပါဝင်တဲ့ အမျိုးသား ညီညွတ်ရေး အစိုးရဖွဲ့စည်းခဲ့တာကြောင့် သူ့ရဲ့လုပ်ရပ်ကို ကမ္ဘာက အံ့သြ လေးစား ချီးကျူးခဲ့ကြတယ်ဗျ။ ဒါ့အပြင် မင်ဒဲလားဟာ သူ့ရဲ့ သမ္မတရာထူး ပထမသက်တမ်းကုန်ဆုံးချိန်မှာ ပြည်သူတွေရဲ့ တစ်ခဲနက် ထောက်ခံမှုကို ဆက်လက်ရရှိနေဆဲဖြစ်ပေမယ့် ဒုတိယရာထူး သက်တမ်း အတွက် ဝင်ရောက်ယှဉ်ပြိုင် အရွေးခံခြင်းမပြုတော့ဘူးဗျ။ အာဏာကို နည်းလမ်းမျိုးစုံ သုံးပြီး ဆက်လက် ဆုပ်ကိုင်ထားနိုင်ဖို့ ကြိုးစားမှုတွေသာ တွင်ကျယ် လွှမ်းမိုးနေတဲ့ တိုက်ကြီး တစ်တိုက်အတွက် အင်မတန်မှ မြင့်မြတ် အဖိုးတန်တဲ့ အစဉ်အလာကောင်း တစ်ခုကို ချထားခဲ့တာပဲ ဖြစ်တယ်ဗျ။

## အနားယူနေပါပြီ

အခုအချိန်မှာ အသက် ၉၄ နှစ် ရှိနေပြီဖြစ်တဲ့ မင်ဒဲလားဟာ ကျန်းမာရေးလည်း ချို့တဲ့နေပြီ ဖြစ်တဲ့အတွက် အများပြည်သူ မြင်ကွင်းက နောက်ဆုတ်ပြီး သူ့ရဲ့ဇာတိရွာကလေးမှာ အေးအေးချမ်းချမ်း အနားယူနေပြီ ဖြစ်တယ်ဗျာ။

## မှတ်လောက်သားလောက်စကား

မြို့တော် ပရီတိုရီးယားက ဗဟိုဘဏ် အဆောက်အဦမှာ ပြုလုပ်တဲ့ မင်ဒဲလားရုပ်ပုံပါတဲ့ ငွေစက္ကူတွေ ရိုက်နှိပ်ထုတ်ဝေမယ့်အကြောင်း ထုတ်ပြန်ကြေညာတဲ့ အခမ်းအနားမှာ တောင်အာဖရိက နိုင်ငံရဲ့ လက်ရှိ သမ္မတ ဂျက်ကော့ဇူးမား ပြောသွားတဲ့ စကားတစ်ခွန်းဟာ တကယ့်ကို မှတ်သားလောက်တယ်ဗျ။ မင်ဒဲလား အကျဉ်းထောင်က လွတ်မြောက် လာမှုကို 'မျှော်လင့်ခြင်း ခေတ်သစ်တစ်ခုရဲ့ နိဒါန်း' အဖြစ် တင်စားခဲ့တဲ့ ဇူးမားက မင်ဒဲလားရုပ်ပုံပါ ငွေစက္ကူတွေ ထုတ်ဝေမယ့် သူ့အစိုးရရဲ့ အစီအစဉ်နဲ့ ပတ်သက်ပြီး 'ယခုလို မကြီးကျယ် မခမ်းနားတဲ့ သာမည လုပ်ရပ်ကလေးနဲ့အတူ ကျွန်တော်တို့ တောင်အာဖရိက ပြည်သူတွေက ဟောဒီနိုင်ငံပြည်သူတွေနဲ့ ကမ္ဘာ့လူသားထုတစ်ရပ်လုံးရဲ့ အကျိုးအတွက် စတေး ပေးဆပ်ခဲ့တဲ့ ဘဝတစ်ခုအပေါ် ကျွန်တော်တို့ရဲ့ လေးနက်တဲ့ ကျေးဇူးတင်မှုကို ဖော်ပြကြမှာဖြစ်ပါတယ်' လို့ ပြောဆိုခဲ့တာ ဖြစ်တယ် ဗျ။

ဆိုလိုတာကတော့ မင်ဒဲလားရုပ်ပုံပါတဲ့ ငွေစက္ကူထုတ်ဝေတဲ့ လုပ်ရပ်ဟာ မင်ဒဲလားက တောင်အာဖရိက နိုင်ငံအပေါ် ပြုခဲ့ဖူးတဲ့ ကျေးဇူးနဲ့နှိုင်းစာလိုက်ရင် ဘာမှ မပြောပလောက်အောင် သေးမွှား သိမ်နုပ်လွန်းလှပါတယ်လို့ ဝန်ခံ ပြောဆိုလိုက်တာ ဖြစ်တယ်ဗျ။ နိုင်ငံ့ ဖခင်ကြီးတစ်ဦးအပေါ် နောက်မျိုးဆက် ခေါင်းဆောင်တစ်ဦးက ကျေးဇူးသိစိတ်အပြည့်နဲ့ ပြောဆိုလိုက်တဲ့ စကားမှန် ပေါ်လွင်ထင်ရှား နေတယ်ဗျာ။



## ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံ

မင်ဒဲလားနဲ့ ငွေစက္ကူသစ်သတင်းကို ဖတ်လိုက်ရချိန်နဲ့ မရှေးမနှောင်းမှာ လွတ်လပ်ရေး ဗိသုကာ အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ရုပ်ပုံရိုက်နှိပ်ထားတဲ့ ငွေစက္ကူတွေ ထုတ်ဝေဖြန့်ချိသွားဖို့ အစီအစဉ် ရှိ၊မရှိ လွှတ်တော် ကိုယ်စားလှယ် တစ်ဦးက မေးမြန်းပြီး သက်ဆိုင်ရာ ပြည်ထောင်စု အစိုးရအဖွဲ့ ဝန်ကြီးက အဲသလို အစီအစဉ် မရှိပါဘူးလို့ ပြန်လည် ဖြေကြားသွားတဲ့အကြောင်း သတင်းစာမှာ ဖတ်လိုက် ရတယ်ဗျ။

အားလုံး သိကြတဲ့အတိုင်း ဗိုလ်ချုပ်အောင်ဆန်းဟာ တပ်မတော်ရဲ့ ဖခင်လည်းဖြစ်၊ နိုင်ငံ့လွတ်လပ်ရေးအတွက် စွမ်းစွမ်းတမံ ကြိုးပမ်း ဆောင်ရွက်ရင်း တိုင်းပြည်အတွက် အသက်ကိုစတေး ပေးဆပ် သွားခဲ့သူလည်း ဖြစ်တယ်ဆိုတဲ့အပေါ်မှာ မြန်မာနိုင်ငံသား အားလုံးဟာ တစ်သဘောတည်း ရှိကြတယ်ဗျာ။

## အလွဲတစ်ခု ပြန်တည့်သွားပြီ

ဗိုလ်ချုပ်အောင်ဆန်းပုံရှေ့မှာ ဗိုလ်ချုပ်သမီးနဲ့ သမ္မတကြီးတို့ ကြည်လင်သော အပြုံး ကိုယ်စီနဲ့ ရပ်နေကြတဲ့ပုံ သတင်းစာထဲပါလာပြီးတဲ့ နောက်မှာတော့ ကျွန်တော်တို့နိုင်ငံမှာ ရာစုတစ်ဝက်လောက် တည်ရှိနေခဲ့တဲ့ 'အလွဲ' တစ်ခု ပြန်တည့်သွားခဲ့ပြီလို့ ယူဆဖွယ်ရာ ဖြစ်ခဲ့တယ်ဗျာ။ ပွင့်ပွင့်လင်းလင်း ပြောရရင် ပြည်သူတွေဟာ သူတို့နှစ်ပေါင်းများစွာ လိုလားတောင့်တနေခဲ့ကြတဲ့ သမ္မတကြီး ဦးသိန်းစိန်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံ ဆွေးနွေးခဲ့ကြတယ်ဆိုတဲ့ သတင်းထက် အဲဒီဓာတ်ပုံကြောင့်ပိုပြီး 'ဟတ်ထိ' သွားခဲ့ကြတာ ဖြစ်တယ်ဗျာ။ စစ်အစိုးရ အဆက်ဆက်နဲ့ ပတ်သက်ပြီး သူတို့ရင်ထဲက မကျေလည်မှုတွေဟာ အဲဒီဓာတ်ပုံကြောင့် အတော်များတဲ့ အတိုင်းအတာအထိ ပြေလျော့သွားခဲ့တာ ဖြစ်တယ်ဗျာ။

ဒါကြောင့် ဒီအချက်ကို အလေးအနက်ပြုပြီး နိုင်ငံတော်အစိုးရအနေနဲ့ ဗိုလ်ချုပ်ပုံ ပါတဲ့ ငွေစက္ကူအသစ်တွေ ထုတ်ဝေခဲ့မယ်ဆိုရင် အစိုးရဟာ ပြည်သူတွေရဲ့ ချစ်ခင် နှစ်သက်မှုကို ထပ်မံရရှိမှာ ဖြစ်တဲ့အပြင် နိုင်ငံတော်

အခု လျှောက်လှမ်းနေတဲ့ လမ်းကြောင်း နဲ့လည်း အံဝင်ခွင်ကျကွက်တိပဲလို့ ကျွန်တော်ကတော့ ယုံကြည်နေမိတယ်ဗျာ။

နောက်ဆိုရင် လူအသုံးအများဆုံး ငွေပမာဏလို့ ယူဆရတဲ့ တစ်ထောင်တန် ငွေစက္ကူပေါ်မှာ ဗိုလ်ချုပ်အောင်ဆန်းပုံများ တွေ့ရလေမလားလို့ မျှော်လင့်နေမိကြောင်း ပါဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်**

*၁၈၊ ဇွန်၊ ၂၀၁၂*

*အတွဲ ၂၊ အမှတ် …*

○

# ပြည်သူ့ဟစ်တိုင်တွေထားပေးရင် ဘယ်လိုနေမလဲ

**ဆန္ဒပြပွဲနဲ့ ဒီမိုကရေစီ အလေ့အကျင့်**

[illegible]ကြာသေးခင်က ဟိုနေရာ သည်နေရာတွေမှာ ဆန္ဒပြပွဲတွေ ဖြစ်ခဲ့တယ်၊ ဆန္ဒပြပွဲတွေ[illegible]ကြောင့် ဒီမိုကရေစီရှေ့ခရီးကို မထိခိုက်နိုင်ဘူးလားဆိုတဲ့ မေးခွန်းကို အတော်များများက [illegible]လာကြတယ်။ ကျွန်တော်ကတော့ ဆန္ဒပြပွဲများကြောင့် ဒီမိုကရေစီ အလေ့အကျင့်[illegible]ကို လက်တွေ့ရရှိကြမှာဖြစ်လို့ ရှေ့ခရီးအတွက် စိုးရိမ်စရာ မရှိပါဘူးလို့ ဆောင်းပါး[illegible]မှာ ရေးခဲ့တယ်ဗျာ။

ကျွန်တော် ဆိုလိုတဲ့ ဆန္ဒပြပွဲတွေဟာ ငြိမ်းချမ်းစွာ ဆန္ဒပြကြတာကို ပြောနေတာပါ။ [illegible]စွာ ဆန္ဒပြသူတွေအဖို့လည်း မိမိတို့အချင်းချင်း စည်းကမ်းထိန်းတဲ့ အလေ့အကျင့်[illegible]ယ်။ လမ်းသွားလမ်းလာ ပြည်သူများကိုလည်း အနှောင့်အယှက်မဖြစ်စေဘူး။ [illegible]ပြတာကို လုံခြုံရေးအရ စောင့်ကြပ်သူတွေအဖို့လည်း ဆူပူမှုမပြုသူတွေကို စိတ်[illegible]ည်နဲ့ လိုက်ပါ စောင့်ရှောက်သလိုတောင် ဖြစ်သွားပြီး ပဋိပက္ခတွေကို ရှောင်လွှဲနိုင်တဲ့ [illegible] ရရှိကြမှာ ဖြစ်တယ်ဗျာ။

အလုပ်သမားအချို့ လယ်သမားအချို့ ဘာကြောင့် ဆန္ဒပြကြသလဲ။ သူတို့[illegible]စီးပွားတွေ ဆုံးရှုံးနစ်နာစရာများ ဖြစ်ပေါ်လာလို့ လှည့်စားခံရလို့ လိုလားချက်တွေ[illegible]ထုတ်ပြီး ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ တောင်းဆိုချင်လို့ ဆန္ဒပြကြတာပဲဗျာ [illegible]ကြောင်းမရှိဘဲ ဘယ်သူက ဆန္ဒပြကြမှာလဲဗျာ။

## အောက်ခြေမှာ ဖြေရှင်းနိုင်ရင်

နှစ် ၃၉ ရက်မှာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲ ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းတဲ့ မှုဝါဒမိန့်ခွန်း ပြောကြားသွားရာမှာ ဆန္ဒပြခြင်းနဲ့ ပတ်သက်လို့ အရေးပါတဲ့ သဘောထားတစ်ခုကို ကြားလိုက်ရတယ်ဗျ။

'ပြည်သူလူထု၏ အခက်အခဲများကို ဒေသဆွေးနွေးပွဲများ၌ ဖော်ထုတ် ဆွေးနွေးနိုင်ခြင်း၊ အောက်ခြေတွင် ဖြေရှင်းနိုင်သည်များကို ချက်ချင်း ဖြေရှင်းပေးခြင်းဖြင့် ယနေ့ လမ်းပေါ် ထွက်၍ ဆန္ဒပြရန်မလိုဘဲ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ နည်းလမ်းတကျ ဖြေရှင်း ဆောင်ရွက်ပေးနိုင်ခြင်းစတဲ့ အကျိုးကျေးဇူးတွေကို ရရှိလာမှာ ဖြစ်ပါတယ်'

အခက်အခဲများကို ဖော်ထုတ် ဆွေးနွေး။

အောက်ခြေမှာ ဖြေရှင်းနိုင်သည်များကို ချက်ချင်း ဖြေရှင်းပေး

လမ်းမပေါ်ထွက်၍ ဆန္ဒပြရန်မလိုဘဲ ဖြေရှင်းပေးနိုင်။

ကောင်းလိုက်တာဗျာ။ သည်နေရာမှာ အောက်ခြေမှာ ဖြေရှင်းပေးနိုင်တဲ့ အာဏာပိုင်များက သမ္မတကြီး ပြောတဲ့စကားတွေကို ကြားဖို့တော့လိုမယ်ဗျ။ ကြားတယ် ဆိုရင်လည်း မှန်မှန်ကန်ကန် လိုက်နာကျင့်သုံးဖို့ လိုမယ်ဗျ။ အတော်များများ နေရာတွေက ဒေသ အုပ်ချုပ်ရေးသမားများဟာ ရေဒီယိုမဖွင့်၊ ရုပ်သံမကြည့်၊ သတင်းစာ မဖတ်၊ ဂျာနယ်မဖတ်ကြဘူး ထင်ပါရဲ့ဗျာ။ သမ္မတကြီး မကြာမကြာ ပြောပြောနေတဲ့ ကောင်းမွန်သော အုပ်ချုပ်မှုတို့ သန့်ရှင်းသော အစိုးရတို့ဆိုတာတွေကိုလည်း မကြားမိ သလိုပဲဗျ။ သူတို့ဆီမှာ မီးမလာလို့ ရေဒီယို မဖွင့်နိုင်၊ ရုပ်သံ မကြည့်နိုင်၊ လမ်းပန်း ဆက်သွယ်ရေး မကောင်းလို့ သတင်းစာ၊ ဂျာနယ်လည်း မဖတ်နိုင်လို့ ဆင်ခြေပေးကြ မလားတော့ မသိ။

## သွေးနားထင်ရောက်နေသူများ

ပြည်သူလူထုရဲ့ ဆန္ဒသဘောထား (Public Opinion) တွေကို ဆွေးနွေးရယူခြင်း နည်းလမ်းနဲ့ အပြန်အလှန် ယုံကြည်လေးစားမှုဖြင့် ဆောင်ရွက်ရမယ်လို့ သမ္မတကြီးက လမ်းညွှန်ခဲ့တာလည်း များလှပါပြီ။ သို့ပေမယ့် ပြည်သူတွေဟာ အုပ်ချုပ်ခံတွေ၊ မိမိသည် ပြည်သူ့ဝန်ထမ်းမဟုတ်၊ အုပ်ချုပ်သူ (Ruler) စစ်စစ် ဖြစ်တော့သကိုးလို့ သွေးနားထင် ရောက်နေသူများက အဆိုပါ လမ်းညွှန်ချက်မျိုးကို လိုက်နာဖို့ အတော် ခက်ခဲနေကြ ရပါတယ်ဗျာ။



## သမ္မတကြီးကို အားနာတယ်

"...ကမ္ဘာ့အလယ်မှာ သားစဉ်မြေးဆက် ရပ်တည်နိုင်အောင် စွမ်းဆောင်ရည်ရှိသော လူမျိုးများအဖြစ် အစိုးရ၊ လွှတ်တော်၊ ပြည်သူအားလုံးနဲ့ စတုတ္ထမဏ္ဍိုင်တို့ ပူးပေါင်းပြီး ညီညီညွတ်ညွတ် ခိုင်ခိုင်မာမာ လက်တွဲ ကာကွယ်စောင့်ရှောက်သွားရမှာ ဖြစ်ပါတယ်" ဆိုတဲ့ စကားမှာ စတုတ္ထမဏ္ဍိုင်က ပါလာပြန်တယ်ဗျ။ သမ္မတကြီးကတော့ ရာထူး ထက်ခံ မိန့်ခွန်းပြောခဲ့တဲ့ လွန်ခဲ့တဲ့ တစ်နှစ်နဲ့ နှစ်လကျော်ကတည်းက စတုတ္ထ မဏ္ဍိုင် သတင်းမီဒီယာများကို အားကိုးခဲ့တာ ခုထိ အားကိုးချင်နေတုန်းပါပဲလားလို့ အားတုံ့အားနာ ဖြစ်သွားမိပါတယ်ဗျာ။

## ဝါဟဲ့ ဘီကျားဘဝပါပဲ

ကျွန်တော်တို့မှာ အိပ်ချင်မူးတူးနဲ့ ဇာတ်ဝင်ခန်း အဝတ်အစား ကြုံသလို ဆွဲဝတ်ပြီး ထွက်ခဲ့ရတဲ့ ဇာတ်သမားလို ဖြစ်နေသေးတယ်ခင်ဗျ။ သူ့မျော ခေါင်းမှာ ဆောင်းထားတာက ဘီလူးခေါင်း၊ ကိုယ်မှာဝတ်ထားတာက အစင်းအစင်းတွေနဲ့ ကျားဝတ်စုံ၊ ဆိုင်းဆင့်အခုံမှာ သူ့ကိုယ်သူ ကြေညာရမှာက 'ငါဟဲ့ ဘီလူး' ဆိုလည်း ဘီလူး၊ 'ငါဟဲ့ ကျားမင်း' ဆိုလည်း ကျားမင်း။ အဲသလို ဖြစ်ရမှာ၊ ဘီလူးခေါင်းစမ်းကြည့်ပြီး ငါဟဲ့ဘီလူးလို့ ပြောမလို့ အပ်တုန်း ခါးမှာဝတ်ထားတဲ့ ကျားဝတ်စုံကို တွေ့တော့ ကမန်းကတန်း ပြင်ပြော လိုက်တာက 'ငါဟဲ့ ဘီကျား' တဲ့။ ကျွန်တော်တို့လည်း ငါဟဲ့ စတုတ္ထမဏ္ဍိုင်လို့ ကြုံးဝါးမယ် အပ်တုန်း ကိုယ့်တာသာကိုယ် ပြန်ကြည့်မိပြီး ငါဟဲ့ ဘီကျားလို့ အော်ရမလို ဖြစ်နေတယ်ဗျ။

မည်သို့ရှိစေပေါ့ဗျာ၊ ကျွန်တော်တို့ကတော့ သမ္မတကြီး မိန့်ခွန်းကို မကြားသူ တွေကို ကြားအောင် နည်းမျိုးစုံနဲ့ လုပ်ရမှာပဲဗျ။ တိုးတိုးပြောလို့မရရင် အော်လံသုံးပြီး အကျယ်ကြီး အော်ပြောရမှာပဲဗျ။ နားဖာချေးတွေ ပိတ်နေလို့ပါဆိုရင် နဖာကလော် ကောင်းကောင်းနဲ့ ကော်ထုတ်ပေးရမှာပဲဗျ။

## မမြင်လို မကြားလို မပြောလို

ခုက ဆရာမနိုင်နှစ်ဆောင်ပြိုင်လို့တောင် ပြောရမယ့် အခြေအနေ ရောက်နေတဲ့ ကိုယ့်ကိုယ်ကိုယ် Ruler လို့ အထင်ရောက်နေသူများဟာ ဒဏ္ဍာရီလာ မျောက်သုံး ကောင်လို ဖြစ်နေတယ်ဗျ။ မျက်စိနှစ်ဖက်လုံးကို ပိတ်ထားတဲ့ မျောက်၊ နားနှစ်ဖက်ကို ပိတ်ထားတဲ့ မျောက်နဲ့ပါးစပ်ကို ပိတ်ထားတဲ့ မျောက်သုံးကောင်တွဲ ရုပ်ပုံတွေကို တွေ့ဖူးကြမှာပါ။ မူရင်းသဘောကတော့ အကုသိုလ်တွေကို မမြင်လို၊ မကြားလို၊ မပြောလိုဆိုတဲ့ အဓိပ္ပာယ် ဖြစ်တယ်လို့ ကြားဖူးတယ်ဗျ။ အခု အောက်ခြေကအုပ်ချုပ်သူ Ruler အချို့ကတော့ အဲသလို သဘောမဟုတ်ပါ။ သမ္မတကြီးရဲ့ အမှာစကားတွေကို

မကြားလို၊ အပြောင်းအလဲ ဆိုတာတွေကို မမြင်လို၊ ပြည်သူများရဲ့ အခက်အခဲတွေကို ဖြေရှင်းပေးဖို့ဆိုတဲ့ စကားမျိုး မပြောလိုဆိုတာပဲ ဖြစ်လိမ့်မယ်ဗျ။

## ဟိုက်ပတ်စတိုင် ဟစ်တိုင်များ

ပြည်သူတွေအနေနဲ့ သူတို့ရဲ့ အခက်အခဲများကို အာဏာပိုင်များ နားပေါက်အောင် ပြောဖို့ အခက်အခဲရှိမယ်ဆိုရင် လွတ်လွတ်လပ်လပ်ပြောဖို့ နေရာတော့ ပေးသင့်တယ် ထင်တယ်ဗျ။ ဟိုယခင် ဒီမိုကရေစီအစိုးရတစ်ခေတ်က မဟာဗန္ဓုလပန်းခြံမှာ လန်ဒန်က ဟိုက်ပတ်စတိုင် ဟစ်တိုင်လုပ်ပေးထားသလို မြို့ကြီးတွေက မြို့လယ်ပန်းခြံများမှာ ပြည်သူ့ဟစ်တိုင်များ ဆောက်လုပ်ပေးထားရင် ပြည်သူများရဲ့ ရင်ဖွင့်သံတွေကို ယခုထက်ပို၍ ပွင့်ပွင့်လင်းလင်း ကြားရလိမ့်မယ်လို့ တွက်ဆမိကြောင်းပါဗျ။

**ပြည်သူ့ခေတ်ဂျာနယ်**

၂၂၊ ၄၊ ၂၀၁၅

အတွဲ ၂၊ အမှတ် ၁၀၀

## ပြည်သူ့အာဘော်အချို့

ပြည်သူ့ခေတ်ဂျာနယ်ကို အားပေးဖတ်ရှုသူတွေရဲ့ကြိုက်နှစ်သက်မှုနဲ့ မကြိုက်မနှစ်သက်မှုကို ...ခါအားလျော်စွာ ကျွန်တော်တို့ စူးစမ်းလေ့လာတဲ့အခါ ပြည်သူ့ခေတ် ပြည်သူ့အသံ ...ယ်ဒီတာ့ထံပေးစာများကို ကြိုက်နှစ်သက်သူ အတော်များတာ တွေ့ရပါတယ်။ အချို့ ...ဖတ်သူများက ကျွန်တော့်ထံ ပုဂ္ဂိုလ်ရေးအရ စာရေးပြီး သူတို့ ရေးစေချင်တာကို ...ပေးဖို့ တောင်းဆိုတာတွေလည်း ရှိပါတယ်။ တချို့ကိုတော့ ကျွန်တော် အလျဉ်းသင့် ...သလို ထည့်ရေးခဲ့ပါတယ်။ များသောအားဖြင့်တော့ ပေးစာများအဖြစ်ပဲ ထည့်ဖို့ ...ယ်ဒီတာအဖွဲ့ကို အပ်လိုက်တာပါပဲ။ ဒီတစ်ပတ်တော့ ကျွန်တော့်ထံ တိုက်ရိုက် ...တဲ့စာအချို့ကို ကျွန်တော့်ကော်လံကပဲ ဖော်ပြလိုက်ပါတယ်။ အရင်းအတိုင်းတော့ ...တ်ပါ။ နည်းနည်း ပါးပါး တည်းဖြတ်လိုက်ရပါတယ်။ ရုံဖန်ရံခါ မှန်တိုင်းလည်း ...ုံးစုံပြောလို့ မဖြစ်တာတွေ ရှိတယ် မဟုတ်ပါလားဗျာ။

## ...ည့်တတ် မြင်တတ်လာတဲ့အခါ

...ရာ ကျွန်တော် × × ဌာနက ကိုနေမင်းပါ။ မခံမရပ်နိုင်လွန်းလို့ အရဲစွန့်ပြီး ဆရာ့ဆီ ...ရေးလိုက်ပါတယ်။ ပြည်သူ့ခေတ်ဂျာနယ်ကို အပတ်စဉ် ဝယ်ဖတ်ခြင်းကနေ ရလာတဲ့ ...သိလေးတွေက ဌာနဆိုင်ရာမှာ ဘာတွေများနေတယ်ဆိုတာကို သိခဲ့တာပဲဆရာ။ ...ရာရေးနေကျ ပြောချင်လွန်းလို့သဘောထားအမြင် အပါအဝင် အားလုံးကိုကြိုက်တယ်။ ...ည်သူ့ခေတ်ဂျာနယ်ဟာ နိုင်ငံသမိုင်း၊ နိုင်ငံရေးရာတွေမှာ တန်ဖိုးသိပ်ရှိပါတယ်။

## ဒီအသိတွေနဲ့ အတူ

ကြည့်တတ်၊ မြင်တတ်ခဲ့တော့ ကိုယ့်ဌာနက လူကြီးတွေကို ကြာလာလေလေ သူ
များတာကို မြင်လာလေလေပဲ ဆရာ။

ရှင်းရှင်းပြောရရင် ဒီစာကို ဆရာ့ဆီပို့ဖို့ မဟုတ်ပါဘူး။ ဒေါက်တာနေဇင်လတ်ဆီကို
သူ့လိပ်စာ မသိတော့ ဆရာ့ဆီ ရင်ဖွင့်လိုက်တာပါ။ ပြည်သူ့ခေတ်နဲ့ ဂျာနယ်တော်
များများမှာ များသောအားဖြင့် ပြည်သူ့ဝန်ထမ်းတွေရဲ့ အခန်းကဏ္ဍကို ဆောင်းပါး
အသားပေး ရေးပေးနေတာတွေ့ရပါတယ်။ ဝန်ထမ်းဆိုတာ တာဝန်နဲ့အတူ လုပ်ပိုင်ခွ
နေပိုင်ခွင့်၊ သွားပိုင်ခွင့်၊ ကြိုးစားပိုင်ခွင့်၊ လွတ်လပ်ပိုင်ခွင့်ဆိုတဲ့ ဝန်ထမ်းတစ်ယော
တာဝန်ကိုယ်စီ ရုံးပိုင်းဆိုင်ရာကို ရေးပေးပါဦး ဆရာ။

(တရားစီရင်ရေးကဏ္ဍတွင် မြန်မာနိုင်ငံ၌ ဥပဒေကောင်းများ ရှိပါတယ်။ သန့်ရှ
လွတ်လပ်စွာ ဆောင်ရွက်နိုင်ခြင်း မရှိသေးကြောင်း) ဒေါက်တာနေဇင်လ
(နယူးယောက်တိုင်း(မ်) သတင်းစာ)

ကျွန်တော်××ဌာနကပါ။ တရားဥပဒေစီရင်ရေးကောင်းတွေရှိလျက်နဲ့ အောက်ခြေ
မရောက်တဲ့ ဒီမြို့မှာကော သန့်ရှင်းရဲ့လား။ လွတ်လပ်ရဲ့လား။ ဝန်ထမ်းသူ။ ဝန်ထမ်း
တွေရဲ့ နင်းပြားဘဝ ဖြစ်နေတာတွေ သူတို့သိကြရဲ့လား။ တရားဥပဒေနဲ့ ဆိုင်
တရားစီရင်ရေးကို တွေးရင်းက ဝမ်းနည်းရပါတယ်။ တရားစီရင်ရေးကို တခြား မြို့
ပိုပြီး ပွင့်လင်းနိုင်တဲ့ ဒီလိုနေရာမှာတောင် မရကြသေးတာ ကမ္ဘာကိုချပြတော့ ကျွန်
ဒီစာလေး ရေးဖြစ်ခဲ့တာပါ။ နိုင်ငံတော်သမ္မတနဲ့ အထက်လူကြီးတွေ ပြုပြင်ပြောင်းလဲ
လုပ်နေတာတွေနဲ့ အတူ အားလုံးကို ကျွန်တော် ကျေးဇူးတင်ပါတယ်။ ကျွန်တော်
သမ္မတနဲ့ အတူ နိုင်ငံ အကြံပေးသူတွေကို သတိရတဲ့ အချိန်တိုင်း ဆုမွန်ကောင်း
အမြဲ တောင်းပေးခဲ့ပါတယ်။ ကျွန်တော်တို့ သမ္မတက မြန်မာနိုင်ငံတော်ရဲ့ ခုတိ
ဖခင် တစ်ယောက်လို့တောင် ခေါ်လို့ရနေပါပြီ။

ကျွန်တော်တို့ အောက်ခြေဝန်ထမ်းတွေဖြစ်နေတဲ့ အခြေအနေလေး ထပ်
ပြောပြပါ့မယ်×××

ဆိုပြီး ရာထူးတိုးမြှင့်ပေးရာမှာ မတရားမှုတွေကို အသေးစိတ် ရေးပြထားပါတယ်
အဲဒီနောက် ရုံးဝန်ထမ်းတွေကို ကလေးကြိုဖို့ မိန်းမခိုင်းဖို့ လက်တိုလက်တောင်
ခိုင်းဖို့ နိုင်ငံတော်လစာနဲ့ အိမ်မှာခိုင်းနေတာတွေ ပြုကျင့်နေပုံကို ဆက်ရေးပါသေ
တယ်။

အထက်လူကြီး ဝန်ထမ်းတွေကို ကြည့်တယ်၊ မကြည့်ဘူးဆိုတာ၊ ကောင်းတယ်
မကောင်းဘူးဆိုတာကို သိချင်ရင် အိမ်ဘယ်လို အကောင်းစား ဆောက်နေတာ
ဆိုင်တွေ ဘယ်လိုဖွင့်ထားတာ၊ လာတုန်းက သေတ္တာငါးလုံး မပြည့်တဲ့သူတွေအ



ဘာတွေ လုပ်လို့ရတာလဲဆိုတာ ပြေးမကြည့်ပါနဲ့ တွေးကြည့်ရင်ရပါတယ်။ တရားစီ
ရင်ရေးက ဒီလို လူတွေအပေါ် မကျင့်သုံးနိုင်သရွေ့ ဝန်ထမ်းတွေက ခံဘက်နဲ့နေရဦးမှာပါ။

မြန်မာနိုင်ငံ၌ ဥပဒေကောင်းများ ရှိပါတယ်၊ သန့်ရှင်း လွတ်လပ်စွာ ဆောင်ရွက်နိုင်ခြင်း
မရှိသေးပါဆိုတဲ့ စကားက ရှိနေပေမယ့် မသန့်ရှင်းတဲ့သူတွေကြောင့် မလွတ်လပ်
နေတာလားလို့ပဲ ထင်ပါတယ်လို့ ကိုနေမင်း အမည်ခံသူက ရေးလိုက်ပါတယ်။

## နိုင်ငံခြားပြန် ပညာရှိကြီး

နောက်တစ်ဦးကတော့ ဆရာမောင်ဝံသရေ ××၏ မတရားလုပ်ရပ်တွေကို မခံစားနိုင်လွန်းလို့
ဆရာ့ဆီကို စာရေးလိုက်တာပါလို့ အစချီပြီး ‘သူကတော့ ××× လက်ဖက်ရည်ဆိုင်ဖွင့်၊
ကျောင်းကလျှပ်စစ်မီးတွေကိုသုံး။ ကျောင်းပိုင်မီးစက်လိုင်းနဲ့ချိတ်၊ ကျောင်းကားတွေကို
ဆွဲကားလုပ်၊ ဆိုင်ဆောက်ထားတာ ကျောင်းက ပရိဘောဂတွေ၊ ကားလေးစီးလောက်ကို
ယူထားပြီး ဆီတွေ ထုတ်ရောင်း။ သူ့ဆိုင်က သူ့အမျိုးတွေက ကျောင်းဝင်းထဲကို
ကြက်သလို ဝင်ထွက်၊ သူ့အနားက သူ့လူတွေဆို နေချင်သလိုနေ ဘာစည်းကမ်းမှ
မလိုဘူး။ သူနဲ့ အနေနီးလို့ကတော့ အပြောင်းအရွှေ့ပါတောင် အထူးအော်ဒါထုပ်ပြီး
မြန်ခေါ်ပေးတယ်။

×× တစ်ယောက်ကို အဲဒီအခွင့်အရေးတွေ နိုင်ငံတော်က ပေးထားလား ဆိုတာ
မသိတော့ပါဘူး ဆရာရေ။ ပညာတတ် ဝန်ထမ်းတွေက သူလုပ်သမျှ ငြိမ်ခံနေတာ
အံ့ဩလွန်းလို့ သေတော့မယ်။

ဒီနေ့လည်း အမိန့် ၂ခု ထုတ်လိုက်ပြန်ပြီ ဆရာရေ ထူးဆန်းလွန်းလို့ပါ ညနေ ၆
နာရီ နံနက် ၆ နာရီအထိ ဆိုင်ကယ်မစီးရတဲ့။ ဝန်ထမ်းတွေက စီးလို့ရပြီး ဝန်ထမ်း
မိသားစုတွေက မစီးရ၊ မထူးဆန်းဘူးလား။ ဒီဝင်းထဲမှာနေတဲ့ အတူတူ ဟိုလူက စီး
ဒီလူက မစီးနဲ့တဲ့။ တော်တော် ထူးဆန်းတဲ့ အမိန့်။

နောက်အမိန့်တစ်စောင်က လျှပ်စစ်မီးကိစ္စ။ စာထဲမှာ လူ့အသုံးအဆောင် အပို
ပစ္စည်းတွေ မသုံးရတဲ့။ လူ့အသုံးအဆောင် အပိုပစ္စည်းတွေ ဆိုတာဘာတွေလဲဆိုတာ
မသိတော့ပါ။

အဲဒီအမိန့်တွေ မလိုက်နာရင်တော့ ဝန်ထမ်းစည်းကမ်းအရ အရေးယူမယ်။
နေထိုင်ခွင့်ကို ရုပ်သိမ်းမယ်။

ဒါ သူလုပ်နေကျ အလုပ်တွေပဲ။ သူ့ကို ကွန်ပလိန်း မတက်နဲ့ သူ လုပ်သမျှ ငြိမ်နေ
ပြီးသနာမရှာဘူး။ ကွန်းပလိန်းတွေ တက်မယ်ဆိုရင်တော့ အဲဒီအမိန့်တွေ ကိုင်ပြီး
အပြစ်ရှာမယ် ပြီးရင် နေထိုင်ခွင့် ရုပ်သိမ်းမယ်။

ဟိုတလောကလည်း ဝန်ထမ်းရဲ့ ယောက်ျား ညနေ ၆ နာရီကျော် ဆိုင်ကယ်စီးလို့
နေထိုင်ခွင့် ရုပ်သိမ်းခံရပါတယ်။ လစာ ၁၅၀၀၀၀ နဲ့ ကလေးက နှစ်ယောက် မိသားစု

လေးယောက် တစ်နယ်တစ်ကျေးက လာပြီး တာဝန်ထမ်းဆောင်နေတာ အမြင်မှာ အီမ်ငှားနေရတာ တော်တော်ဒုက္ခရောက်ပါတယ်။ အဲဒီလိုပညာပေးတဲ့ နိုင်ငံခြား ပြန်ပညာရှိပါ။

သည်လို ပညာရှိကြီးကို ဆုံးမမယ့်လူ မရှိတော့ဘူးလား။

သန့်ရှင်းတဲ့ အစိုးရ ဖော်ထုတ်နေချိန်မှာ ဒီလိုတွေ လုပ်လို့ရနေတော့ နိုင်ငံတော် သမ္မတ မိန့်ခွန်းတွေ နားထောင်ရတာ အားတွေ လျော့သွားပါတယ်။

အဲဒါကြောင့် ဆရာတို့လို သတင်းသမားတွေကို အာကိုးတကြီးနဲ့ စာရေးလိုက်တာ ပါတဲ့။ လူတော်တွေ လူကောင်းဖြစ်ကြပါစေလို့ ဆုတောင်းလိုက်ပါသေးတယ်။

## ပြည်သူ့ကိုယ်စားလှယ် ပြန်ရုပ်သိမ်းမယ်ဆိုလို့

နောက်တစ်ဦးကတော့ ဆရာမောင်ဝံသမုတစ်ဆင့် NDF ပါတီဥက္ကဋ္ဌ ဦးခင်မောင်ဆွေ လို့ လိပ်မူထားပါတယ်။

ဌွန် ၂၁ ရက်နေ့ထုတ် ပြည်သူ့ခေတ်ဂျာနယ်မှာ ပါတဲ့ ဦးခင်မောင်ဆွေတို့ပါတီမှ အခြား ပါတီသို့ ကူးပြောင်းသွားသောသူများကို လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရုပ်သိမ်းရေး အဆိုကို တင်သွင်းမယ်လို့ သိရပါတယ်၊ ကျွန်တော် တီဗွီကနေ လွှတ်တော် ကျင်းပတဲ့ သတင်းတွေကို ပုံမှန်ကြည့်ပါတယ်။ ကျွန်တော်တို့ ရွေးချယ်လိုက်တဲ့ ကိုယ်စားလှယ်တွေ ဘယ်လို ဒေသအကျိုး တိုင်းပြည်အကျိုးကို ထမ်းဆောင်နေသလဲ ဘယ်လောက် အလုပ်လုပ်သလဲ ဘယ်လောက် အရည်အချင်းရှိသလဲဆိုတာ သိချင်လို့ပါ။ ဒါမှ နောက်ရွေးကောက်ပွဲမှာ ဘယ်သူတွေကို မဲပေးသင့်တယ် မဲမပေးသင့်ဘူးဆိုတာလည်း သိနိုင်ပါတယ်။ ကျွန်တော် သိရမြင်ရသလောက် ပြောရရင် ဒေါက်တာမြတ်ညာ ဦးသိန်းညွန့်၊ ဒေါ်ညီညီသင်း။ ဦးရဲထွန်း နောက် ကိုယ်စားလှယ်တချို့ဟာ လွှတ်တော် ကျင်းပတိုင်း ပြည်သူ့အတွက် အဆိုတွေ တစ်ခုပြီးတစ်ခု တင်သွင်းခြင်း ဆွေးနွေးခြင်း ပြုနေတဲ့သူတွေပါ။ မြင်ရတာများတော့ မျက်မှန်းတန်းမိ မှတ်မိနေတာပေါ့။

တကယ်အလုပ်လုပ်တဲ့သူတွေ၊ ပြည်သူ့ကိုယ်စားလှယ်ပီသသူတွေ၊ ကျွန်တော်တို့ ပြည်သူတွေ ရွေးချယ်ရကျိုးနပ်တဲ့ ကိုယ်စားလှယ်တွေပါ။ သူတို့လို ပြည်သူ့ကိုယ်စားလှယ် တွေ ကျွန်တော်တို့ တိုင်းပြည်မှာ ပေါ်များဖို့ လိုပါတယ်။ အဲဒီလို ကိုယ်စားလှယ်တွေနဲ့ လွှတ်တော်မှာ ပြည့်နေရင် ကျွန်တော်တို့ တိုင်းပြည် ဒီမိုကရေစီနိုင်ငံ မြန်မြန် ဖြစ်ပြီပေါ့ဗျာ။ လွှတ်တော်အသံ ပြည်သူ့အသံ၊ လွှတ်တော်ဆန္ဒ ပြည်သူ့ဆန္ဒ၊ လွှတ်တော် အတွင်းမှာ ပါတီစွဲ၊ ဝါဒစွဲတွေ၊ ပုဂ္ဂိုလ်စွဲဂိုဏ်းဂဏစွဲတွေ လုံးဝ မရှိသင့်ပါဘူး။ လွှတ်တော် အသံ ပါတီအသံ၊ လွှတ်တော်ဆန္ဒ ပါတီဆန္ဒ မဖြစ်ဖို့ အရေးကြီးပါတယ်၊ လာမယ့် ရွေးကောက်ပွဲမှာ ကျွန်တော့်အနေနဲ့ကတော့ ပါတီကိုမကြည့်ဘဲ လူကိုပဲ ကြည့်ရွေးမယ်လို့



ဆုံးဖြတ်ထားပါတယ်၊ ပါတီမူဝါဒ ဘယ်လောက်ကောင်းကောင်း ပါတီ ခေါင်းဆောင် ဘယ်လောက်ကောင်းကောင်း ပါတီဝင်တွေရဲ့စိတ်ဓာတ်မကောင်းရင် လုပ်ဆောင်ချက်တွေ ဆုံးရှုံးချက်တွေ မကောင်းရင် လက်ညှိုးထောင်ခေါင်းညိတ် ပုတ်သင်ညို ကိုယ်စားလှယ် တွေ ပြည်သူ့အကျိုး မဆောင်ရွက်ဘဲ ကိုယ့်အကျိုး ကိုယ့်မိသားစုအကျိုးပဲ ကြည့်တဲ့ ကိုယ်စားလှယ်တွေပဲ ဖြစ်မှာပါ။

ထို့ကြောင့် ဦးခင်မောင်ဆွေတို့ရဲ့ ပါတီမှ နုတ်ထွက်သွားတဲ့သူတွေကို လွှတ်တော် ကိုယ်စားလှယ်အဖြစ်မှ ရုပ်သိမ်းရေးအဆိုမှာ ပြည်သူ့ကို အကျိုးယုတ်စေမယ့်အဆို ဖြစ်သောကြောင့် မတင်သွင်းသင့်ဟု ထင်ပါတယ်။ ဦးခင်မောင်ဆွေကို အကြံပြုလိုတာ ကတော့ ပြည်သူ့အကျိုးကို အမှန်တကယ် တက်ကြွစွာ ဆောင်ရွက်နေတဲ့သူတွေကို လွှတ်တော်ကိုယ်စားလှယ်အဖြစ်က ရုပ်သိမ်းဖို့ အဆိုတင်မယ့်အစား လက်ညှိုးထောင် ခေါင်းညိတ် ကိုယ်စားလှယ်တွေကိုသာ ပြည်သူ့ကိုယ်စားလှယ်အဖြစ်က ရုပ်သိမ်းပေးဖို့ အဆိုကိုသာ လွှတ်တော်မှာ တင်သွင်းသင့်ကြောင်းပါခင်ဗျာ။ ဝင်းဇော်ထွန်း ဇီးကုန်းလို့ ဆော်ပြပါရှိပါတယ်။

ကျွန်တော့်ဝေဖန်ချက် တစ်စုံတစ်ရာ ဝင်ပြောဖို့ မလိုဘူးထင်ပါတယ်။ ဒီတစ်ပတ်တော့ ကျွန်တော်တို့ စာဖတ်ပရိသတ်တွေ ပြောချင်နေတာတွေ ပြောဖို့ အလှည့်ပေးလိုက်တာပါ။

**ပြည်သူ့ခေတ်ဂျာနယ်။**

၂၇၊ ဌွန်၊ ၂၀၁၂။
အတွဲ ၂၊ အမှတ် ၁၀၁။

○

## မီဒီယာလေ့လာရေး ဂဂ မျိုးဆက်နဲ့ ပြည်သူ့လွှတ်တော်

အပတ်စဉ်ဂျာနယ်တစ်စောင်ရဲ့ပင်တိုင်ဆောင်းပါးရှင်တစ်ယောက်အနေနဲ့ ရေးချင်တာတွေ ရေးစရာတွေက များနေပေမယ့် ရေးလို့မဖြစ်သေးတဲ့ ကာလ၊ ဒေသ၊ ပယောဂ အနေအထားတွေနဲ့လည်း မကြာခဏ ကြုံရတတ်တယ်ဗျ။ အဲသလို အချိန်မျိုးမှာ ကိုယ့်လက်ကို ကိုယ့်ဘာသာ ဘရိတ်ဖြန့်ဖမ်းထားရတာ ပင်ပန်းလှပါတယ်ဗျာ။

ခုတလောမှာတော့ အဲသလို မဟုတ်ပေဘူးဗျ။ ရေးစရာတွေနဲ့ ရေးချင်တာတွေက ပေါ်များနေပြီး ကျွန်တော်က မရေးနိုင်တဲ့ အခြေအနေနဲ့ ကြုံနေရတယ်ဗျာ။ ပြီးခဲ့တဲ့ ဇွန်လ ၂၄ ကနေ ဇူလိုင် ၃ အထိ အင်ဒိုနီးရှား၊ အိန္ဒိယနဲ့ သီရိလင်္ကာ သုံးနိုင်ငံ မီဒီယာ လေ့လာရေး အဖွဲ့မှာ ကျွန်တော် လိုက်ပါခဲ့ရတယ်။ တစ်နိုင်ငံ ပျမ်းမျှ သုံးရက်လောက်နဲ့ အပြေးအလွှား လေ့လာမှတ်သားရတယ်။ ကျွန်တော့်မှာ စာရေးချိန် မရတော့ပါဘူး။

လေ့လာရေးအဖွဲ့မှာ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲတင့်နဲ့ စာပေစိစစ်ရေးနှင့် မှတ်ပုံတင်ဌာန ဒုညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေ၊ ဥပဒေပညာရှင် ဒေါက်တာကျော်ဇောနိုင်၊ ရန်ကုန်မီဒီယာအုပ်စု ဥက္ကဋ္ဌ ဦးကိုကို၊ ဇီးနပ်စ်ဂျာနယ် သတင်းအယ်ဒီတာ ကိုထက်နိုင်ဇော်၊ မစ္စီမ သတင်းဌာန အယ်ဒီတာဦးစိုးမြင့်နဲ့ ကျွန်တော် ပါဝင်ပါတယ်။

### လက်ဆင့်ကမ်းပေးဖို့

ကျွန်တော်တို့ရဲ့ မစ်ရှင်က အဆိုပါသုံးနိုင်ငံရဲ့ စာနယ်ဇင်းကောင်စီများ ဖွဲ့စည်း ဆောင်ရွက်နေကြပုံကို သက်ဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များနဲ့ တွေ့ဆုံ မေးမြန်း လေ့လာ မှတ်သားကြပြီး



ကျွန်တော်တို့ တွေ့ရှိလေ့လာခဲ့တဲ့ အချက်အလက်တွေကို မြန်မာနိုင်ငံမှာ မကြာခင်ကာလအတွင်း စာနယ်ဇင်းကောင်စီ ဖွဲ့စည်းရေး ဆောင်ရွက်မည့်သူများ ထည့်သွင်းစဉ်းစားနိုင်အောင် လက်ဆင့်ကမ်းပေးရမှာ ဖြစ်ပါတယ်။

### အမြုတေမှ အမြဲတမ်းသို့

ကျွန်တော် သိသလောက်ကတော့ ပထမအဆင့်အနေနဲ့ မြန်မာနိုင်ငံမှာ အမြုတေ စာနယ်ဇင်းကောင်စီတစ်ရပ်ဖွဲ့ဖို့ ရှိပါတယ်။ အဲဒီ အမြုတေ စာနယ်ဇင်းကောင်စီဟာ ယခုတစ်လောက စကင်ဒီနေးဗီးယား နိုင်ငံတွေကို သွားရောက် လေ့လာခဲ့တဲ့ ပြန်/ဆက် ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်အဖွဲ့ရဲ့ တွေ့ရှိချက်တွေနဲ့ ယခု ကျွန်တော်တို့အဖွဲ့ရဲ့ တွေ့ရှိချက်တွေကနေ သင်ခန်းစာများ ရယူပြီး အမြဲတမ်း စာနယ်ဇင်းကောင်စီတစ်ရပ်ကို ဖွဲ့စည်းမယ်လို့ သိရပါတယ်။

အမြုတေစာနယ်ဇင်းကောင်စီ ဖွဲ့စည်းပြီးချိန်လောက်မှာ စာပေစိစစ်ရေးဌာနကို ဖျက်သိမ်းမယ့် အစီအစဉ်ရှိတယ်လို့လည်း ဆိုပါတယ်။

### အလွန်အရေးပါတဲ့အချိန်

ကျွန်တော်တို့ စာနယ်ဇင်း သမားများအဖို့ကတော့ ဒီရက်ပိုင်း လပိုင်းတွေဟာ ကျွန်တော်တို့ဘဝနဲ့ ကျွန်တော်တို့ရဲ့ ပရော်ဖက်ရှင်အတွက် အလွန်အရေးပါတဲ့ အချိန်ကာလတွေ အဖြစ် သဘောထားပြီး ထူးခြားတဲ့ ဖြစ်ပေါ်တိုးတက်မှုတွေကို စောင့်ကြည့်နေကြပါတယ်။

ယခု ကျင်းပနေတဲ့ ပြည်သူ့လွှတ်တော် အစည်းအဝေးမှာ ပုံနှိပ်မီဒီယာဥပဒေကို တင်သွင်းမယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက လေ့လာဆွေးနွေးပြီး အမျိုးသားလွှတ်တော်ကို ရောက်မယ်။ နောက်ပြည်ထောင်စု လွှတ်တော်က အတည်ပြုရင် ဥပဒေ ဖြစ်သွားမယ်။ စာနယ်ဇင်းကောင်စီဟာ အဲဒီဥပဒေရဲ့ အစိတ်အပိုင်းတစ်ခုအဖြစ် ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။

### စာနယ်ဇင်းကောင်စီဆိုတာ

အကယ်ကတော့ စာနယ်ဇင်းကောင်စီဆိုတာ စာနယ်ဇင်းလွတ်လပ်ခွင့်နဲ့ စာနယ်ဇင်းသမားတွေရဲ့ အခွင့်အရေးတွေကို ကာကွယ် စောင့်ရှောက်ဖို့၊ စာနယ်ဇင်း ကျင့်ဝတ်ပိုင်းကို မြှင့်တင်ဖို့၊ စာနယ်ဇင်းသမားတွေရဲ့ ပြဿနာတွေကို ဖြေရှင်းပေးဖို့၊ ပြည်သူတွေ သတင်း အမှန် သိခွင့်ရှိဖို့ ဖွဲ့စည်းဆောင်ရွက်တာပဲ ဖြစ်ရပါမယ်။ စာပေစိစစ်ရေးစနစ်ကို ဖျက်သိမ်းသွားပြီးတဲ့နောက် စာနယ်ဇင်းသမားတွေကို သွယ်ဝိုက်တဲ့နည်းနဲ့ ထိန်းချုပ်ခြင်းမျိုး မဖြစ်အောင် စာနယ်ဇင်းသမားတိုင်းက ကာကွယ် တားဆီးကြရပါမယ်။ ပြည်သူ

လွှတ်တော် ကိုယ်စားလှယ်များကလည်း စာနယ်ဇင်းသမားတွေဘက်က ရပ်တည်ပြီး ဆန်းစစ် ဝေဖန်ကြမယ်လို့ ယုံကြည်ပါတယ်။

## ယုံကြည်ကိုးစားမှု ပြဿနာ

ကျွန်တော်တို့ လေ့လာခဲ့တဲ့ နိုင်ငံအချို့မှာ စာနယ်ဇင်းကောင်စီအပေါ် ပရော်ဖက်ရှင်နယ် ဂျာနယ်လစ်တွေက အမြင်မကြည်ကြတာ တွေ့ရှိခဲ့ရပါတယ်။ စာနယ်ဇင်းအကြောင်း နားမလည်သူတွေကို ကောင်စီဝင်လူကြီးတွေအဖြစ် ခန့်အပ်ထားလို့ ယုံကြည်ကိုးစားမှု မရှိဘဲ စာနယ်ဇင်းကောင်စီက တခြား၊ စာနယ်ဇင်းတွေက တခြားဖြစ်နေတဲ့ နိုင်ငံ တချို့လည်း တွေ့ခဲ့ရပါတယ်။ စာနယ်ဇင်းကောင်စီရဲ့ ကျေးဇူးကြောင့် တရားရုံး မရောက်ဘဲ ညှိနှိုင်းဖြေရှင်းပြီး ပြတ်တာများတဲ့အတွက် အားကိုးအားထားပြုနေ နေရာတွေကိုလည်း ရောက်ခဲ့ပါတယ်။

## လွှတ်လပ်ခွင့်ထိပါးလျှင် ထောင်ဒဏ်

စာနယ်ဇင်းလွတ်လပ်ခွင့်ကို ထိပါးနှောင့်ယှက် ဖျက်ဆီးသူ မည်သူမဆို ၂ နှစ်အထိ ထောင်ဒဏ် သို့မဟုတ် ရူပီးငွေ သန်း ၅၀၀ (မြန်မာငွေ သိန်း ၅၀၀ ခန့်) အထိ ဒဏ်ငွေ တပ်ရိုက်ခံရမည်ဆိုတဲ့ အင်ဒိုနီးရှား စာနယ်ဇင်း အက်ဥပဒေ ပုဒ်မ ... ကိုလည်း လေ့လာခဲ့ရတယ်ဗျာ။

အင်ဒိုနီးရှားနိုင်ငံဟာ နိုင်ငံရေး အပြောင်းအလဲဖြစ်စဉ်မှာ မြန်မာနိုင်ငံနဲ့ အတော် ကလေး ဆင်တူတဲ့ နိုင်ငံဖြစ်ပါတယ်။ စာပေလွတ်လပ်ခွင့် ဆုံးရှုံးခဲ့တဲ့ ခေတ်ဟောင်းကနေ ခေတ်သစ်ကို ပြောင်းလာချိန်မှာ အာရှစံချိန်အရ စာနယ်ဇင်းလွတ်လပ်ခွင့် အရှိဆုံးနိုင်ငံ အဖြစ် ဂုဏ်သတင်းမွှေးခဲ့ပါတယ်။ ဒါကြောင့်လည်း အင်ဒိုနီးရှားနိုင်ငံရဲ့ စာနယ်ဇင်းကောင်စီ အနေအထားကို ကျွန်တော်တို့ရဲ့ တွေ့ရှိချက်တွေထဲမှာ မီးမောင်းထိုးပြထားပါတယ်။

## ၈၈ မျိုးဆက်နဲ့ ပြည်သူ့လွှတ်တော်

ဒီအပတ်မှာ ကျွန်တော့်အနေနဲ့ မပြောမဖြစ် ပြောရမယ့် အကြောင်းအရာတစ်ခု ရှိနေပါ သေးတယ်။ အဲဒါကတော့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနဲ့ အဖွဲ့က ၈၈ မျိုးဆက် နိုင်ငံရေးအင်အားစုခေါင်းဆောင်များနဲ့ တွေ့ဆုံဆွေးနွေးတာပဲ ဖြစ်တယ်ဗျာ။ ၈၈ မျိုးဆက်တွေဘက်က ကိုကိုကြီး၊ မင်းကိုနိုင်၊ ကိုပြုံးချို၊ ဂျင်မီ၊ အံ့ဖွယ်ကျော်၊ ကိုမြအေးတို့ ခြောက်ယောက် တက်ရောက်တယ်။ ပြည်သူ့လွှတ်တော်အဖွဲ့ဘက်က သူရဦးရွှေမန်းနဲ့ ရေးရာကော်မတီ ဥက္ကဋ္ဌငါးဦး၊ လွှတ်တော် ကိုယ်စားလှယ်တစ်ဦး ပါဝင်ပါတယ်။



ခုလို တွေ့ဆုံကြတာဟာ လွှတ်တော်တွင်း နိုင်ငံရေးအင်အားစုများနဲ့ လွှတ်တော်ပြင် နိုင်ငံရေးအင်အားစုတို့ အပြန်အလှန် ယုံကြည်မှု တည်ဆောက်နိုင်ရေးအတွက် အမြင်ချင်း ဖလှယ်ကြတာ ဖြစ်တယ်လို့ ဆိုတယ်ဗျာ။

ဒီသတင်းဟာ မြန်မာနိုင်ငံ ဒီမိုကရေစီ တည်ဆောက်ရေး သမိုင်းမှာ အင်မတန်မှ အရေးကြီးပါတယ်။ မော်ကွန်းတင်ရမယ့် တွေ့ဆုံပွဲလို့ ကျွန်တော်က မှတ်သားထား လိုက်ပါတယ်။ ၈ လေးလုံး ဒီမိုကရေစီ အရေးတော်ပုံကြီးကို ကနဦး ရှေ့ဆောင် ဆင်နွှဲခဲ့ကြတဲ့ ၈၈ မျိုးဆက် နိုင်ငံရေးအင်အားစုကို ကိုယ်စားပြုသူ ကျောင်းသား ခေါင်းဆောင်ဟောင်းများ။ ထိုသူများကို အကြိမ်ကြိမ် နှစ်ရှည်လများ ထောင်သွင်း အကျဉ်းချခဲ့ရာမှာ အနည်းနဲ့အများ မပြေးသော် ကန်ရာရှိနိုင်ခဲ့ပေမယ့် ယခုအခါ ဒီမိုကရေစီ လမ်းကြောင်းပေါ် လျှောက်လှမ်းနေပါတယ်လို့ ကမ္ဘာသိ ကြွေးကြော်ထားတဲ့ ဗိုလ်ချုပ်ဟောင်းများ တွေ့ဆုံပွဲ သတင်းကို ဖတ်ရင်း ကျွန်တော့်မှာ ပီတိတွေ လွှမ်းလျှက် ကြက်သီးတွေတောင် တဖြန်းဖြန်း ထသွားမိကြောင်းပါဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်။**
*၆၊ ဇူလိုင်၊ ၂၀၁၂*
*အတွဲ ၂ အမှတ် ၁၀၂*

○

# သတင်းများက ပြောတဲ့ မြန်မာ့လယ်ယာကဏ္ဍ

မြန်မာဂျာနယ်လစ် ကွန်ရက် MJN က လူငယ်သတင်းသမားတွေရဲ့တာဝန်ပေးချက်အရ သည်ရက်ပိုင်းအတွင်း ကျွန်တော့်မှာ သတင်းဖြတ်ပိုင်းစာမျက်နှာတွေနဲ့ လုံးထွေးပြီး အိမ်စာတွေ လုပ်နေရတယ်ဗျ။ ရှင်းအောင် ပြောရရင်ဖြင့် မြန်မာ့လယ်ယာကဏ္ဍနဲ့ ပတ်သက်တဲ့ သတင်းဆောင်းပါးတွေထဲက အကောင်းဆုံး သတင်းဆောင်းပါးသုံးပုဒ်စီကို မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းက ဆုပေးချင်တယ်၊ မြန်မာဂျာနယ်လစ် ကွန်ရက်ဆိုပြီး ဖွဲ့စည်းထားတဲ့ လူငယ်သတင်းသမားများရဲ့ အဖွဲ့ကို အဲဒီကိစ္စ အကူအညီတောင်းတယ်။ လူငယ်တွေက ကျွန်တော်တို့ဆီ ပြေးလာပြီး အကောင်းဆုံးသတင်းဆောင်းပါးများ ရွေးပေးပါလို့ နိုင်းတာပါပဲ။ သူတို့ဘာသာ ရွေးရင် အဂတိပါတယ်လို့ အထင်ခံရမှာစိုးလို့ ကျွန်တော်တို့ကို ဒိုင်လုပ်ခိုင်းတာပါ။

မနှစ်က အမျိုးသားသတင်းဆု ရွေးချယ်ရေးမှာ ပါဝင်ဆောင်ရွက်ခဲ့တဲ့ အတွေ့အကြုံရှိခဲ့တာမို့ ကျွန်တော်လည်း မငြင်းဘဲ တာဝန်ယူလိုက်ပါတယ်။ လူငယ်များက ချက်ချင်းပဲ ဂျာနယ်စာမျက်နှာတွေ အထပ်လိုက် လာပို့ပါတော့တယ်။ ကျွန်တော့်မှာ အချိန်မီဖတ်ပြီး အမှတ်ပေးနိုင်ဖို့ နေ့ညဆက်ပြီး အလုပ်လုပ်ရပြန်ပါတယ်။

ဂျာနယ်တွေမှာ ပါပြီးဖြစ်တဲ့ လယ်ယာကဏ္ဍ သတင်းတွေဖတ်ရင်း အမှတ်ပေးဖို့ ရွေးစာရင်း ကျွန်တော်ဟာ လယ်ယာသတင်းတွေထဲမှာ နစ်မျော ရှာနဝင်သွားတယ်ဗျာ။

တကယ်က ကျွန်တော်ဟာ စာရေးနေသူတစ်ယောက်ဖြစ်တဲ့အပြင် ဂျာနယ်တစ်စောင် ထုတ်ဝေနေသူဖြစ်လို့ ဂျာနယ် အတော်များများကို ဖတ်နေတာပါပဲ။ တာဝန်အရကို



ဖတ်နေရတာပါ။ သို့ပေမယ့် သတင်းအားလုံးကို ခေါင်းထဲ စွဲမှတ်နေအောင်တော့ မဖတ်ဖြစ်ခဲ့ဘူးဗျာ။ အခုလို အမှတ်ပေး ရွေးချယ်ဖို့အတွက် စူးစူးစိုက်စိုက် ဖတ်တော့မှ တိုင်းပြည် အတွက် အင်မတန်မှ အရေးကြီးတဲ့ ကဏ္ဍကြီးတစ်ခုဆိုတာ ပိုပြီး သဘောပေါက်မိတယ်ဗျ။ ခေါင်းစဉ်အချို့ကိုပဲ ကျွန်တော် ဖော်ပြပါမယ်။ မြန်မာ တိုင်းရင်းသားအားလုံးအတွက် စိတ်ဝင်စားစရာ အချက်အလက်တွေကို တွေ့ရမှာ ဖြစ်ပါတယ်။

၁။ စက်မှုဇုန်နယ်မြေ ဖော်ထုတ်မှုကြောင့် လယ်သမားများ အခက်ကြုံ။ *(ပြည်သူ့ခေတ်၊ ၃ မေ ၂၀၁၂)*

၂။ မြေယာသိမ်းဆည်းမှုကြောင့် တောင်သူမိသားစုများ လူမှုဒုက္ခခံစားနေရကြောင်း တွေ့ရှိရ။ *(မြန်မာပို့စ်၊ ၁၁ ဇူလိုင် ၂၀၁၂)*

၃။ လယ်ယာမြေ သိမ်းဆည်းခံရခြင်းအား စုံစမ်းလေ့လာ ဖော်ထုတ်ပြီး တောင်သူလယ်သမားများ နစ်နာမှုမရှိစေရန် ဖြေရှင်းဆောင်ရွက်ပေးရန်အဆို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်း။ *(မြန်မာပို့စ်၊ ၁၁ ဇူလိုင် ၂၀၁၂)*

၄။ လွှတ်တော် ကိုယ်စားလှယ်တစ်ဦး လယ်မြေအသိမ်းခံရ။ *(7 Day ၁၂ ဇူလိုင် ၂၀၁၂)*

၅။ လယ်ယာစီးပွားရေးကဏ္ဍ အကျပ်အတည်းကြောင့် ဆန်စပါး အထူးပြုကုမ္ပဏီများ လုပ်ငန်း ရပ်ဆိုင်းရလုနီးပါး အခက်ကြုံနေ။ *(ရန်ကုန်တိုင်းမ် ၇-၁၃ ဇွန် ၂၀၁၂)*

၆။ ဥတုဖျက်၍ အပူပိုင်းဒေသ စပါးအထွက် ၇၀ ရာခိုင်နှုန်း အထိကျ။ နှမ်းနှင့်နေကြာ မစိုက်ရဲလောက်အောင် ထိုးကျ။)

၇။ ကမ္ဘာ့ဆန်ဈေးကွက်သို့ အိန္ဒိယဆန် တန်ချိန် ရှစ်သန်းအထိ တင်ပို့လာနေမှုတို့ဆိုင်းလာနေသော မြန်မာ့ ပြည်ပဆန်ဈေးကွက် ထပ်မံ အကျပ်အတည်း ကြုံလာနိုင်။ *(ရန်ကုန်တိုင်းမ်၊ ၃၁မေ- ၆ဇွန် ၂၀၁၂)*

၈။ မြန်မာဆန် တရုတ်လက်မခံ။ ***(Flower News ၁၉ ဇွန် ၂၀၁၂)***

၉။ မြန်မာ့လယ်ယာထွက်ကုန် တရုတ် ဖမ်းဆီးနေမှု စီးပွား/ ကူးသန်း သွားရောက်ဖြေရှင်းမည်။ *(ပေါ်ပြူလာနယူးစ်၊ ၇ ဇွန် ၂၀၁၂)*

သတင်း/ဆောင်းပါး ပုဒ်ရေ အမြောက်အမြား ဖတ်ပြီးတဲ့အခါ မြန်မာနိုင်ငံရဲ့ လူဦးရေ အများစုဖြစ်တဲ့ တောင်သူလယ်သမားတွေ လက်ငင်း ကြုံတွေ့နေရတဲ့ ပြဿနာတွေထဲမှာ လယ်ယာမြေ အသိမ်းခံရတဲ့ ပြဿနာ သို့မဟုတ် အသိမ်းခံရနိုးနိုးစိုးရိမ်ပူပန်နေရတဲ့ ပြဿနာဟာ မသေးငယ်လှဘူးဆိုတာ တွေ့ရတယ်ဗျ။ တချို့နေရာတွေမှာ အတော့်ကို လက်ရဲဇက်ရဲ သိမ်းဆည်းတာတွေ၊ လယ်သမားတွေကို အတင်းအဓမ္မ မောင်းထုတ်တာတွေ ရှိနေတာတွေ့ရတယ်။ ခုလို ဒီမိုကရေစီ နိုင်ငံတော် တည်ဆောက်

နေချိန်မှာတောင် ဒီလိုမျိုး မတရားသဖြင့် လုပ်ရဲသူတွေဟာ ဘယ်လိုလူတွေလဲ၊ ဥပဒေအထက်က လူတွေလားလို့ အတွေးခေါင်စရာပဲဗျ။

သတင်းဆုပေးဖို့ ဖတ်ရတဲ့ထဲက သတင်းတစ်ပုဒ်မှာ စစ်တမ်းတစ်ခုအရ တောင်သူလယ်သမား ၄၆ ရာခိုင်နှုန်းဟာ ဆင်းရဲနွမ်းပါးနေတယ် ဆိုတာရယ်၊ လယ်သမားအိမ်ထောင်ဦးစီး ၅၀ ရာခိုင်နှုန်းကျော်ဟာ စာရေးစာဖတ်နိုင်ရုံအဆင့်သာ ရှိတယ် ဆိုတာရယ် တွေ့ရတယ်။ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းက သုတေသန စစ်တမ်းကောက်ချက်အရ တွေ့ရှိထားတာ ဖြစ်ပါသတဲ့။ ကျေးဇူးရှင် ဆရာတော်ကြီး အရှင်ဇနကာဘိဝံသရဲ့ အနာဂတ် သာသနာရေးကျမ်းမှာ မြန်မာနိုင်ငံရဲ့ လူများစုကြီးဖြစ်တဲ့ တောင်သူလယ်သမားတွေ ဆင်းရဲနေသေးသမျှ တိုင်းပြည်ဟာလည်း ဆင်းရဲနေဦးမှာပဲလို့ ရေးထားတာ ပြေးသတိရမိတယ်ဗျာ။

မြန်မာ့လယ်ယာကဏ္ဍမှာ ဗီယက်နမ်က အမေရိကန်ဒေါ်လာ သန်း ၁၀၀ လာရောက် ရင်းနှီးမြှုပ်နှံမယ်ဆိုတဲ့ သတင်းတစ်ပုဒ်ကိုလည်း စိတ်ဝင်စားမိတယ်ဗျာ။ ပြီးတော့ မြန်မာ့ဆန်ကို တရုတ်နိုင်ငံက လက်မခံဘူးလို့ ငြင်းပယ်တဲ့သတင်း ဖတ်ကြည့်တော့ မြန်မာနိုင်ငံ ဆန်စပါးအသင်းရဲ့ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာစိုးထွန်း ပြောပြတာကို တွေ့ရတယ်။ 'သူတို့ဘာကြောင့် လက်မခံရသလဲဆိုတာက အကြောင်းရင်းအများကြီးရှိမှာပါ၊ သူတို့ရဲ့ ထုတ်ကုန်တိုင်းနီးပါးကို မြန်မာက တင်သွင်းခွင့်ပြုထားတယ်၊ မြန်မာနိုင်ငံရဲ့ အဓိကပို့ကုန်ဖြစ်တဲ့ ဒီဆန်စပါး ပြောင်း စတဲ့ သီးနှံတွေ တင်ပို့ခွင့်ကိုတော့ စဉ်းစားသင့်တယ်လို့ မြင်ပါတယ်၊ နောက်တစ်ခုက သူတို့အနေနဲ့ ဒီလို ဆက်ဆံရင်တော့ ကိုယ်ကလည်း သူတို့ရဲ့ သွင်းကုန်တွေကို ပိတ်ပစ်သင့်တယ်၊ နောက် အခွန်တွေ ပိုတိုးကောက်ရမယ်၊ ဒီလို နည်းလမ်းတွေပဲ အသုံးပြုရလိမ့်မယ်'

လယ်ယာမြေကိစ္စ အစိုးရသစ် ဘယ်လို ကိုင်တွယ် ဖြေရှင်းမလဲဆိုတဲ့ သတင်းတစ်ပုဒ်ကိုလည်း စိတ်ဝင်စားမိတယ်။ တောင်သူ လယ်သမားတွေရဲ့ ဘဝဟာ ဆိုးသည်ထက် ဆိုးဝါးလာနေတာကို အချက်အလက်များနဲ့ ပေါ်လွင်အောင် တင်ပြထားပါတယ်။ စိုက်ပျိုးစရိတ်တွေ တက်လာတာနဲ့အမျှ ကုန်ကျစရိတ်တွေများလာပုံဟာ ကြောက်ခမန်းလိလိပါပဲ။ ပိုဆိုးတာက မိုးကဖျက်၊ ရာသီဥတုက ဖောက်ပြန်တော့ လယ်တွေပျက်၊ ဒီကြားထဲ စပါးဈေးက ထိုးကျ။

'မည်သို့ဆိုစေ အသိမ်းခံထားရသည့် လယ်ယာမြေများကို တောင်သူလယ်သမားများ ပြန်လည် ရရှိရန် နိုင်ငံတော် အစိုးရသစ်အနေဖြင့် မည်သို့ အကောင်အထည်ဖော် ဖြေရှင်းမည်နည်းဆိုသည့် မေးခွန်း၏ အဖြေသည် သန်း ၃၀ ခန့် ရှိသော တောင်သူလယ်သမားများ၏ မျှော်လင့်ချက် ဖြစ်သည်။ တောင်သူလယ်သမားများ ဘဝ ဖွံ့ဖြိုး တိုးတက်လာစေရန်နှင့် လက်ရှိ မြေယာများ ရေရှည် တည်တံ့နိုင်ရေးသည်လည်း



အရေးပါသည်၊ ယင်းကြောင့် ဥပဒေအရ တောင်သူလယ်သမားများကို အကာအကွယ်ပေးမည့် ဥပဒေများ၊ တောင်သူလယ်သမားများကို ကိုယ်စားပြုမည့် အဖွဲ့အစည်းများနှင့် သမဂ္ဂများ၊ အစုအဖွဲ့များသည် တောင်သူ လယ်သမားများရှိသော ဒေသများတွင် နှီးသင့် ရှိအပ်နေပြီ ဖြစ်သည်။ သို့မှသာ မတရားလယ်မြေအသိမ်းခံရခြင်းမျိုး ထပ်မံ ပေါ်ပေါက်လာနိုင်မည် မဟုတ်ပေ။ ကျူးကျော်ခံထားရသည့် လယ်ယာမြေများကို ပြန်လည် ရရှိရန် ဝိုင်းဝန်း ပံ့ပိုးတောင်းဆိုနိုင်မည် ဖြစ်သည်' *(Flower News ၅ ဇွန် ၂၀၁၂)*

အထက်ပါ သတင်းဆောင်းပါးများကို ဖတ်ရှု ရွေးချယ်ရင်း ပြည်သူများရဲ့ ဘဝအခြေအနေအမှန်ကို ဓမ္မဓိဋ္ဌာန်ကျကျ တင်ပြနိုင်တဲ့ သတင်းသမားများရဲ့ တာဝန်ကျေပွန်မှုကို ဂုဏ်ပြုမိကြောင်းပါဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်။**

*၁၃၊ ဇူလိုင်၊ ၂၀၁၂။*

*အတွဲ ၂ အမှတ် ၁၀၃။*

○

# ခရိုနီများရဲ့ ရွှေခရီး

## အဘရာမိုဝစ်ချ် မားဒေါ့ တက်ဆင်

ရုရှားနိုင်ငံက ခေတ်ပျက်သူဌေး၊ ချယ်လ်ဆီး ဘောလုံးအသင်းကိုဝယ်ပြီး နာမည်ကြီးအောင် လုပ်ခဲ့သူ အဘရာမိုဝစ်ချ်အကြောင်း ကျွန်တော် နှစ်ကြိမ် သုံးကြိမ်လောက်ရေးခဲ့ဖူးတယ်။ အာဏာရသူတွေနဲ့ တည့်အောင်ပေါင်းပြီး သတင်းမီဒီယာလုပ်ငန်းတွေကို လက်ဝါးကြီးအုပ် အဲဒီနောက် ပိုက်ဆံရရင်ပြီးရောဆိုပြီး လူပြိန်းပရိသတ်အကြိုက်သတင်းတွေနဲ့ လုပ်စား နေတဲ့ ဩစတြေးလျပြည်ပေါက် သတင်းစာသူဌေးကြီး ရုပတ်မားဒေါ့ အကြောင်းလည်း ကျွန်တော် သုံးလေးကြိမ်ထက်မနည်း ရေးခဲ့ပြီးပြီ။ ဒါတင်မက ပြည်သူ့ဘဏ္ဍာတွေကို တစ်ဖက်လှည့်နဲ့ သုံးစွဲပြီး ဆင်းရဲသားတွေ ကောင်းစားရေး လုပ်ပေးတယ်လို့ နာမည် ကောင်းယူကာ နိုင်ငံရေးလုပ်စားခဲ့တဲ့ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်ဟောင်း တက်ဆင်အကြောင်း ကိုလည်း အကျယ်တဝင့် ရေးခဲ့သေးတယ်ဗျာ။

အဲသလို ရေးခဲ့တာတွေဟာ ကျွန်တော်တို့ဆီမှာလည်း အလားတူ ဇာတ်ကောင်တွေ ရှိနေခဲ့ ရှိနေဆဲ ဖြစ်တယ်ဆိုတာ ပြောချင်လို့ပဲဗျ။ အဲသလို လူတွေ မရှိပါဘူးလို့ ဘယ်သူမှ ငြင်းမယ် မထင်ပါဘူး။ ငြင်းလာရင်လည်း ကျွန်တော်က အဲဒီလူကို နာမည်တပ်ခွဲပြီး လှည့်ပြမယ်ဗျာ။

## ပွပေါက်တိုးခဲ့တယ်ဆိုတာ

အဘရာမိုဝစ်ချ်လို ခေတ်ပျက်သူဌေးတွေဟာ ခေတ်ပြောင်းချိန် စပ်ကူးမတ်ကူးကာလမှာ ပေါ်ခဲ့တာပဲဗျ။ သူတို့လို လူတွေဟာ ပင်ကို အရည်အချင်းကြောင့် ချမ်းသာလာတာပါလို့



ဘုရားစူးကျိန်ပြောရင်တောင် ဘယ်သူမှ ယုံမှာ မဟုတ်ဘူး။ သူတို့ ပွပေါက်တိုးခဲ့တာဟာ ပွပေါက်ကို ချပေးတဲ့ အာဏာရှိသူနဲ့ ပေါင်းစားခွင့် ရခဲ့လို့သာ ဖြစ်တယ်။ အဘရာမိုဝစ်ချ် ဆိုရင် ရေနံလုပ်ငန်းကို အခွင့်ထူးခံ လုပ်ကိုင်ခွင့်ရခဲ့ရာက ပွပေါက်တိုးခဲ့တာပဲဗျ။

ဒီလိုလူမျိုးတွေဟာ နိုင်ငံအတော်များများမှာ ရှိတတ်ပါတယ်။ အာဏာရှိသူတွေနဲ့ ပေါင်းစားပြီး ကြီးပွားလာသူတွေကို ခရိုနီ (crony) လို့ ခေါ်တဲ့ စကားလုံးတောင် တွင်ကျယ်နေတာ ကြာပြီကောဗျာ။

## ခရိုနီတွေကို ဆက်အသုံးချမလား

တောင်ကိုရီးယားနိုင်ငံ စီးပွားရေး တိုးတက်လာတာ ချေဘိုးလ် (Chaebol) လို့ ခေါ်တဲ့ အစိုးရက အားပေးထောက်ပံ့မှုနဲ့ ငွေကြေး အင်အားတောင့်တင်းသွားသူ ခရိုနီများရဲ့ ကျေးဇူးကြောင့်လို့ဆိုကာ မြန်မာနိုင်ငံ စနစ်ပြောင်း ခေတ်ပြောင်းချိန်မှာ ခရိုနီများကို ဆက်လက် အသုံးချသင့်တယ်လို့ ယုံကြည်သူတချို့လည်း ရှိတယ်ဗျ။

ထင်ရှားတဲ့ ပညာရှင်တစ်ဦးက လွန်ခဲ့တဲ့ လအနည်းငယ်အတွင်း အလားတူ အယူအဆမျိုးကို ထုတ်ဖော် ပြောဆိုလိုက်ချိန်က ပြည်သူတွေကြားထဲမှာ တိုးတိုးတစ်မျိုး ကျယ်ကျယ်တစ်ဖုံ ငြင်းခုံခဲ့ကြတာ ကျွန်တော် သတိထားမိခဲ့တယ်။ ပညာဒါန သတင်း ဗေဒ သင်တန်းကလေးတစ်ခု ဖွင့်ထားတဲ့ ကျွန်တော်လည်း ကျွန်တော့်သင်တန်းသား တွေနဲ့ ဒီကိစ္စ ဆွေးနွေးဖြစ်ခဲ့သေးတယ်ဗျ။ အဲဒီမှာ ထုံးစံအတိုင်း သဘောထားတွေ ကွဲပြားခြားနားကြတော့တာပါပဲ။ တစ်ယောက်တစ်ပေါက် ပြောဆို ငြင်းခုံနေကြတာကို ရပ်နားခိုင်းပြီး လက်ညှိုးထောင် မဲခွဲလိုက်တဲ့အခါ ခရိုနီတွေကို ဆက်လက်နေရာပေးပြီး အသုံးချသင့်တယ်ဆိုတဲ့ဘက်က နိုင်သွားတယ်။ သင်တန်းသား ၂၀ မှာ ခရိုနီတွေဘက်က ၁၀ ယောက်၊ ခရိုနီဆန့်ကျင်သူ ၆ ယောက်၊ ကြားနေသူ ၄ ယောက် တွေ့ရတယ်ဗျာ။

## ဖါလီမန် အစိုးရခေတ်ကလည်း

ကျွန်တော့်အနေနဲ့ ခရိုနီရာဇဝင်ကို နောက်ကြောင်းနည်းနည်း ပြန်ကြည့်တဲ့အခါ လွတ်လပ်ရေးရပြီးချိန်၁၉၄၈ ကစလို့ ၁၉၆၂ ခုနှစ် ဗိုလ်ချုပ်နေဝင်း အာဏာသိမ်းချိန်အထိ ပါလီမန် ဒီမိုကရေစီအစိုးရ ခေတ်တုန်းကလည်း ခရိုနီဆန်ဆန် ‘ကိုယ့်လူကိုယ်ကြည့်’ ပြီး အခွင့်ထူးတွေ ပေးခဲ့တာပဲဆိုတဲ့ အချက်ကို တွေ့ရတယ်ဗျ။ အဲဒီတုန်းက လိုင်စင် ခေတ်လို့ ခေါ်တာတောင် ကျွန်တော် မှတ်မိသေးတယ်။ အာဏာရှိသူတွေနဲ့ အလွမ်းသင့် သူတွေကို အင်ပို့လိုင်စင်၊ အိပ်စပို့လိုင်စင် ဆိုတာတွေ ထုတ်ပေးတယ်။ အဲဒီကနေ လိုင်စင်ရောင်းစားတဲ့ လူတန်းစား ပေါ်လာတာပါပဲ။

## လိုင်စင်ပြန်အပ်တဲ့ သခင်လေးမောင်

ကွယ်လွန်လေပြီးတဲ့ နိုင်ငံရေးသမားကြီး သခင်လေးမောင်အကြောင်း ပြန်ပြောသူတချို့က သခင်လေးမောင်ကို ဖဆပလအစိုးရက ကြည့်ရှုတဲ့အနေနဲ့ လိုင်စင် တစ်သိန်းဖိုး ချပေးတာကို လက်မခံဘဲ ပြန်အပ်တဲ့အကြောင်း အလေးထားပြီး ပြောကြတယ်။ အဲဒီခေတ်က လိုင်စင် တစ်သိန်းဖိုးရသူဟာ ပြန်ရောင်းမယ်ဆိုတာနဲ့ ကုလားကုန်သည်တွေက ငွေသားတစ်သိန်းပေးပြီး စာရွက်လာယူတော့တာပဲတဲ့။ (အဲဒီတုန်းက တရုတ်တွေက သိပ်မစွာသေးဘူး။ မြန်မာပြည်စီးပွားရေးမှာ ကုလားကုန်သည်တွေက ဖျံအကျဆုံး။ အင်ပို့ အိပ်စပို့ကို ကုလားတွေ ချုပ်ကိုင်ထားတာများတယ်။)

## ယူခဲ့သူတွေကိုလည်း မရှုတ်ချ

ငါးသောင်းဆု ပေါက်ရင်တောင် သူဌေးလို့ အခေါ်ခံရတဲ့ခေတ်မှာ ငွေတစ်သိန်း အလကားရသလို ရမှာကိုတောင် လက်မခံတဲ့ သခင်လေးမောင်ဟာ တစ်သက်လုံး ဆင်းဆင်းရဲရဲ နေသွားရပေမယ့် သူ့ရဲ့ရပ်တည်ချက်ကို သိသူတိုင်းက အလေးမပြုဘဲ မနေနိုင်ခဲ့ပါဘူး။

သို့သော် သခင်လေးမောင်ကြီး လိုင်စင်တစ်သိန်းဖိုးပေးတာကို မယူဘူးတဲ့ဟောဒီ ဂုဏ်ပြုစကားသံတွေ ကျန်ခဲ့သလို လိုင်စင်တွေ ရအောင်ယူ၊ ရောင်းစားပြီးတော့ ကြီးပွားခဲ့ကြတဲ့ နိုင်ငံရေးသမားတွေလည်း မနည်းမနော ရှိခဲ့ပေမယ့် ဘယ်သူဘယ်ဝါတွေ ကတော့ လိုင်စင်ရောင်းစားပြီး ကြီးပွားခဲ့ကြတာပဲလို့ ဘယ်သူကမှ မှတ်မှတ်ရရ မရှုတ်ချခဲ့ကြတာကိုလည်း သတိထားစရာပဲဗျ။

## ကျိတ်ပြီး အားကျနေခဲ့ကြ

ကျွန်တော် ပြောချင်တာက လူတွေဟာ အခွင့်ထူးခံစနစ်ကို မကြိုက်ဘူးဆိုပေမယ့် အခွင့်ထူးခံခွင့်ရနေသူတွေကို စိတ်ထဲက ကျိတ်ပြီး အားကျနေတဲ့သဘော ရှိတယ်။ အခွင့်ထူးမခံတဲ့ သခင်လေးမောင်လို ပုဂ္ဂိုလ်ကို ချီးကျူး လေးစားပေမယ့် အားမကျဘူး။ မိမိကို အခွင့်ထူးလာပေးရင် မယူဘဲ နေမယ့်သူ အရှားသားဗျာ။ ဒါကြောင့် ဒီနေ့ခေတ် လူငယ်အချို့က နာကြည်းသံနဲ့ ရယ်စရာလိုလို အတည်လိုလို ပြောတတ်ကြတာ ကြားဖူးတယ်။ 'ကြီးလာရင် ဘာဖြစ်ချင်လဲ' 'မြန်မာပြည်မှာ အချမ်းသာဆုံး ခရိုနီ တစ်ယောက် ဖြစ်ချင်တယ်'

## မေတ္တာမွန်နဲ့ ပဒုမ္မာဆိုင်ခေတ်

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မှာ မေတ္တာမွန်တို့ ပဒုမ္မာဆိုင်တို့ဆိုတာ ရှိခဲ့ဖူးတယ်။ အခွင့်ထူးခံတွေ ကုန်ဝယ်စာအုပ်ကိုယ်စီရပြီး အဲဒီဆိုင်တွေမှာ အလကားနီးပါး



သက်သာတဲ့ ဈေးနှုန်းနဲ့ လူသုံးကုန်ရော ဇိမ်ခံပစ္စည်းတွေရော ဝယ်ခွင့်ရကြတယ်။ သာမန် ဝန်ထမ်းနဲ့ ပြည်သူတွေက ပြည်သူ့ဆိုင်မှာ ချွေးတလုံးလုံးနဲ့ တိုးဝှေ့ပြီး မဝရေစာ စားသောက် နေထိုင်ကြရတယ်။ ကျွန်တော် ကြည်ညိုလေးစားတဲ့ နိုင်ငံရေးသမားကြီး သခင်ဝတင်က နိုင်ငံ့ဂုဏ်ရည်ပထမဆင့် ချီးမြှင့်ခံရသူတွေကို ထုတ်ပေးတဲ့ ပဒုမ္မာဆိုင် ကုန်ဝယ်စာအုပ်ကို သံသေတ္တာထဲ သော့ခတ် သိမ်းထားတယ်။ ကျွန်တော့်ကို ထုတ်ပြပြီး ဘာပစ္စည်းမှ ထုတ်မထားတာကို သက်သေထူတယ်။ သခင်ဝတင် မိသားစုဟာ ရပ်ကွက်ပြည်သူ့ဆိုင်နဲ့ သမဝါယမဆိုင်ကပဲ အများနည်းတူ ဝယ်စားပါတယ်။ 'နိုင်ငံရေးသမားဆိုတာ ပြည်သူတွေနဲ့ တစ်လှေတည်းစီး တစ်ခရီးတည်းသွားနေသလိုပဲ နေထိုင်နိုင်ရမယ်၊ ကိုယ်နဲ့ လှေတစ်စီးတည်း အတူတူပါလာတဲ့လူတွေ ငတ်ပြတ်နေချိန်မှာ ကိုယ်တစ်ယောက်တည်း ထမင်းထုပ် ဖြည်စားနေတာမျိုး မလုပ်ရဘူးကွဲ့ မောင်ဝံသရဲ့ မှတ်ထား' လို့ သခင်ဝတင် ပြောဖူးတာ နားထဲက မထွက်ပါဘူးဗျာ။

## လူတန်းစားသစ် ဖတ်ရအပြီး

ကျွန်တော်ဟာ အဲသလို ဆရာကောင်းနဲ့ တွေ့ခဲ့တာ အတော် ကံကောင်းတယ်ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ မဆလခေတ်မှာ ပဒုမ္မာဆိုင်နဲ့ မေတ္တာမွန်ဆိုင်က အခွင့်ထူးခံ ပစ္စည်းဝယ်ခွင့်ဆိုတာ အဲဒီခေတ်ရဲ့ လူ့အဆင့်အတန်းပြ အမှတ်အသား status symbol တစ်ခုလို ဖြစ်နေလေတော့ ကျွန်တော်တို့လို 'သကြားမရ ကားမရ' အဆင့်တွေက အားကျမိခဲ့မှာ အသေအချာပေါ့ဗျာ။ သို့ပေမယ့် သခင်ဝတင်ရဲ့ဩဝါဒများကို ကြားနာရပြီး ယူဂိုဆလပ်နိုင်ငံရေးသမားကြီး မီလိုဝန်ဂျီးလပ်စ်ရဲ့ လူတန်းစားသစ် The New Class စာအုပ်ကို ဖတ်ရပြီးတဲ့နောက် ကျွန်တော့်စိတ်ထဲမှာ ထိုထိုသော 'အားကျစိတ်တွေ (အလုံးစုံမဟုတ်ရင်တောင်) အတော်များများ ကုန်ခန်းသွားပါတယ်။

(ခက်ဆစ် အဓိပ္ပာယ်အဖြစ် ရှင်းပြရရင် သာမန်ပြန်တမ်းဝင် အရာရှိ အဆင့် ကျွန်တော်တို့ဟာ အောင်ခြေ ဝန်ထမ်းတွေကို အထူးနှုန်းနဲ့ ဝယ်ခွင့်ပေးတဲ့ သကြားလည်း ဝယ်ခွင့်မရ၊ ကျွန်တော်တို့ အထက်က ရွေးချယ်ခံတန်းအဆင့် Selection grade အရာရှိကြီးတွေလို ကားဝယ်ခွင့်လည်း မရတာကြောင့် သကြားမရ ကားမရ အဆင့်လို့ နာမည်တွင်ခဲ့ခြင်း ဖြစ်ပါတယ်)

## ဘယ်လို ဆက်စခန်းသွားကြမလဲ

ခရိုနီလို့ တိတိကျကျ ပြောပလောက်အောင် ပီပြင်သူတွေ ပေါ်လာတာကတော့ နဝတလို့ ခေါ်တဲ့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရနဲ့ နအဖလို့ ခေါ်တဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီ အစိုးရခေတ်များမှာ

ဖြစ်ပါတယ်။ သိပ်မကြာသေးတဲ့ ကာလများအတွင်း တိုင်းသူပြည်သားများရဲ့ မျက်စိအောက်မှာတွင် ကြီးထွားလာတဲ့ ခရိုနီများဟာ ရှေ့ခရီးကို ဘယ်လို ဆက်စခန်းသွားကြမှာလဲ။ နိုင်ငံခြားက ဝင်လာကြမယ့် ရင်းနှီးမြှုပ်နှံသူ အရင်းရှင်ကြီးတွေနဲ့ ဆက်ပြီး ပေါင်းစားကြဦးမှာလား။ တောင်ကိုရီးယားက ရှေးဘိုးလ် သူဌေးကြီးတွေလို မျိုးချစ်စိတ်ခံယူချက်နဲ့ အမျိုးသား စီးပွားရေးကို တွန်းတင်ကြမှာလား။ အခုအတိုင်းပဲ ဖဆပလခေတ်က လိုင်စင် ရောင်းစားခဲ့ ကြသလိုမျိုး ဆက်လုပ်နေကြမှာလား။ ကျွန်တော်ကတော့ အလွန်စိတ်ဝင်စားစွာ စောင့်ကြည့်နေမိကြောင်းပါဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်။**

*၁၈၊ ဇူလိုင်၊ ၂၀၁၂*

*အတွဲ ၂၊ အမှတ် ၁၀၄*

○

## ဒီမိုကရေစီ တည်ဆောက်ရေးကို ထိပါး နှောင့်ယှက် ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်သည့်ဥပဒေ

ပညာရှိချင်း ခေါင်းတိုက်မိတယ်ဆိုတဲ့ စကား ကြားဖူးကြမယ် ထင်ပါတယ်။ ဆောင်းပါးရှင်တစ်ယောက် အနေနဲ့ ကျွန်တော့်မှာ အဲသလို အတွေ့အကြုံ မကြာခဏ ကြုံရတတ်ပါတယ်။ အခြားသူ တစ်ယောက်ရေးတဲ့ အကြောင်းအရာနဲ့ ကျွန်တော့်ဘာသာ သင့်မယ် ထင်လို့ ရွေးချယ်ပြီး ရေးလိုက်တဲ့ အကြောင်းအရာ တစ်ချိန်တည်း တိုက်တိုက်ဆိုင်ဆိုင် ဖြစ်နေတာကို ဆိုလိုတာပါ။ အဲဒါကို ပညာရှိချင်း တွေးပုံချင်း တူတယ် great men think alike လို့ ဂုဏ်ယူပြီး ပြောလေ့ ရှိတယ်။

### ဝင်းထွန့်ဇော်နဲ့ ကျွန်တော်

ပြီးခဲ့တဲ့ အပတ်ထုတ် ပြည်သူ့ခေတ် ဂျာနယ်မှာ ပင်တိုင်ဆောင်းပါးရှင် တစ်ယောက် ဖြစ်တဲ့ ဆရာဝင်းထွန့်ဇော်က 'ဒီမိုကရေစီ စီးပွားရေးမှာ ခရိုနီတွေ လိုသေးသလား' ခေါင်းစဉ်နဲ့ ဆောင်းပါး ရေးတယ်။ သည် အကြောင်းအရာကို သူ ရေးထားမှန်း မသိတဲ့ ကျွန်တော်ကလည်း 'ခရိုနီများရဲ့ ရှေ့ခရီး' ဆိုပြီး ဆောင်းပါး ရေးလိုက်တယ်။

ပြည်သူ့ခေတ်ဂျာနယ်မှာ ကျွန်တော် က အတိုင်ပင်ခံ တာဝန်ကိုပဲ ယူထားပါတယ်။ ဆောင်းပါးတွေကို အယ်ဒီတာ အဖွဲ့ကပဲ ရွေးတာ ပယ်တာ လုပ်ပါတယ်။ ကျွန်တော့်ဆီ တိုက်ရိုက် ရောက်လာတဲ့ ဆောင်းပါးတွေကိုတောင် ကျွန်တော်က အယ်ဒီတာအဖွဲ့ထံကိုပဲ မှတ်ချက်ရေးပြီး ပို့ပေးပါတယ်။

ပုံနှိပ်ဖော်ပြမယ့် စာမူတွေကို စာပေစိစစ်ရေး တင်တော့မှ တင်ထားတဲ့ စာမူတွေကို မိတ္တူဆွဲပြီး ကျွန်တော့်ဆီ တစ်စုံ ပေးပါတယ်။ အဲဒီအခါ ရုံးကို တင်ထားတဲ့ စာမူတွေကို ဖတ်ရင်း ဆရာဝင်းထွဋ်ဇော်ရဲ့ ဆောင်းပါးကို တွေ့ရတာပါ။ ဇော်ပါသေးရဲ့ ကျွန်တော်တို့ နှစ်ယောက်ဟာ အကြောင်း အရာချင်း တူပေမယ့် ချဉ်းကပ်ပုံချင်း မတူဘဲ ကိုယ့်ရှုထောင့်နဲ့ ကိုယ်ရေး မိပေလို့။ သို့ပေမယ့် ခရိုနီ ပြဿနာအပေါ် ထားရှိတဲ့ သဘောထားချင်းက မကွဲလွဲဘူး။ ကွဲလွဲရင်လည်း ကျွန်တော့် သူငယ်ချင်းက စိတ်ကြီးကြီးနဲ့ ဆိုတော့ ကျွန်တော့်ကို ပြစ်တင်ရှုတ်ချလို့ဆုံးမှာ မဟုတ်ဘူး။ ဝင်းထွဋ်ဇော်နဲ့ ကျွန်တော်ဟာ ၁၉၆၀ စောစောပိုင်း နှစ်များက ရန်ကုန် တက္ကသိုလ်မှာ ဘာသာတွဲ အတူတူ၊ တစ်တန်းတည်းသား။ ကျောင်းသား လှုပ်ရှားမှုတွေမှာ ဘက်တစ်ဖက်တည်း ရပ်ခဲ့ကြတဲ့ သူငယ်ချင်းတွေပါ။ သူကပထမ ပြည်သူ့ခေတ် အယ်ဒီတာအဖွဲ့မှာ ပါခဲ့သေးတယ်။ နောက်တော့ လွတ်လပ်တဲ့ ဆောင်းပါးရှင် အဖြစ်ပဲ ရေးပေးနေပါတယ်။

## အပတ်စဉ် ပါနေအောင်

စာပေစိစစ်ရေးကို ကျွန်တော်တို့ ဂျာနယ် အနေနဲ့ ဗုဒ္ဓဟူးနေ့တစ်ကြိမ်၊ သောကြာနေ့ တစ်ကြိမ်၊ နှစ်ကြိမ် စာမူများ တင်ရပါတယ်။ ကျွန်တော်က ဗုဒ္ဓဟူးနေ့ တင်တဲ့အထဲ ပါအောင် ရေးလေ့ရှိတယ်။ ဒါမှ အဲဒီစာမူ ကို စာပေစိစစ်ရေးက ပယ်လိုက်တယ် ဆိုရင် သောကြာနေ့အမီ နောက်တစ်ပုဒ် ထပ်ရေးပြီး တင်နိုင်မှာ ဖြစ်တယ်။ အဲသလို စီစဉ် ကောင်းကောင်းနဲ့ ရေးခဲ့ပေလို့သာ ကျွန်တော့်ဆောင်းပါးတွေ အပတ်စဉ်လို ပါနေတာ ဖြစ်ပါတယ်။

တစ်ခါတလေ အလုပ်တွေများနေလို့ ဗုဒ္ဓဟူးနေ့ ရုံးတင်ချိန်အမီ ဆောင်းပါး မပေးနိုင်ရင် သောကြာနေ့ အမီ ရေးပြီး ပေးရပါတယ်။ အဲဒီလို အပတ်ဆို ကျွန်တော့်မှာ ရင်တထိတ်ထိတ်နဲ့ စောင့်ရ ပါတယ်။ သောကြာနေ့ တင်တဲ့စာမူ အပယ်ခံရပြီဆိုရင် အဲဒီအပတ် မောင်ဝံသ ဆောင်းပါး မပါတော့ဘူးပေါ့။

## ဒီမိုကရေစီရဲ့အန္တရာယ်

ဒီတစ်ပတ်လည်း ကျွန်တော် ဗုဒ္ဓဟူးနေ့ အမီ ဆောင်းပါး မရေးနိုင်ခဲ့ဘူး။ သောကြာနေ့ ရုံးတင်ဖို့အမီ ရေးဖို့ပဲ ပြင်ဆင်နေပါ တယ်။ ကျွန်တော် ပြင်ဆင်နေတာက ဥပဒေပြု တာဝန်ရှိသူတွေ စဉ်းစားနိုင်အောင် အရေးကြီးတဲ့ အကြောင်းအရာ တစ်ခုကို တင်ပြဖို့ ပါပဲ။ အဲဒီအခိုက်မှာ ဗုဒ္ဓဟူးနေ့ စာပေစိစစ်ရေးကို တင်ထားတဲ့ ပြည်သူ့ခေတ်စာမူ ပထမအသုတ် မိတ္တူ တွေ ကျွန်တော့်ဆီ ရောက်လာပါတယ်။ ဖတ်ကြည့်လိုက်တော့ ဆရာတသန်ရဲ့ 'ဒီမိုကရေစီရဲ့ အန္တရာယ် အစပြု မလာစေဖို့' ဆောင်းပါးဟာ ကျွန်တော်



ရေး အပတ်ရေးမယ့် အကြောင်းအရာနဲ့ တိုက်ဆိုင်နေတာ တွေ့ရပြန်တယ်။ သူက ဒီမိုကရေစီရဲ့ အန္တရာယ်တွေကို ထောက်ပြ ထားတယ်။ ကျွန်တော်ကလည်း ခုတစ်လော ဒီမိုကရေစီ ဆန့်ကျင်ရေး သမားတွေ သိသိသာသာပိုပြီး အာကျယ်လာကြ၊ ချိုးကြ အားကြသလားလို့ စိုးရိမ် ပူပန်စိတ်နဲ့ 'ဒီမိုကရေစီ တည်ဆောက်ရေး ကို ထိပါး နှောင့်ယှက် ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်သည့် ဥပဒေ' ဆိုတာကို ပြဋ္ဌာန်းစေလိုကြောင်း ရေးမလို့ ပြင်ဆင်နေတာပါ။

## ပုဒ်မ ၁၀(က) နဲ့ (ခ)

ကျွန်တော် ဖြစ်စေလိုတဲ့ ဥပဒေ အမည် နာမည်ကိုကြည့်ပြီး စာဖတ်သူ မိတ်ဆွေ များ ကြားဖူးသလိုလို ဘာလိုလို ဇဝေဇဝါ ဖြစ်သွားကြမယ် ထင်ပါတယ်။ ကြားဖူး ကြမှာပေါ့ ခင်ဗျာ။ နာမည်ကျော် ပုဒ်မ ၁၀ (က) နဲ့ ပုဒ်မ ၁၀ (ခ)။ နိုင်ငံတော်အား နှောင့်ယှက် ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်သည့် ဥပဒေ ဆိုတာနဲ့ ဆင်တူယိုးမှား ဖြစ်နေတယ်လေ ခင်ဗျာ။

ကျွန်တော် နိုင်ငံရေးလုပ်ခဲ့တုန်းက သုံးခါ ထောင်ထဲရောက်ခဲ့ရာမှာ နှစ်ခါက ပုဒ်မ ၁၀ (က) နဲ့ ထည့်ထားခံရတာ ဖြစ်ပါတယ်။ တစ်ကြိမ်ကတော့ ပုဒ်မ ၅ (ည) နဲ့ ထောင်ချခံရတာ ဖြစ်ပါတယ်။ ပုဒ်မ ၅ (ည) က ၁၉၅၀ အရေးပေါ်စီမံချက် အက်ဥပဒေတဲ့။ သွေးထိုးလှုံ့ဆော်ပြောရေး ပုဒ်မလို့လည်း ခေါ်ပါတယ်။ ဆူပူအောင် လှုံ့ဆော်လို့ဆိုပြီး ဖမ်းဆီး ထောင်ချတာ ဖြစ်ပါတယ်။ အမှုကတော့ ဂန္ထဝင်ခန်းမ ကြေညာစာတမ်း ရေးသားရာမှာ ပါဝင်ခဲ့မှု။

ပုဒ်မ ၁၀ (က) ကိုတော့ ကာကွယ်ရေးပုဒ်မလို့ ခေါ်ပါတယ်။ ဘာအမှုမှ မကျူးလွန် သေးပေမယ့် ဒီလူကို အပြင် လောကမှာထားရင် နိုင်ငံတော်အား ထိပါး နှောင့်ယှက် ဖျက်ဆီးမည့် အန္တရာယ်ရှိတယ်၊ ဒါကြောင့် ထောင်ထဲထည့်ထား ရမယ်ဆိုပြီး ဖမ်းထည့် ထားတဲ့ ပုဒ်မပါ။ မဆလခေတ်က ၁၉၇၅ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေပါ။

ထောင်ထဲ ထည့်မထားသင့်တဲ့ အဆင့်အတန်းရှိ ပုဂ္ဂိုလ်မျိုးကိုတော့ ပုဒ်မ ၁၀ (ခ) နဲ့ အိမ်အကျယ်ချုပ်ပေါ့ ခင်ဗျာ။

## စိတ်နာရတဲ့ အတွေ့အကြုံ

ပုဒ်မ ၁၀ (က) နဲ့ အကျဉ်းခံခဲ့ရတဲ့ အတွေ့ အကြုံကို ကျွန်တော်က အတော်စိတ်နာ တယ်။ ၅ (ည) နဲ့ ထောင်ချတုန်းက မိသားစု ထောင်ဝင်စာလာပြီး မိသားစုနဲ့ ၂ ပတ် တစ်ကြိမ်တွေ့ စကားစမြည် ပြောနိုင်တယ်။ ၁၀ (က) နဲ့ ကျတော့ ထောင်ဝင်စာ မရဘူး။ မိသားစုက စားစရာ နဲ့ ဆေးဝါး စသည်ကို ထောင်ဘူးဝမှာ လာပေး သွားရတယ်။

သားသမီး လေးယောက်အနက် သားနှစ်ယောက်က ကျွန်တော် အဖမ်းခံရတုန်းက ၁၂ နှစ် ၁၃ နှစ်သားတွေ၊ လေးနှစ်ကျော်ကြာပြီး ကမ္ဘာ့ကြက်ခြေနီ (ICRC) ကိုယ်စားလှယ်အဖွဲ့ ထောင်ထဲ ဝင်ကြည့်ခွင့်ရတော့မှ ကျွန်တော့်အိမ်က မိသားစု ဓာတ်ပုံကို ယူလာပြလို့ ကြည့်လိုက်ရတယ်။ သားတွေ က အရပ်ကြီးတွေ မိုးထိုးနေပြီး အမေ့ ထက် မြင့်သွားကြပြီ။ ကျွန်တော် ဆေးရုံ တက်ရချိန်မှာ မိသားစုနဲ့ တွေ့ခွင့်ပေးတော့ သားတွေက ကျွန်တော့် ထက်တောင် မြင့်သွားပြီ။ နောက်ဆုံးအခေါက် ငါးနှစ် ကျော် နေခဲ့ရပြီးမှ ပြန်လွတ်တယ်။

## တကယ်ပြဋ္ဌာန်းသင့်တဲ့ ဥပဒေ

အခု ဒီမိုကရေစီ တည်ဆောက်နေတဲ့ ခေတ်မှာ ပုဒ်မ ၁၀ (က) (ခ) တွေ၊ ၅ (ဈ) (ည) စတာတွေ လုံးဝ မရှိသင့်တော့ ပါဘူး။ တော်လောက်ပါပြီ။ နောင်လည်း တကယ် ဒီမိုကရေစီ ပီပြင်ပြီဆိုရင် နိုင်ငံတော်အား နှောင့်ယှက် ဖျက်ဆီးလို သူများ၏ ဘေးအန္တရာယ်မှ ကာကွယ်ရန်ဆိုပြီး လူတွေကို ဘာပြစ်မှုမှ မကျူးလွန်သေးဘဲ ထောင်ထဲ ဖမ်းထည့်ထားဖို့ဆိုတာ စိတ်နဲ့တောင် မပြစ်မှားသင့်တဲ့ ကိစ္စလို့ ပြောချင်ပါတယ်။

ခုချိန်မှာ တကယ်တမ်း ပြဋ္ဌာန်းသင့်တဲ့ ဥပဒေကတော့ စောစောက ပြောခဲ့တဲ့ 'ဒီမိုကရေစီ တည်ဆောက်ရေးကို ထိပါး နှောင့်ယှက်ဖျက်ဆီး လိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်သည့် ဥပဒေ' ဖြစ်ပါတယ်။ ဆရာဇသုန် ဆောင်းပါးထဲ ရေးထားသလို နိုင်ငံရေး ပါတီအချင်းချင်း မတော်မတရား ပုတ်ခတ် စော်ကား၊ ရန်စ တိုက်ခိုက်တာမျိုးတွေ ဒီမိုကရေစီ လှုပ်ရှားမှုတွေကို ပိတ်ပင် တားဆီးတာတွေ၊ ပြည်သူ့ အခွင့်အရေး တွေကို ချုပ်ချယ် ကန့်သတ်တာတွေ၊ ရွေးကောက်ပွဲမှာ မဲမသမာမှု ကျူးလွန်တာတွေ စတာတွေကို အဲဒီ ဥပဒေနဲ့ ကာကွယ်တားဆီး ဟန့်တားရမှာ ဖြစ်ပါ တယ်။

## အင်ဒိုနီးရှားက ရခဲ့တဲ့ စိတ်ကူး

အင်ဒိုနီးရှားနိုင်ငံကို မကြာသေးခင်က ကျွန်တော်တို့ သွားရောက်ပြီး စာနယ်ဇင်း ကောင်စီလုပ်ငန်းများ လေ့လာခဲ့စဉ်က တွေ့ခဲ့ရတဲ့ ဥပဒေတစ်ခုကို အကြောင်းပြုပြီး အထက်ပါစိတ်ကူး ကျွန်တော့် ခေါင်းထဲ ဝင်လာခဲ့တာပါ။ အဲဒီဥပဒေက ဘာလဲဆိုတော့ စာနယ်ဇင်း လွတ်လပ်ခွင့်ကို ထိပါးနှောင့်ယှက် ဖျက်ဆီးသူ မည်သူမဆို ၂ နှစ်အထိ ထောင်ဒဏ် သို့မဟုတ် ရူပီးငွေ သန်း ၅၀၀ (မြန်မာငွေ သိန်း ၅၀၀ ခန့်) အထိ ဒဏ်ငွေ တပ်ရိုက်ခံရမည် ဆိုတဲ့ အင်ဒိုနီးရှား စာနယ်ဇင်း အက်ဥပဒေ ပုဒ်မ ၁၈ ဖြစ်ပါတယ်။ ဦးတည်တာကတော့ အစိုးရအာဏာပိုင်များထဲက စာနယ်ဇင်း လွတ်လပ်ခွင့် ကို တစ်နည်းနည်း ပိတ်ပင်ဟန့်တားဖို့ ကြိုးစားသူတွေကို အရေးယူဖို့ ဖြစ်တယ်လို့ ကျွန်တော်တို့ကို ရှင်းပြပါတယ်။ ကောင်းလေစွ။



## ပိုကောင်းတဲ့ ဥပဒေ

ကျွန်တော်ကတော့ အင်ဒိုနီးရှား ဥပဒေကို ပုံတူ ကူးမချချင်ပါဘူး။ သူ့ထက် ပိုကောင်း တာကိုပဲ စဉ်းစားကြည့်ပါတယ်။ အဲဒါကတော့ 'ဒီမိုကရေစီ တည်ဆောက်ရေးကို နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်သည့် ဥပဒေ' ကိုသာ ပြဋ္ဌာန်းနိုင်မယ်ဆိုရင် နိုင်ငံရေး သမားများ၊ နိုင်ငံရေး ပါတီများ၊ ဒီမိုကရေစီ မြတ်နိုးသော ပြည်သူများကို ဒီမိုကရေစီ ဆန့်ကျင်ရေးသမား၊ ခေတ်နောက် ပြန်ဆွဲ လိုသူများရဲ့ အန္တရာယ်မှ အကာအကွယ် ပေးနိုင်ရုံမက တစ်နွယ်ငင် တစ်စင်ပါ ဆိုသလို ကျွန်တော်တို့ သတင်းစာ ဆရာများ အတွက်လည်း အကာအကွယ် ပေးပြီးသား ဖြစ်လိမ့်မယ်လို့ ယုံကြည် မိကြောင်းပါဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်။**

*၂၇၊ ဇူလိုင်၊ ၂၀၁၂။*
*အတွဲ ၃၊ အမှတ် ၁၀၅။*

## သိမ်းဆည်းခံမြေယာများကိစ္စ စုံစမ်းရေးကော်မရှင်ကို ကြိုဆိုပါ၏

လယ်ယာမြေတွေ အကြောင်းအမျိုးမျိုးနဲ့ နည်းအမျိုးမျိုးနဲ့ အသိမ်းခံခဲ့ကြရတဲ့ အတွေ့ မနှစ်မြို့ဖွယ် အကြောင်းအရာတွေကို အသိမ်းခံရသူတွေဘက်က စာနာစိတ်နဲ့ ကျွန်တော်တို့ မီဒီယာတွေက အရှိအတိုင်း ရေးခဲ့ကြပါတယ်။ တိုင်းပြည်ကို အသိပေးခဲ့ကြ ပါတယ်။

### ဥပဒေနဲ့အညီ လုပ်ခဲ့တာပါတဲ့

သည်လိုအချိန်မျိုးမှာ တလောတုန်းက လွှတ်တော် ဆွေးနွေးချက် သတင်းတစ်ခု ဖတ်လိုက်ရတယ်။ '၁၉၈၈ ခုနှစ် နောက်ပိုင်းကစလို့ သိမ်းဆည်းခံရတဲ့ လယ်မြေတွေဟာ ယခင် အစိုးရများ အဆက်ဆက် ဥပဒေနဲ့အညီ ဆောင်ရွက်ခဲ့တဲ့ စီမံကိန်းလုပ်ငန်းများဖြစ်လို့ နောက်ကြောင်းပြန် ဖြေရှင်းပေးနိုင်မည့် အခြေအနေမရှိဘူး' လို့ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်း ဒုဝန်ကြီးက ဇူလိုင် ၂၆ မှာ ကျင်းပခဲ့တဲ့ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးမှာ ပြောကြားခဲ့ပါသတဲ့ဗျာ။

### ပြန်လည် ဖြေရှင်းမပေးနိုင်ပါတဲ့

လယ်/ဆည် ဒုတိယဝန်ကြီးရဲ့ ပြောကြားချက်ထဲမှာ ၁၉၈၈ နောက်ပိုင်း သိမ်းဆည်းခံခဲ့ရ မြေယာတွေကို ခွဲခြမ်းစိတ်ဖြာစိစစ်လျှင် ယခင် အစိုးရများကာလ ထိုစဉ်က ဥပဒေ ကြောင်းနဲ့ ညီညွတ်စွာ စီမံကိန်းပါ စီမံချက်အတိုင်း ပြီးစီးသွားသည့် သိမ်းဆည်းခံ



မြေယာများနှင့် ပတ်သက်၍ လုပ်ငန်းများ ပြီးစီးခဲ့ပြီးဖြစ်ပါသဖြင့် ပြန်လည် ဖြေရှင်း ဆောင်ရွက်ပေးနိုင်မည့် အခြေအနေ မရှိပါကြောင်း တင်ပြအပ်ပါတယ်လို့ပါရှိပါသေးတယ်။

### ကျွန်တော့်ယောက္ခမရော်ဘာခြံ

အဲဒီလို တင်ပြချက်အရ 'စီမံကိန်းပါ စီမံချက်အတိုင်း ပြီးစီးသွားသည့် သိမ်းဆည်းခံ မြေယာများနှင့် ပတ်သက်၍ လုပ်ငန်းများ ပြီးစီးခဲ့ပြီးဖြစ်ပါသဖြင့် ပြန်လည် ဖြေရှင်း ဆောင်ရွက်ပေးနိုင်မည့် အခြေအနေ မရှိပါ' ဆိုရင် စီမံကိန်းလုပ်မယ်ဆိုပြီး ခြံမြေ ၂၂ ဧက အသိမ်းခံရတဲ့ ကျွန်တော့် ယောက္ခမကြီးရဲ့ ခြံမြေနဲ့ အလားတူ မြေတွေကိစ္စကို ဘယ်လို လုပ်ပေးမလဲ သိချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ စီမံကိန်းလုပ်မယ်ဆိုပြီး အဲဒီမြေတွေ သိမ်းခဲ့ပေမယ့် ယခု ၁၈ နှစ်ကြာတဲ့အထိ ဘာစီမံကိန်းမှ မလုပ်ဖြစ်ဘဲ (စီမံကိန်းလည်း မရှိတော့ဘူးလို့ သိရပါတယ်) အဲဒီအသိမ်းခံရတဲ့မြေတွေပေါ်မှာ ကျူးကျော် နေထိုင်သူတွေပဲ တိုးပွားလာနေတာ ဖြစ်လို့ပါ။

### အသေချာဆုံး အထောက်အထား

ကျွန်တော်ဟာ ဃတင်းစာဆရာ တစ်ယောက်အနေနဲ့ ခုလို ကိုယ်ရေးကိုယ်တာကို စာမျက်နှာပေါ်တင်လေ့မရှိပေမယ့် ယခုကိစ္စမျိုးကို ပြောတဲ့အခါ အသေချာဆုံး အပိုင်ဆုံး သက်သေ အထောက်အထားနဲ့ ပြောမှ ဖြစ်မှာမို့ ယခု အသက် ၈၉ နှစ် ရှိပြီ ဖြစ်တဲ့ ယောက္ခမကြီးရဲ့ ကိုယ်တိုင် အတွေ့အကြုံကို တင်ပြခြင်း ဖြစ်ပါတယ်။

တကယ်ကတော့ ယောက္ခမကြီးကလည်း ကျွန်တော့်ကို အားမကိုးပါဘူး။ ပဲခူးမြို့က သူတို့မြေတွေ အသိမ်းခံရတုန်းက ကျွန်တော်က နေပြည်ညပျောက် နိုင်ငံရေး နယ်ထဲမှာဆိုတော့ ကျွန်တော်နဲ့ ပတ်သက်တာကို သိသွားရင် ပိုဆိုးမယ်ဆိုပြီး ကျွန်တော့် ကို ဘာမှမပြောဘဲ အသာကြိတ်ခံခဲ့ကြပါသတဲ့။

### တနုံ့နုံ့ ခံစားနေရတဲ့ ဆင်းရဲခြင်း

မကြာသေးခင်ကတော့ ယောက္ခမကြီးက သူ သိမ်းထားတဲ့ မြေပုံတွေ၊ အခွန်ပြေစာတွေ ထုတ်ပြပြီး ကျွန်တော့်ကို ပြောတယ်။ သူလည်း အသက် ၉၀ တွင်း ရောက်နေပြီဆိုတော့ တစ်သက်လုံး တနုံ့နုံ့ ခံစားနေရတဲ့ မြေအသိမ်းခံရမှုကို မသေခင် အမှန်အတိုင်း သိရချင်ပါတယ်တဲ့။ ပြီးတော့မှ ဇာတ်ကြောင်းပြန် ပြောပြပါတယ်။ ယောက္ခမကြီးဟာ ခင်ပွန်းသည်နဲ့အတူ ပဲခူးမြို့နယ်၊ ဘုရားသုံးဆူကျေးရွာ၊ ကွင်းအမှတ် ၁၃၁၆၊ ကျိုက်ပွန် တောင်ကွင်း။ ဦးပိုင်အမှတ် လ ၇၈ (လန ၃၉ မြို့မြေ ရပြီးသား)မှာ ၁၉၆၂ ခုနှစ်ကစပြီး ရော်ဘာခြံ ၂၂ ဧက စိုက်ပျိုး လုပ်ကိုင်ခဲ့ပါတယ်။ ရော်ဘာပင် ၂၂၀၀ ဖြစ်ထွန်းပြီး

၁၉၇၂ ကစလို့ အစေးတွေ ခြစ်ပြီး ရော်ဘာပြားတွေ ရောင်းချ အသက်မွေးခဲ့ပါတယ်။ အဲဒီအချိန်က လမ်းစဉ်ပါတီခေတ်ဆိုတော့ အစိုးရကိုပဲ ရော်ဘာပြားတွေ ရောင်းခွင့်ရှိ စားလောက် သောက်လောက်ရုံ တွက်ခြေကိုက်ခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်ကျတော့ ခေတ်ပြောင်းသွားချိန်မှာ ဈေးကွက်စီးပွားရေးဖြစ်လာလို့ ရော်ဘာကို လွတ်လွတ်လပ်လပ် ရောင်းခွင့်ရှိတဲ့အချိန် အတော်ကလေး အလုပ်ကောင်းနေချိန်လည်း ရောက်ရော မြို့သစ်ဖော်မယ်ဆိုပြီး ယောက္ခမကြီးရဲ့ ရော်ဘာခြံ ၂၂ ဧက အပါအဝင် အဲဒီတစ်ဝိုက်က မြေတွေကို သိမ်းပါလေရော။

## မြေသိမ်းတယ်ဆိုတာ ဘယ်လိုပါလိမ့်

ကျွန်တော်က မြေသိမ်းတယ်ဆိုတာ ဘယ်လိုလုပ်တာလဲ မေးတော့ အဲဒီတုန်းက ဆောက်လုပ်ရေး အင်ဂျင်နီယာ (မြို့နယ်) ဦးအုန်းမြင့်နဲ့ ဦးကျော်မြင့် (မြေတိုင်းစာရေး အဆင့်-၂)တို့က လာရောက်ပြီး မြို့သစ်ဖော်ဖို့ ခင်ဗျားတို့ခြံကို အစိုးရက သိမ်းတယ်လို့ ပြောတယ်။ မြို့သစ်ဖော်ရင် အသိမ်းခံရတဲ့ မြေရှင်ကို ၂ ဧက တစ်ကွက်နှုန်းပြန်ပေးမယ်၊ အသီးအပင်တွေအတွက် လျော်ကြေးရမည်၊ နစ်နာကြေးကို သတ်မှတ်နှုန်းအတိုင်းပေးမည်၊ မြေကွက်တွေ ရိုက်ပြီးရင် ပိုင်ရှင်ကို ဦးစားပေးပြီး အကွက်များ နေရာချပေးမည်လို့ ပြောသွားတယ်။ (အဲဒါတွေ တစ်ခုမှ ဖြစ်မလာပါဘူးလို့ ယောက္ခမကြီးက ပြောပါတယ်)

မြေလာသိမ်းတဲ့ ပုဂ္ဂိုလ်နှစ်ယောက်က စာရွက်ပေါ်မှာ လက်ရေးနဲ့ ရေးပေး သွားတာလေးတွေ ဖတ်ရပါတယ်။

အမိန့်ပေး။ ၁။ တဝတဉက္ကဋ္ဌ ၂။ ခဝတဉက္ကဋ္ဌ လမ်းညွှန်မှုအရလုပ်။ ပန္နက်ခုံ အ ၁၁၊ ၈၈ (ထိုစဉ်ကတည်းက မြို့မြေအဖြစ် လန ၃၉ မြို့မြေ ရပြီးသား။ မြို့ရှောင်လမ်း ကျော် ၁၇ ရပ်ကွက် ၁၈၊ ၁၉ အထိပါသည်လို့ ရေးပေးထားတယ်ဗျာ။ အစိုးရအာဏာ ဆိုတာကို ကျွန်တော် ကောင်းစွာပို၍ သဘောပေါက်ပြီး တုန်လှုပ်မိပါတယ်ဗျာ။

## ခုနှစ်သောင်းပဲ ရလိုက်ပါတယ်

ရော်ဘာခြံကို သိမ်းရုံမက ရော်ဘာပင်တွေကို ခုတ်လှဲပေးရမယ်၊ ပိုင်ရှင်က မရှင်းပေးနိုင် သူတို့က လုပ်ပေးရရင် ရှင်းလင်းခ ကျသင့်ငွေ ပေးရဦးမယ်ဆိုတော့ ယောက္ခမကြီးက အစေးထွက်ကောင်းနေတဲ့ ရော်ဘာပင် ၂၂၀၀ ကို ထင်းဈေးနဲ့ ရောင်းလိုက်ရပါတယ်။ သူ့ဘာသာသူ လာခုတ်ယူသွားသူတွေက ၂၂ ဧကလုံးက အပင်တွေအတွက် ငွေကျပ် ခုနစ်သောင်းပေးသွားပါသတဲ့။

တကယ်တမ်းကျတော့ ဒီနေ့အထိ ဘာမြို့သစ်မှလည်း မပေါ်လာဘူး။ နစ်နာကြေး လည်း တစ်ပြားတစ်ချပ်မရဘူး။ ၂၂ ဧကအတွက် အိမ်မြေကွက် ၁၁ ကွက် ပြန်ပေးမယ်



ဆိုစကား ရှိပေမယ့် ဘာမြေကွက်မှလည်း မရဘူး။ စီမံကိန်းကလည်း စုပ်စုပ်ပျက် ပျောက်သွားပါပြီ။ ဘယ်သူ့ကိုမှလည်း မေးလို့မရတော့ပါဘူးတဲ့။ လောလောဆယ်မှာတော့ ယောက္ခမကြီးက လက်မဲ့(စာရွက်စာတမ်းတွေကလွဲလို့ပေါ့)။ ရော်ဘာခြံဟောင်းနေရာမှာ တဲထိုးပြီး ဝင်နေတဲ့ လူတွေက နေလို့။ ဘာမှ မတတ်နိုင်၊ ကိုင်း မြေသိမ်းခံရသူတွေရဲ့ ခံစားချက်ကို လက်တွေ့ မျက်တွေ့ ရေးပြပြီးပါပြီ။ ဒါတောင်မှ 'အို... ဒါတိုင်းပြည် အကျိုးအတွက် စီမံကိန်းလုပ်တာပဲ၊ လူအများကောင်းစားဖို့ လူတစ်စုလောက်ကတော့ အနစ်နာခံရမှာပေါ့' လို့ ငါတကောကောနေဦးမယ်ဆိုရင်ဖြင့် သခင်နုစာအုပ်ခေါင်းစဉ် တစ်ခုလိုပဲ ညည်းလိုက် ရပါတော့မယ်။ 'ရက်စက်ပါပေ့ကွယ်'

ယောက္ခမကြီးဟာ အဲဒီအချိန်လောက်ကစပြီး ဂုန်းဂုန်းလဲတော့တာပါပဲ။ သူ့မြေကို ဘယ်လောက်စွဲလဲဆိုရင် ကျွန်တော့်ဇနီး ပဲခူးကို သွားတိုင်း ရော်ဘာခြံမြေပုံကို ထုတ်ထုတ်ပြတယ်။ ရော်ဘာစေးခြစ်ပြီး ရောင်းလို့ရတဲ့ ဝင်ငွေလောက် စင်ကြယ်တာ ဘာရှိဦးမလဲ၊ တကယ့် သန့်ရှင်းတဲ့ ပိုက်ဆံလို့ အမြဲ ပြောတတ်ပါသတဲ့။

## မမျှော်လင့်ဘဲ မုန်တိုင်းဆင်သလို

ကျွန်တော့် ယောက္ခမကြီးကို ကြည့်ပြီး မြေအသိမ်းခံရတဲ့ ပြည်သူတွေရဲ့ ခံစားချက်ကို ကျွန်တော် အပြည့်အဝ နားလည်သွားတယ်။ ဘယ့်နဲ့ဗျာ၊ ကိုယ့်မြေကိုယ့်ယာလေးနဲ့ အေးချမ်းတဲ့ ဘဝလေးဟာ ဘယ်လိုမှ မမျှော်လင့်ဘဲ မုန်တိုင်းဆင်သလို ဖြစ်သွား ရတာမျိုးကို ကိုယ်တွေ့ကြုံဖူးမှ သိကြမှာဗျ။

ဒါကြောင့် ရန်သူမျိုးငါးပါးထဲမှာ မြေသိမ်းတဲ့ လူတွေကို ထည့်ထားတာကိုး။

## စုံစမ်းရေးကော်မရှင်ဖွဲ့တော့မည်

မည်သို့ရှိစေ၊ ဇူလိုင် ၂၆ ရက် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးမှာတော့ 'လယ်မြေများ သိမ်းဆည်းခံရခြင်းများအား စုံစမ်းလေ့လာ ဖော်ထုတ်ပြီး တောင်သူ လယ်သမားများ နစ်နာမှု မရှိစေရေး တရားမျှတစွာ ဖြေရှင်းဆောင်ရွက်ပေးရန်' အဆိုကို အတည်ပြုနိုင်ခဲ့တယ်လို့ သတင်းကောင်း ကြားသိလိုက်ရတယ်ဗျာ။ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများ နစ်နာမှု မရှိစေရေးအတွက် စုံစမ်းရေးကော်မရှင် ဖွဲ့စည်း ဆောင်ရွက်သွားမယ်လို့ ပြည်ထောင်စု လွှတ်တော်နာယက ဦးခင်အောင်မြင့်က ပြောကြားသွားတာကိုလည်း နားထောင်လိုက် ရတယ်ဗျာ။

အဲဒီသတင်းကို နောက်နေ့မှာပဲ တိုက်တိုက်ဆိုင်ဆိုင် ပဲခူးကို ကျွန်တော် ရောက်သွားတော့ ယောက္ခမကြီးကို ဝမ်းသာရအောင် ပြောပြလိုက်ပါတယ်။ မြို့သစ်နှင်း

သတင်းစာဆရာအသင်း (ပဲခူးတိုင်းဒေသကြီး) ဖွဲ့စည်းရေး အစည်းအဝေးကို သွားရင်း ဝင်တွေ့လိုက်တာပါ။ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများ နစ်နာမှု မရှိစေရေးအတွက် စုံစမ်းရေးကော်မရှင် ဖွဲ့စည်းဆောင်ရွက်သွားမယ် ဆိုတော့ အခြားမြေများဆိုတဲ့ထဲမှာ ယောက္ခမကြီးရဲ့ ရော်ဘာခြံမြေလည်း ပါပြီပေါ့။ စုံစမ်းစစ်ဆေးခြင်း မတိုင်ခင်တော့ မသွားပါနဲ့ဦးလို့ ယောက္ခမကြီးကို စိတ်ထဲက ပြောခဲ့ပါတယ်ဗျ။

## ကန့်ကွက်မဲကလည်း မနည်းပါလား

တစ်ခုတော့ ကျွန်တော်မပြောဘဲ ချန်ထားခဲ့တယ်ဗျ။ အဲဒါက ဘာလဲဆိုတော့ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် ဦးတင်ထွတ် (ဇလွန်မဲဆန္ဒနယ်) တင်သွင်းတဲ့ 'လယ်မြေများ သိမ်းဆည်းခံရခြင်းများအား စုံစမ်းလေ့လာဖော်ထုတ်ပြီး တောင်သူ လယ်သမားများ နစ်နာမှု မရှိစေရေး တရားမျှတစွာ ဖြေရှင်းဆောင်ရွက်ပေးရန်' အဆိုကို ပြည်ထောင်စု လွှတ်တော်မှာ မဲခွဲတော့ ထောက်ခံမဲ ၃၉၅ မဲ၊ ကြားနေမဲ ၂ မဲနဲ့ ကန့်ကွက်မဲ ၁၇၆ မဲ ရှိခဲ့တယ်ဆိုတဲ့ အကြောင်းပါ။ အဲဒါကိုသာ ပြောလိုက်ရင် ယောက္ခမကြီးက 'ကန့်ကွက်မဲ ၁၇၆ မဲတောင် ရှိသတဲ့လားကွယ်၊ ရက်စက်လိုက်ကြတာ မင်းတို့ ပြောပြောနေတဲ့ အပြောင်းအလဲ ဆိုတာ ဒီအတိုင်းဆို စိတ်မချရသေးဘူးကွယ်' လို့ မြည်တမ်းမဆုံး ဖြစ်နေတော့မှာပါ။

**ပြည်သူ့ခေတ်ဂျာနယ်**

၁၊ ဩဂုတ်၊ ၂၀၁၂

အတွဲ ၃၊ အမှတ် ၁၀

○

# မြစ်ဆုံဆည် နောက်ဆက်တွဲသတင်း နားစွင့်ကြည့်ရအောင်

ခုရက်ပိုင်းအတွင်း ကျွန်တော်တို့ဆီကို ပြည်သူ့ခေတ် ပုံမှန် ပရိသတ် တချို့က အီးမေးလ်တွေပို့သူကပို့၊ တယ်လီဖုန်း ဆက်သူကဆက်ပြီး မေးကြမြန်းကြတာ အရင်ကထက် ပိုများလာသလား အောက်မေ့တယ်။ အထူးသဖြင့် မတရား မြေသိမ်းခံရသူတွေ အစိုးရကို မြေနဲ့အဆောက်အဦ ငှားရမ်းခဲ့ရာက ပြန်မပေးဘဲ ဘော်လီဘော အပုတ်ခံရသူတွေက ရင်ဖွင့်ကြတယ်။ ဂျာနယ်မှာ ထည့်ပြီး လူကြီးတွေ သိအောင် လုပ်ပေးပါလို့ တောင်းဆိုကြတယ်ဗျာ။ သူတို့ ဖြစ်စေချင်တာကို သူတို့ကိုယ်စား မီဒီယာက ပြောပေးပါလို့ တောင်းဆိုတာ သဘာဝကျပါတယ်။ ကျွန်တော်တို့ကလည်း အဲသလို ပရိသတ်ရဲ့ တိုင်ပင်ဖော် တိုင်ပင်ဖက်လို သဘောထားခြင်း ခံရတာကို လွန်စွာမှ ပီတိ ဖြစ်မိပါသဗျ။

## ရေတက်ငါးစင်ရိုင်းတွေ မဟုတ်ပါ

မေးခွန်းတစ်ခုကတော့ ထူးခြားတယ်ဗျာ။ 'ခင်ဗျားတို့ မီဒီယာသမားတွေ ငါးပွက်ရာ ငါးစာချ မလုပ်ကြနဲ့နော်၊ မြစ်ဆုံကိစ္စ 'ရေကျ'သွားပြီလား၊ ခင်ဗျားတို့ဟာ ရေတက် ငါးစင်ရိုင်းတွေလား။ နောက်ဆက်တွဲ သတင်းတွေ ခင်ဗျားတို့ စာဖတ်ပရိသတ်ကို ဆက်ပြောဖို့ တာဝန် မရှိဘူးလား။ ပွဲပြီးမီးသေ ဖြစ်သွားပြီလား။ ပွဲကကော ပြီးသေးလို့လား' တဲ့၊ မေးခွန်းတွေ ဆက်တိုက် ထုတ်သဗျ။

တကယ်ကတော့ ကျွန်တော်တို့ဟာ ရေတက်ငါးစင်ရိုင်းတွေ မဟုတ်ရပါဘူးဗျာ။ မြစ်ဆုံစီမံကိန်းကို သမ္မတကြီးကရပ်ဆိုင်းခိုင်းလိုက်တဲ့နောက်ပိုင်း တစ်နှစ်နီးပါး ကာလ အတွင်း နောက်ဆက်တွဲ သတင်းတွေကို နားစွင့်ပြီး စုဆောင်းနေခဲ့တာပါ။ ဆောင်းပါး ရေးသင့်တာတွေလည်း ရေးခဲ့တာပါပဲဗျာ။ ပုံနှိပ်ဖော်ပြခြင်းမပြုနိုင်တာ တွေထဲက တချို့ကို ကျွန်တော့် Face Book မှာ တင်ခဲ့လို့ ဖတ်မိသူတွေလည်း ရှိခဲ့ပါတယ်။

## ကန့်ကွက် လက်မှတ်ထိုးခဲ့

ကျွန်တော့်တစ်ဦးတည်းအနေနဲ့ကတော့ မြစ်ဆုံဆည် စီမံကိန်းဟာ ဧရာဝတီ

ထိပ်စက ပိတ်ပြီး ဧရာမရေကာတာကြီး တည်ဆောက်မယ်ဆိုတာ သိလိုက်ကတည်းက ကန့်ကွက်ပါတယ်ဆိုပြီး ဦးဆုံး လက်မှတ်ထိုးတဲ့ စာရင်းမှာ ပါခဲ့တာပါပဲ။ နောက်ထပ် အချက်အလက်အသစ်တွေ (ဧရာဝတီမြစ်ကြီး ပျောက်ကွယ်သွားသည်အထိ ဖြစ်လာနိုင်တဲ့ အန္တရာယ်တွေ၊ အခန့်မသင့်ရင် မြစ်ကြီးနားမြို့ကြီး ရေအောက်ရောက်သွားနိုင်တဲ့ အန္တရာယ်တွေ) ထပ်သိရတော့ ပို၍ ပို၍ ကန့်ကွက်ပါတယ်။ ဆည်ဝင်ဆောက်သူတွေနဲ့ ဓာတ်အားအကျိုးအမြတ် ခွဲဝေယူမယ့် အချိုးကိုသိတော့ အဆများစွာတိုးပြီး ကန့်ကွက်ပါတယ်။ ဘယ်သူတွေကို ပေးတယ်ဆိုတာ မသိတဲ့ ပွဲခ ၁၀ ရာခိုင်နှုန်း ပေးနေရမယ်ဆိုတာ သိရပြန်တော့ ရင်ဘတ်စည်တီးဖြစ်ရပြီး ထပ်မံ ကန့်ကွက်ပါတယ်။ ဘယ့်နှယ်လာ တိုင်းပြည်ကပိုင်တဲ့ ရေမြေတောတောင်တွေကို လူတစ်စုက လူမသိ သူမသိ ရောင်းစားပြီး ပွဲခတွေ အိတ်ထဲထည့်တဲ့ ကိစ္စဟာ ဘယ်လိုမှ မလုပ်ကောင်းပါဘူး။ တကယ်သာ ဟုတ်မှန်ခဲ့ရင် အဲသလို ပြစ်မှုကျူးလွန်ခဲ့သူတွေကို ဘယ်သူကမှ ကြားဝင် ခွင့်လွှတ်ပေးလို့ မရဘူးဗျာ။

## ဟုတ်မဟုတ် မှန်မမှန် စစ်ဆေးပေးပါ

ကျွန်တော်တို့ ရေးသားတင်ပြတာတွေကို ဟုတ်မဟုတ် မှန်မမှန် သက်ဆိုင်သူများက တိုင်းပြည်ကို ရှင်းပြဖို့လည်း တောင်းဆိုခဲ့ပါသေးတယ်။ မဟုတ်မမှန်ဘူးဆိုတာ ဘဝင်ကျကျ ယုံကြည်စိတ်ချလောက်အောင် သိရပါလျှင် ဟောဒီ ကျွန်တော့် ကော်လံက နေပြီး အဲဒီသက်ဆိုင်သူများကို ကျွန်တော် မှားပါကြောင်း ဝန်ခံ ရေးသားပြီး အနူးအညွတ် ဝန်ချတောင်းပန်ပါမယ်လို့လည်း စိန်ခေါ်ခဲ့ဖူးပါတယ်။ ဟုတ်မှန်တယ် ဆိုရင်တော့ အဲဒါတွေဟာ ဖြစ်သင့်ဖြစ်ထိုက်တာတွေ ဟုတ်မဟုတ် ပြည်သူ့ဆန္ဒခံယူပွဲနဲ့ အဆုံးအဖြတ် ရယူဖို့ တောင်းဆိုခဲ့ပါတယ်။ ပြည်သူတွေ သိခွင့်ရှိတယ်၊ ဆုံးဖြတ်ခွင့်ရှိတယ်ဆိုတဲ့ ဒီမိုကရေစီခေတ် တည်ဆောက်နေဆို မဟုတ်လားဗျာ။

## ကချင်လူမျိုးတွေကို ချစ်တယ်ဆိုရင်

ကျွန်တော့်ဆောင်းပါးတစ်ပုဒ်မှာ ပြည်သူ့ခေတ်ဂျာနယ်၊ အမှတ် ၆၁၊ ၂၂ စက်တင်ဘာ ၂၀၁၁ စာမျက်နှာ ၂၇ ပါ 'ဧရာဝတီအတွက် ရတက်မအေး ကြသူများ' ဆောင်းပါးက အောက်ပါ စာပိုဒ်ကို ကိုးကား ဖော်ပြခဲ့တာလည်း ပြန်လည် ရည်ညွှန်းလိုပါတယ်။

'သဘာဝပတ်ဝန်းကျင်အရေးများတွင် ပါဝင် ဆောင်ရွက်နေသူ ကချင်လူမျိုး ကိုမော်ထွန်းက ကျွန်တော်တို့ ကချင်လူမျိုးတွေမှာ ဗမာတွေလို ဘုရင်မင်းဆက်တွေ မင်းနေပြည်တော်တွေနဲ့ နေခဲ့ရတဲ့ သမိုင်းတွေ မရှိပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ ကချင်တွေရော၊ ဗမာလူမျိုးတွေရောဟာ တစ်နိုင်ငံတည်း အတူတကွ ယှဉ်တွဲ နေထိုင်ကြတဲ့



ညီအစ်ကိုတွေပါ။ ကျွန်တော်တို့ ကချင်လူမျိုးတွေကို ချစ်တယ်ဆိုရင် ကျွန်တော်တို့ အမြတ်တနိုး တန်ဖိုးထားတဲ့ မြစ်ဆုံရဲ့ သဘာဝ အလှအပတွေကိုလည်း ချစ်ပါလို့ ပြောချင်ပါတယ်၊ ဒီနေရာမှာ ရေကာတာကြီးဆောက်၊ လျှပ်စစ်ကို ပြည်ပကို ရောင်းစားမှာတော့ မလုပ်ကြပါနဲ့၊ မြစ်ဆုံဒေသဟာ ကျွန်တော်တို့ ကချင်လူမျိုး အားလုံးရဲ့ နှလုံးသားပါ၊ ဒါလေးတစ်ခုပဲ ကျွန်တော်တို့မှာ ရှိတာပါ၊ ဒီတန်ဖိုးရှိတဲ့ အရာကို ကျွန်တော်တို့ ဘယ်သူ့ကိုမှ မပေးနိုင်ပါဘူးဟု သူ့ခံစားချက်ကို မျက်ရည်ကျလျက် ပြောပြပါသည်'

## ဘန်ကာအဖွဲ့ရဲ့အစီရင်ခံစာ

ဒါတင်မက မြစ်ဆုံစီမံကိန်းအတွက် ဒေါ်လာ ၁ ဒသမ ၂၅ သန်းဖြင့် သုတေသန လုပ်ပေးခဲ့ရတဲ့ ဘန်ကာအဖွဲ့မှ တာဝန်ရှိတစ်ဦးဖြစ်သူ ဦးညိုမောင်ရဲ့ အဲဒီ အချိန်ကာလက ထုတ်ဖော် ပြောဆိုချက်ကိုလည်း အောက်ပါအတိုင်း ကိုးကားဖော်ပြခဲ့ပါတယ်။

Report မှာ မြန်မာပညာရှင်တွေ ရေးတဲ့ Report က သီးခြားပါ။ တရုတ် ပညာရှင်တွေရေးတဲ့ Report က သီးခြားပါ။ မတူပါဘူး။ တရုတ်ပညာရှင်တွေ ရေးတဲ့ Report ကို ကျွန်တော်တော့ မတွေ့ဖူးပါဘူး။ ကျွန်တော်တို့ မြန်မာ ပညာရှင်များ ရေးတဲ့ Report မှာ ကျွန်တော်တို့ အတိအကျ ပြောထားပါတယ်။ ဒီမြစ်ဆုံမှာ ရေကာတာကို မဆောက်သင့်တဲ့အကြောင်း ကျွန်တော်တို့ Report ထဲမှာ ပထမတချက် ဒီဟာက cultural heritage လို့ ခေါ်တဲ့ ယဉ်ကျေးမှု အမွေအနှစ် နေရာဖြစ်တယ်။ ကချင်လူမျိုးတွေကလည်း သူတို့ရဲ့ မြစ်ဆုံဒေသကို သူတို့ရဲ့ heartland ဖြစ်တယ်လို့ တန်ဖိုးထားတဲ့အတွက် တစ်အချက် မလုပ်သင့်ပါဘူးလို့ရေးထားပါတယ်။ နောက်တစ်ခုက ဘာလဲဆိုရင် environmental အရ ဒီနေရာကဆိုရင် ရှုခင်း landscape value ရှိတဲ့အတွက် ဒီဟာကို မလုပ်သင့်ပါဘူးလို့ ဒုတိယအချက်အနေနဲ့ ပြောထားပါတယ်။ × × × Sustainable development အတွက် ဆိုလို့ရှိရင် ဒီလိုကြီးမားတဲ့ dam ဟာ ဧရာဝတီမြစ်ဆုံမှာ မဆောက်သင့်ပါဘူးလို့ အတိအကျ ရေးထားတာ ဖြစ်ပါတယ်။

ဦးညိုမောင် ။
ဘန်ကာ (BANCA = Biodiversity and Nature Conservation Association)

## ချိုဖွေ စီမံကိန်းကို တားပေးပါ

အထက်ပါ ကျွန်တော် ကောက်နုတ်ပြတဲ့ စာနှစ်ပိုဒ်နဲ့ပဲ မြစ်ဆုံစီမံကိန်းကိစ္စ ဘယ်လိုမှ ဘယ်တော့မှ ဇာတ်လမ်း ပြန်မစသင့်ဘူးဆိုတာ ရှင်းလင်းနေပြီလို့ ထင်ပါတယ်။ သည်နေရာမှာ ကျွန်တော်ကြိုတင် စိုးရိမ်ပူပန်နေတာတစ်ခု ရှိနေခဲ့တာ ယခု မကြာ

သေးခင်ကပဲ အဲဒါကို လက်တွေ့လုပ်နေပြီလို့ ကြားရတော့ အလွန်မှ စိုးရိမ်ပူပန်မိပါတယ်။ အဲဒီကိစ္စကို ကျွန်တော့် စာဖတ်ပရိသတ် တစ်ယောက်က မနေ့တစ်နေ့ကပဲ ကျွန်တော့်ထံ စာလှမ်းရေးပါတယ်။ ခေါင်းစဉ်က 'မြစ်ဆုံကို မျက်လှည့်လုပ်ထားတဲ့ ချီဖွေစီမံကိန်းကို တားပေးပါ' တဲ့ဗျာ။

မြစ်ဆုံဆည် စီမံကိန်းကို ပြန်လုပ်ဖို့ တရုတ်ပြည် CPI ကုမ္ပဏီက ကြိုးစားနေတယ်ဆိုတဲ့ သတင်းထွက်နေတာ ကြာပါပြီ။ တစ်ခါ မြန်မာအာဏာရ နိုင်ငံရေးပါတီ အဆင့်မြင့် ခေါင်းဆောင်တစ်ယောက်က မြစ်ဆုံဆည်ကို ပြန်လုပ်မှာပဲလို့ တရုတ်သတင်းစာတစ်စောင်နဲ့ အင်တာဗျူးမှာ ပြောခဲ့တယ်ဆိုလို့ မကျေနပ်သံတွေ ပွက်လောရိုက်ထွက်ပေါ်ခဲ့ပါသေးတယ်။ သည်အချိန်မျိုးမှာ အခု 'ချီဖွေ' ကိစ္စ ပေါ်လာတာပဲဗျ။

## စာချုပ်လက်မှတ်ထိုးပြီ-'ဒါပြီ

ကျွန်တော့်ထံ စာလှမ်းရေးသူက 'ကျွန်တော်ပြောချင်တဲ့ အကြောင်းအရာက ပွင့်လင်းမြင်သာမှုမရှိ၊ ပြည်သူကို နားလှည့်ပါးလှည့်လုပ်၊ စီးပွားရေးသမားတွေနဲ့ ဆည်ဆက်ဆောက်မယ့် လူတွေနဲ့ လက်ဝါးခြင်းရိုက်တဲ့ ကိစ္စတွေကို တင်ပြပါရစေ'လို့ အစချီထားပါတယ်။

ပြီးတော့မှ ၁၅ ဒီဇင်ဘာ ၂၀၁၁ နေ့မှာ ကုမ္ပဏီကြီးတစ်ခုနဲ့ စီပီအိုင် ကုမ္ပဏီတို့ ချီဖွေ စီမံကိန်းကို ဒီဇင်ဘာမှာ စတင် အကောင်အထည်ဖော်ဖို့ စာချုပ်ချုပ်ဆို လက်မှတ်ရေးထိုးခဲ့ကြတယ်။ ဒါတွေ အားလုံးကို ကျွန်တော်တို့ ပြည်သူတွေကို လုံးဝ ချမပြပါဘူး။ သတင်းစာမှာလည်း မဖော်ပြပါဘူး။ အတတ်ပညာရှင်တွေကိုတောင် အသိပေး ဆွေးနွေးခြင်း မပြုခဲ့ပါဘူး။

## အရင် စာချုပ်အတိုင်းပဲ

တကယ်တော့ ချီဖွေစီမံကိန်းဆိုတာ စီမံကိန်းအသစ်မဟုတ်ပါဘူး မြစ်ဆုံမြစ်ညှာ မြစ်ဝှမ်း စီမံကိန်းထဲက ၁ ခုပါ။ ဒီစီမံကိန်းက သမ္မတကိုယ်တိုင် ရပ်ဆိုင်းကြောင်း ကြေညာထားတာပါ။ မြစ်ဆုံရဲ့ အထက် မိုင် ၆၀ အကွာ မေခမြစ်ပေါ်မှာ ရှိပြီး မဂ္ဂဝပ် ၃၄၀၀ ထုတ်မှာပါ။ စာချုပ်စည်းကမ်းတွေကတော့ အရင် စာချုပ်ထဲက အတိုင်းပါ။

မြစ်ဆုံမြစ်ညှာ မြစ်ဝှမ်းစီမံကိန်းထဲက တစ်ခုဖြစ်တဲ့ မြစ်ဆုံစီမံကိန်းမှာ စိုက်ထုတ်ခဲ့တဲ့ ငွေပမာဏကို ကျန် ၆ ခုထဲ ခွဲထည့်လို့ ငွေစာရင်းအရ ပြောင်းသွားတာပဲ ကွာပါတယ်။ ပြည်သူလူထု သိသွားလည်း မြစ်ဆုံကို လုပ်တာ မဟုတ်ဘူး ချီဖွေကို လုပ်တာပါဆိုပြီး မလိမ့်တပတ်နဲ့ ပြောဦးမှာပါ။ ပြည်သူတွေ မသိရင်တောင်မှ တာဝန်သိ ဝန်ထမ်းတွေ ရှိသေးတယ်ဆိုတာ မမေ့ပါနဲ့။



## စီမံကိန်းကြီး တစ်ခုလုံး ရပ်နိုင်းတာ

သမ္မတကြီးက ရပ်နိုင်းတာ ဒီမြစ်ဆုံမြစ်ညှာ မြစ်ဝှမ်း စီမံကိန်းကြီး တစ်ခုလုံးပါ မြစ်ဆုံလေးတစ်ခုတင် မဟုတ်ပါဘူး။ ချီဖွေကို လုပ်ရင်လည်း လူမှုရေးရော သဘာဝ ပတ်ဝန်းကျင်ရော ထိခိုက်ပျက်စီးမှာပါပဲ။ အဲဒီနယ်က လူမျိုးတွေရော သယံဇာတတွေရော အကုန် သူတို့က သိမ်းမှာပဲ။ ထွက်လာမည့် လျှပ်စစ်ကလည်း သူတို့ နိုင်ငံအတွက်ပဲ။ သူတို့တွေနဲ့ သူတို့ဆီက ပွဲခရသူတွေ ကောင်းစားရေးအတွက် ကချင်လူမျိုးနဲ့ တိုင်းပြည်သယံဇာတတွေ ရင်းလိုက်ရတာပါပဲ အဖတ်တင်ပါတယ်။

## အတတ်ပညာရှင်တွေ ဆွေးနွေးခွင့်ပေးပါ

သမ္မတကြီးကိုပြောပေးပါ။ ဒီကိစ္စပွင့်လင်းစွာ ပြည်သူကို ချပြပေးစေလိုပါတယ်။အတတ်ပညာရှင်တွေကို ကြေညာကိစ္စ ဆွေးနွေးခွင့်ပြုပါ။ ကိုယ်ကျိုးစီးပွားကိုသာ ကြည့်တဲ့ သက်ဆိုင်ရာ အုပ်ချုပ်သူ အဆင့်ဆင့်ကို သန့်ရှင်းကောင်းမွန်တဲ့ အုပ်ချုပ်မှုမျိုးဆောင်ရွက်တတ်အောင် လေ့ကျင့်ပျိုးထောင် ပညာပေးစေလိုကြောင်း မေတ္တာရပ်ခံအပ်ပါတယ်။

## သမ္မတကြီး မနားပါနဲ့ဦး

သမ္မတကြီးကလည်း ၂၀၁၅ ကျရင် နားတော့မယ်တဲ့။ အသက်အရွယ်နဲ့ ကျန်းမာရေးကို အကြောင်းပြတယ်။ သမ္မတကြီး မနားပါနဲ့ဦးလို့ ဆရာမောင်ဝံသ သွယ်ဝိုက်ပြီး နှိုးကြားခဲ့တဲ့ ဆောင်းပါးတစ်ပုဒ် ဖတ်ဖူးပါတယ်။ ကျွန်တော်တို့လည်း အဲဒီအတိုင်း သဘောတူပါတယ်။ သမ္မတကြီး အခု အသက် ၇၀ မကျော်သေးပါဘူး။ အသက် ၈၀ ကျော်အထိ တိုင်းပြည်ကို စီမံခန့်ခွဲ ဦးဆောင်ခဲ့သူ ကမ္ဘာ့ခေါင်းဆောင်တွေ အများကြီးပါ။

## ဆက်လုပ်ခွင့်မပေးနိုင်

သမ္မတကြီး ၂၀၁၅ မှာ တကယ်နားလိုက်ရင် မြစ်ဆုံကို ဆက်လုပ်ဖို့ လက်ဝါး ရိုက်ထားသူတွေ လက်ထဲ ဝကွက်အပ်ခဲ့သလို ဖြစ်သွားပါလိမ့်မယ်။ မြစ်ဆုံကိုလည်း ဆက်လုပ်ခွင့်မပေးနိုင်ပါ။ နားလှည့်ပါးလှည့်လုပ်ထားတဲ့ ချီဖွေစီမံကိန်း အပါအဝင် ဧရာဝတီမြစ်ဖျားခံရာ နေရာဒေသက ဘယ်စီမံကိန်းကိုမဆို ဆက်လုပ်ခွင့်မပေးနိုင်ပါ။ အဲဒါ ကချင်တိုင်းရင်းသားများ အပါအဝင် ပြည်သူအားလုံးရဲ့ တူညီဆန္ဒပါပဲ။

စာဖတ်ပရိသတ် ပြည်သူတစ်ယောက်ရဲ့ ရိုးသားပွင့်လင်းတဲ့ ရင်ဖွင့်သံ ဖြစ်ပါတယ်။

## ခိုင်းစုံကြီး ပိုက်ထားရသလို

တကယ်ကတော့ တစ်ချိန်မဟုတ်တစ်ချိန် တစ်နည်းနည်းနဲ့ အန္တရာယ် အလားအလာရှိတဲ့

ရောမ ရေကာတာကြီးတစ်ခုကို သူတို့တွေ မီးထိန်ထိန်လင်းဖို့ အလို့ငှာ ကျွန်တော်တို့က အနာခံပြီး ကိုယ့်ပြည်ထဲမှာ ဘယ်သောအခါမှ မတည်ဆောက်သင့်တာ အမှန်ပါ။ မြွေပွေးခါးပိုက်ပိုက်ထားရတာထက် ဆိုးပါမယ်။ အချိန်မရွေး ထပြီး ပေါက်ကွဲနိုင်တဲ့ မိုင်းဗုံးကြီးကို ပိုက်ဘောဖမ်းထားရသလို သားစဉ်မြေးဆက် တထိတ်ထိတ်တလန့်လန့် နေနေကြရမှာပါ။

ဒါတင်မက သောင်းချီပြီး လာရောက် အခြေချ နေထိုင် အလုပ်လုပ်ကြမယ့် လူမျိုးခြားတွေက ဒေသခံ ကျွန်တော်တို့ သွေးချင်းတွေကို ဘယ်လို ဆက်ဆံမလဲ၊ ဘယ်လို အမြတ်ထုတ်မလဲ၊ ငွေကြေးဓနအင်အားတွေနဲ့ ဘယ်လို အနိုင်ကျင့်မလဲ၊ နှစ်ပေါင်း ၆၀ ရေရှည်အတွက် စဉ်းစားကြည့်တိုင်း ကျွန်တော့်ရင်ထဲ မကောင်းဘူး။ မတင်မကျကြီးဖြစ်ပြီး တစ်ဆို့နေပါတယ်။ ခုတောင် မန္တလေးမြို့ကြီး ဘယ်လို ဖြစ်နေပြီလဲဗျာ။

## မြစ်ကျဉ်းသုံးသွယ် အတွေ့အကြုံ

၂၀၁၁ ခုနှစ် စက်တင်ဘာလက ပြည်သူ့ခေတ်ဂျာနယ်မှာပဲ ဆရာမကြီး ဒေါက်တာ ဒေါ်မြင့်မြင့်ခင်က တရုတ်ပြည်က မြစ်ကျဉ်းသုံးသွယ် ဆည်ကြီး (Three Gorges Dam)အကြောင်း ပြောပြထားတာ ရင်သိမ့်တုန်စရာ ဖြစ်ပါတယ်။ ကြီးမားတဲ့ ဆိုးကျိုးအလားအလာတွေကို ထောက်ပြပြီး ကမ္ဘာက ဝိုင်းပြောခဲ့ပေမယ့် ၁၉၉၄ ကနေ ၂၀၀၆ အထိ ၁၂ နှစ်ကြာ ဇွတ်ဆက်ဆောက်ခဲ့တယ်။ လူပေါင်း ၁ သန်း ၃ သိန်း ရွှေ့ပြောင်းပေးခဲ့ရတယ်။ ၂၀၁၀ ကျတော့ မြို့ကြီး ၁၃ မြို့ မြို့ငယ် ၁၄၀ နဲ့ ကျေးရွာ ၁၃၅၀ ရေမြုပ်ခဲ့ရတယ်။ သူတို့ အစိုးရ ခေါင်းမာပြီး လုပ်ချင်တာ ဇွတ်လုပ်လို့ ပြည်သူ သန်းချီပြီး ဒုက္ခဆင်းရဲရောက်ခဲ့ရတဲ့ အကြောင်း ဖတ်ရတာ ကြက်သီးတောင်ထမိပါရဲ့။

## ကျွန်တော်တို့ဆီ ဘာကြောင့်လာသလဲ

သူတို့ ပြည်ကြီးဟာ အကျယ်ကြီးပါ။ မြစ်တွေ ချောင်းတွေလည်း အများကြီးပါ။ သူတို့ဆီမှာ လုပ်စရာနေရာတွေ အများကြီးရှိပါလျက်နဲ့ မြစ်ကျဉ်းသုံးသွယ်ဆည်ကြီးရဲ့ ဆိုးကျိုးဒဏ်တွေကို ခံလိုက်ရတဲ့ ၂၀၀၆ ခုနှစ် နောက်ပိုင်းမှာမှ ကျွန်တော်တို့ အောက်ကြေးရအောင်နှိုက်ပြီး မြစ်ဆုံမှာ ဘာကြောင့် လာလုပ်ကြပါလိမ့်။

မျိုးချစ် ပြည်ချစ် ခေါင်းဆောင်ကြီးများ၊ နိုင်ငံရေးသမားများ၊ စဉ်းစားကြည့် ဆင်ခြင်ကြပါခင်ဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်**

၈၊ ဩဂုတ်၊ ၂၀...

အတွဲ ၃၊ အမှတ် ...

## ...အမှာ မကျေဘူးလို့ ပြောလို့ရပြီလား

...က်ပိုင်းအတွင်း ကြားရတဲ့သတင်းတွေက အကောင်းရော အဆိုးပါ ရောသမ ...နေပါလားဗျ။ ကောင်းတာတွေက စပြောရရင် ရှစ်လေးလုံးနေ့ အခမ်းအနားတွေ ...ကုန်နဲ့ မန္တလေးမြို့များမှာ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြတယ်ဗျာ။ ပြည်ထောင်စု ...ကြီး နှစ်ဦးက ရှစ်လေးလုံး အကြိုနေ့မှာ ၈၈ မျိုးဆက်ကျောင်းသားများ အဖွဲ့ကို ...ကျပ် ၁၀ သိန်း မန္တလေးမှာ လှူဒါန်းတယ်ဗျာ။ ရှစ်လေးလုံးနေ့ကို သမိုင်းဝင်နေ့အဖြစ် ...ရားဝင် သတ်မှတ်ပေးဖို့ ၈၈ မျိုးဆက် ကျောင်းသားများက တောင်းဆိုတယ်ဗျာ။

## ...လောက် မြန်မယ် မထင်ခဲ့ဘူး

...တင်းဓာတ်ပုံတွေနဲ့ ရုပ်သံသတင်းတွေကို မျက်ဝါးထင်ထင် မြင်လိုက်ရတော့မှ ...ကို ဒါတွေဟာ အိပ်မက်တွေ မဟုတ်ဘူး၊ တကယ်ဟလို့ ကျွန်တော်ယုံတော့တယ်ဗျာ။ ...ည်လို အခြေအနေရောက်ဖို့ နောက်ထပ် လွှတ်တော် သက်တမ်းတစ်ခုလောက် ...စောင့်ရလိမ့်ဦးမယ်လို့ ကျွန်တော် ထင်နေခဲ့တာကလား။ နိုင်ငံရေး ဟောကိန်းတချို့ ...ကြက်ကန်း ဆန်အိုး တိုးသလို မှန်သွားလို့ ဘယ်သူကမှ အသိအမှတ် မပြုချင်နေပေမေ ...ိုယ်တွေးခဲ့ ရေးခဲ့တဲ့ ဆောင်းပါးလေးတွေ လူတကာကို တပြုံပြုလုပ်ပြီး ဂုဏ်ယူနေမိတဲ့ ကျွန်တော့်မှာ သည်တစ်ခါတော့ သည်လို မြင်ကွင်းတွေ ခုအချိန်မှာ ရုပ်လုံးပေါ်လာမယ်လို့ ...ဆင်ကိုမထင်ခဲ့တာဗျ။ ဘာကြောင့်လဲဆိုတော့ မကြာသေးခင်က ကျွန်တော်တို့ ...နေနိုင်တဲ့ ဆဲဗင်းဂျူလိုင် အထိမ်းအမှတ်ကို အတားဆီး ခံခဲ့ရတယ်လေဗျာ။

## ၆၂ မျိုးဆက်ရဲ့ခံစားချက်

၁၉၈၈ ရှစ်လေးလုံး ကာလမှာ ကျောင်းသားတွေ ပြည်သူတွေ အသက်တွေ ပေးခဲ့ရသလို ၁၉၆၂ ဂျူလိုင် ၇ ရက် ရန်ကုန်တက္ကသိုလ် ကျောင်းသား အရေးအခင်းမှာလည်း ကျောင်းသားတွေ မရှုမလှ ခံခဲ့ကြရတာပဲဗျ။

ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂ နောက်ဆုံး အမှုဆောင်အဖွဲ့မှာ ပါဝင်ခဲ့တဲ့ ကျွန်တော့်နောင်တော်ကြီး ကိုလှရွှေက သူတို့ ကျွန်တော်တို့ တစ်သိုက်ကို ၆၂ မျိုးဆက်လို့ သုံးနှုန်းလေ့ရှိတယ်။ ၆၂ မျိုးဆက်ဟာ အသက် ၇၀ တစ်ဝိုက် ရှိကုန်ကြပြီ။ သို့ပေမယ့် ဆဲဗင်းဂျူလိုင် ရောက်ပြီဆိုရင် ခုထိ မျက်ရည်လည်ကြတုန်း၊ အံကြိတ် လက်သီးဆုပ်မိ ကြတုန်းပါဗျာ။

ရှစ်လေးလုံး အထိမ်းအမှတ်နေ့ အခမ်းအနားတွေ ကျင်းပဖို့ အစိုးရက ခွင့်ပြု ခဲ့တာရယ်၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနဲ့ ဦးအောင်မင်းက ၈၈ မျိုးဆက်ခေါင်းဆောင် မင်းကိုနိုင် လက်ထဲ ငွေ ၁၀ သိန်း ပေးအပ်လှူဒါန်း တာရယ်ဟာ ရှစ်လေးလုံးကာလ ရက်စက်ခဲ့တဲ့ လုပ်ရပ်များသည် မိမိတို့နဲ့ မသက်ဆိုင်ဘူး။ သို့ကြောင့် ကျောင်းသား ခေါင်းဆောင်ဟောင်းတွေက အထိမ်းအမှတ်နေ့ ကျင်းပတာကို မိမိတို့ သဘောတူတယ်လို့ လက်ရှိ နိုင်ငံခေါင်းဆောင်တွေက (တရားဝင် ထုတ်ဖော်ကြေညာခြင်း မပြုသော် လည်း) လက်တွေ့အမူအရာနဲ့ ပြလိုက်တာပဲလို့ ကောက်ယူရမှာပဲဗျ။ တစ်နည်းအားဖြင့် ပြောရင် ရှစ်လေးလုံး အရေးတော်ပုံကို နှိပ်ကွပ်ခဲ့သူများနဲ့ မိမိတို့ မသက်ဆိုင်ဘူးလို့ ဖြတ်လိုက် (discard) တာပဲ ဖြစ်တယ်ဗျ။ ကောင်းဗျာ။ သာဓု၊ သာဓု။

တကယ်ကတော့ ရှစ်လေးလုံး ကာလတုန်းက လက်ရှိဗိုလ်ချုပ်တွေ ဗိုလ်ချုပ်ဟောင်း တွေဟာ ဗိုလ်ကြီး၊ ဗိုလ်မှူးလောက် ရှိကြဦးမှာပါ။ အမိန့်နာခံရသူများပဲ ဖြစ်ကြပါလိမ့်မယ်။ သို့ပေမယ့် အဲဒီကတည်းကပဲ အမှားအမှန်ကို ဝေခွဲနိုင်ခဲ့ကြမယ်ထင်ပါတယ်။ ဒါကြောင့်ပဲ မိမိတို့ မူဝါဒချမှတ် ဆုံးဖြတ်နိုင်ချိန်မှာ ခုလို သဘောထားထုတ်ဖော်ကြတာ ဖြစ်မယ်ဗျ။

ဒါဆိုရင် ကျွန်တော်တို့ ၆၂ မျိုးဆက်အကြောင်း ပြန်ကောက်ရင် လက်ရှိ စစ်ခေါင်းဆောင်တွေထဲမှာ အဲဒီခေတ်က တပ်ထဲရှိခဲ့သူ တစ်ယောက်မှတောင် ရှိတော့မယ် မဟုတ်ပေဘူးဗျ။ ဟိုတုန်းက တာဝန်ရှိသူတွေနဲ့ ပိုပြီးတော့တောင် discard လုပ်နိုင်ရမှာပေါ့ဗျာ။

## ပြောလို့ မရသေးတာတွေ

ခုချိန်ထိတော့ ကျွန်တော်တို့ ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂ (တကသ) အကြောင်း၊ ဆဲဗင်းဂျူလိုင်အကြောင်း၊ မိုင်းခွဲဖျက်ဆီးခံခဲ့ရတဲ့ တကသ အဆောက်အအုံကြီး ပြန်လည် တည်ဆောက်ရေးအကြောင်း ရေးခွင့်ပြောခွင့် မရသေးဘူးဗျာ။ အထိမ်းအမှတ် အခမ်းအနား ကျင်းပဖို့တော့ ဝေလာဝေးပေါ့။



ဒီလိုရေးနေလို့ ကျွန်တော်က ဆဲဗင်းဂျူလိုင်နဲ့ ရှစ်လေးလုံး အရေးတော်ပုံကြီးကို လိုက်တိုင်းနေတယ်လို့တော့ မထင်လိုက်ပါနဲ့။ နှိုင်းလည်း မနှိုင်းပါဘူး။ မနှိုင်းကောင်းဘူး ဆိုတာလည်း သိပါတယ်။ ရှစ်လေးလုံး အရေးတော်ပုံကြီးလိုမျိုးဟာ ဆယ်သက်မှာ တောင် တစ်ခါ ကြုံနိုင်ကြမှာ မဟုတ်ဘူးဗျ။

ကျွန်တော့်ညီ ကဗျာဆရာ မောင်သွေးသစ်ရေးတဲ့ ကဗျာတစ်ပုဒ် မြန်မာတိုင်းမ် ဂျာနယ်မှာ ဖတ်လိုက်ရတယ်။ ကြက်သီးမွေးညင်းတောင် ထသွားတယ်ဗျာ။ ရှစ်လေးလုံး ကာလတုန်းက မျက်ရည်တွေနဲ့ သံပြိုင် ဆိုခဲ့ကြရတဲ့ နိုင်မြန်မာရဲ့ ကမ္ဘာမကျေဘူး သီချင်း စာသားတွေကို (အစ အဆုံးတော့မဟုတ်) ပြန်ရေးပြထားတာကိုး။ စာပေ စီစစ်ရေးက ခွင့်ပြုလို့လည်း ပုံနှိပ်ဖော်ပြနိုင်ခဲ့တာပေါ့။

(ကမ္ဘာမကျေဘူး...ငါတို့သွေးနဲ့ ရေးခဲ့ကြတဲ့ မော်ကွန်းတွေ...တော်လှန်ရေး... ဒီမိုကရေစီ တိုက်ပွဲအတွင်းမှာ ကျဆုံးသော...ကြော်... သူရဲကောင်းတို့ရေ... အာဇာနည်တွေ နေတဲ့ တိုင်းပြည်...ရဲရဲတောက် ဒို့ ပြည်သူတွေ...)

(ကိုယ်တော်မှိုင်း...ရာဇဝင်တွေလည်း ရိုင်းခဲ့ရပြီ... အဘိုးရေ...သခင်အောင်ဆန်း... နိုင်ငံတော်မှာ သွေးစွန်းခဲ့ပြီ အဖရေ...ကြော်... လုပ်ရက်ကြပေ... )

ဘာပဲပြောပြော ဒီလောက်ရေးနိုင်တာကိုပဲ ကျွန်တော်တို့ကတော့ ကြိုဆိုနေပါတယ်။

## နိုင်ငံရေး အကျဉ်းသား လျော်ကြေး

တိုက်ဆိုင်တာက ခုတစ်လော ဆရာကြီး ဟံသာဝတီ ဦးဝင်းတင်က နိုင်ငံရေး အကျဉ်းသားဟောင်းတွေကို နောက်တက်လာတဲ့ အစိုးရတွေက တိုင်းပြည်ဘဏ္ဍာ ငွေဖြင့် လျော်ကြေး ပေးတာမျိုး၊ ထောက်ပံ့ကြေးပေးတာမျိုး တချို့နိုင်ငံတွေမှာ ရှိတယ် ကြားဖူးတယ်၊ ရှာဖွေ ကြည့်စမ်းပါလို့ပြောတာနဲ့ ကျွန်တော် ရှာကြည့်တဲ့အခါ ဇင်ဘာဘွေနဲ့ လက်တင် အမေရိက နိုင်ငံတချို့(အာဂျင်တီးနားလို နိုင်ငံတွေ) မှာ လျော်ကြေးပေးတာ၊ ထောက်ပံ့ကြေးပေးတာ၊ ကျန်းမာရေးစရိတ် တာဝန်ယူတာတွေ တွေ့ရတယ်ဗျ။ ဇင်ဘာ ဘွေမှာ သုံးနှုန်းပုံကတော့ the payment of gratuities to the ex-political prisoners, restrictees and detainees လို့ ဆိုတယ်။ 'နိုင်ငံရေး အကျဉ်းသား ဟောင်းများ၊ ကန့်သတ်ခံခဲ့ရသူများနှင့် ထိန်းသိမ်းခံများအတွက် ကရုဏာကြေး' လို့ သုံးနှုန်းတယ်။ တိုင်းပြည်က သူတို့အပေါ် ကရုဏာဖြင့် ပေးတယ်လို့ ဆိုရမှာပေါ့။ နောင် အလျဉ်းသင့်တဲ့အခါ ဒီအကြောင်းတွေ ရေးပါဦးမယ်။

## တရားဥပဒေ စိုးမိုးရေး ဥက္ကဋ္ဌ

ကောင်းသတင်း ထပ်ပြောစရာတစ်ခုက ဩဂုတ် ၇ ရက်က ပြည်သူ့ လွှတ်တော်က ဖွဲ့စည်းလိုက်တဲ့ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီရဲ့ ဥက္ကဋ္ဌ

အဖြစ် ဒေါ်အောင်ဆန်းစုကြည်ကို ရွေးချယ်တာဝန် ပေးလိုက်တဲ့ သတင်းပေါ်ထွာ။ အဲဒီကော်မတီရဲ့ တာဝန်တွေထဲက တစ်ခုက 'ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်သူ့အစိုးရ၊ တရားရေးအဖွဲ့ အစည်းများ၊ ပြည်သူ့ဝန်ထမ်းများ၊ သတင်း မီဒီယာနှင့် သက်ဆိုင်သူ အားလုံးသည် တရားဥပဒေနှင့်အညီ နေထိုင်ပြုမူ လိုက်နာဆောင်ရွက် နိုင်ရေးအတွက် နှိုးဆော်ခြင်း၊ တိုက်တွန်းခြင်း၊ ထိန်းညှိခြင်းပြုရမည်၊ အရေးယူ ဆောင်ရွက်ရန်ရှိပါက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြရမည်' လို့ ဆိုတယ်ဗျ။ မဏ္ဍိုင်ကြီးလေးရပ်ကို ထိန်းညှိပေးတဲ့ တာဝန်ဖြစ်လေတော့ ကျွန်တော်တို့ မီဒီယာတွေနဲ့လည်း ပတ်သက်နေတယ်ဗျာ။ နည်းနည်းတော့ စိတ်ဝင်စားမိတယ်ဗျာ။

## ပိုင်ဆိုင်မှု ကြေညာရေးအဆို ရှုံးသွားတယ်

စိတ်ထဲ မတင်မကျဖြစ်ရတဲ့ သတင်းကတော့ အစိုးရအဖွဲ့ဝင် ဝန်ကြီးများရဲ့ ပိုင်ဆိုင်မှု ကြေညာပေးရန် အဆိုရှုံးနိမ့်သွားတဲ့ကိစ္စဗျာ။ ဩဂုတ် ၈ ရက်က ကျင်းပတဲ့ ပြည်သူ့ လွှတ်တော် အစည်းအဝေး ၂၂ ရက် မြောက်နေ့မှာ ပုသိမ်မဲဆန္ဒနယ် လွှတ်တော် ကိုယ်စားလှယ်ဦးဝင်းမြင့် အဆိုတင်သွင်းထားတဲ့ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်နှင့် သန့်ရှင်းသော အစိုးရ ဖြစ်ပေါ်စေရေးအတွက် ပြည်ထောင်စုအစိုးရ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များအဖြစ် တာဝန်ပေးအပ်ခြင်း ခံရသူများ၏ ပြောင်းရွှေ့နိုင်သော ပစ္စည်းများ၊ မပြောင်းရွှေ့နိုင်သောပစ္စည်းများ စာရင်းနှင့် ၎င်းတို့၏ အကျိုးစီးပွားများစာရင်းကို ထုတ်ဖော်ကြေညာ၍ မှတ်တမ်းတင် ထားရန် အဆိုကို မဲခွဲ ဆုံးဖြတ်တော့ ထောက်ခံမဲ ၆၈ မဲသာ ရရှိပြီး ကန့်ကွက်မဲ ၂၁၇ မဲ ရှိလို့ ရှုံးနိမ့် သွားသတဲ့ဗျာ။

တိုင်းပြည်ကို ခေါင်းဆောင်နေသူများရဲ့ ရာထူး တာဝန်မထမ်းဆောင်ခင် ပိုင်ဆိုင်မှု တွေကို ကြေညာပေးဖို့၊ ကြေညာရဲဖို့ ကျွန်တော် လွှန်ခဲ့တဲ့ ခြောက်လကျော်က ပြည်သူ့ခေတ်မှာပဲ ဆောင်းပါးရေးခဲ့ ဖူးတာဖြစ်လို့ သည်အဆိုကို စိတ်ဝင်စားစွာ နားစွင့် နေတာ အဆိုရှုံးသွားတယ်ဆိုတော့ ဟိုက်ခနဲ အော်မိတယ်ဗျာ။

## ပြည်သူ ယုံကြည်မှု တိုးမြင့်လာစေဖို့

ဦးဝင်းမြင့်ရဲ့အဆိုကို အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် အပါအဝင် နိုင်ငံရေးပါတီများ ကိုယ်စားလှယ် ၇ ဦး၊ တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ် ၂ ဦးနှင့် ပြည်ခိုင်ဖြိုး ပါတီမှ ကိုယ်စားလှယ် ၃ ဦး အပါအဝင် ရှေ့နေချုပ် ဒေါက်တာထွန်းရှိန် တို့ပါ ဝင်ရောက် ဆွေးနွေးခဲ့ကြတယ်။ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော် မင်းက အသွင်ကူးပြောင်းရေး ကာလမှာ နိုင်ငံတော် သမ္မတကြီး



ဦးဆောင်သော အစိုးရအဖွဲ့ရဲ့ ဆောင်ရွက်ချက်များကို ပြည်သူများယုံကြည်မှု တိုးမြင့် လာစေရန် အစိုးရ အဖွဲ့ဝင်များရဲ့ ပိုင်ဆိုင်မှုကို ထုတ်ဖော်ကြေငြာ ပေးရန် အထူးပင် လိုအပ်ကြောင်း ဆွေးနွေးပြီး မင်္ဂလာတောင်ညွန့် လွှတ်တော် ကိုယ်စားလှယ် ဒေါ်ဖြူဖြူသင်းကအစိုးရ အဖွဲ့ဝင်များကို သာမက တပ်မတော် ထိပ်တန်းခေါင်းဆောင် များ၏ ပိုင်ဆိုင်မှုကိုပါ ထုတ်ဖော် ကြေငြာပေးရန်လိုအပ်ကြောင်း ဆွေးနွေးသွားတယ်ဗျ။

## လွှတ်တော်ဥက္ကဋ္ဌတွေလည်း ကြေညာရမယ်

ရှေ့နေချုပ်ရဲ့ ဆွေးနွေးချက်မှာ ထူးခြားတာက ဒီအဆိုကို အတည်ပြုမယ်ဆိုရင် အစိုးရ အဖွဲ့ဝင် ဝန်ကြီးများရဲ့ ပိုင်ဆိုင်မှု စာရင်းသာမက လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယ ဥက္ကဋ္ဌ များရဲ့ ပိုင်ဆိုင်မှုစာရင်းကိုပါ ထုတ်ဖော်ကြေညာသင့်ကြောင်း၊ အစိုးရအဖွဲ့ဝင် ဥပဒေ အရ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များရဲ့ ပိုင်ဆိုင်မှုစာရင်းကို နိုင်ငံတော်သမ္မတ ထံသို့ တင်ပြထားပြီးဖြစ်ကြောင်း ဆွေးနွေးသွားတယ်ဗျ။

## ပုံရိပ်ကို ဘယ်လောက် ထိခိုက်နိုင်သလဲ

ဒီအဆို ရှုံးနိမ့်သွားတာဟာ သမ္မတဦးသိန်းစိန် ဦးဆောင်တဲ့အစိုးရရဲ့ သန့်ရှင်းသော အစိုးရ ဖော်ထုတ်ရေး ကြိုးစားနေပါတယ်ဆိုတဲ့ ပုံရိပ်ကို ဘယ်လောက် ထိခိုက်နိုင်သလဲ ဆိုတာ ကျွန်တော် တွေးနေမိတယ်ဗျာ။

ဒါတင်မက သမ္မတကိုယ်တိုင်က စတုတ္ထမဏ္ဍိုင်လို့ အသိအမှတ်ပြုထားတဲ့ သတင်းမီဒီယာများထဲက သတင်းဂျာနယ်တချို့ကို အုပ်ချုပ်ရေး မဏ္ဍိုင်က ထုတ်ဝေခွင့် ရပ်ဆိုင်းတာ၊ တရားစွဲဆိုတာတွေ ဖြစ်ပေါ်နေတာဟာလဲ ဒီမိုကရေစီရဲ့ အဓိက ပေတံ တစ်ချောင်းဖြစ်တဲ့ စာနယ်ဇင်း လွတ်လပ်ခွင့်ပုံရိပ်ကို ဘယ်လောက် ထိခိုက်နိုင်သလဲ ဆိုတာကိုပါ ဆက်တွေးနေမိတယ်ဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်။**

*၈၊ ဩဂုတ်၊ ၂၀၁၂။*

*အတွဲ ၃၊ အမှတ် ၁၀၇။*

○

## ဆိုးမွေတွေကို ငြင်းပယ်ရဲတဲ့သတ္တိ ဟောကိန်းလွဲခဲ့တာ ဝန်ခံပြီးနောက်

ပြီးခဲ့တဲ့အပတ် ပြောချင်လွန်းလို့ ဆောင်းပါးမှာ ရှစ်လေးလုံးနေ့ အထိမ်းအမှတ် အခမ်းအနား အတွက် ပြည်ထောင်စုဝန်ကြီးနှစ်ဦးက မင်းကိုနိုင်တို့ ကိုကိုကြီးတို့ ရှိရာကိုသွားရောက်ပြီး ငွေ ၁၀ သိန်း လှူတဲ့အကြောင်း အစချီကာ 'သည်လို အခြေအနေရောက်ဖို့ နောက်ထပ် လွှတ်တော် သက်တမ်းတစ်ခုလောက် စောင့်ရဦးမယ်လို့ ကျွန်တော် ထင်နေခဲ့တာကလား' သည်လောက် မြန်မယ်မထင်ခဲ့ဘူးလို့ ကျွန်တော့်ဟောကိန်း လွဲခဲ့တာကို ဝန်ခံရေးသားခဲ့ ပါတယ်။

### တခြား ကိစ္စတွေမှာလည်း မြန်လာနိုင်တယ်

ဆောင်းပါးကို ဖတ်မိတဲ့ မိတ်ဆွေရင်းချာအချို့က နေ့ချင်းပဲ ဖုန်းဆက်ပြီး သူတို့လည်း ကျွန်တော့်နည်းတူပါပဲ၊ သည်လောက်မြန်မယ် မထင်ခဲ့ဘူးလို့ ပြောကြတော့ ကျွန်တော် အားတက်သွားတယ်ဗျာ။ သူတို့က ဆက်ပြောတယ်။ သည်အတိုင်းဆို တခြားကိစ္စတွေ မှာလည်း မျှော်မှန်းတာထက် ပိုပြီး မြန်မြန်ဆန်ဆန် ပြောင်းလဲလာနိုင်တယ်၊ ခင်ဗျား စပီ speed နည်းနည်းတင်ပြီး စဉ်းစားစမ်းပါလို့ အားပေးတယ်ဗျ။

ကျွန်တော်ကလည်း မိတ်ဆွေများနဲ့ သဘောတူပါတယ်။ ဘယ့်နှဲ့ဗျာ၊ ရှစ်လေးလုံး အရေးတော်ပုံကြီး အပေါ်မှာတောင် အရင်လူတွေနဲ့ မတူကွဲပြား ခြားနားတဲ့ ရပ်တည်ချက် ရှိလာပြီဆိုရင် ကျန်တဲ့အရေးကိစ္စတွေဟာ အသေးအဖွဲ့ပဲ မဟုတ်လားဗျာ။



### အရင်လူတွေ လုပ်ခဲ့တာတွေ

အရေးကြီးတာက အရင်လူတွေ လုပ်ခဲ့တာတွေကို ဆင်ခြင်တုံတရားနဲ့ သုံးသပ် မျှမျှတတ ရှုမြင်ပြီး ကောင်းတာတွေကို အသိအမှတ်ပြု၊ ဆိုးမွေတွေကို ငြင်းပယ်ရဲတဲ့ သတ္တိ မွေးကြဖို့ပါပဲဗျာ။

သည်နေရာမှာ ကွန်မြူနစ် နိုင်ငံတွေမှာ လုပ်လေ့ရှိခဲ့တဲ့ အကျင့်မျိုးကိုလည်း ရှောင်ရှားဖို့ သတိထားသင့်တယ်ဗျ။ ဆိုဗီယက်ယူနီယံမှာ စတာလင် ဘုန်းတန်ခိုး ထွားနေချိန် မဟာစတာလင်ဆိုပြီး သူ့ထက်ငါ အနီးကပ် ခစားဝန်းရံခဲ့ကြသူတွေထဲကပဲ စတာလင်လည်း သေရော၊ အချိန်ကောင်းစောင့်ပြီး အပုပ်ချတော့တာပဲ။ နောက်ဆုံးတော့ စတာလင် ရုပ်ကလာပ်ကိုတောင် ရင်ပြင်နီက ဖယ်ရှားခဲ့တယ်ဗျာ။ အဲဒါမျိုးတွေကိုလည်း သင်ခန်းစာ ယူသင့်တယ်ဗျ။

### ငွေစက္ကူ တရားမဝင် ကြေညာတာမျိုး

ကျွန်တော်ကတော့ ပုဂ္ဂိုလ်ရေး သိက္ခာချတာထက် လုပ်ရပ်တွေအပေါ်မှာပဲ အကောင်းအဆိုး သုံးသပ် သင်ခန်းစာ ယူစေချင်တယ်ဗျာ။ ဥပမာ- ဗိုလ်ချုပ်ကြီးနေဝင်း သူ့အုပ်ချုပ်ရေး သက်တမ်းမှာ နိုင်ငံတော်က ထုတ်ဝေထားတဲ့ ငွေစက္ကူတွေကို သုံးချိသုံးလား တရားမဝင် ငွေအဖြစ် ကြေညာခဲ့တယ်။ ပြည်သူတွေ ဆင်းရဲဒုက္ခရောက်ရတယ်။ ဒါမျိုး နောက်နောင် ဘယ်တော့မှ မလုပ်ဘူးဟေ့ဆိုရင် မကောင်းဘူးလားဗျာ။ ငွေစက္ကူတွေ တရားမဝင် ကြေညာခဲ့တဲ့ကိစ္စကိုပဲ ဒါဟာ ဝိသမလောဘသား ငွေရှင်ကြေးရှင် အရင်းရှင်တွေအပေါ် တန်ပြန်စစ်ဆင်ရေး လုပ်ခဲ့တာဖြစ်တယ်၊ ဗိုလ်ချုပ်ကြီးနေဝင်းဟာ အင်မတန်မှ အမြော်အမြင် ကြီးပါပေတယ်ဆိုပြီး ဆင်ခြေဆင်လက်တွေပေးကာ ပြည်သူ တွေဘက်က ထုံးဝမကြည့်တဲ့ ပညာရှင်ဆိုသူတွေကိုတော့ စိတ်ကုန်မိခဲ့ပါသဗျ။

### ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်မယ်ဆိုရင်

ဟိုဘက်ပိုင်းတွေထက် နီးနီးကပ်ကပ် ဒီဘက်ပိုင်းအချိန်ကာလများအတွင်း သဘောထား ပြောင်းလဲဖို့ စဉ်းစားသင့်တာတွေကို ပြောရရင်ဖြင့် ပထမဦးဆုံး ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ရေးကိုပဲ ပြေးမြင်မိတယ်ဗျာ။ အခုဆိုရင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါ လွှတ်တော်ထဲ ရောက်လာပြီဖြစ်လို့ ပါတီစုံဒီမိုကရေစီ အသွင်လက္ခဏာ ထင်ထင်ရှားရှား မြင်နိုင်ပြီ။ လွှတ်တော်ထဲမှာလည်း နိုင်ငံရေးအင်အားစုတွေ တက်ညီလက်ညီ အလုပ် လုပ်နေကြပြီ။ ပြည်သူအစိတ်အပိုင်း အတော်များများကလည်း လွှတ်တော်သတင်းတွေကို ကြည့်လို့၊ ဖတ်လို့၊ ဆွေးနွေးလို့ ဒီမိုကရက်တစ် လူ့အဖွဲ့အစည်းဆီသို့ တူရှုပြုနေပြီ။

သည်လို အခြေအနေမှာ ရွေးကောက်ခံမဟုတ်သူများကို ၂၅ ရာခိုင်နှုန်း မဖြစ်မနေ ထည့်သွင်းထားတဲ့ အခြေခံဥပဒေကို ပြင်ဖို့ စဉ်းစားမယ်ဆိုရင် ဘယ်လောက်

စိတ်ဝင်စားကြမလဲဗျာ။ ၂၅ ရာခိုင်နှုန်းကနေ သင့်တင့်တဲ့ ရာခိုင်နှုန်းတစ်ခုသို့ လျှော့ပေးပြီး တဖြည်းဖြည်း ညင်သာစွာ ရုပ်သိမ်း သွားမယ်ဆိုရင် ပြည်သူတွေက လက်ခံသြဘာပေးပြီး ကြိုဆိုကြမှာ ပဲဗျ။ ဒီမိုကရေစီပန်းတိုင်ကို သွားရာမှာ ရွေးကောက်ခံ မဟုတ်သူများအတွက် ခွဲတမ်းဆိုတာ ကာလတစ်ခုအတွက်ပဲ ထားရှိသင့်တယ်။ အမြဲရှိနေဖို့ မကောင်းဘူးဆိုတာ ကာယကံရှင်တွေကိုယ်တိုင် သဘော တူကြမယ် ထင်ပါတယ်ဗျာ။ တို့ခေတ်ကို ရောက်ရမည်မှာ လွဲပါဆိုသလို တစ်နေ့တော့ ဒီမိုကရေစီပီပီသသ ဖြစ်ရမှာပါ။ ကျွန်တော်အခု ပြောနေတာက အများ မျှော်လင့်နေခဲ့တာထက် မြန်မြန် ပြောင်းနိုင်ရင် မြန်မြန် ခရီးရောက်မှာကို ဆိုလိုတာပါ။

## မြန်မာနိုင်ငံရဲ့မြို့တော်

နောက်တစ်ချက်ကတော့ တိုင်းပြည်ရဲ့ မြို့တော်ကိစ္စဗျာ။ ကျွန်တော် သေချာမှတ်မိသေးတယ်။ ၂၀၀၁ ခုနှစ်လောက်က သတင်းဂျာနယ်တွေမှာ အပတ်စဉ် မျက်နှာဖုံး ကြော်ငြာကြီး တစ်ခုပါတယ်။ ဘာလဲဆိုတော့ ဒဂုံဆိပ်ကမ်းမြို့နယ်က တိုက်ခန်းတွေရဲ့ အရောင်းကြော်ငြာတာပါ။ 'မကြာတော့မည့် ကာလတွင် အစိုးရရုံးများအားလုံး ရုံးစိုက်သည့် နေရာဒေသ ဖြစ်လာတော့မည့် ဤနေရာမှာ တိုက်ခန်းများဝယ်ယူ ရင်းနှီးမြှုပ်နှံပါ' တဲ့။ ကျွန်တော် စုံစမ်းကြည့်တော့ အစိုးရရုံးတွေအားလုံး ဒဂုံဆိပ်ကမ်း မြို့နယ်ကို ပြောင်းရွှေ့ဖို့ စီမံကိန်းရှိတယ်၊ အမေရိကန်က ဝါရှင်တန် ဒီစီလို ဖြစ်လာမယ်လို့ သိရပါတယ်။ ရန်ကုန်မြို့ထဲမှာ ဝန်ကြီးများရုံးဟောင်းကြီး (ယခင် အတွင်းဝန် ရုံးဟောင်း) ကလည်း အိုဟောင်းနေပြီ။ ဝန်ကြီးရုံးတွေကို ဟိုတစ်ခု သည်တစ်ခု ခွဲပြီး ဆောက်ထားတော့ ရုံးကိစ္စနဲ့ သွားရလာရသူတွေမှာ ဟောဟဲကို လိုက်လို့။ သည်တော့ ဒဂုံဆိပ်ကမ်းမြို့သစ်လို နေရာမှာ အစိုးရရုံးတွေစုပြီး တည်ဆောက်လိုက်ရင် ရန်ကုန်မြို့ မကြီးနဲ့လည်း ၁၀ မိုင်လောက်ပဲ ကွာတယ်၊ ပဲခူးမြစ်ကမ်းနဖူးမှာ လေတဟူးဟူးနဲ့ ကျန်းမာရေးအတွက်လည်း ကောင်းမယ်၊ တယ်နိပ်ပါလားလို့ တွေးမိခဲ့တယ်ဗျာ။

## ဘယ်အချက် အရင်ပြင်ချင်သလဲမေးရင်

ဟော ၂၀၀၅ လည်းကျရော၊ အဲဒါတွေမဟုတ်တော့ဘူး။ နေပြည်တော်ကို တည်လိုက်ပြီတဲ့ဗျာ။ ကျွန်တော် နှစ်ခေါက် ရောက်ပြီးပါပြီ။ ဘယ်လိုလဲလို့ မေးသူတိုင်းကို ကျွန်တော် ကတော့ စိတ်မချမ်းသာစွာ ခေါင်းတရမ်းရမ်းနဲ့ပဲ ဖြေမိတယ်ဗျာ။ ပြည်သူတစ်ယောက် အနေနဲ့၊ သတင်းစာဆရာ တစ်ယောက်အနေနဲ့၊ ကျွန်တော့် ဆန္ဒသာ ပေးခွင့်ရှိရင် ဘယ်လိုနည်းနဲ့မှ သဘောမတူနိုင်ပါဘူးဗျာ။ ဖွဲ့စည်းပုံ အခြေခံဥပဒေထဲက ဘယ်အချက်ကို အရင်ပြင်ချင်လဲလို့ ကျွန်တော့်ကိုမေးရင် ကျွန်တော်ကတော့ အဲဒီအချက်ကို အရင် ပြောမှာပဲဗျ။



## ရန်ကုန်နဲ့ မိုင် ၃၀ အကွာအတွင်း

ပြီးခဲ့တဲ့ တစ်နှစ်လောက်က မြို့ပြတည်ဆောက်ရေး လုပ်ငန်းများဆိုင်ရာ ကျွမ်းကျင်သူ ပညာရှင်တစ်ယောက်ဖြစ်တဲ့ ဗိသုကာပညာ ပါမောက္ခကြီး ဒေါက်တာကျော်လတ်က ပြည်သူ့ခေတ်ဂျာနယ်မှာ အခန်းဆက် ဆောင်းပါးတွေရေးတယ်။ မြို့ပြများဆိုင်ရာ လေ့လာ သုံးသပ်ချက် ဆောင်းပါးတွေပါ။ အင်မတန် ဗဟုသုတရစေတဲ့ ပညာရှင်အမြင်တွေ ဖြစ်ပါတယ်။ ဆောင်းပါးတစ်ပုဒ်မှာ ဒေါက်တာကျော်လတ်က နိုင်ငံရဲ့ မြို့တော်ဟာ ရန်ကုန်မြို့နဲ့ မိုင် ၃၀ အကွာအဝေးအတွင်းလောက်မှာ ရှိသင့်တယ်လို့ တွက်ချက်ပြပြီး ထောက်ကြံ့ကနေ မှော်ဘီသွားတဲ့ လမ်းတစ်ကြောလောက်ကို အကြံပြုထားတယ်။ ဆရာကျော်လတ်က ရေမြေအနေအထား၊ ရာသီဥတု၊ လမ်းပန်း ဆက်သွယ်ရေး၊ ဒေသ ယဉ်ကျေးမှု ဘက်ပေါင်းစုံတွက်ပြပြီး ပညာရှင်အမြင်နဲ့ ရေးခဲ့တာပါ။ ကျွန်တော်က စာပေ စိစစ်ရေးတင်တဲ့ ပရုဖ်စာရွက်တွေဖတ်ပြီး အရမ်းသဘောကျနေမိတယ်။ ပြည်သူ့ခေတ်မှာ ဖော်ပြဖြစ်ခဲ့တယ်လို့ပဲ ထင်နေတာ နောက်မှ စာပေစိစစ်ရေးက ခွင့်မပြုလို့ အဲဒီဆောင်းပါး တစ်ပုဒ်လုံး ပြုတ်သွားကြောင်း သိရတယ်ဗျာ။

ကိုင်း အခုတော့ မထင်တာတွေ တကယ်ပဲဖြစ်နေတဲ့ အချိန်ကာလတစ်ခုကို ရောက်နေလေ့တော့ နှစ်ကာလ အတန်ကြာပြီဖြစ်တဲ့ ပြည်သူ့ဆန္ဒအချို့ကို ထင်ဟပ် တင်ပြလိုက်ရကြောင်းပါဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်။**

*၁၇၊ ဩဂုတ်၊ ၂၀၁၂*

*အတွဲ ၃၊ အမှတ် ၁၀၈၊ ၂၀၁၂*

○

## စွပ်စွဲပြစ်တင်မယ်ဆိုတဲ့ ကိစ္စ ပြန်စဉ်းစားကြပါဦး

အခြေခံဥပဒေခုံရုံးကို စွပ်စွဲပြစ်တင်မယ့်ကိစ္စ စဉ်းစဉ်းစဉ်းစားစား လုပ်ကြရင် ကောင်းမယ် ထင်ပါတယ်။ အမေရိကန်နိုင်ငံမှာ ၂၀၀၀ ပြည့်နှစ် နောက်ပိုင်းမှာ တရားလွှတ်တော်ချုပ်က လွှတ်တော် ဥပဒေတွေကို အခြေခံဥပဒေနဲ့မညီဘူးလို့ ဆုံးဖြတ်ခဲ့တဲ့ အမှု တစ်ဒါဇင်ကျော် ရှိတဲ့အကြောင်း မိတ်ဆွေတစ်ယောက်က လှမ်းပြောတယ်။ တရားလွှတ်တော်ချုပ်က လွှတ်တော်ဥပဒေတွေကို အခြေခံဥပဒေနဲ့ မညီဘူးလို့ ဆုံးဖြတ်လိုက်ရင် လွှတ်တော်က နာခံခဲ့ပါတယ်။ အခုလို ကိစ္စက နိုင်ငံရဲ့ institution များအတွက် အတော် အန္တရာယ်ကြီးတယ်လို့ ထင်ပါတယ်လို့ မိတ်ဆွေကပြောတော့ အစစ်ပေါ့ဗျာလို့ ပြောမိတယ်။ အခုတော့ စိတ်ပူမိလို့ သတင်းစာဆရာတစ်ယောက်အနေနဲ့ သဘောထားအမြင်ကို တင်ပြရင်း တားလို့ရရင် တားနိုင်ဖို့ ကြိုးစားတာပါ။ ဆန္ဒမစောကြပါနဲ့လို့ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ပန်ကြားချင်ပါတယ်။ ကျွန်တော့်မိတ်ဆွေက ဝန်ထမ်းကြီးတစ်ယောက်ဆိုတော့ ကျွန်တော့်လိုတော့ မိမိ ထင်မြင်ချက်ကို ပွင့်ပွင့်လင်းလင်း မပြောနိုင်ရှာဘူး။ သူပြောပုံလေးက စိတ်မကောင်းစရာ။ အင်္ဂလိပ်စကားမှာ **Train Wreck Symptom** ဆိုတာ ရှိပါတယ်။ ရထားစီးခရီးသည်တွေ ရထားတိုက်တော့မှာ မြင်နေပေမယ့် ဘာမှလုပ်လို့မရတဲ့အဖြစ်ပေါ့ဗျာတဲ့။ ကျွန်တော်ကတော့ တိုက်မိတော့မယ့် ရထားနှစ်စင်းရှေ့ ခုန်ဝင်ပြီး မီးနီပြဖို့ ကြိုးစားကြည့်တာပေါ့ခင်ဗျာ။ သို့မဟုတ် ရှန့်တိန်လုပ်ဖို့ ကြိုးစားကြည့်တာပေါ့ ခင်ဗျာ။ ဒီကိစ္စမျိုးမှာ အသင့်တော်ဆုံးကတော့ အခြေခံဥပဒေကို ပြင်ဆင်ဖို့ပဲလို့ ထင်ပါတယ်။ စွပ်စွဲပြစ်တင်တယ်ဆိုတာ တိုင်းပြည်ကြီး



ချောက်ထဲကျအောင် လုပ်တဲ့ အမှုမျိုးအတွက်သာ ဖြစ်သင့်ပါတယ်။ အဖွဲ့တစ်ခုကို အဖွဲ့တစ်ခုက စွပ်စွဲပြစ်တင်၊ အရေးယူ ဖယ်ရှားတာမျိုးထက် ပြေပြေလည်လည် ညှိနှိုင်းဖြေရှင်းတဲ့နည်းလမ်းကို ရွေးတာက တိုင်းပြည်အတွက် အစဉ်အလာကောင်း ဖြစ်ပါလိမ့်မယ်။

(ပြည်သူ့ခေတ်ဂျာနယ်က နောက်အပတ် အင်္ဂါ ဗုဒ္ဓဟူးမှ ထွက်မှာဆိုတော့ စောစောလေး ဖတ်နိုင်အောင် ကျွန်တော့်ရဲ့ Face Book မှာ ၂၂ ဩဂုတ် ဗုဒ္ဓဟူးနေ့ည ၉ နာရီ မိနစ် ၂၀ မှာ တင်လိုက်တာပါ။)

ကျွန်တော့် တင်ပြချက်ကို ဖတ်မိတဲ့ လူမှုစာမျက်နှာ မိတ်ဆွေများထဲက ယခုဆောင်းပါးရေးနေတဲ့ ၂၄ ဩဂုတ် ညနေအထိ ၁၆၀ ယောက်က Like ပေးပါတယ်။ နှစ်သက် သဘောကျတယ်ပေါ့ ခင်ဗျာ။ ကျွန်တော့်ဆောင်းပါးကို ထပ်ဆင့် ရှဲ share လုပ်သူ ၁၂၂ ယောက် ရှိပါတယ်။ ထင်မြင်ချက် ရေးသူပေါင်း ၆၄ ယောက် ရှိပါတယ်။ ဖေ့စ်ဘွတ်လောကထဲမှာ နိုင်ငံရေးကို ထဲထဲဝင်ဝင် လေ့လာပြီး အဆင့်အတန်းရှိတဲ့ ထင်မြင်ချက် ဝေဖန်ချက်ပေးနိုင်သူတွေ မနည်းမနောရှိနေတယ်ဆိုတာ သိရလို့ ကျေနပ်အားရမိပါတယ်။

ထင်မြင်ချက် ပါဝင်ရေးသားသူတွေထဲက တချို့ရဲ့ ရေးသားချက်များကို ပြည်သူ့ခေတ် ပရိသတ်အတွက် ရှဲလိုက်ပါရစေ။ ခုလို ရှဲရာမှာ ကာယကံရှင်များရဲ့ ခွင့်ပြုချက် တောင်းဖို့ အခွင့်မသာလို့ အမည်များကို ချန်လှပ် တင်ပြလိုက်ပါတယ်။

မိတ်ဆွေ-၁။

မှန်ပါတယ်ဆရာ။ ကျွန်တော်က (ဆိုင်တာမဆိုင်တာအပထား) တည်မြဲ သန့်ရှင်းကွဲခဲ့ကြတာကို ပြေးသတိရပြီး ကြောက်နေမိတယ်။

မိတ်ဆွေ-၂။

ဤကိစ္စနှင့် ပတ်သက်၍ လွှတ်တော်က စွပ်စွဲပြစ်တင်သည့် နည်းလမ်းဖြင့် ဆောင်ရွက်မည့်အစား ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁၂)တွင် တရားဝင် ပေးအပ်သည့် အခွင့်အရေးကို အသုံးပြုမည် ဆိုပါကလည်း မည်သူ့ကိုမျှ ထိခိုက်မှု မရှိစေဘဲ သင့်လျော်ကောင်းမွန်မည်ဟု ယူဆပါတယ်။

မိတ်ဆွေ-၃။-

မှားတာကတော့ ဘယ်ဘက်မှ မမှားပါဘူး ... ခက်တာက ကိုယ့်ဘက်ကချည်း မှန်တယ်ဆိုပြီး တင်းခံနေကြတာပါ ... ဒါဟာ နှစ်ဖက်စလုံးပါပဲ။ နှစ်ဖက်စလုံးမှန်ပြီး တစ်ဖက်နဲ့တစ်ဖက် ပူးပေါင်း အဖြေရှာနိုင်တဲ့ ဉာဏ်တွေ အားနည်းချည့်နဲ့နေတယ်။

မိတ်ဆွေ-၄။

ဒီမိုကရေစီမှာ အချေအတင် ငြင်းပိုင်ခွင့်ရှိတယ်။ သို့သော် ပြည်သူ့အတွက် မဟုတ်ဘူး အကြောင်းအရာ ပြောင်းအောင် ခေါင်းစဉ်ပြောင်းကြတာ ဆိုရင်တော့ သမိုင်းမှာ တရားခံလို့ စွပ်စွဲပါမည်။

မိတ်ဆွေ-၅။

မြိုင်ဘက်လို ဖြစ်နေကြတဲ့ ပုဂ္ဂိုလ်ကြီးနှစ်ယောက်ရဲ့ ရန်ဘက် အသွင်ဆောင်လာတဲ့ non-zero-sum game လား။

မိတ်ဆွေ-၆။

ကျွန်တော့်သဘောကတော့ မထူးဆန်းလှတဲ့ Constitution အရ လုပ်ပိုင်ခွင့် ရပိုင်ခွင့်တွေအပေါ် အငြင်းပွားတာထက် ဒီမိုကရေစီ ဖြစ်ထွန်းရေးကို ရှင်းလင်း ပြတ်သားစွာ လမ်းညွှန် ထိန်းကျောင်းပေးမယ့် Constitution ဖြစ်အောင် အရင်ဆုံး ပြုပြင်ကြစေချင်ပါတယ်။

ပြုပြင်နိုင်ဖို့ လိုအပ်ချက်က လွှတ်တော်မှာ (၁) လွှတ်တော်တွင်း ဆွေးနွေးပုံကို ပိုပြီး ဒီမိုကရေစီ ဆန်စေချင်ပါတယ်။ (၂) မဲခွဲ ဆုံးဖြတ်တာကိုလည်း ပိုပြီး ဒီမိုကရေစီ ဆန်စေချင်ပါတယ်။

၇၅ ရာခိုင်နှုန်းအထက်ရမှ မဲနိုင်မယ်ဆိုတာက ဒီမိုကရေစီနဲ့ မလိုက်ဖက်ဘူးလို့ ဒီမိုကရေစီ မြတ်နိုးသူတိုင်းက အလွယ်တကူ သိနိုင်ကြပါတယ်။ ဒါတွေကို အရင် ပြင်ကြစေချင်ပါတယ်။ တစ်ဆက်တည်းမှာ Checks and balances ကိစ္စတွေကိုပါ ညှိနှိုင်း ဖြေရှင်းဖို့ အခွင့်အလမ်း ထွက်ပေါ်လာနိုင်ပါတယ်။

မိတ်ဆွေ-၇။

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဘယ်လိုဖြစ်လာတယ် ဆိုတာကို မပြောကြတော့ဘူး ဆိုရင်- ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၃၀၁ ယောက်ရဲ့ ဆန္ဒဟာ ပြည်သူလူထုရဲ့ သဘောဖြစ်ပါတယ်။

လွှတ်တော်ကို တခြား အဖွဲ့အစည်းတွေလို အာဏာချိန်ခွင်လျှာ (Check and Balance)လုပ်နိုင်အောင် ပြည်ထောင်စု လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို သဘောထား ရပါမယ်။ လွှတ်တော် အင်အားကောင်းမှ နိုင်ငံကောင်းစားမည်။ ဒီမိုကရေစီ ရှင်သန်နိုင်ပါမည်။ (လွှတ်တော်မှားရင်လည်း နိုင်ငံ မွဲပါမည်-အတိတ်သင်ခန်းစာများအရ)

လွှတ်တော်ရဲ့ အင်အား မတောင့်တင်းသရွေ့ ပုဒ်မ (၄)ပါ အချုပ်အခြာသည် ပြည်သူထံမှ ဆင်းသက်ပြီး နိုင်ငံတစ်ဝန်းလုံး၌ တည်သည်.. ဆိုတာက စာရွက်ပေါ် ဖြစ်နေဦးမှာပါ။

(ဒီနေရာမှာ - တပ်မတော်ကတော့ ချိန်ခွင်ရဲ့ အလယ်မှာ နေမယ်ဆိုတဲ့ သဘောထား



တွေ့နေရသဖြင့် ဒီအတိုင်း ဆက်နေရင်လည်း ကောင်းပါတယ်) သို့သော် တကယ်တမ်းသာ လွှတ်တော် အင်အားကောင်းစေပြီး မျှတစေလိုပါက- လွှတ်တော်ကိုယ်လျှင် လွှတ်တော် တွင်း Check & Balance ဖြစ်ဖို့ လွှတ်တော် ရွေးကောက်ပုံကို ပြန်ပြင်ရမယ်။

ဥပမာ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်ကို တစ်ပြိုင်တည်း ရွေးတာထက် သီးခြားနှစ်တွေမှာ ရွေးတာ။ သက်တမ်းကာလမှာလည်း အားလုံးကို တစ်ပြိုင်တည်း ရွေးတာထက် ကာလသတ်မှတ်ပြီး အချိုးကျရွေးတာ။

(ထပ်ဆင့် ဥပမာကတော့ တပ်မတော်သား ကိုယ်စားလှယ်တွေကို ကာချုပ်မှ ပြန်သူပြန် သွားသူသွား လုပ်ထားသလို )

လွှတ်တော်ကြီး တစ်ခုလုံးကို အချိုးကျ ရွေးချယ်ပေးနေခြင်းဖြင့် လွှတ်တော်ရဲ့ သက်တမ်းသည် အမြဲတည်ရှိနေပြီး ကိုယ်စားလှယ်များသာ ပြောင်းလဲသွားရမယ့် စနစ်သို့ ပြောင်းလဲသင့်ပါတယ်။( အချိုးကျ ရွေးကောက်ပုံစနစ်မှာ ဒီစနစ်က အတော် ကောင်းတယ်လို့ ထင်ပါတယ်၊ ပါတီတွေကို-လူတွေကို အချိုးကျ မဲရတဲ့အတိုင်း လုပ်ရင် ပါတီ ဦးဆောင် နိုင်ငံရေးဖြစ်သွားမယ် အရည်အချင်းရှိသူ ဦးဆောင်နိုင်ငံရေးမျိုး ဖြစ်လာမှာ မဟုတ်တော့ဘူး)

ဒီစနစ်က လွှတ်တော်သည်လည်း တစ်ဖွဲ့တည်း။ ပါတီတစ်ခုတည်းက လက်ဝါးကြီး အုပ်နိုင်တိုင်း လုပ်နိုင်တဲ့ အခွင့်အရေးမရှိတော့သလို နိုင်ထားသူတွေကိုလည်း သူတို့တွေ ဘာလုပ်နေတယ် ဘာဖြစ်လာတယ်ဆိုတာကို ပြည်သူတွေက သိပြီး ပြောင်းလဲ မဲထည့် ပေးနိုင်တဲ့ အခွင့်အရေးရလာမှာပါ။

ထိုမှသည် တကယ် အရည်အချင်းရှိပြီး သိက္ခာသမာဓိဖြင့် ပြည့်စုံတဲ့...အဆင့် အဖွဲ့ဝင်များကို ရွေးချယ်ပေးနိုင်မှာ ဖြစ်ကြောင်းပါ။

မိတ်ဆွေ-၈။

နိုင်ငံရေးပါဝါအရ ကြည့်ရင် ခုံရုံးအဖွဲ့ထက် လွှတ်တော်ရဲ့ ပါဝါက ပိုကြီးတယ်။ လွှတ်တော်ဟာ ပြည်သူကို တိုက်ရိုက် ကိုယ်စားပြုတက်လာတဲ့အတွက် တိုင်းပြည်ရဲ့ အကျိုးကို အများဆုံး ဖော်ဆောင်မယ့် အဖွဲ့ဖြစ်တယ်။ လွှတ်တော်ဟာ တိုင်းပြည်ရဲ့ အမျိုးမျိုးသော အဖွဲ့အစည်းတွေကို ထိန်းညှိပေးဖို့ လုပ်ငန်းမြန်ဆန် ထိရောက်ဖို့ ပါဝါတွေ လိုတယ်။ လွှတ်တော်ဟာ တိုင်းပြည်ရဲ့ အရေးကြီး decision maker ဆုံးဖြတ်သူ ဖြစ်သင့်တယ်။ ခုံရုံးဟာ ထိုအဖွဲ့ကို ပံ့ပိုးပေးသော adviser ပဲ ဖြစ်သင့်တယ်။ major & minor ခွဲဖို့ လိုတယ်။ အခုဟာက အားလုံးသော အဖွဲ့တော်တော်များများဟာ ဗိုလ်လုပ်ချင် သူတွေပဲ များနေတယ်။ ဗိုလ်များပြီး တပ်သားမရှိရင် တိုင်းပြည် ပျက်မယ်။

မိတ်ဆွေ-၉။

မာန်မာနပြိုင်ပွဲ၊ အခြေခံဥပဒေ အကျပ်အတည်း ဖြစ်သလို အားနည်းချက်ကို ဖွင့်ပြလိုက်တာ။ အာဏာပြိုင်ပွဲ သဘောလည်း ပါသလိုပဲ။ စိတ်ရှုပ်ထွေးစရာ။ လူသာမန်တွေအတွက်က ဘာဖြစ်ကြမှန်းကို မသိကြပါ။ သူတို့အတွက်က ရယ်စရာပါ။

မိတ်ဆွေ-၁၀။

ဒီမိုကရေစီစနစ်ကို သွားရင် အားပြိုင်မှုဆိုတာ တစ်ခုနဲ့တစ်ခု ထိန်းကျောင်းမှုလို့ မြင်ပါတယ်။ လွှတ်တော်နဲ့ အစိုးရအားမပြိုင်ရင် ဒီမိုကရေစီစနစ် မဟုတ်တော့ပါ (ကိုယ်ပိုင် ခံယူချက်ပါ)

မိတ်ဆွေ-၁၁။

နောက်ကွယ်မှာ ဘာခြေလှမ်းတွေရှိမလဲ၊ တိုင်းပြည်အတွက် ရည်ရွယ်ချက် တူတယ်ဆိုရင် ပြဿနာကြီးထွားလာစရာ မရှိဟု မြင်ပါသည်။ အမှန်ချင်း တူနေပါသည် ဆိုလျှင်တောင်မှ စေတနာပိုမှန်သည့် တစ်ဖက်တော့ သေချာပေါက် ရှိပါလိမ့်မည်။

မိတ်ဆွေ-၁၂။

...နှစ်ဖက်စလုံးကတော့ ဆရာ ကြက်ခြင်းထဲက ကြက်တွေလိုပါပဲ။ အချင်းချင်း ထိုးဆိတ်နေကြလို့ အမွေးတွေလည်း ပြောင်ကုန်ပြီ သွေးလည်းစို့နေတဲ့ လူလည်းနာကြပြီ။ ကိုယ့်အချင်းချင်း ပြန်တိုက်နေရတာထက်စာရင် အချင်းချင်း ဝန်းရံသင့်တယ်၊ ဖြေရှင်း သင့်ပါတယ်၊ တိုင်းပြည်အတွက်ပဲ ညှိနှိုင်းဖြေရှင်းတဲ့ နည်းလမ်းကို ရွေးတာက တိုင်းပြည် အတွက် အစဉ်အလာကောင်းနဲ့ ရှိနေမယ်လို့ မျှော်လင့်ပါတယ်။

မိတ်ဆွေ-၁၃။

တည်မြဲ၊ သန့်ရှင်းကွဲတာနဲ့တော့ မတူပါဘူး။ နိုင်းချင်းနှိုင်းရင် မဆလ တတိယ အကြိမ် ပါတီညီလာခံနဲ့ပဲ နှိုင်းဖို့ ရှိပါတယ်။

မိတ်ဆွေ-၁၄။

လွှတ်တော်မှာ ဥပဒေပြုအာဏာ ရှိတာကို မသုံးဘဲ၊ စွပ်စွဲပြစ်တင်ပြီး ထုတ်မယ် တကဲကဲ လုပ်နေတာက မှမမှန်ပါဘူး။ ထိုင်းမှာ တရားရုံးတွေက ထိုင်းရတ်ထိုင်း ပါတီကို ဖျက်လိုက်တာ၊ စမတ်အစိုးရကို ဖြုတ်ချလိုက်တာတို့၊ အမေရိကားမှာ ဘုရှ် - အယ်လ်ဂိုး ပထမအကြိမ် ရွေးကောက်ပွဲတုန်းက တရားလွှတ်တော်ချုပ်က ဘုရှ်ကို အနိုင်ပေးလိုက်ချိန်မှာ အယ်လ်ဂိုးက လက်ခံပြီး ပြောသွားတဲ့စကားတွေကို ပြန်လေ့ လာသင့်တယ်လို့ မြင်ပါတယ်။

မိတ်ဆွေ-၁၅။

အခုလိုသွားနေရင် တရားသူကြီး ဆုံးဖြတ်ချက်ကို မကြိုက်လို့ သတ်တဲ့ တော်မီဆူဟာတို လမ်းကို ကျွန်တော်တို့ ရောက်သွားလိမ့်မယ်။



မိတ်ဆွေ-၁၆။

ဒီမိုကရေစီမှာ ဒီလို ငြင်းခုံတာဟာ တိုးတက်မှုကို ဦးတည်မှာပါ။ အဆိုးဘက် ယိမ်းတာတွေလည်း ရှိမှာပေါ့။ မှဆိုးစိုင်သင်ရမှာကိုး။ ဆရာမစိုးရိမ်ပါနဲ့။ ဒီလိုနဲ့ လုပ်သင့်လုပ်ထိုက်တာတွေဆီ ဦးတည်သွားမှာပါ။ ဦးလှည့်သွားသူတွေ ဦးတိမ်းသွားသူတွေ နေရစ်ပါလိမ့်မယ်။ တိုင်းပြည်မှာ လုပ်စရာတွေက များတယ်။ အချောင်သမားတွေက များတယ်။ ဒီငြင်းခုံမှုတွေဟာ ပြောင်းလဲရေးဖြစ်စဉ်ရဲ့ စပိတွေပါပဲ။

မိတ်ဆွေ-၁၇။

လွှတ်တော် ကိုယ်စားလှယ်ဟာ လူထုကို ကိုယ်စားပြုတယ် ဆိုပေမယ့် စွပ်စွဲ ပြစ်တင်ခြင်းကို ဘာစိတ်နဲ့ လုပ်ကြတာလဲ။ အာဏာ ထူထောင်ဖို့ သမ္မတကို ဖြုတ်ချဖို့ မင်းသားကြီး မလုပ်ရရင် ပတ်မကြီး ထိုးခွဲပစ်မယ်ဆိုတဲ့ စိတ်နဲ့ ဆိုရင်တော့ သန်း ၆၀ သော ပြည်သူတွေရဲ့ မျက်နှာကို ကြည့်ကြပါဦးလို့။

မိတ်ဆွေ-၁၈။

နိုင်ငံတော် သမ္မတ အကြံပြုတဲ့ အခန်း ၁၂ ပါ နည်းလမ်းသည်သာ အကောင်းဆုံး နည်းလမ်းလို့ပဲ မြင်ပါတယ်၊ အားပြိုင်တာ ဒီမိုကရေစီရဲ့ လက္ခဏာဆိုပေမယ့် ဒီအချိန်နဲ့ ဒီကိစ္စက အားပြိုင်တဲ့ နည်းလမ်းက စွပ်စွဲပြစ်တင်ခြင်း မဟုတ်ဘဲ ပြင်ဆင်ခြင်းသာ ဖြစ်သင့်ပါတယ်။

မိတ်ဆွေ-၁၉။

To talk openly,I do not interested in the argument between pyithu-hluttaw and government.I guess this is only power race between them. But I concern too much about possibilities of U turn in political due to this.

The only thing I interested in this conflict is why NLD MPs are included in. I believe NLD that they are good ones for people. There are too much other things to do for people.

မိတ်ဆွေ-၂၀။

နင်တန်နင်တန် ပန်းကန်ကွဲမှာပါ။ ကွဲပါစေ။ ၂၀၀၈ ဖွဲ့စည်းပုံကို သူတို့ စိတ်ကြိုက်ရေးဆွဲ အတည်ပြုခဲ့ကြသူတွေပဲလေ။ မောင်ဝံသက ၂၀၀၈ ဖွဲ့စည်းပုံအတွက် စိုးရိမ်တာလား။ ပြည်သူတွေအတွက် စိုးရိမ်တာလား။ သေချာတာတော့ မောင်ဝံသဟာ ဦးသိန်းစိန် နည်းလမ်းဘက်က ဆိုတာပါပဲ။ စနစ်တကျ ဝေဖန်ပြီး သတင်းစာသမား တစ်ယောက် အမြင်ကို ပွင့်ပွင့်လင်းလင်း တင်ပြပြီး ဘယ်ဟာမှန်တယ်ဆိုတာလည်း ပြည်သူတွေကို ပြည်သူ့ခေတ်ကနေ လမ်းပြပါဦးဗျ။ ကျွဲ ၂ ကောင်ကြားမှာ နေမလို့လား။

မိတ်ဆွေ-၂၁။

ဘာပဲဖြစ်ဖြစ်ဗျာ၊ ဒီအဖြစ်အပျက်ကြောင့် နိုင်ငံကို ချစ်တဲ့ နိုင်ငံသားတစ်ဦးအနေနဲ့ စိုးရိမ်တုန်လှုပ်မိပါတယ်။ ဝမ်းနည်းကြေကွဲရပါတယ်။ ကွဲပြဲနေတာတွေကို မမြင်ချင်တော့ပါဘူး။

မိတ်ဆွေ-၂၂။

ယနေ့ မြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ စိန်ခေါ်မှုတွေထဲက မဖြစ်မနေ အလေးထား အဖြေရှာ ဆောင်ရွက်ရမယ့်ကိစ္စတွေက (၁) ရခိုင်တိုင်းရင်းသားတွေ လုံခြုံမှု မရှိသေးတာကို ထိထိရောက်ရောက် ဖြေရှင်းကာကွယ်ပေးဖို့ကိစ္စ (၂) ကချင်စစ်ဘေးသင့်ပြည်သူများကိစ္စ (၃) မြန်မာနိုင်ငံတွင်းရှိ ရေဘေးဒုက္ခသည်များကိစ္စ (၄) မြန်မာနိုင်ငံတော်ကြီး ဂုဏ်သိက္ခာ ရှိစွာဖြင့် ချမ်းသာသော နိုင်ငံဖြစ်စေဖို့ ဆောင်ရွက်ရမည့်ကိစ္စများ (၅) ပြည်သူလူထု၏ စားဝတ်နေရေး ကျန်းမာရေး ပညာရေး ပို့ဆောင်ဆက်သွယ်ရေး ကိစ္စများ လူနေမှု အဆင့်အတန်း မြင့်မားစေရေး ကိစ္စများ (၆) အဂတိလိုက်စားမှု တိုက်ဖျက်ရေးကိစ္စများ (၇) ပြည်သူလူထု အရည်အချင်း တိုးတက်စေရေးနှင့် အလုပ်အကိုင် အခွင့်လမ်းများ ရရှိစေရေး ကိစ္စများကို အလေးထား ဆောင်ရွက်ဖို့ လိုအပ်။

မိတ်ဆွေ-၂၃။

အခြေခံဥပဒေခုံရုံးကိစ္စကို ဆရာကျော်ဝင်းရဲ့ မြန်မာ့နိုင်ငံရေးစလေ့ စာအုပ်က ကောက်နုတ်ချက်များနဲ့ ဆက်စပ် ဆင်ခြင် စဉ်းစားရင် ပိုပြီး မြင်နိုင်စရာရှိလို့ ကောက်နုတ်တင်ပြပေးလိုက်ပါတယ်-

၁။ ဒီမိုကရက် တိုက်ဖေးရှင်းဖြစ်စဉ်၏ အောင်မြင်မှု မအောင်မြင်မှုမှာ ခေါင်းဆောင်မှုအပေါ်တွင် အဓိက တည်မှီနေသည်။

၂။ မြန်မာ့နိုင်ငံရေးမှာ စစ်စလေ့ ကဲနေသလား militant politic ဆန်နေသလား စဉ်းစားစရာရှိသည်။

၃။ ဆန့်ကျင်ဘက် အင်အားစုများ အပြိုင်တည်ရှိခွင့်ပြုရေးထက် အပြန်အလှန် ဖယ်ထုတ်ဖို့ အားသန်ကြသည်က များသည်။

၄။ ဆိုခဲ့ပါ စစ်စလေ့နှင့် လက်ဝဲအစွဲတို့မှာ ယနေ့ မျက်မှောက် ဒီမိုကရက် တိုက်ဖေးရှင်းကို ရယ်ဒီကယ် ထောင်ချောက်ထဲ ဆွဲချပစ်နိုင်လောက်သည့် အန္တရာယ်များဟု မြင်သည်။

၅။ ခေါင်းဆောင်မှုကိုယ်တိုင်က ဒီမိုကရက်တစ် အလေ့အထများကို ရှေ့ဆောင်လမ်းပြ စံနမူနာဖြစ်စေဖို့ အထူး အရေးကြီးလိမ့်မည်။

၆။ ခေါင်းဆောင်တစ်ယောက်အနေဖြင့် ဖြစ်သင့်ဖြစ်ထိုက်သော လမ်းကြောင်းမှန်ကို မရွေးနိုင်လျှင် တစ်မျိုးသားလုံး ကံဆိုးဖို့ ဖြစ်လာနိုင်သည်။

၇။ ဒီမိုကရက်တစ်စိတ်ရှည်သည်းခံမှုနှင့် လိမ္မာပါးနပ်မှု အားပျော့နေသလား စဉ်းစားမိသည်။



ဆရာပြောထားတဲ့ အချက်တွေနဲ့ ယခုဖြစ်စဉ်ကို ဆက်စပ် စဉ်းစားရင် အများကြီး တွေးစရာတွေ ရနိုင်ပါတယ်။

ဖြစ်စဉ်တစ်ခုလုံးနဲ့ ဆက်စပ် စဉ်းစားရင် ကျွန်တော်ကတော့ အချက်တစ်ချက်ကိုပဲ မြင်ပြီးတော့ မြင်ပါတယ်။

ရေးရာ ကော်မီတီတွေ ပြည်ထောင်စုအဆင့် ဖြစ်မဖြစ်ဆိုတဲ့ လုပ်ပိုင်ခွင့်၊ အခွင့်အရေးကို ဆွဲဆောင်ဝန်းပြုပြီး အာဏာနိုင်ငံရေး တည်ဆောက်နေတယ်လို့ ရှင်းရှင်းလင်းလင်း မြင်ပါတယ်။

ဒီထက် ရှင်းရှင်းလင်းလင်း ပြောရရင် သမ္မတနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ ဘာ့ကြောင့် မတူဘဲ လက်တွဲလုပ်လို့ ရခဲ့ပါသလဲ။ အဓိကအကျဆုံး အဖြေက နှစ်ဦးလုံး ရိုးသားမှု ရှိခဲ့လို့ပါ။ ရိုးသားတဲ့ ရန်သူက မိတ်ဆွေဖြစ်နိုင်တယ်ဆိုတဲ့ စကားပုံအတိုင်းပါ။

ဒီအချက်အပေါ်မှာ အခြေခံပြီး စဉ်းစားမယ်ဆိုရင် ဘယ်သူက ရိုးသားမှု မရှိတာလဲ ဆိုတာကိုလည်း ဒီလောက် နိုင်ငံမှာ အခက်အခဲ အကျပ်အတည်း တွေ့နေချိန်မှာ ဘယ်လို တိုက်ကွက်မျိုးတွေဖော်ပြီး အလူးအလဲ တိုက်ခိုက်ခဲ့သလဲဆိုတာ မြင်စဉ်းစားကြည့်နိုင်ကြမှာပါ။

အပြတ်ရှင်းရေးမှုနဲ့ သွားတာမျိုးကို နိုင်ငံ့ကိစ္စတိုင်းမှာ မဖြစ်စေလိုပါဘူး။

ရရင်ရ မရရင်ချ ဆိုတဲ့ ဗျူဟာ အောင်မြင်သလား မအောင်မြင်ဘူးလားဆိုတဲ့ အဖြေရယ်၊ အဲဒီဗျူဟာ မအောင်မြင်ချိန်မှာ ခေါင်းဆောင်လုပ်သူဟာ ငယ်သားလူထုကို လမ်းပေါ်မထွက်စေဘဲ ဖြစ်ပေါ်လာတဲ့ နိုင်ငံရေးအခြေအနေနဲ့ ကိုက်ညီအောင် ဘယ်လို မဟာဗျူဟာ ပြောင်းခဲ့သလဲဆိုတာ စံနမူနာယူလောက်တဲ့ အဖြစ်အပျက်တွေက မဝေးသေးပါ။

နောက်ကနေ အသိမဲ့ လိုက်နေကြတဲ့ ပုဂ္ဂိုလ်များကိုလည်း ဟုတ်… ဟုတ်… ဟုတ်… ဟုတ်…ဆိုတဲ့ အသိလောက်နဲ့ ဒီမိုကရေစီ နိုင်ငံရေးလုပ်လို့ မရသေးကြောင်း အကြံပြုချင်ပါတယ်။ ကျွန်တော်တို့ကတော့ စိုးရိမ်တကြီးနဲ့ စောင့်ကြည့် ရင်မနာရတာကလွဲပြီး ဘာမှမတတ်နိုင်တဲ့သူတွေမို့ အခုအချိန်အထိ သက်ပြင်းမချနိုင်ဖြစ်ရကြောင်းပါခင်ဗျား…။

မိတ်ဆွေ ၂၄။

ဦးသိန်းညွှန့်ကတော့ ၁၉ ရက်နေ့က ဒီလို ပြောခဲ့တယ်ဆရာ။ ဆရာ့သဘောထားနဲ့ အတူတူပဲ ဆရာ။ ဦးသိန်းညွှန့် (ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်) - ဖွဲ့စည်းပုံအခြေခံဥပဒေကြောင့် ပေါ်ပေါက်လာတဲ့ ပြဿနာပါပဲ။ ဖွဲ့စည်းပုံအခြေခံဥပဒေ ဘောင်အတွင်းကပဲ ဖြေရှင်းရမှာပဲ။ ဖွဲ့စည်းပုံအခြေခံဥပဒေကို အဓိပ္ပာယ်ကောက်ယူတဲ့အခါမှာ မတူတဲ့

အမြင်တွေကြောင့် ဒီပြဿနာပေါ်တာပါ။ မူလက ရေးဆွဲခဲ့သူများဟာ နောင်တစ်ချိန် ပေါ်ပေါက်လာမယ့် ပြဿနာတွေကို ထောင့်အသီးသီးက ဆွေးနွေးပြီး ရေးဆွဲခဲ့ရမှာပါ။ အခု ပြဿနာကို ဖြေရှင်းတဲ့အခါမှာ နောက်ဆုံး လိုအပ်ရင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခွင့် အခန်း ၁၂ မှာ ပါတဲ့အတိုင်း ပြင်ဆင်ရမယ်။ ပြည်ထောင်စု လွှတ်တော်မှာ ကျွန်တော် တင်ခဲ့သလိုပဲ လွှတ်တော်မှ ဖွဲ့စည်းသည့် ကော်မတီ၊ ကော်မရှင်များကို ပြည်ထောင်စုအဆင့် သတ်မှတ်သည်လို့ ဥပဒေပြင်ဆင်ချက် ထည့်လိုက်ရင် အခု ပြဿနာကို ဖြေရှင်းနိုင်မှာပါ။ အခု လတ်တလော ကိစ္စကို ပြောရရင် လွှတ်တော် ကိုယ်စားလှယ် ၃၀၁ ယောက်ရဲ့ ဆန္ဒကို လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ အလေးထားရမှာ ဖြစ်သလို ဖွဲ့စည်းပုံ အခြေခံဥပဒေမှာပါတဲ့ သမ္မတသည် ပြည်ထောင်စုလွှတ်တော်ကို တာဝန်ခံရမည်ဆိုတဲ့ ပြဋ္ဌာန်းချက်အတိုင်း နိုင်ငံတော်သမ္မတကြီး အနေနဲ့လည်း အလေးထားပြီး ထည့်သွင်း စဉ်းစားပေးလိမ့်မယ်လို့ မျှော်လင့်ပါတယ်

မိတ်ဆွေ- ၂၅။

ပစ်တဲ့ခဲကိုပဲ လိုက်ကြည့်နေကြတာဗျ။ ဘယ်က ပစ်တာလဲဆိုတာ ဘယ်သူမှ မကြည့်ကြဘူး။ ပြဿနာရဲ့အစကို သိအောင် လေ့လာသင့်ပါတယ်။ မသိရင် နည်းနည်းတော့ ပြောပြမယ်။ ဒီကိစ္စသည် လွှတ်တော်ဘက်မှ စခြင်းမဟုတ်၊ အုပ်ချုပ်ရေး အာဏာဘက်ကစသည့် ကိစ္စဖြစ်တယ်။ လွှတ်တော် ကော်မတီများကို ဖွဲ့စည်းတဲ့အခါ ဤကော်မတီသည် ပြည်ထောင်စုအဆင့် ဖြစ်သည်လို့ ဖော်ပြထားပြီးဖြစ်တယ်။ လွှတ်တော်ဆိုင်ရာ နည်းဥပဒေမှာလည်း အတိအလင်း ဖော်ပြထားတယ်။ ကော်မတီများ အနေဖြင့် ပြည်ထောင်စုအဆင့်ဖြစ်သည့် အားလျော်စွာ ဝန်ကြီးဌာန ဝန်ကြီးများ ဒုဝန်ကြီးများ အစရှိတဲ့ ပုဂ္ဂိုလ်တွေကို ကော်မတီဆိုင်ရာ ကိစ္စရပ်များအတွက် ခေါ်ယူ တွေ့ဆုံဖို့ ရှိလာတဲ့အခါမှာ ဆင့်ခေါ်တာတို့ လုပ်ရတယ်။ အဲဒါကို အုပ်ချုပ်ရေး အာဏာဘက်က သဘောတွေ့ပုံမရဘူး။ ဒါကြောင့် ဒီအဖွဲ့အစည်းတွေသည် ပြည်ထောင်စု အဆင့် ဟုတ်မဟုတ် စစ်ဆေးပေးပါဆိုပြီး သမ္မတကိုယ်စား ပြည်ထောင်စု ရှေ့နေချုပ်က ခုံရုံးကို တင်တယ်။ တကယ်တော့ အခြေခံဥပဒေထဲမှာ သမ္မတကသာ တိုက်ရိုက် တင်ခွင့်ရှိတယ်လို့ ပါတယ်။ လေ့လာကြည့်ပါ။ ထားတော့ စစ်ဆေး တွေ့ရှိချက်သာဖြစ်ပြီး အငြင်းပွားသည့်ကိစ္စ မဟုတ်သေးဘဲ အပြီးသတ် ဆုံးဖြတ်သည်ဟု ဘာကြောင့် ကြေညာသလဲ၊ ဒါကတစ်ပိုင်း၊ အုပ်ချုပ်ရေး အာဏာဘက်က ဖြစ်နေကြတာက ကော်မတီများသည် ပြည်ထောင်စုအဆင့် ဖြစ်မှသာ ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် ဆက်သွယ် ဆောင်ရွက်ရာမှာ အဆင်ပြေနိုင်မည် ဆိုတာ အားလုံး သိပြီး ဖြစ်ပါလျက် ဒါမှမဟုတ် ဝန်ကြီးနှင့်တွေဖို့ ဝန်ကြီးရုံးခန်းရှေ့မှာ ထိုင်စောင့်နေကြရတဲ့ ဂျာနယ်သမား သာသာ ကော်မတီဝင်များ၊ ကော်မတီ ဥက္ကဋ္ဌများကို တွေးမိရင်း ရယ်မိပါတယ်။



မိတ်ဆွေ- ၂၆။

ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်ဖတ်ကြည့်ပါ စနစ်တကျ ဖတ်လိုက်ပါ အဖြေ ရှင်းသွားပါလိမ့်မယ် ဝန်ကြီးတွေကို မနိုင်ဘူးဆိုတော့ ဟာသဖြစ်နေပါတယ် ခေါ်လို့မရဘူး မေးလို့မရဘူးဆိုရင် ဥပဒေအတိုင်း ဖြုတ်ပစ်လိုက်ပေါ့ ဝန်ကြီးတစ်ပါးချင်းစီရဲ့ လုပ်ဆောင်ချက် လိုက်ကြည့်၊ တစ်ပါးချင်းဖြုတ်လိုက်လေ လွယ်ပါတယ် အရည်းအချင်း ရှိတာလား၊ သတ္တိမရှိတာလား၊ မိမိ အခွင့်အရေး တောင်းတာကြားလို့ မသင့်တော်ဘူး။ ခုံရုံးကို ဖြုတ်မယ် ဆိုတော့ ပိုဆိုးတာပေါ့၊ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အားလုံးဟာ ပြည်ထောင်စုအဆင့် ပြောရေးဆိုခွင့်ရှိတယ်ဆိုတာ ရှင်းရှင်းလေးပါ အားလုံးဟာ ပြည်ထောင်စု အဆင့်တွေပါပဲ ခင်ဗျားတို့ ကျွန်တော်တို့ဟာ လည်း ပြည်ထောင်စု မြန်မာနိုင်ငံသားတွေပါဗျာ။

အင်တာနက် လူမှုစာမျက်နှာထက်က ထင်မြင်ချက် ဝေဖန်ချက်များကနေ ဆွေးစရာ အစအနကလေးတွေ ရရှိနိုင်လိမ့်မယ်လို့ ယုံကြည်မိပါတယ်။ ကျွန်တော့်ကို ဆော်တာ နက်တာတွေလည်း ရှိပေသပေ့ါ။ လွတ်လပ်စွာ ဆန္ဒအမြင်ကို ထုတ်ဖော်ခြင်းလို့ သဘောထားပါတယ်။ ကျန်းမာ ချမ်းသာကြပါစေ။

**ပြည်သူ့ခေတ်ဂျာနယ်။**

*၂၅၊ ဩဂုတ်၊ ၂၀၁၂။*

*အတွဲ ၃၊ အမှတ် ၁၀၉၊ ၂၀၁၂။*

○

# မအိုသေးတဲ့ ဒေါင်းစကား

## ကိုကိုကြီး အင်တာဗျူး

၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင် ကိုကိုကြီးရဲ့ အင်တာဗျူးများ အမှတ် (၁) ထွက်လာတယ်။ 'ပြောချင်လို့ ပြောခဲ့တာတွေ' လို့ ခေါင်းစဉ်ပေးထားပါတယ်။ သူ့စာအုပ် မိတ်ဆက်ပွဲကို ၂၈ ဩဂုတ်က ဗိုလ်အောင်ကျော်လမ်းက ဇာဂနာရဲ့ Home ခန်းမမှာ ပြုလုပ်တယ်။ စာအုပ်မိတ်ဆက်ပွဲမှာ ကျွန်တော်လည်း စကားပြောလိုက်ရတယ်။ ပြည်သူ့ခေတ်မှာ ကျွန်တော်ပင်တိုင် ရေးနေတဲ့ 'ပြောချင်လွန်းလို့' ခေါင်းစဉ် ကိုကိုကြီး စာအုပ်ခေါင်းစဉ် ဆင်တူနေတာကို ပြောပြပြီး ကျွန်တော်တို့အားလုံး ရင်ထဲမှာ ပြောချင်တာတွေ အပြည့်အသိပ် ရှိနေတာမို့ ပြောလို့ရတဲ့အချိန်၊ ရေးလို့ရတဲ့ အချိန်တွေမှာ ဒလဟော သွန်ချချင်နေကြပါတယ်လို့ ပြောလိုက်တယ်။

ကိုကိုကြီးဟာ ၂၀၁၂ ဇန်နဝါရီ ၁၃ ကမှ မိုင်းဆတ်ထောင်က ပြန်လွတ်လာခဲ့ ဝါရင့် နိုင်ငံရေး အကျဉ်းသားတစ်ယောက် ဖြစ်ပါတယ်။ အပြင်ရောက်တာ ခုနစ်လကျော် ရှစ်လရှိပါသေးတယ်။ အခု အင်တာဗျူးတွေဟာ သူ လွတ်လာပြီး သုံးလအတွင်း ပြည်သူ့ခေတ် အပါအဝင် ဂျာနယ် ၁၀ စောင်နဲ့ ဗျူးခဲ့တာတွေ ထုတ်ဝေတာဖြစ်တယ်။ အခုစာအုပ်ကတော့ စာပေစိစစ်ရေး စိစစ်ခံဘဝကို ဖြတ်သန်း ခဲ့ရတာဆိုတော့ ဆင်ဆာ ဖြတ်တောက်ခံရတာတွေ တချို့ရှိတယ်။ နောက်ဆက်ထုတ်မယ့် အင်တာဗျူးတွေကျရင်တော့ အရင်းအတိုင်း ထုတ်နိုင်မယ်လို့ ဆိုပါတယ်။



## နောင်တရမိတယ်

ကိုကိုကြီး အင်တာဗျူးတွေ စာအုပ်အဖြစ် ထုတ်ဝေလိုက်တော့မှ ကျွန်တော့်မှာ သူ့လို စိတ်ကူးစိတ်သန်းမရှိခဲ့တာကို နောင်တရမိတယ်။ တကယ်ဆို ကိုကိုကြီးတို့ ထောင်က မလွတ်ခင် အတော်ကြာကြာကတည်းက မှတ်မှတ်ရရ ၂၀၀၆- ၂၀၀၇ လောက်ကတည်းက ကျွန်တော် အင်တာဗျူးတွေ ဖြေနေခဲ့တာပါ။ အထူးသဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ်၊ ဆဲဗင်းဒေးနယူးစ်ဂျာနယ်၊ မက်ဆင်ဂျာ၊ ပေါ်ပြူလာနယူးစ်၊ မြန်မာတိုင်းမ်တို့မှာ ကျွန်တော့် အင်တာဗျူးတွေ မကြာမကြာ ပါနေခဲ့ပါတယ်။ သို့ပေမယ့် ကျွန်တော့်မှာ အဲဒါတွေကို စုပြီး စာအုပ်ထုတ်မယ်လို့ စိတ်ကူးမရှိတဲ့အတွက် သိမ်းဆည်းမထားခဲ့ဘူး။ ကျွန်တော် ဖတ်ပြီးရင် တစ်ယောက်ယောက်ကို ပေးပစ်လိုက်တာချည်းပဲ။ ဂျာနယ် အဟောင်းတွေကို အရင်ကဆို ထောင်တွေထဲကို ပို့ပေးတယ်။ အခုတော့ စာကြည့်တိုက်တွေကို လှူပစ်တယ်။ ကျွန်တော်ရေးတဲ့ ဆောင်းပါးတွေကို ဂျာနယ်ဖြတ်ပိုင်း သိမ်းတာကြာပြီ။ ကွန်ပျူတာနဲ့ စာရေးတာ နှစ်နှစ်ရှိကြာနေပြီမို့ ကျွန်တော်ရေးတာတွေက စက်ထဲမှာ စီဒီထဲမှာ အားလုံးရှိတယ်။ ဖြတ်ပိုင်းသိမ်းစရာ မလိုတော့ဘူး။ အင်တာဗျူး ကျတော့ နှုတ်ကပဲ ပြောလိုက်တာများတယ်။ အဲဒါတွေ ဖော်ပြခဲ့တဲ့ ဂျာနယ်တွေကို သိမ်းဆည်းမိတော့ စုစည်းပြီး စာအုပ်ထုတ်ဖို့ဆိုတာ မလွယ်တော့ဘူးပေါ့။

## ဒေါင်းပျိုနဲ့ ဒေါင်းအို

ကိုကိုကြီးစာအုပ်ကို မိတ်ဆက် စကားပြောသူတွေထဲမှာ အနုပညာရှင် ဇာဂနာလည်း ပါတယ်။ ဇာဂနာအလှည့်ရောက်တော့ ကိုကိုကြီးရဲ့ 'ပြောချင်လို့ ပြောခဲ့တာတွေ' စာအုပ်ကို ထုတ်ဝေတဲ့ စာအုပ်တိုက်နာမည် ဒေါင်းပျိုစာပေတိုက်ဆိုတာကို ဖတ်ပြပြီး ကျွန်တော့်ရဲ့ ဒေါင်းစာပေအကြောင်း ပြောပါတယ်။ အခု ဒေါင်းပျိုစာပေ ဆိုတော့ ဆရာက ဒေါင်းအိုကြီး ဖြစ်သွားပြီလားလို့ နောက်တယ်။ ကျွန်တော်က မအိုသေးပါဘူးလို့ ပြန်ကွက်လိုက်ရပါတယ်။ ဆရာကြီး ဟံသာဝတီ ဦးဝင်းတင်ကိုလည်း အွန်လိုင်း မီဒီယာတစ်ခုက တင်စားချက်အနေနဲ့ ဒေါင်းအိုကြီးလို့ ဖော်ပြတာ တွေ့နေတာကြာပြီ။ ဆရာကတော့ သူ့ကို ဒေါင်းအိုလို့ ခေါ်တာ ဘယ်လိုမှ ပြန်ပြောသံမကြားဘူး။

## ခွပ်တာ မကြိုက်တဲ့ခေတ်

ဒေါင်းကိစ္စမှာ နောက်ခံဇာတ်လမ်းလေးရှိတယ်။ ၁၉၇၃ မှာ ကျွန်တော့်ရဲ့ ပထမဆုံး ကဗျာစုစည်းစာအုပ် ကစ်ဆင်းဂျား အတ္တုပ္ပတ္တိစာအုပ်ကို စထုတ်တော့ ခွပ်ဒေါင်းစာပေ နာမည်နဲ့ ထုတ်ဝေခဲ့တယ်။ ကျောင်းသားသမဂ္ဂ အလံကိုတောင် ဘာလောက်ထိုး သုံးပြီး ထည့်ခဲ့ပါသေးတယ်။ အဲဒီကစ ဆက်တိုက်သုံးလာခဲ့တာ ၁၉၈၆ ခုနှစ် အထိပါပဲ။

အဲဒီနှစ်မှာ စာပေစိစစ်ရေးက ခေါ်ပြောတယ်။ ခွပ်ဒေါင်းအမည် မသုံးရဘူး။ နာမည် ပြောင်းပေးပါတဲ့။ တာဝန်ခံ ခေါ်ပြောသူက ထိုစဉ်က ဒုတိယညွှန်မှူး ဦးကြည်ထူး လူရင်းဖြစ်နေလေတော့ ကျွန်တော်က ခဏ စဉ်းစားပါရစေ ပြောပြီး ခွပ်ဖြတ်ပြီး ဒေါင်းစာပေလို့ သုံးရင်ရမလား မေးကြည့်တယ်။ သူက ရတယ်၊ မခွပ်ရင်တော်ပြီဆိုပြီး လက်ခံလိုက်တယ်။ ခုထိ ဒေါင်းစာပေလို့ သုံးလာတာ သက်တမ်း ၃၉ နှစ် ရှိပါပြီ။ ဓလေ မျိုးဆက်တွေ ပြန်လွတ်ပြီး ခွပ်ဒေါင်းတွေ တလူလူ ဖြစ်လာချိန်မှာ ကျွန်တော့်ရဲ့ ခွပ်ဒေါင်းစာပေကို လွမ်းဆွတ်တဲ့ မိတ်ဆွေတချို့က ခင်ဗျား ခွပ်ဒေါင်းစာပေလို့ ပြန်သုံးပါလားလို့ ပြောပါတယ်။ ကျွန်တော်က ဒီလောက်တောင် ပိုင်ဆိုင်မှုတွေ အပြောင်းအလဲ ကျွန်တော်က သခွပ်ပင်က မီးတကျည်ကျည် ဝင်မလုပ်တော့ပါဘူးလို့ ပြောလိုက်ပါတယ်။

## မုဆိုးစိုင်သင်လွှတ်တော်မှသည်

သည်ရက်များအတွင်း လွှတ်တော်နဲ့ အခြေခံဥပဒေခုံရုံး အငြင်းပွားမှုကို အခြေခံပြီး ကျွန်တော့်သဘောထားအမြင်ကို ပြီးခဲ့တဲ့ အပတ်ကရေးခဲ့လို့ အခုနောက်ဆုံး ဖြစ်ပေါ် တိုးတက်မှုတွေအပေါ် ဘယ်လိုမြင်သလဲ ရေးပါဦးလို့ တိုက်တွန်းသူတွေ ရှိပါတယ်။ ကျွန်တော့်မှာ အထူးအထွေ ထပ်ရေးစရာ မရှိတော့ပါဘူး။ ပြည်သူ့ခေတ် အယ်ဒီတာ့ အာဘော်မှာ တစ်ခါက ရေးခဲ့ဖူးသလိုပဲ လွှတ်တော်ဟာ မုဆိုးစိုင်သင် လွှတ်တော်တစ်ခု အားယူပြီး ရှေ့ကိုလှမ်းနေတာ မဟုတ်လား။ လွှတ်တော်က မုဆိုးလက်သင်၊ အခြေခံ ဥပဒေခုံရုံးက စိုင်လို့ပဲ မြင်ကြည့်ပါ။ ဒီလိုနဲ့ပဲ ကျွမ်းကျင် လိမ်မွာတဲ့မုဆိုး တဖြည်းဖြည်းတော့ ဖြစ်လာမယ် မျှော်လင့်ပါတယ်။

## ၈၈ တို့ရဲ့ရန်ပုံငွေပွဲနဲ့ ပြန်ကြားရေးဝန်ကြီး

အခု ဆောင်းပါးရေးနေတဲ့ ဩဂုတ် ၃၁ ညမှာ ဝမ်းသာစရာ သတင်းတချို့ဝင်လာပါတယ်။ '၈၈ မျိုးဆက် ကျောင်းသားများအဖွဲ့က စက်တင်ဘာ ၁ ရက်နေ့မှာ ပြုလုပ်မယ့် ၎င်းတို့ရဲ့ စေတနာဝသန် ရန်ပုံငွေ ဂီတပွဲကို SKY NET ရုပ်သံလိုင်းကနေ တိုက်ရိုက် ထုတ်လွှင့်ခွင့်ပြုပေးပါရန် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်ထံ စာရေးသား တင်ပြခဲ့ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနက ခွင့်ပြုပါက သက်ဆိုင်ရာ ရုပ်သံလိုင်းက တိုက်ရိုက် ထုတ်လွှင့်ပေးရန် သဘောတူ ထားပါကြောင်းလည်း ဖော်ပြထားပါတယ်။ အဲဒီတင်ပြချက်အပေါ် အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေးကို ရှေးရှု၍ ပြည်ထောင်စုဝန်ကြီးက တိုက်ရိုက်ထုတ်လွှင့်ခွင့် ခွင့်ပြုပေးလိုက်ကြောင်း သတင်းထောက် ပါးအပ်ပါတယ်' လို့ ဦးရဲထွဋ်ရဲ့ ဖေ့စ်ဘွတ် စာမျက်နှာမှာ ဖတ်လိုက်ရပါတယ်။



အဲဒီဦးရဲထွဋ်ဟာ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ဒုဝန်ကြီးအဖြစ် ခန့်အပ်ခံရကြောင်း ယနေ့ည ၈ နာရီ သတင်းမှာ ပါလာပါတယ်။ သူဟာ ပြန်ကြားရေးနဲ့ ပြည်သူ့ဆက်ဆံရေး ဌာန ညွှန်ကြားရေးမှူးချုပ်ကနေ ဒုဝန်ကြီးအဖြစ် တိုးမြှင့် တာဝန်ပေးခံရတာ ဖြစ်ပါတယ်။ ကျွန်တော်က ဖေ့စ်ဘွတ်ကနေပဲ ကွန်ဂရက်ကျူလေးရှင်း လုပ်လိုက်ပါတယ်။ လူမှန် နေရာမှန် ထိုက်တန်ပါပေတယ်လို့ ဂုဏ်ပြုစကားပြောလိုက်ပါတယ်။

## နှိပ်ကွပ်ရေး ဥပဒေများ ဖျက်သိမ်းပါ

ဂျော်ကီတွေ ပြောင်းသွားတဲ့အတွက် ပြန်ကြားရေး မြင်းကြီး ပြေးပုံပြေးနည်း ပြောင်းသွားမှာတော့ သေချာပါတယ်။ ဘယ်လို ပြောင်းမလဲဆိုတာကိုသာ စောင့်ကြည့် ရမှာပါ။ အသားကျပဲပြေးမလား။ ကဆုန်ပေါက်ပြီး အသော့နှင်လေ မလားတော့ မသိပါ။ ဘယ်လိုပဲ ပြေးပြေး ဂျော်ကီတွေ ကျွမ်းကျင်ရင် ခရီးတွင်နိုင်ပါလိမ့်မယ်။ ကျွန်တော်တို့ ကတော့ နိုင်ငံတကာ စံနှုန်းဖြင့် စာနယ်ဇင်း လွတ်လပ်ခွင့် (Freedom of the Press by International Standard) ရည်မှန်းချက် ပန်းတိုင်ကို မြန်မြန် ရောက်လေ ကြိုက်လေပါပဲ။ မီဒီယာဥပဒေတို့ စာနယ်ဇင်း ကောင်စီတို့လို ကိစ္စတွေမှာလည်း ပြောစရာတွေကတော့ အများကြီးပါ။ လုပ်ဖို့မလိုအပ်ရင် မလုပ်ပါနဲ့။ လုပ်ဖို့လိုလို့ လုပ်ရင်လည်း သတင်းမီဒီယာသမားတွေနဲ့ သက်ဆိုင်တဲ့ ဥပဒေကို သတင်းမီဒီယာ သမားများ ကျေကျေနပ်နပ် လက်ခံနိုင်သည်အထိ ဆန္ဒရယူ ညှိနှိုင်းပြီးမှ ပြဋ္ဌာန်းဖို့ စီစဉ်သင့်ပါတယ်။ လောလောဆယ်မှာတော့ ဥပဒေသစ်တွေ ပြဋ္ဌာန်းဖို့ကြိုးစားတာထက် ဥပဒေဟောင်းတွေထဲက ခေတ်စနစ်နဲ့မကိုက်ညီတော့တဲ့ နှိပ်ကွပ်ရေး ဥပဒေတွေကို ဖျက်သိမ်းဖို့က ပို၍ အရေးကြီးမယ်လို့ ယူဆကြောင်းပါဗျား။

**ပြည်သူ့ခေတ်ဂျာနယ်။**
၃၁၊ ဩဂုတ်၊ ၂၀၁၂။
အတွဲ ၃၊ အမှတ် ၁၁၀။

○

# ဒီမိုကရေစီကို ဈေးပေါအောင် မလုပ်ကြပါနဲ့

## စိုးရိမ်မိတယ်

၁၉၈၈ ခု စက်တင်ဘာလ အာဏာသိမ်းပြီးချိန်နောက်ပိုင်းမှာ ညကလပ်တွေ ဖွင့်ကြ ကာရာအိုကေတွေ ဆိုကြ၊ လှုမြင်ကွင်းမှာ အတွဲတွေ သောင်းကျန်းကြ၊ အရက်အမျိုးမျိုး လိုင်စင်ယူပြီး ထုတ်လုပ်ကြ၊ သောက်ကြ မူးကြတာကို နေရာ အတော်များများမှာ တွေ့ရတယ်။ အမျိုးသား ယဉ်ကျေးမှုနဲ့ မလျော်ညီတဲ့ အပြုအမူတွေကို ဟန့်တား နိုင်ကွပ်ရမယ့်အစား ဒေသတာဝန်ရှိသူ တချို့က 'လိုချင်ဦးလေ ဒီမိုကရေစီ၊ တွေ့တယ် မဟုတ်လား၊ ဒီမိုကရေစီရရင် ဒီလိုဖြစ်ကုန်မှာပဲဆိုတာ အကြောင်းသိအောင် ကျုပ်တို့ ကတော့ လက်ပိုက် ကြည့်နေလိုက်တယ်' လို့ ပြောတာကို ကျွန်တော့်နားနဲ့ ဆတ်ဆတ် ကြားဖူးလိုက်ရပါသဗျ။

ဟောခုလည်း ဟိုနေရာ ဒီနေရာတွေမှာ ဆန္ဒပြကြ ပိုစတာထောင်ကြ လုပ်ကြတာကို အဲသလို စိတ်အချဉ်ပေါက်ပြီး ပြောသူတွေ ရှိလာပြန်ပြီ။ ဒါတင်မက ဒီမိုကရေစီ ခေါင်းဆောင်ဆိုတဲ့ ဂုဏ်ပုဒ်ကို ပေါပေါလောလော သုံးလာကြတာ သတိထားမိတယ်ဗျာ။ တမင်တကာများ ဒီမိုကရေစီကို ဈေးပေါအောင် လုပ်နေရော့သလားလို့ စိုးရိမ်မိတယ်ဗျာ

## စစ်အာဏာရှင် နိုင်ငံမြဲရေးလား

ကျွန်တော်တို့ တိုင်းပြည်မှာ ရှစ်လေးလုံးအရေးတော်ပုံကြီးလို့ ကမ္ဘာ့ထိုးခဲ့ရတဲ့ ဒီမိုကရေစီ တောင်းဆိုသော ပြည်သူ့လှုပ်ရှားမှုကြီး ဖြိုခွင်းခံလိုက်ရပြီး ဒီမိုကရေစီ



လမ်းကြောင်းနဲ့ ဝေးရာဆီသို့ ရွေ့လျောနေခဲ့ရာက နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်မလာခင်အထိ အစိုးရနဲ့ ပတ်သက်ပြီး အထင်ရှား အပေါ်လွင်ဆုံး ရှုမြင် သုံးသပ်ချက် တစ်ခုပဲ ရှိခဲ့တယ်ဗျ။ အဲဒါကတော့ ၂၀၁၀ ရွေးကောက်ပွဲက တစ်ဆင့် ပေါ်ထွက်လာမယ့် အစိုးရဟာ ကျွန်တော်တို့ နိုင်ငံမှာ ၁၉၆၂ ခုနှစ်ကတည်းက တည်ရှိလာခဲ့တဲ့ စစ်အာဏာရှင်စနစ် ရာသက်ပန်တည်တံ့ခိုင်မြဲရေးကို (မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရတုန်းကလိုပဲ) ခါတော်မီ ပုံသဏ္ဌာန်သစ် တစ်ခုနဲ့ ကြိုးပမ်း လုပ်ဆောင်သွားမယ့် အစိုးရမျိုးပဲ ဖြစ်မှာပါဆိုတဲ့ ရှုမြင် သုံးသပ်ချက် ဖြစ်တယ်ဗျ။

## စဉ်းစားပုံ စဉ်းစားနည်း

၁၉၉၀ ရွေးကောက်ပွဲအပြီး မကြာမီ ပေါ်ထွက်လာခဲ့တဲ့ နဝတရဲ့ ၁/၉၀ ကြေညာချက်အစ ၁၉၉၃ မှာ စတင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံနဲ့ ၂၀၀၈ မေလမှာ အတည်ပြုခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ အလယ်၊ ၂၀၁၀ နိုဝင်ဘာလမှာ ရွေးကောက်ပွဲ ကျင်းပခဲ့ပုံအဆုံး အမှန်တကယ် တည်ရှိဖြစ်ပျက်ခဲ့တဲ့ သမိုင်းဆိုင်ရာ ပေးထားချက်တွေကို ထည့်သွင်း စဉ်းစားပြီး အဲသလို ရှုမြင် သုံးသပ်ခဲ့ကြတာ ဖြစ်တယ်ဗျ။ အဆိုးမြင် ဝါဒီတွေရဲ့ လောကအမြင်လို့ ဆိုချင်လည်း ဆိုပေါ့ဗျာ။ ကျွန်တော်ကတော့ အခုလို အတန်အသင့် လင်းပွင့်လာနေတဲ့ကာလမှာ အစိုးရနဲ့ သဘောထားကွဲပြားခဲ့သူတွေရဲ့ စဉ်းစားပုံ စဉ်းစားနည်း ဘယ်လိုရှိတတ်တယ်ဆိုတာ လက်ရှိ အစိုးရတာဝန်ရှိ ပုဂ္ဂိုလ်တွေ အပါအဝင် စိတ်ဝင်စားသူတွေ လေ့လာအကဲခတ်နိုင်အောင် ပွင့်ပွင့်လင်းလင်း မခြွင်းမချန် တင်ပြနေတာပဲ ဖြစ်တယ်ဗျာ။

သမ္မတ ရာထူးလက်ခံမိန့်ခွန်းနဲ့ အဲဒီနောက် ဆက်တိုက်လိုလို လိုက်ပါလာတဲ့ မြန်မာပြည်သူတွေကိုရော နိုင်ငံတကာ အသိုင်းအဝိုင်းကိုပါ အံ့သြတကြီး စောင့်ကြည့် စေခဲ့တဲ့ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုတွေ ပေါ်ထွက်လာချိန်မှာတော့ နိုင်ငံရေးတက်ကြွ လှုပ်ရှားသူတွေ အသိုင်းအဝိုင်းအကြား အစိုးရနဲ့ ပတ်သက်ပြီး ရှုမြင်သုံးသပ်ပုံ နောက်ထပ် ၃ မျိုး ပေါ်ထွက်လာခဲ့ပြန်တယ်ဗျ။

## မဟာသေနင်္ဂဗျူဟာလား

ပထမတစ်မျိုးက စစ်အစိုးရဟာ စစ်အာဏာရှင်စနစ် ရာသက်ပန် တည်တံ့ ခိုင်မြဲရေး အတွက် မှန်ကန်ရိုးဖြောင့်တဲ့ ရည်ရွယ်ချက်နဲ့ မဟုတ်ပေမယ့် အတော်ကလေး ကြီးမားတဲ့ နိုင်ငံရေးလွတ်လပ်ခွင့်တွေ ပေးပြီး ကြိုးပမ်းတဲ့ 'မဟာသေနင်္ဂဗျူဟာ' (Grand Strategy) တစ်ခုကို ချမှတ် ကျင့်သုံးနေတာလားဆိုတဲ့ ရှုမြင် သုံးသပ်ပုံ ဖြစ်တယ်ဗျ။

## နွေဦးကို ရှောင်ဖို့လား

ဒုတိယတစ်ခုက အစိုးရသစ်ရဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ရပ်တွေကို 'အာရပ်နွေဦး'နဲ့ ဆက်စပ် စဉ်းစားတာ ဖြစ်တယ်ဗျ။ အာရပ်ကမ္ဘာမှာ တိုက်ခတ်နေတဲ့ ဒီမိုကရေစီ လေပြင်းလိုမျိုး ဒီမှာလည်း ဖြစ်ပေါ်လာလေမလားဆိုတဲ့ စိုးရိမ်ပူပန်မှု အပေါ် အခြေခံပြီး နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေ လက်ဦးအောင် ပြုလုပ်ခဲ့လေ သလားဆိုတဲ့ ရှုမြင်သုံးသပ်ပုံဖြစ်တယ်ဗျ။

## မြန်မြန်လား နှေးနှေးလား

တတိယ ရှုမြင် သုံးသပ်ပုံကတော့ ၂၀၁၀ ရွေးကောက်ပွဲနဲ့ တက်လာတဲ့ အစိုးရရဲ့ ခေါင်းဆောင်အားလုံးလိုလိုဟာ သူ့အရင်ကရှိခဲ့တဲ့ စစ်အစိုးရရဲ့ခေါင်းဆောင် ဟောင်းတွေ ဖြစ်ကြပေမယ့် သူတို့အားလုံး သို့မဟုတ် အားလုံးနီးပါး သို့မဟုတ် လုပ်ပိုင်ခွင့် အရှိဆုံး နေရာတွေမှာ ရောက်ရှိနေကြသူတွေဟာ တိုင်းပြည်ရဲ့ ပကတိ အခြေအနေကို သဘောပေါက် နားလည်လက်ခံကြသူတွေ ဖြစ်တယ်။ ကမ္ဘာကြီး တူရှုပြုနေတဲ့ လမ်းကြောင်းကို ကောင်းကောင်းကြီး ဆဝါးမိကြသူတွေ ဖြစ်တယ်။ ဒါကြောင့် အခု အဲဒီခေါင်းဆောင်တွေ ဦးဆောင်ပြုလုပ်နေတဲ့ နိုင်ငံရေး အပြောင်းအလဲတွေဟာ စစ်မှန်တဲ့ အပြောင်းအလဲတွေသာဖြစ်တယ်။ ဒီကနေ့ နိုင်ငံ့ခေါင်းဆောင်တွေရဲ့ခေါင်းထဲမှာ ရှိနေတာ 'ဒီမိုကရေစီသို့ ဦးတည်တဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေ လုပ်မလား။ မလုပ်ဘူးလား' ဆိုတဲ့ ပြဿနာ မဟုတ်ဘူး။ 'ပြုပြင်ပြောင်းလဲမှုတွေကို မြန်မြန် လုပ်မလား။ နှေးနှေး လုပ်မလား' ဆိုတဲ့ ပြဿနာဖြစ်တယ်ဆိုတဲ့ ရှုမြင်သုံးသပ်ချက် ဖြစ်တယ်ဗျ။

## ရှေ့သုံးခုနဲ့ ဖဲ့ကြောင်ငါး

ပွင့်ပွင့်လင်းလင်း ပြောရရင် သမ္မတရာထူးလက်ခံမိန့်ခွန်း ထွက်ပေါ်လာခဲ့အပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ သမ္မတကြီးတို့ တွေ့ဆုံဆွေးနွေးခဲ့အပြီး၊ ယုံကြည်ချက် အကျဉ်းသားတချို့ လွတ်မြောက်လာခဲ့ကြအပြီး၊ ဧရာဝတီမြစ်ဆုံစီမံကိန်း ရပ်ဆိုင်းခဲ့ အပြီးမှာတောင်မှ အစိုးရရဲ့ ပြောဆိုပြုမူပုံတချို့က အဲဒီရှုမြင် စဉ်းစားပုံ သုံးမျိုးစလုံးကို ဆက်ပြီး လောင်စာဖြည့်ပေးနေခဲ့သေးတာ ဖြစ်တယ်ဗျ။ အဲဒီအခြေအနေတွေကြောင့်လည်း ကျွန်တော် အပါအဝင် နိုင်ငံရေး ဝေဖန်သူ အများအပြားကရော လွှတ်တော်တွင်း လွှတ်တော်ပက နိုင်ငံရေးသမား အများအပြားကပါ အစိုးရနဲ့ ပတ်သက်ပြီး 'ရှေ့ခံသုံးခုနဲ့ ဖဲ့ကြောင်ငါး' အတွေးတွေ ဝင်နေမိခဲ့ကြတာ ဖြစ်တယ်ဗျ။ (ရှေ့သုံးခုနဲ့ ဖဲ့ကြောင်ငါး



-Messenger ဂျာနယ်မှာ ကျွန်တော်ရေးခဲ့တဲ့ ဆောင်းပါးတစ်ပုဒ်ရဲ့ ခေါင်းစဉ်သီ ရေထဲက ဖဲ့တစ်ကောင် ပိုက်ထဲပါလာတော့ ဖဲ့ကို မမြင်ဖူးတဲ့ တံငါသည်က ကြောင်လည်း မဟုတ်၊ ငါးလည်းမဟုတ်၊ နင်ဘာကောင်လဲဝေ့လို့ မေးတာနဲ့ နှိုင်းယှဉ်ပြီး အစိုးရကို ဝေခွဲမရ အကဲဖြတ်လို့မရ ဖြစ်နေပုံရေးခဲ့တာ ဖြစ်ပါတယ်။)

## အားလုံး အံ့ဩဝမ်းသာ

ဒါပေမဲ့ တိတိကျကျ ပြောရရင် ၁၃ ဇန်နဝါရီ ၂၀၁၂ နေ့က စတုတ္ထအကြိမ်အဖြစ် ယုံကြည်ချက် အကျဉ်းသားတွေ လွတ်လာတဲ့ဖြစ်ရပ် အပြီးမှာတော့ အစိုးရနဲ့ ပတ်သက်ပြီး ပထမနဲ့ ဒုတိယရှုမြင် သုံးသပ်ပုံတွေဟာ အတော်ကြီးကို မှေးမှိန် အားနည်း သွားခဲ့ပြီး တတိယ ရှုမြင်သုံးသပ်ပုံက ခိုင်မာပီပြင် အားကောင်းလာခဲ့ပြီ ဖြစ်တယ်ဗျာ။ တစ်ချိန်တည်းမှာ ကျွန်တော်တို့နိုင်ငံရဲ့ 'အိုင်းအနာ'လို ဖြစ်ခဲ့တဲ့ ပြည်တွင်းငြိမ်းချမ်းရေး ပြဿနာဘက်ကို ကြည့်ရင်လည်း နှစ်ပေါင်း ၆၀ ကာလ အတွင်း မမြင်တွေ့ခဲ့ရဖူးတဲ့ အားတက်စရာ မြင်ကွင်းတွေကို အားလုံး မြင်တွေ့နေကြရတာ အထင်အရှားဖြစ်တယ်ဗျာ။ နိုင်ငံရေးအကျဉ်းသားပြဿနာနဲ့ ငြိမ်းချမ်းရေးပြဿနာဆိုတဲ့ နိုင်ငံရဲ့ သော့ချက်ကျ အကြောင်းခြင်းရာနှစ်ခုမှာ မြင်တွေ့နေရတဲ့ သိသာထင်ရှားတဲ့ တိုးတက်မှုတွေကြောင့် ဒီမိုကရေစီ လိုလားသူ အားလုံး အံ့ဩဝမ်းသာ ဖြစ်နေကြတယ်ဗျာ။ ဒီအချက်က နိုင်ငံတကာရဲ့ တုံ့ပြန်မှုနဲ့ ပြည်တွင်းနယ်ပယ်ပေါင်းစုံက ဦးစီးဦးဆောင် ပုဂ္ဂိုလ်တွေရဲ့ ပြောစကားတွေမှာ ထင်ဟပ်နေတယ်ဗျ။

## ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ

ဒီတော့ ဒီမိုကရေစီတည်ဆောက်ရေးလုပ်ငန်းဆိုတာ ဘယ်တော့မှ ပြီးဆုံးသွားမယ့် လုပ်ငန်းမျိုး မဟုတ်တာကြောင့် ကျွန်တော်တို့နိုင်ငံ ဒီမိုကရေစီနိုင်ငံဖြစ်ပြီလားလို့ မေးရင် မဖြစ်သေးဘူးလို့ ဖြေရမှာဖြစ်ပေမယ့် 'ဒီမိုကရေစီရပြီလား'ဆိုတဲ့ မေးခွန်းကိုတော့ 'ဒီမိုကရေစီဆိုတဲ့ လမ်းကြောင်း ပေါ်မှာတော့ ရောက်နေပါပြီ'လို့ ဖြေနိုင်လိမ့်မယ် ထင်တယ်ဗျ။

## အပုပ်ချဖို့ ကြိုးစားနေကြတုန်း

ဒီလို အချိန်မျိုးအထိ ဒီမိုကရေစီကို မလိုလား မရှုဆိတ်နိုင်သူတွေကတော့ အခွင့်သာတာနဲ့ ဒီမိုကရေစီကို အပုပ်ချဖို့ ကြိုးစားနေကြဟုန်းပဲဗျာ။

ဒီမိုကရေစီဆိုတာ ညီညွတ်မှုမရှိဘူး။ တစ်ယောက်တစ်ပေါက်၊ အင်မတန် စကားများတယ်။ ဒီမိုကရေစီဆိုတာ လူများစုနဲ့ အနိုင်ကျင့်တာ၊ ဒီမိုကရေစီ ကျင့်သုံးမင်

အလုပ်မတွင်ဘူး စတဲ့ လေသံတွေ ပစ်ပစ်လာပြီး နောက်ဆုံးကျတော့မှ တိုင်းပြည်ကို တကယ်တမ်း ဇီကုပ်ပြီး နှတ်ပြည့်ပို့နိုင်တာ တစ်မိန့်တစ်အာဏာစနစ်ပဲ၊ တစ်သွေးတစ်သံ စနစ်ပဲလို့ ကောက်ချက်ချ ဆွဲခေါ်သွားချင်နေကြတာကို။

**ပြည်သူ့ခေတ်ဂျာနယ်။**

*၅၊ စက်တင်ဘာ၊ ၂၀၁၂*

*အတွဲ ၃၊ အမှတ် ၁၁။*

○

## နောက်ပြန်ဆွဲတွေကို နောက်မှာပဲ ချန်ထားခဲ့ရမယ့် အချိန်

နောက်ပြန်ဆွဲသူဆိုတာ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွေကို လက်မခံရုံမက တစ်မိန့်တစ်အာဏာ ခေတ်ဟောင်း စနစ်ဟောင်းကို ပြန်ပြောင်းတသနေသူ၊ အပြောင်းအလဲတွေကို ကန့်လန့်တိုက်နေသူကို ခေါ်ပါတယ်။ သူတို့တွေကို တချို့က ကွန်ဆာဗေးတစ်တွေလို့ ခေါ်တယ်။ တကယ်ကတော့ သူတို့တွေဟာ ကွန်ဆာဗေးတစ် ဆိုတဲ့ စကားလုံးနဲ့တောင် မတန်ပါဘူး။ ကွန်ဆာဗေးတစ်တွေက ရှေးရိုးစွဲ နိုင်ငံရေး သမားတွေ ဖြစ်ပါတယ်။ အဆင့်ရှိပါတယ်။ အပြောင်းအလဲကို ကန့်လန့်တိုက်နေသူ တွေက ခေတ်ပြောင်းနေတာကိုတောင် မြင်အောင် မကြည့်တတ်ဘဲ သူတို့ ထင်သလို လုပ်ချင်ရာ လုပ်နိုင်ခဲ့တဲ့ခေတ်ကို ပြန်သွားချင်သူတွေ၊ ပြန်သွားလို့ရဦးမယ်လို့ ထင်နေသူတွေ ဖြစ်တယ်။

### ယခင် လုပ်နည်းတွေကို မကြိုက်တော့ဘူး

'ပြီးခဲ့တဲ့ ကြားဖြတ်ရွေးကောက်ပွဲ အတွေ့အကြုံအရ ဒီနေ့ ပြည်သူတွေရဲ့ ဆန္ဒက အပြောင်းအလဲကို လိုချင်ပြီး ကျွန်တော်တို့အစိုးရရဲ့ အောက်ခြေ ရပ်ကွက်ကျေးရွာအဆင့်မှ မြို့နယ်၊ တိုင်းဒေသကြီး၊ ပြည်နယ်မှ ပြည်ထောင်စု အဆင့်အထိ ရှေးယခင် လုပ်နည်း လုပ်ဟန်တွေအတိုင်း လုပ်ကိုင် ဆောင်ရွက်နေကြတာကို မကြိုက်တော့ဘူးဆိုတဲ့ အနေအထားကို ပြသခဲ့ခြင်း ဖြစ်ပါတယ်။ ဒါကြောင့် Reform ကို ထိထိရောက်ရောက် ပြောင်းလဲ လုပ်ရမယ်ဆိုတဲ့ သဘောဖြစ်ပါတယ်'

၁၁ မေ ၂၀၁၂ နေ့က ကျင်းပခဲ့တဲ့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးများကို ပိုမိုထိရောက်စွာ ပြုပြင်ပြောင်းလဲ ကြိုးပမ်းဆောင်ရွက်ရေးဆိုင်ရာ အစည်းအဝေးမှာ ပြောကြားခဲ့တဲ့ သမ္မတကြီး ဦးသိန်းစိန်ရဲ့ အမှာစကားကို နိုင်ငံတော်သမ္မတရုံး ဝက်ဘ်ဆိုက်မှာ ဖော်ပြထားတဲ့ထဲက ကောက်နုတ်ပြီး ကျွန်တော် ဆောင်းပါးတစ်ပုဒ် ရေးခဲ့တယ်ဗျာ။

## လူတွေ မကောင်းရင် မအောင်မြင်နိုင်

အဲဒီ မေ ၁၁ မိန့်ခွန်းထဲက 'ယခု ကောင်းမွန်တဲ့ မူတွေ ချပေးပြီး ဖြစ်ပါတယ်၊ မူတွေကောင်းသော်လည်း လူတွေ မကောင်းရင် မအောင်မြင်နိုင်ပါဘူး။ တိုးတက်လိုတဲ့အမြင်မရှိတဲ့ ရှေးရိုးစွဲတွေ၊ ခေတ်နောက်ပြန် ဆွဲလိုသူတွေ ကိုတော့ နောက်မှာ ချန်ထားခဲ့ရပါမယ်' ဆိုတဲ့ စာပိုဒ်ကို ဖတ်လိုက်ရတော့ ကျွန်တော် အရမ်း စိတ်ဝင်စားသွားတယ်ဗျာ။

'စကားပြောရာမှာ အေးဆေးညင်သာသလောက် သိမ်မွေ့နူးညံ့ပုံရတဲ့ နိုင်ငံတော်သမ္မတဟာ သည်လို စကားလုံးမျိုးကို အတော်သုံးခဲ့ပါတယ်၊ ယခု သည်လို ပြောလိုက်ပြီဆိုတော့-တကယ်ပဲ နောက်ချန်ထားခဲ့ဖို့ ဆုံးဖြတ်ပြီးပုံရပါတယ်'

လို့ ၁၈၊ ၅၊ ၂၀၁၂ နေ့ထုတ် ပြည်သူ့ခေတ်ဂျာနယ်မှာ ကျွန်တော် ဆောင်းပါးရေးခဲ့ပြီးနောက် ယခု လေးလမျှ အကြာမှာ တကယ် စပြီး အကောင်အထည်ဖော်တာတွေ့ရပြီဗျာ။

ရှေ့စကား နောက်စကား ဆက်စပ် ပြောရရင်ဖြင့် ခေတ်နောက်ပြန် ဆွဲသူတွေထဲမှာ 'အစိုးရရဲ့ အောက်ခြေ ရပ်ကွက် ကျေးရွာအဆင့်မှ မြို့နယ်၊ တိုင်းဒေသကြီး၊ ပြည်နယ်မှ ပြည်ထောင်စုအဆင့်အထိ' ပါနိုင်တယ်လို့ တွက်ဆခဲ့တယ်ဗျ။ သည်တော့ ပြုပြင်ပြောင်းလဲရေးတွေကို ခြေလှမ်းရဲရဲနဲ့ ရှေ့တိုးသွားခြင်းနဲ့ တစ်ပြိုင်တည်းမှာ အဆင့်တိုင်းက ခေတ်နောက်ပြန်ဆွဲသူတွေကို နောက်ချန်ထားခဲ့တဲ့ အလုပ်ကိုလည်း ဆက်လုပ်သွားလိမ့်မယ်လို့ မျှော်လင့်ရတယ်ဗျ။ ၁၈၊ ၅၊ ၁၂

ဆက်လက်ပြီး ခေတ်နောက်ပြန်ဆွဲတွေနဲ့ ပတ်သက်လို့ ကျွန်တော် ရေးခဲ့တာလေးတွေထဲက သင့်နိုးရာအချို့ကို ကောက်နုတ် တင်ဆက်ပေးလိုက်ပါတယ်။

## ဖယောင်းတိုင်မီးနဲ့ ကျွန်တော်

ဟောဗျ၊ ကျွန်တော် သည်ဆောင်းပါးလေး ရေးနေတုန်း မီးပြတ်သွားတယ်ဗျား။ ကျွန်တော်စာရေးရင် ကွန်ပျူတာနဲ့ ရေးတာကြာပြီ။ ခုရက်ပိုင်းတွေမှာ မီးက ပြတ်သလားလေးနဲ့ ဘက်ထရီအား ပြန်ပြည့်လောက်အောင် မီးက မလာတော့ ယူပီအက်စ်နဲ့လည်းရှင်မရတော့ဘူး။ သည်တော့ ဖယောင်းတိုင် ၃-၄ တိုင် ပူးထွန်းပြီး စာရွက်ပေါ်မှာ



ဘောလ်ပင်နဲ့ ဆက်ရေးရတယ်ဗျ။ ကျွန်တော့်အိမ်က ဆူးလေဘုရားနဲ့ တစ်ခေါ်လောက်ပဲဝေးတယ်။ ညဦးပိုင်းသာဆိုရင် ဖယောင်းတိုင်ကိုင်ပြီး ဆန္ဒပြသူတွေနဲ့ သွားရောက်ပူးပေါင်းဖို့ပဲ ရှိတော့တာပေါ့ဗျာ။ ခုလည်း သည်ဆောင်းပါးနဲ့ ထောက်ခံ လိုက်ပါတယ်။ နိုင်ငံတစ်ဝန်းလုံးက ပြည်သူတွေ လျှပ်စစ်မီး လုံလောက်စွာ ရရှိအောင် စီစဉ်ပေးဖို့ ဖယောင်းတိုင်မီးလေးတွေ ကိုင်ဆောင်ပြီး ငြိမ်းချမ်းစွာ ပန်ကြားတောင်းဆို ဆန္ဒပြနေကြခြင်းကို ကျွန်တော်အလေးအနက် ထောက်ခံကြောင်းပါဗျာ။ ၂၃၊ ၅၊ ၂၀၁၂

## ပြည်ထောင်စု စစ်စစ်မှု

၁၉၆၁ မှာ ရှမ်းပြည်နယ်နဲ့ ပြည်နယ်အချို့က နိုင်ငံရေးခေါင်းဆောင်တွေက တောင်ကြီးမြို့မှာ ညီလာခံကြီး ကျင်းပပြီး ပြည်ထောင်စုစစ်စစ် ဖက်ဒရယ်မှုကို တောင်းဆိုကြတဲ့အခါ ဝန်ကြီးချုပ် ဦးနုက သူတို့အားလုံးကို ရန်ကုန်ကို ဖိတ်ပြီး အကျေအလည် ဆွေးနွေးတယ်။ ၁၉၆၂ ဖေဖော်ဝါရီလမှာ အသံလွှင့်ရုံကြီးမှာကို ညီလာခံ ကျင်းပပေးပြီး အချေအတင် ဆွေးနွေးခွင့် ပေးတယ်။ ဦးနုရဲ့ သိမ်မွေ့ညင်သာတဲ့ ကိုင်တွယ်မှုကြောင့် ရှမ်း ခေါင်းဆောင်တွေဟာ ပြည်ထောင်စုကနေ ခွဲထွက်သွားမယ်ဆိုတဲ့ စကားကို မပြောတော့တဲ့အထိ အခြေအနေ တိုးထက်လာတယ်။ ဗမာ အပါအဝင် တိုင်းရင်းသား လူမျိုးအားလုံးတန်းတူရေးနဲ့ ပြည်ထောင်စုအတွင်း ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိရေးကိုပဲ အလေးထားပြောကြတော့တယ်။ အဲဒီ အခိုက်မှာပဲ ဗိုလ်ချုပ်နေဝင်းက ကောက်ခါငင်ကာ အာဏာသိမ်းလိုက်တာပါပဲဗျာ။ လက်ညှိုးထိုးပြတော့ အားလုံးသိကြတဲ့အတိုင်း ဖက်ဒရယ်မှုကြောင့် ပြည်ထောင်စုကြီး ပြိုကွဲတော့မှာကို လက်မတင်လေး ကယ်တင် လိုက်ရတဲ့ပုံ။

ထိန်းသိမ်းခံဘဝကနေ ၁၉၆၆ ခုနှစ် စက်တင်ဘာလမှာ လွတ်ငြိမ်းခွင့်ရလာတဲ့ ဦးနုကို လုပ်သားပြည်သူ့နေ့စဉ် သတင်းထောက်အနေနဲ့ ကျွန်တော် သွားရောက်တွေ့ဆုံမေးမြန်းခဲ့ဖူးပါတယ်။ အဲဒီတုန်းက ဦးနုက 'ပြည်ထောင်စုကြီး ပြိုကွဲတော့မယ့်အခြေအနေနဲ့ ကြုံနေရပြီလို့ ကျုပ်ကို ၂ မိနစ်ပဲ ကြိုပြောပါ၊ အာဏာသိမ်းစရာမလိုပါဘူး၊ ချက်ချင်း အာဏာလွှဲပေးလိုက်မှာပေါ့၊ အဲသလိုဆိုရင် ခုလို ဒီမိုကရေစီပျက်စီးရတဲ့ အခြေအနေ မရောက်တော့ဘူးပေါ့' လို့ ပြောခဲ့တာ ကောင်းကောင်း မှတ်မိနေတယ်ဗျာ။ ၀၈ ၀၆ ၂၀၁၂

## ကျပ်တစ်သောင်းတန် ငွေစက္ကူနှင့် ဗိုလ်ချုပ်ပုံ

ကျပ်တစ်သောင်းတန် ငွေစက္ကူထုတ်တဲ့ သတင်းကြေညာပြီလို့ ကြားကြားချင်း မေးမိတာက ငွေစက္ကူ ဒီဇိုင်းမှာ ဘယ်လိုရုပ်ပုံပါသလဲ ဆိုတာပဲဗျ။ ကျွန်တော်က ပြီးခဲ့တဲ့ ဖေဖော်ဝါရီလမှာပဲ ငွေစက္ကူအပေါ်က ရုပ်ပုံတွေအကြောင်း ဆောင်းပါး

နေခဲ့သေးတာကို။ သည်တော့ အခု တန်ဖိုးအကြီးဆုံး (လို့ ယူဆရတဲ့) တစ်သောင်းတန် ငွေစက္ကူထုတ်မယ် ဆိုတော့ အများ မျှော်လင့်နေသလို အမျိုးသား ခေါင်းဆောင်ကြီး လွတ်လပ်ရေး ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းပုံနဲ့များ ထုတ်လိုက် လေမလားလို့ ထင်မိခဲ့တာဗျ။ ခုတော့ ဆင်ဖြူတော်နှစ်ကောင်ပုံနဲ့ ထုတ်လိုက်တာဆိုတော့ ငွေစက္ကူ တွေပေါ်မှာ တိရစ္ဆာန်တစ်မျိုး ထပ်မံ တိုးပွားလာတာပဲပေါ့ဗျာ။ × × ×

မင်းဒဲလားနဲ့ ငွေစက္ကူသစ်သတင်းကို ဖတ်လိုက်ရချိန်နဲ့ မရှေးမနှောင်းမှာ လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ရုပ်ပုံ ရိုက်နှိပ်ထားတဲ့ ငွေစက္ကူတွေ ထုတ်ဝေဖြန့်ချိသွားဖို့ အစီအစဉ် ရှိ၊မရှိ လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက မေးမြန်းတဲ့အကြောင်းနဲ့ သက်ဆိုင်ရာ ပြည်ထောင်စု အစိုးရ အဖွဲ့ဝန်ကြီးက အဲသလို အစီအစဉ် မရှိပါဘူးလို့ ပြန်လည် ဖြေကြားသွားတဲ့အကြောင်း သတင်းစာမှာ ဖတ်လိုက်ရတယ်ဗျ။ ၁၄ ဝ၆ ၂၀၁၂

## မမြင်လို မကြားလို မပြောလို

ခုပုံက ဆရာမနိုင် နှစ်ဆောင်ပြိုင်လို့တောင် ပြောရမယ့် အခြေအနေ ရောက်နေတဲ့ ကိုယ့်ကိုယ်ကိုယ် Ruler လို့ အထင်ရောက်နေသူ (အုပ်ချုပ်ရေး ဝန်ထမ်းအချို့)ဟာ ဒဏ္ဍာရီလာ မျောက်သုံးကောင်လို ဖြစ်နေတယ်ဗျ။ မျက်စိနှစ်ဖက်လုံးကို ပိတ်ထားတဲ့ မျောက်၊ နားနှစ်ဖက်ကိုပိတ်ထားတဲ့ မျောက်နဲ့ ပါးစပ်ကို ပိတ်ထားတဲ့ မျောက်သုံးကောင်တွဲ ရုပ်ပုံတွေကို တွေ့ဖူးကြမှာပါ။ မူရင်းသဘောကတော့ အကုသိုလ်တွေကို မမြင်လို မကြားလို၊ မပြောလိုဆိုတဲ့ အဓိပ္ပာယ်ဖြစ်တယ်လို့ ကြားဖူးတယ်ဗျ။ အခု အောက်ခြေက အုပ်ချုပ်သူ Ruler အချို့ကတော့ အဲသလို သဘောမဟုတ်ပါ။ သမ္မတကြီးရဲ့ အမှာ စကားတွေကို မကြားလို၊ အပြောင်းအလဲ ဆိုတာတွေကို မမြင်လို၊ ပြည်သူများရဲ့ အခက်အခဲတွေကို ဖြေရှင်းပေးဖို့ဆိုတဲ့ စကားမျိုး မပြောလိုဆိုတာပဲ ဖြစ်လိမ့်မယ်ဗျ။

**ပြည်သူ့ခေတ်ဂျာနယ်။**

*၁၅၊ စက်တင်ဘာ၊ ၂၀၁၂*

*အတွဲ ၃၊ အမှတ် ၁၁၂*

○

# စရုတ်နဲ့ ဆက်ဆံရေးကိစ္စ ပြောရပေဦးမယ်

## အိမ်နီးချင်းကို ရွေးလို့မရ

ဆွေမျိုးဆိုတာ မခေါ်ရင်ရပေမယ့် မတော်ချင်လို့တော့ မရဘူးဆိုသလို ကမ္ဘာမှာ အိမ်နီးချင်း နိုင်ငံ ဆိုတာလည်း ရွေးလို့ရတာမျိုး မဟုတ်ဘူးဗျ။ ကိုယ့်အိမ်နီးချင်း ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊ မဖြစ်မနေ မိတ်ဝတ်မပျက် ဆက်ဆံရမှာပဲ ဖြစ်တယ်ဗျာ။ သိပ်ဆိုးတဲ့ အိမ်နီးချင်း ဆိုရင်တော့ အဆက်အဆံ မလုပ်ဘဲ ကိုယ့်ခြံစည်းရိုးကို ကိုယ်လုံခြုံအောင် ပိတ်ဆို့ထားဖို့ပဲ ရှိတယ်ဗျ။ ဒါပေမဲ့ ကိုယ့်ထက် အဆပေါင်းများစွာ အင်အား ပိုမိုကြီးထွားတဲ့ အိမ်နီးချင်းနိုင်ငံနဲ့ ဆက်ဆံရတဲ့ နိုင်ငံငယ်တစ်ခုရဲ့ဦးစီးခေါင်းဆောင်တွေအနေနဲ့ကတော့ အင်မတန်ကို ပါးပါးနပ်နပ်နဲ့ သတိတမန် ဉာဏ်မြေကတုတ် လုပ်ကြဖို့တော့ လိုသပေါ့ဗျာ။ ရေတိုအကျိုးထက် ရေရှည်အကျိုးကို ကြည့်ပြီး လျှော့တန်လျှော့ တင်းတန်တင်း နည်းပရိယာယ် ကြွယ်ဝစွာနဲ့ ဆက်ဆံခဲ့ကြတဲ့ အိမ်နီးချင်း ဒစ်ပလိုမေစီတွေကို နမူနာယူနိုင်ကြမယ် ထင်တယ်ဗျ။

## အမျိုးသားရေးသတိနဲ့ ဆင်ခြင်

မြန်မာပြည်သူများရဲ့ အကျိုးစီးပွားရှုထောင့်က ရပ်တည်ပြီး ဧရာဝတီမြစ်ဆုံ ရေကာတာ စီမံကိန်းကို နိုင်ငံတော်သမ္မတကြီးက မိမိရဲ့ ရာထူးသက်တမ်းအတွင်း ဆက်မလုပ်စေဖို့ ရပ်ဆိုင်းခဲ့တာ တစ်နှစ်ကျော်သွားပြီးတဲ့နောက် မနေ့တစ်နေ့က သတင်းတစ်ခု

ကြားလိုက်တယ်ဗျာ။ မြစ်ဆုံစီမံကိန်းကို ရပ်ဆိုင်းထားတာတဲ့။ ဖျက်သိမ်းပစ်တာ မဟုတ်ဘူးတဲ့။ ကျွန်တော့်ဗျာ၊ နားရင်းပါးရင်းတွေ ထူပူသွားမိပါတယ်။ လက်သီးကို ကျစ်ကျစ် ဆုပ်လိုက်မိပါတယ်။ တယ်ခံရခက်ပါလားဗျ။ ဟိုတလောကလည်း အသား ထဲက လောက်တစ်ယောက်က ပြောလိုက်သေးတယ် မဟုတ်လား။ မြစ်ဆုံစီမံကိန်း တိုင်းပြည်အကျိုးအတွက် ဆက်လုပ်ရမယ်တဲ့ဗျာ။

## အင်ဒိုချိုင်းနား ဒေသ

သည်အကြောင်းတွေ ပြန်လှန်စဉ်းစားရင်း ကိုယ့်နေရာ ကိုယ့်ဒေသအကြောင်း သုံးသပ် မိတယ်ဗျ။

အခု အရှေ့တောင်အာရှဒေသလို့ ခေါ်ခေါ်နေကြတဲ့ ဒေသကြီးတစ်ခုလုံး တစ်ချိန်က သမိုင်းပညာရှင်တွေက အင်ဒိုချိုင်းနားဒေသကို ခေါ်ဝေါ်ခဲ့ကြတာ အား အသိပါ။ နိုင်ငံအကျယ်အဝန်း ပမာဏအရရော၊ လူဦးရေအရရော၊ ယဉ်ကျေး အစဉ်အလာအရပါ အင်မတန်မှ ကြီးမားရင့်ညောင်းခိုင်မာလှတဲ့ အိန္ဒိယနဲ့ တရုတ် နိုင်ငံကြီး နှစ်ခုကြားမှာ တည်ရှိနေတာကြောင့် ပထဝီသဘောအရ ကွက်ကွက်ကွင်း ထင်းခနဲ လင်းခနဲ ဖြစ်သွားအောင် Indochina လို့ ခေါ်ဝေါ်ခဲ့ကြတာ ဖြစ်တယ်

## စီနနဲ့ မဇ္ဈိမတိုင်းသားအချိုး

အင်ဒိုချိုင်းနားဆိုတဲ့အတိုင်း အဲဒီဒေသနိုင်ငံတွေ နယ်မြေဒေသတွေဟာ အဲဒီနိုင်ငံ နှစ်ခုကလာတဲ့ လူမျိုးရေး ဘာသာရေး ယဉ်ကျေးမှု နိုင်ငံရေး စတဲ့ သက်ရောက်မှု မလွှဲမရှောင်သာ ခံယူခဲ့ကြရတာ ဖြစ်တယ်ဗျာ။ ကျွန်တော်တို့နိုင်ငံ အကြောင်း သီးခြား ရွေးထုတ် ပြောမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့ လူများစုကြီး ကိုးကွယ်နေကြ ဗုဒ္ဓဘာသာဟာ အိန္ဒိယနိုင်ငံက ရောက်ရှိလာခဲ့တာဖြစ်ပြီး ကျွန်တော်တို့နိုင်ငံ တစ်ချိန်က အင်မတန်မှ ကျော်ကြားထင်ရှားခဲ့တဲ့ ပါတီကြီးတစ်ခုဆိုရင် တရုတ်ကွန် ခေါင်းဆောင်ကြီး မော်စီတုံးရဲ့အတွေးအခေါ်ကို လုပ်ငန်းလမ်းညွှန်အဖြစ် သတ်မှတ်ခဲ့ ဖြစ်တယ်ဗျ။ အဲသလိုပဲ ကျွန်တော်တို့နိုင်ငံရဲ့ လူဦးရေမှာလည်း (ဆရာဖြိုး အသုံးအနှုန်းနဲ့ ခဏငှားပြီး ပြောရရင်) စီနတိုင်းသားတွေနဲ့ မဇ္ဈိမတိုင်းသား အချိုးက သိပ်မနည်းလှတဲ့ အတိုင်းအတာနဲ့ ပါဝင်နေတယ်ဗျာ။

## အိန္ဒိယ–တရုတ်–ဂျပန်နဲ့ မြန်မာ့နိုင်ငံရေး

ကျွန်တော်တို့နိုင်ငံဟာ သမိုင်းတစ်လျှောက် ဘာသာရေးနဲ့ ယဉ်ကျေးမှုအရ အိန္ဒိယဘက် ပိုမို တိမ်းညွှတ်ခဲ့ပါတယ်။ နိုင်ငံရေးအရလည်း အမျိုးသား လွတ်မြောက်ရေး လှုပ်ရှား



ဘစ်လျှောက် တရုတ်နဲ့ ပတ်သက်ခဲ့တာ အလွန်နည်းပါးတယ်။ ထင်ရှားတဲ့ မြန်မာနိုင်ငံရေး ခေါင်းဆောင်တွေဟာ ဂန္ဒီ-နေရူးတို့ ခေါင်းဆောင်တဲ့ အိန္ဒိယ ကွန်ဂရက်ပါတီနဲ့ အိန္ဒိယ ကွန်မြူနစ်ပါတီနဲ့ အဆက်အစပ်များခဲ့တယ်။ ကိုလိုနီလက်အောက်က လွတ်မြောက်ဖို့ နှမ်းကန်လှုပ်ရှားကြရင်း လူငယ်ခေါင်းဆောင်တွေ အတွေးထဲ 'အနုနည်းနဲ့တော့ မရတော့ဘူး။ အကြမ်းနည်းနဲ့မှပဲ ရတော့မယ်' ဆိုတဲ့ အယူအဆ သန္ဓေတည်လာချိန် (၁၉၄၀ တစ်ဝိုက်) ကျတော့မှ တရုတ်တော်လှန်ရေးသမားတွေနဲ့ ဆက်မိအောင် ပထမဆုံး ကြိုးစားခဲ့ကြတယ်။ တရုတ်နိုင်ငံမှာကလည်း ပြည်သူကို ဖိနှိပ်အုပ်စိုးနေပေမယ့် နယ်ချဲ့ ဖက်ဆစ်ဂျပန်ကို တွန်းလှန်တိုက်ထုတ်ဖို့ စိတ်ကူးရှိပုံမရတဲ့ ချန်ကေရှိတ် အစိုးရကို မော်စီတုံး ဦးဆောင်တဲ့ ကွန်မြူနစ်ပါတီက ပြည်သူတွေရဲ့ အင်အားကိုပါ ရယူပြီး တော်လှန်နေတဲ့ အချိန်နဲ့ တိုက်ဆိုင်နေတာမို့ သခင်အောင်ဆန်း ဦးဆောင်တဲ့ သခင်လူငယ်တစ်စုဟာ တရုတ် ကွန်မြူနစ်ပါတီဆီ အရောက်သွားပြီး အကူအညီ တောင်းဖို့ ကြိုးစားခဲ့ကြတဲ့အထိ တရုတ်ပြည်နိုင်ငံရေးက မြန်မာ့နိုင်ငံရေးအပေါ် ဩဇာသက်ရောက်မှုရှိခဲ့တယ်ဗျ။ တချို့ သမိုင်းစာမကျေသူတွေက သခင်အောင်ဆန်းတို့ ရဲဘော်သုံးကျိပ်ဟာ ဂျပန်နဲ့ တိုက်ရိုက် ဆက်သွယ်ပြီး စစ်သင်တန်း တက်ခဲ့ကြတာလို့ပဲ သိထားကြတယ်။ တရုတ် ကွန်မြူနစ် အဆက်အသွယ်ကို အမှိုင်ကျွန်းမှာ စောင့်နေတုန်း ဂျပန်ထောက်လှမ်းရေးက လက်ဦးအောင် လာမသွားတယ်ဆိုတာ တချို့ မသိကြဘူး။

## ပါတီစုံမှ တစ်ပါတီသို့

တရုတ်နိုင်ငံရေးက မြန်မာ့နိုင်ငံရေးအပေါ် ဩဇာသက်ရောက်မှုဟာ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေးစနစ် တစ်ဆစ်ချိုးကွေ့သွားခဲ့တဲ့ ၁၉၆၂ နောက်ပိုင်းမှာ ပိုပြီး ထင်ရှားလာခဲ့တယ်။ အကြောင်းကတော့ အဲဒီနှစ်ထဲမှာ နိုင်ငံတော်အာဏာကို သိမ်းယူခဲ့တဲ့ တပ်မတော် ခေါင်းဆောင်စုက နိုင်ငံလွတ်လပ်ရေးရတဲ့ အချိန်ကစလို့ ကျင့်သုံးလာခဲ့တဲ့ (အိန္ဒိယ နိုင်ငံရေးစနစ်နဲ့ အနှစ်သာရအားဖြင့် အတူတူဖြစ်တဲ့) ပါတီစုံစနစ်ကို ဖျက်သိမ်းပြီး တရုတ် နိုင်ငံမှာ ကျင့်သုံးနေတဲ့ နိုင်ငံရေးစနစ်နဲ့ 'ကြောင်းတူသံကွဲ' ဖြစ်တဲ့ တစ်ပါတီစနစ်ကို ပြောင်းလဲ ကျင့်သုံးခဲ့ကြလို့ပဲ ဖြစ်တယ်ဗျ။ အဲဒီအချိန်မှာ တောထဲကနေ အစိုးရကို သက်နက်စွဲကိုင်ပုန်ကန် တိုက်ခိုက်နေကြတဲ့ အဖွဲ့အစည်းတွေထဲက အင်အားအကြီးဆုံး အဖွဲ့ အပါအဝင် အဖွဲ့အချို့ရဲ့ လက်စွဲသဘောတရားကလည်း တရုတ်ကွန်မြူနစ်ပါတီ ကိုင်စွဲထားတဲ့ လက်ဝဲဝါဒပဲဖြစ်တာမို့ အဲဒီကာလတွေမှာ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဟာ အာဏာရရော အာဏာမဲ့ပါ အိန္ဒိယထက် တရုတ်နဲ့ အများကြီး ပိုနီးစပ်ခဲ့တာ ဖြစ်တယ်ဗျ။

## တရုတ်ကို အားထားခဲ့ရချိန်

ရှစ်ဆယ့်ရှစ်အရေးတော်ပုံကြီး နောက်ပိုင်းမှာတော့ အဲဒီအခြေအနေမက ပိုပြီး နက်ရှိုင်းသွားခဲ့တယ်ဗျာ။ အကြောင်းကတော့ နိုင်ငံတော် အာဏာကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီလက်ထဲက လွှဲပြောင်းရယူခဲ့တဲ့ တပ်မတော် ခေါင်းဆောင်တွေက နိုင်ငံရေးစနစ်ကို ပါတီစုံစနစ်သို့ ပြန်လည် ပြောင်းလဲလိုက်ပြီလို့ ပြောဆိုခဲ့ကြပေမယ့် လက်တွေ့မှာ စစ်တပ်ကသာ အုပ်ချုပ်တဲ့စနစ်ဖြစ်နေတာကြောင့် အနောက် ဒီမိုကရေစီနိုင်ငံကြီးတွေက မြန်မာနိုင်ငံအပေါ် ဒဏ်ခတ် ပိတ်ဆို့အရေးယူမှုတွေ ချမှတ်ခဲ့ကြတယ်။ ဒီအနေအထားကို ခုခံကာကွယ်နိုင်ဖို့အတွက် မြန်မာ့စစ်ခေါင်းဆောင်တွေဟာ မိမိတို့အပေါ် နိုင်ငံတကာ မျက်နှာစာမှာ ရှေ့နေလုပ်ပြီး အခိုင်အမာ ကာကွယ်ပေးခဲ့တဲ့ ဗီတိုအာဏာပိုင် တရုတ်နိုင်ငံနဲ့ သမိုင်းမှာ မကြုံဖူးလောက်အောင် ရင်းနှီးနီးစပ်လာခဲ့တာပဲ ဖြစ်တယ်ဗျာ။

## ဗီတိုနဲ့ အိတ်ဇက်

နိုင်ငံနှစ်ခု အဲသလောက် နီးနီးကပ်ကပ် နက်နက်ရှိုင်းရှိုင်း ဆက်ဆံလာကြတဲ့ ကိစ္စမှာ နှစ်နိုင်ငံစလုံးက ပြည်သူတွေ ရှုထောင့်က ကြည့်ရင် အကျိုးအမြတ်တွေ ရှိခဲ့ကြလိမ့်မယ်ဆိုတဲ့ အချက်ကတော့ သံသယဖြစ်စရာ မလိုဘူးဗျ။ ဒါပေမဲ့ အင်အားကြီးတဲ့ နိုင်ငံတစ်ခုနဲ့ အင်အားသေးတဲ့ နိုင်ငံတစ်ခု၊ အထူးသဖြင့် ခြံစည်းရိုးချင်းကပ်နေတဲ့ အင်အားကြီးတဲ့ နိုင်ငံတစ်ခုနဲ့ အင်အားသေးတဲ့ နိုင်ငံတစ်ခုတို့ရဲ့ ပုံမှန်ထက် ပိုပြီး နက်ရှိုင်းနီးကပ်တဲ့ ဆက်ဆံရေးမှာ ဘေးထွက်ဆိုးကျိုး သက်ရောက်မှုဒဏ်ကို နိုင်ငံငယ်က ပိုပြီးခံရမှာ ဖြစ်တယ်ဆိုတာ ရှင်းတယ်ဗျ။ နိုင်ငံကြီးရဲ့ ဗီတိုနဲ့အိတ်ဇက်ကို နိုင်ငံငယ်က ကြာလေ ပိုခံစားရလေဖြစ်မှာ အသေအချာပါပဲဗျာ။

## နယ်စပ်မြို့တွေနဲ့ မန္တလေး

ဒါကြောင့်လည်း မြန်မာနယ်စပ်မြို့တွေဟာ တရုတ်မြို့တွေနဲ့ တစ်နေ့တခြား ပိုတူလာနေကြပြီ။ မြန်မာဘုရင် နောက်ဆုံးမင်းစိုက်ခဲ့ရာ မန္တလေးမြို့ရဲ့ အချက်အချာ နေရာအားလုံးလိုလိုကိုတောင် မြန်မာအမည်နဲ့ပေမယ့် မြန်မာစကားမပြောတတ်တဲ့ အသားဖြူနီစပ်စပ် မျက်ပေါက်ကျဉ်းကျဉ်းတွေက စီးနင်း သိမ်းပိုက်ထားကြပြီဆိုတဲ့ အရေးအသားတွေ၊ ကာတွန်းလက်ရာတွေ ဒီဖက်နှစ်ပိုင်းမှာ ကျွန်တော့်ကို ခပ်စိပ်စိပ် ဖတ်လာခဲ့ကြရတာ ဖြစ်တယ်ဗျာ။

မနှစ်က ကျွန်တော် ဖတ်လိုက်ရတဲ့ International Herald Tribune သတင်းစာပါ ဆောင်းပါးတစ်ပုဒ်ကလည်း အမျိုးပျောက်မှာ စိုးကြောက်သူ ကျွန်တော်တို့နိုင်ငံသားတွေရဲ့



သွေးတိုးနှုန်းကို ပိုပြီး မြန်စေမှာ ဖြစ်တယ်ဗျ။ အဲဒီဆောင်းပါးက တရုတ်နိုင်ငံမှာ ကျားမအချိုး အလွန်အမင်း ကွာဟမှုကြောင့် အိမ်ထောင်ဖက် ရှာမတွေ့နိုင်သူ တရုတ် အမျိုးသားတွေ ပိုမိုပြီး များလာနေတဲ့အကြောင်း ဖြစ်တယ်ဗျ။ အမေရိကန်နိုင်ငံမှာ ကျားမအချိုးက ၁၀၅း၁၀၀ ရှိနေချိန်မှာ တရုတ်ကျေးလက်ဒေသတွေမှာ ၁၂၀း ၁၀၀ ဖြစ်နေတဲ့အကြောင်း။ ပြည်နယ် ၉ ခုမှာဆိုရင် ၁၆၀း ၁၀၀ လောက်တောင် ဖြစ်နေတဲ့ အကြောင်း ဖော်ပြထားတယ်ဗျ။ ကျွန်တော်တို့ မြန်မာအမျိုးသမီးငယ်လေးတွေ တရုတ်ပြည်မှာ အရောင်းစားခံနေကြရတဲ့ ခပ်စိပ်စိပ် ကြားခဲ့ရတဲ့ သတင်းတွေနဲ့ ဒီဆောင်းပါးကို ဆက်စပ်ကြည့်ပြီး ကျွန်တော်တော့ ရင်မောမိတာ အမှန်ပဲဗျာ။

## သံခင်းတမန်ခင်း ဆောင်ရွက်ချက်များ

အဲဒီတုန်းမှာပဲ မန္တလေးမြို့က ကျော်ကြားတက္ကသိုလ်ကြီးတွေမှာ မြန်မာနဲ့ အင်္ဂလိပ်ဘာသာနှစ်ခုက လွဲပြီး တခြားဘာသာစကားတွေ အသုံးမပြုဖို့ တားမြစ်လိုက်တယ်ဆိုတဲ့ သတင်းတစ်ရပ် ကြားလိုက်ရတယ်ဗျ။ ဘယ်လောက် အာဏာတည်သလဲဆိုတာတော့ ကျွန်တော် စစ်တမ်း မကောက်ကြည့်မိဘူးဗျာ။ အဲဒီလုပ်ရပ်ရဲ့ ပစ်မှတ်က တရုတ်ဘာသာစကားလို့ ဆိုကြတယ်။ မျှမကြာခင်မှာ နှစ်ပေါင်း နှစ်ဆယ်ကျော်အတွင်း ပထမဆုံးအကြိမ်အဖြစ် တရုတ် သံအမတ်ကြီးက ဒီချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ မနှစ်က လာတွေ့သွားတယ်။ မြန်မာနိုင်ငံ သမ္မတကြီး ဦးသိန်းစိန်ဟာ ယခု စက်တင်ဘာလအတွင်း တရုတ်ပြည်ကို အလည်အပတ်သွားတယ်။ ကျွန်တော်တို့နိုင်ငံအတွက် အလွန်တရာ အရေးကြီးတယ်လို့ ပြောနိုင်တဲ့ တရုတ်နိုင်ငံနဲ့ ဆက်ဆံရေးမှာ နိုင်ငံခေါင်းဆောင်များရဲ့ သံခင်းတမန်ခင်း ဆောင်ရွက်ချက်တွေကို ပြည်သူအများနဲ့အတူ ကျွန်တော်တို့ စာတွေ့ မတွေ့နိုင်ကလည်း မျက်ခြည်မပြတ် စောင့်ကြည့်နေမည် ဖြစ်ကြောင်းပါဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်။**

*၂၃၊ စက်တင်ဘာ၊ ၂၀၁၂*

*အတွဲ ၃၊ အမှတ် ၁၁၃။*

○

# ပုံပြင်ထဲက သားရှေ့နေ

## မပြီးနိုင်တဲ့ စစ်ပွဲဆိုတာ မရှိ

လောကမှာ ဖြေရှင်းလို့ မရနိုင်တဲ့ ပြဿနာဆိုတာ မရှိပါဘူး။ အဲသလိုပဲ မပြီးဆုံးနိုင်တဲ့ စစ်ပွဲဆိုတာလည်း မရှိပါဘူး။ အနည်းဆုံးတော့ ကျွန်တော်တို့ နိုင်ငံက ပြည်တွင်းစစ်ဟာ ပါလက်စတိုင်း - အစ္စရေး ပဋိပက္ခနဲ့ အခြား အနည်းငယ်သော နိုင်ငံချင်းချင်း ပဋိပက္ခတွေလို ကမ္ဘာ့နာတစ်ခု မဟုတ် ပါဘူး။ ဒါကြောင့် တန်းတူရည်တူ အခြေခံပေါ်မှာ အမြော်အမြင်ရှိရှိ သဘောထားကြီးကြီး ထားပြီး ဖြေရှင်းရင် မကျေလည်စရာအကြောင်း မရှိပါဘူး။ သဘောထားကြီးရမယ် ဆိုရာမှာလည်း အာဏာကို ကိုင်တွယ် ထားတဲ့ နိုင်ငံတော် အစိုးရဘက်က ထားရှိရမယ့် သဘောထားပါ။

## ကချင်ပြည်နယ် ငြိမ်းချမ်းရေး

အခု ကျွန်တော် ပြောချင်နေတဲ့ လိုရင်းက ကချင်ပြည်နယ် ငြိမ်းချမ်းရေး ကိစ္စပါ။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဖိဂု ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေ ညီလာခံ ၂၇ စက်တင်ဘာ ၂၀၁၂ မှာ အင်မတန်ကောင်းတဲ့ မိန့်ခွန်းတစ်ရပ် မိန့်ကြားခဲ့တယ်။ မြန်မာ့အရေး ကမ္ဘာ့အရေး စုံစုံလင်လင် ပြောသွားတယ်။ ကျယ်ပြန့် ပြည့်စုံတယ်။ အပြုသဘော ဆောင်တယ်။ တိုင်းပြည်အတွက် အားတက်စရာ မျှော်လင့်ချက်တွေကို ပေးသွားခဲ့တယ်။

အခု ကျွန်တော် ဦးတည်နေတဲ့ အကြောင်းအရာနဲ့ ဆက်စပ်လို့ သမ္မတကြီးရဲ့ မိန့်ခွန်းထဲက ကျွန်တော် သတိထားမိတဲ့ စာပိုဒ်တချို့ကို ကူးယူဖော်ပြပါမယ်။



'စစ်မှန်တဲ့ ဒီမိုကရေစီကို တည်ဆောက်နိုင်ဖို့ဆိုရင် လက်နက်ကိုင် ပဋိပက္ခများ အားလုံး ချုပ်ငြိမ်းသွားအောင် ဦးစွာ ဆောင်ရွက်ဖို့ လိုအပ်တယ် လို့ ယုံကြည်ပါတယ်'

'မြန်မာနိုင်ငံ မြောက်ပိုင်းဒေသမှာ လက်ရှိ ဖြစ်ပေါ်နေတဲ့ အခြေအနေကို ကုစားနိုင်ဖို့အတွက် အစိုးရ ငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်း ကော်မတီ ခေါင်းဆောင်များနဲ့ ကချင်တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့တို့အကြား အလွတ်သဘော ငြိမ်းချမ်းရေး ဆွေးနွေးမှုများ၊ ယုံကြည်မှု တည်ဆောက်မှုများ ဆောင်ရွက်နေပါတယ်။ လက်နက်ကိုင် ပဋိပက္ခကြောင့် မည်သည့်ဘက်ကဖြစ်စေ၊ အသက်နဲ့ အိုးအိမ်ပစ္စည်း ဆုံးရှုံးမှု ရှိပါက မြန်မာနိုင်ငံအတွက် ဆုံးရှုံးခြင်းပဲ ဖြစ်တယ်လို့ ခံယူထားပါတယ်'

## စစ်ဆေးကြည့်ရင် သိနိုင်ပါတယ်

အထက်ပါ ဖော်ပြချက်တွေဟာ ဘယ်သူမှ မငြင်းနိုင်အောင် မှန်ကန် ကောင်းမွန်ပါတယ်။ သွေးထွက်အောင် မှန်တယ် ဆိုရင်လည်း မမှားပါဘူး။ အသေးစိတ်တွေ မပြောတော့ဘဲ လိုရင်း ပြောရရင်ဖြင့် ကချင်ပြည်နယ်မှာ လက်နက်ကိုင် ပဋိပက္ခကြောင့် အသက်နဲ့ အိုးအိမ်ဆုံးရှုံးမှုတွေ၊ စစ်ပြေး ဒုက္ခသည်တွေ ရှိနေပါတယ်။ သူတို့ဟာ ဘယ်သူတွေလဲ၊ ဘာကြောင့် ခုလို ဆိုးမိုးဒုက္ခတွေ ကြုံနေကြရသလဲ၊ သူတို့ကို ဘယ်သူတွေက ကူညီ စောင့်ရှောက်နေသလဲ။ စစ်ဆေးကြည့်ရင် အဖြေ တွေ့နိုင်ပါတယ်။

## ငြိမ်းချမ်းရေး လမ်းပြမြေပုံ

သမ္မတကြီးက တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း ၁၀ ဖွဲ့နဲ့ အပစ် အခတ် ရပ်စဲရေး သဘောတူညီချက်တွေ ရရှိခဲ့ပြီး နှစ်ဖက် အပြန်အလှန် ယုံကြည်မှုတွေကို ကြိုးပမ်း တည်ဆောက်လျက် နှစ်ဖက် ဆွေးနွေးပွဲတွေကို ဆက်လုပ်သွားမယ်လို့ ပြောတယ်။ အမျိုးသားအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွေ ဆက်လက် ပြုလုပ်သွားပြီး တိုက်ခိုက်မှုတွေ လုံးဝ အဆုံးသတ်စေမယ့် အပြီးသတ် သဘောတူညီချက်ရအောင် ဆောင်ရွက် သွားမယ်လို့ ငြိမ်းချမ်းရေး လမ်းပြမြေပုံကို ညွှန်းဆို သွားပါတယ်။ အဲဒီ ထဲမှာ ကျွန်တော်တို့ သိသလောက်တော့ ကချင် မပါသေးဘူး ထင်ပါ တယ်။

## မော်ကွန်းတင်ခံရမယ့် အခွင့်အရေး

အထူးသဖြင့် ကမ္ဘာ့ အခြေအနေရော မြန်မာ့ အခြေအနေပါ အခွင့်သာမှု ရှိနေတဲ့ အခုလို အချိန်မျိုးမှာ ရာစုနှစ်တစ်ဝက်ကျော် ကြာလာခဲ့ပြီဖြစ်တဲ့ ပြည်တွင်းစစ်ကို အပြီးတိုင် ရပ်စဲ ချုပ်ငြိမ်းသွားအောင် စွမ်းဆောင်နိုင်ခဲ့တဲ့ အစိုးရ တစ်ရပ်အဖြစ် ကမ္ဘာ့သမိုင်းမှာ မော်ကွန်းတင်ခံရမယ့် အခွင့်အရေးကို လက်မလွှတ်သင့်တဲ့အကြောင်း ကောင်းမြတ်သော မနသိကာရဖြင့် လွှန်ခဲ့တဲ့ တစ်နှစ်လောက် ကတည်းက ကျွန်တော်

ဆောင်းပါးအချို့ ရေးခဲ့ဖူးပါတယ်။ တစ်ခါတော့ ကျွန်တော်က ရှေးနေ သားအဖ ဟာသ ပုံပြင် တစ်ခုကို ကိုးကားပြီး ယခင် ခေတ်တစ်ခေတ်က အချိန် ဆွဲနေခဲ့သူတွေအကြောင်း ပြောခဲ့ဖူးတယ်။ အခု အဲဒီပုံပြင်လေး ပြန်ပြောပါမယ်။

## အဲဒီ အမှုနဲ့ မင်းကို ကျောင်းထားခဲ့တာ

နိုင်ငံရေး စိတ်ဝင်စားတဲ့ မြန်မာစာဖတ် ပရိသတ် အများစုကတော့ ကြားဖူးပြီးသား ဖြစ်မှာပါ။ ပုံပြင်က တိုတိုလေးပဲ။ သား ရှေ့နေက ဖခင် ရှေ့နေ တစ်သက်လုံး လိုက်ခဲ့ပေမယ့် မပြီးပြတ်ခဲ့တဲ့ သူဌေးကြီး တစ်ဦးရဲ့ အမှုကို သူပြီးပြတ်အောင် လိုက်နိုင်ခဲ့ကြောင်း အဖေကို ဂုဏ်ယူ ဝင့်ကြွားစွာ ပြောဆိုတဲ့ အခန်းနဲ့ ပုံပြင်ကို ဖွင့်ပါတယ်။ အဲဒီတော့ အဖေ ရှေ့နေက 'မင်း တော်တော်မိုက်ပါလား။ မင်း ဘွဲ့တွေ ဘာတွေရပြီး အခုလို ရှေ့နေ ဖြစ်တဲ့အထိ အဲဒီသူဌေးကြီး အမှုက ရတဲ့ငွေတွေနဲ့ ကျောင်းထားခဲ့တာကွ၊ နားလည်လား' လို့ ပြောလိုက်ပါသတဲ့။ ပုံပြင်လေးက ဒါပါပဲ။

## ပြည်တွင်းစစ်ကို အချိန်ဆွဲနေခဲ့သလို

အဲဒီပုံပြင်လေးရဲ့ သက်တမ်း ဘယ်လောက် ရှိခဲ့ပြီဆိုတာ ကျွန်တော် မသိ ပါဘူး။ ကျွန်တော် စပြီး ကြားဖူးတာတင် ဆယ်စုနှစ် အတော်ကြာခဲ့ပြီမို့ တော်တော်တော့ အသက်ကြီး နေလောက်ပါပြီ။ နိုင်ငံရေး စကားဝိုင်းတွေမှာ ကျွန်တော်တို့ နိုင်ငံရဲ့ ပြည်တွင်းစစ်အကြောင်း ရောက်လာတိုင်းလိုလိုမှာ အဲဒီပုံပြင်လေးကို ကြားရလေ့ ရှိပါတယ်။ ပါလီမန် ဒီမိုကရေစီကို ဖျက်သိမ်း ပြီးနောက် ပေါ်ပေါက်လာတဲ့ အစိုးရတွေဟာ (ပုံပြင်ထဲက ဖခင်ရှေ့နေကြီး အမှုကို အချိန်ဆွဲ လိုက်နေသလိုမျိုး) ပြည်တွင်းစစ်ကို မပြီးနိုင် အောင် တမင် အချိန်ဆွဲနေခဲ့ကြတာဖြစ်တယ်ဆိုတဲ့အချက် ပေါ်လွင်အောင် ဖော်ပြဖို့ အဲဒီ ပုံပြင်လေးကို တီထွင်ခဲ့တာဖြစ်မှာ သေချာပါတယ်။

ပုံပြင်တို့ပြက်လုံးတို့ဆိုတာက သူတို့ရဲ့အခြေခံ သဘာဝအရကို ကွင်းကွင်းကွက်ကွက် ထိထိမိမိ စူးစူးရှရှ ကွဲကွဲပြားပြား ဖြစ်အောင် ဖော်ပြရတာမျိုး ဖြစ်တာကြောင့် တကယ့် အခြေအနေမှန်ကို ကိုယ်စားပြု တယ်လို့ မဆိုနိုင်ပါဘူး။ အထူးသဖြင့် ဖိနှိပ်မှုအောက်မှာ နေနေ ရတယ်လို့ ခံစားနေကြရတဲ့ ပြည်သူတစ်ရပ်ဟာ သူတို့က ဖိနှိပ်သူလို့ မြင်နေတဲ့ လူတန်းစားအကြောင်း ပြောဆိုရာမှာ လွန်ကဲတဲ့ ဥပမာတွေ၊ ဥဒါဟရဏ်တွေ သုံးစွဲကြလိမ့်မယ်ဆိုတာ ဝေဒင် မေးစရာ မလိုပါဘူး။

## သားရှေ့နေအဖြစ် မြင်ချင်ပြီ

ကျွန်တော်ကတော့ စစ်အစိုးရ အဆက်ဆက်ဟာ သူတို့ အကျိုးစီးပွား အတွက် ပြည်တွင်းစစ်ကို မပြီးအောင် တမင် အချိန်ဆွဲပြီး မွေးထားခဲ့ကြတာ ဖြစ်တယ်လို့ မယုံကြည်ပါဘူး။ အဲဒီ အစား အတ္တတွေ၊ မာနတွေ၊ အာဃာတတွေ၊ သံသယတွေ ဒေါသတွေကြောင့်သာ ပြည်တွင်းစစ် အခု အထိ သက်ဆိုးရှည်နေတာ ဖြစ်တယ်လို့ ယူဆသူပါ။

ကျွန်တော်တို့ကတော့ နိုင်ငံတော် သမ္မတကြီး ဦးသိန်းစိန် ဦးဆောင်တဲ့ အစိုးရကို ပုံပြင်ထဲက သားရှေ့နေအဖြစ် မြင်လိုလှပြီ ဖြစ်ကြောင်းပါဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်။**

*၂၉၊ စက်တင်ဘာ ၂၀၁၂။*

*အတွဲ ၃၊ အမှတ် ၁၁၄။*

# အားနာခဲ့ကြောင်း မပြောလိုသေးပါ

ပြည်သူ့ခေတ်ဂျာနယ် စတွက်ချိန် ၂၀၁၀ ဇူလိုင်လက စလို့ ကျွန်တော့်ရဲ့ ပြောချင်လွန်းလို့ ကော်လံကို ဖွင့်ပြီး ရေးခဲ့တာ ပင်တိုင်ကဏ္ဍခေါင်းစဉ်နဲ့ လျော်ညီစွာ ကျွန်တော် ပြောချင်လွန်းနေတဲ့ အကြောင်းအရာတွေကိုချည်းပဲ ရေးခဲ့တာ များပါတယ်။ ယခု တစ်ပတ်တော့ မပြောချင်တဲ့ စကားကို ဒီကဏ္ဍကပဲ ပြောရပါတော့မယ်။ အခြား မဟုတ်ပါ။ ကျွန်တော့် ကျန်းမာရေး အခြေအနေ ဖြစ်ပါတယ်။ ၃ အောက်တိုဘာ ၂၀၁၂ နေ့မှာ ကျွန်တော့်ရဲ့ facebook လူမှုစာမျက်နှာမှာ ကျွန်တော်ကိုယ်တိုင်ပဲ အောက်ပါ အတိုင်း ရေးသားဖော်ပြခဲ့လို့ facebook ပရိသတ်များကတော့ သိထားကြပါပြီ။

## ကျွန်တော့် ကျန်းမာရေး ဆေးစစ်ပြီး အခြေအနေ (မောင်ဝံသ)

***by Maung Wuntha on Wednesday, October 3, 2012 at 4:57pm***

**မိတ်ဆွေများ ခင်ဗျာ**

ကျွန်တော် ကျန်းမာရေးဆေးစစ်ဖို့ စင်ကာပူကို စက်တင်ဘာ ၃၀ ရက်က ရောက်ပါတယ်။ အောက်တိုဘာ ၁ နဲ့ ၂ နှစ်ရက် ဆေးစစ်မှုတွေ ပြုလုပ်ပါတယ်။

အောက်တိုဘာ ၃ မှာ အဖြေတွေ့ရပါတယ်။ Mt.Elizabeth ဆေးရုံက အဆုတ် ပါရဂူ ဆရာဝန်ကြီး Dr.Philip Eng က အဆုတ်ကင်ဆာလို့ ဆုံးဖြတ်ပါတယ်။

သူ့ဆီကနေ Oncologist Dr.Berjamin Mow ထံ လွှဲပေးလိုက်လို့ ဆွေးနွေးပြီး အောက်တိုဘာ ၄ မှာ ကီမိုဆေးသွင်းကုသမှုပြုလုပ်ပါမယ်။ အောက်တိုဘာ ၁၁ မှာ နောက်တစ်ကြိမ် ဆေးထပ်သွင်း ကုသခံပြီး အောက်တိုဘာ လလယ်ထဲမှာ ရန်ကုန် ပြန်ပါမယ်။ ရန်ကုန်မှာ ကီမို ဆေးသွင်းကုသမှု ဆက်လုပ်ပြီး ရက်ချိန်းစေ့ရင် စင်ကာပူ ပြန်ပြရပါမယ်။

အကြမ်းဖျင်းတော့ ဒီလောက်ပဲ အစီရင်ခံနိုင်ပါသေးကယ်။ ကင်ဆာရောဂါ ဆိုတာကတော့ မထင်ဘဲ အလစ်ဝင်တိုက်တာကို ခံရတာမျိုးပါပဲ။



ဆက်လက်ပြီး ရှင်သန်နိုင်သမျှ ရှင်သန်နိုင်အောင် တိုက်ပွဲတစ်ပွဲလို ဆင်နွှဲရတော့မှာပါ။

ကျွန်တော့်အနေနဲ့ အောက်တိုဘာလလယ်ကနေ နိုဝင်ဘာ ၁၁ အထိ ခရီးထွက်ဖို့ ရှိတာကြောင့် ရန်ကုန်မှာမိမိသဘောနဲ့မိမိ အထွေထွေစစ်ဆေးမှုလုပ်ရာက ခုလိုစတွေ့ ခဲ့တာပါ။

တစ်နည်းပြောရရင် ကံကောင်းတယ်ဆိုရမှာပါ။ ခရီးထွက်နေတုန်း တစ်ခုခု ဖြစ်ရင် ပိုဆိုးမယ်ထင်ပါတယ်။

ကျွန်တော် ကျန်းမာရေး ဆေးစစ်ခံနေတဲ့ အကြောင်းကိုတော့ မိတ်ဆွေအချို့ရဲ့ facebook တွေမှာ တွေ့မိကောင်း တွေ့မိပါလိမ့်မယ်။ ကျွန်တော် ချစ်ခင်လေးစားရပါသော မိတ်ဆွေများအားလုံးကို ကျွန်တော့် အနေနဲ့ ဒီစာနဲ့ အစီရင်ခံလိုက်ခြင်းဖြစ်ပါတယ်။ အားလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

ကျွန်တော် ဘယ်လောက် ဆက်နေနိုင်ဦးမယ်ဆိုတာကတော့ မိမိကုသိုလ်ကံနဲ့ ခေတ်မီဆေးဝါးများအပေါ်မှာရယ်၊ ကျွန်တော် မိမိကိုယ်မိမိ ဘယ်လောက် တောင့်ခံနိုင်မလဲ ဆိုတာရယ်၊ ကျွန်တော်ချစ်ခင်လေးစားရတဲ့ စာဖတ်ပရိသတ် ပြည်သူများရဲ့ ကျွန်တော့် အပေါ် တုံ့ပြန်တဲ့ မေတ္တာ ဓာတ်ရယ်အပေါ် တည်ပေလိမ့်မယ်လို့ ယုံကြည်တယ်ဗျာ။ ကျွန်တော့်အတွက် ဆုတောင်းပေးကြသူများ၊ ကြင်နာမှု စာနာမှုအပြည့်နဲ့ အားပေးစကား ရေးသားပေးပို့ကြသူများ၊ အစွမ်းထက် ဆေးနည်းအချို့ လမ်းညွှန်သူများ၊ စင်ကာပူမှာ ကိုယ်တိုင်ကိုယ်ကျ လာရောက်တွေ့ဆုံ အားပေးကြသူ များ၊ ရန်ကုန်နဲ့ စင်ကာပူသို့ ဖုန်း၊ အီးမေးလ်တို့ဖြင့် ဆက်သွယ် မေးမြန်းကြသူများကို လှိုက်လှိုက်လှဲလှဲ ကျေးဇူး တင်နေပါတယ်။

အဆုတ်ကင်ဆာ ကျွန်တော့်မှာ ဖြစ်နေပြီလို့ အတည်ပြုခံလိုက်ရ ပြီးချိန်မှာ အဆုတ်ကင်ဆာနဲ့ ကွယ်လွန်သွားကြရှာတဲ့ မိတ်ဆွေရင်းချာ များ ကိုအောင်ပြည့်၊ မောင်ဝဏ္ဏ တို့ကို ပြေးသတိရလိုက်တယ်။ နောက် လည်ချောင်းကင်ဆာရောဂါနဲ့ ကွယ်လွန်သွားတဲ့ သူငယ်ချင်းကြီး သားဂျာနယ်ကျော် ကိုမိုးဟိန်းကို သတိရတယ်။ ဆေးလိပ် အလွန်အကျွံ သောက်ခဲ့သူများပါ။ ကျွန်တော်က ဆေးလိပ်ဖြတ်လိုက်တာ ၁၃ နှစ် ကြာပြီဖြစ်ပေမယ့် ယခင် နှစ် ၃၀ ကျော်လောက် ဆေးလိပ်စွဲသောက်ခဲ့တဲ့ ဒဏ်ကို ခံရတာပါပဲဗျာ။ တခြား အကြောင်းတွေ ရှိနိုင်သေးပေမယ့် ဆရာဝန်ကြီးများကတော့ ဆေးလိပ်သောက်ခဲ့တဲ့ ဒဏ်တွေကြောင့်လို့ပဲ အတည်ပြုတယ်ဗျာ။

ဆေးလိပ်မဖြတ်နိုင်ကြသေးတဲ့ ကျွန်တော့်မိတ်ဆွေများ စဉ်းစားကြ ပါကုန်။

လက်ရှိအခြေအနေမှာတော့ ကျွန်တော့်အနေနဲ့ ကံတရားကိုလက်ခံပြီး နောက်ဆုံး အချိန်ကို ဝေးနိုင်သလောက်ဝေးအောင် ရွှေ့ဆိုင်းနိုင်ဖို့ ကြိုးစား နေပါပြီ။ ဆေးဝါး ကုသမှုစရိတ်က ကြောက်ခမန်းလိလိ ကြီးမားပါတယ်။ ကျွန်တော့် မိသားစုအနေနဲ့ မိတ်ဆွေသင်္ဂဟများရဲ့ အကူအညီမပါရင် အခက်အခဲများစွာ ရှိပါလိမ့်မယ်။ သို့သော်

ကျွန်တော်ကတော့ ယုံကြည်မှု တစ်ခု ရှိနေပါတယ်။ ကျွန်တော် ပြုခဲ့တဲ့ ကျန်းမာရေးဆိုင်ရာ ကောင်းမှု ကုသိုလ်အချို့ရဲ့ တူသောအကျိုးကို တစ်နည်းနည်းနဲ့တော့ ခံစားနိုင်ပါလိမ့်မယ်လို့ ယုံကြည်မိခြင်းပါ။

၂၀၀၈ ခုနှစ် အောက်တိုဘာလမှာ ကျွန်တော့်မိသားစုရဲ့ ဒေါင်း စာပေတိုက် (ယခင်က ခွပ်ဒေါင်းစာပေ) ၃၅ နှစ်ပြည့် အထိမ်းအမှတ်ပွဲ ဘားလမ်း စီးတီးစတားဟိုတယ်မှာ ပြုလုပ်ဖို့ စီစဉ်ခဲ့ပါတယ်။ အဓိကတော့ ကျန်းမာရေး ချို့တဲ့နေပြီး ဆေးဖိုးဝါးအခက်အခဲရှိနေသူ စာရေးဆရာ၊ သတင်းစာဆရာ၊ ကဗျာဆရာများထဲက အလိုအပ်ဆုံးသူ ၁၀ ယောက်ကို တစ်ယောက်ကို တစ်သိန်းခွဲစီ၊ မန္တလေးနဲ့ ရန်ကုန်က စာရေးဆရာများ ကျန်းမာရေး အကူအညီပေးရေးအဖွဲ့ကိုယ်စား ဦးကျော်ရင်မြင့်နဲ့ ဦးဝင်းငြိမ်းတို့ကို ကျပ် ၂ သိန်းခွဲစီ လှူဒါန်းဖို့ ဖြစ်ပါတယ်။ ပြောရရင် အရှည်ကြီးဖြစ်နေမှာမို့ လိုရင်း ပြောပါမယ်။ ကျွန်တော့်ပွဲဟာ နိုင်ငံရေး လှုပ်ရှားမှု တစ်ခုခုလုပ်ဖို့ ရည်ရွယ်တာဖြစ်မယ်လို့ ရှေ့ဘက်တော် စူးရောက်ပြီး အဲဒီတုန်းက သက်ဆိုင်ရာကနေ အချိန်ကပ်ပြီး ပိတ်ပင်ခဲ့ပါတယ်။ ဒေါင်းစာပေ နှစ်ပတ်လည်ပွဲကို လာသူတွေလည်း ဒုက္ခတွေဖြစ်၊ ထောက်ပံ့ငွေ လက်ခံဖို့လာတဲ့ထဲက ကဗျာဆရာ ကိုနီဟိန်းဆိုရင် လေဖြတ်နေလို့ လူအထမ်းနဲ့ လာရတာ၊ ဟိုတယ်က ပွဲဖျက်လိုက်ပြီဆိုတော့ ကျွန်တော့်အိမ်ကို အငှားကားနဲ့ လိုက်လာရှာတယ်။ ကျန်သူတွေကိုတော့ အိမ်အရောက် လိုက်ပို့လိုက်ရပါတယ်။

ယမန်နှစ်က စာနယ်ဇင်းအယ်ဒီတာတစ်ယောက် သေကောင်ပေါင်းလဲဖြစ်ပြီး ဆေးရုံတက်ရတယ်။ သူ့ဇနီးက ကျွန်တော်နဲ့ လူချင်း မသိပေမယ့် ကျွန်တော်ဟာ ဒုက္ခရောက်နေသူတွေကို ကူညီတတ်တယ်လို့ သတင်းကြားထားလို့ဆိုပြီး အိမ်ကို ရောက်လာတယ်။ ငွေကြေး အခက်အခဲ ရှိနေတဲ့ အကြောင်းပြောလို့ ကျွန်တော် တတ်နိုင်သလောက်ကူညီလိုက်ပြီး အခြား သူတွေဆီကလည်း အလှူခံပေးမယ်လို့ ပြောလိုက်ပါတယ်။ အဲဒီနောက် ကျွန်တော့် facebook ကနေ သည်အကြောင်းကို အရင်းအတိုင်း ရေးသားတင်ပြလိုက်ပါတယ်။ facebook မှာ တက်သွားပြီး နာရီပိုင်း အတွင်း ပထမဆုံး ကျပ် ၅၀၀၀၀ အလှူရှင်အဖြစ် ပြန်/ဆက် ညွှန်ချုပ် ဦးရဲထွဋ် (ယခု ပြည်ထောင်စု ပြန်ကြားရေးဝန်ကြီးဌာန ဒု ဝန်ကြီး) ဖုန်းဆက်ပြီး နေ့ချင်းပဲ ရန်ကုန်က သူ့တပည့်တစ်ယောက် ငွေလာပို့တယ်။ နောက် နေ့ချင်းညချင်းပဲ အလှူရှင်အတော်များများ ဆက်သွယ်လာပြီး ဆေးရုံ တက်နေရတဲ့ လူနာ အယ်ဒီတာမိသားစု အတော်ကလေး အထောက်အကူ ဖြစ်သွားပါတယ်။ ကျန်းကျန်းမာမာ ဆေးရုံက ပြန်ဆင်းလာချိန်မှာ ကျွန်တော့်ကို လာကန်တော့သွားပါတယ်။

နောက် မှတ်မှတ်ရရ တစ်ခုကတော့ ယခုအခါ တစ်နိုင်ငံလုံးက သိနေပြီဖြစ်တဲ့ ဟံသာဝတီ ဦးဝင်းတင် ဖောင်ဒေးရှင်းပါ။ နိုင်ငံရေး အကျဉ်းသားများ၊ နိုင်ငံရေး



အကျဉ်းသားဟောင်းများ၊ သူတို့ရဲ့ မိသားစုများ၊ စာနယ်ဇင်းသမားများထဲက ကျန်းမာရေးနဲ့ စားဝတ်နေရေး အခက်အခဲ ကြုံနေရသူများစွာထဲက အရေးတကြီး လိုအပ်နေသူများကို ငွေကြေး ထောက်ပံ့လှူဒါန်းဖို့ ဟံသာဝတီ ဦးဝင်းတင် ဖောင်ဒေးရှင်း အမည်နဲ့ ထူထောင်ပါရန် ကျွန်တော်က စတင် အဆိုပြု၊ ဆရာ့ဆီက သဘောတူညီချက် ရရှိတဲ့အခါ စတင် အကောင်အထည်ဖော်ခဲ့ပါတယ်။ ကျွန်တော်က ဘဏ္ဍာထိန်းတစ်ဦး အဖြစ် တာဝန်ယူနေပါတယ်။ အခုဆိုရင် ထောက်ပံ့ ငွေများ ၃ ကြိမ်တိုင် ပေးအပ်နိုင်ခဲ့ပါပြီ။

ယခု ကျွန်တော် စင်ကာပူမှာ ခေတ်မီကျန်းမာရေး စစ်ဆေးမှုခံယူ၊ ဆေးဝါးကုသမှု ခံယူနေချိန်မှာ သတိအရဆုံးကတော့ ထောင်ထဲမှာ လုံလောက်တဲ့ ကုသမှု မရခဲ့ကြရှာတဲ့ ကျဆုံးသွားခဲ့ကြတဲ့ နိုင်ငံရေး အကျဉ်းသားတွေကိုပဲ ဖြစ်ပါတယ်။ ဆရာဦးခင်မောင်မြင့်၊ ဦးညိုဝင်း၊ ရန်ကြီးအောင် ကိုစိန်ဝင်း (သုံးခွ)၊ မုံရွာဦးတင်ရွှေ၊ ဆရာမောင်သော်က၊ ခရမ်း ကိုတင် မောင်ဝင်း၊ ရန်ကုန်တိုင်း ဦးသိန်းတင် (တင်သိန်းမောင်)၊ ဗိသုကာ ဦးကျော်မင်း စသူတွေကို မြင်ယောင် နေမိတယ်။ ရန်ကြီးအောင် ကိုစိန်ဝင်းဆိုရင် တွဲဖက်ထောင်မှာ ကျွန်တော့်ရှေ့မှာတင် အသည်းရောဂါနဲ့ မရှုနိုင် မကယ်နိုင်အချိန်ကျမှ ဆေးရုံပို့တယ်။ ခရမ်းကိုတင်မောင်ဝင်းက ရေကြည်အိုင်မှာ ကျွန်တော်တို့ အတူနေရစဉ် ကတည်းက နွေးဝမ်းတွေ သွားနေပြီ။ အင်းစိန်ထောင်ရောက်တော့ ဗိသုကာ ဦးကျော်မင်းရယ်၊ ကိုတင်မောင်ဝင်းရယ်၊ ကျွန်တော်ရယ် တစ်ခန်းတည်းနေကြရသေးတယ်။ အဲဒီအချိန်မှာ ကိုတင်မောင်ဝင်း မလှုပ်နိုင်လောက်အောင် ဖြစ်နေပါပြီ။ ကျွန်တော် သူ့ကို ကျောတွေ ပေါင်တွေ တက်တက်နင်းပေးတယ်၊ ဒီလိုနဲ့ သူ အကြောတွေ တက်နေတာ သက်သာရာ နည်းနည်းရသပေါ့။ သုံးယောက်ပေါင်းက တစ်နေ့နဲ့ တစ်ညလုံး ထုတ်ထားတဲ့ ချေးခွက် သေးခွက် ဂန်ဖလားတွေကို မနက်စောစော မိလ္လာချချိန်မှာ ဦးကျော်မင်းနဲ့ ကျွန်တော်က အပြင်မှာ သွားသွန်ကြရတယ်။ ရေမလုံလောက်လို့ သေချာမဆေးနိုင်တဲ့ ဂန်ဖလားတွေ ပြန်သွင်းလာရတယ်။ ရက်အတော် ကြာတော့ ကျွန်တော်တို့ကို လူချင်းခွဲ တစ်နေရာစီ တစ်ခန်းစီထားတယ်။ ကိုတင်မောင်ဝင်းကို တစ်နေ့မနက်မှာ ထမ်းစင်ကြီးနဲ့တင်ပြီး ထောင်ဆေးရုံ ပို့တယ်။ မကြာပါဘူး၊ ဆုံးသွားပြီလို့ သတင်းကြားရပါတယ်။

ဆရာမောင်သော်ကကို ၁၉၉၁ အင်းစိန်ထောင်မကြီးမှာ သူက ၂ တိုက်၊ ကျွန်တော်က ၃ တိုက်မှာ ရှိကြစဉ် ဆရာ ရေချိုးထွက်တာကို လှမ်းနှုတ်ဆက်လိုက်ရသေးတယ်။ နေ့လယ်ကျတော့ ဦးနောက်သွေး ကြောပြတ်လို့ ဆေးရုံပို့လိုက်ပြီတဲ့။ နောက်နေ့ကျတော့ ဆုံးသွားပြီတဲ့။

၁၉၉၆ မှာ ကျွန်တော်တို့ ပုဒ်မ ၁၀ (က) နဲ့ ပြန်ဝင်ရတော့ တွဲဖက် ထောင် ကျွန်းတိုက်မှာ အတူနေတဲ့ထဲက ကိုတင်သိန်းမောင် အသည်း ရောဂါနဲ့ အချိန်လွန်မှ

ဆေးရုံတင်လို့ဆုံးရှာတယ်။ ဗိုသုကာ ဦးကျော်မင်း လည်း ဆေးရုံတင်ပြီး ကုလို့မရတဲ့ အခြေအနေရောက်တော့ ပြန်လွှတ်ပေး တယ်။ အပြင်မှာ ဆုံးသွားတယ်လို့ကြားရပါတယ်။ ဦးအေးဝင်းက နှလုံးရောဂါနဲ့ အချိန်မီ ဆေးရုံပို့လို့ အသက်ချမ်းသာရာရတယ်။ ဘကြီးမိုး ဦးမိုးသူ ဆီးကျိတ်ရောဂါနဲ့ ဆေးရုံပို့ရတယ်။ အဲဒီမတိုင်ခင် ခေါင်းမထူ နိုင်အောင် မူးဝေပြီး သူ့အခန်းထဲမှာ လဲနေတုန်း အစောင့်တွေရဲ့သဟောက်သဟန်း အပြောခံပြီး ကျွန်တော် အရောက်သွားတယ်။ သူ့အခြေအနေ ဘယ်လိုမှန်း မသိလို့ ခင်ဗျားမှာစရာရှိတာ မှာပါဗျာလို့ ပြောလိုက်တဲ့အခါ အဲဒီရက်ပိုင်းအတွင်း သူ့ကို ကျွန်တော် ရွတ်ရွတ်ပြနေတဲ့ ဆရာ မင်းသုဝဏ်ရဲ့ သူ့မှာတမ်း ကဗျာထဲက စာသားလေးတစ်ခုကို မျက်လုံးတွေ မဖွင့်နိုင်တဲ့ ကြားက အားယူပြီး သူက ပြောလိုက်တဲ့အခါ ကျွန်တော် မျက်ရည် မဆည်နိုင်တော့ဘူး။ သူ ရွတ်ပြတာက 'အားနာ ခဲ့ကြောင်း ပြောပါလေ' တဲ့။ သူ့မှာတမ်းကဗျာထဲက အဲဒီအပိုဒ်က ဒီလိုပါ။ 'အမောင် ပြောက်ကျား။ တိုင်းပြည်အားလျှင် ဘာများမှာခဲ့လို သနည်း။ ခရီးမတ်တတ် လမ်းခုလတ်တွင် ကိုယ်လွှတ်ရှောင်ခွာ သွားရပါရှေ့ အားနာခဲ့ကြောင်း ပြောပါလေ' ဖြစ်ပါတယ်။

ကျွန်တော်လည်း နောက်သိပ်မကြာပါဘူး။ ဆီးကျိတ်ဖြစ်ပြီး ဆေးရုံရောက် တတိုင်းဂိုး ခေါင်းမူးပြီး ဆေးရုံရောက်၊ ကံကောင်းလို့ မသေဘဲ အသက်ရှင်ခဲ့။

ကျွန်တော်တို့ မျက်စိအောက်တွင် ဆေးဝါးမကုသနိုင်ဘဲ အသေခံခဲ့ ရသူတွေ အများကြီး ရှိခဲ့ပါတယ်။ ဦးမောင်ကို လို သေရသူတွေလည်း ရှိခဲ့ပါတယ်။

ကျွန်တော် ယခုတစ်ဖန် သေခြင်းတရားနှင့် ရင်ဆိုင် ယှဉ်ပြိုင်ရပြန် ပါပြီ။ ကျွန်တော့်ဘက်ကတော့ ရှင်သန်နိုင်သရွေ့ ဆက်လက် ရှင်သန် နိုင်အောင် ကြိုးစားသွားဖို့ သန္နိဋ္ဌာန်ချထားပါပြီ။ သွားလေသူ သူငယ်ချင်း သားကျာနယ်ကျော် ကိုမိုးဟိန်းရဲ့ စံနမူနာကိုယူပြီး တရားမမွှ အလုပ်တွေ ကိုလည်း ပြန်လုပ်နေပါပြီ။ နေ့စဉ်တရားမှတ်တဲ့ အလေ့အကျင့် လုပ်ထားပါတယ်။

အနည်းဆုံးတော့ ကျွန်တော့် တိုင်းပြည် ငြိမ်းချမ်းသာယာ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ကျွန်တော် ချစ်မြတ်နိုး တန်ဖိုးထားသော စာနယ်ဇင်းပညာဖြင့် သည့်ထက်မက အလုပ်အကျွေးပြုချင်ပါသေးတယ်။ သို့မဟုတ်ရင်ဖြင့် 'ခရီးမတ်တတ် လမ်းခုလတ်တွင် ကိုယ်လွှတ်ရှောင်ခွာ သွားရပါရှေ့ အားနာခဲ့ကြောင်း' ပဲ ပြောရတော့မှာပါ။ အားနာခဲ့ ကြောင်း ပြောဖို့မလိုတော့ဘဲ မိမိတာဝ န်အားလုံး ကျေပွန်ခဲ့ပြီလို့ ဥဒါန်းကျူးရင့်ကာ ကျေကျေနပ်နပ် ထွက်ခွာနိုင်မယ့်အချိန်ကိုပဲ မျှော်လင့်မိပါတယ်။

ယခုတစ်ပတ် စာရှည်သွားတဲ့အတွက် နောက်မှ ဆက်ပါဦးမယ်။

**ပြည်သူ့ခေတ်ဂျာနယ်။**

၁၇၊ အောက်တိုဘာ၊ ၂၀၁၂

အတွဲ ၃၊ အမှတ် ၁၁၅

# သူငယ်ချင်း ပို့လိုက်တဲ့ အတွေးစာ တစ်ပုဒ်

မိတ်ဆွေများခင်ဗျာ။ ဒီအပတ်တော့ စာရှည်ရှည် မရေးသေးဘဲ ကျွန်တော့် အတွက်ရော စာဖတ်သူအများအတွက်ပါ အကျိုးရှိမယ် ထင်တဲ့ မိတ်ဆွေ ရင်းချာတစ်ယောက်ဆီက ပေးစာတစ်စောင်ကို ဖော်ပြချင်ပါတယ်။

ကျွန်တော့် ဆေးကုသမှု အခြေအနေကတော့ အောက်တိုဘာ ၄ ရက်နေ့မှာ ပထမအကြိမ် ကီမိုသွင်းပြီး အောက်တိုဘာ ၁၁ ရက်နေ့မှာ ဒုတိယအကြိမ် သွင်းပြီး သွားပါပြီ။ ဒီတနင်္ဂနွေ ကျွန်တော် ရန်ကုန်ပြန်လာပြီး နောက်ထပ် ဆေးပတ်သွင်းရမယ့် အတိုင်း ရန်ကုန်မှာ ဆက်လက် ဆောင်ရွက်ပါမယ်။ တတိယအကြိမ်နဲ့ စတုတ္ထအကြိမ် ဆေးသွင်းပြီးရင် စင်ကာပူကိုပြန်ပြီး ပြန်လည် စစ်ဆေးရပါမယ်။ အဲဒီနောက် ရန်ကုန် ပြန်လာပြီး ဆက်လက် ကုသဖို့ အစီအစဉ် ရှိပါတယ်။

ဒုတိယအကြိမ် ဆေးသွင်းပြီး ဆေးဒဏ်ကို သည်းခံနေရတဲ့ အချိန်မှာ နှစ်ပေါင်းများစွာ လူချင်းမတွေ့ဘဲ ဝေးနေခဲ့တဲ့ ရန်ကုန်တက္ကသိုလ် ကျောင်းနေဖက် သူငယ်ချင်းတစ်ယောက် ဆီက အီးမေးလ်စာတစ်စောင် ရောက်လာပါတယ်။ သူ့စာကို ဖတ်ကြည့်ပြီး အလွန်မှ ကျေနပ်အားရမိ ပါတယ်။ အကြောင်းကတော့ သူကိုယ်တိုင် ကင်ဆာရောဂါ ကုသခံခဲ့ပုံ တွန်းလှန်ခဲ့ပုံနဲ့ ဘဝကို ယောနိသောမနသိကာရ အသင့်အတင့် နှလုံးသွင်း နိုင်တာတွေ ဖတ်လိုက်ရလို့ပါပဲ။

ကျွန်တော့် သူငယ်ချင်းဟာ ရန်ကုန်တက္ကသိုလ်မှာတုန်းက ၁၉၆၂-၆၃ ပဲခူးခရိုင် ကျောင်းသားအသင်းရဲ့ နှစ်ပတ်လည်ပွဲတစ်ခုမှာ ကျွန်တော် ဒါရိုက်တာလုပ်တဲ့ ပြဇာတ်

တချို့ထဲက ပဲခူးသူ ဟာသ ပြဇာတ်ထဲက အမိက ဇာတ်ကောင်တစ်ယောက်အဖြစ် ပါဝင် သရုပ်ဆောင်ခဲ့ပါတယ်။ လူပုံချောချော အမြဲတမ်း ပျော်ပျော်ပါးပါး နေတတ်တဲ့ သူငယ်ချင်းပါ။ ကျောင်းပြီးသွားတော့ သစ်တောဌာနမှာ အရာထမ်းတစ်ယောက်အဖြစ် ပင်စင်ယူတဲ့အထိ အမှုထမ်းခဲ့တယ်။ အခု ကျွန်တော့်ဆီ စာလှမ်းရေးတော့မှ သူ့အဖြစ်တွေ သိရပါတယ်။ အံ့သြစရာကောင်းတာက သူ့စာဟာ နေမကောင်းနေတဲ့ မိတ်ဆွေ တစ်ယောက်ဆီကို အားပေးစကား ပြောတာ ထက်အပြင် တွေးစရာတွေ ဆင်ခြင်စရာတွေ နမူနာယူစရာတွေ အများကြီး ပါနေတာ တွေ့ရလို့ပါပဲ။ ကိုဇော်ဝင်းစာ အရေးအသား ကလည်း ဝါရင့် အယ်ဒီတာတစ်ယောက် အနေနဲ့ပြောရရင် အပြစ်ဆိုစရာ မရှိလောက် အောင် ကောင်းနေတာကို တွေ့ရပါတယ်။ သူ ဒီလောက် စာရေးကောင်းမှန်း ကျွန်တော် သိဖို့ အခွင့်အရေး မရှိခဲ့ပါဘူး။ ဒီလို စာမျိုးဟာ သေချာပေါက် ပုံနှိပ် ဖော်ပြသင့်တဲ့ စာမျိုးဖြစ်ပြီး ဖတ်ရှုမိသူများအဖို့ များစွာ အကျိုး ရှိနိုင်မယ်လို့ ယုံကြည်မိပါတယ်။ ဒါကြောင့် ဒီတစ်ပတ် ကျွန်တော့်ကော်လံအတွက် မိတ်ဆွေကြီး ကိုဇော်ဝင်းရဲ့ ပေးစာကို အမိကထား တင်ပြလိုက်ပါတယ်။

**သူငယ်ချင်း ကိုစိုးသိမ်းရေ–**

*တစ်ခါက တက္ကသိုလ်မှာ ခင်ဗျား ဇာတ်ဆရာ ဒါရိုက်တာလုပ်ပြီး စင်တင်ခဲ့တဲ့ မင်းသား (ဇော်ဝင်း) သတိတရနဲ့ စာရေးလိုက်ပါတယ်။ အကြောင်းကတော့ ဒီမြန်မာ ပြည်မှာ ဂျာနယ်တွေ အမျိုးမျိုး ထွက်နေ ပေမယ့် ခင်ဗျား ဦးစီးတဲ့ ပြည်သူ့ခေတ်ကိုပဲ အပတ်စဉ်မပြတ် ပိုက်ဆံပေး ဝယ်ဖတ်ဖြစ်ပါတယ်။ (သူငယ်ချင်းကို အားပေးချင်တာ တစ်ကြောင်းနဲ့ ပြည်သူ့ခေတ်က ဆောင်းပါးလေးတွေ ကောင်းလှတာကြောင့် တစ်ကြောင်းပါ။ ကိုယ်တိုင်လည်း ဝယ်ဖတ်ပြီး နီးစပ်ရာ အပေါင်းအသင်းများကိုလည်း ကြော်ငြာပါတယ်) အဲဒါ ၂၀၁၂ အောက်တိုဘာ ၁၁ ရက်နေ့ ထုတ် ဂျာနယ်အပတ်စဉ် အတွဲ-၃၊ အမှတ် ၁၁၅ ကို ဖတ်ရာမှာ ခင်ဗျားရေးတဲ့ 'ပြောချင်လွန်းလို့' ကဏ္ဍက 'အားနာခဲ့ကြောင်း မပြောလိုသေးပါ' ဆိုတဲ့ ဆောင်းပါးလေးကို ဖတ်လိုက်ရလို့ ဒီစာကို မဖြစ်မနေ ရေးဖြစ်ခဲ့ပါတယ်။*

*တခြား အကြောင်းတွေ မပြောခင် ကိုယ့်အကြောင်းကိုပဲ အရင် ပြောခွင့်ပြုပါဗျာ။ ကျွန်တော် မြန်မာ့သစ်လုပ်ငန်းကနေ Extension အပါအဝင် နှစ်ပေါင်း ၄၀ တာဝန် ထမ်းဆောင်ပြီး ၂၀၀၆ ဖေဖော်ဝါရီမှာ အငြိမ်းစား ယူခဲ့ပါတယ်။ အငြိမ်းစား ယူလိုက်တော့ နှစ်ပေါင်း ၄၀ ထမ်း လာတဲ့ ထမ်းပိုးက လွတ်ပြီဆိုပြီး ကိုယ့်လို လုပ်ဖော်ကိုင်ဖက် အငြိမ်းစား နှစ်ယောက်၊ သုံးယောက်နဲ့ မြန်မာပြည် တစ်နံတစ်လျားမှာ ဂေါက်သီး လည်ရိုက်ကြတယ်။ ပျဉ်းမနား၊ တောင်ငူ၊ ပြည်၊ ရန်ကုန် စသည်ပေါ့ဗျာ။ ဂေါက်သီး ရိုက်ပြီးရင်လည်း သိတဲ့အတိုင်း ကြိုက်တတ်တဲ့ ယမကာလေးတွေ မှိတ်ရင်း တောင်စဉ်ရေမရ*



*စကားတွေ ပြောပြီး တပျော်တပါး နေလာလိုက်တာ 'ငါ တစ်နေ့ သေရဦးမှာပါလား' ဆိုတာကိုတောင် မေ့နေတယ်ဗျ။ ကျန်းမာရေးကလည်း ဒေါင်ဒေါင်မြည်ပါပဲ။*

*ဒီလိုနဲ့ တစ်နေ့မှာ ညနေဘက် ကိုယ်လေး ငွေ့ချင်သလိုလို အစားအသောက်လည်း ပျက်ချင်သလိုလို၊ Body Weight ကလည်း နည်းနည်း ကျချင်သလိုလို ဖြစ်လာလို့ ဂေါက်သီးရိုက်ဖက် ကိုတင်ဌွေး (ဗိုလ်မှူးတင်ဌွေး (လေ)၊ ဟိုတယ်/ခရီး အငြိမ်းစား) နဲ့ သူ့ဇနီး ဒေါက်တာဒေါ်လှကြင် (အ.ထ.က ၃ ဟောင်း) (စေဘရားသား ဦးစောမောင်သမီး) ရန်ကုန် JICA ဆေးရုံအုပ်ကြီးနဲ့ တိုင်ပင်လိုက်တော့ ရန်ကုန်ကိုခေါ်ပြီး ဆေးစစ်ပေး ကြတယ်။ အဲ... ဆေးလည်း စစ်လိုက်ရော အစာအိမ်မှာ ကင်ဆာတွေ့တယ်။ ချက်ချင်း ခွဲစိတ်ကုသ ဆောင်ရွက်မှုဖြစ်မယ့် အခြေအနေနဲ့ ကြုံတော့တာ ပါပဲ။ ဒေါက်တာ ဒေါ်လှကြင်ကလည်း ကာယကံရှင်နဲ့ မိသားစုကိုတောင် မေးမြန်းမနေတော့ဘဲ ဆေးဝါးကုသမှု ကိစ္စကို အမြန်ဆုံး သူ့ဘာသာ ဆုံးဖြတ် စီစဉ်တော့တာပါပဲ။ (ကျေးဇူးကြီးလှပါပေရဲ့ဗျာ)။*

*ခွဲစိတ်ကုသဖို့ ၂၀၁၀၊ မတ် ၂၉ ရက်နေ့မှာ ဆေးရုံတင်တယ်။ ခွဲစိတ်ဖို့ပြင်ဆင်တယ်၊ ခွဲစိတ် အထူးကု ဆရာဝန်ကြီး ဆေးတက္ကသိုလ် ပါမောက္ခ ဆရာကြီးဦးထွန်းဦးက မခွဲခင်မှာ 'အေးဗျ။ ခွဲတော့ ခွဲရမှာပဲ၊ ကံကောင်းရင်လည်း ၆ လ တစ်နှစ်တော့ နေရမှာပေါ့ဗျာ' လို့ အားပေး တယ်။ (ကံကောင်းရင်နော်)၊ အဲဒီအခါကျတော့မှ 'ငါ သေရတော့မှာပါလား'၊ 'သေခြင်းတရားဟာ ငါနဲ့ လက်တစ်ကမ်းကို ရောက်နေပြီး ငါ့ကို လာနှုတ် ဆက်နေပြီပဲ' လို့ သတိရမိပါတော့တယ်။ ပုထုဇဉ်ပီပီ အစ ပထမတော့ အတော် တုန်လှုပ်သွားတာပေါ့ဗျာ။ ဒါပေမဲ့ ကိုယ့်ဘေးနားက ဇနီးနဲ့ သမီး လေး နှစ်ယောက် မျက်ရည်လေး စမ်းစမ်း ဖြစ်နေတာကို မြင်တော့မှ အဆိုအမိန့် တစ်ခုကို သွားသတိရမိတယ်။* ***'သင့်ကို မွေးဖွားစကာလတွင် သင် သည်းထန်စွာ ငိုကြွေးခဲ့သည်။ ထိုစဉ် သင့်အနားရှိ လူများက လက်ခုပ်လက်ဝါးတီး၍ ရယ်မောနေကြသည်၊ သင် သေဆုံး ကွယ်လွန်တော့မည့်အချိန်တွင် သင့်အနားရှိ လူများသည် ငိုကြွေး ပူပန်နေ ထိမ့်မည်၊ ထိုအခါ သင် ပြုံးနိုင်ပါစေ'*** *တဲ့။*

*ဒါနဲ့ ချက်ချင်းပဲ ကိုယ့်စိတ်ကိုယ် တင်းလိုက်တယ်။ အပီပြင်ဆုံး အပြုံးနဲ့ ဝတ်ဝန်းကျင်က လူတွေအားလုံးကို ပြုံးရွှင်စွာ နှုတ်ဆက်လိုက်ပြီး ဆရာဝန်ကြီးတွေနဲ့ ခေတ်မီ ဆေးဝါးတွေကြောင့် မကြာခင် ပျောက်ကင်း ချမ်းသာသွားမှာပါလို့ ကိုယ်ကပဲ ပြန်ပြီး အားပေး နှစ်သိမ့်ခဲ့ရတယ်။ ခွဲစိတ်ပြီးတော့ အဲဒီ JICA ဆေးရုံကြီးရဲ့ ICU ထဲမှာ ၃ ရက် ထားတယ်။ အဲဒီမှာ ဝေဒနာကလည်း အသည်းဆုံးအချိန်ဆိုတော့ ကိုယ့်ကိုယ်ကိုယ် ငါ ဒီည ကျော်အောင်တောင် ခံပါတော့မလားလို့ အကြိမ်ကြိမ် တွေးစား မိခဲ့တယ်။ သေခြင်းတရားကို အခုမှ စဉ်းစားမိတော့တာရယ်၊ မေ့ဆေးအာ*

ခွဲစိတ်ထားတဲ့ ဒဏ်တွေနဲ့ လူရဲ့ အတွင်းခေါက်ခံမှာတော့ ဆောက်တည်ရာ [...] ဖြစ်ရပါတယ်။ ဒါပေမဲ့ သိတယ် မဟုတ်လား။ ခင်ဗျား တင်ခဲ့တဲ့ မင်းသားလေဗျာ၊ ပြ[...] ရုပ်မှာတော့ အပြုံးမပျက်ဘဲ ပတ်ဝန်းကျင်က လူတွေ အားလုံးကို စိတ်ချမ်း[သာ] စေခဲ့ပါတယ်။ တစ်ဆက်တည်းမှာပဲ ဆေးရုံမှာ လာပေးတဲ့ ဘာသာရေးစာအုပ်[...] တရားခွေလေးတွေကို တတ်နိုင်သမျှ နှလုံးသွင်းနိုင်အောင် ကြိုးစားခဲ့ရတယ်။ [...] ကြိုးစားရင်းနဲ့ လောကကြီးကို အကောင်းမြင်ဝါဒနဲ့ ကြည့်နိုင်လာတယ်။ လူတွေကိုလည်း အကောင်းမြင်ဝါဒနဲ့ ကြည့်နိုင်လာတယ်။ ကိုချစ်စံ မေး/ ပြောထားတဲ့ 'ကျ[...] နီးသလား' ဆိုတာကို ကြားယောင်လာပြီး မဝေးတော့တဲ့ ဒီခရီး မှာ ငါ ဘာ[...] ယူသွားမလဲ၊ ဘာတွေကို ထားရစ်ခဲ့မလဲ ဆိုတာတွေကို စဉ်းစားပြီး အတတ်နိုင်[ဆုံး] အကောင်းဆုံး ပြင်ဆင်၊ ကြိုးစားကြည့်တယ်။ ဒီတော့လည်း လောကကြီးဟာ နေ[ပျော်] သေပျော်တဲ့ လောကကြီးပဲလို့ ခံစားမိလာတယ်။ ဘာသာတရား အဆုံးအ[...] အရာအားလုံးကို ကျေနပ် လက်ခံ ခွင့်လွှတ်တဲ့ စိတ်ကလေးကို ကြိုးစား မွေး[မြူ] ရလာတယ်။ အို... အလွန် ငြိမ်းချမ်းတဲ့ ဘဝတစ်ခုကို ရခဲ့တာပါပဲဗျာ။

အခု ကျွန်တော်တို့ မကြီးကြီးလမ်း (စမ်းချောင်း) က တိုက်ခန်းမှာ ပြောင်းနေကြတယ်။ ကျွန်တော့် အိပ်ရာ ခုတင်ပေါ်ကနေ ရွှေတိဂုံ စေတီတော်ကြီးကို လှမ်းပြီး ဖူးမြင်နိုင်တယ်[...]

အချိန်ကလေးရတိုင်း ဗုဒ္ဓါနုဿတိနဲ့ ဝိပဿနာတရားကို နှလုံးသွင်းနိုင်အောင် ကြိုးစားမိခဲ့ တယ်။ ဗုဒ္ဓရဲ့ တရားတော်ဆိုတာကလည်း တကယ် စနစ်တကျ ချဉ်း[ကပ်] လိုက်နာ၊ ကျင့်ကြံမယ်ဆိုရင် တကယ် ငြိမ်းချမ်းမှုကို ပေးတာပါကလား။ အခု[...] အရင်က မေ့မေ့လျော့လျော့၊ ပေါ့ပေါ့တန်တန်နဲ့ ကုန်ဆုံးခဲ့တဲ့ အချိန်တွေကို[...] နမြောမိတယ်ဗျာ။ ခင်ဗျားလည်း တရားရှုမှတ်တဲ့ အလုပ်ကို အချိန်သတ်မှတ်[...] လုပ်နေတယ်ဆိုလို့ အတိုင်းမသိ ဝမ်းသာပါတယ်။ သာဓုလည်း ခေါ်ပါတယ်။ [...] တကယ့် ငြိမ်းချမ်းရေး အစစ်အမှန်ကို ရတော့တာနော်။

အပျော်ကြီး ပျော်ပြီး သေရမှာကိုတောင် မေ့နေတဲ့ ဘဝကနေ ကင်ဆာ[...] လှုပ်နှိုးလိုက်တော့မှ 'ငါ သေရဦးမှာပါလား။ ငါ့မှာ အချိန် သိပ်မကျန်တော့ပါ[လား]။ ကျန်တဲ့ အချိန်လေးမှာ လုပ်သင့်လုပ်ထိုက် တာလေးတွေကို လုပ်ဦးဗျ။ ယူသွား[သင့်] ယူသွားထိုက်တာလေးတွေ ထုပ်ပိုးဦးမှ၊ ထားခဲ့သင့် ထားခဲ့ထိုက်တာလေး[တွေ] ထားခဲ့ဦးမှ' ဆိုတဲ့ အသံကလေး။ သတိကလေး ရခဲ့တာကြောင့် ကင်ဆာရောဂါကို[...] ကျေးဇူးတင်ရဦးမလိုပါပဲဗျာ။ အခုတော့ ခွဲစိတ်ကုသ၊ ကီမိုဆေး ငါးကြိမ်သွင်း[...] နေလာခဲ့တာ နှစ်နှစ်ခွဲ ရှိသွားပြီ။ ကိုယ့်ကုသိုလ်ကံ ရှိသလောက်တော့ နေရဦးမှာပေါ့[...] ကျန်းမာရေးလေးလည်း အတော် ကောင်းလာပါတယ်။ (အမေ မွေးတုန်းက ထည့်[...] လိုက်တဲ့ ကလီစာတွေထဲက အစာအိမ် တစ်ခုတော့ လျော့သွားပြီဗျ) အစာအိမ်[...]



ခွဲစိတ်၊ ပိုင်းဖြတ်ထုတ်ဖို့ မဖြစ်နိုင်လို့ တစ်ခုလုံးပဲ ထုတ်ပစ်လိုက် ရတယ်လို့ ဆိုတာပဲ ခုတော့လည်း ၃ နာရီခြား တစ်ခါလောက် စားတယ်။ ပြင်းထန်တဲ့ ကောက်ညှင်းထုပ်လို ချစ်တီး ထမင်းလိုမျိုးက လွဲရင် ကျန်တာ အားလုံး အများနည်းတူ စားလို့ရပါတယ်။ သူငယ်ချင်း ဆေးဝါးကုသနေတဲ့ အခုအချိန်မှာ ကျွန်တော့်တုန်းကလို လွန်ခဲ့တဲ့ ၂ နှစ် ၃ နှစ်ကထက် ဆေးဝါးတွေကလည်း ပိုကောင်းလာပြီ။ နည်းပညာတွေကလည်း ပိုတိုးတက်လာတာဆိုတော့ ခင်ဗျားအတွက် စိတ်ပူပင်စရာ မရှိတော့ပါဘူးဗျာ။

ကျွန်တော့်လို အညတရ လူတစ်ယောက်အနေနဲ့ ခင်ဗျားကို စိတ်ဓာတ်ရေးရာ အထူး အားပေးနေစရာလည်း မလိုပါဘူး။ ခင်ဗျားက နိုင်ငံရေးသမား စာပေသမားပဲ။ ကျွန်တော်တို့ထက် အပြန်တစ်ရာမက စိတ်ဓာတ် ခိုင်မာပြီးသားပဲ။ အဲဒီပြင်းပြ ခိုင်မာတဲ့စိတ်နဲ့ပဲ ဒီကင်ဆာ ဆိုတဲ့ အကောင်ကို ကြံ့ကြံ့ခံပြီး ဘဝရှင်သန်အောင် ကြိုးစားရတာပါပဲ။ ဆေးဝါးကုသရတဲ့ အခြေအနေ တိုးတက်ခေတ်မီလာတဲ့ နောက်ဆုံးပေါ် ဆေးဝါးနဲ့ နည်းပညာတွေအရ သူငယ်ချင်း အမြန်ဆုံး နေကောင်း ကျန်းမာလာမှာပါ။ ဒီရောဂါအတွက်ကတော့ ခင်ဗျား ရေးတဲ့ ဆောင်းပါးထဲကလို ဆေးဝါးကုသရတဲ့ စရိတ်ကတော့ အတော် အကြီးသားဗျ။ ဒါပေမဲ့ ခင်ဗျားက အများတကာကို အဆုံးစွန် ကူညီခဲ့တာတွေ၊ ခင်ဗျားပြုခဲ့တဲ့ ကောင်းမှုကုသိုလ်တွေက ခင်ဗျားကို တုမှုတဲ့ အကျိုးပေးလိမ့်မယ်လို့ ကျွန်တော်ကတော့ ယုံကြည်တယ်ဗျာ။

ခုတော့ ခင်ဗျားတို့ ကျွန်တော်တို့က တောရွာတွေမှာ အလှူကြီး အတန်းကြီး လုပ်လို့ထမင်းကျွေးတော့မယ်ဆိုရင် အနီရောင် အပြာရောင် စတဲ့ထမင်းစားလက်မှတ်တွေ ဝေပြီး လော်စပီကာကနေ 'အနီရောင် လက်မှတ်ရထားသူများ ထမင်းစားရုံသို့ ကြွပါ ခင်ဗျာ' ဆိုတာလို လက်မှတ်ရပြီးသားတွေ ဖြစ်နေပြီဗျ။ လာခေါ်တဲ့ အချိန် ထလိုက်သွားရုံပါပဲ၊ သိပ်လည်း တုန်လှုပ်စရာ မရှိတော့ပါဘူး။ အထူးသဖြင့် ခင်ဗျားလို ဝေမြို့က လာခဲ့တဲ့ '(အမှန်တော့ မြစ်ကျိုးကပေါ့ဗျာ) ကမ္ဘာသိ မီဒီယာသမား။ သတင်းစာ သမားကြီး ဖြစ်လာခဲ့တဲ့ လူတစ်ယောက်အဖို့ ကတော့ လောကကြီးဟာ ပိုပြီး နေပျော် သေပျော် ဖြစ်နေပါပြီဗျာ။ ခင်ဗျား ပြန်လာမယ်ဆိုရင် Message လေးတော့ ပို့ပေးလိုက်ပါ[...] လေဆိပ်လာကြိုပါမယ်။ ပြီးတော့ စကားတွေ အများကြီး ပြောကြ သေးတာပေါ့။ အမြန်ဆုံး ကျန်းမာ ချမ်းသာစွာနဲ့ ပြန်လာနိုင်ပါစေ။ စောင့်မျှော်နေတဲ့ သူငယ်ချင်း[...]

**ဇော်ဝင်း**

**ပြည်သူ့ခေတ်ဂျာနယ်**

၁၃၊ အောက်တိုဘာ၊ ၂၀၁၂

အတွဲ ၂ အမှတ် ၁၁၆

○

# ပြည်သူ့ခေတ်ကြီး ရောက်ချိန်နီးမှသာ

ကျွန်တော့် ကျန်းမာရေးနဲ့ ပတ်သက်လို့ ခုလောလောဆယ်တော့ ကျွန်တော် ရန်ကုန်ကို ပြန်ရောက်နေပါပြီ။ စင်ကာပူမှာ နှစ်ကြိမ် ကိုမိုဆေး သွင်းခဲ့ပါတယ်။ ကြားဖူးထားတဲ့အတိုင်း အတော်ကလေးတော့ ခံရ ပေသပေါ့။ သို့သော် ကျွန်တော် သည်းခံ ကျော်လွှား နိုင်ခဲ့ပါတယ်။ စင်ကာပူမှာ ရှိနေတဲ့ သားသမီးများနဲ့ မိတ်ဆွေ သင်္ဂဟများရဲ့ ဝိုင်းဝန်း အားပေးမှုကြောင့်လည်း အားရှိခဲ့ပါတယ်။ ယခု အောက်တိုဘာ ၂၅ နဲ့ နိုဝင်ဘာ ၁ ရက်မှာ ရန်ကုန်မှာ ဆေးသွင်းပါမယ်။ ပြီးရင် နိုဝင်ဘာလဆန်း မှာပဲ စင်ကာပူ ပြန်သွားပြီး ပြန်လည် ဆေးစစ်ပါမယ်။ နောက် ရန်ကုန် ပြန်လာပြီး ဆက်လက်ပြီး ရက်အလိုက် ဆေးသွင်းစရာများ ဆက်လက် ပြုလုပ်ပါမယ်။ ဒီလိုပဲ ဟိုမှာ ဆေးပြန် စစ်လိုက်၊ ဒီမှာ ဆေးပြန်သွင်းလိုက်နဲ့ လာမည့် ဖေဖော်ဝါရီလောက်အထိ လုပ်သွားရဖို့ ရှိပါတယ်။ ဒါ ကျွန်တော့် ကျန်းမာရေးအတွက် အကြမ်းဖျင်း လျာထားချက် လုပ်ငန်းစဉ်များဖြစ်ပါ တယ်။

ပြည်သူ့ခေတ် ဂျာနယ်အတွက် ပြောချင်လွန်းလို့ ကော်လံ ဆောင်းပါး များကိုတော့ နံ့ခွေနေတဲ့ အချိန်များကို ကျော်ပြီး ခေါင်းကြည်တဲ့ အချိန် ကျမှ ရေးနိုင်ပါမယ်။ ယခု အပတ်အတွက်ကတော့ သက်တမ်းစေ့ နေရဖို့ မသေချာတော့တဲ့ ရောဂါဝေဒနာတစ်ခု ကျွန်တော့်မှာ စွဲကပ်နေပြီ ဆိုတာ ကို သိလိုက်ရတဲ့ နောက်ပိုင်း ယခု သီတင်းပတ် သုံးပတ်လောက်အတွင်း အဖန်တလဲလဲ ဆင်ခြင် သုံးသပ်မိတဲ့ ကျွန်တော်ချစ်သော မြန်မာပြည်ရဲ့ နိုင်ငံရေး အခြေအနေများကို အကျဉ်းချုပ် တင်ပြလိုက်ပါတယ်။ ဆောင်းပါးရဲ့ သွေမှာတမ်းလို့ ယူလိုကလည်း ယူနိုင်ပါ၏။



## ခက်ထန်ကြမ်းတမ်းတဲ့ လူသား ဘဝ အစ

မနုဿဗေဒ ပညာရှင် ချားလ်စ်ဒါဝင်ရဲ့ သီအိုရီအရ ကျွန်တော်တို့လူသားတွေရဲ့ ဘဝမူလ အစပိုင်းဟာ အင်မတန် ခက်ထန် ကြမ်းတမ်းခဲ့တာ ဖြစ်တယ်ဗျ။ မိမိထက် ခန္ဓာကိုယ်ထက် ခွန်အားများစွာ ပိုမို ကြီးမားတဲ့ အခြား သက်ရှိ သတ္တဝါတွေရဲ့ ကိုက်ဖြတ် စားသောက်တာ ခံရမယ့် အန္တရာယ်၊ ရေကြီးတာ၊ မုန်တိုင်းတိုက်တာ၊ တောမီးလောင်တာ၊ မီးတောင် ပေါက်တာ၊ မြေငလျင် လှုပ်တာ၊ မိုးခေါင်ရေရှားတာ စတဲ့ သဘာဝ ဘေးအန္တရာယ်တွေရဲ့ သတ်ဖြတ် သုတ်သင်တာ ခံရမယ့် အန္တရာယ်၊ ပလိပ်ရောဂါ၊ ဝမ်းရောဂါ၊ ကျောက်ရောဂါ၊ ငှက်ဖျားရောဂါတို့လို မျိုးဖြုတ် ရောဂါကြီးတွေရဲ့ ညှဉ်းပန်း နှိပ်စက် သတ်ဖြတ်တာ ခံရမယ့် အန္တရာယ်၊ အဲသလို အန္တရာယ် မျိုးစုံကို ရင်ဆိုင် ကျော်လွှားပြီး လူသားမျိုးနွယ် မိမိတို့ မျိုးဆက် ဆက်လက် ရှင်သန်နိုင်အောင် အပြင်းအထန် ရုန်းကန် ကြိုးပမ်းခဲ့ကြရတာ ဖြစ်တယ်ဗျ။

အဲဒီဘဝကနေ နည်းနည်းလေး တိုးတက် ယဉ်ကျေးလာတဲ့ သမိုင်းဦး ဘုံမြေခေတ် နှောင်းပိုင်းမှာတောင် လူသားမျိုးနွယ် အချင်းချင်း အသေအကျေ တိုက်ခိုက်ကြတဲ့ စစ်ပွဲတွေ၊ နိုင်တဲ့ မျိုးနွယ်စုက ရှုံးတဲ့ မျိုးနွယ်စုကို သတ်ဖြတ် စားသောက်ကြ၊ နောက် နည်းနည်းလေး ယဉ်ကျေးလာတော့ ကျွန်ပြုကြတဲ့ ရက်စက် ကြမ်းကြုတ်တဲ့ စစ်ပွဲတွေနဲ့ လူသားမျိုးနွယ်ဟာ ကြုံတွေ့ခဲ့ရပြန်တာ ဖြစ်တယ်ဗျ။

## လူသားအချင်းချင်း ကျွန်ပြုတဲ့ခေတ်

ကွန်မြူနစ်ဝါဒရဲ့ သမိုင်း အမြင်အရ လူသားမျိုးနွယ်ရဲ့ ဘဝဟာ သမိုင်း ဦးဘုံမြေခေတ်ကို လွန်မြောက်ခဲ့ပြီးတဲ့နောက် ဆက်လက် ဖြတ်သန်းလာတဲ့ ကျေးပိုင် ကျွန်ပိုင်ခေတ်၊ မြေရှင် ပဒေသရာဇ်ခေတ်၊ အရင်းရှင်ခေတ်တွေ မှာလည်း ပြင်းထန်ခါးသီးတဲ့ ဝေဒနာတွေ ပွမ်းတီးနေခဲ့တာ ဖြစ်တယ်ဗျ။ ကမ္ဘာပေါ်မှာ လူသားအားလုံးဟာ တန်းတူရည်တူ မွေးဖွားလာခဲ့တာ ဖြစ် ပေမယ့် ကျေးပိုင်ကျွန်ပိုင်ခေတ်မှာ အချို့သော လူသားတွေဟာ အချို့သော လူသားတွေရဲ့ ကျေးကျွန်တွေအဖြစ် ကျွဲ နွား တိရစ္ဆာန်တွေလို ခိုင်းစေခြင်း ခံခဲ့ကြရတယ်။ မြေရှင် ပဒေသရာဇ်ခေတ်မှာ အချို့သော လူသားတွေဟာ အချို့သော လူသားတွေရဲ့ ကျေးတော်မျိုး ကျွန်တော်မျိုးတွေအဖြစ် သတ်ရင်လည်း သေ၊ ထားရင်လည်း ရှင်၊ ထားရာနေ စေရာသွား ဘဝမှာ ကိုယ့်ကိုယ်နဲ့ သူများစိတ် နေခဲ့ကြရတယ်။ အရင်းရှင်ခေတ်မှာ အချို့သော လူသားတွေဟာ အချို့သော လူသားတွေရဲ့ လုပ်အား ခေါင်းပုံဖြတ် အမြတ် ထုတ် သွေးစုပ်မှုကို မခံမရပ် ခံခဲ့ကြရတယ်။

## လူတန်းစား ပဋိပက္ခ ဘယ်တော့ ဇာတ်သိမ်းမလဲ

ကွန်မြူနစ် ဝါဒအရ လူသားမျိုးနွယ်ရဲ့ သမိုင်းဟာ ပဋိပက္ခတွေရဲ့ သမိုင်း တစ်ခုစီလို့ ပြောရင် လူသားနဲ့ သဘာဝတရားရဲ့ ပဋိပက္ခ၊ လူသားနဲ့ အခြား သော သက်ရှိ

သတ္တဝါများရဲ့ ပဋိပက္ခ၊ ဖိနှိပ် အုပ်ချုပ်သူ လူသားတွေနဲ့ ဖိနှိပ်အုပ်ချုပ်ခံ လူသားတွေရဲ့ ပဋိပက္ခ (တစ်နည်း) လူတန်းစား ပဋိပက္ခ တွေသာ ဖြစ်တယ်။ သိပ္ပံပညာ တိုးတက်လာမှုအရ လူသားဟာ အခြား သက်ရှိသတ္တဝါတွေအပေါ် နောက်ဆုံးမှာ အနိုင်ရခဲ့ပြီး သဘာဝတရားနဲ့ လူသားရဲ့ ပဋိပက္ခက ထာဝရ ဆက်လက်တည်ရှိနေမှာ ဖြစ်ပေမယ့် လူ တန်းစား ပဋိပက္ခကတော့ လူသားတိုင်းဟာ မိမိတို့စွမ်းအား ရှိသလောက် အလုပ်လုပ်ကြပြီး အဲဒီလုပ်အားကြောင့် ထွက်ပေါ်လာတဲ့ အသီးအပွင့်တွေ ထဲကနေ မိမိတို့ လိုအပ်သလောက်သာ ယူတဲ့စနစ် စည်ပင် ထွန်းကားတဲ့ လူတန်းစားမဲ့ ကွန်မြူနစ်ခေတ်ကြီး ရောက်တဲ့အခါ ပြီးဆုံးသွားမယ်လို့ ဆိုတယ်ဗျာ။

အခုအချိန်မှာ ကွန်မြူနစ် စနစ်ဆီသို့ လျှောက်လှမ်းနေပါတယ်ဆိုတဲ့ ဘယ်နိုင်ငံရော လစ်ဘရယ် ဒီမိုကရေစီစနစ် ကျင့်သုံးနေပါတယ်ဆိုတဲ့ ဘယ်နိုင်ငံကမှပါ သူတို့ နောက်ဆုံး ရည်မှန်းထားတဲ့ ပန်းတိုင်ဆီသို့ရောက်ပါပြီလို့ တရားဝင် ထုတ်ဖော်ကြေညာခြင်း မရှိသေးတာကိုကြည့်ရင် လူသားမျိုးနွယ်ဟာ ပဋိပက္ခနဲ့ နပန်းလုံးနေရဆဲ ဖြစ်တယ်ဆိုရမှာ ဖြစ်တယ်ဗျ။ ကမ္ဘာ့ ဘယ်နိုင်ငံမှာမှ လူသားရဲ့ ရုန်းကန်မှုဟာ အဆုံး မသတ်သေးတဲ့ သဘောပေါ့ဗျာ။

## မျိုးနွယ် ရှင်သန်ရေးတိုက်ပွဲ သက်သာသွားပြီ

ဒါပေမဲ့ ဒီကနေ့ လူသားတွေ ဆင်နွှဲနေရတဲ့ မျိုးနွယ်ရှင်သန်ရေး တိုက်ပွဲဟာ သမိုင်းဦးဘုံမြေခေတ် လူသားတွေ ဆင်နွှဲခဲ့ရတဲ့ တိုက်ပွဲနဲ့ နှိုင်းစာရင် အပုံကြီး အများကြီး ပိုမိုသက်သာ လွယ်ကူတယ်ဆိုတဲ့ အချက်ကတော့ ထင်ရှား မြင်သာတယ်ဗျာ။ စစ်ပွဲတွေ လူသားအချင်းချင်း နှိပ်စက်ညှဉ်းပန်း သတ်ဖြတ်မှုတွေဟာ လူပေါ်ဦးစ ခေတ်ကလိုပဲ ဒီကနေ့အထိ ဆက်ရှိ နေသေးတာ မှန်ပေမယ့် ဘာပဲပြောပြော ယေဘုယျအားဖြင့် လူသား မျိုးနွယ်ဟာ တစ်ခေတ်ထက် တစ်ခေတ် ပိုမို ယဉ်ကျေး (Civilized) ဖြစ်လာတာနဲ့အမျှ လူသားမျိုးနွယ်ရဲ့ ဝေဒနာဟာ သမိုင်းခေတ် တစ်ခေတ် ထက် တစ်ခေတ်မှာ လျော့ပါး သက်သာလာတာ ငြင်းမရနိုင်ဘူးဗျာ။

ကျွန်တော်တို့ နိုင်ငံရဲ့ ဒီမိုကရေစီ တိုက်ပွဲ သမိုင်းစဉ်ကိုလည်း အဲဒီ လူသား မျိုးနွယ်ရဲ့ သမိုင်းစဉ်နဲ့ ကျွန်တော် နှိုင်းယှဉ် တင်စားချင်တယ် ဗျာ။

ကျွန်တော်တို့ နိုင်ငံမှာ ဒီမိုကရေစီစနစ် လငပုပ် အဖမ်းခံခဲ့ရတဲ့ ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့ကို လူသားရဲ့ သမိုင်းဦး ဘုံမြေခေတ်နဲ့ ကျွန်တော် နှိုင်းယှဉ်ချင်တယ် ဗျာ။ အဲဒီ သမိုင်းဦးဘုံမြေခေတ်၊ သို့မဟုတ် ဒီမိုကရေစီ အမှောင်ခေတ် နိဒါန်းမှာ ပထမဆုံး လူသားမျိုးနွယ်တွေနဲ့ တူတဲ့ ရန်ကုန်တက္ကသိုလ် ကျောင်းသားများဟာ ဒီမို ကရေစီ လူသားမျိုးနွယ် ဆက်ရှင်သန်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြတာကို ကျွန်တော် သတိရနေတယ်ဗျာ။



အဲဒီနောက် သမိုင်းခေတ် တစ်ခေတ်ကိုအကူး ၁၉၇၄-၇၅-၇၆ ခုနှစ် တွေမှာ အလုပ်သမားတွေ ရဟန်းရှင်လူ၊ ကျောင်းသား၊ ပြည်သူတွေရဲ့ လှုပ်ရှား ရုန်းကန် နှုန်းလွှတ် စွန့်စားမှုများစွာကို သတင်းစာ ဆရာတစ်ယောက် ဘဝနဲ့ ကျွန်တော် မျက်မှောက်ပြု ခဲ့ရပြန်တယ်ဗျ။

နောက် သမိုင်းတစ်ခေတ်ဖြစ်တဲ့ ကြီးမြတ်လှပါသော ၁၉၈၈ ရှစ်လေးလုံး အရေးတော်ပုံကြီးမှာလည်း ဒီမိုကရေစီ လူသားမျိုးနွယ် ရှင်သန်ရေး၊ ရှုပ်ရှုပ်ချွံချွံ ကြိုးပမ်းခဲ့ကြသူတွေဟာ လမ်းတွေပေါ်မှာ၊ ထောင်တွေထဲမှာ၊ တောတွေထဲမှာ အသက်တွေ ပေးခဲ့ကြရပြန်တယ်ဗျာ။ အဲဒီနောက် အဲဒီ သမိုင်းခေတ်နဲ့ တစ်ဆက်တည်း ဖြစ်တဲ့ ၁၉၉၆၊ ၂၀၀၇ ခုနှစ်တွေမှာ ရဟန်းရှင်လူ၊ ကျောင်းသား၊ ပြည်သူတွေရဲ့ ဘဝတွေ ထပ်ပြီး ပေးဆပ်ခဲ့ကြတာကို ကျွန်တော် ဖြတ်သန်းခဲ့ရသေးတယ်ဗျာ။

## ဒီမိုကရေစီရေး အသီးအပွင့်တွေ

အားလုံး သိကြတဲ့အတိုင်း အခု အချိန်မှာတော့ အဲဒီခေတ် အဆက်ဆက်က ပေးဆပ်ခဲ့မှု တွေကြောင့် ဒီမိုကရေစီရေး အသီးအပွင့်တွေ စတင် ဖြစ်ထွန်းပေါ်ပေါက်လာနေပြီ ဖြစ်တယ်။ နှစ်ပေါင်း ငါးဆယ်လောက် အဖျက်သမားတွေ ကိုလိုနီနယ်ချဲ့ လက်ပါးစေတွေ ဆူပူ သောင်းကျန်း သူတွေ၊ ပုဆိန်ရိုးတွေ၊ အဆိုးမြင်ဝါဒီတွေ၊ အမေရိကန် ငွေကြီးရဲ့ လက်ကိုင်တုတ်တွေ အမေကျော် ဒွေးတော်လွမ်းသူတွေအဖြစ် စစ် အစိုးရ အဆက်ဆက်ရဲ့ နာမည်ပေး ကင်ပွန်းတပ်ခြင်း ခံလာခဲ့ကြရ သူတွေဟာ အခုအချိန်မှာ လွှတ်တော်ထဲ ရောက်သူရောက်၊ အစိုးရရဲ့ အရေးတယူ နေရာပေး အလေးထား ဆက်ဆံတာ ခံရသူ ခံရနဲ့ အခြေ အနေဟာ အများကြီး ပြောင်းလဲသွားခဲ့ပြီ ဖြစ်တယ်ဗျာ။

မြန်မာ့ ဒီမိုကရေစီ လူသားမျိုးနွယ် ရှင်သန်ထွန်းကား ပြန့်ပွားရေး လုပ်ငန်းစဉ်ဟာ လုပ်စရာတွေ အများကြီး ကျန်ရှိနေသေးတာတော့ အမှန် ဖြစ်တယ်ဗျ။ အထူးသဖြင့် ကြားဖြတ်ရွေးကောက်ပွဲမှာ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်က ကိုင်စွဲ ကြွေးကြော်ခဲ့ပြီး ကျွန်တော်တို့ နိုင်ငံရဲ့ အဓိက လိုအပ်ချက်တွေလည်းဖြစ်တဲ့ တရားဥပဒေ စိုးမိုးရေး ငြိမ်းချမ်း ရေးနဲ့ အခြေခံဥပဒေ ပြင်ဆင်ရေး လုပ်ငန်းတွေကို ပြီးမြောက် အောင်မြင် ဖို့ ရေမှာ အများကြီး ရုန်းကန် ကြိုးပမ်းကြရဦးမှာ ဖြစ်တယ်ဗျ။ အဲဒီ လုပ်ငန်းစဉ်ဟာ အခက်အခဲ အတားအဆီး အနှောင့်အယှက်တွေနဲ့ ကြုံရမယ့် အလားအလာတွေ ရှိနေသေးတာ ဖြစ်တယ်ဗျာ။

## ပြည်သူ့ခေတ်ကြီး ရောက်ပြီဆိုတဲ့ အချိန် အထိ

ဒါပေမဲ့ လွန်ခဲ့တဲ့ နှစ်ငါးဆယ်ကနဲ့စာရင် အခုအချိန်မှာ ဒီမိုကရေစီ ဘက်တော်သားတွေ ကြုံတွေ့ရဖွယ်ရှိတဲ့ အဲဒီ အဟန့်အတားတွေဟာ မဖြစ်စလောက်ပါလို့ ဘယ်တို့မ

မဆိုနိုင်သေးသည့်တိုင်အောင် အပုံကြီး လျော့နည်း သွားခဲ့ပြီလို့တော့ ဆိုနိုင်မှာ ဖြစ်တယ်ဗျ။ ပြောရရင် ပြီးခဲ့တဲ့ နှစ်ငါးဆယ်လုံးလုံး ကျွန်တော်တို့ ဒီမိုကရေစီ ဘက်တော်သားတွေဟာ မိမိတို့ ယုံကြည်ချက်အတွက် ဘဝတွေ၊ အသက်တွေ အထိ ပေးဆပ်ရ နိုင်တယ်ဆိုတဲ့ အတွေးက ကျွန်တော်တို့ စိတ်တွေကို အမြဲလွှမ်းမိုးနေခဲ့တာ ဖြစ်တယ်ဗျာ။ ညကြီးသန်းခေါင် ကိုယ့်အိမ်နား ဆိုင်ကယ်၊ ကားရပ်သံကြားရင် အိပ်ရာက ဖျတ်ခနဲထပြီး အသင့်ပြင်ဆင်ထားတဲ့ အထုပ်ကို လက်က အလိုလို ဆွဲမိလျက်သား ဖြစ်နေခဲ့ကြတာ ဖြစ်တယ်ဗျာ။ ဘယ်ဌာနက ဘယ်သူတွေမှန်း မသိတဲ့လူတွေရဲ့ ခေါ်သွားတာ ခံရပြီဆိုရင်လည်း ကျန်ရစ်တဲ့ မိသားစုဝင်တွေဟာ ငါတို့အဖေ၊ အစ်ကို ခင်ပွန်းကို ဘယ်တော့မှ ပြန်တွေ့ရမှာလဲ၊ ပြန်ရော တွေ့မှတွေ့ရပါဦးတော့မလားဆိုတဲ့ ပူပန်သောကတွေ တစ်ပွေ့တစ်ပိုက်နဲ့ ကျန်ရစ်ခဲ့ကြရတာ ဖြစ်တယ်ဗျ။

အခုတော့ အားလုံး သိကြတဲ့အတိုင်း အခြေအနေတွေဟာ မျက်လှည့် ပြလိုက် သလိုလို့ တင်စားရလောက်အောင် ပြောင်းလဲသွားခဲ့ပြီ ဖြစ်တယ်ဗျာ။ နိုင်ငံရေးဟာ မဝင်ကောင်းတဲ့ နယ်မြေဖြစ်တယ်ဆိုတဲ့ အယူအဆဟာ ကျွန်တော်တို့ပြည်သူများအကြား အတော်အတန် အားပျော့မှေးမှိန်စ ပြုလာနေပြီဖြစ်တယ်ဗျာ။ နိုင်ငံတစ်လွှားမှာနိုင်ငံရေး လှုပ်ရှားမှုတွေဟာ တစ်နေ့တခြား အားကောင်း မောင်းသန် ဖြစ်လာနေပြီ ဖြစ်တယ်ဗျာ။

ဒီအချိန်မှာ မြန်မာပြည်သူတိုင်း (ပြည်သူတိုင်း) ဟာ မိမိတို့ စိတ်သန်ရာ နိုင်ငံရေး လှုပ်ရှားမှုများမှာ ပျော်ပျော် ရွှင်ရွှင်၊ ထက်ထက် သန်သန် တက်တက် ကြွကြွ ပါဝင်ဆင်နွှဲကြရမယ့်အချိန် ဖြစ်တယ်ဗျ။ နိုင်ငံရေး ပါတီဝင်လိုသူများက ပါတီရွေး ဝင်ကြ၊ ပွင့်လင်း လူ့အဖွဲ့အစည်း ပေါ်ပေါက်ရေး၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး လူသားချင်း စာနာရေး စတဲ့ လူသား အကျိုးပြု လုပ်ငန်းလုပ်ဖို့ စိတ်ဝင်စားသူတွေ ကိုယ် ပါဝင်လိုတဲ့ လှုပ်ရှားမှုမှာ ပါဝင်ကြ၊ ကျောင်းသားတွေ၊ အလုပ် သမားတွေ လယ်သမားတွေလည်း သက်ဆိုင်ရာ အသင်းအပင်း အစည်းအရုံးတွေ ဖွဲ့စည်း ထူထောင် ပါဝင်လှုပ်ရှားကြ။ အဲသလို ပြည်သူအားလုံး မြို့မြို့ဆိုင်ဆိုင် သိုင်းသိုင်းဝိုင်းဝိုင်း ပါဝင် ဆင်နွှဲ လှုပ်ရှားကြရမယ့် အချိန်ဖြစ်တယ်ဗျ။

အဲသလိုလုပ်ကြဖို့ လိုအပ်တဲ့အကြောင်းရင်းကတော့ နိုင်ငံရေးမှာ ပြည်သူတွေ ပိုပြီးများများ ပါဝင်လေ ပြည်သူ့ခေတ်သို့ ပိုပြီး မြန်မြန် ရောက်လေ ဖြစ်မှာကြောင့် ဖြစ်တယ်ဗျာ။ ပြည်သူ့ခေတ်ကြီး ရောက်ပါ ပြီလို့ ပြောနိုင်တဲ့ အချိန်အထိတော့ ကျွန်တော် လူ့ဘဝမှာ နေချင်ပါသေးတယ်ဗျ။

**ပြည်သူ့ခေတ်ရှာမှတ်း**

*၂၁၊ အောက်တိုဘာ၊ ၂၀၁၂*

*အတွဲ ၃၊ အမှတ် ၁၁၅*

○

## ပြည်ထောင်စု စစ်စစ်မှုကို လက်ခံကြပြီဆိုရင် ရွှေပြည်တော် မျှော်တိုင်းမဝေးတော့ပါပြီ

အခုလောလောဆယ်မှာ 'အဆိုးထဲက အကောင်း' ဆိုသလို တစ်ဖက်မှာ သေမိန့်ကျ ရောဂါတစ်ခုအဖြစ် အများနားလည်ထားကြတဲ့ ကင်ဆာရောဂါနဲ့ စစ်ပွဲ ဆင်နွှဲနေရပေမယ့် အခြားတစ်ဖက်မှာတော့ အရင်ကနဲ့စာရင် အချိန်ပိုရသလို ဖြစ်နေတာကြောင့် စာတွေ ပိုပြီး ဖတ်ဖြစ်နေတယ်ဗျ။ အထူးသဖြင့် ဒီကနေ့ စာဖတ်သူအများစုကို သူ့ထက်ငါကောင်း အပြိုင် အဆိုင် စည်းရုံး ဆွဲဆောင်နေကြတဲ့ ဂျာနယ်တွေကို ပိုပြီးတော့လည်း များများ ပိုပြီးတော့လည်း စူးစူးနစ်နစ် ဖတ်ဖြစ်နေမိတယ်ဗျာ။

### ဦးခွန်ထွန်းဦးရဲ့ စကား

အခုရက်ပိုင်းအတွင်း ဖတ်ဖြစ်ခဲ့တဲ့ ဂျာနယ်ပါ သတင်းဆောင်းပါး တွေဆုံ မေးမြန်းခန်း တွေထဲက ကျွန်တော့်အာရုံမှာ လာငြိတာတွေထဲက တစ်ခု ကတော့ The voice ဂျာနယ်ထဲက ရှမ်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးရဲ့ စကားတစ်ခွန်း ဖြစ်တယ်ဗျ။ ဂျာနယ်ထဲမှာပါတဲ့ သူ့စကားက ဒီလိုဗျာ။ 'လွန်ခဲ့တဲ့ နှစ်ရက်ကလောက်က သမ္မတရုံး ဝန်ကြီး ဦးအောင်မင်းက ဖက်ဒရယ်ဆိုတာ ပြည်ထောင်စုမှုလို့ လက်ခံလာသလို နိုင်ငံရေးပါတီတွေ၊ သတင်းဂျာနယ်တွေမှာလည်း ဖက်ဒရယ်စနစ်နဲ့ ခွဲထွက်ရေး မဟုတ် ဆိုတာကို ကျယ်ကျယ်ပြန့်ပြန့် သိရှိလာတယ်။ အတိုး အခနဲ့

အန်ကယ်ကိုယ်တိုင် ထောင်ကျခံပြီး ဖက်ဒရယ်ကို နားလည် လက်ခံ လာအောင် ကြိုးပမ်းရကျိုးနပ်တယ်' လို့ ပြောလိုက်တာဗျ။

## ခွဲထွက်ရေးမူအမြင်ကို စွန့်လွှတ်လိုက်ပြီလား

အားလုံး သိကြတဲ့အတိုင်း ၂၀၀၈ အခြေခံဥပဒေအရ ၂၀၁၀ ရွေးကောက်ပွဲနဲ့ တက်လာတဲ့ အစိုးရလက်ထက်မှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနဲ့ ငြိမ်းချမ်းရေး ရရှိရေးအတွက် အစိုးရကို ကိုယ်စားပြုပြီး စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်နေတဲ့ ယခင် မီးရထားဝန်ကြီး၊ ယခု သမ္မတရုံးဝန်ကြီး ဦးအောင်မင်းဟာ ယခင် စစ်အစိုးရ လက်ထက်က တိုင်းမှူးအဆင့်အထိ တာဝန်ယူခဲ့ဖူးတဲ့ စစ်အရာရှိဟောင်းကြီးတစ်ဦး ဖြစ်တယ်ဗျ။ အဲဒီတော့ ဦးခွန်ထွန်းဦး စကားအရ ဖက်ဒရယ်မူကို ခွဲထွက်ရေးမူအဖြစ် နှစ်ပေါင်း ငါးဆယ်လောက် သဘောထားလာခဲ့ကြတဲ့ စစ်ဗိုလ်ချုပ်ကြီးတွေရဲ့ ကိုယ်စားလှယ်တစ်ဦးဟာ လွန်ခဲ့တဲ့ နှစ်ရက်လောက်ကမှ အဲဒီအမြင်ကို စွန့်လွှတ်လိုက်တဲ့ သဘောလို့ ယူဆရမှာ ဖြစ်တယ်ဗျ။

## အဓိက အကြောင်းပြချက်ကြီး

ဖယ်ဒရယ်မူဆိုတာ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေးစနစ် တစ်ဆစ်ချိုး ကွေ့သွားခဲ့တဲ့ ဇာတ်လမ်းမှာ အဓိက အကြောင်းပြချက်ကြီး ဖြစ်ခဲ့တယ်ဗျ။ အကြောင်းကတော့ ပါလီမန် ဒီမိုကရေစီစနစ်ကို မြေမြှုပ် သင်္ဂြိုဟ်၊ သူ့အခေါ် ဆိုရှယ်လစ် ဒီမိုကရေစီစနစ် ပြည်သူလူထု အများစုကြီးအခေါ် ဆိုရှယ်လစ် အရေခြုံ တစ်ပါတီ အာဏာရှင်စနစ်ကို ဗိုလ်ချုပ်ကြီးနေဝင်း ထူထောင်ရာမှာ သူ အဓိကပေးခဲ့တဲ့ အကြောင်းပြချက်က အဲဒီ ဖက်ဒရယ်မူ ဖြစ်တယ်ဗျ။ ၁၉၄၇ အခြေခံဥပဒေထဲမှာ ထည့်သွင်းထားတဲ့ ခွဲထွက်ခွင့် တစ်နည်း၊ ဖက်ဒရယ်မူကို အကြောင်းပြုပြီး ပြည်နယ်တစ်ခုက ခွဲထွက်ဖို့ ကြံစည် ကြိုးပမ်းလာတာကြောင့် ပြည်ထောင်စုကြီး မပြိုကွဲသွားရလေအောင် နိုင်ငံတော် အာဏာကို တပ်မတော်က ရယူ ထိန်းသိမ်းလိုက်တာဖြစ်တယ်လို့ အဲဒီတုန်းက ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းက တိုင်းပြည်ကို အသိပေး ကြေညာခဲ့တာ ဖြစ်တယ်ဗျ။

## အကြံ့ရ ကျပ်နေတုန်းမှာ

ရှစ်ဆယ့်ရှစ်အရေးတော်ပုံ ကာလအတွင်း ကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်လာတဲ့ သတင်းတစ်ခုမှာ ဗိုလ်ချုပ်ကြီးနေဝင်းဟာ အာဏာသိမ်းတဲ့ကိစ္စ (ပထစ အစိုးရ ခေါင်းဆောင်တွေနဲ့ ရှမ်းစော်ဘွား အများစုကို ဖမ်းဆီး ထိန်းသိမ်းတဲ့ကိစ္စ) ပြီးတဲ့နောက် တပ်မတော်က ဘာကြောင့် အာဏာသိမ်း ရတယ်ဆိုတာ တိုင်းပြည်ကို တရားဝင်



အသိပေးကြေညာဖို့ အကြံ့ရ ကျပ်နေတုန်း သူ့လက်ထောက် စစ်ဗိုလ်ကြီးတစ်ဦးက ကြေညာချက် တစ်စောင် ရေးယူလာတယ်။ အဲဒီကြေညာချက်ထဲမှာ ဖက်ဒရယ်မူကြောင့် ပြည်ထောင်စုကြီး ပြိုကွဲရတော့မယ့် အန္တရာယ်ရှိလာတဲ့အတွက် အာဏာ သိမ်းရတယ်လို့ ရေးထားတယ်။ အဲဒါကို ဗိုလ်ချုပ်ကြီးနေဝင်းက ဖတ်ကြည့်ပြီး 'အေး ကောင်းတယ်။ အဲဒီအတိုင်း ရေဒီယိုက အသံလွှင့် ကြေညာလိုက်' လို့ ပြောခဲ့တယ်လို့ ဆိုတယ်။ အဲဒီဖော်ပြချက်သာ မှန်တယ် ဆိုရင်တော့ ဗိုလ်ချုပ်ကြီးနေဝင်းဟာ ဖက်ဒရယ်မူကြောင့် ပြည်ထောင်စုကြီး ပြိုကွဲမှာကို တကယ်ပဲ စိုးရိမ်ပြီး အာဏာသိမ်းတာ မဟုတ်ဘဲ သိမ်းချင်လို့ သိမ်းပြီးမှ ဖက်ဒရယ်မူနဲ့ ပြည်ထောင်စု ပြိုကွဲမယ့် အန္တရာယ်ဆိုတာကို တမင် သက်သက် ဆင်ခြေဆင်လက် ဆင်နွှဲရွှင်ပြုလိုက်တာ ဖြစ်တယ်လို့ ယူဆရမှာ ဖြစ်တယ်ဗျ။

## ဝန်ကြီးချုပ်ဟောင်း ဦးနုရဲ့ သဘောထား

ထားပါတော့ဗျာ။ အခုအချိန်မှာ ဗိုလ်ချုပ်ကြီးနေဝင်းရော၊ အဲဒီကြေညာချက် ရေးယူလာတဲ့ စစ်ဗိုလ်ကြီးရော၊ အဲဒီ အာဏာသိမ်းပွဲပြီးနောက် ဖွဲ့စည်းတဲ့ တော်လှန်ရေးကောင်စီအဖွဲ့ဝင် အကုန်လုံးနီးပါးလောက် မရှိကြတော့ပြီမို့ ဒီကိစ္စကို အကျယ်အကျယ် မငြင်းဖွယ် လုပ်မနေချင်တော့ပါဘူးဗျာ။ တစ်ဆက်တည်းမှာ ဝန်ကြီးချုပ်ဟောင်း ဦးနုက ' ပြည်ထောင်စုကြီး ပြိုကွဲမယ့်အန္တရာယ် အမှန်တကယ် ရှိနေပြီလို့ ကျုပ်ကို နှစ်မိနစ် လောက်ပဲ ကြိုပြောပါ၊ အာဏာသိမ်းစရာ မလိုပါဘူး။ ကျုပ်ကိုယ်တိုင် တပ်မတော်ကို အာဏာအပ်မှာပါ' လို့ ပြောခဲ့တာကို ၁၉၆၆ ခု စက်တင်ဘာလက သတင်းထောက် တစ်ယောက်ဖြစ်တဲ့ ကျွန်တော်ကိုယ်တိုင် နားနဲ့ဆတ်ဆတ် ကြားခဲ့ရပြီး သတင်း ရေးခဲ့ဖူးပါတယ်။ ဝန်ကြီးချုပ်ဟောင်း ဦးနုလည်း အခုအချိန်မှာ မရှိတော့ပြီမို့ ဒီကိစ္စကို 'ရာဇဝင်ထဲမှာ ထားရစ်ခဲ့' လို့ ဆိုရတော့မပေါ့ဗျာ။

## ပြည်ထောင်စု ပြိုကွဲရေးဆိုတဲ့ အမြင်

ဖက်ဒရယ်မူကြောင့် အာဏာသိမ်းတာလား။ အာဏာသိမ်းပြီးမှ ဖက်ဒရယ်မူကို အကြောင်းပြချက် ဆင်ခြေအဖြစ် ဆွဲသုံးသလားဆိုတဲ့ အချက်ကို ရာဇဝင်ထဲမှာ ထားရစ်ခဲ့လို့ ရကောင်းရမှာဖြစ်ပေမယ့် ရာဇဝင် ထဲမှာ မနေရစ်ခဲ့ဘဲ အဲဒီနောက် နှစ်ပေါင်းများစွာအထိ လိုက်လာခဲ့တဲ့ကိစ္စ ကတော့ မြန်မာပြည်သူ အစိုးတ်အပိုင်းတချို့ အထူးသဖြင့် မျိုးဆက်သစ် တပ်မတော် ခေါင်းဆောင် အများစု စိတ်ထဲ ဖက်ဒရယ်မူဆိုတာကို ပြည်ထောင်စု ပြိုကွဲရေး လမ်းစအဖြစ် စွဲနေကြတဲ့ကိစ္စ ဖြစ်တယ်ဗျ။ တကယ်ပဲ စိုးရိမ်လို့လေလား။ ဒါမှမဟုတ် သူ အာဏာသိမ်းတဲ့ ကိစ္စကို

တရားမျှတတယ် ( justify ) လို့ အများက မြင်အောင်လေလားတော့ မသိဘူး။ ဗိုလ်ချုပ်ကြီးနေဝင်းနဲ့ သူ ဦးဆောင်တဲ့ အစိုးရ ပုံသဏ္ဌာန်နှစ်ခု (တော်လှန်ရေးကောင်စီနဲ့ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ) က အဲဒီ အချက်ကို ထပ်တလဲလဲ သံမှိုနှက်သလို နှက်ခဲ့တာကြောင့်လည်း အဲသလို စွဲနေခဲ့ကြတာ ဖြစ်တယ်ဗျ။

## ရွှေပြည်တော် မျှော်တိုင်းမနီး

ဗိုလ်ချုပ်ကြီးနေဝင်းက ဖက်ဒရယ်မူကို ရိုးရိုးသားသား စိုးရိမ်စိတ်နဲ့ပဲ ဖြစ်ဖြစ်၊ မရိုးမသား အသုံးချခဲ့တာပဲဖြစ်ဖြစ် သူကတော့ အဲဒီ ပုစ္ဆာကို ပဟေဠိအဖြစ်ထားခဲ့ပြီး လောကထဲက ထွက်သွားခဲ့ပြီမို့ သူ့အတွက်တော့ ပြဿနာ မရှိတော့ဘူးဗျာ။ ပြဿနာရှိနေတာက ဖက်ဒရယ်မူကို ပြည်ထောင်စု ဖြိုခွဲရေးမူအဖြစ် တပ်မတော်ခေါင်းဆောင် အဆက်ဆက်က သဘောထားနေခဲ့ကြတာကြောင့် ကျွန်တော်တို့နိုင်ငံမှာ ပြည်တွင်းစစ်မီး မငြိမ်းနိုင် ဖြစ်နေခဲ့တဲ့ ကိစ္စဖြစ်တယ်ဗျ။ တပ်မတော်ခေါင်းဆောင်တွေက ဖက်ဒရယ်မူဆိုတဲ့ စကားပြောလိုက်တာနဲ့ ပြောတဲ့သူကို မျက်ထောင့် နီကြီးတွေနဲ့ ကြည့်၊ ဖက်ဒရယ်မူကို ကိုင်စွဲပြီး မိမိ လူမျိုးစု အခွင့်အရေး ( Nationality's Right ) အတွက် တိုက်ပွဲဝင်နေသူတွေကို လူမျိုးစု သောင်းကျန်းသူတွေအဖြစ် ရှုမြင်လာကြရင်းနဲ့ပဲ ကျွန်တော်တို့နိုင်ငံမှာ ငြိမ်းချမ်းရေး ကင်းမဲ့ပြီး ရွှေပြည်တော် မျှော်တိုင်းမနီး ဖြစ်လာခဲ့တာ အခုတိုင် ဖြစ်တယ်ဗျ။ ငြိမ်းချမ်းရေးမှ မရတော့လည်း ကျွန်တော်တို့ နိုင်ငံတကာမှာ မပြောနဲ့ ဒေသတွင်းမှာတောင် ခားမ နောက်ပိတ်ခွေး ဖြစ်တာ ဘာဆန်းသလဲဗျာ။

## ပြန်လည် ဆန်းစစ် သုံးသပ်ခွင့်ရှိ

အခုအချိန်မှာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုရဲ့ အကျိုးဆက်အဖြစ် စာနယ်ဇင်း လွတ်လပ်ခွင့်လည်း အတော်ကလေးရလာနေပြီမို့ ဖက်ဒရယ် မူနဲ့ ပတ်သက်ပြီး တိုင်းရင်းသားခေါင်းဆောင်တွေ ကိုယ်တိုင် ပြောနေ ဆိုနေ ရေးနေ သားနေကြပြီမို့ ဖက်ဒရယ်မူနဲ့ ပတ်သက်ပြီး တကယ် အဓိပ္ပာယ် အစစ်အမှန်ကို ပြည်သူတွေ အတော်ကလေး သဘောပေါက် နားလည်နေကြပြီလို့ ကျွန်တော် ယူဆတယ်ဗျာ။ တပ်မတော်သားတွေလည်း ဖယ်ဒရယ်မူနဲ့ ပတ်သက်ပြီး မိမိတို့ အရင်တုန်းက ရှိထားခဲ့တဲ့ နားလည် သဘောပေါက်မှုဟာ မှန်မမှန်ဆိုတာကို ပြန်လည် ဆန်းစစ် သုံးသပ်ခွင့် ရရှိနေကြပြီ ဖြစ်တယ်ဗျာ။ ကျွန်တော်တို့ ပြည်သူ့ခေတ်ဂျာနယ်မှာ ဦးအေးသာအောင် အခန်းဆက်ရေးခဲ့တဲ့ ပင်လုံနဲ့ ဖယ်ဒရယ် ဆောင်းပါးတွေကို ဖတ်ရှုခဲ့ကြသူများ အနေနဲ့ ကျွန်တော်တို့ ပြည်ထောင်စုကြီးရဲ့ အတိတ်ကို မှန်မှန်ကန်ကန် သိရှိပြီး အနာဂတ်အတွက် မြော်မြော်မြင်မြင်နဲ့ တွေးဆနိုင်ကြလိမ့်မယ်လို့ ကျွန်တော်ယုံကြည်တယ်ဗျ။



## ပြည်နယ်အာဏာ ခွဲဝေပေးရေး အဓိက

တကယ်တော့ ၁၉၆၁ အစောပိုင်းကာလမှာ တိုင်းရင်းသား ခေါင်းဆောင်အချို့(အထူးသဖြင့် ရှမ်းစော်ဘွားတွေ) ပြည်ထောင်စုအစိုးရကို အရေးဆိုဖို့ စီစဉ်ခဲ့ကြတာက ခွဲထွက်ခွင့်တောင်းဖို့ မဟုတ်ဘူးဗျ။ ပင်လုံညီလာခံမှာ ချမှတ်ခဲ့တဲ့ အခြေခံမူများမှ တစ်စတစ်စ သွေဖည်လာပြီး တစ်နေ့တခြား တိုးတက် ဆုံးရှုံးလာနေတဲ့ တိုင်းရင်းသားလူမျိုး အခွင့်အရေးတွေကို မှန်မှန်ကန်ကန် ရရှိဖို့ ဖြစ်တယ်ဗျ။ တစ်နည်းပြော ရရင် ၁၉၄၇ အခြေခံဥပဒေမှာ ဖော်ပြထားတဲ့ တိုင်းရင်းသား အခွင့် အရေးတွေကို လက်တွေ့မှာ အမှန်တကယ် ရရှိရေး တောင်းဆိုဖို့သာ စီစဉ်ခဲ့တာ ဖြစ်တယ်ဗျ။ နိုင်ငံရေးရဲ့ သဘာဝအတိုင်း အကျပ်ကိုင်တာ ဖိအားပေးတာ ဈေးဆစ်တာ ဈေးကိုင်တာတွေတော့ ပါချင်လည်းပါမှာ ပေါ့ဗျာ။ ဒါပေမဲ့ တိုင်းရင်းသား ခေါင်းဆောင် အများစုက ပြည်ထောင်စုက ခွဲထွက်လိုစိတ် မရှိကြတာတော့ ကျွန်တော် လေ့လာမိသလောက် သေချာတယ်ဗျာ။ သူတို့ အဓိက လိုချင်ကြတာက ပြည်ထောင်စု အာဏာနဲ့ ပြည်နယ်တွေရဲ့ အာဏာကို ပင်လုံညီလာခံ (တစ်နည်း) ၁၉၄၇ အခြေခံဥပဒေပါ ဖော်ပြချက်တွေအတိုင်း တိတိကျကျ ခွဲဝေ ပေးဖို့ပဲ ဖြစ်တယ်ဆိုတာ အထောက်အထားတွေ အများကြီး ရှိပါတယ်ဗျာ။

ကျွန်တော်တို့နိုင်ငံကို ပြည်ထောင်စု မြန်မာနိုင်ငံလို့ တရားဝင် ခေါ်ထားပေမယ့် တိုင်းရင်းသားတွေကတော့ 'ပြည်ထောင်စု အမည်ခံ တစ်ပြည်ထောင်တည်း' အဖြစ် တစ်လျှောက်လုံး ရှုမြင်ခဲ့ကြတယ်ဗျ။ ကျွန်တော်တို့ တကယ် စစ်မှန်တဲ့ ငြိမ်းချမ်းရေး လိုချင်ကြတယ်ဆိုရင်တော့ တိုင်းရင်းသားတွေ ရင်ထဲက အဲဒီအမြင် ပပျောက်လွင့်စင်သွားအောင် လူများစုဖြစ်တဲ့ ကျွန်တော်တို့ ဗမာတွေက လုပ်ဆောင်ကြရမှာ ဖြစ်တယ်ဗျ။ ဒီတော့မှသာ ရွှေပြည်တော် မျှော်တိုင်းမဝေးတော့မယ့် အခြေ အနေကို ဆိုက်ရောက်မှာ ဖြစ်တယ်ဗျာ။

## ဗိုလ်ချုပ်အောင်ဆန်းရဲ့စကား

ကျွန်တော်ကတော့ တိုင်းရင်းသားဒေသတွေမှာ သေနတ်သံတွေ မစဲသေးဘူးဆိုတဲ့ သတင်းတွေ ကြားရတိုင်း လွတ်လပ်ရေး ဗိသုကာ တိုင်းရင်းသား သွေးစည်းညီညွတ်ရေး ဗိသုကာ၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့စကား တစ်ခွန်းကို အမြဲ ကြားယောင်မိ တယ်ဗျာ။ ၁၉၄၇ အခြေခံဥပဒေထဲမှာ ပြည်နယ် ခွဲထွက်ခွင့် ပုဒ်မထည့်ဖို့ ကိစ္စကို မြန်မာ ခေါင်းဆောင်တချို့က ကန့်ကွက်ကြတော့ ဗိုလ်ချုပ်က 'အိုဗျာ... ဒီဆယ်နှစ်အတွင်း ပြည်နယ်တွေ ခွဲမထွက်ချင်အောင် ကျုပ်တို့ ဗမာတွေက ကြိုးစားရမှာပေါ့။ ဒီလိုမှ မကြိုးစားနိုင်ရင် ကျုပ်တို့ ညံ့လို့ပေါ့'လို့ ပြောခဲ့တယ်လို့ ကြားဖူးတယ်ဗျာ။ ဟုတ်ပါတယ်ဗျာ။ နှစ်ပေါင်းအရာ အထောင် တစ်မြေတည်းနေ

တစ်ရေတည်း သောက်လာခဲ့ကြတဲ့ တိုင်းရင်းသားတွေနဲ့ စုပေါင်း တည်ထောင်ထားတဲ့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး မပြိုကွဲရလေအောင် လူများစု လူမျိုးစုဖြစ်တဲ့ ကျွန်တော်တို့ ဗမာလူမျိုးတွေက တရားမျှတ လွတ်လပ်ခြင်းနဲ့မသွေ တန်းတူညီမျှ ဝါဒဖြူစင်တဲ့ နည်းလမ်း အသုံးပြုပြီး စတင် ကြိုးပမ်းသင့် ကြပြီလို့ ကျွန်တော် ယူဆတယ်ဗျာ။

*(**မှတ်ချက်**။ ။၁၉၆၁-၆၂ မှာ အတိအလင်း တောင်းဆိုခဲ့တဲ့ ရှမ်းမှုလို့ နာမည်ကြီးတဲ့ ဖက်ဒရယ်မှု သို့မဟုတ် ပြည်ထောင်စုစစ်စစ်မှု အကြောင်း နဲ့ ဖြစ်ရပ်မှန်များကို ထဲထဲဝင်ဝင် လေ့လာလိုသူများ 'မြန်မာ့သမိုင်း ဖြစ်ရပ်အမှန်များ ရေးသားပြုစုရေးအဖွဲ့' က စီစစ်ထုတ်ဝေတဲ့ '၁၉၅၈-၁၉၆၂ မြန်မာ့နိုင်ငံရေး' တတိယတွဲ အခန်း ၁၃ ယင်းစာအုပ် စတုတ္ထတွဲအခန်း ၁၄၊ အခန်း ၁၅၊ အခန်း ၁၆၊ ထို့အပြင် အခန်း ၁၇ စာမျက်နှာ ၂၃၅ အောက်ခြေမှတ်စုပါ ၁၉၆၂ ဖေဖော်ဝါရီ ၂၄ ပြည်လမ်း အသံလွှင့်ရုံ လူမျိုးပေါင်းစုံ နီးနှောဖလှယ်ပွဲတွင် ဦးထွန်းမြင့် (တောင်ကြီး) ပြောကြားသော မိန့်ခွန်း ကောက်နုတ်ချက်တို့ကို စေ့စေ့စပ်စပ် ဖတ်ရှု လေ့လာ ဆင်ခြင် စဉ်းစားသင့်ပါကြောင်း)*

**ပြည်သူ့ခေတ်ဂျာနယ်။**

*၂၉၊ အောက်တိုဘာ၊ ၂၀၁၂*

*အတွဲ ၃၊ အမှတ် ၁၁။*

○

# ပြည်သူအများအတွက် ကျန်းမာရေး အာမခံ

ယခင်အပတ် ပြည်သူ့ခေတ်ဂျာနယ်ပါ ကျွန်တော့်ရဲ့ **'ပြည်ထောင်စုစစ်စစ် မှုကို လက်ခံကြပြီဆိုလျှင် ရွှေပြည်တော် မျှော်တိုင်း မဝေးတော့ပါပြီ'** ဆောင်းပါးကို ဖတ်ပြီး သဘောတူသူ အတော်များများက စာတစ်တန် ဖုန်းတစ်ထောက် ဆက်သွယ် ပြောဆိုကြပါတယ်။ အဲဒီပုဂ္ဂိုလ်များထဲမှာ အငြိမ်းစား နိုင်ငံ့ဝန်ထမ်း တစ်ဦးအမည်နဲ့ ပြည်သူ့ခေတ်မှာ ဆောင်းပါးတွေ ရေးနေတဲ့ ကျွန်တော့်မိတ်ဆွေရင်း အန်ကယ်ကြီးက ရှေ့ဆုံးက ပါပါတယ်။

## အခြေခံဥပဒေ ပြန်လည် ပြင်ဆင်ရေး ကော်မတီ

အန်ကယ်ကြီးက ကျွန်တော်ရေးတဲ့ အကြောင်းအရာနဲ့ တိုက်ရိုက် သက်ဆိုင်ခဲ့ဖူးသူ ဖြစ်ပါတယ်။ ၁၉၆၁ ခုနှစ်လောက်က ဝန်ကြီးချုပ် ဦးနု လက်ထက် ဖွဲ့စည်းခဲ့တဲ့ ပြည်ထောင်စု ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ ပြန်လည် ပြင်ဆင်ရေးကော်မတီမှာ ထိုစဉ်က တရားရေးဌာနရဲ့အတွင်းဝန် ကလေးဘဝနဲ့ အတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့သူ ဖြစ်လို့ပါ။ ဥက္ကဋ္ဌက ထိုစဉ်က တရားရေးဝန်ကြီး ဒေါက်တာအေးမောင် ဖြစ်ပါတယ်။ အန်ကယ် ကြီးက ခုဆို အဲဒီကော်မတီမှာ ပါဝင်ခဲ့တဲ့ ၃၃ ဦး အနက် သူတစ်ယောက်ပဲ ကျန်စစ်သားဖြစ်နေပြီ ထင်တယ်လို့ ပြောပါတယ်။ ကော်မတီမှာ ဦးတင်ပိုဝ်း ဦးတာညိမ်း ဦးထွန်းဝင်း ဦးခင်မောင်လတ် စသဖြင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ် နှစ်ယောက်စီနဲ့ ရှေ့နေချုပ် ဦးရန်အောင်လို ပုဂ္ဂိုလ်တွေ ပါတယ်။ အတွင်းရေးမှူး လုပ်ခဲ့တဲ့ အန်ကယ်ကြီး ကိုယ်တိုင်က ယခု အသက် ၈၀ ကျော်ပါပြီ။ ဒါပေမဲ့ ကျွန်တော့်ဆီ ပုံမှန် ဖုန်းဆက်

ရုံဖန်ရံခါ ကိုယ်တိုင် လာလည်တယ်၊ ကျန်းမာရေး လေ့ကျင့်ခန်း ပုံမှန်လုပ်တယ်။ စာဖတ်တယ်၊ ရေဒီယို နားထောင်တယ်၊ ခေတ်ကို မျက်ခြည်မပြတ်ဘူး။

## ခွဲထွက်ဖို့ စိတ်ကူး မရှိခဲ့ပါ

သူက သူတို့ကော်မတီက အထူးဖိတ်ကြား တွေ့ဆုံခဲ့သူတွေထဲမှာ ပထမဆုံး နိုင်ငံတော် သမ္မတကြီး စဝ်ရွှေသိုက် ပါဝင်ပုံ၊ စဝ်ရွှေသိုက်က သူတို့အနေနဲ့ ပြည်ထောင်စုက ခွဲထွက်မယ်ဆိုတဲ့ စိတ်ကူး လုံးဝ မရှိတဲ့အကြောင်း။ ပြည်နယ်တွေမှာ အာဏာခွဲဝေမှု ဘာမှမရှိသလောက် ဖြစ်နေလို့ ပြုပြင် စေချင်တဲ့အကြောင်း (သစ်ခုတ်တာ၊ သတ္တုတွင်း တူးဖော်တာက အစ ဗဟိုအစိုးရဆီက ခွင့်ပြုမှ လုပ်နိုင်တဲ့) အထောက်အထားတွေနဲ့ ပြောပြပုံတွေ ကို ကျွန်တော့်ကို ပြောပါတယ်။ ကျွန်တော်က အန်ကယ်ကြီး ကျွန်တော့်ကို အခု ပြောပြတာတွေကိုပဲ ဆောင်းပါး ပြန်ရေးစမ်းပါ၊ ဒီနေ့ခေတ် လူတွေ သိဖို့ ကောင်းတယ်လို့ ပြောလိုက်ပါတယ်။ အန်ကယ်ကြီးက ရေးမယ် ရေးမယ်လို့သာ ပြောသွားတယ်၊ ဒီနေ့ထိ ဆောင်းပါးက ဖြစ်မလာပါဘူး။ ကျွန်တော်ကတော့ အပျော်တမ်း စာရေးသူတွေအကြောင်း သိနေလို့ ထပ်မံ တိုက်တွန်းဖို့ပဲ ကြိုးစားရပါမယ်။ သူတို့ သဘာဝက စာဖတ်မယ်၊ ပြောမယ်၊ ဆွေးနွေးမယ်၊ ချရေးဖို့ကျတော့ အလွန် ဇီဇာကြောင်ကြပါ တယ်။ အဲဒါ ကျုပ်တို့ ဗျူရိုကရက်တွေရဲ့ အကျင့်ပဲလို့ သူကိုယ်တိုင်က ဝန်ခံ ဖူးပါတယ်။ ရေးတော့လည်း တစ် နှစ် သုံး နံပါတ်စဉ်တွေ ထိုးပြီး အစီရင်ခံစာသဖွယ် ရေးလာတတ်ပါတယ်။ မည်သို့ရှိစေ၊ အန်ကယ်ကြီး ဆီက အဖိုးတန် သမိုင်း အချက်အလက်တွေကို စောင့်မျှော်ကြပါစို့။

## ကျန်းမာရေး အာမခံ

နောက်တစ်ချက် ဒီအပတ် ပြောချင်တာက ကျန်းမာရေး အာမခံအကြောင်း ဖြစ်ပါတယ်။ ကျွန်တော် အဆုတ်ကင်ဆာဖြစ်လို့ ဆေးကုနေရတဲ့ သတင်း ကြားတော့ အမေရိကန်နဲ့ ဥရောပက မြန်မာမိတ်ဆွေတွေက ကျွန်တော်တို့ ဆီမှာ ကျန်းမာရေး အာမခံရှိတယ် မဟုတ်လား။ မလုပ်ထား ဘူးလား။ အဲသလို ကျန်းမာရေး အာမခံလုပ်ထားရင် အာမခံဌာနက ဆေးကုသစရိတ် အများစုကို တာဝန်ယူ ပေးချေရတာပဲ စသည်ဖြင့် ပြောကြပါတယ်။ နောက် မိတ်ဆွေတချို့က ကျန်းမာရေး ဆေးကုစရိတ်အတွက် ဘဏ်တွေက ငွေချေးတဲ့စနစ် မရှိဘူးလားလို့ မေးပါတယ်။ အမှန်အတိုင်းပြောရရင် အဲဒီတော့မှ ကျွန်တော်လည်း ကျန်းမာရေး အာမခံအကြောင်း သတိရ ပါတယ်။ [illegible] နိုင်ငံပိုင် သတင်းစာတိုက်တွေမှာ အယ်ဒီတာ လုပ်ခဲ့တုန်း ကတော့ လူမှုဖူလုံရေး ကတ်ပြားလည်း ရှိတယ်၊ ရန်ကုန်က အလုပ်သမား ဆေးရုံကြီးမှာ ဆေးကုသမှုလည်း ခံယူဖူးပါတယ်။ ကျန်းမာရေး အာမခံရဲ့ သဘောသဘာဝက အဲဒီသဘော ပဲ။



ကျွန်တော့် လခထဲက လွန်ခဲ့တဲ့ နှစ် ၃-၄၀ လောက်က တစ်လကို ၁၄-၅ ကျပ်လောက် လူမှုဖူလုံရေးအတွက် ငွေဖြတ်တယ်။ ကျန်းမာရေး ကောင်းနေရင် နှစ်ပေါင်းများစွာ ကျွန်တော့် ထည့်ဝင်ငွေဟာ အခြား အလုပ်သမားတွေ ဆေးကုစရိတ်ထဲ ပါမယ်။ ကျွန်တော် ကုသိုလ်ရတာပေါ့။ ကျွန်တော် ကျန်းမာရေး ချွတ်ယွင်းလို့ ဆေးကုရပြီ ဆိုရင်လည်း ကျွန်တော် သွင်းထားတဲ့ငွေပမာဏနဲ့ မဆိုင်ဘူး။ ရောဂါအခြေအနေအလျောက် ကုန်ကျစရိတ်ကို လူမှုဖူလုံရေးက တာဝန်ယူ ပေးတာပဲ။ အင်မတန် ကောင်းတဲ့ စနစ်ပါ။

## အမေရိကန်က အာမခံ

သို့ပေမယ့် ဝန်ထမ်းမဟုတ်တော့ချိန်ကစလို့ ကျွန်တော်လည်း ကျန်းမာရေး အာမခံထားဖို့ဆိုတာ သတိတောင် မရတော့ပါဘူး။ ၂၀၁၀ တုန်းက အမေရိကန်ပြည်ကို ဖဲလိုးရှစ်တစ်ခုနဲ့သွားတော့ အဲဒီမှာ ကျန်းမာရေး အာမခံဖောင်တွေ ဖြည့်ပြီး လုပ်ရသေးတယ်။ ဘာရယ် မဟုတ်ဘူး၊ ဖြည့်ဆိုလို့ ဖြည့်လိုက်တာပါပဲ။ နောက်တော့ ကျွန်တော် ပြန်လာပြီးတဲ့အခါ ပြန်အမ်းငွေတွေ ဘာတောင် ရပါသေးတယ်။ အဲဒီတုန်းက ဗဟုသုတ အဖြစ် တစ်ခုတော့ မေးမိလို့ သိလိုက်တယ်။ တကယ်လို့ ကျွန်တော် အမေရိကန်မှာ ရှိနေတုန်း ရောဂါတစ်ခုခု စွဲကပ်လို့ ကုသရရင် ဘယ်လို တာဝန်ယူမှာလဲဆိုတော့ ကုန်ကျစရိတ်အားလုံးအနက် အာမခံဌာနက ၈၀ ရာခိုင်နှုန်း၊ ကျွန်တော့် အလုပ်ရှင် (ဖိတ်ကြားတဲ့ အဖွဲ့အစည်း) သို့မဟုတ် ကျွန်တော်က ၂၀ ရာခိုင်နှုန်း ကျခံရမယ်လို့ သိရပါတယ်။

သမ္မတအိုဘားမားက ဆင်းရဲသားတွေ ကျန်းမာရေး ဆေးကုသစရိတ် အတွက် အစိုးရက များများသုံးနိုင်အောင် လူချမ်းသာတွေဆီက အခွန် ပိုကောက်ဖို့ စီစဉ်တဲ့ ၂၀၀၇ ခုနှစ်လောက်က ကျန်းမာရေးအာမခံ စီမံကိန်း အကြောင်းလည်း လေ့လာဖူးပါတယ်။ အတော် စိတ်ဝင်စားဖို့ ကောင်း ပါတယ်။

## ပုဂ္ဂလိက အာမခံ လုပ်ငန်းတွေ

ကျွန်တော်တို့ဆီမှာ အာမခံဌာနက ဝါရင့် သဘာရင့် ဆရာကြီး ဒေါက်တာ မောင်မောင်သိန်း ဒုတိယဝန်ကြီး ဖြစ်သွားပြီဆိုတော့ ကျန်းမာရေး အာမခံ ကိစ္စတွေဘက်မှာ တစ်နည်းတစ်ဖုံ ထူးခြားတိုးတက်လာမယ်လို့ မျှော်လင့်မိပါတယ်။ အထူးသဖြင့် ပြည်တွင်းပြည်ပ ပုဂ္ဂလိက လုပ်ငန်းရှင်တွေကို အာမခံလုပ်ငန်း (အထူးသဖြင့် ကျန်းမာရေးအာမခံ) တွေ ကျယ်ကျယ် ပြန့်ပြန့် လုပ်ကိုင်ခွင့်ပေးလာရင် အစိုးရလည်း ဝန်ပေါ့သွားမယ်၊ ကြီးနိုင်စနစ် ကင်းရှင်းတဲ့ ကမ္ဘာ့အဆင့်မီ အာမခံလုပ်ငန်းတွေလည်း ပေါ်လာမယ်လို့ ယုံကြည်ပါတယ်။ တစ်ခုတော့ ရှိပါတယ်။ ပုဂ္ဂလိက လုပ်ငန်းရှင်တွေကို အာမခံလုပ်ငန်း လုပ်ချင်ကိုင်ချင်စိတ် မရှိတော့လောက်အောင် စိတ်ပျက်သွားစေမယ့် စည်းမျဉ်း

စည်းကမ်းတွေ၊ ငွေပမာဏ သတ်မှတ်ချက်တွေနဲ့ ရင်ဘတ် ဆီးမတွန်းဖို့တော့ လိုမယ် ထင်တယ်ဗျာ။

လူတစ်ဦးချင်းစီဟာ တစ်လကို ငွေထောင်ဂဏန်းလောက် ပုံမှန်သွင်း ထားမှုနဲ့ အရေးဟယ် အကြောင်းဟယ် ကျန်းမာရေးကိစ္စ ဖြစ်လာရင် သိန်းချီကုန်ကျမယ့် စရိတ်တွေကို အာမခံဌာနက တာဝန်ယူပေးတဲ့စနစ်မျိုး မှန်မှန်ကန်ကန် ပေါ်ပေါက်လာရင် ဆင်းရဲသား ပြည်သူများအတွက် ကြီးစွာ အကျိုးရှိမည်မှာ သေချာပါတယ်။ တစ်ခုတော့ ရှိပေသပေါ့ ခင်ဗျာ။ ကုသရေးပိုင်းမှာ ပြီးစလွယ် မဟုတ်တဲ့ မှန်မှန်ကန်ကန် ဖြစ်စေဖို့တော့ အစိုးရက ထိန်းသင့်သလောက် ထိန်းပေး ကြပ်မတ်ပေး ရပါလိမ့်မယ်။

အမေရိကန်က မိတ်ဆွေတချို့ ပေးတဲ့ ကျန်းမာရေး ဆေးကုစရိတ် အတွက် ဘဏ်တွေက ငွေချေးတဲ့စနစ်တော့ ကျွန်တော်တို့ဆီမှာ ရှိပြီလား မရှိသေးဘူးလား စုံစမ်းမေးမြန်း ကြည့်ရပါဦးမယ်။

သည်အကြောင်းတွေ တွေးရင်းရေးရင်း ကျွန်တော်တို့ဆီမှာ ကမ္ဘာနဲ့ ရင်ပေါင်တန်း နိုင်တဲ့စနစ်တွေ မိတ်ဆက်ပေးဖို့ အများကြီး လိုနေပါသေးလားဆိုတာ ဝမ်းနည်းစွာ သဘောပေါက်မိကြောင်းပါဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်**

*၄၊ နိုဝင်ဘာ၊ ၂၀၁၃*

*အတွဲ ၃၊ အမှတ် ၁၁*

○

# ဘယ်သူတွေကို ကာကွယ်ဖို့ ဘယ်သူတွေကို ခြိမ်းခြောက်ဖို့ ဥပဒေလဲ

## ရုရှားက နိုင်ငံတော် သစ္စာဖောက်မှု ဖွင့်ဆိုချက်

ဒီရက်ပိုင်းအတွင်း အင်တာနက် သတင်းတွေထဲမှာ ကျွန်တော့်အာရုံကို ကပ်ငြိတဲ့ သတင်းတစ်ပုဒ် ရှိပါတယ်။ အဲဒါကတော့ ရုရှားနိုင်ငံက ဘီဘီစီ သတင်းထောက် တင်လိုက်တဲ့ သတင်းပါ။

သတင်းက နိုင်ငံတော်သစ္စာဖောက်မှုဆိုတဲ့ စကားလုံးနဲ့ ပတ်သက်ပြီး အဓိပ္ပာယ် ပြန်လည် ဖွင့်ဆိုထားတဲ့ ဥပဒေသစ် တစ်ခုကို သမ္မတက လက်မှတ်ရေးထိုး အတည်ပြုလိုက်တဲ့ သတင်းဖြစ်ပါတယ်။

ဝေဖန်သူတွေကတော့ အခု ထုတ်ပြန်လိုက်တဲ့ ဥပဒေသစ်ရဲ့တကယ့် ရည်ရွယ်ချက် အစစ်အမှန်က အစိုးရနဲ့ သဘောထားကွဲပြားသူတွေကို နှိပ်ကွပ် ခြိမ်းခြောက်ဖို့ ဖြစ်တယ်လို့ ဆိုကြပါတယ်။ ဥပဒေသစ်အရ နိုင်ငံတော် လျှို့ဝှက်ချက်တွေကို နိုင်ငံခြား အဖွဲ့အစည်းများသို့ မျှဝေပေးတဲ့ သူများသာမက အဲဒီ သတင်း အချက်အလက်တွေကို ဘယ်နိုင်ငံခြား အဖွဲ့အစည်းတွေကိုမှ မျှဝေ မပေးဘူးဆိုရင်တောင် လက်ဝယ် ကိုင်ဆောင် ထားတာကို တွေ့ရှိရုံနဲ့ လူတစ်ယောက်ဟာ ပြစ်ဒဏ်စီရင်ချက် ချမှတ်ခံ ရနိုင်တဲ့ အခြေအနေ ဖြစ်ပါတယ်။ ဒါကြောင့် ဒီဥပဒေသစ်ရဲ့ ရည်ရွယ်ချက် တစ်ခုက ရုရှားနိုင်ငံသားတွေ နိုင်ငံခြားက အစိုးရ မဟုတ်တဲ့ အဖွဲ့အစည်း တွေနဲ့ မဆက်ဆံရကြဖို့ ဖြစ်တယ်လို့ လူ့အခွင့်အရေး အုပ်စုတွေက ပြောကြ ပါတယ်။

## ဥပဒေကို ကိုင်တွယ် ကျင့်သုံးသူတွေ

အားလုံးသိကြတဲ့အတိုင်း လက်ရှိ ရုရှား သမ္မတ ပူတင်ဟာ ဆိုဗီယက် ခေတ်မှာ ပြည်သူတွေကို ဖိနှိပ်ရာမှာ နာမည်ဆိုးနဲ့ ကျော်ကြားခဲ့တဲ့ ထောက်လှမ်းရေးအဖွဲ့

(ကေဂျီဘီ) ရဲ့အရာရှိဟောင်း တစ်ဦးဖြစ်ပြီး သမ္မတ ရာထူးနဲ့ ဝန်ကြီးချုပ်ရာထူးတွေကို လိုသလို တစ်လှည့်စီ ယူခဲ့သူ၊ ပြီးခဲ့တဲ့ သမ္မတ ရွေးကောက်ပွဲမှာလည်း မဲမသမာမှုတွေလုပ်ပြီး အနိုင်ရ လာခဲ့သူအဖြစ် အတိုက်အခံတွေရဲ့ ကန့်ကွက်ဆန္ဒပြခြင်း ခံခဲ့ရသူ ဖြစ်လေ တော့ သူ အခု လက်မှတ်ရေးထိုး အတည်ပြုလိုက်တဲ့ နိုင်ငံတော်သစ္စာ ဖောက်မှုဆိုင်ရာ ဥပဒေဆိုတာကလည်း ကိုင်တွယ် ကျင့်သုံးသူက ရိုးသားဖြောင့်မတ် တည်ကြည်မှု မရှိဘူး၊ စိတ်ရင်းစေတနာ မမှန်ဘူးဆိုရင် လိုသလို အလျှော့အတင်း ပြုလုပ်နိုင်တာမျိုး ဖြစ်လေတော့ ဥပဒေကို ကိုင်တွယ် ကျင့်သုံးသူတွေအပေါ် ယုံကြည်ကိုးစားမှု မရှိသူတွေ စိုးရိမ် ပူပန်တာလည်း သဘာဝကျပါတယ်။

## ကျွန်တော် အစာမကြေတဲ့ ဆက်သွယ်ရေး ဥပဒေကြမ်း

ရုရှားနိုင်ငံက ကိစ္စကိုတော့ ထားလိုက်ပါတော့။ ကျွန်တော်တို့နိုင်ငံမှာလည်း မကြာသေးခင် ရက်ပိုင်းအတွင်းက အများပြည်သူသိအောင် သတင်းစာ များကတစ်ဆင့် ထုတ်ပြန် ပေးလိုက်တဲ့ ဆက်သွယ်ရေး ဥပဒေကြမ်းနဲ့ ပတ်သက်ပြီး ကျွန်တော့်စိတ်ထဲ အစာမကြေ ဖြစ်နေတဲ့ အချက်တွေ ရှိနေခဲ့ပါတယ်။ အဲဒီအချက်တွေကို ကျွန်တော့် စာဖတ်ပရိသတ် တွေကို ချပြီး ကျွန်တော်နဲ့ သဘောထားချင်း တူမတူ စူးစမ်းကြည့်ချင်ပါတယ်။

ပထမဆုံးအချက်က ဥပဒေကြမ်းရဲ့ အခန်း ၁၉ ပြစ်မှုနှင့် ပြစ်ဒဏ်များ ဆိုတဲ့ အခန်းမှာပါတဲ့ ဖော်ပြချက်မှာပါ။ အဲဒီအခန်းရဲ့ ပုဒ်မ ၆၀ မှာ ထောင်ဒဏ် အနည်းဆုံး ၇ နှစ်မှ အများဆုံး ၁၅ နှစ် အထိ ချမှတ်နိုင်တဲ့ ပြစ်မှု များကို အောက်ပါအတိုင်း ဖော်ပြထားပါတယ်။

(က) နိုင်ငံတော်၏ လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် နယ်မြေ အေးချမ်းသာယာရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်၏ စီးပွားရေး သို့မဟုတ် အမျိုးသား ယဉ်ကျေးမှုကို ထိခိုက်စေမည့် ပြုလုပ်မှု တစ်ရပ်ရပ်ကို ပြုလုပ်ခြင်း။

(ခ) နိုင်ငံတော်၏ လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် နယ်မြေ အေးချမ်းသာယာရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်၏ စီးပွားရေး သို့မဟုတ် အမျိုးသား ယဉ်ကျေးမှုနှင့် စပ်လျဉ်းသည့် နိုင်ငံ တော်၏ လျှို့ဝှက်ချက်နှင့် သက်ဆိုင်သော သတင်း အချက်အလက် တစ်ရပ်ရပ်ကို ရယူခြင်း သို့မဟုတ် ပေးပို့ဖြန့်ချိခြင်း သို့မဟုတ် ပါဝင် ဆောင်ရွက်ခြင်း။

## ဖုန်းပြောတာ အီးမေးလ်ပို့တာ လက်ခံထားတာ

အဲဒီ ဥပဒေပုဒ်မပါတဲ့ အပုဒ်တွေကိုကြည့်ရင် အင်မတန်မှ ယေဘုယျကျပြီး မည်သူ တစ်ယောက်ကို အာဏာပိုင်တွေက သူတို့ ဆန္ဒရှိသလို ဖမ်းဆီး စွဲချက်တင် အရေးယူ အပြစ်ပေးနိုင်ခွင့် ပြုထားတာကို တွေ့ရမှာဖြစ်ပါတယ်။ လက်ရှိဖြစ်ပျက်နေတဲ့ နိုင်ငံရေး အရေးကိစ္စတွေနဲ့ ပတ်သက်ပြီး ကိုယ့် အမြင်သဘောထားကို ကိုယ့်မိတ်ဆွေ ဖုန်းကတစ်ဆင့် ပြောတာ၊ အီးမေးလ်ပို့တာ၊ တစ်ဖက်ကပေးပို့တဲ့ သတင်း အချက်အလက် တွေ ရယူတာဟာ ထောင်ဒဏ် ၁၅ နှစ် ကျခံရနိုင်တဲ့ ပြစ်မှုတွေ ဖြစ်နေပါတယ်။



နောက်ပြီး အဲဒီအခန်းမှာလည်း ပုဒ်မ ၆၆ မှာ ၃ နှစ်ထက် မပိုတဲ့ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်နိုင်တဲ့ ပြစ်မှုများဆိုပြီး အောက်ပါအတိုင်း ဖော်ပြထားပါသေးတယ်။

(က) မမှန်ကန်သော သတင်းအချက်အလက်တွေကို မရိုးမဖြောင့် သော သဘောဖြင့် လက်ခံခြင်း။ ပို့လွှင့်ခြင်း။ ဖမ်းယူခြင်း။ ဆက်သွယ်ခြင်း။ ဖြန့်ချိခြင်း သို့မဟုတ် ပေးဝေခြင်း။ သို့မဟုတ် ပါဝင်ဆောင်ရွက်ခြင်း။

(ခ) မိမိနှင့် မသက်ဆိုင်သော သတင်းအချက်အလက်ကို မရိုးမဖြောင့် သော သဘောဖြင့် ခွင့်ပြုချက်မရှိဘဲ လက်ခံခြင်း။ ကြားဖြတ် ဖမ်းယူခြင်း။ ပို့လွှင့်ခြင်း။ ဆုတ်လွှင့်ခြင်း။ ဆက်သွယ်ခြင်း။ ဖြန့်ချိခြင်း သို့မဟုတ် ပေးဝေခြင်း။

အဲဒီ စကားရပ်တွေဟာလည်း အုပ်ချုပ်ရေး၊ တရားရေး အာဏာပိုင် တွေက ပြည်သူတွေကို မလိုရင် မလိုသလို ဖမ်းဆီး အပြစ်ပေးနိုင်အောင် ခွင့်ပြုထားသလို ဖြစ်နေပါတယ်။ မမှန်မကန်သော အချက်အလက်ဆိုတာကို ဘယ်လိုအဓိပ္ပာယ်ဖွင့်ဆိုမှာလဲ။ ဥပမာ - ရခိုင်ပြည်နယ်က မိတ်ဆွေတစ်ယောက်က သူနေတဲ့ ရွာကို ဘင်္ဂါလီတွေက မီးလာရှို့သွားပါတယ်ဆိုတဲ့ အီးမေးလ်တစ်ခု ကျွန်တော့်ဆီ ပို့လိုက်တယ် ဆိုပါစို့။ ကျွန်တော်က ရခိုင်ကိုသွား၊ ကိုယ်တိုင် အဲဒီရွာကို သွားကြည့်၊ ရွာသားတွေနဲ့ တွေ့ဆုံ မေးမြန်း အတည်ပြုချက်ရယူ၊ ပြီးတော့မှ ရန်ကုန် ပြန်လာ၊ အဲဒီ အီးမေးလ် ကို ပရင့်ထုတ်ယူ ဒီလို လုပ်ရမှာလား။ အဲဒီ အီးမေးလ်ကြောင့် အာဏာပိုင် တွေက ကျွန်တော့်ကို ဖမ်းပြီး တရားရုံးတင်တယ်ဆိုပါတော့။ ကျွန်တော် အဲသလိုတွေ လုပ်ခဲ့ပြီးမှ အီးမေးလ်ကို ပရင့်ထုတ်ခဲ့တာ ဖြစ်ပါတယ်လို့ ပြောရင်ရော တရားသူကြီးက လက်ခံမှာလား။ 'မရိုးမဖြောင့်သော သဘောဖြင့်' ဆိုတဲ့ စကားအသုံးအနှုန်းကိုရော ဘယ်လို အဓိပ္ပာယ်ဖွင့်မှာလဲ။ မုသားဖော်စက်နဲ့ စစ်မှာလား။ ကျွန်တော်တို့နိုင်ငံမှာ မုသားဖော်စက်သုံးပြီး စစ်ဆေးတဲ့နည်း အသုံးပြုနေပြီလား။ မရိုးမဖြောင့်တဲ့ သဘောလို့ ကောက်ချက်ဆွဲနိုင်အောင် ဘယ်လို အထောက်အထားတွေကို အသုံးပြု မည်လဲ။ ကျယ်လွန်းလှပါတယ်။

## ကိုကိုကြီးကို ထောင် နှစ် ၆၀ ချခဲ့တာ စီရင်ထုံး ဖြစ်သွားမလား

ကုန်လွန်ခဲ့တဲ့ နှစ်ငါးဆယ်ကာလ တစ်ပါတီ အာဏာရှင် စစ်အာဏာရှင် စနစ်တွေ အောက်မှာ ကျွန်တော်တို့ ပြည်သူတွေဟာ ဥပဒေဆိုတဲ့ စကားလုံးကို ရေလဲနဲ့ အမျိုးမျိုး သုံးစွဲပြီး အာဏာရှင်တွေရဲ့ ဖိနှိပ်ညှဉ်းပန်းတဲ့ဒဏ်ကို ကျောကော့အောင် ခံစားခဲ့ကြ ရပါတယ်။ ဂလိုဘယ် လိုက်ဇေးရှင်းဖြစ်စဉ် ဖွံ့ဖြိုးလာပြီး သတင်းဆက်သွယ်ရေး နည်းပညာခေတ် ရောက်လာတော့ လည်း အာဏာရှင်အစိုးရက အီလက်ထရောနစ် ဥပဒေ ဆိုတာကို ထုတ်ပြန်ပြီး ပြည်သူတွေကို ဖိနှိပ် နှိပ်ကွပ်ခဲ့ပါတယ်။ ရှစ်ဆယ့်ရှစ် မျိုးဆက် ကျောင်းသား ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ကိုကိုကြီး ဆိုရင် လက်ခံမိတဲ့ အီးမေးလ်တစ်စောင် ထောင် ၁၅ နှစ် နှုန်းနဲ့ အီးမေးလ် ၄ စောင် ထောင် အနှစ် ၆၀ ကျခံခဲ့ရသူဖြစ်သလို ဒီမိုကရေစီ ဘလော့ဂါတစ်ဦးဖြစ်တဲ့ နေဘုန်းလတ် ဆိုရင်လည်း

အဲဒီဥပဒေနဲ့ပဲ ထောင်ဒဏ် နှစ်ရှည် ချမှတ်ခြင်း ခံခဲ့ရပါတယ်။ ဥပဒေတွေရဲ့သဘောမှာ အဲဒီဥပဒေကို အတည်ပြုပြီး ပထမဆုံး အရေးယူ ကိုင်တွယ်ဆောင်ရွက်ပုံဟာ စီရင်ထုံးဖြစ်သွားပြီး နောက်နောင် ပေါ်ပေါက်လာမယ့် အလားတူ ကိစ္စမျိုးတွေအတွက် စံနမူနာဖြစ်သွားတာမို့ သူ့ကို ထောင် အနှစ် ၆၀ ချမှတ်ခဲ့တဲ့ အရေးယူမှုဟာ စီရင်ထုံးဖြစ်သွားတော့မယ့် အရေးနဲ့ပတ်သက်ပြီး ကိုကိုကြီး စိုးရိမ်တကြီး ပြောဆိုခဲ့ပုံတွေကိုလည်း ကျွန်တော် ကြားယောင်နေဆဲပါ။

## ဥပဒေဆိုတာ လူတွေကို ကာကွယ်စောင့်ရှောက်ဖို့

အခုလည်း လာပြန်ပါပြီ။ ဆက်သွယ်ရေး ဥပဒေကြမ်းတဲ့။ တကယ်တော့ ဥပဒေဆိုတာ မတရားပြုကျင့် ခံရနိုင်မှုတွေကနေ လူသားတွေကို ကာကွယ်စောင့်ရှောက်ဖို့ လူသားတွေက တီထွင် ချမှတ် ပြဋ္ဌာန်း ကျင့်သုံးခဲ့ကြတာ ဖြစ်ပါတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာ ဥပဒေ ဆိုတာဟာ ဖိနှိပ်အုပ်စိုးသူတွေရဲ့ ဖိနှိပ်ရာမှာ အသုံးပြုတဲ့ လက်နက် ကိရိယာ တန်ဆာပလာ တစ်ခု ဖြစ်လာခဲ့ပါတယ်။ အခု ကျွန်တော်တို့နိုင်ငံဟာ ဖိနှိပ်အုပ်စိုးတဲ့ နိုင်ငံရေးစနစ်နေရာမှာ ဖိနှိပ်သူနဲ့ အဖိနှိပ်ခံဆိုတဲ့ လူတန်းစားနှစ်ရပ် မရှိနိုင်တဲ့ စနစ်နဲ့ အစားထိုးဖို့ ကြိုးစားနေချိန် ဖြစ်ပါတယ်။ ဒီမိုကရေစီရေးနဲ့ လူ့အခွင့်အရေးတွေမှာ ကျွန်တော်တို့ နောက်က ကျကျန်ခဲ့တာကို နိုင်ငံတကာနဲ့ အမီလိုက်ဖို့ ကြိုးစားနေကြတာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံ အတုခိုးဖို့ ကြိုးစားရင် တရုတ်ပြည်တို့ ရုရှားပြည်တို့ မြောက်ကိုရီးယားတို့ ကျူးဘားတို့၊ ဗီယက်နမ်တို့ ကမ္ဘောဒီးယားတို့ လာအိုတို့ စင်ကာပူတို့ မလေးရှားတို့လို နေရာတွေမှာ ကျင့်သုံးနေတာတွေကို နည်းနည်းကလေးမှ နားမယောင်စေလိုပါ။ အဲဒီ နိုင်ငံတွေကို အားကျနေသူတွေ မီးကြွင်း မီးကျန် များသဖွယ် ကျန်ရှိနေသေးတာ သေချာနေတယ်ဗျာ။ ဒီလိုအချိန်မျိုးမှာ မြန်မာနိုင်ငံဟာ စစ်မှန်တဲ့ ဒီမိုကရေစီစနစ်ကို တည်ဆောက်နေရိုး အမှန်ဆိုရင် အုပ်ချုပ်ရေး တရားစီရင်ရေးပိုင်းက ပုဂ္ဂိုလ်တွေက ပြည်သူ တွေကို ဖိနှိပ်ခွင့်ရှိစေတဲ့ ဥပဒေ အဟောင်းမှန်သမျှ ဖျက်သိမ်းပစ်ဖို့ သူတို့ကိုယ်တိုင်က စတင် ဆောင်ရွက်ကြရမှာ ဖြစ်သလို အဲသလိုမျိုး ဥပဒေဆိုးအသစ်တွေ ပုံစံတစ်မျိုးမျိုးနဲ့ နောက်ထပ် ပေါ်မလာအောင်လည်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံးနဲ့ ပြည်သူ တစ်ရပ်လုံး အတူတကွ ဝိုင်းဝန်း ကာကွယ် ဟန့်တားကြရမှာ ဖြစ်ကြောင်းပါဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်**

*၁၈၊ နိုဝင်ဘာ၊ ၂၀၁၂*

*အတွဲ ၃၊ အမှတ် ၁၂*

၀

# အိုဘားမား မိန့်ခွန်းကို ခံစားခြင်း

ကမ္ဘာ့ရေးရာတွေကိုရော မြန်မာ့ရေးရာတွေကိုပါ ဝါသနာ အရကော တာဝန်အရပါ ရသမျှ အရင်းအမြစ်တွေကနေ ရှာဖွေ ဖတ်ရှုလေ့လာနေရတဲ့ သတင်းစာဆရာ တစ်ယောက်အနေနဲ့ ပြီးခဲ့တဲ့ အပတ်အတွင်း ကမ္ဘာမှာ ပေါ်ပေါက်ခဲ့တဲ့ ဖြစ်ရပ်တွေထဲမှာ အရေးကြီးတဲ့ ဖြစ်ရပ်တွေ အများအပြား ပါရှိခဲ့ပေမယ့် ကျွန်တော်တို့ မြန်မာနိုင်ငံကို အမေရိကန် သမ္မတ အိုဘားမား ခြောက်နာရီတာမျှ အလည်အပတ် လာရောက်သွားတဲ့ ချစ်ကြည်ရေး ခရီးဟာ အတော်အရေးကြီးတယ်လို့မပြောချင်ရင်တောင်မှ အတော်ကလေး ထူးခြားမှု ရှိတယ်လို့ ပြောနိုင်တာကတော့ အမှန်ပဲဗျ။ ထူးခြားတယ်ဆိုရာမှာ ကျွန်တော်တို့နိုင်ငံ ပါဝင်နေတဲ့ ဒေသအတွက်သာမက ကမ္ဘာကြီးတစ်ခုလုံး အတွက်ပါ ထူးခြားတယ်လို့ ဆိုနိုင်တဲ့ (ကောင်းမွန် တိုးတက်မှုဘက်သို့ ဦးတည်တဲ့ ထူးခြားမှုလို့လည်း ဆိုရပါလိမ့်မယ်) ဖြစ်ရပ်တစ်ခုကတော့ ကျွန်တော်တို့နိုင်ငံကို ရာထူးလက်ရှိ အမေရိကန် သမ္မတတစ်ဦး ပထမဆုံး အကြိမ်အဖြစ် လာရောက် လည်ပတ်သွားခဲ့တဲ့ ဖြစ်ရပ် ဖြစ်တယ်ဆိုရင် အားလုံး သဘောတူနိုင်ကြမယ် ထင်ပါတယ်။

ဝေဖန်သူတချို့က ချိန်ခါမသင့်သေးဘူးလို့ ဝိုင်းဝန်းပြောဆိုနေကြတဲ့ ကြားက ဒုတိယ ရာထူးသက်တမ်းအတွက် ပြန်လည် ရွေးကောက် တင်မြှောက်ခြင်း ခံရမီ ကတည်းက ကြိုတင် စီစဉ်ထားတဲ့အတိုင်း ကျွန်တော်တို့နိုင်ငံကို အရောက်လာခဲ့တဲ့ အမေရိကန် သမ္မတရဲ့ အဲဒီ အလည်အပတ်ခရီးဟာ နိုင်ငံအတွင်း လည်ပတ်ချိန် ဖြစ်ရက်တောင် မပြည့်တာမို့ အင်မတန်မှ တိုတောင်းလှပေမယ့် အဲဒီအချိန် နည်းနည်းလေးအတွင်း အမေရိကန် သမ္မတဟာ အရေးအကြီးဆုံး အလုပ်ကြီး ၄ ခုကို တစ်ခုပြီးတစ်ခု ဇယ်ဆက်သလို လုပ်သွားခဲ့တဲ့ အချက်ကလည်း အင်မတန်မှ ထူးခြားပြီး

အချိန်ကို တန်ဖိုး အရှိဆုံး အသုံးပြုနိုင်စွမ်းရှိတဲ့ အမေရိကန် နိုင်ငံသားတွေရဲ့ အရည်အသွေးတစ်ခုကို ထင်ဟပ် ပေါ်လွင်စေခဲ့ပါတယ်။

အဲဒီ အလုပ်ကြီး ၄ ခုကတော့ မြန်မာနိုင်ငံရဲ့ သမ္မတကြီး ဦးသိန်းစိန်နဲ့ တွေ့ဆုံဆွေးနွေးတာ၊ ရွှေတိဂုံစေတီတော်မြတ်ကြီးကို တက်ရောက် ဖူးမြော်ကြည်ညိုတာ၊ မြန်မာ့ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်း စုကြည်နဲ့ တွေ့ဆုံဆွေးနွေးတာနဲ့ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမမှာ မိန့်ခွန်းပြောတာတို့ပဲ ဖြစ်ပါတယ်။

## ဒီမို နတ်မြင်းပျံကြီးရဲ့ ဂျော်ကီ

သမ္မတကြီး ဦးသိန်းစိန်ဟာ ဒီကနေ့ တစ်ကမ္ဘာလုံးက မယုံ့တယုံ အံ့သြ တကြီး ပြောဆိုရေးသား ဝေဖန် စောကြော အတင်းပြောနေကြရတဲ့ မြန်မာနိုင်ငံတွင်းက အပြောင်းအလဲတွေကို ကနဦး စတင်ပေးခဲ့သူ ဒီမိုကရေစီ ပန်းတိုင်ဆီကို တူရူပြုပြီး အသားကျလေးမဲ နှင်နေတဲ့ (ခြေကုန်သုတ် ကဆုန်ပေါက်သွားလို့ မရသေးတာကြောင့်လည်း ဖြစ်မှာပေ) 'ဒီမို' နတ်မြင်းပျံရထားကြီးကို ဇက်ကြိုးကိုင် မောင်းနှင်နေတဲ့ (ဂျော်ကီအစစ်) ဖြစ်ပါတယ်။ တစ်နည်းပြောရရင် သူဟာ မြန်မာ့ဒီမိုကရေစီ သင်္ဘောကြီးရဲ့ မာလိန်မှူးလို့ ဆိုရင်လည်း မမှားပါဘူး။ သူနဲ့ တွေ့ဆုံခြင်းဖြင့် အမေရိကန် သမ္မတ အိုဘားမားဟာ ယနေ့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီ အပြောင်းအလဲမှာ မြန်မာသမ္မတ ဦးသိန်းစိန်ရဲ့ အရေးပါလှတဲ့ အခန်းကဏ္ဍကို အလေးအနက် တန်ဖိုးထား လေးစားကြောင်း ပြသရာ ရောက်ပြီး တစ်ချိန်တည်းမှာ မြန်မာနိုင်ငံအရေးနဲ့ ပတ်သက်ပြီး အမေရိကန် ပြည်ထောင်စုရဲ့ သဘောထားကို မြန်မာသမ္မတ ရှင်းရှင်းလင်းလင်း တိတိကျကျ သဘောပေါက် နားလည်သွားအောင် ရှင်းလင်း တင်ပြနိုင်ခွင့် ရရှိသွားခဲ့မှာ ဖြစ်ပါတယ်။

ရွှေတိဂုံ စေတီတော်ကို တက်ရောက် ဖူးမြော်ကြည်ညိုခြင်းအားဖြင့် အမေရိကန် သမ္မတဟာ မြန်မာပြည်သူလူထု အများစုကြီး ကိုးကွယ် ဆည်းကပ်ရာ ဗုဒ္ဓဘာသာကို အလေးအမြတ်ထားကြောင်း ပြသလိုက်တာမို့ မြန်မာပြည်သူတွေ ကျေနပ်အားရ ပီတိဖြစ်ကြမှာဖြစ်သလို မြန်မာ ပြည်သူများအကြား အမေရိကန် သမ္မတ အိုဘားမားရဲ့ ပုံရိပ်ဟာလည်း ကမ္ဘာတည်သရွေ့ စွဲထင်သွားကြမှာ ဖြစ်ပါတယ်။

လူထုခေါင်းဆောင်၊ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့တာကတော့ ရှင်းပါတယ်။ တစ်ကမ္ဘာလုံးက ချစ်ခင်မြတ်နိုးလေးစား နေကြတဲ့ ဒီမိုကရေစီ သူရဲကောင်း တစ်ဦးကို ကမ္ဘာ့ ဒီမိုကရေစီ ခေါင်းဆောင်နိုင်ငံကြီးရဲ့ သမ္မတက အိမ်တိုင်ရာရောက် သွားရောက် တွေ့ဆုံနှုတ်ဆက်ခြင်းထက် ခေါင်းဆောင်နှစ်ဦးစလုံးကိုရော နှစ်နိုင်ငံစလုံးကိုသာမက ကမ္ဘာ့ဒီမိုကရေစီ အရေးတော်ပုံကိုပါ ပိုပြီး လှပတင့်တယ်စေတဲ့ ဖြစ်ရပ် မရှိသလောက် ဖြစ်မှာပါ။



ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမထဲမှာ မိန့်ခွန်းပြောသွားတဲ့ ဖြစ်ရပ်ကတော့ သမ္မတ အိုဘားမားရဲ့ လုပ်ဆောင်ချက် ၄ ခုထဲမှာ အထူးခြား အပြောင်မြောက်ဆုံး လုပ်ရပ်ဖြစ်တယ်လို့ ကျွန်တော် ဆိုချင်ပါတယ်။ ဘာကြောင့်လဲဆိုတာကို ကျွန်တော် ရှင်းပြပါမယ်။

## မချိအောင် နာခဲ့ရတဲ့ မြင်ကွင်း

အားလုံး သိကြတဲ့အတိုင်း မြန်မာ့လွတ်လပ်ရေး ခေါင်းဆောင်များကို မွေးထုတ်ပေးခဲ့ရာ၊ မြန်မာ့ပညာရှင် ပညာတတ် ပညာကျော်များကို မွေးထုတ်ပေးခဲ့ရာ မြန်မာ့ဒီမိုကရေစီအရေး တိုက်ပွဲဝင် သူရဲကောင်းများကို မွေးထုတ်ပေးခဲ့ရာ၊ ဒေသတွင်းက ပညာလောကသား အချင်းချင်း တစ်ချိန်က ငေးမော အားကျခဲ့ကြရာ ရန်ကုန်တက္ကသိုလ်ကြီးဟာ အာဏာရှင် စနစ် လွှမ်းမိုးကြီးစိုး တွင်ကျယ်ခဲ့တဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်းငါးဆယ် (အထူးသဖြင့် ဒီဘက် အနှစ် နှစ်ဆယ်ကျော် ကာလ) အတွင်း သုသာန် တစပြင်ပမာလို့ တင်စားရလောက်နီးပါး ကိုးနဲ့ဖုတ်ဖုတ် ဖြစ်ခဲ့ရတာပါ။ အဆက်ဆက်သော စစ်အာဏာရှင်ကြီးတွေရဲ့ ဖိနှိပ်ချိုးနှိမ် နှိပ်ကွပ်မှုကြောင့် မြန်မာ့လွတ်လပ်ရေးရဲ့ မီးရှူးတန်ဆောင်ဖြစ်တဲ့ ကျွန်တော်တို့ရဲ့ ရန်ကုန် တက္ကသိုလ်ကြီးဟာ 'အပူတုပ်နှောင်ချည် လူရုပ်တောင်မပီ' ဖြစ်ခဲ့ရတာပါ။ လှပ ကျယ်ပြောလှတဲ့ အင်းလျားကန်ကြီးဘေးမှာ ကြီးမား ကျယ်ပြန့်တဲ့ ပရဝဏ်၊ ဘွဲ့နှင်းသဘင်နဲ့ ယုဒသန်ကောလိပ်တို့ အပါအဝင် ခမ်းနား ထည်ဝါလှတဲ့ အဆောက်အအုံတွေ၊ သစ်ပုတ်ပင်နဲ့ ရေတမာတန်းတို့လို ဏ္ဍြေရရ လှပ တင့်တယ်နေကြတဲ့ ရှုခင်းဝန်းကျင်ကြီးအောက်မှာ ပန်းရောင်စုံ ပွင့်ဖူးသလို ကူးလူးသွားလာ လှုပ်ရှားနေကြတဲ့ ကျောင်းသားကျောင်းသူ အညွန့်အဖူးကလေးတွေကို မြင်ယောင်ကြည့်စမ်းပါဗျာ။ လွန်ခဲ့တဲ့ ရာစု တစ်ဝက်လောက်အထိ အဲသလို အလှအပတွေနဲ့ ပညာ ဂုဏ်ရည်တွေနဲ့ မာနထူချင်ရင်တောင် ထူချင်စရာကောင်းခဲ့တဲ့ အမိ တက္ကသိုလ်ကြီးရဲ့ မြင်ကွင်းဟာ ရှစ်လေးလုံးအရေးတော်ပုံကြီး နောက်ပိုင်းက စပြီး အခုဆိုရင် မဟာဘွဲ့သင်တန်းသား ဆယ့်လေးငါးယောက်လောက်သာ ဟိုတစ်စု ဒီတစ်စု ရှိနေကြတဲ့ ခြောက်ကပ်ကပ် မြင်ကွင်း အသွင်သို့ အမြင်မတော် ဆင်တော်နဲ့ ခလောက်ဖြစ်နေခဲ့တာ ဆယ်စုနှစ် နှစ်ခုကျော်လောက် ရှိသွားခဲ့ပါပြီ။ ရန်ကုန်တက္ကသိုလ်နဲ့ ပတ်သက်ခဲ့ကြသူတိုင်း ဒီမြင်ကွင်းကိုကြည့်ပြီး မချိအောင် နာနေခဲ့ကြတာပါ။ တချို့ ပညာရှင်များက မှတ်ချက်ပေးတာ မှတ်သားဖူးပါတယ်။ သွေးမထွက်စေဘဲ အဆုံးစီရင်ခြင်းတဲ့ဗျာ။

အခုတော့ မြန်မာပြည်သူတွေရဲ့ အဲဒီခံစားချက်ကို သူ အလေးအနက် စာနာသဘောပေါက် နားလည်ကြောင်း၊ ကမ္ဘာ့ဒီမိုကရေစီ ခေါင်းဆောင် နိုင်ငံကြီးရဲ့ သမ္မတဖြစ်သူက လုပ်ရပ်နဲ့ သက်သေပြလိုက်ပြီ ဖြစ်ပါတယ်။

## မိန့်ခွန်းပြောစရာ အထင်ကရ တက္ကသိုလ်ကြီး ရှိနေသေးပေလို့

နိုင်ငံ့ခေါင်းဆောင်တွေ အခြားနိုင်ငံကို အလည်အပတ် ရောက်ရှိကြတဲ့အခါ တက္ကသိုလ်တွေမှာ မိန့်ခွန်းပြောကြတာ ရှေးပဝေသဏီ ကတည်းက ထုံးတမ်းစဉ်လာ ယဉ်ကျေးမှုတစ်ခု ဖြစ်နေပါပြီ။ ကိုယ့်တိုင်းပြည်ကို ဂုဏ်ယူလောက်တဲ့ ဒေသ့်သည်လာလို့မှ ဂုဏ်ယူလောက်တဲ့ ဂုဏ်သိက္ခာမြင့် တက္ကသိုလ် မရှိတဲ့ နိုင်ငံတွေဟာ မျက်နှာငယ်ကြရတယ်။ ဒါပေမဲ့ မနေ့ တစ်နေ့က အာဏာရှင်စနစ်လက်အောက်မှာ နေခဲ့ရတဲ့ နိုင်ငံတစ်နိုင်ငံရဲ့ ဂုဏ်သိက္ခာ အကြီးဆုံးဖြစ်ခဲ့ဖူးတဲ့ တက္ကသိုလ်မှာ ကမ္ဘာ့ ဒီမိုကရေစီ ခေါင်းဆောင် နိုင်ငံကြီးရဲ့ သမ္မတ မိန့်ခွန်းလာပြောတဲ့ အဖြစ်ကတော့ သမိုင်းမော်ကွန်းတင်ရမယ့် အင်မတန် ထူးခြားတဲ့ ကိစ္စ ဖြစ်ပါတယ်။ နောက်ကွယ်မှာ ကောင်းသော အဓိပ္ပာယ်တွေ အများကြီး စဉ်းစားလို့ ရပါတယ်။

## ဆရာလုပ်သလိုလို ထင်ရပေမယ့်

ဒီအချက်အပြင် သမ္မတ အိုဘားမား ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်မှာ ပြောကြားသွားခဲ့တဲ့ မိန့်ခွန်း ကိုယ်နှိုက်မှာက ဒီမိုကရေစီနဲ့ ပတ်သက်ပြီး ထူးခြားသစ်လွင်တဲ့ တင်စားနိုင်းယှဉ်ချက်တွေ၊ အဓိပ္ပာယ်ဖွင့်ဆို ရှင်းလင်း ချက်တွေ ပါရှိတဲ့အချက်ကလည်း ဒီမိုကရေစီ ဘက်တော်သားတွေအတွက် ရွှင်လန်း အားတက်စရာ ဖြစ်ပါတယ်။ သမ္မတ အိုဘားမားရဲ့ မိန့်ခွန်း တစ်လျှောက် ပြောကြားချက် အများစုဟာ ရတ်တရက်ကြည့်ရင် ဒီမိုကရေစီရဲ့ သဘောသဘာဝကို သိနားလည်ပြီးသား အချို့သော ပုဂ္ဂိုလ်များအတွက် ဆရာလုပ်သလိုလို ခံစားချက်မျိုး ပေါ်ပေါက်နိုင်စရာ ရှိပေမယ့် (သူကိုယ်တိုင်ကလည်း ဟားဗတ်မှာ ကျောင်းဆရာ လုပ်ခဲ့ဖူးလေတော့ ကျောင်းဆရာ ဂိုက်ဆိုက်တော့ နည်းနည်း ပါနေပေသပေါ့) သူ့နေရာနဲ့သူ အံဝင်ခွင်ကျ ဆိုရေးရှိက ဆိုအပ်လှ ဆိုသလို ထည့်ပြော သွားတာတွေဖြစ်လို့ ဒီအချက်က သူ့ရဲ့ စေတနာကို ဖုံးလွှမ်းသွားနိုင်စရာ မရှိဘူးလို့ ကျွန်တော် ယူဆပါတယ်။

## အလင်းရောင် ပျောက်မသွားစေရ

သမ္မတ အိုဘားမားရဲ့ မိန့်ခွန်းထဲမှာ ကျွန်တော် အင်မတန် သဘောကျတဲ့ စကားတချို့ ပါပါတယ်။ အဲဒီထဲက တစ်ခုကတော့ 'ကျွန်တော်တို့မြင်တွေ့ခဲ့ကြရပြီးဖြစ်တဲ့ တိုးတက်မှု မှိတ်တုတ် မှိတ်တုတ် အလင်းရောင် ကလေးတွေ ဘယ်တော့မှ ချုပ်ငြိမ်း ပျောက်ကွယ် မသွားစေရဘူး။ အဲဒီ အလင်းရောင်လေးတွေကို ပိုမို တောက်ပ လင်းလက် လာအောင် လုပ်ကြ ရမယ်၊ သူတို့ဟာ ဟောဒီနိုင်ငံက ပြည်သူအားလုံးအတွက် ကောင်းကင်မှာ ထာဝရ တည်ရှိတဲ့ မှဝ်ကြယ်တစ်ခု ဖြစ်လာစေရမယ်' ဆိုတဲ့ စကားပါ။ နောက်ကြောင်း



ပြန်မလှည့်တော့ဘူးလို့အပြတ် မပြောနိုင်သေးတဲ့ အခြေအနေမှာ နေထိုင်နေကြရသဲဖြစ်တဲ့ ကျွန်တော်တို့ ပြည်သူတွေ အတွက် ကမ္ဘာ့ဒီမိုကရေစီခေါင်းဆောင် နိုင်ငံကြီးရဲ့ သမ္မတထံက ပိုင်းဖြတ်ချက် ခိုင်မာပြတ်သားတဲ့ အဲဒီ ကတိစကားကြောင့် အမှန်ပဲ အားတက်မိကြမှာ ဖြစ်ပါတယ်။

## အရပ်သား ထိန်းချုပ်မှုအောက်က စစ်တပ်

'အမေရိကဟာ ကမ္ဘာပေါ်မှာ အားအကြီးဆုံး စစ်တပ်ရှိထားပေမယ့် စစ်တပ်ဟာ အရပ်သားထိန်းချုပ်မှုအောက်မှာ ထားရှိရပါမယ်။ ကာကွယ် ရေး ဦးစီးချုပ်အနေနဲ့ရော သမ္မတ တစ်ဦးအနေနဲ့ပါ ကျွန်တော်ဟာ တစ်ခါတလေမှာ ကိုယ်ဆန္ဒရှိတာကို လုပ်ချင်တာတောင်မှ ကျွန်တော်တို့ရဲ့ လွှတ်တော်မှာ ကျွန်တော်ဟာ ကျွန်တော့်ဆန္ဒကို ဖိအားပေးပြီး မတင်ပြ နိုင်ခဲ့ပါဘူး။ ကျွန်တော်တို့ရဲ့ တရားသူကြီးတွေကို ကျွန်တော် ခန့်အပ် နိုင်ပေမယ့် သူတို့ကို ဘယ်လို စီရင်ဆုံးဖြတ်ပါလို့ ကျွန်တော် မပြောနိုင် ပါဘူး။ ဘာကြောင့်လဲဆိုတော့ အမေရိကမှာရှိတဲ့ ဆင်းရဲနွမ်းပါးတဲ့ ကလေးတစ်ဦးကနေ သမ္မတအထိ လူတိုင်းဟာ ဥပဒေရဲ့အောက်မှာ သာတူညီမျှပဲ ဖြစ်လို့ပေါ့...'

လို့ ရှင်းပြသွားတဲ့ စကားဟာ ဒီမိုကရေစီ အစိုးရစစ်စစ် တစ်ရပ်ရဲ့ ပုံမှန် အလုပ်လုပ်ပုံကို ကျောင်းဆရာရှင်းပြနည်းနဲ့ ရှင်းပြသွားတာဖြစ်လို့ ကျွန်တော်ကတော့ မှုရင်းရော ဘာသာပြန်ကိုပါ ကူးယူမှတ်သား အလွတ် ကျက်ထားလိုက်ပါတယ်။

ပြည်သူ အားလုံးအတွက် ကောင်းမွန်တဲ့ အနာဂတ်ဆိုတာ ထောင်တွေထဲမှာ နိုင်ငံရေး အကျဉ်းသားတစ်ယောက်မှမရှိတဲ့ အနာဂတ်၊ ကလေးစစ်သား တစ်ယောက်မှ မရှိတဲ့ အနာဂတ်၊ ဥပဒေရဲ့အထက်မှာ ဘယ်သူ ဘယ်အဖွဲ့ အစည်းမှ မရှိတဲ့ အနာဂတ်၊ ဘယ်အမျိုးသမီးမှ ခွဲခြား ဖိနှိပ် ဆက်ဆံခြင်း မခံရတဲ့ အနာဂတ်၊ ပြည်သူလူထုရဲ့ ရွေးချယ် တင်မြှောက်ခြင်း ခံရသူများကသာ နိုင်ငံကို အုပ်ချုပ်ခွင့်ရှိရေးကို အာမခံ ထားတဲ့ အခြေခံဥပဒေတစ်ခုကို လိုက်နာပြီး အရပ်ဘက်အစိုးရတစ်ခုကို နာခံတဲ့ စစ်တပ်တစ်ခုကသာ နိုင်ငံ့လုံခြုံရေးကို ကာကွယ်စောင့်ရှောက်တဲ့ အနာဂတ်ဖြစ်တယ်ဆိုတဲ့ သမ္မတ အိုဘားမားရဲ့ ပြောဆိုချက်ကလည်း ကျွန်တော်တို့ ဒီမိုကရေစီ ဘက်တော်သားတွေ လျှောက်ရမယ့်ခရီးကို ကူညီ ဖွင့်ဆိုပေးရာ ရောက်ခဲ့ပါတယ်။

## ကြီးမားတဲ့ အထောက်အကူ တစ်ခု

ရခိုင်ပြည်နယ်က ပဋိပက္ခ အရေး၊ ယူနီတဆယ် လူ့အခွင့်အရေးနဲ့ နိုင်ငံသားဖြစ်မှု စတဲ့ အတွေးပွားစရာ ကိစ္စတွေကိုလည်း သူ့နောက်က အချက်အလက်များ ဖြည့်တင်းပေးသူအချို့ရဲ့ ဘက်လိုက်မှု အတိုင်းအတာ အလျောက် သမ္မတ အိုဘားမားက

တို့ထိသွားခဲ့ပေမယ့် တစ်ခုလုံး ခြုံပြောရရင်တော့ အမေရိကန်သမ္မတတစ်ဦးရဲ့ သမိုင်းဝင် အလည်အပတ် ခရီးရော၊ ရန်ကုန်တက္ကသိုလ် မိန့်ခွန်းရောဟာ ကျွန်တော်တို့ပြည်သူတွေ လျှောက်လှမ်းနေကြဆဲ ဒီမိုကရေစီ ခရီးကြမ်းမှာ ကြီးမားတဲ့ အထောက်အပံ့ တစ်ခု ဖြစ်လိမ့်မယ်လို့ ကျွန်တော်တော့ ယုံကြည်မိကြောင်းပါဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်။**

*၂၅၊ နိုဝင်ဘာ၊ ၂၀၁၂*

*အတွဲ ၃၊ အမှတ် ၁၂၂*

○

# ကိုယ့်ထက်သာ နာလိုတတ်တဲ့ စိတ်ဓာတ်

## ခေါင်းဆောင်" ရွေးကြတဲ့အခါ

အခုအချိန်ဟာ ကျွန်တော်တို့နိုင်ငံဟာ ခေတ်ဟောင်း တစ်ခုကနေ ခေတ်သစ်တစ်ခုဆီသို့ ကူးပြောင်းဖို့ အားယူနေချိန် အခင်းအကျင်းတွေ ပျိုးနေချိန် ဖြစ်တယ်ဆိုတာ အထူး ပြောနေစရာ မထင်ဘူးဗျာ။

တစ်ကျော့ပြန် ပေါ်ပေါက်လာတဲ့ ပါတီစုံ ဒီမိုကရေစီ စနစ်အတွင်း နိုင်ငံတော် အာဏာကို မျှော်မှန်းတဲ့ နိုင်ငံရေးပါတီတွေရော မမျှော်မှန်းတဲ့ လူထုအခြေပြု လူ့ အဖွဲ့အစည်းတွေပါ အပြိုင်းအရိုင်း ပေါ်ပေါက်လာနေတာလည်း အားလုံး အမြင်အတွေ့ ပါပဲဗျာ။ အဖွဲ့အစည်းတွေ ဖြစ်တာနဲ့ အညီ အဲဒီ အဖွဲ့အစည်းတွေအတွင်း အဆင့်ဆင့်သော ခေါင်းဆောင်များ ရွေးချယ် တာဝန်ပေးအပ်ရေး ကိစ္စကို မရှောင်မလွှဲသာ မျက်မှောက်ပြု နေကြရပြီး အကျိုးဆက်အဖြစ် ဆူဆူညံညံ ပူညံပူညံ အသံတွေ ထွက်ပေါ်နေတာလည်း သတိမပြုဘဲ မနေနိုင်အောင်ပါပဲ။

ပါတီကြီးတစ်ခုက အသံတွေဆိုရင် ပါတီစက်ဝန်းကိုကျော်ပြီး မီဒီယာ တွေကတစ်ဆင့် ပြည်သူတွေ နားထဲအထိ ပွက်လောရိုက်ခဲ့တယ်ဗျာ။ မလိုသူတွေက ဒီကိစ္စကို လက်ညှိုး ထိုးပြီး အမနာပ ပြောစရာ ဖြစ်သွား ပေမယ့် ကျွန်တော်တို့ကတော့ ဒါဟာ ဒီမိုကရေစီရဲ့ သဘာဝတစ်ခုလို့ပဲ ရှုမြင် လက်ခံလိုက်တယ်ဗျာ။

အရေးကြီးတာက အဖွဲ့တိုင်းကို ခေါင်းဆောင်ကောင်းက ဦးဆောင်ခွင့် ရဖို့ ဖြစ်ပါတယ်။ ဒါမှ အဆင့်ဆင့် တက်ပြီး ခေါင်းဆောင်ကောင်းများက နိုင်ငံတော်အဆင့်အထိ ဦးဆောင်ခွင့်ရမှာ ဖြစ်တယ်ဗျာ။

## အတော်ဆုံး ခေါင်းဆောင်ဆိုတာ

ခေါင်းဆောင်ကောင်းရဲ့ အရည်အချင်းကို ဘယ်လိုဖွင့်ဆိုမလဲ။ အများကြီး ဖွင့်ဆိုနိုင်ပါတယ်။ လွန်ခဲ့တဲ့ နှစ်ဆယ့်လေးနှစ်တုန်းက လူငယ် အစည်းအဝေးတစ်ခုမှာ လူငယ်တစ်ယောက်က ဒေါ်အောင်ဆန်းစုကြည်ကို 'ခေါင်းဆောင်ကောင်းဆိုတာရဲ့ အဓိပ္ပာယ်ကို ဝါကျ တစ်ကြောင်းတည်းနဲ့ ဖွင့်ဆိုပေးပါ' လို့ တောင်းဆိုတော့ ဒေါ်အောင်ဆန်းစုကြည်က 'ခေါင်းဆောင် ကောင်းဆိုတာ ခေါင်းဆောင်ကောင်းတွေကို ရှာဖွေ ဖော်ထုတ်ပေးနိုင်သူပေါ့' လို့ ပြောခဲ့တာ ကျွန်တော် မှတ်မိနေတယ်ဗျ။

အဖွဲ့အစည်းတစ်ခုမှာ ငါ ခေါင်းဆောင် ဖြစ်သင့်တယ်၊ ငါဟာ ဒီနေရာ အတွက် ထိုက်တန်သူ ဖြစ်တယ်လို့ ရိုးရိုးသားသား ယုံကြည် ယူဆထား သူများရှိတာ သဘာဝ ဖြစ်ပါတယ်။ သူတို့ဟာ အဲသလို တွေးနိုင်လောက်တဲ့ အရည်အသွေး ရှိထားသူများလည်း ဖြစ်လေ့ရှိပါတယ်။ အဲဒီလိုမျိုး လူတွေ ထဲမှာမှ ပိုပြီး တော်တဲ့သူကတော့ ကိုယ့်မှာသာ ခေါင်းဆောင် အရည်အသွေး ရှိတာ မဟုတ်ဘူး။ အခြားသူများမှာရှိတဲ့ ခေါင်းဆောင် အရည်အသွေး များကိုပါ မြင်နိုင်စွမ်းရှိသူ ဖြစ်ပါတယ်။ ဒါ့ထက် ပိုတော်တဲ့သူကတော့ တခြားသူတွေမှာရှိတဲ့ ခေါင်းဆောင် အရည်အသွေး နည်းနည်းလေး သေးသေးလေးကို များလာအောင် ကြီးလာအောင် ကူညီ ပံ့ပိုးပေးသူ ဖြစ်ပါတယ်။ အတော်ဆုံးသူကတော့ ကိုယ့်ထက် အရေးပါတဲ့ အရည်အသွေး အများစုမှာ ပိုသာတဲ့သူ (တစ်နည်း) ကိုယ့်ထက် ပိုတော်တဲ့သူကို ခေါင်း ဆောင်နေရာမှာထားပြီး မိမိက သူ့အောက်မှာ သူပေးတဲ့ တာဝန်များကို ကျေပွန်အောင် ကြိုးစားဆောင်ရွက်သူပဲ ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်း စုကြည်ရဲ့ စကားက ဒီအချက်ကို ဆိုလိုပုံ ရပါတယ်။

## ခေါင်းဆောင်မှု ဖြစ်ပေါ်လာပုံ

လူ့အဖွဲ့အစည်းရဲ့ အသေးငယ်ဆုံး ယူနစ်က လူ ဖြစ်ပါတယ်။ အဲဒီကမှ တစ်ဆင့် တက်လာတော့ လူယောက်ျားနဲ့ လူမိန်းမတို့ သွေးနှော ပေါင်းစည်း မှုဖြစ်တဲ့ ဇနီးမောင်နှံ၊ အဲဒီကမှ နောက်တစ်ဆင့် တက်လာတော့ အဲဒီ ဇနီးမောင်နှံက ပွားစည်းလာတဲ့ သားသမီးတွေပါ ပါဝင်လာတဲ့ မိသားစု၊ အဲဒီကမှ နောက်တစ်ဆင့် တက်လာတော့ မိသားစုတွေနဲ့ ဖွဲ့စည်းထားတဲ့ လူ့အသိုင်းအဝိုင်း။ အဲဒီကမှ လူ့အဖွဲ့အစည်း။ အဲသလို အဆင့်ဆင့် ဖြစ်တည် နေတာ ဖြစ်ပါတယ်။

ကျွန်တော် ပြောချင်တာက ခေါင်းဆောင်အကြောင်း၊ ခေါင်းဆောင်မှု အကြောင်းပါ။ အစုအဖွဲ့နဲ့ နေထိုင် သွားလာ ကျက်စားတဲ့ အလေ့အထ ပေါ်ပေါက်ထွန်းကား မလာခင် လူရယ်လို့ ပေါ်ဦးစ အချိန်တုန်းကတော့ လူသားဟာ အထီးတည်းလည်း ရပ်တည်တယ်။ သူဟာ သူ ဆန္ဒရှိတဲ့ အတိုင်း ရွေးချယ်ဆုံးဖြတ် နေထိုင်လုပ်ကိုင်တာမို့ သူဟာ တစ်ချိန်တည်းမှာ ခေါင်းဆောင်ဖြစ်သံလို နောက်လိုက်လည်းဖြစ်တယ်။ သူ့ကြမ္မာကို သူ အပြည့်အဝ ပြဋ္ဌာန်းစီရင်ပိုင်ခွင့် ရှိတယ်။

မိသားစုရယ်လို့ ဖြစ်လာချိန်မှာတော့ လိင်နှစ်မျိုးမှာ ပိုမို အားကောင်း တဲ့ လိင်ဖြစ်တဲ့ ယောက်ျားက မိသားစုအတွက် အစားအစာကို အဓိက ရှာဖွေသူ၊ မိသားစု



အပေါ် ကျရောက်လာမယ့် အန္တရာယ်တွေကို အဓိက ကာကွယ် စောင့်ရှောက်ပေးသူ ဖြစ်တာကြောင့် အိမ်ထောင်ဦးစီး ယောက်ျားဟာ မိသားစုရဲ့ ခေါင်းဆောင် ဖြစ်လာပါတယ်။ ဒီအထိ ခေါင်းဆောင် ရွေးချယ်မှုပြဿနာ မရှိသေးဘူး။

## ရိုးရှင်း လွယ်ကူရာမှ ရှုပ်ထွေး နက်နဲလာ

သွေးသား တော်စပ်ခြင်း မရှိတဲ့ မိသားစုတွေ ပေါင်းစည်းနေထိုင်ကြတဲ့ လူ့အသိုင်းအဝိုင်း တစ်ခု ဖြစ်လာချိန်ကစပြီး ခေါင်းဆောင်ရွေးချယ်မှုဟာ ပြဿနာနည်းနည်း ရှိလာပါပြီ။ အိမ်ထောင်ဦးစီး ယောက်ျားတစ်ယောက်ဟာ ကိုယ့်မိသားစုမှာ ကိုယ်က အလိုအလျောက် ခေါင်းဆောင်ဖြစ်နေပေမယ့် တစ်ခုထက်မကတဲ့ မိသားစုတွေနဲ့ ပေါင်းစည်း ဖွဲ့စည်းထားတဲ့ လူ့အသိုင်း အဝိုင်းတစ်ခု ပေါ်ထွန်းလာတဲ့ အခါမှာတော့ ကိုယ်ဟာ အဲဒီ အသိုင်းအဝိုင်းရဲ့ ခေါင်းဆောင် အလိုအလျောက် ဖြစ်လာတော့မှာ မဟုတ်ပါဘူး။ မိသားစု ခေါင်းဆောင် (အိမ်ထောင်ဦးစီး) တွေထဲကမှ အရည်အချင်း အပြည့်ဝဆုံး သူက အသိုင်းအဝိုင်း တစ်ခုလုံးရဲ့ ခေါင်းဆောင်ဖြစ်လာမှာ ဖြစ်ပါတယ်။ ပြောရရင် အဲဒီခေတ်ကာလမှာ ခေါင်းဆောင် ရွေးချယ်မှု လုပ်ငန်းဟာ ရာနှုန်းပြည့်လို့ဆိုရမလောက် ချောမွေ့သင်သာခဲ့တာ ဖြစ်ပါတယ်။ သမိုင်းဦး ဘုံမြေခေတ်မှ မြေရှင်ပဒေသရာဇ်ခေတ်သို့ ကူးပြောင်းစ ကာလ တွေမှာ ခေါင်းဆောင် ရွေးချယ်မှုလုပ်ငန်းဟာ အဲသလို ရိုးရှင်း လွယ်ကူခဲ့တာ ဖြစ်ပါတယ်။

ဒါပေမဲ့ အားလုံးသိကြတဲ့အတိုင်း နောက်ပိုင်းမှာ လူ့အသိုင်းအဝိုင်း၊ လူ့အဖွဲ့အစည်းဟာ ပိုပြီး ကြီးမားကျယ်ပြန့်လာလေလေ ခေါင်းဆောင် ရွေးချယ်မှုလုပ်ငန်းဟာ ပိုပိုပြီး ရှုပ်ထွေး သိမ်မွေ့ ခက်ခဲနက်နဲလာလေလေ ဖြစ်လာခဲ့ပါတယ်။ အကျိုးဆက်ကတော့ ကမ္ဘာတစ်ဝန်း နေရာတိုင်းမှာ ခေါင်းဆောင်မှု အပြောင်းအလဲကို ရည်မှန်းတဲ့ တော်လှန်ရေးတွေ ပေါ်ပေါက်လာခဲ့တာပါပဲ။ အဲဒီဖြစ်စဉ်ဟာ ဒီကနေ့အထိ မရပ်မနား ဆက်လက် ဖြစ်ပွားနေဆဲဖြစ်ပြီး မြင်နိုင်တဲ့ အနာဂတ်မှာတော့ ရပ်ဆိုင်း သွားမယ့်ပုံ မရှိပါဘူး။

## ပြည်သူက ဆုံးဖြတ်တယ် ဆိုသော်လည်း

နိုင်ငံတစ်ခု အရာရာကို အဆုံးအဖြတ်ပေးတာ ပြည်သူဖြစ်တယ်လို့ ဆိုကြ ပါတယ်။ မှန်ပါတယ်။ ဒါပေမဲ့ အဲဒါဟာ ယေဘုယျ အမှန်တရားသာ ဖြစ်ပါတယ်။ သီးခြား ရွေးထုတ် ပြောရမယ်ဆိုရင် ခေါင်းဆောင်မှုကသာ အဲဒီနိုင်ငံရဲ့ ကံကြမ္မာကို စီရင် ဆုံးဖြတ်တာ ဖြစ်ပါတယ်။ အဖွဲ့အစည်း တစ်ခုမှာလည်း ခေါင်းဆောင်ကသာ အဲဒီ အဖွဲ့အစည်းရဲ့ ကံကြမ္မာကို ပြဋ္ဌာန်းစီရင်တာ ဖြစ်ပါတယ်။

ဒါကြောင့် လူသားတွေနဲ့ ဖွဲ့စည်းထားတဲ့ အသေးငယ်ဆုံး အဖွဲ့ကလေး တွေ အစ အကြီးဆုံး နိုင်ငံတော်အဆုံး ခေါင်းဆောင်ကောင်း ရရှိရေးဟာ အသက်ပမာ အရေးပါတာ ဖြစ်ပါတယ်။ ခေါင်းဆောင်ကောင်းက အဖွဲ့အစည်းကို၊ နိုင်ငံကို ရှေ့သို့ ရွေ့လျားစေပြီး ခေါင်းဆောင်ညံ့က နောက်သို့ နိမ့်လျှော့ ကျဆင်း ဆုတ်ယုတ်စေပါတယ်။

## ကိုယ့်ထက်သာတာကို နာလို လက်ခံမှု

ဒီဆောင်းပါးကို ဥပမာကောင်းကောင်းလေး ပေးပြီး နိဂုံးချုပ်ဖို့ စဉ်းစားတဲ့အခါ အခြေခံပညာ အထက်တန်း ကျောင်းသုံး မြန်မာစကားပြေ စာအုပ်တစ်အုပ် ထဲက ဆောင်းပါးတစ်ပုဒ်ကို သွားသတိရမိပါတယ်။ ရွှေဥမင် ဆရာတော်နဲ့ တောင်ဖီလာ ဆရာတော်တို့ တွေ့ဆုံ စကားပြောကြပုံကို စာရေးဆရာက မြင်ယောင်စိတ်ကူးနဲ့ ကြည့်ပြီး ပုံဖော်ထားတဲ့ဆောင်းပါးပါ။ အဲဒီဆောင်းပါးမှာပါတဲ့ အဓိက အချက်တစ်ခုကတော့ မိမိ ရေးသားပြုစုထားတဲ့ ကျမ်းထက် ရွှေဥမင်ဆရာတော် ပြုစုထားတဲ့ကျမ်းက ပိုကောင်းတာကို တွေ့သွားတဲ့ တောင်ဖီလာ ဆရာတော်က သူ့ကျမ်းကို ဘုရားရင်ပြင်တော်ပေါ်မှာ မီးရှို့ပစ်ဖော်လိုက်တဲ့ အကြောင်းပါ။ ဒီဆောင်းပါးဟာ ဒီကနေ့ ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်နေချိန်မှာ ခေါင်းဆောင်ကောင်း၊ ခေါင်းဆောင်လောင်းတွေရဲ့ အရည်အသွေးတစ်ခုကို ဖော်ပြနေတယ်လို့ ကျွန်တော် ယူဆပါတယ်။

**ပြည်သူ့ခေတ်ဂျာနယ်။**
*၁၊ ဒီဇင်ဘာ၊ ၂၀၁၂။*
*အတွဲ ၃၊ အမှတ် ၁၂။*

○

## ဆင်းရဲ မွဲတေမှု သက်သာရေး နည်းလမ်းရှာ ထွက်ပေါက်ပေးပါမှ

လူသားတိုင်းမှာ ဘယ်သူကမှ လုယူသိမ်းပိုက်တားမြစ် ပိတ်ပင်ပိုင်ခွင့် မရှိတဲ့ မွေးရာပါ အခြေခံ အခွင့်အရေးနှစ်ခု ရှိပါတယ်။ အဲဒါကတော့ အသက်ရှင်ခွင့်နဲ့ လွတ်လပ်ခွင့်တို့ပဲ ဖြစ်ပါတယ်။ အဲဒီ အခြေခံအခွင့်အရေး နှစ်ခုကိုပေါင်းပြီး လူ့အခွင့်အရေးလို့ ခေါ်ကြတာ ဖြစ်ပါတယ်။ လူတစ်ယောက်ဟာ တရားနဲ့ လျော်ညီစွာ အများ သဘောတူ ပြဋ္ဌာန်းထားတဲ့ ဥပဒေ စည်းမျဉ်းစည်းကမ်းများကို လိုက်နာ ကျင့်ကြံနေထိုင်နေသမျှ ကာလပတ်လုံး သူ့ဆီက အဲဒီအခွင့်အရေးနှစ်ခုအနက် ဘယ်အခွင့်အရေးကိုမှ ဘယ်သူကမှ လုယူသိမ်းပိုက်တားမြစ် ပိတ်ပင်ခွင့် မရှိပါဘူး။

လူတစ်ယောက်ဟာ လူ့လောကထဲကို ရောက်ရှိလာပြီဆိုတာနဲ့ သူ့ရဲ့အသက်ရှင်ရေးအတွက် တောင်းဆိုပိုင်ခွင့် ရှိတာ ဖြစ်သလို တောင်းလည်း တောင်းဆိုတာပဲ ဖြစ်ပါတယ်။ အမိဝမ်းက ကျွတ်ပြီဆိုတာနဲ့ ကလေးငယ်တွေ နို့ဆာလို့ ငိုတာ၊ အအေးဒဏ်ကြောင့် ငိုတာဟာ သူ့ရဲ့ အသက်ရှင်ခွင့်အတွက် တောင်းဆိုတာပဲ ဖြစ်ပါတယ်။ သူဟာ နို့မရ ငိုချင်း (တစ်နည်း) အစာ မစားရမချင်းနဲ့ နွေးထွေးမှု မရမချင်း ငိုမှာ (တစ်နည်း) တောင်းဆို တိုက်ပွဲဝင်မှာ ဖြစ်ပါတယ်။ အဲဒါဟာ လူသားရဲ့ အသက် ရှင်သန်ခွင့်အတွက် တိုက်ပွဲ စတာပါပဲ။ နောက်တော့ တဖြည်းဖြည်းနဲ့ အဲဒီ အခြေခံအခွင့်အရေးနဲ့ တစ်ဆက် တစ်စပ်တည်းရှိနေတဲ့ နောက်ထပ် အခြေခံအခွင့်အရေးဖြစ်တဲ့ လွတ်လပ်ခွင့်အတွက် တိုက်ပွဲတွေ ဆက်တိုက် ရပါတယ်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာ စုဝေးခွင့်၊ လွတ်လပ်စွာ သင်းပင်းဖွဲ့စည်းခွင့်၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် စတဲ့ အခွင့်အရေးတွေ အပေါင်းအစုအတွက် တိုက်ပွဲတွေ ဖြစ်ပါတယ်။

## အသက် ရှင်သန်ခွင့်

ဒီတော့ အသက်ရှင်သန်ခွင့်ဆိုတာ အစားအစာ လုံလောက်စွာ ရရှိခွင့် လူ့ယေဘုယျကြောင့်ဖြစ်စေ သဘာဝအရဖြစ်စေ ပေါ်ပေါက်လာနိုင်ဖွယ် ရှိတဲ့ ဘေးအန္တရာယ်များမှ လုံခြုံစိတ်ချ ဘေးကင်းစွာ နေထိုင်နိုင်ခွင့်ပဲ ဖြစ်ပါတယ်။ အဲဒါကို တစ်နည်းအားဖြင့် စားဝတ်နေရေး ဖူလုံခွင့် တစ်နည်းအားဖြင့် စီးပွားရေးဖူလုံခွင့်လို့ အဓိပ္ပာယ်ဖွင့်နိုင်မှာ ဖြစ်ပါတယ်။

ဆရာအုန်းတာရာက သူ့ရဲ့ဆောင်းပါးတစ်ပုဒ်ထဲမှာ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုဆိုတာ တည်ဆဲ စီးပွားရေးစနစ်ကြီးကို ပြောင်းလဲပေးဖို့ ဇရာမ လူစုလူဝေးကြီးနဲ့ တောင်းဆိုတာ ဖြစ်တယ်လို့ ရေးခဲ့ဖူးတာကို အမှတ်ရမိပါတယ်။ မှန်ပါတယ်။ ကမ္ဘာ့သမိုင်း ခေတ်အဆက်ဆက်မှာ ပေါ်ပေါက်ခဲ့ဖူးသမျှ လူမှုတော်လှန်ရေးကြီးတွေ ဆိုတာဟာလည်း နိုင်ငံ သား အားလုံးက ပိုင်ဆိုင်တဲ့ ဓနဥစ္စာကို ခွဲဝေပုံ ခွဲဝေနည်း (Distribution of Wealth) နဲ့ ပတ်သက်တဲ့ ဇရာမ လူများစုကြီးရဲ့ မကျေနပ်မှုပေါ်မှာ အခြေခံပြီး ဖြစ်ပွားပေါ်ပေါက်ခဲ့တာချည်း ဖြစ်ပါတယ်။ နိုင်ငံ့ စီးပွားရေးကို လက်တစ်ဆုပ်စာ လူတစ်စုက သူတို့ အကျိုးအတွက် ပဓာနထားပြီး လက်ဝါးကြီးအုပ် ကြိုးကိုင် ချယ်လှယ်နေတဲ့စနစ်ကို လူများစုကြီးက မကျေနပ်ရာက ပေါ်ပေါက်လာတဲ့ လှိုင်းလျှောင်းကြီးတွေသာ ဖြစ်ပါတယ်။

ကျွန်တော်တို့ဆီက ရှစ်လေးလုံး အရေးတော်ပုံကြီးဟာလည်း အဲသလို လှိုင်းလျှောင်းကြီးတစ်ခုပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ အားလုံးသိကြတဲ့ အတိုင်း အဲဒီလျှောင်းကြီးက ဆယ်စုနှစ် နှစ်ခုတောင်ကျော်လာခဲ့သည့်တိုင် ကျွန်တော်တို့နိုင်ငံရဲ့အခြေခံပင်မစီးပွားရေး အဆောက်အအုံကြီးတစ်ခုလုံး ပြောင်းပြန်ဇောက်ထိုး ပြောင်းလဲသွားအောင် မလုပ်နိုင်ခဲ့သေးတာကို မြင်တွေ့နေရပါတယ်။

## ထင်သာမြင်သာ မရှိတဲ့ အပြောင်းအလဲ

ပြည်သူတွေရဲ့ကုပ်ကို နှစ်ငါးဆယ်လောက် ခွစီးထားခဲ့တဲ့ စနစ်ဆိုးကြီးဟာ ပြည်သူတွေရဲ့ မလျှော့တဲ့ ဇွဲနဲ့ ခိုင်မြဲတဲ့ သန္နိဋ္ဌာန်တို့ကြောင့် လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကစပြီး အားနည်းချည့်နဲ့လာခဲ့ပုံရပေမယ့် (တစ်နည်း) ကျွန်တော်တို့နိုင်ငံရဲ့ အပေါ်ထပ် အဆောက်အအုံဖြစ်တဲ့ နိုင်ငံရေးစနစ်ဟာ အတော်အတန် ပြောင်းလဲလာခဲ့ပေမယ့် အဲဒီနိုင်ငံရေး အပြောင်းအလဲနဲ့ ကွဲကွာရေပါဖြစ်သင့်တဲ့ စီးပွားရေး အပြောင်းအလဲကတော့ အခုအထိ ဘာတစ်ခုမှ ထင်သာမြင်သာ ပေါ်ပေါက်လာခြင်း မရှိသေးပါဘူး။ နိုင်ငံရေး စနစ် ပြောင်းလဲခြင်းရဲ့ အန္တိမရည်မှန်းချက်က စီးပွားရေးစနစ်ပြောင်းလဲဖို့ (တစ်နည်း) နိုင်ငံရဲ့ ဓနဥစ္စာ ခွဲဝေပုံ ခွဲဝေနည်းကို ပြောင်းလဲဖို့ ဖြစ်ပေမယ့် ကျွန်တော်တို့နိုင်ငံရဲ့ အခြေခံ ပြည်သူတွေဟာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု ကနေ မလွဲမသွေ ထွက်ပေါ်လာရမှာဖြစ်တဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုရဲ့ အသီးအပွင့်တွေကို လုံးဝလိုလိုပါပဲ၊ ခံစားနိုင်ကြခြင်း မရှိသေးပါဘူး။

ကျွန်တော်က ဖတ်ဖူးထားတဲ့ စာတွေထဲက အနှစ်ချုပ်ပြီး နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုဆိုတာ သစ်ပင်ကြီးတစ်ပင်ကို ခုတ်လှဲပစ်လိုက်တာနဲ့ တူတယ်၊ မြန်တယ်၊ စီးပွားရေး



ပြုပြင်ပြောင်းလဲမှု ဆိုတာကတော့ အဲဒီ ခုတ်လှဲလိုက်တဲ့ သစ်ပင်ကြီးနေရာမှာ သစ်ပင်သစ်တစ်ပင် ပြန်စိုက်တာနဲ့ တူတယ်၊ အဲဒီသစ်ပင် ရှင်သန်ခိုင်မြဲ ကြီးထွားလာဖို့ အချိန်စောင့်ရတယ်၊ စိတ်ရှည်ရတယ်၊ အတင်းကြီး ခိုင်းလို့ မရဘူး။ နှေးတယ် စသည်ဖြင့် ကျွန်တော့် သင်တန်းတချို့မှာ အဲသလို ရှင်းပြလေ့ ရှိပါတယ်။

## အခြေခံ အကျဆုံး အခွင့်အရေး

ဒါပေမဲ့ စိတ်ရှည်မှု၊ စောင့်ဆိုင်းမှုမှာလည်း အကန့်အသတ်တော့ ရှိရမှာ ပေါ့ဗျာ။ အခုဆိုရင် ကျွန်တော်ကိုယ်တိုင် အပါအဝင် အကောင်းဘက်ကို မြန်မြန် ရောက်စေချင်သူ အတော်များများက ဝိုင်းပြီး လက်ခုပ်ဩဘာ ပေးခဲ့ကြတဲ့ သမ္မတကြီး ဦးသိန်းစိန်ရဲ့ အစိုးရတက်လာတာ နှစ်နှစ်နီးပါး ရှိသွားပါပြီ။ ဒီကာလအတွင်း ဒီမိုကရေစီနိုင်ငံတစ်ခုလို့ ခေါ်ဆိုနိုင်ရေးမှာ အင်မတန်မှ အရေးပါတဲ့ မီဒီယာလွတ်လပ်ခွင့် အပါအဝင် နိုင်ငံရေး လွတ်လပ်ခွင့်တွေ အတော်အတန် ရလာတာတော့ အမှန်ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ပြည်သူလူထုအများစုကြီး ရှုထောင့်ကကြည့်ရင် လူသားရဲ့ အခြေခံ အကျဆုံးနဲ့ အရေးအကြီးဆုံး အခွင့်အရေးဖြစ်တဲ့ အသက်ရှင်ပိုင်ခွင့် ကတော့ ခြိမ်းခြောက်ခံရတဲ့ အနေအထားမှာပဲ ဆက်ရှိနေဆဲ ဖြစ်ပါတယ်။ ဆိုလိုတာက ပြည်သူလူထုအများစုကြီးရဲ့ ပစ္စုပ္ပန်စားဝတ်နေရေး (တစ်နည်း) စီးပွားရေး အခြေအနေဟာ အပ်ဖျားပေါ် မုန်ညင်းစေ့ တင်ထားသလို ကြိုးတန်းပေါ် လမ်းလျှောက်နေရသလို မတည်မငြိမ် အခြေအနေမှာပဲ ဆက်ရှိနေပြီး သူတို့ရဲ့ မနက်ဖြန်တွေဟာလည်း ပိန်းပိတ်အောင် မှောင်နေတယ်လို့ မဆိုနိုင်ဘူးဆိုရင်တောင် မှုန်မှုန်မှိုင်းမှိုင်း ဖြစ်နေဆဲ ဖြစ်ပါတယ်။

## ခံစားချက် ရင်ခုန်သံတွေ ကြားနေရတယ်

ကျွန်တော်က အခုအချိန်မှာ အခြေခံပြည်သူတွေကြားထဲ အရောက်သွားပြီး သူတို့ရဲ့ ရင်ထဲက အသံတွေကို ကိုယ်တိုင်ကိုယ်ကျ နားထောင်နိုင်တဲ့ အခြေအနေမှာ ရှိမနေပေမယ့် ချစ်ခင်တဲ့ မိတ်ဆွေတွေဆီက တစ်ဆင့်၊ ဖတ်ရှုလေ့လာရတဲ့ စာတွေက တစ်ဆင့် ပြည်သူတွေရဲ့ ခံစားချက် ရင်ခုန်သံတွေကိုတော့ အရင်းအတိုင်း ကြားခွင့်ရရှိနေပါတယ်။ ကြားခွင့် ရသမျှ အခြေခံ ပြည်သူတွေရဲ့ အသံတွေကတော့ အားလုံးလိုလို စိတ်မချမ်းမြေ့စရာတွေချည်းပါပဲ။ ဆိုက်ကားသမား၊ လမ်းဘေးဈေးသည်၊ တက်စီသမား၊ စက်ရုံအလုပ်သမား၊ ကုမ္ပဏီဝန်ထမ်း စတဲ့ စတဲ့ အခြေခံ ပြည်သူတွေဟာ နိုင်ငံရေး အပြောင်းအလဲရဲ့ ဘာစီးပွားရေး အသီးအပွင့်ကိုမှ ခံစားရခြင်း မရှိသေးမှုအပေါ် စိတ်ပျက်လက်ပျက် ဖြစ်နေကြပါတယ်။ ပိုဆိုးတာက စက်ရုံအလုပ်သမားတွေလို စုစည်းစည်း ရှိတဲ့ အလွှာတချို့က လွဲပြီး ကျန်အခြေခံပြည်သူ့အလွှာများဟာ သူတို့ ကြုံတွေ့နေကြရတဲ့ စားဝတ်နေရေး အခက်အခဲများကို ဘယ်လိုနည်းနဲ့ ထုတ်ဖော်ပြသရမှန်းလည်း မသိကြတဲ့အတွက် လူကြားထဲ မတော်ရာ ကဏန်းညှပ် ခံထားရတဲ့သူလို ပေါ်ပေါ်ထင်ထင်လည်း မအော်နိုင်ဘဲ ကြိတ်ပြီးတော့သာ မျက်စိမျက်နှာ ပျက်နေကြရတဲ့ အဖြစ်ပါ။

## နည်းလမ်းရှာ ထွက်ပေါက်ပေးပါ

လွန်ခဲ့တဲ့ တစ်နှစ်လောက်က 'ဆင်းရဲနွမ်းပါးမှု ပပျောက်ရေး' ဆိုပြီး နေပြည်တော်မှာ အလုပ်ရုံဆွေးနွေးပွဲကြီး ခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့တာကို အခုအချိန်မှာ ကျွန်တော် အထူး သတိရနေပါတယ်။ အထူးလို့ သုံးနှုန်းလိုက်ရတာက လက်ပံတောင်းတောင် ဆန္ဒပြသူတွေကို မီးလောင် ဒဏ်ရာတွေရအောင် ဖြိုခွင်းလိုက်တဲ့ အခုလို အချိန်မျိုးကို ဆိုလိုတာပါ။ ဒီလို လုပ်ရပ်မျိုးနဲ့တော့ ပြည်သူတွေကို ဆင်းရဲတွင်းထဲက ဘယ်လို ကယ်ထုတ်မလဲဆိုတာ ကျွန်တော်တော့ အစဉ်းစားရကျပ်သွားတာ အမှန်ပါပဲ။ အဲဒီတုန်းက အစိုးရမင်းများက မကြိုက်လို့ ဆင်းရဲမွဲတေမှု၊ ဆိုတဲ့ စကားလုံးအစား 'ဆင်းရဲနွမ်းပါးမှု'လို့ ပြောင်းသုံးခဲ့ကြရတာကိုလည်း ကျွန်တော် မှတ်မိနေပါသေးတယ်။ အမှန်တော့ လက်ရှိ အခြေအနေမှာ ပြည်သူလူထု အများစုကြီးဟာ ဆင်းရဲနွမ်းပါးမှုကို ကျော်လွန်ပြီး ဆင်းရဲမွဲတေနေကြတာ ဖြစ်ပါတယ်။ ဒီထက်လည်း ကျွန်တော်တော့ ပိုပြီး မပြောချင်တော့ပါဘူး။ လူတွေ အရမ်းကို ဆင်းရဲနေကြတယ်၊ ကျပ်တည်းနေကြတယ်၊ ချွတ်ခြုံကျနေကြတယ်ဆိုတာကို သိနေမှတော့ တစ်ခုခု နည်းလမ်းရှာ ထွက်ပေါက် ပေးကြဖို့ပဲ ပန်ကြားလိုကြောင်းပါဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်**
၁၀၊ ဒီဇင်ဘာ၊ ၂၀၁၂
အတွဲ ၃၊ အမှတ် ၁၂၅

○

# အမျိုးသား ပြန်လည် သင့်မြတ်ရေး အတွေးများ

## အမျိုးသား အကျပ်အတည်းလား

ဒီနေ့ ကျွန်တော်တို့နိုင်ငံမှာ လက်ပံတောင်းတောင် အရေးကိစ္စဟာ ဆူညံ ပွက်လောရိုက်ပြီး တစ်နိုင်ငံလုံးကို တုန်ခါ လှုပ်ယမ်းစေလျက် ရှိနေပါတယ်။ အရင်တုန်းကလို သတင်း အဖြစ်အပျက် အတိအကျ အသေးစိတ်ကို အသံလွှင့် မီဒီယာတွေက တစ်ဆင့်သာ သိခွင့်ရတာမျိုး မဟုတ်တော့ဘဲ ပုံနှိပ် မီဒီယာတွေမှာပါ အရှိအတိုင်း အဖြစ်အတိုင်း ဖတ်ရှု မြင်တွေ့နေကြ ရတာမို့ ပြည်သူတွေဟာ အဲဒီကိစ္စနဲ့ပတ်သက်ပြီး အမှန်တကယ် ဘာတွေ ဖြစ်ပျက်ခဲ့တယ်၊ ဘာတွေ ဆက်ပြီးဖြစ်နေတယ် ဆိုတာတွေကို အချိန်နဲ့ တစ်ပြေးညီ သိရှိနေကြတဲ့အလျောက် အဲဒီ သိရှိရတဲ့ သတင်းတွေအပေါ်မှာ ခံစား သုံးသပ်ဝေဖန် ဆောကြောမှုတွေ အဆက်မပြတ် လုပ်နေကြပါတယ်။ ပြီးတော့ မိမိတို့ရဲ့ အဲဒီ ခံစားချက်၊ သုံးသပ်ချက်တွေအပေါ် မူတည်ပြီး တုံ့ပြန်တာတွေ လုပ်နေကြတဲ့အတွက် အခုလို တစ်နိုင်ငံလုံးက စိတ်ဝင်စား နေကြတယ်လို့ ဆိုနိုင်တယ်ဗျ။

အားလုံးသိကြတဲ့အတိုင်း အခုဖြစ်နေတဲ့ လက်ပံတောင်းတောင်ကိစ္စဟာ ဒေသဆိုင်ရာ ပြဿနာတစ်ခုအဖြစ်နဲ့ စတင်ခဲ့တယ်။ အခုအချိန်မှာတော့ အမျိုးသားရေး အကျပ်အတည်း (National Crisis) တစ်ခုအဖြစ်သို့ ဦးတည်နေပြီလားဆိုပြီး စိုးရိမ်ပူပန်စရာတွေ ရှိလာပါတယ်။ လက်ပံတောင်းတောင် သပိတ်စခန်းကို အာဏာပိုင် တွေက အင်အားသုံး ဖြိုခွဲမှု မလုပ်ခင်ကတောင် အဲဒီကိစ္စဟာ ကျွန်တော်တို့ နိုင်ငံရဲ့ အလှည့်အပြောင်း ဖြစ်လာ နိုင်သလားဆိုပြီး တွက်ဆ ခန့်မှန်း ပြောဆိုရေးသားမှုတွေ

ရှိခဲ့တာ အခုလို အင်အားသုံး ဖြိုခွဲမှုကို ပြုလုပ်လိုက်ပြီးတဲ့ နောက်မှာတော့ ဒီကိစ္စဟာ ရေဆူမှတ်နားအထိ ရောက်လာခဲ့တာ သဘာဝကျပါတယ်ဗျ။

## မေးခွန်း ထုတ်စရာတွေ

သပိတ်စခန်းကို အင်အားသုံး ဖြိုခွဲလိုက်ပြီးတဲ့နောက်မှာ လက်ပံတောင်း တောင် အရေးကိစ္စနဲ့ပတ်သက်ပြီး အရင်ရှိနေနှင့်ပြီးသား မေးခွန်းတွေအပြင် နောက်ထပ် လေးနက်တဲ့ မေးခွန်းတွေ ထွက်ပေါ်လာပါတယ်။ အဲဒါတွေထဲက တချို့ကတော့ သပိတ်စခန်းကို ဖြိုခွဲရာမှာ အသုံးပြုခဲ့တဲ့ ဗုံးတွေဟာ မျက်ရည်ယို ဗုံးလား။ မီးလောင်ဗုံးလား။ ရလဒ်အရ ကျွန်တော်တို့နိုင်ငံရဲ့ အတိတ်မှာရော နိုင်ငံတကာမှာပါ သုံးနေခဲ့ကြတဲ့ မျက်ရည်ယိုဗုံးမျိုး မဟုတ်တာ ပေါ်လွင်နေတယ်ဆိုရင် အဲဒီဗုံးတွေ ဘယ်နိုင်ငံက လာတာလဲ။ ဗုံးပစ်တဲ့သူတွေ ဒါမှမဟုတ် ပစ်ဖို့ အမိန့်ပေးတဲ့သူတွေဟာ အဲဒီဗုံးတွေကို ဘာဗုံးမှန်းမသိဘဲ ပစ်ခဲ့၊ ပစ်ခိုင်းခဲ့တာလား။ ဒါမှမဟုတ် သိသိကြီးနဲ့ ပစ်ခဲ့ ပစ်ခိုင်းခဲ့တာလား။ ဒေါ်အောင်ဆန်းစုကြည် လာမယ့်နေ့ မနက်ကိုမှ ရွေးပြီး သပိတ်စခန်းကို ဖြိုခွဲခဲ့တာဟာ မတော်တဆ တိုက်ဆိုင်မှုလား။ တမင် ရည်ရွယ်ချက်နဲ့လား။ လက်ပံတောင်း တောင်ကိစ္စနဲ့တင် စစ်ဆေးရေး ကော်မရှင်ဖွဲ့ဖို့ လွှတ်တော်က ဆုံးဖြတ်ထားတဲ့ အခြေအနေမှာ အဲဒီကော်မရှင် ရဲ့ စုံစမ်းစစ်ဆေးမှု ရလဒ်ကိုတောင် မစောင့်နိုင်တော့ဘဲ သပိတ်စခန်းကို အင်အားသုံး ဖြိုခွဲတာဟာ ရိုးရိုးသားသားလား။ ဆန်းဆန်းပြားပြားလား စတဲ့ မေးခွန်းတွေ ဖြစ်ပါတယ်။

## ဒီမိုကရေစီ ရထားကြီး လမ်းချော်သွားမလား

ထုံးစံအတိုင်း ကိစ္စတစ်ခုဖြစ်လာတဲ့အခါ တုံ့ပြန်မှုတွေက အမျိုးမျိုး ရှိပါ တယ်။ သွေးဆူဆူနဲ့ စိတ်လိုက်မာန်ပါ တုံ့ပြန်တာမျိုးတွေ ရှိသလို စဉ်းစဉ်း စားစား ချင့်ချင့်ချိန်ချိန် သုံးသပ် တုံ့ပြန်တာမျိုးတွေလည်း ရှိပါတယ်။ လက်ပံတောင်းတောင် အရေးကိစ္စကို အကြောင်းပြုပြီး မြန်မာနိုင်ငံမှာ စစ်မှန်တဲ့ ဒီမိုကရေစီစနစ် အပြည့်အဝ ပေါ်ထွန်းလာသည် အထိ အရှိန်မြှင့် တွန်းတင် လှုပ်ရှား ဆောင်ရွက်သွားကြရမယ်လို့ ပြောဆိုနေကြသူတွေ ရှိသလို လက်ပံတောင်းတောင် အရေးကိစ္စကြောင့် မြန်မာ့ ဒီမိုကရေစီရထားကြီး လမ်းချော် တိမ်းမှောက်သွားတာမျိုး အဖြစ်ခံလို့ မရဘူးလို့ ပြောနေကြသူတွေလည်း ရှိနေပါတယ်။

ကျွန်တော်ကတော့ လက်ပံတောင်းတောင်အရေး အခုလို ဆူညံ ပွက်လောရိုက် နေချိန်မှာ အဲဒီကိစ္စနဲ့ သွယ်ဝိုက် ဆက်စပ်နေတယ်လို့လည်း ပြောလို့ရနိုင်သလို တိုက်ရိုက် ဆက်စပ်နေတယ်လို့လည်း ပြောလို့ရနိုင်တဲ့ ကိစ္စတစ်ခုအကြောင်း အပြင်းပြ



အလှန်လှန် စဉ်းစားနေမိပါတယ်။ အဲဒါကတော့ အမျိုးသား ပြန်လည် သင့်မြတ်ရေးကိစ္စ ဖြစ်တယ်ဗျ။

## ပျံ့လေတဲ့ ငှက်ခါး

ကျွန်တော်တို့နိုင်ငံမှာ လွတ်လပ်ရေးနဲ့ ရှေ့ဆင့် နောက်ဆင့် ဆိုသလို အမျိုးသား သွေးစည်းညီညွတ်ရေး ပြိုကွဲမှုကြီး မွေးဖွား ပေါ်ပေါက်လာခဲ့တယ်။ အဲဒီ ဖြစ်စဉ်ကြီး အစပိုင်းမှာ အင်အားစု နှစ်စု တစ်ခုနဲ့ တစ်ခု မီးကုန်ယမ်းကုန် တိုက်ခိုက်ခဲ့ကြတယ်။ ဒါပေမဲ့ အချိန်နည်းနည်း ကြာလာတာနဲ့ အဲဒီ အင်အားစု နှစ်ခုစလုံးက အမြော်အမြင်ရှိတဲ့ ခေါင်းဆောင်တွေဟာ အမျိုးသား ပြန်လည် သင့်မြတ်ရေးလုပ်ဖို့ လိုအပ်တယ်ဆိုတာကို သဘော ပေါက်ပြီး လက်တွေ့လည်း ကြိုးပမ်းခဲ့ကြတယ်။ ဒါပေမဲ့ အင်အားစုကြီးတစ်ခုရဲ့ ဟန့်တားမှုတွေကြောင့် အမျိုးသား ပြန်လည် သင့်မြတ်ရေးဟာ ပျံ့လေတဲ့ ငှက်ခါးကို မိအောင် မဖမ်းနိုင်သလို ဖြစ်ခဲ့ရတယ်ဗျာ။

ဒါပေမဲ့ သမ္မတ ဦးသိန်းစိန်နဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ပထမဆုံး အကြိမ်တွေ့ဆုံ ဆွေးနွေးခဲ့ကြအပြီးမှာတော့ ရာစုတစ်ဝက်ကျော်လောက် ကောင်းကင်မှာပဲ ပျံ့ဝဲနေခဲ့တဲ့ အမျိုးသား ပြန်လည် သင့်မြတ်ရေး ငှက်ခါး နားတော့မယ့် အရိပ်အယောင်တွေကို မြင်တွေ့ခဲ့ကြရပါတယ်။ တကယ် နားသေးတာလည်း မဟုတ်၊ နားလာရင်တောင်မှ အမိဖမ်းနိုင်မလားဆိုတာ သေချာသေးတာလည်း မဟုတ်ပေမယ့် အမျိုးသား သွေးစည်း ညီညွတ်မှု ပြိုကွဲခဲ့တဲ့ဒဏ်ကို ကျောကော့အောင် ခံစားခဲ့ကြရပြီးဖြစ်တဲ့ ကျွန်တော်တို့ ပြည်သူတွေဟာ အဲဒီ ငှက်ခါးနားတော့မယ့် အရိပ်အယောင်ကလေး မြင်ခဲ့ကြရတယ်ဆိုရုံနဲ့ နလုံးစိတ်ဝမ်း အေးချမ်းစ ပြုလာခဲ့ကြပါတယ်။ အထူးသဖြင့် တစ်လျှောက်လုံး နိုင်ငံရေးကို ရှေ့တန်းက တက်တက်ကြွကြွ လှုပ်ရှား ဆောင်ရွက်ခဲ့ကြတဲ့ တက်ကြွ လှုပ်ရှားသူတွေဟာ အမြဲတမ်း အထုပ်အပိုးပြင်ထားကြရတဲ့ အခြေအနေမျိုး၊ ညည ကိုယ့်အိမ်နဲ့ မလှမ်း မကမ်းမှာ ဆိုင်ကယ် လာရပ်သံကြားရင် လန့်နိုးပြီး ဆက်အိပ်လို့ မရ တော့တဲ့ အခြေအနေမျိုးတွေ ကနေ လွတ်မြောက်စ ပြုလာကြပြီလို့ ပြောနိုင်ပြီဗျ။

## အားတက်စရာတွေ အားလျော့စရာတွေ

ဒါပေမဲ့ ကျွန်တော်တို့နိုင်ငံမှာ စစ်မှန်တဲ့ အမျိုးသား ပြန်လည်သင့်မြတ်ရေး တကယ်ရ နေပြီလား ဒါမှမဟုတ် အခု မရသေးရင်ရော နီးကပ်တဲ့ အနာဂတ် ကာလမှာရမယ့် အခြေအနေရော ရှိရဲ့လား၊ ဒီတစ်သက် ကျွန်တော်တို့နိုင်ငံ (တစ်သက်) ရရော ရှိမှာလားဆိုတဲ့ မေးခွန်းတွေ ပြည်သူတွေရင်ထဲ ရှင်းရှင်းကြီး ပျောက်ကွယ်သွားခြင်း မရှိသေးတာကတော့ အမှန်ပဲ ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်တို့တစ်တွေ

လွှတ်တော်ထဲ ရောက်နေတာ၊ ရှစ်ဆယ့်ရှစ်တွေ နိုင်ငံအနှံ့ လျှောက်သွားပြီး ပွင့်လင်း လူ့အဖွဲ့အစည်း တည်ဆောက်နိုင်နေကြတာ၊ မီဒီယာတွေ လွတ်လပ်ခွင့် ရလာတာတွေ ကြောင့် ပြည်သူတွေ အားတက်ကြရပေမယ့် သမ္မတက ထိုးစစ်တွေ ရပ်ဆိုင်းဖို့ ညွှန်ကြားထားပါတယ်ဆိုတဲ့ ကြားက ကချင်ပြည်နယ်မှာ ပြင်းထန်တဲ့ စစ်ပွဲတွေ ဆက်လက် ဖြစ်ပွားနေတာ နိုင်ငံရေးအကျဉ်းသားတွေ ထောင်တွေထဲမှာ ဆက်ရှိနေသေးပြီး လွတ်လာသူတွေဟာလည်း အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်အရ မဟုတ်ဘဲ ထောင်ကြွေးကျန်စနစ်နဲ့ လွတ်မြောက်လာတာ၊ နိုင်ငံရေးအကျဉ်းသား ရှိတယ် မရှိဘူးလို့ ကွဲလွဲခံယူ ထားကြတာ၊ ပြည်သူလူထုဆန္ဒကို ထပ်ဟပ်မှုရှိတဲ့ အခြေခံ ဥပဒေတစ်ခု ဖြစ်ပေါ်လာရေး တောင်းဆိုလာကြတာ စတဲ့ စတဲ့ အချက်တွေက လက်ရှိ အခြေအနေကို အမျိုးသားပြန်လည်သင့်မြတ်ရေး လမ်းစပေါ်နေတဲ့ အခြေ အနေလို့ ပြည်သူတွေ အပြည့်အဝ မယုံကြည်ရဲအောင် ဟန့်တားကွယ်ကာ ပိတ်ဆီးထားသလို ဖြစ်နေတယ်ဗျာ။

## ဒေါက်တာသိန်းဝင်း ပြောတဲ့ တောင်အာဖရိက နမူနာ

ပြီးခဲ့တဲ့ အပတ်ထုတ် ပြည်သူ့ခေတ်ဂျာနယ်မှာ တောင်အာဖရိက နိုင်ငံက ခေါ်ရွှ ပြန်လာတဲ့ Free Burma Campaign (South Africa ရဲ့ဥက္ကဋ္ဌ ဒေါက်တာသိန်းဝင်းရဲ့ အင်တာဗျူး ပထမပိုင်း ပါလာပါတယ်။ (မဖတ်ရ သေးသူများ ဆက်ဆက် ဖတ်ကြည့် ညွှန်းပါရစေ) အဲဒီ အင်တာဗျူးမှာ ဒေါက်တာသိန်းဝင်းရဲ့ ဟောဒီစကားတစ်ခု ပါ ပါတယ်။ 'လူဖြူအစိုးရက တကယ် ပြောင်းဖို့ ရည်ရွယ်တယ်၊ တကယ် ဆွေးနွေးတယ် ဒီကလပ်ရဲ့ နောက်မှာ ကြိုးကိုင်ထားတာတို့၊ တကယ် လုပ်လို့ မရတာတို့ ဒါမျိုးတွေ မရှိပါဘူး' ကျွန်တော်တို့နိုင်ငံမှာက 'ဒီအစိုးရဟာ ဒီမိုကရေစီကို တကယ် သွားချင်တာ သေချာရဲ့လား။ ဒါမှမဟုတ် ဒီအစိုးရဟာ တကယ်ရော လွတ်လွတ်လပ်လပ် လုပ်နိုင်ရဲ့လား' ဆိုပြီး သံသယရှိတဲ့ ပြည်သူတွေ ရှိနေပါတယ်။ အခု လက်ပံတောင်းတောင် သပိတ်ကို အကြမ်းဖက် ဖြိုခွဲတဲ့ ကိစ္စ ပေါ်လာတဲ့အခါ အဲဒီ သံသယတွေ ပိုပြီး ကြီးထွားလာတာ အမှန်ပါပဲ။

ဒေါက်တာသိန်းဝင်းရဲ့ အင်တာဗျူးမှာ 'အမှန်တရားနဲ့ ပြန်လည် သင့်မြတ်ရေး ကောင်စီ' TRC-Truth & Reconcilation Council အကြောင်းလည်း ဖတ်ရပါတယ်။ မတရားလုပ်ခဲ့သူက သူ့လုပ်ရပ်ကို လူပုံအလယ်မှာ ပွင့်ပွင့်လင်းလင်း ဝန်ခံလိုက်ပြီးတဲ့ နောက် သူနဲ့ မတရား လုပ်ခြင်းခံရသူတို့တစ်ဦးကိုတစ်ဦး ပွေ့ဖက် မျက်ရည်လည်ရွဲကျကြ၊ မတရားပြုလုပ်ခံရသူက သူ့အပေါ် မတရားပြုလုပ်ခဲ့သူကို ခွင့်လွှတ်ခဲ့ပုံတွေကို ဖတ်ရတာ တကယ့်ကို စိတ်လှုပ်ရှားစရာ ဖြစ်ပါတယ်။ တောင်အာဖရိက နိုင်ငံရဲ့ အခြေခံဥပဒေမှာ



အသားအရောင် ခွဲခြားတဲ့ ခေတ်ကာလမှာ မိမိ ကျူးလွန်ခဲ့တဲ့ လူ့အခွင့်အရေး ဖောက်ဖျက်မှုကို ဝန်ခံ ပြောဆိုမယ်ဆိုရင် ဒီလူကို လွတ်ငြိမ်းချမ်းသာခွင့် အပြည့်အဝ ပေးဖို့ ဖော်ပြထားတာကြောင့် ဒါဟာ အမျိုးသား ပြန်လည် သင့်မြတ်ရေးကို များစွာ အထောက်အပံ့ဖြစ်စေတဲ့ အချက် ဖြစ်ပါတယ်။ အဲသလို ဝန်ခံ တာဟာ လက်စားချေမှုကို လှုံ့ဆော်ဖို့ မဟုတ်ဘဲ နောင် ဒီလိုအမှားတွေ ထပ်ပေါ်မလာအောင် သင်ခန်းစာ ယူနိုင် စေဖို့သာ ဖြစ်တဲ့အတွက် အမျိုးသား သွေးစည်းညီညွတ်မှု ပြုကွဲခဲ့တဲ့ နိုင်ငံတွေ နိုင်ငံသစ် တည်ထောင်တဲ့အခါ မလွဲမသွေ ယူရမယ့် စံနမူနာကောင်း တစ်ခု ဖြစ်တယ်ဗျ။

## လက်စားချေဖို့ မစဉ်းစားသူ

ဒေါက်တာသိန်းဝင်းက သူ့အင်တာဗျူးထဲမှာ လူမည်းခေါင်းဆောင် နယ်လ်ဆင် မင်ဒဲလားရဲ့ ဉာဏ်ပညာ အမြော်အမြင် ကြီးမားပုံတွေကို လည်း ဖြေဆိုထားပါတယ်။ သူကိုယ်တိုင်က လူဖြူတွေရဲ့အကျဉ်းထောင် တွေထဲမှာ နှစ်ပေါင်း ၃၀ နီးပါး နေလာခဲ့ရသူ ဖြစ်ပေမယ့် လုပ်ပိုင်ခွင့် ရှိသူနေရာ ရောက်လာတဲ့အခါ လက်စားချေ တုံ့ပြန်ဖို့ ကိစ္စကို နည်းနည်း လေးမှ မစဉ်းစားဘဲ လူဖြူတွေရဲ့ ယုံကြည်မှုရအောင် အပြောအဆိုခံပြီး တည်ဆောက်ခဲ့ပုံ၊ သူ့ရဲ့ အဲဒီဉာဏ်ပညာ အမြော်အမြင်ကြောင့် တစ် လျှောက်လုံး သူတို့ရဲ့ အသက်အိုးအိမ် စည်းစိမ်တွေကို လက်နက် အာဏာနဲ့ ကာကွယ်လာခဲ့ကြတဲ့ လူဖြူတွေဟာ သူတို့ အနာဂတ် လုံခြုံရေးအတွက် စိတ်အေးချမ်းမှု ရရှိပြီး အာဏာက ဖြည်းဖြည်းချင်း ဆုတ်ခွာသွားခဲ့ကြပုံတွေကို ဖတ်ရတာ ကျွန်တော်တို့ နိုင်ငံအတွက် အင်မတန်မှ နမူနာယူစရာကောင်းတဲ့ လုပ်ပုံလုပ်နည်းတွေ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံအတွက် အားတက်စရာ တစ်ခုကတော့ ကျွန်တော်တို့ ဆီမှာလည်း အဲသလို အခြေအနေမျိုး ဖြစ်ထွန်းပေါ်ပေါက်လာဖို့ အခြေ အနေကောင်းတစ်ခု ရှိနေတဲ့ အချက်ပါပဲ။

ဒါတွေကတော့ ဒီကနေ့ ဆူညံပွက်လောရိုက်နေတဲ့ လက်ပံတောင်း တောင်အရေး တောင်းဆိုသံတွေကို ခွဲခြမ်းစိတ်ဖြာရင်း ကျွန်တော့်ခေါင်းထဲ ဝင်လာတဲ့ အမျိုးသား ပြန်လည် သင့်မြတ်ရေး အတွေးများလည်း ဖြစ်ကြောင်းပါ။

**ပြည်သူ့ခေတ်ဂျာနယ်**
*၁၇ ဒီဇင်ဘာ ၂၀၁၂*
*အတွဲ ၃ အမှတ် ၁၂*

○

# ကျိုးကန်း ငမည်းနဲ့ ဟံသာဝတီ ဦးဝင်းတင်

တတိယအကြိမ် ဆေးစစ်ဖို့ စင်ကာပူကို ပြန်ရောက်နေတုန်း သည်စာကို ရေးဖြစ်ပါတယ်။ ကီမိုဆေးသွင်း ကုသမှု စင်ကာပူမှာ နှစ်ကြိမ်၊ ရန်ကုန်မှာ နှစ်ကြိမ်အပြီး ဒုတိယအကြိမ် ဆေးလာစစ်တုန်းက အဆုတ်က အကျိတ်ရဲ့အရွယ်ပမာဏ အတော်ကလေး ကျုံ့သွားတယ်လို့ သိရပါတယ်။ ဆေးသွင်းကုသမှု ရန်ကုန်မှာ နောက်ထပ် လေးကြိမ်အပြီး ယခုတစ်ကြိမ်မှာ ဆေးစစ်ချက်အဖြေက အကျိတ်ဟာ ထပ်ပြီး လျော့မသွားပေမယ့် ပိုလည်း ကြီးမလာဘူး။ တခြားနေရာတွေကိုလည်း ပျံ့နှံ့မှု မရှိဘဲ ထိန်းထား နိုင်တယ်လို့ သိရပါတယ်။ ဒါကြောင့် ကုသနေတဲ့ သမားတော်က ဆေးတစ်မျိုး ပြောင်းပေးလိုက်ပါတယ်။ အရင်က gemcitabine ကို cipllatin နဲ့ Avastin နဲ့ တွဲပြီး သွင်းခဲ့ရာက အခု gemcitabine ကိုဖယ်လိုက်ပြီး Alimta ဆိုတဲ့ ဆေးအသစ်ကို ပေးလိုက်ပါတယ်။ ကျွန်တော့်ကို ချစ်ခင်ကြင်နာစွာ သတင်းမေး အကူအညီ ပေးနေကြတဲ့ ပြည်တွင်းပြည်ပ မိတ်ဆွေများထဲက ဆေးအကြောင်း နားလည်သူများ သိနိုင်ဖို့ ဆေးအမည်များ ဖော်ပြလိုက်တာပါ။ ဆေးဝါးတွေရဲ့ ဈေးနှုန်းကတော့ ကြောက်ခမန်းလိလိပါ။ ကျွန်တော် အရင်တစ်ကြိမ်က အစီရင်ခံခဲ့ဖူးသလိုပါပဲ၊ မိတ်ဆွေ သင်္ဂဟများရဲ့ ကူညီထောက်ပံ့မှုသာ မရှိရင် ဘယ်လိုနည်းနဲ့မှ ကျွန်တော် ဆေးမကုနိုင်ပါဘူး။ အမည်နာမတွေကို မဖော်ပြနိုင်ပေမယ့် ကူညီနေသူ အားလုံးကို အထူးကျေးဇူးတင်ကြောင်း ထပ်လောင်းပြောပါရစေ။

ဆေးစစ်တာတွေပြီးတော့ ရန်ကုန် မပြန်ခင် နားနားနေနေ ရှိခိုက် စာအုပ်တချို့ ဖတ်ဖြစ်ပါတယ်။ သမီးကြီးထိုက် ဖတ်ချင်လို့ မှာလိုက်တဲ့ စာအုပ်တွေ ဝယ်လာတဲ့အထဲမှာ ဇာဂနာရဲ့ 'ပထမ' နဲ့ မသီတာ စမ်းချောင်းရဲ့ 'စမ်းချောင်း အင်းစိန် ဟားဗတ်' တို့ ပါပါတယ်။ အချိန်ရတုန်း အဲဒီ နှစ်အုပ်စလုံး ဖတ်ပြီးသွားပါတယ်။ ဇာဂနာ စာအုပ်က



ခပ်ပါးပါးဆိုတော့ အရင်ဖတ်ပြီးသွားတယ်။ မသီတာစာအုပ်က ထူပြီး အကြောင်းအရာတွေက များလေတော့ ဖြည်းဖြည်းဖတ်ရပါတယ်။

ဆရာကြီး ဟံသာဝတီ ဦးဝင်းတင်ရဲ့ အမှာစာမှာ မသီတာရဲ့ စာအုပ် ဟာ သူ့ရဲ့ 'ဘာလဲဟဲ့ လူ့ငရဲ' စာအုပ်ထက် ပိုကောင်းတယ်လို့ ရဲရဲကြီး ညွှန်းထားပါတယ်။ 'ကျွန်တော့်စာအုပ်က သတင်းစာ ကလောင်နဲ့ရေးတယ်၊ အဖြစ်ကိုရေးတာ၊ သနစ်ကို ရေးတာ၊ ထောင်ဆိုတာ ငရဲဟော့လို့ ပြောပြတာ။ ထောင်ဆိုတာ ကျောင်းဟော့လို့ ပြောပြတာ။ ရသခြွေ့ရှားတယ်။ ခံစားချက် များတယ်။ မသီတာစာအုပ်က စာပေကလောင်နဲ့ ရေးတယ်။ ဝေဒနာ ကို ရေးတာ။ စေတနာကို ရေးတာ။ ထောင်ဆိုတာ စိတ်ခံယူချက်ရှင့်လို့ ပြောပြတာ။ ထောင်ဆိုတာ ရုပ်ခံစားချက်ရှင့်လို့ ပြောပြတာ။ ရသပြည့်လျှံ တယ်။ ခံစားချက် ပေါင်းလန်တယ်' လို့ ဆရာက အားပါးတရ ရေးထား ပါတယ်။ ဆရာ ညွှန်းသလောက်လည်း ကောင်းတာ အမှန်ပါပဲ။ ကျွန်တော့် မျက်စိ အခြေအနေအရ နားနားနေနေ ဖတ်ရတော့ သုံးရက်အကြာမှာ ဖတ်လို့ပြီးသွားပါတယ်။ စာမျက်နှာတိုင်းက ကျွန်တော်တို့ကို အတိတ်က အရိပ်တွေကို ပြန်သတိရအောင် ကာလ ယန္တရားစက်ကြီးနဲ့ ပြန်ခေါ်သွားသလိုပါပဲ။

ဇာဂနာရဲ့ 'ပထမ' ထောင် အတွေ့အကြုံ စာအုပ်ကတော့ သူ့ပါရမီ အတိုင်း မထိခလုတ် ထိခလုတ်လေးတွေနဲ့ ဖတ်ရင်း အကြိမ်ကြိမ် ပြုံးမိစရာတွေ အများကြီး ပါပါတယ်။ ၈ လေးလုံး အရေးတော်ပုံကြီး ပြီးခါစ အချိန်မှာ ဦးဦးဖျားဖျား အဖမ်းခံရတဲ့ စာပေနဲ့ အနုပညာရှင် တစ်စု အကြောင်း ရွှင်ရွှင်သွက်သွက်ကလေး ရေးထားတာပါ။ ဇာဂနာ၊ ဇင်ဝိုင်း၊ မိုးဝင်း၊ ညီဝင်းစိန်၊ ဦးအောင်မြင့်မြတ်၊ စပယ်ဦး ဦးတင်စိုးနှင့် ကိုအမိန့်တို့ ဘားလမ်းကနေ ပိတ်ဆို့ ဖမ်းဆီးခံရပြီး နောက်ပိုင်း တွေ့ကြုံရတဲ့ ဖြစ်ရပ်တွေကို ၁၉၈၉ ဧပြီလ ၂၁ ရက် ထောင်က လွတ်ပြီးပြီးချင်း နှစ်ရက် အကြာမှာ ရေးထားတဲ့ မှတ်တမ်းလို့ ဆိုပါတယ်။ သူ့စာအုပ်ထဲမှာ အင်းစိန် ထောင်မကြီးထဲက သီးသန့်ထောင်ကလေး တစ်ခုလို့ ဆိုနိုင်တဲ့ အထူးဆောင် အကြောင်းပါတော့ ကျွန်တော် ၁၉၈၉ ကနေ ၂၀၀၁ အတွင်း သုံးကြိမ် ဝင်လိုက် ထွက်လိုက် ဖြစ်ခဲ့စဉ် သုံးကြိမ်လုံး နေခဲ့ဖူးတဲ့ ၁၀ ခန်းတွဲ အထူးတိုက်အကြောင်းကို ပြန်ပြောင်း သတိရစရာတွေ ဖြစ်ရပါတယ်။

ရန်ကုန်မှာ စောစောပိုင်းက ကျွန်တော် ဖတ်ခဲ့တဲ့ ဇော်သက်ထွေးရဲ့ ထောင်တွင်း အတွေ့အကြုံ စာအုပ်ထဲမှာ ကျွန်တော့်အခန်းထဲက မျက်စဉ်း ဆေးခပ်ဖို့ အင်္ဂလိပ်လို အညွှန်းစာရွက်လေး တွေ့သွားလို့ ရေးကြီးခွင့်ကျယ် စစ်ဆေးခံရတဲ့အကြောင်း ပါခဲ့ပါတယ်။ အဲဒီ အဖြစ်အပျက်က တွဲဖက် ထောင်လို့ ခေါ်ကြတဲ့ သီးသန့်ထောင်ထဲက ကျွန်းတိုက်ထဲမှာ ဖြစ်ခဲ့တာပါ။ ထောင်မကြီးက အထူးတိုက်ကို ရောက်တော့ ပိုလို့တောင် တင်းကျပ် ပါတယ်။ ဇာဂနာရဲ့ အထူးတိုက် အတွေ့အကြုံတွေကို ဖတ်ရင်း ကျွန်တော်တို့ အဲဒီမှာရှိခဲ့တဲ့ အချိန်က ဟံသာဝတီဦးဝင်းတင် အခန်းထဲ ကျိုးကန်းငမည်းက ဆောလ်ပင် ခိုးသွင်းတဲ့ အမှုအကြောင်း ပြန်သတိရပြီး ပြုံးမိပါတယ်။

ကျီးကန်းငမည်းဆိုတာက လူမဟုတ်ပါ။ တကယ့်ကျီးကန်း အစစ်ပါ။ သရက်ပင်အမြင့်ကြီးရဲ့ ထိပ်ဖျားနားက ကျီးကန်းအသိုက်တစ်ခု မတော်တဆ ပြုတ်ကျတော့ ကျန်တဲ့ ကျီးပေါက်စလေးတွေ သေကုန်ပေမယ့် နောင် ငမည်းလို့ နာမည်ပေးခံရမယ့် ကျီးကန်းကလေးက ကံကြီးလို့ မသေဘူး။ သူ့ကို ကျောက်တန်းဘက်က လူသတ်မှုနဲ့ ပြစ်ဒဏ် ကျနေတဲ့ 'မောင်ညို' ဆိုပါစို့ အကျဉ်းသား မောင်ညိုက ပြုစုယုယ ကျွေးမွေးခဲ့လို့ အသက်ရှင် နေခဲ့တယ်။ မောင်ညိုက အထူးဆောင်ဝင်းထဲမှာပဲ ထားရှိတဲ့ အမြဲဆင်းခေါ် ထောင်ကျလုပ်သားဆောင်မှာ ညအိပ်ရတယ်။ သူက အထူးဆောင်ရဲ့ ဗိုကြီးခေါ် ထမင်းရုံမှာ တာဝန်ကျတယ်။ ပေါက်စနဘဝကစပြီး ငမည်းကို သူက အိပ်ဆောင်ကို ခေါ်သွားပြီး သူ့ဘေးမှာ သိပ်တယ်။ ငမည်း နည်းနည်း ကြီးလာပြီး အတောင်ပံတွေ သန်မာလာတော့ သရက်ပင်တွေပေါ် ပျံတက်တယ်။ ကျီးကန်းတွေရဲ့ ခလေ့စရိုက် ထူးဆန်းပုံက ငမည်းကို ကျီးကန်း အသိုက်အဝန်းက လက်မခံကြတော့ဘူး။ အထက်မြင့်မြင့်ကို ငမည်း ပျံတက်လာရင် ဝိုင်းပြီး ထိုးဆိတ် မောင်းထုတ်ကြတယ်။ သည်တော့ ငမည်းခမျာ သရက်ပင်ကြီးတွေရဲ့ အောက်ခြေပိုင်း အကိုင်းတွေအထိပဲ ပျံတက်ခွင့် ရှိပါတယ်။ ကျီးသိုက်က ပြုတ်ကျတဲ့ကောင်၊ လူတွေနဲ့ ရောနှော ပေါင်းဖက်နေတဲ့ အကောင်ဆိုပြီး မသင်္ကာ ဖြစ်နေကြပုံရပါတယ်။ မောင်ညိုက မနက်အလုပ်ဆင်းလာပြီဆိုရင် ငမည်းကို ပခုံးပေါ်တင်လာပြီး ဗိုကြီးထဲ အလုပ်ဝင်ချိန်မှာ ငမည်းက သရက်ပင် အောက်ခြေကိုင်းတွေပေါ် လျှောက်နားနေလေ့ ရှိပါတယ်။ ညနေစောင်း အလုပ်သိမ်းပြီ ဆိုရင် မောင်ညိုက ကျွန်တော်တို့ တိုက်ရှေ့က စိုက်ခင်းတွေအလယ် လူသွားလမ်းလေးက လျှောက်သွားရင်း 'ငမည်းရေ လာဟေ့၊ အိပ်ဆောင် ပြန်ကြ ရအောင်' လို့ အသံပေးလိုက်တာနဲ့ ကိုရွှေငမည်းက တစ်နေရာရာက ပေါ်လာတယ်။ ငြိမ့်ငြိမ့်လေး ပျံဝဲဆင်းလာပြီး မောင်ညိုရဲ့ပခုံးပေါ်နားကာ လိုက်သွားပါလေရော။ အဲဒီမြင်ကွင်းလေးဟာ လနဲ့ နှစ်နဲ့ ချီပြီး ညနေစောင်း တိုင်း မြင်တွေ့နေကျ ကြည်နူးစရာ မြင်ကွင်းကလေးပါ။ ဒီလိုနဲ့ ငမည်းဟာ ကျီးကန်းတွေနဲ့ မပေါင်းတော့ဘဲ လူတွေနဲ့ ပိုနီးစပ်လာရာက ကျွန်တော်တို့ အခန်းတွေထဲပါ တစ်ခန်းဝင်တစ်ခန်းထွက် ဝင်လာရဲတဲ့အထိ ကဲလာပါတယ်။ နေ့လယ်နေ့ခင်း သူ့မွေးစားအဖေ အလုပ်များနေချိန်မှာ သူက သရက်ကိုင်းတွေပေါ် လျှောက်သွားမနေတော့ဘဲ ကျွန်တော်တို့ အခန်းတွေထဲ လာလာ လည်ပါတယ်။ သို့ပေမဲ့ ဒီကောင်က အတော် ဗရုတ်ကျပါတယ်။ ကျွန်တော် တို့အခန်းထဲက စားစရာ ထည့်တဲ့ဘူးတွေ ခွက်တွေကို လှန်လှော မှောက်ခါ ပစ်တယ်။ မြေပဲဆံဘူးတို့ ဘာတို့ ပွင့်ကျသွားရင် စားပစ်တယ်။ ကျွန်တော် ဆိုရင် သူလာတဲ့အချိန် တရားထိုင်နေတာနဲ့ တိုးလို့ကတော့ ပခုံးပေါ်တက်ပြီး နောက်စေ့ကို နှုတ်သီးနဲ့ ထိုးဆိတ်ခံရတော့တာပါပဲ။ ဆက်ပြီး ထိုင်လို့ မရအောင် နှောင့်ယှက်တတ်ပါတယ်။ တစ်နေ့မှာတော့ ၁ ခန်းက ဆရာ ဦးဝင်းတင်က ၃ ခန်းက ကျွန်တော့်ကို လှမ်းအော်ပြောတယ်။ ကိုဝံသရေ ငမည်းဆိုတဲ့ကောင် ကျုပ်ကို ဒုက္ခပေးနေတယ်ဗျို့တဲ့။ ဘာဖြစ်တာလဲ ဆရာလို့ မေးတော့ ကြံကြံဖန်ဖန်ဗျာ၊ ဒီကောင် ထောင်ဝန်ထမ်းတွေ ရုံးခန်းက ဘောပင်တွေ စာရွက်တွေ ခိုးလာပြီး ကျွန်တော့် ကွပ်ပျစ်အောက်မှာ လာဝှက်ထားတယ်ဗျ။ ဒီကောင် ထောက်လှမ်းရေး



သူလျှိုလား မသိပါဘူးဗျာတဲ့။ ဆရာ အဲဒီကိစ္စ ဘယ်လို ဖြေရှင်းလိုက်လဲလို့ မေးတော့ ဟာ သူတို့ ရှာဖွေရေးဝင်မှတွေ့ရင် ပြဿနာတွေ တက်ကုန်မှာဆိုတော့ ဝန်ထမ်းတွေကို ခေါ်ပြီး အပ်လိုက်ရတာပေါ့။ ငမည်း လုပ်တယ်ဆိုတာ သူတို့ကလည်း သိတယ်။ တော်တော် ရှုပ်တဲ့ကောင်လို့ ပြန်ပြောပါတယ်။ ဆရာရယ်၊ ငမည်းက ဆရာ့ကို စာတွေရေးစေချင်တဲ့ စေတနာနဲ့ ဘောလ်ပင် တို့ စာရွက်တို့ ခိုးသွင်းပေးတာ ဖြစ်မှာပေါ့။ ဒီကောင် ထောက်လှမ်းရေး သူလျှိုတော့ မဖြစ်နိုင်ပါဘူး။ ဖြစ်ချင်းဖြစ် ဒီမိုကရေစီ ဘက်တော်သားတွေ ထဲက တစ်ယောက်ယောက် ဝင်စားတာများလားလို့ ကျွန်တော်က လှမ်းပြောတော့ ဆရာက ကြံကြံဖန်ဖန်ဗျာလို့ ပြန်ပြောပါတယ်။

၂၀၀၁ မှာ ကျွန်တော် ပြန်လွတ်လာချိန်အထိ ငမည်း ရှိပါသေးတယ်။ နှစ်အတန်ကြာ ပြီးတော့ အထူးဆောင်က နောက်ပိုင်း လွတ်လာသူ နိုင်ငံရေး အကျဉ်းသား တချို့နဲ့ စကားစပ်မိလို့ ငမည်းအကြောင်း ကျွန်တော်က သတင်းမေးတဲ့အခါ သူ့ဇာတ်သိမ်းခန်းက ရုပ်ရှင်သဘောနဲ့ ဆိုရင် အလွမ်းဇာတ် ဖြစ်ပါလိမ့်မယ်။ အကျဉ်းသား မောင်ညိုဟာ နှစ်ကြီး သမားဆိုတော့ ရဲဘက်စခန်း မထွက်ရဘူး။

နောက်ပိုင်းမှာ လွတ်ရက် နှစ် နှစ်လောက်ပဲ ကျန်တဲ့ အချိန်ကျတော့ မောင်ညို ရဲဘက်စခန်း ပါသွားတယ်။ သူက သူ လွတ်ရင် ငမည်းကို အိမ်ခေါ်သွားမယ်လို့ ပြော ပြောနေတာ၊ ခုတော့ လွတ်တာမဟုတ်ဘဲ ရဲဘက်စခန်း ပါသွားတာဆိုတော့ ခေါ်လို့ မရဘူးပေါ့။ ငမည်းကို သူ့သူငယ်ချင်း တစ်ယောက်ဆီ အပ်ထားခဲ့တယ်တဲ့။ ဒါပေမဲ့ သံယောဇဉ်ဆိုတာက ခက်သားကလား။ မောင်ညိုနဲ့ နှစ်ရှည်လများ သံယောဇဉ်တွယ်ခဲ့တဲ့ ငမည်းဟာ မောင်ညို့ သူငယ်ချင်းနဲ့ မနေဘဲ သရက်ပင် အောက်ခြေ ကိုင်းတွေမှာပဲ လိုက်နား နေတယ်၊ အထူးတိုက် နိုင်ငံရေး အကျဉ်းသားတွေဆီလည်း မလာတော့ဘူးတဲ့။ နောက်တော့ သရက်ကိုင်းတွေပေါ်မှာ သွားလာနေတာလည်း မတွေ့ရတော့ဘဲ ပျောက် သွားတယ်တဲ့။ အထူးဆောင် ဝင်းထဲကကို တစ်နေရာရာကို အပြီးတိုင် ထွက်သွားပုံ ရတယ်လို့ ကျွန်တော့်မိတ်ဆွေက ပြောပါတယ်။ မောင်ညို နောက်ကိုများ လိုက်ရှာဖို့ ထွက်သွားလေသလား ငမည်းရယ်လို့ ကျွန်တော်က ပြောမိရင်း အလွမ်းဇာတ်သိမ်းလေး တစ်ခုအဖြစ် မှတ်ထားလိုက်ရပါတယ်။ ဇာဂနာရဲ့ ပထမစာအုပ်ကို ဖတ်ရင်း အထူးတိုက် တုန်းက အတွေ့အကြုံလေးတစ်ခုကို ပြန်သတိရမိလို့ သည်စာကို ရေးဖြစ်သွားပါတယ်။

**ပြည်သူ့ခေတ်ရှုမှတ်။**
၂၃ ဒီဇင်ဘာ ၂၀၀၂
အတွဲ ၃၊ အမှတ် ၁၂၆

○

# နှစ်ဟောင်းသို့ တစေ့တစောင်း

## ကမ္ဘာ တကယ်မပျက်ခဲ့တဲ့ နှစ်

ကျွန်တော်တို့ ဂျာနယ်ထွက်မယ့်နေ့က ၂၀၁၃ ခု နှစ်သစ်ရဲ့ အစနေ့ ဖြစ်တာမို့ ပြည်သူ့ခေတ်ဂျာနယ်ကို အပတ်စဉ် မပြတ် စောင့်မျှော်အားပေး ဖတ်ရှုနေကြတဲ့ ကျွန်တော်တို့ရဲ့ ချစ်စွာသော စာဖတ်ပရိသတ်ကြီးသာမက ကမ္ဘာသူ ကမ္ဘာသား အားလုံးပါ အတိုင်းမသိ ဝမ်းမြောက် ပျော်ရွှင် ချမ်းမြေ့ ဖြစ်ကြရမယ့်အကြောင်း တစ်ခု ရှိတယ်ဗျ။

အဲဒါကတော့ အကြားအမြင် ဗဟုသုတကြွယ်ဝပြီး သိမြင်နှံ့စပ်ကြတဲ့ (Well Informed) ပုဂ္ဂိုလ်များ သိရှိထားကြပြီးဖြစ်တဲ့ ကမ္ဘာကြီး နိဂုံးချုပ်မယ့် ဘေးအန္တရာယ်ကနေ လွန်မြောက်နိုင်ခဲ့ပြီဆိုတာကို စိတ်ချလက်ချ ပြောနိုင်ပြီ ဖြစ်လို့ပဲဗျ။ ရှေးဟောင်း မာယာလူမျိုးတွေရဲ့ပြက္ခဒိန်အဆုံးသတ်တဲ့ ၂၀၁၂ မှာ ကမ္ဘာကြီးမပျက်ဘဲ နဂိုအတိုင်း ဆက်ရှိနေတာကို တွေ့ကြရမှာ ဖြစ်တဲ့ အတွက် ကမ္ဘာသူ ကမ္ဘာသားတစ်ဦးဖြစ်တဲ့ ကျွန်တော်ကတော့ စိတ်အေးသွားတာ အမှန်ဖြစ်တယ်ဗျာ။ ၂၀၁၂ ဆိုတဲ့ ရုပ်ရှင် ဇာတ်ကားကို ကြည့်ဖူးသူတိုင်း ကျွန်တော့်ရဲ့ အဲဒီခံစားချက်ကို စာနာ နားလည် ပေးနိုင်ကြမယ် ထင်တယ်ဗျ။

တကယ်လို့သာ ကမ္ဘာကြီး မပျက်ခဲ့ဘူးဆိုရင် ကျွန်တော်တို့ စာဖတ် ပရိသတ်တွေ ဖော်ဖို့ အဲဒီကမ္ဘာကြီး ပျက်မယ်ဆိုတဲ့ အသံတွေ ကျယ်ကျယ်လောင်လောင် ထွက်ခဲ့တဲ့ ၂၀၁၂ အတွင်း ကမ္ဘာမှာနဲ့ ကျွန်တော်တို့မြန်မာ နိုင်ငံမှာ ဘာထူးခြားတဲ့အဖြစ်အပျက်တွေ ဖြစ်ပျက်ခဲ့သလဲ ဆိုတာကို 'ပန်းခင်းကို မြင်းစီး၍ ကြည့်ခြင်း' ဆိုတဲ့ ပုံသဏ္ဌာန်မျိုးနဲ့ လေ့လာ သုံးသပ်ကြည့် ချင်တဲ့ စိတ်ကူးနဲ့ ဒီဆောင်းပါးကို ရေးတာ ဖြစ်တယ်ဗျ။



## အိုဗာမာဘင်လာဒင် အသေဖမ်းမိ

ကမ္ဘာမှာတော့ ၂၀၁၂ အတွင်း အယ်လ်ကိုင်ဒါ ခေါင်းဆောင် အိုစမာ ဘင်လာဒင်ကို အသေဖမ်းဆီးရမိခဲ့တာ တစ်ခုလောက်ပဲ ထူးခြားတဲ့ အဖြစ် အပျက်လို့ ဆိုနိုင်လောက်မယ် ထင်တယ်ဗျ။ ကျန်တာတွေကတော့ အရင် အရင်နှစ်တွေမှာ ဖြစ်ပျက်ခဲ့တာတွေထက် သိပ်အများကြီး ပိုပြီး ထူးခြား လှတယ်လို့ ကျွန်တော်တော့ မထင်ဘူးဗျာ။ ကမ္ဘာ့ အချမ်းသာဆုံး စစ်အင်အား အကြီးဆုံး နည်းပညာ အမြင့်ဆုံးနိုင်ငံကြီးရဲ့ အမဲလိုက်သလို လိုက်နေခြင်းကနေ ဆယ်စုနှစ် တစ်စုကျော်ကြာအောင် ရှောင်တိမ်းပြေးလွှား ပုန်းအောင်း နေနိုင်ခဲ့သူတစ်ယောက်ကို ဖမ်းဆီးမိခဲ့တဲ့ သတင်းဟာ ကမ္ဘာ့သတင်း လောကအတွက် သတင်းထူးကြီး တစ်ခုဖြစ်ပေမယ့် ဒီသတင်းက ကမ္ဘာ့ရေးရာတွေအပေါ် ထူးခြားတဲ့ သက်ရောက်မှုတော့ မရှိလှဘူးလို့ပဲ ကျွန်တော် ယူဆတယ်ဗျာ။

## လွှတ်တော်ထဲ ရောက်သွားတဲ့ NLD

ထူးလည်းထူး ကမ္ဘာ့ရေးရာတွေ အပေါ်လည်း သက်ရောက်မှု ကြီးမားတဲ့ သတင်းတွေ တစ်ခုမက ထွက်ပေါ်လာခဲ့ရာ နေရာကတော့ ကျွန်တော်တို့နိုင်ငံ ဖြစ်တယ်ဗျ။

၂၀၁၂ ခုနှစ်အတွင်း မြန်မာနိုင်ငံမှာ ဖြစ်ပျက်ခဲ့တဲ့ ထူးခြားတဲ့ အဖြစ်အပျက် တွေထဲက ပထမဆုံး တစ်ခုကတော့ နံပြားလို ပြားနေအောင် အနင်းခံ ထားခဲ့ ရတဲ့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ဟာ ကြားဖြတ် ရွေးကောက်ပွဲမှာ ရာနှုန်း ပြည့်နီးပါး အနိုင်ရပြီး အဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အပါ အဝင် အဖွဲ့ချုပ် အဖွဲ့ဝင် ၄၃ ဦး လွှတ်တော်ထဲ ရောက်သွားခဲ့ကြတဲ့ အဖြစ် အပျက်ပဲ ဖြစ်တယ်ဗျ။

## ပြန်လည် သုံးသပ် ဆင်ခြင်စရာတွေ

NLD က ထုတ်ပြန်ခဲ့တဲ့ 'ရွှေဂုံတိုင် ကြေညာချက်' နဲ့ စစ်အစိုးရ လက်ထက် အတည်ပြုခဲ့တဲ့ ၂၀၀၈ အခြေခံ ဥပဒေတို့ဟာ 'ဘုန်းကြီးနဲ့ ဘီး' လို မအပ်စပ်တဲ့ အရာနှစ်ခု၊ ဘယ်တော့မှ မဆုံတွေ့နိုင်တဲ့ မျဉ်းပြိုင်နှစ်ကြောင်းလို့ အားလုံးက ရှုမြင်ခဲ့ကြပေမယ့် ကြားဖြတ် ရွေးကောက်ပွဲအပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD အဖွဲ့ ဝင်တွေ လွှတ်တော်ထဲ ရောက်သွားကြတဲ့ မြင်ကွင်းက ပြည်တွင်း ပြည်ပက နိုင်ငံရေးနယ်ပယ်မှာ တက်ကြွစွာ ပါဝင်လှုပ်ရှားနေကြသူ အားလုံးကို မိမိတို့ရဲ့ တွေးခေါ် မြော်မြင်ပုံနည်းလမ်းနဲ့ ပတ်သက်ပြီး ပြုပြင်ပြောင်းလဲတာတွေ လုပ်ဖို့ အကြံပြုသလို ဖြစ်ခဲ့တယ်ဗျ။ အဖြူနဲ့ အမည်းကြားက အရောင်တွေကို မြင်အောင် ကြည့်နိုင်ကြဖို့ ဒီအဖြစ်အပျက်က ကျွန်တော်တို့ အားလုံးကို သတိပေးနေသလိုလည်း ကျွန်တော် ခံစားရတယ်ဗျ။ ကမ္ဘာတစ်လွှားက ဒီမို ကရေစီရေးအတွက် လှုပ်ရှားရုန်းကန်နေကြသူ အားလုံးဟာလည်း မြန်မာပြည် က ဒီအဖြစ်အပျက်ကို ကြည့်ပြီး အတွေးသစ် အမြင်သစ် ရှုထောင့်အသစ် ချဉ်းကပ်ပုံ နည်းလမ်းအသစ်တွေ ရလာကြနိုင်စရာ ရှိတာမို့

ကျွန်တော်တို့ဆီက အဲဒီ အဖြစ်အပျက်ဟာ ကမ္ဘာ့ရေးရာ အထူးသဖြင့် ကမ္ဘာ့ ဒီမိုကရေစီ ရေးရာတွေအပေါ် သက်ရောက်မှု ကြီးမားနိုင်တယ်လို့ ကျွန်တော် ဆိုချင်တယ်ဗျ။

မြန်မာကို ကမ္ဘာက စိတ်ဝင်စားမှု ပိုလာတဲ့ ရေချိန်တစ်ခုအနေနဲ့ ပြောရ မယ်ဆိုရင် အမေရိကန် သမ္မတ ဘားရက်အိုဘားမားကိုယ်တိုင် အချိန်လုပြီး မဖြစ်မနေ နေ့ချင်းပြန် ခရီး အလည်လာသွားတာကို ထောက်ချင့်နိုင်တယ်ဗျ။

## တပေစိစစ်ရေး တစ်ခန်းရပ်ချိန်

နောက်ထပ် ထူးခြားတဲ့ အဖြစ်အပျက်ကြီးတစ်ခုကတော့ ကျွန်တော်တို့ စာပေလောက သားတွေ အားလုံး နှစ်ပေါင်းများစွာ 'ရှုကြောက်ကြီး ဖြစ်ရလွန်း လို့' 'စာပေ ကင်ပေတိုင်' လို့ တညီတညွတ်တည်း အမည်ပေးထားကြတဲ့ စာပေစိစစ်ရေးအဖွဲ့ကြီး နောက်ဆုံးမှာ တကယ်ကို အပြီးတိုင် ချုပ်ငြိမ်း ပျောက်ကွယ်သွားခဲ့တဲ့ ဖြစ်ရပ်ပဲ ဖြစ်တယ်ဗျ။ ဒီမိုကရေစီနဲ့ ဆင်ဆာစနစ်ဆိုတာ အမြင်မတော် ဆင်တော်နဲ့ ခလောက်ဆိုသလို အတူတွဲ ရှိမနေသင့်တဲ့ အရာနှစ်ခုမို့ စာပေစိစစ်ရေး ချုပ်ငြိမ်း ပျောက်ကွယ်သွားတာကို လက်ခုပ် မတီးတဲ့ စာပေ အနုပညာလောကသား တစ်ယောက်မှ ရှိမယ် မထင်ဘူးဗျ။

## ဒီမိုကရေစီ ပုံရိပ်ကို ထိခိုက်စေတဲ့ ဖြစ်ရပ်

၂၀၁၂ အတွင်း ပေါ်ပေါက်ခဲ့တဲ့ အဖြစ်အပျက်ကြီး နှစ်ခုကတော့ ထူးခြားတယ်လို့ ဆိုနိုင်ရုံသာမက ထူးထူးခြားခြား ဝမ်းနည်းစရာ ဖြစ်ရပ်တွေလို့ပါ ဆိုနိုင်တဲ့ ရခိုင်ပြည်နယ် အတွင်း ပဋိပက္ခများနဲ့ လက်ပံတောင်းတောင် သပိတ်စခန်း အကြမ်းဖက် ဖြိုခွဲမှုကြီး ဖြစ်တယ်ဗျ။ လက်ပံတောင်းတောင် အရေးကိစ္စနဲ့ ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ စုံစမ်းရေးကော်မရှင်က စုံစမ်းစစ်ဆေးမှု ပြုလုပ်နေဆဲဖြစ်တာမို့ ကျွန်တော့်အမြင်ကို လူသိရှင်ကြား မပြောလိုသေးပေမယ့် ဖြိုခွဲမှု ဒဏ်ခံခဲ့ကြရတဲ့ သံဃာတော်တွေရဲ့ပုံကို မီဒီယာတွေကတစ်ဆင့် မြင်တွေ့ရတာကတော့ ဗုဒ္ဓဘာသာဝင် တစ်ဦးဖြစ်တဲ့ ကျွန်တော့်အဖို့တော့ အင်မတန်ကို ထိတ်လန့် တုန်လှုပ်၊ အင်မတန်ကို စိတ် မချမ်းမမြေ့ ဖြစ်ခဲ့ရတာ အမှန်ပါပဲ။ ဒီကိစ္စမှာ သပိတ်သမားတွေနဲ့ အာဏာပိုင်တွေ ဘယ်သူမှားတယ် ဘယ်သူမှန်တယ်ဆိုတာ အသာထား။ ဒီဖြစ်ရပ်ကြောင့် ကျွန်တော်တို့ နိုင်ငံရဲ့ ဒီမိုကရေစီပုံရိပ် ထိခိုက်သွားခဲ့တာတော့ အမှန်ပဲဗျ။

## ကျွန်တော့်ရဲ့ ပုဂ္ဂိုလ်ရေး ဘဝ

၂၀၁၂ ဟာ ကျွန်တော့်ရဲ့ ပုဂ္ဂိုလ်ရေးဘဝ အတွက်လည်း အင်မတန်ကို ထူးခြားတဲ့ နှစ်တစ်နှစ် ဖြစ်ခဲ့တယ်ဗျာ။ အားလုံး သိကြတဲ့အတိုင်း ကျွန်တော့်မှာ အဆုတ်ကင်ဆာ ရောဂါ စွဲကပ်နေပြီဆိုတာကို ပြီးခဲ့တဲ့ စက်တင်ဘာ လကုန် ပိုင်းမှာမှ ကံအားလျော်စွာ သိခဲ့ရတယ်ဗျာ။ ဒီတော့ ၂၀၁၂ ဟာ ကျွန်တော့် အတွက် သတင်းဆိုးကို ယူဆောင်လာတဲ့



နှစ်လို့ ဆိုနိုင်တယ်ဗျ။ တစ်ဖက်က ကြည့်ရင်တော့ ဘယ်တုန်းကတည်းက စွဲကပ်နေခဲ့မှန်း မသိရတဲ့ ဒီရောဂါ ကျွန်တော့်ဆီမှာ ရှိနေမှန်း၊ သိလိုက်ရတဲ့နှစ် ဖြစ်နေတာမို့ (တကယ်လို့များ ကျွန်တော်က ရောဂါကို နိုင်ခဲ့မယ်ဆိုရင်) ကုသမှု စတင် ခံယူနိုင်ခွင့်ရခဲ့တဲ့ နှစ်ဖြစ်တာကြောင့် ကောင်းသော နှစ်တစ်နှစ်ဖြစ်တယ်လို့ ယူသော်ရ၏ ပေါ့ ဗျာ။ ဘာပဲဖြစ်ဖြစ် မနက်ဖြန်ပဲ သေသေ၊ နောက်ဆယ်နှစ် အနှစ် နှစ်ဆယ်မှပဲ သေသေ ကျွန်တော်ကတော့ ကိုယ်ပိုင်တဲ့ ကလောင်တစ်ချောင်းနဲ့ ပြည်သူကို နောက်ဆုံးနေ့အထိ အလုပ်အကျွေးပြုသွားဖို့ ပိုင်းဖြတ်ထားပြီးပြီ ဖြစ်တာ ကြောင့် နောက်ဆံတင်းနေမှာ မဟုတ်ဘဲ သဗ္ဗေသတ္တာ ကမ္မသကာ လို့ပဲ နှလုံးသွင်း ထားပါတယ်ဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်။**

*၃၀၊ ဒီဇင်ဘာ၊ ၂၀၁၂။*

*အတွဲ ၃၊ အမှတ် ၁၂၇။*

# အာဏာ ဘယ်သူ့လက်ထဲ ရောက်မလဲ

ရခိုင်ပြည်နယ်က ပဋိပက္ခများ စုံစမ်း စစ်ဆေးရေး၊ လက်ပံတောင်းတောင်အရေး မိုးထိမိုးမိနဲ့ ရွှေတော်ဝင် အလုပ်သမား ဆန္ဒပြမှု ကိစ္စတို့လို လတ်တစ်လော မြန်မာ နိုင်ငံရေးမှာ ထိပ်ဆုံးတန်းက နေရာယူထားတဲ့ အရေးကိစ္စ တချို့(နှိုင်းယှဉ်ချက်အရ) နည်းနည်းလေး အသံတိုးတိမ်သွားချိန်မှာ နှစ်ဟောင်းကတည်းက အရှိန်မြင့်တက် လာနေခဲ့ပြီး နှစ်သစ်ရဲ့ နိဒါန်းမှာ အထွတ်အထိပ်ကို ရောက်လာပြီလားလို့ လူအများ တွေးတော စိုးရိမ်ပူပန်နေကြတဲ့ ကိစ္စတစ်ခုကတော့ ကချင်ပြည်နယ်မှာ သေနတ် သံတွေ မစဲသေးတဲ့ အခြေအနေဖြစ်ပြီး အဲဒီကိစ္စနဲ့အတူ အခုတစ်လောလော ပြည်သူ့အလွှာမျိုးစုံအကြား ဆွေးနွေးလာကြတဲ့ အကြောင်းအရာ တစ်ခုကတော့ ၂၀၁၅ ရွေးကောက်ပွဲအပြီးမှာ မြန်မာနိုင်ငံရဲ့ သမ္မတ ဘယ်သူ ဖြစ်လာနိုင်သလဲဆိုတဲ့ ခေါင်းစဉ် ဖြစ်တယ်ဗျ။

## ကချင်ပြဿနာ ဆင်ခြေရာ မရှာချင်တော့

နှစ်သစ်မှာ အရေးတကြီးဖြစ်လာတဲ့ အဲဒီကိစ္စနှစ်ခုမှာ ကချင်ပြည်နယ်က စစ်ပွဲရေး ကိစ္စကတော့ 'ရှေ့နေ သားအဖပုံပြင်' အပါအဝင် ဆောင်းပါးပေါင်း များစွာတို့နဲ့ ကုသ တချို့မှာ ကျွန်တော် တင်ပြ ဆွေးနွေးခဲ့ပြီး ဖြစ်တာကြောင့် အပ်ကြောင်း ထပ်နေပြီး (အနည်းဆုံးတော့ အခုလောလောဆယ်မှာ) ဆင်ကောင်ကြီး တွေ့နေပါလျက် ဆင်ခြေ ဟုတ် မဟုတ်၊ သေချာအောင် ဆင်ခြေရာ ရှာတဲ့ အလုပ်ကို ထပ်လုပ်ဖို့ ကျွန်တော့်အနေ



စိတ်မပါတပါ ဖြစ်နေတဲ့အတွက် လက်ရှောင်ထားပြီး ကျန်တဲ့ကိစ္စတစ်ခု အကြောင်းကိုပဲ ဆွေးနွေးချင်တယ်ဗျာ။

## ဘယ်သူ့လက်ထဲ အာဏာရောက်မလဲ

၂၀၁၅ ရွေးကောက်ပွဲအပြီးမှာ ကျွန်တော်တို့နိုင်ငံရဲ့ သမ္မတ ဘယ်သူဖြစ်လာမှာလဲ။ ဟုတ်ပါတယ်၊ ဒီမေးခွန်းဟာ ကျွန်တော် အင်မတန် စိတ်ဝင်စားနေတဲ့ မေးခွန်း ဖြစ်သလို မြန်မာပြည်သူ အားလုံးလည်း အထူးစိတ်ဝင်စားတဲ့ မေးခွန်း ဖြစ်လိမ့် မယ်လို့ ယူဆမိတယ်ဗျ။

သမ္မတက အုပ်ချုပ်ရေးယန္တရားတစ်ခုလုံးရဲ့ ထိပ်ဆုံးမှာ ရှိတဲ့ စနစ်ကို ကျင့်သုံးတဲ့ နိုင်ငံတွေမှာ 'သမ္မတ ဘယ်သူ ဖြစ်လာမလဲ' ဆိုတဲ့ မေးခွန်းရဲ့ အဓိပ္ပာယ်က 'နိုင်ငံတော် အာဏာကို ဘယ်သူရမလဲ' ဆိုတာပဲ ဖြစ်တယ်ဗျ။ အဲဒီတော့ အဲဒီစနစ်ကျင့်သုံးတဲ့ ကျွန်တော်တို့နိုင်ငံမှာ '၂၀၁၅ ရွေးကောက်ပွဲအပြီး 'သမ္မတ ဘယ်သူဖြစ်လာမလဲ' ဆိုတဲ့ မေးခွန်းရဲ့ အဓိပ္ပာယ်က '၂၀၁၅ ရွေးကောက်ပွဲအပြီး နိုင်ငံတော် အာဏာ ဘယ်သူ့လက်ထဲ ရောက်မလဲ' ဆိုတာ ဖြစ်တယ်ဗျ။

## ဒီချုပ် ပါဝင်လာချိန်က စလို့

တကယ်တော့ အဲဒီကိစ္စကို ပြည်သူတွေ စိတ်ဝင်တစား ဖြစ်လာကြတာ အခုမှ မဟုတ်ဘူးဗျ။ ၂၀၁၀ ရွေးကောက်ပွဲက တစ်ဆင့်တက်လာတဲ့ 'အမည်ခံ' ပဲ ပြောပြော၊ လိုရင်လိုသလို မလိုရင် မလိုသလို အမည်ပေး ကင်ပွန်းတပ်ခံခဲ့ရတဲ့ အရပ်သား အစိုးရ တက်လာခဲ့ပြီးတဲ့နောက်မှာတောင် တရားမဝင် အဖွဲ့အစည်း သဖွယ် ရှိနေခဲ့ဆဲဖြစ်တဲ့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယအကြိမ် ပြန်လည် မှတ်ပုံတင်ပြီး ကြားဖြတ် ရွေးကောက်ပွဲဝင်မယ်လို့ ကြေညာလိုက်တဲ့ အချိန်ကတည်းက ဖြစ်တယ်ဗျ။ ဒါပေမဲ့ အဲဒီ အကြောင်းအရာဟာ အကြောင်းကြောင်းတွေကြောင့် ငုပ်လျှိုးနေခဲ့ရာက ဒေါ်အောင်ဆန်းစုကြည် အမေရိက ခရီးစဉ်အတွင်း စကား တစ်ခွန်းပြောလိုက်ပြီးတဲ့ နောက်မှာမှ နောက်တစ်ကြိမ်ပြန်ပြီး 'ဟော့' (hot) လာတာ ဖြစ်တယ်ဗျ။ မကြာမတင်မှာပဲ ဒေါ်အောင်ဆန်းစုကြည်က သူ့ရဲ့ဗြိတိန် ကော့ သောင်း ခရီးစဉ်တွေမှာ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ပွင့်ပွင့်လင်းလင်း ပြောလိုက်တဲ့အခါမှာတော့ အဲဒီ အကြောင်းအရာ ဟာ ပြည်သူ့ရေးဆောင်ဂျာနယ်တွေနဲ့ အသံလွှင့် မီဒီယာတွေကတစ်ဆင့် ပြည်သူတွေကြား ပျံ့နှံ့ရောက်ရှိသွားပြီး စိတ်ဝင် တစား ဆွေးနွေးစရာ ကိစ္စတစ်ခုဖြစ်လာခဲ့တာ ဖြစ်တယ်ဗျာ။

## တား ဘယ်သူ့လက်ထဲမှာ ရှိသလဲ

၂၀၁၅ ရွေးကောက်ပွဲအပြီး မြန်မာနိုင်ငံရဲ့ သမ္မတ ဘယ်သူဖြစ်လာမလဲ သို့မဟုတ်

နိုင်ငံတော်အာဏာ ဘယ်သူ့လက်ထဲ ရောက်မလဲ။ အဲဒီ ကိစ္စဟာ ပြည်သူတွေ အတွက် အရေးကြီးသလားလို့ မေးလာရင် အသက်လောက် အရေးကြီးတယ်လို့ ကျွန်တော် ယူဆတယ်ဗျ။ ဘာကြောင့်လဲဆိုတော့ ပြီးခဲ့တဲ့ နှစ်ပေါင်း ငါးဆယ်လုံးလုံး နိုင်ငံတော် အာဏာဟာ ပြည်သူလူထုရဲ့ ကိုယ်စားလှယ် အစစ်အမှန်များ လက်ထဲ မရှိခဲ့ဘဲ အာဏာလက်ထဲ ရှိနေတဲ့သူတွေကလည်း အရာကိစ္စတွေကို လွဲလွဲမှားမှား စီမံခန့်ခွဲခဲ့ကြတဲ့ အတွက် ကျွန်တော်တို့နိုင်ငံ ကမ္ဘာ့အလယ်မှာသာမက ဒေသတွင်းမှာတောင် 'စားမနေရက်ပိတ်ချွေး' ဘဝ ရောက်သွားခဲ့ရတာကို ကျွန်တော်တို့ရဲ့ သက်တမ်းအတွင်း မျက်ဝါးထင်ထင် တွေ့မြင် ခံစားခဲ့ရလို့ပဲ ဖြစ်တယ်ဗျ။ နိုင်ငံရေး ပါတီတစ်ခုရဲ့ စာစောင်တစ်ခုထဲ မကြာသေးခင်က ဖတ်ခဲ့ရတဲ့ ဆောင်းပါးတစ်ပုဒ် ထဲကလိုပဲ ဓားက သံချောင်း လက်ထဲမှာ ရှိသလား။ ဦးဘရန် လက်ထဲမှာ ရှိသလား (ဆရာမြသန်းတင့်ရဲ့ ဓားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည် ဝတ္ထုကြီးထဲက ဇာတ်ကောင်များကို တင်စားချက်)ဆိုတဲ့ အချက်က အရာရာကို အဆုံးအဖြတ် ပေးမှာဖြစ်ကြောင်း ကျွန်တော်တို့နိုင်ငံရဲ့ သမိုင်းက သက်သေအထင်အရှား ပြသခဲ့ပြီး ဖြစ်တယ်ဗျ။

## အာဏာနဲ့ ဩဇာ

အာဏာ နိုင်ငံရေးအကြောင်း ပြောတဲ့အခါ စကားမကျန်အောင် အာဏာနဲ့ဆက်စပ် ခြင်း မရှိတဲ့ နိုင်ငံရေးအကြောင်းလည်း ပြောကြရမှာ ဖြစ်တယ်ဗျ။ တချို့ကတော့ အဲဒီနှစ်မျိုးကို အာဏာနိုင်ငံရေး သို့မဟုတ် ပါတီနိုင်ငံရေးနဲ့ အမျိုးသားနိုင်ငံရေးဆိုပြီး ခွဲပြောချင်တတ်ကြတယ်ဗျ။ အာဏာကို မျှော်မှန်းတဲ့ နိုင်ငံရေးနဲ့ အာဏာကို မမျှော် မှန်းတဲ့ နိုင်ငံရေးပေါ့ဗျာ။ စာရေးဆရာကြီး ဦးအောင်သင်းကတော့ အဲဒီနှစ်မျိုးကို 'အာဏာ' နဲ့ 'ဩဇာ' ဆိုပြီး ခွဲခြား ဖွင့်ဆိုရေးသားခဲ့တာ ကျွန်တော် ဖတ်ခဲ့ဖူးတယ်ဗျာ။ သိုးဆောင်း ဘာသာနဲ့ (Material Authority) နဲ့ (Moral Authority) ရယ်လို့ ခွဲခြားနိုင်မယ် ထင်တယ်ဗျ။

## ထိရောက် ထက်မြက်တဲ့ စွမ်းအင်

နိုင်ငံတစ်ခုရဲ့ အရေးအရာကိစ္စမှန်သမျှမှာ အဲဒီအရာနှစ်ခုဟာ ညီတူမျှတူ အရေးပါတဲ့ ထောက်တိုင်ကြီးနှစ်ခု ဖြစ်တယ်ဗျ။ နိုင်ငံတော် အာဏာဟာ အင်မတန်မှ ထိရောက် ထက်မြက်တဲ့ စွမ်းအင်တစ်ခုဖြစ်တဲ့အတွက် နိုင်ငံတော်ကို တည်ဆောက် ထူထောင် လိုတဲ့ နိုင်ငံရေးပါတီများ။ နိုင်ငံရေး ခေါင်းဆောင်များဟာ နိုင်ငံတော် အာဏာကို မဖြစ်မနေ မျှော်မှန်းကြရမှာဖြစ်သလို နိုင်ငံရေး အာဏာကို မျှော်မှန်းခြင်းမရှိတဲ့ လူပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေဟာလည်း မိမိတို့ရဲ့ဖြူစင်တဲ့ ကိုယ်ကျိုးစွန့် အနစ်နာ



ခံမှုများကို အရင်းပြုပြီး နိုင်ငံ တည်ဆောက်ရေးမှာ မရှိမဖြစ်လိုအပ်တဲ့ ဩဇာအရှိန်အဝါ (Moral authority) ကို ထူထောင်ကြရမှာပဲ ဖြစ်တယ်ဗျ။ တကယ်တော့ အဲဒီဩဇာ အရှိန်အဝါ ဆိုတာဟာ တမင် ထူထောင်စရာတောင်မလိုဘဲ မှန်မှန်ကန်ကန် ဖြူဖြူ စင်စင် လုပ်တဲ့သူဆီ အလိုအလျောက် ရောက်ရှိလာတာမျိုးပဲ ဖြစ်တယ်ဗျ။

## ဩဇာ အရှိန်အဝါဆိုတာ

မဟာတ္တမဂန္ဒီတို့ ဆရာကြီး သခင်ကိုယ်တော်မှိုင်းတို့ စတဲ့ ပုဂ္ဂိုလ်ကြီးတွေဟာ အဲသလိုမျိုး သူတို့ ပြည်သူတွေအပေါ် အင်မတန်မှ ဩဇာ အရှိန်အဝါကြီးသူတွေ ဖြစ်တယ်ဗျ။ သူတို့ဟာ လက်ထဲမှာ သံချောင်းရဲ့ ဓားလည်း မရှိ၊ ဦးဘရန်ရဲ့ ဓားလည်း မရှိ၊ ကြက်သွန်လှီးတဲ့ ဓား မပြောနဲ့ အဝတ်ချုပ်တဲ့ အပ်ကလေး တစ်ချောင်းတောင် မရှိပေမယ့် သူတို့ စကားတစ်ခွန်းက ပြည်သူ အထောင်အသောင်း အသိန်းအသန်း ကို ညွှတ်နူးစွာ ရွေ့လျားနိုင်စေခဲ့တယ်ဗျာ။ လက်ရှိ အိန္ဒိယနိုင်ငံမှာ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး စစ်ပွဲကို နောက်မဆုတ်တမ်း ဆင်နွှဲနေတဲ့ အင်နာဟာဇဲ ဆိုတဲ့ ပုဂ္ဂိုလ်ကြီးဟာလည်း ဩဇာ အရှိန်အဝါဆိုတဲ့ စကားလုံးရဲ့ အင်မတန်ကောင်းတဲ့ သက်ရှိ ဥပမာတစ်ခု ဖြစ်တယ်ဗျ။

## အာဏာနဲ့ ဩဇာ တစ်ထပ်တည်း ကျသွားရင်

အာဏာနဲ့ ဩဇာ တစ်ထပ်တည်းကျသွားပြီ ဆိုရင်တော့ အဲဒီနိုင်ငံဟာ ရှေ့ကို ဘစ်ဟုန်ထိုး တိုးတက်သွားတတ်တာ အမှန်ပဲဗျ။ တောင်အာဖရိကနိုင်ငံမှာ ပြည်သူ တွေ အင်မတန်မှ လေးစားချစ်ခင်မြတ်နိုးတဲ့ ငြိမ်းချမ်းရေး နိုဘယ်ဆုရှင် နယ်လ်ဆင် မင်ဒဲလား သမ္မတဖြစ်သွားတဲ့အခါ ဘယ်တော့မှ ကျက်မှာ မဟုတ်ဘူးလို့ တစ်ချိန်က သင်မြင်ယူဆခဲ့ကြတဲ့ သမိုင်းဒဏ်ရာတွေ ကျက်သွားခဲ့ပြီး တိုင်းပြည်လည်း အရှိန် အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်သွားခဲ့တာ အားလုံးအမြင်ပဲ ဖြစ်တယ်ဗျာ။

## အီရန် သင်ခန်းစာတစ်ခု

ဘစ်ခုတော့ သတိထားရမှာ ရှိတယ်ဗျ။ အီရန်အဖြစ်မျိုး မဖြစ်စေဖို့ပါ။ ၁၉၇၉ ခုနှစ်က အီရန်နိုင်ငံမှာ ပဒေသရာဇ် ရှားဘုရင်ကို ဖြုတ်ချတဲ့ တော်လှန်ရေးကြီး ဖြစ်ခဲ့ အောင်ပွဲ ခံခဲ့တယ်။ သို့ပေမယ့် ပြည်သူ့အစိုးရစစ်စစ် မပေါ်ပေါက်လာဘဲ အားလုံးရဲ့ အထက်မှာ အယာတိုလာခိုမေနီ ဆိုတဲ့ ပုဂ္ဂိုလ်ကြီးက ရှိနေပါရောလား။ သူ မရှိပြန်တော့လည်း နောက်ထပ် အယာတိုလာကြီးတွေက သမ္မတရဲ့ အထက်မှာ ရှိနေဆဲ ဖြစ်တယ်ဗျာ။ ဘယ်ကိစ္စမဆို နောက်ဆုံး အဆုံးအဖြတ်က အယာတိုလာကြီးပြီးမှ ပြီးရတယ်ဆိုတာ

ဘယ်လို ဒီမိုကရေစီမျိုး ဖြစ်မလဲပေါ့ဗျာ။ ရှားဘုရင် လက်ထက်က ခေတ်မီ တိုးတက်ခဲ့တဲ့ အီရန်ဟာ အခု ဘယ်အခြေအနေ ဖြစ်နေသလဲဆိုတာတော့ မျက်မှောက် ကာလ ကမ္ဘာ့သတင်းတွေမှာ ကြားရ မြင်ရတဲ့ အတိုင်းပါပဲဗျာ။

## ပြည်သူ့အစိုးရစစ်စစ်ပဲ လိုချင်ပါတယ်

သို့မို့ကြောင့် ကျွန်တော်တို့ကတော့ ၂၀၁၅ မှာ မည်သူပဲ သမ္မတဖြစ်ဖြစ်၊ ပြည်သူ့ခေတ် ဂျာနယ်ရဲ့ မျက်နှာဖုံး ထိပ်ဆုံးမှာ တင်ထားထားတဲ့ မျှော်မှန်းချက်အတိုင်း ပြည်သူ များအတွက် အလုပ်အကျွေးပြုမယ့်၊ ပြည်သူများကိုယ်တိုင်က ရွေးကောက် တင်မြှောက်သော၊ ပြည်သူများရဲ့ အစိုးရစစ်စစ် (of the people, by the people, for the people) ကိုသာ လိုချင်ကြောင်းပါဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်။**
*၆၊ ဇန်နဝါရီ၊ ၂၀၁၃။*
*အတွဲ ၃၊ အမှတ် ၁၂။*

# ၂၀၁၃ တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးနှစ် ဖြစ်မည်လော

ပြီးခဲ့တဲ့ သီတင်းပတ်တစ်ခုအတွင်း မြန်မာ့နိုင်ငံရေးအတွက် အထူးခြားဆုံး သတင်းဖြစ်ရပ်တစ်ခုလို့ ဆိုနိုင်တာကတော့ လူမျိုးစု လက်နက်ကိုင်တော်လှန်ရေး အဖွဲ့ကြီးတစ်ခုဖြစ်တဲ့ ကရင် အမျိုးသား အစည်းအရုံး (KNU)နဲ့ နိုင်ငံတော် သမ္မတကြီး တွေ့ဆုံတာ၊ မကြာခင်မှာပဲ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကိုယ်တိုင်နဲ့ တွေ့ဆုံ ဆွေးနွေးခဲ့ကြတာ ဖြစ်တယ်လို့ ကျွန်တော် ယူဆမိတယ် ဗျ။

## သက်တမ်းရင့် လက်နက်ကိုင်အဖွဲ့

အားလုံးသိကြတဲ့အတိုင်း KNU ဟာ ကျွန်တော်တို့နိုင်ငံ လွတ်လပ်ရေးရတဲ့ ၁၉၄၈ ခုနှစ်မှာပဲ အစိုးရကို လက်နက် စွဲကိုင် ပုန်ကန် တိုက်ခိုက်ခဲ့တဲ့ 'ကရင် အမျိုးသား ဦးဆောင် အဖွဲ့ကြီး ဖြစ်တဲ့ KNDO ကို ဆက်ခံခဲ့တဲ့ အဖွဲ့ ဖြစ်တာကြောင့် ကျွန်တော်တို့နိုင်ငံမှာ သက်တမ်းအရင့်ဆုံး လူမျိုးစု လက်နက်ကိုင် တော်လှန်ရေးအဖွဲ့ကြီး ဖြစ်တယ်ဗျ။ ပြောရရင် မြန်မာမှာသာမက ကမ္ဘာမှာတောင် သက်တမ်း အရင့်ဆုံး တော်လှန်ရေးအဖွဲ့တွေထဲက တစ်ခုလို့ ဆိုနိုင်တယ်ဗျ။ နောက်ပြီး လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ဆယ်ကျော် ကာလ အတွင်း လက်ရှိ အစိုးရ မတိုင်မီ အရင် စစ်အစိုးရတွေ လက်ထက်မှာ အစိုးရနဲ့ အပစ်အခတ်ရပ်စဲရေး စာချုပ် ချုပ်ဆိုခြင်း မရှိခဲ့တဲ့ တစ်ခုတည်းသော အင်အားကြီး လူမျိုးစု လက်နက် ကိုင် တော်လှန်ရေးအဖွဲ့ ဖြစ်ခဲ့တယ်ဗျ။

အခုဆိုရင် မကြာသေးခင်က သူတို့နယ်မြေမှာ ကျင်းပခဲ့တဲ့ ၁၅ ကြိမ်မြောက် KNU ညီလာခံက ရွေးချယ် တင်မြှောက်လိုက်တဲ့ ဥက္ကဋ္ဌသစ် အပါအဝင် ဗဟို အလုပ်

အမှုဆောင် ကော်မတီ ခေါင်းဆောင်များနဲ့ မြန်မာ အစိုးရ ထိပ်တန်း ခေါင်းဆောင်များ အစိုးရရုံးစိုက်ရာ နေပြည်တော်မှာ ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင် တွေ့ဆုံပြီး တိုင်းပြည် ငြိမ်းချမ်းရေး ကိစ္စများကို တန်းတူရည်တူ ပွင့်ပွင့်လင်းလင်း ပြောဆို ဆွေးနွေးနိုင်ခဲ့ကြပြီ။ အဲဒီသတင်းဟာ ဒီတစ်ပတ်အတွင်း အထူးခြားဆုံး သတင်းဖြစ်တယ်လို့ ကျွန်တော် ဆိုလိုက်ရခြင်း ဖြစ်တယ်ဗျ။

## သေနတ်ထမ်းပြီး ပြောခဲ့ကြတာ

ကျွန်တော်တို့ မြန်မာ ဘာသာစကားမှာ 'ပုဂံ ရာဇဝင်ပြောရင် တုတ်ထမ်း ပြောရမယ်' ဆိုတဲ့ တင်စားချက်တစ်ခုရှိတာ အားလုံးအသိ ဖြစ်တယ်ဗျ။ အဲသလိုပဲ ကျွန်တော်တို့နိုင်ငံရဲ့ ပြည်တွင်းစစ်အကြောင်း ငြိမ်းချမ်းရေး အကြောင်းကိုလည်း သေနတ်ထမ်းပြီး ပြောခဲ့ကြတာ ကာလရှည်ကြာခဲ့ပြီဗျာ။ 'နိုင်ငံရေး အာဏာဟာ သေနတ်ပြောင်းဝက ထွက်တယ်' ဆိုတဲ့ တရုတ် ကွန်မြူနစ် ဥက္ကဋ္ဌကြီးမော်ရဲ့ အတွေးအခေါ်ကို ကျွန်တော်တို့နိုင်ငံက လက်နက်ကိုင် အဖွဲ့တွေရဲ့ ခေါင်းဆောင်တွေ လမ်းညွှန်မှုအဖြစ် ခံယူထားကြခြင်း ရှိမရှိ ဆိုတာ မသေချာပေမယ့် လက်တွေ့မှာတော့ နှစ်ဖက်စလုံးက ငြိမ်းချမ်းရေးကို သေနတ်နဲ့ တည်ဆောက်ဖို့ ကြိုးပမ်းလာခဲ့ကြတာ ရာစုနှစ်တစ်ဝက်ကျော် ကြာလာခဲ့ပြီဗျာ။ အဲဒါရဲ့ အဓိပ္ပာယ်က စကားလုံးလှလှတွေ ဘယ်လိုပဲပြောပြော လက်တွေ့မှာ မီးကို ရေနဲ့ မငြိမ်းဘဲ မီးနဲ့ပဲ ငြိမ်းဖို့ ကြိုးစားခဲ့ကြတာ ဖြစ်တယ်ဗျ။

## ငြိမ်းချမ်းရေး ကြိုးပမ်းခဲ့ကြသော်လည်း

ပြီးခဲ့တဲ့ သမိုင်းတစ်လျှောက်မှာ မီးကို ရေနဲ့ ငြိမ်းဖို့ ကြိုးစားတာမျိုးတွေ မရှိခဲ့ တာတော့ မဟုတ်ဘူးဗျ။ နိုင်ငံရေး အစိုးရလို့ ခေါ်ခဲ့ကြတဲ့ ဖဆပလ အစိုးရ လက်ထက်မှာ လက်နက်ကိုင် တော်လှန်ရေးအဖွဲ့တွေ အထူးသဖြင့် ဗမာပြည် ကွန်မြူနစ် ပါတီနဲ့ ငြိမ်းချမ်းရေးအတွက် တန်းတူရည်တူ ဆွေးနွေးကြဖို့ နှစ်ဖက်စလုံးက ကြိုးစားတာတွေ ရှိခဲ့တယ်ဗျ။ ဒါပေမဲ့ ရှေးမီနောက်မီ ပုဂ္ဂိုလ် တချို့ရဲ့ ပြန်လည် ပြောပြချက်တွေနဲ့ မြန်မာ့သမိုင်းအဖွဲ့က တည်းဖြတ် ထုတ်ဝေ တဲ့ '၁၉၅၈-၁၉၆၂ မြန်မာ့နိုင်ငံရေး လေးစောင်တွဲ မှတ်တမ်းစာအုပ်ပါ အချက်အလက်များအရ အဲဒီခေတ်ရဲ့ စစ်ခေါင်းဆောင်တချို့(အဓိက ကတော့ အာဏာရ ဆိုရှယ်လစ်ပါတီရဲ့အဆက်အနွယ်တွေ) က သူတို့နဲ့ အပြန်အလှန် အသေအကြေ တိုက်ခဲ့ကြတဲ့ သူပုန်တွေ မြို့ပေါ်ရောက်လာပြီး သူတို့ကို အမိန့်ပေးအုပ်ချုပ်တဲ့ အစိုးရယန္တရားရဲ့ တစ်စိတ်တစ်ပိုင်း သို့မဟုတ် တစ်ခုလုံး ဖြစ်လာမယ့် လမ်းစပေါ်သွားမှာကို မလိုလား မရှုစိမ့်နိုင်ကြတာကြောင့် နည်း မျိုးစုံနဲ့ ဟန့်တား ပိတ်ပင် နှောင့်ယှက်ခဲ့ကြတဲ့အတွက် အဲဒီကြိုးစားမှုတွေ မအောင်မမြင်ခဲ့ရတာလို့ ကျွန်တော် သိထားခဲ့ဖူးတယ်ဗျ။ မပြေးသော် ကန်ရာရှိ ဆိုသလို ၁၉၅၈ ခုနှစ် ဖဆပလကြီး နှစ်ခြမ်းကွဲအပြီး သန့်ရှင်း ဖဆပလ အစိုးရ ၃ လနဲ့ ၁၇ ရက် သက်တမ်းအတွင်း



ဗကပနဲ့ သန့်ရှင်း ဖဆပလ အစိုးရ တွေ့ဆုံ ဆွေးနွေးပွဲဖြစ်ဖို့ ရက်ပိုင်းလောက်အလိုမှာ စစ်တပ်က အာဏာ သိမ်းလိုက်တာကြောင့် အဲဒီဖြစ်နိုင်ခြေ ရေစုန် မျောသွားခဲ့ရတယ်ဆိုတဲ့ ပြောဆိုချက်တွေလည်း ကျွန်တော် ကြားခဲ့ရဖူးတယ်ဗျ။ ၁၉၆၂ ခု မတ်လ ၂ ရက်နေ့မှာ ဗိုလ်ချုပ် နေဝင်းက ဖက်ဒရယ်မှုကို အကြောင်းပြပြီး အပြီးအပြတ် အာဏာ သိမ်းခဲ့တာကို လူသိများတယ်။ တကယ်ကတော့ ၁၉၅၈ ခုနှစ်မှာ ကတည်းက အာဏာသိမ်းဖို့ ဗိုလ်မောင်မောင်၊ ဗိုလ်အောင်ကြီး၊ ဗိုလ်တင်ဖေတို့ ဝန်ကြီးချုပ် ဦးနုဆီကို သွားပြောချိန်မှာ အင်မတန် နိုင်ငံရေး အမြော်အမြင် ကြီးမားတဲ့ ဦးနုက ပါလီမန် ဒီမိုကရေစီ အသက်ဆက်နိုင်ဖို့အတွက် ရည်မျှော်ပြီး အာဏာ လွှဲပေးလိုက်ရတာကို လူသိနည်းတယ်ဗျ။ ကာယကံရှင် ဦးနုကတော့ '၁၉၅၈ ခုနှစ် အကုန်လောက်မှာ စစ်တပ်က အာဏာသိမ်းတဲ့အတွက် ဦးနုဟာ ဗိုလ်ချုပ်ကြီးနေဝင်းကို ဝန်ကြီးချုပ်ရာထူး လွှဲပေးလိုက်ရတယ်' (တာတေ စနေသား စာ ၂၅၉) လို့ ဝါကျတစ်ကြောင်းတည်းနဲ့ ပြောခဲ့တယ်ဗျာ။

## ငြိမ်းချမ်းရေးရဲ့ သော့ချက်တစ်ခု

ဘယ်လိုပဲဖြစ်ဖြစ် ပြည်တွင်းစစ်ကြောင့် စစ်တပ်ရဲ့ အခန်းကဏ္ဍဟာ တစ်နေ့တခြား ပိုမို ကြီးမားလာခဲ့ပြီး နောက်ဆုံးမှာ နိုင်ငံရေး ခေါင်းဆောင်တွေ၊ နိုင်ငံရေး ပါတီတွေအပေါ် စစ်တပ်က အကြွင်းမဲ့ လွှမ်းမိုးသွားခဲ့တယ်။ အဲဒီ အနေအထား ဟာ အခုအချိန်အထိ တည်ရှိနေတယ်။ မည်သို့ရှိစေ၊ လက်ရှိ အခြေအနေမှာလည်း စစ်ခေါင်းဆောင်တွေရဲ့ သဘောထားဟာ ပြည်တွင်း ငြိမ်းချမ်းရေး ရရှိရေးရဲ့ သော့ချက်တစ်ခု ဖြစ်နေဆဲပဲ ဆိုတဲ့ အချက်တွေအပေါ်မှာတော့ မြန်မာနိုင်ငံသား အများစုက သဘောတူကြရမှာပဲ ဖြစ်တယ်ဗျ။

အဲဒီတော့ အဲဒီအချက်တွေ အားလုံးကို ပေါင်းခြုံ ကြည့်လိုက်ပြီး ကျွန်တော် က သက်တမ်းရင့် တော်လှန်ရေး အဖွဲ့ကြီးတစ်ခုနဲ့ ကျွန်တော်တို့နိုင်ငံရဲ့ သမ္မတ နဲ့ အထူးသဖြင့် တပ်မတော်ကို ကိုယ်တိုင်ကိုယ်ကျ ကွပ်ကဲအုပ်ချုပ်နေတဲ့ ကာကွယ်ရေး ဦးစီးချုပ်နဲ့ တွေ့ဆုံပြီး ရင်းရင်းနှီးနှီး ပြောဆို ဆွေးနွေးကြတဲ့ သတင်းဟာ အင်မတန် ထူးခြားတဲ့ သတင်းတစ်ပုဒ် ဖြစ်တယ်။ ကျွန်တော်တို့ နိုင်ငံမှာ အသည်းအသန် လိုအပ်နေတဲ့ ပြည်တွင်း ငြိမ်းချမ်းရေးအတွက် အင်မတန်မှ သက်ရောက်မှု ကြီးမားတဲ့ သတင်းဖြစ်ရပ်ပါပဲလို့ အထူးပြု ရည်ညွှန်းလိုက်ရတာ ဖြစ်ပါတယ်ဗျာ။

## နှစ် ၆၀ အတွင်း ပထမဆုံး

တကယ်တော့ ဒီသတင်းဟာ နှစ်ပေါင်းခြောက်ဆယ်ကျော် အသေအကြေ တိုက်ခိုက်လာခဲ့ရတဲ့ တောတွင်း လက်နက်ကိုင် အဖွဲ့ကြီးတစ်ခုရဲ့ ဥက္ကဋ္ဌ အပါအဝင် ခေါင်းဆောင်တွေနဲ့ မြန်မာ့တပ်မတော် အကြီးအကဲတို့ သမိုင်းမှာ ပထမဆုံး အကြိမ်အဖြစ်

တွေ့ဆုံ ဆွေးနွေးခဲ့ကြတာဖြစ်တယ် ဆိုတဲ့ အချက် တစ်ချက်တည်းကြောင့်တင် ထူးခြားတာ မဟုတ်ဘူးဗျ။ နှစ်ဖက် ခေါင်းဆောင် တွေရဲ့ ပြောစကားတွေကလည်း ဒီသတင်းရဲ့တန်ဖိုးကို ပိုပြီး ထူးခြား လေးနက် စေခဲ့တယ်ဗျ။

## ငြိမ်းချမ်းရေး နိမိတ်စကားတွေ

တွေ့ဆုံပွဲမှာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ငြိမ်းချမ်းရေး ဖော်ဆောင်ရေးကို သူ့အနေနဲ့ စိတ်ဝင်စား ကြောင်း၊ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းရေး ခိုင်ခိုင်မာမာ ဖြစ်စေချင်ကြောင်း၊ လူတစ်ဦးမှာ ရိုးသားမှု ကတိတည်မှု အရေးကြီးကြောင်း၊ တိုင်းပြည် တည်ငြိမ်အေးချမ်းမှု ဖွံ့ဖြိုးတိုးတက်မည်ဖြစ်၍ ထာဝရ ငြိမ်းချမ်း ရေးရရှိပြီး တိုင်းပြည် တည်ငြိမ်အေးချမ်းကာ ဖွံ့ဖြိုးတိုးတက်စေချင်သော စိတ်ထားအမြဲရှိကြောင်း စတဲ့ စကားတွေ ပြောဆိုခဲ့ပြီး KNU ဗဟိုအလုပ် အမှုဆောင် ကော်မတီဝင်တစ်ဦးဖြစ်တဲ့ ဖဒိုမန်းငြိမ်းမောင်ကလည်း 'ပြည်သူ့ ခေတ်' သတင်းထောက်ရဲ့ အမေးကို ဖြေကြားရာမှာ 'ကျွန်တော်တို့ နှစ်ပေါင်း ၆၀ ကျော်မှာ အုပ်စိုးသူ အာဏာပိုင် အဆက်ဆက်နဲ့ အပစ်အခတ် ရပ်စဲရေးတွေ ၅ ကြိမ်ထက်မနည်း လုပ်ခဲ့တယ်၊ သို့သော် တစ်ဦးပေါ်တစ်ဦး အပြန်အလှန် ယုံကြည်လေးစားမှု၊ တန်းတူရည်တူ တန်ဖိုးထားမှုတွေကို ကျွန်တော်တို့ တစ်ခါမှ မရခဲ့ဘူးခင်ဗျ၊ အခု နိုင်ငံတော်သမ္မတကြီး ဦးဆောင်တဲ့ အစိုးရအဖွဲ့ တက်လာပြီးတဲ့နောက်မှာ ကျွန်တော်တို့ ကရင် အမျိုးသားတွေ အနေနဲ့ တစ်လျှောက်လုံး မျှော်လင့်ခဲ့တဲ့ တန်းတူရည်တူ ဆက်ဆံမှု အပြန်အလှန် အသိအမှတ်ပြုမှု၊ အပြန်အလှန် လေးစားမှုဆိုတာတွေ ကျွန်တော်တို့ အကုန်လုံး ရရှိခဲ့တယ်၊ ကြိုတင် စည်းကမ်း သတ်မှတ်ချက်တွေ လုံးဝ မရှိခဲ့ဘူးဆိုတော့ ကျွန်တော်တို့ တစ်ဦးနဲ့တစ်ဦး ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး ယုံယုံကြည်ကြည်နဲ့ တွေ့ဆုံ ဆွေးနွေးနိုင်ခဲ့တဲ့အတွက်ကို ကျွန်တော်တို့ ငြိမ်းချမ်းရေး ခရီးစဉ်ကတော့ အများကြီး ရှေ့ဆက်သွားဖို့ ရပြီလို့ ယုံကြည်ပါတယ်' လို့ ပြောဆိုခဲ့တယ်ဗျ။ ဒီစကားတွေဟာ တကယ်ကို ရင်ထဲက လာတဲ့ စကားတွေ ဖြစ်တယ်လို့ ကျွန်တော် ယုံကြည်တဲ့အတွက် ငြိမ်းချမ်းရေး အလားအလာအတွက် တကယ်ပဲ အားတက်မိတယ်ဗျာ။

## ချွေးသိပ်လိုက် တိုက်လိုက်

အရင်ကတော့ ကျွန်တော်တို့နိုင်ငံက နိုင်ငံရေး လေ့လာ သုံးသပ်သူ အများစု စိတ်ထဲမှာ မြန်မာစစ်တပ်ဟာ တောတွင်းလက်နက်ကိုင်အဖွဲ့တွေနဲ့ ဆက်ဆံရာမှာ တစ်ဖွဲ့ကို တိုက်နေချိန်မှာ ကျန်တဲ့ အဖွဲ့တွေကို ချော့မော့ ချွေးသိပ်ထားပြီး အဲဒီ ချော့မော့ ချွေးသိပ်ထားတဲ့ အဖွဲ့တွေနဲ့ ပြန်တိုက်ရတဲ့အခါ အရင်က တိုက်ခဲ့တဲ့ အဖွဲ့တွေကို ချော့မော့ ချွေးသိပ်တဲ့ နည်းပရိယာယ် သုံးလေ့ ရှိခဲ့တယ် ဆိုတဲ့ အတွေးအခေါ်က



ကြီးစိုး လွှမ်းမိုးနေခဲ့တယ်ဗျ။ အဲသလို တွေးစရာ အကြောင်းတွေကလည်း အခိုင်အမာကို ရှိခဲ့တာကိုးဗျာ။

## ရန်လိုသော သေနတ်သံ အားလုံး တိတ်စေသတည်း

အခု လောလောဆယ်မှာလည်း ကချင်ပြည်နယ်မှာ ဖြစ်နေတဲ့ အဖြစ်အပျက် တွေက ငွေ့ငွေ့ကျန်နေသေးတဲ့ အဲဒီ အတွေးအခေါ် မီးကြွင်းမီးကျန်ကို ဓာတ်ဆီနဲ့ တောက်ပေးသလို ဖြစ်နေသေးတာတော့ အမှန်ပဲဗျ။ ဒါပေမဲ့ ကျွန်တော်တို့ ပြည်သူတွေကတော့ တရားသူကြီးလိုပဲ ဘယ်သူ့ကိုမဆို သံသယ အကျိုး ကိုတော့ ခံစားခွင့်ပြုကြရမှာပဲ ဖြစ်တယ်ဗျ။ ဒါကြောင့် ဒုတိယ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်တဲ့ လက်ရှိ မြန်မာ့တပ်မတော်ဟာ မကြာတော့မယ့် တစ်နေ့မှာ ကချင်ပြည်နယ်သာမက မြန်မာတစ်နိုင်ငံလုံးက ရန်လိုတဲ့ သေနတ် သံတွေ အားလုံးကိုပါ အပြီးတိုင် တိတ်ဆိတ်သွားအောင်လုပ်ပြီး မြန်မာပြည်သူ တွေရဲ့ သို့လော သို့လော သံသယတွေကို ချေဖျက်ပေးသွားလိမ့်မယ်လို့ ကျွန်တော်ကတော့ ယုံကြည် မျှော်လင့်နေကြောင်းပါဗျာ။

(ကျွန်တော့်ရဲ့ နှစ်သစ်ကူး ဆုတောင်းမှာ အဓိက ဦးစားပေးအဖြစ် ပြောခဲ့ ဖူးတဲ့ ၂၀၁၃ ဟာ တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရတဲ့နှစ် ဖြစ်စေရမယ်ဆိုတဲ့ ပြင်းပြ ဆန္ဒအတိုင်း အကောင်အထည် ပေါ်ပါစေသတည်း)

**ပြည်သူ့ခေတ်ဂျာနယ်။**
၁၃၊ ဇန်နဝါရီ ၂၀၁၃။
အတွဲ ၃၊ အမှတ် ၁၂။

○

## မြန်မာ အတိုက်အခံများ အစိုးရလုပ်ဖို့ အသင့်ဖြစ်ကြပြီလား

### သည်ဆောင်းပါးရဲ့ အရင်းခံ

သမ္မတကြီး ဦးသိန်းစိန်နဲ့ အင်တာဗျူး လုပ်ခွင့်ရခဲ့တဲ့ ဘေဂျင်း အခြေစိုက် အရှေ့တောင်အာရှ သတင်းထောက် Hannah Beech ကို Times မဂ္ဂဇင်းကပဲ မြန်လည် အင်တာဗျူး လုပ်ထားတဲ့ ဆောင်းပါး ဇန်နဝါရီလထဲမှာ ဖတ်လိုက်ရပါတယ်။ မြန်မာ့နိုင်ငံရေးနဲ့ ပတ်သက်လို့ အင်မတန် စိတ်ဝင်စားစရာကောင်းတဲ့ သုံးသပ်ချက်တွေ အများကြီးပါဝင်တဲ့ အင်တာဗျူးမို့လို့ နိုင်ငံရေး စိတ်ဝင်စားသူတွေ မလွတ်တမ်း ရှာဖွေ ဖတ်ရှုသင့်ပါတယ်။ ဂျာနယ် တချို့မှာလည်း မြန်မာပြန် ဖော်ပြခဲ့ကြပြီးပါပြီ။

ယခု ကျွန်တော့်ဆောင်းပါးဟာ ဟန်နားဘိချ်ရဲ့ အဖြေထဲက တစ်ပိုဒ်ကို ဖတ်မိရာက အတွေးနယ်ချဲ့မိတာ ဖြစ်ပါတယ်။ သူက ဘယ်လို ပြောထားလဲဆိုရင် 'တကယ်လို့ NLD သာ အစိုးရအဖွဲ့ထဲ ရောက်သွားပြီဆိုရင် သူတို့မှာ အဲဒီ အစိုးရအလုပ်ကို လုပ်နိုင်မယ့် လူအင်အား ရှိမှာလား။ ကျွန်မတော့ သိပ်မထင်မိပါဘူး' တဲ့။ ဗျာ။ အသေးစိတ်ကိုတော့ ရှာဖွေ ဖတ်ကြည့် ကြပါတော့။

### နိုင်ငံရေးသမားနဲ့ အုပ်ချုပ်ရေး အတွေ့အကြုံ

အဲဒီ အစကို အခြေခံပြီး ကျွန်တော် ဆက်ဆွေးနွေးပါမယ်။

ကျွန်တော်တို့ နိုင်ငံဟာ အင်္ဂလိပ် ကိုလိုနီ ကျွန်ဘဝမှာ နှစ်ပေါင်းတစ်ရာကျော် နေခဲ့ရတယ်။ ၁၈၂၄ နဲ့ ၁၈၅၂ မှာ မြန်မာပြည်အောက်ပိုင်း တစ်ခြမ်းလုံး ပါသွားပြီး



၁၈၈၅ မှာ တစ်ပြည်လုံး ကျွန်ဖြစ်တယ်။ ၁၉၂၃ ခုနှစ် ဒိုင်အာခီ အုပ်ချုပ်ရေး ပေါ်လာတော့မှ မင်းတိုင်ပင် အမတ်လို့ခေါ်တဲ့ လူထုမဲဆန္ဒပေးပြီး ရွေးကောက် တင်မြှောက်တဲ့စနစ်ကို စတင် မိတ်ဆက်ရတယ်။ မြန်မာပြည်ကို အပြီး သိမ်းပြီးချိန်ကစလို့ အိန္ဒိယပြည်ရဲ့ ပြည်နယ်တစ်ခုအဖြစ် သွတ်သွင်းထားရာက ၁၉၃၇ ခုနှစ်ကျမှ သီးခြား နိုင်ငံအဖြစ်ခွဲပြီး ဘုရင်ခံတစ်ယောက်ကို ဦးစီး အုပ်ချုပ်စေခဲ့တယ်။ အုပ်ချုပ်ပုံ စနစ်က ဟုမ်းမရူးခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေး အဆင့်ထက် တစ်ဆင့်နိမ့်သေးတဲ့ ၉၁ ဌာန အုပ်ချုပ်ရေးပုံစံ ဖြစ်တယ်။ ဒေါက်တာဘမော်တို့ ဦးပုတို့ ဂဠုန်ဦးစောတို့ ဝန်ကြီးချုပ် ဖြစ်ခဲ့ကြ တယ်ဆိုတာ အဲဒီ ၉၁ ဌာန အုပ်ချုပ်ရေး ပုံစံထဲမှာပဲ ဖြစ်ခဲ့ကြတာပါ။ အဲဒီအတိုင်း စခန်းသွား နေရာကနေပြီး ဒုတိယ ကမ္ဘာစစ်ဖြစ်ပြီး ဂျပန်ဝင်လာကာ နိုင်ငံရေး ချိန်ခွင်လျှာတွေ ပြောင်းပြီး နောက်ပိုင်းကျတော့ သခင်အောင်ဆန်း ခေါင်းဆောင်တဲ့ နိုင်ငံရေး မျိုးဆက်သစ်တွေရဲ့ ခေတ် ဖြစ်လာတယ်။ သည်လိုနဲ့ ၁၉၄၈ မှာ လွတ်လပ်ရေး ရခဲ့ပါတယ်။

လွတ်လပ်ရေးရပြီးနောက် ပြည်သူတွေရဲ့ ပြည်သူတွေ ရွေးကောက် တင်မြှောက်တဲ့ ကိုယ်စားလှယ်တွေနဲ့ ဖွဲ့စည်းတဲ့ ပါလီမန် ဒီမိုကရေစီနဲ့ ပါလီမန် အစိုးရပေါ်လာတယ်။ ပါလီမန် ဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးခွင့် ရခဲ့တယ်။ လွတ်လပ်ရေးခေတ်ဦး အစိုးရအာဏာ ရလာ သူတွေဟာ တို့ဗမာ အစည်းအရုံးဝင် သခင်တွေ အများစုဖြစ်တယ်။ သူတို့ဟာ နယ်ချဲ့အင်္ဂလိပ် ဆန့်ကျင်ရေး ရဲရဲတောက် နိုင်ငံရေး လှုပ်ရှားမှု အတွေ့အကြုံတွေ ရှိခဲ့ဖူးတယ်။ ဖက်ဆစ် ဂျပန်ခေတ် ၁၉၄၃ ဩဂုတ် ၁ ရက်နေ့မှာ ဂျပန်စစ်တပ်က ဖွဲ့စည်းပေးတဲ့ ရုပ်သေးအစိုးရအဖွဲ့မှာ ဆင်းရဲသား (ဓားမ ပါတီ) က ဒေါက်တာဘမော် ခေါင်းဆောင်တဲ့ နိုင်ငံရေးသမား ဝါရင့်ကြီးတွေနဲ့ ပူးတွဲ ပါဝင်ခဲ့ကြဖူးတယ်။ ဗိုလ်ချုပ်အောင်ဆန်း။ သခင်နု၊ သခင်သန်းထွန်း စသူတွေဟာ ဂျပန် ခေတ်အစိုးရမှာ ဝန်ကြီးတွေ ဖြစ်ခဲ့ကြတယ်။ အစိုးရ အာဏာရ အဖွဲ့အစည်းကို တို့ဗမာ ဆင်းရဲ သား အစည်းအရုံးကြီးလို့ ခေါ်တွင်စေပြီး အဆင့်ဆင့်သော အုပ်ချုပ်ရေး ရာထူးတွေ ရဲ့အဖွဲ့ရာထူး တွေမှာ ဓားမတွေနဲ့ သခင်တွေ အာဏာခွဲဝေ ယူခဲ့ကြဖူးတယ်။ သို့သော် ဖက်ဆစ်ဂျပန်ကို ပြန်တော်လှန်တဲ့ အခါကျတော့ ဓားမတွေ မပါတော့ဘဲ သခင်တွေနဲ့ ရဲဘော်သုံးကျိပ်တွေပဲ ပါဝင်ခဲ့ကြတယ်။ သည်လိုနဲ့ တော်လှန်ရေးအပြီး အင်္ဂလိပ် ပြန်ဝင်လာတော့ ပထမဆုံး သူတို့ အလိုတော်ရိ နိုင်ငံရေး လက်ပါးစေကြီးတွေနဲ့ အစိုးရဖွဲ့ပြီး အုပ်ချုပ်ခိုင်းသေးတယ်။ နောက်ဆုံး ဘယ်လိုမှ မတတ်နိုင်တော့မှ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်တဲ့ ဖဆပလအဖွဲ့ကြီးကို အာဏာ ခေါ်ပေးရပါတယ်။ သည်တော့ သခင်တွေနဲ့ ဖက်ဆစ် တော်လှန်ရေးသမားဟောင်းတွေဟာ အစိုးရအာဏာ ရကြပြန်တယ်။ အဲဒီကနေ လွတ်လပ်ရေး ရတော့လည်း သည်လူတွေထဲက အများစုပဲ

အစိုးရအဖွဲ့ဝင်တွေ ဖြစ်လာကြတာပါပဲ။ သူတို့ထဲက အများစုဟာ နိုင်ငံရေးသမားကောင်းတွေ ဖြစ်ရုံမက အုပ်ချုပ်ရေးအမြော်အမြင်ရှိသူတွေလည်း ဖြစ်တယ်ဆိုတာ သူတို့ သက်တမ်းအတွင်း ပြည်တွင်းစစ်ကြီး ဗလောင်ဆူနေတဲ့ကြားက မြန်မာပြည် ဖွံ့ဖြိုးတိုးတက်ခဲ့ပုံကို လေ့လာနိုင်ပါတယ်။ သို့ပေမဲ့ အထိအနာဆုံးကတော့ ဖဆပလကြီး နှစ်ခြမ်းကွဲပြီး ငါးကြင်းသားကို မြေခွေးက အပိုင်စီး ခံလိုက်ရခြင်းပါပဲ။

## နှစ်ငါးဆယ်နီးပါး စစ်အစိုးရ အုပ်ချုပ်ရေး

ပါလီမန် ဒီမိုကရေစီ စနစ်ဟာ ၁၄ နှစ်ပဲ သက်တမ်းရှည် လိုက်တယ်။ စစ်ခေါင်းဆောင် ဗိုလ်ချုပ် နေဝင်းရဲ့ အာဏာသိမ်းမှုကြောင့် နိဂုံးချုပ်သွားခဲ့ရတယ်။ အဲဒီ ၁၉၆၂ ကစပြီး နာမည် အမျိုးမျိုးနဲ့ စစ်အစိုးရတွေရဲ့ အမိန့်ပေးစနစ်နဲ့ အုပ်ချုပ်မှုအောက်မှာ နေလာခဲ့ရတာ နှစ်ငါးဆယ်နီးပါး ကြာခဲ့ပါသဗျာ။ အခု ၂၀၁၁ ခု မတ်လက စပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ ပေါ်ပေါက်လာတဲ့ အစိုးရသည်ပင်လျှင် ယခင် အစိုးရရဲ့ စစ်ဗိုလ်ချုပ်တွေ အများစု ယူနီဖောင်းချွတ်၊ ပုဆိုးဝတ်၊ ခေါင်းပေါင်း ပေါင်းထားကြတာ ဖြစ်တယ်ဆိုတဲ့ အနေအထားကို ငြင်းလို့ မရသေးဘူးဗျ။

အဲဒီ စစ်အစိုးရ အဆက်ဆက် လက်အောက်နေခဲ့ရတဲ့ ကာလအတွင်း ကျွန်တော်တို့ နိုင်ငံရဲ့ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ယဉ်ကျေးမှုစတဲ့ နယ်ပယ်တွေ ဖွံ့ဖြိုးတိုးတက်ခဲ့ သလား၊ ဆုတ်ယုတ် ကျဆင်းခဲ့သလား ဆိုတာကိုတော့ ကျွန်တော် စစ်တမ်း ထုတ်မပြ လိုတော့ဘူးဗျ။ များစွာသော ပြည်သူထုထု အားလုံးလိုလို ကိုယ်တိုင်ကြုံတွေ့ ခံစားခဲ့ကြရပြီး ဖြစ်တဲ့အပြင် ပိုင်းခြားစိတ်ဖြာ သုံးသပ်သူ ပညာရှင်များက ရှုထောင့်မျိုးစုံက ကြည့်ပြီး ပြောဆို ရေးသား တင်ပြခဲ့ကြပြီဖြစ်လို့ ကျွန်တော်က စကားတံရှည်ပြီး ဝိတ္ထာရ ချဲ့နေစရာ မလိုတော့ဘူး ထင်တယ်ဗျ။

## အုပ်ချုပ်ရေး ကိုင်တွယ်နိုင်စွမ်း ရှိကြပြီလား

ဒီဆောင်းပါးမှာ ကျွန်တော် ဆွေးနွေးချင်တာက အခုလို ကျွန်တော်တို့ နိုင်ငံမှာ ပြည်သူတွေက နိုင်ငံတော် အာဏာကို အမှန်တကယ် ပိုင်စိုးတဲ့ ဒီမိုကရေစီစနစ် တစ်ကျော့ပြန် ရှင်သန်လာဖို့ အားယူနေတဲ့ အချိန်မှာ ပြည်သူလူထုရဲ့ တပ်ဦးနေရာမှာ ရှိနေကြတဲ့ အဆင့်ဆင့်သော ပြည်သူ့ ခေါင်းဆောင် လူထုခေါင်းဆောင်များဟာ နိုင်ငံတော်ရဲ့ အရေးအရာများကို ကျွမ်းကျင် ပိုင်နိုင်စွာ စီမံခန့်ခွဲနိုင်တဲ့ (တစ်နည်း) နိုင်ငံတော် အာဏာကို ပါးနပ်လိမ္မာစွာ ကိုင်တွယ် သုံးစွဲနိုင်တဲ့ အခြေအနေမှာ ရှိနေကြပြီလား။ ဒါမှမဟုတ် မရှိသေးဘူးလားဆိုတဲ့ အကြောင်းအရာပဲ ဖြစ်တယ်ဗျ။ ဒီကနေ့ အတိုက်အခံလို့ ခေါ်ဝေါ် သုံးနှုန်းခြင်း ခံနေကြရတဲ့ နိုင်ငံရေး ခေါင်းဆောင်



များဟာ နိုင်ငံတော် အာဏာရဲ့ အဓိက မဏ္ဍိုင်ကြီး သုံးရပ်ဖြစ်တဲ့ ဥပဒေပြုရေး အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေး ယန္တရားတွေကို စေစား မောင်းနှင်ရမယ့် နေရာများကို ရောက်လာကြတဲ့အခါ နိုင်ငံတော် အကျိုး စီးပွားဆိုတဲ့ ပန်းတိုင်ဆီသို့ လမ်းချော် တိမ်းစောင်းခြင်း မရှိစေဘဲ မောင်းနှင် နိုင်စွမ်း ရှိကြပြီလား။ အဲဒီလို အရည်အချင်းတွေကို ပိုင်ဆိုင်ထားဖို့ကော လေ့ကျင့် ပြင်ဆင် ထားကြရဲ့လား ဆိုတဲ့ မေးခွန်းဟာ ဒီကနေ့ အင်မတန် အရေးကြီးတဲ့ မေးခွန်း ဖြစ်လာပြီလို့ ကျွန်တော် ယူဆတယ်ဗျ။

## ကမ္ဘာပျက်ခါနီး လူလာဖြစ်ရသလို

ကျွန်တော် ဒီကိစ္စကို စဉ်းစားဖြစ်ခဲ့တာရဲ့ အကြောင်းရင်းက နှစ်ပေါင်းငါးဆယ်လောက် နိုင်ငံရေး ကို အဖွဲ့အစည်း တစ်ခုထဲက အပိုင်စီးထားတာခံခဲ့ရတဲ့ အခြေအနေမှာ နေထိုင်ခဲ့ကြရတဲ့ အရပ်သား အတိုက်အခံ ခေါင်းဆောင်တွေ အတွက် နိုင်ငံတော် အာဏာသုံးရပ်ဆိုတဲ့ ကိစ္စဟာ ကျွန်တော် ဖတ်ခဲ့ဖူးတဲ့ စာအုပ်တစ်အုပ် ထဲကလို ‘ကမ္ဘာ ပျက်ခါနီးမှ ယောင်တိယောင်နနဲ့ လူလာဖြစ်ရသူကဲ့သို့’ ဆိုသလို ဖြစ်နေ လောက်တယ်လို့ တွေးတောခဲ့မိခြင်း ဖြစ်တယ်ဗျ။ နှစ်ပေါင်းငါးဆယ်ကျော် နိုင်ငံ အုပ်ချုပ်ရေးကိစ္စတွေကို စစ်ဗိုလ်တွေကပဲ လုပ်ကိုင် ဆောင်ရွက် လာခဲ့တာဆိုတော့ ကျွန်တော်တို့ အရပ်သားတွေဟာ စစ်တုရင်ခုံပေါ်က အရုပ်တွေလို စစ်ဗိုလ် တွေ ရွှေ့တဲ့ နေရာမှာပဲ မလှုပ်မရှား နေတတ်တဲ့ အလေ့အထက အရိုးစွဲနေခဲ့ပြီဗျ။ စစ်အစိုးရခေတ် ကနဦးပိုင်းမှာ အရပ်ဘက် အုပ်ချုပ်ရေး ပညာရှင်တွေ၊ ဥပဒေပြုရေး ပညာရှင်တွေ၊ တရားစီရင်ရေး ပညာရှင်၊ ပညာရေးသမား ပညာရှင်တွေကို အထိုက်အလျောက် နေရာပေးခဲ့သေးပေမယ့် စစ်အစိုးရ သက်တမ်း ရှင့်ညောင်း လာတာနဲ့အမျှ နယ်ပယ်ကဏ္ဍ အားလုံးရဲ့ ထိပ်ဆုံးက နေရာတွေကို မိုးကျရွှေကိုယ် စစ်ဗိုလ်တွေကချည်း သိမ်းပိုက် လာခဲ့ကြတာမို့ အဲဒီ ပညာရှင်တွေဟာလည်း နိုင်ငံခြား ထွက်သူတွေထွက်၊ မထွက်ဘဲ ပြည်တွင်းမှာ ပေတေပြီး နေသူတွေဟာလည်း သံချေး တက် အသွားတုံး ‘ဓားမ တုံး’ တွေ ဖြစ်ကုန်ခဲ့ကြတာ ဖြစ်တယ်ဗျာ။ အဲဒီခေတ်မှာ လူပြော များတဲ့ နေနည်း ထိုင်နည်းတွေတောင် ပေါ်ခဲ့သေးတာ မှတ်မိကြဦးမယ် ထင်ပါတယ်။ ‘ခေါ်ရင် သွား နိုင်းတာလုပ်၊ ခံမပြောနဲ့’ ဆိုတဲ့ ‘ခသုံးလုံး’ နဲ့ ‘မလုပ်၊ မရှုပ်၊ မပြုတ်’ ဆိုတဲ့ ‘မသုံးလုံး’ တဲ့ဗျ။

## အတိုက်အခံဆိုတာ နောက်တက်မယ့် အစိုးရလောင်း

အခု ကျွန်တော်တို့ နိုင်ငံက ဒေါ်အောင်ဆန်းစုကြည်ကို **အတိုက်အခံ ခေါင်းဆောင် (opposition leader)**၊ NLD ကို အတိုက်အခံပါတီ **(main opposition party)**

လို့ နိုင်ငံခြားက စာနယ်ဇင်း တွေမှာ ခေါ်ဝေါ် သုံးစွဲနေကြပေမယ့် ကျွန်တော်တို့ဆီက အတိုက်အခံ ဆိုတာဟာ အနောက် ကမ္ဘာဆီက အတိုက်အခံဆိုတာနဲ့ မတူဘူးဆိုတာကို စေ့စေ့စပ်စပ် လေ့လာထားသူတွေ သိကြ တယ်ဗျ။ သူတို့ဆီမှာက အတိုက်အခံ ခေါင်းဆောင်ဆိုတာ နောင်ကျင်းပမယ့် ရွေးကောက်ပွဲ တစ်ခုခုမှာ အနိုင်ရပြီး သမ္မတ သို့မဟုတ် ဝန်ကြီးချုပ် ဖြစ်လာနိုင်တဲ့သူ၊ အတိုက်အခံ ပါတီ ဆိုတာလည်း အာဏာရပါတီ ဖြစ်လာနိုင်တဲ့ ပါတီ ဖြစ်တယ်ဗျ။

ဒါကြောင့် အတိုက်အခံ ခေါင်းဆောင်၊ အတိုက်အခံ ပါတီတွေဟာ ကိုယ် အာဏာရနေချိန်မှာ နိုင်ငံတော် အာဏာကို ကိုင်တွယ် သုံးစွဲ စီမံခန့်ခွဲ၊ ကိုယ် အတိုက်အခံ ဘဝ ကျရောက်သွားတော့လည်း ကိုယ် အာဏာပြန်ရလာမယ့် အချိန် အတွက် မျှော်မှန်းပြီး အာဏာသုံးရပ် ကိုင်တွယ်သုံးစွဲမှုဆိုင်ရာ အလေ့ အကျင့်တွေကို မပြတ်မလပ် ဆက်လက် လုပ်ဆောင်နေကြရတာ ဖြစ်တယ်ဗျ။ ဗြိတိန်နိုင်ငံက အဓိက ပါတီကြီး နှစ်ခုဖြစ်တဲ့ လေဘာနဲ့ ကွန်ဆာဗေးတစ်တို့ဆိုရင် တစ်ပါတီက အာဏာရနေရင် ကျန်ပါတီကလည်း အစိုးရ ဝန်ကြီးဌာနတွေအတိုင်း သူ့ပါတီထဲမှာ ဝန်ကြီးဌာနတွေ ဖွဲ့စည်းထားပြီး၊ တာဝန်ခံတွေ ခန့်အပ်ကာ အာဏာရပါတီက ဝန်ကြီးတွေ လုပ်သလို နိုင်ငံ့အရေးအရာတွေကို (Shadow Cabinet) အဖြစ် လေ့လာသုံးသပ် မူဝါဒတွေ ချမှတ် ဖော်စပ်နေတာ ဖြစ်တယ်ဗျ။ အင်အားကြီးမားတဲ့ အတိုက်အခံပါတီတွေကို သူတို့ဆီမှာ Would-be Next Government လို့တောင် မီဒီယာတွေက ဂုဏ်တင်ရေးသား ထုတ်လွှင့်လေ့ ရှိတယ်ဗျ။ အကျိုးဆက်ကတော့ အတိုက်အခံပါတီဟာ ရွေးကောက်ပွဲ အနိုင်ရပြီး အာဏာရပါတီ ပြန်ဖြစ်သွားတာနဲ့ နိုင်ငံတော် အာဏာ စီမံခန့်ခွဲရေး လုပ်ငန်းများကို အဆင်သင့် လွယ်လင့်တကူ လွှဲပြောင်း ရယူ လုပ်ဆောင်သွားရုံပေါ့ဗျာ။ (သည်နေရာမှာ အလျဉ်းသင့်လို့ ပြောရရင် ၁၉၉၀ ရွေးကောက်ပွဲ နိုင်ပြီးတော့ အနိုင်ရ ပါတီ NLD က နိုင်ငံတကာ ထုံးစံအတိုင်း နှစ်လအကြာမှာ လွှတ်တော်ခေါ်ပေးဖို့တောင်းဆိုတယ်။ နဝတ အစိုးရက ခေါ်မပေးတဲ့အပြင် အခြေခံဥပဒေ ရေးဆွဲပြီး သည်အထိ သူတို့ပဲ အာဏာကြီးသုံးရပ်ကို ဆက်ယူထားမယ်လို့ ကြေညာတယ်။ သည်အချိန်မှာ NLD ထဲက အစိတ်အပိုင်းတချို့က စိတ်မရှည်တော့တဲ့ စင်ပြိုင် အစိုးရဖွဲ့ဖို့ ကြိုးစားခဲ့ကြတော့ အားလုံး သိမ်းကျုံးဖမ်းပြီး ထောင် နှစ် ၂၀၊ နှစ် အစိတ်တွေ ချခံခဲ့ရသဗျ။ အခြေခံ ဥပဒေ ရေးဆွဲခဲ့တာကလည်း ကမ္ဘာမှာ စံချိန် တင်ပြီး ၂၀၀၈ ခုနှစ်ကြာမှ ပြီးဆုံးခဲ့တယ်ဗျာ)

## စားလို့တောင် မစဉ်းစားကောင်းတဲ့ အသီး

အဲဒီကာလ တစ်လျှောက်မှာတော့ အားလုံးသိကြတဲ့ အတိုင်းပဲဗျ။ နှစ်ငါးဆယ် လုံးလုံး စစ်အစိုးရ အဆက်ဆက်ဟာ သူတို့နဲ့ သဘောထား ကွဲလွဲသူတွေကို အမှုန့်ကြိတ်မပစ်ရုံ



တမည် ပြင်းပြင်းထန်ထန် ဖိနှိပ်ဆက်ဆံခဲ့တာ မဟုတ်လားဗျာ။ ဒီတော့လည်း အဲဒီ ကာလအတွင်း စစ်အစိုးရတွေရဲ့ အတိုက်အခံတွေဟာ တစ်နေ့နေ့မှာ နိုင်ငံတော် အာဏာသုံးရပ်ကို ကိုင်တွယ်သုံးစွဲရမယ့် သူများအဖြစ် ကိုယ့်ကိုယ်ကိုယ် ရှုမြင်ပြီး လေ့လာဖြည့်ဆည်းဖို့ဝေးစွ၊ ထောက်လှမ်းရေးတွေ ဘယ်အချိန် လာခေါ်မှာလဲ ဆိုတာကိုပဲ အချိန်ရှိသရွေ့ တွေးပူနေရပြီး စစ်အစိုးရနဲ့ 'ပြေးတမ်း ပြေးတမ်း' (လိုက်တမ်း ပြေးတမ်းမဟုတ်) ကစားနေခဲ့ကြ ရတာချည်း ဖြစ်တယ်ဗျ။ နှစ်ငါးဆယ်လောက် အဲသလို စိုးထိတ်ရင်ဖိုတဝမှာ နေလာခဲ့ကြရတော့လည်း နိုင်ငံတော် အာဏာသုံးရပ်ဆိုတာ စစ်အစိုးရ အဆက်ဆက်ရဲ့ အတိုက်အခံများအတွက် 'စားချင်ပါတယ်လို့တောင် မစဉ်းစား ကောင်းတဲ့ အသီး' လို ဖြစ်ခဲ့တာပေါ့ဗျာ။

## ခုတော့ အလားအလာတွေ ရှိနေပါပြီ

အခုတော့ အခြေအနေတွေက ပြောင်းလဲစပြုနေပြီ ဖြစ်တယ်ဗျ။ တကယ်လို့ မမျှော်လင့်အပ်တဲ့ မုန်တိုင်းတစ်ခု မတိုက်ဘဲ၊ ဒီအတိုင်း ကျွန်တော်တို့နိုင်ငံ ရှေ့ကို မှန်မှန် ဆက်သွားနိုင်ခဲ့မယ်ဆိုရင် သိပ်မဝေးတဲ့ တစ်နေ့မှာ မြန်မာ အတိုက်အခံတွေဟာ နိုင်ငံတော် အာဏာသုံးရပ်ကို ကိုယ်တိုင် ကိုင်တွယ် စီမံခန့်ခွဲနိုင်တော့မယ့် အလားအလာ များကို မြင်တွေ့နေရတယ်ဗျ။ ဒီလို အချိန်မျိုးမှာ ကိုယ် ဘာလုပ်ကြရမယ် ဆိုတာကို အဆင့်ဆင့်သော အတိုက် အခံ ခေါင်းဆောင်တွေ သိနေကြလိမ့်မယ်လို့ ကျွန်တော်တော့ ယုံကြည်တယ်ဗျာ။

## အမေရိကန်မှာ တွေးခဲ့မိတာလေးတွေ

ကျွန်တော် ၂၀၁၀-၂၀၁၁ က ဖဲလိုးရှစ် အစီအစဉ်တစ်ခုနဲ့ အမေရိကန်နိုင်ငံကို ရောက်တုန်း တွေးမိတဲ့ အတွေးတစ်ခုအကြောင်း ပြောပြချင်တယ်ဗျ။ ကျွန်တော့် လေ့လာရေး အစီအစဉ်အရ ဝါရှင်တန်ဒီစီက ကွန်ဂရက် လွှတ်တော် စာကြည့် တိုက်မှာ အသင်းဝင်ထားရပြီး တစ်ပတ်မှာ နှစ်ရက်လောက် စာသွားသွားဖတ်ရတယ်။ ကွန်ဂရက် လွှတ်တော်ရယ်၊ ကွန်ဂရက် စာကြည့်တိုက်ရယ်၊ တရား လွှတ်တော်ချုပ်ရယ် သုံးခွင်ဆိုင် လမ်းလျှောက်သွားလို့ရတဲ့ အကွာအဝေးမှာ တည်ရှိနေတဲ့ အနေအထားကို ကြည့်ပြီး ကျွန်တော် သိပ်သဘောကျခဲ့တယ်။ အမေရိကန်နိုင်ငံရဲ့ ခေါင်းဆောင် လွှတ်တော် ကိုယ်စားလှယ်တွေဟာ ကွန်ဂရက် စာကြည့်တိုက်မှာ အသိပညာ ဗဟုသုတတွေ လေ့လာဆည်းပူးပြီးတော့ လွှတ်တော်ကို သွားပြီး ဥပဒေတွေပြုကြ၊ အဲဒီ ဥပဒေများနဲ့အညီ ခတိမ်းမစောင်း တရားစီရင်ကြဖို့ အဆင့်ဆင့်သော တရားရုံးများကို လွှတ်တော်ကပဲ ခန့်အပ်ထားတဲ့ တရားလွှတ်တော်ချုပ် တရားသူကြီးတွေက ထိန်းကျောင်းပေးကြ၊

ဒီလိုနဲ့ အမေရိကန်နိုင်ငံဟာ ကမ္ဘာ့အချမ်းသာဆုံး၊ ကမ္ဘာ့စစ်အင်အား အကြီးဆုံး နိုင်ငံကြီးအဖြစ်ကို ရောက်ရှိခဲ့တယ်။ ကျွန်တော်တို့နိုင်ငံက နိုင်ငံရေး ခေါင်းဆောင်များဟာလည်း အဲသလိုပဲ ပညာဗဟုသုတတွေ ကြွယ်ဝကြ၊ ဉာဏ်ပညာ အမြော်အမြင်တွေ ကြီးမားကြ၊ နိုင်ငံ့ အကျိုးကို ဦးထိပ်ထားပြီး နိုင်ငံ့ရေးရာတွေကို စုပေါင်းတိုင်ပင် ဆွေးနွေးညှိနှိုင်းကြတဲ့ အခြေအနေကို ဘာကြောင့် မရောက် နိုင်ရမှာလဲ။ ကျွန်တော်တို့နိုင်ငံ ကမ္ဘာ့အလယ်မှာ ဝင့်ကြွားထည်ဝါစွာ ရပ်တည် နိုင်တဲ့ အနေအထားကို ရယူပိုင်ဆိုင်နိုင်မယ့် အဲဒီတစ်နေ့ကို ဘာကြောင့် မရောက်နိုင်ရမှာလဲဆိုတဲ့ အတွေးကို လေးလေးနက်နက် တွေးမိခဲ့ကြောင်းပါဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်**

*၂၀၊ ဇန်နဝါရီ ၂၀[illegible]*

*အတွဲ ၃၊ အမှတ် ၁၃[illegible]*

# အတိုက်အခံ နိုင်ငံရေး ရှိလို့လား ဆိုတဲ့ မေးခွန်း

## ဝေဖန်ချက်များတဲ့ ခေါင်းစဉ်

ပြီးခဲ့တဲ့ အပတ်ထုတ် ပြည်သူ့ခေတ်ဂျာနယ်မှာပါတဲ့ ကျွန်တော့် ဆောင်းပါး 'မြန်မာ အတိုက်အခံများ အစိုးရလုပ်ဖို့ အသင့်ဖြစ်ကြပြီလား' ကို ခါတိုင်းလိုပဲ အင်တာနက် လူမှုစာမျက်နှာ facebook တင်လိုက်တော့ မိတ်ဆွေများနဲ့ စာဖတ်ပရိသတ်များဆီက နှစ်သက် သဘောကျပါတယ်လို့ Like ပေးသူတွေ ရှိသလို ထင်မြင်ချက်တွေ၊ ဝေဖန်ချက်တွေနဲ့ ဝေဖန်ထောက်ပြသူတွေ၊ မေးခွန်းထုတ်သူတွေ၊ စောဒက တက်သူတွေလည်း အတော်များများ တွေ့ရတယ်။

ယနေ့ခေတ် အင်တာနက်သုံးသူ အများစုဟာ ကိုယ်ပိုင် လူမှု စာမျက်နှာ facebook လေးတွေ ဖွင့်ပြီး ကိုယ်ရေးကိုယ်တာ ခံစားချက်တွေရော၊ အချင်းချင်း မိတ်ဖြစ်ဆွေဖြစ် သတင်း ပို့ချက်တွေရော၊ တိုင်းရေးပြည်ရေး ကမ္ဘာ့အရေး ဆွေးနွေးချက်တွေရော သန်ရာသန်ရာ ရေးတင်နေကြတာ ဂလိုဘယ်လမ်းကြောင်း တစ်ခုလိုတောင် ဖြစ်နေပြီလို့ ဆိုရမယ်ဗျ။ တချို့က ဆိုရင် ကိုယ်တိုင် ဘလော့ဂ် blog တွေ၊ တွစ်တာ twitter တွေ၊ ဝက်ဘ်ဆိုက် website တွေ ဖွင့်ပြီးတော့ ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် လုပ်နေကြတာ တွေ့ရတယ်။ အဲဒီတော့ အင်တာနက် ဖွင့်လိုက်ပြီ ဆိုတာနဲ့ ဖတ်စရာတွေ ဖတ်သင့်တာတွေ အများကြီးက ဆီးကြိုနေပါလေရော။ အချိန်တော့ အတော်ကုန်ပါတယ်။ သို့သော် ခုတစ်လော ကျွန်တော်ကလည်း ကျန်းမာရေး ပြန်လည် ထူထောင်နေချိန် အိမ်အပြင်ကို သိပ်မထွက်တော့ အင်တာနက်နဲ့ပဲ ထိတွေ့မှု ပိုများနေပါတယ်။

ကျွန်တော့်ရဲ့ ဆောင်းပါးကို ထင်မြင်ချက်ပေးကြတဲ့အထဲမှာ ကျွန်တော် မတွေးမိခဲ့တဲ့ ရှုထောင့်တွေက ကြည့်ပြီး ဝေဖန်ထောက်ပြတဲ့ ရေးသားချက်တွေလည်း ပါတယ်ဗျ။ ဥပမာ မြန်မာနိုင်ငံမှာ လက်ရှိ အနေအထားအရ အတိုက်အခံပါတီဆိုတာ ရှိကော ရှိလို့လားဆိုတာမျိုး။ အတိုက်အခံပါတီတွေက အတိုက်အခံ အလုပ်မလုပ်ဘဲ အစိုးရနဲ့ ပေါင်းပြီး အစိုးရလုပ်တဲ့ အလုပ်မျိုးတွေ လျှောက်လုပ်နေတယ်လို့ မထင်ဘူးလား ဆိုတာမျိုးတွေလည်းပါတော့၊ ဒါတွေဟာ သဘောတူတာ မတူတာ အပထား စိတ်ဝင်စားစရာ၊ ဆက်ပြီး တွေးကြည့်စရာ အယူအဆတွေ ဖြစ်တယ်ဗျ။

## အတိတ်သမိုင်းက အတိုက်အခံ

facebook ကနေ ဝေဖန်ဆွေးနွေးသူတချို့ရဲ့ မေးခွန်းတွေကို ကြည့်ပြီး ကျွန်တော်တို့နိုင်ငံရဲ့ အတိတ်သမိုင်းက လွတ်လပ်ရေးရပြီးနောက်ပိုင်း အတိုက်အခံ နိုင်ငံရေးအကြောင်းတွေကို ပြန်လည် သုံးသပ်မိပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ အာဏာရပါတီနဲ့ အတိုက်အခံပါတီ သို့မဟုတ် အတိုက်အခံ ပါတီတွေ ပါဝင်တဲ့ ပါလီမန် ဒီမိုကရေစီ နိုင်ငံရေးစနစ် နည်းနည်းလေး ပီပီပြင်ပြင် စတင် ပေါ်ပေါက်လာတယ်လို့ပြောနိုင်တာက ၁၉၅၀ ပြည့်နှစ်များ အလယ်ပိုင်းလောက်မှာ 'ပမညတ'လို့ အတိုကောက်ခေါ်ကြတဲ့ 'ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသား ညီညွတ်ရေး တပ်ပေါင်းစု' ပေါ်လာတဲ့အချိန်ကျမှ ဖြစ်တယ်ဗျ။ ဗမာ့တပ်မတော် ကွန်မြူနစ်ပါတီနဲ့ ပြည်သူ့အရေးတော်ပုံပါတီ (ဆိုရှယ်လစ်ပါတီ) ဆိုတဲ့ အဓိက အင်အားစုကြီးသုံးခုရဲ့ ပူးပေါင်း လက်တွဲ ဦးဆောင်မှုနဲ့ ဖက်ဆစ်တော်လှန်ရေးကြီးကို ဆင်နွှဲခဲ့ပြီး အဲဒီ အောင်ပွဲအရှိန်နဲ့ ကိုလိုနီနယ်ချဲ့အစိုးရကို မြေပေါ်တိုက်ပွဲ ဆက်လက် ဆင်နွှဲပြီးတဲ့နောက် တိုင်းပြည် လွတ်လပ်ရေး ရလာတဲ့အခါ အဲဒီ တပ်ပေါင်းစုကြီး (ဖဆပလ) က အာဏာရပါတီ ဖြစ်လာခဲ့ပေမယ့် အဲဒီအချိန်မှာ ဖဆပလနဲ့ သဘောထား ကွဲပြားတဲ့ အဓိကပါတီကြီးဖြစ်တဲ့ ကွန်မြူနစ်ပါတီက တောထဲ ရောက်သွားခဲ့တာမို့ လွတ်လပ်စ မြန်မာ့နိုင်ငံရေးဟာ အတိုက်အခံပါတီရယ်လို့ မည်မည်ရရ လောက်လောက် လားလား မရှိတဲ့ ပါလီမန် ဒီမိုကရေစီစနစ်နဲ့ စတင်ခဲ့တယ်လို့ ဆိုနိုင်တယ်ဗျ။

## အတိုက်အခံ အပြောင်းအလဲ

ဗကပ တောခိုသွားပြီးနောက် ဖဆပလ အဖွဲ့ကြီးကို ပြိုင်ဘက်မရှိ အဓိက ကြီးကိုင်လာခဲ့တဲ့ ဗမာပြည်ဆိုရှယ်လစ်ပါတီ ခေါင်းဆောင်ပိုင်းထဲမှာ လက်ယာ ဆိုရှယ်လစ်နဲ့ လက်ဝဲ ဆိုရှယ်လစ် တွေ ထပ်ပြီး နှစ်ခြမ်းကွဲ ဆိုရှယ်နီလို့ ခေါ်ကြတဲ့ လက်ဝဲယိမ်း ဆိုရှယ်လစ်တွေနဲ့ တခြား တတိယ အင်အားစုတွေ ပူးပေါင်းပြီး ပမညတ အဖွဲ့ကြီးဖွဲ့ နိုင်ငံရေး မူဝါဒတချို့



အထူးသဖြင့် ပြည်တွင်းစစ်နဲ့ ပတ်သက်တဲ့ သဘောထားအပိုင်းမှာ ပမညတက ပြည်တွင်းငြိမ်းချမ်းရေး လမ်းစဉ်ကို ပြည်သူထံ တင်ပြပြီး ၁၉၅၆ ခုနှစ် အထွေထွေ ရွေးကောက်ပွဲမှာ ပါဝင် ယှဉ်ပြိုင်ခဲ့တယ်။ အမတ်နေရာ ၄၆ နေရာပဲ အနိုင်ရခဲ့ပေမယ့် အာဏာရ ဖ.ဆ.ပ.လ ခေါင်းဆောင်တွေ ဖြုတ်သွား လောက်တဲ့ ပြည်သူ့ဆန္ဒမဲ အရေအတွက် ရရှိခဲ့ပါတယ်။ တိုင်းပြည်က လေးစားလောက်တဲ့ ဦးသိန်းဖေမြင့်၊ ဝိဓူရ သခင်ချစ်မောင်၊ ဗိုလ်မြသွေး စတဲ့ အတိုက်အခံ ခေါင်းဆောင် လွှတ်တော် အမတ်တွေ ပေါ်ထွန်းခဲ့တဲ့ ခေတ်ပေါ့ဗျာ။ ပမညတများဟာ ၁၉၅၆ နောက်ပိုင်း ပါလီမန် လွှတ်တော်ထဲမှာ ဂုဏ်သိက္ခာရှိတဲ့ အတိုက်အခံများအဖြစ် ရပ်တည်နိုင်ခဲ့သော်လည်း ၁၉၅၈ခု ဖဆပလအကွဲ (သန့်ရှင်းနဲ့ တည်မြဲအကွဲ) မှာ သန့်ရှင်းနဲ့ ပူးပေါင်းလိုက်ပြီးတဲ့နောက် နိုင်ငံရေး နေရာမှန် ပြန်မရတော့ပါဘူး။ ၁၉၆၀ ရွေးကောက်ပွဲမှာ ဦးနု ပါတီ အနိုင်ရပြီး ဦးဗဆွေ၊ ဦးကျော်ငြိမ်းတို့က လွှတ်တော်ထဲတောင် မရောက်တဲ့ အတိုက်အခံ ခေါင်းဆောင်တွေ ဖြစ်သွားပါတယ်။ သခင်သာခင်က လွှတ်တော်တွင်း အတိုက်အခံ ခေါင်းဆောင် ဖြစ်လာပါတယ်။ ပမညတဟာ မူလ အတိုက်အခံပါတီကြီးနေရာကနေ တည်မြဲ ဖဆပလတွေကို နေရာဖယ်ပေး လိုက်ရပါတယ်။ အဲဒီနောက်ပိုင်းမှာ ဦးနုရဲ့ အာဏာရပါတီ သန့်ရှင်းဖဆပလကို အမည် ပြောင်းလိုက်တဲ့ ပြည်ထောင်စုပါတီ (ပထစ) ဟာ ဖဆပလအဖွဲ့ကြီးကို အတိုက်အခံ နိုင်ငံရေး ပါတီအဖြစ် လေးလေးစားစား ဆက်ဆံပြီး အထူးတလည် နေရာပေးခဲ့ပါတယ်။ နိုင်ငံရေးသမားများ ပြန်လည် ညီညွတ်ရေးကိုလည်း စတင် ကြိုးစားခဲ့ပါတယ်။

## အတိုက်အခံ ပါတီပဲ ရှိတဲ့ ပါတီစုံ ခေတ်

နောက်ပိုင်းတော့ အားလုံး သိကြတဲ့အတိုင်းပါပဲဗျာ။ ပီပြင်စပြုလာနေဆဲ အဲဒီ ပါလီမန် ဒီမိုကရေစီနိုင်ငံရေးစနစ်ဟာ အတောင်အလက် စုံစုံလင်လင် ဖွံ့ဖြိုးမယ်မှ မကြံသေးဘူး ၁၉၆၂ ခု စစ်အာဏာသိမ်းမှုကြောင့် ဇာတ်သိမ်းသွားခဲ့ရတယ်ဗျ။

အာဏာသိမ်း ခေါင်းဆောင်တွေက 'တော်လှန်ရေးကောင်စီ' အမည်နဲ့ အုပ်ချုပ်တဲ့ ၁၂ နှစ်တာ ကာလ။ ဒီကာလကတော့ ရှင်းတယ်။ အာဏာရပါတီလည်း မရှိ အတိုက်အခံ ပါတီလည်း မရှိ။ အဲဒီနောက် မဆလလို့ အများက အတိုကောက်ခေါ်ကြတဲ့ 'မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ' က အုပ်ချုပ်တဲ့ ကာလ။ ဒီကာလမှာလည်း အခြေခံဥပဒေနဲ့ကို ဘားမြှစ်ပိတ်ပင် ထားခဲ့တာမို့ အာဏာရပါတီပဲ ရှိပြီး အတိုက်အခံပါတီမရှိတဲ့ တစ်ပါတီ နိုင်ငံရေး စနစ်။ အဲဒီ နောက် ၁၉၈၈ မှာ ပေါ်လာတဲ့ လူထုအုံကြွမှုကြီးကြောင့် ပါတီစုံ နိုင်ငံရေးစနစ် ဆိုတာနဲ့ နိုင်ငံရေးပါတီတွေ ပြန်ပေါ်လာခဲ့ပေမယ့် တစ်ကျော့ပြန် အာဏာသိမ်း စစ်အစိုးရကပဲ ဆက်အုပ်ချုပ်ခဲ့တာကြောင့် အာဏာရပါတီ ဆိုတာလည်း

မရှိ၊ အတိုက်အခံပါတီဆိုတာလည်း မရှိတဲ့ ကာလ။ ဒါပေမဲ့ ဒီကာလအတွင်းမှာတော့ ၁၉၉၀ ရွေးကောက်ပွဲမှာ အပြတ် အသတ် အနိုင်ရခဲ့ပေမယ့် အာဏာလွှဲပြောင်းပေးခြင်း မခံခဲ့ရတဲ့ NLD ကို အတိုက်အခံပါတီရယ်လို့ နိုင်ငံခြား ဂျာနယ်လစ်များက စတင် သုံးစွဲနေကြပြီ ဖြစ်တယ်ဗျ။ အာဏာရပါတီ မရှိ အတိုက်အခံ ပါတီသာ ရှိတဲ့ ထူးထူးဆန်းဆန်း 'ပါတီစုံ ဒီမိုကရေစီခေတ်' ပေါ့ဗျာ။

## အမြင်ချင်း လုံးဝ မတူတဲ့ ပါတီများ

အဲဒီနောက် ပြည်လုံးကျွတ် လူထုဆန္ဒခံယူပွဲနဲ့ အတည်ပြုပေးလိုက်တဲ့ ၂၀၀၈ အခြေခံဥပဒေ ပေါ်လာ။ အဲဒီ အခြေခံ ဥပဒေ အရ ၂၀၁၀ မှာ ရွေးကောက်ပွဲလုပ်။ စစ်အစိုးရ ကျောထောက် နောက်ခံပြု 'ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း' ကို ပြောင်းလဲလိုက်တဲ့ 'ပြည်ခိုင်ဖြိုး ပါတီ' က အာဏာရပါတီအဖြစ် ပေါ်ထွက်လာ။ ဒီအချိန်မှာ အဲဒီ အာဏာရပါတီကိုသာမက အဲဒီ ပါတီကို အာဏာရပါတီ ဖြစ်လာစေတဲ့ အခြေခံဥပဒေကိုရော ရွေးကောက်ပွဲကိုပါ ဆန့်ကျင် ခဲ့တဲ့ NLD ဟာ အဲဒီ အခြေခံ ဥပဒေသစ် အရ တရားဝင်ပါတီ အဖြစ်နဲ့တောင် ရပ်တည် နိုင်ခဲ့ခြင်း မရှိသေးပေမယ့် ပြည်တွင်းကရော ပြည်ပကပါ NLD ကို အတိုက်အခံပါတီအဖြစ် စိတ်ချလက်ချ သုံးနှုန်း ပြောဆို ရေးသား ဖော်ပြနေကြပြီ ဖြစ်တယ်ဗျ။ စိတ်ချလက်ချလို့ဆိုတဲ့ စကားကို သုံးနှုန်းလိုက်ရတာက နိုင်ငံရဲ့ အရေးကြီးတဲ့ အဓိကကျတဲ့ ကိစ္စအားလုံးနီးပါးလောက်မှာ NLD ရဲ့ အမြင်သဘောထား ရပ်တည်ချက်တွေဟာ အာဏာရ ပြည်ခိုင်ဖြိုးပါတီရဲ့ အမြင် သဘောထား ရပ်တည်ချက်တွေနဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတာကို အထင်အရှား တွေ့ခဲ့ရလို့ ဖြစ်တယ်ဗျ။

## အတိုက်အခံ အလုပ်ကို မလုပ်ဘူးလား

အဲဒီနောက်မှာတော့ အားလုံး သိကြတဲ့အတိုင်း လူအများ ထင်မထားတဲ့ ဖြစ်ရပ်တွေ ဖြစ်လာခဲ့ပြီး မျက်စိလည်စရာ ကျီးမဟုတ် ကြက်မဟုတ် အောက်ကလီအာ အခြေအနေတွေ ပေါ်ထွန်း လာခဲ့တော့တာပဲဗျာ။ အာဏာရပါတီရဲ့ ခေါင်းဆောင်ဖြစ်တဲ့ သမ္မတကြီး ဦးသိန်းစိန် ခေါင်း ဆောင်တဲ့ အစိုးရသစ် ပေါ်ပေါက်လာပြီးတဲ့ နောက်ပိုင်း အဆင့်ဆင့် တွေ့ဆုံ ဆွေးနွေးမှုများက တစ်ဆင့် NLD ဟာ ၂၀၁၂ ကြားဖြတ် ရွေးကောက်ပွဲမှာ ဝင်ပြိုင်၊ အနိုင်ရပြီး လွှတ်တော်ထဲ ရောက်လာတယ်။ NLD ခေါင်းဆောင်ကို လွှတ်တော်ဥက္ကဋ္ဌတွေ အပါအဝင် အာဏာရပါတီ ခေါင်းဆောင်တွေက တရင်းတနှီး လေးလေးစားစား ဆက်ဆံကြ၊ အရေးပါတဲ့ လွှတ်တော် ကော်မတီမှာ ဥက္ကဋ္ဌအဖြစ် တာဝန်ပေး။ ဒီလိုနဲ့ တချို့တချို့သော လူတွေက မြန်မာနိုင်ငံမှာ အတိုက်အခံ



ပါတီဆိုတာကော ရှိသေးရဲ့လား။ NLD ဟာ အတိုက်အခံပါတီ အလုပ်ကို မလုပ်တော့ဘူးလားဆိုတဲ့ အတွေးမျိုးတွေ တွေးလာကြတာ ဖြစ်နိုင်တယ်လို့ ကျွန်တော်တော့ ယူဆတယ်ဗျ။

## ပါတီတွေရဲ့ အရှိတရား

ဒါပေမဲ့ ကျွန်တော့်အမြင်ကို ပြောရရင်တော့ ဒီကနေ့ လည်ပတ် လှုပ်ရှားနေတဲ့ မြန်မာ့ နိုင်ငံရေးစနစ်မှာ အတိုက်အခံပါတီတွေ အမှန်တကယ် ရှိနေတယ်။ NLD အပါအဝင် ရှမ်းပါတီများ၊ ကချင်ပါတီ၊ ကရင်ပါတီများ၊ ချင်းပါတီများ၊ ရခိုင်ပါတီများ၊ မွန်ပါတီများ အပါအဝင် ဗမာပါတီများနဲ့ တိုင်းရင်းသားပါတီတွေဟာ အရှိတရားတွေပဲ မဟုတ်ပါလား။ သူတို့တွေဟာ ဝံမဟုတ် ပတ်မဟုတ် မျက်စိ လည်စရာ အခြေအနေ တစ်ရပ်ကို ဖြတ်သန်းနေရတာတောင်မှ စစ်မှန်တဲ့ အတိုက်အခံပါတီရဲ့ အလုပ်တွေကို လွှတ်တော်တွင်း လွှတ်တော်ပ နှစ်ဌာနစလုံးမှာ ကိုယ့်နည်းကိုယ့်ဟန်နဲ့ လုပ်နိုင်သလောက် လုပ်နေကြတယ်လို့ ပြောချင် တယ်ဗျ။

## လက်တွေ့ လုပ်မရတာတွေ အများကြီး

စစ်မှန်တဲ့ အတိုက်အခံဆိုတာ အာဏာရပါတီ လုပ်သမျှ အကုန်လုံး ဆန့်ကျင်တာမျိုး မဟုတ်ဘဲ ထောက်ခံသင့်တာ ထောက်ခံ၊ ပူးပေါင်းသင့်တာ ပူးပေါင်း၊ ဆန့်ကျင် သင့်တဲ့ ကိစ္စလို့ ယူဆရင် ပြတ်ပြတ်သားသား ဆန့်ကျင်တာမျိုး ဖြစ်တယ်ဆိုတာ နိုင်ငံရေး နှံ့စပ်သိမြင်သူတိုင်း သိကြတယ်ဗျ။ သို့ပေမယ့် လက်ရှိဖြစ်နေတာက အတိုက်အခံတွေဟာ ဆိုခဲ့ပါ အတိုက်အခံ အလုပ်တွေကို ပီပီပြင်ပြင် ကြိုးစား လုပ်ချင်ပေမယ့် လက်တွေ့ လုပ်လို့မရတာတွေ အများကြီး ဖြစ်နေတယ်လို့ သိရတယ်ဗျာ။ ဥပမာ လွှတ်တော်ထဲမှာ ကြယ်ပွင့်ပြ မေးခွန်းတချို့ကိုတောင် တိတိကျကျ အဖြေမရဘဲ မှတ်တမ်းတင်ရုံ တင်ထားတာမျိုး၊ တချို့ ချောင်ထိုးခံရ၊ လျစ်လျူရှု ခံရတာမျိုး စတာတွေ ရှိနေတယ်လို့ ဆိုတယ်ဗျ။

## မဲ အများစုနဲ့ ပယ်ချတယ်

လွှတ်တော်ထဲမှာ ပြည်ခိုင်ဖြိုးပါတီဘက်သား မဟုတ်တဲ့ လူနည်းစုပါတီတွေကနေ ပြည်သူတွေရဲ့ အကျိုးကို ကိုယ်စားပြုမယ်လို့ ယူဆတဲ့ အဆိုပေါင်းများစွာ မေးခွန်းပေါင်းများစွာကို တင်ပြခဲ့တာ ကျွန်တော် အကြိမ်ကြိမ် လေ့လာမိခဲ့တယ်ဗျာ သို့သော် အာဏာရပါတီကပဲ ဧရာမ များရာစု လွှမ်းမိုးထားတဲ့ လွှတ်တော်က ထန့်ကွက်မဲ အများစုနဲ့ ပယ်ချတာ၊ မဆွေးနွေးဘဲ မှတ်တမ်းတင်ရုံ တင်ထား တွေကိုလည်း အကြိမ်ကြိမ် တွေ့ခဲ့ရတယ်ဗျာ။

## အခြေခံ ဥပဒေကို ပြင်ကြဖို့

ခြုံပြီး ပြောရရင်ဖြင့် ကျွန်တော်တို့နိုင်ငံမှာ အတိုက်အခံပါတီတွေ ရှိပါတယ်။ အတိုက်အခံ နိုင်ငံရေးသမားတွေလည်း ရှိနေပါတယ်။ သူတို့တွေဟာ ပြောလို့ ရနိုင်တဲ့ ဘောင်ထဲကနေ ပြောသင့်တာပြော၊ လုပ်သင့်တာ လုပ်နေကြပါတယ် ဆိုတဲ့ စကားအတွက် အထင်ရှားဆုံး သက်သေကတော့ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကိုပြင်ဆင် ပြောင်းလဲဖို့ကြိုးစားကြမယ် ဆိုတဲ့ ရပ်တည်ချက်ကို အတိအလင်း ကြွေးကြော် ထုတ်ဖော်နေကြတာပဲ ဖြစ်တယ်ဗျာ။

အဲဒီ ဘုံရပ်တည်ချက် အပေါ်မှာ အတိုက်အခံပါတီများ ဆက်လက် စွဲမြဲပြီး ပြည်သူ အများစုကြီးရဲ့ တစ်ခဲနက် ထောက်ခံ ပူးပေါင်းမှုကိုလည်း ရရှိအောင် ကြိုးစားနိုင်ကြမယ်ဆိုရင်ဖြင့် နောက် ရွေးကောက်ပွဲတစ်ခု အလွန်မှာ ပုံမှန် အနေအထား တစ်ခုကို ရောက်ဖို့ အတော်ကလေး မျှော်လင့်စရာ ရှိလာမယ်လို့ ယူဆကြောင်း ပါဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်။**

*၂၆၊ ဇန်နဝါရီ၊ ၂၀၁၃။*

*အတွဲ ၃၊ အမှတ် ၁၃၁။*

○

# စစ်ဟိန်းသံ တချို့ကြောင့် ရင်တမမ ဘုရားတမိ

## စေ့စပ် ဖျန်ဖြေရေးသည် ပညာရပ်တစ်ခု

ဆရာ ဒေါက်တာ အောင်ထွန်းသက်က ပညာရှင် ရှုထောင့်ကနေ သုံးပြုစုထားတဲ့ ' စေ့စပ် ဖျန်ဖြေခြင်း ပညာ' (Mediation) ပါဝါပွိုင့် ဟောပြောချက် တစ်စုံကို မြန်မာနိုင်ငံ စာနယ်ဇင်း ကောင်စီဝင်တွေ လေ့လာဖတ်ရှုဖို့ အီးမေးလ်နဲ့ ပို့ထားလို့ ခုတလော ကျွန်တော် စိတ်ဝင်စားစွာ လေ့လာနေပါတယ်။

ဆရာသက်ရဲ့ ဟောပြောချက် မှတ်စုထဲမှာ မီဒီယာသမားတွေ ကြုံတွေ့ရနိုင်တဲ့ အမှုအခင်းတွေကို စာနယ်ဇင်းကောင်စီက ကြားဝင်စေ့စပ် ဖျန်ဖြေပေးရတဲ့ အချိန်အခါ တွေမှာ လက်တွေ့ အသုံးချနိုင်တဲ့ အခြေခံ သဘောတရားတွေ ကျွင်းသုံးပုံတွေ အစုံအလင်ပါတာ ဖြစ်လို့ အလွန်မှ ကျေးဇူးကြီးလှပါတယ်။

## ကစ်ဆင်းဂျားရဲ့ အတွေ့အကြုံများ

ကျွန်တော်ကလည်း စေ့စပ်ဖျန်ဖြေရေးနဲ့ ပတ်သက်တဲ့ အတွေ့အကြုံတွေကို လေ့လာတာ ပိုပြီး ထက်သန်ခဲ့သူ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ပထမဆုံး လုံးချင်းစာအုပ် 'ဒေါက်တာ ဟင်နရီ ကစ်ဆင်းဂျား' နိုင်ငံရေး အတ္ထုပ္ပတ္တိ (၁၉၇၃ ခုနှစ် စက်တင်ဘာလ) ဆိုရင် အမေရိကန်ပြည်ထောင်စုရဲ့ နိုင်ငံခြားရေးမူဝါဒ ပြောင်းလဲလာချိန် (၁၉၇၀ ကျော် စောစောပိုင်း နှစ်များ) မှာ ဟင်နရီကစ်ဆင်းဂျားဆိုတဲ့ နိုင်ငံခြားရေးမူဝါဒ ကျွမ်းကျင်သူ တက္ကသိုလ် ဆရာတစ်ယောက် ဘဝကနေ စေ့စပ်ဖျန်ဖြေရေး သံတမန်တစ်ဦးအဖြစ် အောင်မြင်စွာ

စွမ်းဆောင်ခဲ့ပုံတွေကို ရေးသားတင်ပြခဲ့တာ ဖြစ်ပါတယ်။ အမေရိကန်-တရုတ် ဆက်ဆံရေး တံခါးပြန်ပွင့်အောင် အမေရိကန် စားပွဲတင် တင်းနစ် အားကစားအဖွဲ့ကို ပထမဆုံး စေလွှတ်ပြီး Pingpong Diplomacy နဲ့ အစပျိုးခဲ့တယ်။ ပြီးတော့ သမ္မတ နစ်ဆင်ရဲ့ အထူးကိုယ်စားလှယ်အဖြစ် ကစ်ဆင်းဂျားကို စေလွှတ်ပြီး မော်စီတုန်း၊ ချူအင်လိုင်း စတဲ့ တရုတ် ထိပ်တန်းခေါင်းဆောင်တွေရဲ့ ပုဂ္ဂိုလ်အရ ယုံကြည်မှုကို ရအောင် Personal Diplomacy ပုဂ္ဂိုလ်ရေး ချဉ်းကပ်တဲ့ သံတမန်နည်းနဲ့ ကြိုးစားခဲ့ပုံတွေ၊ ဗီယက်နမ် စစ်ပွဲ ရပ်စဲရေး ပါရီဆွေးနွေးပွဲမှာ ကစ်ဆင်းဂျား အောင်မြင်စွာ စေ့စပ်ခဲ့ပုံတွေ၊ အာရပ်-အစ္စရေး ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ဖြစ်မြောက်အောင် မျက်နှာချင်း မဆိုင်နိုင်သူတွေ အကြား Shuttle Diplomacy ဆိုတဲ့ လွန်းပျံ သံတမန်နည်းတွေနဲ့ ဖန်တီးပေးခဲ့ပုံတွေကို တတ်နိုင်သမျှ စုဆောင်းပြီး ရေးသားခဲ့တာ ဖြစ်ပါတယ်။ အဲဒီခေတ်က ဘက်ဆဲလား စာအုပ်တစ်အုပ်အဖြစ် အကြိမ်ကြိမ် ပြန်ရိုက်ခဲ့ရတာ လွှမ်းမိသေးဗျာ။

## မင်ဒဲလားနဲ့ စေ့စပ်ရေး

နောက်ပိုင်းမှာလည်း အောင်မြင်သွားတဲ့ ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွေ အကြောင်းရော၊ မအောင်မြင်တာတွေ အကြောင်းရော လက်လှမ်းမီသမျှ ကျွန်တော် ရှာဖွေ ဖတ်ရှုခဲ့ပါတယ်။ အဲဒါတွေထဲမှာ အကြိုက်ဆုံးကတော့ တောင်အာဖရိကမှာ မင်ဒဲလားကို ထောင်က မလွှတ်ခင် လေးနှစ်လောက် ကြိုပြီး စေ့စပ်ဆွေးနွေးမှု စတင်ခဲ့ပုံ အတွင်းရေး ဇာတ်လမ်းတွေ ပါရှိတဲ့ စာအုပ် Tomorrow is Another Country by Alistairs Sparks ပါပဲ။ ၁၉၉၄ လောက်က ထွက်ခဲ့တာပါ။ အဲဒီစာအုပ်နဲ့ မင်ဒဲလား ကိုယ်တိုင်ရေးတဲ့ Long Road to Freedom ကို တွဲဖတ်ရင် ပိုပြီး ဇာတ်ရည် လည်ပါလိမ့်မယ်။

## အွန်လိုင်း ဆွေးနွေးပွဲ မလုပ်သင့်ပါ

ကျွန်တော် ပြောချင်တာက ဆရာသက် ဟောပြောချက် မှတ်စုထဲ ပါသလိုပဲ စေ့စပ်ဆွေးနွေး ဖျန်ဖြေခြင်းဆိုတာ ငါးပွက်ရာ ငါးစာချ စိတ်ကူးရသလို ထလုပ်လို့ရတာမျိုး မဟုတ်ဘူး။ လူကြားကောင်းအောင် ဟန်ဆောင်ပန်ဆောင် လုပ်လို့ မရဘူးဆိုတာပါပဲ။ ထိကျရေရာတဲ့ ဦးတည်ချက်ရှိရမယ်၊ အခြေခံ သဘောထား ခံယူချက် ရှိရမယ်။ ငါပဲ နိုင်ရမယ်၊ ငါပဲ အသာရရမယ် ဆိုတဲ့ အပေါ်စီး သဘောထားမျိုးကို လုံးဝ ဖယ်ရှားထားရပါမယ်။ အဲသလို သဘောထားနဲ့ လက်တွေ့ကျင့်သုံးနိုင်မှသာ ဆွေးနွေးပွဲတွေ အောင်မြင်နိုင်ပါ တယ်။ စေ့စပ်ရေး လုပ်နေချိန်မှာ ဝါဒဖြန့်ဖို့ မကြိုးစားသင့်ဘူး။ နှစ်ဘက်စလုံးက ယုံကြည်မှု ရှိသူ တစ်ဦးတစ်ယောက် သို့မဟုတ် တစ်ဖွဲ့တစ်စည်းကို



ပုဏ္ဏားတိုင်ထားပြီး ကစ်ဆင်းဂျားရဲ့ လွန်းပျံ သံတမန်နည်းလိုမျိုးနဲ့ ကြိုတင်ဝိုင်း ဆွေးနွေးမှုတွေ အရင် စတင်သင့်တယ်။ ကြိုတင်ဝိုင်းအဆင့်မှာ ကျေလည်အောင် ညှိနှိုင်းပြီး အတော်ကလေး ခရီးရောက်တော့မှ အပြင်လူတွေကို အသိပေးတာ ပိုကောင်းပါတယ်။ တစ်လောတုန်းက အွန်လိုင်းနဲ့ ငြိမ်းချမ်းရေး ဆွေးနွေးပွဲ လုပ်ကြဖို့ အကြံပေးချက်တချို့ ကြားလိုက်ရတယ်။ ကျွန်တော့် သဘောကတော့ မလုပ်သင့်ဘူး ထင်တယ်ဗျ။ အဲသလို လူသိရှင်ကြား စချင်း ဖွင့်ချ လိုက်ရင် စေ့စပ်ရေး အောင်မြင်ဖို့ထက် ကိုယ့်ဘက်က မှန်တယ်၊ သူ့ဘက်က မှားတယ် ဆိုတဲ့ တိုင်တည်ချက်တွေ၊ အပြန်အလှန် အပြစ်ပြောတာတွေက လွှမ်းမိုးသွားနိုင်တယ်ဗျာ။ ပေါက်တတ်ကရ ဘေးပြောတွေလည်း အများကြီး ဝင်လာမှာ သေချာတယ်ဗျ။

## ရှေ့ကို သွားနေတာ အမှန်

အားလုံးသိကြတဲ့အတိုင်း ကျွန်တော်တို့နိုင်ငံမှာ သမ္မတကြီး ဦးသိန်းစိန် ဦးဆောင်တဲ့ အစိုးရဟာ သက်တမ်းနှစ်နှစ်တာအတွင်း ပြည်တွင်းရော ပြည်ပကိုပါ ရှော့ခ်ဖြစ်သွားစေခဲ့တဲ့ နိုင်ငံရေး စီးပွားရေး ပြုပြင်ပြောင်းလဲမှုတွေကို ပြုလုပ်ခဲ့တာ အမှန်ပဲဗျာ။ ယခင် စစ်အစိုးရ ခေါင်းဆောင်ဟောင်းတွေ အများစုပါတဲ့ အဲဒီအရပ်သား အစိုးရနဲ့ လွှတ်တော် အကြီးအကဲတွေက တဖွဖွပြောခဲ့ကြ ပြောနေကြတဲ့ 'ဘယ်တော့မှ နောက်ကြောင်း ပြန်မလှည့်ဘူး' ဆိုတဲ့ စကားကို အကြောင်းပြုပြီး အချို့သော ဒီမိုကရေစီ ဘက်တော်သား တွေက 'နောက်ကြောင်း ပြန်မလှည့်ပါဘူး ဆိုရအောင် ဘယ်တုန်းက ရှေ့ကို ရောက်ခဲ့လို့လဲ' ဆိုတဲ့ စကားနဲ့ အငေါ်တူးခဲ့ကြပေမယ့် ကျွန်တော် ကတော့ လက်ရှိအစိုးရဟာ ဒီမိုကရေစီ ဘက်ကို မျက်နှာမူပြီး ခြေလှမ်းတွေ အတော်သင့် လှမ်းခဲ့ပြီးပြီဖြစ်တဲ့အပြင် ဆက်ပြီးတော့လည်း လှမ်းနေတယ်လို့ အခိုင်အမာ ယူဆတယ်ဗျ။

## စတုတ္ထမဏ္ဍိုင် ခံယူချက်

ကျွန်တော်ဟာ မိမိနိုင်ငံရဲ့ အနာဂတ် သာယာလှပရေးအတွက် အရေးပါတဲ့ ထောက်ကြီး တစ်ထောက်ဖြစ်တဲ့ စတုတ္ထမဏ္ဍိုင် မီဒီယာလောကသား တစ်ဦးအဖြစ် မိမိကိုယ်မိမိ ဂုဏ်ယူစွာ တာဝန်ပေးအပ်ထားသူ တစ်ယောက်အနေနဲ့ အစိုးရ လုပ်ဆောင်ချက်တွေနဲ့ ပတ်သက်ပြီး ကျွန်တော့်စိတ်ထဲမှာ မှန်တယ်ထင်ရင် ထောက်ခံ မှားတယ်ထင်ရင် ဝေဖန် ထောက်ပြ ရေးသားခဲ့တာ စာဖတ် ပရိသတ်များ သက်သေရှိပါတယ်။ ကျွန်တော် ရေးခဲ့တဲ့ စာတွေ ပြောခဲ့တဲ့ ဆွေးနွေးချက်တွေကလည်း ရှောက်ချက်ပစ်လို့ မရပါဘူး။ တတ်နိုင်သလောက် ကိုယ့်ရဲ့ အတ္တနေ့မတိ မပါအောင် သတိထား ဖယ်ရှားပြီး ဆန်းစစ်

သုံးသပ် ဝေဖန် ရေးသားနိုင်ဖို့ ကြိုးစားခဲ့တာကိုလည်း ကျွန်တော့်စာတွေ ဖတ်ရင် သိနိုင်လိမ့်မယ်လို့ ရိုးရိုးသားသား ယုံကြည်တယ်ဗျာ။

## ကချင်ကိစ္စ မဖြေရှင်းနိုင်တာ နားမလည်နိုင်

အခု လက်ရှိအချိန်မှာ ကျွန်တော်တို့ပြည်သူအားလုံး စိတ်အနှောင့်အယှက် ဖြစ်နေကြရတဲ့ ကိစ္စတွေအနက် အဆိုးဆုံးကတော့ ကချင်ပြည်နယ်က စစ်ပွဲတွေ ကိစ္စပဲလို့ ကျွန်တော် အတပ်ပြောနိုင်တယ်ဗျာ။ အစိုးရသစ်လက်ထက် အံ့ဖွယ်သရဲလို့ ဆိုရလောက်အောင် ကိစ္စကြီးတွေ အတော်များများကို ဖြေရှင်း အောင်မြင် ကျော်လွှားနိုင်ခဲ့လို့ နိုင်ငံတကာရဲ့ အာရုံစိုက်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးကူညီခြင်းကို စတင်ရရှိနေပြီဖြစ်တဲ့ ကျွန်တော်တို့ နိုင်ငံဟာ ဒီကချင်ပြည်နယ် အရေးကိစ္စကျမှ ဘာကြောင့် ရှေ့မတိုးနိုင် (deadlock) ဖြစ်နေရတာလဲဆိုတဲ့ အချက်အပေါ် စေ့စပ်ဖျန်ဖြေရေး အတွေ့အကြုံတွေ (ပြည်တွင်းရော ပြည်ပပါ) အတော်များများကို လေ့လာဖတ်ရှုထားဖူးတဲ့ ကျွန်တော်ကိုယ်တိုင် နားမလည် နိုင်အောင် ဖြစ်နေတာကိုလည်း ဝန်ခံပါတယ်ဗျာ။

## ဘယ်သူပြောတာ ယုံရမှာလဲ

တစ်ဖက်မှာ သမ္မတကြီးက မိမိကိုယ်မိမိ ခုခံကာကွယ်မှုမှတစ်ပါး အခြား မည်သည့် ထိုးစစ်ဆင် တိုက်ခိုက်မှုကိုမှ မလုပ်ရလို့ တပ်မတော်ကို ညွှန်ကြားထားပြီး တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ကလည်း သမ္မတကြီးရဲ့အမိန့်ကို အပြည့်အဝ လိုက်နာနေပါတယ်လို့ ပြောနေတဲ့ တစ်ချိန်တည်းမှာ အဲဒီဒေသက စစ်ပွဲတွေဟာ တစ်နေ့တခြား အရှိန်မြင့်သထက် မြင့်လာနေပြီး စစ်ပြေးဒုက္ခသည်တွေ များသထက် များလာနေတာကလည်း အမှန်ပဲ ဖြစ်တယ်ဗျ။ အစိုးရပိုင် သတင်းစာတွေက KIO/KIA ရဲ့ မိုင်းခွဲတဲ့ သတင်းတွေ၊ ပြန်ပေး ဆွဲတဲ့ သတင်းတွေ၊ တိုက်ခိုက်တဲ့ သတင်းတွေ နေ့စဉ် ဖော်ပြနေသလို ပြည်ပ ရုပ်သံ သတင်းဌာနတွေ၊ ရေဒီယို အသံလွှင့်ဌာနတွေက ထုတ်လွှင့်တဲ့ သတင်းတွေမှာတော့ အစိုးရတပ်တွေရဲ့ ထိုးစစ်ဆင်တိုက်ခိုက်မှုကြောင့် KIO/KIA အဖွဲ့ရဲ့ ခြေကုပ်စခန်းတချို့ လက်လွှတ်ဆုံးရှုံးခဲ့ရပုံတွေ၊ ဒုက္ခသည်တွေ မိမိတို့ အိုးအိမ် ရပ်ရွာကို စွန့်ခွာပြီး ထွက်ပြေး တိမ်းရှောင်နေကြရတဲ့ သတင်းတွေ မြင်နေကြားနေရလေတော့ ကျွန်တော်တို့ ပြည်သူတွေ ဟာ ဘယ်သူပြောတာ ယုံရမှန်းမသိဖြစ်နေကြတာ ဖြစ်တယ်ဗျာ။

## အပြုတ်တိုက် အပြတ်ရှင်းတော့မလား

တစ်ချိန်တည်းမှာ ပြည်သူအစိတ်အပိုင်းတချို့ထဲမှာ အထူးသဖြင့် တိုင်းရင်းသား လူမျိုးတွေထဲမှာ မြန်မာအစိုးရဟာ KIO/KIA ကို အပြုတ်တိုက် အပြတ်ရှင်းဖို့



စဉ်းစားနေတာလားဆိုတဲ့ သံသယတွေ ဝင်လာနေပြီဆိုတဲ့ အသံတွေလည်း ကြားနေရတယ်ဗျ။ အဲသလိုမျိုး သံသယ ဖြစ်လာအောင်လည်း စစ်ဟိန်းသံတချို့က ထွက်လာခဲ့တာကိုးဗျာ။ လွှတ်တော်ထဲကပါ အဲသလို အပြုတ်တိုက် အပြတ်ရှင်းရေး အသံတချို့ ထွက်လာတဲ့အခါမှာတော့ ကျွန်တော့်မှာ ရင်တမမနဲ့ ဘုရားတမိတာ အမှန်ပဲဗျ။ ကိုယ်ရေးကိုယ်တာ နည်းနည်း ထည့်ပြောရရင် ခုချိန်ခါဟာ ကျွန်တော့် ကျန်းမာရေး ပြန်လည် ထူထောင်နေချိန်ဖြစ်လို့ ဆေးကုသမှု ခံယူခြင်းအပြင် တရား ဘာဝနာ ကျင့်ကြံအားထုတ်မှုကိုလည်း အထူး ဝါယမစိုက်နေချိန် ဖြစ်ပါ တယ်။ တရားထိုင်ပြီးတဲ့အချိန်တိုင်းမှာ သတ္တဝါများကို မေတ္တာပို့ပါတယ်။ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ၊ ဒေါသခပ်သိမ်း ငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေလို့ လှိုက်လှိုက်လှဲလှဲ မေတ္တာပို့ ပါတယ်။ ခုတလောတော့ လွှတ်တော် ကိုယ်စားလှယ်ကြီးများကိုပါ နာမည်တပ်ပြီး မေတ္တာပို့နေပါတယ်ဗျာ။

## ပွင့်ပွင့်လင်းလင်း သတိပေးချင်

နိုင်ငံတော်အစိုးရ သို့မဟုတ် တပ်မတော်ခေါင်းဆောင်တွေ ဦးခေါင်းထဲမှာ အဲဒီ လိုမျိုး အပြုတ်တိုက် အပြတ်ရှင်းမယ်ဆိုတဲ့ အယူအဆ သဘောထား ရှိနေ မနေဆိုတာ အခုအချိန်မှာ ကျွန်တော်တို့ မသိနိုင်ပေမယ့် တကယ်ပဲ အဲဒီ အယူအဆ ရှိနေရင်တော့ အဲဒါဟာ ကျွန်တော်တို့ နိုင်ငံအတွက် ဘေးဆိုး ကပ်ဆိုးကြီး ကျရောက်စေမယ့် အတွေးအခေါ်ပဲလို့ ကျွန်တော်ကတော့ ပွင့်ပွင့် လင်းလင်း သတိပေးချင်တယ်ဗျာ။ အကြောင်းကတော့ ကျွန်တော်တို့နိုင်ငံ အခုလို ကမ္ဘာ့အလယ်မပြောနဲ့ ဒေသအလယ်မှာ တောင် ခေါင်းမဖော်နိုင်အောင် နောက်ပိတ်ခွေး ဘဝရောက်ခဲ့ရတာရဲ့ အမိက တရားခံဟာ အဲဒီ အတွေးအခေါ် ဖြစ်လို့ပဲဗျ။

## ငြိမ်းချမ်းရေး ကြိုးပမ်းမှု အကြိမ်ကြိမ် ပျက်ခဲ့ရ

၁၉၄၈ လွတ်လပ်ရေးရပြီး လသားအရွယ်ကစလို့ ပြည်တွင်းစစ်မီး ဟုန်းဟုန်း တောက်ခဲ့ရတယ်။ ပါလီမန် ဒီမိုကရေစီခေတ်မှာ အာဏာရ နိုင်ငံရေးခေါင်းဆောင် တွေနဲ့ သူပုန်ဖြစ်သွားတဲ့ နိုင်ငံရေးသမားတွေအကြား စေ့စပ် ဆွေးနွေး ငြိမ်းချမ်းရေး ကြေးကြော်ပြီး အကြိမ်ကြိမ် ကြိုးစားခဲ့ကြပေမယ့် သောင်းကျန်းသူ အမြင် ဖြတ် ချေမှုန်းရေးလမ်းစဉ်သမားတွေရဲ့ ပယောဂကြောင့် နိုင်ငံရေးနည်းနဲ့ ငြိမ်းချမ်းရေး ရယူဖို့ ကြိုးပမ်းမှုတွေ အကြိမ်ကြိမ် ပျက်စီးခဲ့ရတယ်ဗျာ။ သည် အကြောင်းတွေကို ကျွန်တော် ပြောခဲ့တာလည်း အပ်ကြောင်း ထပ်နေပါပြီ။ ထပ်လောင်း မပြောချင်တော့ပါဘူး။ စိတ်ဝင်စားသူ တူ တူမလေးများ စာအုပ်တွေ မှတ်တမ်းတွေ ရှာပြီးသာ ဖတ်ကြပေတော့။

အဲဒီမှာ နောက်ဆုံး ကောက်ချက်ချ နိုင်တာကတော့ နိုင်ငံရေးအရ စေ့စပ် ဆွေးနွေးတဲ့ နည်းလမ်းကို မကျင့်သုံးသမျှ ဘယ်တော့မှ ထာဝရငြိမ်းချမ်းရေး မရနိုင်ဘူးဆိုတာ တွေ့ကြရလိမ့်မယ်။

## ၁၇ နှစ် ငြိမ်းချမ်းရေး ယူနိုင်ခဲ့ပြီးမှ

အခုအချိန်ဟာ နိုင်ငံတော်အစိုးရနဲ့ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့တွေ နှစ်ဖက်စလုံးက အတိတ်က မှားခဲ့တဲ့ အမှားတွေကို သင်ခန်းစာယူပြီး ငြိမ်းချမ်းရေး တည်ဆောက်ဖို့ ကြိုးပမ်းနေကြတာကို ပြည်သူတွေက ဝိုင်းပြီး လက်ခုပ်သြဘာ ပေးနေကြချိန် ဖြစ်တယ်ဗျာ။ နှစ်ပေါင်းခြောက်ဆယ်လုံးလုံး တစ်ခါမှ နိုင်မာတဲ့ အပစ်အခတ်ရပ်စဲရေး စာချုပ်တောင် မချုပ်နိုင်ခဲ့ဖူးတဲ့ ကရင်အမျိုးသား အစည်း အရုံး (KNU) နဲ့တောင် နိုင်ငံရေး ဆွေးနွေးပွဲတံခါးတွေ ဖွင့်လိုက်နိုင်ပြီ ဖြစ်တဲ့ ယခုလိုအချိန်မျိုးမှာ ၁၉၉၄ ခုကနေ ၂၀၁၁ ခု အထိ ၁၇ နှစ်တိုင်တိုင် အပစ် အခတ် ရပ်စဲပြီး ငြိမ်းချမ်းရေး ယူနိုင်ခဲ့ပြီး ဖြစ်တဲ့ KIO/KIA အဖွဲ့နဲ့ မြန်မာ့ တပ်မတော်တို့ တစ်ဖက်နဲ့တစ်ဖက် လက်နက်ကြီးတွေ သုံးပြီး သဲသဲမဲမဲ ပစ်ခတ် တိုက်ခိုက်နေကြတယ်ဆိုတဲ့ သတင်းတွေ ကြားရတာ တကယ့်ကို စိတ်မချမ်းမြေ့ စရာ ပါပဲဗျာ။

## ကြည်နူး ပီတိ ဖြစ်ပါရစေ

သည်ဆောင်းပါးကို ယခုအခါ နိုင်ငံတော်သမ္မတကြီးရဲ့ ပြောရေးဆိုခွင့် ရှိသူအဖြစ် ကြီးလေးတဲ့ တာဝန်ကို ထမ်းဆောင်နေသူ၊ ပြန်ကြားရေး ဒုတိယဝန်ကြီး ဦးရဲထွဋ် မကြာသေးခင်က သူ့ရဲ့ ဖေ့စ်ဘွတ်စာမျက်နှာမှာ တင်ခဲ့တဲ့ ဓာတ်ပုံဟောင်းလေး တစ်ခုအကြောင်း တင်ပြရင်း အဆုံးသတ်ပါရစေ။ ဓာတ်ပုံကလေးက ထိုစဉ်က မြန်မာ့ တပ်မတော် အရာရှိတစ်ဦးဖြစ်တဲ့ ဗိုလ်ရဲထွဋ်နဲ့ ကေအိုင်အေ စစ်ဗိုလ်လေး တစ်ယောက် ပခုံးဖက်ပြီး ကြည်လင်တဲ့ အပြုံးကိုယ်စီနဲ့ ယှဉ်တွဲနေကြပုံ ဖြစ်ပါ တယ်။ အဲသလို မြင်ကွင်းမျိုးတွေကို မကြာတော့မယ့် ကာလတစ်ခုမှာ ပြန်လည် မြင်တွေ့ရပြီး ကျွန်တော်တို့လည်း ကြည်နူးပီတိ ဖြစ်ပါရစေလားဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်။**
*၁၊ ဖေဖော်ဝါရီ ၂၀၁၃*
*အတွဲ ၃၊ အမှတ် ၁၃၂*

○

# ကျွန်တော်တို့ ဘယ်ရာစုနှစ်ထဲ ရောက်နေပါသလဲ

ကျွန်တော် စင်ကာပူကို စတုတ္ထအကြိမ် သွားပြီး ဆေးပြန်စစ်နေလို့ ပြီးခဲ့တဲ့ အပတ်က ဆောင်းပါး မရေးနိုင်ခဲ့တာ တောင်းပန်ပါတယ်။ ကျွန်တော့် ကျန်းမာရေးကတော့ ဆေးကုသမှု ခံယူနေဆဲလို့ပဲ အစီရင်ခံပါရစေ။ လူကတော့ ကီမို ဆေးသွင်းနေတဲ့ ရက်ပိုင်းတွေကလွဲလို့ နေကောင်းနေတာပါပဲ။ သို့ပေမယ့် အဲဒီရက်တွေမှာ မိမိ ကိုယ်ခံအားက အရမ်းကျဆင်းနေတာဖြစ်လို့ လူများများ စုဝေးတဲ့ နေရာတွေကို မသွားဖို့၊ အနံ့အသက်တွေကို ရှောင်ဖို့ ဆရာဝန်များက ညွှန်ကြားထားပါတယ်။ သည့်အတွက် သွားသင့်လာသင့်တဲ့ နေရာတွေကို မသွားနိုင်ဘဲ လူမှုရေးတာဝန် ပျက်ကွက်ရတာတွေကို မိတ်ဆွေများက နားလည်ခွင့်လွှတ်ပေးကြပါ။

ကျွန်တော်က ယခုအချိန်မှာ အရင်က နေထိုင်ခဲ့တဲ့ ၃၃ လမ်း ဒေါ်စာပေ မြေညီထပ် အခန်းမှာ မနေတော့ဘဲ ဘားလမ်း အထက်လမ်းက သမီးကြီးရဲ့ ခြောက်ထပ်အခန်းမှာ ပြောင်းနေတာ မသိသေးတဲ့ ကျွန်တော်နဲ့ တွေ့ချင်၊ သတင်းမေးချင်သူ မိတ်ဆွေရင်းချာများက ဒေါ်စာပေကိုပဲ ဆက်သွယ်တတ်ကြပါတယ်။ လာလည်ချင်တဲ့ ဧည့်သည်များက ဖုန်းဆက် ချိန်းဆိုတဲ့အခါ သမီးလတ်က လာလည်မည့်သူကို နေကောင်းရဲ့လား အရင် မေးရပါတယ်။ ဖျားနာ ချောင်းဆိုး တစ်မျိုးမျိုးနဲ့ နေထိုင်မကောင်း ဖြစ်နေတယ် ဆိုရင်တော့ ဖေဖေနဲ့ မတွေ့ပါနဲ့ဦး။ နေကောင်းမှ ထပ်ချိန်းပြီး လာပါရှင်လို့ တောင်းပန်ရပါသတဲ့။

တစ်နေ့ကတော့ အဲသလို ကြိုတင် ဖုန်းဆက်ပြီး တွေ့ချင်ကြောင်း လှမ်းပြောတဲ့ ဧည့်သည်တစ်ယောက်ကို သမီးက မမှတ်မိဘူး။ နောက်တော့ အဲဒီလူက သတင်းထောက်

ချာန်ရခေါ် ဦးစိုးမင်းရဲ့ သားကြီးပါလို့ ပြောတော့မှ တအံ့တသြနဲ့ ဖုန်းဆက်မေးပေးပါ့မယ် ပြောပြီး ကျွန်တော့်ဆီ လှမ်းဆက်တယ်။ သူက ဂျာမနီပြန်တော့မှာမို့ မပြန်ခင် တွေ့သွားချင်တယ် ပြောလို့ ည ၈ နာရီခွဲမှာ လာပါလို့ ချိန်းလိုက်ရပါတယ်။

ဆရာချာန်ရသားကြီး လာမယ့်အချိန်ကို စောင့်ရင်း ရေးပောင်းနှောင်းဖြစ်တွေကို လှမ်းဆွတ်တသ သတိရမိတယ်။ ကျွန်တော့်ရဲ့ စာပေဘဝ၊ သတင်းစာသမားဘဝ ပြန်ပြောင်း သတိရချက်များ ပထမပိုင်းလို့ ဆိုနိုင်တဲ့ 'ဝေါမြို့က လာခဲ့တယ်' စာအုပ် (ခေါင်းစာပေ၊ ၂၀၁၀) မှာ ဗိုဂျိစိုးမင်းခေါ် သတင်းထောက် ချာန်ရအကြောင်း ရေးလို့ ရသမျှ ကျွန်တော် ထည့်သွင်း ရေးသားခဲ့ပါတယ်။ သူဟာ လုပ်သားပြည်သူ့နေ့စဉ် သတင်းစာတိုက်ကို ကျွန်တော် အလုပ်သင်အဖြစ် စတင် ဝင်ရောက်ချိန် (၁၉၆၄ နှိဝင်ဘာလ)က စပြီး ကျွန်တော့်ရဲ့ အနီးကပ် ဆရာ၊ လုပ်ဖော်ကိုင်ဖက်၊ မိတ်ဆွေရင်း ရဲဘော်ရင်းတစ်ယောက်အဖြစ် စောင့်ရှောက်ခဲ့သူ ဖြစ်ပါတယ်။ ကျွန်တော့်ဘဝမှာ အင်မတန် မမေ့အပ်တဲ့ လူပုဂ္ဂိုလ်တစ်ယောက်ပါပဲ။

သူ့အကြောင်း ကျွန်တော် သိသလောက်က ပဲခူးယ်ကုန်းဇာတိ၊ ပဲခူး အမျိုးသား ကျောင်းက အထက်တန်းအောင်တယ်။ ကျွန်တော်လည်း အဲဒီ ကျောင်းထွက်ပါပဲ။ ဦးစိုးမင်းက ကျွန်တော့်ထက် ၁၂ နှစ်ကြီးတော့ စီနီယာကြီးပေါ့။ သူ ရန်ကုန်တက္ကသိုလ် ဆက်တက်ရင်း ကျောင်းသားလှုပ်ရှားမှုတွေမှာ ပါဝင်တယ်။ သူက ရှေ့ထွက်တဲ့ ကျောင်းသားခေါင်းဆောင် မဟုတ်ဘဲ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ယူကျီတစ်ယောက်အဖြစ် ပါဝင်ခဲ့တာပါ။ ကျောင်းစရိတ်အတွက် တက္ကသိုလ်ဆေးရုံမှာ စာရေးဝင်လုပ်ရင်း တကသနဲ့ နီးနီးနားနားမှာ နေထိုင် လှုပ်ရှားခဲ့တာ ဖြစ်ပါတယ်။ သူတို့ခေတ်က ကျောင်းသား ခေါင်းဆောင်တွေ ဖြစ်တဲ့ ဦးဘကောင်း၊ ဦးဇော်ဝင်းတို့နဲ့ တိုင်ပင်ဖော် တိုင်ပင်ဖက် ဖြစ်ခဲ့ပါတယ်။

ဦးစိုးမင်းဟာ ဆရာကြီး ထွန်းနေ့စဉ် ဦးထွန်းဖေ တည်ထောင်တဲ့ ထွန်းနေ့စဉ် သတင်းစာမှာ ၁၉၅၅ ခုနှစ်က စတင် အလုပ်လုပ်ခဲ့တယ်။ (ဦးထွန်းဖေဟာ နယ်နယ်ရရ မဟုတ်ပါ။ သူ့အကြောင်း ကျွန်တော့်ရဲ့ 'ရှာမှ ရှားတဲ့ နိုင်ငံရေးသမား' စာအုပ်မှာ အတော်ကလေး ရေးခဲ့ဖူးပါတယ်။ သူဟာ လွတ်လပ်ရေးခေတ်ဦး ဝန်ကြီးချုပ် ဦးနုရဲ့ အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦး ဖြစ်ခဲ့တယ်။ နောက်တော့ ဦးနုကို ဘဝရှင်မင်းတရားကြီးလို့ ဖြစ်လာပြီလို့ ဝေဖန်ကာ ဝန်ကြီးအဖြစ်မှ နုတ်ထွက်ခဲ့ပါတယ်။ ၁၉၂၀ တက္ကသိုလ် သပိတ်ကြီးရဲ့ ခေါင်းဆောင်တစ်ဦးဖြစ်ခဲ့ပြီး ကျောင်းက ထွက်တော့ သူရိယ သတင်းစာ သတင်းထောက်၊ အယ်ဒီတာအဖြစ် စစ်ကြိုခေတ်ကတည်းက ထင်ရှားတဲ့ သတင်းစာဆရာ တစ်ယောက် ဖြစ်ခဲ့ပါတယ်) ဗိုဂျိစိုးမင်းဟာ ထွန်းနေ့စဉ် သတင်းစာမှာ လေးငါးနှစ်လောက် အယ်ဒီတာ လုပ်ခဲ့ပြီး ဦးနုလက်ထက် ထွန်းနေ့စဉ် သတင်းစာအပိတ်ခံရပြီး ဦးထွန်းဖေ



အဖမ်းခံရချိန်မှာ ပြည်ထောင်စုသတင်းစာ၊ အဲဒီကနေ ယုဝတီသတင်းစာ စသည်ဖြင့် ပြောင်းရွှေ့ခဲ့တယ်။

၁၉၆၂ ခု ဗိုလ်ချုပ်နေဝင်း အာဏာသိမ်းပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ထောင်တော့ တကယ် ဆိုရှယ်လစ်လမ်းစဉ် သွားတော့မယ်လို့ ယုံကြည်စိတ်နဲ့ ဦးစိုးမင်းဟာ တော်တော် စောစောပိုင်းမှာကို ပါတီဝင်ခဲ့တယ်။ အဲဒါကြောင့်လည်း ဗဟိုနိုင်ငံရေးတက္ကသိုလ် ကေဒါ သင်တန်း တတိယပတ် တက်ရောက်ခဲ့ရတယ်။ သင်တန်းဆင်းပြီးတာနဲ့ အစိုးရသတင်းစာ လုပ်သားပြည်သူ့နေ့စဉ်ကို ကေဒါ တစ်ယောက် အနေနဲ့ တာဝန်ပေး စေလွှတ်ခြင်းခံရသူ ဖြစ်ပါတယ်။ သူဟာ ဗိုလ်တထောင်မြို့နယ် ပါတီယူနစ် နယ်မြေအတွင်းရှိ လုပ်သား ပြည်သူ့နေ့စဉ် (မြန်မာ+အင်္ဂလိပ်)နဲ့ မြန်မာ့သတင်းစဉ် (ပြည်တွင်း+ပြည်ပ) တို့ ပါဝင်တဲ့ ပါတီစိတ်မှာ ပါတီစိတ်မှူး ဖြစ်လာတယ်။ ပါတီတာဝန်အရ အယ်ဒီတာချုပ်တွေကတောင် သူ့ကို လေးစား ခန့်ညားရတယ်။ ပါတီတာဝန်ရှိသူ တစ်ယောက်အနေနဲ့ စောင့်ထိန်းသော အားဖြင့် သူ အလွန်ကြိုက်နှစ်သက်တဲ့ ယမကာ မှီဝဲခြင်းကို ၁၀ နှစ် နီးနီးလောက် လုံးဝ ရှောင်ကြဉ်နေခဲ့သူ ဖြစ်ပါတယ်။ သို့ပေမယ့် ၁၉၇၃ မှာ ပိုလန်၊ ဆိုဗီယက် စတဲ့ အရှေ့ ဥရောပ ကွန်မြူနစ်၊ ဆိုရှယ်လစ် နိုင်ငံတွေကို မြန်မာသတင်းစာ ကိုယ်စားလှယ်အဖွဲ့ အတွင်းရေးမှူးအဖြစ် လိုက်ပါသွားပြီး ပြန်လာချိန်ကစလို့ သူ အပြောင်းလဲကြီး ပြောင်းလဲ သွားပါတော့တယ်။ (မှတ်မှတ်ရရ ဦးစိုးမင်းတို့အဖွဲ့ကို ထိုစဉ်က အဖွဲ့ ခေါင်းဆောင်အဖြစ် ဦးဆောင်ခဲ့သူက ဟံသာဝတီ ဦးဝင်းတင် ဖြစ်ပါတယ်) ဦးစိုးမင်း အရက်ပြန်သောက်တယ်။ လုပ်သားပြည်သူ့နေ့စဉ်မှာ သူ ပင်တိုင်ဆောင်းပါးတွေ ရေးတော့ ကလောင်နာမည်ကို သတင်းထောက် ချာန်ရလို့ ပေးတယ်။ ချာန်ရ နာမည်ယူထားတဲ့အတိုင်း သတင်းစာ ညဖောင်ပိတ်ချိန်နောက်ပိုင်း အမူးသောက်တော့ တာပါပဲ။ ၁၉၇၀ ပြည့်နှစ်များ စောစော ပိုင်းက လုပ်သားပြည်သူ့နေ့စဉ်သတင်းစာပါ သတင်းထောက်ချာန်ရ ဆောင်းပါးတွေကို အတော်လူကြိုက်များကြပါတယ်၊ သူ့ဆရာရင်း ထွန်းနေ့စဉ် ဦးထွန်းဖေ ရေးခဲ့ဖူးတဲ့ စတိုင်အတိုင်း အကြောင်းအရာ တစ်ခု စာတစ်ပိုဒ် သရော်စာလိုလို ဝေဖန်စာလိုလို ဆက်တွေးစရာတွေ အများကြီး ချန်ပြီး ရေးတတ်ပါတယ်။

သူ့ရဲ့ လူသိများတဲ့ မူလ ကလောင်အမည်က ဗိုဂျိစိုးမင်းပါ။ ဗိုဂျိဆိုတာ ဘာလဲ မေးရင် သူဖြေချင်သလို ဖြေတယ်။ ပဲနွယ်ကုန်းသားမို့လို့ ဗိုဂျိလို့ အတိုကောက် ရေးတာ လို့ ပြောသလို ကမ္ဘာကျော် စာရေးဆရာကြီး ဗိုဂျိဝု(ဒ်)ဟောက်(စ်)ကို ကြိုက်လွန်းလို့ ယူထားတာလို့ ပြောချင်ပြောတယ်။ ကျွန်တော့်ကိုကျတော့ တိုးတိုးကြိတ် ပြောတယ်။ ဗိုဂျိဆိုတာ ပြည်သူ့ပြောက်ကျား (People's Guarilla) ကို ဆိုလိုတယ်။ ဒါပေမဲ့ ဒါက လူသိခံလို့ မဖြစ်ဘူးလို့ ပြောပါတယ်။

ကျွန်တော်က ပီကိုကြီး ပြန်သောက်တဲ့အချိန်မှာ မြန်မာ့အလင်း သတင်းစာတိုက်ကို အယ်ဒီတာရာထူးနဲ့ ပြောင်းရွှေ့လာတာ သုံးနှစ်လောက်ရှိပါပြီ။ သူ မူးလာရင် ဆိုးတိုင်ပင် ကောင်းတိုင်ပင်ဖြစ်နေတဲ့ ကျွန်တော့်ကို ဖုန်းဆက်ချိန်းတယ်။ ညသန်းခေါင်ကျော်မှ ကျွန်တော်တို့ ဆုံမိကြပြီး ချောင်ကျကျ ဆိုင်တစ်ဆိုင်မှာ သွားထိုင်ကြတယ်။ ထပ်သောက်ပြီး သူ့ရင်ထဲဖြစ်နေတာတွေ ဖွင့်အန်တော့တာပါပဲ။ ဆိုရှယ်လစ်နာမည်ခံပြီး အာဏာရှင်စနစ် ကျင့်သုံးနေသမျှ ငါတို့တွေ ဘယ်တော့မှ ဆိုရှယ်လစ် ပန်းတိုင် ရောက်တော့မှာ မဟုတ်ဘူး။ နိုင်ငံရေးအရ ထိန်းညှိဖို့ အတိုက်အခံပါတီရှိရမယ်။ စီးပွားရေးမှာ နယ်စပ်ကုန်သွယ်ရေးတွေ ဖွင့်ပြီး အိမ်နီးချင်းနိုင်ငံတွေနဲ့ လွတ်လပ်စွာ ကူးသန်းရောင်းဝယ်ခွင့်ပေးရမယ်။ ခုအတိုင်း တံခါးပိတ် စီးပွားရေးပုံစံနဲ့ဆိုရင် ငါတို့ တိုင်းပြည်ပျက်ပြီ စတာတွေ ပြောတယ်။

၁၉၇၄ ခု ဦးသန့်အရေးအခင်း နောက်ပိုင်းမှာတော့ ရှာန်ရကြီး ပို၍ ပေါက်ကွဲလာပါတယ်။ နောက်ဆုံး ၁၉၇၅ နှစ်ကုန်လောက်မှာ ဦးနေဝင်းဆီ အကြံပေးစာတစ်စောင် ရေးပို့လိုက်တယ်။ သုံးပတ်လောက်အကြာမှာ သူ့ကို ဦးနေဝင်းက ခေါ်တွေ့တယ်။ တစ်နာရီကျော်ကြာတယ်တဲ့။ ထိုစဉ်က ညွှန်ချုပ် ဦးသာထွန်းက မှတ်တမ်းလိုက်ရေးတယ်။ ဒါတွေက နောက် သူ ပြန်ပြောပြတာတွေပါ။ ကိုရှာန်ရက အဓိကနှစ်ချက် တင်ပြတယ်။ ၁။ ၁၉၇၈ ရွေးကောက်ပွဲ မတိုင်ခင် အတိုက်အခံပါတီ တစ်ခု တည်ထောင်ခွင့်ပြုပြီး နှစ်ပါတီစနစ်နဲ့ လွတ်လပ်တဲ့ ရွေးကောက်ပွဲတွေ လုပ်ပေးဖို့ ၂။ နယ်စပ်ကုန်သွယ်ရေးတွေ ဖွင့်ပြီး ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းတွေ ဖော်ထုတ်ဖို့ တင်ပြခဲ့တယ်။ ဦးနေဝင်းက ထုံးစံအတိုင်း 'စဉ်းစားသင့်တဲ့ အချက်တွေပဲ၊ စဉ်းစားကြသေးတာပေါ့' လို့ ပြောလိုက်တာကို ကိုရှာန်ရက အဟုတ်ကြီး ထင်ပြီး တက်ကြွစွာ မျှော်လင့်နေခဲ့တယ်။ တိုတိုပြောရရင် သူ မျှော်လင့်တာတွေ ဘာတစ်ခုမှ ဖြစ်မလာတဲ့အပြင် သူ့ကို ထောက်လှမ်းရေးက နှစ်ကြိမ်မက ခေါ်ခေါ်သွားပြီး သူ့ရဲ့ ရှာန်ရ ဆောင်းပါး တချို့ထဲက အဓိပ္ပာယ်ဝှက်နဲ့ ရေးထားတဲ့ စာပိုဒ်တချို့ဟာ ဘာကို ပြောချင်တာလဲ၊ ဘာဘာညာညာ စတာတွေ လျှောက်မေးပြီး အပြစ်ရှာ အမှုဆင်မယ့် အလားအလာတွေ ဖြစ်လာပါတော့တယ်။

နောက်ဆုံးတော့ သူ့ခမျာ ၁၉၇၆ နှစ်ကုန်ခါနီးလောက်မှာ မိသားစုပါ ခေါ်ပြီး ကရင်ပြည်နယ် ကေအင်န်ယူနယ်မြေ တောလမ်းက ဖြတ်လို့ ထိုင်းနယ်စပ်ကို ထွက်ပြေးရတော့တယ်။ သူ ပြေးပြီဆိုတာ သိသွားပြီး မကြာပါဘူး။ ထောက်လှမ်းရေး ၇ က ကျွန်တော့်ကို ခေါ်ပြီး သူနဲ့ ပတ်သက်တဲ့ စစ်ချက်တွေ ယူပါတယ်။ ရှာန်ရ စာအုပ်တွေ ထုတ်ဝေခဲ့တဲ့ စပယ်ဦး ဦးတင်စိုးလည်း ခေါ်ယူ စစ်ဆေးခံရသေးတယ်။ ကျွန်တော်က အမေရိကန်နိုင်ငံ မစ်ရှီဂန်တက္ကသိုလ်ကို သတင်းစာပညာ ဖဲလိုးရှစ်သင်တန်းသွားတက်ဖို့ ရွေးချယ်ခံထားရပြီးသား အချိန်မှာ ခုလို စစ်ဆေးခံရတော့ ပြည်ထဲရေးက ကျွန်တော့်ကို



ပတ်စပို့မပေးဖို့ ကန့်ကွက်တာနဲ့ ကြုံရပါသေးတယ်။ နောက်တော့ ပြန်ကြားရေးဝန်ကြီးက တာဝန်ယူပါတယ်လို့ ထောက်ခံချက်ပေးလို့ ပတ်စပို့ရခဲ့ပါတယ်။

ကျွန်တော် မစ်ရှီဂန်ရောက်ပြီး သုံးလလောက် အကြာမှာ Asia Week စာစောင်မှာ ဦးစိုးမင်းတို့ မိသားစုဓာတ်ပုံတွေနဲ့ ထိုင်းနယ်စပ်ရောက်နေတဲ့ မြန်မာပြည်ပြေးသတင်းစာ ဆရာအကြောင်း ဆိုပြီး ပါလာပါတယ်။ ဦးနေဝင်းနဲ့ တွေ့ဆုံ အကြံပေးခဲ့ပုံ၊ ဘာမှ ထူးခြားမှုမရှိလို့ စိတ်ပျက်ပြီး ထွက်လာခဲ့ပုံတွေ ရေးထားပါတယ်။ နယ်စပ်မှာ ဒုက္ခ ရောက်နေတာတွေကိုပါ သိရလို့ သူ့မိတ်ဆွေ ရင်းချာများအဖြစ် ကျွန်တော် သိထားတဲ့ အမေရိကန်သတင်းစာ ဆရာတချို့ကို ကျွန်တော် ဖုန်းနံပါတ်တွေရအောင် စုံစမ်းပြီး အကြောင်းကြားခဲ့သေးတယ်။ သူတို့လည်း တတ်နိုင်သလောက် ကူညီမယ် ပြောပေမယ့် မအောင်မြင်ပါဘူး။ ထိုင်းက အမေရိကန်သံရုံးက ကိုရှာန်ရကို ခိုလှုံခွင့် မပေးဘဲ နောက်ဆုံးတော့ ဂျာမနီနိုင်ငံ (ထိုစဉ်က အနောက်ဂျာမနီ) က နိုင်ငံရေးဒုက္ခသည်အဖြစ် လက်ခံ လိုက်ပါတယ်။ သူဟာ ဥရောပ ရောက်ရောက်ချင်း မြန်မာပြည်ပြေးများအဖွဲ့ Political Exiles of Burma ဆိုတဲ့ အမည်နဲ့ အဖွဲ့တစ်ဖွဲ့ တည်ထောင်တဲ့ အကြောင်း၊ ပြည်ပြေးအင်အား ၄၀ လောက် ရှိကြောင်း ဘီဘီစီ သတင်းတစ်ပုဒ် ကြေညာတာ ကြားလိုက်ရတယ်။

၁၉၈၀ ပြည့်နှစ် အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်နဲ့ ဦးနု အပါအဝင် နိုင်ငံရေးခေါင်းဆောင်တွေ ပြန်လာကြချိန်မှာ သူ ပြန်လာမလားလို့ ကျွန်တော် မျှော်မိသေးတယ်။ လူတော့ မလာဘဲ ဂျာမနီကနေ စာရှည်ကြီးတစ်စောင် ကျွန်တော့်ဆီ ရေးလိုက်ပါတယ်။ မြန်မာပြည်မှာ အတိုက်အခံပါတီ တည်ထောင်ခွင့် ရှိပြီး လွတ်လပ်စွာ နိုင်ငံရေး လှုပ်ရှားခွင့် မရှိသမျှ၊ စာနယ်ဇင်း လွတ်လပ်ခွင့် မရှိသမျှ သူ ပြန်လာမည် မဟုတ်ဘူးလို့ အတိအလင်း ရေးလိုက်တာပါ။ ခင်ဗျားဆီ အခု ရေးလိုက်တဲ့ စာကို ထောက်လှမ်းရေးတွေက ဖောက်ဖတ်ပြီး ဖြစ်လိမ့်မယ်၊ ခင်ဗျားဆီ ရောက်လို့ ဖတ်ပြီးရင် ထောက်လှမ်းရေးကို အပ်လိုက်ပါ။ မအပ်ရင် ခင်ဗျား ဒုက္ခ ရောက်လိမ့်မယ်လို့လည်း ရေးထားတယ်။ ကျွန်တော်ကတော့ ထောက်လှမ်းရေးကို မအပ်ဘဲ ပြန်ကြားရေး ဝန်ကြီးဌာနကို အပ်လိုက်ပါတယ်။ ဝန်ကြီးဌာနကပဲ ကျွန်တော့်ကို တစ်ကြိမ်ခေါ်ပြီး ဦးစိုးမင်းနဲ့ ပတ်သက်ခဲ့ပုံတွေ နည်းနည်းပါးပါး မေးမှတ်ပါတယ်။

အဲဒီစာထဲမှာ ကျွန်တော်မမေ့နိုင်တဲ့ တင်စားချက်တစ်ခုကို တွေ့လိုက်တယ်။ 'ကျုပ် ကိုယ့်တိုင်းပြည်က ထွက်လာတော့မှ ၂၀ ရာစု ကမ္ဘာကြီးထဲကို တကယ် ရောက်သွားတာ သိလိုက်ရတယ်။ မြန်မာပြည်ဟာ ၂၀ ရာစု ကမ္ဘာကြီးထဲက နိုင်ငံ တစ်နိုင်ငံ ဆိုပေမယ့် တကယ်က ၁၉ ရာစုထဲမှာပဲ ရှိနေသေးတာ ရင်နာစရာပါ။ ဒီလို ဖြစ်ရတာ ပြည်သူတွေနဲ့ ဘာမှမဆိုင်ဘူး။ အမွေစိုးမိုးအုပ်ချုပ်ပြီး တိုင်းပြည်ကို

ပျက်အောင် ဖျက်ဆီးသူတစ်စုကြောင့် ဖြစ်ခဲ့ရတာလို့ ကျုပ် ပြောရဲတယ်။ ခုဆိုရင် ကျုပ်ရဲ့သားသမီးတွေ၊ နောက်မျိုးဆက်တွေဟာ သူများနည်းတူ ၂၀ ရာစု လူသားတွေ ဖြစ်လာတော့မယ်။ အဲဒါ နေရိပ်လာမှာကို နေပူထဲက မစောင့်ဘဲ နေရိပ်ရှိတဲ့ နေရာကို ရောက်အောင် သွားလိုက်လို့ပဲ မဟုတ်လား။ ခင်ဗျားတို့ကတော့ ၁၉ ရာစုထဲကနေ ၂၀ ရာစုထဲ ရောက်ဖို့တောင် နှစ်ပေါင်း ဘယ်လောက် စောင့်ကြရမလဲ မသိဘူး။ ကျုပ်ကတော့ မြန်မာပြည်မှာ လွတ်လပ် တဲ့ သတင်းစာတစ်စောင် ထုတ်ဝေနိုင်တဲ့ အချိန်ကျမှ ပြန်လာတော့မယ်ဗျို့'

နောက်ပိုင်း သူ့သတင်း မကြားတော့ဘဲ နေရာက ဦးစိုးမင်းဟာ ၁၉၈၃ ခုမှာ ဘွန်းမြို့ဆေးရုံတစ်ခုမှာ ခွဲစိတ်ကုသမှု ခံယူရင်း ကွယ်လွန်သွားကြောင်း အသံလွှင့်ဌာန တချို့မှာ ပါလာတာ ကြားလိုက်ရပါတယ်။

ဦးစိုးမင်းရဲ့ သားကြီးဟာ ချိန်းထားတဲ့ အချိန်အတိအကျ ည ၈ နာရီခွဲမှာ ရောက်လာပါတယ်။ ရန်ကုန်နေ သူ့ဆွေမျိုးသားချင်း တချို့လည်း ခေါ်လာသေးတယ်။ သူ့ကို ဘယ်လိုမှ မမှတ်မိတော့ဘူး။ သူတို့ ထွက်သွားတုန်းက ၁၄ နှစ်သားလောက်၊ အခု ၄၈ နှစ် ရှိပြီ။ အင်ဂျင်နီယာကြီးတစ်ယောက် ဖြစ်နေပြီ။ သူကတော့ မြန်မာ မိန်းကလေးတစ်ယောက်နဲ့ အိမ်ထောင်ကျတယ်။ သူ့အောက်က ညီနဲ့ နှမလေးကတော့ ဂျာမန်နဲ့ပဲ အကြောင်းပါကြတယ်။ သူ့အမေနဲ့ သူနဲ့ ၁၉၉၆ ခု **Visit Myanmar Year** မှာ ဂျာမနီက မြန်မာ သံအမတ်က ထောက်ခံချက်နဲ့ မြန်မာပြည် ပြန်လာလည်ကြသေးတာ ပြောပြလို့ အံ့သြရသေးတယ်။ အဲဒီတုန်းက ကျွန်တော်က ထောင်ထဲ ရောက်နေတာရယ်၊ သူတို့ နောက်က ထောက်လှမ်းရေး နှစ်ယောက် လိုက်စောင့်နေတာရယ်ကြောင့် ကျွန်တော့်အိမ်ကို မလာနိုင်ခဲ့တာ ပြောပြတယ်။ 'မင်းတို့ ဒီကို ပြန်လာနေဖို့ စိတ်ကူးရှိလား' လို့ မေးကြည့်တယ်။ ဘာမှပြန်မပြောဘဲ ရယ်နေပါတယ်။ သူ့အဖေ ပြောသလို ၂၁ ရာစုထဲ တကယ် ရောက်မှ ပြန်လာမယ်လို့ ပြောချင်သလား မသိပါ။ ၂၁ ရာစု မပြောနဲ့ဦး ငါတို့၊ တို့တစ်တွေ ၂၀ ရာစုထဲကတောင် ထွက်လာသေးရဲ့လား ပြန်ကြည့်ရဦးမယ်လို့ ကျွန်တော့်စိတ်ထဲက ပြောမိပါတယ်။

**ပြည်သူ့ခေတ်ဂျာနယ်**
၁၅၊ ဖေဖော်ဝါရီ ၂၀၁၃
အတွဲ ၃၊ အမှတ် ၁၃၇

○

# အသွင် ကူးပြောင်းရေးကာလ ပြဿနာ အချို့

ကျွန်တော်တို့ နိုင်ငံဟာ အခုအချိန်မှာ အင်မတန်မှ သိမ်မွေ့နက်နဲသလောက် အင်မတန်မှလည်း ခက်ခဲရှုပ်ထွေးတဲ့ အခြေအနေတစ်ခုအတွင်း ရောက်ရှိနေတယ်လို့ ကျွန်တော် မြင်နေတယ်ဗျာ။

ဘာကြောင့် ဒီလို ပြောရသလဲဆိုတော့ အာဏာရှင် စနစ်မှသည် ဒီမိုကရေစီစနစ်ကို ကူးပြောင်းခဲ့တဲ့ နိုင်ငံတွေထဲမှာ မြန်မာနိုင်ငံရဲ့ အသွင်ကူးပြောင်းပုံ ကူးပြောင်းနည်းဟာ တခြားနိုင်ငံတွေနဲ့ တစ်မူထူးခြား ကွဲပြားနေပြီး ကိစ္စကလည်း မပြတ်သေးလို့ ဖြစ်တယ်ဗျ။

## ပုံသေနည်း ဆင်တူယိုးမှား

အာဏာရှင်ကနေ ဒီမိုကရေစီကို ကူးပြောင်းတဲ့ နိုင်ငံအများစုဟာ ပုံသေနည်း ဆန်ဆန်လို့ တောင် ပြောစရာဖြစ်အောင် ဆင်တူယိုးမှားဖြစ်ခဲ့ကြတာ တွေ့ရမှာပါ။ လူထု အုံကြွမှုကြောင့် ဖြစ်စေ၊ နိုင်ငံတကာက ထောက်ခံအားပေးတဲ့ လက်နက်ကိုင် တော်လှန်ရေးကြောင့်ဖြစ်စေ အာဏာရှင်တွေ ပြုတ်ကျပြီး (တူနီးရှား၊ အီဂျစ်၊ လစ်ဗျား စသည်) ဒီမိုကရေစီ ရွေးကောက်ပွဲ တွေကတစ်ဆင့် ဒီမိုကရေစီ အင်အားစုတွေ အာဏာ ရလာခဲ့ကြတယ်။ ခြွင်းချက် တစ်ခု ကတော့ ချက်ကိုစလိုဗက်ကီးယားက ကတ္တီပါ တော်လှန်ရေးပါ။ ကွန်မြူနစ် အာဏာရှင် အစိုးရနဲ့ လူထုအုံကြွမှု ခေါင်းဆောင်တွေ စေ့စပ်ဆွေးနွေးကာ သဘောတူညီမှု ရရှိပြီး ရွေးကောက်ပွဲ ကျင်းပတယ်။ ရွေးကောက်ပွဲ အနိုင်ရတဲ့ အတိုက်အခံများ လက်ထဲ ငြိမ်းချမ်းစွာ အာဏာ လွှဲပြောင်းပေးခဲ့တာ ဖြစ်ပါတယ်။

## ကတ္တီပါ တော်လှန်ရေးနဲ့ ဝေးခဲ့

ကျွန်တော်တို့ဆီမှာလည်း ရှစ်လေးလုံး အရေးတော်ပုံကြီးတုန်းက နောက်ဆုံး သမ္မတ ဒေါက်တာမောင်မောင်က သုံးလအတွင်း ပါတီစုံ ဒီမိုကရေစီ ရွေးကောက်ပွဲတွေ ကျင်းပ ပေးမယ်လို့ ကတိပေးပြီး ကမ်းလှမ်းခဲ့ပေမယ့် တစ်ဖက်နဲ့တစ်ဖက် ယုံကြည်မှု တည်ဆောက် ခြင်း မပြုနိုင်ခဲ့ကြလို့ မြန်မာ့ ကတ္တီပါတော်လှန်ရေး ဖြစ်မလာခဲ့ပါဘူး။ ကျွန်တော်တို့က ချက်တွေထက် တစ်နှစ်ကျော် စောပါတယ်။

လမ်းစဉ်ပါတီ အစိုးရဆီက တပ်မတော်က အာဏာ လွှဲပြောင်းယူပြီး ၁၉၉၀ ပါတီစုံ ဒီမိုကရေစီ ရွေးကောက်ပွဲ ကျင်းပပေးခဲ့ပေမယ့် အနိုင်ရတဲ့ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ကို အာဏာ မလွှဲပေးတဲ့အတွက် ကတ္တီပါ တော်လှန်ရေး အနားရောက်ဖို့ ဝေးသထက် ဝေးခဲ့ရပါတယ်။ အဲဒီကတည်းက ကျွန်တော်တို့ နိုင်ငံရဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး ပုံစံဟာ ကမ္ဘာမှာရှိခဲ့ပြီးတဲ့ ပုံသေနည်းတွေနဲ့ တခြားစီ ဖြစ်ခဲ့ပြီလို့ နားလည်ခဲ့ရတယ်ဗျာ။

## ထင်သာ မြင်သာ အပြောင်းအလဲများ

၁၉၉၀ ကနေ ၂၀၁၁ မတ်လ အတွင်း ဖြစ်ရပ်တွေ အခြေအနေတွေကို စာဖတ်သူများ သိပြီးသားလို့ ယူဆတဲ့အတွက် ဒီဆောင်းပါးမှာ ပြန်မညွှန်းတော့ဘဲ ၂၀၁၁ ခုနှစ် မတ်လမှာ သမ္မတ ဦးသိန်းစိန်အစိုးရ တက်လာပြီးချိန်ကိုပဲ ဆက်ကြည့်ရအောင်။

၂၀၀၈ ခု အခြေခံ ဥပဒေကို လက်မခံတဲ့အတွက် ၂၀၁၀ ရွေးကောက်ပွဲမှာ မပါဝင်ခဲ့တဲ့ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ဟာ ၂၀၁၂ ခု ဧပြီလ ကြားဖြတ် ရွေးကောက်ပွဲကို ဝင်ပြီး လွှတ်တော်ထဲကို ဒီချုပ်အမတ်တွေ ရောက်လာတယ်။ အရေးကြီးတဲ့ ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်တွေ အားလုံး နှစ်ရှည် အကျဉ်းကျခံနေရာက လွတ်လာကြတယ်။ တစ်ချိန်က ထောင်မှူးနဲ့ထောင်သား ဆက်ဆံရေးလိုမျိုးပဲ ရှိခဲ့ကြသူတွေ ယခုတော့ တစ်ယောက်နဲ့တစ်ယောက် လက်ဆွဲ နှုတ်ဆက်ကြ၊ ပြုံးပြုံးရွှင်ရွှင် ရယ်ရယ်မောမော ပြောကြဆိုကြ၊ အတူတွဲပြီး သီချင်းတွေ ဆိုကြ၊ ကခုန်ကြနဲ့ မြင်ရသူ ပြည်သူအပေါင်းဟာ တကယ့်ကို စိတ်ဘဝင် ချမ်းမြေ့စရာ မြင်ကွင်းတွေ ဖြစ်တယ်ဗျ။

## ဒီမိုကရေစီ စစ်စစ်လို့ ပြောဖို့လည်း ခက်

ဒါပေမဲ့ အခြားတစ်ဖက်မှာလည်း စစ်အာဏာရှင် စနစ်အဖြစ် ရှုမြင်ထားခဲ့ကြတဲ့ မူလ ထက်ပေါင်း အုပ်ချုပ်ရေးစနစ်ရဲ့ အခြေခံအုတ်မြစ်ကတော့ ဘာမှ မပြောင်းလဲဘဲ နဂို အတိုင်း (Intact) ရှိနေတုန်းပဲလို့ ရှုမြင်နေသူတွေလည်း အများကြီး ရှိနေတယ်ဗျာ။



အဲသလို ရှုမြင်စရာ အထင်ရှား အမြင်သာဆုံး ဥပမာကတော့ ၂၀၀၈ အခြေခံဥပဒေ ဖြစ်တယ်ဗျာ။ 'တပ်မတော်သည် နိုင်ငံတော်၏ ဦးဆောင်ကဏ္ဍတွင် ရှိသည်' ဆိုတဲ့ အခြေခံမူပေါ်မှာ ရေးဆွဲထားတဲ့ ၂၀၀၈ အခြေခံ ဥပဒေကြောင့် မြန်မာနိုင်ငံဟာ ဒီမိုကရေစီ နိုင်ငံစစ်စစ် ဖြစ်နေပါပြီလို့ သေချာပေါက်ပြောဖို့ ခက်နေတာလည်း အမှန်ပဲဗျ။

## ဝေခွဲမရနိုင်သူတွေ ရှိနေချိန်

ဒီတော့ အချို့သူတွေအဖို့ ဒီကနေ့ မြန်မာနိုင်ငံမှာ အဓိက ထမ်းဆောင်ရမယ့် တာဝန်ဟာ တော်လှန်ရေးလား။ တည်ဆောက်ရေးလား ဆိုတာ ပြတ်ပြတ်သားသား ရှင်းရှင်းလင်းလင်း မဆုံးဖြတ်နိုင် ဖြစ်နေကြတယ်ဗျ။ သူတို့ အမြင်အရ ၂၀၀၈ အခြေခံ ဥပဒေကြီး ရှိနေသေး တာကြောင့် တော်လှန်ရေးကို ဆက်လက် ဆင်နွှဲရဦးမယ်လို့ ယုံကြည်နေခြင်းနဲ့ တစ်ပြိုင် တည်းမှာ လက်တွေ့ မြေပြင်ပေါ်မှာ မျက်စိနဲ့တပ်အပ်မြင်နေရတဲ့ နိုင်ငံရေး အပြောင်းအလဲတွေ ကလည်း သူတို့ကို တည်ဆောက်ရေးသမားတွေ ဖြစ်နိုင်သမျှ အမြန်ဆုံး ဖြစ်လာအောင် ကြိုးစားကြဖို့ တောင်းဆိုနေပြန်တယ်။ သူတို့ အဓိက လုပ်ရမှာက တော်လှန်ရေးလား။ တည်ဆောက်ရေးလား။ ပေါ့ပေါ့တွေးသူများအဖို့ အရေးမကြီးလှပေမယ့် လေးလေးနက်နက် ဆင်ခြင် တွေးတောတတ်သူများအဖို့တော့ တကယ့်ကို ဝေခွဲမရနိုင် (dilemma) ဖြစ်လောက်တယ်ဗျာ။

## အလံနှစ်ခု ကိုင်ထားရမလား

ခုရက်ပိုင်းအတွင်း ရှစ်ဆယ့်ရှစ် မျိုးဆက်ကျောင်းသား ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ကိုမင်းကိုနိုင်က သူ့ရဲ့ဥရောပ ခရီးစဉ်အတွင်း သူဟာ တည်ဆောက်ရေး လုပ်ငန်းကို မကျွမ်းကျင်ပါဘူးလို့ ပြောခဲ့ ကြောင်း အင်တာနက် သတင်းတွေမှာ တွေ့လိုက်ရတယ်ဗျ။

တကယ်ဆို မင်းကိုနိုင်တို့လို အသက်ငါးဆယ်ဝန်းကျင် မျိုးဆက်ဟာ နိုင်ငံ တည်ဆောက်ရေး လုပ်ငန်းအတွက် တကယ့်ကို အကောင်းဆုံး အသင့်တော်ဆုံး မျိုးဆက်ပဲ မဟုတ်လားဗျာ။ အကောင်းဆုံးသော တိုင်းပြည် တည်ဆောက်ရေးသမား တွေဟာ သူတို့အရွယ်တွေထဲက ထွက်လာတာများတယ်ဆိုတာ ကမ္ဘာ့သမိုင်းကို လေ့လာကြည့်ရင် တွေ့နိုင်တယ်ဗျ။

ဒါပေမဲ့ ကျွန်တော်တို့ဆီမှာက နိုင်ငံကို အချစ်ဆုံး လူတွေက ဘဝတစ်လျှောက်လုံး တော်လှန်ရေး လုပ်ငန်းစဉ်တွေနဲ့ပဲ ယဉ်ပါးခဲ့။ လက်ရှိ တိုင်းပြည် အခြေအနေကလည်း ကြောင်လိုလို ငါးလိုလို (ရှော့ခ်သုံးခုနဲ့ ဖွံ့ ကြောင် ငါး)။ အဲဒီတော့လည်း သူတို့လို မြန်မာ့ နိုင်ငံရေးရဲ့ ရှေ့ဆုံးတန်း တစ်နေရာမှာ ရှိနေသူတွေသာမက ကျန်ရှိနေတဲ့ တက်ကြွ လှုပ်ရှားသူတွေပါ အလံနှစ်ခု ကိုင်ထားကြရတာ မဆန်းဘူးပေါ့ဗျာ။

## ကွဲအက်ရေးမှ ခွဲထွက်ရေးသို့

ဒီနေရာမှာ ကျွန်တော့် ကိုယ်တွေ့တစ်ခု ထည့်ပြောစရာ ရှိပါတယ်။ ၁၉၈၈ ခုနှစ်အောက် တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလောက်က ကျွန်တော် ပါဝင် ဆောင်ရွက်နေတဲ့ နိုင်ငံရေး ပါတီကြီးတစ်ခုရဲ့ မြို့နယ်စည်းအဖွဲ့များ ဖွဲ့စည်းရေးတာဝန်နဲ့ နယ်တွေကို ခရီးထွက်ခဲ့ရပါ တယ်။ ကျွန်တော့်ထက် အသက်အရွယ်ရော နိုင်ငံရေးဝါပါကြီးရင့်တဲ့ စီနီယာ နိုင်ငံရေးသမား တစ်ယောက်နဲ့အတူ တွဲအလုပ်လုပ်ခဲ့ရတာပါ။ ကျွန်တော်တို့ရဲ့ အဓိက အလုပ်က ရှစ်လေးလုံး သပိတ်ကြီးတုန်းက ကိုယ့်အစုနဲ့ကိုယ် ပါဝင်ဆင်နွှဲခဲ့ကြတဲ့ အင်အားစုတွေကို စုစည်း ပြီး မြို့နယ်စည်းတွေမှာ လက်တွဲလုပ်ကြဖို့ ညှိနှိုင်းဖွဲ့စည်းပေးရတာ ဖြစ်ပါတယ်။ နေရာ အတော်များများမှာ အုပ်စုကွဲတွေကို စည်းရုံးရေးအဖွဲ့ တစ်ခုတည်းမှာ ပူးပေါင်းလုပ်ကြဖို့ ညှိနှိုင်း ဆွေးနွေး အောင်မြင်ခဲ့ပေမယ့် မြို့ကြီးတချို့မှာ ဘယ်လိုမှ ညှိပေးလို့ မရခဲ့ပါဘူး။ ဆွေးနွေးရင်း ဆွေးနွေးရင်း စိတ်မရှည်နိုင်တော့တဲ့ စီနီယာကြီးက လူတွေ ကွယ်ရာမှာ ကျွန်တော့်ကို လက်ကုပ်ပြီး ပြောတယ်။

'ကျုပ် တစ်သက်လုံး လုပ်လာတဲ့ နိုင်ငံရေး အတွေ့အကြုံက ကွဲအက်ရေးမှ ခွဲထွက် ရေးပဲဗျ။ အခြေခံ သဘောထားချင်း တူသလား၊ တူအောင်ညှိလို့ ရသလား၊ တူအောင် ညှိတယ် ဆိုတာကလည်း ကျုပ်တို့ပါတီက ပြောတာကို ဆွေးနွေးဘက်ပါတီက လက်ခံဖို့ ညှိတာပဲ၊ လက်မခံနိုင်ဘူးဆိုရင် သွားပေတော့၊ သူ မထွက်ရင် ကိုယ်ထွက်ပဲ ညီညွတ်ရေး ဆိုတာ တံတွေးနဲ့ဆွတ်ပြီး ကပ်ထားသလို လုပ်လို့မရဘူး။ ဒီမြို့မှာ ခုအတိုင်းဆို ဖွဲ့စည်းရေး ဘယ်လိုမှ လုပ်နိုင်မှာ မဟုတ်ဘူး' လို့ ပြောပါတယ်။

ကျွန်တော်က ကျွန်တော် နည်းနည်း ကြိုးစားကြည့်ချင်သေးတယ်ပြောတော့ သူက ခင်ဗျား စမ်းချင် စမ်းကြည့်လေလို့ ခွင့်ပြုပါတယ်။ ဒီတော့ ကျွန်တော်က အုပ်စုကွဲ လေးငါးခုက သပိတ်ခေါင်းဆောင်တွေကို အစည်းအဝေး တစ်ခုတည်းမှာ မျက်နှာချင်း မဆိုင်နိုင်းဘဲ တစ်အုပ်စုချင်းနဲ့ သီးခြားစီ တွေ့ပါတယ်။ ပြီးတော့ သူတို့ ဘယ်သူတွေနဲ့ဆို တွဲလုပ်နိုင်တယ်၊ ဘယ်သူတွေနဲ့ တွဲမလုပ်နိုင်ဘူးဆိုတာ သဘောထားရအောင် မေးပါတယ်။ နောက်ဆုံး တွဲလုပ်နိုင်သူတွေချည်းပဲကို စည်းအဖွဲ့ အမှုဆောင်များအဖြစ် ရေးချပြီး သူတို့ သဘောတူကြောင်း လက်မှတ် ထိုးခိုင်းပါတယ်။ အဲဒီစာရင်းကို ကြေညာလိုက်တော့ကာ မကျေနပ်တဲ့ အုပ်စုတချို့က လူနည်းစုတွေလောက်ပဲ တခြား ပါတီတွေကို ဝင်သွားကြတယ်။ ကျွန်တော်တို့ဆီမှာတော့ အပြန်အလှန် သည်းခံပြီး လက်တွဲလုပ်နိုင်တဲ့ လူကောင်းတွေကို ရလိုက်ပါတယ်။ ဒီအပေါ်မှာ ကျွန်တော့် စီနီယာက မှတ်ချက်ပေးပါတယ်။ 'ခင်ဗျားနည်းက အလုပ်တော့ ဖြစ်သားပဲ၊ ဒါပေမဲ့ ကိုယ့်အုပ်စုကနေ ခွဲထွက်လာပြီး စည်းအဖွဲ့ထဲမှာ ပူးပေါင်းတဲ့ လူတွေဟာ နိုင်မာမှုရှိမှု မသေချာဘူး။ သူတို့ကို သတိထားရမယ်' လို့ ပြောပြန်ပါတယ်။



## အမြင် အမျိုးမျိုး လုပ်နည်း အမျိုးမျိုး

အခု ကျွန်တော်ပြောပြတဲ့ အတွေ့အကြုံဟာ လက်ရှိ တိုင်းပြည် အခြေအနေကို ထင်ဟပ်ပြောချင်တာ မဟုတ်ပါဘူး။ နိုင်ငံရေးမှာ အမြင်အမျိုးမျိုး လုပ်ထုံးလုပ်နည်း အမျိုးမျိုး ရှိတတ်တာကို ပြောချင်တာပါ။

အထူးသဖြင့် ယခုအချိန်အခါလို ဗုံမဟုတ် ပတ်မဟုတ်၊ တော်လှန်ရေးလား တည်ဆောက်ရေးလား ဝေခွဲရန် ခက်နေသူတွေ ရှိနေသေးတဲ့ အခြေအနေကို အမြတ် ထုတ်ဖို့ ကြိုးစားနေသူ တချို့ကိုလည်း ကျွန်တော်ကတော့ မြင်နေရ သလိုပဲဗျ။ နိုင်ငံရေး အခြေအနေတွေ ပြောင်းလဲလာတယ် ဆိုတာကို ရိုးရိုး သားသား လက်မခံနိုင်တဲ့သူ စစ်အာဏာရှင်တွေဟာ မျက်လှည့် အကွက်ဆန်း တစ်မျိုး တီထွင်ပြီး ပြနေတာဖြစ်တယ်လို့ ရိုးရိုးသားသား မြင်နေတဲ့သူတွေကို ကျွန်တော် ဘာမှ မပြောလိုပါဘူး။ သူတို့ကတော့ လက်ရှိ အခြေအနေကို အကောင်းမြင်ကြမှာ မဟုတ်ပါဘူး။ လူတိုင်းမှာ လွတ်လပ်စွာ ထင်မြင်ယူဆပိုင်ခွင့် ရှိပါတယ်။ ဒါပေမဲ့ နိုင်ငံရေး အခြေအနေတွေ တကယ် ပြောင်းလဲ သွားခဲ့ရင် သူတို့ လက်ရှိ ရထားတဲ့ စည်းစိမ် ဥစ္စာတွေ၊ လုပ်ပိုင်ခွင့် အာဏာတွေ ဆုံးရှုံး ဒါမှမဟုတ် လျော့ပါးသွားတော့မလားဆိုတဲ့ စိုးရိမ်ပူပန်စိတ်နဲ့ အခြေအနေတွေကို တမင်သက်သက် မငြိမ်မသက် ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေအောင် လုပ်နေတဲ့သူ တွေလည်း ရှိနိုင်တယ်လို့ ကျွန်တော်ယူဆတယ်ဗျ။ သူတို့ဟာ ကိုယ်တိုင် မီးရှို့လို့ ရရင်ရ မရရင်လည်း သူ့ဘာသာသူ ပေါ်လာတဲ့ မီးစကလေးတွေကို မီးတောက်ကြီးတွေ ဖြစ်လာအောင် ဓာတ်ဆီ ဝင်လောင်းပေး နေကြတယ်လို့ ကျွန်တော် ခံစားနေရတယ်ဗျာ။

ရိုးရိုးသားသား အမြင်သဘောထား မတူတဲ့သူတွေကိုတော့ ဒီမိုကရေစီ ရဲ့ သဘာဝမို့ ဘာမှပြောစရာ မရှိပေမယ့် အဲသလို မရိုးသားတဲ့ ရည်ရွယ်ချက်နဲ့ ဖျက်လို ဖျက်ဆီး လုပ်ချင်နေသူတွေရဲ့ အကွက်ထဲ မဝင်မိအောင် ရှောင်ရှား နိုင်ဖို့ကတော့ ဒီမိုကရေစီ ဘက်တော်သားတိုင်း သတိထားသင့်တယ်လို့ နှိုးဆော် လိုက်ရကြောင်းပါဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်**
*၂၄၊ ဖေဖော်ဝါရီ ၂၀၀၉*
*အတွဲ ၃၊ အမှတ် ၁၃*

○

# မမျှော်လင့်တဲ့ ဆရာကန်တော့ပွဲ တစ်ခု

ပြီးခဲ့တဲ့ အပတ်က ဘယ်လိုမှ မထင်ထားတဲ့ ဆရာကန်တော့ပွဲ တစ်ခုကို တက်ရောက် အကန်တော့ ခံခဲ့ရတယ်။ ကန်တော့တဲ့ ကျောင်းသား ကျောင်းသူဟောင်းတွေက အခုနေ ပြောရင် အနက်ပါ ဖွင့်ပြရမယ့် ၁၉၇၈-၁၉၈၀ လူထု ဆက်သွယ်ရေး လုပ်ငန်းပညာ (Mass Communication) သင်တန်းရဲ့ ကျောင်းသားဟောင်းတွေ ဖြစ်တယ်ဗျ။

ဆရာကန်တော့ပွဲ အစီအစဉ်အကြောင်းကို ကျွန်တော့်ဆီ ဖုန်းဆက် သတင်းပေးသူက ဆရာကြီးဦးအောင်သင်းရဲ့ သမီး မမော်မော်သင်း ဖြစ်ပါတယ်။ သူက 'လူထုဆက်' သင်တန်းရဲ့ တတိယအသုတ် ၁၀၀ ဦးထဲမှာပါတယ်။ မြန်မာနိုင်ငံ ပညာရေး လောကမှာ စမ်းသပ်ချက်တစ်ခု ဖြစ်ခဲ့တဲ့ ဒေသကောလိပ်စနစ် ပေါ်ထွန်းခဲ့တဲ့ ၁၉၇၈၊ ၁၉၇၉၊ ၁၉၈၀ သုံးနှစ်တာ ကာလမှာ တစ်နှစ်ကို သင်တန်းသား ၁၀၀ စီ လက်ခံခဲ့တာဖြစ်လို့ စုစုပေါင်း ၃၀၀ ရှိခဲ့ပါတယ်။ အခု ၃၅ နှစ်လောက်ကြာတော့မှ သူတို့တွေထဲက ဆရာကန်တော့ပွဲ လုပ်ဖို့ စိတ်ကူးရသူ လေးငါးဆယ်ယောက်လောက်က တိုတောင်းတဲ့ အချိန်တစ်ခုအတွင်း ဆက်သွယ် စည်းရုံးလိုက်ကြတာ ဖေဖော်ဝါရီ ၂၄ ရက် (တနင်္ဂနွေနေ့) မှာ ရန်ကုန်မြို့ M 3 စားသောက်ဆိုင်မှာ ကျောင်းသားဟောင်း ၆၀ ကျော် ၇၀ လောက် တက်ရောက်တဲ့ ပွဲလေးတစ်ပွဲ လုလုပပ ဖြစ်မြောက်သွားခဲ့ပါတယ်။

ကျွန်တော် ကျန်းမာရေးအတွက် ဆေးကုသမှု ခံယူနေရတယ်ဆိုတာ သိထားကြလို့ မော်မော်သင်းတို့က အိမ်ကို လာတွေ့သတင်းမေးဖို့ ချိန်းသေးတယ်။ သို့ပေမယ့် အဲဒီနေ့မှာပဲ ဆရာကြီး ဦးအောင်သင်း အတော်နေမကောင်းလို့ ဆေးရုံတင်ရတာကြောင့် မော်မော်သင်း မလာဖြစ်ဘဲ ကိုသန်းဝင်းဆိုတဲ့ ကျောင်းသားဟောင်း (ယခု သဘော်အင်ဂျင်နီယာဖြစ်နေသူ) ပဲ လာတွေ့ပြီး အစီအစဉ်တွေ ရှင်းပြပါတယ်။ (ရက်ပိုင်းအတွင်းမှာပဲ ဆရာကြီး ဦးအောင်သင်းလည်း ဆေးရုံက ပြန်ဆင်းနိုင်ခဲ့ပါပြီ)



ကိုသန်းဝင်းက ကျွန်တော့် ကျန်းမာရေး အခြေအနေအရ M 3 ကို မလာနိုင်ရင် သူတို့ပဲ အိမ်မှာ လာကန်တော့ဖို့ စီစဉ်ပါ့မယ်လို့ လာပြောတာပါ။ သို့ပေမယ့် ကျွန်တော့်ကို ပုံမှန်အတိုင်းသဖွယ် ထူထူထောင်ထောင် မြင်တွေ့လိုက်တော့ သူ အံ့အားသင့်နေတယ်။ ဆရာ့ကြည့်ရတာ ဘာမှမဖြစ်သလိုပဲလို့ ပြောတယ်။ ကျွန်တော်က ကီမိုသွင်းထားတဲ့ ရက်တွေမှာပဲ side effect ဒဏ်တွေ ခံရတဲ့အကြောင်း၊ ကျန်တဲ့ အချိန်တွေမှာ လူကောင်း လိုပဲ ဆိုတာ ရှင်းပြရတယ်။ သို့ပေမယ့် ခုလို အချိန်တွေမှာလည်း လူစုလူဝေးရှိတဲ့ နေရာ တွေ မသွားမလာဖို့ အပြင်ထွက်ရင်လည်း နှာခေါင်း ပါးစပ်အကာနဲ့ လက်အိတ်နဲ့ သွားဖို့ ဆရာဝန်က ညွှန်ကြားထားတာ ပြောပြရပါတယ်။ ကိုယ်ခံအား ကျဆင်းနေချိန်မှာ သူများ ဆီက နှာစေး ချောင်းဆိုးတောင် ချက်ချင်း ကိုယ့်ကို ကူးစက်နိုင်လို့ ဖြစ်ပါတယ်။

နောက်ဆုံးတော့ အင်မတန် အပြင်သွားခဲတဲ့ ကျွန်တော်ဟာ 'လူထုဆက်' သင်တန်း သားဟောင်းတွေရဲ့ ဆရာကန်တော့ပွဲကိုတော့ လာဖြစ်အောင် လာပါမယ်လို့ ကတိပေးပြီး သွားဖြစ်အောင် သွားလိုက်ပါတယ်။ အကြောင်းကတော့ ရှားရှားပါးပါး ကျွန်တော့်ဘဝမှာ ကြုံဆုံခဲ့ရတဲ့ တပည့်ဟောင်းတွေနဲ့ နှစ် ၃၀ ကျော်ကြာမှ ကြုံတောင့်ကြုံခဲ တွေ့ရမှာ ဖြစ်လို့ပါ။ နောက်တစ်ချက်က ဟိုတုန်းက အတူသင်ကြားပို့ချခဲ့တဲ့ ဆရာ ဆရာမတွေနဲ့ ပြန်ဆုံချင်လို့ပါ။

ကျွန်တော် ရောက်သွားတော့ လူအတော်စုံနေပါပြီ။ ဆရာတွေကို နေရာချထားတဲ့ ဝိုင်းမှာ ဦးသာဘန်း (ကြေးမုံ)၊ ဦးကိုကိုကြီး (ဟန်ဂေရီ)၊ ဦးစပ်ကိုင်ဖ၊ ဦးလှထွန်း (တွံ့တေး)၊ ဦးရဲထွဋ် (မြန်မာ့အသံ)၊ ဒေါ်နုနု (စာကြည့်တိုက်ပညာ)၊ ဦးသိန်းအောင်၊ ဦးမေအောင်၊ ဒေါ်ချိုချိုသိန်း (လုပ်ငန်း အုပ်ချုပ်မှု ပညာ) တို့ကို တွေ့ရတယ်။ ဦးသာဘန်းက ကျွန်တော့်လိုပဲ ကျန်းမာရေး မကောင်းဖြစ်ခဲ့ရာက အခု ဆေးကုသမှု အောင်မြင်ပြီး လူကောင်း ပကတိလို ဖြစ်နေပါပြီ။ သို့ပေမယ့် အသက် ၈၀ နီးနေပြီဆိုတော့ ခပ်ယဲ့ယဲ့ပဲ။ ဦးကိုကိုကြီးကတော့ လေတစ်ခြမ်း ဖြတ်ခဲ့ရာက ဆေးကုသမှု ဦးခဲ့လို့ သက်သာရာ ရနေပါပြီ။ သို့ပေမယ့် လမ်းလျှောက်တုတ်နဲ့ လူအတွဲအဖော်ကို နည်းနည်းကိုးအားပြုပြီး လှုပ်ရှားရသေးတယ်။ အာဇာနည်ခေါင်းဆောင်ကြီး တစ်ဦးဖြစ်တဲ့ မိုင်းပွန်စော်ဘွားကြီးရဲ့သား စပ်ကိုင်ဖကတော့ နိုင်ငံခြားသတင်းထောက်အလုပ်က အနားယူတာ လေးနှစ်ရှိပြီ။ အရင်က နှလုံးရောဂါကုသခဲ့ရပေမယ့် အခုတော့ နည်းနည်းဝနေတာကလွဲလို့ ကျန်းမာရေးကောင်းပုံ ရပါတယ်။ ဦးလှထွန်း (တွံ့တေး) ကတော့ အသက် ၇၀ ကျော်လို့ မထင်ရအောင် နုပျိုနေတယ်။ ကျန်းမာရေးလည်း အတော် ကောင်းပုံရတယ်။ ဒေါ်နုနုကတော့ တစ်နေရာက တစ်နေရာကို ရွှေ့ပြောင်းသွားရတယ်။ ကျန်သူတွေကတော့ ကျန်းကျန်းမာမာ ရွှင်ရွှင်လန်းလန်းပါပဲ။

သေချာစစ်ကြည့်တော့ လူထုဆက်သွယ်ရေး သင်တန်း တက်ခဲ့သူတွေထဲက လက်ရှိ သတင်းမီဒီယာလောကမှာ လက်တွေ့လုပ်နေသူက သုံးယောက်ပဲ ရှိတော့တယ်။ ရန်ကုန် မီဒီယာဂရု(ပ်)က ဖလားဝါးနယူးစ်မှာ အယ်ဒီတာလုပ်နေတဲ့ ကိုမောင်ပါ၊ ဂျာနယ်တစ်စောင်မှာ အယ်ဒီတာလုပ်နေတဲ့ တင်တင်မော်နဲ့ မြန်မာ့အသံက အငြိမ်းစားယူထားတဲ့ ကိုဝင်းအောင် တို့ပါပဲ။ စာရေးဆရာတစ်ယောက်အဖြစ် အောင်မြင်နေတဲ့ နေဝင်းကျော်လည်း ပထမသုတ် သင်တန်းသားဟောင်းပါ။ သူ့ကိုတော့ တက်ရောက်လာတာ မတွေ့ဘူး။ ဘုန်းကြီးဝတ်နေတဲ့ တစ်ယောက်က သူ့ကို မှတ်မိရဲ့လားမေးလို့ ကြည့်လိုက်တော့ မောင်တိုးလွင်ဦး ဖြစ်နေတယ်။ သူက နိုင်ငံခြားမှာ နှစ်အတန်ကြာ အလုပ်သွားလုပ်နေရာက ပြန်လာပြီး ဘုန်းကြီးဝတ် သွားတာ အခု ၁၆ ဝါတောင်ရှိပြီတဲ့။ လယ်ဝေးမှာ ကျောင်းထိုင်နေတယ်လို့ သိရတယ်။ ကွယ်လွန်သွားတဲ့ သင်တန်းသားဟောင်း ဒါရိုက်တာ ကိုစန်းအောင်ကိုလည်း သတိတရ ဖြစ်ကြပါတယ်။

ဆရာတွေကို ကန်တော့ကြပြီး ဆရာတွေက အမှတ်တရ စကားပြောကြတယ်။ ပြီးတော့ သင်တန်းသားဟောင်းတွေထဲက ပထမပတ် ကိုယ်စား ကိုပါ၊ ဒုတိယပတ် ကိုယ်စား ကိုတင်ဆက်၊ တတိယပတ် ကိုယ်စား မော်မော်သင်းတို့က ကျေးဇူးတင်စကား ပြောကြတယ်။

တကယ်ကတော့ 'လူထုဆက်' သင်တန်းဆိုတာ စောစောက ပြောခဲ့သလိုပါပဲ၊ မြန်မာ ပညာရေးလောကရဲ့ လက်တည့်စမ်းချက် တစ်ခု ဖြစ်ခဲ့ပါတယ်။ ဆယ်တန်း အောင်မှတ်ရယ်၊ ပထမနှစ် ကောလိပ်တက်တုန်းက အမှတ်ရယ်၊ ဒုတိယနှစ်မှာ ခုလို အထူးပြု လုပ်ငန်းပညာသင်တန်း အသီးသီးက အမှတ်ရယ် ပေါင်းပြီးမှ ကြိုက်နှစ်သက်ယူပြီး တက္ကသိုလ်တွေကို ဝင်ခွင့်အတွက် ဆုံးဖြတ်တဲ့ ခေတ်ဖြစ်ပါတယ်။ ဒေသကောလိပ် ဒုတိယနှစ်မှာ 'လူထုဆက်' လိုပဲ အိမ်တွင်းမှု ပညာတို့၊ ရုပ်ရှင်လုပ်ငန်း ပညာတို့ လုပ်ငန်း အုပ်ချုပ်မှု ပညာတို့ စသည်ဖြင့် အထူးပြုပညာတွေ အသီးသီး ရှိသေးတယ်။ ကျောင်းသား လူငယ်တွေဟာ ဘာကိုမှ မည်မည်ရရ ပညာမရဘဲ အောင်မှတ် ကောင်းဖို့ကိုပဲ လုပ်ခဲ့ကြ ရတဲ့အကြောင်း ကျွန်တော် ပြန်ပြောပြတယ်။

၁၉၇၈ မတိုင်ခင်က ရန်ကုန်တက္ကသိုလ်မှာ ဘီအေ (သတင်းစာ ပညာ) ဘွဲ့ပေးဖို့ စိတ်ကူး ရှိခဲ့ဖူးတယ်။ အဲဒါကို ပညာရေး ဌာနနဲ့ ပြန်ကြားရေးဌာန ပူးပေါင်း အကောင်အထည် ဖော်ကြဖို့ ကြိုးစားခဲ့သေးတယ်။ ၁၉၇၇ မှာ ကျွန်တော် မစ်ရှီဂန် တက္ကသိုလ် သတင်းစာပညာဖဲလိုရှစ် တက်နေစဉ် ပြန်ကြားရေး ဝန်ကြီးက ရေးနိုင်းလို့ ဦးဆောင် ညွှန်ကြားရေးမှူး ဆရာဦးဘကျော် (ဂါဒီယန်) က ကျွန်တော့်ဆီ တရားဝင် စာလှမ်းရေးတယ်။ ရန်ကုန်တက္ကသိုလ်မှာ ဘီအေ (သတင်းစာ ပညာ) ဒီဂရီပေးဖို့ အမေရိကန်က သင်ရိုးညွှန်းတမ်းတွေကို လေ့လာခဲ့ပါလို့ ခိုင်းပါတယ်။ ကျွန်တော်က



တစ်ချက်ခုတ် နှစ်ချက်ပြတ်ဖြစ်အောင် တက္ကသိုလ်တစ်ခုမှာ သတင်းစာပညာ ဘွဲ့ဒီဂရီပေး သင်တန်းတစ်ခု စည်းရုံး ဖွဲ့စည်းပုံဆိုတဲ့ စာတမ်းတစ်ခု ပြုစုတယ်။ ကျွန်တော့် သင်တန်းရဲ့ အပြီးသတ် ပရိုဂျက်စာတမ်း ရေးရချိန်မှာ ကျွန်တော်က အဲဒီ အကြောင်းအရာကို ပြည့်ပြည့်စုံစုံ ရေးလိုက်တာ ဖြစ်ပါတယ်။ ဟိုက ဆရာတွေကလည်း အားလုံး ဝိုင်းဝန်း အားပေးကြတယ်။ သို့ပေမယ့် နောက်တော့ အဲဒီစီမံကိန်းဟာ ချောင်ထိုးခံလိုက် ရပါတယ်။ အမေရိကန်က Community College ပုံစံတွေကို လူကြီးတစ်ယောက်က အရမ်း သဘောကျပြီး အဲဒီအတိုင်း လုပ်ခိုင်းတာလို့ ဆိုပါတယ်။ မြန်မာနိုင်ငံမှာ နေ့ချင်းညချင်းပဲ ဒေသကောလိပ်တွေ ဖွင့်တယ်။ ဆရာတွေကလည်း ရှိတဲ့ လူတွေထဲကပဲ ဆွဲခေါ်ပြီး သင်ခိုင်းတယ်။ ကျွန်တော် ပြန်လာတော့ သတင်းစာပညာ ဘွဲ့ဒီဂရီပေးတဲ့ သင်တန်းဆိုတာ စကားတောင် မစပ်တော့ဘဲ ဒေသကောလိပ်မှာ ဝင်သင်ပေးပါလို့ ခိုင်းတာပါပဲ။

ခုတော့ ရန်ကုန်တက္ကသိုလ်က ဘီအေ (သတင်းစာပညာ) ဘွဲ့ပေးတဲ့ သင်တန်းတွေ ရှိနေပါပြီ။ ပထမဆုံး ဘွဲ့ရသူတွေတောင် ထွက်ပေါ်လာပါပြီ။ သူတို့ထဲက တချို့က လက်တွေ့ပါ ကျွမ်းကျင်အောင်ဆိုပြီး ကျွန်တော် ဖွင့်ထားတဲ့ သတင်းပညာ ၃ လ သင်တန်း ကို ဆောတက်ကြပါတယ်။

'လူထုဆက်' သင်တန်းသားဟောင်းတွေထဲက အတော်များများဟာ အသက်မွေးဝမ်း ကျောင်း တက္ကသိုလ်တွေကို ဆက်တက်ကြပြီး ဆရာဝန်၊ အင်ဂျင်နီယာ၊ ကုန်သည်၊ အုပ်ချုပ်ရေး၊ ပညာရေးဘက် အသီးသီးကို ရောက်ရှိခဲ့ကြတယ်။ သူတို့ အသက်တွေကလည်း ၅၀ ကျော် ၆၀ တွင်းတွေ ရောက်ကုန်ကြပြီ။ ခုလို နှစ်ပေါင်း ၃၀ ကျော် ကြာပြီးမှ ကျွန်တော် တို့ကို သတိတရနဲ့ ရှာဖွေ ဖိတ်ကြားပြီး ကန်တော့ကြတာကို ကြည်နူးပီတိဖြစ်လို့ မဆုံး ပါဘူး။ ကျွန်တော် မပြန်ခင် သင်တန်းသားဟောင်း တစ်ယောက်က စာအိတ်လေး တစ်အိတ် လာပေးတယ်။ ဆရာ့ကို ကန်တော့တာပါတဲ့။ နာမည် ဘယ်သူလဲ မေးတော့ မပြောပါဘူး။ ပြောပါဗျာဆိုတော့မှ ကိုလှညွှန့်လို့ သိရပါတယ်။ အိမ်ပြန်ရောက်တော့ ကျောင်းသားဟောင်းတွေ စုပေါင်း လှူလိုက်တဲ့ စာအိတ်ထဲမှာ အလှူငွေ ကျပ် ၂ သိန်း တွေ့ရပြီး ကိုလှညွှန့် စာအိတ်ထဲက ကျပ်နှစ်သောင်းတွေ့ရပါတယ်။ ကျန်းမာရေး အတွက် ဆေးကုသစရိတ် လိုအပ်နေတဲ့ ကျွန်တော့်အဖို့တော့ ကျေးဇူးတင်လို့ မဆုံးနိုင်ပါဘူးလို့ ပြောရုံအပြင် တခြား စကားလုံး မရှိနိုင်ပါ။ ဆရာကန်တော့ပွဲသို့တက်ရောက်နိုင်သူတွေရော မတက်ရောက်နိုင်ခဲ့သူတွေရော 'လူထုဆက်' သင်တန်းသားဟောင်း အားလုံး ကျန်းမာချမ်းသာကြပါစေ။

**မြည်သူ့ခေတ်ဂျာနယ်။**

၃၊ မတ်၊ ၂၀၁၃။

အတွဲ ၃၊ အမှတ် ၁၃၆။

○

# ရွေးကောက်ပွဲ သင်ခန်းစာ နမူနာ အချို့

မြန်မာနိုင်ငံရဲ့ အဓိကရ နိုင်ငံရေး အဖွဲ့အစည်းကြီး တစ်ရပ်ဖြစ်တဲ့ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် နိုင်ငံလုံးဆိုင်ရာ ညီလာခံကြီး မတ် ၈၊ ၉၊ ၁၀ မှာ ကျင်းပ ပြီးစီးသွားပါပြီ။ အခြေ အနေ အရပ်ရပ်အရ နှစ် နှစ်ဆယ်ကျော် အစိတ်အတွင်း ဗဟိုဦးစီးစနစ်နဲ့ ဖွဲ့စည်းထားရတဲ့ ပါတီအဖြစ်ကနေ အောက်ခြေပါတီဝင်ထုက ဒီမိုကရေစီနည်းကျ အဆင့်ဆင့် ရွေးကောက် တင်မြှောက်တဲ့ ပြည်သူ့ပါတီအဖြစ်သို့ ကူးပြောင်း တည်ဆောက်နိုင်ခဲ့ပြီလို့ ဆိုနိုင်တယ် ဗျ။

ကျွန်တော် မှတ်သားမိသလောက် မြန်မာ့နိုင်ငံရေးသမိုင်းမှာ ခေတ်အဆက်ဆက် ပေါ်ထွန်းခဲ့ဖူးတဲ့ နိုင်ငံရေး အဖွဲ့အစည်းများဟာ ဂျီစီဘီအေက စလို့ ဖဆပလ၊ ဗကပ၊ ပမညတ၊ ပထစအဆုံး ပြည်သူ့ပါတီများအဖြစ် ရပ်တည်ဖို့ ကြိုးစားခဲ့ကြတာချည်းပါပဲ။ နိုင်ငံလုံးဆိုင်ရာ ညီလာခံ (ဟိုတုန်းကတော့ ပြည်လုံးကျွတ် ညီလာခံလို့လည်း သုံးနှုန်း ခဲ့ကြပါတယ်) တွေ ကျင်းပပြီး ပါတီတွင်း ဒီမိုကရေစီကို ရှင်သန်စေခဲ့ကြပါတယ်။ ပါတီ ညီလာခံတွေကြောင့် ထက်ခြမ်းကွဲ ဆယ်ခြမ်းကွဲတွင်မကဘဲ လေးခြမ်းလောက် ကွဲကုန်ကြတဲ့ အဖြစ်မျိုးတွေကိုလည်း ဂျီစီဘီအေကြီးကအစ နမူနာတွေ ပြခဲ့ပေမယ့် နောက်ပိုင်းမှာ ဖဆပလ၊ ဗကပ တို့အပြင် ဒီမိုကရေစီပါတီ မဟုတ်တဲ့ မဆလခေါ် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ညီလာခံ တစ်ခုမှာတောင် ဖြုတ်ထုတ်ပွဲတွေ ဖြစ်ခဲ့သေးတာပါပဲ။ ပါတီ ဥက္ကဋ္ဌကြီးက မဲအရေအတွက်မှာ နံပါတ် ၃ လား၊ ၄ လား ဖြစ်သွားလို့ဆိုလား။ ပါတီတွင်း သန့်စင်ပွဲတွေ လုပ်ခဲ့ကြ၊ ခေါက်ဆွဲ တစ်သေတ္တာ၊ နို့ဆီဘူး တစ်သေတ္တာ စာရင်းကွာမှုနဲ့



ဖြုတ်ထုတ် ထောင်ချသတဲ့။ အင်မတန် ဟားတိုက်စရာကောင်းတဲ့ နိုင်ငံရေးပြက်လုံးတွေ ပေါ်ခဲ့ဖူးသဗျာ။

ဒီချုပ် ပါတီ ညီလာခံကြီးအကြောင်း ဆက်စပ်ရင်း ရှေးဟောင်းနှောင်းဖြစ်လေးတွေ သတိရမိတာပါ။ အခု သည်ဆောင်းပါးမှာ အဓိက ပြောချင်တာက ပြည်နယ်တွေက တိုင်းရင်းသား လူမျိုးတွေရဲ့ ဒေသဆိုင်ရာ နိုင်ငံရေးပါတီတွေနဲ့ နိုင်ငံလုံးဆိုင်ရာ အတိုင်း အတာနဲ့ ဖွဲ့စည်းထားတဲ့ နိုင်ငံရေးပါတီကြီးများရဲ့ ဆက်ဆံရေးအကြောင်း ဖြစ်ပါတယ်။

နောက်ကြောင်းလေး ပြန်ကောက်ရရင် မြန်မာနိုင်ငံ လွတ်လပ်ရေး ပေးကာနီး အချိန်အထိ ဗြိတိသျှအစိုးရက မြန်မာနိုင်ငံကို နှစ်ဆင့်ခွဲ အုပ်ချုပ်ခဲ့ပါတယ်။ ဗမာပြည်မကို ၁၉၂၂-၂၃ ဒိုင်အာခီ အုပ်ချုပ်ရေး ပေးချိန်ကစပြီး ဒီမိုကရေစီ ရွေးကောက်ပွဲ စနစ်နဲ့ မိတ်ဆက် ပေးခဲ့တယ်။ နောက်ဆုံး ၁၉၃၇ မှာ အိန္ဒိယနိုင်ငံရဲ့ ပြည်နယ်တစ်ခုအဖြစ်မှာ ခွဲထုတ်လိုက်ပြီး ၉၁ ဌာန အုပ်ချုပ်ရေး သွတ်သွင်းပေးတဲ့အထိ ဗမာပြည်မ (ထိုစဉ်က ရခိုင်တိုင်းဒေသကြီးနဲ့ တနင်္သာရီတိုင်းဒေသကြီး အပါအဝင်) မှာ ဥပဒေပြု လွှတ်တော် ရွေးကောက်ပွဲတွေ ရှိနေခဲ့ပါတယ်။

ချင်း၊ ကချင်၊ ရှမ်း စတဲ့ တိုင်းရင်းသား နယ်မြေတွေကိုကျတော့ ရွေးကောက်ပွဲ ဒီမိုကရေစီနဲ့ မတန်သေးဘူးလို့ အကြောင်းပြကာ တောင်တန်းဒေသ အုပ်ချုပ်ရေးစနစ်နဲ့ သီးခြား အုပ်ချုပ်ခဲ့ပါတယ်။ ရှမ်းပြည်နယ်က စော်ဘွားတွေ၊ ကချင်ပြည်နယ်က ဒူးဝါးတွေ ကိုလည်း မြန်မာဘုရင်လက်ထက်ကလိုပဲ အခွန်ကောက်ခံ၊ အုပ်ချုပ်စီမံခွင့်တွေ ပေးထား ခဲ့ပါတယ်။ တိုင်းရင်းသားဒေသတွေမှာ နိုင်ငံရေးပါတီ မဆိုထားနဲ့ နိုင်ငံရေးသမား ဆိုတာ တောင် မပေါ်လာအောင် ခြိမ်းခြောက် နှိပ်ကွပ်ထားခဲ့တယ်။ ပြည်မက နိုင်ငံရေးသမားတွေ ရောက်သွားရင်လည်း ခြေချုပ်နဲ့ ပြန်ပို့သတဲ့။ ဒုတိယ ကမ္ဘာစစ် မဖြစ်ခင် တို့ဗမာအစည်း အရုံးက သခင်ဗဟိန်းနဲ့ ဦးဌေးမြိုင် (ဆရာဒဂုန်တာရာ) တို့ တရုတ် တော်လှန်ရေးသမား တွေနဲ့ အဆက်အသွယ် ရှာဖို့ ရှမ်းပြည်နယ်ထဲ သွားခဲ့ကြတာ နေ့ချင်းပဲ ပြန်နှင်ထုတ်ခံ ရတဲ့အကြောင်း ဆရာဒဂုန်တာရာရဲ့ စာတစ်ပုဒ်မှာ ဖတ်လိုက် ရဖူးတယ်။

နောက်ပိုင်း ဂျပန်ခေတ်ရောက်ပြီး ဖက်ဆစ် တော်လှန်ရေးအတွက် တစ်နိုင်ငံလုံး စည်းရုံးလှုပ်ရှားချိန် ရောက်တော့မှ ရခိုင်၊ ချင်း၊ ကချင်၊ ရှမ်း၊ ကရင် စသည့် မွန်တိုင်းရင်းသား ဒေသအားလုံးမှာ နိုင်ငံရေး လှုပ်ရှားမှုတွေ ပေါ်ပေါက်လာခဲ့တယ်။ အဓိက မောင်းနှင်အားကတော့ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်တဲ့ ဖဆပလ အဖွဲ့ချုပ်ကြီးနဲ့ ဒုတိယအား အကောင်းဆုံး ဗမာပြည် ကွန်မြူနစ်ပါတီတို့ရဲ့ စည်းရုံးရေး ကြောင့်ပဲလို့ ပြောနိုင်ပါတယ်။

ပြည်မနဲ့ တောင်တန်းဒေသတွေ လွတ်လပ်ရေး အတူယူမလား၊ တောင်တန်းဒေသ တွေကို ချန်ထားခဲ့မလား ဆိုတာကို အဆုံးအဖြတ်ပေးတဲ့ ၁၉၄၇ ခု ဖေဖော်ဝါရီ ၁၂ ရက်

ပင်လုံ စာချုပ်ကြီး ချုပ်ဆိုတဲ့ အချိန်ကျတော့ တောင်တန်းဒေသတွေမှာ စော်ဘွားတွေ၊ ဒူးဝါးတွေ သာမက တိုင်းရင်းသား လူထုခေါင်းဆောင်တွေ (နိုင်ငံရေးသမားတွေ) ရှိလာနေကြပြီ။ ပင်လုံစာချုပ် လက်မှတ်ထိုးတော့ စော်ဘွားတွေ၊ ဒူးဝါးတွေအပြင် လူထုခေါင်းဆောင်တွေပါ ပါဝင်လက်မှတ် ထိုးထားကြတာ သတိပြုမိကြမယ် ထင်ပါတယ်။ လွတ်လပ်ရေး ခေတ်မှာတော့ ပြည်နယ်တွေမှာ နိုင်ငံရေးပါတီတွေ အသီးသီး ပေါ်ပေါက်လာပြီး ပဒေသရာဇ်စနစ် ဆန့်ကျင်ရေးနဲ့ ဖက်ဒရယ် ပြည်ထောင်စု စစ်စစ် ပေါ်ထွန်းရေး လှုပ်ရှားမှု တွေ ပေါ်ပေါက်ခဲ့တယ်။ ၁၉၅၈-၆၀ ဗိုလ်ချုပ်နေဝင်း အိမ်စောင့်အစိုးရ လက်ထက်မှာ ရှမ်းစော်ဘွားတွေကို စတိသဘော လျော်ကြေးပေးပြီး အတင်းအဓမ္မ အာဏာစွန့်ခိုင်းခဲ့ တယ်။ အဲဒီ လုပ်ရပ်ဟာ နောင်ဖြစ်ပေါ်လာမယ့် အနိဋ္ဌာရုံတွေရဲ့ နိဒါန်း အစပဲလို့ ဆိုနိုင် ပါတယ်။

ပြည်နယ် နိုင်ငံရေးသမား လူထုခေါင်းဆောင် အတော်များများက တိုင်းရင်းသား လူမျိုးတွေဟာ ဗမာတွေနဲ့ တန်းတူ အခွင့်အရေး မရှိဘူးလို့ ခံစားနေကြတာ ကြာပါပြီ။ ထုတ်လည်း ပြောကြတယ်။ စာနဲ့ပေနဲ့လည်း ရေးကြတာ အများကြီးပါပဲ။ ရှာဖွေ ဖတ်ရှုလို့ ရပါတယ်။

မဆလ တစ်ပါတီစနစ်ခေတ်မှာ ပြည်နယ်တွေရော၊ ပြည်မမှာပါ နိုင်ငံရေးပါတီတွေ ဖွဲ့စည်းခွင့် မရှိတော့ပါဘူး။ တောတွင်း လက်နက်ကိုင် ပါတီတွေကလွဲလို့ နိုင်ငံရေးဆိုတာ အများပြည်သူနဲ့ မဆိုင်သလို ဖြစ်ခဲ့ရတယ်။ ၁၉၈၈ ခုနှစ် ရှစ်လေးလုံး အရေးတော်ပုံကြီး ပြီးတော့မှ နိုင်ငံရေးပါတီတွေ တည်ထောင်ခွင့်ပြုတဲ့အခါ ၂၆ နှစ်လုံးလုံး မျိုသိပ်ထားခဲ့ရသမျှ အတိုးချပြီး ပါတီစုံ ၂၃၀ ကျော် ဖွဲ့စည်းခဲ့ကြပါတယ်။ ပြည်နယ်တွေမှာလည်း နိုင်ငံရေး ပါတီတွေ အပြိုင်းအရိုင်း ပေါ်ပေါက်ခဲ့ပါတယ်။

အဲဒီအချိန်က မြန်မာ နိုင်ငံမှာ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ကျယ်ပြန့်စွာ ဖွဲ့စည်း နိုင်ခဲ့တဲ့ နိုင်ငံရေးပါတီတွေ အတော်ကလေး များခဲ့ပါတယ်။ မူလ မဆလကို နာမည် ပြောင်းလိုက်တဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပါတီက အရှိန်မပျက် အောက်ခြေပါတီ အဖွဲ့အစည်း အဆင့်ဆင့်နဲ့ ရပ်တည်နေတယ်။ ဒီမိုကရေစီ အင်အားစုတွေဘက်ကတော့ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဦးဆောင်မှုကို ယုံကြည်သူများနဲ့ အား အကောင်းဆုံး ဖွဲ့စည်း နိုင်ခဲ့တယ်။ ပြီးတော့ ရှစ်လေးလုံး အရေးတော်ပုံကြီးရဲ့ ရှေ့ဆောင် သူရဲကောင်းတွေ ဖြစ်ခဲ့တဲ့ ကျောင်းသား လူငယ်တွေ တည်ထောင်တဲ့ လူ့ဘောင်သစ် ဒီမိုကရေစီပါတီကလည်း ဒီချုပ်နဲ့ နင်လားငါလား စည်းရုံးနိုင်ခဲ့တယ်။ ဝန်ကြီးချုပ်ဟောင်း ဦးနုခေါင်းဆောင်တဲ့ ဒီငြိမ်းဒေါ် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီကလည်း ဦးနုတို့ ဗိုလ်မှူးအောင်တို့လို အစဉ်အလာကြီးတဲ့ ခေါင်းဆောင်တွေရဲ့ အားနဲ့ ရှေ့တန်းမှာ ရှိနေပါတယ်။ ဒါတွင်မက ဝီရုရ သခင်ချစ်မောင်ရဲ့ ယခင် ပမညတ ခေါင်းဆောင်တွေ ဦးဆောင်တဲ့ အမျိုးသား ပြန်လည် တည်ဆောက်ရေး



တပ်ပေါင်းစုကလည်း အင်အားကြီးတစ်ခုပါပဲ။

နိုင်ငံလုံး အတိုင်းအတာနဲ့ ကျယ်ပြန့်စွာ ဖွဲ့စည်းနိုင်တဲ့ အထက်ပါ ပါတီတွေ ရှိနေသလို ပြည်နယ်တွေမှာလည်း ရွေးကောက်ပွဲနိုင်လို့ နဝတရဲ့ ကတိအတိုင်း တည်ခဲ့ရင် ပြည်နယ်အစိုးရများ ဖွဲ့စည်းကာ တိုင်းရင်းသား လူမျိုးအားလုံး (ဗမာ အပါအဝင်) တန်းတူ အခွင့် အရေး ရရှိရေး၊ တိုင်းရင်းသား အားလုံး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိရေးနဲ့ ဒေသ အကျိုးစီးပွားကို ထိထိရောက်ရောက် စွမ်းဆောင်လိုက်မဟဲ့လို့ ရည်သန်ပြီး တိုင်းရင်းသားပါတီတွေ စည်းရုံး လှုပ်ရှားခဲ့ကြတယ်။

ဦးခွန်ထွန်းဦး ခေါင်းဆောင်တဲ့ ရှမ်း အမျိုးသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) အပါအဝင် အခြား တိုင်းရင်းသား လူမျိုးစုံပါတီတွေ စုပေါင်း ဖွဲ့စည်းထားတဲ့ ပြည်ထောင်စု တိုင်းရင်းသားများ ဒီမိုကရေစီ အဖွဲ့ချုပ် (UNLD) ဆိုတာ ၁၉၈၉ ခုနှစ် နှစ်ဦးပိုင်းမှာ ပေါ်လာပြီး အတော်ကြီးကို အားကောင်းတဲ့ တိုင်းရင်းသား တပ်ပေါင်းစုအသွင် တွေ့လာ ရပါတယ်။

ကျွန်တော်က အဲဒီ အချိန်က နိုင်ငံရေး နယ်ထဲမှာပါ။ ဒီချုပ် ဗဟိုကော်မတီ တစ်ယောက်ဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး စည်းရုံးရေးအဖွဲ့မှာ တာဝန်ယူနေပါတယ်။

၁၉၈၉ နှစ်ဆန်းပိုင်းမှာ ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပဖို့ နဝတက ရွေးကောက်ပွဲ ဥပဒေတွေ ထုတ်ပြန်ကြေညာပြီး နိုင်ငံရေးပါတီများ အနေနဲ့ ပြင်ဆင်ချင်တာတွေ အကြံပေးချင်တာတွေကို စာရေး၍ တင်ပြနိုင်ကြောင်း ကြေညာတော့ နဝတ ရွေးကောက်ပွဲ ဥပဒေကို လေ့လာပြီး အကြံပြုစာတမ်းရေးဖို့ ဒီချုပ် CEC က အထူးအဖွဲ့တစ်ခု ဖွဲ့စည်းပါတယ်။ အဲဒီမှာ ရှေ့နေကြီး ဒေါ်မြင့်မြင့်ခင်က ဥက္ကဋ္ဌ၊ ကျွန်တော်က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရပါတယ်။ စာတမ်းမူကြမ်း ပြုစုပြီးတော့ ဗဟိုကော်မတီ စုံညီ အစည်းအဝေးတစ်ခုမှာ တင်ပြပြီး အတည်ပြုပါတယ်။

အဲဒီ ဗဟို ကော်မတီ အစည်းအဝေး (၈ ကြိမ်မြောက်လို့ ကျွန်တော်ထင်ပါတယ်) မှာ အထွေထွေ အတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်က 'ရွေးကောက်ပွဲကို ကျွန်မတို့ ဝင်မယ် မဝင်ဘူးဆိုတာ ခုချိန်ထိ မဆုံးဖြတ်ရသေးပါဘူး။ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲလို့ ကျေနပ်လက်ခံနိုင်တဲ့ အခြေအနေမျိုးတွေ ဖန်တီးနိုင်မှသာ ရွေးကောက်ပွဲ ဝင်မှာပါ။ ဒါပေမဲ့ ရွေးကောက်ပွဲကို ဝင်ဖြစ်တယ်ဆိုပါစို့၊ ကျွန်မတို့ အဖွဲ့ချုပ်ရဲ့ အနေအထား ဘယ်လို ရှိနိုင်တယ်ဆိုတာ တိုင်းအလိုက် တင်ပြစေချင်ပါတယ်' လို့ ပြောပါတယ်။ ဒေါ်မြင့် မြင့်ခင်က 'အပြိုင်အဆိုင် နိုင်ငံရေးပါတီတွေကို လျော့တွက်လို့ မရဘူး။ ဒါကြောင့် ဒီချုပ် အနေနဲ့ မဲအပြတ်နိုင်နိုင်တဲ့ အခြေအနေ မရှိသေးဘူး' လို့ သူ့အမြင်ကို တင်ပြပါတယ်။

ကျွန်တော်က ပဲခူးတိုင်း ဒေသကြီးထဲမှာရှိတဲ့ မြို့ကြီးမြို့ငယ်တွေတင်မက တစ်နေရာက တစ်နေရာ ၇ မိုင် ၈ မိုင်လောက် ကုန်းကြောင်း လျှောက်ရတဲ့ ကျေးရွာတွေကိုလည်း အရောက်သွားခဲ့ပြီးဖြစ်လို့ 'ပဲခူးတိုင်းဒေသကြီး အနေနဲ့ကတော့ မဲဆန္ဒနယ် ၅၁ နယ် အားလုံးမှာ နိုင်မယ်လို့ သေချာပေါက် ပြောရဲပါတယ်' လို့ တင်ပြခဲ့ပါတယ်။ ဒေါ်စုက ဘာကြောင့် အဲသလောက် ပြောနိုင်သလဲလို့ မေးတော့ ကျွန်တော်က ကျေးလက်တွေအထိဆင်းပြီး ပြည်သူတွေရဲ့သဘောထားကို ကိုယ်တိုင် လေ့လာထားပြီးဖြစ်လို့ ခုလို ပြောနိုင်တာပါလို့ ပြန်ရှင်းပြလိုက်ပါတယ်။

၁၉၉၀ မေလ ရွေးကောက်ပွဲကျတော့ ကျွန်တော့် တွက်ကိန်း ရာခိုင်နှုန်းပြည့် မမှန်ဘဲ သီသီလေး လွဲခဲ့ပါတယ်။ ပြည်မြို့နယ် မဲဆန္ဒနယ် တစ်ခုမှာ ဒီချုပ် ရှုံးခဲ့ပါတယ်။ မဲဆန္ဒနယ် ၅၀ မှာ အနိုင်ရခဲ့ပါတယ်။ ပြည်မြို့ ဖြစ်ရပ်ဟာ ရွေးကောက်ပွဲ သင်ခန်းစာ နမူနာတစ်ခု အဖြစ် လေ့လာ မှတ်သားသင့်တဲ့ ဖြစ်ရပ်ပါ။ အခုတလော တိုင်းရင်းသား ပါတီတွေက ၂၀၁၅ ရွေးကောက်ပွဲမှာ နိုင်ငံလုံးဆိုင်ရာ ပါတီကြီးများရဲ့ပါဝင်ယှဉ်ပြိုင်မှု အလားအလာ အပေါ် သူတို့ရဲ့သဘောထားကို ထုတ်ဖော် ပြောဆိုနေချိန်မှာ ထည့်သွင်း စဉ်းစားသင့်တဲ့ အတိတ်သင်ခန်းစာ တစ်ခုကို သတိရမိခြင်း ဖြစ်ပါတယ်။

**ပြည်သူ့ခေတ်ဂျာနယ်**
*၁၀၊ မတ်၊ ၂၀၁၃*
*အတွဲ ၃၊ အမှတ် ၁၃၇*

○

# အတိုက်အခံ အကွဲနှင့် ရွေးကောက်ပွဲ ရလဒ်

ပြီးခဲ့တဲ့ အပတ်က ပြည်သူ့ခေတ်ဂျာနယ်မှာ ရွေးကောက်ပွဲ သင်ခန်းစာ နမူနာ အချို့ ခေါင်းစဉ်နဲ့ ၁၉၉၀ ရွေးကောက်ပွဲတုန်းက ကျွန်တော့်ရဲ့ ရဲရဲတင်းတင်း အာမခံချက် လွဲချော်ပြီး ပဲခူးတိုင်းဒေသကြီးမှာ ဒီချုပ် တစ်နေရာ ရှုံးခဲ့တဲ့အကြောင်း ရေးခဲ့ပါတယ်။ အဲဒီအကြောင်း အစပြန်ဖော်ရတာက လောလောဆယ် ပြည်နယ်တချို့က တိုင်းရင်းသား ပါတီတွေက နောက် ရွေးကောက်ပွဲတွေကျရင် နိုင်ငံလုံးဆိုင်ရာ ပါတီကြီးတွေ သူတို့ဆီမှာ လာမပြိုင်စေချင်ဘူးလို့ အတိအလင်း သဘောထား ထုတ်ဖော်နေကြတာကို ကြားသိနေရလို့ ဖြစ်ပါတယ်။

ပြည်မြို့နယ် မဲ ဆန္ဒနယ် တစ်ခုမှာ ဖြစ်ခဲ့တဲ့ ကိစ္စရဲ့ ဇာစ်မြစ်ကို ခုအချိန်မှာ ဇာတ်ကြောင်း ပြန်မလှန်ချင်တော့ပါဘူး။ ၉၀ ပြည့်နှစ် ရွေးကောက်ပွဲအတွက် အမတ်လောင်းတွေ ရွေးချယ်ချိန်မှာ ကျွန်တော် အင်းစိန်ထောင်ထဲ ရောက်နေပါတယ်။ ၁၉၈၉ ဇူလိုင်လ ၂၀ ရက်နေ့ ညက ဒီချုပ်ပါတီဌာနချုပ် ရုံးထဲကနေ ဗဟိုကော်မတီ ဦးမိုးသူနဲ့ ကျွန်တော့်ကို ဖမ်းသွားတာပါ။ စစ်ကြောရေးစခန်းနဲ့ ထောင်ထဲမှာ ၉ လကျော် ပုဒ်မ ၁၀ (က) နဲ့ ထိန်းသိမ်းထားပြီး ရွေးကောက်ပွဲ မကျင်းပခင် တစ်လလောက် အလိုမှာမှ ပြန်လွှတ်ခဲ့ပါတယ်။ ဝေါမြို့နယ် အမှတ် ၂ မဲဆန္ဒနယ်ကနေ အမတ်လောင်းအဖြစ် ဝင်အရွေးခံဖို့ ပုံစံတွေကို ဒီချုပ်က ထောင်ထဲကို ပို့လိုက်တာ ကျွန်တော်က လက်ခံသဘောတူကြောင်း လက်မှတ်ရေးထိုး ပြန်ပို့လိုက်တာဖြစ်လို့ အမတ်လောင်း တစ်ယောက် အနေနဲ့ ပြန်လွှတ်တာ ဖြစ်ပါတယ်။

ကျွန်တော့်ကို ပြန်လွှတ်တဲ့နေ့က အိမ်ကို တန်းပြီး ပြန်မပို့သေးဘူး။ ခင်ဗျား ထိန်းသိမ်းခံနေရတဲ့ ၉ လကျော်အတွင်း တည်ဆောက်ပြုပြင်ရေးတွေကြောင့် ရန်ကုန်မြို့ကြီး ဘယ်လောက် တိုးတက်နေတယ်ဆိုတာ လိုက်ပြမယ်ဆိုကာ ကားနဲ့ လှည့်ပြပါတယ်။ ရွေးကောက်ပွဲအတွက် ပါတီတွေရဲ့ မဲဆွယ် ပိုစတာကြီးတွေကိုလည်း ပြပါတယ်။ အဲသလို ပြရင်း 'ခင်ဗျားတို့ အဖွဲ့ချုပ်ကတော့ အမတ်လောင်း အဝေမတည့်လို့ ရန်တွေဖြစ်ကြ၊ တံမြက်စည်းရိုးနဲ့ ရိုက်မောင်း ပုတ်မောင်းတွေ ဖြစ်ကြ၊ ခင်ဗျား သိပ်မကြာခင် ကြားပါလိမ့်မယ်' လို့ ပြောပါသေးတယ်။

အိမ်ပြန်ရောက်တဲ့ နေ့ချင်းမှာပဲ အခြေအနေတွေ သိရပါတယ်။ သို့ပေမယ့် လမ်းမှာ ပြောလိုက်သလောက် ဆိုးဆိုးဝါးဝါး မဟုတ်ပါဘူး။ ထုံးစံအတိုင်း အမတ်လောင်း ရွေးချယ်ရေးမှာ ပြဿနာဖြစ်ခဲ့တဲ့ နေရာတချို့ ရှိခဲ့တယ်။ အဲဒီအထဲ ပဲခူးတိုင်း ပြည်မြို့နယ်လည်း ပါဝင်နေတာပါပဲ။ ဗဟိုက ရွေးချယ်လိုက်သူကို လက်မခံလိုတဲ့ အောက်ခြေ ပါတီဝင်တချို့က သူတို့ သဘောကျတဲ့ ဒေသခံ ဒီချုပ်အဖွဲ့ဝင် တစ်ယောက်ကို တစ်သီးပုဂ္ဂလ အမတ်လောင်းအဖြစ် တင်ပြီး ယှဉ်ပြိုင်ခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော် မရှိတဲ့ အချိန်မှာ အဲဒီပြဿနာတွေ ဖြစ်ခဲ့တာ အမတ်လောင်းစာရင်းတွေ ထွက်ပြီး မဲတောင်းဆွယ်နေကြပြီဆိုတော့ ဘာမှ မတတ်နိုင်တော့ပါဘူး။

မဲဆန္ဒရှင်အများစုက ဒီချုပ်ကို ထောက်ခံမဲ ပေးချင်တယ်။ သို့ပေမယ့် ခမောက် အမှတ်အသားနဲ့ ယှဉ်ပြိုင်တဲ့ အမတ်လောင်းရယ်၊ သူတို့က ဒီချုပ်တစ်ယောက်လို့ပဲ သိထားတဲ့ တစ်သီးပုဂ္ဂလ အမတ်လောင်းရယ်ကြားမှာ မဲတွေ ကွဲကုန်ပြီး ကြားထဲက တစည အမတ်လောင်းက အနိုင်ရသွားတယ်။ သည်နှစ်ယောက်ရဲ့ မဲ စုစုပေါင်းဟာ တစည အမတ်လောင်းရသွားတဲ့ မဲထက် အများကြီးသာတယ်။ သို့ပေမယ့် မဲကွဲသွားလို့ နှစ်ယောက်လုံး ရှုံးခဲ့ရတာပါ။ ဒီလိုဖြစ်ရခြင်းဟာ ဘာမှမထူးဆန်းပါဘူး။ တောင်ကိုရီးယားမှာ ၁၉၈၇ ခုနှစ်က အလားတူ အဖြစ်မျိုး အထင်အရှား ဖြစ်ခဲ့ဖူးလို့ လေ့လာသူ အတော်များများက အဲဒီအကြောင်းကို နိုင်ငံရေး သိပ္ပံသင်ခန်းစာ တစ်ခုအဖြစ် လေ့လာမှတ်သားခဲ့ကြပါတယ်။

တောင်ကိုရီးယားမှာ 'ကွမ်ဂျူး' အုံကြွမှုကြီးလို ပြည်သူအများ သွေးမြေကျခံပြီး တောင်းဆို ဆန္ဒပြပွဲများစွာ ဖြစ်ပွား အပြီးမှာ အာဏာရှင် ချွန်ဒူးဝှမ်က သမ္မတကို လွှတ်တော်က ရွေးတဲ့စနစ်ကနေ ပြည်သူလူထု တိုက်ရိုက် ဆန္ဒမဲပေး ရွေးချယ်တဲ့စနစ်သို့ ပြောင်းလဲတဲ့ အခြေခံဥပဒေ ပြင်ဆင်မှု ပြုလုပ်ပေးခဲ့တယ်။ ပထမဆုံး တိုက်ရိုက် မဲပေး ရွေးကောက်တဲ့ပွဲမှာ အာဏာရှင် ချွန်ဒူးဝှမ်က သူ့လူရင်း ဗိုလ်ချုပ်ကြီး နိုတေဝူးကို စစ်မှုထမ်းအဖြစ်က ထွက်စေပြီး သမ္မတလောင်းအဖြစ် ဝင်အရွေးခံနိုင်းတယ်။ တစ်ချိန်တည်းမှာ လက်ယာအုပ်စုက ကင်မ်ယန်းဆန်ကလည်း သမ္မတလောင်းအဖြစ် စာရင်း



တင်တယ်။ တစ်သက်လုံး အတိုက်အခံ လုပ်လာသူ၊ ပြည်ပြေးဖြစ်လိုက်၊ ဝရမ်းပြေးဖြစ်လိုက်၊ ထောင်ကျလိုက်နေခဲ့ရသူ လက်ဝဲယိမ်းနိုင်ငံရေးသမားကြီးလို့ လူသိများတဲ့ ကင်မ်ဒေးဂျုံကလည်း သမ္မတလောင်းအဖြစ် စာရင်းတင်ပါတယ်။ ဒီတစ်ကြိမ်မှာ သူတို့နှစ်ယောက်ထဲက တစ်ယောက်က နောက်ဆုတ်ပေးဖို့ နိုတေဝူးကို အတိုက်အခံ တစ်ယောက်တည်းက ယှဉ်ပြိုင်ဖို့ အမြော်အမြင်ကြီးသူ တိုင်းပြည်ရဲ့ နားမျက်စိများက ဝိုင်းဝန်း တောင်းပန်ကြပေမယ့် ဘယ်သူကမှ နောက်မဆုတ်ပေးခဲ့ပါဘူး။ သည်လိုနဲ့ နောက်ဆုံးတော့ ဗိုလ်ချုပ်ကြီး နိုတေဝူးက အနိုင်ရကာ သမ္မတ ဖြစ်သွားပါတယ်။

ဒါနဲ့ မပြီးသေးဘူး။ နိုင်ငံရေးဆိုတာ ဘယ်လောက် သိမ်မွေ့သလဲဆိုရင် နိုတေဝူး သမ္မတ သက်တမ်းအတွင်း ကင်မ်ယန်းဆန်က နိုတေဝူးပါတီနဲ့ ပေါင်းလိုက်တယ်။ နောက်တစ်ကြိမ် ရွေးကောက်ပွဲကျတော့ အာဏာရပါတီရဲ့ သမ္မတလောင်းအဖြစ် ကင်မ်ယန်းဆန်ကို ရွေးလိုက်တယ်။ ကင်မ်ယန်းဆန်နဲ့ ကင်မ်ဒေးဂျုံ တစ်ပွဲချင်း ပြန်ဖိုက်ကြတဲ့အခါ ကင်မ်ဒေးဂျုံ ရှုံးသွားတယ်။ ဘာကြောင့်လဲဆိုတော့ သူ့မှာက မူလ သူ့ကို ထောက်ခံတဲ့ အပိုင်မဲပဲ ရှိတယ်။ ကင်မ်ယန်းဆန်ကျတော့ မူလ သူ့အပိုင်မဲ အပြင် အာဏာရပါတီကို ထောက်ခံတဲ့ မဲတွေပါ သူ့ဆီ ဝင်ကုန်တာကိုး။ ကင်မ်ဒေးဂျုံခမျာ တတိယအကြိမ် ဝင်ပြိုင်တော့မှ သမ္မတ ဖြစ်ပါတော့တယ်။ (သူနဲ့ ယှဉ်ပြိုင်သူက အစိုးရနဲ့ နီးစပ်သူဆိုပြီး လူထုမဲက သူ့ဆီ ပြုံရောက် သွားတာပါ)

ကျွန်တော့် ဆောင်းပါးရဲ့ မူလဦးတည်ချက်ကို ပြန်ကောက်ပါမယ်။ တိုင်းရင်းသား ဒေသ (ပြည်နယ်) တွေမှာ ပြည်မက နိုင်ငံရေးပါတီကြီးတွေ ၂၀၁၅ ကျရင် လက်ရှောင်ကြပါလို့ မေတ္တာရပ်ခံနေကြတာကို ထည့်သွင်း စဉ်းစားသင့်ကြောင်း ပထမ ဆောင်းပါးမှာကတည်းက ကျွန်တော် ပြောခဲ့ပါတယ်။ ပါတီကြီးက အမတ်လောင်းကို ပါတီကြီးရဲ့ စည်းရုံးရေးနဲ့ အခြား အရှိန်အဝါများကြောင့် မဲပေးသူတွေ အများကြီး ရှိနိုင်သလို တိုင်းရင်းသားပါတီက အမတ်လောင်းကိုလည်း တိုင်းရင်းသားချင်း ဆိုတဲ့ သံယောဇဉ်နဲ့ မဲ ပေးကြမှာပါပဲ။ သို့ပေမယ့် မဲတွေ ကွဲသွားတဲ့အတွက် သူတို့နှစ်ယောက်စလုံး နိုင်ခြေနည်းပါလိမ့်မယ်။

၉၀ ပြည့်နှစ် ရွေးကောက်ပွဲတုန်းက ရှမ်းပြည်နယ်မှာ SNLD က နေရာအများစု နိုင်ခဲ့တယ်။ ရခိုင်ပြည်နယ်မှာလည်း ALD က အများစုနိုင်ခဲ့ပါတယ်။ မွန်ပြည်နယ်မှာလည်း မွန်ပါတီက အတော်များများ နိုင်ခဲ့တယ်လို့ ကျွန်တော် မှတ်မိပါတယ်။

၁၉၆၀ ပြည့်နှစ် ရွေးကောက်ပွဲတုန်းက ဦးနုရဲ့ သန့်ရှင်း ဖဆပလကို ပုံအော မဲပေး ခဲ့ကြတဲ့အတွက် ယခင် ရွေးကောက်ပွဲ (၁၉၅၆) တုန်းက အမတ်နေရာ ၄၆ နေရာ ရခဲ့တဲ့ အတိုက်အခံ တပ်ပေါင်းစု (ပမညတ) ဟာ အမတ်တစ်နေရာပဲ နိုင်ခဲ့ပါတယ်။ ပြည်သူချစ်တဲ့ ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇောသည်ပင်လျှင် တစ်သီးပုဂ္ဂလ

အဖြစ် ဝင်ပြိုင်တာ အနိုင်မရခဲ့ပါဘူး။ ၉၀ ပြည့်နှစ်တုန်းက ဒီချုပ် အနေအထားဟာ ၁၉၆၀ ပြည့်နှစ်က သန့်ရှင်း ဖဆပလနဲ့ ဆင်တူပါတယ်။ ဟိုတုန်းက နမှ န ဖြစ်ခဲ့သလို ၉၀ ပြည့်မှာလည်းစုမှ စု ဖြစ်ခဲ့တာပါ။

သို့သော် ဟိုတုန်းက သန့်ရှင်း ဖဆပလက ပြည်နယ်တွေမှာ တိုင်းရင်းသား ပါတီတွေနဲ့ ရွေးကောက်ပွဲ မဟာမိတ် (electoral alliance) တွေ ဖွဲ့ပြီး အပေးအယူလုပ် ယှဉ်ပြိုင်ခဲ့ကြတယ်ဆိုတာ လေ့လာသင့်ပါတယ်။ နိုင်ငံရေးမှာ အကျိုးဆက်တွေ ဖြစ်ပေါ်တတ်တဲ့ ထုံးစံအတိုင်း အဲသလို ရွေးကောက်ပွဲ မဟာမိတ်လုပ်ခဲ့ခြင်းရဲ့ ဂယက်တွေလည်း ကျန်ခဲ့တာပါပဲ။ ဦးနုဟာ နောက်ပိုင်းမှာ ဝေဖန်မှုတွေ အများကြီးနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ရွေးကောက်ပွဲ မဟာမိတ်ပုံစံ အချိုးအကြောင်း နောင်အလျဉ်းသင့်ရင် တင်ပြပါဦးမယ်။

**ပြည်သူ့ခေတ်ဂျာနယ်။**

*၁၆၊ မတ်၊ ၂၀၁၃။*

*အတွဲ ၃၊ အမှတ် ၁၃။*

# မစိုးရိမ် ဆရာတော်ကြီး မိန့်ကြားတော်မူ သကဲ့သို့

စင်ကာပူကို ငါးကြိမ်မြောက် ဆေးစစ်ဖို့ ရောက်နေပါတယ်။ ဆေးစစ်အပြီးမှာတော့ မောင့်အယ်လိဇဘက် ဆေးရုံက အထူးကုသမားတော်သုံးဦး ညှိနှိုင်းကြပြီး ကျွန်တော့်ကို ဓာတ်ရောင်ခြည် ကုသမှု (Radiotherapy) ပြောင်းပေးဖို့ ဆုံးဖြတ်ပါတယ်။ ဓာတ်ရောင်ခြည် ကုသမှုခံယူချိန်မှာ တစ်ပတ်လျှင် တစ်ကြိမ် ကီမိုဆေးသွင်းမှုကိုလည်း ဆက်လုပ်သွားမယ်လို့ ပြောပါတယ်။ ယခု အစီအစဉ်အရဆိုရင် ကျွန်တော် ဒီမှာ နည်းနည်းကြာဦးမယ် ထင်ပါတယ်။ ကျွန်တော့်ရဲ့စာဖတ် ပရိသတ်များ၊ မိတ်ဆွေသင်္ဂဟများ၊ စေတနာရှင်၊ အလှူရှင်များထံ ကျွန်တော့် ကျန်းမာရေးကိစ္စ အကျဉ်းမျှ အစီရင်ခံခြင်း ဖြစ်ပါတယ်။ အားလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

ပြည်သူ့ခေတ်အတွက် ကျွန်တော့် ကော်လံဆောင်းပါး ဆက်ရေးဖို့လည်း ကြိုးစားပါမယ်။ခုလောလောဆယ်တော့ အင်တာနက် ကျေးဇူးနဲ့ မြန်မာပြည်က သတင်းတွေ မိနစ်နဲ့အမျှ ကြားသိနေရပါတယ်။ စိတ်ချမ်းသာစရာက နည်းနည်း၊ စိတ်ပျက်စရာ၊ ယူကျုံးမရ ဖြစ်စရာတွေက များများ ဖြစ်နေပါတယ်။ သည်အတောအတွင်း အင်တာနက်မှာ တင်ထားတဲ့ မန္တလေး မစိုးရိမ် တိုက်သစ် မဟာနာယကချုပ်ဆရာတော် ဘဒ္ဒန္တရာဇ ဓမ္မာဘိဝံသရဲ့ ဩဝါဒကို ဖတ်လိုက်ရတော့မှ သည်စိတ်မချမ်းမြေ့စရာ ဖြစ်ရပ်တွေရဲ့ တရားခံအစစ်ကို ဆင်ခြင်သိနဲ့ နားလည်သွားပါတော့ တယ်။ အဲဒါကတော့ စဉ်းစား ချင့်ချိန်တတ်တဲ့ အသိဉာဏ် ကင်းမဲ့ခြင်းပဲ ဖြစ်ပါတယ်။

မစိုးရိမ်ဆရာတော်ကြီးရဲ့ ဩဝါဒကို ကောက်နုတ် ဖော်ပြရရင်—××× ဗဟုသုတနည်းတော့ ကို ရန်မဖြစ်ရမယ့် ကိစ္စ ရန်ဖြစ်တယ်။ ရန်ဖြစ်အောင် တကယ် ရန်တိုက်ပေးရင် တကယ်ရန် ဖြစ်တယ်။ စဉ်းစားကြည့်××× ကိုယ်က ဗဟုသုတရှိထားမှ ဒါ တမင်သက်သက်

ဆုပ္ပအောင် လုပ်နေတယ်၊ အဲဒီလို သိတာပေါ့။ အဲဒီလို သိအောင် ခုနက ပြောသလိုပဲ ဗဟုသုတရှိအောင်လို့ ဆည်းပူးရတယ်။ (ဘဒ္ဒန္တ ရာဇဓမ္မာဘိဝံသ)

မိတ္ထီလာအရေးအခင်းဟာ မစိုးရိမ်ဆရာတော်ကြီး မိန့်ကြားတဲ့ အမျိုးအစားထဲ ပါသူတွေရဲ့ ဆင်ခြင်တုံတရားကင်းမဲ့မှုကြောင့် ပိုပြီး ကြီးထွားသွားခဲ့တာလို့ ကျွန်တော် ဖတ်မိသမျှ သတင်းတွေအပေါ် အခြေပြုပြီး သုံးသပ်မိပါတယ်။ ၈၈ မျိုးဆက် ခေါင်းဆောင် တချို့ မှတ်ချက် ပေးသလို လုံခြုံရေးတာဝန် ရှိသူတွေရဲ့ ထိရောက်တဲ့ အရေးယူမှု နောက်ကျနေခြင်းကိုလည်း အဓိက အားနည်းချက်အဖြစ် မြင်မိပါတယ်။ နောက် နောင်ဆို လက်ပံတောင်းတောင် ဆန္ဒပြသူ တွေကို လက်တဆုံး ဖြိုခွင်း အရေးယူခဲ့တာမျိုးနဲ့ မိတ္ထီလာမှာ ရာဇဝတ်မှု ကျူးလွန်မည့်သူတွေ ကို ရပ်ကြည့်နေရုံ ရပ်ကြည့်နေတာမျိုးဆိုတဲ့ အစွန်းနှစ်ဖက်ကို ရှောင်သင့်တယ်လို့ စေတနာနဲ့ ပြောချင်ပါတယ်။ လက်နက်မဲ့ ငြိမ်းချမ်းစွာ ဆန္ဒပြနေသူတွေကိုတော့ မီးခိုးဗုံးပဲ ပြောပြော၊ မီးလောင်ဗုံးပဲဆိုဆို လက်နက်မျိုးစုံ အသုံးပြုပြီး သဲကြီးမဲကြီး နှိမ်နင်းခဲ့တယ်။ မအူပင် မလက်တို ရွာမှာလည်း အလားတူ လုပ်ခဲ့ကြတယ်။ မိတ္ထီလာက ဓားတဝင့်ဝင့် တုတ်တဝင့်ဝင့်နဲ့ လူစုလူဝေး ကိုကျတော့ မျက်ရည်ယိုဗုံးလိုဟာမျိုးတောင် မသုံးဘဲ ရပ်ကြည့်နေတယ်ဆိုတာကို ကျွန်တော် တော့ မစဉ်းစားတတ်အောင် ဖြစ်နေပါတယ်။ ကမ္ဘာမှာ မြန်မာရဲ့ တရိပ်ရိပ် တက်နေတဲ့ ပုံရိပ်ကို ဘယ်လောက်ထိခိုက်သွားတယ် ဆိုတာ အသိဉာဏ်ရှိသူတိုင်း နားလည်ပါလိမ့်မယ်။ အာဖရိက တိုက်က ရဝမ်ဒါနိုင်ငံမှာ ဖြစ်ခဲ့ဖူးတဲ့ တွတ်ဆီနဲ့ ဟူတူ လူမျိုးစုနှစ်စု အပြန်အလှန် မျိုးဖြုတ် သတ်ဖြတ်ခဲ့တဲ့ အခြေအနေမျိုး မြန်မာနိုင်ငံမှာ ဖြစ်နေပြီလို့ သတင်းဌာနတစ်ခုက ပုံကြီးချဲ့ ထုတ်လွှင့်ခံရလောက်အောင် ရှက်စရာ စိုးရိမ်စရာ ဖြစ်ခဲ့ရပါပြီ။

ကျွန်တော့် ဆောင်းပါးကို အသိဉာဏ် ဗဟုသုတအကြောင်းနဲ့ စခဲ့လေတော့ ဒီရက်ပိုင်း အတွင်း သမီးရဲ့အိမ်မှာ ကြည့်ရတဲ့ အမေရိကန် ရုပ်ရှင်တစ်ခုထဲက ဗဟုသုတ ခေါင်းပါးသူ တစ်ယောက်ရဲ့ သနားစရာ ရယ်စရာအဖြစ်ကို ပြောပြချင်ပါတယ်။ ဇာတ်ကားက အိုဘားမားနဲ့ ၂၀၀၈ ခုနှစ်က ယှဉ်ပြိုင်အရွေးခံခဲ့တဲ့ ရီပတ်ဗလီကင်ပါတီ သမ္မတလောင်း ဂျွန်မက်ကိန်းရဲ့ ဒုသမ္မတလောင်း ဆာရာပေလင်းအကြောင်း ဖြစ်ပါတယ်။ သူက ရုပ်ရှင် သရုပ်ဆောင်ဟောင်း။ အလာစကာပြည်နယ်ရဲ့ ဂါတနာခေါ် ပြည်နယ် အုပ်ချုပ်ရေးမှူးလုပ်နေရာကနေ မက်ကိန်းရဲ့ အကြံပေးအဖွဲ့က ဒုသမ္မတလောင်းအဖြစ် အမျိုးသမီး တစ်ယောက်ကို တင်ရင် လူထုကို ပိုဆွဲ ဆောင်နိုင်မယ်လို့ တွက်ဆပြီး ဆာရာပေလင်းကို ကမ်းလှမ်းတယ်။ သူကလည်း ဝမ်းသာအားရ လက်ခံတယ်။ သို့ပေမယ့် သူတို့ဆီမှာ ယခုလို တိုင်းပြည်ရဲ့ ထိပ်တန်း ရာထူးကြီးနေရာကြီး အတွက် ယှဉ်ပြိုင်မယ့်သူတွေဟာ အရည်အချင်း ဘယ်လောက်ရှိသလဲ၊ အသိဉာဏ် ဗဟုသုတ ဘယ်လောက်ရှိသလဲ ဆိုတာကို ပြည်သူတွေရဲ့ စကားပြန်ဖြစ်တဲ့ သတင်းစာဆရာ မီဒီယာသမားတွေက အင်တာဗျူးတွေလုပ်ပြီး ပြည်သူတွေကို အစီရင်ခံရတဲ့ ဓလေ့ ရှိလေတော့ ဆာရာပေလင်း ရီပတ်ဗလီကင် ပါတီရဲ့ ဒုသမ္မတလောင်း ဖြစ်ပြီလည်းဆိုရော သူ့ရဲ့ နောက်ကြောင်းကို မီဒီယာတွေက တူးဆွ ဖော်ထုတ်တော့တာပါပဲ။ ပထမဆုံး



တွေ့ရှိချက်အဖြစ် သူ့ရဲ့အသက် ၁၇ နှစ်ပဲ ရှိသေးတဲ့ သမီးငယ်ဟာ လက်မထပ်ရသေးဘဲ ကိုယ်ဝန်ရှိနေတာကို ဖော်ထုတ်တယ်။ အလာစကာပြည်နယ်မှာ ဝန်ထမ်းတစ်ယောက်ကို အငြင်းပွားဖွယ် အလုပ် ဖြုတ်ပစ်ခဲ့ဖူးတဲ့ကိစ္စ ပြန်ဖော်တယ်။ အဲဒါတွေထက် ဆိုးတာကတော့ သူ့ကို လူတွေ့အင်တာဗျူးလုပ်တဲ့အခါ အတော်များများမှာ ကမ္ဘာ့ရေးရာ တွေကို ဘာမှမသိတဲ့ ဗဟုသုတ ခေါင်းပါးသူတစ်ယောက်ဖြစ် နေတာ ဘွားဘွားကြီး ပေါ်လာတာပါပဲ။ ဥပမာ မြောက်ကိုရီးယားနဲ့ တောင်ကိုရီးယားဆိုတာ စနစ်ချင်းမတူနဲ့ နှစ်ခြမ်းကွဲနိုင်ငံဖြစ်နေတာ သူ မသိဘူး။ ကိုရီးယား တစ်နိုင်ငံတည်းက မြောက် ပိုင်းနဲ့ တောင်ပိုင်းလို့ သူ ထင်နေတယ်။ ရုရှားပြည် ဘယ်မှာ ရှိတယ်ဆိုတာ သူ မသိဘူး။ သူက အလာစကာပြည်နယ်ရဲ့ ဂါတနာဆိုတော့ အလာစကာဟာ ဟိုးရှေးရှေးတုန်းက ရုရှားပိုင် နယ်မြေဒေသဖြစ်ခဲ့ဖူးတယ် ဆိုတာလောက် ကြားဖူးနားဝ ရှိပုံရတယ်။ ရုရှားပြည်နဲ့ ပတ်သက်တဲ့ သူ့သဘောထားကို မေးတော့ အော် ရုရှားက ကျွန်မတို့နဲ့ အိမ်နီးချင်းပဲလေ၊ ကျွန်မ အိမ်နောက် ဖေးက လှမ်းကြည့်ရင်တောင် မြင်ရတာပဲလို့ ဖြေတဲ့အထိ လွဲခဲ့တယ်။ မဲဆွယ်တရားပွဲတချို့မှာ ဆာရာပေလင်းဟာ တစ်ဖက်က သမ္မတလောင်းဖြစ်တဲ့ အိုဘားမားကို အမေရိကန်အစစ် မဟုတ်ဘူး။ အကြမ်းဖက်သမား အဆက်အနွယ် စတာတွေ လျှောက်ပြောတယ်။ ပရိသတ်က လည်း အဲသလို ဝါဒဖြန့် မှိုင်းမိနေတဲ့ ပရိသတ်ဆိုတော့ လက်ခုပ်တဖြောင်းဖြောင်းနဲ့ပေါ့။ သူက ရှေ့ကနေ အဲသလိုတွေ တစ်ဖက်သားကို ပုတ်ခတ်ပြောသွားသမျှ မက်ကိန်းကြီးက နောက်က လိုက်ဖြည့်ရတယ်။ မက်ကိန်းက ဗီယက်နမ်စစ် အကျဉ်းသားဟောင်း။ အမေရိကန် ပြည်သူတွေ ကြားမှာ သူရဲကောင်း တစ်ယောက်အဖြစ် ဂုဏ်သတင်းကြီးမားသူ ဖြစ်တယ်။ နိုင်ငံရေး ရင့်ကျက်ပြည့်ဝသူဖြစ်ပြီး သဘောထားကြီးသူလည်း ဖြစ်တယ်။ ဒါကြောင့် အိုဘားမားနဲ့ ပတ်သက်လို့ အဲသလို ပုဂ္ဂိုလ်ရေး တိုက်ခိုက်မှုတွေကို မဟုတ်မမှန်ပါဘူးလို့ သူက ပြန်ရှင်းခဲ့ရ တယ်။ ဆာရာ ပေလင်းဟာ နောက်ဆုံးတော့ စိတ်ဓာတ်တွေကျပြီး သူ့ကို အကြံပေးတွေက သင်ပေးတာတွေကိုလည်း နားမထောင် တော့ဘဲ ထင်ရာစိုင်းနေတော့တယ်။ ဒီအတိုင်းဆို သူ့ကြောင့် မက်ကိန်းကြီး ရှုံးတော့မယ် ဆိုတာ ခန့်မှန်းမိတဲ့ အနီးကပ် အကြံပေးတွေက သူ့ကို အားပေးတဲ့အနေနဲ့ 'တလွဲ ပြောမိတာတွေ အတွက် ခင်ဗျား စိတ်ဓာတ်မကျပါနဲ့၊ ခင်ဗျားလိုလူ မပြောနဲ့ သမ္မတ ရော်နယ်ရေဂင်ကြီးတောင် တစ်ခါတလေ တလွဲတွေ ပြောခဲ့ဖူးတာပဲ၊ ဥပမာ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုဟာ သစ်ပင်တွေကြောင့် ဖြစ်တယ်လို့ မြောင်း ပြန်ကြီးကို ပြောဖူးတဲ့အထိ လွဲခဲ့ တယ်၊ နောက်တော့လည်း သမ္မတကြီး ဖြစ်သွားပြီးတဲ့အခါ လူချစ်လူခင် အများဆုံး သမ္မတကြီးတစ်ယောက်တောင် ဖြစ်သွားတာပဲ၊ ခုလို လွဲတာတွေဟာ ပြဿနာ မဟုတ်ပါဘူး' လို့ ပြောပြီး စိတ်ဓာတ် မြှင့်တင်ပေးတော့မှ ပုံမှန် ပြန်ဖြစ်လာတယ်။ ဘာပဲပြောပြော နောက်ဆုံးတော့ သူတို့အတွဲဟာ အိုဘားမားကို ရှုံးသွားတယ်။ ရှုံးရတဲ့အကြောင်းတွေထဲမှာ ဗဟုသုတခေါင်းပါးလွန်းသူ တစ်ယောက်ကို ဒုသမ္မတလောင်း ရွေးခဲ့မိတာ အဓိက အကြောင်းတစ်ချက်ပဲလို့ အများက လေ့လာ သုံးသပ် ခဲ့ကြပါတယ်။

သည်ရက်အတွင်း ထပ်ပြီး ဖတ်မိတဲ့ ဦးနုရဲ့ တာတေစနေသား စာအုပ်ထဲက ဦးနုရဲ့ ကိုယ့်ကိုယ်ကိုယ် ဝေဖန်ရေး နမူနာတစ်ခုကိုလည်း ပြောချင်ပါသေးတယ်။ 'ဝန်ကြီးချုပ် ဦးနုဟာ ငယ်စဉ်တောင်ကျေး ကလေးဘဝကစပြီး စာဖတ်တာမှာ ဝါသနာ မပါလှဘူး။ အဲဒါကြောင့် ဗမာနိုင်ငံက ခေါင်းဆောင်တွေထဲမှာဆိုရင် ဦးနုဟာ ဗဟုသုတ အလွန် ခေါင်းပါးသူတစ်ဦး ဖြစ်တယ်၊ အချိန်ရှိတုန်း ဗဟုသုတတွေကို ကြိုးစားပမ်းစား မစုဆောင်းခဲ့တာ အသက် ၄၀ နားနီးတော့မှ သူ အကြီးအကျယ် နောင်တ ရနေတယ်။ လူတစ်ယောက်မှာ တောင့်တင်းခိုင်မာတဲ့ ကိုယ်လက်အင်္ဂါ ရှိရုံနဲ့ မလုံလောက်သေးဘူး။ ဗဟုသုတနဲ့ ပြည့်စုံတဲ့ ဦးနှောက်ရှိဖို့လည်း အများကြီး လိုတယ်ဆိုတဲ့ စကားကို ဝန်ကြီးချုပ် ဖြစ်လာတဲ့အချိန်မှာ ဦးနု တဖျစ်တောက် တောက် ပြောနေတာ မကြာခဏ ကြားရတယ်၊ အမှန်အတိုင်း ပြောရရင် အခုလို မကြာခဏ ပြောနေတာတွေဟာ တခြားကြောင့် မဟုတ်ဘူး၊ သူ့ကိုယ်သူ ပြန်ကြည့်ပြီး သိပ်အားမလိုအားမရ ဖြစ်နေတာကြောင့်ပဲ ဖြစ်တယ်၊ ဖိုးသုညဆိုတဲ့ စကားလုံးဟာ ဝန်ကြီးချုပ် ဦးနု ထွင်လိုက်တဲ့ စကားပါပဲ၊ ဒီစကားကို ထွင်လိုက်တုန်းက ဦးနုဟာ ဘယ်သူ့ကိုမှ မရည်ရွယ်ပါဘူး။ အချိန်ရှိတုန်းက ဗဟုသုတတွေ သူ မစုခဲ့မိတာ စိတ်နာနာနဲ့ သူ့ကိုယ်သူ သရော်ပြီး ထွင်လိုက်တာပါပဲ' *(တာတေစနေသား၊ စာ ၁၂၀)*

သည်လောက်ဆိုရင် လူတွေမှာ အသိဉာဏ် ဗဟုသုတများများရှိဖို့ ဘယ်လောက် အရေးကြီးတယ်ဆိုတာ ဆင်ခြင်နိုင်ကြမယ် ထင်ပါတယ်။ ဒီမိုကရေစီစနစ်ကို ကျင့်သုံးတဲ့ နိုင်ငံတွေမှာ တိုင်းသူပြည်သားတွေဟာ သူတို့နဲ့ ထိုက်တန်တဲ့ အစိုးရကိုပဲ ရကြတာပဲ ဆိုတဲ့ အဆိုအမိန့်ဟာ တိုင်းသူပြည်သားတွေရဲ့ အသိဉာဏ်ဗဟုသုတက တိုင်းပြည်ရဲ့ ကောင်းကျိုး ဆိုးကျိုးတွေကို ပြဋ္ဌာန်းတယ် ဆိုတာကို ဆိုလိုတာပါပဲ။ ကိုင်း ခင်ဗျားက အသိဉာဏ်ဗဟုသုတ ဘယ်လောက် အရေးကြီးတယ်ဆိုတာ သာဓကတွေနဲ့ ပြောသွား တာတော့ ဟုတ်ပါပြီ။ အဲသလို အခြေအနေရောက်အောင် ဘယ်လိုလုပ်ကြမလဲလို့ မေးလာရင်တော့ လောလောဆယ် လူလားမြောက် အရွယ်ရောက်နေသူတွေကတော့ အတ္တာဟိ အတ္တနော နာထော မိမိကိုယ်သာ ကိုးကွယ်ပြီး ကိုယ့်ဘာသာကိုယ် ပျိုးထောင်ကြ ပါလေ။ နောက် မျိုးဆက်တွေအတွက်ကတော့ လက်ရှိ တာဝန်ရှိ နိုင်ငံ့ခေါင်းဆောင်များက မူလတန်းပညာရေးက စပြီး ပြုပြင်ပြောင်းလဲမှုတွေ လုပ်ဖို့ အရေးတကြီး လိုအပ်နေပါပြီလို့သာ နှိုးဆော်လိုပါကြောင်း။

**ပြည်သူ့ခေတ်ဂျာနယ်။**
*၂၄၊ မတ်၊ ၂၀၁၃။*
*အတွဲ ၃၊ အမှတ် ၁၃၉။*

○

## ရွေးကောက်ပွဲ မဟာမိတ် လုပ်သင့် မလုပ်သင့် လုပ်လို့ ရ မရ

နိုင်ငံလုံးဆိုင်ရာ ပါတီကြီးတွေနဲ့ ပြည်နယ်အချို့ရှိ တိုင်းရင်းသား နိုင်ငံရေးပါတီများ ဆက်ဆံရေးနဲ့ စပ်လျဉ်းလို့ ရွေးကောက်ပွဲ မဟာမိတ်များ အဖြစ် ညှိနှိုင်း ဆောင်ရွက်ကြဖို့ စဉ်းစားသင့်တဲ့ "အကြောင်း အရင် ဆောင်းပါးတစ်ပုဒ်မှာ ကျွန်တော် ရေးခဲ့ပါတယ်။ အဲဒီဆောင်းပါး ဖတ်မိသူ လူငယ်နိုင်ငံရေးသမား တစ်ယောက်က တိုင်းရင်းသား ပါတီများနဲ့ သာမက ဗမာဒီမိုကရေစီ ပါတီ အချင်းချင်းလည်း ရွေးကောက်ပွဲ မဟာမိတ် မလုပ်နိုင်ကြဘူးလား။ အဲဒီ အကြောင်းအရာနဲ့ ပတ်သက်ပြီး ကျွန်တော့် သဘောထားကို သိချင်ပါတယ်လို့ မေးလ်ပို့ပြီး မေးခွန်းထုတ်ပါတယ်။

ဒီမိုကရေစီပါတီချင်းပဲ၊ ရွေးကောက်ပွဲ မဟာမိတ် လုပ်နိုင်ရင် ကောင်းတာပေါ့လို့ အလွယ်ဖြေလို့ မရတဲ့ မေးခွန်းဖြစ်ပါတယ်။ ကျွန်တော် တတ်နိုင်သလောက် ကြိုးစားပြီး စဉ်းစားမိတာကို တင်ပြလိုက်ပါတယ်။

### အစိုးရ အာဏာ ရဖို့ အထိ

နိုင်ငံရေးပါတီ တည်ထောင် ဖွဲ့စည်းတယ်ဆိုတာ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲတွေ ကျင်းပနိုင်တဲ့ နိုင်ငံတွေမှာ ပြည်သူလူထုရဲ့ ဆန္ဒမဲ အဆုံးအဖြတ်ကို ခံယူပြီး အစိုးရအာဏာ ရရှိဖို့အထိ မျှော်မှန်းကြစမြဲ ဖြစ်ပါတယ်။ ယခင် ပါတီမဲ့ ဒီမိုကရေစီခေတ်က နိုင်ငံရေးပါတီတွေအကြောင်း မပြောတော့ဘဲ ရှစ်လေးလုံး အရေးတော်ပုံကြီး နောက်ပိုင်းကစလို့ ပေါ်လာတဲ့ နိုင်ငံရေး ပါတီတွေကို လေ့လာရင်ပဲ ပါတီတွေရဲ့ ရည်မှန်းချက်နဲ့ လုပ်ထုံးလုပ်နည်း ကွဲပြားတာတွေကို တွေ့ရပါမယ်။ ပါတီပေါင်း ၂၃၀ ကျော် ပေါ်ခဲ့ပါတယ်။ ဒါလည်း အဆန်းမဟုတ်ပါဘူး။ စပိန် နိုင်ငံမှာ

အာဏာရှင်ကြီး ဖရန်ကို ၁၉၇၅ ခုနှစ်မှာ သေဆုံးသွားတော့ သူ့နေရာကို ဆက်ခံသူဖြစ်တဲ့ ရှင်ဘုရင်က ဖရန်ကို အင်မတန် မုန်းတီးတဲ့ ဒီမိုကရေစီ စနစ်ကို စပိန်နိုင်ငံမှာ ပြန်လည် သွတ်သွင်းပေးခဲ့ပါတယ်။ ဒီလိုနဲ့ နှစ်ပေါင်း ၅၀ ကျော် မြေအောက် ပါတီဖြစ်ခဲ့ရတဲ့ ကွန်မြူနစ်ပါတီ အပါအဝင် နိုင်ငံရေးပါတီပေါင်း ၂၀၀ ကျော် ပေါ်လာတာပါပဲ။ ရွေးကောက်ပွဲ လုပ်တော့ ဆိုရှယ်လစ်ပါတီက မဲအများဆုံးရလို့ အစိုးရ ဖွဲ့နိုင်ခဲ့ပါတယ်။ အခုဆိုရင် စပိန်မှာ တကယ်တမ်း လှုပ်ရှားနေတဲ့ နိုင်ငံရေးပါတီ ၁၀ ပါတီ ကျော်ကျော်ပဲ ကျန်ရှိပါတော့တယ်။ နိုင်ငံရေးပါတီ အများစုက ကောက်ရိုးမီးလို ပေါ်ခဲ့ပြီး နှစ်ပေါက်အောင် မခံဘဲ ပျောက်ကွယ်သွားပါတယ်။ တချို့ကျတော့ စိတ်တူကိုယ်တူ လေးငါးပါတီပေါင်းပြီး အင်အား စုစည်းကြပါတယ်။ သို့သော် နိုင်ငံရေးအာဏာ အနားမကပ်နိုင်ဘဲ ရပ်တည်ရုံ ရပ်တည်နေကြတာ ဖြစ်ပါတယ်။

## ပါတီ မှတ်ပုံတင် လွယ်တဲ့ အချိန်

ရှစ်လေးလုံး နောက်ပိုင်း ပေါ်လာတဲ့ နိုင်ငံရေးပါတီ ၂၃၀ ကို ပြန်ကြည့်ရင် အများစုဟာ သပိတ်ကြီးတုန်းက လက်တွဲလှုပ်ရှားခဲ့ကြသူတွေ မိမိတို့ သန်ရာသန်ရာ နိုင်ငံရေး သဘောထားတွေနဲ့ ဖွဲ့စည်းခဲ့ကြတာ များတယ်လို့ သုံးသပ်နိုင်ပါတယ်။ ဗဟိုအလုပ်အမှုဆောင် ၁၄-၅ ယောက် စာရင်းတင်နိုင်ရင် ပါတီ မှတ်ပုံတင်လို့ ရလေတော့ အလွယ်တကူ မှတ်ပုံတင်ခဲ့ကြ တာပါ။ နောက်ပိုင်းမှာ ဝါဒတူရာ တူရာ ပေါင်းစပ်မိပြီး တပ်ပေါင်းစုတို့ မဟာမိတ်တို့ ဖွဲ့ကြတာလည်း ရှိခဲ့ပါတယ်။ သို့သော် တကယ်တမ်း ရွေးကောက်ပွဲ ဝင်နိုင်တာ၊ ပါတီရပ်တည်မှုကို ထိန်းနိုင်တာ အလွန်နည်းခဲ့ပါတယ်။ ကျွန်တော့် အရင်ဆောင်းပါးမှာ ဖော်ပြခဲ့တဲ့ နိုင်ငံလုံး ဆိုင်ရာ ပါတီကြီးတွေနဲ့ နိုင်ငံရေးဝါဒ ခိုင်မာတဲ့ နိုင်ငံရေးပါတီတချို့ပဲ နောက်ဆုံး ကြွင်းကျန်ပါတယ်။

## ဒီချုပ်ရဲ့ မဟာမိတ် အတွေ့အကြုံ

ဒီမိုကရေစီပါတီတွေ မဟာမိတ်ဖွဲ့စည်းပြီး ဆောင်ရွက်တာ ကောင်းတယ်ဆိုတဲ့ ယေဘုယျအမြင်ကတော့ ဘယ်တော့မှ ငြင်းစရာ မလိုပါဘူး။ ၁၉၈၈ နှောင်းပိုင်းနဲ့ ၁၉၈၉ ပထမနှစ်ဝက် အတွင်းမှာ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ဟာ အဲဒီ တွန်းအားတွေနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်ကလည်း ဒီမိုကရေစီပါတီတွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ သဘောတူခဲ့ပါတယ်။ အဲဒီတုန်းက ဒီချုပ်ရဲ့ အတွင်းရေးမှူးတစ်ဦးဖြစ်တဲ့ ဟံသာဝတီ ဦးဝင်းတင်က ဒီမိုကရေစီပါတီ အတော်များများနဲ့ လိုက်လံ တွေ့ဆုံပြီး ပါတီ ၄၀ ကျော် (၄၂ ပါတီလား၊ ၄၃ ပါတီလား မသေချာပါ) နဲ့ ညီနောင် ပါတီများအဖြစ် မဟာမိတ် ဖွဲ့နိုင်ခဲ့ပါတယ်။ ဒီချုပ်နဲ့ မဟာမိတ်ပါတီများ စာရင်းကို တရားဝင် ထုတ်ပြန်ကြေညာခဲ့တာ ဖြစ်ပါတယ်။



အဲဒီတုန်းက အပြန်အလှန် အသိအမှတ်ပြုခဲ့တဲ့ ဒီချုပ်နဲ့ မဟာမိတ်ပါတီ ၄၀ ကျော်ဟာ ရွေးကောက်ပွဲ မဟာမိတ်အထိ သွားကောင်းသွားနိုင်တယ်လို့ ကျွန်တော် နားလည်ထားပါတယ်။ သို့ပေမယ့် အဲဒီအဆင့်အထိ ဆွေးနွေးခဲ့တာ ကတိကဝတ် ပြုထားတာတော့ မရှိသေးပါဘူး။

အလားတူပဲ ဒေါ်အောင်ဆန်းစုကြည်ကို နဝတ ခေါင်းဆောင်များနဲ့ တွေ့ဆုံ ဆွေးနွေးဖို့ တစ်ဦးတည်းသော ကိုယ်စားလှယ်အဖြစ် ပါတီပေါင်း ၁၀၄ ပါတီက လက်မှတ်ရေးထိုး တာဝန်ပေး mandate တဲ့အခါမှာ ဒီချုပ်မဟာမိတ်ပါတီများအဖြစ် ထုတ်ပြန်ကြေညာတဲ့ထဲ မပါတဲ့ ပါတီ ၆၀ ကျော်ကလည်း ပူးတွဲ လက်မှတ်ထိုးခဲ့ကြတာပါပဲ။ နောက်တော့လည်း အဲဒီတုန်းက အစည်းအဝေး တက်ရောက်ကြောင်းပဲ လက်မှတ် ထိုးခဲ့တာပါလို့ ကိုယ်လွတ်ရုန်းသူ တချို့လည်း ရှိခဲ့ပါသေးတယ်။

## ကိုယ့်အိမ် ကိုယ်ဆောက် အယူအဆ

၁၉၈၉ ဇူလိုင် ၄ ရက်မှာ ဆရာဦးဝင်းတင် အဖမ်းခံရတယ်။ ဇူလိုင် ၂၀ မှာ ဒေါ်စု ထိန်းသိမ်း ခံရတယ်။ တစ်နေ့တည်းမှာပဲ ကျွန်တော်တို့လည်း ထိန်းသိမ်းခံရပါတယ်။ တတ်သိပညာရှင် အုပ်စုက ဒေါ်စုက စလို့ ဆရာဦးဝင်းတင်၊ ဒေါ်မြင့်မြင့်ခင်၊ ဦးအောင်လွင်၊ ဆရာမောင်သော်က၊ ဦးထွန်းတင်၊ ဦးမိုးသူ၊ ဒေါက်တာတင်မျိုးဝင်း၊ ဦးကိုယု၊ ကျွန်တော် စသည်ဖြင့် တစ်စုတစ်ပြုံလုံး ပြင်ပလောကနဲ့ အဆက်ပြတ်နေခဲ့ကြပါတယ်။

ရွေးကောက်ပွဲ မတိုင်ခင် တစ်လအလိုမှာ ဒေါ်မြင့်မြင့်ခင်နဲ့ ကျွန်တော် အင်းစိန်က ရှေ့ဆင့်နောက်ဆင့် လွတ်လာတော့ ရွေးကောက်ပွဲအတွက် အမတ်လောင်းတွေ အားလုံး မှတ်ပုံတင်ပြီးကြပြီး မဲဆွယ် ခရီးတွေ ထွက်နေကြပါပြီ။ ဒီချုပ်က ဘယ်သူနဲ့မှ ရွေးကောက်ပွဲ မဟာမိတ် မလုပ်ဖြစ်ခဲ့ဘူးလို့ သိရပါတယ်။ 'အားလုံး ပြင်ဆင်ထားပြီးသည့် အခြေအနေမှာ ကိုယ့်အိမ် ကိုယ်ဆောက်ကြပါစို့' ဆိုတဲ့ ဗဟို လူကြီး နိုင်ငံရေးသမား ဟောင်းကြီး တစ်ယောက်ရဲ့ စာတမ်းထွက်ခဲ့တဲ့အကြောင်း။ အချို့သော မဟာမိတ်ပါတီများနဲ့ ရွေးကောက်ပွဲ မဟာမိတ်လုပ်ဖို့ အကြံပြုတဲ့ ဦးခင်မောင်ဆွေ၊ ဦးကျော်မင်း၊ ဦးအုန်းကြိုင်၊ ဦးတင်ထွတ်စတဲ့ တတ်သိ ဗဟိုကော်မတီဝင်တချို့နဲ့ အချေအတင် ဖြစ်ကြသေးကြောင်း စတာတွေ ကြားရပေမယ့် အားလုံး တကယ်လည်း ပြီးစီးနေပြီ ဖြစ်လို့ ကျွန်တော်တို့ ဘာမှ မတတ်နိုင်တော့ပါ။

## ဝိဇ္ဇရရဲ့ စာတမ်းတစ်ခု

ရွေးကောက်ပွဲမှာ ဒီချုပ် အပြတ်နိုင်ပြီးချိန်မှာ ဝိဇ္ဇရ သခင် ချစ်မောင်က သုံးသပ်ချက် စာတမ်း တစ်ခု ရေးသားထုတ်ဝေခဲ့တာ နိုင်ငံရေး သင်ခန်းစာ မှတ်သားစရာ တစ်ခုပါပဲ။

ရှာဖွေ ဖတ်ရှု လေ့လာဖို့ တိုက်တွန်းလိုပါတယ်။ ကျွန်တော်တို့ သဘောအရဆိုရင် ဝီရ သခင် ချစ်မောင် လိုပုဂ္ဂိုလ်မျိုးတွေကို (လွှတ်တော်ခေါ်ဖြစ်တာ မခေါ်ဖြစ်တာ အပထား) ထိပ်တိုက် ရင်မဆိုင်ဘဲ ညှိနှိုင်းပြီး ရှောင်ပေးသင့်ပါတယ်။ အလားတူ ဘကြီးဦးအောင်သန်း (ဗိုလ်ချုပ်အစ်ကို) ရဲ့ပြည်သူ့ ဒီမိုကရေစီ ပါတီ၊ လူ့ဘောင်သစ် ဒီမိုကရက်တစ် ပါတီစသည်တို့ကို အချို့နေရာတွေမှာ ဒီချုပ်က ရှောင်ပေးရင် မဟာမိတ်အင်အားကို ထိန်းသိမ်းရာ ရောက်နိုင်ပါတယ်။ အဲဒီတုန်းက ဒီချုပ်က ထုတ်ပယ်လိုက်ရတဲ့ ဥက္ကဋ္ဌဟောင်းရဲ့ ပါတီမျိုးကျတော့ ရပ်တည်ချက်ချင်းကို မတူတဲ့ အတွက် မဟာမိတ် ကိစ္စ စဉ်းစားဖို့ မရှိပါဘူး။ သူတို့ကလည်း စိတ်ဝင်စားမှု မရှိပါဘူး။

## လစ်ဘရယ် အယူအဆ လမ်းကြောင်း

၂၀၁၀ ရွေးကောက်ပွဲ နောက်ပိုင်း။ ဒီချုပ်က ၂၀၁၂ ဧပြီလ ကြားဖြတ် ရွေးကောက်ပွဲ ဝင်တော့လည်း အထားတူ အသံတချို့ကြားခဲ့ပါသေးတယ်။ သို့ပေမယ့် ခုချိန်မှာတော့ ဒီချုပ်ရဲ့ သဘောထား ဘယ်လိုရှိမယ်ဆိုတာ ကျွန်တော် မသိပါ။ တိုင်းရင်းသား ပါတီ တွေနဲ့ ကိစ္စကိုတော့ သီးသန့် စဉ်းစားရလိမ့်မယ်လို့ ယူဆပါတယ်။

အိန္ဒိယနိုင်ငံမှာ ကွန်မြူနစ်ပါတီလို လစ်ဘရယ် ဒီမိုကရေစီကို လက်မခံတဲ့ ပါတီတွေကလွဲလို့ အင်အားကြီး ပါတီတွေဟာ လစ်ဘရယ် ဒီမိုကရေစီ လမ်းကြောင်းကို လိုက်နေကြပါတယ်။ သို့ပေမယ့် သူတို့ချင်း မဟာမိတ် မလုပ်နိုင်ကြပါဘူး။ တစ်ခါတလေ သဲသဲမဲမဲတောင် တိုက်ခိုက် နေကြပါသေးတယ်။ ဘာကြောင့်လဲဆိုတော့ ကိုယ့်အင်အားကို ကိုယ် ယုံကြလို့ပါပဲ။ ကိုယ့်အိမ် ကိုယ်ဆောက်ကြမယ်ဆိုတာ လစ်ဘရယ် ဒီမိုကရေစီမှာ အင်အားကောင်းတဲ့ ပါတီတွေအကြား အတော် ရေပန်းစားပါတယ်။ ၁၉၉၀ ရွေးကောက်ပွဲ တုန်းက ဒီငြိမ်းပါတီတို့၊ ဥက္ကဋ္ဌဟောင်းရဲ့ ပါတီတို့ကလည်း သူ့သဘော သူဆောင်ပြီး ကိုယ့်အိမ်ကိုယ် ဆောက်ခဲ့ကြတာပါပဲ။

၂၀၁၅ ရွေးကောက်ပွဲမတိုင်ခင် ဘယ်လို အခြေအနေတွေ ဖြစ်ပေါ်လာမလဲ ဆိုတာ စိတ်ဝင်စားစရာ ကောင်းပါတယ်။ သက်ဆိုင်တဲ့ နိုင်ငံရေးပါတီများအနေနဲ့လည်း အလေးအနက် စဉ်းစားနေကြလိမ့်မယ်လို့ ယူဆပါတယ်။ ယခု ဆောင်းပါးမှာတော့ ကျွန်တော့် အယူအဆ ပြောစရာ မရှိပါ။ ကာယကံရှင် နိုင်ငံရေး ပါတီများ စဉ်းစားကြတဲ့အခါ အသုံးချလိုက ချနိုင်မယ့် အချက်အလက် အချို့ကိုသာ တင်ပြလိုက်ခြင်း ဖြစ်ကြောင်းပါ။

**ပြည်သူ့ခေတ်ဂျာနယ်။**
*၃၁၊ မတ်၊ ၂၀၁၃။*
*အတွဲ ၃၊ အမှတ် ၁၄။*

○

# အမှန်တရား ဖော်ထုတ်မလား၊ ပြဿနာရှာမလား

ဒီကနေ့ ကမ္ဘာ့ ကုလသမဂ္ဂ အဖွဲ့ကြီးထဲမှာ အဖွဲ့ဝင် နိုင်ငံပေါင်း ၁၉၀ ကျော်ရှိတယ်ဗျ။ အဲသလောက် များပြားလှတဲ့ နိုင်ငံတွေထဲမှာ ပြည်တွင်းစစ် သို့မဟုတ် စစ်အာဏာရှင်ခေတ် သို့မဟုတ် နိုင်ငံရေး အယူဝါဒချင်း မတူတဲ့ အုပ်စု တစ်ခုနဲ့ တစ်ခုအကြား၊ လူမျိုးစု တစ်ခုနဲ့ တစ်ခုအကြား၊ ဘာသာ တစ်ခုနဲ့တစ်ခုအကြား ပြင်းထန်တဲ့ အကြမ်းဖက် ပဋိပက္ခတွေနဲ့ ကြုံတွေ့ခဲ့ဖူးခြင်း မရှိတဲ့ နိုင်ငံ အတော်ရှားတာကို တွေ့ရတယ်ဗျ။

## အတိတ်ကို ပြန်ကြည့် အမှားကနေ သင်ခန်းစာယူ

ဒါပေမဲ့ 'အချိန်ဟာ အကောင်းဆုံး သမားတော်ဖြစ်တယ်' ဆိုတဲ့ စကားအတိုင်း အဲဒီ နိုင်ငံတွေထဲက အများစုဟာ မိမိတို့ ဘိုးစဉ်ဘောင်ဆက် ပိုင်ဆိုင်လာခဲ့ကြတဲ့ အဖိုးတန် အရင်းအမြစ်တွေကို ဝါးမျို စားသောက်ပစ်ခဲ့တဲ့ အဲဒီ ပဋိပက္ခတွေကို အချိန်ကာလ တစ်ခု အရောက်မှာ ရပ်တန့်နိုင်ခဲ့ကြပြီး အတိတ်ကို သမင်လည်ပြန် ကြည့်၊ အတိတ် မျိုးဆက်တွေရဲ့ အမှားတွေကနေ သင်ခန်းစာ ထုတ်နုတ်၊ အနာဂတ်ကို အတွေးသစ် အမြင်သစ်တွေနဲ့ တည်ဆောက် နိုင်ခဲ့ကြတယ်ဗျ။

အတိတ်၊ ပစ္စုပ္ပန်နဲ့ အနာဂတ်ဆိုတာ ကြိုးတစ်ချောင်းတည်း ဖြစ်တာမို့ သာယာ လှပတဲ့ အနာဂတ်ကို တည်ဆောက်နိုင်ဖို့ အတွက် ပစ္စုပ္ပန်မှာ မှန်မှန်ကန်ကန် ရပ်တည် ရှင်သန်ရမှာဖြစ်ပြီး ပစ္စုပ္ပန်မှာ မှန်မှန်ကန်ကန် ရပ်တည်ရှင်သန်နိုင်ဖို့ ဆိုတာကလည်း အတိတ်ကို မှန်မှန်ကန်ကန် သုံးသပ်နိုင်ကြဖို့ လိုတယ်ဗျ။ ပစ္စုပ္ပန်မှာ နေထိုင်နေသူတွေဟာ

မိမိတို့ရဲ့ အတ္တ အကျိုးစီးပွားကို ရှေ့တန်း တင်ပြီး အတိတ်သမိုင်းကို လိုသလို ဖုံးဖိ ဖျောက်ဖျက် မှတ်တမ်းတင်ကြမယ်ဆိုရင် မိမိတို့လူမျိုး၊ မိမိတို့နိုင်ငံ၊ မိမိတို့ လူ့အဖွဲ့ အစည်းရဲ့ အနာဂတ်ဟာလည်း လမ်းကြမ်းမှာ လှည်းအိုကြီး မောင်းသလို ခရီးတွင်မှာ မဟုတ်တာ သေချာတယ်ဗျာ။ ဒါ့အပြင် အဆုံး တစ်နေ့မှာလည်း သမိုင်းကို အဲသလို မရိုးမသား မှတ်တမ်းတင်ဖို့ ကြိုးစားသူတွေရဲ့ လုပ်ရပ်ဟာ မလွဲမသွေ ကျဆုံးရှုံးနိမ့်မှာပဲ ဖြစ်ပြီး သူတို့ဟာ အနာဂတ်မျိုးဆက်များရဲ့ ကဲ့ရဲ့ပြစ်တင် ရှုတ်ချခြင်းကိုသာ မြေကြီး လက်ခတ်မလွဲ ရရှိကြမှာ ဖြစ်တယ်ဗျာ။

## အမျိုးသား ပြန်လည် သင့်မြတ်ရေး ကော်မရှင်

အထက်မှာ ဖော်ပြခဲ့တဲ့ ပဋိပက္ခတွေကို လွန်မြောက်နိုင်ခဲ့ကြပြီ ဖြစ်တဲ့ နိုင်ငံတွေထဲက တချို့မှာ အဲဒီ 'အတိတ် ပစ္စုပ္ပန် အနာဂတ် ကြိုးတစ်ချောင်းတည်း' သဘောတရားကို နက်နက်ရှိုင်းရှိုင်း နားလည်ကြပြီး အမြော်အမြင်ကြီးမားတဲ့ နိုင်ငံပြုပုဂ္ဂိုလ်များဟာ 'အမှန်တရား ရှာဖွေ ဖော်ထုတ်ရေးနှင့် အမျိုးသား ပြန်လည် သင့်မြတ်ရေး ကော်မရှင်' (Truth & Reconciliation Commission) ဆိုတာကို ထူထောင် ဖွဲ့စည်းခဲ့ကြတာကို မကြာသေးခင် နှစ် အနည်းငယ်အတွင်း စာဖတ်သူတွေ ဖတ်မိ ကြားမိခဲ့ကြလိမ့်မယ် ထင်တယ်ဗျ။ အဲဒီ ကော်မရှင်တွေရဲ့ ရည်ရွယ်ချက်က နာမည်မှာ ပေါ်လွင်နေသလိုပဲ ပဋိပက္ခအတွင်းမှာ အမှန်တကယ် ဘာတွေဖြစ်ပျက်ခဲ့သလဲဆိုတာကို စူးစမ်းရှာဖွေဖို့နဲ့ အဲသလို စူးစမ်းရှာဖွေလို့ တွေ့ရှိလာတဲ့ အချက်တွေက အမျိုးသား ပြန်လည် သင့်မြတ်ရေးကို အထောက်အကူဖြစ်စေဖို့ပဲ ဖြစ်တယ်ဗျ။ အနာဟောင်းကို ပြန်ဆွပြီး အနာသစ် ပြန်လုပ်၊ အဲဒီ အနာရအောင် လုပ်ခဲ့သူတွေကို လက်စားချေဖို့ မဟုတ်ဘူးဗျ။ အနာရအောင် ဘယ်သူတွေက လုပ်ခဲ့တယ်၊ ဘာကြောင့် လုပ်ခဲ့တယ် ဆိုတာကို စစ်ဆေးရှာဖွေ ဖော်ထုတ်ပြီး အနာဂတ်မှာ အဲဒါမျိုး ထပ်မဖြစ်စေဖို့အတွက် ကြိုတင် ကာကွယ်တားဆီး နိုင်ဖို့သာ ဖြစ်တယ်ဗျာ။

## တွင်းကြီးတွေ ပြန်ဖွင့် သူ

အတိတ်ဒဏ်ရာနဲ့ ပတ်သက်ပြီး ကျွန်တော် ဖတ်မိလိုက်တဲ့ နယူးယောက်တိုင်းမ် သတင်းစာ ဆောင်းပါးတစ်ပုဒ်ကို ကျွန်တော့် စာဖတ်သူတွေနဲ့ မျှဝေ ခံစားကြည့်ချင်တယ်ဗျ။

သတင်းက စပိန်ကလာတဲ့သတင်းဖြစ်ပါတယ်။ စပိန်ဆိုတာ အားလုံးသိကြတဲ့အတိုင်း ယခုအချိန်မှာ ဒီမိုကရေစီ ဖွံ့ဖြိုးစည်ပင်နေတဲ့ နိုင်ငံဖြစ်တယ်ဗျ။ ဒါပေမဲ့ စပိန်ဟာ နိုင်ငံ့ခေါင်းဆောင်ကြီး ဖရန်ကိုရဲ့ စစ်အာဏာရှင် အစိုးရလက်အောက်မှာ နှစ်ပေါင်းလေးဆယ်ကျော် နေထိုင် ခဲ့ရတဲ့ နိုင်ငံဖြစ်တယ်ဆိုတာကိုတော့ နိုင်ငံတကာ ရေးရာ စိတ်ဝင်စားသူတွေ



သိကြမှာပါ။ စပိန်မှာ သမ္မတနိုင်ငံ စနစ်ကို လိုလားသူတွေနဲ့ ဖရန်ကိုတပ်တွေအကြား ၁၉၃၆ က ၁၉၃၉ အထိ ပြည်တွင်းစစ် ဖြစ်ပွားခဲ့တယ်။ သမ္မတ နိုင်ငံတပ်တွေ ရှုံးနိမ့် သွားခဲ့တယ်။ အဲဒီပြည်တွင်းစစ်အတွင်း အရေအတွက် ဘယ်လောက်မှန်း မသိရတဲ့လူတွေ ဖရန်ကို တပ်တွေ လက်ချက်နဲ့ အဖမ်း ခံခဲ့ကြရ၊ အနှိပ်စက် ခံခဲ့ကြရ၊ အသတ် ခံခဲ့ကြရတယ်ဗျ။ ဒါပေမဲ့ ဒီမိုကရေစီသို့ အသွင်ကူးပြောင်းရာမှာ ချောချောမွေ့မွေ့ ညင်ညင်သာသာ ဖြစ်စေဖို့ဆိုပြီး ၁၉၇၇ မှာ ပြဋ္ဌာန်းခဲ့တဲ့ အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်အရ အခုအထိ အဲဒီ ဖမ်းဆီး နှိပ်စက် သေဆုံး ပျောက်ကွယ် သွားခဲ့ကြရသူတွေရဲ့ အမှုကို ဘယ်ရှေ့နေ၊ ဘယ်တရားသူကြီးကမှ တူးဆွဖော်ထုတ်ခြင်း မလုပ်ခဲ့ကြလို့ အဲဒီအမှုတွေ ထဲက တစ်ခုမှ တရားဝင် ပေါ်ထွက်လာခဲ့ခြင်း မရှိသလို ဖရန်ကို အပါအဝင် သူ့အစိုးရထဲက တာဝန်ရှိသူ (အခုတော့ သူတို့လည်း တစ်ယောက်မှ သက်ရှိထင်ရှား မရှိကြတော့ပါဘူး) ဘယ်သူမှ ရုံးတင် တရားစွဲဆို အပြစ်ပေးခြင်း မခံခဲ့ကြရဘူးဗျ။

ဒါပေမဲ့ ၂၀၀၈ ခုနှစ်မှာတော့ ဘာလ်တာဆာဂါဇွန်ဆိုတဲ့ အာဂတရားသူကြီးတစ်ဦး ပေါ်ထွက်လာခဲ့တယ်ဗျ။ သူက ဖရန်ကို ခေတ်က လူတွေကို သူ့တပ်ဖွဲ့တွေက သတ်ပြီး အစုလိုက် အပြုံလိုက် မြှုပ်ထားတဲ့ကျင်းကြီး ၁၉ ခုကို ဖွင့်လှစ်ဖို့ အမိန့်ပေးပြီး လူပြည်မှာ တစ်ယောက်မှ မရှိတော့တဲ့ ဖရန်ကိုနဲ့ သူ့လက်ထောက် တချို့ကို လူပေါင်း ၁၀၀,၀၀၀ ကျော် ပျောက်ဆုံးသွားခဲ့မှုအတွက် သင်္ကေတ သဘောနဲ့ ပြစ်ဒဏ်တွေ ချမှတ်ခဲ့ တယ်ဗျ။ သူက နိုင်ငံတကာ ဥပဒေတွေအရ လူသားဖြစ်မှုကိုငြင်းပယ်တဲ့ ရာဇဝတ်မှုကြီးကို ကျူးလွန်သူ ဘယ်သူမှ လွတ်ငြိမ်းချမ်းသာခွင့် မရသင့်ဘူး။ လူ အစုလိုက်အပြုံလိုက် မြှုပ်ထားတဲ့ တွင်းကြီးတွေကို မဖွင့်ဘဲထားတာဟာ ရာဇဝတ်မှု ဆက်လက် ကျူးလွန်ခွင့် ပြုထားတာပဲ ဖြစ်တယ်လို့ စောဒကတက်ပြီး အဲသလို လုပ်ဆောင်ခဲ့တာ ဖြစ်တယ်ဗျ။

## သူ့ကိုလည်း တရားပြန် စွဲတယ်

သိပ်မကြာပါဘူး။ လက်ယာစွန်း အုပ်စုနှစ်ခုက ၁၉၇၇ လွတ်ငြိမ်းချမ်းသာခွင့် ဥပဒေကို အာခံဖီဆန်ခဲ့မှုနဲ့ တရားသူကြီး ဂါဇွန်ကို စွဲချက်တင် အမှုဖွင့်ပါလေရော။ အစိုးရရဲ့ အမှုလိုက်ရှေ့နေက တရားသူကြီး ဂါဇွန်ဟာ ဘာပြစ်မှုမှ ကျူးလွန်ခဲ့ခြင်း မရှိပါဘူးလို့ လျှောက်လဲခဲ့ပေမယ့် စပိန် တရားရုံးချုပ်က အမှုကို စစ်ဆေး ကြားနာဖို့ လက်ခံခဲ့တယ်ဗျ။

ဆက်စပ်ပြည်နယ်က အကြမ်းဖက်သမားတွေ၊ အာဂျင်တီးနား စစ် အစိုးရခေတ်က အရာရှိကြီးတွေ၊ စပိန် နိုင်ငံရေးသမားတွေနဲ့ ချီလီနိုင်ငံ အာဏာရှင်ဗိုလ်ချုပ်ကြီး အော်ဂတ်စတိုပီနိုရှေးတို့ကို ရုံးတင် တရားစွဲဆိုခဲ့မှုတွေကြောင့် ထင်ရှား ကျော်ကြားတဲ့ စပိန် တရားသူကြီး ဂါဇွန်ရဲ့ အမှုကို စပိန်တရားရုံးချုပ်က မနှစ်က နှစ်ဦးပိုင်းက စတင် ကြားနာ စစ်ဆေးခဲ့တယ်ဗျ။ လူ့အခွင့်အရေး အုပ်စုတွေကတော့ ဒီအမှုဟာ ဖရန်ကိုခေတ်

အာဏာရှင် အတွေးအခေါ်ရဲ့ စိတ်အနှောင့်အယှက်ဖြစ်စရာ ပွဲတင်သံတစ်ခု ပဲလို့ ပြောဆိုနေကြတယ်ဗျ။ အပြစ်ရှိကြောင်း တွေ့ရှိတယ်ဆိုရင် ဂါဇွန်ဟာ တရားသူကြီး အဖြစ်ကနေ နှစ် ၂၀ ဆိုင်းငံ့ ခံရနိုင်တယ်လို့ သိရတယ်ဗျာ။

## အမြင်နှစ်မျိုး ရှိနိုင်ပါတယ်

တရားသူကြီး ဂါဇွန်ရဲ့လုပ်ရပ်နဲ့ ပတ်သက်ပြီး သမိုင်းမှာ တိမ်မြုပ်နေတဲ့ အမှန်တရားကို ဖော်ထုတ်ဖို့ စူးစူးရဲရဲ အနစ်နာခံ ကြိုးပမ်းမှု တစ်ခုအဖြစ် မြင်တဲ့သူတွေ ရှိနိုင်သလို အသားနှ တက်နေပြီဖြစ်တဲ့ အနာတစ်ခုကို စူးချွန်နဲ့ ထိုးဆွ ပြဿနာရှာတဲ့ လုပ်ရပ် အဖြစ်လည်း တချို့က မြင်နိုင်တယ်ဗျ။ ကျွန်တော်ကတော့ ဒီမိုကရေစီ ပိုးတုံးလုံးကောင် အဆင့်ကို ဖြတ်သန်းနေဆဲဖြစ်တဲ့ နိုင်ငံတစ်ခုက နိုင်ငံသားတစ်ယောက် အနေနဲ့ ဒီမိုကရေစီ ဖွံ့ဖြိုး ခိုင်မာပြီးဖြစ်တဲ့ နိုင်ငံတစ်ခုမှာ သမိုင်းနဲ့ တရားမျှတမှုတို့နဲ့ ဆက်နွှယ်နေတဲ့ အဲဒီ အမှုကိစ္စ ဘယ်လို နိဂုံးချုပ်မယ်ဆိုတာကို စိတ်ဝင်တစား စောင့်ကြည့်နေမယ် ဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်။**
၆၊ ဧပြီ ၂၀၁၃။
အတွဲ ၃၊ အမှတ်၁၄။

○

# မြန်မာ့ နှစ်သစ်ကူး ဆုတောင်း

၆ ဧပြီ ၂၀၁၃ ရက်စွဲနဲ့ ပြည်သူ့ခေတ်မှာ ကျွန်တော် ရေးခဲ့တဲ့ 'အမှန်တရား ဖော်ထုတ်မလား။ ပြဿနာ ရှာမလား' ဆောင်းပါးရဲ့ နောက်ဆုံးစာပိုဒ်မှာ ကျွန်တော် ခုလို ရေးခဲ့တယ်ဗျ။ '(စပိန်နိုင်ငံက) တရားသူကြီး ဂါဇွန်ရဲ့ လုပ်ရပ်နဲ့ ပတ်သက်ပြီး သမိုင်းမှာ တိမ်မြုပ်နေတဲ့ အမှန်တရားကို ဖော်ထုတ်ဖို့ စူးစူးရဲရဲ အနစ်နာခံ ကြိုးပမ်းမှု တစ်ခုအဖြစ် မြင်တဲ့သူတွေ ရှိနိုင် သလို အသားနှတက်နေပြီဖြစ်တဲ့ အနာတစ်ခုကို စူးချွန်နဲ့ ထိုးဆွ ပြဿနာရှာတဲ့ လုပ်ရပ် အဖြစ်လည်း တချို့က မြင်နိုင်တယ်ဗျ။ ကျွန်တော်ကတော့ ဒီမိုကရေစီ ပိုးတုံးလုံးကောင် အဆင့်ကို ဖြတ်သန်းနေဆဲဖြစ်တဲ့ နိုင်ငံတစ်ခုက နိုင်ငံသားတစ်ယောက် အနေနဲ့ ဒီမိုကရေစီ ဖွံ့ဖြိုး ခိုင်မာပြီးဖြစ်တဲ့ နိုင်ငံတစ်ခုမှာ သမိုင်းနဲ့ တရားမျှတမှုတို့နဲ့ ဆက်နွှယ်နေတဲ့ အဲဒီအမှုကိစ္စ ဘယ်လို နိဂုံးချုပ်မယ် ဆိုတာကို စိတ်ဝင်တစား စောင့်ကြည့်နေမယ်ဗျာ'

## ယူကေ ရောက် ကိုခွန်စိုင်းရဲ့ အမြင်

ကျွန်တော့်ရဲ့ ဆောင်းပါးကို facebook တင်လိုက်တော့ ဖတ်မိသူ အတော်များများက သဘောတူကြောင်း မှတ်ချက်ပေးကြပါတယ်။ ယူကေနိုင်ငံကို ရောက်နေတဲ့ မိတ်ဆွေကြီး ကိုခွန်စိုင်းကတော့ အောက်ပါအတိုင်း သူ့ထင်မြင်ချက်ကို ရေးလိုက်ပါတယ်။

*Khun Saing - ဆရာရဲ့ ဒီမိုကရေစီ ပိုးတုံးလုံးကောင် အဆင့်ကို ဖြတ်သန်းဆဲလို့ မြင်တဲ့ အမြင်ကို ကျွန်တော်လည်း လက်ခံပါတယ်။ ဒါပေမဲ့ ဒါကို အစေးရောက်လာတချို့က ဒီမိုကရေစီ သားလျှောသွားတာလို့ စွပ်စွဲ သတ်မှတ်တယ်။ လက်ရှိအခြေအနေဟာ ၂၀၀၈ အောက်မှာ အုပ်ချုပ်ခံနေရတဲ့ စစ်ကျွန်ခေတ် မြန်မာပြည်လို့ အဲဒီပုဂ္ဂိုလ်တွေက*

*သတ်မှတ်ပြီးကာမှ တစ်ချိန်တည်းမှာပဲ လက်ရှိ သူတို့ရောက်နေတဲ့ တိုင်းပြည်တွေက အခွင့်အရေးတွေနဲ့ တန်းတူ ယှဉ်ပြီး တင်းပြည်ကျပ်ပြည့် အခြေအနေ တောင်းဆိုနေတာဟာ မဆီလျော်ဘူးလို့ မြင်ပါတယ်။ ကိုယ်တိုင် ဝင်မလုပ်နိုင်ဘဲ တကယ်လုပ်နေတဲ့ ပြည်တွင်းက လူတွေကို တိုက်ခိုက်ခြင်းဟာ မစာနာဘူးလို့ မြင်ပါတယ်။ လူ့အခွင့်အရေးခေါင်းစဉ် သက်သက်အောက်က နိုင်ငံခြားသား လော်ဘီတွေကလည်း တင်းပြည့်ကျပ်ပြည့် တိုင်းပြည်တွေမှာ စတိုင်ကျကျနေပြီး အလွယ်တကူ ကြေညာချက်ထုတ် နောက်က အစ်ရှူးတွေ အတင်း ရှေ့ပို့နေတယ်ဆရာ။ အောဘီမြောက်ပိုင်း ကိစ္စ ပြန်လည် ဖော်ထုတ်ကြတဲ့ ဥပမာကို ကောက်ပြောရင် ဆရာပြောတဲ့ အမှန်တရားကို ပြန်လည် ရှာဖွေ ဖော်ထုတ်သူတွေနဲ့ ပြဿနာသက်သက် ရှာချင်သူ ၂ မျိုးလုံးကို အဲဒီမှာ တွေ့နိုင်တယ်လို့ မြင်မိပါတယ်။ အဲဒီမှာ ပါတဲ့ အမှန်တရားကို ပြန်လည် ဖော်ထုတ်တဲ့သူတွေရဲ့ သဘောထားတွေကို ဖတ်ရ နားထောင်ရတာ အလွန်အကျိုးရှိပြီး အလွန်လေးစားဖို့ ကောင်းပါ တယ်။ မနေ့ကတင် အာဂျင်တီးနားက သားပျောက်တဲ့ အမေတွေရဲ့ သောက ပရိဒေဝတွေနဲ့ တစ်ချိန်က နိုင်ငံတော် ရာဇဝတ်မှုတွေအကြောင်း အစီအစဉ်ကိုကြည့်ပြီး ဗမာပြည်ကို သတိရ နေတယ် ဆရာ။ တစ်နေ့ အာဂျင်တီးနားမှာ အဖြေရှာသလို ဗမာပြည်လည်း အဲဒီလို ကုစားနိုင် မယ်လို့ ယုံကြည်ပါတယ်။ ဆရာ ကျန်းမာပါစေ...။*

ကိုခွန်စိုင်းရဲ့ အင်မတန်မှ မျှတတဲ့ အမြင်ကို ကျွန်တော် အထူး လေးစား တန်ဖိုးထားပါတယ်။ သူဟာ ၁၉၉၀ ပြည့်နှစ်များ နောက်ပိုင်းကာလမှာ အင်းစိန်ထောင်ထဲ ထပ်ရောက်လာစဉ် ကျွန်တော်နဲ့ တွဲဘက်ထောင် ကျွန်းတိုက်မှာ ဆုံခဲ့ဖူးတယ်။ သူက ဆေးကျောင်းသားဟောင်း တစ်ယောက်ဖြစ်ပြီး စိတ်တိုင်းကျ ကိုအောင်ထိုက်တို့ရဲ့ သူငယ်ချင်းရဲဘော်ပါ။ ယခင် သွေးသစ် လူငယ် နိုင်ငံရေးပါတီကို ဒေါက်တာသက်လွင်နဲ့ အတူ တည်ထောင်ခဲ့ကြပြီး ၁၉၈၉- ၁၉၉၀ လှိုင်းဂယက်ထဲ ပါခဲ့တယ်။ ထောင်ထဲ ရောက်ခဲ့တယ်။ အပြင်ရောက်တော့ နိုက်တင်ဂေးလ်ဆိုတဲ့ ဆေးရုံတစ်ရုံကို မိတ်ဆွေများနဲ့ ထူထောင်ပြီး အလုပ်လုပ်နေချိန်မှာ ကိုအောင်ထွန်းရဲ့ ကျောင်းသားလှုပ်ရှားမှု သမိုင်းအတွက် ကူညီခဲ့မှုနဲ့ ထပ် အဖမ်းခံရ၊ ကျွန်တော်တို့ရှိတဲ့ နေရာကို ၁၉၉၈ နှစ်ဦးပိုင်းလောက် ရောက်လာခဲ့တာပါ။ ထောင်က လွတ်တော့ ပြည်ပကို ထွက်သွားပြီး အခု ယူကေမှာ ပညာလည်း သင်၊ အလုပ်လည်း လုပ်နေတယ်လို့ သိရပါတယ်။ ကိုခွန်စိုင်းလို မျှတတဲ့ အမြင်နဲ့ နိုင်ငံရေးကို လေ့လာသုံးသပ်သူများ တိုးပွားလာရင် ကျွန်တော်တို့ တိုင်းပြည် ရှေ့ရေး ရင်အေးစရာ ပိုကောင်းလာမယ် ထင်ပါတယ်။

## သမ္မတကြီးနဲ့ သုံးလေး မှတ်တိုင်

မကြာသေးခင်ကာလက facebook စာမျက်နှာတချို့မှာ ကဗျာဆရာမိုးဝေးရဲ့ သမ္မတကြီးနဲ့ သုံးလေး မှတ်တိုင်ဆိုတဲ့ ကဗျာတစ်ပုဒ် အတော်ပျံ့နှံ့ခဲ့တယ်။ ကဗျာဆရာက သမ္မတကြီးရဲ့



ပြည်လမ်းက ဘတ်စကားလိုင်းတစ်ခုမှာ အတူတူ စီးနင်းလိုက်ပါခဲ့ပုံ၊ ကားပေါ်မှာ စည်းမဲ့ကမ်းမဲ့ လူတွေနဲ့ စပယ်ယာရဲ့ မသိသားဆိုးဝါးမှုတွေခံရပုံ၊ နောက်ဆုံးတော့ သူတို့ ဆင်းမယ့် မှတ်တိုင်ကိုကျော်ပြီး ပြည်သူ့ရင်ပြင်ရှေ့ကျမှ မြေနီကုန်းမှတ်တိုင်လို့ ဆိုကာ ကဗျာဆရာနဲ့ သမ္မတကို စပယ်ယာက တွန်းချခဲ့ပုံ၊ သူတို့နှစ်ယောက် လမ်းလျှောက်ပြီး သွားလိုရာနေရာကို ပြန်လာစဉ် သမ္မတက သူ့အနေနဲ့ တိုင်းပြည်ရဲ့ အဓိက လိုအပ်ချက်တွေကိုပဲ အာရုံစိုက်နေခဲ့ရတယ်၊ အခု ကြုံခဲ့ရတဲ့ အဖြစ်တွေကို မောင်ရင်တို့ ကဗျာရေးရင် ထည့်ရေးသလားလို့ မေးသတဲ့။ ကဗျာဆရာက 'ပါတာပေါ့ ပြည်သူတွေ အကြောင်းတွေကို ကဗျာတွေနဲ့ ရေးဖွဲ့ရတာပေါ့' လို့ ပြန်ပြောတော့ သမ္မတက 'ဒါဆိုရင် ကဗျာကိုလည်း တိုင်းပြည်ရဲ့ အခြေခံ လိုအပ်ချက်ထဲမှာ ထည့်ရ လိမ့်မယ်' လို့ ပြောသွားတဲ့အကြောင်း သရော်စာ အနုပညာမြောက်စွာ ရေးဖွဲ့ထားတာပါ။ မိုးဝေးရဲ့ ကဗျာ ကို ကျွန်တော် နှစ်သက်စွာ ဖတ်ရင်း သမ္မတကို ကဗျာထဲ ထည့်ရေးတဲ့ ယနေ့ခေတ်ရဲ့ အနေ အထားကို သဘောကျနေမိပါတယ်။ ဘာပဲပြောပြော သမ္မတကြီး ဦးသိန်းစိန်ဟာ ပြည်သူတွေရဲ့ ပုဏ္ဏားတိုင် တစ်ယောက်လို ပုံရိပ်ရှိလာတာကို သတိထားမိပါတယ်။ ဧပြီ ၁၀ ရက်မှာ ရန်ကုန်က သမီးလတ်ဆီက သတင်းစကား ကြားရပါတယ်။ သမ္မတကြီး မိသားစုက ညွှန်ချုပ် ဦးရဲမင်းကို ရန်ကုန်ကို လွှတ်ပြီး စင်ကာပူမှာ ဆေးကုသနေတဲ့ ကျွန်တော့် ကျန်းမာရေးအတွက် ဆုမွန် တောင်းကြောင်း သတင်းစကားကို ပါးလိုက်ပါတယ်။ သာဓု၊ သာဓု၊ သာဓုပါ သမ္မတကြီး။ ဒါ ဒုတိယ အကြိမ်ပါ။ ကျွန်တော့် ကျန်းမာရေးသတင်းကို ကြားပြီးပြီးချင်း မနှစ်က နိုဝင်ဘာလ ကလည်း သမ္မတ မိသားစုက ညွှန်ချုပ်ဦးရဲမင်းကို စေလွှတ်ပြီး ကျွန်တော့်အတွက် မြန်မာ့ငှက်သိုက် ဓာတ်စာများ ပို့ပေးပါတယ်။ ဆုမွန်တောင်းတဲ့ စာသဝဏ်လည်း ဓာတ်စာများနဲ့အတူ ပါခဲ့ပါတယ်။ ကျွန်တော့်ကို လွတ်လပ်တဲ့ သတင်းစာဆရာ တစ်ယောက်အနေနဲ့ အစိုးရကို ဝေဖန်စရာ ရှိရင် ဝေဖန်တယ်၊ အစိုးရ လုပ်ရပ်တွေထဲမှာ ကောင်းတယ်လို့ မြင်တာတွေကိုလည်း ထုတ်ဖော် ရေးတာကို သမ္မတကြီးက ကျေနပ်တယ်လို့ ပြောကြောင်း ဦးရဲမင်းက ပြောပြပါတယ်။ ဒါကြောင့်လည်း ကျွန်တော့် မွေးနေ့အကြိုအဖြစ် facebook မှာ အောက်ပါ ကျေးဇူးစကားကို ကျွန်တော် တင်ပြခဲ့ပါတယ်။

## ကျွန်တော့် မွေးနေ့ ဆုတောင်း

မြန်မာသက္ကရာဇ် ၁၃၇၄-၇၅ မြန်မာ့နှစ်သစ်ကူး သင်္ကြန်ပွဲတော်ကြီး လုလုပပ အေးအေး ချမ်းချမ်းဖြင့် ပြည်သူအများ ဘေးမသီရန်မခ သောက ကင်းဝေးစွာ ပြီးဆုံး အောင်မြင် သွားခြင်းအတွက် အထူးစိတ်သက်သာရပြီး စိတ်ချမ်းသာ ဝမ်းမြောက်ရပါကြောင်း ရှေးဦးစွာ ဖော်ပြလိုက်ပါတယ် ခင်ဗျာ။ အမေရိကန်နိုင်ငံ ဘော်စတွန်မှာ မာရသွန် အပြေးပြိုင်ပွဲဝင်တွေကို ဗုံးဖောက်ခွဲ သတ်ဖြတ်တဲ့ အဖြစ်ဆိုးကြီးဖြစ်တာ ကြားလိုက်ရတော့ အများကြီး စာနာမိပါတယ် ခင်ဗျာ။

နက်ဖြန် ဧပြီ ၁၇ မြန်မာနှစ်ဆန်းတစ်ရက်နေ့ဟာ ကျွန်တော့်ရဲ့ အသက် ၆၈ နှစ် ပြည့် မြောက်တဲ့ မွေးနေ့ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၆၈ နှစ် ကျွန်တော်မွေးဖွားတဲ့ ၁၉၄၅ ဧပြီ ၁၇ အင်္ဂါနေ့ကတော့ မြန်မာနှစ်ဆန်းတစ်ရက်နဲ့ မတိုက်ဆိုင်ခဲ့ပါဘူး။ မြန်မာလိုဆိုရင် ၁၃၀၇ ခု ကဆုန်လဆန်း၇ ရက် အင်္ဂါနေ့ ဖြစ်ပါတယ်။ နောက်ပိုင်း နှစ်အတော်များများ ကျတော့ မြန်မာ နှစ်ဆန်းတစ်ရက်နဲ့ ဧပြီ ၁၇ အမြဲတမ်းလို တိုက်နေခဲ့တာ သတိထားမိပါတယ်။

ဒီနှစ်သင်္ကြန်ကာလကတော့ ကျွန်တော့်ဘဝမှာ ထူးခြားလှပါတယ်။ အဆုတ်ကင်ဆာရောဂါကို ၂၀၁၂ အောက်တိုဘာလဆန်းကစလို့ ခုခံ တွန်းလှန် တိုက်ဖျက်ရင်း စင်ကာပူနိုင်ငံကို ရောက်နေချိန်ဖြစ်ပါတယ်။ နှစ်သစ်ကူး အကြိုကာလမှာ ကျွန်တော့် ကျန်းမာရေးအတွက် ဆုမွန်ကောင်းများ တောင်းပေးပြီး မေတ္တာ ကရုဏာ စေတနာဓာတ်များ လွှတ်ပေးခဲ့တဲ့ နိုင်ငံတော် သမ္မတကြီး ဦးသိန်းစိန်၊ ဇနီးဒေါ်ခင်ခင်ဝင်းနှင့် မိသားစု၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ဦးခင်အောင်မြင့်နှင့် ဇနီး၊ စင်ကာပူရှိ မြန်မာသံအမတ်ကြီးနှင့် သံရုံးအဖွဲ့သားများ၊ ဦးအေးကိုကို၊ ကိုဝင်းထိန်+မေကျော်စိုး ညွန့်မောင်နံ့၊ ကိုဂျိမ်း၊ ကိုဝဏ္ဏ၊ ဦးစိုးဝင်း၊ ကိုဘိုဘိုဝင်း၊ စုချစ်သူနှင့် ရောင်းရင်းများ ရသအလင်း စာကြည့်တိုက်အဖွဲ့သားများ၊ ဒေါက်တာအောင်မိုး အစရှိသော စင်ကာပူရှိ မိတ်ဆွေသင်္ဂဟများ၊ MAI International နှင့် ကျွန်တော်၏ စာဖတ်ပရိသတ်များ မွေးနေ့ဆုမွန်တောင်းပေးသူများ၊ ပြည်တွင်းပြည်ပမှ ရုပ်ပိုင်းစိတ်ပိုင်း နှစ်ရပ်လုံးဖြင့် ကူညီ ထောက်ပံ့ခဲ့သူများ အားလုံးကို အထူး ကျေးဇူးတင်ပါကြောင်း၊ ကျွန်တော့် စာဖတ်ပရိသတ်များ အပါအဝင် မြန်မာပြည်သူများအားလုံး လာမည့် နှစ်သစ်တာတွင် ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာလျက် ဘေးအန္တရာယ်အပေါင်းမှ လွတ်ကင်းကြစေကြောင်း လှိုက်လှဲစွာ ဆုမွန်ကောင်း တောင်းလိုက်ပါသတည်း။

ကျွန်တော့်မွေးနေ့ဆုတောင်းကို ဖတ်မိတဲ့ facebook မိတ်ဆွေများက ဝိုင်းဝန်း အားပေးပြီး ဆုတောင်းမေတ္တာ ပို့သကြပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ မိတ်ဆွေများနှင့် ပြည်သူ့ခေတ် စာဖတ်ပရိသတ်များအားလုံး စိတ်၏ ချမ်းသာခြင်း ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေသတည်း။

**ပြည်သူ့ခေတ်ဂျာနယ်။**
*၂၀၊ ဧပြီ၊ ၂၀၁၃။*
*အတွဲ ၃၊ အမှတ် ၁၄၂။*

○

# သတင်း မှန်တိုင်း သတင်းထူး ဖြစ်သလား

## ဖေ့စ်ဘွတ် သတင်းတစ်ပုဒ်နှင့် ဆက်စပ်လို့

ခုတလော အင်တာနက် လူမှုစာမျက်နှာ facebook မှာ ထင်ရှားတဲ့ သတင်းစာဆရာ (ကာတွန်းဆရာ) တစ်ယောက်က သူ့ရင်ထဲ ထိခိုက်ခဲ့ရတဲ့ သတင်းဖြစ်ရပ်မှန်တစ်ပုဒ်ကို တင်လိုက်တယ်ဗျ။ သူ့သတင်းက လူသူမနီး တောင်ခြေတစ်ခုမှာ တောင်ယာလုပ်နေတဲ့ သားအဖ ၃ ယောက်၊ အဖေရယ်၊ ၁၅ နှစ်အရွယ် သမီးရယ်၊ သူ့မောင်လေး တစ်ယောက်ရယ် နေကြရာက ဖအေလုပ်သူက အရက်တွေသောက် လူစိတ်ပျောက်ပြီး သမီးကို အဓမ္မ ကျင့်တယ်။ သမီးက ရဲစခန်းတိုင်တော့ ဖအေကို ဖမ်းချုပ်ထားတယ်။ သမီးလေးက ဖအေ အချုပ် ထဲမှာ ဘယ်သူမှ ကျွေးမွေးသူမရှိလို့ ထမင်း လာပို့ရတယ်။ အဲဒါ သတင်း သမားက ရွာ နာမည်၊ မိန်းကလေး နာမည် ဖအေ နာမည်တွေပါ ဖော်ပြပြီး face book သတင်း တင်လိုက်တယ်။ ဖအေအတွက် ထမင်းလာပို့ရတာကို ရုပ်မဖော်ဘဲ ဓာတ်ပုံ ရိုက်ထားတယ်၊ တင်ပေးဦးမယ်လို့ သူက ရေးလိုက်တယ်။ အဲဒီမှာ ကွန်မင့်တွေတက်ပြီး သတင်းသမားကို ဝိုင်းဝေဖန်တော့တာပါပဲဗျာ။ ရွာနာမည်၊ အသက် မပြည့်သေးတဲ့ မိန်းကလေး အပါအဝင် ကာယကံရှင်တွေ နာမည်ထည့်ပြီး ဖော်ပြတာကို ဝိုင်းဝန်း ကန့်ကွက်ကြတယ်။ ဓာတ်ပုံလည်း ထပ်မတင်ပါနဲ့တော့လို့ ပရိသတ်တွေက တားမြစ်ကြပါတယ်။ သတင်း သမားက သူ့စေတနာကို ရှင်းပြသေးတယ်။ သူကတော့ ရင်ထဲထိခိုက်လွန်းလို့ပါလို့ ပြောတယ်။ သို့ပေမယ့် facebook ပရိသတ်က လုံးဝ လက်မခံ ပါဘူး။ ဝိုင်းဝန်းတားမြစ်မှုကြောင့် သတင်းသမားက သတင်းဓာတ်ပုံ ဆက်မတင် တော့ပါဘူး။ ကျေးဇူး အထူးတင်ပါတယ် မိတ်ဆွေကြီးရေ။

ယခု သတင်းသမား မိတ်ဆွေကြီးဟာ တကယ်တော်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါ။ သူ့သတင်းတွေ သူ့ကာတွန်းတွေကို ကျွန်တော်တို့ စောင့်ကြည့် လေ့လာခဲ့ရပါ တယ်။ သူ့နယ်မြေတစ်ပိုက် တရားမျှတမှု မရှိတာတွေကို ရဲရဲဝံ့ဝံ့ ဖော်ထုတ် ရေးသားခဲ့လို့ တရားမျှတမှု အကျိုးဖြစ်ထွန်းခဲ့တာတွေ အများကြီး ရှိခဲ့ပါတယ်။ ယခု ကိစ္စမှာတော့ သူဟာ စိတ်ထိခိုက်လွန်းလို့ သည်လို တင်ဖြစ်သွားတယ် ဆိုတာ သူ့ တင်ပြချက်မှာ ပေါ်လွင်နေပါတယ်။

## ကျင့်ဝတ်ကို ဘယ်သူတွေက ထိန်းမလဲ ဆိုတဲ့ ပြဿနာ

သည်ဖြစ်ရပ်ကို ကျွန်တော် စိတ်ဝင်စားစွာ စောင့်ကြည့်ပြီး သတင်းသမား ကျင့်ဝတ်ကို ဘယ်သူတွေက တကယ်တမ်း ထိန်းချုပ်သလဲဆိုတဲ့ မေးခွန်းရဲ့ အဖြေကို ပိုပြီး နားလည် သွားပါတယ်။ ကျွန်တော်တို့ သတင်းမီဒီယာသမား တွေမှာ ကျင့်ဝတ်တွေ ရှိပါတယ်။ စစ်သည် ကျင့်ဝတ်၊ ဆရာဝန် ကျင့်ဝတ် စသည်ဖြင့် ရှိနေသလို သတင်းမီဒီယာသမားတွေ မိမိတို့ကိုယ် မိမိတို့ ကိုယ့်အသိနဲ့ကိုယ် လိုက်နာစောင့်ထိန်းရမယ့် ကျင့်ဝတ်တွေ ရှိပါတယ်။ ကျွန်တော်တို့ခေတ်ကျမှ အထူးအဆန်း ရေးဆွဲ သတ်မှတ်တာ မဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ ဘိုးဘေး သတင်းစာဆရာကြီးတွေ အဆက်ဆက် လက်ဆင့်ကမ်းခဲ့ကြတာပါ။ ကျွန်တော်တို့က ခေတ်နဲ့အညီ အင်တာနက်ခေတ် ရောက် တော့လည်း ဝက်ဘ်ဆိုက်တို့ ဖေ့စ်ဘွတ်တို့ ဘလော့ဂ်တို့ အသုံးပြုနေသူတွေ အတွက်ပါ ကျင့်ဝတ်တွေ တိုးချဲ့ရတော့တာပေ့ါ။ ဘာဖြစ်လို့လဲဆိုတော့ အင်တာနက် လူမှုစာမျက်နှာပဲဗျာ။ ကိုယ်ရေးချင်တာ ကိုယ်ပြောချင်တာတွေ ပြောခွင့်ရှိရမှာပေါ့လို့ အလွယ်ပြောလို့ မဖြစ်ပါဘူး။ အများပြည်သူ ဖတ်လို့ရတဲ့ မီဒီယာအဖြစ် အကျုံးဝင်တဲ့ အင်တာနက် လူမှု စာမျက်နှာ အသုံးပြုသူတွေ အတွက်လည်း ကျင့်ဝတ်ရှိရမှာ သေချာပါတယ်။ အိမ်သာနံရံမှာ မီးသွေးခဲနဲ့ ရေးချင်တာရေးတဲ့ အဆင့်မျိုး မဖြစ်သင့်ဘူးပေါ့ဗျာ။

## သတင်းဆိုတာ တိကျ မှန်ကန်ရမယ်ဆိုတဲ့ ခံယူချက်

ယနေ့ခေတ် မီဒီယာတွေမှာ သတင်းမှားယွင်းမှုတချို့နဲ့ ပတ်သက်လို့ စိုးရိမ် မကင်းဖြစ်ပြီး တိကျမှန်ကန်တဲ့ သတင်းတွေကိုပဲ ဖော်ပြဖို့၊ တိကျမှန်ကန်တဲ့ သတင်းတွေရနိုင်ဖို့ ပြောရေးဆိုခွင့်ရှိသူတွေက ပွင့်လင်းမြင်သာဖို့ အလေးထား ပြောနေကြတယ်ဗျ။ ကျွန်တော်တို့ သမားရိုးကျ စွဲမှတ်ထားတာက သတင်းကောင်းတစ်ပုဒ်ရဲ့ အဓိက အင်္ဂါရပ်ဟာ တိကျမှန်ကန်ခြင်းပဲ။ သတင်း ဆိုတာ မှန်ရတယ်။ မမှားရဘူး။ မကားရဘူး (မွေးကားရဘူး)။ စာဖတ်သူတွေဆီကို အမြန်ဆုံး ရောက်စေရမယ်။ နောက်တစ်ချက်ကတော့ သတင်းဆိုတာ ထူးမှ သတင်းလို့ ခေါ်တယ်။ ထူးခြားမှု မရှိတဲ့ လုပ်ရိုးလုပ်စဉ် ကိစ္စတွေကို



သတင်းအဖြစ် ထည့်သွင်းနေကြတာ ကျွန်တော်တို့တော့ အတော် မျက်စိ နောက်ခဲ့တယ်။ မမှန်ရင် သတင်းမဟုတ်ဘူး။

တကယ်တမ်း ပြောမယ်ဆိုရင် 'မမှန် သတင်း' (False News) ဒါမှမဟုတ် 'မသေချာသော အချက်အလက် (Inaccurate Facts) ဆိုတဲ့ စကား အသုံးအနှုန်းတွေကိုက သူ့စကားနဲ့ သူ ဝိရောဓိ ဖြစ်နေတယ်လေ။ မမှန်ဘူးဆိုရင် သတင်း (News) မဟုတ်တော့ဘူး။ မသေချာဘူးဆိုရင် အချက်အလက် (Facts) မဟုတ်တော့ဘူး။

သတင်းမှားတွေနဲ့ သတင်းမဟုတ်တာကို သတင်းလုပ်ပြီး ပေးတာတွေ ကြောင့် စာဖတ်ပရိသတ် ဘယ်လို နစ်နာသလဲဆိုရင် တလွဲတချော်တွေ နားလည်ပြီး လမ်းချော် ကုန်ကြတယ်။ စာနယ်ဇင်းတွေဟာ အမှားတွေ နားထောင်၊ အမှားတွေ မြင်နေကြရင် ပြည်သူတွေလည်း အမှား သံသရာထဲ လည်နေတော့မှာပဲပေ့ါ။

## သာမန် ပရိသတ်ကတောင် သိတယ်

ကိုင်း - ဒါဆိုရင် အထက်က ဥပမာပေးခဲ့တဲ့ သတင်းမျိုးကို ဘယ်လိုပြောမလဲ။ သတင်းက မှန်တယ်။ တိကျတယ်။ ဖအေက အမှန်ပဲ ကျူးလွန်တာ ဟုတ် မဟုတ် ဆိုတာကတော့ တရားရုံးက မဆုံးဖြတ်ရသေးလို့မပြောနိုင်သည့်တိုင် ရဲစခန်းရောက်နေတာ အထိကတော့ အကောင်အထည်နဲ့ ခိုင်လုံတဲ့ သတင်း ဖြစ်နေပြီ။ သို့ပေမယ့် သတင်းကျင့်ဝတ်အရ ဒီလို အသက်မပြည့်သေးသူရဲ့ အဖြစ်ဆိုး သတင်းမျိုး သည်သတင်းကို ထောက်ကူမယ့် သတင်းဓာတ်ပုံမျိုးကို ပုံနှိပ်မီဒီယာသာမက အွန်လိုင်း မီဒီယာမှာလည်း မဖော်ပြသင့်ဘူးလို့ သာမန် စာဖတ်ပရိသတ်ကတောင် သိနေကြပါပြီ။ လက်ခံနေကြပါပြီ။

သည်ဖြစ်ရပ်နဲ့ ပတ်သက်တဲ့ ထင်မြင်ချက် ဝေဖန်ချက်တွေကို ဖတ်ပြီး ကျွန်တော်ကတော့ အတော်ကလေး အားတက်သွားပါတယ်။ အထက်မှာ ရေးခဲ့သလိုပဲပဲ သတင်းသမား ကျင့်ဝတ်ကို ဘယ်သူတွေက တကယ်တမ်း ထိန်းချုပ်သလဲ ဆိုတဲ့ မေးခွန်းရဲ့ အဖြေကို ပိုပြီး သဘောပေါက်သွားပါတယ်။

သတင်းသမား ကျင့်ဝတ်ကို တကယ်တမ်း ထိထိရောက်ရောက် ထိန်းချုပ် ခဲ့မြင် နိုင်သူတွေကတော့ စာဖတ်ပရိသတ်ကြီးနဲ့ သတင်းမီဒီယာ အချင်းချင်းပဲ ဖြစ်ပါတယ် ခင်ဗျာ။

ပြည်သူ့ခေတ်ဂျာနယ်။
၂၀ ဧပြီ ၂၀၁၃၊
အတွဲ ၃၊ အမှတ် ၁၄၃

○

# ၁၅ – ၂၄ လူငယ်တွေ နိုင်ငံရေး လုပ်သင့်သလား

လူငယ်တွေ နိုင်ငံရေး လုပ်သင့်သလား။ တချို့က လူငယ်တွေဟာ ပညာဆည်းပူးခြင်းနဲ့ အသက်မွေးဝမ်းကျောင်း အလုပ်လုပ်ခြင်းမှာပဲ အာရုံစိုက်သင့်တယ်လို့ ပြောခဲ့ကြဖူးတယ်။ ထင်ရှားတဲ့ အဆိုရှင် နှစ်ယောက်ကတော့ စစ်ဗိုလ်ချုပ်ဟောင်း နိုင်ငံရေးသမားကြီး သခင်အောင်ကြီး (ပေါင်းတည်)နဲ့ စာရေးဆရာကြီး ဦးအောင်သင်းတို့ ဖြစ်ပါတယ်။ သူတို့က အသက်အရွယ် အပိုင်းအခြား မပါဘဲ လူငယ်တွေလို့ပဲ ပြောခဲ့တာဆိုတော့ နိုင်ငံရေးကို ဘယ်အချိန်အခါမှာ လုပ်ရမယ်ဆိုတဲ့ ကန့်သတ်ချက် မတွေ့ရပါဘူး။

## တစ်မျိုးသားလုံးဆိုင်ရာ နိုင်ငံရေး

ကျွန်တော်ကတော့ လူငယ်ပဲဖြစ်ဖြစ် လူကြီးပဲဖြစ်ဖြစ်၊ တစ်မျိုးသားလုံးနဲ့ ဆိုင်တဲ့ နိုင်ငံရေး ဖြစ်ရပ်ကြီးတွေ ဖြစ်ပွားလာရင် နိုင်ငံသားတိုင်း ကျရာနေရာက ပါဝင်ထမ်းဆောင်သင့်တယ်လို့ ယုံကြည်ပါတယ်။ ဥပမာ နယ်ချဲ့တော်လှန်ရေး၊ ဖက်ဆစ်တော်လှန်ရေးတွေမှာ အသက် ၁၄-၅ နှစ်သားအရွယ်လောက်နဲ့ သခင်အသင်းဝင်ပြီး ပါဝင်ထမ်းဆောင်ခဲ့သူတွေ အများကြီး ရှိခဲ့ပါတယ်။ ရှစ်လေးလုံး အရေးတော်ပုံကြီးတုန်းကလည်း အလယ်တန်း ကျောင်းသားလေးတွေက အစ ပါဝင်ခဲ့ကြတာ မှတ်မိပါသေးတယ်။ ခုချိန်ကျတော့ သူတို့တွေထဲက တချို့ဆိုရင် လက်နက်ကိုင် တော်လှန်ရေးသမား ဖြစ်နေသူတွေ၊ ပြည်ပ တက္ကသိုလ်တွေမှာ ဘွဲ့လွန်တွေရပြီး အမိနိုင်ငံပြန်လာသူတွေ ပြည်တွင်း ပြန်ဝင်လာပြီး နိုင်ငံရေးဆက်လုပ်နေသူတွေ၊ ပြည်ပမှာပဲ အခြေစိုက်ပြီး နိုင်ငံရေး ဆက်လုပ်နေသူတွေ စသည်ဖြင့် ဘဝ အသီးသီးမှာ ကျင်လည်နေကြတာ တွေ့ရပါတယ်။



## တိုင်းပြည်ရဲ့ အနာဂတ် နိုင်ငံရေး

တိုင်းပြည်တစ်ပြည်ရဲ့ နိုင်ငံရေးမှာ လူငယ်တွေရဲ့ နိုင်ငံရေး နိုးကြားမှု၊ နိုင်ငံရေးမှာ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်မှုဟာ အနာဂတ်အတွက် အလွန် အရေးကြီးပါတယ်။ 'ယနေ့ လူငယ် နောင်ဝယ် လူကြီး' ဆိုတဲ့ စကားရှိတယ်။ တစ်နေ့ သူတို့ လူကြီးတွေ ဖြစ်လာမှာ၊ လူကြီးနေရာတွေမှာ တာဝန်ယူကြရမှာ။ လူငယ်တွေကို အနာဂတ်ရဲ့ ခေါင်းဆောင်လောင်းတွေလို့ တင်စားပြီး ပြောကြတာ အပိုတွေ ပြောနေတာ မဟုတ်ဘူး။ ဒီနေ့ တိုင်းပြည်မှာ နိုင်ငံရေးလုပ်နေကြတဲ့ အသက်ငါးဆယ်ကျော် ခြောက်ဆယ်ကျော် လူကြီးတွေ နောင် အနှစ်သုံးလေးဆယ်ဆိုရင် ဒီနေရာတွေမှာ မရှိကြတော့ဘူး။ ဒီနေ့ အသက်နှစ်ဆယ် အစိတ် အရွယ်တွေက အဲဒီအချိန်မှာ အစားထိုး တာဝန်ယူကြရတော့မှာ။ သည်တော့ လူငယ်တွေဟာ ရှောင်လို့ကို မလွတ်ဘူး။ နိုင်ငံရေးနဲ့ ပတ်သက်ရတော့မှာပဲ။

## လုပ်သင့် မလုပ်သင့်

ဒီနေရာမှာ နှစ်ပိုင်းခွဲပြီး ပြောဖို့တော့ လိုမယ်ထင်တယ်။ လူငယ်တွေ နိုင်ငံရေး လေ့လာသင့်တဲ့ အပိုင်းရယ်၊ နိုင်ငံရေး လုပ်သင့် မသင့် အပိုင်းရယ်။

လူငယ်တွေ နိုင်ငံရေး လေ့လာ ဆည်းပူးသင့်တယ် ဆိုတာကိုတော့ အချိန်မရွေး မျက်စိမှိတ်ပြောလို့ ဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ လူငယ်တွေဟာ တစ်သက်လုံး မိဘလုပ်စာ ထိုင်စားနေကြမှာ မဟုတ်ဘူး။ တစ်သက်လုံး လူငယ်ဘဝက မကြီးပြင်းဘဲနေမှာ မဟုတ်ဘူး။ သူတို့ဟာ ရပ်ရေးရွာရေးတွေမှာ နောက်လိုက်နေရာကဖြစ်ဖြစ်၊ ခေါင်းဆောင်နေရာကဖြစ်ဖြစ် ပါဝင်ကြရမယ်။ ရွေးကောက်ပွဲတွေမှာ အရွေးခံသူ မဟုတ်ရင်တောင် မဲ ပေးသူတွေ ဖြစ်လာမယ်။ အရွေးခံတာပဲဖြစ်ဖြစ်၊ မဲ ပေးတာပဲဖြစ်ဖြစ် နိုင်ငံရေးပဲ။ နိုင်ငံရေးကို သာမန် အသိနဲ့ကို အထိုက်အလျောက် နားလည်နေမှ မဲဆန္ဒ ပေးတဲ့အခါ မှန်မှန်ကန်ကန် မဲပေးတတ်မှာဖြစ်တယ်။ နိုင်ငံရေးဆိုတာ တိုင်းရေးပြည်ရေးပဲ။ လွတ်လပ်မျှတ ရွေးကောက်ပွဲတွေ ရှိလာချိန်မှာ မှန်မှန်ကန်ကန် မဲ ပေးခြင်းဟာ နိုင်ငံရေးပဲ။ လူငယ်ဆိုတာ အဲဒီအလုပ်တွေကို တစ်နေ့မှာ သူတို့ကိုယ်တိုင် လုပ်ကို လုပ်လာကြရမယ်။

## ခြေစုံပစ် ဝင်လုပ်ကြရင်

နိုင်ငံရေးဆိုတာ နာမည်ကိုက ရှင်းနေတယ်။ ကိုယ့်အရေးထက် နိုင်ငံ့အရေးကို ဦးစားပေး လုပ်နိုင်မှ နိုင်ငံရေး လုပ်တယ်လို့ ပြောနိုင်တယ်။ သည်တော့ လူငယ်တွေ နိုင်ငံရေးကို ကာယကံမြောက် ဝင်လုပ်ကြရင် သူတို့ဟာ ကိုယ့်အရေးထက် နိုင်ငံ့အရေးကို အာရုံ စိုက်ကြရမယ်။ တစ်ဖက်ကလည်း ပညာသင်ကြားရေးကို လုပ်ရဦးမယ်။ ပညာရေးပြီးဆုံးရင် အလုပ်အကိုင် လုပ်ကြရဦးမယ်။ ဘယ်လမ်းကို ရွေးမလဲ။ လူငယ်တွေ ပညာ မသင်လို့ မဖြစ်ဘူး။ အလုပ် မလုပ်လို့ မဖြစ်ဘူး။ လူငယ်အများစုကြီးသာ

အသက်မွေးဝမ်းကျောင်း အလုပ်မလုပ်ဘဲ နိုင်ငံရေးကို ခြေစုံပစ် ဝင်လုပ်ကုန်ကြရင် ဘယ်လိုနေမလဲ၊ စဉ်းစား ကြည့်လိုက်ရုံနဲ့ မြင်သာပါတယ်။ ဒါကြောင့် လူငယ်တွေ နိုင်ငံရေး လုပ်သင့် မသင့်ကို စဉ်းစားရင် အတော် သိမ်မွေ့နက်နဲတဲ့ ခေါင်းစဉ်တစ်ခု အဖြစ် စဉ်းစားဖို့ လိုတယ်။

## အရင် လုပ်ရမှာနဲ့ နောက် လုပ်ရမှာ

နိုင်ငံရေးလုပ်သူဟာ မိသားစု စားဝတ်နေရေးကို တာဝန်ယူနေရရင် နိုင်ငံရေးလုပ်ရတာ စိတ်ဖြောင့်မှာ မဟုတ်ဘူး။ ဒါကြောင့် သခင်အောင်ဆန်းတို့ နိုင်ငံရေးလုပ်ကြတော့ နိုင်ငံရေးကို စိတ်ဖြောင့်ဖြောင့် လုပ်နိုင်အောင် သူဌေးသမီးတွေ ရှာယူကြရင် ကောင်းမယ်လို့ ရယ်စရာအဖြစ်ပဲဖြစ်ဖြစ် စဉ်းစားခဲ့ကြဖူးတယ်လို့ စာထဲမှာ ဖတ်ဖူးတယ်။ ဒါဟာ တကယ်ကတော့ လူ့ကျင့်ဝတ်ဆိုင်ရာ ပြဿနာ တစ်ခုလည်း ဖြစ်တယ်။ မိသားစု တာဝန်ယူခြင်းဟာ မလွှဲမသွေ ထမ်းဆောင်ရမယ့် လူ့တာဝန် ဆိုတာကို မငြင်းနိုင်ဘူး။ တိုင်းပြည်အကျိုးကို ကိုယ်ကျိုးစွန့်ပြီး ဆောင်ရွက်ခြင်းဟာလည်း မွန်မြတ်တဲ့ အလုပ်လို့ ဆိုတယ်။ ဒါကိုလည်း မငြင်းနိုင်ဘူး။ လူငယ်တွေဟာ အမှန် တရားနှစ်ခုရှိရာမှာ နှစ်ခုစလုံးကိုတော့ တစ်ပြိုင်တည်း ရွက်ဆောင်နိုင်ကြမှာ မဟုတ် ပါဘူး။ အရင် လုပ်ရမှာနဲ့ နောက် လုပ်ရမှာ ရွေးကြရလိမ့်မယ်။

## ၂၂ နှစ်သား နိုင်ငံရေးသမား

ကျောင်းသားခေါင်းဆောင် ကိုအောင်ဆန်း သခင်အသင်းဝင်ပြီး နိုင်ငံရေးကို ခြေစုံပစ် ဝင်လုပ်တဲ့ ၁၉၃၇-၃၈ လောက်က သခင်အောင်ဆန်းဟာ အသက် ၂၂ နှစ်သား လူငယ် တစ်ယောက်ပဲ။ သခင်အောင်ဆန်းနဲ့ ခေတ်ပြိုင် လူငယ်တွေဟာ ဗြိတိသျှ လက်အောက် ကျရောက်နေတဲ့ မြန်မာပြည်ကို လွတ်လပ်ရေးရအောင် တိုက်ပွဲ ဝင်ရမယ်ဆိုတဲ့ အရေးတော် (cause) တစ်ခုကို ဦးလည်မသုံ့ သတ်မှတ်ချက် ရှိတယ်။ ဖက်ဆစ်ဂျပန် လက်အောက် ကျရောက်ခဲ့ချိန်ကျတော့ အဲဒီခေတ် လူငယ် တွေမှာ ဖက်ဆစ်တွေကို မောင်းထုတ်ရေးဆိုတဲ့ အရေးတော်ရှိနေပြန်တယ်။ အဲဒီ အရေးတော်ရဲ့ လှုံ့ဆော်မှု စေ့ဆော်မှုနဲ့ လူငယ်တွေ နိုင်ငံရေး လုပ်ကြတာပဲ။

## နောက်တွန့် နေခဲ့ကြသူတွေ

မျက်မှောက်ကာလမှာ တိုင်းပြည်ကို ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးဆိုတဲ့ အရေးတော်ရှိပေမယ့် လူငယ် အတော်များများဟာ ပညာရေး လုံးပန်းနေရတာနဲ့ စားဝတ်နေရေး လုံးပန်းနေရတာနဲ့ နိုင်ငံရေးမှာ ပါဝင်ပတ်သက်မိသူတွေရဲ့ ကြေကွဲစရာ အဖြစ်တွေကို တွေ့နေရတာနဲ့ နောက်တွန့်နေခဲ့ကြတယ်။ ယနေ့ လူငယ်အများစုဟာ နိုင်ငံရေးကို စိတ်ဝင်စားမှုတော့ ရှိကောင်းရှိနိုင်တယ်။ ကာယကံမြောက် နိုင်ငံရေး လုပ်ဖို့တော့ စိတ်မကူးရဲကြဘူးလို့ ထင်ပါတယ်။



## ပညာရေး ထူးချွန် ပေါက်မြောက်ဖို့

ဘယ်အကြောင်းကြောင့်ဖြစ်ဖြစ်၊ နိုင်ငံရေးကို ကာယကံမြောက် ဝင်မလုပ်နိုင်သေးတဲ့ တိုင်အောင် လူငယ်တွေ နိုင်ငံရေးကို စိတ်ဝင်စားသင့်တယ်။ နိုင်ငံရေးကို လေ့လာ ဆည်းပူးသင့်တယ်။ နိုင်ငံရေးကို နားလည်နေသင့်တယ်။ ဒါတော့ အတိအကျ ပြောလို့ရတယ်။ လူငယ် Youth ဆိုတဲ့ အသက်အရွယ် အပိုင်းအခြားကို ၁၉၈၅ ခုနှစ်က ကမ္ဘာ့ကုလသမဂ္ဂက အသက် ၁၅ နှစ်နဲ့ ၂၄ နှစ်ကြားလို့ သတ်မှတ်ခဲ့တယ်။ ကျွန်တော့် သဘောကတော့ သခင်အောင်ဆန်းတို့ နိုင်ငံရေးလုပ်တဲ့ ခေတ်ကလို နယ်ချဲ့တော်လှန်ရေး၊ ဖက်ဆစ် တော်လှန်ရေး စတာမျိုးတွေမှာ ပါဝင်ထမ်းဆောင်စရာ မလိုတဲ့ အချိန်ကာလဆိုရင် လူငယ်အများစုဟာ ပညာရေးမှာ ထူးချွန်ပေါက်မြောက်ဖို့ ပထမ ကြိုးစားသင့်တယ်။ ပြီးတော့ အလုပ်ခွင်မှာ တီထွင် ကြံဆ သုတေသနပြုပြီး ဖွံ့ဖြိုးတိုးတက်ရေးကို တွန်းအားပေးနိုင်သူတွေ ဖြစ်လာဖို့ ကြိုးစားသင့်တယ်။ အဲဒီ နောက် မိမိတို့ရဲ့ သားသမီးတွေကို ပညာရေး တာဝန်ယူရတာ ပြီးဆုံးလောက်တဲ့ အချိန်၊ မိမိရဲ့ ကျန်ရှိနေသေးတဲ့ သက်တမ်းမှာလည်း စားဝတ်နေရေးအတွက် အထိုက် အလျောက် အာမခံချက်ရှိတဲ့ အချိန်ကျတော့မှ နိုင်ငံရေးကို အချိန်များများ ပေးပြီး လုပ်သင့်တယ်လို့ ယူဆပါတယ်။

## ခေါင်းဆောင် မျိုးဆက်သစ်

ဒီမိုကရေစီပန်းတိုင် မရောက်သေးချိန်မှာ လူငယ်တွေတင်မက နိုင်ငံသားတိုင်း နိုင်ငံရေးကို စိတ်ဝင်စားသင့်ပါတယ်။ လက်တွေ့ နိုင်ငံရေး ဝင်လုပ်ဖို့ကတော့ မိမိကိုယ်ကိုယ် ဝမ်းစာ ပြည့်အောင် ဖြည့်ပြီးမှ နိုင်ငံရေး ဝင်လုပ်ကြစေချင်တယ်။ သို့မှသာ တိုင်းပြည်အနေနဲ့ အရည်အချင်း ပြည့်မီတဲ့ ခေါင်းဆောင်မျိုးဆက်သစ်ကို ရမယ်လို့ ယုံကြည်တယ်။ နို့မို့ဆိုရင်ဖြင့် ခုတလော လွှတ်တော်ထဲ အိပ်ငိုက်နေတဲ့ လူတွေလို အလျောင်အပြောင်ခံရတဲ့ ဝေလေလေ အဆင့်တွေပဲ များနေပါလိမ့်မယ်။

**ပြည်သူ့ခေတ်ဂျာနယ်။**

၄၊ မေ ၂၀၁၃

အတွဲ ၃၊ အမှတ် ၁၃၃၃

○

# သတင်းစာ ဆရာနှင့် နိုင်ငံရေးသမား

## လက်သံပြောင် ကလောင်ထက်

ခုတစ်လော ကျွန်တော့်ဆရာတချို့ အတော်လက်သံပြောင် ကလောင်ထက်နေတာ အွန်လိုင်းကနေ ဖတ်နေရတယ်ဗျ။ ကျွန်တော့်ဆရာဆိုတာ သတင်းစာ ဆရာတွေကို ပြောတာပါ။ ယနေ့ခေတ်မှာတော့ သတင်းစာဆရာ ဆိုတာထက် သတင်း မီဒီယာ သမားတွေလို့ ပြောတာကို ပိုကြိုက်ကြပုံရတယ်။ ကျွန်တော်တို့ကတော့ နှစ်ပေါင်း များစွာ တွင်ကျယ်စွာ သုံးနှုန်းခဲ့တဲ့ သတင်းစာဆရာဆိုတဲ့ စကားလုံးကို သံယောဇဉ် ရှိနေတုန်း Journalist, Press စသည်ကို သတင်းစာဆရာလို့ သုံးရင် ပိုပြီး ဂုဏ်ရှိတယ် လို့ ယူဆတုန်းဖြစ်လို့ ဆက်ပြီး သုံးနှုန်းနေတာပါ။

ကျွန်တော် ချစ်ခင်လေးစား တန်ဖိုးထားတဲ့ သတင်းစာ ဆရာတချို့ဟာ နေ့စဉ် ထုတ် ပုဂ္ဂလိက သတင်းစာတွေ ထွက်လာပြီးချိန်မှာ လက်ရည်တွေ ပိုတက်လာသလား အောက်မေ့ရတယ်ဗျ။ နေ့စဉ်သတင်းစာတွေက အရေးအသားတွေ၊ ခေါင်းကြီးပိုင်းတွေ ထဲက အများစုဟာ ပြည်သူလူထုရဲ့ သဘောထား အမြင်တွေကို ထင်ဟပ်တာ၊ ပြည်သူလူထုရဲ့ သဘောထားအမြင်တွေကို ဦးဆောင်ပေးနေတာ တွေ့ရလို့ 'ဘရာဗို ဘရာဗို' လို့ အံ့ချီးမိတဲ့ အကြိမ် အတော်များများ ရှိခဲ့ပါတယ်။

## ဂျာနယ်တွေလည်း ပြောင်မြောက်

နေ့စဉ်ထုတ် သတင်းစာတွေက ကလောင်ထက်လာကြတာကို အကြောမပေးဘဲ အပတ်စဉ်ထုတ် ဂျာနယ်တွေမှာလည်း ရဲရင့် ပြောင်မြောက်တဲ့ အရေးအသားတွေ ယခင်ကထက် ပိုတွေ့လာရသလား ထင်မိပါတယ်။



ကျွန်တော့် ဆရာတစ်ယောက်ဆို အသက်ကြီးလာပေမယ့် ခုမှ ပိုပြီး လက်သွက် လာနေတာ သတိထားမိတယ်ဗျ။ သူ့စာတွေ ဖတ်ရတာ မုန်တိုင်းတိုက်နေတဲ့ကြား ရောက်နေသလားတောင် ခံစားမိတယ်ဗျာ။

## နိုင်ငံရေးသမားကြီး

လက်ရှိ သူ့အရေးအသားတွေကို ကြည့်ပြီး သတင်းစာဆရာနဲ့ နိုင်ငံရေးသမား တူညီချက်နဲ့ ခြားနားချက် တချို့ကို စဉ်းစားမိတယ်ဗျ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်ဆရာက လက်တွေ့ နိုင်ငံရေးနယ်ထဲမှာ လောလောဆယ် အချိန်အထိ ကာယကံမြောက် ရပ်တည်နေဆဲ၊ သို့ပေမယ့် သူ့ကိုယ်သူ နိုင်ငံရေးသမားလို့ မပြောဘဲ 'ကျုပ်ကတော့ တစ်သက်လုံး သတင်းစာဆရာပဲ၊ ကျုပ်တွေးတာ ခေါ်တာ၊ ပြောတာ ဆိုတာ၊ လုပ်တာကိုင်တာတွေ အားလုံး သတင်းစာဆရာ ရပ်တည်ချက်နဲ့ချည်းပဲ' လို့ ပြောနေတုန်း ဖြစ်ပါတယ်။

ကျွန်တော်က လက်တွေ့ နိုင်ငံရေးမှာ ကာလတစ်ခု ပါဝင်လုပ်ဆောင်ခဲ့ပေမယ့် လက်ရှိ အနေအထားမှာတော့ မိမိကိုယ်ကို သတင်းစာ ဆရာတစ်ယောက်အဖြစ် အပြည့်အဝ ခံယူပြီး နေနေသူဖြစ်ပါတယ်။ လွတ်လပ်တဲ့ သတင်းစာဆရာ တစ်ယောက် လို့လည်း မိမိဘာသာ နှလုံးသွင်းထားပါတယ်။

သို့ပေမယ့် ကျွန်တော့်ဆရာက ကျွန်တော့်ကို နိုင်ငံရေးသမား ပိုဆန်တယ်လို့ ရှုမြင်ခဲ့ပါတယ်။ ဘာကြောင့် အဲသလို မြင်တာလဲလို့ ကျွန်တော် မမေးခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ တိကျတဲ့ အဖြေတစ်ခုကို ကျွန်တော် မကြားချင်လို့ ဖြစ်ပါ လိမ့်မယ်။

## မုန်တိုင်း ကလောင်

ဆရာကတော့ မုန်တိုင်းတိုက်တဲ့ ကလောင်ကို ကိုင်စွဲပြီး သူ့ရင်ထဲ ရှိနေတာတွေကို သွန်ထုတ်နေလေရဲ့။ သူဟာ အမှန်တရားလို့ သူ ယုံကြည်တဲ့ ရပ်တည်ချက်ကနေ သူ့အမြင်တွေကို ဘွင်းခနဲ၊ ရှင်းခနဲ၊ ဒိုးခနဲ ဒေါက်ခနဲ ရေးနေ ပြောနေပါတယ်။

ဆရာနဲ့ကျွန်တော် တွဲလုပ်ခဲ့ကြတုန်းက အဖွဲ့အစည်းရဲ့ စာစောင်ကလေးတစ်ခု (သတင်း ရှင်းတမ်း) ထုတ်ခဲ့ကြဖူးတယ်။ အဲဒီတုန်းက ဆရာက စာစောင်ထိပ် ကြွေးကြော်သံအဖြစ် စစ်ကိုင်ခေတ် ကာတွန်းဆရာကြီး ရွှေတာလေးရဲ့ ဆောင်ပုဒ် 'ကမ္ဘာသူ့ ဓာတ်မှန်ပြသည်သို့ အများကို အမှန်ကျအောင် ရေးရသည်ပဲ' ဆိုတာကို ထည့်နိုင်းခဲ့တာ ပြန်သတိရမိတယ်။

## နားရည်ဝနေတဲ့ စကားအချို့

ဆရာက ပီဘိ လွတ်လပ်တဲ့ သတင်းစာဆရာ တစ်ယောက်ဟာ မိမိ ပါဝင်နေတဲ့ အဖွဲ့အစည်းရဲ့ မျက်နှာထက် တိုင်းပြည်မျက်နှာ၊ ပြည်သူမျက်နှာကို ကြည့်မယ်၊ သည်နေရာမှာလည်း အရာခပ်သိမ်း အများစု သဘောထားကို လိုက်နေစရာမလို၊ အများစုကြီးက အမှားလမ်းကြီးကို လိုက်နေရင် အများစုကိုလည်း ဆန့်ကျင်ငြင်းပယ်ရမယ်၊ အမှန်ကို ထောက်ပြ တည့်မတ်ပေးရမယ်လို့ ခံယူထားပါတယ်။ (ကျွန်တော်နဲ့ စကားလက်ဆုံကျတဲ့ အခါများမှာ ကြားရဖန်များလို့ နားရည်ဝနေတာတွေထဲက ကောက်ချက် ဆွဲယူထားတာပါ)

လက်တွေ့နိုင်ငံရေးသမား (politician) ကျတော့ မှန်တယ်ထင်တိုင်း မပြောဘူး။ ပြောဖို့လိုတော့မှ ပြောတယ်။ တိုင်းပြည်အတွက်ရော၊ မိမိအတွက်ပါ ကြီးမားတဲ့ ရေရှည်အကျိုးအတွက် လတ်တလော ရေတို ဝေဖန်ခံရမှု၊ ပြစ်တင် ခံရမှုတွေကို သည်းခံတယ်။ တချို့ကို မသိချင်ယောင် ဆောင်တယ်၊ ဥပေက္ခာ ပြုတယ်။ တချို့ကို မျိုချတယ်။

## နိုင်ငံရေးသမား အောင့်နိုင်ရမယ်

ကျွန်တော့်ကို နိုင်ငံရေးရာ သိမှတ်ဖွယ်ရာတွေ တဖွဖွ သွန်သင်ခဲ့ဖူးတဲ့ ရှာမှရှားတဲ့ နိုင်ငံရေးသမားကြီး သခင်ဝတင်က ‘နိုင်ငံရေးသမားရဲ့ အခြေခံ အရည်အချင်းက အောင့်နိုင်ရမယ်ကွ။ ချင်ခြင်းတွေ နောက်ကိုမလိုက်ဘဲ အောင့်နိုင်ရမယ်’ လို့ အထူးပြု ပြောခဲ့ဖူးပါတယ်။ ဆရာကြီး သခင်ဝတင်က အင်မတန်မှ ဖြူစင်သန့်ရှင်းတဲ့ နိုင်ငံရေးသမားကြီး ဆိုတော့ နိုင်ငံရေးသမားတွေရဲ့ ကိုယ်ကျင့်တရားဘက်က ပိုပြီး အလေးပေး ပြောခဲ့ပါတယ်။ လောဘ၊ ဒေါသ၊ မာန်မာန အစွယ်တွေကို ချိုးနှိမ်ပြီး အောင့်နိုင်သမှု အောင့်နိုင်မှ ပြည်သူလက်ခံတဲ့ နိုင်ငံရေးသမား ဖြစ်မယ်လို့ အတိအလင်း ခံယူပါတယ်။

သတင်းစာဆရာစိတ်နဲ့ နိုင်ငံရေးနယ်ထဲ ရောက်နေတဲ့ ကျွန်တော့် ဆရာကတော့ အမြင်မတော်တာတွေရင် သည်းမခံဘူး။ အောင့်မထားဘူး။ ပြောချိန် မတန်သေးပါဘူး လေဆိုပြီး ရက်မရွှေ့ဘူး။ သူက သူ့ကိုယ်ကျိုးအတွက် တစ်သက်တာလုံး ဘာလောဘမှ မရှိခဲ့ဘူး။ ဒါကြောင့် သူ့မှာရှိတဲ့ လောဘဟာ ပြည်သူ့အခွင့်အရေးတွေ ပြည့်ပြည့် ဝဝ ရဖို့ဆိုတဲ့ လောဘပဲ ဖြစ်နိုင်တယ်။ သူက ဒေါသကိုလည်း မအောင့်ဘူး။ သခင်စိုးကြီး ပြောခဲ့ဖူးတယ်ဆိုတဲ့ ပစ္စည်းမဲ့ ဒေါသဆိုတာမျိုးတော့ မဟုတ်၊ ပြည်သူတွေဘက်က ထပ်တူ ခံစားတဲ့ ဒေါသမျိုးနဲ့ ရေးနေတယ် ပြောနေတယ်လို့ နားလည်ရပါတယ်။ မာန်မာနဆိုင်ရာမှာလည်း အလားတူပါပဲ။ ပြည်သူ့အခွင့်အရေးကိုထိရင် နည်းနည်းမှ သည်းမခံဘူးဆိုတဲ့ မာန်မာန အပြည့် ရှိပါတယ်။



## တိုင်းပြည်အကျိုး ရှေးရှုတာချင်း အတူတူ

နိုင်ငံရေးသမားဘဝမှာ သတင်းစာဆရာစိတ်နဲ့ အလုပ် လုပ်နေတဲ့ ဆရာ့ရဲ့ အရေးအသားတွေကို ဆက်တိုက် ဖတ်မိနေရာက တွေးမိတာလေးတွေ ရေးချလိုက်တာပါ။ သည်ခေါင်းစဉ်ဟာ တကယ်တော့ အလွန်ကျယ်ပြန့်ပါတယ်။ စကားရည်လုပွဲ လုပ်ရမှာမျိုးလည်း မဟုတ်ပါဘူး။ သတင်းစာ ဆရာက နိုင်ငံရေးသမားထက် တိုင်းပြည်အကျိုး ပိုလုပ်နိုင်တယ် စသည်ဖြင့် အဆို အချေ လုပ်ဖို့လည်း မသင့်ပါ။

တကယ်ကတော့ သည်ဘဝနှစ်ခုရဲ့ ကြားမှာ သေးသေး မျှင်မျှင် မျဉ်းကလေး တစ်မျဉ်းပဲ ခြားတယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ နိုင်ငံရေးသမားနဲ့ သတင်းစာ ဆရာဟာ အခြေခံအားဖြင့် တိုင်းပြည်အကျိုးကို ရှေးရှုပြီး ကိုယ့်အလုပ် ကိုယ်လုပ် နေကြတာပါပဲ။ သဘာဝအလျောက် ခံယူချက်၊ ရပ်တည်ချက်နဲ့ လုပ်ဟန်များမှာ မတူတာလေးတွေ ရှိနေတာလို့ ပြောချင်ပါကြောင်း။

*(ကျွန်တော်က ယနေ့ မွန်းလွဲပိုင်း MAI လေယာဉ်နဲ့ စင်ကာပူကနေ ရန်ကုန် ပြန်မှာပါ။ စင်ကာပူ ဆေးကုခရီး ၅ ကြိမ်မြောက်၊ ယခုတစ်ခေါက်မှာ နှစ်လနီးနီး ကြာမြင့်ခဲ့ပါတယ်။ chemotherapy နဲ့ radiotherapy ပူးတွဲပေးပြီး ကုသမှု ခံယူခဲ့ပါတယ်။ တိုးတက်မှု ရှိမယ်လို့ မျှော်လင့်ပါတယ်။ နောက် နှစ်လအကြာမှ ပြန်လာပြီး ဆေးစစ်ဆေးမှုများ ပြုလုပ်ရပါဦးမယ်။ ကျွန်တော့်ရဲ့ ချစ်ခင်လေးစားရပါသော ဆွေမျိုး မိတ်သင်္ဂဟများ၊ စေတနာရှင်၊ အလှူရှင်များထံ အစီရင်ခံခြင်း ဖြစ်ပါတယ်။ အားလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ)*

**ပြည်သူ့ခေတ်ဂျာနယ်။**
*၁၂ မေ ၂၀၁၃။*
*အတွဲ ၃၊ အမှတ် ၁၄၅။*

○

# ဘယ်သူတွေက ဘယ်လို ကုသနေမှန်း မသိတဲ့ ဆေးခန်းတွေ

## တစ်မျိုးသားလုံးအတွက် အရေးကြီးလို့ပါ

သည်တံစ်ပတ်ဖြင့် ပုံမှန်ဆောင်းပါး မရေးတော့ဘဲ အပြည့်အဝ အနားယူ လိုက်မယ်လို့ စိတ်ကူးထားတာ မရေးမဖြစ် ရေးချင်စိတ် ပေါ်လာအောင် စေ့ဆော်ပေးတဲ့အကြောင်း တစ်ခုကြောင့် ရေးဖြစ်သွားပါတယ် ခင်ဗျာ။

အကြောင်းက ကျွန်တော် အများဆုံး ရေးလေ့ရေးထ ရှိတဲ့ နိုင်ငံရေး အကြောင်းအရာမဟုတ်ဘဲ ပြည်သူ့ ကျန်းမာရေးဖြစ်ပေမယ့် တစ်မျိုးသားလုံးအတွက် အရေးကြီးတယ်လို့ ယုံကြည်တဲ့အတွက် အလေးထားပြီး ရေးသား လိုက်ရပါတယ်။

## မီဒီယာတွေက ပြောခဲ့ပေါင်း များပြီ

မီဒီယာတွေမှာ သည်အကြောင်းအရာကို ဖွင့်ချ ဖော်ထုတ် ရေးခဲ့တာတွေလည်း ဖတ်ဖူးပါတယ်။ တစ်ချိန်တည်းမှာ စောင်ရေကောင်းလှသော မီဒီယာကြီးအချို့မှာကို သူတို့ရဲ့ ဆေးခန်းကြော်ငြာကြီးတွေနဲ့ မစားရ ဝခမန်း အလိမ်အညာ ရေးသားချက်တွေကို အပတ်တိုင်း တွေ့နေရပါတယ်။ ကြော်ငြာအား ကောင်းကောင်းနဲ့ ဆက်တိုက် ဖိထားလေတော့ စာစောက မီဒီယာလေးတွေမှာ ရေးခဲ့တဲ့ အဲဒီ မသမာ ဆေးခန်းတွေ အကြောင်းက စာဖတ်ပရိသတ် များများ မဖတ်မိလိုက်ဘဲ မေ့မေ့ပျောက်ပျောက် ဖြစ်ကုန်ပါလေရော။

ကျွန်တော်က ကိုယ်တိုင် ကျန်းမာရေးမကောင်းလို့ ဆေးဝါးကုသ ခံယူနေရသူ ဖြစ်လို့ ရောဂါ ဝေဒနာရှင်များကို ကိုယ်ချင်းစာနာမိပါတယ်။ မိမိမှာ စွဲကပ်နေတဲ့ ရောဂါကို အမြန် ပျောက်ကင်းချမ်းသာ လိုတယ်။ ဖြစ်နိုင်ရင် 'ဥုံဖွ' မန်းမှုတ်လိုက်ရုံနဲ့



ပျောက်တယ်ဆိုရင်လည်း မန်းမှုတ်ခံလိုက် ချင်တာပဲ။ ဘယ်က ဆရာကတော့ ဆေးတောင်ဝှေးနဲ့ တို့လိုက်ရုံနဲ့ ပျောက်ကရောဆိုလည်း ပျောက်ချင်ဇောနဲ့ ပြေးသွား ချင်တာပဲ။

## လူနာကို စကားပြန်နဲ့ ပြောရတယ်

သည်လိုအချိန်မျိုးမှာ နိုင်ငံရေး ပွင့်လင်းလာချိန် အသွင် ကူးပြောင်းရေး ကာလကို အခွင့်ကောင်းယူပြီး သည်ဆေးခန်းတွေ သည်လူတွေ ပေါ်လာတာ ဖြစ်ပါတယ်။ သူတို့ဟာ လူဝါမျိုး နိုင်ငံခြားသားတွေဖြစ်ပြီး လူနာတွေကို စကားပြန်နဲ့ ပြောရပါသတဲ့။ ရောဂါ မပျောက်ရင် ဆေးဖိုးဝါးခတွေ အားလုံး ပြန်လျော်မယ်လို့ ကြော်ငြာမှာ လိမ်ညာ ကြော်ငြာထားပေမယ့် ဘာမှ ထပ်မံပြောဆိုခွင့် မရကြပါဘူး။ ဆေးပေးခနဲ့ ဆေးဖိုးက မြန်မာငွေ သိန်းချီပြီး ယူပါတယ်။ မီဒီယာတချို့က တာဝန်သိသိနဲ့ အဲဒီ မသမာ ဆေးခန်းတွေအကြောင်း။ စကားပြန်နဲ့ ပြောရတဲ့ ဆေးဆရာဆိုသူတွေ အကြောင်းကို ရေးခဲ့ကြတာ ကြာပါပြီ။ သို့ပေမယ့် ဘာတစ်ခုမှ စစ်ဆေး အရေးယူမှု ပြုလုပ်တယ်ဆိုတာ မကြား မသိရပါဘူး။ တရားဥပဒေ စိုးမိုးရေး လက်တံက အဲဒီ ဆေးခန်းတွေဆီ မရောက်ဘူးထင်ပ့ါဗျာ။

## ဒေါက်တာ မြသိန်းဟန်နှင့် တွေ့ဆုံခန်း

ခုတော့ တာဝန်သိ မီဒီယာတစ်ခုဖြစ်တဲ့ မော်ဒန်ဂျာနယ် (၁၇ မေ ၂၀၁၃) မှာ သတင်း ထောက် ဟေမာန်ညီညီရဲ့ 'အမြစ်ပြတ်ကုသည်ဆိုတိုင်း ယုံသင့်သလား။ ရင်ခေါင်းနှင့် အထွေထွေ ခွဲစိတ် အထူးကု ဆရာဝန်ကြီး ဒေါက်တာ မြသိန်းဟန်နှင့် တွေ့ဆုံခြင်း' ဆိုတဲ့ မျက်နှာပြည့် အင်တာဗျူး ဆောင်းပါးဖတ်လိုက်ရလို့ မော်ဒန်ကို အထူး ကျေးဇူး တင်လျက် ကျွန်တော့် ပြည်သူ့ခေတ်ကော်လံကပါ စာဖတ် ပရိသတ် မြန်မာတိုင်းရင်း သား ပြည်သူများထံ ထပ်ဆင့် နှိုးဆော်လိုက်ပါရစေ။

သည်ကိစ္စဟာ အင်မတန်မှ အရေးကြီးပါတယ်။ ကျွန်တော်တို့ရဲ့သတိပေးနှိုးဆော်မှုဟာ မီဒီယာကြီးတချို့မှာ မျက်နှာပြည့် မျက်နှာဝက် ကြော်ငြာကြီးတွေနဲ့ ဖိထားတဲ့ အောက် မှာ 'သက်ငယ်ချောင်းနဲ့ ခေါင်းလောင်းထိုး' ရသလိုများ ဖြစ်သွားလေမလားလို့ အားငယ်မိပါတယ်။

သို့ပေမယ့် ပြည်သူ့ခေတ် ဂျာနယ်ဖတ်တဲ့ ပရိသတ်၊ ကျွန်တော့် ပင်တိုင်ဆောင်းပါး ပုံမှန်ဖတ်တဲ့ ပရိသတ်များကို ရှေ့ပေလွှာဆရာတွေလိုပဲ ပန်ကြားလိုတာက သည် ဆောင်းပါး ဖတ်ပြီးတဲ့အခါ စကားစပ်မိသမျှ မိတ်ဆွေသင်္ဂဟများကို လက်ဆင့်ကမ်း သတင်းပေးကြဖို့ ဖြစ်ပါတယ်။

## စီးပွားရေးတင် မကဘူး ထင်မိတယ်

ဒါဟာ မသမာ စီးပွားရေးသမား တချို့ရဲ့ လုပ်ရပ်သာ ဖြစ်နိုင်ပါတယ်၊ သိပ်လည်း အတွေးမခေါင်ပါနဲ့လို့ ပြောချင်လည်း ပြောကြပါတော့။ ကျွန်တော်ကတော့ သည်လောက် ငွေကြေးရော၊ ဩဇာအာဏာရော ပုံအောပြီး မြန်မာ တိုင်းရင်းသား ပြည်သူတွေရဲ့ ပြည်သူ့ ကျန်းမာရေးကို ဘက်စုံထိခိုက်အောင်၊ လမ်းလွဲရောက်အောင် ထိထိရောက်ရောက် လုပ်လာနေတာဟာ စီးပွားရေး ရည်မှန်းချက်လောက် မကဘူးလို့ ထင်တယ်ဗျ။ အနောက်နိုင်ငံတွေကို စားသောက်ကုန်တွေပို့ရင် စည်းမဲ့ကမ်းမဲ့ မလုပ်ရဲပေမယ့် နယ်စပ်ကနေ မြန်မာနိုင်ငံကိုပို့တဲ့ စားသောက်ကုန်တွေကျတော့ တမြည့်မြည့်သေစေနိုင်တဲ့ အဆိပ်အတောက် ပါတာတွေကို ဈေးပေါပေါနဲ့ ပို့တတ်တဲ့ ရာဇဝင်ရှိသူ သည်လူတွေကို သတိထားနိုင်မှ တန်ကာကျမယ်လို့ ကျွန်တော်က အလေးအနက် သတိပေးချင်တယ်ဗျာ။

ကိုင်း . . . ဆရာကြီး ဒေါက်တာ မြသိန်းဟန်က မော်ဒန်ဂျာနယ်ကို သူ့ကိုယ်တွေ့ ပြန်ပြောတာတွေထဲက သိသင့်တာလေးတွေ ထပ်ဆင့် ဝေမျှ ပေးလိုက်ပါတယ်။

## သုံးတဲ့စက်တွေ ကြည့်ခွင့် မပေး

'ဆရာ့အနေနဲ့ လိပ်ခေါင်းရောဂါ၊ ရင်သား ခွဲစိတ်ကုသတာတွေ လုပ်တဲ့အတွက် သူတို့ရဲ့ ကုသနည်းတွေ ကောင်းရင် လူနာတွေကို လွှဲပေးချင်တဲ့ ဆန္ဒရှိလို့ ဆရာကိုယ်တိုင် သွားလေ့လာတယ်၊ ဆေးခန်းတစ်ခုကို ဆရာသွားပြီး ကျွန်တော်က ဆရာဝန်ပါ၊ ကုသတာ ကောင်းရင် လူနာတွေကို ပို့ချင်လို့ ဆေးကုသတာ ကြည့်ချင်တဲ့အကြောင်း၊ သုံးတဲ့ စက်တွေကို ကြည့်ချင်တဲ့အကြောင်း ပြောတယ်၊ သူတို့က ကြည့်ခွင့် မပေးဘူး၊ ပွင့်လင်းမြင်သာမှု မရှိဘူး။'

## ဘယ်လိုနည်းနဲ့ ဆေးခန်းလိုင်စင် ရနေသလဲ မသိ

**မေး။** အဲသည် ဆေးခန်းတွေက ဆေးခန်းဖွင့်ခွင့် လိုင်စင် ရှိလား ဆရာ။

**ဖြေ။** ဆေးခန်းဖွင့်ခွင့် လိုင်စင် ရှိမရှိကို သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်အလိုက် ဆေးရုံ ဆေးခန်း ကြီးကြပ်ရေး ကော်မတီကနေ သွားစစ်ဆေးတယ်။ တချို့ ဆေးခန်းတွေမှာ ဆေးခန်းဖွင့်ခွင့် လိုင်စင် မရှိဘူး။ လိုင်စင်ရမှ ဖွင့်ဖို့ ပြောပြီး ခဏပိတ်ထားခိုင်းလိုက်တယ်။ အဲသည်လို ပိတ်ထားခိုင်းချိန်မှာပဲ အလားတူ ဆေးခန်း သုံးလေးခု ပေါ်လာတယ်။ လိုင်စင် ရနေတယ်။ သူတို့ ဘယ်လိုနည်းနဲ့ ရလဲ မသိဘူး။ လိုင်စင်နဲ့ ဖွင့်နေတာတွေကော လိုင်စင် မရှိဘဲ ဖွင့်နေတာတွေပါ တွေ့နေရတယ်။



## ဆေးကောင်စီကိုလည်း မလာဘူး

'ဆေးကောင်စီက အနောက်တိုင်း ဆေးပညာအတွက် လိုင်စင်ထုတ်ပေးတာ၊ အခုဟာက ဆရာတို့နဲ့ ပတ်သက်တဲ့ ဆေးပညာ မဟုတ်ဘူး။ အနောက်တိုင်းရော တိုင်းရင်းဆေးရော အားလုံးပေါင်းပြီး မဆီမဆိုင် စာလုံးတွေနဲ့ ရေးပြီး ကြော်ငြာထားတာ။ ဆရာတို့လို ဆေးပညာရှင်တွေ နားမလည်နိုင်အောင် ရေးထားတာ။ နိုင်ငံခြားသား ဆရာဝန်က အနောက်တိုင်း ဆေးပညာနဲ့ မြန်မာနိုင်ငံမှာ ကုချင်ရင် ဆေးကောင်စီကို လျှောက်ထားရတယ်။ ဆေးကောင်စီက ဆေးကုသခွင့်လိုင်စင် ပေးသင့် မပေးသင့် စဉ်းစားတယ်။ × × × အခု ဆေးခန်းတွေက ဆရာတို့ ဆေးကောင်စီကိုလည်း မလာဘူး။'

## မီဒီယာက ကြော်ငြာတွေ

'သည်လို ဆေးခန်းတွေ ရှိနေတာကို မီဒီယာတွေက တစ်ဆင့် ပြည်သူတွေ သိရတာ များတယ်၊ မီဒီယာတွေကို သည်လို ကြော်ငြာတွေ မထည့်ပါနဲ့လို့ မပြောလိုပါဘူး။ ဒါပေမဲ့ အထောက်အထား ခွင့်ပြုချက်ယူပြီးမှ လုပ်ရင် ပိုပြီး ပြည်သူ့ကို ကာကွယ်ပေးရာ ရောက်မယ်၊ ပြောင်းလဲလာတဲ့ အခုလိုအချိန်မှာ ပြည်သူကို ကူညီပံ့ပိုးရမယ့်အစား စီးပွားရေး သမားတွေကို အားပေးသလို ဖြစ်နေတာမျိုး မဖြစ်စေချင်ပါဘူး'

ဆရာကြီး ဒေါက်တာမြသိန်းဟန်က တာဝန်သိ ဆရာဝန်ကြီး တစ်ယောက်အနေနဲ့ရော၊ တာဝန်သိ ပြည်သူ တစ်ယောက်အနေနဲ့ရော လုပ်သင့်လုပ်ထိုက်တာတွေ လုပ်ခဲ့တယ်ဆိုတာ မော်ဒန်ဂျာနယ်ရဲ့ အင်တာဗျူးမှာ အထင်အရှား တွေ့ရပါတယ်။ အဲဒီ နိုင်ငံခြားသားဆရာ ဆိုသူတွေ စကားပြန်နဲ့ ရမ်းကုလုပ်နေတဲ့ ဆေးခန်းတွေမှာ ငွေသိန်းနဲ့ချီပေးခဲ့ရပြီး ဘာရောဂါမှ မပျောက်သူလူနာတွေက ဆရာကြီးဆီ လာရောက် တိုင်ပင်တဲ့အခါ သိရတာတွေကိုလည်း ပြောပြထားပါတယ်။

ကျွန်တော့်အနေနဲ့ ပြောချင်တာကတော့ သည် မသမာ သူတွေရဲ့ လုပ်ရပ်ကို သက်ဆိုင်ရာ အုပ်ချုပ်ရေးပိုင်းဆိုင်ရာတွေ၊ ဥပဒေပိုင်း ဆိုင်ရာတွေက အဂတိတရားကင်းကင်းနဲ့ တားမြစ်အရေးယူဖို့လိုသလို ပြည်သူတွေအပိုင်းကလည်း သူတို့ ကြော်ငြာကောင်းတိုင်း မယုံကြပါနဲ့၊ ဆင်ခြင်တုံ တရားနဲ့ စဉ်းစားကြပါ၊ တတ်သိနားလည်တဲ့ မြန်မာဆရာဝန်ကြီးများနှင့် တိုင်ပင်ပြီးမှ ကျန်းမာရေး ဆောင်ရွက်ကြပါလို့ တိုက်တွန်းလိုက်ချင်ပါကြောင်း။

**ပြည်သူ့ခေတ်ဂျာနယ်။**

၁၃၊ မေ၊ ၂၀၁၃။

အတွဲ ၃၊ အမှတ် ၁၄၆။

# တိုင်းပြည် တိုးတက်ရေးမှာ ခေါင်းဆောင်မှု အပိုင်း ဘယ်လောက် အရေးပါသလဲ

## ပဓာနကျတဲ့ အကြောင်းအချက်

တိုင်းပြည်တစ်ပြည်ရဲ့ ဖွံ့ဖြိုး တိုးတက်ရေးမှာ ခေါင်းဆောင်မှု အပိုင်းဟာ ပဓာနကျတဲ့ အကြောင်းအချက် (Factor) ဖြစ်တယ်လို့ ပညာရှင်အများက လက်ခံထားကြပါတယ်။ ဒါဆိုရင် တိုင်းပြည်ရဲ့ သယံဇာတအပိုင်း၊ တိုင်းသူပြည်သားတွေရဲ့ ပညာရေးအပိုင်း၊ တစ်နည်းအားဖြင့် လူသား အရင်းအမြစ်အပိုင်း၊ ပြီးတော့ အရင်းအနှီး အင်အား အပိုင်းတွေကော အရေးမကြီးဘူးလားဆိုတော့ အဲဒါတွေလည်း သူ့ကဏ္ဍအလိုက် အရေးကြီးပါတယ်၊ သို့ပေမယ့် ခေါင်းဆောင်မှု အပိုင်းဟာ အဲဒါတွေ အားလုံးထက်ပိုပြီး ပဓာနကျတယ်ဆိုတဲ့ သင်ခန်းစာတွေကို ဂျပန်နဲ့ စင်ကာပူက လက်တွေ့ပြနေတာ အထင်အရှား တွေ့နေရပါတယ်။

## အံ့ဩွယ် ဂျပန်

အားလုံး သိပြီးကြတဲ့အတိုင်း ဂျပန်နိုင်ငံဟာ မည်မည်ရရ သယံဇာတ ဘာမှ မထွက်ပါဘူး။ သို့ပေမယ့် ဒုတိယကမ္ဘာစစ်ပြီးချိန် စစ်ရှုံးနိုင်ငံ ဘဝကနေ ပြန်လည် ကုန်းရုန်းထနိုင်ခဲ့တယ်။ ဆယ်စုနှစ် နှစ်ခု ကာလအတွင်း အံ့ဩစရာ ကောင်းလောက်အောင်စက်မှု နိုင်ငံတစ်နိုင်ငံအဖြစ် ပြန်လည် ခေါင်းမော်လာခဲ့ပါတယ်။ ဒုတိယ ကမ္ဘာစစ်ပြီးနောက် ၂၅ နှစ်အကြာ၊ ၁၉၇၀ ပြည့်နှစ် လောက်မှာ ကမ္ဘာ့ထိပ်ဆုံးတန်း စီးပွားရေး အင်အားရှင်နိုင်ငံကြီး ဖြစ်လာခဲ့ပါတယ်။

## ဆက်ပေါင်းစုံ ခေါင်းဆောင်မှု

အဲဒါ ဂျပန်နိုင်ငံရဲ့ စစ်ပြီးခေတ် ခေါင်းဆောင်မှု အဆက်ဆက်ရဲ့ အရည်အသွေးကြောင့်ပဲ ဖြစ်ပါတယ်။ သည်နေရာမှာ ခေါင်းဆောင်မှုလို့ပဲ သုံးနှုန်းထားတာကို သတိပြုစေချင်ပါ



တယ်။ ခေါင်းဆောင်တစ်ဦးတစ်ယောက်၊ ဆူဇူကီးရယ်၊ တာနာကာရယ် မဆိုလိုပါဘူး။ အစိုးရအဖွဲ့တွေ တစ်နှစ်ပဲခံခံ၊ နှစ်နှစ်ပဲခံခံ၊ အစိုးရ အပြောင်းအလဲတွေ ဘယ်လောက်များများ၊ လွှတ်တော်ရယ်၊ တရားစီရင်ရေး စနစ်ရယ်၊ နိုင်ငံရေးသမားတွေရယ် ဆိုတဲ့ တိုင်းပြည်ရဲ့ ခေါင်းဆောင်မှု (leadership) အပိုင်းဟာ ပုံမှန် ဟန်ချက်ညီညီ အလုပ်လုပ်နေခဲ့ကြတယ်။ ဒါတင်မက ဂျပန်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသူတွေဖြစ်တဲ့ စီးပွားရေး လုပ်ငန်းရှင်များကလည်း မျိုးချစ် ပြည်ချစ်စိတ် အပြည့်အဝနဲ့ တိုင်းပြည်အကျိုးကို ရှေ့တန်းတင်ပြီး တာဝန်ကျေခဲ့ကြတယ်။ အဲဒီ ကဏ္ဍတွေ အားလုံးကို စောင့်ကြည့်ပြီး ဝေဖန်ထောက်ပြကာ အများပြည်သူ ထင်မြင်ချက်ကို ဦးဆောင်ပေးခဲ့ကြတဲ့ ဂျပန် စတုတ္ထမဏ္ဍိုင် (ဂျပန်သတင်းစာ လောက) ရဲ့ အခန်းကဏ္ဍကလည်း အရေးပါတဲ့ အခန်းကဏ္ဍက ပါခဲ့တယ်ဆိုတာ ဂျပန် နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို လေ့လာသူတိုင်းလိုလိုက ထည့်သွင်း ရေးသားခဲ့ကြပါတယ်။

## ဂျပန်က အစိုးရ ဝန်ထမ်းတွေ

နောက်တစ်ခုက ခေါင်းဆောင်မှုအပိုင်းရဲ့ အဓိက ထောက်တိုင်တွေဖြစ်တဲ့ အုပ်ချုပ်ရေး ဝန်ထမ်းအများစုရဲ့ ကိုယ့်အလုပ်ကိုယ်တာဝန်ကျေစွာ လုပ်မှုဖြစ်ပါတယ်။ သူတို့ဟာ ဘယ်ပါတီက နိုင်ငံရေးသမားတွေ အစိုးရတက်ဖြစ်ဖြစ်၊ ပုံမှန် ကိုယ့်အလုပ် ကိုယ် လုပ်နေကြတာပါပဲ။ သူတို့ဆီမှာက ရာသက်ပန် အပြောင်းအလဲ မရှိတဲ့ အစိုးရဆိုတာ မရှိတဲ့ နိုင်ငံဖြစ်လေတော့ အာဏာရ ပါတီက လူတွေကို အသေကပ်ထားစရာ မလိုဘူး။ ဘယ်ပါတီကိုမှလည်း သံယောဇဉ်ထားနေစရာ မလိုဘူး။ သူတို့ဆီမှာ မိုးကျရွှေကိုယ် ဆိုတဲ့ လူ့အလွှာလည်း လုံးဝ မရှိ၊ ရှိခဲ့ရင်လည်း စတုတ္ထ မဏ္ဍိုင်ရဲ့ ဖော်ထုတ်ဖွင့်ချမှုနဲ့ ရင်ဆိုင်ရမှာ ဖြစ်ပါတယ်။ ဂျပန်မှာ မသမာမှုတွေကို သတင်းစာတွေက ဖွင့်ချလို့ ဝန်ကြီးချုပ်တွေတောင် ပြုတ်ကျတဲ့ သာဓကတွေ ရှိခဲ့ပါတယ်။

ဂျပန် အုပ်ချုပ်ရေးဝန်ထမ်းတွေရဲ့ လစာဝင်ငွေကလည်း အပြင် လုပ်ငန်းဌာနတွေက ပုဂ္ဂလိက ဝန်ထမ်းတွေထက် ပိုများတယ်။ ပြီးတော့ တချို့နိုင်ငံတွေမှာလို အစိုးရ ဝန်ထမ်းတွေကို အထင်သေး အမြင်သေး မဖြစ်ဘဲ ပြည်သူတွေက လေးစားသူ ရှိကြပါတယ်။ အစိုးရ ဝန်ထမ်းတွေဟာလည်း လောဘတိုက်သူနဲ့ လောင်းကစားတတ်သူတွေကလွဲလို့ လာဘ်စားမှု၊ ငွေ အလွဲသုံးမှုတွေ အလွန် နည်းပါးပါတယ်။

## စင်ကာပူလည်း အလားတူ

စင်ကာပူနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို လေ့လာရင်လည်း ခေါင်းဆောင်မှုအပိုင်းရဲ့ အရည်အသွေးကြောင့် ဆင်းရဲသား နိုင်ငံဘဝကနေ နှစ် အစိတ်လောက်အတွင်း

ပထမကမ္ဘာ စာရင်းဝင် နိုင်ငံ ဖြစ်သွားတာပဲလို့ တွေ့ရှိကြရပါတယ်။ စင်ကာပူကတော့ ဂျပန်လို လစ်ဘရယ် ဒီမိုကရေစီ စနစ်ကို မကျင့်သုံးခဲ့ပါဘူး။ မလေးရှားကနေ ခွဲထွက်လာရပြီးချိန်ကစလို့ ခုချိန်ထိ ကြိုးကိုင် ဒီမိုကရေစီ စနစ်ကိုပဲ ကျင့်သုံးပါတယ်။ စင်ကာပူလည်း ဂျပန်လိုပဲ ဘာသယံဇာတမှ မထွက်ပါဘူး။ ဂျပန်ထက် ဆိုးတာက ဂျပန်က လူသားအရင်းအမြစ် ရှိပြီးသား အခြေအနေကနေ တိုင်းပြည်ကို ပြန်လည်ထူထောင်တာ ဖြစ်တယ်။ စင်ကာပူဟာ လွန်ခဲ့တဲ့ နှစ် ၅၀ လောက်က အသိပညာ၊ အတတ်ပညာ၊ နည်းပညာ လူသား အရင်းအမြစ် ဘာတစ်ခုမှ မရှိခဲ့ဘူး။ တချို့ ချိုးနှိမ်ချင်သူတွေ ပြောသလို တံငါရွာသာသာ အဆင့်ပဲ ရှိခဲ့တယ်ဆိုတာ မမှားပါဘူး။

အဲဒီ အခြေအနေကနေ နိုင်ငံခြား လူသား အရင်းအမြစ်၊ နိုင်ငံခြား စီးပွားရေးရင်းနှီးမြှုပ်နှံမှုတွေ စိတ်ချလက်ချ ဝင်လာအောင် ခေါင်းဆောင်ကြီး လီကွမ်ယူက ဖိတ်ခေါ်နိုင်ခဲ့တယ်။ ကိုယ့်ဆီက မျိုးဆက်သစ် လူငယ်တွေကို ပညာရေးဘက်မှာ ကမ္ဘာ့အဆင့်မီ ပညာတတ်တွေဖြစ်အောင် ပျိုးထောင်နိုင်ခဲ့တယ်။ (စင်ကာပူနိုင်ငံ ပထမကမ္ဘာစာရင်းဝင် ဖြစ်လာတဲ့အထိ အောင်မြင်မှု ဇာတ်လမ်းတွေကို စာအုပ်စာတမ်းတွေ အတော်များများ ထွက်ခဲ့ပြီးဖြစ်လို့ အကျယ် မရေးတော့ပါ) ပြောချင်တာကတော့ ခေါင်းဆောင်မှုပါပဲ။

## ခေါင်းဆောင်ကို မွေးယူတယ်

လီကွမ်ယူက သူ့ အနားယူတော့ တပည့်ကျော် တစ်ယောက် (ဂိုချောက်တောင်)ကို သူ့နေရာ ဆက်ခံစေခဲ့တယ်။ အဲဒီကာလများ အတွင်းသားဖြစ်သူ လီရှောင်လုံးကို ခေါင်းဆောင်မှု ပညာတွေ ဆည်းပူးစေခဲ့တယ်။ နတ်ရေကန်ထဲ ပစ်ချပြီး လူလားမြောက်နိုင်းခဲ့တာမျိုး မဟုတ်။ ဟော- ဂိုချောက်တောင် ရာထူးသက်တမ်း နှစ်ဆက်လောက်လုပ်ပြီးတော့ လီရှောင်လုံး ဝန်ကြီးချုပ် ဝင်လုပ်တယ်။ အားလုံး အဆင်ချောပါတယ်။ သူတို့ ပီအေပီ ပါတီကလည်း တိုင်းပြည် ထူထောင်ချိန်ကစလို့ ခုထိ အာဏာရ ပါတီပါပဲ။ ယနေ့ထိ လွှတ်တော်ထဲမှာ အတိုက်အခံ အမတ် ၆ ယောက်ထက် မပိုသေး။ နည်းမျိုးစုံနဲ့ ဤအခြေအနေကို အပြောင်းအလဲ မရှိအောင် လုပ်ထားပါတယ်။ ပြည်သူအများစုကလည်း စားဝတ်နေရေး မပူပင်ရတဲ့အတွက် ယေဘု ယျ အားဖြင့် ကျေနပ်နေကြတယ်။ စင်ကာပူနိုင်ငံသား ဖြစ်ရမှုကို ဂုဏ်ယူ နေကြတယ်။

## ဆိုရှယ်လစ်အမြင်နဲ့ မတူ

သမိုင်းရဲ့ ဖြစ်ပေါ်တိုးတက်မှုကို ရှုမြင်တဲ့နေရာမှာ ဆိုရှယ်လစ် သမိုင်းအမြင်ကို လက်ခံသူများက လူပုဂ္ဂိုလ် အခန်းကဏ္ဍကို လက်အောက်ခံ ပြဿနာလို့ပဲ သဘော



ထားတယ်ဆိုတာ လမ်းစဉ် ပါတီခေတ်က ဆိုရှယ်လစ် နိုင်ငံရေးသင်တန်းနဲ့ ဆိုရှယ်လစ် သတင်းစာ ပညာသင်တန်း တက်ခဲ့ဖူးတဲ့ ကျွန်တော့် အနေနဲ့ နားရည် ဝနေပါတယ်။ သမိုင်းပညာရှင်၊ နိုင်ငံရေး ဒဿနဆရာ ထောမတ်ကာလိုင်း (၁၇၉၅-၁၈၈၁) ကတော့ လူထူးချွန်တွေရဲ့ အခန်းကဏ္ဍဟာ သမိုင်းကို ဖန်တီးရာမှာ အလွန်အရေးပါတယ်လို့ ဆိုခဲ့တယ်။ အလွန်အားကြီးတဲ့ လူပုဂ္ဂိုလ်တွေဟာ ကမ္ဘာကြီးရဲ့ အကောင်းအဆိုးကို အဆုံးအဖြတ် ပေးခဲ့ကြတဲ့အကြောင်း အထောက်အထားတွေ ဖော်ပြခဲ့ပါတယ်။

## ချာချီ စတာလင်

ဒုတိယ ကမ္ဘာစစ် ကာလအတွင်း အင်္ဂလန်မှာ ချာချီဝန်ကြီးချုပ် ဖြစ်လာလို့ ဂျာမနီကို စစ်အနိုင် တိုက်နိုင်ခဲ့တာလို့ အများက ယုံကြည်ကြတယ်။ ချိန်ဘာလိန်သာ ဝန်ကြီးချုပ် ဆက်လုပ်နေရင် ဂျာမန်လက်အောက် ကျသွားနိုင်တယ်လို့ အဆိုရှိတယ်။ ရုရှားမှာ အာဏာရှင် စတာလင် ဓာတ်ကြမ်းတိုက်ပြီး ကြံ့ကြံ့ခံခဲ့လို့ ဂျာမန်တွေ ဦးကျိုးသွားတာလို့လည်း သမိုင်းဆရာတွေက ရေးတယ်။

## အပြောင်းအလဲတွေ ဖြစ်စေခဲ့

လူပုဂ္ဂိုလ်ခေါင်းဆောင်မှုရဲ့ အရေးပါမှုကို မှတ်တမ်းတင်ခဲ့ကြတာတွေ အများကြီးပါ။ ဒုတိယ ကမ္ဘာစစ် အပြီးမှာ ကုလသမဂ္ဂ အဖွဲ့ကြီး ပေါ်လာပြီး ဟမ္မားရှိုးလို၊ ဦးသန့် လို အတွင်းရေးမှူးချုပ်တွေ အစွမ်းပြနိုင်ခဲ့တာ၊ မာရှယ်တီတိုး၊ ချူအင်လိုင်း၊ ဆူကာ နိုး၊ နေရူး၊ နာဆာ၊ ဦးနု စတဲ့ ပုဂ္ဂိုလ်များ ဦးဆောင်မှုကြောင့် ဘက်မလိုက်နိုင်ငံများ အုပ်စု ပေါ်လာခဲ့တာတွေဟာ အားကောင်းတဲ့ လူပုဂ္ဂိုလ် အခန်းကဏ္ဍတွေပဲ မဟုတ် ပါလား။

ဒါတင်မက ဖရန်ကို ကွယ်လွန်ပြီးနောက် ဆက်ခံသူ ဘုရင် ဟွမ်ကာလိုစ်ကြောင့် စပိန်နိုင်ငံဟာ ဒီမိုကရေစီနိုင်ငံ ဖြစ်လာခဲ့တယ်။ ဆိုဗီယက်မှာ ပြည်ထောင်စု သမ္မတ ဂေါ်ဘာချော့ဗ်ကို စစ်တပ်က အာဏာသိမ်းတော့ ရုရှားပြည်ရဲ့ သမ္မတ ယဲ့လ်ဆင်က တင့်ကားပေါ် ခုန်တက်ပြီး ရဲရဲတောက် တရားဟောကာ ခုခံတိုက်ပွဲဝင်ခဲ့လို့ တစ်ပါတီ စနစ်အောက် ပြန်လည် ကျရောက်မယ့် အန္တရာယ်က လွတ်ကင်းခဲ့တယ်။ နယ်လ်ဆင် မင်ဒဲလားကြောင့် တောင်အာဖရိက နိုင်ငံရေး အပြောင်းအလဲ ချောမွေ့ခဲ့တယ်။ ဖိလစ်ပိုင်က ဝိုလ်ချုပ်ကြီး ရာမို့စ်ကြောင့် နာရီပိုင်းအတွင်း တစ်ဆစ်ချိုး အပြောင်းအလဲ ဖြစ်ပြီး ပြည်သူ့အာဏာ တော်လှန်ရေး အောင်ပွဲခံနိုင်ခဲ့တယ်။

ဒါကြောင့် ကျွန်တော်ကတော့ လူပုဂ္ဂိုလ် တစ်ဦးချင်း ခေါင်းဆောင်မှုကော၊ အစုအဖွဲ့လိုက် ခေါင်းဆောင်မှုရော အလွန် အရေးကြီးတယ်လို့ ပြောချင်တယ်။

**ပြည်သူ့ခေတ်ဂျာနယ်။** ၂၆၊ မေ၊ ၂၀၁၃။ အတွဲ ၃၊ အမှတ်၁၄၇။

○

# အခြေခံ ဥပဒေ ပြင်ဆင်ရေးနှင့် ဖက်ဒရယ် ပြဿနာ

၁၉၄၈ ခုနှစ်က စတင်ခဲ့တဲ့ တောတွင်း လက်နက်ကိုင် အဖွဲ့များ အပြင် ၁၉၆၂ ခုနှစ် နောက်ပိုင်း ထပ်မံ ပေါ်ထွက်လာတဲ့ လူမျိုးစု လက်နက်ကိုင် အဖွဲ့သစ်တွေပါ ပါဝင် ဆင်နွှဲလာခဲ့ကြတဲ့ လွတ်လပ်ရေးရဲ့ ဖွားဖက်တော် ပြည်တွင်းစစ်ကြီးဟာ ယနေ့အထိ မပြီးဆုံးသေးပါဘူး။ ၁၉၈၈ နောက်ပိုင်း စစ်အစိုးရခေတ်မှာ လူမျိုးစု လက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့နဲ့ အပစ်အခတ် ရပ်စဲရေး သဘောတူညီချက်တွေ ရခဲ့ပေမယ့် အင်အားကြီး အဖွဲ့တစ်ခုဖြစ်တဲ့ ကေအင်န်ယူနဲ့ တိုက်ပွဲတွေ ဆက်လက် ဖြစ်ပွားနေခဲ့သလို ၂၀၁၀ ရွေးကောက်ပွဲကနေ ပေါ်ထွက်လာတဲ့ သမ္မတ ဦးသိန်းစိန် အစိုးရ လက်ထက်မှာလည်း ငြိမ်းချမ်းရေးအတွက် အရှိန်အဟုန်မြှင့် လုပ်ဆောင်နေပါတယ်လို့ အစိုးရက ပြောနေတဲ့ကြားက အစောပိုင်း ကချင်ပြည်နယ်မှာ၊ အခု နောက်ပိုင်း ရှမ်းပြည်နယ်က တချို့နေရာတွေမှာ သေနတ်သံတွေ ကျယ်ကျယ်လောင်လောင် ထွက်ပေါ်နေခဲ့တာ တိုင်းသိ ပြည်သိ ကမ္ဘာသိ ဖြစ်ပါတယ်။

## စစ်မှန်တဲ့ ဖက်ဒရယ် တောင်းဆိုချက်

ပြည်ထောင်စုကနေ ခွဲထွက်ပြီး သီးခြားနိုင်ငံ ထူထောင်လိုတဲ့ လူမျိုးစု လက်နက်ကိုင် အဖွဲ့တစ်ဖွဲ့ သို့မဟုတ် နှစ်ဖွဲ့ ရှိကောင်း ရှိနိုင်ပေမယ့် မြန်မာနိုင်ငံက လူမျိုးစု လက်နက်ကိုင်အဖွဲ့ အများစု (အားလုံးလိုလို) တောင်းဆိုနေတာက မြန်မာ အပါအဝင် လူမျိုးစု အားလုံးမှာ တန်းတူရည်တူ အခွင့်အရေးရှိတဲ့ ဖက်ဒရယ် ပြည်ထောင်စု ဖြစ်ပါတယ်။ အာဏာရ အစိုးရ အဆက်ဆက်က 'ပြည်ထောင်စု' ဆိုတဲ့ ဝေါဟာရကို သုံးနှုန်းပြီး အုပ်ချုပ်ခဲ့ပေမယ့် အဲဒါဟာ သူတို့ လိုချင်တဲ့ ပြည်ထောင်စုမျိုး မဟုတ်ဘူးဆိုတဲ့ အချက်ကို ထင်ထင်ရှားရှား မီးမောင်းထိုးပြချင်တဲ့ သဘောနဲ့ နောက်ပိုင်းမှာ လက်နက်ကိုင်ရော လက်နက်မကိုင်တဲ့ လူမျိုးစုံတွေကပါ 'ဖယ်ဒရယ် ပြည်ထောင်စု' အစား 'စစ်မှန်တဲ့ ဖက်ဒရယ် ပြည်ထောင်စု' ဆိုတဲ့ စကားလုံး အသုံးအနှုန်းနဲ့ ပြောင်းလဲ တောင်းဆို လာခဲ့ကြပါတယ်။

## လူမျိုးစုတွေရဲ့ လိုလားချက်

လူမျိုးစု လက်နက်ကိုင် အဖွဲ့တွေ အစိုးရ အဆက်ဆက်ကို တစ်လျှောက်လုံး တောင်းဆို လာခဲ့ကြတာက ဖယ်ဒရယ် ပြည်ထောင်စု ဖြစ်ပါတယ်။ အဲဒါကို တည်ဆောက်နိုင်ဖို့ နိုင်ငံရေး ဆွေးနွေးပွဲတွေကတစ်ဆင့် တိုင်းရင်းသားပေါင်းစုံ ညီလာခံကြီး ပြုလုပ်ရမယ်။



အဲဒီအတွက် အရင်ဆုံး လုပ်ရမှာက တစ်နိုင်ငံလုံး လွှမ်းခြုံတဲ့ အပစ်အခတ်ရပ်စဲရေး ဖြစ်တယ်လို့ သူတို့က ဆိုကြပါတယ်။ အဲဒီ တောင်းဆိုချက်ဟာ ကျိုးကြောင်းဆီလျော် တရားမျှတတဲ့ တောင်းဆိုချက် ဖြစ်ပေမယ့် ဖက်ဒရယ်ဆိုတဲ့ အသံကြားရုံနဲ့ တီကောင်ကို ဆားနဲ့ တို့လိုက်သလို တွန့်ခနဲ ဖြစ်သွားတတ်တဲ့ အင်အားစုများရဲ့ သဘောထား ရပ်တည်ချက်ကြောင့် အဲဒီ တောင်းဆိုချက်ဟာ ဘယ်တုန်းကမှ အကောင်အထည် ပေါ်မလာခဲ့ပါဘူး။ နိုင်ငံရေး ပြုပြင် ပြောင်းလဲရေးတွေကို ကမ္ဘာက ကြိုဆို ထောက်ခံရလောက်အောင် ခြေလှမ်းသွက်သွက်နဲ့ လုပ်ပြနေတဲ့ လက်ရှိ အစိုးရလက်ထက်မှာတောင် အဲဒီ တောင်းဆိုချက်ရဲ့ တစ်စိတ်တစ်ပိုင်းကိုပဲ ဖြည့်ဆည်းပေးနိုင် သေးတာကို တွေ့နေရပါတယ်။

## တစ်ပြိုင်တည်း ပြဿနာနှစ်ခု

အခု ကျွန်တော်တို့နိုင်ငံမှာ တစ်ပြိုင်တည်း ပေါ်ပေါက်နေတဲ့ ပြဿနာနှစ်ခုက အခြေခံ ဥပဒေ ပြင်ဆင်ရေးနဲ့ စစ်မှန်တဲ့ ဖယ်ဒရယ် ပြည်ထောင်စု တည်ထောင်ရေးတို့ ဖြစ်ပါတယ်။ တကယ်တော့ အဲဒီပြဿနာနှစ်ခုစလုံးဟာ အနှစ်သာရအရ လွတ်လပ်ရေးနဲ့အတူ မွေးဖွားပေါ်ပေါက်လာတဲ့ ပြဿနာတွေပဲ ဖြစ်ပါတယ်။ အခုမှ အသစ်ပေါ်ထွက်လာတဲ့ ပြဿနာတွေ မဟုတ်ပါဘူး။ အခြေခံ ဥပဒေပြင်ဆင်ရေးနဲ့ စစ်မှန်တဲ့ ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေး ခေါင်းစဉ် နှစ်ခုစလုံးဟာ နိုင်ငံရေး ပြဿနာချည်း ဖြစ်ပါတယ်။ အဲဒီ ပြဿနာနှစ်ခုဟာ ဖြေရှင်း ပြေလည် သွားခဲ့တာ မဟုတ်ဘဲ ဒီမိုကရေစီ ဆိတ်သုဉ်းခဲ့တဲ့ ခေတ်တစ်လျှောက်လုံး ရေပြင်အောက် ငုပ်လျှိုးနေခဲ့ပြီး အခုပေါ်လို့ ရတဲ့အချိန်မှာ ပြန်လည် ပေါ်ထွက်လာတာသာ ဖြစ်ပါတယ်။ ဒါကြောင့် အပြီးအပြတ် ပြေလည်အောင် မရှင်းနိုင်မချင်း အဲသလိုပဲ ငုပ်လိုက် ပေါ်လိုက်သာ ဖြစ်နေဦးမယ်ဆိုတဲ့ အချက်နဲ့ အဲဒီပြဿနာတွေကို ပြေလည်အောင် မဖြေရှင်းနိုင်မချင်း ဒီမိုကရေစီရေး ငြိမ်းချမ်းရေး ဖွံ့ဖြိုး တိုးတက်ရေးတို့ ဆိုတာတွေဟာလည်း 'တံလျှပ်' သဖွယ်ပဲ အမြဲတမ်း ဖြစ်နေမယ်ဆိုတဲ့ အချက်ကို တာဝန်သိသူတိုင်း သတိပြုကြရမှာ ဖြစ်ပါတယ်။

## ဘယ်ဟာကို အရင် ဖြေရှင်းမလဲ

ဒီတော့ ဒီပြဿနာနှစ်ခုမှာ ဘယ်ဟာကို အရင်ဖြေရှင်းမလဲဆိုတဲ့ မေးခွန်း ထွက်ပေါ်လာပါတယ်။ တချို့ နိုင်ငံရေးသမားတွေက လက်ရှိ အခြေခံ ဥပဒေဟာ ပြင်လို့မရလောက်အောင် လုပ်ထားတဲ့ အခြေခံဥပဒေဖြစ်တယ်။ ပြင်ဆင် ပြောင်းလဲဖို့ သိပ်ကို ခက်ခဲတယ်လို့ ပြောနေကြပါတယ်။ မရည်ရွယ်ဘူးလို့ ယူဆရပေမယ့် သူတို့စကား အသွားအလာအရ အခြေခံဥပဒေ ပြင်ဆင်ရေး ကိစ္စကို အခုအချိန်မှာ မတို့မထိနဲ့ဦး။ ဖယ်ဒရယ်ကိစ္စပဲ အရင် ဖြေရှင်းကြတာပေါ့လို့ ဆိုလိုတဲ့ အဓိပ္ပာယ်မျိုး သက်ရောက်နေပါတယ်။

## ...မျိုးစုတွေရဲ့ အဓိက လိုလားချက်

...ကယ်တော့ စစ်မှန်တဲ့ ဖက်ဒရယ် ပြည်ထောင်စု စနစ်ကို တောင်းဆိုနေကြတဲ့ ...မျိုးစု လက်နက်ကိုင် အဖွဲ့တွေ တစ်လျှောက်လုံး ရပ်ခံလာကြတဲ့ အနေအထားကို ...လာ ကြည့်ရင် ဒီကိစ္စက နည်းနည်းကလေးမှ ရှုပ်ထွေးစရာ မလိုတဲ့ ကိစ္စဖြစ်ပါတယ်။ ...တို့က သူတို့ဟာ သူတို့ လူမျိုးစုရဲ့ အခွင့်အရေးတွေကို လက်နက်ကိုင်ပြီး ကာကွယ် ...ောင့်ရှောက်ဖို့ မလိုတော့တဲ့ တစ်နေ့ (တစ်နည်း) အဲဒီ အခွင့်အရေးတွေကို အခိုင်အမာ ...ကာကွယ် စောင့်ရှောက်ပေးနိုင်တဲ့ အခြေခံဥပဒေတစ်ရပ် ပေါ်ထွက်လာတဲ့ တစ်နေ့မှာ ...ကိုင်ထားတဲ့ လက်နက်တွေကို စွန့်လွှတ်မှာ ဖြစ်တယ်။ အခုအထိတော့ အဲသလိုမျိုး အခြေခံဥပဒေ ပေါ်ထွက်မလာသေးဘူး။ အဲသလို ရပ်ခံနေခဲ့ကြတာ ဖြစ်ပါတယ်။

## ...ရေပေါ် အရုပ်ရေးသလို ဖြစ်မယ်

...တော့ အဖြေက ရှင်းပါတယ်။ ဖက်ဒရယ်ကိစ္စ ပြေလည်ချင်တယ် ဆိုရင် အခြေခံဥပဒေကိစ္စ ...ရှင်းရမှာ ဖြစ်ပါတယ်။ လက်ရှိ အခြေခံ ဥပဒေကို မပြင်ဘဲ ဖက်ဒရယ် ပြည်ထောင်စု ...ည်ဆောက်မယ်ဆိုရင် အဲဒါဟာ ရေပေါ်မှာ အရုပ်ရေးတာပဲ ဖြစ်ပါလိမ့်မယ်။

လက်ရှိ အခြေခံ ဥပဒေဟာ ပြင်လို့ မရနိုင်လုနီးပါးဖြစ်အောင် လုပ်ထားတဲ့ အခြေခံ ဥပဒေ ဖြစ်တယ်ဆိုတဲ့ အချက်ကို ကျွန်တော် သဘောတူပါတယ်။ တိုင်းပြည်ကို ...နှစ်ဆယ်ကျော် အုပ်ချုပ်ခဲ့တဲ့ စစ် အစိုးရတစ်ခုက စစ်အာဏာ လွှမ်းမိုး ကြီးစိုးရေးစနစ် တည်တံ့နိုင်သလောက် တည်တံ့ခိုင်မြဲရေးဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရေးဆွဲခဲ့တဲ့ အခြေခံဥပဒေဖြစ်တယ်ဆိုတဲ့ အချက်ကို အများနည်းတူ ကျွန်တော်လည်း သဘောပေါက်ပါတယ်။

## အားတက်စရာ နမူနာတွေ

ဒါပေမဲ့ ကျွန်တော်တို့ 'ခက်တယ်' 'မလွယ်ဘူး' ဆိုပြီး ညည်းနေလို့ချည်း မဖြစ်ပါဘူး။ သူများတွေ ခက်ခဲနက်နဲ သိမ်မွေ့တဲ့ နိုင်ငံရေး ပြဿနာတွေကို ဘယ်လို အဖြေရှာခဲ့ကြသလဲ၊ ဘယ်လို ကျော်လွှားခဲ့ကြသလဲ၊ ပြည်တွင်းပြည်ပ အတွေ့အကြုံတွေကို ကျွန်တော်တို့ စေ့စေ့စပ်စပ် လေ့လာကြရပါမယ်။ တောင်တန်းဒေသတွေကို ချန်ထားပြီး လွတ်လပ်ရေးပေးဖို့ ကြိုးစားတဲ့ နယ်ချဲ့ဆီက တစ်ပြည်လုံး လွတ်လပ်ရေးရအောင် ဗိုလ်ချုပ် အောင်ဆန်း အမှူးပြုတဲ့ ကျွန်တော်တို့ရဲ့ ခေါင်းဆောင်တွေ ဘယ်လို စည်းရုံး စီစဉ် ဆောင်ရွက်ခဲ့ကြ သလဲ။ တစ်လျှောက်လုံး လူဖြူတွေက လူမည်းတွေအပေါ် ဖိနှိပ် အုပ်ချုပ်လာခဲ့ပြီး လူဖြူတွေကို တစ်ဖက်သတ် အသာစီးပေးထားတဲ့ အခြေခံ ဥပဒေ တစ်ခု တည်ရှိရာ တောင်အာဖရိကနိုင်ငံမှာ ...ည်းသမ္မတတစ်ဦး ပေါ်ထွက်လာအောင် ခေါင်းဆောင်တွေ ဘယ်လို ညှိနှိုင်း ဆောင်ရွက်ခဲ့ကြသလဲ။ စစ်အာဏာရှင်က ရေးဆွဲ ပြဋ္ဌာန်းခဲ့တဲ့ အခြေခံဥပဒေကိုပဲ ဒီမိုကရေစီ အစိုးရ ဒုတိယသက်တမ်း အရောက်မှာ ပြည်သူ အများစု လက်ခံတဲ့ ပြင်ဆင်မှုတွေ ပြုလုပ်နိုင်အောင် အင်ဒိုနီးရှား နိုင်ငံရေးခေါင်းဆောင်တွေနဲ့ စစ်ဘက်



ခေါင်းဆောင်တွေ ဘယ်လို ကြိုးပမ်းခဲ့ကြသလဲ။ စစ်အာဏာရှင်က ရေးဆွဲပြဋ္ဌာန်းခဲ့တဲ့ အခြေခံ ဥပဒေကို ပြင်ဆင်ပြီး ပြည်သူလူထု တိုက်ရိုက် ဆန္ဒမဲနဲ့ ရွေးကောက် တင်မြှောက်တဲ့ သမ္မတ ရွေးချယ် တင်မြှောက်ရေးစနစ် ဖြစ်ပေါ်လာအောင် တောင်ကိုရီးယားနဲ့ အင်ဒိုနီးရှားက ပြည်သူတွေနဲ့ ဒီမိုကရေစီ အင်အားစုတွေ ဘယ်လို တွန်းအားပေးခဲ့ကြသလဲ။ ကျွန်တော်တို့မှာ လေ့လာစရာတွေ တစ်ပုံကြီး။ အားတက် စရာတွေလည်း တစ်ပုံကြီးပါ။

## နိုင်ငံရေး ဆန္ဒ အရေးကြီးပါတယ်

အရေးကြီးတာက အခက်အခဲ အတားအဆီး အနှောင့်အယှက်တွေ မဟုတ်ပါဘူး။ အဲဒါတွေကို ကျော်လွှားသွားချင်တယ်ဆိုတဲ့ နိုင်ငံရေး ဆန္ဒ (Political Will)နဲ့ မဖြစ်မနေ ကျော်လွှားသွားမယ် ဆိုတဲ့ နိုင်ငံရေး ပိုင်းဖြတ်ချက် (Political Determination)သာ ဖြစ်ပါတယ်။ အဲဒီနိုင်ငံရေးဆန္ဒနဲ့ နိုင်ငံရေး ပိုင်းဖြတ်မှုကြောင့်ပဲ စစ်အာဏာရှင်စနစ်ကို အလျှော့မပေးစတမ်း အာခံ ဖီဆန် တိုက်ပွဲဝင်လာခဲ့တဲ့ အတိုက်အခံပါတီကြီးဟာ လက်ရှိ အခြေခံ ဥပဒေဘောင်ထဲမှာပဲ ပါတီ မှတ်ပုံတင်ခဲ့တယ်။ ပါတီခေါင်းဆောင်နဲ့ အဖွဲ့ဝင်တွေ လွှတ်တော်ထဲ ရောက်သွားတဲ့ အခြေအနေ ဖြစ်ပေါ်ခဲ့တယ်။ အဲဒီလုပ်ရပ်တွေရဲ့ ဦးတည်ချက် တစ်ခုက ပြည်သူလူထု အများစုကြီး လက်ခံတဲ့ အခြေခံဥပဒေ ပေါ်ပေါက်လာအောင် ကြိုးစားသွားဖို့ဖြစ်တယ်လို့ တိုင်းပြည်ကို တင်ပြခဲ့တယ်။

## ထီးလိုမင်းလို အချိန်ကောင်း

ဒီအချက်အပေါ်မှာ အာဏာရပါတီကြီးရဲ့ ခေါင်းဆောင်တွေရဲ့ သဘောထားကလည်း လွန်ခဲ့တဲ့ တစ်နှစ်လောက်ကနဲ့ မတူတော့တာ တွေ့ရတယ်။ အရင်ကဆိုရင် လက်ရှိ အခြေခံ ဥပဒေကို ပြင်ဆင် ပြောင်းလဲစရာ မလိုပါဘူးလို့ တွင်တွင်ကြီး ပြောနေခဲ့တာ ကလား။ ခုတော့ အာဏာရ ပါတီကြီးကပဲ ကမကထပြုပြီး အခြေခံဥပဒေ ပြင်ဆင်ရေးနဲ့ ပတ်သက်တဲ့ အချက်အလက်တွေ၊ သဘောထားအမြင်တွေကို စုဆောင်းနေပြီ ဖြစ်ပါတယ်။ အခုအချိန်ဟာ အခြေခံဥပဒေ ပြင်ဆင်ရေး ကိစ္စဟာ ထီးလိုမင်းလို လာတို နတ်လို အချိန်ဖြစ်ပါတယ်။ ခေတ်သစ် မြန်မာ့သမိုင်းကို တစ်ဆစ်ချိုး ပြောင်းလဲ သွားစေနိုင်တဲ့ နှစ်တစ်နှစ်ဖြစ်လာမယ့် ၂၀၁၅ မတိုင်မီ အခြေခံ ဥပဒေ ပြင်ဆင်ရေးကိစ္စဟာ ဖြစ်နိုင်စရာ လုံးလုံးမရှိတဲ့ ကိစ္စ မဟုတ်ပါဘူး။ အားလုံး ပြိုင်တူတွန်းရင် ရွှေ့ကို ရွှေ့ရမှာပါ။

'ပြင်းထန်သော ဆန္ဒရှိသူတွေအတွက် လောကမှာ မဖြစ်နိုင်သော အရာဟူ၍ မရှိ' ဆိုတဲ့ မြတ်စွာဘုရားရဲ့ ဟောကြားချက်တစ်ခုကို အခုအချိန်မှာ ကျွန်တော် သတိရနေမိ ပါတယ်။

**ပြည်သူ့ခေတ်ဂျာနယ်။**

*၂ ဇွန်၊ ၂၀၁၃။ အတွဲ ၃၊ အမှတ် ၁၄။*

○

# သောင်းခြောက်ထောင် မက ပြဿနာတွေ

ကျွန်တော့် ဆောင်းပါးတွေအဆုံးမှာ စာပြီး ရက်စွဲနဲ့ ကျွန်တော့် အီးမေးလ် လိပ်စာ အမြဲတမ်း ဖော်ပြခဲ့တာ သတိထားမိကြမယ် ထင်ပါတယ်။ အမေရိကန်သတင်းစာတွေက ဆောင်းပါးရှင်တချို့နဲ့ နိုင်ငံရေးသမားများ၊ သူတို့ရဲ့ စာတို့ ကြေညာချက်တို့ အဆုံးမှာ အီးမေးလ်နဲ့ ဖုန်းနံပါတ် ဖော်ပြကြတဲ့ ဓလေ့ကို သဘောကျလို့ အတုခိုးခဲ့တာပါ။ သူတို့ဆီက သတင်းစာ ဆောင်းပါးရှင်တွေက စာဖတ်ပရိသတ်ဆီက တုံ့ပြန်သံတွေကို တိုက်ရိုက် ကြားသိနိုင်အောင် ရည်ရွယ်ပါတယ်။ နိုင်ငံရေးသမားအမတ်၊ မြို့တော်ဝန်၊ ပြည်နယ် အုပ်ချုပ်ရေးမှူးတွေကျတော့ သူတို့နဲ့ သက်ဆိုင်တဲ့ နယ်မြေဒေသထဲက ပြည်သူလူထုအနေနဲ့ သူတို့ဆီ တိုက်ရိုက် ဆက်သွယ်နိုင် အောင် ရည်ရွယ်ကြပါတယ်။ သူတို့ဆီ အဲသလို တိုက်ရိုက် ဆက်သွယ် ပြောဆိုကြ တာကို ဌာနတစ်ခု ဖွင့်ပြီး သေချာ မှတ်တမ်းတင်ပါတယ်။ တင်ပြချက်တွေရဲ့ အကျဉ်းချုပ်တွေကို သက်ဆိုင်ရာ အတွင်းရေးမှူးတွေက အမတ်မင်းများထံ တင်ပြ ကြရပါတယ်။ သူတို့ဆီ တိုက်ရိုက် ဆက်သွယ်တဲ့ ပြည်သူဦးရေ များရင် များသလို အင်မတန်မှ ဂုဏ်ယူကြပါတယ်။ မကျေနပ်ချက်တွေ တင်ပြကြတာကို နားပူတယ်လို့ သဘောမထားဘူး။ ပြဿနာရဲ့ ဇာစ်မြစ်ပေါ်အောင် ထိထိရောက်ရောက် စုံစမ်းပြီး ဖြေရှင်းပေးပါသတဲ့။ ဖြေရှင်းပြီးသမျှကိုလည်း တိုင်ကြားတဲ့ ကာယကံရှင်ထံ မပျက် မကွက် အကြောင်းပြန်ကြားသတင်းပို့ပါသတဲ့။

## စာဖတ်သူတို့ရဲ့ အမြင် သဘောထားတွေ

ကျွန်တော်နဲ့ သက်ဆိုင်တာ တချို့ကို ပြောရရင် စာဖတ် ပရိသတ်များထံက ကျွန်တော့်ဆီကို အီးမေးလ်နဲ့ စာတွေ လာတတ်ပါတယ်။ ကျွန်တော် ရေးလိုက်တဲ့ အကြောင်းအရာနဲ့



ပတ်သက်လို့ သူတို့အမြင် သူတို့ သဘောထားကို ပြောပြီး ထောက်ခံခြင်း၊ ဝေဖန်ခြင်းပြုကြတာ ဖြစ်ပါတယ်။ ကျွန်တော့် ကျန်းမာရေး ကိစ္စ ဖြစ်ပေါ်ပြီးချိန်မှာတော့ မေတ္တာကရုဏာ၊ စေတနာထားကြသူများထံက ဆုတောင်း မေတ္တာပို့သတဲ့ စာတွေအတော်များများ လာခဲ့ပါတယ်။ ကျွန်တော့်ဆောင်းပါးတွေကို ပြည်သူ့ခေတ်မှာ ဖော်ပြပြီးရင် ပုံမှန်အတိုင်း Facebook တင်ပါတယ်။ အဲဒီအခါ ကျရင်တော့ ပိုပြီး ထောင့်စုံတဲ့ အမြင်တွေနဲ့ ပါဝင် ဆွေးနွေးမှုတွေနဲ့ comment တွေ တက်လာတတ်ပါတယ်

## ကျော့မွဲတွေနဲ့ ရင်ကြားစေ့ရေး

ခုတစ်လော ကျွန်တော့်ထံ အီးမေးလ်နဲ့ ပို့တဲ့ စာတချို့မှာ တိုင်းရေး ပြည်ရေးတွေ အများဆုံးပါနေတာ တွေ့ရပါတယ်။ စာရေးသူတချို့က သူတို့ ဘယ်သူဘယ်ဝါဆိုတာ ပြောပေမယ့် တချို့က မပြောပါဘူး။ တူညီတာကတော့ စိတ်ပျက်လက်ပျက် ညည်းတွားနေကြတာပါပဲ။ အစိုးရက ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေး လုပ်နေပြီလို့ ပြောခဲ့တာ နှစ်နှစ် ရှိပါပြီ။ ခုထိ ကျွန်တော် ကျွန်မတို့မှာ ဘာမှ မထူးခြားရုံမကဘဲ ဆင်းရဲနွမ်းပါးတဲ့ အဆင့်ကနေ ဆင်းရဲမွဲတေတဲ့ အဆင့်အထိ ကျဆင်းကုန်ပါပြီလို့ ဝမ်းနည်းပက်လက် ရေးကြပါတယ်။ စာတစ်စောင်ကတော့ နည်းနည်းတောင် ဘေးရောက်သွားလေ သလားပဲ။ 'နိုင်ငံရေး ပြန်လည် ရင်ကြားစေ့ရေးတွေ၊ နိုင်ငံတကာ စင်မြင့်ပေါ် ပြန်တက်နိုင်ရေးတွေ ပြောမနေပါနဲ့၊ ဘယ်အစိုးရ တက်တက် မျောက်လောင်းဘဝက မတက်နိုင်တဲ့ ကျုပ်တို့ ကျော့မွဲ ပြည်သူတွေနဲ့လည်း ပြန်လည် ရင်ကြားစေ့ရေးလုပ်ဖို့ မစဉ်းစားတော့ဘူးလား' လို့ ရေးလိုက်ပါတယ်။

## လက်ရှိ တိုင်းပြည် အခြေအနေ

ယခင် ဝန်ကြီးချုပ်ကြီး ဦးနု ပြောတတ်တဲ့ စကားလုံးတစ်ခု သတိရမိပါတယ်။ 'ပြဿနာပေါင်း သောင်းခြောက်ထောင်' တဲ့။ ကျွန်တော် လက်ရှိအစိုးရနဲ့ နိုင်ငံရေးခေါင်းဆောင်တွေနေရာက စဉ်းစားကြည့်တယ်၊ လက်ရှိ တိုင်းပြည် အခြေအနေက ပြဿနာပေါင်း သောင်းခြောက်ထောင်လို့ ပြောရင် နည်းတောင် နည်းသေးတယ်လို့ ပြောစရာ ဖြစ်နေပြီ ထင်တယ်ဗျာ။

စားရမဲ့သောက်ရမဲ့ဖြစ်ရုံမက နေစရာ ကျောတစ်ခင်းစာတောင် မရှိအောင် ဆင်းရဲတွင်းနက်နေတဲ့ မြို့ပြ လက်လုပ်လက်စားများရဲ့ ပြဿနာ၊ လုပ်ခလစာနဲ့ ဘယ်လိုမှ မလောက်ငလို့ စာရိတ္တ ပျက်ယွင်းမှုတွေပါ ဖြစ်ပွားနေတဲ့ အောက်ခြေ အစိုးရဝန်ထမ်းနဲ့ စက်ရုံ အလုပ်ရုံ အခြေခံ လုပ်သားများ ပြဿနာ၊ လယ်ယာမြေ အသိမ်းခံရခြင်းနှင့် ပဋိပက္ခမှုများ၊ မြစ်ဆုံ တစ်ကျော့ပြန် အန္တရာယ်နဲ့ လက်ပံတောင်းတောင်၊ ဦးပိုင်၊ တရုတ်၊ ရခိုင်၊ ဓာတ်ငွေ့ပိုက်လိုင်းများ၊ တိုင်းရင်းသား လက်နက်ကိုင်များနဲ့ နိုင်ငံရေး ဆွေးနွေးမှု၊ အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေး၊ အခြေခံ ဥပဒေ

မြှင့်ဆင်ရေး၊ ဝပြည်နယ်ပြဿနာ၊ တရုတ်နှင့် ဆက်ဆံရေး၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု၊ လျှပ်စစ်ဓာတ်အား၊ လမ်း၊ တံတား၊ အခြေခံ အဆောက်အအုံ ပမာဏ။

ကျွန်တော်ဖြင့် ခေါင်းစဉ်တွေ လိုက်စဉ်းစားကြည့်ရင်းတောင် ရင်တလှပ်လှပ် ဖြစ်မိတယ်ဗျာ။

## ဒီမိုကရေစီမှာ ဒဏ်ရာတွေနဲ့

ကျွန်တော်တို့နိုင်ငံမှာ စစ်အစိုးရအဆက်ဆက်က နာမည်အမျိုးမျိုးနဲ့ အုပ်ချုပ်ခဲ့တဲ့ ကာလက နှစ်ငါးဆယ် ရှိပါတယ်။ အဲဒီကာလရဲ့ ရှေ့မှာ ရှိခဲ့တဲ့ ဒီမိုကရေစီ အရပ်သား အစိုးရ အုပ်ချုပ်တဲ့ခေတ် ဆိုတာက ၁၄ နှစ်ပဲ ရှိခဲ့တာပါ။ ဒါတောင်မှ အဲဒီထဲမှာ အိမ်စောင့်အစိုးရ အမည်ခံ စစ်အစိုးရ အုပ်ချုပ်တဲ့ ၂ နှစ်ကို ဖယ်လိုက်ရင် ၁၂ နှစ်ပဲ ကျန်ပါတယ်။ အားလုံး သိကြတဲ့အတိုင်း အဲဒီကာလဟာလည်း ဒီမိုကရေစီခေတ် ဆိုပေမယ့် 'ရောင်စုံသူပုန်' တွေ အစပျိုးခဲ့တဲ့ ပြည်တွင်းစစ်ကြီးကြောင့် ဒီမိုကရေစီဟာ ဒဏ်ရာမျိုးစုံရပြီး သွေး အလူးလူးနဲ့ နေခဲ့ရတာပါ။

## မူ ပြောင်းတယ်ဆိုတာ ဟုတ်ရဲ့လား

ဒါကြောင့် လွတ်လပ်ရေး သက်တမ်း ၆၅ နှစ်သာ ရောက်လာတယ်။ ကျွန် တော် တို့ နိုင်ငံရဲ့ ဒီမိုကရေစီဟာ အခုအထိ ဥ မ မည်   စာ မမြောက် ပိုးတုံးလုံးကောင် ဘဝမှာပဲ ရှိနေသေးတယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။ ဒီလို အခြေအနေမှာ စစ်အစိုးရ ခေါင်းဆောင်ဟောင်းတွေက ဦးစီးကြီးမှူး အကောင်အထည် ဖော်နေတဲ့ ဒီမိုကရေစီ ဆိုတာကို မယုံသင်္ကာဖြစ်သူတွေ ရှိနေသေးတာ သဘာဝကျပါတယ်။ လူတွေက မပြောင်းတဲ့ အတွက် သူတို့တစ်တွေ မူပြောင်းတယ်ဆိုတာ တကယ်ရော ဟုတ်ရဲ့လားလို့ သံသယ ပွားစရာတွေ ရှိလာတာ သဘာဝပါပဲ။ လူရောမူရော ပြောင်းမှ ပြောင်းလဲမှု စစ်စစ်လို့ လူများစုက လက်ခံချင်ကြတာ လောကရဲ့ ဓမ္မတာ တစ်ခုပါပဲ။ အထူးသဖြင့် ရှင်ကြီးဝမ်းလည်း ဝင်ခဲ့ဖူး၊ ရှင်ငယ် ဝမ်းလည်း ဝင်ခဲ့ဖူးဆိုသလို အမြီးနုတ် ခေါင်းနုတ် ဒီမိုကရေစီနဲ့လည်း ကြုံခဲ့ဖူး၊ သုည ဒီမိုကရေစီနဲ့လည်း တိုးခဲ့ဖူးတဲ့ ကျွန်တော်တို့ မြန်မာပြည်သူတွေ၊ အထူးသဖြင့် အဲဒီထဲက အတိုးတက်ဆုံး အလွှာလို့ ဆိုရမယ့် နိုင်ငံရေးသမားနဲ့ ပညာတတ် အင်အားစုတွေက 'ရေ မရောတဲ့ ဒီမိုကရေစီ' ဆိုတဲ့ ဟောင်းဆိုချက်နဲ့ လက်ရှိ အစိုးရကို မျက်စိဒေါက်ထောက် ကြည့်ပြီး ဆန်းစစ် သုံးသပ်ချင်နေကြတာ သိပ်ကို ကျိုးကြောင်း ဆီလျော်ပါတယ်။

## မြွေခါး တစ်လမ်း သံ တစ်လမ်း

အဲသလိုမျိုး မျက်တောင်မခတ်ကြည့်နေကြတဲ့ မျက်လုံးတွေအောက်မှာ တော်ရုံတန်ရုံ အရပ်သား အစိုးရ စစ်စစ်ဆိုရင်တောင် အနေရခက်မှာ ဖြစ်ပါတယ်။ သူတို့ကိုယ်တိုင်က



ဒီမိုကရေစီစနစ်နဲ့ မြွေခါးတစ်လမ်း သံတစ်လမ်းဖြစ်တဲ့ အမိန့်ပေး အမိန့်ခံ စနစ် အောက်မှာ နှစ်ပေါင်းများစွာ ရှင်သန် လှုပ်ရှား လာခဲ့ကြရတဲ့ လက်ရှိ အစိုးရ ခေါင်းဆောင်တွေအဖို့ သံသယ အစွဲကြီးမားသူတွေ အပါအဝင် ပြည်သူတွေရဲ့ စီစီ တီတီ မျက်လုံးတွေအောက်မှာ ဘယ်လောက် အသက်ရှူကျပ်လိုက်မလဲ ဆိုတာကို တွေးပြီး ကိုယ်ချင်းစာမိပါတယ်။

## ပြောချင်တာ ပြော လုပ်ချင်တာ လုပ်

စစ်အစိုးရတွေ အုပ်ချုပ်တဲ့ခေတ်မှာ စစ်အရာရှိကြီးတွေဟာ စကားကို ပြောချင်သလို ပြော၊ အလုပ်ကို လုပ်ချင်သလို လုပ်နိုင်ကြပါတယ်။ ပြောလည်း ပြော၊ လုပ်လည်း လုပ်ခဲ့ကြတာ ဖြစ်ပါတယ်။ သူတို့ကို ပြည်သူတွေ မပြောနဲ့၊ သူတို့ လက်အောက် အဆင့်ဆင့်က စစ်အရာရှိတွေကတောင် တုံ့ပြန် ပြောဆိုဖို့ နေနေသာသာ မျက်မွှေး ထော် မော်ကြည့်ဝံ့ခဲ့ကြတာ မဟုတ်ပါဘူး။ တော်လှန်ရေး ကောင်စီခေတ် အစ မဆလခေတ် အလယ်၊ န-အ-ဖ ခေတ် အဆုံး ကိုယ့်အထက်အရာရှိရဲ့ သဘောထားနဲ့ မတူညီတဲ့  ကိုယ့်သဘောထားကို ထုတ်ဖော် ပြောဆိုခဲ့လို့ 'ဖြုတ်ထုတ်' ခံခဲ့ကြရတဲ့ စစ်အရာရှိကြီးတွေ မနည်းမနော ရှိခဲ့တာ အားလုံး အသိပါ။

## လျှပ်စစ် ပိုလျှံတယ်ဆိုတဲ့ အမြင်

'ရေဘူးပေါက်တာ မလိုချင်ဘူး၊ ရေပါတာပဲ လိုချင်တယ်' လို့ ကိုယ်ကလည်း အထက်က ညွှန်ကြားတာ ခံခဲ့ရ၊ ကိုယ်ကလည်း အောက်ကို အလားတူ ညွှန်ကြား ခဲ့တဲ့ စစ်အရာရှိကြီးတွေထဲက အချို့ဟာ သူတို့ကိုယ်တိုင် ဒီမိုကရေစီကို ဦးဆောင် အကောင်အထည်ဖော်ရတဲ့ ခေတ်လည်းရောက်ရော ဒုက္ခများကုန်ကြတော့တာ ပါပဲ။ တစ်နိုင်ငံလုံး လူဦးရေရဲ့ အင်မတန် နည်းပါးတဲ့ အစိတ်အပိုင်းသာ  လျှပ်စစ် မီး ရနေကြတဲ့ အခြေအနေမှာ 'ကျွန်တော်တို့နိုင်ငံမှာ လျှပ်စစ် ဓာတ်အားတွေ ကုန်အောင်တောင် မသုံးနိုင်ဘဲ ပိုလျှံနေလို့ နိုင်ငံခြားကို ရောင်းနေရတာပါ' လို့ ပြောတဲ့သူက ပြော၊ ဧရာဝတီမြစ်ဆုံ ရေကာတာ စီမံကိန်း ရပ်ဆိုင်းလိုက်တာ ကို တစ်ပြည်လုံးက လက်ခုပ်သြဘာ ပေးနေကြချိန်မှာ 'အဲဒါ သမ္မတရဲ့ ဆုံးဖြတ်ချက်သာဖြစ်တယ် ကျွန်တော်တို့ အားလုံးရဲ့ သဘောထား မဟုတ်ဘူး' လို့ ပြောတဲ့သူက ပြော၊ လယ်သမားတွေ ထမင်းတစ်နပ်ပဲ စားပြီး အကြွေးကျေ အောင် ဆပ်သင့်တယ်၊ ကြွေး မကျေရင် သံသရာမှာ ခံရမယ်' လို့ပြောတဲ့သူက ပြောနဲ့ ကိုးရိုးကားယား မထော်မနန်းတွေ ထွက်ပေါ်လာပါတော့တယ်။

စစ်ဗိုလ်ချုပ်ကြီးတွေ ဦးစီးကြီးမှူး အကောင်အထည်ဖော်နေတဲ့ ဒီမိုကရေစီ ဟာ စင်းလုံးချော တင်းပြည့်ကျပ်ပြည့် ဒီမိုကရေစီ မဖြစ်နိုင်ဘူးဆိုတဲ့ အချက်ကို ကျွန်တော်တို့ ပြည်သူတွေက မျှော်လင့်ထားပြီးသားပါ။ အမိန့်ပေး အမိန့်ခံစနစ်နဲ့ တစ်လျှောက်လုံး

ယဉ်ပါးလာသူတွေအဖို့ ဒီမိုကရေစီ စနစ်ကို အကောင်အထည် ဖော်တဲ့နေရာမှာ ပြောမှား ဆိုမှား လုပ်မှား ကိုင်မှားတွေ ရှိနိုင်တယ်ဆိုတာကို မျှော်လင့်ထားကြပြီးသားပါ။ ဒီအပိုင်းက သိပ် အရေးမကြီးပါဘူး။

## ပြဿနာကို ပြဿနာမှန်း သိဖို့

သည်ဆောင်းပါးမှာ ကျွန်တော် အဓိက ပြောချင်တာကတော့ ပြဿနာကို ပြဿနာမှန်း သိဖို့ ပြဿနာအဖြစ် လက်ခံဖို့ပါပဲ။ တချို့က ပြဿနာကို သိတယ်။ ပြဿနာရှိနေမှန်းလည်း သိတယ်။ သို့ပေမယ့် သူ့အထက်က ပုဂ္ဂိုလ်က ဒါတွေဟာ ပြဿနာ မဟုတ်ဘူး။ ပြဿနာတွေ မရှိဘူးလို့ မှတ်လို့ မိန့်တော် မူလိုက်တာနဲ့ သူကလည်း ကျုပ်တို့ဆီမှာ ဘာပြဿနာမှ မရှိပါဘူးလို့ ဗလောင်းဗလဲ ချက်ချင်း ပြောဖို့ ဝန်မလေးတတ်တာတွေ တွေ့ဖူးပေါင်း များနေပြီမို့ပါ။

ပြဿနာ ရှိရင် အဖြေ ရှိပါတယ်။ အနာသိရင် ဆေးရှိပါတယ်။ ပြဿနာ မရှိဘူးလို့ မျက်စိမှိတ် ငြင်းနေသမျှတော့ ဘယ်တော့မှ အဖြေတွေမှာ မဟုတ်ပါကြောင်း။

**ပြည်သူ့ခေတ်ဂျာနယ်။**

*၉၊ ဇွန်၊ ၂၀၁၃။*

*အတွဲ ၃၊ အမှတ် ၁၄၉။*

○

# လေ့လာမိတဲ့ ရာဇ ပရိယာယ် အချို့

## ဝဲစားနိုင်ငံလို့ အထင် မခံခဲ့ရပါ

မြန်မာနိုင်ငံဟာ ၁၉၄၈ လွတ်လပ်ရေး ရချိန်ကစလို့ ပါလီမန် ဒီမိုကရေစီ စနစ်ကို ကျင့်သုံးခဲ့တာ ၁၀ နှစ် ကြာမြင့်ခဲ့တယ်။ အဲဒီ ၁၀ နှစ် ၁၀ မိုး ကာလအတွင်း တိုင်းပြည်မှာ ပြည်တွင်းစစ်ကြီး တခြိမ်းခြိမ်း ဖြစ်နေတဲ့ကြားက လယ်ယာစီးပွား လုပ်သူတွေ ဆက်လုပ်၊ ပြည်ပဆန်တင်ပို့တာတွေလည်း မပျက်မကွက် ဆက်လုပ်၊ အခြား စက်မှုထုတ်ကုန် အိတ်စပို့ အင်ပို့တွေကလည်း အရှိန်အဟုန်နဲ့။ သည်ကြားထဲ ပြည်တော်သာ စီမံကိန်းကြီး ဆိုတာတောင် ပေါ်ပေါက်ခဲ့သေး။ ဆဋ္ဌ သံဂါယနာ တင်ပွဲကြီးကလည်း ဗုဒ္ဓဘာသာ သမိုင်းမှာ မှတ်တိုင်ကြီး ထီးထီးမားမား စိုက်ထူနိုင်ခဲ့။ အရှေ့တောင်အာရှမှာ ဝဲစားနိုင်ငံလို့ ဘယ်သူကမှ မထင်ခဲ့ရုံမက မြန်မာ ပြည်သားတွေ သွားလေရာ မျက်နှာပန်းလှကာ အိမ်နီးချင်း နိုင်ငံသားတွေရဲ့ မော်ကြည့်ခြင်းကို ခံခဲ့ရတာ အားလုံး အသိပါ။ နိုင်ငံရေးသမားတွေကြောင့် တိုင်းပြည်ကြီးရဲ့ အခြေအနေတွေ ဘက်ပေါင်းစုံက ယိုယွင်းလာနေတယ်လို့ ပြောစရာ တစ်ကွက်မှ မရှိခဲ့။

## ၁၉၅၈ အာဏာ သိမ်းပွဲ

အဲသလို ပြည်တော်သာ ခေတ်ကြီးကိုပင် ရှေးရှုနေချိန်မှာ ပြည်တော် မသာခဲ့တာက အာဏာရ နိုင်ငံရေးပါတီကြီးဖြစ်တဲ့ ဖဆပလ အဖွဲ့ချုပ်ကြီးပါပဲ။ ဖဆပလကြီး ထက်ခြမ်းကွဲရာက အစပြုပြီး တည်မြဲ ဖဆပလ လိုလားသူ ဆိုရှယ်လစ်ပါတီ လက်ဟောင်း စစ်ဗိုလ်ချုပ်တချို့နဲ့ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး နေဝင်း ပူးပေါင်းကာ ၁၉၅၈ ခုမှာ ဦးနုဆီက အာဏာ သိမ်းခဲ့ပါတယ်။ သမိုင်းရေးတဲ့အခါ တိုင်းပြည်

မငြိမ်မသက်ဖြစ်နေလို့ ဗိုလ်ချုပ်ကြီး နေဝင်းလက်ကို ဦးနုက အာဏာ အပ်လိုက်ရတယ် ဆိုတဲ့ အပေါက်မျိုး ရေးသူတွေရှိတယ်။

## စစ်တပ် ရာဇဝင် ရှိုင်းမယ်

တကယ့် အဖြစ်အပျက်က ဦးနုဆီကို ဗိုလ်ချုပ်နေဝင်း အမိန့်အရ အာဏာလာသိမ်းတဲ့ စစ်ဗိုလ်ချုပ် သုံးယောက် (ဗိုလ်အောင်ကြီး၊ ဗိုလ်မောင်မောင်၊ ဗိုလ်တင်ဖေ) က ဝန်ကြီးချုပ် ရုံးမတက်ပါနဲ့တော့လို့ ပြောတော့ ဦးနုက မင်းတို့ စစ်တပ်က အာဏာသိမ်းတာလား။ အာဏာ သိမ်းတယ်ဆိုတာ စစ်တပ်အတွက်လည်း ရာဇဝင် ရှိုင်းမယ်၊ တိုင်းပြည်အတွက်လည်း မကောင်းဘူးကွာ၊ သည်တော့ ကျုပ်က ဗိုလ်ချုပ်ကြီး နေဝင်းကို အာဏာလွှဲအပ်မယ်။ ဗိုလ်ချုပ် ကြီး နေဝင်းက ဝန်ကြီးချုပ်အဖြစ် တာဝန်ယူပြီး ၆ လ အတွင်း လွတ်လပ်တရားမျှတတဲ့ ရွေးကောက်ပွဲ ကျင်းပပေးပါ။ ရွေးကောက်ပွဲမှာ အနိုင်ရတဲ့ နိုင်ငံရေးပါတီကို အာဏာ ပြန်လွှဲအပ်ပါလို့ တောင်းဆိုလိုက်တာပါ။ ဦးနုက တိုင်းပြည်ကြီး မငြိမ်မသက် ဖြစ်နေပါပြီ၊ ကျုပ်လည်း မထိန်းသိမ်းနိုင်တော့ပါ၊ ဒါကြောင့် ဗိုလ်ချုပ်ကြီးနေဝင်း အာဏာလွှဲယူပြီး ကယ်တင်တော်မူပါလို့ တောင်းဆိုခဲ့တာ မဟုတ်ပါ။

## ဗိုလ်ချုပ်နေဝင်း စိတ်ဆိုးပုံများ

ဦးနုဆီသွားခဲ့တဲ့ စစ်ဗိုလ်ချုပ် သုံးယောက်ထဲက တစ်ယောက်က ကျွန်တော်နဲ့ အတော် ခင်မင်ရင်းနှီးတဲ့ ဗိုလ်တထောင်သတင်းစာ အယ်ဒီတာချုပ်ဟောင်း၊ ကွယ်လွန်သူ ပြည်သူ့ရဲဘော် ဗိုလ်ထိန်လင်းနဲ့လည်း အတော့်ကို ရင်းနှီးတယ်။ ထိုပုဂ္ဂိုလ်ဟာ လူတော်တစ်ယောက်လို့ သတင်းကြီးပါတယ်။ ဘဝင်လည်း အတော်မြင့်သူလို့ ဆိုပါတယ်။ ဦးနုဆီကို သွားတာတောင် သူက ဦးဆောင်သွားခဲ့တာ၊ ဗိုလ်အောင်ကြီးက သူ့အဖော်အဖြစ် လိုက်ခဲ့ရတာလို့ ပြောတတ် တဲ့သူမျိုးပါ။ နောင်နှစ်ပေါင်းများစွာ ကြာလာပြီး ထိုပုဂ္ဂိုလ်လည်း သူ ပြောင်းလဲ ကိုးကွယ်ရာ ဘာသာရေးကိစ္စတွေ လုပ်နေရင်း တစ်နေ့ စကားလက်ဆုံကျတော့ ဗိုလ်ထိန်လင်းကို ပြောပြ သတဲ့။ ဦးနုစကားကို လက်ခံသဘောတူပြီး သူတို့ သုံးယောက် ပြန်လာကာ ဗိုလ်နေဝင်းထံ အစီရင်ခံတော့ စိတ်ဆိုးလိုက်တာဗျာတဲ့။ သူက အဲဒီကတည်းက အပြတ် အာဏာ သိမ်းချင် နေတာ။ ကျုပ်တို့က ဦးနု့ လှည့်ကွက်ထဲ ဝင်သွားပြီး အာဏာလွှဲတာကို လက်ခံ၊ ပါလီမန်ကိုလည်း မဖျက်ရ၊ နိုင်ငံတော် သမ္မတကြီးကလည်း ရှိနေမယ်။ ရွေးကောက်ပွဲပြီးရင် အနိုင်ရပါတီကို အာဏာလွှဲရမယ် ဆိုတာကိုလည်း သဘောတူခဲ့ လေတော့ သူ့ရဲ့ မင်းစည်းစိမ် ခံစားခွင့်က ခဏလေး ဖြစ်တော့မှာပေါ့လို့ ဒေါသပုန်



ထသွားဟန် တူတယ်တဲ့။

## အာဏာသိမ်း ရောဂါတွေ ကူးစက်နေချိန်

အဲဒီ ကာလဝန်းကျင် ၁၉၅၀ ပြည့်နှစ်များက အီဂျစ်မှာ ဗိုလ်မှူးကြီး နာဆာတို့ အာဏာသိမ်း။ ထိုင်းမှာလည်း ခဏ ခဏ စစ်တပ်က အာဏာသိမ်း။ ပါကစ္စတန်မှာလည်း အာယွတ်ခန်တို့ ယာဟီးယားခန်တို့ အာဏာသိမ်း စသည်ဖြင့် စစ်အာဏာသိမ်းရောဂါတွေ ကူးစက်နေချိန်မှာ ဗိုလ်ချုပ်နေဝင်းကလည်း နိုင်ငံရေးအာဏာကို ဖြတ်လမ်းက အပိုင်ကြံခဲ့တာပါပဲ။ သို့သော် သူ့ထက် အဆပေါင်းများစွာ အကွက်မြင်တဲ့ ဦးနုနဲ့ ရင်ဆိုင်ရလေတော့ ပထမ တစ်ကျော့မှာဖြင့် သူ ခံသွားရပေသပေါ့။ နောက်တစ်ကျော့ ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်ကျတော့ ဦးနုရဲ့ တစ်ကျော့ပြန် အစိုးရက ကြီးမှူးကာ ပြည်လမ်း အသံလွှင့်ရုံကြီးမှာ ဖက်ဒရယ် မူကိစ္စ ညီလာခံကြီး ကျင်းပနေတုန်း တိုင်းရင်းသားခေါင်းဆောင် ပေါင်းစုံလည်း ရန်ကုန်မှာ အစု အဝေးနဲ့ ရောက်နေကြတုန်းမှာ ဗိုလ်ချုပ်နေဝင်းနဲ့ အပေါင်းပါများဟာ ခဲတစ်လုံးတည်းနဲ့ ငှက်အကောင်ပေါင်းများစွာကို အပိုင်ရခဲ့ပါတယ်။ (မှတ်ချက်။ ဒီကိစ္စမှာတောင် ဂိုဏ်းဂဏ အစွဲကြီးတဲ့ နိုင်ငံရေး အတိုက်အခံ တချို့က ဦးနုဟာ သူ မနိုင်တော့တဲ့ ဖက်ဒရယ် ဇာတ်ရှုပ်ကို ဆက် မကရဲတော့လို့ တိုင်းရင်းသားခေါင်းဆောင်တွေကို ရန်ကုန်မှာ စုပေးပြီး ဦးနေဝင်း လက်ကို အပ်လိုက်တာလို့ စွပ်စွဲတာ ကြားဖူးခဲ့ပါသေးဗျာ) တကယ်ကတော့ သမ္မတကြီး မန်းဝင်းမောင်ကအစ ဝန်ကြီးချုပ် ဦးနု အပါအဝင် ပထစ အစိုးရ အဖွဲ့ဝင်တွေ ဖက်ဒရယ်မူ ဆွေးနွေးမိတဲ့ တိုင်းရင်းသား ခေါင်းဆောင်တွေအကုန် ဖမ်းဆီး ထိန်းသိမ်း ခံရပါတယ်။

## တည်မြဲများ ဘေးမသီ ရန်မခ

အဲဒီတုန်းက ခေါင်းဆောင်ကြီး ဦးဗဆွေတို့ ဦးကျော်ငြိမ်းတို့ အပါအဝင် တည်မြဲ ဖဆပလတွေ ဘေးမသီ ရန်မခပါပဲ။ တချို့ဆို ဗိုလ်ချုပ်နေဝင်းက တည်မြဲတွေ အတွက် အာဏာသိမ်းပေး သလိုလိုတောင် ထင်ကြေး ပေးနေကြသေးရဲ့။

နောက်တော့လည်း စစ်အာဏာရှင်လောင်းက မင်းသား ခေါင်းစွပ်ကြီးကို ဖယ်လိုက်ပါတယ်။ တော်ပြန်ဝကာပ တချို့နဲ့ ပမညတ ဆိုရှယ်နီတချို့ကို သိမ်းသွင်းကာ စစ်တပ်အမာခံပြုတဲ့ တစ်ပါတီစနစ်ကို စတင် ပျိုးထောင်ချိန်မှာတော့ ဖဆပလ ဦးကျော်ငြိမ်းက ကောင်းစွာ အမြင် ရှင်းသွားပါတယ်။ သူက ပါလီမန် ဒီမိုကရေစီ စနစ်ကို နှစ်နှစ်ကာကာ ယုံကြည်သူဖြစ် တယ်။ ကွန်မြူနစ် တစ်ပါတီစနစ်ကို ခါးခါးသီးသီး မုန်းတီးသူဖြစ်တယ်။ သည်တော့မှ ဦးကျော် ငြိမ်း၊ ဦးဗဆွေတို့ဟာ ဗိုလ်ချုပ်နေဝင်းနဲ့ ပြတ်စဲကြတော့တယ်။ မကြာခင် သူတို့လည်း ရေကြည်အိုင် ရောက်သွားကြတာပါပဲ။

## ကွဲလွဲတတ်တာ ထုံးစံပါ

သည်အတိုက်ဖြစ်ရပ်တွေကို မျက်မှောက်ကာလ နိုင်ငံရေး လေ့လာသူတွေ သင်ခန်းစာယူသင့်တယ် ထင်ပါ တယ်။ နိုင်ငံရေးသမားဆိုတာ တစ်ဦးနဲ့တစ်ဦး သဘောထားကွဲလွဲကြစမြဲပါ။ အထူးသဖြင့် အင်အားကြီးပါတီတွေ၊ အာဏာရပါတီတွေ အထူးသတိထား သင့်ပါတယ်။ အရင်တုန်းက နာမည်ကြီး လက်ဝဲစွန်း ပါတီတစ်ခုရဲ့ ဆောင်ပုဒ် ကြားဖူးတယ်။ 'တူတာတွေ တွဲလုပ်၊ မတူတာတွေ ခွဲလုပ်ဆိုတာ လက်တွေ့မကျတဲ့ အချောင်သမားဝါဒ ဖြစ်တယ်၊ အခြေခံ ခံယူချက်ချင်း လူတန်းစား သဘာဝချင်းမတူတဲ့ အင်အားစုတွေဟာ ဘယ်ကိစ္စမဆို တွဲလုပ်လို့ကို မရနိုင်ဘူး။ တွဲလုပ်လို့ရတယ် ဆိုရင်လည်း တိုင်းပြည်အကျိုး အတွက် မဟုတ်ဘူး။ ကိုယ်ကျိုးစီးပွားတွေ အတွက်ပဲ ဖြစ်မယ်၊ အဲဒီ ညီညွတ်ရေးမျိုးဟာ တံတွေးနဲ့ ဆွတ်ပြီး ကပ်ထားတဲ့ ညီညွတ်ရေးပဲ ဖြစ်မယ်၊ ဒါကြောင့် အယူအဆ မတူဘူးလား။ အက်ကြောင်း ပေါ်လာပြီလား။ ဒါဆို ကွဲအက်ရေးကနေ ခွဲထွက်ရေး လုပ်ကြတော့၊ တော်လှန်ရေးဆိုတာ သန့်သန့်လေး လုပ်ရတယ်' တဲ့ဗျာ။

အဲဒီ ဆောင်ပုဒ်ကို အဲဒီ ပါတီလိုလားတဲ့ ကျွန်တော့် သူငယ်ချင်းတွေ ပြောကြဆိုကြတုန်းက ကျွန်တော်တို့က ဟားခဲ့ကြတယ်။ အခု ပြန်စဉ်းစားကြည့်တော့ 'အခြေခံ ခံယူချက်ချင်း လူတန်းစား သဘာဝချင်းမတူတဲ့ အင်အားစုတွေဟာ ဘယ်ကိစ္စမဆို တွဲလုပ်လို့ကို မရနိုင်ဘူး။ တွဲလုပ်လို့ ရတယ်ဆိုရင်လည်း တိုင်းပြည်အကျိုးအတွက် မဟုတ်ဘူး။ ကိုယ်ကျိုး စီးပွားတွေ အတွက်ပဲ ဖြစ်မယ်။ အဲဒီညီညွတ်ရေးမျိုးဟာ တံတွေးနဲ့ဆွတ်ပြီး ကပ်ထားတဲ့ ညီညွတ်ရေး ပဲဖြစ်မယ်' ဆိုတဲ့ ကောက်ချက်ကို လက်တွေ့များနဲ့ ထင်ဟပ်ကာ အဖန်ဖန်တလဲလဲ ဆင်ခြင်နေမိပါတယ်။

## ပါလီမန် ဒီမိုကရေစီ သက်ဆိုးရှည်ဖို့

၁၉၅၈ ခုနှစ်က အာဏာ လာသိမ်းသူတွေကို ဦးနုက ဖျောင်းဖျပြီး ပါလီမန် ဒီမိုကရေစီ သက်ဆိုးရှည်ရေးအတွက် နောက်ဆုံး ကျည်ဆန်အဖြစ် အာဏာလွှဲခြင်းနဲ့ ရွေးကောက်ပွဲကတိကို အပေးအယူ လုပ်ခဲ့တယ်။ ၆ လ အတွင်း ရွေးကောက်ပွဲ လုပ်ပေးဖို့ တောင်းဆိုခဲ့ပေမယ့် ဗိုလ်ချုပ်နေဝင်းက ရက်တွေ တိုးတိုးပြီး တောင်းခဲ့လို့ ၂ နှစ်ကြာသွားတယ်။ အဲဒီတုန်းက ပါလီမန် မှတ်တမ်းတွေကို ပြန်ဖတ်ရင် တည်မြဲ ဖဆပလ အမတ်တွေဟာ မာန်တက်ပြီး အပေါ်စီးကနေ သဟောက်သဟမ်း ဆွေးနွေးပြောဆိုတာတွေ တွေ့ရပါလိမ့်မယ်။ ဝိဓုရဘွဲ့ ရသွားတဲ့ နာမည်ကျော် မိန့်ခွန်းကို သာယာဝတီ သခင်ချစ်မောင် ရဲရဲတောက် ပြောခဲ့တာ အဲဒီ ပါလီမန်ပါ။ အိမ်စောင့်အစိုးရ



သက်တမ်း မတိုးရေးကို သာယာဝတီ သခင်ချစ်မောင်တို့က လေးလေးနက်နက် အရေးတကြီး အဆိုတင်သွင်း ဆွေးနွေးနေစဉ် တည်မြဲဖဆပလ အမတ် တချို့က သရော်မော်ကား ထောက်ကွက်တွေနဲ့ ဝင်နှောက်ခဲ့တာတွေ ဖတ်ရပါတယ်။ နောက်တော့မှ သူတို့တွေလည်း ကျောချမှ ဓားပြမှန်း သိကုန်ကြတော့တာကလား။

ခုတစ်လော ဖတ်နေရ ကြားနေရတဲ့ နိုင်ငံရေး သတင်းတချို့နဲ့ ပတ်သက်လို့ စပ်မိစပ်ရာ အတွေးရေလျှဉ်ကြောမှာ မျှောကြည့်တာပါ။ အထူးသဖြင့် ငယ်ငယ်တုန်းက ဖတ်စာအုပ်မှာ သင်ရတဲ့ ဝံပုလွေနဲ့ သိုးငယ်ပုံပြင်နဲ့လည်း စံထိုးကြည့်မိပါတယ်။

**ပြည်သူ့ခေတ်ဂျာနယ်။**
၁၆၊ ဇွန်၊ ၂၀၁၃။
အတွဲ ၃၊ အမှတ် ၁၅၀။

○

## ထောင်ကြွေးကျန် ပုဒ်မ မသုံးတော့ဘူး ဆိုတော့

သိချင်တဲ့ သတင်းတွေနဲ့ သိသင့်တယ်လို့ ယူဆရတဲ့ သတင်းတွေကို ဖတ်ရှု လေ့လာဖို့ အပတ်စဉ်ထုတ် သတင်းစာ (ဂျာနယ်) တွေကို အားထားနေရတဲ့ ဘဝကနေ ခုဆိုရင် နေ့စဉ် ထုတ် သတင်းစာတွေရော၊ အချိန်နှင့်အမျှ တက်နေတဲ့ အွန်လိုင်းသတင်းတွေရော ရှိလာ နေလေတော့ ကျွန်တော်တို့မှာ သတင်းတွေ အလျှံပယ်ဖြစ်နေတယ်လို့တောင် ဆိုနိုင်တယ်ဗျာ။

သည်ရက်များအတွင်း 'ဟော့' ဖြစ်ခဲ့တဲ့ သတင်းတွေထဲမှာ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲပြီးရင် နိုင်ငံတော်သမ္မတ ဘယ်သူ ဖြစ်လာမလဲဆိုပြီး ဝိုင်းဝန်း တွက်ချက် ထင်ကြေးပေးကြတာတွေ ပါဝင်နေတာ တွေ့ရပါတယ်။ အဲဒီ ခေါင်းစဉ်ပြီးတော့ လူပြောများတဲ့ အကြောင်းအရာတစ်ခုက ၂၀၁၅ ရွေးကောက်ပွဲကစလို့ PR ဆိုတဲ့ အချိုးကျ ကိုယ်စားပြုစနစ်ကို မိတ်ဆက် သွတ်သွင်း သင့်မသင့် ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးကြမယ့်ကိစ္စပါပဲ။ နောက်တစ်ခုက ပုံနှိပ် မီဒီယာတွေမှာ ကျယ်ကျယ်ပြန့်ပြန့် မပြောမဆိုကြသေးပေမယ့် facebook လောကမှာတော့ တုတ်တစ်ပြက် ဓားတစ်ပြက်လို့တောင် ပြောရမလို ဖြစ်နေတဲ့ မျိုးစောင့် ဥပဒေတော်မူကြမ်း ကိစ္စ ဖြစ်ပါတယ်။

### လောလောဆယ် ဆုံးဖြတ်ရမှာ မဟုတ်

ကျွန်တော့်အမြင်ကတော့ အထက်ပါ သုံးခုစလုံးဟာ လတ်တလော အဆုံးအဖြတ်ပေးရမယ့် အကြောင်းအရာတွေ မဟုတ်ပါဘူး။ ငြင်းခုံလို့ ကောင်းတဲ့ ခေါင်းစဉ်မျိုးတွေ ဖြစ်ပေမယ့် စိတ်ခံစားချက် နောက်လိုက်ပြီး တစ်ပွဲတိုး ဖြေရှင်းလို့ရတာ မဟုတ်တာတော့



သေချာပါတယ်။ ဘက်ပေါင်းစုံက ဝိုင်းဝန်း စဉ်းစားပြီးမှ ပြည်ထောင်စုအတွ မှီတင်းနေထိုင်ကြတဲ့ ပြည်သူ အများစုကြီးရဲ့ သဘောထားနဲ့ အဂတိတရားလေး ကင်းရှင်းစွာ ညှိနှိုင်း ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ (မျိုးစောင့်ဥပဒေနဲ့ ပတ်သက်လို့ ၂ ဌန် ၂၀၁၃ 7 Day Daily သတင်းစာမှာ ဆောင်းပါးရှင် ဆရာအောင်ကိုဦး ရေး 'တွေးရင်းနဲ့ ပူပန်မိ' ဆောင်းပါးကိုတော့ တိုင်းပြည် ရှေ့ရေး မျှော်တွေးသူတိုင်း ဖတ် ဆင်ခြင်သင့်တယ်လို့ ညွှန်းလိုပါတယ်)

### ဆင်းရဲမွဲတေမှု လျှော့ချရေး

သည်လိုဆို လက်ငင်းပြဿနာတွေက ဘာတွေလဲ ပြောစမ်းပါဦးလို့ မေးလာ ကျွန်တော်တို့ ကတော့ ပြည်တွင်း ငြိမ်းချမ်းရေး၊ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပြင်ဆင်ရေ ဆင်းရဲမွဲတေမှု လျှော့ချရေးတို့ပါပဲလို့ ထပ်ပြောရမှာ ဖြစ်ပါတယ်။ အဲဒီ သုံးခုစလုံးဟ ယနေ့အထိ အားရစရာ မရှိသေးပါဘူး။ ၁။ ဆောင်ရွက်နေဆဲ အဆင့်ရယ်၊ ၂ ဆောင်ရွက်ဖို့ လေ့လာမယ်ဆိုတဲ့ အဆင့်ရယ်၊ ၃။ ဆောင်ရွက်နေသော်လည မည်မည်ရရ ရလဒ်ကောင်း ထွက်မလာဘဲ တိုင်းပြည်ရဲ့ လူဦးရေ လေးပုံတစ် ဆင်းရဲတွင်းနက်နေဆဲအဆင့်ရယ်မှာပဲ ရှိနေပါသေးတယ်။ သတင်းစာဆ တစ်ယောက်အနေနဲ့ ပြောရမယ်ဆိုရင် ခေါင်းစဉ်မည်းကြီးတွေနဲ့ မျက်နှာဖုံး တင် သတင်းပေးလောက်တဲ့ အဆင့်ကို မနီးစပ်သေးဘူးလို့ပဲ ပြောရမှာပါ။

### ပုဒ်မ ၄၀၁ ကိစ္စ သတင်းကောင်း

သို့ပေမယ့် ပြီးခဲ့တဲ့ တစ်ပတ်အတွင်း ကြားသိလိုက်ရတဲ့ သတင်း တစ်ပုဒ်ကတော ကျွန်တော် ကိုယ်တိုင် ခုချိန်ထိ ဘဝင်မကျခဲ့တဲ့ နိုးလိုးခုလု ကိစ္စတစ် ပြေလည်သွားတော့မယ့် အလား အလာ ဖြစ်တာကြောင့် နိုင်ငံရေး ပြုပြင်ပြောင်းလဲ ပတ်သက်ပြီး သတင်းကောင်း တစ်ခု အဖြစ် ကြိုဆိုပါတယ်။

အဲဒါကတော့ နိုင်ငံရေး အကျဉ်းသားဟောင်းများကို သရော် မော်ကားပြုနေသ ဖြစ်ခဲ့တဲ့ ထောင်ကြွေးကျန်ပုဒ်မခေါ် ပုဒ်မ ၄၀၁ ကိစ္စ ဖြစ်ပါတယ်။ ဒီအကြောင်း ရှေ့က ကျွန်တော့် ဆောင်းပါးအချို့မှာလည်း တစ်ကြိမ်မက ဆွေးနွေး တင်ပြခဲ့ ဖြစ်ပါတယ်။

### နိုင်ငံရေး အကျဉ်းသား မရှိဘူးဆိုတဲ့ ခေတ်

ပုဒ်မ ၄၀၁ ကိစ္စ မပြောခင် နိုင်ငံရေး အကျဉ်းသားဆိုတဲ့ အသုံးအနှုန်းနဲ့ စပ်လျဉ်း အထစ် အငေါ့လေးတွေ ဖြစ်ခဲ့တာကို ပြောချင်ပါသေးတယ်။ တကယ်က မြန်မာနိုင်ငံ

နိုင်ငံရေး အကျဉ်းသားဆိုတဲ့ အဆင့်အတန်းတစ်ခုကို မကြားလို မနာလို ဖြစ်ပြီး ဖျောက်ဖျက်ပစ်ခဲ့တာ မဆလပါတီ တည်ထောင်ခဲ့တဲ့ ဗိုလ်ချုပ်ကြီးနေဝင်း ဖြစ်ပါတယ်။ ကိုလိုနီ ဒီမိုကရေစီခေတ်က ရှိခဲ့တဲ့ A class, B class နိုင်ငံရေး အကျဉ်းသားတွေကို ဦးနေဝင်းက အတော် ဖျက်မှုန်းကျိုးပုံ ရတယ်။ သူ့လက်ထက်မှာ အဲဒီအဆင့်အတန်းတွေ လုံးဝ ဖျက်ပြီး ရာဇဝတ်သားတွေလို့ပဲ သတ်မှတ်ခဲ့ပါတယ်။

သို့ပေမယ့် သူ့လက်ထက်မှာပဲ ၁၉၈၀ ပြည့်နှစ် အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့် ကြေညာတော့ နိုင်ငံရေး အကျဉ်းသားဆိုသည်မှာ မည်သည့် ပုဒ်မတွေ အကျုံးဝင်တယ် ဆိုတာကို ထိုစဉ်က နိုင်ငံတော်ကောင်စီက အမိန့်ထုတ်ပြန်ပြီး ဖွင့်ဆိုပေးခဲ့ရပါတယ်။ တစ်နည်းအားဖြင့် နိုင်ငံရေး အကျဉ်းသားရှိတယ် ဆိုတာကို လက်ခံခဲ့တာပဲ ဖြစ်ပါတယ်။

နဝတ၊ နအဖ အစိုးရများလက်ထက်မှာတော့ ဦးနေဝင်း ထက်တောင် ပြတ်သားကြပါတယ်။ နိုင်ငံရေးအရ ဖမ်းဆီး ထောင်ချသူတွေ မရေမတွက်နိုင်အောင် များပြားခဲ့ပေမယ့် နိုင်ငံရေး အကျဉ်းသား လုံးဝ မရှိပါဘူးလို့ နှစ် ၂၀ ကျော်မျှ ကြာအောင် တစ်သမတ်တည်း ပြောခဲ့ပါတယ်။

## ဘာလီကျွန်း မိန့်ခွန်း

၂၀၁၁ ခု မတ်လမှာ သမ္မတကြီး ဦးသိန်းစိန် အစိုးရ တက်လာတော့ စစ်အစိုးရ ခေါင်းဆောင် အဆက်ဆက် ပြောဆိုခဲ့ကြတဲ့ မိန့်ခွန်းမျိုးတွေနဲ့ အင်မတန်မှ မတူကွဲပြားခြားနားတဲ့ မိန့်ခွန်း တစ်ခုနဲ့ ပွဲထွက်လာတာရယ်၊ အဲဒီနောက်ပိုင်းမှာလည်း ပြောတဲ့အတိုင်း တစ်ချိုးတစ်ခု လုပ်လာခဲ့တဲ့ လုပ်ရပ်တွေရယ်ကြောင့် မြန်မာပြည်သူတွေ အထူးသဖြင့် ကျွန်တော်တို့နိုင်ငံရေး အကျဉ်းသားဟောင်းတွေဟာ အကောင်းဘက် ပြောင်းပြီး ရှုမြင်လာခဲ့ကြပါတယ်။ သို့ပေမယ့် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းမှာ သမ္မတကြီး ဦးသိန်းစိန် ပြောကြားခဲ့တဲ့ 'ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံရေး အကျဉ်းသားဆိုတာ မရှိပါဘူး' ဆိုတဲ့ စကားကြောင့် ဟယ်ခနဲ ဖြစ်သွားရ[illegible]ပြန်ပါတယ်။

ကျွန်တော် လေ့လာ ကြားသိရသလောက် ပြောရမယ်ဆိုရင် အဲဒီစကားက သမ္မတကြီးရဲ့ပုံရိပ်ကို အများကြီး ထိခိုက်သွားစေခဲ့ပါတယ်။ ဒီစကားကို ယုံယုံကြည်ကြည်နဲ့ ပြောခဲ့တယ် ဆိုရင်လည်း ဒါဟာ ပကတိ အရှိတရားနဲ့ ကင်းကွာနေတယ်လို့ ရှုမြင်ခြင်းခံရမှာ ဖြစ်ပါတယ်။ အဲသလို မဟုတ်ဘဲ ဖိအားတစ်ခုခုကြောင့် ဒီစကားကို ပြောခဲ့တယ်လို့ ယူဆခံရလျှင်လည်း မလွန်ဆန်နိုင်တဲ့ ဘဝမှာ ရှိနေသေးတယ်လို့ ရှုမြင်ခြင်းခံရမှာပဲ ဖြစ်ပါတယ်။ ဘယ်လိုပဲ ရှုမြင်ခြင်း ခံရသည်ဖြစ်စေ သမိုင်းဝင် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ကြီးကို ဦးဆောင် အကောင်အထည်ဖော်နေသူ တစ်ယောက်အတွက်တော့ အနုတ်လက္ခဏာ တွေချည်းသာ ဖြစ်ပါတယ်။



## ချက်ကြိုး မပြတ်သေးသလို

အစိုးရသစ်လက်ထက်မှာ နိုင်ငံရေးအကျဉ်းသားတွေ အမြောက်အမြား လွတ်မြောက်လ ခဲ့ကြပေမယ့် လွှတ်ပေးပုံ လွှတ်ပေးနည်းကြောင့်ရော၊ သမ္မတကြီးရဲ့ အဲဒီစကားကြောင့် လွတ်လာသူတွေရော၊ နိုင်ငံရေး အကျဉ်းသားဟောင်းတွေပါ မသန္တာရေစာ စားရသ ခံစား ခဲ့ကြရပါတယ်။ မလွှတ်ချင် လွှတ်ချင် ဆောင့်ကြီး အောင့်ကြီး လွှတ်ပေးတာသ ဖြစ်တယ်လို့ ခံစားကြရတဲ့အတွက် လက်ရှိအစိုးရဟာ သူ့ရှေ့က စစ်အစိုးရ အဆက်ဆက် ချက်ကြိုး မပြတ်သေးတဲ့ အစိုးရဖြစ်တယ်ဆိုတဲ့အမြင် ပြည်သူတွေအကြား ပျောက်ကွယ် မသွားနိုင် သေးတာ ဖြစ်ပါတယ်။

အဲဒီလို ဖြစ်ရတဲ့ ကိစ္စမှာ အဓိကကျတဲ့ အကြောင်းရင်း တစ်ခုကတော့ ပုဒ် ၄၀၁ ကိစ္စပဲ ဖြစ်ပါတယ်။ မကြာသေးခင်က ပြည်သူကို တိုက်ရိုက် ပြောကြားခဲ့ ရေဒီယိုမိန့်ခွန်းထဲမှာ သမ္မတကြီးက သူ့အစိုးရအနေနဲ့ အဲဒီ ပုဒ်မကို နိုင်ငံရေးအတွ အသုံးချဖို့ ရည်ရွယ်ချက် မရှိပါဘူးလို့ အတိအလင်း ပြောသွားခဲ့ ပေမယ့် ထောင်ကြွေးကျန်ပုဒ်မ' လို့ အမည်တွင်ခဲ့တဲ့ အဲဒီ ပုဒ်မကို မသမာတဲ့ နိုင်ငံ ရည်ရွယ်ချက်အတွက် အသုံးချလိုသူတွေ ရှိနေခဲ့တာလည်း အမှန်ပဲ ဖြစ်ပါတယ်။

လက်ရှိ အစိုးရခေတ်မှာ နိုင်ငံရေး အကျဉ်းသားများကိစ္စနဲ့ ပတ်သက်ပြီ တိုးတက်မှုတွေ အတော်အတန် ရှိလာခဲ့တာ အမှန်ပါ။ ထောင်တွင်း အခြေအနေ ပိုကောင်းလာတာ အစ၊ နိုင်ငံရေးအကျဉ်းသား အများစု ပြန်လွတ်လာတာ အလယ် အဖျက်အမှောင့် အဖွဲ့အစည်း တွေအဖြစ် တစ်လျှောက်လုံး သဘောထားလာခဲ့ အဖွဲ့အစည်းတွေနဲ့ အစိုးရလူကြီးတွေ ကိုယ်တိုင် ပူးပေါင်းပြီး လက်ရှ နိုင်ငံရေးအကျဉ်းသား စိစစ်ရေးကော်မတီ ဖွဲ့နိုင်တာအဆုံး တိုးတက်မှုတွေ ရှိခဲ့တ သံသယရှိစရာ မလိုပါဘူး။

အခု နောက်ဆုံး ကြားရတဲ့ သတင်းအလိုအရတော့ ပုဒ်မ ၄၀၁ ကို နောက်နော မသုံးတော့ပါဘူးလို့ နိုင်ငံရေးအကျဉ်းသား စိစစ် ရွေးချယ်ရေး ကော်မတီ ဥက္က သမ္မတရုံး ဝန်ကြီး ဦးစိုးသိန်းက ပြောကြားတယ်လို့ ဆိုပါတယ်။

ဒါပေမဲ့ နောင်မှာလည်း နိုင်ငံရေးနဲ့ ဆက်စပ်ပြီး ဖမ်းတာ ဆီးတာတွေ ဆက်ရှိ ရှိနိုင် သေးတယ်၊ ဆိုလိုတာက နိုင်ငံရေး အကျဉ်းသားဆိုတာတွေ ရှိနိုင်သေးတယ ဒီတော့ကာ သူတို့ကိုထောင်ထဲမှာ ဘယ်လိုထားမယ်ဆိုတာကို ဆ[illegible]သွေးနွေးကြရဦးမ ဆိုတဲ့ လေသံတစ်ခုလည်း ထွက်လာပါတယ်။

## အမြင်မတော် ဆင်တော်နဲ့ ခလောက်

ကျွန်တော်ကတော့ အဲဒီလို အသံမျိုးကို သဲ့သဲ့တောင် မကြားချင်ပါဘူး။ ဒီမိုကရေ နိုင်ငံနဲ့ နိုင်ငံရေး အကျဉ်းသားဆိုတာ အမြင်မတော် ဆင်တော်နဲ့ ခလောက်သဖွ

မအပ်စပ်တဲ့ အရာတစ်ခုပါ။ ကမ္ဘာ့အင်အားအကြီးဆုံး ဒီမိုကရေစီ နိုင်ငံကြီးရဲ့သမ္မတက ဒီမိုကရေစီနိုင်ငံ မှန်တယ်ဆိုရင် နိုင်ငံရေးအကျဉ်းသား တစ်ယောက် ရှိတယ်ဆိုရင်တောင် များလွန်းလှပါတယ် လို့ မြန်မာနိုင်ငံရောက်တုန်း ပြောခဲ့တာ အားလုံး မှတ်မိကြမှာပါ။ တကယ်တော့ နိုင်ငံရေး အကျဉ်းသားတွေဆိုတာ နိုင်ငံအတွက် ပေးဆပ်ခဲ့ကြသူတွေ ဖြစ်တာကြောင့် ဒီမိုကရေစီ ဖော်ဆောင်နေတဲ့ အစိုးရတစ်ရပ်အနေနဲ့ သူ့ရှေ့က အစိုးရတွေရဲ့ အမှားတွေကို တာဝန်ယူ ပြုပြင်တဲ့အနေနဲ့ နိုင်ငံရေးအကျဉ်းသားဟောင်းများရဲ့ ကြေမွနေတဲ့ ဘဝများ ပြန်လည် ထူထောင်ရေးကို အစိုးရကတောင် ဦးစီး လုပ်ဆောင်ပေးရမှာပါ။ အဲသလို မလုပ်နိုင်သေးဘူး ဆိုရင်တောင် နောက်ထပ် နိုင်ငံရေး အကျဉ်းသားတွေ ပေါ်မလာရေးကို သန္နိဋ္ဌာန်ချ လုပ်ဆောင်ကြရမှာပါ။ ဒါဟာ မဖြစ်နိုင်တဲ့ အလုပ် မဟုတ်ပါဘူး။ ဒီကနေ့လို ဒီမိုကရေစီ ကမ္ဘာက ညှို့ကောင်းစောင်ကောင်းတွေ ဝင်လာမစဲ တသဲသဲ ဖြစ်နေချိန်မျိုးမှာ သူတို့နိုင်ငံတွေမှာရော နိုင်ငံရေးအကျဉ်းသားတွေ ရှိသလား မရှိဘူးဆိုရင် မရှိအောင် ဘယ်လို လုပ်သလဲ ဆိုတာတွေကို မေးမြန်း စုံစမ်းပြီး အကြံဉာဏ် ရယူသင့်ပါတယ်။ ကောင်းတဲ့ မှန်တဲ့ အလုပ်ကို လုပ်တာ သိက္ခာကျစရာ လုံးဝ မဟုတ်ကြောင်းပါဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်။**

*၂၃၊ မေ၊ ၂၀၁၃။*

*အတွဲ ၃၊ အမှတ် ၁၅၁။*

○

# နိုင်ငံတကာ ယုံကြည်မှု ဂုဏ်သတင်း လွှင့်ရမည့် အချိန်

## လိပ်ပြာဘဝ ကူးပြောင်းနေဆဲ

ကျွန်တော်တို့ နိုင်ငံဟာ အခုအချိန်မှာ အာဏာရှင် စနစ်ကနေ ဒီမိုကရေစီ စနစ်ဆီသို့ ကူးပြောင်းနေတဲ့ သမိုင်းအဆင့်မှာ ရောက်ရှိနေတာ ဖြစ်ပါတယ်။ အားလုံး မျက်စိထဲမြင်လာ အောင် ဥပမာ တစ်ခုနဲ့ တင်စားပြောဆိုရရင် အင်မတန်မှ အကြည့်ရဆိုးတဲ့ ပိုးတုံးလုံးကောင် ဘဝကနေ ရောင်စုံဖြာ တောင်ပံအစုံနဲ့ လှပတင့်တယ် ရွှချင်စဖွယ် လိပ်ပြာကလေး ဘဝသို့ ကူးပြောင်းနေဆဲ အခိုက်အတန့်မှာ ရောက်ရှိနေတာ ဖြစ်ပါတယ်။

ပြဿနာက ပိုးတုံးလုံးကလေးဟာ သဘာဝအရ လိပ်ပြာကလေး ဖြစ်လာမှာ ဖြစ်ပေမယ့် မိမိရဲ့ သန္ဓေပါ အားနည်းချက်ကြောင့်ပဲဖြစ်ဖြစ် ပြင်ပက လာတဲ့ ပယောဂကြောင့်ပဲဖြစ်ဖြစ် လိပ်ပြာဘဝကို မရောက်နိုင်တော့ဘဲ ပိုးတုံးလုံးဘဝမှာတင် ဝိညာဉ်ချုပ်သွားနိုင်တဲ့ ဖြစ်နိုင်ခြေ ရှိနေသလို ကျွန်တော်တို့ နိုင်ငံဟာလည်း တင်းပြည့်ကျပ်ပြည့် ဒီမိုကရေစီ နိုင်ငံဘဝကို မရောက်လိုက်ဘဲ ပိုးတုံးလုံးကောင် အဆင့်မှာပဲ ဘဝနိဂုံးချုပ်သွားနိုင်တဲ့ ဖြစ်နိုင်ခြေ ရှိနေတဲ့ အချက်ပါပဲ။ 'မြန်မာ့နိုင်ငံရေးဟာ နောက်ပြန် လှည့်မသွားနိုင်တဲ့ အခြေအနေမှာ မရှိသေးပါဘူး' ဆိုတဲ့ စကားကို မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် တစ်ကြိမ်မက ပြောခဲ့တဲ့အချက်က အဲဒီ မသေချာ မရေရာသေးမှုကို ထပ်ဟပ်နေပါတယ်။

## ကြားကာလကို ရင်တမမ

သမိုင်းဘီး နောက်ပြန်လိမ့်မသွားဘူး ဆိုရင်တောင် လောလောဆယ်မှာ အထင်အရှား မြင်တွေ့နေရဆဲဖြစ်တဲ့ အနုတ်လက္ခဏာ ပေးထားချက်တွေအရ မြန်မာ့ဒီမိုကရေစီ အသွင်ကူး ပြောင်းမှု ဖြစ်စဉ်ဟာ (နိုင်းယှဉ်ချက် အရ) အတော်အတန်ကြာတဲ့ ကာလတစ်ခုကို ဖြတ်သန်း ရလိမ့်ဦးမယ်လို့ ယူဆရပါတယ်။ ရေမရောတဲ့ အာဏာရှင် စနစ်မှသည် စစ်မှန်ပြည့်ဝတဲ့ ဒီမိုကရေစီ စနစ်ဆီသို့ ကူးပြောင်းရာမှာ ဖြတ်သန်းရတဲ့ အဲဒီ ကြားကာလကို ကျွန်တော်တို့ ရင်တမမနဲ့ စောင့်ကြည့်နေရပါတယ်။

အဲဒီ ကြားကာလ တိုခြင်း ရှည်ခြင်းဟာ အခြေခံ ပြည်သူလူထုကြီးရဲ့ လူမှုဘဝအပေါ် ကြီးစွာသော သက်ရောက်မှုရှိမှာ ဖြစ်ပါတယ်။ ဆိုလိုတာက အဲဒီကာလ တိုတောင်းရင် ပြည်သူတွေရဲ့ ဘဝ လျင်လျင်မြန်မြန် ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပြီး ရှည်လျားရင် ပြည်သူတွေရဲ့ ဘဝ ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးကြန့်ကြာပြီး အဲဒါရဲ့ အကျိုးဆက်အဖြစ် လူမှုရေး မတည်ငြိမ် မှုတွေ ပေါ်ပေါက်လာကာ အဆုံးမှာ အာဏာရှင် စနစ်ဆီသို့ တစ်ကျော့ပြန် ဦးလှည့်သွားနိုင်တဲ့ အခြေအနေဆီသို့ ဦးတည်သွားနိုင်ပါတယ်။ ဒါကြောင့် ဒီအချက်ကနေ ကောက်ချက်ဆွဲ နိုင်တာကတော့ နိုင်ငံကို အမှန်တကယ် ချစ်မြတ်နိုးသူတိုင်း 'ကြားကာလ' ကို တိုတောင်း သွားအောင် လုပ်တဲ့ လုပ်ငန်းမှာ စွမ်းစွမ်းတမံ အားကြိုးမာန်တက် ပါဝင် လုပ်ကိုင် ဆောင်ရွက် ကြရမယ်ဆိုတာ ပါပဲ။

## အနှစ်နှစ်ဆယ် ခန့်မှန်းတယ်

နိုင်ငံခြားသား ပညာရှင် တစ်ယောက်ကတော့ မြန်မာနိုင်ငံမှာ အဲဒီကာလဟာ အနှစ်နှစ်ဆယ် လောက် ကြာနိုင်တယ်လို့ ခန့်မှန်းပါတယ်။ သူက အခု ရုရှား၊ ကမ္ဘောဒီးယား၊ အဇာဘိုင်ဂျန် နိုင်ငံတွေမှာ တည်ရှိနေတဲ့ နိုင်ငံရေး အခြေအနေမျိုးထဲမှာ ကျွန်တော်တို့နိုင်ငံ အနှစ် နှစ်ဆယ် လောက် ဖြတ်သန်းရလိမ့်ဦးမယ်လို့ ခန့်မှန်းပါတယ်။

သူ့ရဲ့ အဲဒီကာလ ခန့်မှန်းချက်ကို သဘောတူသူ မတူသူတွေ ရှိကောင်း ရှိနိုင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ အားလုံး သဘောတူနိုင်တဲ့ အချက်ကတော့ အခြေခံ ပြည်သူလူထုကြီးရဲ့ လူမှုစီးပွားရေး ဘဝအခြေအနေ မရေရာတဲ့ ကာလတစ်ခု သေချာပေါက်ရှိမယ် ဆိုတာပါပဲ။

## အက်ဖ်ဒီအိုင်နှင့် နိုင်ငံစီးပွား

ဒီကနေ့ခေတ်မှာ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုဟာ နိုင်ငံခြားက လာတဲ့ တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု FDI နဲ့ နက်နက်ရှိုင်းရှိုင်း ဆက်စပ်နေပါတယ်။ အလွန်အကျွံ ကိုယ့်ကိုယ်ကိုယ် အားကိုးရေး (self-sufficient) မူဝါဒ အပေါ် အခြေခံထားတဲ့



ဗဟိုဦးစီး စီမံကိန်း စီးပွားရေး စနစ်တွေ ကျဆုံးသွားခဲ့ပြီးနောက်မှာ FDI ဟာ နိုင်ငံတွေရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အဓိက မောင်းနှင်တဲ့အရာ ဖြစ်လာခဲ့ပါတယ် FDI များများဝင်တဲ့ နိုင်ငံဟာ အမြန်ဆုံး ချမ်းသာကြွယ်ဝလာပြီး နည်းနည်းပဲ ဝင်တဲ့ နိုင်ငံကတော့ ဆင်းရဲမွဲတေ ပင်လယ်ကြောမှာ အစုန်အဆန် မျောနေခဲ့ရတာ ဖြစ်ပါတယ်

ဒီအချက်ကို သဘောပေါက်လာခဲ့ကြပြီးတဲ့နောက်မှာ ဖွံ့ဖြိုးဆဲနိုင်ငံတွေဟာ FD မိမိ နိုင်ငံသို့ ဝင်ရောက်ရေးကို သဲကြီးမဲကြီး ကြိုးပမ်းခဲ့ကြပါတယ်။ ဒါပေမဲ့ FDI ဟာ လိုချင်သူတွေ များသလောက် သတိ သိပ်ကြီးပါတယ်။

## ဘယ်လောက် ယုံကြည်ရသလဲ

နိုင်ငံ တစ်နိုင်ငံထဲမှာ ငွေ အလုံးအရင်းနဲ့ သွားရောက် ရင်းနှီးမြှုပ်နှံကြမယ့် နိုင်ငံတကာ ကော်ပိုရေးရှင်းကြီးတွေက သူတို့ မြှုပ်နှံမယ့် FDI အတွက် ပထမဆုံး စစ်ဆေးတဲ့အချက် ကတော့ အဲဒီနိုင်ငံဟာ ဘယ်လောက် ယုံကြည်ရသလဲဆိုတဲ့ အချက်ပါပဲ။ အဲ အချက်ထဲမှာ အဲဒီ နိုင်ငံဟာ နိုင်ငံရေး တည်ငြိမ်မှု ရှိရဲ့လား။ အစိုးရနဲ့ ပြည်သူတွေအကြာ အပြန်အလှန် လေးစားသမှု ရှိတဲ့ ဆက်ဆံရေး ရှိရဲ့လား။ အစိုးရကရော နိုင်ငံတကာ ကတိကဝတ်တွေကို တည်အောင် စောင့်ထိန်းတဲ့ အစိုးရလား၊ စတာတွေအပြ ယုံကြည်မှု ရှိစေလောက်တဲ့ အခြား အချက်တွေ ပါဝင်ပါတယ်။

နောက်ထပ် စစ်ဆေးတဲ့ အချက်တစ်ခုကတော့ အဲဒီနိုင်ငံရဲ့ ပထဝီနိုင်ငံရေ အခြေအနေ ဖြစ်ပါတယ်။ ဒီနိုင်ငံဟာ ဘယ်မှာ တည်ရှိသလဲ။ သူ့ရဲ့ တည်နေရာက ဒေသတွင်း ကုန်သွယ်စီးပွား လုပ်ငန်းမှာ အချက်အချာကျသလား။ သူ့ရဲ့ အိမ်နီးချင်းတွေက ဘယ်သူတွေလဲ။ အိမ်နီးချင်း တွေရဲ့ အခြေအနေကရော ဘယ်လို ရှိသလဲ။ အိမ်နီးချင် နိုင်ငံတွေရဲ့ အဖြစ်အပျက်တွေက အဲဒီ နိုင်ငံအပေါ် သက်ရောက်မှု ဘယ်လောက် ရှိနိုင်သလဲ။ ကြီးမားတဲ့ သက်ရောက်မှုလား။ ဒါမှမဟုတ် သိပ်အရေးမပါတဲ့ သက်ရောက်မှုလား။ အဲဒါတွေကတစ်ဆင့် အဲဒီနိုင်ငံရဲ့ ဖွံ့ဖြိုး တိုးတက်မှု အလားအလာကို တွက်ဆ ခန့်မှန်းတာ ဖြစ်ပါတယ်။

## အခြေခံ အဆောက်အအုံတွေ

နိုင်ငံတကာ ကော်ပိုရေးရှင်းကြီးတွေ နောက်ထပ် အလေးထား လေ့လာ ဆန်းစစ်တဲ့ အချက် က အဲဒီနိုင်ငံရဲ့ အခြေခံ အဆောက်အအုံတွေ ဖြစ်ပါတယ်။ အဲဒီထဲမှာ လမ်းတံတား ဟိုတယ် တွေရဲ့ အခြေအနေ၊ ဆက်သွယ်ရေးနဲ့ သယ်ယူ ပို့ဆောင်ရေး အခြေအနေ၊ လူသား အရင်းအမြစ် အခြေအနေ၊ လျှပ်စစ် စွမ်းအား ရရှိမှု အခြေအနေ စတဲ့ ကဏ္ဍတွေ ပါဝင်ပြီး အိမ်ခြံမြေ စျေးနှုန်းနဲ့ လုပ်အားခ စျေးနှုန်း အခြေအနေတွေ

ဟာလည်း သူတို့ ထည့်သွင်း တွက်ချက်လေ့ရှိကြတဲ့ အခြား အချက်အလက်များ ဖြစ်ပါတယ်။

နိုင်ငံတကာ ကော်ပိုရေးရှင်းကြီးတွေဟာ စီးပွားရေးသမားတွေ ဖြစ်ကြတာမို့ အခြားသော အတားအဆီး အနှောင့်အယှက် အခက်အခဲတွေကို အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့တဲ့ အတွေ့ အကြုံတွေ ကြွယ်ဝပြီးသားဖြစ်ပါတယ်။ ဒါကြောင့် ကျန်တာတွေက သူတို့အတွက် သိပ်အကြောင်း မဟုတ်ပါဘူး။ သူတို့အတွက် အရေးကြီးတာက ယုံကြည်စိတ်ချရမှု ဖြစ်ပါ တယ်။ သူတို့ ငွေလုံးငွေရင်းနဲ့ ဝင်ရောက် ရင်းနှီးမြှုပ်နှံမယ့် နိုင်ငံကို အုပ်ချုပ်နေတဲ့ အစိုးရ ဘယ်လောက် ယုံကြည် စိတ်ချရမလဲဆိုတဲ့ အချက်က သူတို့အတွက် သိပ်အရေးကြီးပါတယ်။ အဲဒီအစိုးရဟာ အခုတစ်မျိုး တော်ကြာတစ်မျိုး၊ ခု စာကလေးကြော် ခု ဆီထမင်း၊ ဟိုနေရာ တစ်မျိုး ဒီနေရာ တစ်မျိုး၊ မလို တစ်မျိုး လို တစ်မျိုး လုပ်တတ်တဲ့ အစိုးရမျိုးလား။ ပူသည် ဖြစ်စေ၊ အေးသည် ဖြစ်စေ နိုင်ငံတကာနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်တွေကို လေးစား လိုက်နာ စောင့်ထိန်းတဲ့ အစိုးရ ဟုတ်လား မဟုတ်ဘူးလား ဆိုတဲ့ အချက်တွေက သူတို့ရဲ့ ဆုံးဖြတ်ချက် အပေါ် အများကြီး သက်ရောက်မှု ရှိပါတယ်။

## ကတိတည်တယ် ဆိုရာမှာ

ကတိတည်တယ်၊ နှစ်ဦးသဘောတူ ချုပ်ဆိုထားတဲ့ စာချုပ်တွေကို လေးစားလိုက်နာ စောင့်ထိန်းတယ်ဆိုရာမှာ ပြည်သူတွေလည်း ဘာမှ မသိခဲ့ရ၊ ပွင့်လင်းမြင်သာမှုဆိုလို့ မှုံလို့ တောင် ရှုစရာ မရှိတဲ့ခေတ်မှာ ပေးခဲ့တဲ့ ကတိကဝတ်တွေ၊ ချုပ်ခဲ့တဲ့ စာချုပ်စာတမ်းတွေကို ဆိုလိုတာ မဟုတ်ပါဘူး။ ဒီမိုကရေစီ စတင် ဖူးပွင့်လာတဲ့ အခြေအနေမှာ ပေးခဲ့တဲ့ ကတိတွေ၊ ချုပ်ခဲ့တဲ့ စာချုပ်တွေကို ဆိုလိုတာ ဖြစ်ပါတယ်။

## ပင့်သက်ကြီး ချမိ

ပြည်ထောင်စု အစိုးရဝန်ကြီးဌာန တစ်ခုရဲ့ တင်ဒါရွေးချယ်မှုကို နက်ဖြန်လို ထုတ်ပြန် ကြေညာတော့မယ် အလုပ်မှာ ပြည်သူ့လွှတ်တော်က ရွေးဆိုင်းပေးဖို့ ကန့်ကွက်သူ မရှိ ဆုံးဖြတ်ခဲ့တယ် ဆိုတဲ့ သတင်းထွက်လာတော့ ကျွန်တော့်မှာ 'ဆင်ဝန်ကတော် ကြောင့်ကြ' ဖြစ်ပြီး အင်တာနက်ကို ၂၄ နာရီဖွင့်ထားကာ နောက်ဆက်တွဲ သတင်းတွေကို နားစွင့် နေရပါတယ်။ ပြေလည်သွားပြီ ဆိုတော့မှ ပင့်သက်ကြီး ချမိကြောင်းပါဗျာ။

**ပြည်သူ့ခေတ်ဂျာနယ်။**

၃၀၊ မေ၊ ၂၀၁၃။

အတွဲ ၃၊ အမှတ် ၁၅၂။



# ၂၆ နှစ်တာ အတွက် ၂၆ ရက်ကြာ လက်စားချေခြင်း

ပြည်သူ့ခေတ် ဂျာနယ်အတွက် **'ပြောချင်လွန်းလို့'** ဆောင်းပါးများကို တတ် နိုင်သမျှ မပျက်မကွက် ရေးသားခဲ့ရာမှ ပြီးခဲ့တဲ့ ဇူလိုင်လ ၂ ရက်နေ့မှာ ကျွန်တော့် ကျန်းမာရေး စိုးရိမ်စရာ အခြေအနေ တစ်ရပ်ကို ရောက်ရှိခဲ့လို့ သမားတော်ကြီး ဦးစိုးအောင်၏ ကျေးဇူးဖြင့် ဝိတိုရိယဆေးရုံသို့ တက်ရောက် ကုသခဲ့ရပါတယ်။ အခု ဒီဆောင်းပါး ရေးနေချိန်အထိ ဆေးရုံပေါ်မှာပဲ ရှိနေပါသေးတယ်။ ဒီကြားထဲမှာ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် ကျွန်တော့်အပေါ် မေတ္တာကရုဏာ၊ စေတနာထားကြသူ မိတ်ဆွေ သင်္ဂဟများ လာရောက်ကြည့်ရှုပြီး သတင်းမေး အားပေးကြပါတယ်။ နိုင်ငံတော်သမ္မတကြီးရဲ့ ပြောရေးဆိုခွင့်ရှိသူ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲထွဋ်လည်း လာရောက်ပြီး ဂရုတစိုက် အားပေးစကား ပြောကြားပါတယ်။ ကရုဏာရှင်အချို့က ဓာတ်စာများအပြင် တတ်အားသမျှ ငွေကြေး အကူအညီ ပေးခဲ့ကြပါတယ်။ လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါတယ်။

## အကြွေးဆပ်တဲ့စာ

ဤရက်ပိုင်းများအတွင်း **'ပြောချင်လွန်းလို့'** ဆောင်းပါး မရေးနိုင်သေးမီ သမီးကို နှုတ်တိုက်ချပေးပြီး မရေးမဖြစ်တဲ့ စာတချို့ ရေးခဲ့ပါသေးတယ်။ အဲဒါကတော့ **'ပြောချင်လွန်းလို့'** ဆောင်းပါး ပေါင်းချုပ်အတွက် အမှာစာ၊ **'မှန်တာပြော သစ္စာ'** ဆောင်းပါးပေါင်းချုပ် အတွက် အမှာစာ၊ မောင်ဝံသ၏ ကိုယ်ရေး မှတ်တမ်း အကျဉ်း

မြန်မာဂျာနယ်လစ် ကွန်ရက် (MJN) ၂ နှစ်မြောက် အထိမ်းအမှတ် အတွက် မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (MJA) ၏ ဥက္ကဋ္ဌ အနေဖြင့် ပေးပို့ခဲ့တဲ့ သဝဏ်လွှာတို့ပဲ ဖြစ်ပါတယ်။

ယခု မရေးမဖြစ် ရေးချင်တာက အကြွေးဆပ်တဲ့ စာပဲ ဖြစ်ပါတယ်။ ၈ လေးလုံး အရေးတော်ပုံကြီး ငွေရတုနှစ်ပတ်လည်ကာလမှာ ၁၉၈၈ ခုနှစ်က ကျွန်တော်တို့ နိုင်ငံပိုင် သတင်းစာဆရာတွေရဲ့ အခန်းကဏ္ဍကို အရေးတော်ပုံကြီးရဲ့ အစိတ်အပိုင်း တစ်ခုအဖြစ် ပြန်လည် ဖော်ထုတ်ချင်တဲ့ ဆန္ဒပြင်းပြနေတာ ကြာပါပြီ။ ၈ လေးလုံး အရေးတော်ပုံကြီး ငွေရတုမဂ္ဂဇင်းအတွက် အယ်ဒီတာ အဖွဲ့ဝင်တစ်ဦး ဖြစ်တဲ့ ကိုရဲနိုင် အောင် (လူ့ဘောင်သစ်ပါတီ)၊ (ပြည်သူ့ခေတ်ဆောင်းပါးရှင် ကိုဝ) ဆောင်းပါးရေးပေးဖို့ လာပြောတုန်းကတောင် အဲဒီအကြောင်းကို ရေးပေးမယ်လို့ ပြောလိုက်ပါသေးတယ်။ ကျွန်တော့် ကျန်းမာရေး အပြောင်းအလဲ မဖြစ်ခင် ၁၀ ရက်လောက်ကပါ။ ကျွန်တော် မရေးနိုင်တော့တဲ့ အခြေအနေရောက်တော့ ဆောင်းပါးဟောင်း တစ်ပုဒ်ကို ပေးလိုက် ရပါတယ်။ အခု ရေးချင်တာ အဲဒီအကြောင်းပါပဲ။

## ကြေးမုံစာစီဌာနက စတင်ခဲ့

၁၉၈၈ ဩဂုတ်လ ၂၄ ညမှာ ကြေးမုံသတင်းစာ စာစီဌာနအလုပ်သမားတွေရဲ့ ပေါက်ကွဲမှု စတင်ဖြစ်ပွားပါတယ်။ 'ပေါ်လစီ စာရေးဆရာများ' လို့ လူသိများတဲ့ ကလောင်ရှင်တချို့က ဩဂုတ်လ ၈ ရက်နေ့ ၈ လေးလုံး စီတန်း လှည့်လည်ပွဲမှာ ပါဝင်ခဲ့ကြတဲ့ အမျိုးကောင်း သားသမီးလေးတွေ၊ ကျောင်းသူလေးတွေကို ပန်းဆိုးတန်း၊ တံတားအောက်က ကလေကချေတွေ စုစည်းပြီး ချီတက်ခဲ့ကြတာ စတဲ့ မဖွယ်မရာ အသုံးအနှုန်းတွေနဲ့ ရေးသားပြီး စော်ကားမော်ကား ပြုခဲ့ကြတယ်။ အဲဒီစာမူတွေကို အယ်ဒီတာကလည်း ထုံးစံအတိုင်း စာစီခန်းကို ချပေးလိုက်ပါတယ်။ စာစီဌာန အလုပ်သမားတွေက ခဲစာလုံးနဲ့ စာစီရင်း ပြည်သူတွေကို စော်ကားထားတဲ့ စာပိုဒ်တွေ တွေ့တော့ အယ်ဒီတာ အဖွဲ့ရှိရာ အပေါ်ထပ်ကို စုရုံးတက်လာကြပြီး ဒီလို ဆောင်းပါးမျိုးကို သူတို့ စာမစီနိုင် ကြောင်း၊ ယခု အချိန်ကစပြီး သပိတ်မှောက်ကြောင်း ထုတ်ဖော် ပြောဆိုကြပါတယ်။

အဲဒီတုန်းက ကျွန်တော်က ဗိုလ်တထောင် သတင်းစာ ၌ အယ်ဒီတာအဖြစ် တာဝန်ထမ်းဆောင်နေပါတယ်။ ထိုစဉ်က စောင်ရေအများဆုံး ဖြစ်တဲ့အတွက် လုပ်သားပြည်သူ့နေ့စဉ်နှင့် ကြေးမုံသတင်းစာကိုပဲ ပေါ်လစီ ဆောင်းပါးတွေ ချပေး တတ်ပါတယ်။ မြန်မာ့အလင်းနှင့် ဗိုလ်တထောင်ကိုတော့ ရံဖန်ရံခါမှ ချပေးတတ်ပါတယ်။

ကြေးမုံသတင်းစာ စာစီဌာန အလုပ်သမားများ အာဏာဖီဆန်မှု သတင်းဟာ မိနစ်ပိုင်းအတွင်း ကျန်တဲ့ နိုင်ငံပိုင်သတင်းစာတွေ အားလုံးကို ရောက်ရှိသွားပါတယ်။



အဲဒီတော့ ဗိုလ်တထောင်သတင်းစာ စာစီဌာန အလုပ်သမားတွေကလည်း ပြင်ပမှာ ပြည်သူလူထုကြီး ဆင်နွှဲနေတဲ့ ဆန္ဒပြပွဲတွေကို ထောက်ခံသောအားဖြင့် မိမိတို့လည်း ဆန္ဒပြချင်ကြောင်း တင်ပြလာကြပါတယ်။ ကျွန်တော်က ဆန္ဒပြမယ်ဆိုရင် တစ်တိုက်လုံး သို့မဟုတ် တခြား သတင်းစာတိုက်တွေ အပါအဝင် ပြည်သူလူထုနှင့် ပူးပေါင်းသင့်ကြောင်း၊ ဆုံးဖြတ်ချက်တစ်ရပ်ကို ပြတ်ပြတ်သားသား ချမှတ်ရမည်ဖြစ်ကြောင်း၊ ဆုံးဖြတ်ချက်ချဖို့ သတင်းစာ တစ်တိုက်လုံး အလုပ်သမားထု အစည်းအဝေး ပြုလုပ်ရန် အဆိုပြုခဲ့ပါတယ်။ ထိုအချိန်မှာ ဗိုလ်တထောင် သတင်းစာ အယ်ဒီတာချုပ် အဖြစ် တာဝန်ထမ်းဆောင်နေသူက ဦးမြသိန်း (အငြိမ်းစား ဗိုလ်မှူး) ဖြစ်ပါတယ်။

ဦးမြသိန်းကို သဘာပတိတင်မြှောက်၍ အလုပ်သမားထု အစည်းအဝေး အရေးပေါ် ကျင်းပပြီး ပြည်သူလူထုနှင့် ပူးပေါင်းရန်၊ ယနေ့မှစ၍ ပြည်သူလူထုကို လိမ်ညာ သတင်းပေးမှုများ ရပ်တန့်ရန် စသဖြင့် အဆို၊ ဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ပါတယ်။ (ဦးမြသိန်းအတွက် ဂုဏ်ယူစရာကတော့ ၁၉၈၈၊ အောက်တိုဘာ ၃ ရက်နေ့ ပြန်ကြားရေး ဝန်ကြီးဌာနရဲ့ အငြိမ်းစား ပေးခြင်း ခံရသော တန်းစီဇယားမှာ ကျွန်တော်တို့တွေရဲ့ ရှေ့က စောပြီး ပါဝင်ခဲ့ခြင်း ဖြစ်ပါတယ်။ ပြန်ကြားရေး ဝန်ကြီးဌာနမှာ တစ်ဦးတည်းသော အငြိမ်းစား ပေးခြင်းခံရတဲ့ အယ်ဒီတာချုပ် ဖြစ်ပါတယ်)

## တအံ့တသြ အကြည့်တွေ

ကျွန်တော်တို့ဗိုလ်တထောင်သတင်းစာ စာစီဌာန အလုပ်သမားတွေဟာ အလုပ်သမားထု အစည်းအဝေးက ဆုံးဖြတ်လိုက်တဲ့ ဆုံးဖြတ်ချက်တွေကို ချက်ချင်း စာစီပရင့်ထုတ်ပြီး ကော်ပီများစွာ ပွားခဲ့ကြပါတယ်။ ကျွန်တော်က မြန်မာ့ သတင်းစဉ် ပြည်တွင်းပြည်ပကို ကိုယ်တိုင်သွားပြီး ဖြန့်ဝေပါတယ်။ အဲဒီတုန်းက သတင်းစဉ်က လုပ်ဖော်ကိုင်ဖက် မိတ်ဆွေတွေရဲ့ တအံ့တသြ အကြည့်တွေကို သတိရမိပါသေးတယ်။

နောက်နေ့ မနက်က စပြီး သပိတ်မှောက် နိုင်ငံပိုင် သတင်းစာဝန်ထမ်းတွေ၊ စာစီစာရိုက်၊ ကြော်ငြာ၊ ငွေစာရင်း။ စီမံအပါအဝင် ပြည်သူတွေနဲ့ ပူပေါင်းပြီး နဖူးစီးစာတန်း တွေနဲ့ အတူ လှည့်လည်ဆန္ဒပြခဲ့ကြပါတယ်။ မြို့ လယ်ခေါင်၊ ပန်းဆိုးတန်းလမ်းက သတင်းနှင့် စာနယ်ဇင်း ကော်ပိုရေးရှင်း ရုံးချုပ်ရှေ့မှာ တစ်ယောက်ပြီး တစ်ယောက် တရားဟော ကြပါတယ်။ ဘားလမ်း အထက်လမ်းမှာ ကြေးမုံဦးကိုကိုကြီးနဲ့ ကျွန်တော်နဲ့ လမ်းလုံးပြည့် လူထုကြီးကို ဟောပြောရင်း မဆလခေတ် သတင်းစာ ဆရာဘဝကို ရင်ဖွင့် ခဲ့ကြပါတယ်။

## ပြည်သူဘက်က ပြောင်းလဲ ရပ်တည်ပြီး ထုတ်ရမယ်

အဲဒီအချိန်မှာ ဟံသာဝတီ ဦးဝင်းတင်နဲ့ ကျွန်တော်နဲ့က နေ့စဉ် တယ်လီဖုန်း ငါးကြိမ်ဆက်ပြီး သတင်းဖလှယ်ကြပါတယ်။ သတင်းစာ သပိတ် ၃ ရက် မှောက်ဖို့ ဆုံးဖြတ်ကြောင်း ကျွန်တော်က ပြောတော့ ဆရာဦးဝင်းတင်က သတင်းစာ သပိတ်ဆိုတာ လုပ်ငန်းခွင်ကို ပိတ်ပြီးတော့ ဆန္ဒပြဖို့ မဟုတ်ဘူး။ သတင်းစာကို ပြည်သူတွေဘက်က ပြောင်းလဲရပ်တည်ပြီး စဉ်ဆက်မပြတ် ထုတ်ဝေရမယ်။ နိုင်ငံပိုင် သတင်းစာတွေက ဖြန့်ချိရေးလမ်းကြောင်း အသီးသီးနဲ့ တစ်ပြည်လုံး ပျံ့နှံ့တယ်။ ရန်ကုန်မှာ ထုတ်တဲ့ ပုဂ္ဂလိက သတင်းစာတွေက အကန့်အသတ် ရှိတယ်။ နယ်တွေကို မပျံ့နှံ့ဘူး။ ဒါကြောင့် ခင်ဗျားတို့ ၃ ရက်ပြီးလို့ ရှိရင် ပုံမှန်အတိုင်း ပြန်ထုတ်ပါလို့ ပြောပါတယ်။

ရန်ကုန်မှာလည်း သမဂ္ဂ သတင်းစာ၊ ယနေ့ သတင်းစာ၊ ဝရဇိန် သတင်းစာ ဒို့အရေး နေ့စဉ်သတင်းစာ၊ သတင်းမဂ္ဂဇင်း။ အောင်ပွဲသစ် သတင်းစာစောင် ခေတ်သစ်နေ့စဉ် သတင်းစာ၊ လွတ်မြောက်ရေး သတင်းစာစောင်၊ ဖရောဝတီသတင်းစာစောင် ပြည်သူ့သက်သေ သတင်းစာ၊ ဒို့ခေတ် နေ့စဉ် သတင်းစာ၊ မိုးပွား သတင်းစာ သတင်းမှန်သတင်းစာ၊ မိုးသောက်ဂျာနယ် စသဖြင့် သတင်းစာ လွတ်လပ်ခွင့် အပြည့်အဝနဲ့ ထုတ်ဝေနေကြပြီ ဖြစ်ပါတယ်။ တချို့ကလည်း သတင်းစာ လုပ်တတ်သူ တွေက လုပ်လို့ စာနယ်ဇင်း ကျင့်ဝတ် စောင့်ထိန်းလိုက်နာမှုတွေ ရှိပါတယ်။ တချို့ကလည်း ဒီအရေးအခင်း တစ်ခုမှာ စာနယ်ဇင်း ကျင့်ဝတ်ကို ဂရုစိုက်စရာ မလိုတော့ဘူး ခေတ်မှတ်တမ်း ဖြစ်ရင် ပြီးရော ဆိုတဲ့ သဘောနဲ့ ခေါင်းဖြတ်၊ လူသတ်၊ သွေးရဲရဲ သံမဲ့ ခေါင်းပြတ်ကြီးတွေ မျက်နှာဖုံး တင်ပြီးထုတ်ဝေခဲ့ကြပါတယ်။ အဲဒီသတင်းစာတွေဟာ တကယ်လည်း အရေးအခင်းရဲ့ ပြယုဂ်တစ်ခု ဖြစ်ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲသလို ခေါင်းဖြတ် လူသတ်မှုတွေ ဖြစ်ပွားအောင် တမင်ဖန်တီး လှုံ့ဆော်သူတွေက ပြုလုပ်ခဲ့တာ ဖြစ်ကြောင်း နောက်ပိုင်းမှာ ပြည်သူတွေက သိကုန်ကြပါတယ်။ မင်းမဲ့စရိုက်တွေ ဝင်လာပြီး သပိတ်ခေါင်းဆောင်တွေကလည်း မထိန်းသိမ်းနိုင်ကြ တော့ဘူးဆိုတဲ့ ပုံရိပ်ကို အကောင်အထည် ဖော်ရင်း အာဏာသိမ်းဖို့ ပြင်ဆင်ခဲ့တာ ဖြစ်ပါတယ်။

## သတင်းစာတိုက်ပေါင်းစုံ ပူးတွဲ ညှိနှိုင်းကော်မတီ

ကျွန်တော်တို့ သတင်းစာ သပိတ်အကြောင်း ပြန်ကောက်ရရင် နိုင်ငံပိုင် သတင်းစာ တိုက်ပေါင်းစုံ ပူးတွဲ ညှိနှိုင်းကော်မတီ (သပိတ်ကော်မတီ) ဖွဲ့စည်းပြီး စနစ်တကျ ဦးဆောင်မှုပေးခဲ့တဲ့ အထဲမှာ နိုင်ငံပိုင် သတင်းစာတိုက် တစ်တိုက်လျှင် ကိုယ်စားလှယ် နှစ်ဦး။ မြန်မာ့ သတင်းစဉ် ပြည်တွင်းပြည်ပ ကိုယ်စားလှယ်နှစ်ဦး။ မြဝတီ၊ ငွေတာရီ



ပုံနှိပ်တိုက်မှ ကိုယ်စားလှယ် နှစ်ဦးစီ ပါဝင်ခဲ့ကြပါတယ်။ ဗိုလ်တထောင် သတင်းစာတိုက်က ဦးစိန်လှဦးနဲ့ ကျွန်တော် (ဦးအုန်းကြိုင်က သင်တန်းတစ်ခု တက်နေရာက သူ အမြန် ပြန်လာမယ်၊ သူ့အတွက် နေရာချန်ထားပါလို့ လှမ်းပြောပါတယ်) ကြေးမုံ သတင်းစာ တိုက်က ဦးကိုကိုကြီးနဲ့ ဦးဝင်းဖေဝင်း။ လုပ်သားပြည်သူ့ နေ့စဉ် သတင်းစာတိုက်က ဦးရဲထွတ်နဲ့ တစ်ယောက်၊ လုပ်သားပြည်သူ့ နေ့စဉ် (အင်္ဂလိပ်) သတင်းစာတိုက်က အမည်မမှတ်မိသူ နှစ်ယောက်၊ ဂါးဒီးယန်း သတင်းစာတိုက်က ကိုချို့ထွန်းနဲ့ ကိုမောင်မောင်ကျော်ဝင်း။ မြန်မာ့အလင်း သတင်းစာတိုက်မှ ကိုသန်းအောင်နိုင်နဲ့ တစ်ယောက်၊ မြန်မာ့ သတင်းစဉ် (ပြည်တွင်း) မှ ကိုကောင်းမြင့်နဲ့ တစ်ယောက်၊ မြန်မာ့ သတင်းစဉ် (ပြည်ပ) မှ ဒေါ်ခင်နွယ်အေး။ ကိုသီဟစော၊ ကိုတင်ထွန်းအောင်၊ မြဝတီ၊ ငွေတာရီ ပုံနှိပ်တိုက်မှ ဦးအောင်ကျော်ဦး (လူရွှင်တော် ပိန်ပိန်) နှင့် ဒေါ်ရွှေဝါစိုးတို့ ပါဝင်ကြပါတယ်။ (အမည်မမှတ်မိလို့ နာမည်ချန်ခဲ့တဲ့ သူတွေကို ကျွန် တော့် ကျန်းမာရေး အခြေအနေအရ ခွင့်လွှတ်ပေးကြပါရန်)

## အောင်ဓမ္မာရုံကို မြင်တိုင်း

ပြန်ကြားရေး ဝန်ကြီးဌာန မြန်မာ့ အသံနှင့် ရုပ်မြင်သံကြား။ ပုံနှိပ် ကော်ပိုရေးရှင်း။ သတင်းနှင့် စာနယ်ဇင်း ကော်ပိုရေးရှင်း စတဲ့ သတင်း မီဒီယာ လုပ်ငန်းအသီးသီးကလည်း သပိတ်မှာ ပါဝင်ခဲ့ကြပါတယ်။ မှတ်မှတ်ရရ ပထမဦးဆုံး အလုပ်ပြုတ်သူကတော့ မြန်မာ့ အသံ ညွှန်ကြားရေးမှူး ဦးကျော်ဦး (မြန်မာ့အသံ ကျော်ဦး) ဖြစ်ပါတယ်။ မြန်မာ့အသံနဲ့ ရုပ်မြင်သံကြားက အလုပ် ပြုတ်လာသူတွေဟာ ဘားလမ်းအထက်လမ်း အောင်ဓမ္မာရုံမှာ နေ့စဉ်စုဝေးပြီး သပိတ်စခန်းဖွင့်ကြပါတယ်။ တိုက်တိုက်ဆိုင်ဆိုင် ယခု ကျွန်တော်နေတဲ့ အဆောက်အအုံ ရှေ့တည့်တည့်မှာ ဖြစ်လို့ အောင်ဓမ္မာရုံကို မြင်တိုင်း ပြန်ကြားရေးဝန်ကြီးဌာနက သတင်းမီဒီယာ သမားများရဲ့ ၈ လေးလုံး အရေး တော်ပုံကြီးမှာ ပါဝင်ခဲ့မှုကို ပြန်ပြောင်းသတိရမိပါတယ်။

တကယ်တမ်းမှာလည်း ကိုစဉ်က အပတ်စဉ်ထုတ် ဂျာနယ်တွေ၊ နေ့စဉ်ထုတ် သတင်းစာတွေဟာ Press Freedom ဆိုတဲ့ သတင်းမီဒီယာ လွတ်လပ်ခွင့်ကို နှစ်ပေါင်း ၅၀ အတွင်း ပထမဦးဆုံးအကြိမ် ကျင့်သုံးခွင့်ရခဲ့ကြတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံပိုင် သတင်းစာတွေ အဖို့ကတော့ ၂၆ နှစ် မဆလ တစ်ပါတီစနစ် စိုးမိုးမှုအောက်မှာ ၂၆ ရက်တာမျှ သတင်း မီဒီယာ လွတ်လပ်ခွင့်ကို အပြည့်အဝ ကျင့်သုံးခွင့်ရခဲ့တာကို မှတ်မှတ်ရရ ဖြစ်နေမိပါတယ်။ သတင်း မီဒီယာ သပိတ်ကော်မတီ အဖွဲ့ဝင်များ အားလုံးအတွက် ထိုစဉ်က ပြည်သူ့တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်အောင် ဟိန်း ပြောလိုက်တဲ့ မှတ်ချက်တစ်ခုဟာ ကျေနပ်စရာ အလွန်ကောင်းပါတယ်။

## အခုမှ သတင်းစာစစ်စစ် ဖတ်ရတယ်

ဦးတင်အောင်ဟိန်း အပါအဝင် အာဏာပိုင် အဖွဲ့အစည်းဝင်များဆိုသော ပုဂ္ဂိုလ်များနှင့် အစိုးရအဖွဲ့ဝင်များထံ နံနက်လေးနာရီ မော်တော် ဆိုင်ကယ်ဖြင့် ပုံနှိပ်ပြီးသား သတင်းစာများကို လှည့်လည်ပို့ဆောင်ရသော စနစ်က မပျက်သေး။ မော်တော်ဆိုင်ကယ် သမားကလည်း ရပ်ကွက်ကင်း အဖွဲ့များအတွက်ပါ အပိုဆောင်း သတင်းစာများ အလုံအလောက် ယူသွားခဲ့၍.............................။

[ဤနေရာတွင် ကျန်းမာရေး အခြေအနေကြောင့် စကားပြော ရပ်သွားခဲ့ပါတယ်။ ကျန်သည့်အပိုင်းများကို ဖေဖေ ပြောကြားခဲ့ဖူးတဲ့ အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ နိဂုံးချုပ်လိုက်ပါတယ်။]

မော်တော်ဆိုင်ကယ်သမားကလည်း ရပ်ကွက်ကင်းအဖွဲ့များအတွက်ပါ အပိုဆောင်း သတင်းစာများ အလုံအလောက် ယူသွားခဲ့၍ ပို့ဆောင်ရတာ အဆင်ပြေပါတယ်။ ဒါနဲ့ ဦးတင်အောင်ဟိန်းအိမ် ရောက်သွားပါတယ်။ ဦးတင်အောင်ဟိန်းက ပြည်သူ့တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ။ နိုင်ငံရေးအရလည်း ရင့်ကျက်တယ်။ သူက သတင်းစာ ပို့တဲ့ သူကို ပြန်ထွက်ခါနီးကျတော့ မောင်ဝံသကို ပြောလိုက် အခုမှ သတင်းစာစစ်စစ် ဖတ်ရတယ်ဆိုပြီး မှာလိုက်တယ်။

ဧလေးလုံး အရေးတော်ပုံကြီး ဝှေ့ရတု နှစ်ပတ်လည်ကာလမှာ ကျွန်တော်တို့ နိုင်ငံပိုင် သတင်းစာတွေရဲ့ဩဂုတ်လ ၂၄ ရက်ကနေ အာဏာသိမ်းတဲ့နေ့ စက်တင်ဘာလ ၁၈ ရက်နေ့အထိ ၂၆ ရက်တာ သတင်းလွတ်လပ်ခွင့် အပြည့်အဝနဲ့ သတင်းစာ ထုတ်ခွင့်ရခဲ့တာတို ပြန်လည် ဖော်ထုတ်ရင်း စာကြွေးဆပ်လိုက်ရပါတယ်။

**ပြည်သူ့ခေတ်ဂျာနယ်။**

၁၊ ဩဂုတ်၊ ၂၀၁၃။

အတွဲ ၃၊ အမှတ် ၁၅၆။

○

နိုင်ငံရေးသမားကောင်းများ ပေါ်ထွန်းလာဖို့
ခွဲခြမ်းစိပ်ဖြာ ဆင်ခြင်ဉာဏ်ဖြင့် ဆန္ဒမဲပေးသည့်
ပြည်သူများ တိုးပွားလာဖို့

# ရှာမှ ရှားတဲ့ နိုင်ငံရေးသမားနှင့် နိုင်ငံရေးဆောင်းပါးများ

မောင်ဝံသ




ဒေါင်းစာပေ

၁၁၃၊ ၃၃လမ်း(အလယ်လမ်း)၊ ကျောက်တံတား။ ရန်ကုန်မြို့။
ဖုန်း-(၀၁)၃၇၃၂၁၀ / ၀၉ ၅၀၄၀၉၉၄
e-mail: daung73@gmail.com